အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော

ဒုတိယ မြို့ပြင်ကြီး ဆရာတော်ဘုရား

စီရင်တော်မူအပ်သော

# အဘိဓမ္မတ္ထသရုပဒီပကကျမ်း

ဒုတိယတွဲ

## ရူပသရူပဒီပက ကဏ္ဍ

နှင့်

# ရူပဝီထိပကာသနီကျမ်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၁ ကောဇာ ၁၃၁၉ ခရစ် ၁၉၅၇၊ ဒီဇင်ဘာလ

အရှင်စန္ဒဝံသာလင်္ကာရ အမည်ရှိသော

ဒုတိယ မြို့ပြင်ကြီး ဆရာတော်ဘုရား

စီရင်တော်မူအပ်သော

# အဘိဓမ္မတ္ထသရူပဒီပကကျမ်း

ဒုတိယတွဲ

ရူပ သရူပဒီပက ကဏ္ဍ

နှင့်

# ရူပဝိထိပကာသနီကျမ်း

မြန်မာနိုင်ငံ ဗုဒ္ဓသာသနာအဖွဲ့
ပုံနှိပ်တိုက်၌ ရိုက်နှိပ်သည်။

သာသနာ ၂၅၀၈ ကောဇာ ၁၃၂၆ ခရစ် ၁၉၆၄၊ ဒီဇင်ဘာလ

# နိဒါန်း

အနတ္တလက္ခဏပညာပနဥ္စ အညာ ကဿစိ အဝိသယော၊ သဗ္ဗညု-ဗုဒ္ဓါနမေဝ ဝိသယော။ (= အနတ္တလက္ခဏာကို ဟောကြားထုတ်ဖော်သိစေတော်မူခြင်းသည် အခြား တစုံတယောက်၏ အရာမျိုးမဟုတ်၊ သဗ္ဗညုဗုဒ္ဓတို့၏ အရာသာလျှင် ဖြစ်ပေ၏) (ဝိဘင်းအဋ္ဌကထာ)

တလောကလုံးကို ခေတ်အားဖြင့် ခွဲ၍ ကြည့်ပါက ရုပ်ခေတ်နှင့် နာမ်ခေတ်ဟူ၍ အချုပ်အားဖြင့် နှစ်မျိုးသာ ရှိသည်ကို တွေ့ရပေသည်။

ရှေးအခါကစ၍ ပညာရှိတို့သည် အဆိုပါ ရုပ်ခေတ် နာမ်ခေတ် နှစ်မျိုးတို့ကိုပင် အကြောင်းပြုကာ မိမိတို့ဉာဏ်မှီသမျှ ယူဆမှု ဟောကြားမှု ရေးသားမှုစသည်တို့ကို ပြုလုပ်ခဲ့ကြလေသည်။

ဗုဒ္ဓရှင်တော်ဘုရား (၅၉၃-၄၈၃-ဘီ-စီ) ပွင့်တော်မမူမီအခါက ဝေဒခေတ် (၁၀၀၀-၆၀၀-ဘီ-စီ) ရသေ့ကြီးများ (=ဝေဒိက ဣသိများ) သည် အတ္တဝါဒကို ယုံကြည်ခဲ့ကြသည်သာမက အတ္တဝါဒပြန့်ပွားအောင်လည်း ပြုလုပ်ခဲ့ကြလေသည်၊ ၎င်းတို့က အတ္တ (=မနု)ဟူသည် ဤခန္ဓာကိုယ်မှ တသီးတခြား မိမိဘာသာလည်း တည်ရှိသည်၊ အတ္တသည် မြဲသည်၊ သေပြီးနောက် အတ္တသည် ချမ်းသားခံစားသည်ဟု ယုံကြည်ခဲ့ကြလေသည်။ (၁)

ထို့နောက် ဥပနိသျှတ်ခေတ် (၇၀၀-၁၀၀-ဘီ-စီ) အတွင်း၌လည်း ဥပနိသျှတ်ကျမ်းပြုရသေ့ကြီးများသည် အတ္တဝါဒကိုပင် မိမိတို့ ဉာဏ်မှီသမျှ အမျိုးမျိုး အဖုံဖုံ နှိုက်နှဲဖော်ပြခဲ့ကြပြန်လေသည်။

ထို့ပြင် ၎င်းတို့သည် အနိစ္စလက္ခဏာ, ဒုက္ခလက္ခဏာတို့လောက်ကိုသာလျှင် အနက်နဲဆုံး တရားအဖြစ် သိမြင်နိုင် (ထုတ်ဖော်ပြသနိုင်)ခဲ့ကြလေသည်။ (၂) အနတ္တလက္ခဏာကိုကား သိမြင်နိုင် (ထုတ်ဖော်ပြသနိုင်)သည့် ပုဂ္ဂိုလ်ဟူ၍ မပေါ်ပေါက်ခဲ့ချေ။

---

၁။ ရိဂ် ဝေဒ (=ဣရုဗေဒ)ကျမ်း ၁၀-၅၈ စသည်တို့၌ ရှုပါ။ ဒီဃနိကာယ၊ သီလက္ခန္ဓဝဂ္ဂ၊မဟာလိသုတ်-၁၄၉,၁၅၀။၎င်းဇာလိယသုတ် ၁၅၁။၎င်းပေါဋ္ဌပါဒသုတ်-၁၇၇၊

၂။ အနိစ္စဒုက္ခလက္ခဏာနိ ဥပ္ပါဒါ ဝါ တထာဂတာနံ အနုပ္ပါဒါ ဝါ ပညာယန္တိ။လ။ မဟိဒ္ဓိကာ ဟိ မဟာနုဘာဝါ တာပသပရိဗ္ဗာဇကာ သရဘင်္ဂသတ္ထာရာဒယောပိ အနိစ္စံ ဒုက္ခန္တိ ဝတ္တုံ သက္ကောန္တိ၊ အနတ္တာတိ ဝတ္တုံ န သက္ကောန္တိ၊....ဝိဘင်းအဋ္ဌကထာ၊ မျက်နှာ ၄၆။

ထိုသို့ မသိနိုင် (မထုတ်ဖော်နိုင်)သည့် အကြောင်းကား ရုပ်တရား နာမ်တရားဟူသော သဘာဝတရားတို့ကို ပြည့်ပြည့်စုံစုံ မှန်မှန်ကန်ကန် သိမြင်နိုင်သည့် ဉာဏ်စွမ်း မရှိသောကြောင့်ပင် ဖြစ်သည်။

၄၅-နှစ်အတွင်း ဗုဒ္ဓရှင်တော်ဘုရား ဟောကြားတော်မူခဲ့သော တရားစကားတော်တို့ (၏ တည်ရာ သုံးဖြာသော ပိဋကတ်တို့)တွင် အဘိဓမ္မာပိဋကဟူသည် ဆိုခဲ့သော ရုပ်ဓာတ် နာမ်ဓာတ် ထိုနှစ်ရပ်တို့ကို ပိုင်းဖြတ်ခွဲခြား လွန်ကဲပြား အောင် ဟောကြားတော်မူရာ ဒေသနာတော် ဖြစ်ပေသည်။ (၁)

ပရမတ္ထသဘောတရားစု သက်သက်၌ ဒိဋ္ဌိအစွမ်း, မာနအစွမ်း, တဏှာအစွမ်းဖြင့် "ငါတည်း, ငါ့ဥစ္စာတည်း"ဟု မှတ်မှားနေကြသည့် သတ္တဝါတို့ကို ပရမတ္ထသဘာဝဓမ္မအတိုင်း အမြင်မှန်ရစေရန်(အတ္တ,အတ္တနိယမရှိဘဲ ဓမ္မသဘာဝ သက်သက်သာ ဖြစ်ပုံကို) ဟောကြား ဆုံးမတော်မူရာ ဒေသနာတော်လည်း ဖြစ်ပေသည်။ (၂)

ထိုမှတပါး အရာမက များလှစွာသော သုတ္တန်ဒေသနာတော်တို့ဖြင့်လည်း နာမ်တရား ရုပ်တရား နှစ်ပါးတို့ကိုသာလျှင် ဟောပြတော်မူလေသည်၊ သတ္တဝါကောင်, ပုဂ္ဂိုလ်ကောင်အဖြစ်ဖြင့် ဟောပြတော်မမူပေ။ (၃)

ဥပါဒါနက္ခန္ဓာငါးပါးဟူသော ရုပ်တရား နာမ်တရားတို့ စုပေါင်းမိကာ သန္တာန်အသွင် ဖြစ်ပေါ်လာသည်ကို သတ္တဝါဟု ခေါ်ဆိုခြင်း, ပုဂ္ဂိုလ်ဟု ခေါ်ဆိုခြင်းသည် ခေါ်ဆိုရုံ (ဝေါဟာရ) မျှသာ ဖြစ်ပေသည်၊ ပရမတ္ထအားဖြင့်ကား "ငါဘဲ" ဟူ၍ရှင်း၊ "ငါ" ဟူ၍ရှင်း စွဲယူစရာ အရာဝတ္ထုဖြစ်သည့် "သတ္တဝါ" ဟူသည် မရှိပါတကား....ဟူသော ရှုမြင်မှုသည် သဘာဝအတိုင်း ရှုမြင်မှု (=ယထာဘူတဒဿန)မည်ပေ၏၊ ထိုသို့ အမြင်မှားမှု ကင်းစေခြင်းကို ဒိဋ္ဌိဝိသုဒ္ဓိဟု ဆိုရပေသည်။ (၄)

---

၁။ တတိယံ ရာဂါဒိပဋိပက္ခဘူတော နာမရူပပရိစ္ဆေဒေါ ဧတ္ထ ကထိတောတိ နာမရူပပရိစ္ဆေဒကထာတိ ဝုစ္စတိ။ (ပါရာဇိကဏ်၊ ဋ္ဌ၊ ပ၊ ၁၈-စသည်)။

၂။ အဟံ မမန္တိ သညိနောတိ ဒိဋ္ဌိ,မာန, တဏှာဝသေန အဟံ မမာတိ ဧဝံ ပဝတ္တသညိနော။ ယထာဓမ္မန္တိ နတ္ထေတ္ထ အတ္တာ အတ္တနိယံ ဝါ၊ ကေဝလံ ဓမ္မမတ္တမေဝါတိ ဧဝံ ဓမ္မသဘာဝါနုရူပန္တိ အတ္ထော။ (သာရတ္ထဒီပနီဋီကာ၊ ပ၊ ၇၅။)

၃။ ဧဝံ အနေကသတေဟိ သုတ္တန္တေဟိ နာမရူပမေဝ ဒီပိတံ၊ န သတ္တော န ပုဂ္ဂလော။ ။ (ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၂၂၈။)

၄။ ပဉ္စသု ဥပါဒါနက္ခန္ဓေသု သတိ "သတ္တော ပုဂ္ဂလော"တိ ဝေါဟာရမတ္တံ ဟောတိ၊ ပရမတ္ထတော ဧကေကသ္မိံ ဓမ္မေ ဥပပရိက္ခိယမာနေ "အသ္မီတိ ဝါ အဟန္တိ ဝါ"တိ ဂါဟဿ ဝတ္ထုဘူတော သတ္တော နာမ နတ္ထိ။ပ။ ဧဝံ ပဿတော ဟိ ဒဿနံ ယထာဘူတဒဿနံ နာမ။ ။(ဝိသုဒ္ဓိမဂ်၊ ဋ္ဌ၊ ဒု၊ ၂၂၉၊ ရင်း မဟာဋီကာ ၃၆၃-လည်း ရှုပါ)။

ရုပ်တရား နာမ်တရား နှစ်ပါး ပူးပေါင်းမိသောကြောင့် သွားခြင်း, စားခြင်း, ပြောခြင်း, တည်နေခြင်းစသည်ဖြင့် အားထုတ်မှုကို ပြုတတ်သည့် 'အတ္တ' ရှိနေသကဲ့သို့ ထင်မှတ်ရလေသည်၊ ကြိုးနှင့် အရုပ်တို့ ပေါင်းမိသောအခါ သွားခြင်းစသည်ဖြင့် အားထုတ်မှုကို ပြုတတ်သော အသက်ကောင်ရှိနေသည်-ဟု ထင်ရသကဲ့သို့ပေတည်း။ ထို့ပြင် ကျူစည်းနှစ်ခု အဖျားချင်းပူးကာ လဲမသွားရအောင် အချင်းချင်း အထောက်အပံ့ပြုလျက် မတ်မတ်တည်နေရသကဲ့သို့ (ခန္ဓာငါးပါးလုံး စုံသော ဘဝမျိုး၌) နာမ်နှင့် ရုပ်တို့သည် အချင်းချင်း ကျေးဇူးပြုကြလေသည်၊ ကျူစည်းတခု လဲကျလျှင် အခြားတခု လဲကျသကဲ့သို့ ဘဝအတွင်းတခုက သေခြင်းဟူသော လဲကျမှု ဖြစ်ခဲ့လျှင် အခြားတခုကလည်း လဲကျမှုဖြစ်ရလေတော့သည်။ (၁)

နာမ်သည် စားခြင်း သောက်ခြင်းစသည်ကို ပြုနိုင်သည့်အစွမ်းရှိသော တရားမဟုတ်၊ ကိုယ်တိုင်မစား ကိုယ်တိုင်မသောက် ကိုယ်တိုင်မဆို ကိုယ်တိုင် ထိုင်ခြင်းစသည်ကို မပြု။ ရုပ်သည်လည်း စားလိုခြင်းစသော အစွမ်းရှိသောတရားမဟုတ်၊ ကိုယ်တိုင်စားလိုမှု သောက်လိုမှု ဆိုလိုမှု ထိုင်ခြင်းစသည်ကို ပြုလိုမှုမရှိ၊ စင်စစ်ကား နာမ်ကိုမှီ၍ ရုပ်ဖြစ်ရ၏၊ ရုပ်ကိုမှီ၍ နာမ်ဖြစ်ရ၏၊ နာမ်က စားလို သောက်လို ဆိုလို ထိုင်ခြင်းစသည်ကို ပြုလိုလျှင် ရုပ်ကစားရသည် သောက်ရသည် ဆိုရသည် ထိုင်ခြင်း စသည်ကို ပြုရသည်၊ ကောန်းနှင့် ဆဲ့တို့ နှစ်ယောက် ပူးပေါင်း၍ သွားခြင်းစသည်ကို ပြုသကဲ့သို့ပေတည်း။ (၂)

ရုပ်နာမ်နှစ်ပါး ပူးပေါင်းဖြစ်ပေါ်သည်ဆိုသော်လည်း ဝတ္ထုအာရုံမှ နာမ်တရား ထွက်ပေါ်လာကာ ဖြစ်ပေါ်ခြင်း မဟုတ်၊ ဝတ္ထုအာရုံနှစ်ပါးတို့၏ အကြား၌လည်း ဖြစ်နေခြင်း မဟုတ်၊အကြောင်းကိုစွဲ၍ အသစ်ဖြစ်ပေါ်ခြင်းသာ ဖြစ်၏၊ စည်ကို ပုတ်ခတ်သဖြင့် အသံဖြစ်သကဲ့သို့ မှတ်သင့်၏၊ စည်သည် အသံမဟုတ် အသံသည် စည်မဟုတ်၊ စည်နှင့်အသံ ရောနှောမှုမရှိ၊ စည်သည် အသံမှ ဆိတ်သုဉ်း၏၊ အသံသည် စည်မှ ဆိတ်သုဉ်း၏။ (၃)

ထို ရုပ်နာမ်နှစ်ပါးတို့သည် အချင်းချင်း တခုက တခုကို အမှီပြု၍ ဖြစ်မှုသည်လည်း မဖြစ်ဘဲမနေ၊ အချင်းချင်း အမှီပြု၍ တည်မှုသည်လည်း မတည်ဘဲမနေ၊ လူသည် လှေကို မှီ၍ သမုဒ္ဒရာ၌ သွားသကဲ့သို့ နာမ်သည် ရုပ်ကိုမှီ၍ ဖြစ်၏၊ လူကို မှီ၍ လှေသည် သမုဒ္ဒရာ၌ သွားသကဲ့သို့ ရုပ်သည်လည်း နာမ်ကိုမှီ၍ ဖြစ်၏။

ပဋ္ဌာန်းနည်းအားဖြင့်လည်း နာမ်သည် ရုပ်အား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုလေသည်၊ ရုပ်သည် နာမ်အား ဝတ္ထုပုရေဇာတသတ္တိဖြင့် ကျေးဇူးပြုလေသည်။

---

၁။ ဤ ဥပမာများကို ဝိသုဒ္ဓိမဂ်၊ ဋ၊ ဒု၊ ၂၃၀-၌ ရှုပါ။

၂-၃။ ဝိသုဒ္ဓိမဂ်၊ ဋ၊ ဒု၊ ၂၃၀၊ ၂၃၁။

ဤသို့လျှင် ဗုဒ္ဓရှင်တော်ဘုရားသည် အဆိုပါ ရုပ်တရား နာမ်တရား နှစ်မျိုးတို့ကိုပင် ခန္ဓာ, အာယတန, ဓာတ် စသော နည်းအမျိုးမျိုးတို့ဖြင့် ချဲ့ထွင်ကာ အနုတ္တဉာဏ်ပေါက်အောင် ဟောကြားတော်မူခဲ့ပေရာ ရုပ်တရားတို့၏ သဘောကို ပြည့်ပြည့်စုံစုံ ပိုင်ပိုင်နိုင်နိုင် မှန်မှန်ကန်ကန် သိနိုင်ကြစေရန် မြန်မာဘာသာဖြင့် ရေးသားဖော်ပြသည့် ကျမ်းဂန်တို့တွင် ဤယခု အဘိဓမ္မတ္ထသရူပဒီပက (ဒုတိယတွဲ)နှင့် ရူပဝီထိပကာသနီကျမ်းများလည်း အပါအဝင်ဖြစ်လေသည်၊ ယခုအခါ လောကဓာတ်ပညာအရ ရုပ်ကို ကြံဆမှု၌ အလွန်မြင့်မားသည့်အခြေသို့ ဆိုက်ရောက်သည်ဟု ယုံကြည်လျက်ရှိကြလေရာ ထေရဝါဒဗုဒ္ဓဘာသာလာ ရုပ်တရားတို့နှင့် စပ်လျဉ်းသည့် ပြဆိုချက်များကို သိလိုသူတို့လည်း အလွန်ပေါများ၍လာသည်ကို တွေ့ရလေသည်။

ဒုတိယ မြို့ပြင်ကြီးဆရာတော်ဘုရားသည် ဤအဘိဓမ္မတ္ထသရူပဒီပက(ဒုတိယတွဲ)၌ ရုပ်-၂၈-ပါးတို့၏ အခေါ်အဝေါ် အတွက်ဖြစ်စေ, အနက်သဘော ယူပုံဆပုံအတွက်ဖြစ်စေ အတော်ပင် ကျယ်ဝန်းစွာ ဖွင့်ပြ ရေးသားတော်မူလေသည်။ အထူးသဖြင့် အစဉ်အဆက်ကပင် ကျမ်းဆရာကြီးများ အငြင်းပွားခဲ့သည့် အချက်မျိုး, မှတ်မှား ယူမှားခဲ့သည့် အချက်မျိုး, မထင်မရှား ငုပ်ကွယ်၍နေသည့် အချက်မျိုးတို့၌ အာဂမယုတ္တိ သဘာဝယုတ္တိတို့ဖြင့် မိမိရရ ဆုံးဖြတ် ဖော်ပြထားပုံများကို တွေ့ရလေသည်။

ဥပမာ—စက္ခုပသာဒကို သန်းဦးခေါင်း (=ဦးကာသိရ)ပမာဏဟူ၍ငြင်း, ပဲနောက်စေ့အပြင်(=မုဂ္ဂပဋလ)ပမာဏဟူ၍ငြင်း အဆိုရှိခဲ့ပေရာ အဘယ်သို့ယူရမည်ကို ရှင်းလင်းပုံမျိုး။

ကာယိန္ဒြေသည် စင်စစ် အကုသိုလ်တို့၏ဖြစ်ရာမဟုတ်ပါဘဲ "ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယော" စသည်ဖြင့် ဆိုကြပုံကို ရှင်းလင်း ဖွင့်ပြတော်မူချက်မျိုး။

ဘာဝရုပ် ၂-ပါးကို ဖော်ပြရာဝယ် လိင်ဖေါက်ပြန်ပုံများနှင့် ဥဘတောဗျည်းအကြောင်းကို အကျယ်တဝင့် (ပြည့်စုံအောင်) ဖော်ပြချက်မျိုး။

အာဟာရရုပ်အကြောင်းကို ပြဆိုရာဝယ် အဆင့်ဆင့် နူးညံ့ပုံများကို ပြဆိုချက်မျိုး။

အာကာသဓာတ်ပိုင်းခြားပုံ ထိ, မထိ ပြဆိုချက်မျိုး။

ဝိညတ်ရုပ်-၂-မျိုးတို့ကို သိသာလောက်အောင် ပြဆိုချက်မျိုး။

ပဋိသန္ဓေစိတ်သည် ရုပ်ကို မဖြစ်စေနိုင်ပုံအတွက် သိသာလောက်အောင် ရှင်းလင်းပြသချက်မျိုး။

ရူပပဝတ္တိက္ကမ အရာဝယ် အကျယ်တဝင့် ပြဆိုချက်မျိုး-စသည်တို့ပေတည်း။

အထူးသဖြင့် ရှေးအခါက ရုပ်ဝီထိတို့ကို ဖေါ်ပြရာကျမ်းမျိုး သီးသန့်ရှိခဲ့သည် ဟု မကြားရဘူးချေ။

ယံခုမူ ဆရာတော်ဘုရားကြီးသည် ရုပ်ဝီထိသဘောများကို အသေးစိတ် စိစစ်ချက်များနှင့်တကွ ပြဆိုထားပေရာ-အဖိုးမဖြတ်နိုင်သည့် ကျမ်းမြတ်တဆူ ဖြစ်သည်ဟုပင် ဆိုလောက်ပါပေသည်။

ဤ-၂-ကျမ်းတို့ကို ကြည့်ရှုခြင်းအားဖြင့် ထေရဝါဒဗုဒ္ဓအဘိဓမ္မာလာ ရုပ်သဘာဝများအကြောင်းကို အတော်ပင် သိမြင် နားလည်နိုင်လောက်ပေရာ သိမြင် သဘောပေါက်မိသည်နှင့် အမျှ လိုရင်းပန်းတိုင်ဖြစ်သည့် အနုတ္တရဉာဏ်စခန်းသို့လည်း တက်လှမ်းဆိုက်ရောက်နိုင်ကြလိမ့်မည်ဟူသော မြော်လင့်ချက်ဖြင့် ကျွန်ုပ်တို့ ဗုဒ္ဓသာသနာအဖွဲ့ ပုံနှိပ်တိုက်မှ ဤကျမ်းများကို ပြန်လည်ရိုက်နှိပ်လိုက်ရခြင်းဖြစ်ပေသတည်း။

အဘိဓမ္မတ္ထသရူပဒီပကကျမ်းပြု

# ဒုတိယ မြို့ပြင်ကြီးဆရာတော် အတ္ထုပ္ပတ္တိ

မြန်မာနိုင်ငံတော်သို့ ဗုဒ္ဓသာသနာ ဆိုက်ရောက်လာသည့် အချိန်ကစ၍ သာသနာတော်သုံးရပ်၏ အခြေခံဖြစ်သော ပိဋကတ်တော်များလည်း ဆိုက်ရောက်ခဲ့ကြောင်း ရာဇဝင် သာသနာဝင် စာပေများအရ ကောင်းစွာ သိရလေသည်။ ပိဋကတ်သုံးသွယ် ကျမ်းပင်လယ်တွင် တသွယ်အပါ သညာ-ဝိသေသ အဘိဓမ္မမည်ခေါ် တရားတော်သည်လည်း ထိုအခါကပင် ထွန်းကား ခဲ့ကြောင်း ထင်ရှားလှပါသည်။

ဤသို့လျှင် ပုဂံမြင်စိုင်း စစ်ကိုင်းပင်းယ အင်းဝမည်လစ် ခေတ်အဆက်ဆက် မပျက်စဉ်လာ ထွန်းကားစွာသား အဘိဓမ္မာခေါ် တရားတော်၌ ထင်ပေါ် ကဲလွန် ထူးချွန်တတ်မြောက် တဖက်ကမ်းပေါက်ကြသည့် ကုန်းဘောင်ခေတ်ပေါ် ပုဂ္ဂိုလ်ကျော်တို့တွင် ဤယခု ပြဆိုလတ္တံ့သော ဒုတိယ မြို့ပြင်ကြီးဆရာတော် သည်လည်း တပါးအပါအဝင် ဖြစ်တော်မူပါပေသည်။

ဒုတိယ မြို့ပြင်ကြီးဆရာတော်သည် အမရပူရမြို့မှ တောင်ဘက် တာနှစ်ထောင်ခန့် အကွာတွင် တည်ရှိသော မြို့သစ်မြို့၏အနီး အနောက် မြောက်ဖက် (ထိုမြို့သစ်မြို့၏ အပြင်တွင် တည်နေသောကြောင့်) မြို့ပြင်ကြီးဟု မည်တွင်သော ရွာ၌ ၁၁၈၄-ခု တပေါင်းလဆန်းတွင် မွေးဖွားတော်မူခဲ့ကြောင်း ကိုရင်း ၁၂၆၃-ခု နယုံလအတွင်း ရန်ကုန်မြို့ ဗဟန်းရပ် ကျောင်းတော်ရာ ဗင်လားတိုက်*၌ ပျံလွန်တော်မူကြောင်းကိုရင်း သိရပေသည်။ ဘွဲ့တော်ကား အရှင် စန္ဒဝံသ ဖြစ်၏။ ခမည်းတော် အမည်ကိုကား မသိရချေ။ မယ်အိမ်လေး မယ်အိမ်မွေးနှင့် ဖိုးညိုရောင်ဟူသော မောင်နှမများအနက် မယ်အိမ်လေးသည် ဆရာတော်ဘုရားကြီး၏ မယ်တော်ဖြစ်၏။

ဤ ဒုတိယ မြို့ပြင်ကြီးဆရာတော်သည် အမျိုးအားဖြင့် ဘကြီးတော် ဘုရား (၁၁၈၁-၉၈) လက်ထက် အဘိဓမ္မာ ညဝါအရာဝယ် ထင်ရှားကျော်စော တော်မူလှသော တုတ်လှမ်းဆရာတော်ဘုရားကြီး၏ တူတော်ရင်း ဖြစ်လေသည်။

---

* မင်းတုန်းမင်းကြီးက ကျောင်းတော်ရာအဖြစ် လှူပြီးလျှင် သူဌေး ဦးဇံထံ အပ်ထား ခဲ့သည်။ သင်္ဂဇာဆရာတော်၊ ရွှေကျင်ဆရာတော် ဗင်လားဆရာတော်ဘုရားကြီးများသည် (ဆိုင်ရာမှ အသီးသီး ပိုင်းခြားလှူဒါန်းချက်အရ) အသီး အသီး သီတင်းသုံးတော်မူခဲ့ ကြသည်။ ထို့ကြောင့် ကျောင်းတော်ရာဗင်လားတိုက်ဟု တွဲ၍သုံးထားခြင်း ဖြစ်သည်။

ရတနာပူရ အဝမြို့တော်၏ အနောက်တောင်ဘက် တာလေးထောင်ခန့် အကွာ (လေးတိုင်ခန့်အကွာ-ဟုလည်း မှုကွဲတွေ့ရသည်) တုတ်လှမ်းစေတီတော် အနီး တုတ်လှမ်းကျောင်းတိုက်၌ သီတင်းသုံးနေတော်မူသောကြောင့် တုတ်လှမ်း ဆရာတော်ဟု ခေါ်ဝေါ်ထင်ရှားလေသည်။ ဘွဲ့တော်ကား အရှင်စန္ဒမာလာ ဖြစ်၏။ ထိုဆရာတော်ဘုရားကြီးသည် ရှေးအခါက ညဝါအရာ လေ့လာ သင်ကြား ပုဂ္ဂိုလ်များတို့ နှုတ်ဖျားရွရွ ကျက်မှတ်ကြသည့် ယမက-ကဗျာ များနှင့် အဖြေများကိုပါ ရေးသားတော်မူခဲ့လေသည်။

ထို တုတ်လှမ်းဆရာတော်ဘုရားကြီး၌ အရှင်သုတစရနှင့် အရှင်အရိယဝံသ ဟူသော ညီတော်ရင်း ၂-ပါး ရှိတော်မူလေသည်။ အရှင်သုတစရသည်(ဆိုခဲ့သည့်) မြို့ပြင်ကြီးရွာကို ဂေါစရဂါမ်ပြု၍ သီတင်းသုံးတော်မူသဖြင့် မြို့ပြင်ကြီးဆရာတော် ဟုလည်း ကျော်စော ထင်ရှားတော်မူ၏ * ။

အရှင်အရိယဝံသသည် မန္တလေးမြို့ အနောက်ပြင် မင်းတဲရပ် (ရတနာမဥ္ဇူ စေတီတော် အနီး) ကျောင်းတိုက်ကြီး၌ သီတင်းသုံးတော်မူသဖြင့် မင်းတဲ ဆရာတော်ဟူ၍ရင်း၊ ရတနာမဥ္ဇူဆရာတော်ဟူ၍ရင်း ကျော်စော ထင်ရှား တော်မူ၏။

ဒုတိယမြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသသည် ဥပဇ္ဈာယ်ဆရာဖြစ်သော ဦးလေးတော် အရှင်သုတစရနှင့် အရှင်အရိယဝံသ ဆရာတော်များထံ၌သာမက အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော်ဘုရားကြီးနှင့် နောင်ကြီးအိုင်ဆရာတော်† စသော ဆရာတော်ဘုရားကြီးများထံ၌လည်း ပညာရင်နို့ သောက်စို့တော်မူခဲ့လေ သည်။ (မြို့ပြင်ကြီး ၅-စောင်တွဲကျမ်း နိဒါန်းအရ) ဒုတိယမြို့ပြင်ကြီးဆရာတော် သည် အမရပူရမြို့ ပြည်တိုက် ပြည်ဆရာတော်ဘုရားကြီး၏ထံတော်ဝယ် ခုနစ်နှစ် တိုင်တိုင် ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုရင်း၊ (အဆိုပါ နိဒါန်းနှင့် အဘိဓမ္မတ္ထသရူပဒီပက ဂန္ထဝရမှာ စသည်တို့အရ) နောင်ကြီးအိုင်ရွာလျှင် ဖွားရာ ဇာတိရှိသဖြင့် နောင်ကြီးအိုင်ဆရာတော်ဟု ထင်ရှား ကျော်စောသော ဆရာ တော် အရှင်နန္ဒိယနှင့် ရွှေဂူဆရာတော်စသည်တို့ အထံ၌ ကျမ်းဂန်များ သင်ကြားတော်မူခဲ့ကြောင်းကိုရင်း သိရလေသည်။ အထူး သတိပြုဖွယ်ကား

---

* မာတိကာ ဓာတုကထာ ယမိုက် ပဋ္ဌာန်းစသည်တို့၏ အဓိပ္ပါယ်များကို ရေးသား တော်မူခဲ့သော အမရပူရမြို့ ရှေးမြို့ပြင်ကြီးဆရာတော် ဦးအရိန္ဒမဟူသည် ဤဆရာတော်ပင် ဖြစ်မည်ထင်သည်ဟု မြစ်ကျွေးဆရာတော်က မှာလေသည်။ သို့ရာတွင် တပါးစီသာ ဖြစ်ကြောင်းကို (အဂ္ဂမဟာပဏ္ဍိတ) အဖြောက်ဆရာတော်ဘုရားကြီးက မိန့်တော်မူ လေသည်။

† မုံရွာခရိုင် အရာတော်မြို့နယ်အတွင်း နောင်ကြီးအိုင်ရွာ-ဟု ရှိသည်။

နောင်ကြီးအိုင်ဆရာတော်နှင့် ဒုတိယမြို့ပြင်ကြီးဆရာတော် ၂-ပါးလုံးပင် ပြည်ဆရာတော်ဘုရားကြီး၏ တပည့်များဖြစ်ကြောင်းပေတည်း။ မောင်းထောင်ဆရာတော်၏ အက္ခရဝိသောဓနီကျမ်း (နိဒါန်း)၌ ပဋ္ဌမသံဂါယနာတင်ရန် စာမူတော်များကို ပြဆိုရာတွင်——

ခါတုကထာ ပါဠိ, အဋ္ဌကထာကို ပြည်တိုက်နေ ရှင်စန္ဒက သုတ်သင်ပြင်ဆင်၍ သွင်းရ၏။

ပုဂ္ဂလပညတ် ပါဠိ, အဋ္ဌကထာကို ပြည်တိုက်နေ ရှင်နန္ဒိယက သုတ်သင်ပြင်ဆင်၍ သွင်းရ၏။

ဟု ပါလေသည်။ ၎င်း အက္ခရဝိသောဓနီ-လာ ပုဂ္ဂိုလ် ၂-ပါးမှာ ဒုတိယ မြို့ပြင်ကြီးဆရာတော် အရှင်စန္ဒဝံသနှင့် နောင်ကြီးအိုင်ဆရာတော် အရှင်နန္ဒိယတို့ပင်ဖြစ်ဖွယ်ရှိလေသည်။

ထို ဒုတိယမြို့ပြင်ကြီးဆရာတော်ဘုရားသည် ပုလိပ်ရွာ၏ မြောက်မျက်နှာရှိ ပဉ္စမသံဂါယနာတင် မင်းတုန်းမင်းတရားကြီး၏ ကောင်းမှုကျောင်းတော်, မြို့သစ်မြို့ မြို့ပြင်ကြီးရွာ အနောက်ဖက်ရှိ ကျောင်းတော်, ၎င်းရွာမြောက်ဖက်ရှိ မြစည်းခုံကျောင်းတိုက် စသည်တို့တွင် အလှည့်အလည် သီတင်းသုံးတော်မူကာ ပရိယတ္တိမေ့ကို မပြတ် ပို့ချလျက်သာ အချိန်ကို ကုန်လွန်စေတော်မူခဲ့လေသည်။

ထိုကြောင့်ပင် (၁) မန္တလေးမြို့ ရွှေဂူတိုက်ဆရာတော် ဦးသုဇာတ (၂) မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက် (ဒုတိယ ရွှေကျင်သာသနာပိုင်) ဆရာတော် ဦးဝိသုဒ္ဓ (၃) အရှေ့ပြင် မှန်ကျောင်းတိုက် သီပေါမင်းတရား၏ ဆရာတော် ဦးဉာဏဝံသ (၄) ငါးစီးတိုက်ဆရာတော် ဦးနရိန္ဒ (၅) အလ္လကပ္ပတိုက် မြို့သာဆရာတော် ဦးသုမန (၆) အနောက်ပြင် မှန်ကျောင်း မြတောင်တိုက်ဆရာတော် ဦးပဏ္ဍဝံသ* (၇) တောင်ပြင် နန်းဦးတိုက် ဒုတိယဆရာတော် ဦးပညာစသော တံဆိပ်တော်ရ ဆရာတော်များနှင့် တကွ (၈) ရန်ကုန်မြို့ ဗဂ်လားဆရာတော် (၉) ပုဇွန်တောင် နော်မံကျောင်းကြီး ဆရာတော် (၁၀) ဝဇ္ဇိုဝန်ကျောင်းတိုက်ဆရာတော် ဦးပဏ္ဍဝံသ စသော ကျော်စောထင်ရှားသည့် ဆရာတော်ကြီးအပေါင်းတို့၏ ဓမ္မာစရိယ ဆရာတော်ကြီးတဆူ ဖြစ်တော်မူလေသည်။

ထို့ပြင် မန္တလေးရွှေမြို့တော် ဝန်းကျင် အရှေ့ပြင် တောင်ပြင် လမိုင်းလကျ်ာတော်၊ အမရပူရမြို့ ပုလိပ်ရွာ တဘက်ဆွဲရွာမှစ၍ တဋ္ဌဝတီ=မြစ်ငယ်ဝဲယာ

---

* မန်လည်ဆရာတော်နှင့် အမေးအဖြေပြုတော်မူသော (မင်းကွန်း) ဆရာတော်ပင်ဖြစ်သည်ဟု အဘိဓဇမဟာရဋ္ဌဂုရု မစိုးရိမ်ဆရာတော်ဘုရားကြီးက မိန့်တော်မူသည်။

မြို့ရွာများရှိ ကျောင်းပေါင်း ၄၀၀-ကျော် သံဃာတော်ပေါင်း ၂၀၀၀-ကျော်တို့၏ အကြီးအမှူး ဂဏာစရိယ ဂဏပါမောက္ခလည်း ဖြစ်တော်မူလေသည်။

ထို ဆရာတော်ဘုရားကြီးသည် ပရိယတ္တိသာသနာ လွန်စွာတိုးပွား အံကျိုးများ၍ ထင်ရှားတည်တံ့စေရန် အားထုတ်တော်မူရုံမျှမက ဂန္ထကာရကဂုဏ် လောက်လုံ ပြည့်ဝတော်မူသည်နှင့် အညီ အောက်ပါ ၁၃-ခုသော ကျမ်းဂန်များကိုလည်း ရေးသား စီရင်တော်မူခဲ့လေသည်။

၁။ အဋ္ဌသာလိနီဂဏ္ဌိသစ် (ကျမ်းပြီးသက္ကရာဇ်မပါ) ၇-ဝါအရတွင်ရေး။
၂။ ပဋ္ဌာနသမုပ္ပါဒနယဒီပနီ　　(၁၂၄၅-ခုပြီး)
၃။ ဒိဋ္ဌိဘေဒပကာသနီ　　(၁၂၄၅-ခုပြီး)
၄။ ကုက္ကုစ္စဝိနိစ္ဆယ　　(၁၂၄၅-ခုပြီး)
၅။ ဖလဋ္ဌဘေဒဒီပနီ　　(၁၂၄၅-ခုပြီး)
၆။ ရူပဝီထိပကာသနီ　　(၁၂၄၅-ခုပြီး)
၇။ သမ္မောဟဆေဒနီ　　(၁၂၅၂-ခုပြီး)
၈။ အဘိဓမ္မတ္ထသရူပဒီပက　　(ကျမ်းပြီးသက္ကရာဇ် မပါ)
၉။ ပုစ္ဆာဗျာကရဏ　　(၁၂၅၈-ခုပြီး)
၁၀။ စက္ခာဒိဥပ္ပတ္တိဒီပက　　(၁၂၅၉-ခုပြီး)
၁၁။ သီလသမာဒါနဝိနိစ္ဆယ　　(၁၂၅၉-ခုပြီး)
၁၂။ သရဏသရူပါဒိဒဿန　　(၁၂၅၉-ခုပြီး)
၁၃။ နိဗ္ဗာနသရူပဒီပကကဏ္ဍ *

---

* ဤကျမ်းကို သီးသန့် ခွဲထားသော်လည်း အဘိဓမ္မတ္ထသရူပဒီပက၏ ကဏ္ဍကြီးတခုသာ ဖြစ်ကြောင်း ထင်ရှားသည်။

### အဘိဓမ္မတ္ထသင်္ဂဟပဒီပကကျမ်း (ဒုတိယတွဲ)

# ကိုးကားသောကျမ်းများ

[ အ ]

အင်္ဂုတ္တရပါဠိတော်
အဋ္ဌသာလိနီအဋ္ဌကထာ
အနုဋီကာ (၃-တွဲ)
အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ
အဘိဓမ္မတ္ထသင်္ဂဟ
အဘိဓမ္မာဝတာရ
အဘိဓမ္မာဝတာရဋီကာသစ်
အဘိဓာနပ္ပဒီပိကာ
အဘိဓာနပ္ပဒီပိကာဋီကာ

[ ဧ ]

ဧကက္ခရကောသဋီကာ

[ စ-ဇ ]

စူဠနိဒ္ဒေသပါဠိတော်
ဇာတကဋ္ဌကထာ

[ ထ-ဓ ]

ထေရာပဒါန်ပါဠိတော်
ဓမ္မသင်္ဂဏီပါဠိတော်

[ န ]

နာမရူပပရိစ္ဆေဒ
နာမာစာရဒီပက
နိရုတ္တိမဉ္ဇူသာဋီကာ

[ ပ ]

ပဥ္စပကရဏဋ္ဌကထာ
ပဋ္ဌာန်းပါဠိတော်
ပရမတ္ထဝိနိစ္ဆယ
ပါရာဇိကဏ်ပါဠိတော်
ပုဂ္ဂလပညတ်ပါဠိတော်

[ မ ]

မဇ္ဈိမပဏ္ဏာသပါဠိတော်
မဏိသာရမဉ္ဇူသာ
မဟာနိဒ္ဒေသဋ္ဌကထာ
မဟာဝဂ္ဂဋ္ဌကထာ
မဟာဝဂ္ဂဋီကာ
မဟာဝဂ္ဂပါဠိတော်
မဟာဝင်ကျမ်း
မူလဋီကာ (၃-တွဲ)
မူလပဏ္ဏာသဋ္ဌကထာ
မူလပဏ္ဏာသပါဠိတော်

[ ယ-ဝ ]

ယမကပါဠိတော်
ဝဇီရဗုဒ္ဓိဋီကာ
ဝိသုဒ္ဓိမဂ္ဂဂဏ္ဌိပုဒ်
ဝိသုဒ္ဓိမဂ္ဂဋ္ဌကထာ
ဝိသုဒ္ဓိမဂ္ဂမဟာဋီကာ

[ သ ]

သံယုတ္တဋ္ဌကထာ
သံယုတ္တဋီကာ
သံယုတ္တပါဠိတော်
သခေပဝဏ္ဏနာဋီကာ
သစ္စသခေပ
သစ္စသခေပဋီကာ
သဒ္ဒနီတိပဒမာလာ
သမ္မောဟဝိနောဒနီအဋ္ဌကထာ
သာရတ္ထသင်္ဂဟ
သီလက္ခန္ဓဝဂ္ဂဋ္ဌကထာ

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
| --- | --- |
| **၃ –ရူပသရူပဒီပကကဏ္ဍ** | |
| ရုပ်မည်ခြင်းနှင့် သဘောလက္ခဏာ .... .... | ၁ |
| ရုပ် ၂၈-ပါးသရုပ် .... .... | ၄ |
| မဟာဘုတ် ၄-ပါး .... .... | ၄ |
| ပထဝီဓာတ်၏ လက္ခဏာစသည် .... .... | ၄ |
| အာပေါဓာတ်၏ လက္ခဏာစသည် .... .... | ၆ |
| တေဇောဓာတ်၏ လက္ခဏာစသည် .... .... | ၆ |
| ဝါယောဓာတ်၏ လက္ခဏာစသည် .... .... | ၇ |
| မဟာဘုတ်နှင့် စကြဝဠာ .... .... | ၇ |
| မဟာဘုတ် ၄-ပါး ဥပမာ .... .... | ၁၁ |
| ပသာဒရုပ် ၅-ပါး .... .... | ၁၃ |
| စက္ခုပသာဒ၏ လက္ခဏာစသည် .... .... | ၁၃ |
| စက္ခုအပြား .... .... | ၁၆ |
| စက္ခုပသာဒ၏ ပမာဏ .... .... | ၁၈ |
| သောတပသာဒ၏ လက္ခဏာစသည် .... .... | ၂၂ |
| ဃာနပသာဒ၏ လက္ခဏာစသည် .... .... | ၂၃ |
| ဇိဝှါပသာဒ၏ လက္ခဏာစသည် .... .... | ၂၄ |
| ကာယပသာဒ၏ လက္ခဏာနှင့် ဝိနိစ္ဆယအထူး .... .... | ၂၅ |
| ပသာဒရုပ်တို့၏ ဥပမာ .... .... | ၄၀ |
| စက္ခုစသည်တို့၏ ပသာဒအမည်ရခြင်း .... .... | ၄၁ |
| ကေစိဝါဒနှင့် အပရေဝါဒ .... .... | ၄၂ |
| ဝိသယရုပ် ၇-ပါး .... .... | ၄၅ |
| ရူပါရုံ၏ လက္ခဏာစသည် .... .... | ၄၅ |
| သဒ္ဒါရုံ၏ လက္ခဏာစသည် .... .... | ၄၅ |
| ဂန္ဓာရုံ၏ လက္ခဏာစသည် .... .... | ၄၆ |
| ရသာရုံ၏ လက္ခဏာစသည် .... .... | ၄၆ |
| ဖောဋ္ဌဗ္ဗာရုံ၏ သဘောတရား .... .... | ၄၆ |
| ဝိတဏ္ဍဝါဒီတို့ အမှား .... .... | ၅၃ |
| ဘာဝရုပ် ၂-ပါး သဘောလက္ခဏာ .... .... | ၅၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| လိင်္ဂ, နိမိတ္တ, ကုတ္တနှင့် အာကပ္ပ အဆူး | .... | .... | ၅၉ |
| လိင်ဖောက်ပြန်ပုံ | .... | .... | ၆၁ |
| ဥဘတောဗျည်း အဆုံးအဖြတ် | .... | .... | ၆ဂ |
| ဟဒယဝတ္ထုရုပ် သဘောလက္ခဏာ | .... | .... | ၇၂ |
| ဇီဝိတရုပ် သဘောလက္ခဏာ | .... | .... | ၇၇ |
| အာဟာရရုပ် သဘောလက္ခဏာ | .... | .... | ၇၉ |
| သတ္တဝါတို့၏အစာ အဆင့်ဆင့် နှုးညံ့ပုံ | .... | .... | ဂ၁ |
| အာဟာရရုပ်၏ လက္ခဏာစသည် | .... | .... | ဂ၂ |
| နိပ္ဖန္နရုပ် ၁ဂ-ခု၏ သဘာဝရုပ်မည်ပုံ | .... | .... | ဂ၂ |
| သလက္ခဏရုပ်မည်ပုံ | .... | .... | ဂ၃ |
| နိပ္ဖန္နရုပ်မည်ပုံ | .... | .... | ဂ၃ |
| ရူပရူပရုပ်မည်ပုံ | .... | .... | ဂ၃ |
| သမ္မသနရုပ်မည်ပုံ | .... | .... | ဂ၄ |
| ပရိစ္ဆေဒရုပ်၏ သဘောလက္ခဏာ | .... | .... | ဂ၄ |
| အာကာသဓာတ် ပိုင်းခြားပုံ ထိ,မထိ | .... | .... | ဂ၅ |
| ဝိညတ်ရုပ် ၂-ပါးနှင့် သဘောလက္ခဏာ | .... | .... | ဂ၆ |
| ကာယဝိညတ် အကျယ်ပြပုံ | .... | .... | ဂ၉ |
| ဝစီဝိညတ် အကျယ်ပြပုံ | .... | .... | ၉၃ |
| ဝိညတ်ဒွေ၏ ဥပါဒါရုပ်မည်ပုံ | .... | .... | ၁၀၂ |
| ဝိကာရရုပ် ၅-ပါး | .... | .... | ၁၀၂ |
| ရူပဿလဟုတာ၏ သဘောလက္ခဏာ | .... | .... | ၁၀၂ |
| ရူပဿမုဒုတာ၏ သဘောလက္ခဏာ | .... | .... | ၁၀၃ |
| ရူပဿကမ္မညတာ၏ သဘောလက္ခဏာ | .... | .... | ၁၀၃ |
| ဝိကာရရုပ် ၃-ပါး အထူး | .... | .... | ၁၀၄ |
| လက္ခဏရုပ် ၄-ပါး | .... | .... | ၁၀၅ |
| ဥပစယနှင့် သန္တတိ သဘောလက္ခဏာ | .... | .... | ၁၀၅ |
| အာစယ,ဥပစယ,သန္တတိ အထူး | .... | .... | ၁၀၇ |
| ဇာတိရုပ်၏ ဥပစယ သန္တတိမည်ပုံ | .... | .... | ၁၁၀ |
| ဇရတာရုပ်နှင့် ၎င်း၏ သဘောလက္ခဏာ | .... | .... | ၁၁၁ |
| ဇရာအပြားနှင့် လက္ခဏာ | .... | .... | ၁၁၂ |
| အနိစ္စတာရုပ်နှင့် ၎င်း၏ သဘောလက္ခဏာ | .... | .... | ၁၁၃ |
| ဇာတိ ဇရာ မရဏ ဥပမာ | .... | .... | ၁၁၄ |
| အနိပ္ဖန္နရုပ် သဘောတရား | .... | .... | ၁၁၅ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ရူပဝိဘာဂ, အဟေတုကမည်ပုံ | .... | .... | ၁၁၅ |
| သမ္ပယုတ်ဟိတ်နှင့် ဇနကဟိတ် | .... | .... | ၁၁၆ |
| သပ္ပစ္စယမည်ပုံ | .... | .... | ၁၁၉ |
| သာသဝစသည် မည်ပုံ | .... | .... | ၁၂၁ |
| အဇ္ဈတ္တိက ဗာဟိရဒုကနည်း | .... | .... | ၁၂၂ |
| ဝတ္ထု ဒွါရဒုကနည်း | .... | .... | ၁၂၃ |
| ဣန္ဒြိယ အနိန္ဒြိယဒုကနည်း | .... | .... | ၁၂၃ |
| ဩဠာရိက သန္တိကေ သပ္ပဋိဃဒုကနည်း | .... | .... | ၁၂၄ |
| ဥပါဒိန္န သနိဒဿနဒုကနည်း | .... | .... | ၁၂၆ |
| အသမ္ပတ္တသမ္ပတ္တ ဂေါစရဂ္ဂါဟကဒုကနည်း | .... | .... | ၁၂၇ |
| မဟာအဋ္ဌကထာဝါဒ | .... | .... | ၁၂၈ |
| ဝိဘာဝိနီဋီကာဝါဒ | .... | .... | ၁၂၉ |
| အဝိနိဗ္ဘောဂရုပ် ၈-ပါး | .... | .... | ၁၃၃ |
| ရူပသမုဋ္ဌာန် ၄-ပါး, ကမ္မသမုဋ္ဌာန် | .... | .... | ၁၃၄ |
| စိတ္တသမုဋ္ဌာန် | .... | .... | ၁၃၄ |
| ပဋိသန္ဓေစုတိတို့ အသီး မကြဉ်သင့်ပုံ | .... | .... | ၁၃၆ |
| ပဋိသန္ဓေစိတ် ရုပ်မဖြစ်စေနိုင်ပုံ | .... | .... | ၁၃၇ |
| စုတိစိတ် ရုပ်မဖြစ်စေနိုင်ပုံ | .... | .... | ၁၄၀ |
| ဣရိယာပုထ်ခိုင်ခံ့သော ဇော | .... | .... | ၁၄၀ |
| ဝိညတ်ဖြစ်စေတတ်သော စိတ် | .... | .... | ၁၄၁ |
| ပြုံးရယ်ခြင်းဖြစ်စေတတ်သော ဇော | .... | .... | ၁၄၂ |
| ဥတုနှင့် အာဟာရသမုဋ္ဌာန် | .... | .... | ၁၄၄ |
| အကြောင်းလေးပါးကြောင့် ရုပ်တို့ပြားပုံ | .... | .... | ၁၄၅ |
| ရုပ်ဧကန် အနေကန် | .... | .... | ၁၄၆ |
| လက္ခဏာရုပ်တို့၌ သမုဋ္ဌာန် မရှိပုံ | .... | .... | ၁၄၆ |
| ဝိဘာဝိနီဋီကာနည်း | .... | .... | ၁၄၇ |
| အဋ္ဌသာလိနီအဋ္ဌကထာနည်း | .... | .... | ၁၄၉ |
| ရုပ်ကလာပ် လက္ခဏာ ၃-ပါး | .... | .... | ၁၅၄ |
| ကလာပ်အပြား | .... | .... | ၁၅၅ |
| ကမ္မဇကလာပ် ၉-စည်း | .... | .... | ၁၅၆ |
| ကလာပ် ဖွဲ့စည်းပုံ | .... | .... | ၁၅၆ |
| စိတ္တဇကလာပ် ၆-စည်း | .... | .... | ၁၅၇ |
| ကလာပ်ဖွဲ့စည်းပုံ | .... | .... | ၁၅၇ |

| အကြောင်းအရာ | | | စာမျက်နှာ |
|---|---|---|---|
| ဥတုဇကလာပ် ၄-စည်း | .... | .... | ၁၅၇ |
| အာဟာရဇကလာပ် ၂-စည်း | .... | .... | ၁၅၈ |
| ရူပပဝတ္တိက္ကမ | .... | .... | ၁၅၈ |
| ယောနိလေးပါး | .... | .... | ၁၅၈ |
| ပုဂ္ဂိုလ်နှင့် ရသင့်သောကလာပ် | .... | .... | ၁၆၁ |
| ဣန္ဒြိယဘီလူးအား ဖြေကြားပုံ | .... | .... | ၁၆၂ |
| ကလလ-စသည်တို့၏ သတ္တာဟအစဉ် | .... | .... | ၁၆၅ |
| သားဘွားပုံ လ-အပိုင်းအခြား | .... | .... | ၁၆၈ |
| ခုနစ်လ-ရှစ်လဘွား | .... | .... | ၁၆၉ |
| ပသာဒရုပ်တို့ဖြစ်ရာ သတ္တာဟ အဆုံးအဖြတ် | .... | .... | ၁၇၁ |
| မူလဋီကာဆရာ၏ အလို | .... | .... | ၁၇၀ |
| အချို့ဆရာတို့၏ အမှား | .... | .... | ၁၈၄ |
| ဩရနှင့် ပိဋ္ဌိ-သဒ္ဒါတို့၏ အနက် | .... | .... | ၁၈၅ |
| သတ္တသတ္တတိရတ္တိမှ-ပုဒ် စိစစ်ချက် | .... | .... | ၁၈၉ |

ရူပသရူပဒီပကကဏ္ဍ ပြီးပြီ။

ရူပဝိထိပကာသနီကျမ်း

# မာတိကာ


| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ပဏ္ဏာမနှင့် ပဋိညာဉ် | ၁၉၃ |
| ဗုဒ္ဓပဏ္ဏာမ | ၁၉၃ |
| ဓမ္မပဏ္ဏာမ | ၁၉၃ |
| သံဃပဏ္ဏာမ | ၁၉၄ |
| အာစရိယပဏ္ဏာမ | ၁၉၄ |
| ပဋိညာဉ် | ၁၉၄ |
| ရူပသမုဒ္ဒေသနလေးပါး | ၁၉၅ |
| စုတိစိတ်ကြောင့် ရုပ်ဖြစ်-မဖြစ် | ၁၉၆ |
| ပဋိသန္ဓေစိတ်ကြောင့် ရုပ်မဖြစ်ခြင်း | ၁၉၇ |
| ဥတုနှင့် အာဟာရတရားကိုယ် | ၂၀၀ |
| စေတသိက်၏ ရုပ်ဖြစ်စေပုံ | ၂၀၁ |
| စတုဇရုပ် လေးမျိုး | ၂၀၃ |
| လက္ခဏာရုပ်နှင့် သမုဒ္ဒေသန | ၂၀၄ |
| ရူပဝီထိနှင့် ရုပ်ကလာပ်များ | ၂၀၅ |
| စတုဇရုပ်ကလာပ်များဖြစ်ပုံ | ၂၀၅ |
| ရုပ်တဆဲ့နှစ်မျိုး | ၂၀၈ |
| ဥတုဇကလာပ် အဆက်ဆက်ဖြစ်ပုံ | ၂၁၀ |
| စတုဇရုပ်တို့ဖြစ်စဉ် | ၂၁၇ |
| အာဟာရ အရကောက် | ၂၁၇ |
| အာဟာရ အမည်ရပုံ | ၂၁၈ |
| ကဗဠီကာရာဟာရ ခေါ်ရပုံ | ၂၁၉ |
| ရုပ်ကိုဖြစ်စေသည့် အာဟာရ | ၂၂၁ |
| အမိဝမ်းတွင်းသူငယ်၏ အာဟာရဇရုပ် | ၂၂၃ |
| ဗြဟ္မာတို့အား အာဟာရရုပ် ရှိ-မရှိ | ၂၂၅ |
| အာဟာရဇရုပ် အပေါင်း | ၂၂၆ |
| ရုပ်ကို အာဟာရကျေးဇူးပြုပုံ | ၂၂၇ |
| အာဟာရဇကလာပ် အဆက်ဆက် | ၂၃၂ |
| အာဟာရဇရုပ် စဖြစ်ပုံ | ၂၃၄ |

**အကြောင်းအရာ　　　　　　　　　　　စာမျက်နှာ**


စတုဇရုပ်တို့၏ ချုပ်စဉ် .... .... .... .... ၂၃၆
စုတိစိတ်ကြောင့် ရုပ် ဖြစ်-မဖြစ် .... .... .... .... ၂၃၈
ရုပ်တရားတို့၏ အသက်စိစစ်ချက် .... .... .... .... ၂၄၄
စိတ်၏ဌီ ရှိ-မရှိ .... .... .... .... ၂၅၁
စိတ်၏ဘင်္ဂက္ခဏ ရုပ်ဖြစ်,မဖြစ် .... .... .... .... ၂၅၁
ရူပဘုံ၌ ဂန္ဓ, ရသ, ဩဇာ ရှိ,မရှိ
　အဋ္ဌကထာမူရင်းစကား .... .... .... .... ၂၅၇
မူလဋီကာ ပယ်ပစ်ပုံ .... .... .... .... ၂၅၉
အနုဋီကာ ချေပချက် .... .... .... .... ၂၆၅
ကာမဥပပါတ် သံသေဒဇတို့ ဃာန ချို့,မချို့ .... .... .... ၂၈၀
စက္ခာယတနစသည် ဖြစ်ပေါ်လာပုံ .... .... .... ၃၀၉
အနာဂတ်ကာလ အဆုံးအဖြတ် .... .... .... .... ၃၂၀
ဩရသဒ္ဒါ စိစစ်ချက် .... .... .... .... ၃၂၃
ရဟန္တာမိန်းမ ပရိနိဗ္ဗာန်ပြုသောအခါ လိင် ပြန်,မပြန် .... .... ၃၂၇
သောရေယျနှင့် သုမနဒေဝီ သာဓက .... .... .... ၃၂၈
သတ္တမသတ္တာဟနှင့် ကောဒသမသတ္တာဟ ဆုံးဖြတ်ချက် .... ၃၃၈
စက္ခု စသည်တို့ အစဉ်အတိုင်း ဖြစ်-မဖြစ်, ချုပ်-မချုပ်.... ၃၄၀
ကမ္မေနနှင့် ကမေန ဆုံးဖြတ်ချက်.... .... .... .... ၃၄၀
ဋီကာကျော်ဝါဒ စိစစ်ချက် .... .... .... .... ၃၄၃
ကံလေးပါး မှတ်ဖွယ် .... .... .... .... .... ၃၄၇
ဇီဝိတနဝကကလာပ်၏ တည်ရာနှင့် အပြား .... .... .... ၃၆၈
ဓာတ်အစု လေးဆဲ့နှစ်ပါး .... .... .... .... ၃၆၈
ဓာတ် ၄၂-ပါးနှင့် သမုဋ္ဌာန် ၄-ပါး .... .... .... ၃၇၆
ရူပကာယ၌ ကလာပ်အပြား .... .... .... .... ၃၇၆
ပြည့်စုံသော ရူပကာယ၌ ရုပ်အပြား .... .... .... ၃၇၈
ချို့သော ရူပကာယ၌ ရုပ်အပြား .... .... .... ၃၇၉
စိတ္တဇကလာပ် ဝါဒကွဲ စိစစ်ချက်.... .... .... .... ၃၈၀
ဝိတက္ကဝိပ္ဖါရသဒ္ဒ ရှိ,မရှိ .... .... .... .... ၃၈၀
ကာမဘုံ၌ ဇီဝိတနဝကကလာပ် ရ,မရ .... .... .... ၃၉၀
ခန္ဓာကိုယ်ကို သုံးပိုင်းခွဲခြား၍ပြခြင်း .... .... .... ၃၉၂
ဓာတ် ၄၇-ပါးကို အကျယ်ပြဆိုခြင်း .... .... .... ၃၉၃
ရူပဗြဟ္မာတို့ တေဇောဓာတ် ၄-ပါး မရကြောင်း .... .... ၃၉၈
ဇီဝိတနဝကကလာပ် စဖြစ်ရာကာလ .... .... .... ၃၉၉

| အကြောင်းအရာ | စာမျက်နှာ |
|---|---|
| ဂဗ္ဘသေယျကလူပုဂ္ဂိုလ်၏ ရုပ်ဝီထိ.... | ၄၀၃ |
| ကမ္မဇကလာပ် ဖြစ်စဉ် .... | ၄၀၃ |
| တနည်း ဂဗ္ဘသေယျကလူပုဂ္ဂိုလ်၏ ရုပ်ဝီထိ .... | ၄၀၆ |
| တနည်း ကမ္မဇကလာပ် ဖြစ်စဉ် .... | ၄၀၆ |
| သေခါနီး၌ ကမ္မဇကလာပ် ဖြစ်စဉ်.... | ၄၁၀ |
| စိတ္တဇကလာပ် ဖြစ်စဉ် .... | ၄၁၁ |
| နိရောဓသမာပတ်နှင့် စိတ္တဇကလာပ်များ .... | ၄၁၂ |
| သေခါနီး၌ စိတ္တဇကလာပ်ဖြစ်စဉ် .... | ၄၁၂ |
| အာဟာရဇကလာပ် ဖြစ်စဉ် .... | ၄၁၃ |
| ဥတုဇကလာပ် ဖြစ်စဉ် .... | ၄၁၃ |
| နိရောဓသမာပတ်အခါ ဥတုဇကလာပ်ဖြစ်စဉ်.... | ၄၁၇ |
| သေခါနီး၌ ဥတုဇကလာပ်ဖြစ်စဉ်.... | ၄၁၈ |
| ပဋိသန္ဓေအခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၂၀ |
| အာဟာရဇကလာပ် စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၂၂ |
| စက္ခုဒသက စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ.... | ၄၂၅ |
| သောတဒသက စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၂၇ |
| ဃာနဒသက စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၃၀ |
| ဇိဝှါဒသက စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၃၂ |
| စက္ခုဒသက စသော အာယတန ၄-ပါး တပြိုင်နက်ဖြစ်ရာ ရုပ်ဝီထိဖြစ်ပုံ | ၄၃၅ |
| ဇီဝိတနဝက စ၍ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၃၇ |
| ပဉ္စဝိညာဏဝီထိ ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ.... | ၄၃၉ |
| နိရောဓသမာပတ်ကို ဝင်စားသည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၄၂ |
| နိရောဓသမာပတ်မှ ထသည့်အခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၄၅ |
| အဋ္ဌကထာအလို ပုထုဇဉ်သေက္ခတို့ မရဏာသန္နအခါ ရုပ်ဝီထိဖြစ်ပုံ.... | ၄၄၇ |
| ရဟန္တာတို့ မရဏာသန္နအခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၄၉ |
| မူလဋီကာအလို မရဏာသန္နအခါ ရုပ်ဝီထိဖြစ်ပုံ .... | ၄၅၀ |


အဘိဓမ္မတ္ထသင်္ဂဟဒီပကကျမ်း (ဒုတိယတွဲ)

မာတိကာ ပြီး၏။

# အဘိဓမ္မတ္ထသရူပဒီပကကျမ်း

( ဒုတိယတွဲ )

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၃-ရူပသရူပဒီပကကဏ္ဍ

### ရုပ်မည်ခြင်းနှင့် သဘောလက္ခဏာ

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်ဟူသော လေးပါးသော အဘိဓမ္မတ္ထတို့တွင် ရုပ်ဟူသည် အဘယ်နည်း၊ အဘယ်တရားသည် ရုပ်မည်သနည်း ဟူမူ....ရုပ်ဟူသည် ပထဝီဓာတ် စသည်တို့တည်း၊ ပထဝီဓာတ် စသည်တို့သည် ရုပ်မည်ပါသည် ဟူလေ။

ထိုပထဝီဓာတ် စသည်တို့သည် အဘယ်ကြောင့် ရုပ်မည်သနည်း ဟူမူ....ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်ပါသည် ဟူလေ။

ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်သည်ဟူ၏၊ ဤပထဝီစသော အဘိဓမ္မတ္ထတို့သည် စိတ်စသည်ကဲ့သို့ ပရမတ္ထပင်ဖြစ်ပါသည်၊ မဖောက်မပြန်သော သဘောသာလျှင်လည်း ပရမတ္ထမည်သောကြောင့် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ ဟူသော ဤစကားသည် မဖောက်မပြန်သော သဘော ဖြစ်သောကြောင့် ပရမတ္ထမည်၏ ဟူသော စကားနှင့် ရှေ့နောက်မညီ ဆန့်ကျင်ရာ၏။

အကယ်၍ ဤပထဝီစသော တရားတို့သည် ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ ဟူသော စကားသည် မှန်ခဲ့အံ့၊ မဖောက်မပြန်တတ်သော သဘောဖြစ်သောကြောင့် ပရမတ္ထမည်၏ဟု ရှေ့စကားသည် အမှားဖြစ်ခဲ့ရာ၏။

အကယ်၍ မဖောက်မပြန်သော သဘောဖြစ်သောကြောင့် ပရမတ္ထမည်၏ဟူသော ရှေ့စကား မှန်သည်ဖြစ်အံ့၊ ဖောက်ပြန်တတ်သောကြောင့် ရုပ်မည်၏ဟူသော ဤနောက်စကားသည် အမှားဖြစ်ခဲ့ရာ၏ ဟူငြားအံ့—

လက္ခဏာအားဖြင့် မဖောက်မပြန်သော သဘောရှိသည်ကို ရည်၍ ပရမတ္ထမည်၏ ဆိုသည်၊[၁] ဤ၌ လက္ခဏာအားဖြင့် ဖောက်ပြန်သောကြောင့် ဖောက်ပြန်တတ်သည်ဟု ဆိုသည်မဟုတ်၊ ရှေးရုပ် အစဉ်မှ ထူးသည်၏ အဖြစ်ဖြင့် နောက်ရုပ်အစဉ်၏ ဖြစ်ခြင်းဟူသော ဖောက်ပြန်ခြင်းသို့ ရောက်သည်ကို ရည်၍သာ ဖောက်ပြန်တတ်သည်ဟု ဆိုသည် ဖြစ်၍ ရှေ့နောက်မညီ မရှိ၊ မဆန့်ကျင်ပါ ဟူလေ။

မည်သည့် ကပ်ကမ္ဘာကာလ, မည်သည့်ဘုံ, မည်သည့်ပုဂ္ဂိုလ်, မည်သည့် သန္တာန်မဆို ဖြစ်လေတိုင်းသော အရာခပ်သိမ်း၌ စိတ်ဟူသမျှသည် အာရမ္မဏဝိဇာနန လက္ခဏာသာ ရှိသည်၊ တရံတဆစ်မျှ ထိုလက္ခဏာမှ ဖောက်ပြန်၍ ဖုသနစသော လက္ခဏာရှိသည်မဖြစ်၊ ဖဿစသော စေတသိက် ဟူသမျှသည်လည်း ဖဿသည် ဖုသနလက္ခဏာ, ဝေဒနာ စသည်သည် ဝေဒိယနလက္ခဏာ စသည်သာ ရှိသည်၊ တရံတဆစ်မျှ ထိုဖုသန, ဝေဒိယန စသော လက္ခဏာမှ ဖောက်ပြန်၍ တပါးသော လက္ခဏာရှိသည် မဖြစ်၊ ပထဝီ, အာပေါ စသော ရုပ်တရား ဟူသမျှသည်လည်း ပထဝီဓာတ်သည် ကက္ခဠလက္ခဏာသာ ရှိသည်၊ အာပေါဓာတ်သည် ပဂ္ဃရဏလက္ခဏာသာ ရှိသည်၊ တခံတဆစ်မျှ ထိုလက္ခဏာမှ ဖောက်ပြန်၍ တပါးသောလက္ခဏာ ရှိသည် မဖြစ်ဟူလို။

ပထဝီဓာတ် စသည်တို့သည် ဖောက်ပြန်တတ်သည် ဟူ၏၊ ထို ပထဝီ စသည်တို့သည် အဘယ်အကြောင်းကြောင့်ဖောက်ပြန်သနည်း? အကြောင်း မရှိဘဲ မိမိသဘောအလျောက်ပင် ဖောက်ပြန်လေသလောဟူမူ....အကြောင်း မရှိဘဲဖောက်ပြန်သည်မဟုတ်၊ သီတ, ဥဏှစသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည် ဟူလေ၊ ပထဝီ စသည်တို့သည် လက္ခဏာအားဖြင့် ဖောက်ပြန်သည် မဟုတ်၊ ရှေးအစဉ်နှင့် မတူသော

---

၁-ရုပ္ပနဋ္ဌေတ္ထ သီတာဒိဝိရောဓိပစ္စယသမဝါယေ ဝိသဒိသုပ္ပတ္တိယေဝ။ ( ဝိဘာဝိနီဋီကာ-၇၅ )

နောက်အစဉ်၏ ဖြစ်ခြင်းကိုပင် ဖောက်ပြန်သည်ဟု ဆိုသည် ဟူခဲ့သော် ထိုသို့သော ဖောက်ပြန်ခြင်းသည် ပထဝီဓာတ် စသည်မှာသာ ရှိသည်မဟုတ်၊ စိတ် စေတသိက် တို့၌လည်း ရာဂ, ဒေါသ စသည်နှင့် ယှဉ်ခြင်း, ဓာတ်ချောက်ချားခြင်း စသော အကြောင်းတို့ကြောင့် မည်းညစ်နောက်ကျုခြင်း နုံ့နှေးလေးလံ ထိုင်းမှိုင်းခြင်း စသည်ဖြင့်၎င်း, သဒ္ဓါစသည်သည် ကာယပဿဒ္ဓိ စိတ္တပဿဒ္ဓိ စသည်တို့နှင့် ယှဉ်ခြင်း ဓာတ်တို့၏ ညီညွတ်ခြင်း စသော အကြောင်းတို့ကြောင့် ဖြူစင်သန့်ရှင်း ကြည်လင်ခြင်း ငြိမ်းအေး ပေါ့ပါး နူးညံ့ခြင်း စသည်ဖြင့်၎င်း, ရှေးရှေးအစဉ်နှင့် မတူသော နောက်နောက်အစဉ်ဖြစ်ခြင်းဖြင့် ဖောက်ပြန်ခြင်းရှိသည်သာ ဖြစ်ရကား ပထဝီ စသည်သာ ရုပ်မည်သည် မဖြစ်ရာ၊ စိတ် စေတသိက်တို့သည်လည်း ရုပ်မည်သည်ပင် ဖြစ်ကုန်ခဲ့ရာ၏ ဟူငြားအံ့—

စိတ်စေတသိက်တို့သည် ဆိုအပ်ပြီးသော အကြောင်းကြောင့် ဆိုအပ်ပြီးသော အခြင်းအရာအားဖြင့် ဖောက်ပြန်သည် အမှန်ပင်ဖြစ်သော်လည်း ရုပ္ပတိ ဟူ၍သာ ဖောက်ပြန်ခြင်း ရုပ္ပနသာမည်ကို ဟောတော်မမူ "သီတေနာပိ ရုပ္ပတိ ဥဏှေနာပိ ရုပ္ပတိ" စသည်ဖြင့် သီတသဒ္ဒါ စသည်ဖြင့် အထူးပြု၍ ဆီးနှင်း စသော အအေးဖြင့် ဖောက်ပြန်ခြင်း, မီးစသော အပူဖြင့် ဖောက်ပြန်ခြင်း, အာဟာရငတ်မွတ်၍ ဖောက်ပြန်ခြင်း, ရေမွတ်သိပ်၍ ဖောက်ပြန်ခြင်း, မြွေကင်းသန်းတို့ ကိုက်ခဲခြင်းကြောင့် ဖောက်ပြန်ခြင်း စသော ဆန့်ကျင်ဘက်အကြောင်းတို့ကြောင့် အလွန်အကြူး ထူးကဲထင်ရှားသော ဝိဘူတတရရုပ္ပနဝိသေသကိုသာ ဟောတော်မူသောကြောင့် ဤ၌ ရုပ္ပနမတ္တ ဖောက်ပြန်ခြင်းသာမည်ကို ရုပ္ပနဟု အလိုမရှိအပ်၊ ဖောက်ပြန်ခြင်း အထူး ထင်ရှားသော ဝိဘူတတရရုပ္ပနကိုသာ ရုပ္ပနဟု အလိုရှိအပ်ရကား စိတ် စေတသိက်တို့သည် ရုပ်မမည်ကုန်၊ ပထဝီဓာတ် စသည်တို့သာ ရုပ်မည်ကုန်သည် ဟူလေ။

ဆန့်ကျင်ဘက် ဖြစ်သော သီတ စသော အကြောင်းကြောင့် အထူးထင်ရှားသော ဖောက်ပြန်ခြင်းကိုသာ အလိုရှိအပ်သည် ဟူခဲ့သော် ရူပါဝစရ ဗြဟ္မာ့ဘုံ၌ ထိုသီတစသော ဆန့်ကျင်ဘက် အကြောင်းတို့သည် မရှိကုန်ရကား ထိုရူပဘုံ၌ဖြစ်သော ပထဝီဓာတ် စသည်တို့၏ ဆန့်ကျင်ဘက်

အကြောင်းတို့ကြောင့် ဖောက်ပြန်ခြင်း မဖြစ်ရာ၊ ထိုသို့မဖြစ်ကလည်း ထို ရူပါဝစရဘုံ၌ရှိသော ပထဝီဓာတ်စသည်တို့သည် ရုပ်မမည်ကုန်ခဲ့ရာတကား ဟူငြားအံ့၊[၁] ထိုသို့ဆန့်ကျင်ဘက် ဝိရောဓိဖြစ်သော သီတစသည်တို့ပင် မရှိသော်လည်း ချီးမြှင့် ထောက်ပံ့တတ်သော အနုဂ္ဂါဟက ဖြစ်သော သီတစသည်တို့သည် ရူပဗြဟ္မာ့ဘုံ၌ ရှိကုန်သည်သာဖြစ်ရကား ထိုအနုဂ္ဂါဟက သီတစသည်တို့၏အစွမ်းဖြင့် ထိုဗြဟ္မာ့ဘုံ၌ရှိသော ပထဝီစသည်တို့၏ အထူးထင်ရှားသော ဖောက်ပြန်ခြင်း ဝိကာရုပ္ပန သဘောရှိသည်သာဖြစ်၍ ထိုဗြဟ္မာ့ဘုံ၌ရှိသော ပထဝီစသည်တို့သည်လည်း ရုပ်မည်ပါ၏ ဟူလေ။

## ရုပ် ၂၈-ပါးသင်္ဂဟ

ထိုရုပ်တို့ကား သင်္ဂဟအရေအတွက်အားဖြင့် အဘယ်မျှအပြားရှိသနည်း ဟူမူ....မဟာဘုတ် ၄-ခု၊ ပသာဒရုပ် ၅-ခု၊ ဝိသယရုပ် ၇-ခု၊ ဘာဝရုပ် ၂-ခု၊ ဟဒယရုပ် ၁-ခု၊ ဇီဝိတရုပ် ၁-ခု၊ အာဟာရရုပ် ၁-ခု၊ ပရိစ္ဆေဒရုပ် ၁-ခု၊ ဝိညတ်ရုပ် ၂-ခု၊ ဝိကာရရုပ် ၃-ခု၊ လက္ခဏရုပ် ၄-ခုအားဖြင့် ၂၈-ပါးရှိသည် ဟူလေ။ ဝိသယရုပ် ၇-ခုဟူရာ၌ ဖောဋ္ဌဗ္ဗသည် ပထဝီ, တေဇော, ဝါယောပင် ဖြစ်၍ ၂၈-ဟူပါသည်။ မဟာဘုတ် ၄-ခု စသည်ဖြင့် ရုပ်သည် ၂၈-ပါး ရှိသည် ဟူ၏။

---

## မဟာဘုတ် ၄-ပါး

### ပထဝီဓာတ်၏ လက္ခဏာစသည်

ထိုတွင် မဟာဘုတ် ၄-ခုဟူသည် အဘယ်နည်း၊ အဘယ်သည် မဟာဘုတ် မည်သနည်းဟူမူ....ပထဝီဓာတ်, အာပေါဓာတ်, တေဇောဓာတ်, ဝါယောဓာတ်တို့သည် မဟာဘုတ်မည်သည် ဟူလေ၊ ထို ၄-ပါးသော မဟာဘုတ် ဟူသော ရုပ်တို့တွင် အသို့သဘောရှိသော ရုပ်သည် ပထဝီမည်သနည်း ဟူမူ....ပကတိသော မြေသည် တောတောင် သစ်ပင် ချုံနွယ် စသည်တို့၏ တည်ရာ၏ အဖြစ်ဖြင့် ထင်သကဲ့သို့၊ မိမိနှင့် အတူတကွဖြစ်သော သဟဇာတ်

---

[၁]-ကိဉ္စာပိ ဥပဃာတကာ နတ္ထိ၊ အနုဂ္ဂါဟကာ ပန အတ္ထိ၊ တသ္မာ တံဝသေနေတ္ထ ရုပ္ပနံ သမ္ဘဝတီတိ။ (ဝိဘာဝိနီ ဋီကာ-၇၅။)

ရုပ်တို့၏ တည်ရာ၏ အဖြစ်ဖြင့် ထင်သော ရုပ်သည် ပထဝီမည်သည်ဟူလေ၊ ပထဝီမှတပါးသော အာပေါ, တေဇော, ဝါယောတို့သည်လည်း မိမိမှ တပါးသော မဟာဘုတ်ဥပါဒါရုပ် ဟူသော သဟဇာတ်ရုပ်တို့၏ တည်ရာဖြစ်သော်လည်း တည်ရာ၏အဖြစ်ဖြင့် ဉာဏ်အားမထင်၊ ဤပထဝီသာလျှင် သဟဇာတ်ရုပ်တို့၏ တည်ရာ၏အဖြစ်ဖြင့် ဉာဏ်အား ထင်သည်၊ ထို့ကြောင့် ဤရုပ်သာ ပထဝီမည်သည်၊ ကြွင်းသော ရုပ် ၃-ခုတို့ကား ပထဝီမမည်ကုန် ဟူလို။

ဤပထဝီသည် အဘယ်သို့သော လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် ရှိလေသနည်း ဟူမူ....ဤပထဝီသည် ခက်ထန် ကြမ်းတမ်း ခိုင်မာသည်၏ အဖြစ် တည်းဟူသော ကက္ခဠတ္တလက္ခဏာရှိသည်၊ မိမိနှင့် သဟဇာတ်ဖြစ်သော ၃-ပါးသော မဟာဘုတ် ဥပါဒါရုပ်တို့၏ တည်ရာအဖြစ်နှင့် ပြည့်စုံခြင်း ဟူသော ပတိဋ္ဌာနရသရှိသည်၊ ထိုသဟဇာတ် ရုပ်တို့ကို ခံတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော သမ္ပဋိစ္ဆန ပစ္စုပဋ္ဌာန်ရှိသည်၊ ထိုပထဝီ၏ ကံ စိတ်စသော များစွာသော ဖြစ်ကြောင်းတို့တွင် မိမိနှင့် သဟဇာတ်ဖြစ်သော မဟာဘုတ် ၃-ပါးလျှင် နီးစွာသော အကြောင်းရှိသည် ဟူလေ။

ဤဆိုအပ်ပြီးသော သဘောလက္ခဏာရှိသော ရုပ်သည် ပထဝီသာ မမည်မူ၍ အဘယ်ကြောင့် ပထဝီဓာတ်မည်လေသနည်းဟူမူ....ဤပထဝီသည် တိတ္ထိတို့သည် ကြံဆအပ်သော အတ္တသည် သဘောအားဖြင့် ထင်ရှားမရှိသကဲ့သို့မဟုတ်၊ မိမိ၏ ကြမ်းကြုတ်ခက်မာသည်၏ အဖြစ်တည်းဟူသော သဘောလက္ခဏာကိုဆောင်တတ်သည်၏အဖြစ်ကြောင့်ရင်း၊ များစွာသော, အပုံသော, အနပ္ပကမ်းသော သံသရာ ဆင်းရဲကို စီရင်တတ်သည်၏ အဖြစ်ကြောင့်ရင်း၊ ဝန်ကိုထမ်းရွက် သည်ပိုးသော သူတို့သည် ဝန်ကိုဆောင်သကဲ့သို့ သတ္တဝါတို့သည် ရွက်ဆောင်အပ်သည်၏ အဖြစ်ကြောင့်ရင်း၊ တစုံတယောက်သောပုဂ္ဂိုလ်၏ အလိုသို့ မလိုက်တတ်သည်ဖြစ်၍ ဆင်းရဲကို စီရင်ခြင်းမျှသာဖြစ်သော သဘောကြောင့်ရင်း၊ သတ္တဝါတို့၏ အထူးထူး အပြားပြား များလှစွာသော သံသရာဆင်းရဲကို စီရင်ကြောင်း စီရင်ရာထားရာ ဖြစ်သောကြောင့်ရင်း ပထဝီဓာတ် မည်သည်။

**တနည်းလည်း**....ပထဝီသည်ပင် သတ္တ ဇီဝမှ ကင်းသည် ဆိတ်သည်၏ အဖြစ်ကြောင့် ပထဝီဓာတ်မည်သည်။ **တနည်းလည်း**....ကိုယ်၏ အစိတ်ဖြစ်သော ဓာတ်,ကျောက်၏ အစိတ်ဖြစ်သော ဓာတ်တို့နှင့် တူသောကြောင့် ဓာတ်မည်သည် ဟူလေ။ အဘယ်သို့ တူသနည်းဟူမူ....အပေါင်းဖြစ်သော ကိုယ်၏ အစိတ်ဖြစ်သော အချင်းချင်း သဘောမတူသော လက္ခဏာဖြင့် ပိုင်းခြားအပ်သော သွေး,သည်းခြေ,လေ,သလိပ် စသည်တို့၌ ဓာတ်ဟူသော အမည်ဖြစ်သကဲ့သို့ အပေါင်းခန္ဓာဟူသော အတ္တဘော၏ အစိတ်ဖြစ်သော တပါးသည် တပါးနှင့်မတူသော သဘောလက္ခဏာအားဖြင့် ပိုင်းခြားအပ်သော ပထဝီစသည်၌ ဓာတ် ဟူသော အမည်ဖြစ်ရကား ကိုယ်အစိတ်ဟူသော ဓာတ်နှင့်တူသည်၊ ဆေးဒန်း မြင်းသီလာစသော ဆန်းကြယ်သော ကျောက်အစိတ်တို့ကို လောက၌ ဓာတ်ဟူ၍ ခေါ်ဝေါ်အပ် ကုန်သကဲ့သို့ အသီးအသီးသော မိမိတို့၏ သဘောလက္ခဏာအားဖြင့် ဆန်းကြယ်သော ဤပထဝီစသည်ကိုလည်း ဓာတ်ဟူ၍ ခေါ်ဝေါ်အပ်ရကား ကျောက်အစိတ်ဖြစ်သော ဆေးဒန်း စသော ဆန်းကြယ်သော ဓာတ်နှင့်တူသည် ဟူလို။

[ ကြွင်းသောဘုတ်တို့၏ ဓာတ်မည်သည်၏ အဖြစ်၌လည်း ဤနည်းကိုမှီး၍ သိလေ။ နောက်ကိုလည်း ဤနည်းစိစစ်လေ။ သဘောလက္ခဏာ စသည်မျှကိုသာ ပြတော့အံ့။]

## အာပေါဓာတ်၏ လက္ခဏာစသည်

မိမိနှင့်အတူတကွဖြစ်သော ၃-ပါးသော မဟာဘုတ်, ဥပါဒါရုပ်ဟူသော သဟဇာတ် တရားတို့၌ ပြန့်နှံ့တတ်, ထိုသဟဇာတ် ရုပ်တို့ကို ပွါးစေတတ်သောရုပ်သည် အာပေါဓာတ် မည်၏၊ ထိုအာပေါဓာတ်သည် ယိုစီးခြင်း ပဃ္ဃရဏလက္ခဏာရှိသည်၊ ပွါးစေခြင်း ကိစ္စဟူသော ဗြူဟနရသ ရှိသည်၊ ပေါင်းစုတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေ့ရှုထင်ခြင်းဟူသော သင်္ဂဟပစ္စုပဋ္ဌာန်ရှိသည်၊ ကြွင်းသောဘုတ် ၃-ပါးလျှင် နီးစွာသော အကြောင်းရှိသည်။

## တေဇောဓာတ်၏ လက္ခဏာစသည်

ရွှမ်းမှည့်ရင့်ရော် ဆွေးမြည့် အိုမင်း ကျက်စေ ပူနွေးစေခြင်း သဘောရှိသောရုပ်သည် တေဇောဓာတ်မည်၏၊ ထိုတေဇောဓာတ်သည် ပူသည်၏

အဖြစ်တည်းဟူသော ဥဏှတ္တလက္ခဏာ ရှိသည်၊ ရင့်စေ ကျက်စေခြင်း ကိစ္စ ဟူသော ပရိပါစနရသရှိသည်၊ နူးညံ့ပျောင်းပြော့ခြင်းကို ဖြစ်စေတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော မဒ္ဒဝါနုပ္ပါ-ဒနပစ္စုပဋ္ဌာန်ရှိသည်၊ သဟဇာတ် ဖြစ်သော မဟာဘုတ် ၃-ပါးလျှင် နီးစွာ သော အကြောင်းရှိသည်။

## ဝါယောဓာတ်၏ လက္ခဏာစသည်

ရှေးအဘို့၌ဖြစ်သော ရုပ်တို့ကို တည်ရာအဖြစ်မှ တပါးသော အရပ်၌ သဟဇာတ်ရုပ်တို့၏ ဖြစ်ကြောင်း၏ အဖြစ်ဖြင့် ဘုတ်အပေါင်းကို ရောက်စေ တတ်, ထိုသဟဇာတ်ရုပ် ၃-ပါးသော ဘုတ်ကို ကလာပ်တပါး၌ တည်သော ဘုတ်အပေါင်းသို့ ရောက်စေတတ်သော ရုပ်သည် ဝါယောဓာတ် မည်၏၊ ထိုဝါယောဓာတ်သည် လေဖြင့်ပြည့်သော ဥပ္ပလ ကြာရိုးခွံ၊ သားရေအိတ် လေမွှေရာ စသည်ကဲ့သို့ ဖူးကြွတောင့်တင်း ပြည့်ခိုင်ခြင်း လက္ခဏာ ရှိသည်၊ လှုပ်ရှားပွါးစေခြင်း ကိစ္စဟူသော သမုဒီရဏရသရှိသည်၊ ရှေ့ရှု ဆောင်တတ် သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော အဘိနီဟာရပစ္စုပဋ္ဌာန် ရှိသည်၊ မိမိမှ တပါးသော မဟာဘုတ် ၃-ခုလျှင် နီးစွာသော အကြောင်းရှိသည်။

## မဟာဘုတ်နှင့် စကြဝဠာ

ပထဝီ, အာပေါ, တေဇော, ဝါယော ဟူသော ဤဓာတ် ၄-ပါးတို့သည် မဟာဘုတ် မည်သည်ဟူ၏၊ ထိုပထဝီဓာတ် စသည်တို့သည် အဘယ်ကြောင့် မဟာဘုတ် မည်သနည်း ဟူမူ....ဤရုပ် ၄-ပါးတို့သည် အနုပါဒိန္နက ဒအဝိညာ-ဏကသန္တာန်၌၎င်း,ဥပါဒိန္နက သဝိညာဏကသန္တာန်၌၎င်း,ကြီးကြီးမားမား ထင်ရှားစွာဖြစ်တတ်သောကြောင့် မဟာဘုတ်မည်သည် ဟူလေ၊ အဘယ်သို့ အဘယ်မျှလောက်ပင် ကြီးမားထင်ရှားစွာဖြစ်လေသနည်းဟူမူ....တခုသော စကြဝဠာတိုက်သည် အလျားအားဖြင့်၎င်း,အနံအားဖြင့်၎င်း ယူဇနာပေါင်း တသန်းနှစ်သိန်းသုံးထောင်လေးရာငါးဆယ် ရှိ၏၊ အဝန်းအားဖြင့် ယူဇနာ ပေါင်း သုံးသန်းခြောက်သိန်းတသောင်းသုံးရာ့ငါးဆယ် ရှိ၏၊ ထိုစကြဝဠာ၌ မြေသည် အောက်အထက်အားဖြင့် ယူဇနာ နှစ်သိန်းလေးသောင်း အထု

ရှိ၏၊ ထိုမြေကို ခံသောရေသည် ယူဇနာ လေးသိန်းရှစ်သောင်း အထုရှိ၏၊ ထိုရေကို ခံသောလေသည် ယူဇနာ ကိုးသိန်းခြောက်သောင်း အထုရှိ၏။

ဤသို့တည်သော တခုတခုသော စကြဝဠာတိုက်၌ တခုတခုသော မြင်းမိုရ်တောင်သည် အစောက်အားဖြင့် ယူဇနာ တသိန်း ခြောက်သောင်း ရှစ်ထောင် ရှိသည်၊ မဟာသမုဒ္ဒရာ၌ ထက်ဝက်မြုပ်၍ ထက်ဝက်ပေါ်ရကား ယူဇနာ ရှစ်သောင်းလေးထောင် ရေ၌မြုပ်၍ တည်၏၊ ရှစ်သောင်း လေးထောင်ပင် ရေပေါ်စွင့်စွင့် မြင့်၍တက်၏၊ အလျားအနံအားဖြင့်လည်း ယူဇနာ ရှစ်သောင်းလေးထောင်စီပင် ရှိ၏၊ ထိုမြင်းမိုရ်တောင်မှ ပြင်ဘက် ဝန်းကျင်၌ ဧတရင္ဒစသော နတ်မင်းကြီးတို့၏ နေရာဖြစ်ကုန်သော နတ်ဘီလူး အပေါင်းတို့သည် မပြတ်မှီဝဲအပ်ကုန်သော နတ်၌ဖြစ်သော အထူးထူးသော ရတနာတို့ဖြင့် ဆန်းကြယ်ကုန်သော ယုဂန္ဓိုရ်, ဤသန္ဓရ, ကရဝိက, သုဒဿန, နေမိန္ဓရ, ဝိနတက, အဿကဏ် ဟူကုန်သော တောင်စဉ် ၇-ထပ်တို့သည် အတွင်းအတွင်း တောင်မှ ထက်ဝက် ထက်ဝက်စီ အလျား အနံ အစောက် ယူဇနာ ပမာဏ ရှိကုန်၏၊ သမုဒ္ဒရာ၌ ထက်ဝက်စီ နစ်ကုန် ပေါ်ကုန်၏၊ ဂန္ဓမာဒန စသော ရှစ်သောင်း လေးထောင်သော တောင်ထွဋ်တို့ဖြင့် တန်ဆာဆင်အပ်သော ဟိမဝန္တာတောင်သည် အစောက် ယူဇနာ ငါးရာ ရှိ၏၊ အလျားအနံအားဖြင့် ယူဇနာ သုံးထောင် အပြောကျယ်၏။

ဤဇမ္ဗူဒိပ် ကျွန်းဦးသပြေပင်, တာဝတိံသာဝယ် ပင်လယ်ကသစ်ပင်, အသုရာပြည်၌ သခွတ်ပင်, ဂဠုန်ပြည်၌ လက်ပံပင်, အရှေ့ကျွန်း၌ ကုက္ကိုပင်, အနောက်ကျွန်း၌ ထိန်ပင်, မြောက်ကျွန်း၌ ပဒေသာပင်— ဤသစ်ပင်ကြီး ၇-ပင်တို့သည် ပင်စည်လုံးပတ် တဆဲ့ငါးယူဇနာ၊ ပင်စည်အရပ် ယူဇနာ ငါးဆယ်၊ ခက်မ ငါးဖြာ ယူဇနာ ငါးဆယ်စီ၊ အရပ်အမြင့်အားဖြင့်ရင်း, အထုအကျယ် အားဖြင့်ရင်း ယူဇနာ တရာစီ ရှိကုန်၏၊ ထိုအလုံးစုံကို ရံ၍ တည်သော စကြဝဠာ တောင်သည် ယူဇနာ တသိန်းခြောက်သောင်းလေး ထောင် အစောက် ရှိသည်ဖြစ်၍ ရေ၌ ရှစ်သောင်း နှစ်ထောင် မြုပ်လျက် ရေပေါ်စွင့်စွင့် ရှစ်သောင်း နှစ်ထောင်ပင် မြင့်၏၊ ဤသို့ စသည် အဝိညာဏက သန္တာန်၌ ပြဆိုခဲ့သည့် အတိုင်းအရှည် ရှိလောက်အောင်ပင် ကြီးမား ထင်ရှားစွာ ဖြစ်သည်။

မဟာသမုဒ္ဒရာဝယ် ယူဇနာ ငါးရာ, ယူဇနာ တထောင်ရှိသော ငါး၊ ယူဇနာ. လေးထောင်ရှစ်ရာ မြင့်သော ရာဟုမည်သော အသုရိန်နတ် အစ ရှိသော ငါးလိပ် အသုရာနတ် ပြဟ္မာတို့၏ ကိုယ်စသော သဝိညာဏက သန္တာန်၌လည်း ဤလောက်ပင် ကြီးမားထင်ရှားစွာ ဖြစ်သည် ဟူလေ၊ ထို မဟာသမုဒ္ဒရာ၌ရှိသော ငါးတို့တွင် တိမိမည်သော ငါးသည် ယူဇနာ နှစ်ရာ ရှိကြောင်း၊ တိမိင်္ဂလမည်သော ငါးသည် ယူဇနာ သုံးရာ၊ တိမိတိမိင်္ဂလ ငါးသည် ယူဇနာလေးရာ၊ တိမိရပိင်္ဂလ ငါးသည် ယူဇနာ ငါးရာ၊ အာနန္ဒာ မည်သော-ငါး၊ တိမိနန္ဒ-ငါး၊ အဇ္ဈာရောဟ-ငါး၊ မဟာတိမိ-ငါး ဤငါးကြီး လေးကောင်တို့သည် ယူဇနာ တထောင်စီ ရှိကြောင်းကို—

> မဟာသမုဒ္ဒေ စ တိမိ နာမ မစ္ဆော ဒွိယောဇနသတိကော၊ တိမိင်္ဂလော တိယောဇနသတိကော၊ တိမိတိမိင်္ဂလော စတုယောဇန-သတိကော၊ တိမိရပိင်္ဂလော ပဉ္စယောဇနသတိကော၊ အာနန္ဒော တိမိနန္ဒော အဇ္ဈာရောဟော မဟာတိမီတိ ဣမေ စတ္တာရော ယောဇနသဟဿိကာ—

ဟု (မဟာနိဒ္ဒေသ အဋ္ဌကထာ ၇၇) ၌ ပြဆိုတော်မူ၏၊ အနက်လွယ်၏။

ထိုငါးတို့တွင် ယူဇနာ ငါးရာရှိသော တိမိရပိင်္ဂလ ငါး၏ အားအစွမ်းကို—

> တဿ ကိရ ဒက္ခိဏကဏ္ဏံ စာလေန္တဿ ပဉ္စယောဇနသတေ ပဒေသေ ဥဒကံ စလတိ။ တထာ ဝါမကဏ္ဏံ၊ တထာ နင်္ဂုဋ္ဌံ၊ တထာ သီသံ။ ဒွေ ပန ကဏ္ဏေ စာလေတွာ နင်္ဂုဋ္ဌေန ဥဒကံ ပဟရိတွာ သီသံ အပရာပရံ ကတွာ ကီဠိတုံ အာရဒ္ဓဿ သတ္တဋ္ဌယောဇန-သတေ ပဒေသေ ဘာဇနေ ပက္ခိပိတွာ ဥဒ္ဓနေ အာရောပိတံ ဝိယ ဥဒကံ ပက္ကုထတိ တိယောဇနသတမတ္တေ ပဒေသေ ဥဒကံ ပိဋ္ဌိံ ဆာဒေတုံ န သက္ကောတိ—

ဟူ၍ ရင်းအဋ္ဌကထာ၌ပင် ပြဆို၏။

ကိရ၊ အဆင့်စကား ကြားရဘူးသည်ကား။ ဒက္ခိဏကဏ္ဏံ၊ လက်ျာ နားရွက်ကို။ စာလေန္တဿ၊ လှုပ်စေသော။ တဿ၊ ထိုတိမိရပိင်္ဂလ ငါး၏။ ထာမသာ၊ အားအစွမ်းဖြင့်။ ပဉ္စယောဇနသတေ၊ ယူဇနာ ငါးရာရှိသော။

ပဒေသော၊ အရပ်၌။ ဥဒကံ၊ ရေသည်။ စလတိ၊ လှုပ်၏။ တထာ၊ ထို့ လက်ျာနားရွက်ကို လှုပ်စေသည် ခတ်သည်အတူ။ ဝါမကဏ္ဏံ၊ လက်ဝဲနားရွက်ကို။ စာလေန္တဿ၊ သော။ တဿ၊ ၏။ ထာမသာ၊ ဖြင့်။ ပဥ္စယောဇန- သတေ၊ သော။ ပဒေသေ၊ ၌။ ဥဒကံ၊ သည်။ စလတိ၊ လှုပ်၏။ တထာ၊ တူ။ နင်္ဂုဋ္ဌံ၊ မြီးဘူးကို။ တထာ၊ တူ။ သီသံ၊ ဦးခေါင်းကို။ စာလေန္တဿ၊ သော။ တဿ၊ ၏။ ထာမသာ၊ ဖြင့်။ ပဥ္စယောဇနသတေ၊ သော။ ပဒေ- သေ၊ ၌။ ဥဒကံ၊ သည်။ စလတိ၊ ၏။ ပန၊ အထူးကိုဆိုဦးအံ့။ ဒွေ ကဏ္ဏေ၊ နားရွက် နှစ်ဖက်တို့ကို။ စာလေတွာ၊ လှုပ်စေ၍။ နင်္ဂုဋ္ဌေန၊ မြီးတူးဖြင့်။ ဥဒကံ၊ ရေကို။ ပဟရိတွာ၊ ပုတ်ခတ်၍။ သီသံ၊ ဦးခေါင်းကို။ အပရာပရံ၊ ထိုမှဤမှ။ ကတွာ၊ပြု၍ (ခါ၍)။ ကီဠိတုံ၊မြူးထူးကစားခြင်းငှါ။ အာရဒ္ဓဿ၊ အားထုတ်သော။ တဿ၊ ထိုငါး၏။ ထာမသာ၊ ဖြင့်။ သတ္တဋ္ဌယောဇန- သတေ၊ ယူဇနာ ခုနစ်ရာ, ရှစ်ရာ အတိုင်းအရှည်ရှိသော။ ပဒေသေ၊ အရပ် ၌။ ဥဒကံ၊ ရေသည်။ ဘာဇနေ၊ အိုး၌။ ပက္ခိပိတွာ၊ ထည့်လောင်း၍။ ဥဒ္ဓနေ၊ ခုံလောက်၌။ အာရောပိတံ၊ တင်အပ်သော။ ဥဒကံ ဝိယ၊ ရေကဲ့သို့။ ပက္ကုထတိ၊ ကျိုက်ကျိုက်ဆူ၏။ တိယောဇနသတမတ္တော၊ ယူဇနာသုံးရာ ပမာဏမျှ အစောက်ရှိသော။ ပဒေသော၊ အရပ်၌။ ဥဒကံ၊ ရေသည်။ တဿ၊ ထိုတိမိရပိင်္ဂလငါး၏။ ပိဋ္ဌိံ၊ ကျောက်ကုန်းကို။ ဆာဒိတုံ၊ ဖုံးလွှမ်းခြင်းငှါ။ န သက္ကောတိ၊ မစွမ်းနိုင်။ အနက်အတိုင်း အဓိပ္ပါယ်ကိုယူ။

ဂင်္ဂုန်ငှက်မင်းသည် ယူဇနာတရာ့နှစ်ဆယ်ရှိသည်၊ ထိုဂင်္ဂုန်ငှက်၏ လက်ျာဘက်အတောင် လက်ဝဲဘက်အတောင်သည် ယူဇနာငါးဆယ်စီရှိ၏၊ မြီးဆံမြီးစည်းကား ယူဇနာခြောက်ဆယ်၊ လည်တိုင်ကား သုံးယူဇနာ၊ နှုတ်သီးကား ကိုးယူဇနာ၊ ခြေနှစ်ဘက်တို့ကား တဆဲ့နှစ်ယူဇနာစီ ရှိ၏၊ ထိုဂင်္ဂုန်သည် ဂင်္ဂုန်တို့၏ အတောင်ဟုန်လေကို ပြုခြင်းငှါအားထုတ်သည် ရှိသော် ထိုအတောင်ဟုန်လေသည် ယူဇနာ ခုနစ်ရာ ရှစ်ရာ ပမာဏရှိသော အရပ်မျှမဆံ့ ပြန့်နှံ့၏ ဟူ၍ ထိုဂင်္ဂုန်၏ ပမာဏ အစွမ်းကို—

သုပဏ္ဏရာဇာ ဒိယဍ္ဎယောဇနသတိကော၊ တဿ ဒက္ခိဏပက္ခော ပညာသယောဇနိကော၊ တထာ ဝါမပက္ခော၊ ပိဉ္ဆဝဋ္ဋိ သဋ္ဌိယော- ဇနိကာ၊ ဂီဝါ တိယောဇနိကာ၊ မုခံ နဝယောဇနံ၊ ပါဒါ ဒွါဒသ-

ယောဇနိကာ၊ တသ္မိံ သုပဏ္ဏဝါတံ ဒသေဟုံ အာရဒ္ဓေ သတ္တဋ္ဌ-
ယောဇနသတံ ဌာနံ န ပဟောတိ—

ဟူ၍ ၎င်း( မဟာနိဒါနသုတ် အဋ္ဌကထာ-၇၈ )၌ပင် ပြဆို၏။

သုပဏ္ဏရာဇာ၊ ဂဠုန်ငှက်မင်းသည်။ ဒိယၶုယောဇနသတိကော၊အခွဲနှင့် တကွ ယူဇနာ၁နှစ်ရာရှိ၏။ ဝါ၊ ယူဇနာတရာ့ငါးဆယ်ရှိ၏။ တဿ၊ ထိုဂဠုန် ငှက်၏။ ဒက္ခိဏပက္ခော၊ လကျာတောင်ပံသည်။ ပညာသယောဇနိကော၊ ယူဇနာ ငါးဆယ်ရှိ၏။ ဝါမပက္ခော၊ လက်ဝဲဘက်အတောင်သည်။ တထာ၊ ထိုအတူ ယူဇနာငါးဆယ်ရှိ၏။ ပိဉ္ဆဝဋ္ဋိ၊ မြီးစည်းသည်။ သဋ္ဌိယောဇနိကာ၊ ယူဇနာခြောက်ဆယ်ရှိ၏။ ဂီဝါ၊ လည်တိုင်သည်။ တိံယောဇနိကာ၊ သုံးယူဇနာရှိ၏။ မုခံ၊ နှုတ်သီးသည်။ နဝယောဇနံ၊ ကိုးယူဇနာရှိ၏။ ပါဒါ၊ ခြေနှစ်ဘက်တို့သည်။ ဒွါဒသယောဇနိကာ၊ တဆဲ့နှစ်ယူဇနာစီရှိကုန်၏။ တသ္မိံ၊ ထိုဂဠုန်ငှက်မင်းသည်။ သုပဏ္ဏဝါတံ၊ ဂဠုန်တို့၏ အတောင်ဟုန် လေကို။ ဒဿေတုံ၊ ပြခြင်းငှါ။ အာရဒ္ဓေ၊ အားထုတ်အပ်သည်ရှိသော်။ သတ္တဋ္ဌယောဇနသတံ၊ ယူဇနာခုနစ်ရာ ရှစ်ရာရှိသော။ ဌာနံ၊ အရပ်သည်။ န ပဟောတိ၊ မလောက် မဆံ့။

ရာဟုမည်သောအသုရိန်နတ်ကြီးသည် အမြင့်ယူဇနာလေးထောင်ရှစ်ရာ ရှိ၏၊ မောင်းနှစ်ဖက်တို့၏ အကြားသည် ယူဇနာ တထောင့် နှစ်ရာကျယ်၏၊ ရှေ့နောက် အထုအားဖြင့် ယူဇနာ ခြောက်ရာရှိ၏၊ လက်ဘဝါး ခြေဘဝါး အနံအပြင်တို့သည်၎င်း, အောက်အထက် နဖူးအပြင်သည်၎င်း, ခံတွင်း အစောက်အနက်သည်၎င်း, ခံတွင်း အဝန်းအကျယ်သည်၎င်း, လည်တိုင် သည်၎င်း ယူဇနာသုံးရာစီရှိ၏၊ လက်ဆစ်တို့သည်၎င်း, မျက်မှောင် မျက်ခုန်းနှစ်ဖက်တို့၏ အကြားသည်၎င်း ယူဇနာငါးဆယ်စီရှိ၏၊ ခံတွင်း အဝကား အလျား ယူဇနာ နှစ်ရာရှိ၏၊ ဦးခေါင်းသည် ယူဇနာကိုးရာရှိ၏။

## မဟာဘုတ် ၄-ပါး ဥပမာ

ထိုဆိုအပ်ပြီးသော အကြောင်းကြောင့်သာ မဟုတ်သေး၊ မျက်လှည့် ဆရာဟူသော မဟာဘုတ်နှင့် တူသောကြောင့်လည်း ဤပထဝီဓာတ်စသည် တို့သည် မဟာဘုတ်မည်၏။အဘယ်သို့ မျက်လှည့်ဆရာနှင့်တူသနည်းဟူမူ.... မျက်လှည့်ဆရာသည် ပတ္တမြားမဟုတ်ဘဲလျက် ရေကိုပင် ပတ္တမြားမှတ်ထင်

ရအောင်, ရွှေမဟုတ်ဘဲလျက် အုတ်ကျောက်ကိုပင် ရွှေထင်ရအောင် ပြုတတ်သည်။ မိမိကိုယ်ကိုပင် ဘီလူးအသွင် ငှက်အသွင် စသည်ဖြင့် ပြတတ်သည်။ ထိုကဲ့သို့ ဤပထဝီဓာတ် စသည်လည်း မိမိသည် အညို, အရွှေ, အနီ, အဖြူ စသည်မဟုတ်ဘဲလျက် အညို, အရွှေ စသော ဥပါဒါရုပ်ကို ပြတတ်သည်၊ ဤသို့ တူသည် ဟူလေ။

ဘီလူးနတ် ဟူသော မဟာဘုတ်နှင့်တူသောကြောင့်လည်း မဟာဘုတ် မည်၏၊ ဤပထဝီစသည်တို့သည် အဘယ်သို့ ဘီလူးနတ်တို့နှင့် တူသနည်း ဟူမူ....ဘီလူးနတ်တို့သည် အကြင်ပုဂ္ဂိုလ်ကို ပူးကပ်ကုန်၏၊ ထိုပုဂ္ဂိုလ်၏ အတွင်း၌ရှင်း, ပြင်ပ၌ရှင်း တည်ခြင်းကို မတွေ့ မရ မသိအပ်၊ ထိုဖမ်းအပ် ပူးကပ်အပ်သော ပုဂ္ဂိုလ်ကို မမှီမကပ်မူ၍လည်း တည်သည်မဟုတ်၊ ထိုကဲ့သို့ ပင် ထိုပထဝီဓာတ် စသည်တို့သည် မိမိတို့အချင်းချင်း၏ အတွင်း၌ရှင်း, ပြင်ပ၌ရှင်း တည်ကုန်သည်ဖြစ်၍ မရအပ်ကုန်၊ အချင်းချင်း မမှီမူ၍လည်း တည်ကုန်သည်မဟုတ်ကုန်၊ ဤသို့ တူသည် ဟူလေ။

**တနည်းလည်း**....ဤပထဝီဓာတ် စသည်တို့သည် ဘီလူးမဟူသော မဟာဘုတ်နှင့် တူသောကြောင့် မဟာဘုတ်မည်သည်၊ အဘယ်သို့ ဘီလူးမနှင့် တူသနည်း ဟူမူ....ဘီလူးမသည် မိမိ၏ ကြောက်မက်ထိတ်လန့် ရွံရှာဘွယ် သော အဆင်းသဏ္ဌာန်ကို တပ်နှစ်သက်ဘွယ်သော အဆင်းသဏ္ဌာန် စသည် တို့ဖြင့် ဖုံးလွှမ်း၍ သတ္တဝါတို့ကို လှည့်ပတ်ဖြားယောင်းသကဲ့သို့၊ ဤပထဝီ ဓာတ် စသည်တို့သည်လည်း မိမိတို့၏ ကက္ခဠတ္တ ပဂ္ဃရဏ စသော ဟုတ်မှန် တိုင်းသော သဘောလက္ခဏာကို ဟုတ်မှန်သည့်အတိုင်း သိမြင်စိမ့်သောငှါ မပေးမူ၍ မိန်းမ ယောကျ်ားတို့၏ ကိုယ်စသည်၌ နှလုံးကို ပွါးစေတတ် လျောက်ပတ် တင့်တယ်သော အရေအဆင်း လက်ခြေစသော အင်္ဂါ ကြီးငယ် လက်ချောင်း လက်ရုံး ပခုံး မျက်မှောင်ချီခြင်း စသည်တို့ဖြင့် ဖုံးလွှမ်း၍ ပုထုဇဉ်မိုက်တို့ကို လှည့်ပတ် ဖြားယောင်းတတ်သည်၊ ဤသို့ တူသည် ဟူလေ။

ဆိုအပ်ပြီးသော အကြောင်းတို့ကြောင့်သာ မဟာဘုတ်မည်သည် မဟုတ်သေး၊ အဝတ်အစားစသော နေ့စဉ်မခြားများစွာသော အဆောက် အဦတို့ဖြင့် မွေးမြူဆောင်ရွက်အပ်သည်၏ အဖြစ်ကြောင့်ရှင်း အနုပါဒိန္နက အဝိညာဏက သန္တာန်၌ ကမ္ဘာပျက်သောအခါ စသည်၊ ဥပါဒိန္နက

သဝိညာဏက သန္တာန်၌ ဓာတ်ချောက်ချား ဓာတ်ပျက်သောအခါ စသည်တို့၌ ကဋ္ဌမုခမည်သော မြွေကိုက်သကဲ့သို့ ပထဝီဓာတ်ပျက်သဖြင့် ခက်ထန်တောင့်တင်းခိုင်မာသော ကိုယ်ရှိခြင်း၊ ပူတိမုခမည်သော မြွေကိုက်သောအခါကဲ့သို့ အာပေါဓာတ်ပျက်သဖြင့် ပုပ်ရိညှီနံသောကိုယ်ရှိခြင်း၊ အဂ္ဂိမုခမည်သော မြွေကိုက်သောအခါကဲ့သို့ တေဇောဓာတ်ပျက်သဖြင့် အလွန်ပူပြင်းသော ကိုယ်ရှိခြင်း၊ သတ္ထမုခမည်သော မြွေကိုက်သောအခါကဲ့သို့ ဝါယောဓာတ်ပျက်သဖြင့် အတုံးအတုံး အပိုင်းအပိုင်းပြတ်သော ကိုယ်ရှိခြင်းတို့ဖြင့် လွန်စွာဖောက်ပြန်၍ ဖြစ်တတ်သောကြောင့်ရင်း, များပြားကြီးမားသော ဥဿာဟဖြင့် စောင့်ရှောက်အပ်သည်၏အဖြစ် ထင်ရှားရှိသည်၏ အဖြစ်ကြောင့်ရင်း မဟာဘုတ်မည်သည် ဟူလေ။

---

## ပသာဒရုပ် ၅-ပါး

### စက္ခုပသာဒ၏ လက္ခဏာစသည်

ပသာဒရုပ် ၅-ခုဟူသည် အဘယ်နည်း ဟူမူ....စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ ဤငါးပါးဟူလေ။ ထိုငါးပါးတွင် အဘယ်သို့ သဘောရှိသော ပသာဒရုပ်သည် စက္ခု မည်သနည်း ဟူမူ....စင်စစ်ပင် မပြောကြားတတ်သော်လည်း စက္ခုဝိညာဏ်၏ မှီရာ တည်ရာ ဖြစ်သောကြောင့် ဤကား ညီညွတ်သော အရပ်အဖို့တည်း, ဤကား မညီညွတ်သော အရပ်အဖို့တည်း ဤသို့ စသည်ဖြင့် ညီညွတ်သည် မညီညွတ်သည်ကို ပြောကြားဘိသကဲ့သို့ ဖြစ်တတ်သော ပသာဒရုပ်သည် စက္ခုမည်၏။

**တနည်းလည်း**....စက္ခုဝိညာဏ်သည် ထိုပသာဒရုပ်ကိုမှီရ၍ ရူပါရုံကို မြင်ခြင်း ဒဿန ကိစ္စကို ပြီးစေနိုင်ရကား ရူပါရုံကို ပြတတ်သကဲ့သို့ဖြစ်သော ပသာဒရုပ်သည် စက္ခုမည်၏၊ **တနည်းလည်း**....ရုပ်ဖြစ်၍ စင်စစ်ပင် သာယာတတ်သော သဘောမရှိသော်လည်း ရူပါရုံကို သာယာဘိသကဲ့သို့ ဖြစ်တတ်သော ပသာဒရုပ်သည် စက္ခုမည်၏ ဟူလေ။ အဘယ်ကြောင့် စင်စစ် မသာယာတတ်ဘဲကိုလျက် ရူပါရုံကို သာယာသကဲ့သို့ဖြစ်သည်ဟု ဆိုရလေသနည်း ဟူမူ....ရူပါရုံကို ကြည့်မြင်ခြင်းငှါ အလိုရှိသော ပုဂ္ဂိုလ်၏ အဖြစ်တည်းဟူသော ရူပါရုံကို မက်မောသာယာတတ်သော ရူပတဏှာ

လျှင် အကြောင်းရင်း အကြောင်းခံရှိသော ကံကြောင့်ဖြစ်သော ရုပ်ဖြစ်သောကြောင့် ရူပါရုံကို သာယာသလို ဖြစ်သည်ဟု ဆိုလေသည် ဟူလေ။ ဆိုအပ်ပြီးသော ကံ၏ အကျိုး ရုပ်ဖြစ်သောကြောင့် စင်စစ်ပင် မသာယာတတ်သော်လည်း သာယာသကဲ့သို့ ဖြစ်၏ဟု ဆိုထိုက်ရကား အတ္ထယုတ္တိ ရှိလှပေပြီ၊ စက္ခုဓာတ်သည် သာယာခြင်း အဿာဒန အနက်ကို မဟောချေသော် သဒ္ဒယုတ္တိ မရှိဖြစ်၍ သာယာသကဲ့သို့ ဖြစ်၏ဟူသော စကားသည် မသင့်ရာသေး။ စက္ခုဓာတ်သည် အဿာဒန အနက်ကို ဟောနိုင်ပါ၏လော ဟူမူ....စက္ခုဓာတ်သည် အဿာဒန အနက်ကို ဟောနိုင်သည်သာ၊ ထိုသို့ဟောနိုင်သောကြောင့် ရူပါရုံကို သာယာသကဲ့သို့ ဖြစ်၏ဟု ဆိုခြင်းသည် အတ္ထယုတ္တိသာ ရှိသည်မဟုတ်၊ သဒ္ဒယုတ္တိလည်း ရှိသည်သာဖြစ်၍ သင့်ပါ၏ ဟူလေ။ စက္ခုဓာတ်သည် အဿာဒန အနက်ကို ဟောသည်ဟု ဆို၏၊ အဘယ်ပါဠိ ဥဒါဟရုဏ်၌ စက္ခုဓာတ်သည် အဿာဒန အနက်ကို ဟောသကဲ့သို့ ဟောသနည်း၊ စက္ခုဓာတ်၏ အဿာဒန အနက်ကို ဟောသော ပြယုဂ်ဥဒါဟရုဏ် ပုံသက်သေသည် တစိတ်တဒေသမျှ ရှိပါ၏လော၊ မရှိသော် မသင့်ရာသေး ဟူငြားအံ့....

"မဓုံ စက္ခတိ ဗျဉ္ဇနံ စက္ခတိ" စသော ဥဒါဟရုဏ်၌ စက္ခုဓာတ်သည် အဿာဒနတ္ထကို ဟောသကဲ့သို့၊ ဤ၌ စက္ခုဓာတ်လည်း အဿာဒနတ္ထကို ဟောသည်၊ စက္ခုဓာတ်၏ အဿာဒနတ္ထကို ဟောသောပြယုဂ် ဥဒါဟရုဏ် ပုံသက်သေမရှိသည် မဟုတ်၊ "မဓုံ စက္ခတိ ဗျဉ္ဇနံ စက္ခတိ" စသော ဥဒါ-ဟရုဏ်သည် ထင်ရှားရှိသည်သာ ဖြစ်ရကား သင့်သည်သာ ဟူလေ။ မဓုံ၊ ပျားကို။ စက္ခတိ၊ သာယာ၏။ ဗျဉ္ဇနံ၊ ဟင်းလျာကို။ စက္ခတိ၊ သာယာ၏ဟု ပေး။ စက္ခုပသာဒ၏ ရူပါရုံကို သာယာတတ်သည်၏အဖြစ်, စက္ခုဓာတ်၏ အဿာဒနတ္ထ ရှိသည်၏အဖြစ်၌ "မဓုံ စက္ခတိ" စသော ဥဒါဟရုဏ်သာကကို ဆောင်ပြ၏။ ထို "မဓုံ စက္ခတိ" စသောစကားသည် ပါဠိတော်လာ ခိုင်မာသော စကားမဟုတ်၊ လောကီကျမ်းလာ စကားမျှသာ ဖြစ်သောကြောင့် ပမာဏမမြောက် အားမကိုးလောက်ချေသေး၊စက္ခုပသာဒ၏ ရူပါရုံကို သာယာတတ်သည်၏အဖြစ်, စက္ခုဓာတ်၏ အဿာဒနတ္ထ ရှိသည်၏အဖြစ်ကို သိသာထင်ရှား အားကိုးလောက်အောင် ပိဋကတ်၃-ပုံတွင် တစုံတခုသော စကားကို ဘုရားဟောတော်မူပါ၏လော၊ မဟောသော် စက္ခုပသာဒသည်

ရူပါရုံကို သာယာတတ်၏ ဟူသောစကား, စက္ခုဓာတ်သည် အဿာဒန အနက်ရှိ၏ ဟူသောစကားသည် သင့်သော စကားဟု ယုံကြည်စွာ မမှတ်သာချေသေးတကား ဟူငြားအံ့၊ အောက်အကြေဦ ရေကြီးသည် တိုးသည်ကို မြင်သိထောက်ဆသဖြင့် အထက်အညာ၌ မိုးသည်းရွာသည်ကို သိသကဲ့သို့ စက္ခုပသာဒ၏ ရူပါရုံကို သာယာသလိုဖြစ်ခြင်း, စက္ခုဓာတ်၏ အဿာဒန အနက်ရှိခြင်း ဟူသော အကြောင်းကြောင့်....

စက္ခုံ ခေါ ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ (မဇ္ဈိမပဏ္ဏာသပါဠိတော်-၁၇၁။) စသည်ဖြင့် ဟောတော်မူသည်ဖြစ်၍ စက္ခုပသာဒ၏ ရူပါရုံကို သာယာသကဲ့သို့ဖြစ်ခြင်း, စက္ခုဓာတ်၏ အဿာဒနတ္ထ ရှိခြင်းသည် အကြောင်း၊ ထိုသို့သော အကြောင်းကြောင့် "စက္ခုံ ခေါ ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ" စသည်ကို ဟောတော်မူသည်ကား အကျိုး၊ ထို "စက္ခုံ ခေါ ပန" စသော အကျိုးပါဠိတော်ကို သိမြင်ထောက်ဆသဖြင့် **ဖလာနုမာန** နည်းအားဖြင့် စက္ခုပသာဒ၏ ရူပါရုံကို သာယာခြင်း, စက္ခုဓာတ်၏ အဿာဒနတ္ထ ရှိခြင်း ဟူသောအကြောင်းကို စင်စစ်သိအပ်သည်ဖြစ်၍ ထိုသို့ဆိုခြင်းသည် သင့်သည်သာ ဟူလေ။

မာဂဏ္ဍိယ၊ မာဂဏ္ဍီ။ စက္ခုံ၊ စက္ခုပသာဒသည်။ ခေါ ပန၊ စင်စစ်။ ရူပါရာမံ၊ ရူပါရုံလျှင် မွေ့လျော်ရာရှိ၏။ ရူပရတံ၊ ရူပါရုံ၌ သာယာစုံမက် နှစ်သက် မွေ့လျော်တတ်၏။ "စက္ခုံ ခေါ ပန မာဂဏ္ဍိယ ရူပါရာမံ ရူပရတံ" စသည်ဖြင့် စက္ခုပသာဒ၏ ရူပါရုံ၌ သာယာစုံမက် နှစ်သက်မွေ့လျော်တတ်သည်၏အဖြစ်ကို ဟောတော်မူသောကြောင့် စက္ခုပသာဒ၏ ရူပါရုံကို သာယာသကဲ့သို့ ဖြစ်သည်၏အဖြစ်, စက္ခုဓာတ်၏ အဿာဒန အနက်ရှိသည်၏အဖြစ်ကို သိအပ်သည် ဟူခဲ့သော် "စက္ခုံ ခေါ ပန" စသည်ဖြင့် စက္ခုပသာဒ၏သာ ရူပါရုံကို သာယာတတ်သည်၏ အဖြစ်ကိုသာ ဟောတော်မူသည်မဟုတ်၊ သောတ အစရှိသော ကြွင်းပသာဒရုပ် ၄-ခုတို့၏လည်း သဒ္ဒါရုံ စသည်တို့ကို သာယာတတ်သည်၏ အဖြစ်ကို "သောတံ ခေါ ပန မာဂဏ္ဍိယ သဒ္ဒါရာမံ သဒ္ဒရတံ" စသည်ဖြင့်လည်း ဟောတော်မူသောကြောင့် စက္ခုပသာဒသာလျှင် သာယာသကဲ့သို့ ဖြစ်တတ်သည်မဟုတ်၊ သောတပသာဒ စသည်လည်း သာယာသကဲ့သို့ ဖြစ်တတ်သည်ချည်းဖြစ်၍ စက္ခု

သဒ္ဒါသည် စက္ခုပသာဒရုပ်ကိုသာ မဟောမူ၍ ပသာဒရုပ် ၅-ခုလုံးကို ဟောခဲ့ရာ၏ ဟူ၍ြားအံ့၊ ပသာဒ ငါးခုလုံးကို မဟော၊ စက္ခုပသာဒကိုသာ ဟောသည်ဟူလေ။

အဘယ်ကြောင့် ငါးပါးလုံးကို မဟောဘဲ စက္ခုပသာဒ တပါးတည်း ကိုသာ ဟောလေသနည်းဟူမူ....မြေ၌ တွန်မြည်တတ်သောကြောင့် ဥဒေါင်း ငှက်သည် "မယူရ" မည်သည်ဟူရာ၌ ဥဒေါင်းသာ မြေ၌ တွန်မြည်သည် မဟုတ်၊ ကြက်စသော ငှက်တို့သည်လည်း တွန်မြည်တတ်ကုန်၏၊ ထိုသို့ပင် တွန်မြည်သော်လည်း "မယူရ"ဟူသော အမည်သည် ဥဒေါင်း၌သာ ထင်၍ ကြက်စသော သတ္တဝါတို့၌ မထင်သောကြောင့် **အထင်ရှဋ္ဌီ** အားဖြင့် မယူရ သဒ္ဒါသည် ဥဒေါင်းငှက်ကိုသာ ဟော၍ ကြက်စသည်ကို မဟောသကဲ့သို့ ရူပါရုံကို သာယာတတ်သောကြောင့် စက္ခုပသာဒရုပ်သည် စက္ခုမည်သည် ဟူရာ၌ သောတစသော ကြွင်းပသာဒရုပ်တို့သည်လည်း အစဉ်အတိုင်း သဒ္ဒါရုံစသည်တို့ကို သာယာတတ်သော်လည်း စက္ခုဟူသော အမည်သည် စက္ခုပသာဒ၌သာ ထင်၍ ကြွင်းသော ပသာဒတို့၌ မထင်သောကြောင့် စက္ခု သဒ္ဒါသည် သောတပသာဒ စသည်ကို မဟော၊ **အထင်ရှဋ္ဌီ** အားဖြင့် စက္ခုပသာဒကိုသာ ဟောသည်ဟူလေ။

### စက္ခုအပြား

စက္ခုသည် ပညာစက္ခု, မံသစက္ခုဟု နှစ်ပါးရှိ၏၊ ထိုတွင် ပညာစက္ခု သည် ဗုဒ္ဓစက္ခု, သမန္တစက္ခု, ဉာဏစက္ခု, ဒိဗ္ဗစက္ခု, ဓမ္မစက္ခု ဟူ၍ ငါးပါး ပြား၏။ ထိုတွင်—

> အဒ္ဒသံ ခေါ အဟံ ဘိက္ခဝေ ဗုဒ္ဓစက္ခုနာ လောကံ ဝေါလော-
> ကေန္တော သတ္တေ အပ္ပရဇက္ခေ— (မူလပဏ္ဏာသပါဠိတော်-၂၂၅)

စသည်ဖြင့် ဟောတော်မူအပ်သော သတ္တဝါတို့၏ အလိုဆန္ဒအဇ္ဈာသယ စသည်ကို သိသော အာသယာနုသယဉာဏ်၊ ဣန္ဒြေရင့်သည် မရင့်သည်ကို သိသော ဣန္ဒြိယပရောပရိယတ္တိဉာဏ်ဟူသော သူတပါးတို့နှင့် မဆက်မဆံ မြတ်စွာဘုရားတို့၏သာ အသီးဉစ္စာဖြစ်သော ဉာဏ်တော် နှစ်ပါးသည် **ဗုဒ္ဓစက္ခု** မည်၏။

သမန္တစက္ခု ဝုစ္စတိ သဗ္ဗညုတညာဏံ—— (စူဠနိဒ္ဒေသပါဠိတော်-၉၃) စသည်ဖြင့် ဟောတော်မူအပ်သော သဗ္ဗညုတ ဉာဏ်တော်သည် **သမန္တစက္ခု** မည်၏။

စက္ခုံ ဥဒပါဒိ ဉာဏံ ဥဒပါဒိ——(မဟာဝဂ္ဂသံယုတ်ပါဠိတော်-၃၆၉) စသည်ဖြင့် ဟောတော်မူအပ်သော အရဟတ္တ မဂ်ဉာဏ်သည် **ဉာဏစက္ခု** မည်၏။

အဒ္ဒသံ ခေါ အဟံ ဘိက္ခဝေ ဒိဗ္ဗေန စက္ခုနာ ဝိသုဒ္ဓေန—— (မူလပဏ္ဏာသပါဠိတော်-၂၂၇) စသည်ဖြင့် ဟောတော် မူအပ်သော ဒိဗ္ဗစက္ခု အဘိညာဏ်သည် **ဒိဗ္ဗစက္ခု** မည်၏။

တသ္မိံယေဝါသနေ ဝိရဇံ ဝီတမလံ ဓမ္မစက္ခုံ ဥဒပါဒိ—— (မဇ္ဈိမပဏ္ဏာသပါဠိတော်-၃၄၆) စသည်ဖြင့် ဟောတော် မူအပ်သော အောက်မဂ် ၃-ပါး ဉာဏ်သည် **ဓမ္မစက္ခု**မည်၏။

မံသစက္ခုသည်လည်း သသမ္ဘာရစက္ခု, ပသာဒစက္ခု ဟူ၍ နှစ်ပါး အပြားရှိ၏၊ ထိုတွင် အောက်အဘို့၌ မျက်တွင်းရိုး, အထက်၌ မျက်မှောင် ရိုး, နှစ်ဘက်သော လက်ဝဲ လကျာ အဘို့တို့၌ မျက်ထောင့်ရိုး, အတွင်း၌ ဦးနှောက်, အပ၌ မျက်တောင်မွေးတို့ဖြင့် ပိုင်းခြားအပ်သော မျက်ကွင်း မျက်တွင်း၌ တည်သော မျက်ကြော တည်းဟူသော ကြိုးဖြင့် ဖွဲ့အပ်သော ဦးနှောက်နှင့်စပ်သော အသားစိုင် အသားစု ဟူသော မျက်လုံးသည် **သသမ္ဘာရစက္ခု** မည်၏။ ဤသသမ္ဘာရ စက္ခုသည် သလိပ်ပြောများ အားကြီးခြင်းကြောင့် ဖြူ၏၊ သည်းခြေပြောများ အားကြီးခြင်းကြောင့် မည်းနက်၏၊ သွေးပြောများ အားကြီးခြင်းကြောင့် နီ၏၊ ပထဝီပြောများ အားကြီးခြင်းကြောင့် ကျယ်ပြန့်၏၊ အာပေါဓာတ် အားကြီးခြင်းကြောင့် မျက်ရည်ယို၏၊ တေဇောဓာတ် အားကြီးခြင်းကြောင့် ပူလောင်၏၊ ဝါယော ဓာတ်ပြောများ အားကြီးခြင်းကြောင့်လည်၏၊ ထိုသသမ္ဘာရ စက္ခု၏ မျက်ဖြူဝန်းဖြင့် ရံအပ်သော မျက်နက်ဝန်း၏ အလယ်၌ ရှေ့ရှုတည်သော ဝတ္ထု၏ အရိပ်ထင်ရာဖြစ်သော ဒိဋ္ဌမဏ္ဍလဟု ခေါ်ဝေါ်အပ်သော အရပ်၌ ချိုပိုးရွက်ဆောင်ခြင်း, ရေချိုးခြင်း, တန်ဆာဆင်ယင်ခြင်း, ယပ်လေခပ်ခြင်း ကိစ္စတို့ဖြင့် လေးယောက်သော အထိန်းတို့သည် ကျေးဇူးပြုအပ်သော

မင်းသားကဲ့သို့....ကောင်းစွာဆောင်ခြင်း, ဖွဲ့စည်းခြင်း, ရင့်စေခြင်း, ပွါးစေခြင်း ကိစ္စ ၄-ပါးတို့ဖြင့် ပထဝီစသော ဓာတ် ၄-ပါးတို့သည် ကျေးဇူးပြုအပ်သော ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့ခိုင်စေအပ်သော ဇီဝိတိန္ဒြေဟူသော အသက်သည် စောင့်ရှောက်အပ်သော ဝဏ္ဏ, ဂန္ဓ, ရသ စသည်တို့သည် ခြံရံအပ်သော ထိုက်သည်အားလျော်စွာ စက္ခုဝိညာဏ် စသည်တို့၏ ဝတ္ထုအဖြစ် ဒွါရအဖြစ်ကို ပြီးစေလျက် ဝါဂွမ်းလွှာ ၇-ထပ်တို့၌ သွန်းလောင်းအပ်သော ဆီသည် ထို ၇-ထပ်သော ဝါဂွမ်းလွှာတို့ကို နှံ့၍တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့ကို နှံ့၍တည်သော ပသာဒရုပ်သည် ပသာဒစက္ခုမည်၏။

**စက္ခုပသာဒ၏ ပမာဏ**

ထို စက္ခုပသာဒကို ပမာဏအားဖြင့် ပဲသီးနက်ဟု ခေါ်ဝေါ်သော ပဲနောက်စေ့၏ အပြင်ပမာဏလောက် ရှိကြောင်းကို "ပမာဏတော မုဂ္ဂပဋ္ဌလမတ္တံ"ဟု (မဟာနိဒ္ဒေသအဋ္ဌကထာ-၁၃၆)၌ ပြဆိုသော စကားဖြင့် စက္ခုပသာဒဟူသည် ၄-ပါးသော မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ကြည်လင်ခြင်းမျှသာ ဖြစ်ရကား မုချနီတတ္ထအားဖြင့် တခုတည်းသော စက္ခုပသာဒ၏ ပမာဏကို ပြသည်ဟု မယူသာ၊ ထိုစက္ခုပသာဒ၏ ဖြစ်ရာတည်ရာဖြစ်သော ဒိဋ္ဌမဏ္ဍလ တခုလုံး၏ ပမာဏကို ရည်၍ဆိုသည် ဟူ၍သာယူ။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ, အဋ္ဌသာလိနီအဋ္ဌကထာတို့၌—

ယေန စက္ခုပသာဒေန၊ ရူပါနိ မနုပဿတိ။
ပရိတ္တံ သုခုမံ ဧတံ၊ ဦကာသိရသမူပမံ—

(အဋ္ဌသာလိနီအဋ္ဌကထာ ၃၄၅)

ဟု ဓမ္မသေနာပတိ ဖြစ်သော အရှင်သာရိပုတ္တရာ ဟောသော ဂါထာကို သာဓကဆောင်၍ သန်း၏ ဦးခေါင်းမျှလောက် ပမာဏရှိကြောင်းကို "ပမာဏတော ဦကာသိရမတ္တံ"ဟု ပြဆိုရာ၌လည်း စက္ခုပသာဒ တခုတည်း၏ ပမာဏကို ပြသည်ဟု မယူအပ်၊ စက္ခုဒသက ကလာပ်၏ ပမာဏကို ပြသည် ဟူ၍သာယူ။

ယေနစက္ခုပသာဒေန၊ အကြင် စက္ခုပသာဒဖြင့်။ ရူပါနိ၊ ရူပါရုံတို့ကို။ အနုပဿတိ၊ မြင်၏။ **တနည်း**....မနု၊ သတ္တဝါသည် (လူသည်)။ ပဿတိ၊ မြင်၏။ တံစက္ခုပသာဒံ၊ ထိုစက္ခုပသာဒရုပ်သည်။ ပရိတ္တံ၊ သေးငယ်၏။ သုခုမံ၊ သိမ်မွေ့၏။ ဦကာသိရသမူပမံ၊ သန်း၏ ဦးခေါင်းနှင့် တူမျှသော ပမာဏရှိ၏။

စက္ခု ဒသက ကလာပ်၏ ပမာဏကို ပြသည်ဟူသော်လည်း ကလာပ် တစည်းတည်း၏သာ ပမာဏကို ပြသည်မဟုတ်၊ စက္ခုဒသက ကလာပ်၏ ဖြစ်ရာ ဖြစ်ကောင်းသော ဒိဋ္ဌမဏ္ဍလ တခုလုံး၌ မျက်လွှာ ၇-ထပ်ဝယ် တခု တည်းသော ခဏ၌ တပြိုင်တည်း ဆုံမိကောင်းသော စိတ္တဇကလာပ်, ဥတုဇ ကလာပ်,အာဟာရဇကလာပ် ၃-မျိုးနှင့်တကွ ကာယဒသက,ဘာဝဒသက, စက္ခုဒသကဟူသော ကမ္မဇကလာပ် ၃-မျိုးတို့ကို အသီးအသီး တမျိုးစီ ခွဲဝေစုပုံ၍ ရကောင်းသည်ဖြစ်အံ့၊ တမျိုးတစုတည်း ပေါင်းစုအပ်သော စက္ခုဒသက ကလာပ်အားလုံး၏ ပမာဏသည် သန်း၏ ဦးခေါင်းလောက် ရှိသည်ကိုသာ ပြသည်ဟူ၍သာယူ၊ ဒိဋ္ဌမဏ္ဍလတခုတည်း၌ တခုတည်းသော ခဏဝယ် စက္ခုဒသက အများပြိုင်၍ ဖြစ်ကြောင်းရှိကြောင်းကိုလည်း စက္ခု ပသာဒသည် မျက်လွှာ ခုနစ်ထပ်ကို နှံ့၍တည်၏ ဟူသော အဋ္ဌကထာ စကား,

သတ္တက္ခိပဋလာနံ ဗျာပနဝစနေန အနေကကလာပဂတဘာဝံ စက္ခုဿ ဒဿေတိ—

ဟူသော **မူလဋီကာ** (၁၄၅) တို့ကို ထောက်သဖြင့် သိအပ်၏။

သတ္တက္ခိပဋလာနံ၊ ခုနစ်ထပ်သော မျက်လွှာတို့ကို။ ဗျာပနဝစနေန၊ စက္ခုပသာဒ၏ နှံ့၍ တည်ကြောင်းကိုဆိုသော "သတ္တက္ခိပဋလာနိ ဗျာပေတွာ တိဋ္ဌတိ"ဟူသော အဋ္ဌကထာ စကားဖြင့် စက္ခုဿ၊ စက္ခု ပသာဒ၏။ အနေကကလာပဂတဘာဝံ၊ များစွာသော ကလာပ်၌ ဖြစ်သည် ၏ အဖြစ်ကို။ ဒဿေတိ၊ အဋ္ဌကထာဆရာ ပြတော်မူ၏။

အကယ်၍ စက္ခုပသာဒ တခုတည်း၏ရင်း, စက္ခုဒသက ကလာပ် တစည်းတည်း၏ရင်း ပမာဏကိုသာ အဋ္ဌကထာဆရာ ပြသည်ဟူ၍ ယူငြား

အံ့၊ ဥပမာန ဥပမေယျ နှစ်ရပ်ပင် ဆန့်ကျင်ရာသည်၊ အဘယ်ကြောင့် ဆန့်ကျင်ရာသနည်းဟူမူ....ဥပမာနဖြစ်သော သန်း၏ဦးခေါင်း၌ပင် များစွာသော တိဇကလာပ်တို့နှင့် တကွ ဇာတိအားဖြင့် စက္ခုဒသက, သောတ-ဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဘာဝဒသက ဟူသော ကမ္မဇကလာပ် ခြောက်မျိုးတို့ ဖြစ်ကုန်၍ တမျိုး တမျိုး၌ပင် များစွာ များစွာသော ရုပ်ကလာပ်တို့ကို ရကောင်းသောကြောင့် ဆန့်ကျင်သည် ဟူလေ။

သန်း၏ ဦးခေါင်းကို ထားဘိဦး၊ သန်း၏ဦးခေါင်းလောက်မျှ မကြီးသော သတ္တဝါတို့၏ ဦးခေါင်း၌ပင် ထိုဆိုအပ်ပြီးသော ရုပ်ကလာပ် အများဖြစ်ကောင်း၏၊ ရုပ်ကလာပ်တို့သည် သတ္တဝါတို့၏ ပမာဏ အကြီးအငယ်သို့ လိုက်၍ အကြီးအငယ် ဖြစ်သင့်ရကား သန်းသတ္တဝါ သန်း၏ ဦးခေါင်း လောက်မျှ မကြီးသော သတ္တဝါတို့၌ ဖြစ်သော ရုပ်ကလာပ်တို့သည် ထိုသတ္တဝါတို့၏ ပမာဏအားလျော်စွာ ငယ်သည်၊ လူ၌ဖြစ်သော ရုပ်ကလာပ်သည် လူ၏ ပမာဏအားလျော်စွာ သန်းဦးခေါင်းလောက် ရှိသည် ဖြစ်၍ လူ၏ သန္တာန်၌ဖြစ်သော ရုပ်ကလာပ်ကို ရည်၍ တခုတည်းသော စက္ခုဒသက ကလာပ်၏ ပမာဏကိုသာ အဋ္ဌကထာဆရာတို့ ပြသည်ဟု ယူကောင်း၏ ယူငြားအံ့....

အကယ်၍ သတ္တဝါတို့ သန္တာန်ပမာဏ အားလျော်စွာ ရုပ်ကလာပ် အကြီးအငယ် ဖြစ်ကောင်းအံ့၊ သုံးဂါဝုတ် ပမာဏရှိသော နတ်ပြဟ္မာတို့ သန္တာန်၌ဖြစ်သော ရုပ်ကလာပ်တို့သည် အရပ်လေးတောင်လျှင် သန်းဦးခေါင်း တလုံးကျယူ၍ ထိုနတ်ပြဟ္မာတို့၏ ပမာဏ အားလျော်စွာ သန်းဦးခေါင်းပေါင်း ရှစ်ထောင်လေးရာ အစုအပုံ ပမာဏလောက် ကြီးရာ၏၊ ယူဇနာ လေးထောင်ရှစ်ရာမြင့်သော ရာဟုမည်သော အသုရိန်နတ်ကြီး၌ ဖြစ်သော ရုပ်ကလာပ်သည် ထိုနတ်ကြီး၏ပမာဏအားလျော်စွာ သန်းဦးခေါင်းပေါင်း ငါးကုဋေ သုံးသန်း ခုနစ်သိန်း ခြောက်သောင်း အစုအပုံ ပမာဏလောက် ကြီးသည်ဖြစ်ရာ၏၊ ဤသို့လည်း ပရမတ္ထသဘာဝဓမ္မ၌ အချို့ကြီး အချို့ငယ်မရှိကောင်း၊ခပ်သိမ်းသော သဝိညာဏက,အဝိညာဏက ဝတ္ထုတို့၌ဖြစ်သော ရုပ်ကလာပ်ဟူသမျှတို့၏ ပမာဏသည် ကြီးငယ် ထူးခြား

ကွဲပြားမရှိ ပမာဏအားဖြင့် အတူတူသာ ဖြစ်သည်၊ ထို့ကြောင့် အဋ္ဌကထာ၌ ပြအပ်သော ပမာဏသည် ကလာပ်တစည်းတည်း၏သာ ပမာဏဖြစ်သည် ဟု မယူအပ်၊ လူ၏ ဒိဋ္ဌမဏ္ဍလ၌ တခုတည်းသော ကာလဝယ် တပြိုင်တည်း ပေါင်းဆုံမိကောင်းသော စက္ခုဒသက ကလာပ် အားလုံးကို ပေါင်းမှ သန်း ဦးခေါင်းလောက် ပမာဏရှိသည်ဟူ၍သာ ယူ။

ရုပ်တို့၏ရင်း, ရုပ်ကလာပ်တို့၏ရင်း ပမာဏကိုကား သမ္မောဟဝိနောဒနီ မည်သော အဘိဓမ္မာ ဝိဘင်းပါဠိတော်၏ အဖွင့်ဖြစ်သော အဋ္ဌကထာ၌ ပြဆိုအပ်သော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေခဏ၌ဖြစ်သော ကလလ ဟု ခေါ်ဆိုအပ်သော ရုပ်ကလာပ်၏ ပမာဏကို ထောက်သဖြင့် သိအပ်၏၊ ၎င်းအဋ္ဌကထာ၌ ဆိုဟန်ကို ပြဦးအံ့....

"ဂဗ္ဘသေယျကတို့၏ ပဋိသန္ဓေခဏ၌ဖြစ်သော ကလလ ရေကြည်သည် ယင်ငယ်တကောင် တကြိမ်သောက်လောက်ရုံမျှ ပမာဏရှိသည်" ဟု ဆိုပြီး၍ ဤပမာဏသည် အလွန်ကြီးမား များပြားလှသေးသည်ဟု ပယ်၍ "ဆိတ်၌နှစ်၍ ထုတ်ဖော်အပ်သော သေးသွယ်သိမ်မွေ့သော အပ်၏ အဖျား၌ လျော၍ တည်သော ဆီပေါက်မျှ ပမာဏရှိသည်" ဟု ဆိုသည်။

ထိုမျှပမာဏကိုလည်း ကြီးမားများသေးသည်ဟု ပယ်ပြန်၍ "ဆိတ်၌နှစ်၍ ဖော်ယူအပ်သော တချောင်းသောဆံပင်၏ အဖျား၌ လျော၍တည်သော ဆီပေါက်ပမာဏမျှ ရှိသည်" ဟု ဆိုသည်။

ထိုမျှပမာဏကိုလည်း ကြီးလွန်းသေးသည်ဟု ပယ်ပြန်၍ "ဇမ္ဗူဒိပ်ကျွန်း သူတို့ ဆံပင်ကို ရှစ်ဖြာစိတ်ခွဲ၍ တစိတ်မျှ ပမာဏရှိသော အလွန်သေးနု သော ကြည်လှစွာသောဆိတ်၌ နှစ်၍ ဖော်ယူအပ်သော မြောက်ကျွန်းသူတို့၏ ဆံပင်ဖျား၌ လျောကျ၍ တည်သော ဆီပေါက်ခန့် ပမာဏမျှ ရှိသည်" ဟု ဆိုသည်။

ထိုမျှပမာဏကိုလည်း ကြီးသေးသည်ဟု တဖန်ပယ်၍ "မမွေးဘွားမီ အမိဝမ်းမှ ခွဲ၍ ထုတ်ယူအပ်သော ဇာတိ မည်သောသား၏ ကြည်လှစွာသော ဆိတ်၌နှစ်၍ ဖော်ယူအပ်သော အလွန်သိမ်မွေ့ သေးသွယ်သော တချောင်း

သောအမွေး၏ အဖျားဌ လျှောရှိတည်သော ဆီပေါက်၏ ပမာဏလောက်မျှသာ ရှိသည်”ဟု ဆိုတော်မူသည်။ ဤသို့ ကလာပ် အရေအတွက်အားဖြင့် ကာယဒသက,ဝတ္ထုဒသက,ဘာဝဒသက ဟု ၃-စည်း၊ တစည်းတစည်း၌ ရုပ် ၁၀-စီ ရှိရကား ရုပ်အရေအတွက်အားဖြင့် ၃၀-ရှိသော ကလလ၏ ပမာဏကို ထောက်ဆသဖြင့် စက္ခု စသော တခုတခုသော ရုပ်တို့၏ငှင်း, စက္ခုဒသက စသော တခုတခုသော ရုပ်ကလာပ်တို့၏ငှင်း ပမာဏကို သိလေ။

ဤစက္ခုသည် ရူပါရုံ၌ ထိခိုက်ခြင်းငှါ ထိုက်သော မဟာဘုတ်တို့၏ ကြည်ခြင်းဟူသော ရူပါဘိဃာတာရဟဘူတပသာဒလက္ခဏာ ရှိသည်၊ ဝါ-ရူပါရုံကို ကြည့်မြင်လိုသောသူ၏ အဖြစ်တည်းဟူသော ရူပတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်တို့၏ ကြည်ခြင်းဟူသော ဒဋ္ဌုကာမတာနိဒါနကမ္မဇဘူတပသာဒလက္ခဏာ ရှိသည်၊ စိတ်ကို ရူပါရုံတို့၌ ဆောင်ယူဆွဲငင်ခြင်း ကိစ္စဟူသော အာဝိဉ္ဆနရသ ရှိ၏၊ စက္ခုဝိညာဏ်၏ တည်ရာ၏အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်းဟူသော ပစ္စုပဋ္ဌာန် ရှိ၏၊ ရူပါရုံကို ကြည့်မြင်လိုသောသူ၏ အဖြစ် တည်းဟူသော ရူပတဏှာ စသည်လျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မှီရာမဟာဘုတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

[ဤ၌ ပြဆိုအပ်သောနည်းကိုမှီးသဖြင့် ကြွင်းသော သောတပသာဒရုပ် စသည်တို့၌လည်း ထိုက်သည်အားလျော်စွာ အကျယ်နည်းတို့ကို သိလေ]

## သောတပသာဒ၏လက္ခဏာစသည်

ရုပ်တရားဖြစ်၍ စင်စစ်ပင် သဒ္ဒါရုံကို ကြားနာတတ်သည်၏ အဖြစ်မရှိသော်လည်း ထိုသဒ္ဒါရုံကို ကြားနာတတ်သော သောတဝိညာဏ်၏ တည်ရာ မှီရာ ဖြစ်သောကြောင့် သဒ္ဒါရုံကို ကြားနာတတ်ဘိသကဲ့သို့ ဖြစ်သော ပသာဒရုပ်သည် သောတမည်၏၊ ထိုပသာဒဖြစ်သော သောတသည် ပြဆိုခဲ့ပြီးသော ကိစ္စလေးပါးတို့ဖြင့် အထိန်းလေးယောက်တို့သည် ကျွေးဇူးပြုအပ်သော မင်းသားကဲ့သို့ ပြဆိုခဲ့ပြီးသော လေးပါးသော ကိစ္စတို့ဖြင့် ပထဝီစသော ဓာတ်လေးပါးတို့သည် ကျေးဇူးပြုအပ်သည်ဖြစ်၍ စိတ်, ဥတု, အာဟာရတို့သည် ထောက်ပံ့အပ်သည်ဖြစ်၍ ဇီဝိတိန္ဒြေဟူသော အသက်သည် စောင့်ရှောက်အပ်သည်ဖြစ်၍ ဝဏ္ဏ,ဂန္ဓ စသော ရုပ်အပေါင်းသည်

ခြံရံအပ်သည်ဖြစ်၍ သသမ္ဘာရသောတဖြစ်သော နားပေါက်ခေါင်း၏ အတွင်း၌ နီသောမွေးနု စီ၍ပေါက်ရောက်သော လက်စွပ်ကွင်းသဏ္ဌာန် ရှိသော အရပ်၌တည်၏။

ဤသောတပသာဒသည် သဒ္ဒါရုံ၌ ထိခိုက်ခြင်းငှါ ထိုက်သော ဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏၊ ဝါ-သဒ္ဒါရုံကို ကြားလိုသောသူ၏ အဖြစ် တည်းဟူသော သဒ္ဒတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ် သော ဘုတ်တို့၏ ကြည်ခြင်း လက္ခဏာရှိ၏၊ သဒ္ဒါရုံတို့၌ စိတ်ကို ဆွဲငင်ခြင်း ကိစ္စရှိ၏၊ သောတဝိညာဏ်၏ တည်ရာ၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ သဒ္ဒါရုံကို ကြားလိုသောသူ၏ အဖြစ် တည်းဟူသော သဒ္ဒတဏှာလျှင် အကြောင်းရှိသော ကံကြောင့် ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန်ရှိ၏။

### ဃာနပသာဒ၏ လက္ခဏာစသည်

ဂန္ဓာရုံကို ယူတတ်သော ဃာနဝိညာဏ်၏ မှီရာဝတ္ထုဖြစ်သောကြောင့် ရုပ်ဖြစ်၍ စင်စစ်ဂန္ဓာရုံကို မယူတတ်သော်လည်း ယူသည်ကို ပြုဘိသကဲ့သို့ ရှိသော ပသာဒရုပ်သည် ဃာနမည်၏၊ ထိုပသာဒဖြစ်သော ဃာနသည် ပြဆိုခဲ့ပြီးသော ကိစ္စ လေးပါးတို့ဖြင့် အထိန်း လေးယောက်တို့သည် ကျေးဇူးပြုအပ်သော မင်းသားကဲ့သို့ လေးပါးသော ကိစ္စတို့ဖြင့် ဓာတ် လေးပါးတို့သည် ကျေးဇူးပြုအပ်သည်၊ စိတ်, ဥတု, အာဟာရတို့သည် ထောက်ပံ့အပ်သည်၊ ဇီဝိတသည် စောင့်ရှောက်အပ်သည်၊ ဝဏ္ဏ, ဂန္ဓ စသည်တို့သည် ခြံရံအပ်သည်ဖြစ်၍ ထိုက်သည်အားလျော်စွာ ဃာနဝိညာဏ် စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကိုပြီးစေလျက် သသမ္ဘာရဖြစ်သော နှာခေါင်း ပေါက်၏အတွင်းဆိတ်ခွါ သဏ္ဌာန်ရှိသော အသားစု၌ တည်၏။

ဤဃာနပသာဒသည် ဂန္ဓာရုံနှင့် ထိခိုက်ခြင်းငှါ ထိုက်သော ဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏၊ ဝါ-ဂန္ဓာရုံကို ယူလို နံလိုသော သူ၏ အဖြစ် တည်းဟူသော ဂန္ဓတဏှာလျှင် အကြောင်းရင်းခံသော ကံလျှင် ဖြစ်ကြောင်း ရှိသော ဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာရှိ၏၊ ဂန္ဓာရုံတို့၌ စိတ်ကို ဆောင်ယူ ဆွဲငင်ခြင်း ကိစ္စရှိ၏၊ ဃာနဝိညာဏ်၏ တည်ရာမှီရာ၏ အဖြစ်ဖြင့်

ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ဂန္ဓာရုံကို ယူလို နံလိုသောသူ၏ အဖြစ်တည်းဟူသော ဂန္ဓ တဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန်ရှိ၏။

## ဇိဝှါပသာဒ၏ လက္ခဏာစသည်

ရသာရုံလျှင် အာရုံရှိသော ဇိဝှါဝိညာဏ်၏ မှီရာဝတ္ထုဖြစ်သောကြောင့် အာဟာရ ရသ၌ ညွတ်သည်၏ အဖြစ်ဖြင့် ထိုအာဟာရ ရသကို ခေါ်ဘိ သကဲ့သို့ဖြစ်သော ပသာဒရုပ်သည် ဇိဝှါမည်၏၊ အာဟာရကို မှီဝဲသုံးဆောင် ရမှသာလျှင် သတ္တဝါတို့၏ ဇီဝိတဟူသော အသက် ကာလမြင့်ရှည် တည်နိုင် ရကား အသက်ဟူသော ဇီဝိတသည် ထိုအာဟာရ ရသ၏ အကျိုးဖြစ်၏၊ အာဟာရ ရသသည် ထိုဇီဝိတ၏ အကြောင်းဖြစ်၏၊ သခွါးပြေပွတ်သီးကို စားသုံးခြင်းကြောင့် အဖျားရောဂါ ဖြစ်ရကား သခွါးပြေပွတ်သီးသည် အဖျားရောဂါ၏ အကြောင်း၊ အဖျားရောဂါသည် သခွါးပြေပွတ်သီး၏ အကျိုးဖြစ်၍ အကျိုးဖြစ်သော အဖျားရောဂါ၏ ဇရဟူသော အဖျား ဟူသော အမည်ကို အကြောင်းဖြစ်သော သခွါးပြေပွတ်သီး၌ တင်စား၍ ဖလူပစာရအားဖြင့် သခွါးပြေပွတ်သီးကို ဇရဖလဟူ၍ အဖျားသီးဟူ၍ ခေါ်ဝေါ်သကဲ့သို့ အကျိုးဖြစ်သော အသက်၏ ဇီဝိတဟူသော အမည်ကို ထိုအသက်၏ အကြောင်းဖြစ်သော အာဟာရ ရသ၌ တင်စား၍ ဖလူပစာရ အားဖြင့် အာဟာရရသကိုပင် ဤ၌ ဇီဝိတဟု ဆိုသည် ဖြစ်၍ ရသကို ခေါ်တတ်၏ဟု မဆိုမူ၍ ဇီဝိတကို ခေါ်တတ်သည်ဟု ဆိုရ သည်၊ ထိုသို့ ဇီဝိတကို ခေါ်တတ်သောကြောင့် ဤပသာဒရုပ်ကို ဇီဝိတ အဝှါဟု ဆိုအပ်လျက် ဝဏ္ဏနာသန္ဓိရုတ္တိ နည်းအားဖြင့် အလယ်၌တည်သော ဝိအက္ခရာ, တအက္ခရာ, အအက္ခရာ ဤ ၃-လုံးတို့ကို ချေ၍ ဇိဝှါမည်သည်ဟု ဆိုသည်။

ထိုပသာဒဖြစ်သော ဇိဝှါသည် ပြဆိုခဲ့ပြီးသည့်အတိုင်း အထိန်း လေးယောက်တို့သည် ကျေးဇူးပြုအပ်သော မင်းသားကဲ့သို့ ဓာတ်လေးပါး တို့သည် ကျေးဇူးပြုအပ်၊ စိတ်, ဥတု, အာဟာရ တို့သည် ထောက်ပံ့အပ်၊ ဇီဝိတသည် စောင့်ရှောက်အပ်၊ ဝဏ္ဏ, ဂန္ဓ စသည်တို့သည် ခြံရံအပ်သည်

ဖြစ်၍ ထိုက်သည်အားလျော်စွာ ဇိဝှါဝိညာဏ်၏ မှီရာဝတ္ထုအဖြစ်, ဒွါရ အဖြစ်, သမ္ပဋိစ္ဆိုန်း စသည်တို့၏ ဒွါရအဖြစ်ကို ပြီးစေလျက် သသမ္ဘာရ ဇိဝှါဟူသော လျှာ၏အလယ် အပေါ်ဘက်၌ ဥပ္ပလကြာပွင့်ချပ် အဖျားပြတ် သဏ္ဌာန်ရှိသော အရပ်၌ တည်၏။

ဤဇိဝှါပသာဒသည် ရသာရုံ၌ ထိခိုက်ခြင်းငှါထိုက်သော ဘုတ်တို့၏ ကြည်လင်ခြင်း ကြည်လင်ကြောင်း လက္ခဏာ ရှိ၏၊ ဝါ-ရသာရုံကို သာယာ ခြင်းငှါ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ရသတဏှာလျှင် အရင်းခံ အကြောင်းရှိသော ကံလျှင် ဖြစ်ကြောင်းရှိသော ဘုတ်တို့၏ ကြည်လင်ခြင်း လက္ခဏာ ရှိ၏၊ ရသာရုံတို့၌ စိတ်ကို ဆွဲငင်ခြင်းကိစ္စ ရှိ၏၊ ဇိဝှါဝိညာဏ်၏ တည်ရာ၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ဟူသော ပစ္စုပဋ္ဌာန် ရှိ၏၊ ရသာရုံကို သာယာလိုသောသူ၏ အဖြစ်တည်းဟူသော ရသတဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ် လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။

**ကာယပသာဒ၏ လက္ခဏာနှင့် ဝိနိစ္ဆယအထူး**

ကာယပသာဒ၏ သချပ်လက္ခဏာ အစရှိသည်ကို ပြသောအရာ၌ ကာ ယော၏ အဖွင့်ဖြစ်သော—

> ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယော ပဝတ္တိဋ္ဌာနန္တိ ကာယော။ ကာ-ယိန္ဒြိယံ ဟိ ဖောဋ္ဌဗ္ဗဂ္ဂဟဏသဘာဝတ္တာ တဒဿာဒဝသပ္ပဝတ္တာနံ တံမူလိကာနဉ္စ ပါပဓမ္မာနံ ဝိသေသကာရဏန္တိ တေသံ ပဝတ္တိဋ္ဌာနံ ဝိယ ဂယှတိ—

ဟူသော (ဋီကာကျော်-၇၃။) ကို ပဓာနထား၍ သဒ္ဒနယကို အလိုရှိသော ပုဂ္ဂိုလ်တို့၏ သဒ္ဒနယကောဝိဒအကျိုးငှါ သဒ္ဒနယနှင့်တကွ ပြဆိုလိုက်အံ့။

ယံပသာဒရူပံ၊ အကြင်ပသာဒရုပ်သည်။ ကုစ္ဆိတာနံ၊ ရွံရှာစက်ဆုပ်အပ် ကုန်သော။ ပါပဓမ္မာနံ၊ အကုသိုလ်တရားတို့၏။ ပဝတ္တိဋ္ဌာနံ၊ ဖြစ်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထိုသို့ ရွံရှာကဲ့ရဲ့ စက်ဆုပ်ဘွယ်သော အကု သိုလ်တရားတို့၏ ဖြစ်ရာဖြစ်သည်၏ အဖြစ်ကြောင့်။ တံပသာဒရူပံ၊ သည်။ ကာယော၊ ကာယမည်၏။ ဟိသစ္စံ၊ မှန်၏။ ဝါ၊ ဟိယသ္မာ၊ အကြင့်ကြောင့်။

ကာယိန္ဒြိယံ၊ ကာယိန္ဒြေသည်။ ဖောဋ္ဌဗ္ဗဂ္ဂဟဏသဘာဝတ္တာ၊ ဖောဋ္ဌဗ္ဗာရုံကို ယူခြင်းသဘောရှိသည်၏ အဖြစ်ကြောင့်။ တဒဿာဒဝသပ္ပဝတ္တာနံ၊ မေထုန ဖောဋ္ဌဗ္ဗ အစရှိသော ထိုဖောဋ္ဌဗ္ဗာရုံကို သာယာသည်၏အစွမ်းဖြင့် ဖြစ်ကုန်သော။ ပါပဓမ္မာနဉ္စ၊ ဖောဋ္ဌဗ္ဗတဏှာအစရှိသော အကုသိုလ်တရားတို့၏ရင်း။ တံမူလိကာနံ၊ ထိုဖောဋ္ဌဗ္ဗဿာဒတဏှာလျှင် အကြောင်းရင်း အကြောင်းခံ ရှိကုန်သော။ ပါပဓမ္မာနဉ္စ၊ အဒိန္နာဒါန် အစရှိသော အကုသိုလ်တရား တို့၏ရင်း။ ဝိသေသကာရဏံ၊ ထူးသောအကြောင်းသည် (အကြောင်း ထူးသည်)။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထိုသို့ မေထုနဖောဋ္ဌဗ္ဗကို သာယာ သည်၏ အစွမ်းဖြင့်ဖြစ်သော ဖောဋ္ဌဗ္ဗတဏှာ စသော အကုသိုလ်တရား၊ ထိုဖောဋ္ဌဗ္ဗဿာဒတဏှာလျှင် အကြောင်းရင်းရှိသော အဒိန္နာဒါန် အစရှိ သော အကုသိုလ်တရားတို့၏ ထူးသော အကြောင်းဖြစ်သည်၏ အဖြစ် ကြောင့်။ တံပသာဒရူပံ၊ ကို။ တေသံ၊ ထိုအကုသိုလ်တရားတို့၏။ ပဝတ္တိ-ဋ္ဌာနံဝိယ၊ ဖြစ်ရာကဲ့သို့။ ဂယှတိ၊ ဆိုအပ်၏။

ဤကာယသဒ္ဒါသည် ကယဝိက္ကယံ သမာပဇ္ဇေယျ-၌ ကီဓာတ်ဖြင့် ပြီးသော ကယသဒ္ဒါကဲ့သို့ တခုတည်းသော ပုဒ်ဖြင့်ပြီး၍ ပုဒ်ကို အသီး အသီး ဖြတ်ပိုင်းခွဲဝေခြင်းငှါ မထိုက်သော သဒ္ဒါမဟုတ်၊ ပုဒ်နှစ်ခုဖြင့် ပြီးသော သဒ္ဒါဖြစ်သောကြောင့် ပုဒ်ကို ဖြတ်ပိုင်း ခွဲဝေသင့်ရကား ကွာယံ အဗလဗလော ဝိယ-၌ ကွာယံကို ကော အယံ-ဟူ၍, ကောယံမဇ္ဈေ သမုဒ္ဒ သ္မိံ-၌ ကောယံကို ကော အယံ-ဟူ၍ ပုဒ်ကို ဖြတ်ပိုင်း ခွဲဝေသကဲ့သို့ ဤ၌ ကာယောကို ကော အာယော-ဟူ၍ ဖြတ်ပိုင်းခွဲဝေ ရမည်လော ဟူဖွယ်ရှိ၍ ကုစ္ဆိတာနံ စသည်ကို ဆိုသည်၊ ကု အာယောဟု ပဒစ္ဆေဒပြုလေ ဟူလို။ ဤစောဒကသည် ပဒစ္ဆေဒ ပဒဝိဘာဂဖြင့် သံသယပြုသည်၊ ဝါ- ကာ ယောကို ကု အာယောဟု ပဒစ္ဆေဒ ပြုသင့်၏၊ ကုသဒ္ဒါ မူကား နာမ်ကု, နိပါတ်ကု ဟု နှစ်ပါးရှိသည်တွင်[၁] ကု ဘူမိပါပသတ္တေသု-ဟူ၍ နာမ်ဖြစ် သော ကုသဒ္ဒါသည် မြေဟူသော အနက်,ယုတ်မာခြင်းဟူသော အနက်, လက်နက်ဟူသော အနက်တို့ကို ဟောကြောင်းကို **အဘိဓာန်၌ ပြဆိုရကား** ကုံ ပထဝိံ ဓာရေတီတိ ကုဒ္ဓြေါ၊ ကုန္ဒြော ဝါ။ ကုံ ပထဝိံ ဒလတိ ပဒါ-

---

၁-ဤဂါထာသည် ကေကာ္ခရကောသ(၂၂) ဂါထာဖြစ်သည်။ အဘိဓာန် ဂါထာနံပါတ် (၁၀၉၇)၌ ကပါပေ သတ္တကုစ္ဆနေ-ဟု ကုသဒ္ဒါအနက် ပြဆိုသည်။

လတိ စေတေနာတိ ကုဒါလော-ဟူသည် တို့နှင့်အညီ မြေကို သည်ပိုး ဆောင်ယူတတ်သောကြောင့် ခြသတ္တဝါကို ကုဒ္ဒ, ကုန္ဒ ဟူရာ၊ မြေကို ခွဲပေါက်ကြောင်းဖြစ်၍ ပေါက်တူးကို ကုဒါလ-ဟူရာ စသည်တို့၌ မြေကို ဟောသော ကုသဒ္ဒါ, ကု ပါပေါ မိတ္တော ကုမိတ္တော-စသည်တို့နှင့် အညီ ယုတ်မာသော အဆွေခင်ပွန်းကို ကုမိတ္တ စသည်ဟူရာတို့၌ ယုတ်မာခြင်း အနက်ကို ဟောသော ကုသဒ္ဒါ, ကု ဝိယ သတ္တံ ဝိယ ဂဏှန္တာနံ ဥဘယ-ဘာဂဂတံ ဟတ္ထပဒေသံ သယတိ ဆိန္ဒတီတိ ကုသော-ဟူသည်နှင့် အညီ မိမိကို ကိုင်ဆုပ်သော သူတို့၏ နှစ်ဖက်သော အဖို့၌ တည်သော လက်-အရပ်ကို ရှဖြတ်တတ်သောကြောင့် သမန်းမြက်သည် ကုသ မည်၏ ဟူရာစသည်တို့၌ လက်နက်ကိုဟောသော ကုသဒ္ဒါတို့ကဲ့သို့ ဤ၌ ကုသဒ္ဒါ သည်လည်း ဘူမိ,ပါပ,သတ္ထအနက်တို့တွင် တပါးပါးကို ဟောသောနာမ် ပုဒ် ကုလေလော ဟူဖွယ်ရှိ၍ ကုစ္ဆိတာနံ စသည်ကို မိန့်သည်။ ယင်းဖြင့် နာမ်ပုဒ်မဟုတ် နိပါတ်ဟု ပြသည်။ ဤစောဒကကား ကု အာယော-ဟူ သော ပဒစ္ဆေဒ ပဒဝိဘာဂ၌ သန္နိဋ္ဌာန်ထား၍ **နာမ်ပုဒ်ကုဖြင့်** ပသင်ပြု သည်။ ယခင်ပြခဲ့သော **ကောက္ခရကောသ ဋီကာ** အလို ခြသတ္တဝါဟော ကုန္ဒသဒ္ဒါ၌ ဒန္တဇစတုတ္ထက္ခရာနှင့်လို၏။ ကုထိ၊ ပုထိ၊ လုထိဟိံသာယံ။ ကုန္ထတိ၊ ကုန္ထော၊ ကုန္ထကိပိလ္လိကံ-ဟူသော **သဒ္ဒနီတိ** အလိုသော် ဒန္တဇ ဒုတိယက္ခရာနှင့် လိုသည်။

ဝါ-ကာယော၌ ကုသည် နိပါတ်ဖြစ်၍ ကုစ္ဆိတေ ကောပ္ပကေ ဗျယံ (ကောက္ခရ-၂၂) ဟူသည်နှင့်အညီ စက်ဆုပ်ရွံရှာခြင်း ကုစ္ဆန အနက်၊ အနည်းငယ် ဟူသော အပ္ပကအနက်တို့၌ ဖြစ်ရကား ကုစ္ဆိတတ္ထ,အပ္ပကတ္ထ နှစ်ပါး တွင် ကု အပ္ပကံ လဝနံ တေဿတိ ကာလဝနံ-ဟူသည်နှင့်အညီ နည်းသော ဆားရှိသော ဆားပေါ့သော လက်သုပ် ဟင်းလျာ စသည်ကို ကာလဝန ဟူရာ၌ ကုနိပါတ်သည် အပ္ပကတ္ထကို ဟောသကဲ့သို့ ဤ၌ ကုနိပါတ်လည်း အပ္ပကတ္ထကို ဟောသလော ဟူဖွယ်ရှိ၍ ကုစ္ဆိတာနံ စသည်မိန့်။ ကုစ္ဆိတ ဟောဟု ပြသည်။ **ကုကိုနိပါတ်**၌ သန္နိဋ္ဌာန်ထား၍ အပ္ပကတ္ထဖြင့် ပသင် ပြုသည်။

ကာယော၌ ကု အာယောဟူသော ပဒဝိဘာဂ ပဒစ္ဆေဒဖြင့် ကု၏ နိပါတ်အဖြစ်, ထိုကု၏ ကုစ္ဆိတတ္ထတို့ကို ဆရာပြ၍ သိရပေပြီ။ အာယောသည်

"ပဋ္ဌိ ဝိသုံ ပဒံ ပဋ္ဌိပဒံ၊ တဒေဝ ပါဋ္ဌိပဒိကံ"ဟူသည်နှင့် အညီ အသီးအခြား ပုဒ်တပါးပင်ဖြစ်၍ ပါဋ္ဌိပဒိက မည်၏။ ထိုက်သည် အားလျော်စွာ သမာသ်, တဒ္ဓိတ်,ကိတ်တို့ဖြင့် ပြီးစေအပ်သော နိပ္ဖန္နပါဋ္ဌိပဒိကပုဒ်, သမာသ် စသည် တွင် တစုံတခုမျှဖြင့် မပြီးစေအပ်သော အနိပ္ဖန္နပါဋ္ဌိပဒိကပုဒ် အားဖြင့် နှစ်မျိုးသော ပါဋ္ဌိပဒိက ပုဒ်တို့တွင် သမာသ်စသည် တစုံတခုမျှဖြင့် မပြီး စေအပ်သော အနိပ္ဖန္နပါဋ္ဌိပဒိကလော ဟူဖွယ်ရှိ၍ "အာယော ပဝတ္တိဋ္ဌာနံ" ကိုမိန့်၊ ကိတ်ဖြင့်ပြီးသော နိပ္ဖန္နပါဋ္ဌိပဒိက ဟူလို။ **ပါဋ္ဌိပဒိက၌** သန္နိဋ္ဌာန် ထား၍ အနိပ္ဖန္နအဖြစ်၌ သံသယပြုသည်။

ဝါ- အာယော၌ ဣသည်၊ ဝါ-အယသည် ကြိယာသခ်ါတံ အတ္ထံ ဓာရေ တီတိ ဓာတု-ဟူသည်နှင့်အညီ၊ ကြိယာဟူသော အနက်ကို ဆောင်တတ် ဟောပြတတ်သောကြောင့် ဓာတ်မည်၏၊ ဓာတ်ဟူကလည်း—

အနေကတ္ထာ ဟိ ဓာတဝေါ၊ ဓာတုသဒ္ဒေါ အနေကတ္ထော။

ဥပသဂ္ဂနိပါတာ စ၊ ပစ္စယာ ဓာတဝေါ စိမေ။

နေကေနေကတ္ထဝိသယာ၊ ဣတိ နေရုတ္တိကာပြဝုံ—

ဟူသည်တို့နှင့်အညီ ဥပသာရ,နိပါတ်, ဓာတ်, ပစ္စည်းတို့သည် အရေအတွက် အားဖြင့် များကုန်၏။ ထိုတွင် တပါးတပါးသော ဥပသာရ, တပါးတပါး သော နိပါတ်, တပါးတပါးသော ပစ္စည်း, တပါးတပါးသော ဓာတ်သည် ပင် များစွာများစွာသော အနက်ရှိရကား ဣဓာတ်သည်၊ ဝါ- အယဓာတ် သည် ဟောအပ် ဟောနိုင်သော အနက်အများတွင် ဤ၌ အဘယ်အနက် ကို ဟောလေသနည်း ဟူဖွယ်ရှိ၍ "ပဝတ္တိဋ္ဌာနံ" ကိုမိန့်၊ ပဝတ္တန အနက်ကို ဟောသည် ဟူလို။ **ဓာတ်၌** သန္နိဋ္ဌာန်ထား၍ အနက်သာမညဖြင့် ပသင် ပြုသည်။

ဝါ၊ အယ ဂတိမှိ ဟူသည်နှင့် အညီ အယဓာတ်သည် ဂတိအနက်ကို ဟော၏။ ပဝတ္တနဂတိ, ဉာဏဂတိ, ပါပုဏနဂတိ ဟူသော ဂတိသုံးပါးတို့ တွင် ဤ၌ အယဓာတ်သည် ဉာဏဂတိ,ပါပုဏန ဂတိတို့ကို ဟောသလော ဟူဖွယ်ရှိ၍ "ပဝတ္တိဋ္ဌာနံ"ကိုမိန့်၊ ဤ၌ ပဝတ္တနဂတိကိုသာ ဟောသည်၊ ဉာဏ ဂတိ, ပါပုဏနဂတိတို့ကို မဟောဟူလို။ ဤစောဒကကား **အယဓာတ်ကို ဂတိအနက်၌** သန္နိဋ္ဌာန်ထား၍ ဉာဏဂတိ, ပါပုဏနဂတိ တို့ဖြင့် ပသင်

ပြုသည်။ ဝါ၊ အာယောသည် အယခေတ် ဏပစ္စည်း အဆုံးရှိသော ကိတ်ပုဒ်ဖြစ်၍ ထိုဏပစ္စည်းသည် ဥပသဂ္ဂနိပါတာ စ၊ ပစ္စယာ ခေတဝေါ စိမေ- စသည်နှင့်အညီ များစွာသော အနက်လျှင် ဟောရာရှိရကား ကတ္တား ကရိုဏ်း စသည်တို့တွင် တပါးပါးကိုဟော၍ အာယသဒ္ဒါကို အယတိ ပဝတ္တတီတိ အာယော၊ အယတိ ပဝတ္တတိ ဧတေနာတိ အာယော-စသည် ဖြင့် ကတ္တု သာဓနစသည် ပြုရမည်လော ဟူဖွယ်ရှိ၍ "ပဝတ္တိဋ္ဌာနံ"ကို မိန့်၊ အဓိကရဏအနက်ကို ဟောသည်ဖြစ်၍ အယတိ ပဝတ္တတိ ဧတ္ထာတိ အာယော-ဟု အဓိကရဏသာဓနပြုလေ ဟူလို။ **ကိတ်ပုဒ်အဖြစ်၌** သန္နိဋ္ဌာန် ထား၍ ပစ္စယတ္ထသာမည့သာဓနသာမညဖြင့် ပသင်ပြုသည်။

ကရဏာကရောတိ မဟာကရဏာယ ဥပ္ပတ္တိဋ္ဌာနဘူတော——**အဘိဓာန် ဋီကာ** စသည်မှာကဲ့သို့ ကိတ်ပစ္စည်း၏ အနက်ကို ဌာနသဒ္ဒါဖြင့် ပြဆိုသော အရာ ဟူသမျှ၌ အဓိကရဏတ္ထပြ၊ အဓိကရဏသာဓနပြ ဟူ၍မှတ်။ ကာယော သည် ကု ဟူသော နိပါတ်ပုဒ်နှင့် အာယောဟူသော ကိတ်ပုဒ်ကို ချဉ်း၍ ပြီးရကား ပုဒ်ချင်းချင်း ချဉ်း၍ပြီးသည်ကို သမာသ် ဟူသည်နှင့်အညီ သမာသ်ပုဒ်တည်း။ သမာသ်ဟူကလည်း သမာသ်သည် ရှေ့ပုဒ်၏ အနက် လျှင် ပြဋ္ဌာန်းခြင်းရှိသော ပုဗ္ဗပဒတ္ထပဓာန သမာသ်, နောက်ပုဒ်၏ အနက် လျှင် ပြဋ္ဌာန်းခြင်းရှိသော ဥတ္တရပဒတ္ထပဓာန သမာသ်,နှစ်ပုဒ်လုံး၏ အနက် လျှင် ပြဋ္ဌာန်းခြင်းရှိသော ဥဘယပဒတ္ထပဓာနသမာသ်, သမာသ်ပုဒ်မှတပါး အခြားသောပုဒ်၏ အနက်လျှင် ပြဋ္ဌာန်းခြင်းရှိသော အညပဒတ္ထပဓာန သမာသ်အားဖြင့် လေးပါးရှိသည်။

ထိုတွင် အဗျယီဘာဝသမာသ် ဟူသမျှသည် ရှေ့ပုဒ်၏ အနက်သာလျှင် ပြဋ္ဌာန်းခြင်းရှိသောကြောင့် ပုဗ္ဗပဒတ္ထပဓာန သမာသ်မည်၏။ ကမ္မဓာရယ် သမာသ်, ဒိဂုသမာသ်, တပ္ပုရိသ် သမာသ်သည် နောက်ပုဒ်၏ အနက်သာ လျှင် ပြဋ္ဌာန်းခြင်းရှိသောကြောင့် ဥတ္တရပဒတ္ထပဓာန သမာသ်မည်၏။ ဒွန္ဒ သမာသ်သည် နှစ်ပုဒ်လုံး၏ အနက်ပြဋ္ဌာန်းခြင်း ရှိသောကြောင့် ဥဘယ ပဒတ္ထပဓာန သမာသ်မည်၏။ ဗဟုဗ္ဗီဟိသမာသ်ဟူသမျှသည် သမာသ်ပုဒ်မှ တပါးသော အညပုဒ်၏ အနက် ပြဋ္ဌာန်းခြင်း ရှိသောကြောင့် အည ပဒတ္ထပဓာန သမာသ်မည်၏။

ထိုတွင် ဤကာယောကို ပုဗ္ဗပဒတ္ထပဓာနဖြစ်၍ အဗျယီဘာဝ သမာသ် ပြုရအံ့လော စသည်ဖြင့် မေးဖွယ်ရှိ၍ ကုန္တိတာနံ စသည်ကိုမှီ၍၊ ဥတ္တရ ပဒတ္ထပဓာန တပ္ပုရိသ်ပြုလေ ဟူလို။ ကာယောကို **သမာသ်အဖြစ်၌** သန္နိဋ္ဌာန်ထား၍ ပုဗ္ဗပဒတ္ထပဓာန စသည်ဖြင့် ပယင်္ဂပြုသည်၊ ဒွန်သမာသ်ကို ဥဘယပဒတ္ထပဓာန ဟူရာ၌ ဈာန်ဟူက နည်းစွအဆုံး ဈာန်အင်္ဂါ နှစ်ပါး အောက် မယုတ်မလျော့ကောင်း သကဲ့သို့ သမာသ်ဟူက နည်းစွအဆုံး နှစ်ပုဒ်အောက် မယုတ်မလျော့ကောင်းသည်ကို ရည်၍ ဥပလက္ခဏအားဖြင့် သာ ဥဘယပဒတ္ထပဓာနဟု ဆိုသည်။ နှစ်ပုဒ်ထက် လွန်၍ သုံးပုဒ် လေးပုဒ် စသည်ရှိရာ၌ သုံးပုဒ် လေးပုဒ်စသော ပုဒ်အားလုံး အနက်ပင် ပြဋ္ဌာန်း၏။

ပဝရသုရာသုရဂရုဠမနုဇဘုဇဂဂန္ဓဗ္ဗမကုဋ- စသည်ဟူရာ၌ ခြောက်ပုဒ် ရှိ၏၊ စဏ္ဍဟတ္ထိအဿမိဂဂေါဏကုက္ကုရအဟိဝိစ္ဆိကမဏိသပ္ပဒီပိ အစ္ဆတရစ္ဆ သူကရမဟိံသ ယက္ခ ရက္ခသ-ဟူရာ၌ တဆဲ့ငါးပုဒ်ရှိ၏၊ ရှိသမျှပုဒ်၏ အနက် ပြဋ္ဌာန်းသည်ချည်းဟုမှတ်။ **တနည်းလည်း**....ဤကာယောသည် အာယ ဟူသော နောက်ပုဒ်၏အနက် ပြဋ္ဌာန်းသောကြောင့် ဥတ္တရပဒတ္ထပဓာန သမာသ်တည်း။ ထိုဥတ္တရပဒတ္ထပဓာန သမာသ်သည်လည်း သမာသ်ပုဒ် ချင်းချင်း ဒြဗ်အနက်အားဖြင့် တူသောအနက်ရှိသော တုလျာဓိကရဏ ဥတ္တရပဒတ္ထပဓာနသမာသ်, သမာသ်ပုဒ်ချင်းချင်း ဒြဗ်အနက်အားဖြင့် ပြားသောအနက်ရှိသော ဥတ္တရပဒတ္ထပဓာနသမာသ်ဟူ၍ နှစ်ပါးပြားသေး သည်။ ထိုတွင် ကမ္မဓာရယ်,ဒိဂုတို့သည် ပုဒ်နှစ်ခုတွင် ရှေ့ပုဒ်သည် ဂုဏ်ကို ပဓာနအားဖြင့် ဒြဗ်ကို အပဓာနအားဖြင့်သာ ဟော၍ နောက်ပုဒ်ဖြင့်သာ ဒြဗ်ကို ပဓာနအားဖြင့် ဟောသည်ဖြစ်၍ရင်း၊ ပုဒ်နှစ်ပါးတို့၏ အနက်သည် သကတ်, ဂုဏ်အားဖြင့်သာ ပြား၍ ဒြဗ်အားဖြင့် မပြားရကား ဒြဗ်အနက် အားဖြင့် တူသောအနက်ရှိသည်ဖြစ်၍ရင်း ဥတ္တရပဒတ္ထပဓာနတုလျာဓိ- ကရဏ သမာသ် မည်ကုန်၏။ ကမ္မဓာရယ်,ဒိဂုတွင် တုလျာဓိကရဏ ဖြစ်၍ သချာရှေ့ရှိမူ ဒိဂု၊ သချာရှေ့မရှိ သာမည တုလျာဓိကရဏသာ ဖြစ်မူ ကမ္မဓာရယ်။

သမာသ်ပုဒ်ချင်းချင်း ဒြဗ်အနက်အားဖြင့်မတူသော ပြားသော အနက် ရှိသောကြောင့်ရင်း၊ နောက်ပုဒ်၏ အနက်သာ ပြဋ္ဌာန်းသောကြောင့်ရင်း တပ္ပုရိသ် သမာသ်သည် ဥတ္တရပဒတ္ထပဓာနဘိန္နာဓိကရဏ သမာသ်မည်၏။

ထိုနှစ်ပါးတွင် ကုစ္ဆိတော ဒေသော ကုဒေသော-မှာကဲ့သို့ ဤ၌လည်း တုလျာဓိကရဏဖြစ်၍ ကုစ္ဆိတော အာယော ကာယော-ဟု ကမ္မဓာရယ် သမာသ်ပြုရအံ့လော ဟူဖွယ်ရှိ၍ ကုစ္ဆိတာနံ စသည်မိန့်၊ နောက်ပုဒ်၏ အနက်ပြဋ္ဌာန်း၍ ဥတ္တရပဒတ္ထပဓာန ဖြစ်ရုံသာ မဟုတ်သေး၊ သမာသ် နှစ်ပါးသည် စင်စစ် ဒြဗ်အနက်အားဖြင့် ပြားသောအနက်လည်း ရှိရကား ဘိန္နာဓိကရဏတပ္ပုရိသ်သာ ပြုလေဟူလို။ ကာယောကို **ဥတ္တရပဒတ္ထပဓာန**၌ သန္နိဋ္ဌာန်ထား၍ တုလျာဓိကရဏဖြင့် ပသင်္ဂပြုသည်။

ဝါ- ဤကုပုဒ် အာယပုဒ်တို့သည် ဒြဗ်အားဖြင့် ပြားသောအနက်ရှိသော ကြောင့်ရင်း, နောက်ပုဒ်၏အနက်သာ ပြဋ္ဌာန်းသောကြောင့်ရင်း ကာယောကို စင်စစ် တပ္ပုရိသ်သာ ပြုသင့်၏၊ ဒုတိယာတပ္ပုရိသ် စသော တပ္ပုရိသ် ခြောက်ပါးတွင်ကား အမှတ်မဲ့ တပါးပါး ပြုကောင်းအံ့လော ဟူဖွယ် ရှိ၍ ကုစ္ဆိတာနံ စသည်မိန့်။ "ကရဏသာဓ်၊ အဓိကရဏသာဓ်၊ နောက်ကိုမှတ်၊ ရှေ့ပါ၌ဆဋ္ဌီ တွဲမြဲပြီ" ဟူသော နိယံနှင့်အညီ နောက်ပုဒ် ကို ကရဏသာဓနသော်ရင်း၊ အဓိကရဏသာဓနသော်ရင်း ပြုသည်ဖြစ်အံ့၊ ရှေ့ပုဒ်ကို ထိုနောက်ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ် တွဲမြဲဖြစ်ရကား ဤ၌လည်း အာယ ဟူသော နောက်ပုဒ်သည် အယတိ ပဝတ္တတိ ဧတ္ထာတိ အာယော ဟူသော အဓိကရဏသာဓနဖြင့်ပြီးသော ပုဒ်ဖြစ်သောကြောင့် ကု ဟူသော ရှေ့ပုဒ်ကို အာယ ဟူသော နောက်ပုဒ်နှင့် ဆဋ္ဌီတပ္ပုရိသ် တွဲလေ ဟူလို။ ဤ စောဒကကား ကာယောကို **တပ္ပုရိသ်သမာသ်** အဖြစ်၌ သန္နိဋ္ဌာန် ထား၍ ဒုတိယာ တပ္ပုရိသ် စသည်ဖြင့် ပသင်္ဂပြုသည်။ ယခင်နိယံ၌ "ရှေ့ပါ၌ ဆဋ္ဌီ တွဲမြဲပြီ" ဟု သမာသ်အရာကိုသာ ဆိုသည်ကား ဥပလက္ခဏ, နိဒဿနသာ တည်း၊ စုဏ္ဏိယ၌လည်း ဤအတိုင်း ဆဋ္ဌီနှင့် နေမြဲဟု မှတ်လေ။

ဝါ- ဤကာယော၌ ကုဟူသော ရှေ့ပုဒ်သည် နိပါတ်ပုဒ်တည်း၊ နိပါတ် ဖြစ်ကလည်း "ဥပသဂ္ဂနိပါတပုဗ္ဗကော အဗျယီဘာဝေါ" ဟူ၍ ဥပသာရပုဒ် နိပါတ်ပုဒ် ရှေ့ရှိသော သမာသ်ကို အဗျယီဘော သမာသ် ဟူ၍ ကစ္စည်း မထေရ် မိန့်ဆိုတော်မူသောကြောင့် ဤ၌လည်း ကု ဟူသောနိပါတ် ရှေ့ရှိ ရကား ကာယောကို အဗျယီဘောသမာသ် ပြုရအံ့လော ဟူဖွယ်ရှိ၍ ကုစ္ဆိ တာနံ စသည်မိန့်။ ဥပသာရပုဒ် နိပါတ်ပုဒ် ရှေ့ရှိရုံမျှနှင့် အဗျယီဘော သမာသ်ဟု မဆိုရ မဆိုအပ်၊ အဗျယီဘောသမာသ် ဟူသမျှသည် ပုဗ္ဗပဒတ္ထ

ပဓာနချည်းသာ ဖြစ်၍ "လိင်္ဂဝိဘတ္တိဝစနေဟိ န ဗျယန္တိ န ဝိနဿန္တီတိ အဗျယာ" ဟူသည်နှင့်အညီ လိင် ၃-ပါး ဝိဘတ်ခုနစ်သွယ် ဝုစ်နှစ်ပါးတို့ကြောင့် ပုဒ်နေမခြား ပျက်ပြားသွင်းယိုခြင်းမရှိ ပကတိအတိုင်း တည်သည်ဖြစ်၍ ဥပသာရပုဒ် နိပါတ်ပုဒ်တို့သည် အဗျယ မည်ကုန်၏။ "အဗျယာနံ အတ္ထံ ဘာဝေတိ ပကာသေတီတိ အဗျယီဘာဝေါ" ဟူသည်နှင့်အညီ ထိုအဗျယမည်သော ဥပသာရပုဒ် နိပါတ်ပုဒ် ဟူသော ရှေ့ပုဒ်တို့၏ အနက်ကိုလည်း ပဓာနအားဖြင့် ဟောပြတတ်ပါမှ အဗျယီဘော မည်ရကား ဤ၌ကုနိပါတ် ရှေ့ရှိသော်လည်း ထိုကု၏ အနက်မပြဋ္ဌာန်း၊ အာယော ဟူသောနောက်ပုဒ်၏အနက်သာပြဋ္ဌာန်း၍ ဥတ္တရပဒတ္ထပဓာနသမာသ်သာ ဖြစ်သောကြောင့် အဗျယီဘောသမာသ် မပြုသင့်၊ တပ္ပုရိသ်သာ ပြုလေဟု ပြသည်။ ဤစောဒကကား ကုနိပါတ် ရှေ့ရှိရုံမျှကိုထောက်၍ **အဗျယီဘောသမာသ်** ဖြင့် ပသင်္ဂပြုသည်။

ကာယောဝ၌ နိပါတ်ဖြစ်သော ကု၏ အနက်ကို ကုစ္ဆိတာနံဟု ဖွင့်ပြသောကြောင့် ကု၏သဒ္ဒတ္ထကို သိရပေပြီ၊ ထိုကုသဒ္ဒါသည် ဟောအပ်သောအဘိဓေယျတ္ထကား အဘယ်နည်း ဟူဖွယ်ရှိ၍ "ပါပဓမ္မာနံ" ကို မိန့်ဆိုရပြန်သည်။ ဝါ- နိပါတ်ကု၏ အနက်ကို ကုစ္ဆိတာနံဟု ဖွင့်ပြ၏၊ ကုစ္ဆိတအရ ကုစ္ဆိတ သရုပ်ကား အဘယ်နည်း စက်ဆုပ်ရွံရှာဖွယ် ဝတ္ထုအနက်ဟူသမျှကိုပင် ဤအရာ၌ ကုစ္ဆိတဟု ယူရမည်လော ဟူဖွယ်ရှိ၍ ပါပ-ဓမ္မာနံ မိန့်၊ စက်ဆုပ်ရွံရှာဖွယ် အနက်ဝတ္ထု ဟူသမျှကို ကုစ္ဆိတဟု မယူရ၊ ဤအရာ၌ ပါပဓမ္မကိုသာ ယူပါလေဟူလို။ ကု၏ အနက်အရကို ကုစ္ဆိတာနံ ဟူ၍သာ ဖွင့်ပြချေသော် ကုစ္ဆိတသဒ္ဒါသည် စက်ဆုပ်ဖွယ် အနက်ဝတ္ထုဟူသမျှ အလုံးစုံနှင့် ဆက်ဆံသည်ဖြစ်၍ ဤ၌ လိုရင်းပါပဓမ္မမှ ရှေးမကကုစ္ဆိတဝတ္ထုရှိသမျှကိုပင် လိုအပ်၏ဟု လိုရင်းပါပဓမ္မထက် ပိုလွန်ပြန့်နှံ့ခြင်းအတိဗျာပိတဒေါသရောက်သောကြောင့် ပါပဓမ္မာနံဖြင့် ယင်းသည့် ဒေါသကို ပယ်နုတ်ရသည်။

"သံဝဏ္ဏိယတေတိ သံဝဏ္ဏေတဗ္ဗော" ဟူသည်နှင့် အညီ ဖွင့်ပြအပ်သောပုဒ် စသည်သည် သံဝဏ္ဏေတဗ္ဗ မည်၏။ "သံဝဏ္ဏိယတိ သံဝဏ္ဏေတဗ္ဗသအတ္ထော ဧတေနာတိ သံဝဏ္ဏနာ" ဟူသည်နှင့်အညီ သံဝဏ္ဏေတဗ္ဗစကား၏အနက်ကို ဖွင့်ပြကြောင်းဖြစ်သော စကားသည် သံဝဏ္ဏနာ မည်၏။ နာမ်

ဝိဘတ်,အာချာတ် ဝိဘတ်တို့သည် ဗာဟျလည်း မည်သည်ဖြစ်၍ ထိုဝိဘတ်တို့၏ အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် ဝိဘတျတ္ထသံဝဏ္ဏနာ, ဗာဟျတ္ထသံဝဏ္ဏနာမည်၏။ တဒ္ဓိတ်ပစ္စည်း, ကိတ်ပစ္စည်းတို့သည်လည်း ဗာဟျမည်ရကား ထိုပစ္စည်းတို့၏ အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် ပစ္စယတ္ထသံဝဏ္ဏနာ, ဗာဟျတ္ထသံဝဏ္ဏနာမည်၏။ နာမ်ဝိဘတ်မှရှေ့, တဒ္ဓိတ်ပစ္စည်းမှရှေ့ဖြစ်သော သဒ္ဒါသည် ပကတိလည်းမည်, လိင်္ဂလည်းမည်, အန္တလည်းမည်ရကား ထိုသဒ္ဒါတို့၏ အနက်ကိုဖွင့်သော သံဝဏ္ဏနာသည် ပကတျတ္ထသံဝဏ္ဏနာ, လိင်္ဂတ္ထသံဝဏ္ဏနာ, အန္တတ္ထသံဝဏ္ဏနာမည်၏။ အာချာတ် ဝိဘတ်မှရှေ့,ကိတ်ပစ္စည်းမှ ရှေ့ဖြစ်သော ဓာတ်သည် အန္တလည်းမည်ရကား ထိုဓာတ်၏ အနက်ကို ဖွင့်သော သံဝဏ္ဏနာသည် ဓာတွတ္ထသံဝဏ္ဏနာ, အန္တတ္ထသံဝဏ္ဏနာမည်၏။

ဤ ကုစ္ဆိတာနံ ပါပဓမ္မာနံ အာယော ပဝတ္တိဋ္ဌာနံ-ဟူသော သံဝဏ္ဏနာ အပေါင်းတို့တွင် ကုစ္ဆိတသည် နိပါတ်ပုဒ်ဖြစ်သော ကုသဒ္ဒါကို ဖွင့်ပြသော သံဝဏ္ဏနာဖြစ်၍ ပဒတ္ထဖွင့် ပဒတ္ထပြ ပဒတ္ထသံဝဏ္ဏနာ, ဝါ- သဒ္ဒတ္ထဖွင့် သဒ္ဒတ္ထပြ သဒ္ဒတ္ထသံဝဏ္ဏနာ, ဝါ- ပကတျတ္ထဖွင့် ပကတျတ္ထပြ ပကတျတ္ထသံဝဏ္ဏနာ မည်၏။ နောက်ကိုလည်း ဤနည်းချည်းမှတ်၊ ကြိုက်ရာဆို။ လိင်္ဂတ္ထပြလည်း ဟူရ၏၊ အန္တတ္ထပြလည်း ဟူရ၏။ ပါပဓမ္မာနံကား ကု၏ အဘိဓေယျတ္ထပြ။ ဝါ၊ ကုစ္ဆိတ၏ သရူပတ္ထပြ။ ဣဓာတ်၏၊ ဝါ, အယဓာတ်၏ အနက်ကိုဖွင့်ပြသော ပဝတ္တိကား ဓာတွတ္ထပြ အန္တတ္ထပြ။ ပဝတ္တိဋ္ဌာနံ၌ ဌာနံကား ဏပစ္စည်း၏ အနက်ပြဖြစ်၍ ပစ္စယတ္ထပြ ဗာဟျတ္ထပြ။ ပဝတ္တိဋ္ဌာနံဖြင့် အာယသဒ္ဒါ၏ အယတိ ပဝတ္တတိ ဧတ္ထာတိ အာယော-ဟူသော အဓိကရဏသာဓနကို ပြသည်၊ ကုစ္ဆိတာနံ စသည်ဖြင့် ကုစ္ဆိတာနံ အာယောတိ ကာယော-ဟူသော တပ္ပုရိသ်သမာသ်ကို ပြသည်၊ ကာယိန္ဒြေ ကာယဝတ္ထု ကာယပသာဒရုပ်သည် စက်ဆုပ်အပ် စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့၏ ဖြစ်ရာဖြစ်၍ ကာယမည်သည် ဟူလို။

ကာယပသာဒရုပ်ဟူသော ကာယိန္ဒြေသည် စက်ဆုပ်အပ်သော ရာဂ အစရှိသော အကုသိုလ်တရားတို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယမည် ကြောင်းကို ကုစ္ဆိတာနံစသော စကားဖြင့် ပြဆိုတော်မူ၏၊ ထိုရာဂအစ

ရှိသော အကုသိုလ်တရားတို့သည် စိတ် ၈၉-ခု, အကျယ် ၁၂၁-ခုတို့တွင် အကုသိုလ်စိတ်နှင့်သာ ယှဉ်ကုန်သည်။ အကုသိုလ်စိတ် ဟူသမျှသည်လည်း ဝိညာဏဓာတ် ၇-ပါးတွင် မနောဝိညာဏဓာတ်သာ ဖြစ်သည်၊ မနော ဝိညာဏဓာတ် ဟူကလည်း ပဉ္စဝေါကာရ ဘုံ၌ဖြစ်ခိုက် ဝတ္ထုရုပ် ၆-ပါးတွင် ဟဒယဝတ္ထုရုပ်ကိုသာ ကေန်စင်စစ် မှီ၍ ဖြစ်သည်။ အလျှင်းပင် ပဉ္စပသာဒ ဝတ္ထုရုပ်တို့ကို မှီ၍ မဖြစ်ရကား တရံတဆစ်မျှ ကာယပသာဒဝတ္ထုရုပ်ကို မှီ၍မဖြစ်။ ထိုသို့ကာယိန္ဒြေဖြစ်သော ကာယပသာဒဝတ္ထုရုပ်၏ တရံတဆစ်မျှ အကုသိုလ်တို့၏ ဖြစ်ရာမဟုတ်ပါဘဲလျက်ကို စင်စစ်မုချ ကေန္တအားဖြင့် အကုသိုလ်တို့၏ ဖြစ်ရာဖြစ်သည်ကို ရည်၍ ကာယပသာဒဝတ္ထုဖြစ်သော ကာယိန္ဒြေ၏ အကုသိုလ်တို့၏ ဖြစ်ရာဖြစ်ကြောင်းကို ကုဿိတာနံ စသော စကားဖြင့် ပြဆိုချေသော် ထိုကုဿိတာနံ စသော ဆရာစကားသည် အမှား စင်စစ် အမှန်မသင့်သည်သာ ဖြစ်ရာ၏။ ဝါ- သူတပါးတို့ ချောက်ချား ယိမ်းယိုင် လှုပ်ရှားနိုင်၍ မသင့်မခိုင်ခံ့သော စကားသာဖြစ်ရာ၏ ဟူဖွယ်ရှိ၍ "ကာယိန္ဒြိယံ ဟိ" အစရှိသည်ဖြင့် ကုဿိတာနံ စသော ရှေးဆိုပြီးစကား၏ စင်စစ်ကေန် မှန်သည်၏အဖြစ်၊ သူတပါးတို့ မလှုပ်နိုင် ခံ့ခိုင်သောစကား၏ အဖြစ်ကို မြဲစေသည်။ ကုဿိတာနံ စသော ရှေ့စကားသည် ဒဠှီယ၊ ကာယိန္ဒြိ ယံ ဟိ စသော နောက်စကားသည် ဒဠှီကရဏ၊ ထိုနောက် ဝါကျ၌ရှိသော ဟိနိပါတ်ကား ဒဠှီဇောတက၊ ကာယိန္ဒြိယံ ဟိ တေသံ ပဝတ္တိဋ္ဌာနံ ဝိယ ဂယှ- တိသာ ပဓာန။ ဟဒယဝတ္ထုသာ စင်စစ်အကုသိုလ်တို့၏ ဖြစ်ရာဖြစ်၍ ကာယ ပသာဒဝတ္ထု ဟူသော ကာယိန္ဒြေသည် စင်စစ်ပင် အကုသိုလ်တို့၏ ဖြစ်ရာ မဟုတ်သော်လည်း ထိုကာယိန္ဒြေကို မုချစင်စစ် အကုသိုလ်တို့၏ ဖြစ်ရာဟု ငါမဆို၊ ထိုအကုသိုလ်တို့၏ ဖြစ်ရာကဲ့သို့သာ ဆိုအပ်ရကား ကုဿိတာနံ စသော ငါ့စကားသည် သင့်ပါမှန်ပါ၏ ဟူလို။

ကာယိန္ဒြေသည် စင်စစ်အကုသိုလ်တို့၏ ဖြစ်ရာ မဟုတ်ပါဘဲလျက်ကို အဘယ်ကြောင့် ယင်းတို့၏ ဖြစ်ရာကဲ့သို့ ဆိုအပ်သနည်း ဟူဖွယ်ရှိ၍ "ပါပ ဓမ္မာနံ ကာရဏ"န္တိကို မိန့်သည်။ အကုသိုလ်တို့၏ အကြောင်း ဖြစ်သော ကြောင့် ထိုကာယိန္ဒြေကို ယင်းတို့၏ ဖြစ်ရာကဲ့သို့ ဆိုအပ်သည် ဟူလို။ ယင်းသို့ အကုသိုလ်တို့၏ အကြောင်းဖြစ်သောကြောင့် ဖြစ်ရာကဲ့သို့ ဆိုအပ် သည်ဟူသော် ဤကာယိန္ဒြေသာ အကုသိုလ်တို့၏ အကြောင်းဖြစ်သည်

မဟုတ်၊ ကြွင်းသော ပသာဒိန္ဒြေတို့လည်း အကုသိုလ်တို့၏ အကြောင်း ဖြစ်ကုန်သည်ချည်း ဖြစ်၍ ကာယိန္ဒြေကိုသာ အကုသိုလ်တို့၏ အကြောင်း ဖြစ်သည်ဟု မဆိုသင့်ရာ၊ ထိုသို့လျက် အဘယ်ကြောင့် ကာယိန္ဒြေကိုသာ အကုသိုလ်တို့၏ အကြောင်းဖြစ်သည်ဟု ဆိုလေသနည်း ဟူဖွယ်ရှိ၍ ဝိသေသ ဟူသော ဝိသေသနကို ဆိုပြန်ရသည်။

> [ပသာဒိန္ဒြေ ၅-ပါးလုံးပင် အကုသိုလ်တို့၏ အကြောင်း ဖြစ်သော်လည်း ကြွင်း ၄-ပါးတို့သည် သာမည အကြောင်းသာ ဖြစ်သည်၊ ဤကာယိန္ဒြေသာ ယင်းတို့၏ ထူးသော ဝိသေသ အကြောင်း ဖြစ်သောကြောင့် ကာယိန္ဒြေကိုသာ အကုသိုလ်တို့၏ အကြောင်း ဖြစ်၏ဟု ဆိုရသည် ဟူလို။]

ကာယိန္ဒြေသည် အဘယ်ကြောင့် ကြွင်းပသာဒိန္ဒြေတို့ထက်ပင် ထူးသော ဝိသေသအကြောင်း ဖြစ်ရလေသနည်း ဟူဖွယ်ရှိ၍ ဖောဋ္ဌဗ္ဗဂ္ဂဟဏ သဘာဝတ္တာ ဟူသော ဟိတ်ကို ဆိုပြန်ရသည်။ ကြွင်းပသာဒိန္ဒြေတို့သည် ဖောဋ္ဌဗ္ဗာရုံကို ယူခြင်းသဘောမရှိ၊ ဤကာယိန္ဒြေသာ ဖောဋ္ဌဗ္ဗာရုံကို ယူခြင်းသဘော ရှိသည်၏ အဖြစ်ကြောင့် ယင်းသာ အကုသိုလ်တို့၏ ဝိသေသအကြောင်း ဖြစ်သည်ဟူလို။ ဖောဋ္ဌဗ္ဗာရုံကို ယူခြင်းသဘောရှိသောကြောင့် ကာယိန္ဒြေ သည် အကုသိုလ်တို့၏ ဝိသေသအကြောင်း ဖြစ်သည်ဟူ၏၊ ထိုကာယိန္ဒြေ သည် အဘယ် အကုသိုလ်တို့၏ ဝိသေသအကြောင်း ဖြစ်လေသနည်း ဟူဖွယ် ရှိ၍ တဒဿာဒဝသပဝတ္တာနံမိန္န်။ ထိုဖောဋ္ဌဗ္ဗာရုံကို သာယာသည်၏ အစွမ်းဖြင့် ဖြစ်သော ဖောဋ္ဌဗ္ဗတဏှာ အစရှိသော ပါပဓမ္မတို့၏ ဝိသေသ အကြောင်းဖြစ်သည် ဟူလို။ ဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့် ဖြစ်ကုန်သော ပါပဓမ္မတို့၏ ဝိသေသအကြောင်းဖြစ်သည် ဟူ၏၊ ထိုကာယိန္ဒြေသည် ယင်းဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့်ဖြစ်သော ပါပဓမ္မတို့၏သာ ဝိသေသ အကြောင်း ဖြစ်လေသလော ဟူဖွယ်ရှိ၍ စ-ဟူသော သမုစ္စယတ္ထ နိပါတ်ကို ဆိုရပြန်သည်။

"သမုစ္စယတ္ထ၊ အဖြေပြမူ၊ ဝေတ္ထနှင့်စုဒ်"ဟူသည်နှင့်အညီ သမုစ္စယတ္ထဖြင့် ပြသည်ကို မြင်သောကြောင့် ဝေတ္ထနှင့် စောဒနာသည်။ ထမင်းကိုသာ စားလိုသလောဟု မေးရာ၊ ထမင်းကိုလည်း စားလိုပါသည်ဟု ဖြေဆိုသည် ရှိသော်၊ ထမင်းကိုလည်း စားလိုသည်၊ တပါး အာဟာရကိုလည်း စားလို

သည်ဟု ဆိုရာ ရောက်သကဲ့သို့ ဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့် ဖြစ်သော ပါပဓမ္မတို့၏သာ ဝိသေသကာရဏဖြစ်သလော မေးရာ၊ ဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့်ဖြစ်သော ပါပဓမ္မတို့၏လည်း ဝိသေသအကြောင်း ဖြစ်၏ဟု ပြေဆိုသောကြောင့် ယင်းတို့၏သာ ဝိသေသအကြောင်း ဖြစ်သည်မဟုတ်၊ ယင်း ပါပဓမ္မတို့၏လည်း ဝိသေသအကြောင်းဖြစ်၏၊ တပါးသော ပါပဓမ္မ တို့၏လည်း ဝိသေသအကြောင်းဖြစ်၏ဟု စသဒ္ဒါဖြင့် အနက်တပါးကို စည်းယူ၍ ပြသောကြောင့် ဤစ-သဒ္ဒါကား သမုစ္စယတ္ထ၊ သမုစ္စည်း အနက် ရှိသော စ-သဒ္ဒါကိုဆို၏၊ ထိုသမုစ္စယတ္ထ စ-သဒ္ဒါဖြင့် စည်းအပ်ပေါင်းအပ် သော သမုခ္စေတဗ္ဗအတ္ထရှိပါ၏လော၊ သမုစ္စေတဗ္ဗအတ္ထမရှိဘဲ သမုစ္စယတ္ထ စ-သဒ္ဒါကိုသာ ဆိုခဲ့သော် သမုစ္စယ သမုစ္စေတဗ္ဗ ဆန့်သော ဝိရောဓိဒေါသ ရောက်၏ ဟူဖွယ်ရှိ၍ တံမူလိကာနံကို မိန့်ပြန်ရသည်။ ကာယိန္ဒြေသည် ဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့်ဖြစ်သော ပါပဓမ္မတို့၏သာ ဝိသေသ အကြောင်းဖြစ်သည် မဟုတ်၊ ထိုဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့်ဖြစ်သော ပါပဓမ္မလျှင် အကြောင်းရင်း အကြောင်းခံရှိသော တပါးသော ပါပဓမ္မ တို့၏လည်း ဝိသေသ အကြောင်းဖြစ်၏။ ဤသို့ စ-သဒ္ဒါဖြင့် စည်းအပ်သော သမုစ္စေတဗ္ဗ မရှိသည် မဟုတ်၊ ဖောဋ္ဌဗ္ဗဿာဒ၏ အစွမ်းဖြင့်ဖြစ်သော ပါပ ဓမ္မတို့မှတပါး တံမူလိက ဖြစ်သော ပါပဓမ္မတို့ကို စည်းအပ် ပေါင်းယူ အပ်သည်ဖြစ်၍ သမုစ္စေတဗ္ဗအတ္ထရှိသည်သာ ဖြစ်ရကား သမုစ္စယ သမုစ္စေ-တဗ္ဗ ဆန့်သော ဝိရောဓိဒေါသမရောက် ဟူလို။

**နိပါတ်ပုဒ်သည်** မိမိထိုင်ရာဌာန ပုဒ်နှင့်သာယှဉ်၍ ယောဇနာရသော ဌာနယောဂ, မိမိထိုင်ရာဌာန ပုဒ်ရင်းမှတပါး အခြားပုဒ်နှင့်သာ ယှဉ်၍ ယောဇနာရသော အဋ္ဌာနယောဂ, မိမိထိုင်ရာဌာန ပုဒ်ရင်းနှင့်ရင်း, အခြား သော ပုဒ်နှင့်ရင်း ယှဉ်၍ယောဇနာရသော ဌာနာဋ္ဌာနယောဂဟု ၃-ပါး ရှိသည်၊ ထိုတွင် ဣတ္ထိယောပိ ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိ လာဘိနိယော ပြဟ္မပါရိသဇ္ဇေသုယော၀ နိဗ္ဗတ္တန္တိ-ဟူသော (**ဋီကာကျော်ပါဠ်-၁၈၆**)၌ ဝါ-သဒ္ဒါ ဧဝ-သဒ္ဒါတို့ကဲ့သို့ မိမိတို့ထိုင်ရာ ပုဒ်ရင်းနှင့်သာ ယှဉ်၍ ယောဇနာသော နိပါတ်သည် ဌာနယောဂ။

အတ္ထာနံ သူစနတော၊ သုဝုတ္တတော သဝနတောထ သူဒနတော။
သုတ္တာဏာ သုတ္တသဘာ-ဂတော စ 'သုတ္တ'န္တိ အက္ခာတံ—

ဟူသော ( သုတ်သီလက္ခန် အဋ္ဌကထာ-၁၈။ )၌ စ-သဒ္ဒါကို မိမိထိုင်ရင်း သုတ္တ သဘာဂတောနှင့်ရင်း၊ ထိုင်ရင်းမှ တပါးသော သုစနတောပုဒ်၊ သုင့တ္တ- တောပုဒ်၊ သဝနတောပုဒ်၊ သုဒနတောပုဒ်၊ သုတ္တာဘာ ပုဒ်တို့နှင့်ရင်း ယှဉ်၍ ယောဇနာရသကဲ့သို့သော နိပါတ်သည် ဌာနာဌာနယောဂ။ ဤ တံမူလိကာန် စ၌ စ-သဒ္ဒါကား မိမိထိုင်ရင်း တံမူလိကာန်နှင့်ယှဉ်၍ မယော ဇနာဘဲ၊ တဒဿာဒဝသပ္ပဝတ္တာန်၊ ကုန်သော။ ပါပဓမ္မာနဥ္စ၊ တို့၏ရင်း။ တံမူလိကာန်၊ ကုန်သော။ ပါပဓမ္မာနဥ္စ၊ တို့၏ရင်း-ဟူ၍ အခြားသော ပါပဓမ္မာန်နှင့်ယှဉ်၍ ယောဇနာရသောကြောင့် အဋ္ဌာနယောဂ။ "စည်း စရာသည်၊ စ-သဒ္ဒါကား၊ ကံလျှင်ကံချင်း၊ ကတ္တားလျှင် ကတ္တားချင်း" ဟူသည်နှင့်အညီ ဤသမုစ္စယတ္ထ စ-သဒ္ဒါကို ကံနေရာထိုင်မူ ကံတပါးကို၊ ကတ္တားနေရာထိုင်မူ ကတ္တားတပါးကို အချင်းချင်းစည်းရမည်။

ဤနိယံ၌ ကံလျှင်ကံချင်း၊ ကတ္တားလျှင် ကတ္တားချင်း စည်းရမည် ဟု ကံ ကတ္တားကိုသာ ဆိုသည်ကား ဥပလက္ခဏာသာ။ ကရိုဏ်းလျှင် ကရိုဏ်း ချင်း, ဟိတ်လျှင် ဟိတ်ချင်း, သမ္ပဒါန်လျှင် သမ္ပဒါန်ချင်း စသည်ဖြင့် ထိုင်ရာနှင့်တူသည်ကို စည်းလေ။ ဤ၌ တဒဿာဒဝသပဝတ္တာန် ပါပဓမ္မာန်- ဟူသော သမ္ဗန်နေရာထိုင်ခိုက် တံမူလိကာန် ပါပဓမ္မာန်-ဟူသော သမ္ဗန်ကို စည်း။ တံမူလိကာန် ပါပဓမ္မာန်-ဟူသော သမ္ဗန်နေရာထိုင်ခိုက် တဒဿာ- ဒဝသပဝတ္တာန် ပါပဓမ္မာန်-ဟူသော သမ္ဗန်ကို စည်းလေ။ တနည်းသော် ကား.... အပေါင်းရူပကာယ ဟူသော သသမ္ဘာရကာယသည် ကာယမည် သည် ဟူလေ။ ထိုအပေါင်း ရူပကာယ ဟူသော သသမ္ဘာရကာယသည် စက်ဆုပ်ဖွယ်သော အကုသိုလ်တရားတို့၏ ဖြစ်ရာ ဖြစ်သောကြောင့်ပင် ကာယမည်လေသလော ဟူမူ၊ ယင်းအကုသိုလ်တို့၏ ဖြစ်ရာဖြစ်သောကြောင့် ကာယမည်သည် မဟုတ်၊ စက်ဆုပ်ရွံရှာဖွယ်သော ဆံ အမွေး ခြေသည်း လက်သည်းအစရှိသော အစိတ်အစိတ်သော သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသ တို့၏ ဖြစ်ရာ အပေါင်းဖြစ်သောကြောင့် ကာယမည်ပါသည် ဟူလေ။

ယင်းသို့ စက်ဆုပ် ရွံရှာဖွယ်သော အမွေးစသည်တို့၏ ဖြစ်ရာဖြစ်သော ကြောင့် အပေါင်း ရူပကာယဖြစ်သော သသမ္ဘာရကာယသည် ကာယ မည်သည် ဟူခဲ့သော် ထိုသသမ္ဘာရကာယကိုသာ ကာယဟု ခေါ်ဆိုအပ်

သည်၊ ပသာဒကာယကို ကာယဟု မခေါ်မဆိုအပ် ဟူ၍ပင် မှတ်ရအံ့လော ဟူမူ သသမ္ဘာရကာယကိုသာ ကာယဟု ခေါ်ဆိုအပ်သည် မဟုတ်၊ ပသာဒကာယကိုလည်း ကာယဟူ၍ပင် ခေါ်ဆိုအပ်ပါ၏ ဟူလေ။

ပသာဒကာယကိုလည်း ကာယဟု ခေါ်ဆိုအပ်သည် ဟူ၏၊ ထိုပသာဒကာယသည် စက်ဆုပ်ဖွယ်သော ဆံ အမွေး စသည်တို့၏ ဖြစ်ရာ မဟုတ်၊ သသမ္ဘာရကာယသာ ယင်းတို့၏ ဖြစ်ရာ ဖြစ်သည်။ ထိုသို့လျက် အဘယ်ကြောင့် သသမ္ဘာရကာယကိုသာ ကာယဟု မခေါ်မဆိုဘဲ၊ ပသာဒကာယကိုလည်း ကာယဟု ခေါ်ဆိုရလေသနည်း ဟူမူ၊ ပသာဒကာယသည် သသမ္ဘာရကာယ ဟူသော ကိုယ်အလုံး၌ နှံ့၍ဖြစ်ရကား သသမ္ဘာရကာယနှင့်တကွ ဖြစ်ခြင်းရှိသည်၏အဖြစ်ကြောင့် ယင်းကိုလည်း ကာယဟု ခေါ်ဆိုအပ်သည် ဟူလေ။ ဤပသာဒဖြစ်သော ကာယသည် ဇီဝိတနဝကကလာပ်၌ပါသော ကမ္မဇပါစက တေဇော၏ တည်ရာကိုင်း၊ အသားအရေ၌ မြုပ်ဝင်ထိစပ်၍ တည်သော အရင်းပိုင်း အမြစ်မှတပါး အသားအရေမှ ပေါ်ပေါက် ထွက်လွတ်၍တည်သော ခြေသည်းဖျား လက်သည်းဖျားတို့ကိုင်း၊ အရေခြောက်တို့ကိုင်း ချန်လှပ်လွတ်ထား၍ ဤကိုယ်ဝယ် ဥပါဒိန္နက ကမ္မဇရုပ် ရှိသမျှသော အရပ်ခပ်သိမ်း၌ ပြဆိုခဲ့ပြီးသော ကိစ္စလေးပါးတို့ဖြင့် အထိန်းလေးယောက်တို့သည် ကျေးဇူးပြုအပ်သောမင်းသားကဲ့သို့ လေးပါးသောကိစ္စတို့ဖြင့် ဓာတ်လေးပါးတို့သည်ကျေးဇူးပြုအပ်သည် ဖြစ်၍ရင်း၊ စိတ်, ဥတု, အာဟာရ တို့သည် ထောက်ပံ့အပ်သည် ဖြစ်၍ရင်း၊ ဇီဝိတသည် စောင့်ရှောက်အပ်သည်ဖြစ်၍ရင်း၊ ဝဏ္ဏ, ဂန္ဓ စသည်တို့သည် ခြံရံအပ်သည်ဖြစ်၍ရင်း ထိုက်သည်အားလျော်စွာ ကာယဝိညာဏ် စသည်တို့၏ ဝတ္ထုဒွါရအဖြစ်ကို ပြီးစေလျက် ဆီသည် ဝါဂွမ်းလွှာ၌ ပြန့်နှံ့၍ တည်သကဲ့သို့ ပြန့်နှံ့၍ တည်၏။

ဤပသာဒကာယသည် ဝါဂွမ်းလွှာ၌ ဆီသည် ပြန့်နှံ့၍ တည်သကဲ့သို့ ပါစကတေဇော၏တည်ရာကိုင်း, ဆံဖျားစသည်ကိုင်း လွှတ်၍ ကြွင်းသမျှ တကိုယ်လုံး၌ တည်သည်ဟူ၏။ ထိုပသာဒကာယသည် အကယ်၍ တကိုယ်လုံး နှံ့၍တည်သည်ရှိသော် ဤကာယပသာဒ၏ ယင်းမှ တပါးသော စက္ခု, သောတ, ဃာန, ဇိဝှါပသာဒတို့နှင့် ရောရှက်ခြင်း ဖြစ်ရာ၏တကား ဟူငြား

အံ့၊ ကာယပသာဒသည် ဥပါဒိန္နကဖြစ်သော တကိုယ်လုံးကို ပြန့်နှံ့၍ တည်သည်ပင် ဖြစ်သော်လည်း ကာယပသာဒသည် ကာယဒသက ကလာပ်၌ ပါသော မဟာဘုတ်ကိုသာ မှီသည်၊ စက္ခု, သောတ စသည်တို့လည်း မိမိ တို့နှင့် ဖြစ်ဖော် ကလာပ်တူဖြစ်သော စက္ခုဒသက ကလာပ် စသည်တို့၌ ပါသော မဟာဘုတ်ကိုသာ အသီးအသီး မှီကုန်သည်ဖြစ်၍ အသီးအသီး မိမိတို့ကလာပ်တူ မဟာဘုတ်ဟူသော ပြားသော မှီရာရှိသည်၏ အဖြစ် ကြောင့်ရင်း၊ ဤပသာဒရုပ် ငါးခုတို့သည် အစဉ်အတိုင်း ရူပါရုံ၌ ထိခိုက် ခြင်းငှါ ထိုက်သောဘုတ်တို့၏ ကြည်ခြင်း လက္ခဏာ၊ သဒ္ဒါရုံ၌ ထိခိုက် ခြင်းငှါ ထိုက်သော ဘုတ်တို့၏ ကြည်ခြင်း လက္ခဏာ၊ ဂန္ဓာရုံ၌ ထိခိုက် ခြင်းငှါ ထိုက်သော ဘုတ်တို့၏ ကြည်ခြင်း လက္ခဏာ၊ ရသာရုံ၌ ထိခိုက် ခြင်းငှါ ထိုက်သောဘုတ်တို့၏ ကြည်ခြင်း လက္ခဏာ၊ ဖောဋ္ဌဗ္ဗာရုံ၌ ထိခိုက် ခြင်းငှါ ထိုက်သောဘုတ်တို့၏ ကြည်ခြင်း လက္ခဏာ ရှိကုန်သည်ဖြစ်၍ အချင်းချင်း မတူကွဲပြားသော လက္ခဏာ ရှိသည်၏ အဖြစ်ကြောင့်ရင်း၊ ရောရှက်ခြင်း ကင်းသည်သာ ဖြစ်သည်။ တခုတည်းသော ကလာပ်၌ ပါရှိ သော ရူပါရုံ ရသာရုံ စသည်တို့သည် ထိုကလာပ်၌ ပါသော မဟာဘုတ် ကိုသာ မှီကုန်သည်ဖြစ်၍ ကလာပ်တူ မဟာဘုတ်ဟူသော တူသောမှီရာ ရှိကုန်လျက်လည်း လက္ခဏာအားဖြင့် ပြားခြင်းကြောင့် ရောရှက်ခြင်း ကင်းကုန်သေး၏၊ အသီးအသီး ကလာပ်တခြားစီဖြစ်၍ ပြားသောမှီရာ မဟာဘုတ်ရှိကုန်သော ပြားသောလက္ခဏာ ရှိကုန်သော ပသာဒရုပ်တို့သည် အဘယ်မှာ ရောရှက်ကုန်တော့အံ့နည်း၊ မရောရှက်သည်သာ။ ဤသို့ ပြားသော မှီရာရှိသည်၏အဖြစ်,ပြားသောလက္ခဏာ ရှိသည်၏အဖြစ်ကြောင့် ကာယပသာဒသည် ကြွင်းသော ပသာဒတို့နှင့် ရောရှက်ခြင်း ကင်းသည် ဟူလေ။

ဤကာယပသာဒသည် ဖောဋ္ဌဗ္ဗာရုံ၌ ထိခိုက်ခြင်းငှါထိုက်သော ဘုတ် တို့၏ ကြည်လင်ခြင်းလက္ခဏာ ရှိသည်၊ ဝါ-ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသော သူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရင်းရှိသော ကံလျှင် ဖြစ်ကြောင်းရှိသော ဘုတ်တို့၏ကြည်လင်ခြင်း လက္ခဏာ ရှိသည်၊ ဖောဋ္ဌဗ္ဗာရုံတို့၌ စိတ်ကို ဆွဲငင်ဆောင်ယူခြင်း ကိစ္စရှိသည်၊ ကာယဝိညာဏ်၏ တည်ရာ၏အဖြစ်လျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်

ရှိသည်၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိလိုသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗ တဏှာလျှင် အကြောင်းရင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန် ရှိသည်။

## ပသာဒရုပ်တို့၏ ဥပမာ

ပေါင်းပသာဒရုပ် ၅-ခု၊ ဤ ၅-ခုတွင် **စက္ခု**သည် **မြွေ**နှင့် တူ၏၊ မြွေသည် အပမြေတလင်း စသည်၌ မမွေ့လျော်၊ တံမြက်ချေးစွန့်ရာ မြက် သစ်ရွက် ထူရှုပ်ရာ တောင်ပို့တွင်း စသည်သို့ဝင်၍ ဝပ်ခွေလျက် နေရမှ မွေ့လျော် သကဲ့သို့ ဤစက္ခုသည် ပြေပြစ်သော တခုတဆင်တည်းသော အာရုံ၌ မမွေ့လျော်၊ ရုပ်စုံခြူးပန်းခြူးနွယ်တို့ဖြင့် ဆန်းကြယ်သော အာရုံ၌သာ မွေ့လျော်သည်၊ ဤသို့ မြွေနှင့်တူသည်။

**သောတ**သည် **မိကျောင်း**နှင့် တူ၏၊ အဘယ်သို့ တူသနည်း ဟူမူ၊ မိကျောင်းသည် ပြင်သို့ထွက်သည်ရှိသော် ဖမ်းယူအပ်သော သတ္တဝါကို မကြည့်မမြင် မျက်စိကိုမှိတ်၍ သွားလာသည်၊ အလံအရာနက်သော ရေသို့ ငုပ်လျက် တွင်းသို့ဝင်၍ ဝပ်နေရသော်သာ ချမ်းသာ သကဲ့သို့ သောတ သည်လည်း နားပေါက်တွင်းဟူသော အခေါင်းကိုသာ အလိုရှိသည်၊ ဤသို့ တူသည် ဟူလေ။

**ဃာန**သည် **ငှက်**နှင့်တူ၏ အဘယ်သို့ တူသနည်း ဟူမူ၊ ငှက်သည် သစ်ပင် မြေစသည်၌ မမွေ့လျော်၊ ခဲတပစ် နှစ်ပစ်လွန်သော ကောင်းကင်ပြင်၌ ပျံတက်ရသော်သာ စိတ်ကြည်သကဲ့သို့ ဃာနသည်လည်း ဝါယောဓာတ်လျှင် မှီရာရှိသော ဂန္ဓာရုံလျှင် ကျက်စားရာ ရှိသည်ဖြစ်၍ ကောင်းကင်ကို အလို ရှိ၏၊ ဤသို့တူသည် ဟူလေ။

**ဇိဝှါ**သည် **အိမ်ခွေး**နှင့်တူ၏၊ အဘယ်သို့ တူသနည်း ဟူမူ၊ အိမ်ခွေးသည် ပြင်ပ၌ သွားလာသည်ရှိသော် ခဲအုတ်တုတ်ကျောက် ပစ်ခတ်ခြင်း စသည် တို့ဖြင့် နှိပ်စက်နှောင့်ရှက် အပ်သည်ဖြစ်၍ ဘေးကင်းရာကိုမမြင်၊ ရွာတွင်း သို့ဝင်၍ ခုံလောက်ကြားဝယ် ပြာကိုယက်၍ အိပ်ရသော် ချမ်းသာသကဲ့သို့ ဇိဝှါသည်လည်း အာပေါဓာတ်လျှင် မှီရာရှိသော ရသာရုံလျှင် အာရုံရှိသည် ဖြစ်၍ စိုစွတ်ခြင်း အာပေါဓာတ်ကို အလိုရှိသည်၊ ဤသို့တူသည် ဟူလေ။

**ကာယ**သည် မြေခွေးနှင့်တူ၏၊ အဘယ်သို့ တူသနည်း ဟူမူ၊ မြေခွေးသည် အပ၌လှည့်လည်သော် နှစ်သက်ခြင်းကိုမရ၊ သုသာန်၌ လူသားကို စား၍ အိပ်နေရသော်သာ ချမ်းသာသကဲ့သို့ ကာယသည်လည်း ပထဝီဓာတ်လျှင် မှီရာရှိသော ဖောဋ္ဌဗ္ဗာရုံကို အာရုံပြုရကား၊ ဥပါဒိန္နရုပ်ကိုသာ အလိုရှိသည်၊ ဤသို့ တူသည်။

သတ္တဝါတို့သည် တပါးတခြားသော ဥပါဒိန္နရုပ်ကို မရကုန်သည်ရှိသော် မိမိ၏သာလျှင် လက်အပြင်၌ ဦးခေါင်းကိုတင်၍ အိပ်ရကား ကာယသည် ဥပါဒိန္နရုပ်ကို အလိုရှိ၏ဟူသော စကားသည် စင်စစ်ကေန် အမှန်ပင်ဖြစ်၏။ ဤကာယပသာဒ၏ ဖောဋ္ဌဗ္ဗာရုံကို ယူရာ၌ အဇ္ဈတ္တိကပထဝီ, ဗာဟိရပထဝီ နှစ်ပါးလုံးပင် အကြောင်းဖြစ်၏၊ ကောင်းစွာတည်သော ကောင်းစွာခင်းထားအပ်သော အခင်းအိပ်ရာ၏ ကြမ်းတန်းသည်၏ အဖြစ် နူးညံ့ချောမောသည်၏ အဖြစ်တည်းဟူသော အတွေ့ ဖောဋ္ဌဗ္ဗကို ထိုအခင်းနေရာအိပ်ရာ၌ မထိုင်မအိပ် မနှိပ်မစမ်းသပ်ဘဲ သိခြင်းငှါ မတတ်နိုင်၊ လက်အပြင်၌ တင်ထားအပ်သော သစ်သီးတို့၏ တောင့်တင်း ခက်မာသည်၏ အဖြစ်,နူးညံ့ ပျော့ပျောင်းသည်၏ အဖြစ်ဟူသော အတွေ့ ဖောဋ္ဌဗ္ဗကိုလည်း မနှိပ်နယ် မစမ်းသပ်ဘဲ သိခြင်းငှါမတတ်ကောင်း၊ ထို့ကြောင့် အဇ္ဈတ္တိက, ဗာဟိရ, ပထဝီ နှစ်ပါးလုံးပင် ကာယပသာဒ၏ ဖောဋ္ဌဗ္ဗာရုံကို ယူရာ၌ အကြောင်းဖြစ်သည်သာ ဟူလေ။

## စက္ခုစသည်တို့၏ ပသာဒအမည်ရခြင်း

စက္ခုစသော ဤရုပ် ၅-ခုသည် အဘယ်ကြောင့် ပသာဒမည်သနည်း ဟူမူ၊စတုန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ-ဟု(**ဓမ္မသင်္ဂဏီ ပါဠိတော်-၁၅၇**), စတ္တာရိ မဟာဘူတာနိ ဥပါဒိယိတွာ ပဝတ္တပသာဒေါ-ဟု (**အဋ္ဌသာလိနီ အဋ္ဌကထာ-၃၄၅**)တို့၌ လာသည်ဖြစ်၍ မဟာဘုတ် ၄-ပါးတို့ကို မှီ၍ဖြစ်သော ကြည်လင်ခြင်းသည် မဟာဘုတ် ၄-ပါးတို့၏ ကြည်လင်ခြင်းပင် ဖြစ်သောကြောင့် ပသာဒမည်သည် ဟူလေ၊ အပေါင်းဘုတ် ၄-ပါးတို့၏ ပသာဒဖြစ်က အစိတ်ဘုတ် တပါးနှစ်ပါး၏လည်း ပသာဒဖြစ်ရကား ပရိယာယ်အားဖြင့် **ဇူန္ဒြိယဂေါစရသုတ်၌**[၁]—

---

၁။ ဤသုတ်ကို အဘိ-ဋ္ဌ ၁-၃၄၆-၌ အမည်နှင့်တကွ အကိုးပါ၍ တွေ့ရ၏။

**ကေ** မဟာဘူတံ ဥပါဒါယ ပသာဒေါ ပထဝီဓာတုယာ။ တီဟိ မဟာဘူတေဟိ အသင်္ဂဟိတော။ အာပေါဓာတုယာ စ တေဇောဓာတုယာ စ ဝါယောဓာတုယာ စ-ဟူ၍ တပါး၏ ပသာဒ ဖြစ်ကြောင်း—

**စတုပရိဝဋ္ဋသုတ်၌**[၁]—ဒွိန္နံ မဟာဘူတာနံ ဥပါဒါယ ပသာဒေါ ပထဝီဓာတုယာ စ အာပေါဓာတုယာ စ။ ဒွီဟိ မဟာဘူတေဟိ အသင်္ဂဟိတော တေဇောဓာတုယာ စ ဝါယောဓာတုယာ စ-ဟူ၍ နှစ်ပါး၏ ပသာဒဖြစ်ကြောင်းကို ဟောတော်မူသည်။

### ကေစိဝါဒနှင့် အပရေဝါဒ

**ကေစိ**ဆရာတို့သည်....တေဇောဓာတ် လွန်သော ဘုတ်တို့၏ ကြည်လင်ခြင်း ပသာဒသည် စက္ခု၊ ဝါယောဓာတ် လွန်ကဲခြင်း ရှိကုန်သော ဘုတ်တို့၏ ကြည်လင်ခြင်း ပသာဒသည် သောတ၊ ပထဝီဓာတ် လွန်ကဲခြင်း ရှိကုန်သော ဘုတ်တို့၏ ကြည်လင်ခြင်း ပသာဒသည် ဃာန၊ အာပေါဓာတ် လွန်ကဲခြင်း ရှိကုန်သော ဘုတ်တို့၏ ကြည်လင်ခြင်း ပသာဒသည် ဇိဝှါ၊ ဘုတ် ၄-ပါးလုံး၏ ကြည်လင်ခြင်း ပသာဒသည် ကာယဟု ဆိုကုန်၏။

**အပရေ** ဆရာတို့ကား....တေဇောဓာတ် လွန်ကဲခြင်းရှိသော ဘုတ်၊ ဝိဝရ လွန်ကဲခြင်းရှိသောဘုတ်၊ ဝါယောဓာတ် လွန်ကဲခြင်းရှိသောဘုတ်၊ အာပေါဓာတ် လွန်ကဲခြင်းရှိသောဘုတ်၊ ပထဝီဓာတ် လွန်ကဲခြင်းရှိသော ဘုတ်တို့၏ ကြည်လင်ခြင်းပသာဒသည် အစဉ်အတိုင်း စက္ခု,သောတ, ဃာန,ဇိဝှါ,ကာယဟု ဆိုကုန်၏။

အစဉ်အတိုင်း တေဇော, ဝါယော, ပထဝီ, အာပေါ ဓာတ်လွန်သော ဘုတ်တို့၏ ပသာဒကို စက္ခု,သောတ,ဃာန, ဇိဝှါ ဘုတ်လေးပါးလုံး၏ ပသာဒကို ကာယဟူ၍ အစဉ်အတိုင်း တေဇော, ဝိဝရ, ဝါယော, အာပေါ,

---

၁။ ဤသုတ်အမည်နှင့် အကိုးပါဠိကို အဘိ-ဋ္ဌ-၁-၃၄၆ ၌ ပြဆို၏....မ-၃-၁၀၆ မှ ၁၁၂ အထိ၌ အမည်တူ သုတ်ရှိသော်လည်း ဤပါဠိမျိုးမရှိ ဝိ-ဋ္ဌ-၃-၉-၌ သံဂါယနာ သုံးတန်မတင်သော သုတ်ဟု အဆိုရှိ၏။

ပထဝီ လွန်ကဲခြင်းရှိသော ဘုတ်တို့၏ ပသာဒကို စက္ခု,သောတ,ဃာန, ဇိဝှါ,ကာယ ဟူ၍ သင်တို့ဆိုသောစကား၏ ဟုတ်မှန် ခိုင်ခံ့သည်၏အဖြစ်ကို ပြီးစေတတ် ပြီးစေနိုင်သော အကြောင်းသာဓကဖြစ်သော ပါဠိကိုထုတ်နုတ် ဆောင်ပြစမ်းကြပါဟု ထိုကေစိဆရာ,အပရေဆရာတို့ကို မေးဆိုအပ်ကုန်၏။ ယင်းသို့ မေးဆိုအပ်ကုန်သည်ရှိသော်၊ မချွတ်လျှင် မိမိစကား၏ မြဲမြံ ဟုတ်မှန်သည်၏အဖြစ်ကို ပြီးစေတတ်သော စကားသည် ပိဋကတ် ၃-ပုံတွင် အလျှင်းပင် မရှိရကား ထုတ်ဆောင်ပြဆိုစရာ သာဓကပါဠိကို ထိုဆရာ တို့သည် မတင်မပြမမြင်နိုင် ရှိကြလိမ့်မည်။

ထိုကေစိဆရာ,အပရေဆရာတို့စကားကို အားရှိခိုင်ခံ့ မြဲမြံစေလိုသော စိတ်ထားဖြင့် အတုအပ အကြောင်းယောင်မျှ ယုတ္တိပြ၍ ထိုဆရာတို့၏ ရှေ့နေရှေ့ရပ် ကြားချပ်ပြုလုပ်သော ကေစိဆရာတို့ကား အစဉ်အတိုင်း တေဇောဓာတ် ဝါယောဓာတ် စသည်တို့၏ ဂုဏ်ဖြစ်ကုန်သော ရူပါရုံ,သဒ္ဒါရုံ စသည်တို့ဖြင့် စက္ခု,သောတ စသည်တို့ကိုဆ၍ ယူအပ်သည်၏ အဖြစ်တည်း ဟူသော အကြောင်းကြောင့် တေဇောအဓိကဘုတ်၏ ပသာဒ,ဝါယော အဓိကဘုတ်၏ ပသာဒ စသည်သည် စက္ခု,သောတ စသည်ဟူ၍အကြောင်း ကို ဆိုကုန်၏။ ထိုရှေ့နေယောင်ယောင် ကြားမြှောင်၍ အကြောင်းယုတ္တိ ရှိလေဟန်ပြဆိုသော ကေစိဆရာတို့ကို အဝိနိဗ္ဘောဂရုပ်တို့တွင် ဤရုပ်သည် ဤဘုတ်၏ဂုဏ်, ဤရုပ်ကား ဤဘုတ်၏ ဂုဏ်တည်းဟူ၍ ဆိုခြင်းငှါ မရ ထိုက်ကုန်ရကား ရူပါရုံ စသည်တို့ကို တေဇောဓာတ် စသည်တို့၏ ဂုဏ်ဟူ၍ မည်သည့် ကျမ်းဂန်ဝယ် မည်သည့်ဆရာ ပြဆိုပါသနည်း၊ မပြမဆိုပါတကား ဟု ပယ်ရှား ပြောဆိုအပ်ကုန်၏။

ထိုထိုသမ္ဘာရ ဝတ္ထုတို့၌ ထိုထိုဘုတ်၏ လွန်ကဲသည်၏ အဖြစ်ကြောင့် ပထဝီအစရှိသည်တို့၏ ကောင်းစွာ ရွက်ဆောင်နိုင်ခြင်း အစရှိကုန်သော ကိစ္စတို့ကို သင်အဋ္ဌကထာဆရာတို့ အလိုရှိကုန်သကဲ့သို့၊ ထိုအတူ တေဇော ဓာတ်စသည် လွန်ကဲခြင်းရှိကုန်သော သမ္ဘာရဝတ္ထု အဆောက်အဦတို့၌ ရူပါရုံ အစရှိသည်တို့၏ လွန်ကဲသည်၏ အဖြစ်ကို မျက်မှောက်ထင်ထင် မြင်သောကြောင့် ရူပါရုံ အစရှိသည်တို့သည် တေဇောဓာတ် စသည်တို့၏ ဂုဏ်တို့တည်း ဟူ၍ ငါပြဆိုသော အကြောင်းကိုလည်း သင်အဋ္ဌကထာ ဆရာတို့ အလိုရှိထိုက်ပါသည်သာ မဟုတ်လောဟူ၍ မိမိတို့ ဝါဒကို မစွန့်

လွတ်ဘဲ အားအံခဲလျက် ဇွတ်စွဲပြန်လှန် အကယ်၍လည်း တဖန် ပြောဆိုကုန်ငြားအံ့၊ အာပေါဓာတ် လွန်ကဲခြင်းရှိသော အရက်၏ အနံ့ထက် ပထဝီဓာတ် လွန်ကဲခြင်းရှိသော ဝါဂွမ်းစိုင်၏ အနံ့သည် အကယ်၍ အထူးသဖြင့် လွန်ကဲခြင်း ရှိသည်ဖြစ်ခဲ့အံ့၊ တေဇောဓာတ် လွန်ကဲခြင်းရှိသော ရေနွေး၏ အဆင်းအောက်လည်း ရေအေး၏ အဆင်းသည် အကယ် ယုတ်လျော့ခဲ့အံ့၊ သင် ကေစိဆရာတို့ ပြဆိုသောအကြောင်းကို ငါ အဋ္ဌကထာ ဆရာတို့လည်း အလိုရှိပါကုန်အံ့၊ အကြင့်ကြောင့် အရက်၏ အနံ့ထက် ဝါဂွမ်းစိုင်၏ အနံ့လွန်ကဲခြင်း, ရေနွေး၏ အဆင်း အောက် ရေအေး၏ အဆင်း ယုတ်လျော့ခြင်း ဟူသော ဤအကြောင်း နှစ်ပါးသည် ရှိကား မရှိခဲ့၊ ထိုသို့မရှိသည်သာ ဖြစ်သောကြောင့် သင်တို့ ပြဆိုသော အကြောင်းကို ငါတို့ အလိုမရှိနိုင် အလိုမရှိထိုက်။ ထိုသို့ အရက် ဝါဂွမ်းစိုင်တို့၏ အနံ့အထူး၊ ရေနွေးရေအေးတို့၏ အဆင်းအထူး မရှိသောကြောင့် ယင်းတို့၏ အထူးကို အလိုမရှိအပ်သကဲ့သို့၊ ရူပါရုံ, သဒ္ဒါရုံ စသည်တို့၏ တေဇောဓာတ်, ဝါယောဓာတ် စသည်တို့၏ ဂုဏ်အဖြစ်ကို အလိုမရှိအပ်၊ ထိုသို့ အလိုမရှိအပ်သောကြောင့် စက္ခု, သောတ စသည်တို့ကို ထိုရူပါရုံ, သဒ္ဒါရုံ စသည်တို့ဖြင့် ထောက်ဆ၍ယူအပ်သည်၏အဖြစ် ဟူသောအကြောင်းကိုမပြဆိုထိုက်။ ထိုသို့မပြဆိုထိုက်သောကြောင့် တေဇော အဓိကဖြစ်သော ဘုတ်တို့၏ ပသာဒသည် စက္ခု စသည်ဖြင့် ဆိုအပ်သော ထိုမှီရာဘုတ်တို့၏ အထူးကို ကြံခြင်းဟူသော ထိုကေစိဆရာ အပရေဆရာတို့၏ဝါဒကို ပယ်ရှားစွန့်ပစ်ကြရမည်။ တစုံတရာမျှ အထူးမရမရှိကောင်းသော တခုတည်းသော ရုပ်ကလာပ်၌ အကျုံးဝင်သော ဘုတ်တို့၏ ရူပါရုံ, ရသာရုံ စသော ရုပ်တို့သည် အချင်းချင်း တပါးနှင့်တပါး မတူသည်သာ ဖြစ်ကုန်သကဲ့သို့ စက္ခု, သောတ စသည်တို့သည် တပါးသော အကြောင်းထူးပင် မရှိသော်လည်း အချင်းချင်း တပါးနှင့်တပါး မတူကြကုန်၊ ဤသို့သော ဝါဒကိုသာ မြဲစွဲမှတ်ယူအပ်၏။

ထို စက္ခု, သောတ စသည်တို့၏ အချင်းချင်း တပါးသည် တပါးအား မဆက်ဆံသော ဝိသေသအကြောင်းကား အဘယ်နည်း ဟူခဲ့မူ....ထို စက္ခု, သောတ စသည်တို့၏ အညမည အသာဓာရဏ ဖြစ်သော ဝိသေသအကြောင်းကား ကံသာတည်း ဟူလေ။ ထိုသို့ ကံအထူးသာ စက္ခု, သောတ

စသည်တို့၏ အကြောင်းဖြစ်၍ ဘုတ်အထူးသည် အကြောင်းမဟုတ်ရကား ကံထူးသောကြောင့်သာလျှင် ထိုစက္ခုသောတ စသည်တို့၏ အထူးဖြစ်သည်။ ဘုတ်ထူးသောကြောင့် ဖြစ်သည်မဟုတ်၊ တပါးထက်တပါး သာလွန် ယုတ်လျော့မရှိ ညီမျှသော ဘုတ်တို့ကိုသာ စွဲမှီ၍ ပသာဒ ဖြစ်သည်။ မတူမညီမျှသော ဘုတ်တို့ကိုမှီ၍ မဖြစ်သောကြောင့် ဘုတ်ထူးခဲ့သော် အလျှင်းပင် ပသာဒ မဖြစ်နိုင်၊ ထို့ကြောင့် ဘုတ်အထူးသည် စက္ခုသောတ စသည်တို့၏ ဝိသေသ အကြောင်းမဟုတ်ဟု စင်စစ် မှတ်အပ်သည်ဟု ရှေးဆရာတို့ ဆုံးဖြတ် ပြဆိုတော်မူကုန်၏။ ပါဠိကို ဆောင်ပြရသော် အလွန်ရှည်လျားများပြားသောကြောင့်၎င်း, ၎င်းပါဠိကို အနက်မြန်မာပြန်ဆိုရက အလွန်ပင် များရာသောကြောင့်၎င်း ဂန္ထဘာရ ဖြစ်အံ့သည်မှ ကြောက်သောကြောင့် သိသာလွယ်အောင် မကျဉ်းမကျယ် ( အဋ္ဌသာလိနီ-၃၅၀ )၌ လာသည် အားလျော်စွာ အဓိပ္ပါယ်မျှကိုသာ ပြဆိုလိုက်သည်။

---

## ဝိသယရုပ် ၇-ပါး

### ရူပါရုံ၏ လက္ခဏာစသည်

ဝိသယရုပ် ၇-ပါး ဟူသည်ကား....ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, ပထဝီ, တေဇော, ဝါယော ဟူသော ဖောဋ္ဌဗ္ဗာရုံ ဤ ၇-ပါးတည်း။ ထိုရူပါရုံ စသည်တို့၏ သရုပ်လက္ခဏာ စသည်ကို ပြအံ့။ နီလ, ပီတ စသည် အဆင်းအားဖြင့် ဖောက်ပြန်တတ်သော အဆင်းအားဖြင့် ဖောက်ပြန်သည်ဖြစ်၍ စိတ်၌ တည်သည်၏ အဖြစ်ကို ပြတတ်သော ရုပ်သည် ရူပမည်၏။ ထိုရူပသည် စက္ခုပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ ရှိ၏၊ စက္ခုဝိညာဏ်၏ အာရုံ၏ အဖြစ်ဟူသော ကိစ္စရှိ၏၊ ထိုစက္ခုဝိညာဏ်၏ အာရုံဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊ မဟာဘုတ် လေးပါးလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိ၏။ ( ဆိုလတ္တံ့ ရုပ်တို့၌ ပဒဋ္ဌာန်ကို ဤနည်း ချည်းမှတ်။ )

### သဒ္ဒါရုံ၏ လက္ခဏာစသည်

ရွတ်ဆိုအပ်သော သောတဝိညာဏ်၏ အာရုံအဖြစ်သို့ ရောက်တတ်သော ရုပ်သည် သဒ္ဒမည်၏။ ထိုသဒ္ဒသည် သောတပသာဒ၌ ထိခိုက်ခြင်း လက္ခဏာ

ရှိ၏၊ သောတဝိညာဏ်၏ အာရုံ၏အဖြစ်နှင့် ပြည့်စုံခြင်း ဟူသော ရသ ရှိ၏၊ သောတဝိညာဏ်၏ပင် အာရုံဟူ၍ ယောဂီပုဂ္ဂိုလ်ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏။

### ဂန္ဓာရုံ၏ လက္ခဏာစသည်

ဂုံးတိုက်လေ့ ရှိသောသူသည် တိမ်းရှောင် ပုန်းလျှိး၍ နေသောသူကို ဤသူ ဤ၌ ရှိသည်ဟု ဂုံးတိုက်ပြောကြား ပြစားသကဲ့သို့ ကောင်းသော ရနံ့ရှိသော ပန်းနံ့သာစသောဝတ္ထု, မကောင်းသော ရနံ့ရှိသော အကောင် ပုပ်စသောဝတ္ထု အစရှိကုန်သော မိမိ၏တည်ရာ ဝတ္ထုကို ဤဝတ္ထု ဤအရပ်၌ရှိသည်ဟု ပြတတ်သော ရုပ်သည် ဂန္ဓမည်၏။ ထိုဂန္ဓသည် ဃာန ပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏၊ ဃာနဝိညာဏ်၏ အာရုံ၏ အဖြစ် ဟူသော ကိစ္စရှိ၏၊ ဃာနဝိညာဏ်၏ ကျက်စားရာဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်းဟူသော ပစ္စုပဋ္ဌာန်ရှိ၏။

### ရသာရုံ၏ လက္ခဏာစသည်

သတ္တဝါတို့ သာယာအပ်သော သဘောရှိသော ရုပ်သည် ရသမည်၏။ ထိုရသသည် ဇိဝှါပသာဒ၌ ထိခိုက်ခြင်း လက္ခဏာရှိ၏၊ ဇိဝှါဝိညာဏ်၏ အာရုံ၏ အဖြစ်ဟူသော ကိစ္စရှိ၏၊ ဇိဝှါဝိညာဏ်၏ ကျက်စားရာဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

### ဖောဋ္ဌဗ္ဗာရုံ၏ သဘောတရား

တွေ့ထိအပ်သော သဘောရှိသော ပထဝီ, တေဇော, ဝါယော ဟူသော ဘုတ်သုံးပါးသည် ဖောဋ္ဌဗ္ဗမည်၏။ ထိုပထဝီ စသည်တို့၏ လက္ခဏာ စသည်တို့ကို အောက်က ပြဆိုခဲ့ပြီ၊ ထိုဖောဋ္ဌဗ္ဗဖြစ်သော ဘုတ်သုံးပါးတို့သည် တပြိုင်နက်ထည်း ထင်ခြင်းသို့ ရောက်ပါမည်လော မရောက်လော ဟူငြား အံ့၊ ရောက်၏ ဟူလေ။ ယင်းသို့ တပြိုင်နက် ထင်ခြင်းသို့ ရောက်သော ထိုဘုတ်သည် ကာယပသာဒကို ထိခိုက်ကုန်မည်လော မထိခိုက်ကုန်လော ဟူအံ့၊ သုံးပါးလုံးပင် ထိခိုက်၏ ဟူလေ။ ယင်းသို့ တပြိုင်နက်ထည်း ထိခိုက်ခြင်းသို့ ရောက်သော ဘုတ်သုံးပါးတို့ကို တပြိုင်နက်ထည်း အာရုံပြု၍ ကာယဝိညာဏ် ဖြစ်ပါမည်လော မဖြစ်လောဟူအံ့၊ မဖြစ်ဟူလေ။ နှလုံးသွင်း

ခြင်း၏ အစွမ်းဖြင့်ရင်း, အစုအဝေးများသည်၏ အစွမ်းဖြင့်ရင်း တပါးပါး ကိုသာ အာရုံပြု၍ဖြစ်သည်။

ထမင်းလုံးကို မာသည် ပြော့သည် စုံစမ်းသောအခါ ထိုထမင်းလုံး၌ တေဇောဓာတ်, ဝါယောဓာတ်တို့ ရှိကုန်ငြားသော်လည်း ပထဝီဓာတ် ကိုသာ နှလုံးသွင်းရကား ပထဝီကိုသာ အာရုံပြုသည်၊ ရေနွေး၌ လက်ကို ချ၍ ပူသည် အေးသည် စုံစမ်းသောအခါ ထိုရေနွေး၌ ပထဝီဓာတ်,ဝါယော ဓာတ်တို့ ရှိကုန်ငြားသော်လည်း တေဇောဓာတ်ကိုသာ နှလုံးသွင်းရကား တေဇောကိုသာ အာရုံပြုသည်၊ နွေကာလ လေသာပြူတင်းကို ဖွင့်လှစ်၍ လေညှင်းခံသောအခါ ထိုလေ၌ ပထဝီဓာတ်,တေဇောဓာတ်တို့ ရှိကုန်ငြား သော်လည်း ဝါယောဓာတ်ကိုသာ နှလုံးသွင်းရကား ဝါယောဓာတ်ကိုသာ အာရုံပြုသည်၊ ဤသို့ **နှလုံးသွင်းသည်၏ အစွမ်းဖြင့်** အသီးအသီး တပါးစီ ကိုသာ အာရုံပြုသည်။

သစ်ငုတ်ခလုတ် တိုက်မိသောအခါ စသည်၌ ထိုသစ်ငုတ်ခလုတ်ဝယ် တေဇောဓာတ်, ဝါယောဓာတ်တို့ ရှိကုန်ငြားသော်လည်း ပထဝီဓာတ်သာ အစုအဝေးများရကား ပထဝီဓာတ်ကိုသာ အာရုံပြုသည်၊ မီးကိုနင်းကိုင် မိသောအခါ ထိုမီး၌ ပထဝီဓာတ်, ဝါယောဓာတ်တို့ ရှိကုန်ငြားသော်လည်း တေဇောဓာတ်သာ အစုအဝေးများရကား တေဇောဓာတ်ကိုသာ အာရုံ ပြုသည်၊ နားရွက်ကို လေပြင်းခတ်၍ နားမကြားသကဲ့သို့ ဖြစ်သောအခါ ထိုလေ၌ ပထဝီဓာတ်, တေဇောဓာတ်တို့ ရှိကုန်ငြားသော်လည်း ဝါယော ဓာတ်သာ အစုအဝေးများရကား ဝါယောဓာတ်ကိုသာ အာရုံပြုသည်၊ ဤသို့ **အစုအဝေးများသည်၏ အစွမ်းဖြင့်** အသီးအသီး တပါးစီကိုသာ အာရုံပြုသည်။

အမှတ်မရှိ တပါးပါးသော ဓာတ်ကို အာရုံပြုသော ကာယဝိညာဏ် သည်လည်း တပြိုင်နက်ခြင်း မဖြစ်။ တစည်းလုံးသော အပ်အစုဖြင့် ထိုးအပ် သော သူအား တပြိုင်နက်ပင် ကာယပသာဒကို ထိခိုက်အပ်၏၊ ထိုသို့ထိခိုက် အပ်သော်လည်း အကြင်အကြင် အရပ်၌ ကာယပသာဒသည် များ၏၊ ထိုထိုအရပ်၌ ကာယဝိညာဏ်ဖြစ်သည်။ အကြင်အကြင် ပသာဒ၌ ထိခိုက် ခြင်းသည် အားကြီး၏၊ ထိုထိုပသာဒ၌ ရှေးဦးစွာ ကာယဝိညာဏ်ဖြစ်သည်။ ကြက်တောင်ဖြင့် အမာ၌ ဆေးသုတ်လိမ်းသည်ရှိသော် အမွေးတိုင်း အမွေး

တိုင်းသည် ကာယပသာဒကို ထိခိုက်၏၊ ထိုသို့ ထိခိုက်ရာ အကြင်အကြင် အရပ်၌ ကာယပသာဒများ၏၊ ထိုထိုအရပ်၌သာ ကာယဝိညာဏ်ဖြစ်သည်။

ဤရုပ် ၇-ပါးတို့သည် ဂါဝေါ ဂောစရာ လက္ခဏာ တူ၍ ဂေါစရံ-ဟူသည် နှင့်အညီ စက္ခုစသော လက္ခဏာတို့၏ ကျက်စားရာ အာရုံဖြစ်၍ ဂေါစရမည် ကုန်သည်။

ဂေါ ဂေါဏော ထိ ပုမေ သေသော၊ ပုမိန္ဒြိယေ ဇလေ ကရေ။

သဂ္ဂေ ဝဇိရဝါစာယံ၊ ဘူမျံ ဉာဏော စ သူရိယေ။

ဂီတရိ ခန္ဓေ ဂန္ဓဗ္ဗေ၊ စန္ဒေ ဒုက္ခေသု ဂါယနေ။

သူရဿတိဒိသာယဉ္စ၊ ဂေါသဒ္ဒေါ သမုဒီရိတော—

ဟူ၍ **ကောက္ခရကောသ** (ဂါထာနံပါတ် ၂၃-၂၅) ၌ ပြဆိုအပ်သော ဂေါသဒ္ဒါ ၏ အနက် ၁၇-ပါးတွင် ဤ၌ ဂေါသဒ္ဒါ လက္ခဏာဟော။

ပသုမှိ ဝသုဓာယဉ္စ၊ ဝါစာဒေါ ဂေါ ပုမိတ္ထိယံ—

ဟူသော **အဘိဓာန်** (ဂါထာနံပါတ် ၈၆၉) ၌ လက္ခဏာဟူသော အနက် တိုက်ရိုက်မပါ၊ ဝါစာဒေါ၌ အာဒိသဒ္ဒါဖြင့်ယူ။ ကောက္ခရကောသ အလိုအားဖြင့် ဂေါသဒ္ဒါနွားကိုဟောခိုက် ဣတ္ထိလိင်,ပုလ္လိင် နှစ်ပါးရ၊ကြွင်းသောအနက်တို့ကို ဟောခိုက် ပုလ္လိင်ချည်းသာ ဟူလို၏၊ အဘိဓာန် အလိုသော် အလုံးစုံသော အနက်၌ပင် ဣတ္ထိလိင်,ပုလ္လိင် နှစ်ပါးချည်း ဟူလို၏။

အာပေါဓာတ်သည် ကြဉ်အပ်သော ပထဝီ စသော ဘုတ် ၃-ပါး၏ ဖောဋ္ဌဗ္ဗ မည်ကြောင်းကို အာပေါဓာတုဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ-ဟူ၍ သင်္ဂြိုဟ်ကျမ်း၌ ဆိုတော်မူ၏၊ အာပေါဓာတ်သည် ပထဝီဓာတ် စသည်ကဲ့သို့ မဟာဘုတ်ပင် ဖြစ်ပါသည် မဟုတ်လော၊ ယင်းသို့ မဟာဘုတ် ဖြစ်ကလည်း ပထဝီဓာတ်စသော ဘုတ် ၃-ပါးသည် ဖောဋ္ဌဗ္ဗမည်သကဲ့သို့၊ အာပေါဓာတ်သည်လည်း ဖောဋ္ဌဗ္ဗမည်ရာပါသည် မဟုတ်လော၊ ထိုသို့လျက် အဘယ့်ကြောင့် အာပေါဓာတ်ကို ကြဉ်ရလေသနည်း၊ ဝါ- အာပေါဓာတ် ကြဉ်အပ်သော ဘုတ် ၃-ပါးကိုသာ ဖောဋ္ဌဗ္ဗဆို၍ အာပေါဓာတ်ကို ဖောဋ္ဌဗ္ဗ ဟု မဆိုအပ်လေသနည်းဟူမူ ပထဝီစသော ဘုတ် ၃-ပါးသည် တွေ့ထိအပ်, တွေ့ထိထိုက်,တွေ့ထိခြင်းငှါ တတ်ကောင်းသကဲ့သို့၊ အာပေါဓာတ်သည် မတွေ့ထိအပ်, မတွေ့ထိထိုက်, တွေ့ထိခြင်းငှါ မတတ်ကောင်းသောကြောင့်

ပထဝီစသော ၃-ပါးကိုသာ ဖောဋ္ဌဗ္ဗဆိုအပ်၍ အာပေါဓာတ်ကို ဖောဋ္ဌဗ္ဗ မဆိုအပ်သည် ဟူလေ။

[၁] အာပေါဓာတ်ကို တွေ့ထိခြင်းငှါ မတတ်ကောင်းဟူ၏၊ ထိုအာပေါဓာတ်ကို အဘယ်ကြောင့် တွေ့ထိခြင်းငှါ မတတ်ကောင်းသနည်း ဟူပြန်မူ၊ အာပေါဓာတ်သည် အနိဒဿန,အပ္ပဋိဃ အဖြစ်ဖြင့် သိမ်မွေ့သည်၏ အဖြစ်ကြောင့် တွေ့ထိခြင်းငှါ မတတ်ကောင်းလေသည် ဟူလေ။ အာပေါဓာတ်ကို တွေ့ထိခြင်းငှါ မတတ်ကောင်း ဟူ၏၊ သီတအဖြစ်ဟူသော ချမ်းအေးခြင်းကို တွေ့ထိ၍ ယူအပ် ယူနိုင် သိအပ် သိနိုင်ပါသည်သာမဟုတ်လော၊ ထိုသီတ အဖြစ်ဟူသော ချမ်းအေးခြင်းသည် အာပေါပင် ဖြစ်ပါသည် မဟုတ်လော၊ ထိုသို့ချမ်းအေးခြင်းသည် အာပေါ ဟုတ်ခဲ့ကလည်း အာပေါဓာတ်ကိုလည်း တွေ့ထိခြင်းငှါ တတ်ကောင်းရာ၏၊ ထိုသို့တတ်ကောင်းကလည်း အာပေါဓာတ်ကိုလည်း ဖေါဋ္ဌဗ္ဗ ဟူ၍ပင် ဆိုအပ်ရာပါသည် မဟုတ်လော၊ ယင်းသို့ ဆိုအပ်ရာကလည်း အာပေါဓာတ်ကြဉ်သော ဘုတ် ၃-ပါးသာ ဖောဋ္ဌဗ္ဗမည်ကြောင်းကို ပြဆိုသော အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ-ဟူသော စကားသည် မသင့်မမှန်ရာသည်သာ မဟုတ်ပါလော ဟူမူ၊ သင်ဆိုသည် အတိုင်း သီတအဖြစ်ဟူသော ချမ်းအေးခြင်းကို တွေ့ထိ၍ ယူအပ် ယူကောင်း သိအပ် သိကောင်းသည် မှန်ပေ၏၊ ယင်းသို့ပင် တွေ့ထိ၍ ယူကောင်း သိကောင်းသော်လည်း ထိုချမ်းအေးခြင်း သဘောသည် အာပေါဓာတ်ကား မဟုတ်ပါ၊ တေဇောဓာတ်သာ ဖြစ်ခဲ့သည်။ ထိုသို့ ချမ်းအေးခြင်း၏ တေဇောသာဖြစ်၍ အာပေါ မဟုတ်ရကား အာပေါဓာတ်ကို တွေ့ထိခြင်းငှါ မတတ်ကောင်းသောကြောင့် အာပေါဓာတ်ကြဉ်သော ဘုတ် ၃-ပါး၏သာ ဖောဋ္ဌဗ္ဗမည်ကြောင်းကို ပြဆိုသော အာပေါဓာတုဝိဝဇ္ဇိတံ-စသော စကားသည် သင့်လျော်ဟုတ်မှန်သော စကားပင် ဖြစ်ပါ၏ ဟူလေ။

ချမ်းအေးသည်၏ အဖြစ်ဟူသော သဘောကို တွေ့ထိ၍ ယူကောင်း သိကောင်းသော်လည်း ထိုချမ်းအေးသည်၏အဖြစ် တည်းဟူသော သဘောသည် တေဇောသာ ဖြစ်ခဲ့သော် ထိုတေဇောကို အပူဟူ၍ သိခြင်းသာဖြစ်ရာ

---

၁-အာပေါဓာတုယာ သုခုမဘာဝေန ဖုသိတုံ အသက္ကုဏေယျတ္တာ။ (ဝိဘာဝိနီဋီကာ ၁၉၆။)

သည်၊ အအေးဟူ၍ သိခြင်းမဖြစ်ရာ။ ထိုသို့အပူဟူ၍ သိခြင်းသာဖြစ်၍ အအေးဟူ၍ သိခြင်းမဖြစ်သင့်ဘဲလျက် အဘယ်ကြောင့် အပူဟူ၍ သိခြင်း မဖြစ်ဘဲ အအေးဟူ၍ သိခြင်းသာ ဖြစ်ရလေသနည်းဟူမူ၊ထိုတေဇော၏ ပူသည်၏အဖြစ် နန့်သည် ယုတ်လျော့သည်ရှိသော် ထိုပူသည်၏ အဖြစ်၏ နန့်သည် ယုတ်လျော့သည်၏ အဖြစ်ကြောင့် ထိုတေဇောကို အပူဟူ၍ သိခြင်းမဖြစ်ဘဲ၊ အအေးဟူ၍ သိခြင်းဖြစ်သည် ဟူလေ။ ထိုသို့ ပူသည်၏ အဖြစ် နန့်ခြင်း ယုတ်လျော့ခြင်းကြောင့်သာလျှင် အအေးဟု သိခြင်းဖြစ်ရ ကား အအေးဟူ၍ပင် သိသော်လည်း တွေ့ထိ၍ ယူအပ် ယူကောင်း ယူနိုင် သော ထိုအေးသည်၏ အဖြစ်ဟူသော သဘောတရားကို အာပေါမဟုတ်၊ တေဇော ဟူ၍သာ သိအပ်သည် ဟူလို။

အဘယ်ကြောင့် တေဇောဓာတ်၏ ပူသည်၏အဖြစ် နန့်ခြင်း ယုတ်လျော့ ခြင်းကြောင့် ထိုပူသည်၏အဖြစ် နန့်လျော့သော တေဇောကို အအေးဟူ၍ သိခြင်း ဖြစ်ရသနည်း၊ တေဇောမှ သီးခြားတပါး အေးသည်၏ အဖြစ် ဟူသော တခုသောတရားအစု ရှိရာသည်ဖြစ်၍ ထိုတေဇောမှတပါး အသီး အခြားဖြစ်သော အေးသည်၏ အဖြစ်ဟူသော တခုသော တရားအစုကိုသာ အအေးဟူ၍ သိခြင်း ဖြစ်ရာပါသည် မဟုတ်လော၊ ယင်းသို့ တေဇောမှ အသီးအခြား တပါးသော တရားသဘောကိုသာ အအေးဟူ၍ သိခြင်း ဖြစ်ခဲ့သော် ထိုအေးသည်၏ အဖြစ်ဟူသော သဘောသည် အာပေါသာ ဖြစ်ရာပါသည်၊ တေဇောမဖြစ်ရာတကား ဟူငြားအံ့၊ တေဇောဓာတ်မှ အသီးအခြား တပါးသော အေးသည်၏ အဖြစ်ဟူသော တခုသော သဘော တရားမည်သည်မရှိ၊ထိုသို့မရှိခြင်းကြောင့် တေဇောဓာတ်၏ ပူသည်၏အဖြစ် နန့်ခြင်း ယုတ်လျော့ခြင်းကြောင့်သာလျှင် ထိုပူသည်၏အဖြစ် နန့်သော တေဇောကိုသာ အအေးဟူ၍ သိခြင်းဖြစ်သည်။ တေဇောဓာတ်မှ အသီး အခြား တပါးသော အေးသည်၏ အဖြစ်ဟူသော တခုသောတရား ရှိခြင်း ကြောင့် အအေးဟု သိသည်မဟုတ်၊ ထို့ကြောင့် အေးသည်၏ အဖြစ် ဟူသော သဘောသည် တေဇောသာ ဖြစ်သည်၊ အာပေါ မဟုတ် ဟူလေ။

တေဇောဓာတ်ကိုပင် အအေးဟု သိခြင်းဖြစ်သော် ဖြစ်ပါစေတော့၊ ယင်းသို့ တေဇောဓာတ်၏ အေးသည်၏အဖြစ်ကို သိခြင်းဖြစ်ခဲ့သော် ထို

တေဇောကို အအေးဟူ၍သာ သိခြင်းမဖြစ်မူ၍ ထိုတေဇော၏ ပူသည်၏ အဖြစ်ကို အဘယ်ကြောင့် သိရပြန်သနည်း၊ ထိုတေဇော၏ အေးသည်၏ အဖြစ်ကို သိခြင်းသာဖြစ်ရာသောကြောင့် ပူသည်၏အဖြစ်ကို သိခြင်း မဖြစ်ရာသည်သာ မဟုတ်လော၊ ဝါ-ထိုတေဇောကို အအေးဟု သိခြင်း ဖြစ်ခဲ့သော် တခုသောစာတ်ကို တခုတည်းသော အခြင်းအရာအားဖြင့်သာ သိအပ်ရာ၏၊ ထိုသို့လျက် အဘယ်ကြောင့် အအေးဟူ၍သာ သိခြင်း မဖြစ်ဘဲ၊ ပူသည်၏အဖြစ်ကို သိအပ်သနည်း ဟူပြန်မူ၊ ထိုတေဇော၏ အေး သည်၏အဖြစ်သည် အမြဲမတည်သောကြောင့် ထိုအေးသည်၏ အဖြစ်ကို သိခြင်းလည်း မမြဲရကား ထိုတေဇော၏ အေးသည်၏ အဖြစ်ကိုသာ မသိ မူ၍ ပူသည်၏အဖြစ်ကိုလည်း သိသည် ဟူလေ။

အအေးဟူ၍ သိသော အသိဉာဏ် မမြဲသောကြောင့် အေးသည်၏ အဖြစ်ကိုသာ မသိမူ၍ ပူသည်၏အဖြစ်ကိုလည်း သိသည် ဟူ၏၊ အဘယ်၌ ဖြစ်သော သိခြင်းအသိဉာဏ်သည် မမြဲသကဲ့သို့ မမြဲလေသနည်း ဟူမူ၊ မြစ်၏ ထိုမှာဘက်ကမ်း ဟူသော ပါရ, ဤမှာဘက်ကမ်း ဟူသော အပါရ၌ ဖြစ်သော အသိဉာဏ်မမြဲသကဲ့သို့ မမြဲလေသည် ဟူလေ။ မြစ်၏ လက်ဝဲ လက်ျာ ကမ်းနှစ်ဘက်တို့တွင် လက်ဝဲဘက်ကမ်း၌ တည်နေနိုက် ဖြစ်သော သူသည် လက်ျာဘက်ကမ်းကို ပါရဟု သိသည်၊ လက်ျာဘက်ကမ်း၌ တည် နေသည်ဖြစ်မူ ထိုလက်ဝဲဘက်၌ တည်နေစဉ် ပါရဟု သိအပ်သော လက်ျာ ဘက်ကမ်းကိုပင် အပါရဟု သိပြန်သည်ဖြစ်၍ မြစ်ကမ်းကို ပါရဟု ထိုမှာ ဘက်ကမ်းဟု သိသောဉာဏ်, အပါရဟု ဤမှာဘက်ကမ်းဟု သိသောဉာဏ် မမြဲရကား ထိုမြစ်ကမ်း၏ ပါရအဖြစ်, ပါရဟူသော အမည်, အပါရ အဖြစ် အပါရဟူသော အမည်သည် မမြဲသကဲ့သို့ ထိုတေဇောကိုလည်း အပူပွါးခိုက် အပူဟု သိသည်၊ အပူနန့်လျော့ခိုက် အအေးဟု သိသည်ဖြစ်၍ ထို တေဇော၏ ပူသည်၏အဖြစ်ကို သိသော အသိဉာဏ်၏ရင်း, အေးသည်၏ အဖြစ်ကိုသိသော အသိဉာဏ်၏ရင်း အမြဲ မတည်သည်၏ အဖြစ်ကြောင့် ထိုတေဇောကို အအေးဟူ၍သာ သိခြင်းမဖြစ်မူ၍ အပူဟူ၍လည်း သိသည် ဟူလို။

တေဇောစာတ်၏ အေးသည်၏အဖြစ်ကို သိသောဉာဏ်, ပူသည်၏ အဖြစ်ကိုသိသော ဉာဏ်ဖြစ်၍ ထိုတေဇောကို အအေးဟူ၍လည်း သိသည်

ဟူ၏၊ ထိုတေဇောကို အဘယ်သူတို့အား အအေးဟူ၍ သိခြင်းဖြစ်သနည်း အဘယ်သူတို့အားကား အပူဟူ၍ သိခြင်းဖြစ်သနည်း တခုတမျိုးတည်းသောရုပ်ကလာပ်၌ တခုတည်းသော အသိဉာဏ်သာဖြစ်ရာပါသည် မဟုတ်လော ဟူပြန်မူ၊ အအေးဟူ၍သိခြင်း အသိဉာဏ် အမြဲတည်ခြင်း မရှိရကား အပူဟူ၍ သိအပ်သည်၏ အဖြစ်, အပူဟူ၍သိခြင်း အသိဉာဏ် အမြဲတည်ခြင်း မရှိရကား အအေးဟူ၍ သိအပ်သည်၏ အဖြစ်ကြောင့် အပူပြင်းလှသော နွေကာလဝယ် နေပူ၌တည်နေ၍ သစ်ပင်စသည်တို့၏ အရိပ်သို့ဝင်သောသူတို့အား အအေးဟူ၍ သိခြင်းဖြစ်သည်၊ ထိုနေပူ၌ပင် မြင့်ကြာ တာရှည်နေကုန်သော သူတို့အား အပူဟူ၍ သိခြင်းဖြစ်သည် ဟူလေ။ ဤကား—

တထာ ဟိ ဃမ္မကာလေ အာတပေ ဌတွာ ဆာယံ ပဝိဋ္ဌာနံ
သီတဗုဒ္ဓိ ဟောတိ၊ တတ္ထေဝ စိရကာလံ ဌိတာနံ ဥဏှဗုဒ္ဓိ—

ဟူသော (ဋီကာကျော် ၁၉၆) ၌ "တတ္ထေဝ"ကို "တတ္ထေဝါတိ အာတပေယေဝ"ဟု **မဏိမဉ္ဇူ** ဖွင့်ပြသည်နှင့်အညီ ပြဆိုအပ်သော အဓိပ္ပါယ်တည်း။ "တတ္ထေဝ"၌ "တ" သဒ္ဒါဖြင့် "အာတပ"ကို မစွဲယူဘဲ၊ "ဆာယ"ကို စွဲ၍ "တတ္ထေဝါတိ ဆာယာယံ ဧဝ"ဟု ဖွင့်သော်သာ သင့်မည်ထင်ပေသည်။ သို့စွဲသော် နွေကာလဝယ် နေပူ၌ ရပ်နေပြီး၍ သစ်ပင် စသည်တို့၏ အရိပ်သို့ ဝင်သော သူတို့အား ထိုသစ်ပင်ရိပ်ကို အအေးဟု သိသည်၊ ထိုသစ်ပင် စသည်တို့၏ အရိပ်၌သာ တာရှည်လေးမြင့် တည်နေသော ပုဂ္ဂိုလ်တို့အား ထိုအရိပ်ကိုပင် အပူဟု သိသည် ဤသို့ အဓိပ္ပါယ်ဆို။

အေးသည်၏ အဖြစ်ဟူသော သဘောသည် အာပေါမဟုတ်၊ တေဇောဓာတ်သာ ဖြစ်သည် ဟူ၏၊ ထိုအေးသည်၏ အဖြစ်သည် အာပေါပင် ဖြစ်၏ဟု ယူခဲ့သော် အဘယ်သို့သော အပြစ်ရှိသနည်း၊ တစုံ တခုသော အပြစ်မရှိခဲ့က ထိုအေးသည်၏ အဖြစ်ကို အာပေါ ဟူ၍ပင် ယူရပါစေတော့လော ဟူပြန်ငြားအံ့၊ အကယ်၍ ထိုအေးသည်၏ အဖြစ်သည် အာပေါ ဖြစ်ခဲ့အံ့၊ ထိုအေးသည်၏ အဖြစ်ကို ပူသည်၏ အဖြစ်နှင့် အတူတကွ တခုတည်းသော ရုပ်ကလာပ်၌ ရရာသော အပြစ်ဖြစ်သည် ဟူလေ။ ထိုအေးသည်၏ အဖြစ်ကို ပူသည်၏ အဖြစ်နှင့် အတူတကွ တခုတည်းသော ကလာပ်၌ ရရာသည် ဟူ၏၊ ယင်းသို့ရသော ပထဝီဓာတ် ဝါယောဓာတ် စသည် တို့ကို ပူသည်၏ အဖြစ်နှင့်တကွ တခုတည်းသော ကလာပ်၌ ရသ

ကဲ့သို့ ထိုအေးသည်၏ အဖြစ်ကိုလည်း ပူသည်၏ အဖြစ်နှင့် အတူတကွ တခုတည်းသော ကလာပ်၌ ရသည်ပင် ဖြစ်ပါစေတော့လော၊ ယင်းသို့ ရခဲ့က ထိုအေးသည်၏ အဖြစ်ကို အာပေါဟူ၍ပင် သိအပ်ပါသည် မဟုတ်လော ဟူပြန်ခဲ့အံ့၊ အကြင်ကြောင့် သုခဒုက္ခတို့သည် အချင်းချင်း ဆန့်ကျင်ဘက် ဖြစ်၍ ထိုသုခဒုက္ခတို့ကို တခုတည်းသော စိတ္တုပ္ပါဒ်၌ အတူတကွ မရသကဲ့သို့ငှါး, အလင်းအမိုက်တို့သည် အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်၍ ထိုအလင်းအမိုက်မှောင်တို့ကို အတူတကွ တပြိုင်နက် တဌာနတည်း မရကောင်းသကဲ့သို့ငှါး, ထိုအေးသည်၏ အဖြစ် ပူသည်၏ အဖြစ်တို့သည်လည်း အချင်းချင်း ဆန့်ကျင်ဘက်ဖြစ်၍ ထိုအေးသည်၏ အဖြစ်ကို ပူသည်၏ အဖြစ်နှင့် အတူတကွ တခုတည်းသော ရုပ်ကလာပ်၌ ရကား မရကောင်းပါခဲ့၊ ထိုသို့ မရသောကြောင့် အေးသည်၏ အဖြစ်ကို အာပေါဓာတ်မဟုတ် ဟူ၍သာ သိအပ်သည် ဟူလေ။

## ဝိတဏ္ဍဝါဒီတို့ အမှား

ပျောင်းပျော့ခြင်း ဟူသည် အာပေါဓာတ်သာတည်း၊ ထိုပျောင်းပျော့ခြင်းကိုလည်း တွေ့ထိ၍ ယူအပ် ယူနိုင် သိအပ် သိနိုင်၏၊ ထိုပျောင်းပျော့ခြင်းကို တွေ့ထိ၍ ယူနိုင်သိနိုင်သောကြောင့် အာပေါဓာတ် သည်လည်း ပထဝီ တေဇော ဝါယော တို့သည် ဩဠာရိကဖြစ်၍ တွေ့ထိကောင်းကုန်၍ ဖောဋ္ဌဗ္ဗမည်ကုန်သကဲ့သို့ ဩဠာရိကဖြစ်၍ တွေ့ထိကောင်းရကား ဖောဋ္ဌဗ္ဗပင်မည်သည် ဟူ၍ ပညာရှိတို့၏ စိတ်နှလုံးကို အထူးသဖြင့် ထိုးဆွတုန်လှုပ်စေတတ်သော အယူစကား ရှိကုန်သော ဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့သည် မှတ်ယူပြောဆိုကုန်၏။ ထိုဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့ကို သင်တို့မှတ်ယူ ပြောဆိုသည် အတိုင်းပင် ဟုတ်ပါပေ၏ဟု ဝန်ခံအပ်ကုန်သလော၊ ယင်းသို့မဟုတ် သင်တို့မှတ်ယူ ပြောဆိုခြင်းသည် မဟုတ် မမှန်ဟု ပယ်လှန်အပ်ကုန်သလော၊ အဘယ်သို့ ဆိုအပ်ကုန်သနည်း ဟူမူ၊ ပျောင်းပျော့ခြင်းကို တွေ့ထိ၍ ယူအပ် ယူနိုင် သိအပ် သိနိုင်၏ ဟူသော မှတ်ထင်ခြင်းသည် သင် ဝိတဏ္ဍဝါဒီတို့၏ မဟုတ်မမှန် ဖောက်ပြန်ချွတ်ယွင်း မှားသောမှတ်ထင်ခြင်းသာ ဖြစ်သည်ဟု ပယ်ဆိုအပ် ကုန်သည် ဟူလေ။

အဘယ်ကြောင့် ထိုဝိတဏ္ဍဝါဒီတို့၏ မှတ်ထင်ခြင်းကို မှားသော မှတ်ထင်ခြင်းသာဟု ပယ်ဆိုအပ်ကုန်သနည်း၊ ထိုပုဂ္ဂိုလ်တို့ မှတ်ထင်သည်

အတိုင်း ပျောင်းပျော့ခြင်းကို တွေ့ထိ၍ ယူနိုင် သိနိုင်သည် အမှန်ဖြစ်ပါ ပေသည်ပင် မဟုတ်ပါလောဟူပြန်မူ၊ သဏ္ဌာန်၏မှီရာ မဟာဘုတ်တို့ကိုသာ တွေ့ထိပါသည်ကို သဏ္ဌာန်ကို မျက်မှောက်သိသာ ထင်လင်းစွာပင် ငါတွေ့ ထိ၏ဟု မှတ်ထင်သောသူ၏ ဤသို့သော မှတ်ထင်ခြင်းသည် သဏ္ဌာနရုပ် ဟူသည် ရုပ်ရုံသာဖြစ်သောကြောင့် ထိုရုပ်ရုံဖြစ်သောသဏ္ဌာန်တို့ တရံ တဆစ်မျှ စင်စစ် တွေ့ထိခြင်းငှါ မတတ်ကောင်းရကား၊ မဟုတ်မလျား မှားသောမှတ်ထင်ခြင်းသာဖြစ်သကဲ့သို့၊ပျောင်းပျော့ခြင်းဟူသော အာပေါ ဓာတ်နှင့်တကွ ဖြစ်ခြင်းရှိကုန်သော ပထဝီ တေဇော ဝါယော ဟူသော ဘုတ် ၃-ပါးတို့ကိုသာ တွေ့ထိပါသည်ကို ဤရုပ်တရားကို တွေ့ထိအပ် တွေ့ထိ ကောင်း၏၊ ဤရုပ်တရားကို မတွေ့ထိအပ် မတွေ့ထိကောင်းဟူ၍ တွေ့ထိ အပ်သည်၏အဖြစ် မတွေ့ထိအပ်သည်၏ အဖြစ်ဟူသော အထူးအပြားကို ဟုတ်မှန်တိုင်းသော အခြင်းအရာဖြင့် နေရာကျ မသိကုန်သည်ဖြစ်၍ ပျောင်းပျော့ခြင်းကို မျက်မှောက်ထင်လင်းစွာ ပစ္စက္ခအားဖြင့် ငါတွေ့ထိ၏ ဟု မှတ်ထင်သော ထိုဝိတဏ္ဍဝါဒီ ပုဂ္ဂိုလ်တို့၏ မှတ်ထင်ခြင်းကို ပျောင်းပျော့ ဟူသည် အာပေါဓာတ်သာဖြစ်၍ အာပေါဓာတ်ဟူကလည်း အနိဒဿန အပ္ပဋိဃဖြစ်၍ အလွန်သိမ်မွေ့သော သုခုမရုပ်သာ ဖြစ်သောကြောင့် စင်စစ် တွေ့ထိခြင်းငှါ မတတ်ကောင်းသော သဘောသာဖြစ်ရကား မဟုတ်မလျား မှားသောမှတ်ထင်ခြင်းဟု ပယ်ဆိုအပ်သည်ဟူလေ။ ဋီကာကျော် မဏိမဉ္ဇူ တို့ကိုမှီ၍ ဤအဓိပ္ပါယ်တို့ကို ဆိုလိုက်သည်။

အာပေါဓာတ်သည် ပထဝီ တေဇော ဝါယောဟူသော ဓာတ်သုံးပါးတို့ကို ဖွဲ့စည်းတတ်သည်၊ သံတွေခဲစသည်တို့သည် အာပေါဓာတ်သည် ဖွဲ့စည်း၍ စိုင်ခဲသည်တို့ကို ပြုသည်၊ ထိုသံတွေခဲစသည်တို့သည် အာပေါဓာတ် ဖွဲ့စည်း အပ်သည်၏အဖြစ်ကြောင့် အစိုင်အခဲတို့ မည်သည် ဖြစ်ကုန်သည်၊ ကျောက် တောင်၊ထန်းစေ့၊ဆင်စွယ်၊နွားဦးချို စသည် အလုံးစုံတို့ကိုလည်း အာပေါ ဓာတ်သာလျှင် ဖွဲ့စည်း၍ စိုင်ခဲသည်တို့ကို ပြုသည်၊ အာပေါဓာတ်သည်သာ လျှင် ဖွဲ့စည်းအပ်သည်၏ အဖြစ်ကြောင့် ထိုကျောက်တောင် စသည်တို့၏ အစိုင်အခဲ ဖြစ်ကုန်သည်။ ဓာတ်လေးပါးတို့တွင် ပထဝီဓာတ်သည် ကြွင်းသော ဓာတ်သုံးပါးတို့၏ တည်ရာဖြစ်မည်လော မဖြစ်မည်လော ဟူမူ၊ ဖြစ်၏ ဟူလေ။ တည်ရာဖြစ်၏ ဟူသော် ဤပထဝီဓာတ်သည် ထိုဓာတ်

သုံးပါးတို့နှင့် ထိ၍ပင် တည်ရာဖြစ်မည်လော၊ မတွေ့ထိမူ၍ပင် တည်ရာဖြစ်မည်လော၊ အာပေါဓာတ်သည်လည်း ကြွင်းဓာတ် သုံးပါးတို့ကို ဖွဲ့စည်းသည်ရှိသော် ယင်းတို့နှင့် တွေ့ထိ၍ပင် ဖွဲ့စည်းလေသလော၊ မတွေ့ထိမူ၍ပင် ဖွဲ့စည်းလေသလော ဟူမူ၊ ပထဝီဓာတ်သည် အာပေါဓာတ်နှင့် မတွေ့ထိမူ၍သာ ယင်းတို့၏ တည်ရာဖြစ်သည်၊ တေဇောဓာတ် ဝါယောဓာတ်တို့၏ တည်ရာဖြစ်သော် ယင်းတို့နှင့် တွေ့ထိ၍သာ တည်ရာ ဖြစ်သည်၊ အာပေါဓာတ်မူကား ပထဝီဓာတ်ကိုရင်း တေဇောဓာတ် ဝါယောဓာတ်တို့ကိုရင်း မတွေ့ထိမူ၍သာ ဖွဲ့စည်းသည် ဟူလေ။

အာပေါဓာတ်သည် ကြွင်းသော ဓာတ်သုံးပါးတို့ကို မတွေ့ထိမူ၍သာ ဖွဲ့စည်းသည် ဟူ၏၊ တွေ့ထိ၍ ဖွဲ့စည်းခဲ့သော် အဘယ်အပြစ် ဖြစ်ရာသနည်း ဟူမူ၊ အကယ်၍တည်း တွေ့ထိ၍ ဖွဲ့စည်းသည်ဖြစ်အံ့၊ ထိုအာပေါဓာတ်သည် ဖောဋ္ဌဗ္ဗမည်သည် ဖြစ်ခဲ့ရာသည်ဟူလေ။ တေဇောဓာတ်သည် ကြွင်းဓာတ် သုံးပါးတို့ကို ကျက်စေ လောင်စေမည်လော ဟူမူ၊ ကျက်စေ လောင်စေ၏ ဟူလေ။ ဝါယောဓာတ်သည်လည်း ကြွင်းဓာတ် သုံးပါးတို့ကို ဖူးကြွ တောင့်တင်း ပြည့်ခိုင်ခြင်းတို့ကို ပြုမည်လော ဟူမူ၊ ပြု၏ ဟူလေ။ တေဇောဓာတ်သည် ကြွင်းဓာတ်သုံးပါးတို့ကို တွေ့ထိ၍ ကျက်စေ လောင်စေသလော၊ မတွေ့ထိမူ၍ပင် ကျက်စေ လောင်စေသလော ဟူမူ၊ တေဇောဓာတ်သည် ပထဝီဓာတ်ကို တွေ့ထိ၍သာလျှင် ကျက်စေ လောင်စေ၏၊ ထိုတေဇောဓာတ်သည် ကျက်စေ လောင်စေအပ်သော ပထဝီဓာတ်မူကား ပူသည်ဖြစ်၍ မကျက်မလောင်၊ အကယ်၍ ပူသည်ဖြစ်၍ ကျက်လောင်သည် ဖြစ်အံ့၊ ထိုပထဝီဓာတ်သည် ဥဏှတ္တလက္ခဏာရှိသည်မည်သည် ဖြစ်ခဲ့ရာသည်၊ အာပေါဓာတ်ကိုမူကား မတွေ့ထိမူ၍သာလျှင် ကျက်လောင်စေ၏၊ တေဇောဓာတ်သည် ကျက်စေ လောင်စေအပ်သော ထိုအာပေါဓာတ်သည်လည်း ပူသည်ဖြစ်၍ မကျက်မလောင်၊ အကယ်၍ ပူသည်ဖြစ်၍ ကျက်လောင်သည်ဖြစ်အံ့၊ ထိုအာပေါဓာတ်သည် ဥဏှတ္တလက္ခဏာ ရှိသည်မည်သည် ဖြစ်ခဲ့ရာသည်။

ဝါယောဓာတ်ကိုကား ထိသည်ဖြစ်၍သာလျှင် ကျက်စေ လောင်စေ၏၊ ထိုတေဇောဓာတ်သည် ကျက်စေလောင်စေအပ်သော ဝါယောဓာတ်မူကား ပူသည်ဖြစ်၍ မကျက်မလောင်၊ အကယ်၍ ပူသည်ဖြစ်၍ ကျက်လောင်သည် ဖြစ်အံ့၊ ထိုဝါယောဓာတ်သည် ဥဏှတ္တလက္ခဏာ ရှိသည်မည်သည် ဖြစ်ခဲ့ရာ

သည်။ ဝါယောဓာတ်သည် ပထဝီဓာတ် တေဇောဓာတ်တို့ကို ထိသည်ဖြစ်၍ သာလျှင် ပြည့်ခိုင်စေသည်၊ အာပေါဓာတ်ကိုမူကား မထိမူ၍သာလျှင် ပြည့်ခိုင်စေ၏၊ ထန်းရေ ကြံရေတို့ကို ချက်၍ ထန်းလျက် ကြံသကာ ပျားသကြားခဲ ပြုအပ်သည်ရှိသော် အာပေါ ဓာတ်ခဲမာသည် ဖြစ်မည်လော မဖြစ်မည်လော ဟူမူ၊ မဖြစ် ဟူလေ။ အဘယ်ကြောင့် မခဲမာသနည်းဟူမူ၊ ထို အာပေါဓာတ်သည် ယိုစီးခြင်း ပဂ္ဃရဏလက္ခဏာ ရှိသည်၊ ပထဝီဓာတ်သည် ခက်မာခြင်း ကက္ခဠလက္ခဏာရှိသည်၊ယုတ်လျော့အားနည်းသည်ဖြစ်၍ကား အာပေါသည် လွန်ကဲအားရှိသော ပထဝီ၏ အလား ရှိသည်ဖြစ်၏။ ထို အာပေါသည် အရည် အခြင်းအရာအားဖြင့် တည်သည်၏ အဖြစ်ကို စွန့်၏၊ ပဂ္ဃရဏလက္ခဏာကိုမူ မစွန့်၊ ထိုကြောင့် မခဲ မခက်မာသည်ဟူလေ။ တင်လဲခဲဟူသော ထိုထန်းလျက် သကြားခဲကို ချေအပ်သည်ရှိသော် ပထဝီဓာတ်သည် မကြေ၊ အဘယ်ကြောင့် မကြေသနည်း ဟူမူ၊ ပထဝီဓာတ်သည် ခက်မာခြင်း ကက္ခဠလက္ခဏာ ရှိသည်၊ အာပေါဓာတ်သည် ယိုစီးခြင်း ပဂ္ဃရဏလက္ခဏာ ရှိသည်၊ ယုတ်လျော့ အားနည်းသော ပထဝီဓာတ်သည် သာလွန် အားရှိသော အာပေါအလား ရှိသည်ဖြစ်၏၊ ထို ပထဝီသည် အစိုင်အခဲဟူသော အခြင်းအရာကို စွန့်၏၊ လက္ခဏာကို မစွန့်၊ ထို့ကြောင့် မကြေသည် ဟူလေ။

၄-ပါးကုန်သော မဟာဘုတ်တို့၏ သဘော၏ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်သည်၏ အဖြစ်သာ ဖြစ်ကောင်းသည်၊ လက္ခဏာ၏ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်သည်၏ အဖြစ်မည်သည် မရှိ၊ ထို ၄-ပါးသော မဟာဘုတ်တို့၏ လက္ခဏာအားဖြင့် ဖောက်ပြန်သည်၏ အဖြစ် မရှိသည်ကို—

> သိယာ ခေါ ပနာနန္ဒ စတုန္နံ မဟာဘူတာနံ အညထတ္တံ ပထဝီဓာတုယာ အာပေါဓာတုယာ တေဇောဓာတုယာ ဝါယော-ဓာတုယာ၊ နတွေဝ ဗုဒ္ဓေ အဝေစ္စပ္ပသာဒေန သမန္နာဂတဿ အရိယသာဝကဿ သိယာ အညထတ္တန္တိ[၁]—

ဟူသော ဤ **အင္ဂုတ္တရပါဠိ** သုတ်ဖြင့် ပြအပ်၏။

---

၁-အံ ၁-၂၂၃-နိဝေသက သုတ်၌ ၎င်းပါဠိ ရှိ၏။

အာနန္ဒ၊ အာနန္ဒာ။ စတုန္နံ၊ ၄-ပါးကုန်သော။ မဟာဘူတာနံ၊ တို့၏။ အညထတ္တံ၊ တပါးသောအခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော ဖောက်ပြန်သည်၏ အဖြစ်သည်။ ခေါ ပန၊ စင်စစ်။ သိယာ၊ ဖြစ်ရာသေး၏။ ပထဝီဓာတုယာ၊ ၏။ အညထတ္တံ၊ သည်။ သိယာ၊ ၏။ အာပေါဓာတုယာ၊ ၏။ အညထတ္တံ၊ သည်။ သိယာ၊ ၏။ တေဇောဓာတုယာ၊ ၏။ အညထတ္တံ၊ သည်။ သိယာ၊ ၏။ ဝါယောဓာတုယာ၊ ၏။ အညထတ္တံ၊ သည်။ သိယာ၊ ၏။ ဗုဒ္ဓေ၊ မြတ်စွာဘုရား၌။ အဝေစ္စပ္ပသာဒေန၊ သက်ဝင်ယုံကြည်ခြင်းနှင့်။ သမန္နာဂတဿ၊ ပြည့်စုံသော။ အရိယသာဝကဿ၊ ၏။ အညထတ္တံ၊ သက်ဝင်ယုံကြည်သည်၏ အဖြစ်မှ တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းဟူသော ဖောက်ပြန်သည်၏ အဖြစ်သည်။ နတွေဝ သိယာ၊ မဖြစ်ရာသည်သာတည်း။

အာနန္ဒာ ကြမ်းတန်း ခက်မာသည်၏ အဖြစ်ဟူသော လက္ခဏာရှိသော ပထဝီဓာတ်သည် ထိုကက္ခဠလက္ခဏာမှ ပြန်လှန် လှီးဖောက်၍ ပဂ္ဃရဏလက္ခဏာရှိသော အာပေါဓာတ်မည်သည် ဖြစ်ရာ၏၊ အရိယသာဝက၏ကား ဖောက်ပြန်သည်၏ အဖြစ်မည်သည် မရှိပြီ ဟူလို။ ဤအဓိပ္ပါယ်များကို (အင္ဂုသာလိနီ အင္ဂုကထာ ၂၂၂-မှ) ယူ၍ ဆိုသည်။

### ဘာဝရုပ် ၂-ပါး သဘောလက္ခဏာ

ဘာဝရုပ် နှစ်ပါးတို့တွင် မိန်းမ၏ အဖြစ်ဟူသော ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏ ဖြစ်ကြောင်းဖြစ်သော ရုပ်သည် ဣတ္ထိဘာဝရုပ်မည်၏။ ယောကျ်ား၏ အဖြစ်ဟူသော ပုရိသလိင်, ပုရိသနိမိတ္တ-ပုရိသကုတ္တ, ပုရိသအာကပ္ပတို့၏ ဖြစ်ကြောင်းဖြစ်သော ရုပ်သည် ပုရိသဘာဝရုပ် မည်၏။ ထိုတွင် ဣတ္ထိဘာဝရုပ်သည် ဣတ္ထိန္ဒြေ၊ ပုရိသဘာဝရုပ်သည် ပုရိသိန္ဒြေ။

ထိုဘာဝရုပ် နှစ်ပါးသည်လည်း မိန်းမ ယောကျ်ားတို့၌ ထိုက်သည်အားလျော်စွာ ကာယပသာဒရုပ်ကဲ့သို့ ပါစကတေဇော၏ တည်ရာအရပ်၊ ဆံဖျား အမွေးဖျား ခြေသည်း လက်သည်းဖျား အရေခြောက်တို့ကို ချန်လှပ်လွှတ်ထား၍ ဥပါဒိန္နက ကာယရှိသမျှ တကိုယ်လုံး၌ နှံ့၍တည်၏။ ယင်းသို့ တကိုယ်လုံး၌ နှံ့၍ တည်ခဲ့သော် ဤရုပ်သည် ကာယပသာဒနှင့်

ရောရှက်ခြင်း ဖြစ်ရာ၏တကား ဟူမူ၊ ဤရုပ်တို့သည် တခုတည်းသော ကလာပ်၌ အတူမဖြစ်ကောင်း၊ ဘာဝရုပ်မှာ ဘာဝဒသကကလာပ်၊ ကာယ-ပသာဒရုပ်မှာ ကာယဒသက ကလာပ်၌သာ အသီးအခြားစီဖြစ်၍ မိမိတို့နှင့် ကလာပ်တူ မဟာဘုတ်ကိုသာ မှီရကား ပြားသော မှီရာရှိသည်၏ အဖြစ်ကြောင့်၎င်း၊ ဘာဝရုပ်မှာ ဣတ္ထိဘာဝ ပုရိသဘာဝလက္ခဏာ၊ ကာယ-ပသာဒမှာ ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပသာဒလက္ခဏာ ရှိသည်ဖြစ်၍ ပြားသောလက္ခဏာရှိသည်၏ အဖြစ်ကြောင့်၎င်း ရောရှက်ခြင်းမဖြစ် ရောရှက်ခြင်းမှ ကင်းကုန်၏ ဟူလေ။

မှီရာလည်းပြား လက္ခဏာလည်းပြား နှစ်ပါးစုံမှသာ မဟုတ်သေး၊ ကလာပ်တူဖြစ်သော ဝဏ္ဏ ဂန္ဓ ရသ ဩဇာ စသောရုပ်တို့သည် မိမိတို့နှင့် ကလာပ်တူ မဟာဘုတ်ကိုသာ မှီရကုန်သည်ဖြစ်၍ မှီရာနိဿယ မပြားဘဲ မှီရာ နိဿယ တူကုန်လျက် လက္ခဏာ ပြားရုံမျှ အကြောင်း တပါးတည်း ကြောင့်ပင်သော်လည်း ရောရှက်ခြင်း ကင်းကုန်သေး၏။ မှီရာလည်းမတူ လက္ခဏာလည်း မတူသည်ဖြစ်၍ ပြားသောမှီရာ ပြားသော လက္ခဏာရှိသော ဘာဝရုပ် ကာယပသာဒ ရုပ်တို့သည် မှီရာလက္ခဏာ နှစ်ပါးလုံး ပြားကုန်လျက် အဘယ်မှာ ရောရှက်ကုန်တော့အံ့နည်း၊ စင်စစ် မရောရှက်ကုန်သည်သာ ဟူလို။

ဤဘာဝရုပ်သည် ကမ္ဘာဦးအခါဝယ် ပဝတ္တိကာလ၌ ဖြစ်သည်၊ ထိုမှ နောက်ကာလတို့၌ကား ပဋိသန္ဓေအခါ၌ ဖြစ်၏။ လိင်္ဂ, နိမိတ္တ, ကုတ္တ, အာကပ္ပတို့၏ အကြောင်းဖြစ်၏။ ထိုဘာဝရုပ်၏ အကျိုးဖြစ်သော လိင်္ဂ, နိမိတ္တ စသည်တို့ကား ပဝတ္တိကာလ၌ ဖြစ်ကုန်သည်။ မျိုးစေ့ရှိသော် မျိုးစေ့ကိုစွဲ၍ မျိုးစေ့ဟူသော အကြောင်းကြောင့် သစ်ပင်သည် ကြီးပွါး၍ ပင်စည် အကိုင်းအခက်တို့နှင့် ပြည့်စုံသည်ဖြစ်၍ ကောင်းကင်ကို ပြည့်စေလျက် တည်သကဲ့သို့၊ ဘာဝရုပ်ရှိသော် ဘာဝရုပ်ကို စွဲ၍ ဘာဝရုပ်ဟူသော အကြောင်းကြောင့် လိင်္ဂ,နိမိတ္တ စသည်တို့ ဖြစ်ကုန်သည်၊ မျိုးစေ့နှင့် ဘာဝရုပ်မျိုးစေ့ကို စွဲ၍ ကြီးပွါးသောသစ်ပင်နှင့် လိင်္ဂ,နိမိတ္တ စသည် တူသည်။

[၁] ထိုဘာဝရုပ်ကို စက္ခုဒွါရဖြင့် မသိကောင်း၊ မနောဒွါရဖြင့်သာ သိအပ် သိထိုက်သည်။ လိင်္ဂ,နိမိတ္တ စသည်တို့ကိုကား စက္ခုဒွါရဖြင့်လည်း

၁။ တတ္ထ ဣတ္ထိန္ဒြိယံ ပန န စက္ခုဝိညေယျံ မနောဝိညေယျမေဝ။ (အဋ္ဌသာလိနီ ၃၅၈။)

သိအပ်ကုန်၏။ ထို့ကြောင့် ဘာဝရုပ်သည် မနောဝိညေယျသာ ဖြစ်သည်၊ စက္ခုဝိညေယျမဟုတ်။ လိင်္ဂစသည်တို့ကား စက္ခုဝိညေယျလည်း ဖြစ်ကုန်၏၊ မနောဝိညေယျလည်း ဖြစ်ကုန်၏။

**လိင်္ဂစသော ၄-ပါးတို့၏ အထူး**

လိင်္ဂ,နိမိတ္တစသော ၄-ပါးတို့၏ အထူးကား.... လက်ခြေသဏ္ဌာန်စသည်သည် **လိင်္ဂ**မည်၏၊ မိန်းမတို့မှာ အောက်အဘို့ ကိုယ်သန့်ရှင်းသည်၊ အထက်အဘို့ ကိုယ်မသန့်ရှင်း၊ လက်ခြေသေးသွယ်သည်၊ မျက်နှာကျဉ်းငယ်သည်။ ယောကျ်ားတို့မှာ အထက်အဘို့ ကိုယ်သန့်ရှင်းသည်၊ အောက်အဘို့ ကိုယ်မသန့်ရှင်း၊ လက်ခြေကြီးသည်၊ တုတ်သည်၊ မျက်နှာကျယ်သည်။

ယောကျ်ား မိန်းမတို့ကို သိကြောင်းဖြစ်သော ရင်သား မျက်နှာစသည်သည် **နိမိတ္တ**မည်၏။ မိန်းမတို့မှာ ရင်သား မသန့်ရှင်း၊ မုတ်ဆိတ်ကျင်စွယ်မရှိ၊ မျက်နှာသန့်ရှင်းသည်၊ ညှင်းညှင်းသာသာ ပြုံးရယ်သည်၊ အသံ သေးသည်၊ ဆံထုံးခြင်း အဝတ်ဝတ်ခြင်း ယောကျ်ားတို့နှင့် မတူ။ ယောကျ်ားတို့မှာ ရင်သားသန့်ရှင်းသည်၊ မျက်နှာမသန့်ရှင်း၊ မုတ်ဆိတ်ကျင်စွယ်ရှိသည်၊ ပြင်းပြင်းကျယ်ကျယ် ရယ်သည်၊ အဝတ်ဝတ်ခြင်း ဆံထုံးခြင်း မိန်းမတို့နှင့် မတူ။

ကစားခြင်းစသော အမူအရာသည် **ကုတ္တ**။ ငယ်ရွယ်စဉ်အခါ မိန်းမတို့မှာ မန်းငယ်, ကျည်ပွေ့ငယ်, ယဉ်မင်းရုပ်ငယ် စသည်ဖြင့် ကစားသည်။ ယောကျ်ားတို့မှာ ထွန်ငယ်, လှည်းငယ် စသည်ဖြင့် ကစားသည်။

သွားခြင်း ထိုင်ခြင်း စသော အသွင်အပြင်သည် **အာကပ္ပ**။ မိန်းမတို့၏ ထိုင်,လျောင်း,ရပ်,သွား,စားသောက်ခြင်း စသည်သည် မသန့်ရှင်း၊ မိန်းမသည် မသန့်ရှင်းသော ထိုင်,လျောင်း,ရပ်,သွား,စားသောက်ခြင်း စသည်ကိုပြုတတ်သည်။ ယောကျ်ားတို့ပင် မသန့်ရှင်းသော သွားခြင်းစသည်ကို ပြုသော် မိန်းမကဲ့သို့ သွား၏၊ မိန်းမလို ရပ်၏၊ မိန်းမလို အိပ်သည်၊ မိန်းမလို ထိုင်သည်၊မိန်းမလို စားသည်၊ မိန်းမလိုသောက်သည်ဟု လူတို့ကဲ့ရဲ့ပြစ်တင်ပြောဆိုကြကုန်သည်။ ယောကျ်ားတို့၏ ထိုင်, လျောင်း, ရပ်, သွား, စားသောက်ခြင်း စသည်သည် သန့်ရှင်း၏၊ ယောကျ်ားသည် သန့်သန့်ရှင်းရှင်း သွားသည် ရပ်သည် လျောင်းအိပ်ခြင်း စသည်ကို ပြုသည်၊ မိန်းမတို့ပင်

သန့်သန့်ရှင်းရှင်း သွားခြင်း စသည်ကို ပြုသည်ကို မြင်သော်၊ ယောကျ်ားကဲ့သို့ သွား၏၊ ယောကျ်ားကဲ့သို့ ရပ်၏၊ ယောကျ်ားလို လျှောင်းအိပ်သည်၊ ယောကျ်ားလို ထိုင်သည်၊ ယောကျ်ားလို စားသည်၊ယောကျ်ားလိုသောက်သည်ဟု လူတို့ကဲ့ရဲ့ပြစ်တင် ရှုတ်ချပြောဆိုကြကုန်သည်။

ထိုဘာဝရုပ် နှစ်ပါးတို့တွင် ဣတ္ထိန္ဒြေ ဟူသော ဣတ္ထိဘာဝရုပ်သည် မိန်းမ၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ ဤသူကား မိန်းမတည်းဟု ပြခြင်းကိစ္စရှိ၏၊ ရှုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ဤဣတ္ထိဘာဝ ရုပ်သည် ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထာကပ္ပတို့၏ အကြောင်း၏အဖြစ်ဖြင့် ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏။

ပုရိသိန္ဒြေ ဟူသော ပုမ္ဘာဝရုပ်သည် ယောကျ်ား၏ အဖြစ် ဟူသော လက္ခဏာရှိ၏၊ ဤသူကား ယောကျ်ားတည်းဟု ပြခြင်းကိစ္စဟူသော ရသရှိ၏၊ ပုမ္ဘာဝရုပ်ကို အာရုံပြု၍ ရှုသောယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ဤပုမ္ဘာဝ ရုပ်သည် ပုရိသလိင်,ပုရိသနိမိတ္တ,ပုရိသကုတ္တ,ပုရိသာကပ္ပတို့၏ အကြောင်းတည်းဟု ထိုပုရိသလိင် စသည်ဘို့၏ အကြောင်း၏အဖြစ်ဖြင့် ရှေးရှုထင်ခြင်း ဟူသော ပစ္စုပဋ္ဌာန်ရှိ၏။

ဘာဝရုပ်တို့၏ လက္ခဏာနှင့်တကွ ဤပြဆိုခဲ့ပြီးသော လိင်,နိမိတ္တ,ကုတ္တ, အာကပ္ပတို့အရ အထူးကို (အဋ္ဌသာလိနီ အဋ္ဌကထာ ၃၅၇ ဂ) နှင့် အညီ ပြဆိုသည်။ (ဋီကာကျော် ၁၉၇)၌ကား ဘာဝရုပ်တို့၏ လက္ခဏာ, လိင် စသည်တို့ အထူးအရကို အဋ္ဌကထာနှင့် မတူ သီးခြား ပြဆိုတော်မူ၏၊ ဆိုဟန်ကို ပြဦးအံ့....

ဣတ္ထိဘာဝသည် ဣတ္ထိလိင်, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏ အကြောင်း၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ ပုရိသဘာဝရုပ်သည် ပုရိသလိင်, ပုရိသနိမိတ္တ, ပုရိသကုတ္တ, ပုရိသအာကပ္ပတို့၏ အကြောင်း၏ အဖြစ်ဟူသော လက္ခဏာရှိ၏။ မိန်းမတို့၏ အင်္ဂါဇာတ်သည် ဤသူကား မိန်းမဟု သိခြင်း၏ အကြောင်းဖြစ်သောကြောင့် **ဣတ္ထိလိင်** မည်၏၊ မိန်းမတို့၏ အသံ အလိုသည် ဤသူကား မိန်းမတည်းဟု သိခြင်း၏ အကြောင်းဖြစ်သောကြောင့် **ဣတ္ထိနိမိတ္တ** မည်၏၊ မသန့်ရှင်းသော သွားခြင်း ရပ်ခြင်း

ထိုင်ခြင်း လျှောင်းခြင်း စားသောက်ခြင်း အမှုအရာသည် **ဣတ္ထိကုတ္တ** မည်၏၊ မိန်းမတို့၏ သဏ္ဌာန် အသွင်အပြင်သည် **ဣတ္ထိအာကပ္ပ** မည်၏။

ယောကျ်ားတို့၏ အင်္ဂါဇာတ်သည် ဤသူကား ယောကျ်ားတည်းဟု သိခြင်း၏ အကြောင်းဖြစ်၍ **ပုရိသလိင်္ဂ** မည်၏၊ ယောကျ်ားတို့၏ အသံ အလိုသည် ဤသူကား ယောကျ်ားတည်းဟု သိခြင်း၏ အကြောင်းဖြစ်သောကြောင့်ပင် **ပုရိသနိမိတ္တ** မည်၏၊ သန့်ရှင်းသော သွားခြင်း ရပ်ခြင်း စသော အမှုအရာသည် **ပုရိသကုတ္တ** မည်၏၊ ယောကျ်ားတို့၏ သဏ္ဌာန် အသွင် အပြင်သည် **ပုရိသအာကပ္ပ** မည်၏။ ဤသို့ ပြဆိုတော်မူသည်။

ဤတွင် **လိင်္ဂ**လည်း မိန်းမ ယောကျ်ားဟု သိကြောင်း, **နိမိတ္တ**လည်း မိန်းမ ယောကျ်ားဟု သိကြောင်းပင် ဖြစ်ရကား ၎င်းနှစ်ပါး အသို့ထူးသနည်းဟူမူ....အင်္ဂါဇာတ်သည် မြဲသောအားဖြင့် မိန်းမယောကျ်ားဟု သိခြင်း၏ အကြောင်းဖြစ်၍ လိင်္ဂသည် နိယမ အကြောင်း, အသံ အလိုသည် မမြဲသောအားဖြင့် သိခြင်း၏ အကြောင်းဖြစ်၍ နိမိတ္တကား အနိယမ အကြောင်း ဤသို့ ထူးသည် ဟူလေ။

## လိင်ဖောက်ပြန်ပုံ

တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော ဣတ္ထိလိင်္ဂံ ပါတုဘူတံ ဟောတိ (ပါရာဇိကဏ် ပါဠိတော် ၄၃) ဟူ၍ ရဟန်းယောကျ်ားတယောက်အား ဣတ္ထိလိင် ထင်ရှားဖြစ်ကြောင်း, တေန ခေါ ပန သမယေန အညတရိဿာ ဘိက္ခုနိယာ ပုရိသလိင်္ဂံ ပါတုဘူတံ ဟောတိ (ပါရာဇိကဏ် ပါဠိတော် ၄၃ ) ဟူ၍ တယောက်သော ရဟန်း မိန်းမအား ပုရိသလိင် ထင်ရှားဖြစ်ကြောင်း ဟောတော်မူသည်ဖြစ်၍ ပဝတ္တိအခါ၌ လိင်ပြန်ခြင်း ဖြစ်၏၊ ထိုသို့ လိင်ပြန်ရာ၌ ဣတ္ထိလိင်, ပုလ္လိင် နှစ်ပါးတွင် ပုရိသလိင်သည် မြတ်၏၊ ဣတ္ထိလိင်သည် ယုတ်၏။ ထို့ကြောင့် ပုရိသလိင် ကွယ်သည်ရှိသော် အားကြီးသော ဗလဝ အကုသိုလ်ကြောင့် ကွယ်၏၊ ဣတ္ထိလိင် တည်သည်ရှိသော် အားနည်းသော ဒုဗ္ဗလကုသိုလ်ကြောင့် တည်၏၊ ဣတ္ထိလိင် ကွယ်သည်ရှိသော် အားနည်းသော ဒုဗ္ဗလအကုသိုလ်ကြောင့် ကွယ်၏၊ ပုရိသလိင်သည် အားကြီးသော ဗလဝကုသိုလ်ကြောင့် တည်၏။ ဤသို့ လိင်နှစ်ပါးလုံးပင် ကွယ်သည် ရှိသော် အကုသိုလ်ကြောင့်သာ ကွယ်သည်၊ ရသည် ရှိသော် ကုသိုလ်ကြောင့်သာ ရသည်ဟု သိအပ်၏။ ( အဋ္ဌသာလိနီအဋ္ဌကထာ-၃၅၉ )

"ဣတ္ထိလိင်္ဂံ ပါတုဘူတံ" ဟူ၍၎င်း, "ပုရိသလိင်္ဂံ ပါတုဘူတံ" ဟူ၍၎င်း ဟောတော်မူရာ၌ ဣတ္ထိလိင် ထင်ရှားဖြစ်ရာ ပုလ္လိင် ထင်ရှားဖြစ်ရာဝယ် ဤသို့သော အစဉ်ကို သိအပ်၏။ ယောကျ်ား လိင်ပြန်ရာ၌ ရှေးဦးစွာ ပုရိသိန္ဒြေ ကွယ်ချုပ်သည်၊ ထိုပုရိသိန္ဒြေချုပ်သော် ယင်း၏ အကျိုးဖြစ်သော ပုရိသလိင် ကွယ်သည်၊ ပုရိသိန္ဒြေ ချုပ်သည်နောက် ဣတ္ထိန္ဒြေ ဖြစ်ပေါ်၏၊ ထိုဣတ္ထိန္ဒြေ ဖြစ်သောကြောင့် ယင်း၏ အကျိုးဖြစ်သော ဣတ္ထိလိင် ထင်ရှား ဖြစ်သည်။ မိန်းမ လိင်ပြန်ရာ၌ ရှေးဦးစွာ ဣတ္ထိန္ဒြေချုပ်၏၊ ထိုဣတ္ထိန္ဒြေ ချုပ်ခြင်းကြောင့် ယင်း၏ အကျိုးဖြစ်သော ဣတ္ထိလိင်သည် ကွယ်သည်၊ ဣတ္ထိန္ဒြေ ချုပ်သည်နောက် ပုရိသိန္ဒြေ ဖြစ်ပေါ်၏၊ ထိုပုရိသိန္ဒြေ ဖြစ်ခြင်း ကြောင့် ယင်း၏ အကျိုးဖြစ်သော ပုရိသလိင် ထင်ရှား ဖြစ်သည်။

**ဗြဟ္မာ** တို့အား ပုရိသိန္ဒြေမဖြစ်၊ သက်သက် ပုရိသိန္ဒြေနှင့် ကင်း၍ပင် ယောကျ်ား၏ သဏ္ဌာန်ဟူသော ပုရိသလိင်ဖြစ်သကဲ့သို့၎င်း, အချို့သော **ပဏ္ဍုက်**အား ပုရိသိန္ဒြေနှင့် ကင်းလျက်ပင် ယောကျ်ားသဏ္ဌာန် ဖြစ်သကဲ့ သို့၎င်း **လိင်ပြန်**သော ပုဂ္ဂိုလ်တို့မှာ ဣန္ဒြေနှင့် ကင်း၍ သက်သက် လိင် သဏ္ဌာန် မဖြစ်နိုင်၊ အကြောင်းဣန္ဒြေ ဖြစ်ခြင်းကြောင့်သာ အကျိုး လိင် သဏ္ဌာန် ဖြစ်သည်ဟု သိမှတ်အပ်၏။ **စုတေ**သော ပုဂ္ဂိုလ်တို့အား စုတိ စိတ်မှ ပြန်၍ ရေသော် ၁၇-ချက် မြောက်သော စိတ်၏ ဌီခဏက စ၍ ကမ္မဇရုပ် ဟူသမျှသည် အသစ်မဖြစ်ပြီ၊ ထို ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော အဆုံးစွန် ကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်သကဲ့သို့ **လိင်ပြန်**သော ပုဂ္ဂိုလ်တို့အားလည်း ထိုက်သည်အားလျော်စွာ ဣတ္ထိန္ဒြေ ပုရိသိန္ဒြေ ချုပ်သည်ရှိသော် အကြင်စိတ်နှင့် ပြိုင်၍ ပစ္ဆိမပွန် ဖြစ်သော ဣန္ဒြေသည် ချုပ်၏၊ ထိုစိတ်မှ ပြန်၍ရေသော် ၁၇-ချက်မြောက် သော စိတ်၏ ဌီခဏမှ စ၍ အသစ်မဖြစ်ပြီ၊ အဆုံးစွန်ဖြစ်သော ဣန္ဒြေသည် အကြင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်၏၊ ထိုစိတ်မှ အစဉ်အတိုင်း အနုလုံအားဖြင့် ရေသော် ၁၇-ချက်မြောက်သော စိတ်နှင့် ပြိုင်၍ စိတ္တက္ခဏ ၁၇-ချက် ခဏယံ ၅၁-ချက် အသက်ရှည်သည်ဖြစ်၍ ချုပ်၏၊ ထိုပြိုင်၍ ချုပ်သော စိတ်၏ နောင် အနန္တရစိတ်၏ ဥပါဒ်ခဏ၌ ရှေးချုပ်လေပြီးသော ဣန္ဒြေ၏ ဆန့်ကျင်ဘက် အသစ်ဖြစ်သော ဝိသဘာဂဣန္ဒြေသည် စ၍ ဖြစ်၏၊ ဤသို့ သော အစဉ်ကို သိလေ။

"ရတ္တိဘာဂေ နိဒ္ဒံ ဩက္ကမန္တဿ" ဟု ဟောတော်မူသည်ကို ထောက်၍ ကြီးစွာသော အိပ်ပျော်ခြင်းသို့ ရောက်သော ပုဂ္ဂိုလ်တို့အား သာလျှင် အိပ်ပျော်ခြင်းသို့ ရောက်စဉ် အဟောင်းဖြစ်သော ဣန္ဒြေချုပ်၍ အသစ် ဣန္ဒြေဖြစ်သည် လိင်ပြန်သည်ကို သိလေ။

**တနည်းလည်း**....ကစ္စည်းထေရ်ကို ပြစ်မှားသော သောရေယျ သူဌေး သားအား အထင်အရှား ပြစ်မှားစဉ် စီးသော ရထားထက်၌ လိင်ပြန်ခြင်း ဖြစ်ရကား အိပ်ပျော်စဉ် လိင်ပြန်၏ ဟူသည် ယေဘုယျသာ။

**မိန်းမ**အား ဣတ္ထိလိင် ကွယ်သည်နောက် ပုရိသလိင် မဖြစ်ခဲ့အံ့, ယောကျ်ားအားလည်း ပုရိသလိင် ကွယ်သည်နောက် ဣတ္ထိလိင် မဖြစ်ခဲ့အံ့၊ ထိုသို့မဖြစ်သော် လိင်ကွယ်ခြင်းကြောင့် ပဏ္ဍုပဏ္ဍုက် ဖြစ်ခဲ့ရာသည်။ ပဏ္ဍ ပဏ္ဍုက် ဖြစ်ကလည်း ကွယ်သည်နောက် ပဏ္ဍစေ့ရောက်သည်ကာလ ဖြစ်ရင်းတိုင်းသော လိင်သည်ပင် တဖန် အသစ် ဖြစ်၏။

**ရဟန်းမိန်းမ** လိင်ပြန်သည် ရဟန်းယောကျ်ား လိင်ပြန်သည် ဟူရာ၌ ဣတ္ထိလိင်သည်ရင်း, ပုရိသလိင်သည်ရင်း ကွယ်သည်ရှိသော် အလုံးစုံသော ကိုယ်ကိုယူ၍တည်း ကွယ်သလော, ထိုသို့မဟုတ် မိမိချည်းသာတည်း ကွယ်သလော အကယ်၍ အလုံးစုံသော ကိုယ်ကိုယူ၍ ကွယ်သည်ဟူအံ့၊ ထိုသို့ ကိုယ်အားလုံးကို ယူ၍ ကွယ်ခဲ့သော် ဤလိင်ပြန်သော ပုဂ္ဂိုလ်သည် စုတေသည် ဖြစ်ခဲ့ရာ၏။ စုတေသည် ဖြစ်ကလည်း ထိုသို့စုတေသောကြောင့် ရဟန်းအဖြစ်မှ ရွေ့လျောသည် ဖြစ်ခဲ့ရာ၏။ ရွေ့လျောပြီး ဖြစ်၍ ထိုပုဂ္ဂိုလ် ကို တဖန် ရဟန်းခံသည်ရှိသော် ဥပပါတ်ပုဂ္ဂိုလ်ကို ရဟန်းခံရသည် ဖြစ်ရာ၏။ ဤသို့သော အပြစ်သည် ဖြစ်၏။ အကယ်၍ မိမိချည်းသာ ကွယ်သည်ဟူအံ့၊ ထိုကွယ်သောလိင်၏ အကြောင်းဖြစ်သော ဘာဝရုပ်လည်း ထိုလိင်ပြန်သော ပုဂ္ဂိုလ်အား ချုပ်၏၊ ထိုသို့ ချုပ်ကလည်း ထိုဘာဝရုပ်ဟူသော ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့သည် အလုံးစုံသော ကိုယ်ကို နှံ့၍ တည်ကုန်ရကား ကိုယ်အား လုံးကို ယူ၍ပင် ချုပ်ရာ၏။ ထိုသို့ တကိုယ်လုံး ချုပ်ကွယ်ခဲ့က ၎င်းပုဂ္ဂိုလ်သည် လည်း စုတေသည်ပင် ဖြစ်ရာ၏။

ဤသို့ စသည်ဖြင့် ယခင်ပြဆိုခဲ့သော အပြစ်ပင် ဖြစ်ခဲ့ရာ၏ ဟူငြားအံ့၊ ထိုလိင်တို့၏ ကွယ်ချုပ်ခြင်းကို ခဏနိရောဓကဲ့သို့ သိအပ်ရကား ပြဆိုအပ်တိုင်း

သော ဒေါသဖြင့် လျှဉ်းပါးဘွယ်မရှိ၊ အချင်းချင်း ရောရှက်သော အရောင်အလင်းရှိကုန်သော ဆီမီးတို့၏ တခုသော အရောင်အလင်း ချုပ်သော်လည်း ကြွင်းသော တခြားသောအရောင် တည်ခြင်းကဲ့သို့၊ ထိုလိင်ပြန်သော ပုဂ္ဂိုလ်၌ လိင်ဘာဝရုပ်တို့ ကွယ်ချုပ်သော်လည်း ယင်းတို့မှ ကြွင်းသော ကိုယ်၏ တည်ခြင်းကို သိလေ။

ဤပြဆိုခဲ့သော ဝိနိစ္ဆယတို့ကို ပါရာဇိကသိက္ခာပုဒ် အဖွင့်ဖြစ်သော····

ဣတ္ထိလိင်္ဂံ ပါတုဘူတန္တိ ဣတ္ထိသဏ္ဌာနံ ပါတုဘူတံ၊ တဉ္စ ခေါ ပုရိသိန္ဒြိယဿ အန္တရဓာနေန ဣတ္ထိန္ဒြိယဿ ပါတုဘာဝေန၊ ဧဝံ ပုရိသလိင်္ဂပါတုဘာဝေပိ၊ ဧတေန ယထာ ဗြဟ္မာနံ ပုရိသိန္ဒြိယံ နုပ္ပဇ္ဇတိ၊ ကေဝလံ ပုရိသသဏ္ဌာနမေဝ ဥပ္ပဇ္ဇတိ၊ ယထာ စ ကဿစိ ပဏ္ဍကဿ ဝိနာပိ ပုရိသိန္ဒြိယေန ပုရိသသဏ္ဌာနံ ဥပ္ပဇ္ဇတိ၊ န တထာ တေသန္တိ ဒဿိတံ ဟောတိ။ တံ ပန ဣတ္ထိန္ဒြိယံ ပုရိသိန္ဒြိယံ ဝါ အန္တရဓာယန္တံ မရန္တာနံ ဝိယ ပဋိလောမက္ကမေန သတ္တရသမစိတ္တက္ခဏတော ပဋ္ဌာယ အန္တရဓာယတိ။ ပစ္စုပ္ပန္နေ ဣတ္ထိန္ဒြိယေ နိရုဒ္ဓေ ဣတရံ ဝိသဘာဂိန္ဒြိယံ ဥပ္ပဇ္ဇတိ။ ယသ္မာ မဟာနိဒ္ဒံ ဩက္ကမန္တာနံယေဝ ကိရဿ ဝိသဘာဂိန္ဒြိယံ ပါတုဘဝတိ၊ တသ္မာ ရတ္တိဘာဂေ နိဒ္ဒံ ဩက္ကမန္တဿာတိ ဝုတ္တံ-ဟူ၍ရင်း——

ဘိက္ခုနိယာ ဣတ္ထိလိင်္ဂန္တရဓာနေန, ဘိက္ခုဿ ဝါ ပုရိသလိင်္ဂန္တရဓာနေန ပက္ခပဏ္ဍကဘာဝေါ ဘဝေယျ။ န သာ ဘိက္ခုနီဟိ နာသေတဗ္ဗာ။ ဘိက္ခု ဝါ ဘိက္ခူဟိ၊ ပုန ပကတိဘာဝါပတ္တိသမ္ဘဝါ-ဟူ၍ရင်း——

ဣတ္ထိလိင်္ဂံ ပုရိသလိင်္ဂံ ဝါ အန္တရဓာယန္တံ ကိံ သကလမ္ပိ သရီရံ ဂဟေတွာ အန္တရဓာယတိ။ ဥဒါဟု သယမေဝ။ ကိဉ္စေတ္ထ၊ ယဒိ တာဝ သကလံ သရီရံ ဂဟေတွာ အန္တရဓာယတိ၊ အယံ ပုဂ္ဂလော စုတော ဘဝေယျ၊ တသ္မာ သာမညာယ စုတော ဘဝေယျ။ ပုန ဥပသမ္ပဇ္ဇန္တော ဩပပါတိကော ဘဝေယျ။ အထ သယမေဝ အန္တရဓာယတိ။ သောပိ ဘာဝေါ တဿ နိရုဇ္ဈတိ။ ဣတ္ထိန္ဒြိယာဒီနိ ဟိ သကလမ္ပိ သရီရံ ဗျာပေတွာ ဌိတာနီတိ။ ခဏနိရောဓော ဝိယ တေသံ အန္တရဓာနံ ဝေဒိတဗ္ဗံ၊ တသ္မာ ယထာဝုတ္တပသင်္ဂါဘာဝေါ ဝေဒိတဗ္ဗော။ အညမည-

သံသဋ္ဌပဘာဝနံ ပဒီပါနံ ကေပဘာနိရောဓေပိ ဣတ္ထာရဿ ဌာနံ ဝိယ သေသာသရီရဋ္ဌာနံ တတ္ထ ဟောဘိဘိ ဝေဒိတဗ္ဗံ—

ဟူ၍ရင်း မိန့်ဆိုသော ဝဇိရဗုဒ္ဓိဋီကာ (၁၁၂-၅) နှင့်အညီ ပြဆိုလိုက်သည်။

ဣတ္ထိလိင်္ဂံ ပါတုဘူတန္တိ၊ ဣတ္ထိလိင်္ဂံ ပါတုဘူတံ ဟူသည်ကား။ ဣတ္ထိသဏ္ဌာနံ၊ မိန်းမအသွင်သဏ္ဌာန်သည်။ ပါတုဘူတံ၊ ထင်ရှားဖြစ်၏။ တဥ္စခေါ၊ ထိုရဟန်း ယောကျ်ားအား မိန်းမသဏ္ဌာန် ထင်ရှားဖြစ်ခြင်းသည်လည်း။ ပုရိသိန္ဒြိယဿ၊ ပုရိသလိင်၏ အကြောင်းဖြစ်သော ပုရိသိန္ဒြေ၏။ အန္တရဓာနေန၊ ချုပ်ကွယ်ခြင်းကြောင့်။ ဝါ၊ ချုပ်ကွယ်ခြင်းဖြင့်။ ဣတ္ထိန္ဒြိယဿ၊ ဣတ္ထိန္ဒြေ၏။ ပါတုဘာဝေန၊ ထင်ရှားဖြစ်ပေါ်ခြင်းကြောင့်။ ဟောတိ၊ ဖြစ်၏။ ဣတ္ထိလိင်္ဂပါတုဘာဝေါ၊ ရဟန်းယောကျ်ားအား မိန်းမသဏ္ဌာန်ဟူသော ဣတ္ထိလိင် ထင်ရှားဖြစ်ပေါ်ခြင်းသည်။ ပုရိသိန္ဒြိယဿ၊ ၏။ အန္တရဓာနေန၊ ကြောင့်။ ဣတ္ထိန္ဒြိယဿ၊ ၏။ ပါတုဘာဝေန၊ ကြောင့်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝံဘထာ၊ ထိုအတူ။ ပုရိသလိင်္ဂပါတုဘာဝေပိ၊ မိန်းမအားယောကျ်ား၏ အသွင်သဏ္ဌာန်ဟူသော ပုရိသလိင်ထင်ရှားဖြစ်ပေါ်ရာ၌လည်း။ ဣတ္ထိန္ဒြိယဿ၊ ၏။ အန္တရဓာနေန၊ ကြောင့်။ ပုရိသိန္ဒြိယဿ၊ ၏။ ပါတုဘာဝေန၊ ကြောင့်။ ဟောတိ၊ ဖြစ်၏။ ဧတေန၊ ဤဣတ္ထိဘာဝရုပ် ဟူသော ဣတ္ထိန္ဒြေ ထင်ရှားဖြစ်ခြင်းကြောင့် ဣတ္ထိလိင် ထင်ရှားဖြစ်ကြောင်း၊ ပုရိသဘာဝရုပ် ဟူသော ပုရိသိန္ဒြေ ထင်ရှားဖြစ်ခြင်းကြောင့် ပုရိသလိင် ထင်ရှားဖြစ်ကြောင်းကို ပြဆိုသော ဤစကားဖြင့်။ (ဒဿိတံ၌ လှမ်း၍စပ်။) ဗြဟ္မာနံ၊ ဗြဟ္မာတို့အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ကေဝလံ၊ ပုရိသိန္ဒြေနှင့် ကင်းလျက် သက်သက်။ ပုရိသသဏ္ဌာနမေဝ၊ ယောကျ်ား၏ အသွင်သဏ္ဌာန်သည်သာလျှင်။ ဥပ္ပဇ္ဇတိယထာစ၊ ဖြစ်သကဲ့သို့ရင်း။ ကဿစိ၊ အချို့သော။ ပဏ္ဍကဿ၊ နပုံးပဏ္ဍုက်အား။ ပုရိသိန္ဒြိယေန၊ နှင့်။ ဝိနာပိ၊ ကင်း၍လည်း၊ ကင်းလျက်။ ပုရိသသဏ္ဌာနံ၊သည်။ ဥပ္ပဇ္ဇတိယထာစ၊ဖြစ်သကဲ့သို့ရင်း။ တထာ၊ထိုဗြဟ္မာအချို့ ပဏ္ဍုက်တို့အတူ။ တေသံ၊ထိုလိင်သဏ္ဌာန် ထင်ရှား ဖြစ်ခြင်း ဟူသော လိင်ပြန်သော ပုဂ္ဂိုလ်တို့အား။ ဣန္ဒြိယေန၊ အကြောင်းဖြစ်သော ဣန္ဒြေနှင့်။ ဝိနာ၊ ၍။ လိင်္ဂံ၊ အသွင်သဏ္ဌာန်ဟူသော လိင်သည်။ ဝါ- သဏ္ဌာနံ၊ လိင်ဟူသော အသွင်သဏ္ဌာန်သည်။ နဥပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိဣမံ

အတ္ထံ၊ ဤသို့သော အနက်သဘောကို။ ဝါ၊ သည်။ ဒဿိတံ၊ ပြတော်မူအပ်သည်။ ဟောတိ၊ ၏။ ပန၊ ဆက်ရှဲဆိုဦးအံ့။ တံဣတ္ထိန္ဒြိယံဝါ၊ ထိုပစ္စုပ္ပန် ဖြစ်သော ဣတ္ထိန္ဒြေသည်ရင်း။ တံပုရိသိန္ဒြိယံဝါ၊ ထိုပစ္စုပ္ပန် ဖြစ်သော ပုရိသိန္ဒြေသည်ရင်း။ အန္တရာယန္တံ၊ ကွယ်သည်ရှိသော်။ မရန္တာနံ၊ သေကုန်သော ပုဂ္ဂိုလ်တို့အား။ ပဋိလောမက္ကမေန၊ နောက်ဆုတ်ပြန်၍ ရေတွက်သော ပဋိလုံ အစဉ်အားဖြင့်။ သတ္တရသမစိတ္တက္ခဏတော၊ စုတိစိတ်မှ အထက် တဆယ့် ခုနစ်ချက် မြောက်သော စိတ္တက္ခဏမှ။ ဝါ၊ မြောက်သောစိတ်၏ ဌီခဏမှ။ ပဋ္ဌာယ၊ စ၍။ အန္တရာယတိ၊ အသစ်မဖြစ်ဘဲ အစဉ်အတိုင်း စိတ်ခဏငယ်တို့ နှင့် ပြိုင်၍ ချုပ်ကွယ်၏။ ပစ္စုပ္ပန္နေ၊ ပစ္စုပ္ပန် ဖြစ်သော။ ဣန္ဒြိယေ၊ ဣန္ဒြေသည်။ နိရုဒ္ဓေ၊ စိတ္တက္ခဏ တဆယ့်ခုနစ်ချက် ခဏငယ် ငါးဆယ့်တချက် အသက်စေ့သဖြင့် ချုပ်ပြီးသည်ရှိသော်။ ဣတရံ၊ ချုပ်လေပြီးသော ဣန္ဒြေမှ တပါးသော။ ဝိသဘာဂိန္ဒြိယံ၊ ဝိသဘာဂဖြစ်သော ဣန္ဒြေသည်။ ပါတုဘဝတိ၊ အဟောင်းဖြစ်သော ထိုဝိသဘာဂဣန္ဒြေနှင့် ပြိုင်၍ ချုပ်သောစိတ်၏ အခြားမဲ့ ဖြစ်သောစိတ်၏ ဥပါဒ်ခဏ၌ ထင်ရှားအသစ် စ၍ ဖြစ်၏။ ယသ္မာ၊ အကြင် ကြောင့်။ မဟာနိဒ္ဒံ၊ ပြင်းစွာ ကြီးစွာသော အိပ်ပျော်ခြင်းသို့။ ဩက္ကမန္တာနံ ယေဝ၊ သက်ရောက်သော ပုဂ္ဂိုလ်တို့အားသာလျှင်။ အဿ၊ ထိုချုပ်ကွယ်သော အဟောင်းဣန္ဒြေ၏။ ဝိသဘာဂိန္ဒြိယံ၊ ဝိသဘာဂဖြစ်သော ဣန္ဒြေသည်။ ကိရ၊ စင်စစ်။ ပါတုဘဝတိ၊ ထင်ရှားဖြစ်၏။ တသ္မာ၊ ထိုလိင်ပြန်ခြင်း၏ ပြင်းစွာ အိပ်ပျော်စဉ်သာ ဖြစ်သည်၏အဖြစ်ကြောင့်။ နိဒ္ဒံ ဩက္ကမန္တဿာတိ၊ နိဒ္ဒံ-ဩက္ကမန္တဿ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

ဘိက္ခုနိယာ၊ ရဟန်းမိန်းမ၏။ ဣတ္ထိလိင်္ဂန္တရဓာနေန၊ ဣတ္ထိလိင်၏ ကွယ်ခြင်းကြောင့်။ ဘိက္ခုဿဝါ၊ ရဟန်းယောကျ်ား၏မူလည်း။ ပုရိသလိင်္ဂန္တရ-ဓာနေန၊ ပုရိသလိင် ကွယ်ခြင်းကြောင့်။ ပက္ခပဏ္ဍကဘာဝေါ၊ ပက္ခပဏ်ဍုက် အဖြစ်သည်။ ဘဝေယျ၊ ဖြစ်ရာ၏၊ ဖြစ်ငြားအံ့။ သာ၊ ထိုလိင်ကွယ်သော ရဟန်းမိန်းမ ကို။ ဘိက္ခုနီဟိ၊ တို့သည်။ န နာသေတဗ္ဗာ၊ ပေါင်းဖော်ခြင်း သံဝါသကို မဖျက်အပ်။ ဘိက္ခုဝါ၊ လိင်ကွယ်သော ရဟန်းယောကျ်ားကိုလည်း။ ဘိက္ခူဟိ၊ တို့သည်။ န နာသေတဗ္ဗော၊ အပ်။ ကသ္မာ၊ အဘယ်ကြောင့်။ န နာသေတဗ္ဗော၊ အပ်သနည်း။ ပုန၊ တဖန်။ ပကတိဘာဝါပတ္တိသမ္ဘဝါ၊ ရှေး ပြကတေ့သိင် ဟူသော ပကတိဘောသို့ ရောက်ပြန်ခြင်း၏ ဖြစ်သင့်သော ကြောင့်။ န နာသေတဗ္ဗော၊ အပ်။

ဣတ္ထိလိင်္ဂံ ဝါ၊ သည်၎င်း။ ပုရိသလိင်္ဂံ ဝါ၊ သည်၎င်း။ အန္တရဓာယန္တံ၊ ကွယ်သည်ရှိသော်။ သကလမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ သရီရံ၊ လိင်ဟူသော မိမိ၏ တည်ရာကိုယ်ကို။ ဂဟေတွာ၊ ယူ၍။ အန္တရဓာယတိ ကိံ၊ ကွယ်သလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ သယမေဝ၊ မိမိချည်းသာလျှင်။ အန္တရဓာယတိ ကိံ၊ ကွယ်သလော။ ဧတ္ထ၊ ဤလိင်ပြန် ပုလ္လိင်ပြန်ဟန်ကို မေးရာ၌။ တဝ၊ သင် စောဒကဆရာ၏။ စောဒနာ၊ စောဒနာခြင်းသည်။ အသမတ္တာ၊ ပြီးဆုံးခြင်း သို့ မရောက်။ ကိဉ္စိ၊ အချို့သော။ ယံ အဝသိဋ္ဌံ၊ အကြွင်း ကြွင်းကျန်သော စောဒနာစကားရပ်သည်။ အတ္ထိ၊ ရှိ၏။ တံ အဝသိဋ္ဌံ၊ ထိုကြွင်းကျန်သော စောဒနာစကားရပ်ကို။ ဗြူဟိ၊ ဆိုဦးလော့။ တာဝ၊ စွာ။ သကလံ၊ သော။ သရီရံ၊ ကို။ ဂဟေတွာ၊ ၍။ ယဒိ အန္တရဓာယတိ၊ အကယ်၍ ကွယ်ခဲ့အံ့။ ဧဝံ၊ ဤသို့ ကိုယ်အားလုံးကို ယူ၍ ကွယ်သည်။ သတိ၊ သော်။ အယံပုဂ္ဂလော၊ ဤလိင်ပြန်သော ပုဂ္ဂိုလ်သည်။ စုတော၊ ဘဝတပါး ရွှေ့သွား သေလွန်သည်။ ယသ္မာ၊ ကြောင့်။ ဘဝေယျ၊ ဖြစ်ရာ၏။ တသ္မာ၊ ထိုသို့ လိင်ကွယ်သည်ရှိသော် တကိုယ်လုံးကို ယူ၍ ကွယ်ခဲ့က လိင်ပြန်သော ပုဂ္ဂိုလ်သည် စုတေ သေလွန် ကွယ်သည် မည်ရာသောကြောင့်။ သာမညာယ၊ ရဟန်းအဖြစ်မှ။ စုတော၊ ရွှေ့လျောသည် မည်သည်။ ဘဝေယျ၊ ရာ၏။ ပုန၊ တဖန်။ ဩပပါတိကော၊ ဥပပါတ်ကို။ ဥပသမ္ပဇ္ဇန္တော၊ ရဟန်းခံသည်မည်သည်။ ဘဝေယျ၊ ရာ၏။ သယမေဝ၊ မိမိချည်းသာလျှင်။ အထ အန္တရဓာယတိ၊ အံ့။ ဧဝံ၊ ဤသို့ မိမိချည်း ကွယ်သည်။ သတိ၊ သော်။ တဿ၊ ထိုလိင်ပြန်သောပုဂ္ဂိုလ်အား။ သောပိ ဘာဝေါ၊ ထိုလိင်၏ အကြောင်းဖြစ်သော ဘောသည်လည်း။ နိရုဇ္ဈတိ၊ ချုပ်၏။ ဟိ ယသ္မာ၊ ကြောင့်။ ဣတ္ထိန္ဒြိယာဒီနိ၊ ဣတ္ထိန္ဒြေ အစရှိသည်တို့သည်။ သကလမ္ပိ၊ သော။ သရီရံ၊ ကို။ ဖရိတွာ၊ နှံ့၍။ ဌိတာနိ၊ တည်ကုန်၏။ တသ္မာ၊ ထိုသို့ ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ တကိုယ်လုံးကို နှံ့၍ တည်ခြင်းကြောင့်။ သောပိ ဘာဝေါ၊ သည်လည်း။ နိရုဇ္ဈတိ၊ ၏။ ယသ္မာ၊ ကြောင့်။ ဘာဝေါ၊ သည်။ နိရုဇ္ဈတိ၊ ၏။ တသ္မာ၊ ထိုသို့ ဘာဝရုပ်၏ ချုပ်ခြင်းကြောင့်။ အယမ္ပိ ပုဂ္ဂလော၊ သည်လည်း။ စုတော၊ သည်။ ယသ္မာ၊ ကြောင့်။ ဘဝေယျ၊ ရာ၏။ တသ္မာ၊ ထိုသို့ လိင်ကွယ်သည်ရှိက၊ ကိုယ်အားလုံးကို နှံ့၍ တည်သော အကြောင်း ဘာဝရုပ်လည်း ချုပ်သဖြင့် သေသည် ကွယ်သည်ပင် ဖြစ်သော ကြောင့်။ သာမညာယ၊ မှ။ စုတော၊ သည်။ ဘဝေယျ၊ ရာ၏။ ပုန၊ ဖန်။ ဩပပါတိကော၊ ကို။ ဥပသမ္ပဇ္ဇန္တော၊ သည်။ ဘဝေယျ၊ ရာ၏။ ဣတိ အယံ၊

ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ ခဏနိရောဓဝေဝိယ၊ ခဏနိရောဓကဲ့သို့။ တေသံ၊ ထိုလိင်တို့၏။ အန္တရဓာနံ၊ ကွယ်ခြင်းကို။ ဝေဒိတဗ္ဗံ၊ ၏။ တသ္မာ၊ ထိုသို့ လိင်တို့၏ ကွယ်ခြင်းကို ခဏနိရောဓကဲ့သို့ သိအပ်သည်၏ အဖြစ်ကြောင့်။ ယထာဝုတ္တပသင်္ဂါဘာဝေါ၊ အကြင် အကြင် စောဒကဆရာ ဆိုအပ်သိုင်းသော အပြစ်ဒေါသတို့ဖြင့် လျဉ်းပါး ယုံးမှာဘွယ် မရှိသည်၏ အဖြစ်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ အညမညသံသဋ္ဌပဘာနံ၊ အချင်းချင်း ရောရှက်သော အရောင်ရှိကုန်သော။ ပဒီပါနံ၊ ဆီမီးတို့၏။ ကေပဘာနိ-ရောဓေပိ၊ တခုသော အရောင်ချုပ်သော်လည်း။ ဣတရဿ၊ ချုပ်သော အရောင်မှ တပါးသော အရောင်၏။ ဌာနံဝိယ၊ တည်ခြင်းကဲ့သို့။ သေသ သရီရဋ္ဌာနံ၊ လိင်ဘာဝရုပ်တို့မှ ကြွင်းသောကိုယ်၏ တည်ခြင်းသည်။ တတ္ထ၊ ထိုလိင်ပြန်သော ပုဂ္ဂိုလ်၌။ ဟောတိ၊၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ ၏။ (ဤသို့ မြန်မာပြန်။)

## ဥဘတောဗျည်း အဆုံးအဖြတ်

ဥဘတောဗျည်းအား ဣန္ဒြေတပါးတည်းသာ ဖြစ်သလော, နှစ်ပါးလုံးပင် ဖြစ်သလော ဟူမူ....တပါးတည်းသာ ဖြစ်သည်၊ ထိုတပါးတည်း ဖြစ်သော ဣန္ဒြေသည်လည်း ဣတ္ထိဥဘတောဗျည်းအား ဣတ္ထိန္ဒြေ, ပုရိသဥဘတောဗျည်း အား ပုရိသိန္ဒြေသာ ဖြစ်သည်ဟူလေ။ ဥဘတောဗျည်းအား ဣန္ဒြေတပါးစီသာ ဖြစ်သည် ဟူ၏၊ ယင်းသို့ တပါးတည်းသာ ဖြစ်ခဲ့သော် ဣန္ဒြေကို ဗျည်း၏ အကြောင်းဟု ဆိုအပ်ရကား ထိုဗျည်း၏ အကြောင်းဖြစ်သော နှစ်ခုမြောက်သော ဣန္ဒြေ၏ ထိုဥဘတောဗျည်းအား မရှိခြင်းကြောင့် နှစ်ခုမြောက်သော ဗျည်း၏ မရှိခြင်းဟူသော အပြစ်သည် ဖြစ်ခဲ့ရာ၏ တကား ဟူပြောအံ့၊ ထိုဥဘတောဗျည်းအား ဣန္ဒြေသည် နှစ်ခုမြောက်သောဗျည်း၏ အကြောင်း မဖြစ်။ အဘယ်ကြောင့် ဣန္ဒြေသည် ဥဘတောဗျည်းအား နှစ်ခုမြောက်သော ဗျည်း၏ အကြောင်းမဖြစ်လေသနည်း ဟူမူ....ဥဘတောဗျည်းအား အခါခပ် သိမ်း နှစ်ခုမြောက်သော ဗျည်းမရှိသောကြောင့် အကြောင်း မဖြစ်လေသည် ဟူလေ။ အဘယ်ကြောင့် ဥဘတောဗျည်းအား နှစ်ခုမြောက်သောဗျည်း သည် အခါခပ်သိမ်း မရှိလေသနည်း ဟူမူ....ဣတ္ထိဥဘတော ဗျည်းအား အကြင် အခါ မိန်းမ၌ ရာဂစိတ်ဖြစ်၏၊ ထိုအခါ၌သာ ပုရိသဗျည်း ထင်ရှား၏။ ဣတ္ထိဗျည်းသည် ဖုံးလွှမ်း လျို့ဝှက်သည် ဖြစ်၏။ ပုရိသ ဥဘတော ဗျည်း

အားလည်း အကြင်အခါ ယောကျ်ား၌ ရာဂစိတ်ဖြစ်၏၊ ထိုအခါ၌ ဣတ္ထိဗျည်း ထင်ရှားဖြစ်၏။ ပုရိသဗျည်းသည် ဖုံးလွှမ်းလျို့ ဝှက်သည်ဖြစ်၏၊ ထို့ကြောင့် အခါခပ်သိမ်း မရှိသည် ဟူလေ။

ဥဘတောဗျည်းအား ဣန္ဒြေသည် နှစ်ခုမြောက်သော ဗျည်း၏ အကြောင်းဖြစ်သည် ဟူခဲ့သော် အဘယ်သို့သော အပြစ်ဒေါသရှိသနည်း။ အပြစ်မရှိသော် ဥဘတောဗျည်းအား ဣန္ဒြေသည် နှစ်ခုမြောက်သောဗျည်း၏ အကြောင်းဖြစ်၏ ဟူ၍ပင် ယူရပါစေတော့လော ဟူပြန်မူ....အကယ်၍ ဥဘတောဗျည်းအား ဣန္ဒြေသည် နှစ်ခုမြောက်သောဗျည်း၏ အကြောင်းဖြစ်အံ့၊ ဤသို့ ဖြစ်ခဲ့သော် ဥဘတောဗျည်းအား အခါခပ်သိမ်းပင် ဗျည်းနှစ်ခု အစုံ တည်ခဲ့ရာသည်။ ဗျည်းနှစ်ခု အစုံတည်သည်ပင် မဟုတ်ပါလော ဟူမူ....ဗျည်း နှစ်ခုစုံ တည်ကားမတည်၊ တခုစီသာ တည်သည်။ ထို့ကြောင့် ဥဘတော ဗျည်းအား ဣန္ဒြေသည် နှစ်ခုမြောက်သော ဗျည်း၏ အကြောင်းမဖြစ်။ ဤသို့ ဥဘတောဗျည်းအား ဣန္ဒြေ၏ နှစ်ခုမြောက်သော ဗျည်း၏ အကြောင်း မဖြစ်သည်ကို သိအပ် သိရမည် ဟူလေ။

ယင်းသို့ ဣန္ဒြေသည် ဥဘတောဗျည်းအား အကြောင်းမဖြစ်ခဲ့သော် ထိုဥဘတောဗျည်းအား နှစ်ခုမြောက်သော ဗျည်းဖြစ်ရာ၌ အဘယ်သည် အကြောင်း ဖြစ်လေသနည်း ဟူမူ.... ထိုဥဘတောဗျည်းအား နှစ်ခုမြောက် သော ဗျည်းဖြစ်ရာ၌ ကံ၏ အဖော်သဟဲ ဖြစ်သော ရာဂစိတ် သည်သာလျှင် အကြောင်းဖြစ်သည် ဟူလေ။ ဣတ္ထိဥဘတောဗျည်းအား ဣတ္ထိန္ဒြေ, ပုရိသ ဥဘတောဗျည်းအား ပုရိသိန္ဒြေအားဖြင့် တပါးတည်းသော ဣန္ဒြေသာ ဖြစ်သောကြောင့်၊ ဣတ္ထိဥဘတောဗျည်းသည် မိမိလည်း ပဋိသန္ဓေ ကိုယ်ဝန် ကိုယူနိုင်သည်၊ သူတပါးကိုလည်း ယူစေနိုင် ပေးနိုင်သည်။ ပုရိသဥဘတော ဗျည်းသည် သူတပါးကို ပဋိသန္ဓေကိုယ်ဝန်ကို ယူစေနိုင်သည်၊ မိမိမူကား မယူ နိုင်။ ဤသို့ မှတ်ရမည် ဟူလို။

ဥဘတောဗျဉ္ဇနကဿ ပန ကိံ ဧကံ ဣန္ဒြိယံ ဥဒါဟု ဒွေတိ။ ဧကံ။ တဉ္စ ခေါ ဣတ္ထိဥဘတောဗျဉ္ဇနကဿ ဣတ္ထိန္ဒြိယံ၊ ပုရိသဥဘတောဗျဉ္ဇန-ကဿ ပုရိသိန္ဒြိယံ။ ဧဝံ သန္တေ ဒုတိယဗျဉ္ဇနဿ အဘာဝေါ အာပဇ္ဇတိ။

ဣန္ဒြိယံ ဟိ ဗျဉ္ဇနကာရဏံ ဝုတ္တံ။ တဒုဘယ နတ္ထီတိ န တဿ ဣန္ဒြိယ ဗျဉ္ဇနကာရဏံ။ ကသ္မာ? သဒါ အဘာဝတော။

ဣတ္ထိဥဘတောဗျဉ္ဇနကဿ ဟိ ယဒါ ဣတ္ထိယာ ရာဂစိတ္တံ ဥပ္ပဇ္ဇတိ တဒါ ပုရိသဗျဉ္ဇနံ ပါကဋံ ဟောတိ။ ဣတ္ထိဗျဉ္ဇနံ ပဋိစ္ဆန္နံ ဂုဠှံ ဟောတိ၊ တထာ ဣတရဿ ဣတရံ။ ယဒိ စ တေသံ ဣန္ဒြိယံ ဒုတိယဗျဉ္ဇနကာရဏံ ဘဝေယျ၊ သဒါပိ ဗျဉ္ဇနဒွယံ တိဋ္ဌေယျ။ န ပန တိဋ္ဌတိ၊ တသ္မာ ဝေဒိ-တဗ္ဗမေတံ န တဿ တံ ဗျဉ္ဇနကာရဏံ။ ကမ္မသဟာယံ ပန ရာဂစိတ္တမေဝ-ဿ ကာရဏံ။ ယသ္မာ စဿ ဧကမေဝ ဣန္ဒြိယံ ဟောတိ၊ တသ္မာ ဣတ္ထိဥဘတောဗျဉ္ဇနကော သယမ္ပိ ဂဗ္ဘံ ဂဏှာတိ၊ ပရမ္ပိ ဂဏှာပေတိ။ ပုရိသဥဘတောဗျဉ္ဇနကော ပရံ ဂဗ္ဘံ ဂဏှာပေတိ၊ သယံ ပန န ဂဏှာပေတီတိ။ (**အဋ္ဌသာလိနီအဋ္ဌကထာ-၃၅၉။**)

ပန၊ လိင်ပြန်သော ပုဂ္ဂိုလ်၌ မှတ်ရန်မှတပါး ဥဘတောဗျည်း၌ မှတ်ရန်ကို ပြဦးအံ့။ ဥဘတောဗျဉ္ဇနကဿ၊ အား။ ဧကံ၊ တပါးတည်းသော။ ဣန္ဒြိယံ၊ သည်။ ဟောတိကိံ၊ ဖြစ်လေသလော။ ဥဒါဟု၊ ထိုသို့မဟုတ်။ ဒွေ၊ နှစ်ပါးကုန်သော ဣန္ဒြေတို့သည်။ ဟောန္တိကိံ၊ ဖြစ်လေကုန်သလော။ ဣတိ၊ ဤသို့ မေးငြားအံ့။ ဧကံ၊ တပါးတည်းသော ဣန္ဒြေသည်။ ဟောတိ၊ ၏။ တဉ္စခေါ၊ ထိုတပါးတည်းသော ဣန္ဒြေသည်လည်း။ ဣတ္ထိဥဘတောဗျဉ္ဇနကဿ၊ အား။ ဣတ္ထိန္ဒြိယံ၊ သည်။ ဟောတိ၊ ၏။ ပုရိသဥဘတောဗျဉ္ဇနကဿ၊ အား။ ပုရိသိန္ဒြိယံ၊ သည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့ ဣတ္ထိဥဘတောဗျည်းအား ဣတ္ထိန္ဒြေ, ပုရိသဥဘတောဗျည်းအား ပုရိသိန္ဒြေအားဖြင့် တပါးစီသာ ဖြစ်သည်။ သန္တေ၊ ဖြစ်လတ်ခဲ့သော်။ ဒုတိယဗျဉ္ဇနဿ၊ နှစ်ခုမြောက်သော ဗျည်း၏။ အဘာဝေါ၊ ဥဘတောဗျည်းအား မရှိခြင်းသည်။ ဝါ၊ မရှိခြင်း ဟူသော အပြစ်သည်။ အာပဇ္ဇတိ၊ ဖြစ်ရာ ရောက်ခဲ့ရာ၏။ ဟိသစ္စံ၊ အပြစ်ရောက် ၏ဟု ငါဆိုသောစကား မှန်၏။ ဝါ၊ ဟိယသ္မာ၊ အကြင်ကြောင့်။ ဣန္ဒြိယံ၊ ကို။ ဗျဉ္ဇနကာရဏံ၊ ဗျည်း၏ အကြောင်း ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။ တဉ္စ၊ ထိုနှစ်ခု မြောက်သော ဗျည်း၏ အကြောင်း ဣန္ဒြေသည်လည်း။ အဿ၊ ထိုဥဘတော ဗျည်းအား။ နတ္ထိ၊ မရှိ။ ဣတိတသ္မာ၊ ထိုသို့ နှစ်ခုမြောက်သောဗျည်း၏ အကြောင်းဖြစ်သော ဣန္ဒြေ၏ မရှိခြင်းဟူသော အကြောင်းကြောင့်။ ဒုတိယ ဗျဉ္ဇနဿ၊ ၏။ အဘာဝေါ၊ ဥဘတော ဗျည်းအား မရှိခြင်းဟူသော အပြစ်

သည်။ အာပဇ္ဇတိ၊ ၏။ ဣတိ၊ ဤသို့ အပြစ်တင်ဆိုပြန်ခဲ့အံ့။ တဿ၊ ထိုဉဘာတောဗျည်းအား။ ဣန္ဒြိယံ၊ သည်။ ဗျဥ္ဇနကာရဏံ၊ နှစ်ခုမြောက်သော ဗျည်း၏ အကြောင်းသည်။ န ဟောတိ၊ မဖြစ်။ ကသ္မာ၊ အဘယ်ကြောင့်။ န ဟောတိ၊ ဉဘတောဗျည်းအား ဣန္ဒြေသည် ဒုတိယဗျည်း၏ အကြောင်း မဖြစ်သနည်း။ သဒါ၊ အခါခပ်သိမ်း။ အဘာဝတော၊ ဉဘတောဗျည်းအား နှစ်ခုမြောက်သော ဗျည်း၏ မရှိခြင်းကြောင့်။ န ဟောတိ၊ ဗျည်း၏ အကြောင်းမဖြစ်။

ဟိဝိတ္ထာရမေဝ၊ချဲ့ဦးအံ့။ဣတ္ထိဉဘတောဗျဥ္ဇနကဿ၊အား။ယဒါ၊အကြင်အခါ၌။ ဣတ္ထိယာ၊ မိန်းမ၌။ ရာဂစိတ္တံ၊ ရာဂနှင့်ယှဉ်သောစိတ်သည် (တပ်သောစိတ်သည်)။ ဉပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌သာလျှင်။ ပုရိသ ဗျဥ္ဇနံ၊ ပုရိသ ဗျည်းသည်။ ပါကဋံ၊ ထင်ရှားသည်။ ဟောတိ၊ ၏။ ဣတ္ထိဗျဥ္ဇနံ၊ ရှိရင်း ဣတ္ထိဗျည်းသည်။ ပဋိစ္ဆန္နံ၊ ဖုံးကွယ်သည်။ ဂုဠှံ၊ လျှို့ဝှက်သည်။ ဟောတိ ၏။ ဣတရဿ၊ ဣတ္ထိဉဘတောဗျည်းမှတပါးသော ပုရိသဉဘတောဗျည်းအား။ ဣတရံ၊ ဣတ္ထိဗျည်း ထင်ရှားဖြစ်ခြင်း, ပုရိသဗျည်း ဖုံးကွယ်ခြင်းသည်။တထာ၊ ထိုဣတ္ထိဉဘတောဗျည်း အတူတည်း။ ယဒိစ၊ အကယ်၍လည်း။ တေသံ၊ ထိုဉဘတောဗျည်းတို့အား။ ဣန္ဒြိယံ၊ သည်။ ဒုတိယဗျဥ္ဇနကာရဏံ၊ နှစ်ခုမြောက်သော ဗျည်း၏ အကြောင်းသည်။ ဘဝေယျ၊ ဖြစ်ငြားအံ့။ သဒါပိ၊ အခါခပ်သိမ်းလည်း။ ဗျဥ္ဇနဒွယံ၊ ဗျည်းနှစ်ခု အစုံသည်။ တိဋ္ဌေယျ၊ တည်ခဲ့ရာ၏။ န ပန တိဋ္ဌတိ၊ တည်ကား မတည်။ တသ္မာ၊ ထို့ကြောင့်။ တဿ၊ ထိုဉဘတောဗျည်းအား။ တံ၊ ထိုဣန္ဒြေသည်။ ဗျဥ္ဇနကာရဏံ၊ သည်။ န ဟောတိ၊ မဖြစ်။ တေံ၊ ဤဣန္ဒြေသည် ဉဘတော ဗျည်းအား ဒုတိယ-ဗျည်း၏ အကြောင်း မဖြစ်သည်ကို။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ယသ္မာစ၊ အကြင်ကြောင့်လည်း။ ကေမေဝဣန္ဒြိယံ၊ တပါးစီသော ဣန္ဒြေသည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ထိုသို့ ထိုက်သည်အားလျော်စွာ တပါးစီသော ဣန္ဒြေသာဖြစ်သောကြောင့်။ ဣတ္ထိဉဘတောဗျဥ္ဇနကော၊ သည်။ သယမ္ပိ၊ မိမိကိုယ်တိုင်လည်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာတိ၊ ယူနိုင်၏။ ပရမ္ပိ၊ သူတပါးကိုလည်း။ ဂဗ္ဘံ၊ ကို။ ဂဏှာပေတိ၊ ယူစေနိုင်၏။ ပုရိသဉဘတောဗျဥ္ဇနကော၊ သည်။ ပရံ၊ ကို။ ဂဗ္ဘံ၊ ကို။ ဂဏှာပေတိ၊ ယူစေနိုင်၏။ သယံပန၊ မိမိမူကား။ ဂဗ္ဘံ၊ ကို။ န ဂဏှာတိ၊ မယူနိုင်။ ဣတိ၊ ဤသို့ မှတ်အပ်၏။

## ဟဒယဝတ္ထုရုပ်

### သဘောလက္ခဏာ

မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာဝတ္ထုဖြစ်သော ထိုမနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာ၏အဖြစ် ဟူသော လက္ခဏာရှိသော ရုပ်သည် ဟဒယဝတ္ထုရုပ် မည်၏။ ဤဟဒယဝတ္ထုရုပ်သည် အပေါ်အဖက်ကိုခွါ၍ အောက်သို့မှုလျက် စောက်ထိုး ဆွဲထားအပ်သော, ပဒုမာ ကြာဖူး သဏ္ဌာန်ရှိသော, အပ၌ ပြေပြစ် ချောမောသော, အတွင်း၌ သပွတ်သီးအူကဲ့သို့ ရှုပ်ထွေးသော, ပညာထက်သော သူတို့အား စဉ်းငယ် ပွင့်သော, ပညာနုန့်သော သူတို့အား ငုံသော ကျဉ်းသော အဝရှိသော, နှလုံးသား၏ အတွင်း၌ ပုန်းညက်စေ့ခန့် ကျယ်သော တွင်း၌ရှိသော သွေးကို နှီး၍ တည်၏။

ဤ နှလုံးသွေးသည် ရာဂစရိုက် ပြောသော သူအား နီသော အဆင်းရှိ၏၊ ဒေါသစရိုက် ပြောသောသူအား မည်းနက်သော အဆင်းရှိ၏၊ မောဟစရိုက် ပြောသောသူအား သားဆေးရည် အဆင်းရှိ၏၊ ဝိတက်စရိုက် ပြောသော သူအား ကုလားပဲပြုတ်ရည် အဆင်းရှိ၏၊ သဒ္ဓါစရိုက် ပြောသော သူအား မဟာလှေကားပွင့် အဆင်းရှိ၏၊ ပညာစရိုက် ပြောသော သူအား ကြည်လင် သန့်ရှင်း သွေးသစ်စသော ပတ္တမြားကျောက် အဆင်းရှိ၏။ အရှင်အနုရုဒ္ဓါဆရာသည် သင်္ဂြိုဟ်ကျမ်းဝယ် ရုပ်တို့ကို ပြဆိုသောအရာ၌ စက္ခု, သောတ စသည်ဘို့ကဲ့သို့ ဟဒယဝတ္ထု ရုပ်ကိုလည်း သီးခြားတပါး ရှိသည် ဟူ၍ပင် ယူတော်မူ၏။ မြတ်စွာဘုရားသည် **ဓမ္မသင်္ဂဏီပါဠိတော်** နိက္ခေပ ကဏ္ဍဝယ် ဟဒယဝတ္ထုရုပ်ကို ဟောတော်မမူသောကြောင့် ဟဒယဝတ္ထုရုပ် မည်သည် မရှိသည်သာ မဟုတ်ပါလောဟူမူ၊ မရှိမဟုတ်၊ ရှိသည်သာ။ ထိုဟဒယဝတ္ထုရုပ်၏ ရှိသည်၏ အဖြစ်ကို သန္နိဋ္ဌာန်ကျ ကေန္တ မှတ်အပ်၏ ဟူလေ။

ဟဒယဝတ္ထုရုပ်၏ ရှိသည်၏အဖြစ်ကို မှတ်ရမည်ဟု ဆို၏၊ ထိုရုပ်ကို ရူပကဏ္ဍ၌ မဟောပါသည်သာ မဟုတ်လော, ဟောတော်မူသောကြောင့်ပင် ရှိသည်၏ အဖြစ်ကို မှတ်ရမည်လော ဟူမူ၊ ရူပကဏ္ဍ၌ ဟောတော်မမူသည် မှန်၏၊ ထိုသို့ပင် ဟောတော် မမူသော်လည်း ထိုဟဒယဝတ္ထု၏ ရှိသည်၏

အဖြစ်ကို သိမှတ်အပ်သည် ဟူလေ။ [၁] ရူပကဏ္ဍ၌ မဟောပါဘဲလျက်ကို အဘယ်သို့သော အကြောင်းဖြင့် ဟဒယဝတ္ထု၏ ရှိသည်၏ အဖြစ်ကို သိအပ်သနည်းဟူမူ၊ အာဂုံအားဖြင့် သိအပ်သည် ဟူလေ။ အာဂုံအားဖြင့်သာ သိအပ်သလောဟူမူ၊ ယုတ္တိအားဖြင့်လည်း သိအပ်သည် ဟူလေ။ အာဂုံ, ယုတ္တိ အကြောင်းနှစ်ပါးဖြင့် သိအပ်သည် ဟူ၏၊ ထိုနှစ်ပါးတွင် ဟဒယဝတ္ထု ရှိသည်၏အဖြစ်ကို သိကြောင်း အာဂုံကား အဘယ်နည်း ဟူမူ—

ယံ ရူပံ နိဿာယ မနောဓာတု မနောဝိညာဏဓာတု စ ပဝတ္တန္တိ၊ တံ ရူပံ မနောဓာတုယာ မနောဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ နိဿယပစ္စယေန ပစ္စယော။

ဤသို့ လာသော ပဋ္ဌာန်း ပါဠိတော်(၅) သည် ဟဒယဝတ္ထု ရှိသည်၏ အဖြစ်ကို သိကြောင်း အာဂုံပါဠိဖြစ်သည် ဟူလေ။

ယံရူပံ၊ အကြင် ရုပ်ကို။ နိဿာယ၊ မှီ၍။ မနောဓာတုစ၊ မနောဓာတ်သည်၎င်း။ မနောဝိညာဏဓာတုစ၊ မနောဝိညာဏဓာတ်သည်၎င်း။ ပဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံရူပံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့၏ မှီရာဖြစ်သော ရုပ်သည်။ မနောဓာတုယာစ၊ မနောဓာတ်အား၎င်း။ မနောဝိညာဏဓာတုယာစ၊ အား၎င်း။ တံသမ္ပယုတ္တကာနံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့နှင့် ယှဉ်ကုန်သော။ ဓမ္မာနဉ္စ၊ စေတသိက် တရားတို့အား၎င်း။ နိဿယပစ္စယေန၊ နိဿယပစ္စည်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။

အာဂုံကိုပြ၍ သိရပေပြီ၊ ယုတ္တိကို အဘယ်သို သိအပ်သနည်းဟူမူ....ယုတ္တိကို ဤဆိုလတ္တံ့သော အခြင်းအရာအားဖြင့် သိအပ်၏။ အဘယ်သို့ သိအပ်သနည်း ဟူမူ၊ မနောဓာတ်, မနောဝိညာဏဓာတ်တို့သည် အကြင်ရုပ်လျှင် မှီရာ ရှိကုန်၏၊ ထိုဓာတ်နှစ်ပါးတို့၏ မှီရာရုပ်သည် ဟဒယဝတ္ထုမည်၏။ ဤသို့ သိမှတ်အပ်သည် ဟူလေ။

ဓာတ်နှစ်ပါး အရကို မည်သည့်ဘုံ၌ဖြစ်သော ပုဂ္ဂိုလ်မဟူ ရှိသမျှပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သော ဓာတ်တို့ကိုပင် ယူရမည်လော ဟူမူ....ကာမဘုံ,

---

၁။ ရူပကဏ္ဍေ အဝုတ္တဿပိ ပနေတဿ အာဂမတော ယုတ္တိတော စ အတ္ထိတာဝေဒိတဗ္ဗာ။ (ဝိဘာဝိနီဋီကာ၊ ၁၉၈။)

ရူပဘုံ၌ ဖြစ်ခိုက်သော ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့ကို သန္တာန်၌ ဖြစ်ခိုက်သော မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးကိုသာယူ ဟူလော။ ကာမ, ရူပ ပုဂ္ဂိုလ်တို့ သန္တာန်၌ ဖြစ်သော မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာရုပ်သည် ဟဒယဝတ္ထု မည်သည် ဟူ၏၊ ထိုဓာတ်နှစ်ပါးတို့သည် အဘယ် ကြောင့် ရုပ်ကို မှီရလေသနည်း ဟူမူ.... ရုပ်နှင့်စပ်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့် ရုပ်ကို မှီရလေသည် ဟူလော။ အဘယ်ဝိညာဏ်တို့သည် ရုပ်နှင့် စပ်၍ ဖြစ်ခြင်း ရှိကုန်သကဲ့သို့ ရုပ်နှင့်စပ်၍ ဖြစ်ခြင်း ရှိလေသနည်း ဟူမူ.... စက္ခုဝိညာဏဓာတ် စသော ပဉ္စဝိညာဏဓာတ်တို့သည် ရုပ်နှင့်စပ်၍ ဖြစ်ခြင်း ရှိ ကုန်သကဲ့သို့ စပ်၍ ဖြစ်ခြင်း ရှိသည် ဟူလော။

ထို ဓာတ်နှစ်ပါးတို့၏ မှီရာ ရုပ်အရကို ပထဝီစသောဘုတ်ကို ယူရအံ့လော ဟူမူ၊ ယင်းကို မယူရ၊ ၎င်းဘုတ်ကို မှီ၍ ဖြစ်သော ဥပါဒါရုပ်ကိုသာယူ ဟူလော။ ဥပါဒါရုပ် အရကို ဥပါဒါရုပ် ရှိသမျှကို ယူရအံ့လော ဟူမူ....နိပ္ဖန္နဖြစ်သော ဥပါဒါရုပ်ကိုသာယူ ဟူလော။ ထိုဓာတ်နှစ်ပါးတို့၏ မှီရာရုပ်အရကို နိပ္ဖန္နဖြစ်သော ဥပါဒါရုပ်ကို ယူရမည် ဟူ၍ ဆို၏၊ ထိုနိပ္ဖန္န ဥပါဒါရုပ် အရကို ရူပကဏ္ဍ၌ ဟောတော်မူအပ်သော စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာဟာရ, ဇီဝိတ, ဣတ္ထိဘာဝ, ပုမ္ဘာဝ ဟူသော ၁၃-ပါးသော နိပ္ဖန္န ဥပါဒါရုပ်ဘို့ဘွင် တပါးပါးကို ယူရအံ့လော ဟူမူ....ယင်းတို့ကို မယူရ၊ ယင်းတို့မှ တပါးတခြားသော နိပ္ဖန္န ဖြစ်သော ဥပါဒါရုပ်ကိုသာယူ ဟူလော။

ထို ဓာတ်နှစ်ပါးတို့၏ မှီရာရုပ် အရကို ရူပကဏ္ဍ၌ ဟောတော်မူအပ်သော ရုပ်ကို မယူဘဲ အဘယ်ကြောင့် ယင်းတို့မှတပါးသော မဟောသော ရုပ်ကို ယူရ သနည်း၊ စက္ခုစသော ပသာဒရုပ် ၅ ခုတို့သည် ရူပကဏ္ဍဝယ် တိုက်ရိုက်ထင်ရှား ဟောတော်မူသော ရုပ်ဖြစ်သောကြောင့်၎င်း, မှီရာ ဝတ္ထုရုပ်ပင် ဖြစ်သော ကြောင့်၎င်း ထိုဓာတ်နှစ်ပါးတို့သည် စက္ခုစသော ရုပ်ကိုပင် မှီရာပါသည် မဟုတ်လော ဟူမူ.... မမှီကုန် ဟူလော။ ဝတ္ထုရုပ်ဖြစ်ပါလျက် အဘယ်ကြောင့် ထိုစက္ခု စသော ရုပ် ၅-ခုတို့ကို မမှီသနည်းဟူမူ....စက္ခုဝိညာဏ် စသော ပဉ္စ ဝိညာဏဓာတ်တို့သည် အစဉ်အတိုင်း ထိုစက္ခုပသာဒ စသော ရုပ် ၅-ခုတို့ကို မှီကုန်ရကား မိမိတို့မှ တပါးသော ဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောကြောင့် ယင်းတို့ကို မမှီကုန် ဟူလော။

တပါးသော ဝိညာဏဓာတ်တို့၏ မှီရာဖြစ်သောကြောင့် စက္ခုစသော ပသာဒရုပ် ၅-ခုတို့ကို မမှီသော် ရှိတန်စေ၊ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာဟာရ ရုပ်တို့သည် နိပ္ဖန္န ဥပါဒါရုပ်ပင် ဖြစ်၍ တပါးသော ဝိညာဏဓာတ်တို့၏ မှီရာ မဟုတ်သောကြောင့် ထိုရူပါရုံ စသော ရုပ် ၅-ခုတို့တွင် တခုခုကို မှီပါတော့လော ဟူမူ...ယင်းတို့ကိုလည်း မမှီ။ အဘယ်ကြောင့် မမှီသနည်း ဟူမူ.... ထိုရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာဟာရရုပ်တို့သည် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်သည် မဟုတ်၊ တောတောင် စသော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သောကြောင့် ယင်းတို့ကို မှီခဲ့သော် ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့သည် တော တောင် စသော ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ကုန်ခဲ့ရာသည်။ ဖြစ်ကား မဖြစ်ကုန် ရကား ယင်းတို့ကို မမှီကုန် ဟူလေ။

ရူပါရုံ စသော ရုပ် ၅-ခုတို့သည် ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်သော ကြောင့် ယင်းတို့ကို မမှီ ရှိတန်စေ၊ ဇီဝိတရုပ်သည် တရံတဆစ်မျှ ဗဟိဒ္ဓ သန္တာန်၌ မဖြစ်၊ စင်စစ် အဇ္ဈတ္တသန္တာန်၌သာ ဖြစ်၍ ထိုဓာတ် နှစ်ပါးတို့ သည် ဇီဝိတရုပ်ကို မှီပါတော့လော ဟူမူ၊ ဇီဝိတ၏ မိမိနှင့် အတူတကွဖြစ် သော သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ရခြင်း ဟူသော ကိစ္စတပါး၌ အမြဲ ယှဉ်သောကြောင့် ထိုဇီဝိတရုပ်ကိုလည်း မမှီကုန် ဟူလေ။

ဇီဝိတရုပ်သည် သဟဇာတရူပါနုပါလန ကိစ္စတပါး၌ အမြဲယှဉ်ခြင်း ကြောင့် ထိုဇီဝိတရုပ်ကိုလည်း မမှီရှိတန်စေ၊ ဘာဝရုပ်နှစ်ခုသည် ပဉ္စဝိညာဏ ဓာတ်တို့၏ မှီရာလည်း မဟုတ်၊ ဗဟိဒ္ဓသန္တာန်၌လည်း မဖြစ်၊ ကိစ္စတပါးနှင့် လည်း အမြဲမယှဉ်၊ စင်စစ် အဇ္ဈတ္တသန္တာန်၌သာဖြစ်သော နိပ္ဖန္နဥပါဒါရုပ် ဖြစ်ရကား မနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့သည် ထိုဘာဝရုပ်ကို မှီပါတော့လော ဟူပြန်မူ၊ ထိုဓာတ်နှစ်ပါးတို့သည် ဘာဝရုပ်ရှိသော မိန်းမ ယောကျ်ားတို့၏ သန္တာန်၌သာ ဖြစ်သည်မဟုတ်၊ အလျှင်းပင် ဘာဝရုပ် မရှိ သော ပဏ္ဍုက်တို့၏ သန္တာန်၌လည်း ဖြစ်ခြင်းကြောင့် ထိုဘာဝရုပ်ကိုလည်း မမှီကုန် ဟူလေ။

ထိုသို့ ပဉ္စဝိညာဏဓာတ်တို့၏ မှီရာ ဖြစ်သောကြောင့် စက္ခု စသော ပသာဒရုပ် ၅-ခုတို့ကိုလည်း မမှီ၊ ဗဟိဒ္ဓသန္တာန်၌လည်း ဖြစ်ခြင်းကြောင့် ရူပ, သဒ္ဒ, ဂန္ဓ, ရသ, အာဟာရ တို့ကိုလည်း မမှီ၊ သဟဇာတရူပါနုပါလန ကိစ္စတပါးနှင့် ယှဉ်ခြင်းကြောင့် ဇီဝိတရုပ်ကိုလည်း မမှီ၊ ဘာဝရုပ်မရှိသော

ပဏ္ဍုက်သန္တာန်၌သည်း ဖြစ်ကုန်၍ ဘာဝရုပ်တို့ကိုလည်း မမှီကုန်သောကြောင့် ထိုရူပကဏ္ဍ၌ ဟောတော်မူအပ်သော နိပ္ဖန္နဥပါဒါရုပ်ဖြစ်သော စက္ခုစသော ရုပ် ၁၃-ခုမှ တပါးသော ဓာတ်နှစ်ပါးသို့၏ မှီရာဖြစ်သော ထိုရုပ်သည် ဟဒယ ဝတ္ထုပင်၊ ဤသို့ ယုတ္တိအားဖြင့် ဟဒယဝတ္ထုရှိသည်၏ အဖြစ်ကို မှတ်သိအပ်သည် ဟူလေ။

ထိုရုပ်သည် စက္ခု စသည်ကဲ့သို့ ဥပါဒါရုပ်ပင်—

နိပ္ဖန္နဘူဘိကာဓာရာ၊ ဒွေဓာတူ ကာမရူပိနံ။
ရူပါနုဗန္ဓဝုတ္တိတ္တာ၊ စက္ခုဝိညာဏာဒယော ဝိယ။
စက္ခာဒိနိဿိဘာ နေတာ၊ တဿညာဓာရဘာဝတော။
နာပိ ရူပါဒိကော ဘေသံ၊ ဗဟိဒ္ဓါပိ ပဝတ္တိတော။
န စာပိ ဇီဝိတံ တဿ၊ ကိစ္စန္တရနိယုတ္တိတော။
န စ ဘာဝဒွယံ တသ္မိံ၊ အသန္တေပိ ပဝတ္တိတော။
တသ္မာ တဒညံ ဝတ္ထုံ တံ၊ ဘူဘိကန္တိ ဝိဇာနိယံ။ (ဋီကာကျော်-၁၉၇)

ကာမရူပိနံ၊ ကာမပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့၏။ သန္တာနေ၊ သန္တာန်၌။ ပဝတ္တာ၊ ဖြစ်ကုန်သော။ ဒွေဓာတူ၊ နှစ်ပါးကုန်သော မနောဓာတ်, မနောဝိညာဏဓာတ်တို့သည်။ စက္ခုဝိညာဏာဒယော၊ စက္ခုဝိညာဏဓာတ် အစရှိသော ပဉ္စဝိညာဏဓာတ်တို့သည်။ ရူပါနုဗန္ဓဝုတ္တိ ဝိယ၊ ရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိကုန်သကဲ့သို့။ ရူပါနုဗန္ဓဝုတ္တိတ္တာ၊ ရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့်။ နိပ္ဖန္နဘူတိကာဓာရာ၊ ဘုတ်တို့ကို မှီ၍ဖြစ်သော ဥပါဒါရုပ်ဟူသော နိပ္ဖန္နရုပ်သျှင် မှီရာရှိကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဘောဓာဘုဒယော၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ်တို့သည်။ စက္ခုဝိညာဏာဒယော၊ တို့သည်။ စက္ခာဒိနိဿိတာ၊ စက္ခုအစရှိသော ပသာဒရုပ်ကို မှီကုန်သည်။ ဟောန္တိဝိယ၊ ဖြစ်ကုန်သကဲ့သို့။ စက္ခာဒိနိဿိတာ၊ ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ တဿ၊ ထိုစက္ခု အစရှိသော ပသာဒရုပ်၏။ အညာဓာရဘာဝတော၊ ထိုဓာတ် နှစ်ပါးတို့မှ တပါးသော ပဉ္စဝိညာဏဓာတ်၏ မှီရာဖြစ်သည်၏ အဖြစ်ကြောင့်တည်း။ ရူပါဒိကောအပိ၊ ရူပါရုံ အစရှိသော ရုပ် ၅-ခုတို့ကိုလည်း။ ဝါ၊ ရူပါရုံ, သဒ္ဒါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ်တို့ကိုလည်း။ နိဿိတာ၊ မှီကုန်သည်။ န ဟောန္တိ၊ ကုန်။ ကသ္မာ၊ အဘယ်ကြောင့်။ ရူပါဒိကော၊

တို့ကို။ နိဿိတာ၊ ကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်သနည်း။ တေသံ၊ ထိုရူပါရုံ အစရှိသော ရုပ်ငါးခုတို့၏။ ဗဟိဒ္ဓါပိ၊ မြေ ကျောက်တောင် သစ်ပင် အစ ရှိသော ဗဟိဒ္ဓသန္တာန်၌လည်း။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ နိဿိတာ၊ သည်။ န ဟောန္တိ၊ ကုန်။

ဇီဝိတံ စာပိ၊ ဇီဝိတိန္ဒြေကိုလည်း။ နိဿိတာ၊ ကုန်သည်။ န ဟောန္တိ၊ ကုန်။ ကသ္မာ၊ အဘယ်ကြောင့် ရုပ် ဇီဝိတိန္ဒြေကို မမှီကုန်သနည်းဟူမူကား။ တဿ၊ ထိုဇီဝိတိန္ဒြေ၏၊ ကိစ္စန္တရနိယုတ္တတော၊ မှီရာကိစ္စမှ တပါးသော မိမိနှင့် အသူတကွဖြစ်သော သဟဇာတ်ရုပ်တို့ကို စောင့်ရှောက်ရခြင်း ဟူသော ကိစ္စ တပါး၌ အမြဲ ယှဉ်ခြင်းကြောင့်တည်း။ ဘာဝဒွယဥ္စ၊ ဘာဝရုပ်နှစ်ခုကို လည်း။ နိဿိတာ၊ ကုန်သည်။ န ဟောန္တိ၊ ကုန်။ တသ္မာ၊ ကြောင့်။ ဘာဝဒွယံ၊ ကို။ နိဿိတာ၊ကုန်သည်။ န ဟောန္တိ၊ နည်း။ တသ္မိံ၊ထိုဣတ္ထိန္ဒြေ, ပုရိသိန္ဒြေဟူသော ဘာဝရုပ် နှစ်ခုသည်။ အသန္တေပိ၊ မရှိသော်လည်း။ ဝါ၊ မရှိသော နပုံးပဏ္ဍုက် သန္တာန် စသည်၌လည်း။ တာသံ၊ ထိုမနောဓာတ် မနောဝိညာဏဓာတ်ဟူသော ဓာတ်နှစ်ပါးတို့၏။ ပဝတ္တိတော၊ ဖြစ်ခြင်း ကြောင့်။ နိဿိတာ၊ သည်။ န ဟောန္တိ၊ ကုန်။

တသ္မာ၊ ထိုသို့ ဓာတ်နှစ်ပါးတို့၏ စက္ခု စသော ၅ ခုသော ပသာဒရုပ်၊ ရူပါရုံစသော ၅-ခုသောရုပ်, ဇီဝိတရုပ်၊ နှစ်ပါးသော ဘာဝရုပ်တို့ကို မှီ၍ မဖြစ်သည်၏ အဖြစ်ကြောင့်။ တဒည်၊ ထိုစက္ခု အစရှိသော တဆယ့်သုံးခု သော နိပ္ဖန္နဥပါဒါရုပ်တို့မှ တပါးသော။ ဘူတိကံ၊ မဟာဘုတ်ကို မှီ၍ ဖြစ်သော။ တံ၊ ထိုမနောဓာတ်, မနောဝိညာဏဓာတ် နှစ်ပါးတို့၏ မှီရာဖြစ် သော နိပ္ဖန္နဥပါဒါရုပ်ကို။ ဝတ္ထုရူပံ၊ ဟဒယဝတ္ထုရုပ် ဟူ၍။ ဝိဇာနိယံ၊ သိအပ်၏။

---

## ဇီဝိတရုပ်

### သဘောလက္ခဏာ

မိမိနှင့်အသူတကွ ဖြစ်ဖော်ဖြစ်ဖက် ကလာပ်တူ သဟဇာတ် ဖြစ်သော ကမ္မဇရုပ်တို့၏ တည်ကြောင်းဖြစ်သောကြောင့် ဇီဝိတမည်သော ရုပ်သည်ပင် ထိုမိမိနှင့် ကလာပ်တူ ဖြစ်ဖော် သဟဇာတ် ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း ၌ အစိုးရခြင်းနှင့် ယှဉ်သောကြောင့် ဇီဝိတိန္ဒြေ မည်၏။

ဤ ရုပ်သည် မိမိနှင့် ကလာပ်တူ သဟဇာတ် ကမ္မဇရုပ်တို့၏ တည်ကြောင်း၏အဖြစ်ဖြင့် ယင်းတို့ကို စောင့်ရှောက်သည် ဟူ၏။ သဟဇာတ် ကမ္မဇရုပ်တို့သည် မိမိတို့၏ သဘော, အစလေ့, ပြကတေ့အားဖြင့် စိတ် ခဏ ငယ် ၄၉-ချက်ပမာဏ ဌီ၏အဖြစ်ဖြင့် တည်မြဲဖြစ်၍ ထိုရုပ်တို့၏ စိတ်ခဏ ငယ် ၄၉-ချက်ကာလပတ်လုံး ဌီ၏ အဖြစ်ဖြင့် တည်ရာ၌ ဇီဝိတိန္ဒြေပင် မစောင့်သော်လည်း တည်နိုင်သောကြောင့် ဇီဝိတိန္ဒြေသည် ထိုရုပ်တို့ကို စောင့်သည်ပင် ဖြစ်သော်လည်း တည်ကြောင်း၏ အဖြစ်ဖြင့် မစောင့်ဘဲ၊ တပါးအကြောင်းဖြင့်သာ စောင့်ရာသည် မဟုတ်လော ဟူငြားအံ့၊ စိတ်ခဏ ငယ် ၄၉-ချက်မျှ မိမိသို့ ဌီကာလပတ်လုံး တည်မြဲ အစလေ့ရှိသည်ပင် ဖြစ်သော်လည်း ထို သဟဇာတ် ကမ္မဇရုပ်တို့ကို တည်ကြောင်း၏ အဖြစ်ဖြင့်သာ ဇီဝိတိန္ဒြေစောင့်သည်၊ တပါးအကြောင်း အဖြစ်ဖြင့် မစောင့် ဟူလေ။

ဇီဝိတိန္ဒြေသည် သဟဇာတ် ကမ္မဇရုပ်တို့၏ တည်ကြောင်း ဖြစ်သည် ဟူ၏၊ အာဟာရသည် မိမိကြောင့် ဖြစ်သော အကျိုးအာဟာရဇရုပ်၏ တည်ကြောင်း, စိတ်သည် မိမိကြောင့် ဖြစ်သောအကျိုးစိတ္တဇရုပ်၏ တည်ကြောင်း, ဥတုသည် မိမိကြောင့်ဖြစ်သော အကျိုး ဥတုဇရုပ်၏ တည်ကြောင်း ဖြစ်သကဲ့သို့၊ ကံသည်လည်း မိမိကြောင့် ဖြစ်သော အကျိုးကမ္မဇရုပ်၏ တည်ကြောင်း ဖြစ်ရာသောကြောင့် ဇီဝိတရုပ်သည် ကမ္မဇရုပ်တို့၏ တည်ကြောင်း မဟုတ်၊ ကံသာလျှင် တည်ကြောင်း ဖြစ်ပါသည် မဟုတ်လော၊ ထိုသို့ ကံသာလျှင် တည်ကြောင်း ဖြစ်ကလည်း စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ကို အစဉ်အတိုင်း စိတ်, ဥတု, အာဟာရတို့သာ ယင်းတို့၏ တည်ကြောင်း အဖြစ်ဖြင့် စောင့်ရှောက် သကဲ့သို့၊ ကမ္မဇရုပ်တို့ကိုလည်း ကံသာလျှင် ယင်းတို့၏ တည်ကြောင်း အဖြစ်ဖြင့် စောင့်ရှောက်ရာသည်ဖြစ်၍ ဇီဝိတိန္ဒြေသည် တည်ကြောင်း၏အဖြစ်ဖြင့် မစောင့်ရှောက်ပါသည်သာ မဟုတ်လောဟူမူ၊ စိတ်, ဥတု, အာဟာရတို့သည် မိမိတို့ အကျိုးဖြစ်သော စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ ဖြစ်သောအခါ မိမိသို့ ထင်ရှားသည်သာ ဖြစ်ရကား စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့ကို ယင်းတို့၏ တည်ကြောင်း အဖြစ်ဖြင့် မိမိတို့ပင် စောင့်ရှောက်သကဲ့သို့၊ ကံသည် အကျိုး ကမ္မဇရုပ်တို့ ဖြစ်သောအခါ၊ မိမိထင်ရှား မရှိပြီဖြစ်သောကြောင့် ကမ္မဇရုပ်တို့ကို ယင်းတို့၏ တည်ကြောင်းအဖြစ်ဖြင့် မစောင့်ရှောက်နိုင်ရကား ဇီဝိတိန္ဒြေသည်သာလျှင် ကမ္မဇရုပ်တို့ကို ယင်းတို့၏ တည်ကြောင်း အဖြစ်ဖြင့် စောင့်ရှောက်သည်၊ ကံသည် မစောင့်ရှောက် ဟူလေ။

ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား ၄-ပါးတို့သည် အမိနှင့် တူကုန်၏၊ အကျိုး ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် သားနှင့် တူကုန်၏။ ထိုတွင် စိတ္တဇ, ဥတုဇ, အာဟာရဇရုပ်တို့သည် အမိထင်ရှားရှိသော သားနှင့် တူကုန်၏။ သားကို အမိစောင့်ရှောက်သကဲ့သို့ စိတ္တဇရုပ် စသည်တို့ကို စိတ်စသည် စောင့်ရှောက်သည်။ ကမ္မဇရုပ်သည် အမိသေသော သားနှင့် တူ၏။ ဇီဝိတိန္ဒြေသည် နို့ထိန်းနှင့် တူ၏။ အမိသေသော သားကို အမိ မရှိပြီဖြစ်၍ နို့ထိန်း စောင့်ရှောက်သကဲ့သို့၊ကမ္မဇရုပ် ကိုဖြစ်စေတတ်သော ဇနကကံသည် ထင်ရှားမရှိ ဖြစ်၍ ကမ္မဇရုပ်ကို ဇီဝိတိန္ဒြေစောင့်ရှောက်သည်။

ဤဇီဝိတရုပ်သည် ကာယပသာဒရုပ်, ဘာဝရုပ်တို့ကဲ့သို့ တကိုယ်လုံးနှံ့၍တည်၏၊ အထူးမှာ ကာယပသာဒ, ဘာဝရုပ်တို့သည် အစာကို ကြေကျက်စေတတ်သော ပါစကတေဇော၏ တည်ရာဖြစ်သော ဇီဝိတနဝကကလာပ်၌ မတည်နိုင်ကုန်၊ ဇီဝိတမူကား ၎င်းကလာပ်၌လည်း တည်၏။ သစ်သီး သစ်ရွက်စသည်တို့၏ အတွင်း၌ တည်သော အရည်သည် ထိုသစ်သီး သစ်ရွက် စသည်ကို မညှိုးနွမ်းရအောင် စောင့်ရှောက်သကဲ့သို့ ဤဇီဝိတိန္ဒြေသည် သဟဇာတ် ကလာပ်တူ ကမ္မဇရုပ်တို့ကို စောင့်ရှောက်ခြင်း လက္ခဏာရှိသည်၊ ထိုသဟဇာတ်ရုပ်တို့၏ တည်ကြောင်း ကိစ္စရှိသည်၊ ထိုသဟဇာတ်ရုပ်တို့ကိုသာလျှင် ထားတတ်သော တရားဟူ၍ ယောဂါဝစရပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိသည်၊ မျှတစေအပ် ထားအပ်သော သဟဇာတ်ရုပ်တရားသာလျှင် နီးစွာသောအကြောင်း ပဒဋ္ဌာန်ရှိသည်။

---

### အာဟာရရုပ်

#### သဘောလက္ခဏာ

စက္ခုန္ဒြေစသော ပသာဒိန္ဒြေနှင့်တကွဖြစ်သော၊ တနည်း ဇီဝိတိန္ဒြေနှင့် တကွဖြစ်သော ရူပကာယ၏ ခိုင်ခံ့ခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သော ရသကို ဆောင်တတ်သော မျိုအပ်သော ထမင်းစသော အာဟာရဝတ္ထု၏ အဆီအစေးဖြစ်၍ ဖြစ်သော ဩဇာသည် အာဟာရရုပ်မည်၏။ အလုပ်အလွေ့ ပြုအပ်စကောင်းသောကြောင့် ကဗဠီကာရမည်သော မျို၍ သုံးဆောင်အပ်သော ထမင်းစသော ဝတ္ထုသည် ကဗဠီ

ကာရာဟာရမည်၏၊ ထိုထမင်းစသော ဝတ္ထု၏ အဆီအစေးဟု ဆိုအပ်သော သြဇာလျှင် ရှစ်ခုမြောက်ရှိသော ရုပ်ကို ဆောင်တတ်သော ရုပ်သည် သြဇာဟာရမည်၏။

ထိုနှစ်ပါးတို့တွင် မိမိတို့ ကိစ္စအားဖြင့် ကဗဠီကာရာဟာရသည် ပါစကတေဇော ဟူသော ဘေးရန်ကို မွတ်သိပ်ဆာလောင်ခြင်း ဟူသော ဘေးရန်ကို ပယ်နိုင်၏၊ ရုပ်ကို မဆောင်စွမ်းနိုင်။ သြဇာဟာရသည် ရုပ်ကို ဆောင်စွမ်းနိုင်၏၊ ဘေးရန်ကို မပယ်စွမ်းနိုင်။ သစ်ပင်ရိပ်ကို အစိုးရသော သစ်ပင်စောင့်ဘီလူးသည် မိမိသစ်ပင်ရိပ်သို့ ဝင်သော သူတယောက်ကို နတ်၏ ခြေကျဉ်းနှင့် ခတ်ထားသဖြင့် ဆာမွတ်သောအခါ ထိုသူ၏ ဦးခေါင်းကို ကိုက်၍ ကျင်နာသော အသံဖြင့် အော်ဟစ်သော အသံကို ကြားသောကြောင့် ထိုထိုအရပ်မှ လာသော သူကို ဖမ်းစား၍ မိမိဗိမာန်၌ မွေ့လျော်သကဲ့သို့ ပါစကတေဇောသည် ဝမ်းတွင်း၌ ထမင်းစသော ဝတ္ထုမရှိလက်သော် တက်၍ ဝမ်းရေကို တွယ်သဖြင့် ဆာမွတ်လှ၏၊ အာဟာရကို ပေးပါဟု ဆိုစေ၍ စားသောအခါ ဝမ်းရေကို လွှတ်၍ ထမင်းစသော ဝတ္ထုကို တွယ်သဖြင့် သတ္တဝါစိတ် တည်ကြည်သည်။

ဘီလူးနှင့် ပါစကတေဇော တူ၏၊ ခြေကျဉ်းခတ်ထားသောသူနှင့် ဝမ်းရေတူ၏၊ ဗိမာန်မှ ဆင်း၍ ထိုသူ၏ ဦးခေါင်းကို ကိုက်သည်နှင့် ကမ္မဇပါစကတေဇော၏ ထမင်းစသော ဝတ္ထုကြေကျက်သဖြင့် ထိုဝတ္ထုကို လွှတ်၍ ဝမ်းရေကို တွယ်ခြင်း တူ၏၊ ကျင်နာသောအသံဖြင့် ထိုသူဟစ်အော်သည်နှင့် ဆာမွတ်လှ၏၊ ထမင်းအာဟာရ ပေးပါဟု တောင်းဆိုခြင်း တူ၏၊ ထိုကျင်နာသော အသံကို ကြားသဖြင့် ထိုထိုအရပ်မှ လာ၍ သစ်ပင်ရိပ်သို့ ဝင်သောသူနှင့် ထိုသို့ ဆာလောင်မွတ်သိပ်သဖြင့် တဖန် စားသောက်အပ်သော ထမင်းစသည်သည် တူ၏၊ ထိုကိုက်အပ်သော သူကိုလွှတ်၍ လာတိုင်း လာတိုင်းသော သူကို ဖမ်းစား၍ ဗိမာန်၌ မွေ့လျော်သည်နှင့် ဝမ်းရေကို လွှတ်၍ ထမင်းစသော ဝတ္ထုကို တွယ်သဖြင့် သတ္တဝါစိတ် တည်ကြည်ခြင်းသည် တူ၏။

ထိုထမင်းစသော ကဗဠီကာရာဟာရ ဝတ္ထုအပေါင်းတို့တွင် လူးထမင်း၊ ပြောင်းထမင်းစသည်ကို စားသောသူအား စား၍ မကြာမြင့်မီပင် ဆာလောင်ခြင်း ဖြစ်ရကား ရှန့်ရင်း ကြမ်းတန်းသော ဝတ္ထု၌ သြဇာ အာဟာရသည် နုန့်နည်းအားငယ်၏။ ထောပတ်စသည်ကို သောက်သောသူအား တနေ့ပတ်

လုံးလည်း ဆာမွတ်ခြင်း မဖြစ်ရကား သိမ်မွေ့နူးညံ့သောဝတ္ထုဩဇာ ဩဇာသည် ထက်များ အားကြီး၏။

## သတ္တဝါတို့၏အစာ အဆင့်ဆင့်နူးညံ့ပုံ

ထိုအစာ အာဟာရ၏ ဩဠာရိက, သုခုမ အဖြစ်ကို သတ္တဝါတပါး၏ အစာမှ သတ္တဝါတပါး၏ အစာကို ထောက်သဖြင့် သိအပ်၏၊ အဘယ်သို့ ထောက်၍ သိအပ်သနည်းဟူမူ....မိကျောင်းတို့သည် ကျောက်တို့ကို မျို ကုန်၏၊ ထိုကျောက်တို့သော်ကား ယင်းတို့၏ ဝမ်းတွင်းသို့ ရောက်သဖြင့် ကြေကုန်၏၊ ဥဒေါင်းတို့သည် မြွေ ကင်း စသော သတ္တဝါတို့ကို စားကုန် ရကား ထိုဥဒေါင်းတို့၏ အစာမှထောက်၍ မိကျောင်းတို့၏ အစာသည် ဩဠာရိက ဖြစ်၏။ ထိုမိကျောင်းတို့၏ အစာမှ ထောက်၍ကား ဥဒေါင်းတို့ ၏ အစာသည် သုခုမ ဖြစ်၏။

အောင်း မည်သော သားသတ္တဝါဘို့သည် သုံးနှစ်ပတ်လုံး မြင့်ကြာ ဟောင်းမြင်း စွန့်ထားအပ်သော ဦးချို အရိုး စသည်တို့ကို စားကုန်သည်၊ ထို ဦးချိုအရိုးတို့သော်ကား ထိုအောင်းတို့၏ တံထွေးဖြင့် စိုစွပ်ခါမျှ၌ပင် ကြာစွယ် ကြာရင်းကဲ့သို့ နူးညံ့ကုန်ရကား၊ ဥဒေါင်းတို့၏ အစာထက်ပင် အောင်းတို့၏ အစာသည် သုခုမ ဖြစ်၏။ ဆင်တို့သည် အထူးထူးသော သစ်ခက်စသည်ကို စားကုန်ရကား ထိုဆင်တို့၏ အစာသည် အောင်းတို့၏ အစာထက်ပင် သုခုမဖြစ်၏။ ရွှေအဘို့ကား ကျွဲအလား နောက်ပိုင်းကား နွားနှင့်တူ၍ နွားနောက်ဟု ခေါ်ဝေါ်အပ်သော သား စိုင်သမင် စသော သားတို့သည် အထူးထူးသော သစ်ရွက် စသည်တို့ကို စားကုန်ရကား ဆင်တို့၏ အစာထက် ပင် ထိုနွားနောက် စိုင်သမင် စသည်တို့၏ အစာသည် သုခုမ ဖြစ်၏၊ နွားတို့ သည် မြက်စို မြက်ခြောက်တို့ကို စားကုန်ရကား နွားတို့၏ အစာသည် နွားနောက် စိုင်သမင် စသည်တို့၏ အစာထက်ပင် သုခုမ ဖြစ်၏။

ထိုနွားတို့၏ အစာထက် ယုန်တို့၏အစာ၊ ယင်းတို့ထက် ငှက်တို့၏ အစာ၊ ယင်းတို့ထက် တိုင်းစွန် ပြည်နား ဇနပုဒ်သားတို့၏ အစာ၊ ယင်းတို့ထက် ရွာစား မြို့စားဘို့၏ အစာ၊ ယင်းတို့ထက် မှူးမတ်မင်းတို့၏ အစာ၊ ယင်းတို့ထက် စကြဝတေးမင်းတို့၏ အစာ၊ ယင်းတို့ထက် ဘုမ္မဇိုဝ်းတို့၏ အစာ၊ ယင်းတို့ထက် စတုမဟာရာဇ် နတ်တို့၏ အစာ၊ ထိုထက် တာဝတိံသာ နတ်တို့၏ အစာ၊

ထိုထက် ယာမာနတ်ဘို့၏ အစာ၊ ထိုထက် တုသိတာနတ်တို့၏ အစာ၊ ထိုထက် နိမ္မာနရတိ နတ်ဘို့၏ အစာသည် သုခုမဖြစ်၏။ ထိုထက်ပင် ပရနိမ္မိတဝသဝတ္တိ နတ်တို့၏ အစာသည် သုခုမ ဖြစ်၏၊ ထိုဝသဝတ္တိ နတ်တို့၏ အစာသည် အလုံးစုံသော အစာဟူသမျှတို့ထက် အလွန်အကဲ အထွဋ်အထိပ်သို့ ရောက်အောင် အသိမ်မွေ့ အနူးညံ့ဆုံး ဖြစ်၏။ ဤအစာကို မှီအောင် သုခုမ ဖြစ်သော တစုံတယောက်သောသူ၏ အစာမည်သည် မရှိပြီ၊ ဤသို့ နောက်နောက် ပြဆိုအပ်သော ပုဂ္ဂိုလ်၏ အစာမှ ထောက်၍ ရှေးရှေး ပုဂ္ဂိုလ်တို့၏ အစာ၏ ဩဠာရိကအဖြစ်၊ ရှေးရှေးပုဂ္ဂိုလ်၏ အစာမှ ထောက်၍ နောက်နောက် ပုဂ္ဂိုလ်ဘို့၏ အစာ၏ သုခုမအဖြစ်ကို သိအပ်သည် ဟူလေ။

## လက္ခဏာစသည်

[၁]စားသောက်အပ်သော ထမင်းစသော ဝတ္ထုကို ငါးစု ငါးပုံပြု၍ တစုကို ပိုးဘို့စားကုန်၏၊ တစုကို ပါစကတေဇော လောင်ကျွမ်းစေ၏၊ တစုသည် ကျင်ငယ် ဖြစ်၏၊ တစုသည် ကျင်ကြီး ဖြစ်၏၊ တစုသည် ရသအဖြစ်သို့ ရောက်၍ အသွေးအသား စသည်ကို ပွါးစေ၏။ ဤအာဟာရရုပ်သည် ဇီဝိတိန္ဒြေ စက္ခုန္ဒြေ စသော ဣန္ဒြေနှင့်တကွဖြစ်သော ရူပကာယ၏ ခိုင်ခံ့ခြင်း၏ အကြောင်း၏ အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ ဝါ၊ ဩဇာလျှင် ရှစ်ခုမြောက် ရှိသော ရုပ်ကို ဆောင်ခြင်း လက္ခဏာရှိ၏။ (ဋီကာကျော်-၁၉၉) ဝါ၊ ဩဇာ လက္ခဏာရုပ်ကို ဆောင်ခြင်းကိစ္စ၊ ရူပကာယကို ခိုင်ခံ့စေတတ်သော တရားဟူ၍ ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ထင်ခြင်း ပစ္စုပဋ္ဌာန်၊ အလုပ်အလွေ့ ပြု၍ မျိုအပ်သော ထမင်းစသော ဝတ္ထုလျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။

---

## နိပ္ဖန္နရုပ် ၁၈-ခု၏ သဘာဝရုပ်မည်ပုံ

ဖောဋ္ဌဗ္ဗသည် ပထဝီ, တေဇော, ဝါယောပင်ဖြစ်ရကား ယင်းကို သရုပ်သီးခြား မရေတွက်မူ၍ ၁၈-ပါး အပြားရှိသော ပြဆိုအပ်ပြီးသော ရုပ်တို့သည် ကက္ခဠတ္တ, ပဋိဃရဏ အစရှိသော မိမိတို့၏ ဝိသေသ သဘောအားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် မည်ကုန်၏။

---

၁။ ပိုးစာ လောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သွေးသား၊ ဖြစ်လေငြား၊ ငါးပါးအစာ ခွဲဝေတည်း။ (ဆရာတော် ဦးဗုဓ်)။

## သလက္ခဏရုပ်မည်ပုံ

ဥပါဒ် အစရှိသော လက္ခဏာ အနိစ္စတာ စသော လက္ခဏာ ဟူကုန်သော သာမညသာခေရဏ လက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် သလက္ခဏရုပ် လည်း မည်ကုန်၏။

## နိပ္ဖန္နရုပ်မည်ပုံ

ပရိစ္ဆေဒ အဖြစ်,ဝိကာရအဖြစ်,လက္ခဏအဖြစ်နှင့် ကင်း၍ မိမိ၏သဘော အားဖြင့် သာလျှင် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား တို့သည် ထိုက်သည်အားလျော်စွာ ပြီးစေအပ်၏၊ ယင်းသို့ ပြီးစေအပ်သည်၏ အဖြစ်ကြောင့် နိပ္ဖန္နရုပ်လည်း မည်ကုန်၏။

## ရူပရူပရုပ်မည်ပုံ

ဖောက်ပြန်ခြင်း ရုပ္ပနသဘောဂုဏ်သည် မုချအားဖြင့် ရူပမည်၏၊ ညို သော ဂုဏ်၏ နီလ ဟူသော အမည်၊ နီသောဂုဏ်၏ ရတ္တ ဟူသော အမည် ကို ထိုဂုဏ်နှင့်ယှဉ်သော ကြာဒြပ်၌ တင်စား၍ ဂုဏူပစာရ အားဖြင့် ကြာ ဒြပ်ကိုပင် နီလ, ရတ္တ ဟု ခေါ်ဆိုအပ်ရကား၊ ကြာဒြပ်သည် နီလ ရတ္တ မည် သကဲ့သို့ မုချအားဖြင့် ရူပ မည်သော ရုပ္ပနသဘောဂုဏ်၏ ရူပဟူသော အမည် ကို ထိုသဘောဂုဏ်နှင့် ယှဉ်သော စက္ခု သောတ စသော ၁၈-ပါးသော တရား၌ တင်စား၍ ဂုဏူပစာရ အားဖြင့် စက္ခု စသည်သည် ရူပရူပရုပ် မည်၏။

ရုပ္ပနသဘောဂုဏ်နှင့် ယှဉ်သော ဤရုပ် ၁၈-ခုကို ရူပသဒ္ဒါတခုတည်း ဖြင့်သာ အထူးပြု၍ ရူပရုပ် ဟူ၍သာ မခေါ်ဆိုဘဲ အဘယ်ကြောင့် ရူပသဒ္ဒါ နှစ်ခုတို့ဖြင့် အထူးပြု၍ ရူပရူပရုပ်ဟူ၍ ခေါ်ဆိုအပ်လေသနည်းဟူမူ၊ ဒုက္ခ သဒ္ဒါသည် ဝိပရိဏာမဒုက္ခ, သင်္ခါရဒုက္ခတို့၌လည်း ဖြစ်သောကြောင့် ဒေါမနဿဝေဒနာ ဟူသော စေတသိကဒုက္ခ, ဒုက္ခဝေဒနာ ဟူသော ကာယိက ဒုက္ခဘိုကို ဒုက္ခသဒ္ဒါ နှစ်ခုတို့ဖြင့် အထူးပြု၍ ဒုက္ခ ဒုက္ခဟု ဆိုအပ်သကဲ့သို့၊ ရူပသဒ္ဒါသည်လည်း အထင်ရှင်္ဒြ တဒ္ဓမ္မူပစာရအားဖြင့် ထိုရုပ္ပန သဘောမှ ကင်းသော အနိပ္ဖန္နရုပ် ၁၀-ခု တို့၌လည်း ဖြစ်သောကြောင့် ရူပသဒ္ဒါတခု တည်းဖြင့်သာ အထူးပြု၍ ရူပရုပ်ဟု ဆိုချေသော် ထိုအနိပ္ဖန္နရုပ်တို့ဖြင့်လည်း လျဉ်းပါးရန် ရှိရကား ရူပသဒ္ဒါ နှစ်ခုဖြင့် အထူးပြု၍ ရူပရူပရုပ် ဟူ၍ ခေါ်ဆို ရလေသည် ဟူလေ။

## သမ္မသနရုပ် မည်ပုံ

ဤရုပ် ၁၈-ခုသည်ပင် ပရိစ္ဆေဒအစရှိသော အဖြစ်ကိုလွန်၍ ယင်းမှကင်း၍ သဘောအားဖြင့်သာလျှင် ရအပ်ရကား၊ ဝိပဿနာဉာဏ်ဖြင့် အနိစ္စစသော လက္ခဏာရေး ၃-ပါးသို့ တင်၍ ဆင်ခြင်သုံးသပ်ခြင်းငှါ ထိုက်လျော် လျောက်ပတ်သည်၏ အဖြစ်, သုံးသပ်စကောင်းသည်၏ အဖြစ်, သုံးသပ်အပ်သည်၏ အဖြစ်ကြောင့် သမ္မသနရုပ်လည်း မည်၏။

---

## ပရိစ္ဆေဒရုပ်

### သဘောလက္ခဏာ

အထည်ဝတ္ထုမရ အချည်းနှီးမျှဖြစ်၍ ခွဲဖြတ် ပုတ်ခတ် ရေးခြစ်ခြင်းငှါ မရကောင်းရကား၊ မရေးခြစ်အပ်သည် ဖြစ်၍ အာကာသမည်သော ရုပ်သည်ပင် သတ္တဇီဝ စသည်မှ ကင်းသော သဘောဖြစ်၍ အာကာသဓာတ် မည်၏။ အဇဋာကာသ, ကသိဏုဂ္ဃာဋိမာကာသ, ပရိစ္ဆိန္နာကာသ စသော အာကာသ အများတွင် ပရိစ္ဆိန္နာကာသကိုသာယူ။[၁] ထိုအာကာသရုပ်သည်ပင် စက္ခုဒသက စသော တခုခုသော ကလာပ်၌ တည်သော ရုပ်တို့ကို သောတဒသက စသော ကလာပ်တပါး၌ တည်သော ရုပ်တို့နှင့် ရောရှက်ခြင်း ကင်းသည်၏ အဖြစ်သို့ ရောက်စေသည်၏ အစွမ်းဖြင့် ပိုင်းခြားတတ်သည်၏ အဖြစ်ကြောင့်၎င်း, ထိုစက္ခုဒသက, သောတဒသက စသော ကလာပ်၌ တည်သော ရုပ်တို့သည် ပိုင်းခြားအပ်သည်၏ အဖြစ်ကြောင့်၎င်း ပရိစ္ဆေဒရုပ်လည်း မည်၏။

တနည်းလည်း....ပရမတ္ထအားဖြင့် ပြုတတ်, ခံစားတတ်သည်၏ အဖြစ် စသော ကတ္တား စသည် မရှိကောင်းရကား စက္ခုဒသကစသော ကလာပ်တပါး၌ တည်သော ရုပ်တို့ကို သောတဒသကစသော ကလာပ်တပါး၌ တည်သော ရုပ်တို့နှင့် ရောရှက်ခြင်းသို့ မရောက်စေသည်၏ အစွမ်းဖြင့် ပိုင်းခြားခြင်းမျှသာဖြစ်၍ ပရိစ္ဆေဒ မည်သည်။ ကလာပ်တပါး၌ တည်သော ရုပ်တို့ကို ကလာပ်တပါး၌ တည်သောရုပ်တို့နှင့် ရောရှက်ခြင်းသို့ မရောက်

---

၁-စက္ခုဒသကာဒိဧကေကကလာပဂတရူပါနံ ကလာပန္တရေဟိ အသံကိဏ္ဏဘာဝါ-ပဒါနဝသေန ပရိစ္ဆေဒကံ။ (ဝိဘာဝိနီ ဋီကာ-၁၉၉)။

ခေရ ပိုင်းခြားတတ်သည် စသည်ဟူရာ၌ ဤအာကာသဓာတ်သည် ရုပ်ဖြစ်သော ပရမတ္ထသဘာဝဖြစ်၍ သတ္တဇီဝမှ ကင်းသော သဘောဖြစ်ရကား၊ ကြောင့်ကြအားထုတ် ပြုလုပ်ခြင်း စသော ဗျာပါရမရှိကောင်းသောကြောင့် ပိုင်းခြားတတ်သည်ဟူ၍ပင် ဆိုသော်လည်း စင်စစ် ပိုင်းခြားတတ် ပိုင်းခြားခြင်းကို ပြုတတ်သည်မဟုတ်၊ ထိုထိုရုပ်ကလာပ်ကို ပိုင်းခြားသကဲ့သို့ ပိုင်းခြားသလိုသာ ဖြစ်သည် ဟူလို။

ဤ၌ အာကာသအရကို အဇဋာကာသ စသည်ကို မယူမူ၍ စကျွဒသက အစရှိသော ထိုထိုကလာပ်၌ တည်သောရုပ်တို့၏ ထိုထိုကလာပ် တပါး၌ တည်သော ရုပ်တို့နှင့် အသီးသီးဖြစ်၍ အချင်းချင်း ရောရှက်ခြင်း ကင်းသည်၏ အဖြစ်ဟူသော, ထိုထိုကလာပ် ရုပ်တို့၏ အပိုင်းအခြား ဟူသော ပရိစ္ဆိန္နာ-ကာသကိုသာယူ။ ကလာပ်တပါး၌ တည်သော ရုပ်တို့သည် ကလာပ်တပါး၌ တည်သော ရုပ်တို့နှင့် အချင်းချင်း ရောရှက်ခြင်း ကင်းသည် ဟူ၏၊ ကလာပ်တပါး၌ တည်သော ဘုတ်တို့၏ ကလာပ်တပါး၌ တည်သော ဘုတ်တို့နှင့် တွေ့ထိသည်၏ အဖြစ်သည် ရှိပါသည်သာ မဟုတ်လော၊ ထိုဘုတ်တို့၏ တွေ့ထိသည်၏ အဖြစ်သည် မရှိသောကြောင့်ပင် ထိုကလာပ်တပါး၌ တည်သော ရုပ်တို့၏ ကလာပ်တပါး၌ တည်သော ရုပ်တို့နှင့် အချင်းချင်း ရောရှက်ခြင်း ကင်းလေသလော ဟူမူ....ကလာပ်တပါး၌ တည်သော ဘုတ်တို့၏ ကလာပ်တပါး၌ တည်သော ဘုတ်တို့နှင့် ထိစပ်သည်၏ အဖြစ်မရှိသည်မဟုတ်၊ ရှိသည်ပင် ဖြစ်သော်လည်း ထိုရုပ်တို့သည် အချင်းချင်း ရောရှက်ခြင်း ကင်းကုန်သည်သာ ဟူလေ။

## အာကာသဓာတ်၏ ပိုင်းခြားပုံ ထိ,မထိ

ရုပ်တို့ကို ပိုင်းခြားတတ်သော ထိုအာကာသသည် ပိုင်းခြားအပ်သော ရုပ်တို့နှင့် ထိလေသလော မထိလော ဟူမူ.... ထိုအာကာသသည် အကြင်ရုပ်တို့ကို ပိုင်းခြားအပ်၏။ မိမိသည် ထိုရုပ်တို့နှင့် မထိသည်သာ ဟူလေ။ ထိုပိုင်းခြားအပ်သော ရုပ်တို့နှင့် အာကာသသည် မထိ ဟူ၏၊ ထိုအာကာသသည် ကလာပ်ရုပ်တို့ကို ပိုင်းခြားတတ်ရကား ထိုပိုင်းခြားအပ်သော ရုပ်တို့နှင့် ထိရာပါသည်၊ ယင်းတို့နှင့် ထိခဲ့သော် အဘယ်အပြစ်ရှိသနည်း၊ အပြစ်မရှိသော် ထိသည် ဟူ၍ပင် ယူရပါစေတော့လော ဟူမူ....ထိုအာကာသသည် ပိုင်းခြားအပ်သော ရုပ်တို့နှင့် မထိ ဟူ၍သာ မယူဘဲ ထိသည်ဟု ယူခဲ့သော် ယို

ရုပ်တို့၏ အာကာသသည် ပိုင်းခြားအပ်သည်၏ အဖြစ်သည်ပင် မဖြစ်ရာပြီ ဖြစ်၍ ယင်းတို့နှင့် ထိ၏ဟု မယူရသည် ဟူလေ။ ထိုပိုင်းခြားအပ်သော ရုပ်တို့နှင့် ထိလျှင်ပင် အဘယ်ကြောင့် ထိုရုပ်တို့ကို မပိုင်းခြား နိုင်ရလေ သနည်း ဟူမူ....ထိုရုပ်တို့နှင့် ထိခဲ့သော် အာကာသသည် ထိုရုပ်တို့နှင့် နှံ့ခြင်း ရှိသည်၏အဖြစ်သို့ ရောက်သောကြောင့် မပိုင်းခြား နိုင်သည် ဟူလေ။

ထိသည်၏ အဖြစ်ဟူသည်နှင့် နှံ့ခြင်း ရှိသည်၏ အဖြစ်ဟူသည် အတူတူ၊ နှံ့ခြင်းမရှိ ဟူသည်၏ အဖြစ် ဟူသည်လည်း အတူတူပင် ဖြစ်သည်။ ထို အာကာသ၏ မဟာဘုတ်တို့နှင့် မထိကြောင်းကိုလည်း "အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ"ဟူ၍ ဟောတော်မူသည်။ ထို့ကြောင့် ထိုအာကာသသည် မိမိသည် ပိုင်းခြားအပ်သော ကလာပ်၌ တည်သော ရုပ်တို့နှင့် မထိသည်သာ ဟူလေ။ ဤအာကာသဓာတ် ဟူသော ပရိစ္ဆေဒရုပ်သည် ကလာပ်တပါး၌ တည်သော ရုပ်တို့ကို ကလာပ်တပါး၌ တည်သော ရုပ်တို့နှင့် ရောရှက်ခြင်းမရှိ သည်၏အဖြစ်ဖြင့် ပိုင်းခြားခြင်းလက္ခဏာရှိ၏၊ ရုပ်တို့၏အဆုံး အပိုင်းအခြားကို ပြခြင်း ဟူသော ရူပပရိယန္တပကာသနကိစ္စရှိ၏၊ ရုပ်တို့၏ အပိုင်းအခြားဟူ၍ ယောဂီပုဂ္ဂိုလ်၏ဉာဏ်အား ရှေးရှုထင်ခြင်း ရှိ၏၊ တနည်း၊ ကလာပ်၌ တည်သော ပိုင်းခြားအပ်သော ရုပ်တို့နှင့် မထိသည်၏ အဖြစ်, ရုပ်တို့၏ အကြားအပေါက်၏ အဖြစ်လျှင် ယောဂီ၏ ဉာဏ်အားထင်ခြင်းရှိ၏၊ ပိုင်းခြား အပ်သောရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ဝိညတ်ရုပ် ၂-ပါး

### သဘောလက္ခဏာ

ဝိညတ်ရုပ်နှစ်ပါးတို့တွင် ကာယဝိညတ် ဟူသည် အဘယ်နည်း၊ အဘယ် သည် ကာယဝိညတ် မည်သနည်း၊ ဝစီဝိညတ် ဟူသည် အဘယ်နည်း၊ အဘယ် သည် ဝစီဝိညတ် မည်သနည်းဟူမူ....ဝါယောဓာတ်၏ အခြင်းအရာ အထူးသည် ကာယဝိညတ်မည်၏။ ပထဝီဓာတ်၏ အခြင်းအရာအထူးသည် ဝစီဝိညတ် မည်၏ ဟူလေ။ ဝါယောဓာတ်၏ အခြင်းအရာ အထူးသည် ကာယဝိညတ် မည်သည် ဟူ၏၊ ဝိကာရဝန္တ ဖြစ်သော ဝါယောဓာတ် အရကို ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ဝါယောတို့တွင် အမှတ်မထင် တပါးပါးကိုပင် ယူရအံ့လော ဟူမူ....၎င်းဝါယော လေးပါးတွင် စိတ္တဇ ဝါယောကိုသာယူ ဟူလေ။ စိတ္တဇ

ဝါယော အရကိုသည်း စိတ္တဇသာမည ဝါယောဓာတ် ဟူသမျှကို မယူဘဲ၊ ရှေ့သို့ တက်ခြင်း, နောက် သို့ဆုတ်ခြင်း, တူရူကြည့်ခြင်း, စောင်းငဲ့၍ ကြည့်ခြင်း, ကွေးခြင်း, ဆန့်ခြင်း, လက်ပြခြင်း, လက်ယပ်ခြင်း, ခေါင်းညိတ်ခြင်း, ခေါင်းခါခြင်း စသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောကိုသာယူ။ စိတ္တဇဝါယော၏ အခြင်းအရာ အထူး ဟူသော ဝိကာရသည် ကာယဝိညတ် မည်သည် ဟူ၏၊ ထိုဝိကာရသည် အကြောင်းအကျိုး နှစ်မျိုးတို့တွင် အကျိုးဖြစ်သော ဝိကာရ လေလော ဟူမူ.... အကျိုးမဟုတ် အကြောင်းဖြစ်သော ဝိကာရ ဟူလေ။ အကြောင်းဖြစ်သော ဝိကာရ ဟူ၏၊ ထိုဝိကာရသည် အဘယ်၌ အကြောင်း ဖြစ်သနည်း၊ ဝါယောဓာတ်ကို ဖြစ်စေရာ၌ပင် အကြောင်း ဖြစ်လေသလော ဟူမူ၊ ဖြစ်စေရာ စသည်၌ အကြောင်းဖြစ်သည် မဟုတ်၊ ဝါယောဓာတ်၏ မိမိနှင့် သဟဇာတ် ဖြစ်သောရုပ်ကို ကောင်းစွာ ခိုင်စေခြင်း, ထားခြင်း, ကောင်းစွာ ဆောင်ခြင်း, လှုပ်ရှားစေခြင်းတို့၌ အကြောင်း ဖြစ်သော ဝိကာရ ဟူလေ။

အကြောင်း ဖြစ်သော ဟူရာ၌လည်း သာမညအကြောင်း ပုရေဇာတ စသော အကြောင်း ဖြစ်သည်မဟုတ်၊ ဝါယောဓာတ်၏ မိမိနှင့် သဟဇာတ် ဖြစ်သော ရုပ်ဘို့ကို ကောင်းစွာ ခိုင်စေခြင်း, ထားခြင်း စသည်တို့၌ တကွ ပြုဘော် သဟဇာတ အကြောင်း ဖြစ်သည်ဟု ယူလေ။ ထိုဝါယောဓာတ်၏ အခြင်းအရာ အထူးဟူသော ဝိကာရ အရသည် လက်ယပ်ခြင်း အစ ရှိသော လှုပ်သော ကိုယ်တစိတ်သည်သော်၎င်း, ထိုကိုယ်၏ လှုပ်ခြင်းသည် သော်၎င်း, ထိုလှုပ်ခြင်း၏ အကြောင်းဖြစ်သော ဝါယောဓာတ်သည်သော် ၎င်း, တပါးပါး ဖြစ်လေသလော ဟူမူ....ဝါယောဓာတ်၏ ဝိကာရဟူသည် ထိုလှုပ်သောကိုယ် စသည်တွင် တပါးမျှ မဟုတ်၊ ယင်းတို့မှ လွတ်သော အခြင်းအရာသာ ဟူလေ။ ယင်းသို့ ကာယဝိညတ် မည်သော ဝါယောဓာတ်၏ ဝိကာရ အရသည် လှုပ်သောကိုယ်လည်းမဟုတ်၊ ကိုယ်၏ လှုပ်ခြင်းလည်း မဟုတ်၊ ထိုလှုပ်ခြင်း၏ အကြောင်းဖြစ်သော ဝါယောဓာတ်လည်း မဟုတ်၊ ယင်းတို့မှ အလွတ်ဟူခဲ့သော် ထိုဝါယောဓာတ်၏ ဝိကာရ ဟူသည် တစုံ တခုမျှဖြင့် မရအပ်သော ဝိကာရပင် ဖြစ်လေသလောဟူမူ.... မရအပ်သော ဝိကာရ မဟုတ်၊ ရူပကာယ၏ လှုပ်ရှားခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ရအပ်သော ဝိကာရ ဖြစ်သည် ဟူလေ။

စိတ္တဇ ဝိညတ်ယောဓာတ်၏ အခြင်း အရာ အထူးဟူသော ဝိကာရသည် ကာယဝိညတ် မည်သည် ဟူ၏၊ ထိုဝိကာရသည် ဝိညတ်ယောဓာတ်၏ အခြင်း အရာ အထူးဖြစ်၍ ဝိကာရသာ မည်ရာလျက် အဘယ်ကြောင့် ကာယဝိညတ် မည်လေသနည်း ဟူမူ....လက်ယပ်ခြင်း, ခေါင်းညိတ်ခြင်း စသော လှုပ်သော ကိုယ်ဖြင့် ထိုလက်ယပ်ခြင်း စသည်ကိုပြုသော ပုဂ္ဂိုလ်၏ အလိုကို ဤသူကား ဤအမှုကို ပြုစေလို၏ စသည်ဖြင့် ထိုလက်ယပ်ခြင်း စသော လှုပ်သော ကိုယ်တစိတ်ကို မြင်သော သူတပါးတို့ကို သိစေတတ်သောကြောင့် ဝိကာရသာ မမည်မူ၍ ကာယဝိညတ်မည်သည် ဟူလေ။

တနည်းလည်း....ဝိညတ်ယောဓာတ်၏ ဝိကာရသည် ကာယဝိညတ် မည်သည် ဟူ၏၊ ကာယဝိကာရဟူ၍ မဆို၊ ဝိကာရဟူ၍သာ ဆိုရကား ဝိညတ် မည်၏ ဟူ၍သာ ဆိုရာ၏၊ ကာယဝိညတ် မည်၏ဟု မဆိုရာ၊ ထိုသို့ မဆိုရာပါလျက် ဝိညတ်ဟူ၍သာ မဆိုဘဲ အဘယ်ကြောင့် ကာယဝိညတ်ဟု ဆိုလေသနည်း ဟူမူ၊ လက်ယပ်ခြင်းစသော လှုပ်သော ကိုယ်ဖြင့် ပြဆိုခဲ့ပြီးသည်အတိုင်း ပုဂ္ဂိုလ်၏ အလိုကို သူတပါးတို့ကို သိစေတတ်သောကြောင့် ဝိညတ်မည်၏ ဟူ၍သာ မဆိုဘဲ၊ ကာယဝိညတ် မည်၏ဟု ဆိုရလေသည် ဟူလေ။

"ဝိညာပေတီတိ ဝိညတ္တိ"ဟု ကတ္တုသာဓ်၊ "ကာယေန ဝိညတ္တိ ကာယဝိညတ္တိ"ဟု တတိယာ တပ္ပုရိသ် သမာသ်ပြု။ ။ယောဝိကာရော၊ အကြင် စိတ္တဇဝိညတ်ယောဓာတ်၏ အခြင်းအရာ အထူးသည်။ ဝိညာပေတိ၊ ပုဂ္ဂိုလ်၏ အလိုကို သူတပါးတို့ကို သိစေတတ်၏။ ဣတိတသ္မာ၊ ကြောင့်။သော ဝိကာရော၊ သည်။ ဝိညတ္တိ၊ မည်၏။ ကာယေန၊ လက်ယပ်ခြင်း စသော လှုပ်သော ကိုယ်ဖြင့်။ ဝိညတ္တိ၊ လက်ယပ်ခြင်း စသည်ကို ပြုသော ပုဂ္ဂိုလ်၏ အလိုကို ဤသူကား ဤအမှုကို ပြုစေလို၏ ဟူ၍ ထိုလက်ယပ်ခြင်း စသော လှုပ်သော ကိုယ်ကို မြင်သော သူတပါးတို့ကို သိစေတတ်သည်တည်း။ ကာယဝိညတ္တိ၊ တတ်သည်။

ထိုစိတ္တဇ ဝိညတ်ယောဓာတ်၏ ဝိကာရသည် ပြဆိုခဲ့သည်အတိုင်း လှုပ်သော ကိုယ်ဖြင့် ပုဂ္ဂိုလ်၏ အလိုကို သိစေတတ်သောကြောင့်သာ ကာယဝိညတ် မည်လေသလောဟူမူ....ထိုကြောင့်သာ မဟုတ်သေး၊ လက်ယပ်ခြင်း စသော ကိုယ်ဖြင့် မိမိဟူသော ဝိကာရကို ထိုလှုပ်သော ကိုယ်ကို မြင်သော တပါးသော

ပုဂ္ဂိုလ်တို့သည် သိအပ်သောကြောင့်လည်း ကာယဝိညတ် မည်ပါသည် ဟူလေ။

စိတ္တဇဝါယောဓာတ်၏ ဝိကာရမည်သည် အလိုကို လှုပ်သော ကိုယ်ဖြင့် သိစေတတ်သောကြောင့်သာ ကာယဝိညတ် မည်သည်မဟုတ်၊ မိမိကို သိအပ်သောကြောင့်လည်း ကာယဝိညတ် မည်သည်ဟူ၏။ လှုပ်သော ကိုယ်ဟူသော, ယင်း၌ တည်သော ရုပ်ပါရုံကိုသာ စက္ခုဝိညာဏ်ဖြင့် မြင်ကောင်း၍ ထိုဝိကာရကို မမြင်ကောင်းရကား ဇောစိတ်တို့သည် လှုပ်သော ကိုယ်ကိုသာ အာရုံပြုသောအားဖြင့် ယူ၍ ထိုဝိကာရကို မယူသည်သာ မဟုတ်ပါလော၊ ထိုသို့လျက် ထိုဝိကာရကို အဘယ်ကြောင့် သိအပ်လေသနည်း ဟူမူ....ဇောစိတ်တို့သည် ထိုဝိကာရကို အာရုံပြုသော အားဖြင့် မယူအပ်သည်မဟုတ်၊ ယူအပ်သည်သာ ဖြစ်သောကြောင့် သိအပ်သည်သာ ဟူလေ။

## ကာယဝိညတ် အကျယ်ပြပုံ

အာရုံပြုပုံ သိပုံကား လက်လှုပ်ခြင်း, ခြေလှုပ်ခြင်း, ခေါင်းလှုပ်ခြင်း စသည်တို့၌ လှုပ်သော ကိုယ်ဟူသော ယင်း၌ တည်သော ပစ္စုပ္ပန် ရုပ်ါရုံကို အာရုံပြု၍ ရှေးဦးစွာ စက္ခုဒွါရိကဝီထိ ဖြစ်သည်၊ ထိုနောက် ထိုချုပ်လေပြီး သော အတိတ်ရုပ်ါရုံကိုပင် အာရုံပြု၍ နှစ်ကြိမ်မြောက် တဒနုဝတ္တကမနော- ဒွါရိကဝီထိဖြစ်သည်။ ထိုနောင် အတိတ် ဖြစ်သော လှုပ်သော ကိုယ်၌ တည်သော ရုပါရုံကိုပင် ဆုံးဖြတ်သည်၏ အစွမ်းဖြင့် သိသော တတိယမနော- ဒွါရိကဝီထိ ဖြစ်သည်။ ထိုတတိယမနောဒွါရိက ဝီထိ၏ အခြားမဲ့၌ ဖြစ်သော စတုတ္ထမနောဒွါရိကဝီထိ၌ ဖြစ်သော ဇောတို့ဖြင့် ဝိညတ်ကို သိသည်။ ထိုနောက် အခြားမဲ့၌ ဖြစ်သော ပဉ္စမမနောဒွါရိကဝီထိဇောတို့ဖြင့် ပုဂ္ဂိုလ်၏ အလိုကို သိသည်။ ဤနည်းအလိုသော် ရှေးနည်းမှာကဲ့သို့ ဝိညတ္တိကို ဟေတု- ကတ္တုသာဓ် မပြုဘဲ "ဝိညာယတီတိ ဝိညတ္တိ"ဟု ကမ္မသာဓ်ပြု၍ ကာယနှင့် တတိယာတပ္ပုရိသ်ပင် ပြုလေ။ ယောဝိကာရော၊ ကို။ ဝိညာယတိ၊ စတုတ္ထ- မနောဒွါရိကဇောသည် အာရုံပြုသောအားဖြင့် သိအပ်၏။ ဝါ၊ စတုတ္ထမနော ဒွါရိကဇောဖြင့် လှုပ်သောကိုယ်ကို မြင်သောပုဂ္ဂိုလ်သည် သိအပ်၏။ ဣတိ- တသ္မာ၊ ထိုကြောင့်။ သော ဝိကာရော၊ ဘည်။ ဝိညတ္တိ၊ မည်၏။

ခုနစ်ခုသော ထမ်းပိုးတို့ဖြင့် ရုန်းငင်အပ်သော လှည်းဝယ် ပဌမ ထမ်းပိုး ၌ က-အပ်သော နွားမှ စ၍ ခြောက်ခုမြောက်သော ထမ်းပိုး တိုင်အောင်,

ခြောက်ခုသော ထမ်းပိုးဘို့၌ က-အပ်သော ခြောက်ရှဉ်းသော နွားတို့သည်
ထမ်းပိုးကို ထောက်မ တောင့်ခိုင်စေခြင်း, ကောင်းစွာ ဆောင်ခြင်းမျှကိုသာ
ပြီးစေကုန်လျက် ခုနစ်ခုမြောက်သော ထမ်းပိုး၌ က-အပ်သောနွားတို့အား
ထောက်ကူ အားပေး ကျေးဇူးပြုခြင်းငှါသာ ဖြစ်၍ လှည်းဘီးတို့ကို လည်စေ,
လိမ့်စေ, လှည်းကို ရွေ့စေခြင်းငှါ မစွမ်းနိုင်ကုန်။ ခုနစ်ခုမြောက်သော
ထမ်းပိုး၌ က-အပ်သော နွားတို့သည်သာလျှင် ရှေ့ခြောက်ခုသော ထမ်းပိုး၌
က-အပ်သော ခြောက်ရှဉ်းသော နွားတို့မှ ရအပ်သော ထောက်ပံ့ ဖေးမကူညီ
အပ်သော အားရှိကုန်သည်ဖြစ်၍ လှည်းကို လှုပ်ရှား လိမ့်သွားစေနိုင်ကုန်
သကဲ့သို့၊ တခုသော မနောဒွါရဝီထိ၌ ဖြစ်ကုန်သော ခုနစ်ကြိမ်သော
ဇောတို့ဘွင် ပဌမဇောမှစ၍ ဆဋ္ဌဇောဘိုင်အောင် ခြောက်ခုသော ဇောတို့
ကြောင့် အသီးအသီး ဖြစ်ကုန်သော ခြောက်ခုသော စိတ္တဇဝါယောဓာတ်တို့
သည် မိမိဘို့နှင့် အတူတကွဖြစ်သော သဟဇာတစိတ္တဇရူပကာယကို
ကောင်းစွာ ခိုင်ခံ့စေခြင်း, ကောင်းစွာ ဆောင်ခြင်းမျှကိုသာ ပြုကုန်လျက်
သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇဝါယောဓာတ်အား ထောက်ကူ အားပေး
ကျေးဇူး ပြုခြင်းငှါသာ ဖြစ်၍ စိတ္တဇရုပ်ကို မလှုပ်ရှားစေနိုင်ကုန်။ ရှေ့ဇော
ခြောက်ခုဘို့ကြောင့် ဖြစ်သော ဝါယောဓာတ်တို့မှ ရအပ်သော ကူညီ
ထောက်မခြင်း အားရှိသော သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်
သည် ဝိညတ်ဝိကာရနှင့် တကွဖြစ်၍သာလျှင် မိမိနှင့် သဟဇာတဖြစ်သော
စိတ္တဇကာယကို အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် လှုပ်စေ
သည်။

သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်သည် မိမိနှင့် သဟဇာတ်
ဖြစ်သော စိတ္တဇကာယကို လှုပ်စေသည်ဟူရာ၌ စိတ္တဇကာယ၏ လှုပ်သော
ဟူသည် မိမိဖြစ်ရာ အရပ်မှ ယုတ်စွအဆုံး ဆံခြည် တလုံးခန့်မျှ အရပ်တပါး
ပြောင်းရွှေ့ခြင်း မဟုတ်၊ ရှေ့ဇောကြောင့် ဖြစ်သော ဝါယောဓာတ်နှင့် သဟ-
ဇာတ်ဖြစ်သော စိတ္တဇရုပ်၏ ဖြစ်ရာအရပ်မှ တပါးသော သတ္တမဇောကြောင့်
ဖြစ်သော ဝါယောဓာတ်နှင့် သဟဇာတ်ဖြစ်သော စိတ္တဇရုပ်၏ ဖြစ်ခြင်းသာဟု
သိမှတ်အပ်၏။ စိတ္တဇကာယသည် အယုတ်ဆုံး ဆံခြည် တလုံးခန့်မျှလည်း မိမိ
ဖြစ်ရာ အရပ်မှ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်း မဖြစ်ဟု ဆို၏၊ အဘယ်ကြောင့်
မပြောင်းရွှေ့သနည်း၊ ဥပမာ၌ လှည်းသည် တည်ရင်း အရပ်မှတပါး
ပြောင်းရွှေ့သကဲ့သို့၊ထိုစိတ္တဇကာယသည်လည်း ပြောင်းရွှေ့သင့်ပါသည်မဟုတ်

လောဘူမှ....ပရမတ္ထသဘာဝဓမ္မဟူသမျှပင် မိမိဖြစ်ရာ အရပ်မှ အရပ်တပါးသို့ ပြောင်းရွှေ့ခြင်း, ပြောင်းရွှေ့ထိုက်, ပြောင်းရွှေ့ကောင်းသော သဘော မရှိသောကြောင့် မပြောင်းရွှေ့သည် ဟူလေ။

ပြောင်းရွှေ့သော် အဘယ်သို့သော အပြစ်ရှိသနည်း၊ တစုံတခုသော အပြစ်မရှိသော် ပြောင်းရွှေ့၏ ဟူ၍ပင် ယူသင့်ပါသည် မဟုတ်လောဟူမူ.... အကယ်၍ ထိုဓမ္မတို့သည် ပြောင်းရွှေ့သည်ဖြစ်အံ့၊ ထိုဓမ္မတို့၏ အားထုတ်ခြင်း ဗျာပါရမှ ကင်းသည်၏ အဖြစ်၊ ဥပါဒ်, ဌီ, ဘင်ဟူသော ခဏသုံးပါးနှင့် စပ်၍သာ ဖြစ်ခြင်းရှိသည်၏ အဖြစ်သည် မဖြစ်ရာ၊ ကြောင့်ကြ အားထုတ်ခြင်း ဗျာပါရ ရှိသည်၏ အဖြစ် ဟူသော အပြစ်, ခဏတ္တယနှင့် မစပ်မူ၍ (ဧန္ဒ အားဖြင့် ဖြစ်သည်၏ အဖြစ်ဟူသော အပြစ် ဖြစ်ခဲ့ရာသည်၊ ထို့ကြောင့် မပြောင်းရွှေ့ ဟူ၍သာ မှတ်အပ်သည် ဟူလေ။

အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် လှုပ်စေသည် ဟူရာ၌ အရပ်တပါး၌ ဖြစ်ခြင်း၏ အကြောင်း၏ အဖြစ် ဟူသည်လည်း သတ္တမဇောသည် ဖြစ်စေအပ်သော ဝါယောဓာတ်ဟူသော မိမိနှင့် သဟဇာတ်ဖြစ်သော ရုပ်သို့သည် အောက်ဖြစ်သော ရှေ့ဇောတို့ကြောင့် ဖြစ်သော စိတ္တဇရုပ်တို့၏ ဖြစ်ရာဖြစ်သော စိတ္တဇရုပ်ကလာပ်မှ တပါးသော သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇရုပ်တို့၏ ဖြစ်ရာ ကလာပ်၌ အကြင် အခြင်းအရာအားဖြင့် ဖြစ်ကုန်၏။ ဤသို့သော အခြင်းအရာအားဖြင့် သတ္တမဇောကြောင့်ဖြစ်သော ဝါယောဓာတ်၏ ထိုမိမိနှင့် သဟဇာတ်ဖြစ်သော စိတ္တဇရုပ်တို့နှင့် အတူတကွ တပါးသော ရုပ်ကလာပ်၌ ဖြစ်ခြင်းပင် ဖြစ်သည်ဟု မှတ်အပ်၏။ စိတ္တဇဝါယောဓာတ် လှုပ်စေ၍ စိတ္တဇအဋ္ဌကလာပ်ဟူသော စိတ္တသမုဋ္ဌာနကာယ လှုပ်သည်ရှိသော် ကမ္မဇရုပ်,ဥတုဇရုပ်,အာဟာရဇရုပ်ဟူသော တေသမုဋ္ဌာနိကကာယသည် လှုပ်မည်လော,မလှုပ်မည်လော ဟူမူ၊မြစ်ရေ စသည်၌ ချအပ်သော ကျသော နွားချေးခြောက်, ထင်းယောင်း, မြက် သစ်ရွက်ခြောက်တို့သည် ရေနှင့် စပ်သဖြင့် ရေသွားလျှင် သွားခြင်း, ရေရပ်လျှင် ရပ်ခြင်းတို့ဖြင့် ရေ၏ အလားရှိကုန်, ရေသို့ အစဉ် လိုက်ကုန်သကဲ့သို့၊ စိတ္တသမုဋ္ဌာနကာယ လှုပ်သည်ရှိသော် တေသမုဋ္ဌာနိကကာယသည် ထိုစိတ္တသမုဋ္ဌာနကာယ၏ အလားလျှင် အလားရှိသည်။ စိတ္တသမုဋ္ဌာနကာယသို့ အစဉ်လိုက်သည်ဖြစ်၍ စိတ္တဇကာယ လှုပ်တိုင်း လှုပ်သည်သာ ဟူလေ။

သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇဝါယောဓာတ်သည် ပုဂ္ဂိုလ်၏ အလိုကို သိစေတတ်သော အခြင်းအရာ မိမိကို သိအပ်သော အခြင်းအရာ ဟူသော ဝိညတ္တိဝိကာရနှင့်တကွ ဖြစ်ကုန်သကဲ့သို့၊ ပဌမဇော စသော ရှေ့ဇော ၆-ချက်တို့ကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ် ၆-ခုတို့သည် ဝိညတ္တိဝိကာရ နှင့် တကွဖြစ်ကုန်အံ့လော ဟူမူ....ဖြစ်ကုန်၏ဟူလေ။ ပဌမဇောစသည်တို့ ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည်လည်း ဝိညတ္တိဝိကာရနှင့်တကွ ဖြစ်ကုန်သည် ဟူ၏၊ သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည် စိတ္တဇရုပ်ကို လှုပ်စေသကဲ့သို့၊ ထိုပဌမဇော စသည်ကြောင့် ဖြစ်သော ဝါယော ဓာတ်တို့သည်စိတ္တဇရုပ်ကို မလှုပ်စေနိုင်ပါကုန်သည် မဟုတ်လော, စိတ္တဇရုပ် ကို လှုပ်စေနိုင်သောကြောင့်ပင် ဝိညတ္တိဝိကာရနှင့်တကွ ဖြစ်လေကုန်သလော ဟူမူ....ထိုပဌမဇော စသည်ကြောင့် ဖြစ်သော ဝါယောဓာတ် ၆-ခုတို့သည် စိတ္တဇရုပ်တို့ကို မလှုပ်စေနိုင်ပေကုန်၊ ထိုသို့ပင် စိတ္တဇရုပ်ကို လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်သော်လည်း ဝိညတ္တိဝိကာရနှင့်တကွ ဖြစ်ကုန်သည်သာ ဟူလေ။

စိတ္တဇရုပ်ကို လှုပ်စေခြင်းငှါ မစွမ်းနိုင်ကုန်ပါဘဲလျက် အဘယ်ကြောင့် ထိုဝါယောဓာတ် ၆-ခုတို့သည် ဝိညတ္တိဝိကာရနှင့်တကွ ဖြစ်လေကုန်သနည်း ဟူမူ....ပုဂ္ဂိုလ်သည် အကြင်အရပ် မျက်နှာဖြင့် ရှေ့သို့တက်ခြင်း ဟူသော သွားခြင်း အစရှိသည်ကို ဖြစ်စေခြင်းငှါ အလိုရှိ၏။ ထိုအရပ်သို့ ရှေးရှုသည်၏ အဖြစ်တည်းဟူသော ဝိကာရ၏ ဖြစ်သင့်သောကြောင့် ထိုပဌမဇော စသည် ကြောင့် ဖြစ်သော ဝါယောဓာတ်တို့သည် ဝိညတ္တိ ဝိကာရနှင့်တကွ ဖြစ်ကုန် သည် ဟူလေ။ ပဌမဇော စသည်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ ဝိညတ္တိ ဝိကာရနှင့် တကွဖြစ်သည်ကို အဘယ်သို့သော အာဂုံ, သာဓက, ဉာပကကို ထောက်သဖြင့် သိပါသနည်း ဟူမူ....ပဌမဇော စသည်၏ ဝိညတ်ကို ဖြစ်စေ သည်ကို ထားဘိဦး၊ ဇောမဟုတ်သော မနောဒွါရာဝဇ္ဇန်း၏ပင် ဝိညတ်ကို ဖြစ်စေနိုင်သည်၏ အဖြစ်ကို အရှင်အနုရုဒ္ဓါ ဆရာမြတ်သည်ပင် **သဖြိုဟ်ကျမ်း** (၄၂) ၌——

"ဝေါဋ္ဌဗ္ဗနကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ"—— ဟု မိန့်ဆိုတော်မူလတ္တံ့။

ပဌမဇော စသည်ကြောင့် ဖြစ်သော ဝါယောဓာတ်၏ ဝိညတ္တိဝိကာရ နှင့်တကွ ဖြစ်သည်ကား အကြောင်း၊ယင်းသို့ တကွဖြစ်၍ ဝေါဋ္ဌဗ္ဗန။ပ။ ပေန္တိ-

ဟူသော စကားကို ဆိုတော်မူသည်ကား အကျိုးဖြစ်၍ အကျိုးဖြစ်သော အာဂုံ, သာကေ, ဉာပကကို ထောက်သဖြင့် သိပါသည် ဟူလေ။

ကာယနှင့် ဝိညတ္တိကို တတိယာတပ္ပုရိသ်တွဲ၍ ကိုယ်ဖြင့် ပုဂ္ဂိုလ်၏ အလို ကို သိစေတတ်, ကိုယ်ဖြင့် မိမိကို သိအပ်သည်၏ အဖြစ်ကြောင့်၊ ကာယ ဝိညတ္တိမည်သည်ဟု ပြဆိုခဲ့ပြီးသော အရာ၌ ကာယအရကို လက်ယပ်ခြင်း, ခေါင်းငြိတ်ခြင်း စသည်တို့ဖြင့် ရုပကာယ၏ လှုပ်သော ကိုယ်အစိတ်ကိုယူ။ "ကာယေ၀ ဝိညတ္တိ ကာယဝိညတ္တိ" ဟု ကမ္မဓာရည်း သမာသ်ပြုသော် ကာယ အရကို—

ကာယေန သံဝရော သာဓု။ ။ကာယေန စေ ကတံ ကမ္မံ၊ ကာယ ကမ္မန္တိ ဝုစ္စတိ—

စသည်၌ ကာယကဲ့သို့ ဝိညတ်ဟူသော စောပနကာယကို ယူ။

**ဝစီဝိညတ် အကျယ်ပြပုံ**

ပထဝီဓာတ်၏ အခြင်းအရာအထူးသည် ဝစီဝိညဝ် မည်သည် ဟူရာ၌ အဘယ်ပထဝီဓာတ်၏ အဘယ်သို့သော အခြင်းအရာအထူးသည် ဝစီဝိညတ် မည်သနည်းဟူမူ....တိဿ, ဒတ္တ, မြေ, ညို စသည်ဖြင့် နှုတ်မြွက်ခေါ်ဆိုခြင်း စသော ဝစီဘေဒကို ပြုတတ်သော, စိတ်လျှင် ဖြစ်ကြောင်းရှိသော စိတ္တဇ ပထဝီဓာတ်၏ အ, အာ, က, ခ စသော အက္ခရာ တို့၏ ဖြစ်ရာ လည်ချောင်း, အာစောက် အစရှိသော ဌာန်၌ တည်သော ဖြစ်သော ကမ္မဇရုပ်တို့နှင့် ထိခိုက်ခြင်း၏ အကြောင်း ဖြစ်သော အခြင်းအရာအထူးသည် ဝစီဝိညတ် မည် သည် ဟူလေ။ ဝစီဘေဒသဒ္ဒ ဟူသော သဝိညာဏက သဒ္ဒါကို ပြုတတ်သော, စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ်၏ အခြင်းအရာ အထူးသည် ဝိကာရသာ မမည်မူ၍ အဘယ်ကြောင့် ဝစီဝိညတ္တိ မည်လေသနည်းဟူမူ....ထိုစိတ္တဇပထဝီ ဓာတ်၏ အခြင်းအရာအထူးသည် စေတနာဝါစာ, ဝိရတိဝါစာ, သဒ္ဒဝါစာ အားဖြင့် ၃-ပါးသော ဝါစာတို့တွင် သဒ္ဒဝါစာ ဟူသော တိဿ, ဒတ္တ စသည်ဖြင့် ခေါ်ဝေါ်ပြောကြားခြင်း အစရှိသော, သဝိညာဏက သဒ္ဒဟု ဆိုအပ်သော, ဝစီဘေဒသဒ္ဒဟူသော ဝါစာဖြင့် ထိုဝစီဘေဒကို ပြုသော ပုဂ္ဂိုလ်၏ အလိုကို ထိုအသံကို ကြားသော တပါးသောပုဂ္ဂိုလ်ကို သိစေတတ်သောကြောင့်ရင်း, ထိုဝါစာဖြင့်ပင် ထိုအသံကို ကြားသောသူတို့သည် သိအပ်သောကြောင့်ရင်း ဝစီဝိညတ္တိ မည်သည် ဟူလေ။

ခေါ်ထူး မေးကြားခြင်း စသည်ကို ပြုသော ပုဂ္ဂိုလ်၏အသံကို ကြားသောသူအား ရှေးဦးစွာ ထိုပစ္စုပ္ပန် သဒ္ဒါရုံကို အာရုံပြု၍ သောတဒွါရဝီထိဖြစ်သည်။ ထိုနောက် အခြားမဲ့ နှစ်ကြိမ်မြောက်၌ ထိုအတိတ် ဖြစ်သော သဒ္ဒါရုံ ကိုပင် အာရုံပြု၍ တဒနုဝတ္တက မနောဒွါရိက ဝီထိဖြစ်သည်၊ ထို့နောင် ရှေး၌ မှတ်ဘူးသော သညာ၏ အစွမ်းဖြင့် နာမပညတ်ကို အာရုံပြု၍ ၃-ကြိမ်မြောက် မနောဒွါရိက ဝီထိဖြစ်သည်၊ ထို၏အခြားမဲ့၌ ထိုစိတ္တဇ ပထဝီဓာတ်၏ အခြင်းအရာအထူးကို အာရုံပြု၍ သိသော စတုတ္ထမနောဒွါရိကဝီထိဖြစ်သည်၊ ထို၏ အခြားမဲ့၌ ပုဂ္ဂိုလ်အလိုကို သိသော ပဥ္စမ မနောဒွါရိက ဝီထိ ဖြစ်သည်။ ဤဝီထိတို့ ဖြစ်စဉ် သိပုံများကို မဏိမဥ္ဇူကို မှီ၍ ဆိုလိုက်သည်။

ကာယဝိညတ်အရာ၌ တခုတည်းသော မနောဒွါရိက ဇော ၇-ချက်တို့တွင် သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇဝါယောဓာတ်သည် ပဌမဇော အစရှိသော, ရှေ့ဇောတို့ကြောင့် ဖြစ်သော, စိတ္တဇဝါယောဓာတ်မှ ရအပ်သော အားပေး ကူညီ ထောက်မခြင်း ရှိသော်သာ မိမိနှင့် သဟဇာတ် ဖြစ်သော စိတ္တဇကလာပ်ရုပ်ကို လှုပ်စေခြင်းငှါ စွမ်းနိုင်သောကြောင့် ထိုသတ္တမဇောကြောင့်ဖြစ်သော စိတ္တဇဝါယောဓာတ်အား ပဌမဇောစသော ရှေ့ဇော ၆-ခုတို့ကြောင့်ဖြစ်သော ဝါယောဓာတ် ၆-ခုတို့သည် ထောက်ကူ အားပေးကျေးဇူးပြုသကဲ့သို့၊ ဝစီဝိညတ်အရာ၌သည်း တခုတည်းသော မနောဒွါရိက ဇော ၇-ချက်တို့တွင် သတ္တမဇောကြောင့်ဖြစ်သော, စိတ္တဇ အဋ္ဌကလာပ်ရုပ်၌ အကျုံးဝင်သော, စိတ္တဇပထဝီဓာတ်သည် ပဌမဇော စသည်ကြောင့် ဖြစ်သော, စိတ္တဇ ကလာပ် ၆-စည်းတို့၌ အကျုံးဝင်သော, စိတ္တဇပထဝီဓာတ် ၆-ခုတို့မှ ရအပ်သော အားပေးကူညီ ထောက်မခြင်း ရှိသော်သာ လည်ချောင်းစသော အက္ခရာဖြစ်ရာ ကဏ္ဍဌာန် စသည်တို့၌ တည်သော ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းငှါ စွမ်းနိုင်ရာသည်ဖြစ်၍ ပဌမဇောစသော ရှေ့ဇော ၆-ခုတို့ကြောင့် အသီးအသီး ဖြစ်သော စိတ္တဇကလာပ် ၆-စည်းတို့၌ အကျုံးဝင်သော စိတ္တဇပထဝီဓာတ် ၆-ခုတို့၏ ထိုသတ္တမဇောကြောင့်ဖြစ်သော, စိတ္တဇအဋ္ဌကလာပ်၌ ပါသော, စိတ္တဇပထဝီဓာတ်အား ကမ္မဇပထဝီကို ထိခိုက်ခြင်းငှါ စွမ်းနိုင်အောင် ထောက်ကူ အားပေး ကျေးဇူးပြုရခြင်းသည် ရှိသေးလေသလော ဟူမူ.... ရှေ့ဇော ၆-ခုတို့ကြောင့်ဖြစ်သော စိတ္တဇပထဝီ ၆-ခုတို့၏ သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇပထဝီအား ကမ္မဇပထဝီကို ထိခိုက်ခြင်းငှါ စွမ်းနိုင်အောင် ထောက်ကူ အားပေးရခြင်း မရှိပြီ ဟူလေ။

အဘာယ်ကြောင့် ထောက်ကူရခြင်း မရှိသနည်း၊ သတ္တမဇောကြောင့်ဖြစ်သော, စိတ္တဇ ပထဝီသည် ပဌမဇော စသည်ကြောင့်ဖြစ်သော စိတ္တဇပထဝီ ၆-ခုတို့မှ ရအပ်သော, အထောက်အကူရှိမှသာ ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းငှါ စွမ်းနိုင်ရာပါသည် မဟုတ်လော ဟူမူ....ရှေ့ဇောတို့ကြောင့်ဖြစ်သော, စိတ္တဇပထဝီဓာတ်တို့မှ ရအပ်သော အထောက်အကူရှိမှသာ သတ္တမဇောကြောင့်ဖြစ်သော, စိတ္တဇ ပထဝီဓာတ်သည် ကမ္မဇပထဝီကို ထိခိုက်ခြင်းငှါ စွမ်းနိုင်သည်မဟုတ်၊ အထောက်အကူ မရှိဘဲလျက်ပင် ထိခိုက်ခြင်းငှါ စွမ်းနိုင်သည်ဖြစ်၍ သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇအဋ္ဌကလာပ်၌ ပါသော စိတ္တဇပထဝီဓာတ်သည်သာ အက္ခရာဖြစ်ရာ ဌာန်ဟူသော လည်ချောင်းစသည်၌ ဖြစ်သော, ကမ္မဇကလာပ်၌ ပါရှိသော, ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းငှါ စွမ်းနိုင်သည်၊ သတ္တမဇောကြောင့် ဖြစ်သော, စိတ္တဇ အဋ္ဌကလာပ်၌ပါသော စိတ္တဇပထဝီဓာတ်သာ ကမ္မဇပထဝီဓာတ်ကို ထိခိုက်ခြင်းငှါ စွမ်းနိုင်သည် မဟုတ်သေး၊ ထိုမနောဒွါရိကဇော ၇-ခုလုံးပင် အသီးအသီး အဋ္ဌကလာပ်ရုပ် ခုနစ်စည်းတို့ကို ဖြစ်စေသည်ချည်းပင် ဖြစ်သည်။ ထိုစိတ္တဇသဒ္ဒနဝကကလာပ် ၇-စည်းတို့၌ပါသော စိတ္တဇပထဝီဓာတ် ၇-ခုတို့သည်လည်း ထိုက်သည်အားလျော်စွာ လည်ချောင်း, အာစောက်, လျှာဖျား, သွား, နှုတ်ခမ်း ဟူသော ငါးပါးသော အက္ခရာတို့၏ဖြစ်ရာ ကဏ္ဌ, တာလု, မုဒ္ဓ, ဒန္တ, ဩဋ္ဌဌာန်တို့၌ တည်ရှိ ဖြစ်ဆဲသော ကမ္မဇ ရုပ်ကလာပ်တို့၌ ပါသော ကမ္မဇပထဝီဓာတ်ကို ထိခိုက်ကုန်သည်ချည်းသာ ဖြစ်သည်။ ထိုစိတ္တဇပထဝီ၏ ၎င်းကမ္မဇပထဝီကို ထိခိုက်သည်နှင့် တကွသာလျှင်လည်း တလုံးတလုံးသော အက္ခရာ ဟူသော ဝစီဘေဒသဒ္ဒရုပ် ဖြစ်သည်။ ထိုကြောင့် ထောက်ကူရခြင်း မရှိသည် ဟူလေ။ ဤကား—

> ဣမ စ သန္ထမ္ဘနာဒိနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာဝ ဣဓာဓိ-နယော န လဗ္ဘတိ။ ဃဋ္ဋနေန ဟိ သဒ္ဒိံ ယေဝ သဒ္ဒေါ ဥပ္ပဇ္ဇတိ။ ဃဋ္ဋနဥ ပဌမဇဝနာဒီသုပိ လဗ္ဘတေ—

ဟူသော ဋီကာကျော် (၂၀၁)၏ အလိုအားလျော်စွာ ဆိုအပ်သော နည်းတည်း။

ဣမစ၊ဤဝစီ ဝိညတ် အရာ၌ကား။သန္ထမ္ဘနာဒိနံ၊ကောင်းစွာ ခိုင်စေခြင်း စသည်တို့၏။ အဘာဝတော၊ မရှိခြင်းကြောင့်။ သတ္တမဇဝနသမုဋ္ဌိတာဝ

ဒိနယော၊ သတ္တမဇဝနသမုဋ္ဌိတာ စသည်ဖြင့် ကာယဝိညတ် အရာ၌ ပြဆိုအပ်သော နည်းကို။ နလဗ္ဘတိ၊ မရအပ်။ ကသ္မာ၊အဘယ်ကြောင့်။ သန္ထမ္ဘနာဒိနံ၊ တို့၏။ အဘာဝေါ၊ မရှိခြင်းသည်။ ဟောတိ၊ ဖြစ်သနည်း။ ဟိယသ္မာ၊ ကြောင့်။ ဃဋ္ဋနေန၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းနှင့်။ သဒ္ဒိံယေဝ၊ အတူသာလျှင်။ သဒ္ဒေါ၊အက္ခရာဟူသော သဒ္ဒရုပ်သည်။ (အသံသည်။) ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ဃဋ္ဋနဥ္စ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းကိုသည်း။ ပဌမဇဝနာဒီသုပိ၊ ပဌမဇော စသည်တို့၌လည်း။ လဗ္ဘတေဝ၊ သာတည်း။ တသ္မာ၊ ကြောင့်။ သန္ထမ္ဘနာဒီနံ၊ တို့၏။ အဘာဝေါ၊ သည်။ ဟောတိ၊ ၏။

ဤဋီကာကျော် ဆရာ၏ အလိုအားဖြင့် တခုသော မနောဒွါရိကဇော ၇-ခုတို့တွင် သတ္တမဇောကြောင့်သာ အက္ခရာဖြစ်သည်မဟုတ်၊ ဇောတခုတခုသည်ပင် တလုံး တလုံးသော အက္ခရာကို ဖြစ်စေသောကြောင့်ငှါး၊ ၇-ခုတို့ကြောင့် ၇-လုံးသော အက္ခရာတို့ ဖြစ်ကုန်သည်ဟူလို၏။

မဏိမဥ္ဇူဆရာကား.... ထိုကိုမကြိုက်၊ သတ္တမဇောကြောင့်သာ တလုံးတည်းသော အက္ခရာဖြစ်သည်ကို ကြိုက်နှစ်သက်သည်။ အဘယ်ကြောင့် သတ္တမဇောကြောင့် တခုတည်းသော အက္ခရာဖြစ်သည်ကို နှစ်သက်သနည်းဟူမူ....အက္ခရာကို ရွတ်ဆိုသော ဝဒန္တပုဂ္ဂိုလ်သည် တခုသော မနောဒွါရိကဝီထိဖြင့် တခုသော အက္ခရာကိုသာ ရွတ်ဆိုအပ်သည်၏ အဖြစ်ကြောင့်ငှါး, ထိုရွတ်ဆိုအပ်သော တခုတည်းသော အက္ခရာဟူသော ပစ္စုပ္ပန် သဒ္ဒါရုံကို ကြားသော သုဏန္တပုဂ္ဂိုလ်သည်လည်း သောတဒွါရိကဝီထိဖြင့် ထိုပစ္စုပ္ပန်သဒ္ဒါရုံ ဖြစ်သော တခုတည်းသော အက္ခရာကိုသာ ကြားအပ်သည်၏ အဖြစ်ကြောင့်ငှါး နှစ်သက်သည် ဟူလေ။

တခုသော မနောဒွါရိကဝီထိ ဇော ၇-ခုတွင် သတ္တမဇောကြောင့် တခုတည်းသော အက္ခရာသာ ဖြစ်သည်ဟု မယူဘဲ၊ ရှေ့ဇော ၆-ခုတို့ကြောင့်လည်း ၆-ခုသော အက္ခရာတို့လည်း ဖြစ်ကုန်၏ဟု ယူသော် အဘယ်သို့သော အပြစ်ရှိသနည်း၊ အပြစ်မရှိသော် ရှေ့ဇော ၆-ခုတို့ကြောင့်လည်း ၆-ခုသော အက္ခရာတို့လည်း ဖြစ်ကုန်၏ ဟူ၍ပင် ယူသင့်ပါသည် မဟုတ်လောဟူပြန်မူ.... ရှေ့ဇော ၆-ခုတို့ကြောင့်လည်း ၆-ခုသော အက္ခရာတို့လည်း အကယ်၍ ဖြစ်ကုန်ခဲ့အံ့၊ ဝဒန္တပုဂ္ဂိုလ်သည် မရွတ်ဆိုအပ်သည်လည်း ဖြစ်သော သုဏန္တပုဂ္ဂိုလ်

သည် မကြားအပ်သည်လည်း ဖြစ်သော စိတ္တဇသဒ္ဒမည်သည် မဖြစ်ရာသည်သာ ဖြစ်ရာ၏။ သတ္တမဇောကြောင့် ဖြစ်သော အက္ခရာသည် ဝိညတ်နှင့်တကွ ဖြစ်သကဲ့သို့ရှင်း၊ ဝဒန္တပုဂ္ဂိုလ်ဟူ၍ ရွတ်ဆိုအပ်သကဲ့သို့ရှင်း၊ သုဏန္တပုဂ္ဂိုလ်တို့ ကြားအပ်သကဲ့သို့ရှင်း၊ ထိုရှေ့ဇော ၆-ခုတို့ကြောင့် ဖြစ်သော အက္ခရာ ၆-ခုတို့သည်လည်း ဝိညတ်နှင့် တကွ ဖြစ်ကုန်သည်ရှင်း၊ ဝဒန္တပုဂ္ဂိုလ်တို့ ရွတ်အပ်ကုန်သည်ရှင်း၊ သုဏန္တပုဂ္ဂိုလ်ဟူ၍ ကြားအပ်ကုန်သည်ရှင်း ဖြစ်ကုန်ခဲ့ရာသည်။ ဖြစ်ကား မဖြစ်ကုန်။ ဤသို့သော အပြစ်ရှိသောကြောင့် ရှေ့ဇော ၆-ခုတို့ကြောင့်လည်း အက္ခရာ ၆-ခုတို့လည်း ဖြစ်ကုန်၏ဟု မယူသင့်သည် ဟူလေ။

ကာယဝိညတ် အရာ၌ ရှေ့စိတ်ဘိုကြောင့် ဖြစ်သော ဝါယောဓာတ်၏ နောက်စိတ်ကြောင့် ဖြစ်သော ဝါယောဓာတ်အား ထောက်ကူ ခိုင်ခံ့စေခြင်း ကိစ္စရှိသကဲ့သို့၊ ဝစီဝိညတ်အရာ၌ ရှေ့စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်၏ နောက်စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်အား ထောက်ကူရခြင်း ကိစ္စမရှိကြောင်းကို "ပုရိမစိတ္တသမုဋ္ဌာနာယ ဥပထမ္ဘနကိစ္စမ္ပိ နတ္ထိ" ဟူ၍ **အဋ္ဌသာလိနီ** (၁၂၉) ၌ မိန့်ဆိုသောကြောင့် ထိုစကားကို မှီ၍ ဂိုးကား ထောက်ထားတံ့ကဲ သဘဲ အပင်း အသင်းပြု၍ "ဣမ စ သန္ထမ္ဘနာဒိနံ အဘာဝတော သတ္တမဇဝနသမုဋ္ဌိတာတျာဒိနယော န လဗ္ဘတိ" ဟူသော စကားကို ဋီကာကျော်ဆရာ ဆိုလေသည်။ အဋ္ဌသာလိနီ၌ ဆိုအပ်သော "ပုရိမစိတ္တသမုဋ္ဌာနာယ ဥပထမ္ဘနကိစ္စမ္ပိ နတ္ထိ" ဟူသော စကားကို မူလဋီကာဆရာ ကြိုက်တော်မမူ။ ထိုသို့ မနှစ်သက်သောကြောင့် "ပုရိမစိတ္တသမုဋ္ဌာနာယ ဥပထမ္ဘနကိစ္စမ္ပိ နတ္ထိ" ဟူသော စကားကို ဆိုသော အဋ္ဌကထာဆရာ၏ အလိုအဘော်ကို ပြကြား၍ အဋ္ဌကထာဆရာ ဆိုသည်အတိုင်း ဥပထမ္ဘန မရှိသည် ရှိသည်ကို စိစစ်၍ ယူရမည် အကြောင်းကို—

ဥပထမ္ဘနကိစ္စံ နတ္ထီတိ ဥပထမ္ဘနေန ဝိနာ ပဌမစိတ္တသမုဋ္ဌာနာ ပိဃဋ္ဋနာကာရေန ပဝတ္တတီတိ ဃဋ္ဋနတ္ထံ ဥပထမ္ဘနေန ပယောဇနံ နတ္ထိ။ လဒ္ဓါသေဝနေန စိတ္တေနေဝ ဃဋ္ဋနသာ ဗလဝဘာဝတောဝါ အဓိပ္ပါယော။ ဥပထမ္ဘနံ နတ္ထိ အတ္ထီတိ ဝိစာရေတွာ ဂဟေတဗ္ဗော—

ဟု (မူလဋီကာ ၇၆) ၌ ပြဆိုတော်မူသည်။

ဥပထမ္ဘန ကိစ္စံ နတ္ထီတိ တွေ၊ ဥပထမ္ဘနကိစ္စံနတ္ထိ ဟူသော ဤအဋ္ဌကထာ စကား၌။ လဒ္ဓါသေဝနေန၊ ရအပ် ရပြီးသော အာသေဝန ပစ္စည်းရှိသော။

စိတ္တေနေဝ၊ စိတ်ဖြင့်သာလျှင်။ ဃဋ္ဋနဿ၊ စိတ္တဇဝထဝိ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်း၏။ ဗလဝဘာဝတော၊ အားရှိသည်၏ အဖြစ်ကြောင့်။ ဥပထမ္ဘနေန၊ ထောက်ပံ့ကူညီရခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ပဌမစိတ္တသမုဋ္ဌာနာပိ၊ ပဌမဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇပထဝီဓာတ်သည်လည်း။ ဃဋ္ဋနာကာရေန၊ အက္ခရာဖြစ်ရာ လည်ချောင်းစသည်၌ တည်သော ကမ္မဇပထဝီဓာတ်ကို ထိခိုက်သော အခြင်းအရာအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတိတသ္မာ၊ ထို့ကြောင့်။ ဃဋ္ဋနတ္ထံ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်နိုင်ရခြင်းငှါ။ ဥပထမ္ဘနေန၊ ကူညီထောက်မရခြင်းဖြင့်။ ပယောဇနံ၊ အကျိုးသည်။ နတ္ထိ၊ မရှိ၊ ဣတိအယံ၊ ဤဆိုအပ်ပြီးသည်ကား။ အဓိပ္ပါယော၊ အဋ္ဌကထာဆရာ၏ အလိုတော်တည်း။ ဥပထမ္ဘနံ၊ သတ္တမဇောကြောင့်ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းငှါ ပဌမဇောစသည်ကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇပထဝီကို ထောက်မကူညီရခြင်းသည်။ နတ္ထိ၊ အဋ္ဌကထာဆရာ ဆိုသည်အတိုင်း မရှိသည်အမှန် ဟုတ်ပါလေ၏လော။ အတ္ထိ၊ ရှိသည်ပင် ဖြစ်လေသလော။ ဣတိ၊ ဤသို့။ ဝိစာ-ရေတဗ္ဗော၊ စိစစ် စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗော၊ ယူအပ်၏။

**အဓိပ္ပါယ်ကား**....ပဌမဇော အစရှိသော စိတ်ဖြင့်ပင်လျှင် ထိုစိတ်သည် ဖြစ်စေအပ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်း၏ အားရှိသည်၏ အဖြစ်ကြောင့် ထောက်ကူခြင်းနှင့်ကင်း၍ မထောက်မကူရဘဲပင် ပဌမဇောစိတ်ကြောင့် ဖြစ်သော စိတ္တဇပထဝီသည်လည်း ကမ္မဇပထဝီကို ထိခိုက်သော အခြင်းအရာအားဖြင့် ဖြစ်ရကား သတ္တမဇောကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းငှါ သတ္တမဇောကြောင့် ဖြစ်သော ပထဝီကို ပဌမဇော စသည်ကြောင့် ဖြစ်သော ပထဝီ၏ ထောက်ပံ့ကူညီသဖြင့် ကူညီခြင်းကြောင့် အကျိုးအထူးမရှိသောကြောင့် ရှေ့စိတ်ကြောင့်ဖြစ်သော ပထဝီ၏ နောက်စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်ကို ကမ္မဇပထဝီနှင့် ထိခိုက်နိုင်အောင် ကူညီရခြင်းကိစ္စ မရှိပြီ ဟူ၍ အဋ္ဌကထာဆရာ အယူတော်ရှိသည်။ ဤဝစီဝိညတ်အရာ၌ ရှေ့စိတ်ကြောင့် ဖြစ်သော စိတ္တဇပထဝီဓာတ်၏ ဥပထမ္ဘနကိစ္စမရှိဟူသည်ကို အဋ္ဌကထာဆရာ မိန့်ဆိုသည့်အတိုင်း ထိုကိစ္စမရှိသည် အမှန်ပင်တည်းဟူ၍ သန္နိဋ္ဌာန်ကျ မုချဆတ်ဆတ် ဧကန်မမှတ်လေနှင့်ဦး။ ထိုရှေ့စိတ်ကြောင့် ဖြစ်သော ပထဝီဓာတ်၏ ဥပထမ္ဘနကိစ္စသည် ရှိပါလေ၏

လော မရှိလေဘဟု ဉာဏ်ရဟာဘ်ဖြင့် ပတ်ပတ်ဖွေနှည် ကြံစည်မွေနှောက် ချင့်ထောက် စဉ်းစား စိစစ်၍ ယူအပ်သည် ဟူလို။

အနုဋီကာဆရာသည်လည်း ထိုစကားကို မနှစ်သက်သောကြောင့်ပင် မူလဋီကာဆရာ၏ အလို အဋ္ဌကထာဆရာ၏ အလိုဘို့ကို ပြ၍ အလုံးစုံကို စူးစမ်းဆင်ခြင်၍ ယူရမည် အကြောင်းကို—

သတ္တဇဝနာနိ သတ္တက္ခရာနိ နိဗ္ဗတ္တာပေန္တီတိ ဝါဒံ ပဋိပက္ခိပိတွာ ဧက-ဇဝနဝါရပရိယာပန္နာနိ စိတ္တာနိ ဧကမက္ခရံ နိဗ္ဗတ္တေန္တီတိ ဝဒန္တိ။ ကိဉ္စာပိ ပဌမစိတ္တေနာပိ ဃဋ္ဋနာ နိပ္ဖဇ္ဇတိ။ ဧကဿေဝ ပန ဗဟုသော ပဝတ္တနေန အတ္ထိ ကောစိ ဝိသေသောတိ ပုရိမဇဝနသမုဋ္ဌိတာဟိ ပဋိလဒ္ဓါသေဝနေန သတ္တမဇဝနေန သမုဋ္ဌိတာ ဃဋ္ဋနာပရိဗျတ္တက္ခရံ နိဗ္ဗတ္တေတီတိ ဥပထမ္ဘနံ နတ္ထီတိ န သက္ကာ ဝတ္တုံ။ လဒ္ဓါဘိသင်္ခါရေန ပန ပဌမစိတ္တေနာပိ ဃဋ္ဋနာ ဗလဝတိ ဟောတီတိ အဋ္ဌကထာယံ ဥပထမ္ဘနကိစ္စံ နတ္ထီတိ သိယာ။ သဗ္ဗမေတံ ဝိမံသိတွာ ဂဟေတဗ္ဗံ—ဟု ပြဆိုတော်မူသည်။ (အနုဋီကာ ပဌမတွဲ ၇၂-၇၃)

သတ္တဇဝနာနိ၊ တခုသော မနောဒွါရိက ဝီထိ၌ ဖြစ်ကုန်သော ဇောခုနစ်ခုတို့သည်။ သတ္တက္ခရာနိ၊ ခုနစ်လုံးသော အက္ခရာတို့ကို။ နိဗ္ဗတ္တာပေန္တိ၊ ဖြစ်စေကုန်၏။ ဣတိဝါဒံ၊ ဤသို့ အယူရှိသော အဋ္ဌကထာဆရာ၏ အယူဝါဒကို။ ပဋိက္ခိပိတွာ၊ ပယ်၍။ ဧကဇဝနဝါရပရိယာပန္နာနိ၊ တခုသော မနောဒွါရိက ဇောဝါရ၌ အကျုံးဝင်ကုန်သော။ စိတ္တာနိ၊ ခုနစ်ခုသော ဇောစိတ်တို့သည်။ ဧကမက္ခရံ၊ တခုတည်းသော အက္ခရာကို။ နိဗ္ဗတ္တေန္တိ၊ ဖြစ်စေကုန်၏။ ဣတိ၊ ဤသို့။ ဝဒန္တိ၊ မူလဋီကာဆရာတို့ ဆိုကုန်၏။ ပဌမစိတ္တေနာပိ၊ ပဌမဇော စိတ်ဖြင့်လည်း။ ဃဋ္ဋနာ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းသည်။ ကိဉ္စာပိနိပ္ဖဇ္ဇတိ၊ အကယ်၍ကား ဖြစ်၏ရှင့်။ ပန တထာပိ၊ ထိုသို့ပင် ဖြစ်သော်လည်း။ ဧကဿေဝ၊ တခုတည်းသော အက္ခရာ၏သာလျှင်။ ဗဟုသော၊ များစွာသော ထိခိုက်ခြင်းကြောင့်။ ပဝတ္တနေန၊ ဖြစ်သဖြင့်။ ကောစိဝိသေသော၊ တစုံတခုသော အကျိုးထူးသည်။ အတ္ထိ၊ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ ပုရိမဇဝနသမုဋ္ဌိတာဟိ၊ ရှေ့ဇောခြောက်ခုဘို့ကြောင့် ဖြစ်ကုန်သော။ ဃဋ္ဋနာဟိ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းတို့ဖြင့်။ ပဋိလဒ္ဓါသေဝနေန၊ ရအပ်သော အာသေဝနရှိသော။ သတ္တမဇဝနေန၊ သတ္တမဇောဖြင့်။ သမုဋ္ဌိတာ၊

ဖြစ်သော။ဃဋ္ဋနာ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းသည်။ပရိဗျတ္တံ၊ ပီပြင်သိသာထင်ရှားသော။ အက္ခရံ၊ ကို။ နိဗ္ဗတ္တေတိ၊ဖြစ်စေ၏။ဣတိတသ္မာ၊ ထို့ကြောင့် ရွှေဇောတို့ကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းတို့မှ ရအပ်သော အာသေဝနပစ္စည်းရှိသော သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်း၏ ပီပြင်သိသာ ထင်ရှားစွာသော အက္ခရာကို ဖြစ်စေနိုင်သည်၏ အဖြစ်ကြောင့်။ ဥပထမ္ဘနံ၊ ရွှေဇောကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်း၏ သတ္တမဇောကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းအား ထောက်ပံ့ကူညီခြင်းသည်။နတ္ထိ၊မရှိ။ ဣတိ၊ သို့။ ဝတ္တုံ၊ ဆိုခြင်းငှါ။ နသက္ကာ၊ မတတ်ကောင်း။ သင်္ဂဟကာရေနပန၊ အဋ္ဌကထာဆရာမူကား။ လဒ္ဓါဘိသင်္ခါရေန၊ ရအပ်သော အဘိသင်္ခါရ ရှိသော။ ပဌမစိတ္တေနာပိ၊ ပဌမဇောစိတ်ကြောင့်လည်း။ ဃဋ္ဋနာ၊ စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းသည်။ ဗလဝတိ၊ အားရှိသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ နှလုံးပြု၍။ ဥပထမ္ဘနကိစ္စံ နတ္ထီတိ၊ ဟူ၍။ အဋ္ဌကထာယံ၊ ၌။ ဝုတ္တံ၊ ဆိုတော်မူအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ ဧတံသဗ္ဗံ၊ ဤအလုံးစုံကို။ ဝိမံသိတ္ဗာ၊ စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗံ၊ ယူအပ်၏။

**အဓိပ္ပါယ်ကား**....တခုသော မနောဒွါရိက ဇောဝါရ၌ အကျုံးဝင်ကုန်သော ဇောခုနစ်ခုတို့သည် ခုနစ်လုံးသော အက္ခရာတို့ကို ဖြစ်စေကုန်၏ ဟု အဋ္ဌကထာ ဆရာ အယူဘော်ရှိသည် မှတ်ထင်၍ ထိုအယူဝါဒကို ပယ်၍ တခုသော မနောဒွါရိက ဇောဝါရ၌ အကျုံးဝင်ကုန်သော ခုနစ်ခုသော ဇောစိတ်တို့သည် တခုဘည်းသော အက္ခရာကိုသာ ဖြစ်စေကုန်၏ဟု မူလဋီကာဆရာ ဆိုတော်မူသည်။ သတ္တမဇောစိတ်ဖြင့်သာ ထိုသတ္တမဇောကြောင့်ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီနှင့် ထိခိုက်ခြင်း ဖြစ်သည်မဟုတ်၊ ပဌမဇောစိတ်ဖြင့်လည်း ထိုပဌမဇောစိတ်ကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီနှင့် ထိခိုက်ခြင်း ဖြစ်သည်ပင် ဖြစ်သော်လည်း တခုတည်းသော အက္ခရာ၏ များစွာသော ထိခိုက်ခြင်းကြောင့် ဖြစ်သဖြင့် အကျိုးထူး ရှိသောကြောင့် ရွှေဇော ၆-ခုတို့ကြောင့်ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းတို့မှ ရအပ်သော အာသေဝနရှိသော သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းသည် ပီပြင် သိသာ ထင်ရှားသော အက္ခရာကို ဖြစ်စေတတ်ရကား ရွှေဇော၆-ခုတို့ကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီ

ကို ထိခိုက်ခြင်း၏ သတ္တမဇောကြောင့် ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇ ပထဝီကို ထိခိုက်ခြင်းအား ထောက်ကူခြင်းသည် မရှိဟူ၍ ဆိုခြင်းငှါ မတတ်ကောင်းရာသောကြောင့် "ဥပထမ္ဘနကိစ္စံ နတ္ထိ" ဟူသော အဋ္ဌကထာစကားကို စုံစမ်း ဆင်ခြင်၍ ယူရမည်ဟု မူလဋီကာဆရာ ဆိုတော်မူသည်။ အဋ္ဌ-ကထာဆရာမူကား သတ္တမဇောကြောင့်ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီနှင့် ထိခိုက်ခြင်းသည် ရှေးဇောတို့ကြောင့်ဖြစ်သော စိတ္တဇပထဝီ၏ ကမ္မဇပထဝီနှင့် ထိခိုက်ခြင်းတို့ဖြင့် ထောက်ကူမှသာ အားရှိသည်မဟုတ်၊ မိမိသဘောအလျောက်ပင် အားရှိသည်။ သတ္တမဇောကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းကို ထားဘိဦး၊ ရအပ်သော အဘိသင်္ခါရရှိသော ပဉ္စမဇောစိတ်ဖြင့်လည်း ထိုပဉ္စမဇောစိတ်ကြောင့် ဖြစ်သော ပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းသည် အားရှိသည်သာ ဖြစ်ရကား "ဥပထမ္ဘနကိစ္စံ နတ္ထိ" ဟူသော စကားကို အဋ္ဌကထာ၌ ဆိုတော်မူအပ်သည် ဖြစ်ရာသည် ဖြစ်၍ ထိုအလုံးစုံကိုပင် စုံစမ်းဆင်ခြင်၍ ယူအပ်သည် ဟူလို။

စိတ္တဇပထဝီ၏ ကမ္မဇပထဝီကို ထိခိုက်ခြင်းဝိညတ်နှင့် ကင်း၍ဖြစ်သော သောတဒွါရိကစိတ်ဖြင့် မကြားမသိအပ်သော ဝိတက္ကဝိပ္ဖါရသဒ္ဒမည်သည် မရှိကောင်း ဟု အဋ္ဌသာလိနီ အဋ္ဌကထာ၌ ဆိုတော်မူ၏။

အဘယ်ကြောင့် သောတဒွါရိက စိတ်ဖြင့် မကြား မသိအပ်သော ဝိတက္ကဝိပ္ဖါရသဒ္ဒမရှိသနည်း၊ ရှေး အဘိဓမ္မာ မဟာအဋ္ဌကထာ၌ ဤစကားကိုဆိုအံ့ စသည်ဖြင့် ကြံသောသူတို့အား သောတဒွါရိကဝီထိဖြင့် မကြားမသိအပ်သော မနောဒွါရိကဝီထိဖြင့်သာ သိအပ်သော ဝိတက္ကဝိပ္ဖါရသဒ္ဒမည်သည် ဖြစ်ကြောင်းကို ပြဆိုလာရှိသည် မဟုတ်လော ဟူမူ၊ လာရှိသည် ဟုတ်ပေ၏၊ ထိုသို့ပင် လာရှိသော်လည်း ရှေးအဘို့၌ တစုံတခုကို ကြံစည်၍ အိပ်ခြင်း စသည်ကို ပြုသော အိပ်ပျော်ကုန် မေ့လျော့ကုန်စဉ် ယောင်ယမ်းမြည်တမ်း မြွက်ဆိုသော သူတို့၏ ဝိတက်ဖွံ့သည်၏ အစွမ်းဖြင့် ဖြစ်သော အသံကို ကြား၍ ထိုကြားအပ်သော ဝိတက္ကဝိပ္ဖါရသဒ္ဒဖြင့် သင်၏ စိတ်သည် ထိုသို့ အကြံဖြစ်၏ စသည်ဖြင့် ထိုသူ၏ စိတ်အကြံကို ပြောဆိုညွှန်ကြားနိုင်ကြောင်းကို သုတ္တန်အဋ္ဌကထာတို့၌ မိန့်ဆိုသောကြောင့်၎င်း, စိတ်လျှင် ဖြစ်ကြောင်းရှိသော သဒ္ဒါယတနသည် သောတဝိညာဏ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို—

စိတ္တသမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော—

ဟူ၍ ပဋ္ဌာန်းပါဠိတော်၌ ဟောကြား လာရှိသောကြောင့်ရင်း သောတဒွါရိက ဝီထိဖြင့် မကြား မသိအပ်သော ဝိတက္ကဝိပ္ဖါရသဒ္ဒမည်သည် မရှိကောင်း ဟူလေ။

## ဝိညတ်ဒွေ၏ ဥပါဒါရုပ်မည်ပုံ

စိတ္တဇဝါယောဓာတ်၏ အခြင်းအရာ အထူးသည် ကာယဝိညတ်, စိတ္တဇ ပထဝီဓာတ်၏ အခြင်းအရာအထူးသည် ဝစီဝိညတ် မည်သည် ဟူ၏။ ယင်းသို့ ဝါယောဓာတ်၏သာ ဝိကာရသည် ကာယဝိညတ်, ပထဝီဓာတ်၏ သာ ဝိကာရ သည် ဝစီဝိညတ်ဟူခဲ့သော် မဟာဘုတ် ၄-ပါးတို့ကို မှီ၍ဖြစ်သော ရုပ်တို့သာ ဥပါဒါရုပ် မည်ကြောင်းကို "စတုန္နံ မဟာဘူတာနံ ဥပါဒါယရူပံ"ဟု ဟော တော်မူသောကြောင့် တခုသော မဟာဘုတ်ကို မှီ၍ဖြစ်သော ဥပါဒါရုပ် မည်သည် မရှိရကား၊ ထိုဝိညတ်ရုပ် နှစ်ခု၏ ဥပါဒါရုပ် အဖြစ်သည် မဖြစ်ရာ တကား ဟူငြားအံ့၊ ပုဂ္ဂိုလ် ၄-ယောက်နှင့် ဆက်ဆံသော ၄-ယောက်ပိုင် စဘုသန္တကဥစ္စာပစ္စည်းသည် ထို ၄-ယောက်တို့တွင် တယောက်၏ ပစ္စည်း လည်း ဖြစ်သကဲ့သို့ မဟာဘုတ် ၄-ပါးတို့၏ ဝိကာရသည် ထိုမဟာဘုတ် ၄-ပါးတို့ဘွင် တပါး၏ ဝိကာရလည်း ဖြစ်ရကား ဝါယောဓာတ် လွန်ကဲခြင်း ရှိသော စိတ္တဇကလာပ်၌ ဘုတ် ၄-ပါး၏ ဝိကာရကို ဝါယောဓာတ်၏ ဝိကာရ, ပထဝီဓာတ် လွန်ကဲခြင်း ရှိသော စိတ္တဇကလာပ်၌ ဘုတ် ၄-ပါး၏ ဝိကာရကို ပထဝီဓာတ်၏ ဝိကာရဟူ၍ပင် ဆိုသင့်သောကြောင့် ဝိညတ်ရုပ် နှစ်ခု၏ ဥပါဒါရုပ် အဖြစ် ဥပါဒါရုပ် ဟူသော အမည်သည် ဖြစ်ပါ၏ ဟူလေ။

---

## ဝိကာရရုပ် ၅-ပါး

### ရူပဿလဟုတာ၏ သဘောလက္ခဏာ

တစုံတခုသော အနာရောဂါမရှိ ပကတိ ချမ်းသာ ကျန်းမာသောသူ၏ လေးလံခြင်း ကင်းသဖြင့် ကိုယ်လက်ပေါ့ပါးခြင်းကဲ့သို့ ဥတု, စိတ်, အာဟာရ ၏ အစွမ်းဖြင့် ၃-ပါးသော အကြောင်းကြောင့် ဖြစ်သော မဟာဘုတ် ဟူ သော ရုပ်ဘို့၏၊ ဝါ-စိတ်, ဥတု, အာဟာရ၏ အစွမ်းဖြင့် ၃-ပါးသော

အကြောင်းကြောင့်ဖြစ်သော တေသမုဋ္ဌာနိက နိပ္ဖန္နရုပ်တို့၏ မလေးလံသည် ပေါ့ပါးသည်၏ အဖြစ်ဟူသော ရုပ်သည် ရူပဿလဟုတာမည်၏။ ထိုရူပဿ-လဟုတာသည် နိပ္ဖန္နရုပ်တို့၏ မလေးလံသည်၏ အဖြစ်ဟူသော လက္ခဏာရှိ၏၊ နိပ္ဖန္နရုပ်တို့၏ လေးလံသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ ပေါ့လျင်သော ဖြစ်ခြင်းရှိသည်၏ အဖြစ်လျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ပေါ့ပါးသော တေသမုဋ္ဌာနိကနိပ္ဖန္နရုပ်လျှင် နီးစွာသော အကြောင်းပဒဋ္ဌာန် ရှိ၏။

## ရူပဿမုဒုတာ၏ သဘောလက္ခဏာ

ထက်ဝန်းကျင် အားဖြင့် အပြန်အနှံ့ အထပ်ထပ် အခါခါ ကောင်းစွာ နယ်အပ်သော သားရေ၏ ခက်မာခြင်း မရှိသည်၏ အဖြစ်ကဲ့သို့ တေသမုဋ္ဌာနိက နိပ္ဖန္န ရုပ်တို့၏ ခက်မာခြင်း မရှိသည်၏ အဖြစ်, နူးညံ့ ပြော့ပျောင်းသည်၏ အဖြစ်သည် ရူပဿမုဒုတာ မည်၏။ ထိုရူပဿမုဒုတာသည် နိပ္ဖန္နရုပ်တို့၏ မခက်မာသည်၏ အဖြစ်တည်းဟူသော လက္ခဏာ ရှိ၏၊ တေသမုဋ္ဌာနိက နိပ္ဖန္နရုပ်တို့၏ ခက်ထန်ခိုင်မာသည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စရှိ၏၊ အသုံးစုံ ပြုအပ်သော အမှုဟူသမျှတို့၌ မဆန့်ကျင်သည်၏ အဖြစ်ဖြင့် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှုထင်ခြင်း ပစ္စုပဋ္ဌာန်ရှိ၏၊ ပြော့ပျောင်း နူးညံ့သော တေသမုဋ္ဌာနိကနိပ္ဖန္နရုပ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

## ရူပဿကမ္မညတာ၏ သဘောလက္ခဏာ

ကောင်းစွာ လှော်ပြီးသော ရွှေ၏ ပုတီးနားဒောင်း စသော ထိုထို တန်ဆာအထူးကို ပြုလုပ်ခြင်း၌ လျော်သည်၏ အဖြစ်ကဲ့သို့ ကိုယ်ဖြင့်ပြုအပ်သော အမှုခပ်သိမ်းတို့အား လျော်သည်၏ အဖြစ်သည် ရူပဿကမ္မညတာမည်၏။ ထို ရူပဿ ကမ္မညတာသည် ကိုယ်ဖြင့် ပြုအပ်သော အမှုခပ်သိမ်းတို့အား လျော်ခြင်းဟူသော အမှု၌ ကောင်းသည်၏ အဖြစ်ဟူသော လက္ခဏာ ရှိ၏၊ အမှု၌ မကောင်း မတော် မလျော် မခန့်သည်၏ အဖြစ်ကို ပယ်ဖျောက်ခြင်း ကိစ္စ ရှိ၏၊ ခပ်သိမ်းသော အမှုကို ပြုခြင်း၌ အားနည်း လျော့သည်မှ ကင်းခြင်း သဘောလျှင် ယောဂီပုဂ္ဂိုလ်၏ ဉာဏ်အား ရှေးရှု ထင်ခြင်း ပစ္စုပဋ္ဌာန် ရှိ၏၊

အမှုကို ပြုလုပ်ခြင်းအား ခံ့လျော်သော ရုပ်လျှင် နီးစွာသော အကြောင်း ပဒဋ္ဌာန် ရှိ၏။

### ဝိကာရရုပ် ၃-ပါးအထူး

ဤရုပ် ၃-ခုသည် တပါးကို တပါး စွန့်ခွါ ချန်ထား၍ တပါးချင်း နှစ်ပါးချင်းဖြစ်သော မည်သည် မရှိ[၁]၊ တခုတည်းသော ရုပ်ကလာပ်၌ မကွေ မကွာ အတူတကွသာ ဖြစ်၏။ ယင်းသို့ တခုတည်းသော ကလာပ်၌ အတူတကွသာ ဖြစ်ခဲ့သော် ထိုရုပ် ၃-ပါးတို့၏ အထူးကို သိနိုင်ခဲရာ၏။ အဘယ်သို့ ထူးကြသနည်းဟူမူ ရုပ်တို့၏ လေးလံ ထိုင်းမှိုင်းသည်၏ အဖြစ်ကိုပြုတတ်သော လေ, သည်းခြေ, သလိပ် စသည် ပျက်ခြင်း ဟူသော ပထဝီစသော ဓာတ် ၄-ပါးတို့၏ ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သင့်တင့် လျောက်ပတ်သော ဥတု, အာဟာရစသော အကြောင်းသို့ကြောင့်ဖြစ်သော စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူသော တေသမုဋ္ဌာနိက ရုပ်သို့၏ အခြင်းအရာ အထူးသည် ရူပဿလဟုတာ၊ ရုပ်ဘို့၏ ခက်မာ တောင့်တင်းသည်၏ အဖြစ်ကို ပြုတတ်သော လေပျက်ခြင်း အစရှိသော ဓာတ် ၄-ပါးသို့၏ ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော ဥတုသပ္ပါယ စသော အကြောင်းလျှင် ဖြစ်ကြောင်း ရှိသော တေသမုဋ္ဌာနိက နိပ္ဖန္နရုပ်တို့၏ အခြင်းအရာ အထူးသည် ရူပဿမုဒုတာ၊ ရုပ်ဘို့၏ ထိုထို ပြုအပ်သော အမှုတို့၌ မကောင်း မတော် မလျော်သည်၏ အဖြစ်ကို ပြုတတ်သော လေပျက်ခြင်း အစရှိသော ဓာတ် ၄-ပါး ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပါယဥတု စသော အကြောင်းကြောင့် ဖြစ်သော တေသမုဋ္ဌာနိကရုပ်တို့၏ အခြင်းအရာ အထူးကား ရူပဿကမ္မညတာ၊ ဤသို့ ထူးသည် ဟူလေ။

ရုပ်ဘို့၏ လေးလံသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပါယ အကြောင်းကြောင့် ဖြစ်သော တေသမုဋ္ဌာနိကရုပ်ကလာပ်၌ လဟုတာ အဓိကဖြစ်၍ မုဒုတာ ကမ္မညတာတို့ မန္ဒဖြစ်ကုန်၏။ ရုပ်ဘို့၏ ခက်မာသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက်ဖြစ်သော သပ္ပါယ ဥတုစသော အကြောင်းကြောင့် ဖြစ်သော ရုပ်ကလာပ်၌ မုဒုတာ အဓိက၊ ကြွင်း နှစ်ပါး

---

၁-တော ပန တိဿော န အညမညံ ဝိဇဟန္တိ။ အဋ္ဌသာလိနီ (၃၆၂)

မန္ဒ ဖြစ်၏။ ရုပ်ဘို့၏ အမှု၌ မခံ့သည်၏ အဖြစ်ကို ပြုတတ်သော ဓာတ် ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော သပ္ပါယ ဥတု စသော အကြောင်းကြောင့် ဖြစ်သော ရုပ်ကလာပ်၌ ကမ္မညတာသည် အဓိက၊ ကြွင်း နှစ်ပါး မန္ဒ ဖြစ်၏။ ဤသို့ ထိုထို အခြင်း အရာ လွန်ကဲခြင်း ရှိသော ရုပ်ဘို့ဖြင့် ထို ရုပ်တို့၏ အခြင်းအရာအထူး ဖြစ်သော ရူပဿလဟုတာ စသော ၃-ပါးတို့၏ အထူးကို ပြဆိုအပ်သည်။

ဤရုပ် ၃-ခုဘို့သည် ပေါ့ပါးသည်၏ အဖြစ် စသော အမှုကို ပြုခြင်းငှါ မစွမ်းနိုင်ကုန်၊ အာဟာရ, ဥတု, စိတ်တို့သာ ထို အမှုကို ပြုနိုင်ကုန်သည်၊ ထိုကြောင့် ယနေ့ လျောက်ပတ်သော ဘောဇဉ်ကို ငါရသောကြောင့် ငါတို့ ကိုယ် ပေါ့ပါးပေသည်၊ ပြေ့ပျောင်းပေသည်၊ အမှု၌ ခံ့ပေသည်၊ ယနေ့ လျောက်ပတ်သော ဥတုကို ရ၍ စိတ်တည်ကြည်၍ ငါ့တို့ကိုယ် ပေါ့ပါးပေ သည် စသည်ဖြင့် ယောဂီ ပုဂ္ဂိုလ်တို့ ပြောဆိုတတ်ကုန်သည်။ ဤရုပ် ၃-ခု ဝိညတ်ရုပ် ၂-ခုအားဖြင့် ငါးပါးသော ရုပ်တို့သည် ဝိကာရရုပ် မည်ကုန်သည်။ အဘယ်ကြောင့် ဝိကာရ မည်သနည်းဟူမူ....ထို ၅-ပါးတို့တွင် ကာယဝိညတ် သည် စိတ္တဇဝါယောဓာတ်၏ အခြင်းအရာအဖြစ် ထူးသောကြောင့် ဝစီ ဝိညတ်သည် စိတ္တဇပထဝီဓာတ်၏ အခြင်းအရာ အထူးဖြစ်၍ လဟုတာ, မုဒု- တာ, ကမ္မညတာ တို့မူကား စိတ္တဇ, ဥတုဇ, အာဟာရဇ ဖြစ်သော မဟာ ဘုတ် ၄-ပါးတို့၏၊ ဝါ-တေသမုဋ္ဌာနိက နိပ္ဖန္နရုပ်တို့၏ အခြင်းအရာ အထူး ဖြစ်၍ ဝိကာရ မည်ကုန်သည် ဟူလေ။

---

## လက္ခဏာရုပ် ၄-ပါး

### ဥပစယနှင့်သန္တတိ သဘောလက္ခဏာ

ပြည့်စုံသော ဣန္ဒြေရှိသော အဏ္ဍဇ ဇလာဗုဇ ဟူသော ဂဗ္ဘသေယျက ပုဂ္ဂိုလ်ဘို့အား ပဋိသန္ဓေ စွဲနေသော နေ့မှစ၍ အစစွာသော ဇီဝိဒသက ကလာပ်ဖြစ်သော နေ့တိုင်အောင်၊အဋ္ဌကထာအလိုအားဖြင့် ၆၄-ရက်အတွင်း၊ မူလဋီကာ အလိုအားဖြင့် ၄၂-ရက် အတွင်း ရှေးဦး အစစွာဖြစ်သော ကာယ, ဘာဝ, ဝတ္ထု, စက္ခု, သောတ, ဃာန, ဇီဝိဒသကဟူသော ကမ္မဇကလာပ် ၇-စည်းဘို့၏ ဥပါဒ်ခဏသည် ဥပစယမည်၏။ ထိုရှေးဦးအစစွာ ဖြစ်ပြီး

နောက် နှစ်ခုမြောက်သော ကလာပ်မှစ၍ တခုသော ဘဝကာလပတ်လုံး ဖြစ်သမျှသော ကမ္မဇကလာပ် ၇-စည်းတို့၏ ဥပါဒ်ခဏသည် သန္တတိ မည်၏။ သံသေဒဇ ဥပပါတ်တို့အား ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သမျှသော ရုပ်တို့၏ ဥပါဒ်ခဏသည် ဥပစယ၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ တခုသော ဘဝ ကာလပတ်လုံး ဖြစ်သမျှသောရုပ်တို့၏ ဥပါဒ်ခဏသည် သန္တတိ မည်၏။

ဤကား—

ပဋိသန္ဓိတော ပဋ္ဌာယ ယာဝ စက္ခာဒိဒသကာနံ ဥပ္ပတ္တိ။ တွေ့တ္တရေ ရူပုပ္ပါဒေါ ဥပစယော နာမ။ တတော ပရံ သန္တတိ နာမ—

ဟူသော **ဋီကာကျော် (၂၇၂)**။

တွေ့တ္တရေတိ တေသမ္ပိ ပဋိသန္ဓိဥပ္ပါဒက္ခဏံ အာဒိံ ကတွာ ဂဏိယမာနေ စတုသဋ္ဌိအဟောရတ္တေ ဒွိနဝုတိအဟောရတ္တေ ဝါ ကာလေ—

ဟူသော **မဏိမဉ္ဇူ**ဆရာဘို့ အလို။

ပဋိသန္ဓိတော၊ ပဋိသန္ဓေ စွဲနေသည်မှ။ ပဋ္ဌာယ၊ စ၍။ ယာဝ၊ အကြင်မျှလောက်။ စက္ခာဒိဒသကာနံ၊ စက္ခုဒသက အစရှိသော ကမ္မဇကလာပ် လေးစည်းတို့၏။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းသည်။ ဝါ၊ စ၍ ဖြစ်ရာကာလသည်။ အတ္ထိ၊ ရှိ၏။ တွေ့တ္တရေ၊ ဤ ပဋိသန္ဓေ၏ ဥပါဒ်ခဏ ကာလကို အစပြု၍ ရေတွက်သော် အစစွာသော ဇိဝှါဒသကဖြစ်သော နေ့တိုင်အောင် အဋ္ဌကထာ အလိုအားဖြင့် ရက်ပေါင်း ခြောက်ဆယ့်လေးရက် အတွင်း၊ မူလဋီကာ အလိုအားဖြင့် ရက်ပေါင်း ကိုးဆယ့်နှစ်ရက်အတွင်း ဖြစ်သော ကာလ၌။ ရူပုပ္ပါဒေါ၊ ကာယ, ဘာဝ,ဝတ္ထု, စက္ခု, သောတ, ဃာန, ဇိဝှါဒသကဟူသော ကမ္မဇကလာပ် ရုပ်တို့၏ ရှေးဦး အစစွာဖြစ်ခြင်း ဥပါဒ်သည်။ ဥပစယော-နာမ၊ ဥပစယမည်၏။ ဘတော၊ ထိုအစစွာဖြစ်သော ကမ္မဇကလာပ် ခုနစ်စည်းတို့၏ ဥပါဒ်မှ။ ပရံ၊ နှစ်ကြိမ်မြောက်ဖြစ်သော ကမ္မဇကလာပ်မှစ၍ တခုသော ဘဝ ကာလပဘ်သုံး နောက်ကာလ ဖြစ်သမျှသော ကမ္မဇက လာပ်တို့၏ ဥပါဒ်ခဏသည်။ သန္တတိနာမ၊ သန္တတိ မည်၏။

တွေ့တ္တရေတိ၊ တွေ့တ္တရေ ဟူသည်ကား။ ပဋိသန္ဓိဥပ္ပါဒက္ခဏံ၊ ပဋိသန္ဓေ၏ ဥပါဒ်ခဏကို။ အာဒိံကတွာ၊ အဦးအစပြု၍။ ဂဏိယမာနေ၊ ရေတွက်အပ်သည်ရှိသော်။ စတုသဋ္ဌိအဟောရတ္တေ၊ အဋ္ဌကထာ အလိုအားဖြင့်

ခြောက်ဆယ့်လေးရက်ဟု ဆိုအပ်သော။ ဝါ၊ ကား။ ဒွိနဝုတိအဟာသံ ါတော၊ မူလဋီကာအလိုအားဖြင့် ကိုးဆယ့်နှစ်ရက်ဟု ဆိုအပ်သော။ တေသံ ကာလေ၊ ထိုကာလ၌ ဟုပေး။

## အာစယ, ဥပစယ, သန္တတိ အထူး

**အဋ္ဌသာလိနီ အဋ္ဌကထာ(၃၆၃)၌ကား....** မြစ်ကမ်း၏ အနီးဝယ် တူးအပ်သော ရေတွင်း၌ ရေထွက်စ ကာလကဲ့သို့ ရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်းကို အာစယ၊ တရွေရွေ ရေထွက်၍ တွင်းပြည့်သည် တိုင်အောင်သော ကာလ ကဲ့သို့ ရုပ်တို့၏ အခါခါ ဖြစ်ပွါးခြင်းကို ဥပစယ၊ ရေတွင်းကို ပြည့်လျှံ လွှမ်းမိုး၍ ရေစီးသွားသော ကာလကဲ့သို့ ရုပ်တို့၏ ပိုမိုဝိုးပွါးမရှိ တည်ခြင်း ကို သန္တတိဟူ၍ သိအပ်ကြောင်းကို—

> နဒီတီရေ ခတကူပသ္မိံ ဟိ ဥဒကုဂ္ဂမနကာလော ဝိယ အာစယော နိဗ္ဗတ္တိ၊ ပရိပုဏ္ဏကာလော ဝိယ ဥပစယော ဝဍ္ဎိ၊ အဇ္ဈောတ္ထရိတွာ ဂမနကာလော ဝိယ သန္တတိ ပဝတ္တိဝိ ဝေဒိတဗ္ဗာ—

ဟုပြဆိုတော်မူ၏။

ဟိ၊ အာစယ, ဥပစယ, သန္တတိ သုံးပါးတို့၏ အထူးကို ပြဦးအံ့။ နဒီတီ-ရေ၊ မြစ်ကမ်း၏ အနီး၌။ ခတကူပသ္မိံ၊ တူးအပ်သောရေတွင်း၌။ ဥဒကုဂ္ဂမန-ကာလောဝိယ၊ ရှေးဦးစွာ ရေထွက်စ ကာလကဲ့သို့။ နိဗ္ဗတ္တိ၊ တခုသော ဘဝဝယ် မိမိဘို့ ဖြစ်သင့် ဖြစ်ထိုက်သော ကာလ၌ ရှေးဦးအစစွာ ဖြစ်သော ကလာပ်ရုပ် တို့၏ ဖြစ်ခြင်း ဥပါဒ်ကို။ အာစယော၊ အာစယဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ ပရိပုဏ္ဏကာလောဝိယ၊ တရွေတရွေ ရေထွက်သဖြင့် တိုးတက်၍ တွင်းပြည့် သည် တိုင်အောင်သော ကာလကဲ့သို့။ ဝဍ္ဎိ၊ ပဌမကလာပ်နောင် နှစ်စည်း, သုံးစည်း စသည်ဖြင့် အစဉ်အတိုင်း တိုးပွါး၍ ငါးဆယ့်တစည်း တိုင်အောင် ဖြစ်သော ကလာပ်ရုပ်တို့၏ ငါးဆယ်သော ဥပါဒ်ဟူသော အခါခါ တိုးပွါးခြင်း ကို။ ဥပစယော၊ ဟူ၍။ ဝေဒိတဗ္ဗော၊ ၏။ အဇ္ဈောတ္ထရိတွာ၊ အောက်က ရေထွက်မြဲ ထွက်သော်လည်း တွင်းပမာဏထက် ပိုလွှန်၍ တည်ရန်မရှိသဖြင့် တွင်းနှုတ်ခမ်းကို လွှမ်းမိုး၍။ ဂမနကာလောဝိယ၊ ရေစီးဆင်းသွားသော ကာလကဲ့သို့။ ပဝတ္တိ၊ ငါးဆယ့်နှစ်စည်းမြောက် တဆယ့်ရှစ်စည်းမြောက်မှစ၍ တခုသော ဘဝကာလပတ်လုံး ခဏတိုင်း ခဏတိုင်း ရုပ်ကလာပ် များစွာ

အခါခါ ဖြစ်သော်လည်း စိတ္တက္ခဏတဆယ့်ခုနစ်ချက် ခဏငယ် ၅၁-ချက် အသက်ကာလ စေ့သဖြင့် ရှေးရှေးကလာပ်ရုပ် ချုပ်သောကြောင့် ငါးဆယ့် တစည်း တဆယ့်ခုနစ်စည်းထက် ပိုမိုမရှိသော ကလာပ်ရုပ်တို့၏ ဖွဲ့စည်း တန့်ရပ်သကဲ့သို့ ဖြစ်သော ဥပါဒ်ခဏကို။ သန္တတိတိ၊ သန္တတိ ဟူ၍။ ဝေဒိ- တဗ္ဗာ၊ ၏။ ဥပစယကို အာစယ ဥပစယ-ဟု နှစ်ပါးပြတော်မူသည်။

ဤအဋ္ဌကထာ အလိုသော် ဂဗ္ဘသေယျက တို့အား ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ရှေးဦးစွာသော ကာယဒသက, ဘာဝဒသက, ဝတ္ထု- ဒသကရုပ်တို့၏ ဥပါဒ်ခဏသည် အာစယ မည်၏၊ ပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ပဋိသန္ဓေနောင် တဆယ့်ခြောက်ချက် မြောက်သော ဘဝင်စိတ်၏ ဘင်္ဂက္ခဏ တိုင်အောင် ခဏငယ် ၅၀-တို့နှင့် ပြိုင်၍ ဖြစ်သော ကာယဒသက ၅၀၊ ဘာဝ- ဒသက ၅၀၊ ဝတ္ထုဒသက ကလာပ် ၅၀-တို့၏ ဥပါဒ်ခဏသည် ဥပစယ၊ ပဋိသန္ဓေ နောင် ၁၇-ချက်မြောက်သော ဘဝင်စိတ်၏ ဥပါဒ်ခဏနှင့် ပြိုင်၍ ဖြစ်သော ၅၂-ကြိမ်မြောက်ဖြစ်သော ကလာပ်မှစ၍ တခုသော ဘဝကာလ ပတ်လုံး ဖြစ်သမျှသော ထိုကာယ, ဘာဝ, ဝတ္ထုဒသကကလာပ်တို့၏ ဥပါဒ် ခဏသည် သန္တတိ မည်၏။ မိမိဖြစ်ထိုက်သော သတ္တာဟ၏ အစကာလ၌ ရှေးဦးစွာဖြစ်သော စက္ခုဒသကကလာပ်ရုပ်၏ ဥပါဒ်ခဏသည် အာစယ၊ ထိုပဌမစက္ခုဒသက ဖြစ်ရာ စိတ်ခဏငယ် ကာလ၏ အခြားမဲ့သော ခဏငယ် ကာလ၌ဖြစ်သော နှစ်ခုမြောက် စက္ခုဒသကမှစ၍ ၅၁-ခုမြောက် စက္ခုဒ- သက တိုင်အောင် စက္ခုဒသကကလာပ် ၅၀-တို့၏ ဥပါဒ်ခဏသည် ဥပစယ၊ ၅၂-ကြိမ်မြောက်ဖြစ်သော စက္ခုဒသကမှစ၍ တခုသော ဘဝကာလပတ်လုံး ဖြစ်သမျှသော စက္ခုဒသက ကလာပ်တို့၏ ဥပါဒ် ခဏသည် သန္တတိ မည်၏။

(သောတဒသကကလာပ်, ဃာနဒသကကလာပ်, ဇိဝှါဒသကကလာပ်တို့၏ ဥပါဒ်ခဏ၏ အာစယ, ဥပစယ, သန္တတိ မည်ရာ၌လည်း ဤနည်းကိုမှီ၍ သိလေ။)

ဤသို့ ယူရမည်ကဲ့သို့ ရှိ၏။ "ပဋိသန္ဓိတော ပဌာယ ယာဝ စက္ခာဒိဒသ- ကာနံ ဥပ္ပတ္တိ။ တွေန္တရေ ရူပုပ္ပါဒေါ ဥပစယော နာမ။ တတော ပရံ သန္တတိ နာမ" ဟူသော ဋီကာကျော်၌ စက္ခာဒိဒသကာနံဖြင့် ဥပစယ သန္တတိ မည်သော ရုပ်၏ ဥပါဒ်အရကို ကာယ, ဘာဝ,ဝတ္ထု, စက္ခု, သောတ, ဃာန, ဇိဝှါဒသက ကလာပ် ဟူသော ၇-စည်းသော ကမ္မဇကလာပ်ရုပ်တို့၏ ဥပါဒ်ကို

သာ မယူဘဲ စိတ္တဇ, ဥတုဇ, အာဟာရဇကလာပ်ရုပ်တို့၏ ဥပါဒ်ကိုလည်းယူ ဟု မဏိမဉ္ဇူ၌ ဆိုသောကြောင့်ရင်း, ဓမ္မသင်္ဂဏီ ပါဠိတော်(၁၇၇)၌ "ယော အာယတနာနံ အာစယော" ဟူ၍ အာယတနသာမညအားဖြင့် ဟောတော် မူသောကြောင့်ရင်း ဤ၌ အာယတနအရကို အဋ္ဌသာလိနီ(၃၆၃)၌ "အာယ တနာနန္တိ အဋ္ဌေကာဒသန္နံ ရူပါယတနာနံ" ဟူ၍ ဓမ္မာယတနတစ်ဝ်နှင့် တကွ ရုပ်အာယတန ၁၀-ပါးလုံးကို ယူတော်မူသော ကြောင့်ရင်း, စတုသန္တတိရူပါနံ အာစယော ဥပစယော စသည် စတုသမုဋ္ဌာနိကကို ယူတော်မူသောကြောင့် ရင်း အာစယ, ဥပစယ, သန္တတိ မည်သော ရုပ်၏ ဥပါဒ်အရကို စိတ္တဇ, ဥတုဇ, အာဟာရဇ ကလာပ်ရုပ်တို့၏ ဥပါဒ်နှင့်တကွ ယူလေ။

ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဌီကစ၍ အစဉ်အတိုင်း ဥပါဒ် ဌီ ဘင် ခဏတိုင်းဖြစ်သော ဥတုဇကလာပ်တို့တွင် ရှေးဦးစွာ ဖြစ်သော ဥတုဇက လာပ်၏ ဥပါဒ်ကို အာစယ၊ နှစ်ကြိမ်မြောက်မှစ၍ ၅၁-ကြိမ်မြောက်တိုင် ဥတုဇကလာပ် ၅၀-တို့၏ ဥပါဒ်ကို ဥပစယ၊ ၅၂-ကြိမ်မြောက်မှ စ၍ နောင် ဖြစ်သမျှ ဥတုဇကလာပ်တို့၏ ဥပါဒ်ကို သန္တတိဟုဆို။ အာဟာရဇကလာပ် ဖြစ်သင့်သော အခါမှစ၍ ဖြစ်ရာဝယ် အာဟာရဇကလာပ်တို့၏ ဥပါဒ်ကို အာစယ, ဥပစယ, သန္တတိ ဆိုရာ၌လည်း ဤနည်းကိုမှီ၍ ယူ။

စိတ္တဇ၌ကား စိတ်၏ ဥပါဒ်ခဏသို့၌သာ ဖြစ်သောကြောင့် ပဋိသန္ဓေ နောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇကလာပ်၏ ဥပါဒ်ကို ရှေးဦးအစစ္စာ ဖြစ်သောကြောင့် အာစယ၊ ဒုတိယဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကလာပ်ကစ၍ သတ္တရသမဘဝင်၏ ဥပါဒ် ခဏ၌ ဖြစ်သော ကလာပ်ဘိုင်း ၁၆-စည်းသော စိတ္တဇကလာပ်တို့၏ ဥပါဒ်ကို နှစ်ခု သုံးခု စသည်ဖြင့် ၁၇-ခုတိုင် တိုးပွါးဆဲ ဖြစ်သောကြောင့် ဥပစယ၊အဋ္ဌာရသမ ဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော ကလာပ်ကစ၍ တခုသော ဘဝကာလ ပတ်သုံး ဖြစ်သမျှ စိတ္တဇကလာပ်တို့၏ ဥပါဒ်ကို သတ္တရသာယုက စေ့ သဖြင့် ရှေးရှေးကလာပ်၏ ချုပ်ခြင်းကြောင့် ၁၇-စည်းထက် တိုးတက်မရှိ ဖွဲ့စည်းတန့်ရပ်လေရကား သန္တတိဟု ဆိုသည်ဟု ယူလေ။ ကမ္မဇ, ဥတုဇ, အာဟာရဇတို့မှာ နှစ်စည်းကစ၍ ၅၁-စည်းတိုင် တိုးပွါးစဉ်ဖြစ်သော ကလာပ် တို့၏ ဥပါဒ်ကို ဥပစယ ဆိုရာ စသည်၌လည်း အတူ။

ဥပစယ သန္တတိဟု နှစ်ပါးယူရာ၌ အကျဉ်းအချုပ်အားဖြင့် ရုပ်ဖြစ်ကောင်းသော အဇ္ဈတ္တ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ် ၄-ပါးလုံး၌ပင် ကမ္မဇကလာပ်, ဥတုဇ, အာဟာရဇကလာပ် ၃-မျိုးတို့၏ မိမိတို့ ဖြစ်သင့် ဖြစ်ထိုက်သော ကာလကစ၍ ရှေးဦးစွာဖြစ်သော ကလာပ်မှသည် အချုပ်အပျက်မရှိ နှစ်စည်း ၃-စည်း စသည် ၅၁-စည်းတိုင် အဆင့်ဆင့် တိုးပွါး၍ ဖြစ်၁၌ အခါ ထိုကလာပ် ၅၁-စည်းတို့၏ ဥပါဒ်သည် ဥပစယမည်၏။ ၅၁-စည်း ပြည့်သည်မှစ၍ တခုသော ဘဝကာလ ပတ်လုံး ဖြစ်သမျှ ကလာပ်တို့မှာ စိတ္တက္ခဏ ၁၇-ချက်၊ ခဏငယ် ၅၁-ချက် အသက်ကာလစေ့သဖြင့် ရှေးရှေး ကလာပ် ချုပ်၍ အချုပ် အဖြစ် ညီကြရကား တိုးပွါးမရှိ ဖွဲ့စည်းတန့်ရပ် သကဲ့သို့ ဖြစ်၍ ထိုကလာပ်တို့၏ ဥပါဒ်သည် သန္တတိ မည်၏ဟု ဆိုလေ။ စိတ္တဇကလာပ်မှာ ဖြစ်စ ကလာပ်ကကို ၁၇-စည်းတိုင် ကလာပ်တို့၏ ဥပါဒ်ကို ဥပစယ၊ ၁၈-စည်းမြောက်ကစ၍ နောက်ဖြစ်သမျှ ကလာပ်တို့၏ ဥပါဒ်ကို သန္တတိဟု ဆို။

## ဇာတိရုပ်၏ ဥပစယ သန္တတိမည်ပုံ

ဤ ^၁ ဥပစယ သန္တတိ ဟူသည် ဇာတိရုပ်၏ အမည်တည်း။ ထိုရုပ်သည် အဘယ်ကြောင့် ဇာတိမည်သနည်း၊ အဘယ်ကြောင့်ကား ရုပ်မည်သနည်း ဟူမူ....ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ စသော မိမိတို့ ဖြစ်ထိုက်သော ကာလမှစ၍ ဖြစ်ကုန်သော ရုပ်တို့၏ ဖြစ်ခြင်း ဖြစ်သောကြောင့် ဇာတိမည်သည်၊ ရုပ်တို့၏ ဖြစ်ခြင်း ဥပါဒ်၏ အဖြစ်ဖြင့် ကမ္မဇစသော စတုသန္တတိ ရုပ်တို့နှင့်စပ်၍ ဖြစ်ခြင်းရှိသည်၏ အဖြစ်ကြောင့် ရုပ်မည်သည် ဟူလေ။

ယင်းသို့ ဇာတိရုပ်၏ အမည်ဟူခဲ့သော် ထိုရုပ်ကို ဇာတိ ဟူ၍သာ တပါးတည်း ဟောတော်မမူဘဲ အဘယ်ကြောင့် ဓမ္မသင်္ဂဏီပါဠိတော်၌ ဥပစယ သန္တတိ ဟု နှစ်ပါး အပြားအားဖြင့် ဟောလေသနည်းဟူမူ....အစဉ်အတိုင်း တိုးပွါး၍ အစစွာ ဖြစ်ခြင်း ထိုမှအထက်၌ အစဉ်မပြတ် ဖြစ်ခြင်းဟူသော ဖြစ်သောအခြင်းအရာ အထူးအားဖြင့်၎င်း, ဝေနေယျ ပုဂ္ဂိုလ်၏ အစွမ်းအားဖြင့်၎င်း ဟောတော်မူသည် ဟူလေ။ အချို့သော နတ်သည် ထိုဇာတိကို ဥပစယဟု ဟောမှ တရားအထူးကို သိသည်၊ ထိုနတ်တို့၏ အစွမ်းဖြင့်

---

၁။ အတ္ထတော ဟိ ဥဘယမ္ပေတံ ဇာတိရူပသောဝ အဓိဝစနံ (အဋ္ဌသာလိနီ-၃၆၄။)

ဥပစယဟု ဟောတော်မူသည်။ အချို့သော နတ်သည် သန္တတိဟု ဟောတော်မူမှ တရားအထူးကို သိသည်၊ ထိုနတ်တို့၏ အစွမ်းဖြင့် သန္တတိဟု ဟောတော်မူသည် ဟူလို။

ထိုနှစ်ပါးတို့တွင် ဥပစယသည် ရုပ်တို့၏အစစွာ ဖြစ်ခြင်းလက္ခဏာ ရှိ၏၊ ရှေးအဘို့မှ ရုပ်တို့ကို ပေါ်လာစေခြင်း ကိစ္စရှိ၏၊ ရုပ်တို့ကို ဆောင်နှင်းခြင်းလျှင် ယောဂီပုဂ္ဂိုလ်ဉာဏ်အား ရှေးရှုထင်ခြင်းရှိ၏၊ ဝါ-ပြည့်သည်၏ အဖြစ်လျှင် ဉာဏ်အား ရှေးရှုထင်ခြင်းရှိ၏၊ အစစွာ ဖြစ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။ သန္တတိသည် ရုပ်တို့၏ တည်ရပ်သော ဖြစ်ခြင်း လက္ခဏာ ရှိ၏၊ ရုပ်တို့ကို အစဉ် ဖွဲ့ခြင်း ကိစ္စရှိ၏၊ ရုပ်တို့၏ အစဉ်မပြတ်ခြင်းလျှင် ဉာဏ်အား ရှေးရှုထင်ခြင်း ရှိ၏၊ အစဉ်ဖွဲ့အပ်သော ရုပ်လျှင် နီးစွာသော အကြောင်းရှိ၏။

## ဇရတာရုပ်

### သဘောလက္ခဏာ

အကြင် အကြင် မိမိတို့ တည်ထိုက်သော စိတ်ခဏငယ် ၄၉-ချက်ခန့် ခဏပမာဏကာလပတ်လုံး တည်ခြင်း ရှိကုန်သော စတုသန္တတိရုပ်တို့၏ ချုပ်ခြင်းသို့ ရှေးရှုသည်၏ အစွမ်းဖြင့် ရင့်ရော်ခြင်း ဌီသည် ဇရတာ မည်၏။ ထိုဇရတာသည် ကာလကို လွန်သဖြင့် သွား, ခြေသည်း, လက်သည်း စသည်တို့၏ ကျိုးပဲ့သည်၏ အဖြစ်ကို ပြုတတ်သောကြောင့် ယင်းကို ပြုခြင်း ကိစ္စအားဖြင့် ခဏ္ဍိစ္စ မည်၏၊ ဆံပင်, မုတ်ဆိတ်, ကြင်စွယ် စသည်တို့၏ ပကတိမည်းနက်ခြင်း သဘောမှ ဖောက်ပြန်၍ ဖြူခြင်းသို့ ရောက်သည်၏ အဖြစ်ကို ပြုတတ်သောကြောင့် ထိုဖြူခြင်းသို့ ရောက်သည်၏ အဖြစ်ကို ပြုခြင်း ကိစ္စအားဖြင့် ပါလိစ္စလည်း မည်၏၊ အသားကို ယုတ်လျော့ ကုန်ခန်း ညှိုးနွမ်းစေ၍ အရေတွန့်သည်၏ အဖြစ်ကို ပြုတတ်သောကြောင့် ယင်းကို ပြုခြင်း ကိစ္စအားဖြင့် ဝလိတ္တစတာလည်း မည်၏၊ ထို သွား စသည် ကျိုးပဲ့ခြင်း, ဆံ မုတ်ဆိတ် စသည် ဖြူခြင်း, အရေတွန့်ရှုံ့ခြင်းတို့ကား ကျိုးသောသွား, ဖြူသော ဆံပင်, တွန့်ရှုံ့သော အရေကို ပကတိသော စက္ခုဖြင့် သိမြင်နိုင်သော ကြောင့် ရူပါရုံသည် ဇရာ မဟုတ်၊ ဇရာကို စက္ခုဝိညာဏ်ဖြင့် မသိမြင်ကောင်း[၁]။ ကျိုးသောသွား ဖြူသောဆံစသည်ကို မြင်သဖြင့် ဤသွား ဆံပင်

၁-န ဟိ ဇရာ စက္ခုဝိညေယျာ ဟောတိ။ (အဋ္ဌသာလိနီ-၃၆၄။)

စသည်သည် ဇရာ နှိပ်စက်သောကြောင့် ကျိုးပဲ့ခြင်း ဖြူခြင်း စသည် ဖြစ်၏ဟု မနောဒွါရဖြင့်သာသိသည်။

ရေ လေဘို့ တိုက်ဖျက်၍ ကျိုးပဲ့ပျက်စီးသော မြက် သစ်ပင် စသည် တို့၏ ကျိုးပဲ့ ပျက်စီးခြင်းဖြင့် ရေလေတို့ သွားသော လမ်း၊ မီးလောင်၍ လောင်ကျွမ်းသော မြက် သစ်ပင်တို့၏ လောင်ကျွမ်းခြင်းဖြင့် မီးသွားသော လမ်း ထင်ရှား သိသာသကဲ့သို့၊ သွားကျိုးခြင်း ဆံဖြူခြင်း စသည်ဖြင့် ဇရာ သွားသောလမ်း ထင်ရှား သိသာသည်။ ထို မြက် သစ်ပင် စသည်တို့၏ ကျိုးပဲ့ ခြင်း လောင်ကျွမ်းခြင်း စသည်သည် ရေ, လေ, မီးတို့ သွားသော လမ်းသာ ရေ,လေ, မီး မဟုတ် သကဲ့သို့၊ ထို သွားကျိုးခြင်း ဆံဖြူခြင်း စသည်သည် လည်း ဇရာ သွား သော လမ်းသာ ဇရာ မဟုတ်။ ကာလ လွန်သဖြင့်သာလျှင် အလွန်အထူး ထင်ရှားသော ပကတိ သဘောအားဖြင့် ဇရာသို့ ရောက်သော သူ၏ အသက်သည် တနေ့ထက် တနေ့ ဆုတ်ယုတ် လျော့ပါး အားနည်း သောကြောင့် အကျိုး ဖြစ်သော အသက် ဆုတ်ယုတ်ခြင်း၏ အာယုနော- သံဟာနိဟူသော အမည်ကို အကြောင်း ဇရာ၌ တင်စား၍ ဖလူပစာရအား ဖြင့် ထိုဇရာကို အာယုနောသံဟာနိဟူ၍ ၎င်း, ငယ်နုစဉ်အခါ အလွန်သန့်ရှင်း ကြည်လင်ကုန်သော ရုပ်ရုံ အစရှိသော အလွန် သိမ္မွေ့သော အာရုံကိုလျက် လွယ်လင့် တကူ ချမ်းသာစွာ ယူနိုင်ကုန်သော စက္ခုန္ဒြေ စသည်တို့သည် အိုမင်း ခြင်း ဇရာသို့ ရောက်သောအခါ အလွန်ရုန့်ရင်းထင်ရှားသော မိမိတို့ အာရုံကို လျက် မယူစွမ်းနိုင်အောင် ရင့်ရော်ကုန်သည် ဖြစ်၍ ကြည်လင် သန့်ရှင်း ခြင်းမရှိ အလွန် နောက်ကျုကုန်သောကြောင့် အကျိုးဖြစ်သော ဣန္ဒြေတို့ ရင့်ရော်ခြင်း၏ အမည်ကို အကြောင်း ဇရာ၌ တင်စား၍ ဖလူပစာရအားဖြင့် ဣန္ဒြိယာနံ ပရိပါကော ဟူ၍၎င်း ဟောတော်မူသည်။

### ဇရာအပြားနှင့်လက္ခဏာ

ထို ဇရာသည် သိသာ ထင်ရှားသော ပါကဋဇရာ တိမ်မြုပ် ဖုံးကွယ် သော ပဋိစ္ဆန္နဇရာဟူ၍ နှစ်ပါး ရှိသည်။ ထိုတွင် သွားစသည်တို့၌ ကျိုးပဲ့ သည်၏အဖြစ်, ဆံစသည်တို့၏ ဖြူသည်၏ အဖြစ်, အရေတို့၌ တွန့်သည်၏ အဖြစ်ကို ထင်ရှား မြင်နိုင်ကောင်းသောကြောင့် ရုပ်တရားတို့၌ ဇရာသည် **ပါကဋဇရာ** မည်၏။ နာမ်တရားတို့၌ ဇရာသည် တစုံတရာ ဖောက်ပြန်ခြင်း အထူးကို မမြင် နိုင်သောကြောင့် **ပဋိစ္ဆန္နဇရာ** မည်၏။

အဝိစိဇရာ သဝိစိဇရာ ဟူ၍လည်း နှစ်ပါးပင် ရှိသည်။ ထိုတွင် ပတ္တမြား, ရွှေ, ငွေ, ပုလဲ, သန္တာ, လဝိမာန်, နေဝိမာန် စသည်တို့၏ ဇရာ ကဲ့သို့သော သတ္တဝါတို့၏ မန္ဒဒသက အရွယ် ငယ်နုစဉ် အခါတို့၌ ဇရာကဲ့သို့ သော သစ်ပင် ချုံနွယ်တို့၏ အပွင့်, အသီး, အညွန့် စသည်တို့၌ ဇရာ ကဲ့သို့သော ဇရာသည် အကြား အကြား၌ အဆင်း အထူး စသည်တို့ကို သိနိုင်ခဲသောကြောင့် **အဝိစိဇရာ** မည်၏။အိမ်အို စသည်,သစ်ပင်အို စသည်, လူအို စသည်တို့၏ ဇရာသည် အကြား အကြား၌ အဆင်း အထူး စသည် တို့၏ သိလွယ်သည်၏ အဖြစ်ကြောင့် **သဝိစိဇရာ** မည်၏။ ထိုဇရတာသည် ရုပ်တို့၏ ရင့်ခြင်းလက္ခဏာ ရှိ၏၊ မရဏာ၏ အနီးသို့ ဆောင်ခြင်း ကိစ္စ ရှိ၏၊ မိမိ သဘောမှ မကင်းထိုက် မကင်းကောင်းသော်လည်း အသစ် သဘောမှ ကင်းခြင်းလျှင် ညာဏ်အား ရှေးရှု ထင်ခြင်း ရှိ၏၊ ရင့်ရော်သော ရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

## အနိစ္စတာရုပ်

### သဘောလက္ခဏာ

ဖြစ်၍ ထင်ရှား မရှိသည်၏ အဖြစ်ဟူသော သဘော,စင်စစ် မမြဲသည်၏ အဖြစ်, မြဲသော သဘော၏ ဆန့်ကျင်ဘက် အဖြစ်ဟူသော စတုသန္တတိရုပ်တို့ ၏ ဘင်သည် အနိစ္စတာ မည်၏။ထို အနိစ္စတာသည် ကုန်ခြင်းသို့ ရောက်တတ် သည်၏ အစွမ်းဖြင့် ခယ မည်၏၊ သဘောမှ ကုန်ခြင်းသို့ ရောက်သည်၏အစွမ်း ဖြင့် ဝယလည်း မည်၏၊ ပျက်ခြင်းသို့ ရောက်သည်၏ အစွမ်းဖြင့် ဘေဒလည်း မည်၏။

တနည်း....ဤ အနိစ္စတာ ဟူသော ဘင်သို့ ရောက်သည် ရှိသော် ရုပ်သည် ကုန်ခန်း ကင်းပျောက် ပျက်စီးရကား ရုပ်၏ ကုန်ခန်းရာ, ကင်းပျောက်ရာ, ပျက်စီးရာ ဖြစ်၍ ခယ ဝယ ဘေဒ မည်၏၊ ရုပ်သည် ဤ အနိစ္စတာ ဟူသော ဘင်သို့ ရောက်သည်ရှိသော် မမြင်ခြင်းသို့ ရောက်အောင် ကွယ်ပျောက်လေရ ကား ကွယ်ပျောက်ရာ ဖြစ်၍ အန္တရဓာနလည်း မည်၏။ ဤ အနိစ္စတာသည် ရုပ်တို့၏ ပျက်စီးခြင်း လက္ခဏာ ရှိ၏၊ ဆုတ်နစ်ခြင်း ကိစ္စ ရှိ၏၊ ရုပ်၏ ကုန်ခန်း ကင်းပျောက်ခြင်းလျှင် ညာဏ်အား ထင်ခြင်း ရှိ၏၊ ပျက်စီးသော ရုပ်လျှင် နီးစွာသော အကြောင်း ရှိ၏။

အဘိ-သရုပ ၂-၈—ပ-မ-ဗ-သ-ဝ

## ဇာတိ ဇရာ မရဏ ဥပမာ

ဥပစယ သန္တတိဖြင့် ဇာတိကို၊ဇရတာဖြင့် ဇရာကို၊ အနိစ္စတာဖြင့် မရဏကို ယူ။ ဤ ဇာတိ, ဇရာ, မရဏ တရား ၃-ပါးတို့သည် ဤ သတ္တဝါ ခပ်သိမ်းတို့ကို ခုတ်ဖြတ် သတ်အံ့သောငှါ ချီမိုးအပ်သော သန်လျက်ရှိသော ရန်သူတို့နှင့် တူကုန်သည်။

တူပုံကို ပြဦးအံ့....ဤလောက၌ တယောက်သော ယောကျ်ား၏ ရန်သူ ၃-ယောက်တို့သည် ထိုယောကျ်ားကို သတ်အံ့သော အကြောင်း အခွင့်ကို ရှာ၍ လှည့်သည်ကုန်ရာ၏။ ၃-ယောက်တို့တွင် တယောက် ရန်သူသည် ထို ယောကျ်ားကို နေရာရွာမှ သွေးခေါ်ထုတ်ဆောင်၍ တောအုပ်သို့ သွင်းခြင်းသည် ငါ၏ တာဝန် ဖြစ်စေဟု ဝန်ခံ၍ ဝန်ခံသည့်အတိုင်း ပြုရာ၏။ နှစ်ယောက်မြောက်သော ရန်သူသည် သင်သွေးဆောင် ခေါ်သွင်း၍ တောအုပ်အတွင်းသို့ ရောက်သောအခါ ထိုယောကျ်ားကို ပုတ်ခတ်ရိုက်နှက်၍ မြေ၌ တုံးလုံးလည်းစေခြင်းသည် ငါ၏တွက်တာ ဖြစ်စေဟု ဝန်ခံ၍ ဝန်ခံသည်အတိုင်း ပြုရာ၏။ ၃-ယောက်မြောက် ရန်သူသည် သင် သတ်ဖြတ်ပုတ်ခတ်၍ မြေ၌လည်းသော ကာလမှစ၍ ထိုသူ၏ ဦးခေါင်းကို သန်လျက်ဖြင့် ဖြတ်ခြင်းသည် ငါ၏ စုံဘွက်တာ ဖြစ်စေဟု ဝန်ခံ၍ ဝန်ခံသည်အတိုင်း ပြုရာ၏။

ထိုဇာတိ,ဇရာ,မရဏ ၃-ပါးတွင် ဇာတိသည် ထိုထိုဘဝဂတိ ဟူသော အရပ်၌ သတ္တဝါတို့ကို ပဋိသန္ဓေအားဖြင့် ဖြစ်စေတတ်သောကြောင့် ထိုယောကျ်ားကို ရွာမှ သွေးဆောင် ခေါ်ထုတ်၍ တောအုပ်သို့ သွင်းသော ပဌမ ရန်သူနှင့် တူ၏။ ဇရာသည် ဖြစ်ပြီးသော ခန္ဓာတို့၏ စွမ်းအင်လျော့ပါးအားနည်းသည်၏ အဖြစ်, ထိုထိုအမှုကိစ္စကို မိမိကိုယ်တိုင် မရွက်ဆောင် မပြီးစေနိုင် သူတပါးတို့ကို မှီခို အားကိုးရသည်ဖြစ်၍ သူတပါးတို့နှင့် စပ်သည်၏ အဖြစ်, အရပ်တပါး သွားလာ လှည့်ပတ်ခြင်းငှါ မစွမ်းနိုင် အိပ်ရာ ညောင်စောင်းထက် လျောင်းအိပ်၍သာ နေရသောကြောင့် ညောင်စောင်းလျှင် လည်းလျောင်းရာ ရှိသည်၏ အဖြစ်ကို ပြုတတ်သောကြောင့် တောအုပ်သို့ ရောက်သောသူကို ရိုက်ပုတ်၍ မြေ၌ လည်းစေသော ဒုတိယရန်သူနှင့် တူ၏။ မရဏသည် ဇရာသို့ ရောက်သော ခန္ဓာရှိသော သတ္တဝါတို့အား အသက်ကုန်ခြင်းသို့ ရောက်စေတတ်သောကြောင့် မြေ၌ လည်းသော သူ၏ ဦးခေါင်းကို ထက်သွားစွာသော သန်လျက်ဖြင့် ဖြတ်သော တတိယရန်သူနှင့် တူ၏။ ဥပစယ,

သန္တတိ, ဇရတာ, အနိစ္စတာ ဟူသော ဤရုပ်လေးခုသည် ရုပ်တရားတို့၏ ဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်းဟူသော ထိုထိုအခိုက်အတန့်၏ အစွမ်းဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် လက္ခဏရုပ်မည်၏။

### အနိပ္ဖန္နရုပ်သဘောတရား

ပရိစ္ဆေဒ,ဝိညတ်,ဝိကာရ, လက္ခဏ ဟူသော ဤရုပ်ဆယ်ခုတွင် အာကာသဓာတ် ဟူသော ပရိစ္ဆေဒရုပ်သည် ကံစသော လေးပါးသော အကြောင်းကြောင့်ဖြစ်သော စတုဇရုပ်ကလာပ်တို့ ရောရှက် မရှိရအောင် ပိုင်းခြားကြောင်း အဖြစ်ကို ကင်း၍ ယင်းရုပ်တို့၏ အကြောင်းမှတပါး အသီးအခြားသော အကြောင်းကြောင့် မဖြစ်သည်၏ အဖြစ်ကြောင့်၊ ကာယဝိညတ်သည် စိတ္တဇဝါယောဓာတ်၏ အခြင်းအရာ အထူးဟူသော ဝိကာရအဖြစ်ကို ထား၍ ထိုဝါယော၏ အကြောင်းမှတပါး အသီးအခြားသော အကြောင်းကြောင့် မဖြစ်သည်၏ အဖြစ်ကြောင့်၊ ဝစီဝိညတ်သည် စိတ္တဇပထဝီဓာတ်၏ ဝိကာရအဖြစ်ကို ထား၍ ထိုပထဝီ၏အကြောင်းမှ သီးခြားတပါးသော အကြောင်းကြောင့် မဖြစ်သည်၏အဖြစ်ကြောင့်၊ ဝိကာရရုပ်သုံးခုတို့၏ အစဉ်အတိုင်း စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူသော တေသမုဋ္ဌာနိကရုပ်တို့၏ ပေါ့သည်၏ အဖြစ်, ပြေ့ပျောင်းသည်၏အဖြစ်, အမှု၌ ခံ့သည်၏ အဖြစ်ဟူသော ဝိကာရ အဖြစ်ကို ထား၍ ထိုတေသမုဋ္ဌာနိက ရုပ်၏ အကြောင်းမှ သီးခြားတပါးသော အကြောင်းကြောင့် မဖြစ်သည်၏ အဖြစ်ကြောင့်၊ လက္ခဏရုပ်လေးခုသည် စတုဇရုပ်တို့၏ မှတ်ကြောင်း အဖြစ်ကိုထား၍ ထိုရုပ်တို့၏ အကြောင်းမှ သီးခြား တပါးသော အကြောင်းကြောင့် မဖြစ်သည်၏ အဖြစ်ကြောင့် ထိုရုပ်ဆယ်ခုတို့သည် တစုံတခုသော အကြောင်းဖြင့် မပြီးစေအပ်ရကား အနိပ္ဖန္နရုပ် မည်ကုန်၏။

## ရူပဝိဘာဂ

### အဟေတုကမည်ပုံ

နိပ္ဖန္နရုပ် တဆယ့်ရှစ်ခု အနိပ္ဖန္နရုပ် တဆယ် အားဖြင့် ဤရုပ် နှစ်ဆယ့်ရှစ်ခုမှတပါး ရူပကဏ္ဍာ ထိုက်သောရုပ် မည်သည်မရှိပြီ။ အချို့တို့ကား ဗလရုပ်, သမ္ဘဝရုပ်, သဏ္ဍာနရုပ်, ဇာတိရုပ်, ရောဂရုပ်တို့လည်း ရှိကုန်သည်ဟု သီးခြား ရေတွက်ကုန် ယူကုန်၏။ ဗလရုပ် ဟူသည် ဝါယောဓာတ်ပင်၊ သမ္ဘဝ

ရုပ် ဟူသည် အာပေါဓာတ်ပင်၊ သဏ္ဌာနရုပ် ဟူသည် ရူပါရုံပင်၊ ဇာတိရုပ် ဟူသည် ဥပစယ သန္တတိပင်၊ ရောဂရုပ် ဟူသည် ဇရတာပင် ဖြစ်ရကား အသီး အခြား မရေတွက်သင့် မယူသင့်ပြီ။ ဤနှစ်ဆယ့်ရှစ်ပါးသော ရုပ်သည် သမ္ပ ယုတ် ဖြစ်သော အလောဘ စသော ဟိတ်မရှိခြင်းကြောင့် **အဟေတုက** ဖြစ်၏။

### သမ္ပယုတ်ဟိတ်နှင့် ဇနကဟိတ်

သမ္ပယုတ္တသ အလောဘာဒိဟေတုနော အဘာဝါ အဟေတုကံ။ (ဋီကာကျော် ၂၀၃။)

ဤဋီကာဝယ် သမ္ပယုတ္တသ ဟူသော ဝိသေသန, အလောဘာဒိ ဟူ သော ဝိသေသနတို့ဖြင့် အထူးပြု၍ ဆိုရာ၌ အဓိပ္ပါယ်တ္တကို အမြွက်မျှ ပြ လိုက်အံ့....“ဟေတုနော အဘာဝါ”ဟု ဆိုလျှင်ပင် ထိုရုပ်တရား၏ ဟိတ်မရှိ သောကြောင့် အဟေတုကမည်၏ ဟူသော အနက်ကို ပြနိုင်လျက် “သမ္ပ ယုတ္တသ”ဟူသော ဝိသေသနကို အဘယ်ကြောင့် ဋီကာဆရာ ဆိုလေသနည်း ဟူမူ....ဟိတ်သည် သမ္ပယုတ်ဟိတ် ဇနကဟိတ်ဟု နှစ်ပါးရှိသည်တွင် ဇနက ဟိတ်ကို ပယ်မြစ်တော်မမူလို၊ သမ္ပယုတ်ဟိတ်ကိုသာ ပယ်မြစ်တော်မူလိုသော ကြောင့် ဆိုသည် ဟူလေ။

အဘယ်ကြောင့် ဇနကဟိတ်ကို မပယ်မြစ်ဘဲ သမ္ပယုတ်ဟိတ်ကိုသာ ပယ်မြစ်ရလေသနည်း ဟူမူ....ဇနကဟိတ်ဖြင့် လျှဉ်းပါးခြင်း ပသင်္ဂမဖြစ်သင့်၊ သမ္ပယုတ်ဟိတ်ဖြင့်သာ ပသင်္ဂဖြစ်သင့်သောကြောင့် ဇနကဟိတ်ကို မမြစ်ဘဲ သမ္ပယုတ် ဟိတ်ကိုသာ မြစ်ရသည် ဟူလေ။ အဘယ်ကြောင့်ကား ဇနကဟိတ် ဖြင့် ပသင်္ဂမဖြစ်သင့်မူ၍ သမ္ပယုတ် ဟိတ်ဖြင့်သာ ပသင်္ဂ ဖြစ်ရလေသနည်း ဟူ ပြန်မူ....အကယ်၍ ရုပ်သည် သဟေတုကမည်ခဲ့အံ့၊ သမ္ပယုတ် ဟိတ်တို့ဖြင့်သာ သဟေတုက မည်ရာသည်၊ ဇနကဟိတ်ဖြင့် သဟေတုက မမည်ရာ၊ ထိုသို့ ရုပ်၏ သမ္ပယုတ် ဟိတ်တို့ဖြင့်သာ သဟေတုက မည်ရာ၍ ဇနကဟိတ်တို့ဖြင့်သာ သဟေတုက မမည်ရာသောကြောင့် ဇနကဟိတ်ဖြင့် ပသင်္ဂမဖြစ်မူ၍ သမ္ပယုတ် ဟိတ်ဖြင့်သာ ပသင်္ဂဖြစ်သင့်သည် ဟူလေ။

ရုပ်သည် သဟေတုက မည်ခဲ့သော် သမ္ပယုတ် ဟိတ်ဖြင့်သာ မည်ရာ သည်၊ ဇနကဟိတ်ဖြင့် မမည်ရာ ဟူ၏၊ အဘယ်တရားသည် သမ္ပယုတ်ဟိတ်

ဖြင့်သာ သဟေတုက မည်၍ ဇနကဟိတ်တို့ဖြင့် သဟေတုက မမည်သကဲ့သို့ နည်း ဟူမူ....သဟေတုက ဝိပါက်စိတ်သည် ဇနကဟိတ်ဖြင့် သဟေတုက မမည်မူ၍ သမ္ပယုတ် ဟိတ်ဖြင့်သာ သဟေတုက မည်သကဲ့သို့တည်း ဟူလေ။ သဟေတုက မည်ခဲ့သော် ဇနကဟိတ်ဖြင့် မမည်မူ၍ သမ္ပယုတ် ဟိတ်ဖြင့်သာ မည်ရာသည် ဟူ၏၊ အဘယ်ကြောင့်ကား ဇနကဟိတ်ဖြင့် သဟိတ်မမည်ဘဲ သမ္ပယုတ် ဟိတ်ဖြင့်သာ သဟေတုက မည်ရာလေသနည်း ဟူပြန်ခဲ့အံ့၊ ဇနက-ဟိတ်ရှိသော တရားတို့၏ သဟေတုက မမည်သည်၏အဖြစ်,ဟိတ်နှင့်ယှဉ်သော တရားတို့၏သာ သဟေတုက မည်သည်၏ အဖြစ်ကြောင့် ဇနကဟိတ်ဖြင့် သဟိတ်မမည်၊ သမ္ပယုတ် ဟိတ်ဖြင့်သာ သဟေတုက မည်သည် ဟူလေ။

အဘယ်ကြောင့်ကား ဇနကဟိတ်ရှိသော တရားတို့၏ သဟေတုက မမည်သည်၏ အဖြစ်, ဟိတ်နှင့် ယှဉ်သော တရားတို့၏သာ သဟေတုက မည်သည်၏ အဖြစ်ကို သိပါသနည်း ဟူငြားအံ့၊မြတ်စွာဘုရားသည် ဓမ္မသင်္ဂဏီ မာတိကာ ဟေတုဂေါစ္ဆက သဟေတုကဒုက်၌ ဇနကဟိတ်ရှိသော တရားတို့ကို သဟေတုကာ ဓမ္မာ ဟူ၍ ဟောတော်မမူ၊ ဟိတ်နှင့် ယှဉ်သော တရားတို့ကို သာ သဟေတုကာ ဓမ္မာ ဟူ၍ ဟောတော်မူသောကြောင့် သိပါသည် ဟူလေ။

ဟိတ်နှင့် ယှဉ်သော တရားတို့၏သာ သဟေတုက မည်သည်ဖြစ်၍ ထိုဟိတ်နှင့် ယှဉ်သော တရားတို့ကိုသာ သဟေတုကာ ဓမ္မာ ဟု ဟောတော်မူသောကြောင့် ဟိတ်နှင့်ယှဉ်သော တရားတို့၏သာ သဟေတုက မည်သည်၏ အဖြစ်သည် အကြောင်း၊ ဟိတ်နှင့်ယှဉ်သော တရားတို့ကိုသာ သဟေတုကာ ဓမ္မာဟု ဟောတော်မူသည်ကား အကျိုး၊ အကျိုးဖြစ်သော ထိုသဟေတုကာ ဓမ္မာဟူသော ပါဠိတော်ကို မြင်သဖြင့် အကြောင်းဖြစ်သော ဟိတ်နှင့်ယှဉ် သော တရားတို့၏သာ သဟေတုက မည်သည်၏ အဖြစ်ကို ဖလာနုမာန နည်းအားဖြင့် သိသည်။ အောက်အကြေ၌ ရေသိုးခြင်း ဟူသော အကျိုးကို မြင်သိထောက်ဆသဖြင့် အထက်အညာ၌ မိုးသည်းရွာသည်၏ အဖြစ်ဟူသော အကြောင်းကို သိသကဲ့သို့တည်း။

ဤသို့ ဟိတ်နှင့်ယှဉ်သော တရားတို့ကိုသာ သဟေတုကာဓမ္မာ ဟူ၍ ဟောတော်မူသောကြောင့် ဟိတ်နှင့်ယှဉ်သော တရားတို့သာ သဟေတုက မည်သည်၊ ယင်းသို့ ဟိတ်နှင့် ယှဉ်သော တရားတို့၏သာ သဟေတုကမည်သည်

၏ အဖြစ်ကြောင့် ရုပ်တရားသည် သဟေတုက မည်ခဲ့သော် သမ္ပယုတ်ဟိတ် ဖြင့်သာ မည်ရာသည်။ ယင်းသို့ သဟေတုက မည်ခဲ့က သမ္ပယုတ် ဟိတ်တို့ဖြင့် သာ မည်ရာသည်၏ အဖြစ်ကြောင့် သမ္ပယုတ်ဟိတ်ဖြင့်သာ လျှဉ်းပါးခြင်း သံသယပသင်္ဂ ဖြစ်သင့်သည်။ ယင်းသို့ သမ္ပယုတ် ဟိတ်ဖြင့်သာ ပသင်္ဂ ဖြစ်သင့် သောကြောင့် ထိုသမ္ပယုတ်ဟိတ်တို့ကိုသာ နှစ်စေလို မြစ်လိုသည်။ ယင်းသို့ သမ္ပယုတ်ဟိတ်တို့ကိုသာ နှစ်စေလို မြစ်လိုသောကြောင့် "သမ္ပယုတ္တသ" ဟူ သော ဝိသေသနကို ဋီကာဆရာ ဆိုတော်မူသည် ဟူလို။

ပြဆိုခဲ့ပြီးသော အကြောင်းကြောင့် သမ္ပယုတ်ဟိတ် တို့ကိုသာ နှစ်စေ လို တားမြစ်လို၍ သမ္ပယုတ္တသ ဟူသော ဝိသေသနကို ဆိုတန်စေ၊ ထိုသို့ သမ္ပယုတ္တသ ဟူသော ဝိသေသနကို ဆိုလျှင်ပင် ရုပ်တို့၏ သမ္ပယုတ်ဟိတ် မရှိသည်၏ အဖြစ်ကို ပြရခြင်း ကိစ္စပြီးသင့်ပါလျက် အဘယ်ကြောင့် အလောဘာဒိဟူသော ဝိသေသနကို ပြဆိုပြန်လေသနည်းဟူမူ....အပြစ်နှင့် တကွ ဖြစ်သော လောဘ,ဒေါသ, မောဟ ဟူသော သာဝဇ္ဇဟိတ်၊ အပြစ်ကင်း သော အလောဘ, အဒေါသ, အမောဟ ဟူသော နိရဝဇ္ဇဟိတ် အားဖြင့် နှစ်ပါးသော သမ္ပယုတ်ဟိတ်တို့တွင် နိရဝဇ္ဇဟိတ်တို့ကိုသာ နှစ်စေလိုသော ကြောင့် အလောဘာဒိဟူသော ဝိသေသနကို ဆိုသည်ဟူလေ။ နိရဝဇ္ဇဟိတ် တို့ကိုသာ နှစ်စေလိုသည် ဟူ၏၊ သာဝဇ္ဇ နိရဝဇ္ဇ ဟိတ်နှစ်ပါးလုံးကိုပင် နှစ်စေ ပါဘော့လော၊ အဘယ်ကြောင့် သာဝဇ္ဇဟိတ်ကို မနှစ်စေဘဲ နိရဝဇ္ဇဟိတ်ကို သာ နှစ်စေရသနည်း ဟူမူ....ဤသဟေတုက ဖြစ်ရာ၌ သာဝဇ္ဇဟိတ်တို့ဖြင့် ပသင်္ဂ မဖြစ်သင့်၊ နိရဝဇ္ဇဟိတ်တို့ဖြင့်သာ ပသင်္ဂ ဖြစ်သင့်သောကြောင့် သာဝဇ္ဇဟိတ်ကို မနှစ်စေဘဲ နိရဝဇ္ဇဟိတ်ကိုသာ နှစ်စေသည် ဟူလေ။ အဘယ် ကြောင့်ကား သာဝဇ္ဇဟိတ်ဖြင့် ပသင်္ဂမဖြစ်သင့်ဘဲ နိရဝဇ္ဇဟိတ်ဖြင့်သာ ပသင်္ဂ ဖြစ်သင့်လေသနည်း ဟူမူ....ရုပ်သည် သဟေတုက ဖြစ်ခဲ့သော် သာဝဇ္ဇဟိတ်တို့ ဖြင့် မဖြစ်သင့်၊ နိရဝဇ္ဇဟိတ်တို့ဖြင့်သာ ဖြစ်သင့်သောကြောင့် သာဝဇ္ဇဟိတ်ဖြင့် ပသင်္ဂမဖြစ်ဘဲ နိရဝဇ္ဇဟိတ်ဖြင့်သာ ပသင်္ဂ ဖြစ်သင့်လေသည် ဟူလေ။

အဘယ်ကြောင့်ကား ရုပ်သည် သဟေတုက ဖြစ်ခဲ့သော် သာဝဇ္ဇ ဟိတ်တို့ဖြင့် မဖြစ်သင့်လေသနည်း ဟူမူ....ရုပ် ဟူသမျှသည် အဗျာကတ၊ လောဘ,ဒေါသ, မောဟတို့ကား အကုသိုလ်ဖြစ်၍ ဇာတ်အားဖြင့် ပြားသော ဇာတ်ရှိသောကြောင့် သာဝဇ္ဇဟိတ်တို့ဖြင့် သဟေတုက မဖြစ်သင့်သည်

ဟူလေ။ ဤသို့ ရုပ်သည် သဟေတုကဖြစ်ခဲ့သော် သာဝဇ္ဇဟိတ်တို့၏ ပြားသောဇာတ်ရှိသည်၏ အဖြစ်ကြောင့် ယင်းတို့ဖြင့် မဖြစ်သင့်၊ နိရဝဇ္ဇဟိတ်တို့ဖြင့်သာ ဖြစ်သင့်သောကြောင့် သာဝဇ္ဇဟိတ်တို့ဖြင့် ပသင်္ဂ မဖြစ်သင့်၊ နိရဝဇ္ဇဟိတ်တို့ဖြင့်သာ ပသင်္ဂ ဖြစ်သင့်သည်။ ယင်းသို့ နိရဝဇ္ဇဟိတ်ဖြင့်သာ ပသင်္ဂ ဖြစ်သင့်သောကြောင့် ထိုနိရဝဇ္ဇဟိတ်တို့ကိုသာ နှစ်စေလို၍ သမ္ပယုတ္တ-ဿမျှကိုသာ မဆိုဘဲ အလောဘာဒိ ဟူသော ဝိသေသနကိုလည်း ဆိုတော်မူသည် ဟူလို။

ရုပ်အား အလောဘ စသော သမ္ပယုတ်ဟိတ် မရှိဟု ဆို၏၊ ပဋိသန္ဓေခဏ၌ ကဋတ္တာရုပ်သည် ဖြစ်၏၊ ထိုသဟိတ်ပဋိသန္ဓေ ခဏ၌ ဖြစ်သော ကမ္မဇရုပ်သည်လည်း သဟိတ်စိတ်လျှင် ဖြစ်ကြောင်း ရှိသည်ရင်း, သဟိတ်စိတ်နှင့်တကွဖြစ်သည်ရင်း, ထို သဟိတ် ပဋိသန္ဓေစိတ်နှင့် ယှဉ်သော ဟိတ်မှ ရအပ်သော ဟေတုပစ္စည်း ရှိသည်ရင်း ဖြစ်၏။ ထိုသို့ ဖြစ်သောကြောင့် ထို သဟိတ်ပဋိသန္ဓေခဏ၌ဖြစ်သော ကမ္မဇရုပ်တို့အား သမ္ပယုတ်ဟိတ်သည် ရှိပါသည်သာ မဟုတ်လောဟူခဲ့မူ၊ ထိုရုပ်တို့အား သမ္ပယုတ်ဟိတ် မရှိသည်သာ ဟူလေ။ အဘယ်ကြောင့် ထိုရုပ်တို့အား သမ္ပယုတ်ဟိတ် မရှိရသနည်းဟူမူ....ထို သဟိတ် ပဋိသန္ဓေခဏ၌ ဖြစ်သော ကမ္မဇရုပ်တို့၏ ထိုပဋိသန္ဓေစိတ်၌ ယှဉ်သော ဟိတ်တို့နှင့် သမ္ပယုတ် အဖြစ် မရှိသောကြောင့် မရှိသည် ဟူလေ။ အဘယ်ကြောင့်ကား ထိုရုပ်တို့သည် ထိုဟိတ်တို့နှင့် သမ္ပယုတ်အဖြစ် မရှိလေသနည်း ဟူမူ....ထို ကမ္မဇရုပ်တို့သည် ထိုပဋိသန္ဓေဟိတ်တို့နှင့် သဟဇာတသာ ဖြစ်ကုန်သည်၊ ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာလမ္ဗဏ, ဧကဝတ္ထုက ဟူသော ၄-ပါး အပြားရှိသော သမ္ပယောဂ လက္ခဏာ မရှိခြင်းကြောင့် သမ္ပယုတ် မဖြစ်ကုန်၊ ထိုသို့ သမ္ပယုတ် မဖြစ်ခြင်းကြောင့် သမ္ပယုတ် အဖြစ် မရှိသည် ဟူလေ။

## သပ္ပစ္စယမည်ပုံ

ဤရုပ်သည် ထိုက်သည်အားလျော်စွာ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းကြောင့်ဖြစ်၍ ထိုကံစသော အကြောင်းနှင့်စပ်၍ ဖြစ်ခြင်းရှိရကား မိမိကို ပြီးစေတတ်သော အကြောင်းနှင့် တကွဖြစ်သော ကြောင့် **သပ္ပစ္စယ** မည်၏။ ဤကား "အတ္တနော နိပ္ဖါဒကေန သဟ ပစ္စယေန ဝတ္တတိ သပ္ပစ္စယံ" ဟူသော **အဋ္ဌသာလိနီ(၉၀)** "ပစ္စယာဓီနဝုတ္တိတာယ

သဟ ပစ္စယေနာတိ သပ္ပစ္စယံ” ဟူသော ဝိသုဒ္ဓိမဂ်ဋီကာ(ဒုတိယတွဲ) တို့နှင့် အညီဘည်း။ ဤအလို သဟသဒ္ဒါ တုလျယောဂတ္ထ။ ယံ ရူပံ၊ အကြင် ရုပ်သည်။ ]အတ္တနော၊ မိမိကို။ နိပ္ဖါဒကေန၊ ပြီးစေတတ်သော။ ပစ္စယေန၊ ကံ စသော အကြောင်းနှင့်။ သဟ၊ တကွ။ ဝတ္တတိ၊ ဖြစ်တတ်၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ရူပံ၊ သည်။ သပ္ပစ္စယံ၊ သပ္ပစ္စယမည်၏။ ယံ ရူပံ၊ သည်။ ပစ္စယာဓိနဝုတ္တိဘာဝယ၊ ကံစသော အကြောင်းနှင့် စပ်၍ ဖြစ်ခြင်း ရှိသည်၏ အဖြစ်ကြောင့်။ ပစ္စယေန၊ နှင့်။ သဟ၊ ကွ။ ဝတ္တတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ တံ ရူပံ၊ သည်။ သပ္ပစ္စယံ၊ ၏။

တနည်း....ဤရုပ်သည် အကြင် အကြင် မိမိတို့ ဥစ္စာဖြစ်သော ကံစသော အကြောင်းရှိသောကြောင့် သပ္ပစ္စယ မည်၏။ ဤကား “ယထာသကံ ပစ္စယ ဝန္တတာယ သပ္ပစ္စယံ”ဟူသော ဋီကာကျော်(၂၀၃) နှင့် အညီတည်း။ ဤအလို သဟသဒ္ဒါ ဝိဇ္ဇမာနတ္ထ။ သံဝိဇ္ဇတိ ပစ္စယော ဧတဿာတိ သပ္ပစ္စယံ ဟု စတုတ္ထီ-ဗဟုဗ္ဗီဟိပြု။ ယထာသကံ ပစ္စယဝန္တတာယ၊ အကြင် အကြင် မိမိတို့၏ ဥစ္စာ ဖြစ်သော ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းရှိသည်၏ အဖြစ် ကြောင့်။ သပ္ပစ္စယံ၊ မည်၏။ ဧတဿ ရူပဿ၊ အား။ ပစ္စယော၊ ကံ စသော အကြောင်းသည်။ သံဝိဇ္ဇတိ၊ ထိုက်သည်အားလျော်စွာ ရှိ၏။ ဣတိတသ္မာ၊ ကြောင့်။ တံ ရူပံ၊ သည်။ သပ္ပစ္စယံ၊ ၏။ ကမ္မဇရုပ်အား ကံဟူသော အကြောင်း၊ စိတ္တဇရုပ်အား စိတ်ဟူသော အကြောင်း ရှိ၏ စသည် ဟူလို။

ဋီကာကျော် ဆရာသည် ဤ သပ္ပစ္စယံ၌ သဟသဒ္ဒါသည် အကယ်၍ တုလျယောဂတ္ထ ရှိသည် ဟူအံ့၊ စိတ္တဇရုပ်၏သာ အကြောင်း စိတ်နှင့် အတူ တကွဖြစ်သည်၏ အဖြစ်ကြောင့် စိတ္တဇရုပ်သာ သပ္ပစ္စယ မည်ရာသည်၊ ကမ္မဇ ရုပ်သည် အတိတ်ကံကြောင့်သာ ဖြစ်၍ အကြောင်းကံနှင့် အတူ တကွ မဖြစ် သောကြောင့် သပ္ပစ္စယ မမည်ရာ။ ဥတုဇရုပ် အာဟာရဇရုပ်တို့သည်လည်း ဋ္ဌီ ပို့ရောက်ပြီးသော ဥတု အာဟာရသို့ကြောင့်သာ ဖြစ်၍ အကြောင်းဥတု အာဟာရတို့နှင့် အတူ တကွ မဖြစ်သောကြောင့် သပ္ပစ္စယ မမည်ရာ။ ဤသို့ စိတ္တဇရုပ်သာ သပ္ပစ္စယ မည်၍ ကမ္မဇ, ဥတုဇ, အာဟာရဇ ရုပ်တို့သည် သပ္ပစ္စယ မမည်ရာသော အပြစ် ရောက်သောကြောင့် တုလျယောဂတ္ထ မဖြစ် သင့်၊ ဝိဇ္ဇမာနတ္ထသာ ဖြစ်သင့်သည် အယူရှိတော်မူသည်။

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယော။ (အဘိ-ဂ-၁)။

ဟေတူ၊ ဟိတ် ၆-ပါး ဟိတ် ၉-ပါး ပစ္စည်းတရားတို့သည်။ ဟေတုသမ္ပယုတ္တကာနဉ္စ၊ ဟိတ်နှင့် ယှဉ်သော သဟိတ်တရားတို့အားရင်း။ တံသမုဋ္ဌာနာနံ၊ ထိုဟိတ်တရားတို့ကြောင့် ဖြစ်ကုန်သော။ ရူပါနဉ္စ၊ သဟိတ် စိတ္တဇရုပ် သဟိတ်ပဋိသန္ဓေ ကမ္မဇရုပ်တို့အားရင်း။ ဟေတုပစ္စယေန၊ ဟေတု ပစ္စယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောဝတိ၊ ၏။

ဤသို့ စသည် ဟောတော်မူသောကြောင့် ရုပ်သည် ပဉ္စိတ်စသော အကြောင်းတို့ကြောင့်လည်း ဖြစ်ပါ၏တကား၊ ထိုသို့ ဖြစ်ပါလျက် သပ္ပစ္စယံ၌ ပစ္စယအရကို **အဋ္ဌကထာဋီကာ** အရပ်ရပ်တို့၌ အဘယ်ကြောင့် ကံစသည် ကိုသာကောက်ယူ၍ ဟိတ်စသည်ကို မကောက်မယူလေသနည်းပ.မူ "ပဓာနာ-ပဓာနေသု ပဓာနေ ဂဟိတေ အပဓာနမပိ ဂယှတေ" ဟူသည်နှင့်အညီ— ပြဋ္ဌာန်းသော တရား မပြဋ္ဌာန်းသော တရားတို့တွင် ပြဋ္ဌာန်းသည်ကို ယူအပ် သည်ရှိသော် မပြဋ္ဌာန်းသည်ကိုလည်း ယူအပ်သည်ပင် ဖြစ်၍ ကံစသော အကြောင်း ဟိတ်စသော အကြောင်းတို့တွင်လည်း ကံစသည်တို့သာ ပဓာန ဖြစ်၍ ဟိဟ် စသည်တို့သည် အပဓာန ဖြစ်ရကား ထိုပဓာန ဖြစ်သော ကံ စသည်ကိုယူသဖြင့် အပဓာနဖြစ်သော ဟိတ်စသည်ကိုလည်း ယူအပ်သည်သာ ဖြစ်သောကြောင့် ကံစသည်ကိုသာ ကောက်ယူ၍ ဟိတ်စသည်ကို အသီး မကောက်ယူလေသည် ဟူလေ။

## သာသဝစသည်မည်ပုံ

ဤရုပ်ဟူသမျှသည် မိမိဟူသော ရုပ်ကို အာရုံပြု၍ ဖြစ်သော, အာရမ္မဏိက ကာမာသဝ အစရှိသော, အာသဝေါတရားတို့နှင့် တကွဖြစ်သော ကြောင့် **သာသဝ**လည်း မည်၏။ ရုပ်သည် အာသဝတရားတို့နှင့်တကွ ဖြစ်၏ ဟူသော်သည်း ထိုရုပ်သည် အာသဝတို့နှင့် ကေပ္ပဒကေနိရောဓ စသည်ဖြစ်၍ ကေပ္ပဒ စသော အဖြစ်ဖြင့် တကွဖြစ်သည်မဟုတ်၊ အာသဝတို့၏ အာရုံ ဖြစ်သောကြောင့် အာရုံ၏အဖြစ်ဖြင့်သာ တကွဖြစ်သည် ဟူလေ။

ကံ, စိတ်, ဥတု, အာဟာရတို့သည် ထိုက်သည်အားလျော်စွာ ပြုပြင် စီရင်အပ်သောကြောင့် **သခ်တ**လည်းမည်၏။ ဥပါဒါနက္ခန္ဓာ ဟူသော သခ်ါရ လောက၌ အကျုံးဝင်ရကား ထိုလောက၌ အမြဲယှဉ်သည်၏ ဒဖြစ်ကြောင့်

**လောကိယ**လည်း မည်၏။ ကာမတဏှာသည် အာရုံပြုသောအားဖြင့် ကျင်လည် ကျက်စားအပ် ကာမတဏှာ၏ အာရုံပြုသောအားဖြင့် ကျင်လည် ကျက်စားရာ ဖြစ်ရာ ဖြစ်သည်၏အဖြစ်ကြောင့် **ကာမာဝစရ**လည်း မည်၏။ နာမ်တရားတို့သည် အာရုံ ယူကုန်သကဲ့သို့ တစုံတခုသော အာရုံကိုမျှ မယူ တတ် မယူနိုင်ရကား ယူအပ်သောအာရုံ မရှိသည်၏ အဖြစ်ကြောင့် **အနာ-ရမ္မဏ**လည်း မည်၏။ ကာမာဝစရကုသိုလ် စသော ပဟာယက တရားတို့သည် တဒင်္ဂစသည်တို့၏ အစွမ်းဖြင့် ပယ်အပ်သည်၏ အဖြစ် စသည်မရှိသော ကြောင့် **အပဟာတဗ္ဗ**လည်း မည်၏။ ကုသိုလ်, အကုသိုလ် အဖြစ်မှ အခြား တပါးသော အဖြစ်ဖြင့် ဟောအပ်သည်၏ အဖြစ်ကြောင့် **အဗျာကတ,** သံယောဇဉ်တို့၏ အာရုံဖြစ်၍ **သံယောဇနိယ** စသည်လည်း မည်၏။ ဤသို့ အဟေတုကအဖြစ် သပ္ပစ္စယအဖြစ်စသော သာမညအားဖြင့် ရုပ်သည် တပါး သော အတိုင်းသာရှိသည်ဟု မှတ်လေ။

### အဇ္ဈတ္တိက ဗာဟိရ ဒုကနည်း

ထိုသာမညအားဖြင့် တပါးအတိုင်းသာ ရှိသော ရုပ်သည် ဝိသေသအား ဖြင့် အဇ္ဈတ္တိကရုပ် ဗာဟိရရုပ်အားဖြင့် နှစ်ပါးပြား၏။ ထိုတွင် ပသာဒရုပ် ၅-ခုသည် ခန္ဓာပဉ္စက ဟူသော အတ္တကို စွဲမှီရာ အကြောင်းပြု၍ ထိုအတ္တ၏ အကျိုး၏ အဖြစ်ဖြင့် ဖြစ်ဘိသောကြောင့် **အဇ္ဈတ္တိက** ရုပ်မည်၏။ ယင်းသို့ အတ္တကို မှီရာ အကြောင်းပြု၍ ဖြစ်သောကြောင့် အဇ္ဈတ္တိက မည်သည် ဟူခဲ့သော် ဤရုပ် ၅-ခုတို့သာ အတ္တကို အကြောင်းပြု၍ ဖြစ်သည် မဟုတ်၊ တပါးသော တရားတို့သည်လည်း ဖြစ်ကုန်၏။ ထိုသို့လျက် တပါးသော တရားတို့ကို အဇ္ဈတ္တိကဟု မဆိုဘဲ အဘယ်ကြောင့် ယင်းတို့ကိုသာ အဇ္ဈတ္တိက ဟု ဆိုလေသနည်းဟူမူ၊ အတ္တကို မှီရာအကြောင်းပြု၍ ဖြစ်သော တပါးသော တရားတို့ ရှိသော်လည်း အဇ္ဈတ္တိက ဟူသော နာမပညတ်သည် တပါးသော တရားတို့၌မထင်၊ ဤပသာဒရုပ် ၅-ခု၌သာ ထင်သောကြောင့် အထင်ရူဠှီ အားဖြင့် ဤ ၅-ပါးကိုသာ အဇ္ဈတ္တိက ဆိုရသည် ဟူလေ။

တနည်းလည်း....''အကယ်၍ ပသာဒဟူသော ငါတို့ မဖြစ်ကုန်သည် ဖြစ်အံ့၊ ခန္ဓာပဉ္စက ဟူသော သင်အတ္တသည် သစ်ငုတ် သစ်တုံးလျှင် နှိုင်းနှုန်း ပုံပြုရန် ရှိသည်ဖြစ်၍ အသုံးမဝင် လူစဉ်မမှီ လူရုပ်မပြီသည် ဖြစ်ရလိမ့်သတည်း ဟု ဆိုသကဲ့သို့ဖြစ်၍ ထိုအတ္တအား အလွန်အကျိုး ကျေးဇူးပြုတတ်သော

ကြောင့် အတိသယ နည်းအားဖြင့် ယင်း ၅-ပါးသာ အဇ္ဈတ္တိက မည်သည် ဟူလေ။ တနည်းလည်း အာရုံကို သိတတ်သောကြောင့် အတ္တမည်သော ပဉ္စဒွါရိက စိတ်ကိုစွဲ၍ ထိုပဉ္စဒွါရိကစိတ်၏ ဖြစ်ကြောင်း၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အဇ္ဈတ္တိက မည်၏။ ထိုပသာဒရုပ်မှ တပါးသော ရုပ် ၂၃-ခုသည် ပသာဒရုပ်လောက် အတ္တဘောအား ကျေးဇူးမများသော ကြောင့် ထိုအတ္တမှ ပြင်ပ၌ ဖြစ်သကဲ့သို့ ဖြစ်၍ **ဗာဟိရ** မည်၏။

## ဝတ္ထု ဒွါရ ဒုကနည်း

**တနည်း**....ဝတ္ထုရုပ် အဝတ္ထုရုပ်အားဖြင့် နှစ်ပါးပြား၏။ ထိုတွင် ပသာဒ ရုပ်၅-ခုသည် အစဉ်အတိုင်း စက္ခုဝိညာဏဓာတ် စသော ပဉ္စဝိညာဏဓာတ်၏ မှီရာ ဖြစ်၍၊ ဟဒယရုပ်သည် မနောဓာတ် မနောဝိညာဏဓာတ် နှစ်ပါး၏ မှီရာ ဖြစ်၍ ဤရုပ် ၆-ခုသည် **ဝတ္ထု**ရုပ် မည်၏။ ဤရုပ် ၆-ခုမှ ကြွင်းသောရုပ် ၂၂-ခုသည် ဝိညာဏဓာတ် ၇-ပါးတွင် တပါးမျှ၏လည်း မှီရာမဟုတ်သော ကြောင့် **အဝတ္ထု**ရုပ် မည်၏။

**တနည်း**....ဒွါရရုပ် အဒွါရရုပ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ပသာဒရုပ် ၅-ခု ဝိညတ်ရုပ် နှစ်ခု အားဖြင့် ဤရုပ် ၇-ခုသည် **ဒွါရ**ရုပ် မည်၏။ အဘယ်ကြောင့် ဒွါရ မည်သနည်းဟူမူ၊ ထို ၇-ခုတွင် ပသာဒ ၅-ခုသည် အစဉ်အတိုင်း စက္ခုဝိညာဏ် စသည်တို့၏ ဖြစ်ခြင်း၏ အကြောင်း, ဝိညတ် ၂-ခုမှာ ကာယကံ ဝစီကံတို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်၍ ဒွါရ မည်သည် ဟူလေ။ ဤရုပ် ၇-ခုမှ တပါးသော ၂၁-ခုသည် ယင်းတို့၏ ဖြစ်ကြောင်း မဟုတ်သောကြောင့် **အဒွါရ**ရုပ် မည်၏။

## ဣန္ဒြိယ အနိန္ဒြိယ ဒုကနည်း

**တနည်း**....ဣန္ဒြိယရုပ် အနိန္ဒြိယရုပ် အားဖြင့် နှစ်ပါး အပြားရှိ၏။ ထိုတွင် ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် အားဖြင့် ဤရုပ် ရှစ်ခုသည် **ဣန္ဒြိယ**ရုပ်မည်၏။ အဘယ်ကြောင့် ဣန္ဒြိယ မည်သနည်းဟူမူ၊ ဤရုပ် ရှစ်ခု တွင် ပသာဒရုပ် ၅-ခုသည် အစဉ်အတိုင်း စက္ခုဝိညာဏ် စသည်တို့ မှီရာ ဖြစ်၍ မိမိတို့ ထက်သည်၏ အဖြစ်ဖြင့် ထိုပဉ္စဝိညာဏ်တို့ကို ထက်သည်၏ အဖြစ်သို့ ရောက်စေတတ်၊ မိမိတို့ နုန့်သည်၏ အဖြစ်ဖြင့် ယင်းတို့ကို နုန့်သည် ၏ အဖြစ်သို့ ရောက်စေတတ်ရကား ထိုပဉ္စဝိညာဏ်တို့၌ အစိုးရသည်၏ အဖြစ်ကြောင့် ဣန္ဒြိယ မည်၏။

ဣတ္ထိလိင်္ဂ, နိမိတ္တ, ကုတ္တာကပ္ပ၊ ပုရိသလိင်္ဂ, နိမိတ္တ, ကုတ္တာကပ္ပတို့သည် အကြင် အကြင် မိမိတို့ ဥစ္စာဖြစ်သော ကံ စသော အကြောင်းကြောင့် ဖြစ်သော်သည်း များသောအားဖြင့် ဘာဝရုပ်ရှိသော မိန်းမ ယောကျ်ား တို့၏ သန္တာန်၌သာလျှင် လက်ခြေသေးသွယ်ခြင်း ကြီးခြင်း အခြင်းအရာ အစရှိသော ထိုထိုအခြင်းအရာအားဖြင့် ဖြစ်တတ်သောကြောင့် ဣတ္ထိဘာဝ သည် ဣတ္ထိလိင်္ဂ စသည်တို့၌၊ ပုရိသဘာဝသည် ပုရိသလိင်္ဂ စသည်တို့၌ အစိုးရ သည်၏ အဖြစ်နှင့် ယှဉ်သောကြောင့် ဣန္ဒြိယ မည်၏။

ကမ္မဇရုပ်တို့၏ မိမိတို့ တည်ထိုက်သော ခဏငယ် ၄၉-ချက် ကာလတို့၌ တည်ခြင်း၏ ဇီဝိတိန္ဒြေနှင့် စပ်သည်၏အဖြစ်ကြောင့် ဇီဝိတရုပ်သည် ကမ္မဇရုပ် တို့ကို စောင့်ခြင်းကြောင့် အစိုးရသည်၏ အဖြစ်နှင့် ယှဉ်ရကား ဣန္ဒြိယ မည် ၏။ ကမ္မဇရုပ်တို့အား ခဏငယ် ၄၉-ချက် ခဏတို့၌ တည်ခြင်း၏ အကြောင်း ဖြစ်သော ဇီဝိတနှင့်ကင်း၍ တည်ခြင်း မဖြစ်ခဲ့သော် ဇီဝိတလည်း ကမ္မဇ ရုပ်ပင် ဖြစ်ရကား တည်ကြောင်းနှင့် မကင်းရာ၊ ထိုဇီဝိတ၏ တည်ကြောင်း ကား အဘယ်နည်းဟူမူ.... ထိုဇီဝိတသည်လည်း တည်ကြောင်းနှင့် ကင်း၍ မဖြစ်၊ မိမိသည် ခဏ၌ ထားအပ်သော ကမ္မဇရုပ်တို့နှင့် စပ်သဖြင့်သာ တည် သည်ဟူလေ။ လှေသူကြီးသည် လှေကို စောင့်သကဲ့သို့ မိမိလည်း မိမိ စောင့်အပ်သော လှေဖြင့် ထိုမှာဘက်ကမ်းသို့ ရောက်သကဲ့သို့တည်း။ လှေ နှင့် ကမ္မဇရုပ် တူ၏၊ လှေသူကြီးနှင့် ဇီဝိတိန္ဒြေတူ၏၊ ကွဲပေါက် မျောမြုပ် ပျောက်ပျက်မရှိရအောင် လှေကို လှေသူကြီး စောင့်သကဲ့သို့ ကမ္မဇရုပ်ကို ဇီဝိတိန္ဒြေ စောင့်သည်၊ လှေသူကြီးကို နစ်မွန်းမရှိ ကမ်းသို့ရောက်အောင် လှေစောင့်သကဲ့သို့ ဇီဝိတကို ကမ္မဇရုပ် စောင့်သည်။

## ဩဠာရိက သန္တိကေ သပ္ပဋိဃ ဒုကနည်း

ဩဠာရိကရုပ် သုခုမရုပ်အားဖြင့်လည်း နှစ်ပါးအပြားရှိ၏။ ထိုတွင် ပသာဒရုပ် ၅-ခု ဝိသယရုပ် ၇-ခုအားဖြင့် ၁၂-ပါးသော ရုပ်သည် **ဩဠာရိက** ရုပ်မည်၏။ ထိုရုပ် ၁၂-ခုသည် အဘယ်ကြောင့် ဩဠာရိက မည်သနည်းဟူမူ ရုန့်ရင်းကြမ်းတန်း ထူထဲသောကြောင့် ဩဠာရိက မည်သည်ဟူလေ။အဘယ် ကြောင့်ကား ရုန့်ရင်းကြမ်းတန်း ထူထဲသနည်းဟူမူ....ရှေးရှုတော်ခြင်း-ဟူ သော ထိခိုက်ခြင်း၏ အစွမ်းဖြင့် ဉာဏ်ဖြင့် ယူအပ် ယူနိုင် သိအပ်သိနိုင်သော ကြောင့် ရုန့်ရင်းကြမ်းတန်း ထူထဲသည်ဟူလေ။အဘယ်ကြောင့်ကား ထိခိုက်

သနည်းဟူမူ....စက္ခု သောတ စသည်၏ ဝတ္ထုဖြစ်သည်၏ အဖြစ် ရူပ သဒ္ဒ စသည်၏ အာရုံဖြစ်သည်၏ အဖြစ်ကြောင့် ထိခိုက်သည် ဟူလေ။

သြဠာရိကန္တိ ဝတ္ထာရမ္မဏဘူတတ္တာ သံဃဋ္ဋနဝသေန ဂဟေတဗ္ဗ-တော ထူလံ။ (အဋ္ဌသာလိနီ- ၃၇၃)

ဝါ၊အဘယ်၏ အစွမ်းဖြင့် ရုန့်ရင်းကြမ်းတန်း ထူထဲသနည်းဟူမူ၊ ရူပါရုံ စသည်တို့သည် စက္ခုစသည်တို့၏ ဖြစ်ရာ ကျက်စားရာ ဖြစ်၍ ရူပါရုံစသည် တို့၏ ဖြစ်ရာ ကျက်စားရာ၏ အဖြစ်သို့၊ စက္ခုစသည်တို့သည် ရူပါရုံစသည် လျှင် ဖြစ်ရာ ကျက်စားရာ ရှိသည်ဖြစ်၍ စက္ခုစသည်တို့၏ ဖြစ်ရာ ကျက်စား ရာ ရှိသည်၏ အဖြစ်, အဘိမုခီဘူတဃဋ္ဋနအဖြစ်သို့ ရောက်သည်၏ အစွမ်း ဖြင့် ရုန့်ရင်းထူထဲသည် ဟူလေ။

ဝိသယဝိသယီဘာဝါပတ္တိဝသေန ထူလတ္တာ သြဠာရိကရူပံ။ (ဋီကာ ကျော်-၂၀၄။)

အာပေါ, ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ, ဟဒယရုပ်, ဇီဝိတရုပ်, အာဟာရရုပ်, ပရိစ္ဆေဒရုပ်, ကာယဝိညတ်, ဝစီဝိညတ်, ရူပဿလဟုတာ, ရူပဿမုဒုတာ, ရူပဿကမ္မညတာ, ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ အားဖြင့် ဤရုပ် ၁၆-ခုသည် သြဠာရိက အဖြစ်ဟူသော သဘောမရှိသောကြောင့် **သုခုမ** မည်၏။ ပရမတ္ထ သဘာဝဓမ္မဖြစ်၍ တပါးထက် တပါး ကြမ်းတန်းကောင်း သိမ်မွေ့ကောင်းတော့သည် မဟုတ်၊ ဉာဏ်ဖြင့် သိလွယ်သည် သိခက်သည်ကို စွဲ၍သာ သြဠာရိက သုခုမ ဆိုရသည်။

သန္တိကေရုပ် ဒူရေရုပ် ဟူ၍လည်း နှစ်ပါး အပြားရှိသည်။ ထိုတွင် ယခင်ရုပ် ၁၂-ခုသည်ပင် **သန္တိကေ** မည်၏။ ဤရုပ် ၁၂-ခုသည် တည်ရာ အားဖြင့် အနီး၌ တည်၍သာ သန္တိကေ မည်သည်၊ အဝေး၌တည်သော် သန္တိကေ မမည် မှတ်ရအံ့လောဟူမူ....အနီး၌ တည်မှသာမဟုတ်၊ အဝေး ၌ပင် တည်သော်လည်း သန္တိကေ မည်ပါ၏ ဟူလေ။ အဝေး၌ တည်လျက် လည်း အဘယ်ကြောင့် သန္တိကေ မည်သနည်းဟူမူ....နီးသည် ဖြစ်စေ ဝေး သည် ဖြစ်စေ တည်ရာအားဖြင့် နီးသည်၏အဖြစ် ဝေးသည်၏အဖြစ်သည် ပမာဏမဟုတ်၊ ပညာစက္ခုဖြင့် ရှုသော ပုဂ္ဂိုလ်၏ဉာဏ်အား နီးသောကြောင့် သန္တိကေ မည်သည် ဟူလေ။ အဘယ်ကြောင့် ဉာဏ်အား နီးသနည်းဟူမူ.... သိလွယ်သောကြောင့် သိလွယ်သည်၏ အဖြစ်ဖြင့် နီးသည် ဟူလေ။ပရမတ္ထ၏

အဖြစ် ရုပ်၏အဖြစ်ဖြင့် အာပေါ စသည်တို့နှင့်အတူ ဖြစ်ပါလျက် ဤရုပ် ၁၂-ခုကို အဘယ်ကြောင့် သိလွယ်ရသနည်းဟူမူ၊ အာရုံပသာဒတို့၏ ရေးရှူ တော်ခြင်း ဟူသော အဘိမုခီဘူတဃဋ္ဋန၏ အစွမ်းဖြင့် ဉာဏ်ဖြင့် ယူနိုင် သိနိုင်သည်၏ အဖြစ်ကြောင့် သိလွယ်သည် ဟူလေ။ ယခင်ရုပ် ၁၆-ခုသည် ထိခိုက်သည်၏ အစွမ်းဖြင့် မယူအပ်သည်၏ အဖြစ်ကြောင့် သိနိုင်ခဲသည်၏ အဖြစ်ဖြင့် အနီး၌ပင် တည်သော်လည်း ဒူရေ မည်၏။

သပ္ပဋိဃရုပ် အပ္ပဋိဃရုပ် အားဖြင့်လည်း နှစ်ပါး အပြားရှိ၏။ ထိုတွင် ယခင် ၁၂-ခုသော ရုပ်သည်ပင် အချင်းချင်း ရေးရှူတော်သည်၏ အဖြစ် ဟူသော ထိပါးခြင်းနှင့်တကွ ဖြစ်သည်၏ အဖြစ်ကြောင့် **သပ္ပဋိဃ** မည်၏။ ဝါ၊ အားကြီးသော သူနှစ်ယောက်တို့၏ အချင်းချင်း ပုတ်ခတ်သည်နှင့် တူသော အာရုံပသာဒတို့၏ အချင်းချင်း ရေးရှူတော်သည်၏ အဖြစ်ဟူသော ထိပါးခြင်း ရှိသောကြောင့် သပ္ပဋိဃမည်၏။ ယခင် သုခုမရုပ် ၁၆-ခုသည် ပင် တစုံတရာ ထိခိုက်ခြင်းမရှိသောကြောင့် **အပ္ပဋိဃရုပ်** မည်၏။

## ဥပါဒိန္န သနိဒဿန ဒုကနည်း။

ဥပါဒိန္နရုပ် အနုပါဒိန္နရုပ် အားဖြင့်လည်း နှစ်ပါး အပြားရှိ၏။ ထိုတွင် ကမ္မဇကောန် ၉-ခု၊ ၎င်းအနေကန် ၉-ခုအားဖြင့် ဤရုပ် ၁၀-ခုသည် **ဥပါဒိန္န** မည်၏။ အဘယ်ကြောင့် ဥပါဒိန္န မည်သနည်းဟူမူ....တဏှာ ဒိဋ္ဌိတို့သည် အာရုံပြုသော အားဖြင့် ကပ်အပ်သော တဏှာဒိဋ္ဌိတို့၏ အာရုံဖြစ်သော ကံသည် မိမိ၏ အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္န မည်သည် ဟူလေ။ သဒ္ဒရုပ်တခု ဝိညတ်ရုပ် နှစ်ခု ဝိကာရရုပ် ၃-ခု လက္ခဏာရုပ် ၄-ခု အားဖြင့် ဤရုပ် ၁၀-ခုသည် တဏှာ ဒိဋ္ဌိတို့သည် အာရုံပြုသောအားဖြင့် ကပ်အပ်သော ပဋ္ဌဝေါကာရ ကုသိုလ်ကံသည် မိမိ၏ အကျိုး၏ အဖြစ်ဖြင့် မယူအပ်သောကြောင့် **အနုပါဒိန္န** မည်၏။ ဥပါဒိန္နရုပ်အရ၌ ကောက်ယူ အပ်သော အနေကန် ၉-ခုကို မယူဘဲ၊ မယူအပ်သည်ကိုသာ ယူသောအားဖြင့် ၁၀-ခု ဟူသည် ကံမှတပါးသော စိတ်, ဥတု, အာဟာရကြောင့် ဖြစ်ခိုက်သော် ၎င်းအနေကန် ၉-ခုနှင့်တကွ ယူသော် ၁၉-ခု ဟူသင့်၏။

သနိဒဿနရုပ် အနိဒဿနရုပ် အားဖြင့်လည်း နှစ်ပါးအပြားရှိ၏။ ထို တွင် ရူပါရုံသည် **သနိဒဿန**ရုပ် မည်၏။ ဤရူပါရုံသည် အဘယ်ကြောင့် သနိဒဿန မည်သနည်းဟူမူ....စက္ခုဝိညာဏ်၏ ကျက်စားရာ အာရုံ၏ အဖြစ်

ဟူသော စက္ခုဝိညာဏ်ဖြင့် မြင်အပ်သည်၏ အဖြစ်နှင့်တကွ ဖြစ်သောကြောင့် သနိဒဿန မည်သည်ဟူလေ။ စက္ခုဝိညာဏ်ဖြင့် မြင်အပ်သည်၏ အဖြစ်ဟူသည် ရူပါရုံမှ သီးခြားတပါးမဟုတ် ရူပါရုံပင် ဖြစ်သော်လည်း ရူပါရုံကို တပါးသော တရားဘို့မှ အထူးပြုခြင်းငှါ အသီးအခြား တပါးကဲ့သို့ ပြု၍ ရူပါရုံကို စက္ခုဝိညာဏ်ဖြင့် မြင်အပ်သည်၏ အဖြစ်နှင့်တကွ ဖြစ်သောကြောင့် သနိဒဿန မည်၏ဟု ဆိုရလေသည်။ ရူပါရုံမှ တပါးသော ရုပ် ၂၇ ခုသည် စက္ခုဝိညာဏ်ဖြင့် မြင်အပ်သည်၏ အဖြစ် မရှိသောကြောင့် **အနိဒဿန** မည်၏။

## အသမ္ဗတ္တ သမ္ဗတ္တ ဂေါစရဂ္ဂါဟက ဒုကနည်း

ဂေါစရဂ္ဂါဟကရုပ်[၁] အဂေါစရဂ္ဂါဟကရုပ် အားဖြင့်လည်း နှစ်ပါး အပြားရှိ၏။ ထိုတွင် ပသာဒရုပ် ၅-ခုသည် မိမိတို့သည် စင်စစ်ပင် အာရုံကို မယူတတ် မယူနိုင်သော်လည်း အာရုံကို ယူတတ်သော ပဉ္စဝိညာဏ်၏ အစဉ်အတိုင်း မှီရာဖြစ်၍ အာရုံကို ယူတတ်သည် ဟူ၍ပင် ဆိုရကား၊ အာရုံကို ယူတတ်သည်၏ အဖြစ်ကြောင့် **ဂေါစရဂ္ဂါဟက**ရုပ် မည်၏။ ထို ၅-ပါးတွင် စက္ခု သောတ နှစ်ပါးတို့သည် ရူပါရုံ သဒ္ဒါရုံတို့ကို မရောက် အပ်ကုန်သည် ဖြစ်၍ မိမိဟူသော စက္ခု သောတသို့ မရောက်သော အာရုံ၏ အစွမ်းဖြင့် အာရုံကို ယူကုန်သည်။ တနည်း မိမိဟူသော စက္ခု သောတသည် ရူပါရုံ သဒ္ဒါရုံဘို့ကို မရောက်အပ်ကုန်သည်ဖြစ်၍သာလျှင် မိမိသည် ရူပါရုံ သဒ္ဒါရုံ တို့၏ တည်ရာအရပ်သို့ မရောက်သည်၏ အစွမ်းဖြင့် အာရုံကို ယူကုန်သည်။ (ဋီကာကျော်-၂၀၅။) အာရုံလည်း မိမိသို့မရောက်၊ မိမိလည်း အာရုံသို့ မရောက်မူ၍ အာရုံကို ယူတတ်သောကြောင့် စက္ခု သောတ နှစ်ပါးသည် အသမ္ဗတ္တဂေါစရဂ္ဂါဟက မည်သည်။ ဃာန, ဇိဝှါ, ကာယတို့မူကား အာရုံလည်း မိမိသို့ ရောက်၍ မိမိလည်း အာရုံသို့ ရောက်၍ အာရုံကို ယူတတ်သောကြောင့် သမ္ဗတ္တဂေါစရဂ္ဂါဟကမည်ကုန်သည် ဟူလို။

[ပသာဒ,အာရုံတို့သည် မဟာဘုတ်ကို မှီကုန်သည်ချည်း ဖြစ်ရကား ထိုမဟာဘုတ်လျှင် မှီရာရှိသော ပသာဒ, အာရုံတို့၏ ရောက် မရောက်ကို ဆိုသဖြင့် မှီရာ မဟာဘုတ်တို့၏ ရောက်မရောက်ကိုလည်း ယူ။]

**အဋ္ဌသာလိနီ** (၂၅၁)၌ကား၊ စက္ခု သောတတို့သည် မိမိတို့၏ မှီရာ မဟာဘုတ်သို့ မကပ်ငြိ မထိရောက်သော မဟာဘုတ်လျှင် မှီရာရှိသည်သာ

---

၁။ ဤ၌ ဂေါစရဂ္ဂါဟိက-စသည်ဖြင့် ဟ-၌ ဣ-အက္ခရာနှင့် ရှိတတ်၏ မသင့်။

ဖြစ်သော ရူပါရုံ သဒ္ဒါရုံ၌ စက္ခုဝိညာဏ် သောတဝိညာဏ်တို့ ဖြစ်ကြောင်း ဖြစ်သောကြောင့် အသမ္ပတ္တ ဂေါစရဂ္ဂါဟက မည်ကုန်၏။ ဃာန ဇိဝှါတို့သည် မိမိတို့ မှီရာ မဟာဘုတ်သို့ မှီရာမဟာဘုတ်၏ အစွမ်းဖြင့် ကပ်ငြိ ထိရောက်သည်သာဖြစ်သော ဂန္ဓာရုံ ရသာရုံ၌ ဃာနဝိညာဏ် ဇိဝှါဝိညာဏ်တို့ ဖြစ်ကြောင်း၊ ကာယသည်လည်း မိမိ၏မှီရာ မဟာဘုတ်သို့ ဖောဋ္ဌဗ္ဗဟူသည် ပထဝီ, တေဇော, ဝါယော ဘုတ် ၃-ပါးပင် ဖြစ်ရကား မိမိသည်ပင် ကပ်ငြိ ထိရောက်သည်သာ ဖြစ်သော ဖောဋ္ဌဗ္ဗာရုံ၌ ကာယဝိညာဏ်၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ထိုပသာဒ ၃-ခုတို့သည် သမ္ပတ္တဂေါစရဂ္ဂါဟက မည်ကုန်၏ ဟူ၍ မှီရာ မဟာဘုတ် ရောက် မရောက်ကိုပင် ပြဆိုတော်မူသည်။

## မဟာအဋ္ဌကထာဝါဒ

**မဟာအဋ္ဌကထာ၌ကား**....ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့်သာလျှင် အာရုံသည် ပသာဒသို့ ရောက်သည်ပင် မည်သည်။ ယူဇနာ ပေါင်း ၄၂၀၀၀-ထက်၌ တည်ကုန်သော နေဝန်း လဝန်းတို့၏ အဆင်း ရူပါရုံသည် သူ့ပြည်၌ တည်လျက် ကြည့်သော သူ၏ စက္ခုပသာဒကို အဘိမုခီဘူတ ဖြစ်၍ ထိခိုက်၏။ ထိုနေဝန်း လဝန်းတို့၏ အဆင်း ရူပါရုံသည် ယူဇနာ ၄၂၀၀၀-ဝေးကွာသော အရပ်၌ တည်၍ပင် ထင်ခြင်းသို့ရောက်သော်လည်း စက္ခုပသာဒသို့ ရောက်သည်ပင် မည်၏။ စက္ခုပသာဒသည် ထိုနေ လ တို့၏ အဆင်း ရူပါရုံသာလျှင် ကျက်စားရာ အာရုံရှိရကား ရောက်သော အာရုံရှိသည်သာ မည်သည်။ ဝေးစွာသော အရပ်၌ သစ်ပင်ကို ဖြတ်သောသူတို့၏ ဖြတ်သော ကိုယ်အမူအရာသည်ရင်း, ဝေးစွာသော အရပ်၌ အဝတ်ကို ဖွပ်သော ကုလားသည်တို့၏ ဖွပ်သော ကိုယ်အမူအရာသည်ရင်း, အဝေးကပင် ထင်မြင်၏၊ ဖြတ်သောအသံ ဖွပ်သောအသံမူကား ခတ်အဆင့်ဆင့်အားဖြင့် ထိုအသံကို နာသောသူ၏ သောတနှီးရာလာ၍ သောတကို ထိခိုက်၍ တဖြည်းဖြည်း မှတ်သား ပိုင်းခြားခြင်းသို့ ရောက်သည်ဟု ဆိုတော်မူ၏။ ဤ**မဟာအဋ္ဌကထာ** အလိုအားဖြင့် စက္ခု သောတတို့သည် သမ္ပတ္တဂေါစရဂ္ဂါဟကပင် မည်ကုန်သည် ဟူလို၏။

ထင်ခြင်းသို့ ရောက်သည်၏ အဖြစ်ကြောင့် အာရုံသည် ရောက်သည် မည်၏ဟု **မဟာအဋ္ဌကထာ** ဆိုအပ်သော်လည်း လဝန်း နေဝန်း တို့၏ အဆင်း

ရူပါရုံသည် စက္ခုသို့ မရောက်ဘဲ ယူဇနာ ၄၂၀၀၀-ဝေးကွာသော အရပ်၌ တည်၍သာလျှင် ထင်မြင်သည်။ သဒ္ဒါရုံသည်လည်း အကယ်၍ တဖြည်းဖြည်း လာသည်ဖြစ်အံ့၊ ဝေးစွာသော အရပ်၌ဖြစ်သော သဒ္ဒါရုံကို ကာလမြင့်ကြာမှ ကြားအပ်ခဲ့ရာသည်၊ ခတ်အဆက်ဆက်ထိစပ်သော အားဖြင့် လာ၍ သောတကို ထိခိုက်သည် ဖြစ်ကလည်း ဤအသံသည် ဤမည်သော အရပ်၌ အသံတည်းဟု မထင်ရှားရာ၊ ထို့ကြောင့် စက္ခု သောတ နှစ်ပါးတို့သည် မရောက်သော အာရုံလျှင် အာရုံရှိကုန်သည်သာဟု အဋ္ဌသာလိနီ (၃၅၁) ၌ ဆိုသည်။

## ဝိဘာဝိနီဋီကာဝါဒ

ဋီကာကျော် (၂၀၅)ဝယ် သာဓက ပြုလုပ် ထုတ်ပြအပ်သော ဂါထာ တို့၌ အဓိပ္ပါယ်ကို ပြဆိုဦးအံ့....စက္ခုသည် ဖလ် မှန် စသည်တို့ ခြားဆီးအပ် သော၊ ဖလ် မှန် စသည်တို့၏ အတွင်း ဖလ် မှန် စသည်တို့၏ တဖက်၌ တည်သောဝတ္ထု၏ အဆင်းကိုမြင်ရ၏။ ထိုသို့ မြင်ရာ၌ ဖလ်မှန် ခြားဆီး လျက် ဖြစ်၍ စက္ခုရှိရာ ရူပါရုံ မလာနိုင်၊ ရူပါရုံရှိရာလည်း စက္ခုမသွားနိုင်။

ရှည်လျား မြင့်မား ကျယ်ပြန့်သော တောင်သစ်ပင် စသည်တို့၏ လွန်ကဲကြီးမားသော အဆင်းကိုလည်း မြင်ရ၏။ ထိုသို့ မြင်ရာ၌ လွန်ကဲ ကြီးမားသော အာရုံဖြစ်၍ ရူပါရုံရှိရာ စက္ခုသွားကလည်း မနှံ့နိုင်ရာ၊ စက္ခု ရှိရာ ရူပါရုံလာကလည်း မဆံ့နိုင်ရာ။

ကောင်းကင်ပြင်ဝယ် တိမ်တိုက် တိမ်လွှာ ခြားကာလျက် တည်သော မိုးကြိုးသံ, မိုးခြိမ်းသံ, လိုဏ်ဂူ စသည်တို့၏ အတွင်း၌ တည်သော ရွတ်ဖတ် သရဇ္ဈာယ်သောအသံ, ဝမ်းရေ လက်ရေ ခြေရေသို့ဖြင့် ခြားဆီးအပ်သော ဝမ်းရေ စသည်ဘို့၏ အတွင်း၌ တည်သော ဝမ်းရုတ်သံ, လက်ဆစ် ခြေဆစ် တို့၏ ချိုးသော အခါ မြည်သံသည်လည်း သောတ၏ အာရုံဖြစ်၏။ ထိုသို့ ဖြစ်ရာ၌ တိမ်ဘိုက် လိုဏ်ဂူ ဝမ်းရေ စသည်တို့ကို ဖုံးကာ ခြားဆီးလျက် ဖြစ်၍ သောတရှိရာ သဒ္ဒါရုံမလာနိုင်၊ သဒ္ဒါရုံရှိရာလည်း သောတမသွားနိုင်။

ခေါင်းလောင်း ကျောက်စည် စသည်တို့၏ လွန်ကဲ ပြင်းထန် ကြီးမား သော အသံသည်လည်း သောတ၏ အာရုံ ဖြစ်၏၊ ထိုသို့ ဖြစ်ရာ၌ လွန်ကဲ

ကြီးမားသော အာရုံဖြစ်၍ သဒ္ဒါရုံရှိရာ သောတသွားကလည်း မပြန့်နှံ့နိုင်ရာ၊ သောတရှိရာ သဒ္ဒါရုံလာကလည်း မဆုံနိုင်ရာ၊ ဤသို့ ဖလ် မှန် စသည် တိမ် တိုက် လိုဏ်ဂူ စသည်တို့ ခြားဆီး ကာကွယ်သော ရူပါရုံ သဒ္ဒါရုံ လွန်ကဲ ကြီးမားသော တောင်စသည်တို့၏ အဆင်း ခေါင်းလောင်း စသည်တို့၏ အသံ ဟူသော ရူပါရုံ သဒ္ဒါရုံ၌ စက္ခုဝိညာဏ် သောတဝိညာဏ်တို့၏ အစဉ် အတိုင်း ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့် ပသာဒငါးပါးတွင် စက္ခု သောတနှစ်ပါးသည် အာရုံ ရှိရာ တည်ရာသို့လည်း မိမိမသွားမရောက်၊ မိမိ ရှိရာသို့လည်း အာရုံမလာ မရောက်သော အဝေး၌တည်သော အာရုံကို ယူတတ်သည်။

စက္ခုသည် ရူပါရုံကို မြင်သည်ဟူရာ, သဒ္ဒါရုံသည် သောတ၏ အာရုံဖြစ် သည်ဟူရာတို့၌ စက္ခု သောတသည် အနာရမ္မဏ တရားဖြစ်၍ စင်စစ်မမြင် မကြား အာရုံမဖြစ်ကောင်းသော်လည်း ညောင်စောင်း၌ တည်သောလူ ကြွေးကြော်သည်ကို ထိုလူ၏ တည်ရာ ညောင်စောင်း၌ တင်စား၍ ဌာန်ူ ပစာရအားဖြင့် ညောင်စောင်း ကြွေးကြော်သည် ဟူသကဲ့သို့ စက္ခု သောတတို့၌ မှီသော စက္ခုဝိညာဏ် သောတဝိညာဏ်တို့၏ မြင်ခြင်း ကြား ခြင်းကိစ္စကို ထိုဝိညာဏ်တို့၏ ဖြစ်ကြောင်း မှီရာ ပသာဒတို့၌ တင်စား၍ စက္ခုသည် ရူပါရုံကိုမြင်၏၊ သဒ္ဒါရုံသည် သောတ၏ အာရုံဖြစ်၏ ဟူလေသည်။

စက္ခု သောတသည် ရူပါရုံ သဒ္ဒါရုံရှိရာ ထိုထိုအရပ်သို့ သွားရောက် ပြန့်နှံ့၍ အာရုံကိုယူ၏ ဟူသော စကားကို တစုံတယောက်သော စေဒက ပုဂ္ဂိုလ်သည် ဆိုခဲ့အံ့၊ မယူဟူလေ။ အဘယ်ကြောင့် မယူသနည်းဟူမူ.... အကယ်၍ ထိုစေဒက ပုဂ္ဂိုလ်ဆိုသည်အတိုင်း စက္ခု သောတ နှစ်ပါးသည် ရူပါရုံ သဒ္ဒါရုံ ရှိရာ ထိုထိုအရပ်သို့ သွားရောက်ပြန့်နှံ့၍ အာရုံကို ယူသည် ဖြစ်အံ့၊ အဘိညာဏ်ကို ရသော ပုဂ္ဂိုလ်၏ မံသစက္ခု မံသသောတ၏ မြင် ကောင်း ကြားကောင်းသော အရာမဟုတ်သော ဝေးစွာသော အရပ်၌ တည်သော ရူပါရုံ သဒ္ဒါရုံ အလွန်သိမ်မွေ့ သေးငယ်သော ရူပါရုံ သဒ္ဒါရုံကို ဒိဗ္ဗစက္ခု ဒိဗ္ဗသောတ အဘိညာဏ်ဖြင့် မြင်လို ကြားလို၍ အဓိဋ္ဌာန်ခြင်းကို ပြီးစေသော ပုသောကာလ၌လည်း ပကတိသော မံသစက္ခု မံသသောတ၏ မြင်ကောင်း ကြားကောင်းသော အရာမဟုတ်သော ဝေးစွာသော အရပ်၌

တည်သောအာရုံ အလွန်သိမ်မွေ့သေးငယ်သော အာရုံဟူသော ထိုမြင်ခြင်း ကြားခြင်းငှါ အဓိဋ္ဌာန်အပ်သော ရူပါရုံ သဒ္ဒါရုံသည် ထိုစက္ခု သောတ၏ အာရုံဖြစ်ခဲ့ရာသည်၊ ဖြစ်ကားမဖြစ်၊ ထို့ကြောင့် စက္ခု သောတ နှစ်ပါး သည် အာရုံရှိရာ သွားရောက် ပြန့်နှံ့၍ အာရုံကို မယူသည်သာ ဟူလေ။

ပြဆိုအပ်သော အကြောင်းကြောင့် စက္ခု သောတ နှစ်ပါးသည် အာရုံရှိရာသို့ သွားရောက် ပြန့်နှံ့၍ အာရုံကို မယူသော် ရှိတန်စေ၊ ရူပါရုံ သဒ္ဒါရုံသည် မဟာဘုတ် အဆက်ဆက် အစဉ်အားဖြင့် စက္ခု သောတရှိရာ လာ၍ စက္ခု သောတနှင့် ပေါင်းဆုံ စပ်ရှက် တကွနက် တည်သည် ဖြစ်ခဲ့အံ့၊ စက္ခု သောတ နှစ်ပါးသည် မိမိသို့ ရောက်သော အာရုံကိုပင် ယူပါသည် မဟုတ်လော ဟူပြန်မူ.... ရောက်သော အာရုံကို ယူသည်မဟုတ်၊ မလာ မရောက်သော အာရုံကိုသာ ယူသည်ဟူလေ။ အဘယ်ကြောင့် မလာမရောက် သော အာရုံကိုသာ ယူသနည်း ဟူမူ။

အကယ်၍ စက္ခု သောတသည် လာရောက်သော အာရုံကို ယူသည် ယူခဲ့အံ့၊ ရူပါရုံသည် ကံ စသော အကြောင်း ၄-ပါးကြောင့် ဖြစ်သည်၊ သဒ္ဒါရုံ သည်လည်း စိတ် ဥတု ဟူသော အကြောင်း နှစ်ပါးကြောင့် ဖြစ်သည်။ ထိုဘွင် ကမ္မဇ စိတ္တဇ အာဟာရဇဖြစ်သော ရူပါရုံ၊ စိတ္တဇ ဖြစ်သော သဒ္ဒါရုံသည် ကိုယ်မှ ပြင်အပ အဒိန္ဒြိယဗဒ္ဓ ဗဟိဒ္ဓ၌ မဖြစ်ကောင်းရကား မိမိတို့ ဖြစ်ရာ ပုဂ္ဂိုလ်သန္တာန်မှ ဖဲခွါ၍ တပါးပုဂ္ဂိုလ်သန္တာန်၌ ဖြစ်သော စက္ခု သောတရှိရာ ဘုတ်အဆက်ဆက်အားဖြင့် ကူးရှက်၍ မလာနိုင်သော ကြောင့် ထိုကမ္မဇစိတ္တဇအာဟာရဇဖြစ်သော ရူပါရုံ၊ စိတ္တဇဖြစ်သော သဒ္ဒါရုံသည် စက္ခု သောတ၏ အာရုံမဖြစ်ရာ၊ ဥတုဇရူပါရုံ ဥတုဇသဒ္ဒါရုံသာ လျှင် စက္ခု သောတ၏ အာရုံ ဖြစ်ခဲ့ရာသည်၊ ယင်းသို့ ဥတုဇ ဖြစ်သော ရူပါရုံ သဒ္ဒါရုံသာ စက္ခု သောတ၏ အာရုံဖြစ်ခဲ့ကလည်း **ပဋ္ဌာန်းပါဠိတော်၌—**

ဥတုဇံ ရူပါယတနံ စက္ခုဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏပစ္စယေန ပစ္စယော။ ။ဥတုဇံ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ တံသမ္ပယုတ္တကာနဉ္စ ဓမ္မာနံ အာရမ္မဏ ပစ္စယေန ပစ္စယော——

ဟူ၍ ဥတုဇဖြစ်သော ရူပါရုံ သဒ္ဒါရုံ၏သာ စက္ခု သောတ၏ အာရုံ ဖြစ်ကြောင်းကို ဝိသေသအားဖြင့် ဖော်ပြ ဟောကြားတော်မူခဲ့ရာသည်၊ ဟောကား မဟောပါ။ "ရူပါယတနံ စက္ခုဝိညာဏဓာတုယာ။ပ။ ပစ္စယော။ သဒ္ဒါယတနံ သောတဝိညာဏဓာတုယာ။ပ။ ပစ္စယော" ဟူ၍ ထိုစက္ခု သောတ၏ အာရုံဖြစ်သော ရူပါရုံ သဒ္ဒါရုံတို့ကို ဒွိသမုဋ္ဌာန်ရူပါရုံ ရှိသမုဋ္ဌာန်သဒ္ဒါရုံတို့နှင့် ဆက်ဆံသော ရူပါယတန သဒ္ဒါယတန သာမညအားဖြင့်သာ ဟောတော်မူသည်။

ဤသို့ ဥတုဇဖြစ်သော ရူပါရုံ သဒ္ဒါရုံတို့၏သာ စက္ခု သောတ၏ အာရုံဖြစ်ကြောင်းကို ဝိသေသအားဖြင့် ဟောတော်မမူဘဲ၊ သာမညအား ဖြင့်သာ ရူပါရုံ သဒ္ဒါရုံတို့၏ စက္ခု သောတတို့၏ အာရုံဖြစ်ကြောင်းကို ဟောဘော်မူရကား၊ ဥတုဇဖြစ်သော ရူပါရုံသဒ္ဒါရုံသာ စက္ခုသောတ ၏ အာရုံ ဖြစ်သည်မဟုတ်၊ ကမ္မဇစိတ္တဇအာဟာရဇဖြစ်သော ရူပါရုံ၊ စိတ္တဇဖြစ်သော သဒ္ဒါရုံသည်လည်း စက္ခု သောတ၏ အာရုံဖြစ်သည်သာ ဖြစ်သောကြောင့် ကမ္မဇ စိတ္တဇ အာဟာရဇရူပါရုံ စိတ္တဇသဒ္ဒါရုံ ဟူကလည်း ကိုယ်မှ ပြင်ပ ဗဟိဒ္ဓ၌ မဖြစ်ကောင်းသောကြောင့် ထိုရူပါရုံ သဒ္ဒါရုံသည် မိမိတို့ ဖြစ်ရာ ပုဂ္ဂိုလ်သန္တာန်မှ ဖဲခွါ၍ တပါးပုဂ္ဂိုလ်သန္တာန်၌ ဖြစ်သော စက္ခု သောဘရှိရာ ဗဟိဒ္ဓဘုတ် အဆက်ဆက်အားဖြင့် ကူးဆက်၍ မလာ ရောက်နိုင်သည်သာ။ ထိုသို့ မလာမရောက်နိုင်သောကြောင့် စက္ခု သောတ နှစ်ပါးသည် မရောက်သော အာရုံကိုသာ ယူသည် ဟူလေ။

စက္ခု သောတ နှစ်ပါးသည် မလာမရောက်သော အဝေး၌ တည်သော အာရုံကိုသာယူသည် ဟူ၏၊ ထိုစက္ခု သောတနှစ်ပါးသည် မိမိနှင့် နီးသော အာရုံ ကိုသာ ယူသည်၊ ဝေးသော အာရုံကို မယူ ဟူခဲ့သော် အဘယ်အပြစ် ရှိသနည်း၊အပြစ်မရှိသော် နီးသော အာရုံကိုသာ ယူသည်၊ ဝေးသောအာရုံကို မယူ ယူကောင်းပါ၏ဘကား ဟူငြားအံ့၊ ထိုနှစ်ပါးတို့တွင် စက္ခုသည် မိမိနှင့် နီးသော အာရုံကိုသာ ယူသည်ရှိသော် စက္ခုသည် သသမ္ဘာရစက္ခုဖြစ်သော မျက်သုံး၏အဆင်းကိုရင်း, မျက်တောင်မွေး၏ အရင်းကိုရင်း မြင်ခဲ့ရာသည်၊ မြင်ကားမမြင်၊ သောတသည်လည်း မိမိနှင့် နီးသော အာရုံကိုသာ ယူသည် ရှိသော် ဤအသံသည် အရှေ့ အနောက် စသည်တွင် ဤမည်သော အရပ်

မျက်နှာ၌ ဖြစ်၏ ဟူ၍ အသံဖြစ်ရာ အရပ်မျက်နှာကို မှတ်နိုင်ခြင်းသည်ရင်း, ဤအသံသည် ဤမည်သော ဒေသ၌ ဖြစ်၏ဟူ၍ အသံဖြစ်ရာ ဒေသကို မှတ်နိုင်ခြင်းသည်ရင်း မဖြစ်ရာ။ သမင်စသော သားကောင်၏ မြည်သံကို ကြား၍ သားကောင်ကို ပစ်သော သဒ္ဒဝေဓိလေးသမား မုဆိုး၏ မြွားသည် မိမိ၏ နားတွင်း၌ စူးခဲ့ရာသည်၊ ဤသို့သောအပြစ် ရှိသည်ဖြစ်၍ စက္ခု, သောတ နှစ်ပါးသည် နီးသောအာရုံကို ယူသည် မဟုတ်သင့်၊ ထိုကြောင့် ရင်းနှစ်ပါးသည် မရောက်သော အာရုံကိုသာယူသည် ဟူလို။ ထိုပသာဒရုပ် ၅-ခုမှ တပါးသော ရုပ် ၂၃-ခုတို့သည် အာရုံကို ယူခြင်းမရှိသောကြောင့် အဂေါစရဂ္ဂါဟကရုပ် မည်ကုန်၏။

### အဝိနိဗ္ဘောဂရုပ် ၈-ပါး

အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ် ဟူ၍လည်း နှစ်ပါးပင် ပြား၏။ ထိုတွင် မဟာဘုတ် ၄-ခု၊ ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ် အားဖြင့် ရှစ်ပါးသော ရုပ်သည် ဘုံ, ပုဂ္ဂိုလ်, ဣန္ဒြိယဗဒ္ဓ, အနိန္ဒြိယဗဒ္ဓရုပ် ဖြစ်ကောင်းသော အရာဟူသမျှတို့ဘွင် တစုံတခုသော အရာမျှ၌လည်း တရုံတဆစ်မျှ သီးခြား ကွဲပြား၍ ဖြစ်ခြင်း မရှိကောင်း၊အတူတကွ တပေါင်းတစည်း တစုတည်းသာ ဖြစ်သောကြောင့် **အဝိနိဗ္ဘောဂ**ရုပ် မည်၏။

ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ် ဟူသော ဤရုပ် ၃-ခုသည် ရူပါဝစရ ဗြဟ္မာဘုံ၌ မရှိဟူ၍ အယူတော်ရှိသော **မူလဋီကာဆရာ၏** (**မူလဋီကာ ဒုတိယတွဲ ၁၀၈-၉**) အလိုအားဖြင့် ရူပဘုံဝယ် ဂန္ဓ, ရသ, အာဟာရရုပ်တို့ မဖြစ်ကောင်း ရကား ဤရုပ် ၈-ပါးတွင်ပထဝီ, အာပေါ, တေဇော, ဝါယော, ရူပါရုံအားဖြင့် ၅-ပါးသောရုပ်သည်ရူပဘုံ၌ ဖြစ်သောအခါ ဂန္ဓ, ရသ, အာဟာရရုပ် ၃-ခုနှင့် အသီးအခြား ဖြစ်ပါသည် မဟုတ်လော၊ ထိုသို့ ဖြစ်ကလည်း ဤရုပ်ရှစ်ခုကို အဝိနိဗ္ဘောဂဟု မဆိုသင့်ရာတကားဟူမူ....မူလဋီကာဆရာ ပြဆိုသောဝါဒ၏ မသင့်ကြောင်းကို အနုဋီကာ (**ဒုတိယတွဲ ၁၃၉-၁၂၂**)၌ ပယ်ဖျက်ပြဆိုပြီးဖြစ်၍ ဆိုသင့်ပါ၏ ဟူလေ။ ဋီကာ ဆရာတို့ ပြဆိုသော စကားကို ရုပ်ကလာပ်တို့ ကို ပြဆိုသောအရာသို့ ရောက်မှ ပြဆိုမည်။ ဤရှစ်ပါးမှ ကြွင်းသော ရုပ် ၂၀-သည် အသီးအခြားစီ ကွဲပြား၍ ဖြစ်ကောင်းသောကြောင့် **ဝိနိဗ္ဘောဂ**ရုပ် မည်၏။

## ရူပသမုဋ္ဌာန် ၄-ပါး

### ကမ္မသမုဋ္ဌာန်

ကမ္မဇရုပ် စသည်တို့၏ သရုပ်အပြားကို ထိုရုပ်တို့၏ဖြစ်ကြောင်း စသည်နှင့်တကွပြအံ့၊ ထိုရုပ်တို့၏ ဖြစ်ကြောင်းတရားသည် ကံ, စိတ်, ဥတု, အာဟာရအားဖြင့် ၄-ပါး အပြားရှိ၏။ ထိုတွင် ကံဟူသည် အကုသိုလ်စိတ်၁၂-ခု, မဟာကုသိုလ်စိတ် ရှစ်ခု, ရူပကုသိုလ်စိတ် ၅-ခုအားဖြင့် စိတ် ၂၅-ခုတို့နှင့် ယှဉ်သော စေတနာစေတသိက်တည်း။

### စိတ္တသမုဋ္ဌာန်

စိတ်ဟူသည်ကား ဒွေး ပဉ္စဝိညာဏ် ၁၀, အရူပဝိပါက် ၄-ခုဟူသော စိတ် ၁၄-ခုမှ တပါးသောစိတ် ၇၅-ခုတည်း။ ထို ၇၅-ခုတွင် ဒေါသမူစိတ် ၂-ခု, မနောဓာတ် ၃-ခု, သုခသန္တီရဏတခု, ဟသိတုပ္ပါဒ်စိတ်တခု, ရူပဇော ၁၀, သောဘာပတ္တိမဂ်စိတ် တခုအားဖြင့် ဤစိတ် ၁၈-ခုတို့သည် အမြဲ ရုပ်ကို ဖြစ်စေတတ်ကုန်၏။ လောဘမူစိတ်ရှစ်ခု, မောဟမူစိတ် ၂-ခု, မနောဒွါရာဝဇ္ဇန်းတခု, မဟာကုသိုလ်စိတ် ရှစ်ခု, မဟာကြိယာစိတ် ရှစ်ခု, အရူပဇော ရှစ်ခု, အထက်မဂ်စိတ် ၃-ခု, ဖိုလ်စိတ် ၄-ခုအားဖြင့် ဤစိတ် ၄၂-ခုတို့သည် **ပဉ္စဝေါကာရ**ဘုံ၌ ဖြစ်ခိုက်သာ ရုပ်ကို ဖြစ်စေနိုင်ကုန်သည်၊ **စတုဝေါကာရ**ဘုံ၌ ဖြစ်ခိုက်သော်ကား ရုပ်ကို မဖြစ်စေနိုင်ကုန်။ ဥပေက္ခာသန္တီရဏစိတ် ၂-ခု, မဟာဝိပါက် ဉာဏဝိပ္ပယုတ်စိတ် ၄-ခု အားဖြင့် ဤစိတ် ၆-ခုတို့သည် ပဋိသန္ဓေကိစ္စ တပ်ခိုက် ရုပ်ကို မဖြစ်စေတတ်ကုန်၊ တဒါရုံကိစ္စ, ဘဝင်ကိစ္စ, စုတိကိစ္စ တပ်ခိုက်သာ ရုပ်ကို ဖြစ်စေနိုင်ကုန်သည်။ထိုစိတ် ၆-ခုတွင် သန္တီရဏ ၂-ခုမှာ သန္တီရဏကိစ္စ တပ်ခိုက်လည်း ရုပ်ကို ဖြစ်စေတတ်၏။ မဟာဝိပါက် ဉာဏသမ္ပယုတ် ၄-ခု, ရူပဝိပါက်စိတ် ၅-ခု ဤပဉ္စဝေါကာရတိဟိတ် ဝိပါက်စိတ် ၉-ခုတို့သည် ပဋိသန္ဓေကိစ္စ, ရဟန္တာတို့ စုတိကိစ္စ တပ်ခိုက် ရုပ်ကို မဖြစ်စေနိုင်ကုန်၊ ဘဝင်ကိစ္စ, ပုထုဇဉ်-သေက္ခတို့ စုတိကိစ္စတပ်ခိုက် ရုပ်ကို ဖြစ်စေတတ်ကုန်၏။ ထိုစိတ် ၉-ခုတွင် ကာမဝိပါက် ၄-ခုမှာ တဒါရုံကိစ္စ တပ်ခိုက်လည်း ရုပ်ကိုဖြစ်စေ၏။

ရုပ်ကို ဖြစ်စေတတ်သော စိတ်ကို ရေတွက် ပြဆိုရာ၌ အရူပဝိပါက် ၄-ခု, ဒွေးပဉ္စဝိညာဏ် ၁၀-အားဖြင့် ၁၄-ခုသော စိတ်တို့ကို ကြဉ်ထား၏။

အဘယ်ကြောင့်ကား ထိုစိတ် ၁၄-ခုတို့ကို ကြဉ်ထားအပ်လေသနည်းဟူမူ.... ရုပ်ကို မဖြစ်စေတတ်သောကြောင့် ကြဉ်ထားအပ်သည်ဟူလေ။ ထို စိတ် ၁၄-ခုတို့သည် ရုပ်ကို မဖြစ်စေတတ်ဟူ၏၊ ထို ၁၄-ခုတွင် အရူပဝိပါက် ၄-ခု သည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေတတ်သနည်းဟူမူ....ယင်း ဝိပါက်၏ အကြောင်းဖြစ်သော အရူပကုသိုလ်တို့သည် ရုပ်၏ ဆန့်ကျင်ဘက် ဖြစ် သောကြောင့် ထိုဝိပါက်တို့သည် ရုပ်ကို မဖြစ်စေတတ် ကုန်သည် ဟူလေ။ အရူပ ကုသိုလ်တို့သည် ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်သည်ဟူ၏၊ အဘယ် ကြောင့်ကား ထိုကုသိုလ်တို့သည် ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်လေကုန်သနည်း ဟူမူ....ရုပ်၌ တပ်နှစ်သက်ခြင်း ကင်းသော အာကာသော, အာကာသော အစရှိသည်ဖြင့် ဖြစ်သော ကာမာဝစရဘာဝနာ၏ အစွမ်းဖြင့် ဖြစ်သည်၏ အဖြစ်ကြောင့် ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်ကုန်သည် ဟူလေ။ အကြောင်း ဖြစ်သော အရူပကုသိုလ်သည် ရုပ်၏ ဆန့်ကျင်ဘက် ဖြစ်သောကြောင့်သာ ယင်း၏ အကျိုး အရူပဝိပါက်သည် ရုပ်ကို မဖြစ်စေနိုင်လေသလော ဟူမူ.... အရူပဘုံ၌သာ ဖြစ်၍ အခြားဘုံ၌ မဖြစ်ရကား ယင်း၏ ဖြစ်ရာဘုံသည် ရုပ်၏ ဖြစ်ရာဘုံ မဟုတ်သောကြောင့်လည်း ရုပ်ကို မဖြစ်စေနိုင်သည် ဟူလေ။

အရူပဝိပါက် ၄-ခုသာ မဟုတ်သေး၊ အရူပဘုံသည် ရုပ်၏ ဖြစ်ရာ မဟုတ်သောကြောင့်ပင် ထိုဘုံ၌ ဖြစ်ခိုက်သော လောဘမူစိတ် ရှစ်ခု, မောဟမူစိတ် ၂-ခု, မနောဒွါရာဝဇ္ဇန်း, ကာမသောဘဏဇော ၁၆-ခု, အရူပ ဇောရှစ်ခု, အထက်မဂ် ၃-ခု, ဖိုလ် ၄-ခုအားဖြင့် ၄၂-ပါးသော စိတ်တို့ သည်လည်း ရုပ်ကို မဖြစ်စေနိုင်ကုန်။ ဤစိတ် ၄၂-တို့သည် **စတုဝေါကာရ** ဘုံ၌ ဖြစ်ခိုက်သော ရုပ်ကို မဖြစ်စေနိုင်၍ **ပဥ္စဝေါကာရ**ဘုံ၌ ဖြစ်ခိုက်သော် ရုပ်ကို ဖြစ်စေတတ်ရကား၊ ရုပ်ကို ဖြစ်စေတတ်သော စိတ်ကို ရေတွက် ပြဆိုရာ၌ ယင်းတို့ကို မကြဉ်ဘဲ၊ အရူပဝိပါက် ၄-ခုသာ အရူပဘုံ၌ အမြဲ ဖြစ်၍ အမြဲရုပ်ကို မဖြစ်စေနိုင်သောကြောင့် ယင်းတို့ကိုသာ ကြဉ်သည်။ ဒွေးပဉ္စဝိညာဏ် ၁၀-တို့သည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်လေသနည်း ဟူမူ၊ ဝိတက် ဝိစာရ စသော စျာနင် တရားတို့သည် ရုပ်ကို ဖြစ်စေသော အရာ၌ ထူးသော အကြောင်းဖြစ်သည်။ ထိုရုပ်ကို ဖြစ်စေသော အရာ၌ ထူးသော အကြောင်းဖြစ်သော စျာနင်တို့နှင့် မယှဉ်ခြင်းကြောင့် မဖြစ်စေနိုင် သည် ဟူလေ။

## ပဋိသန္ဓေစုတိတို့ အသီးမကြဉ်သင့်ပုံ

ရုပ်ကို ဖြစ်စေရာ၌ စိတ် ၁၄-ခု တို့ကိုသာ ကြဉ်ထား၏၊ ပဋိသန္ဓေစိတ်, စုတိစိတ်တို့ကို အဘယ်ကြောင့် မကြဉ်သနည်း၊ ထိုပဋိသန္ဓေ, စုတိစိတ်တို့သည် ရုပ်ကို ဖြစ်စေတတ်သောကြောင့်ပင် ယင်းတို့ကို မကြဉ်လေသလော ဟူမူ၊ ပဋိသန္ဓေစိတ်, စုတိစိတ်သည် ဘဝင်စိတ်နှင့် ကိစ္စအစွမ်းဖြင့်ပင် မတူ ကွဲပြားသော်လည်း ဓမ္မတရားကိုယ်အားဖြင့် မကွဲပြားသောကြောင့် တခုယုတ် ၂၀-သော ဘဝင်စိတ်၏သာလျှင် အတွင်း၌ အကျုံးဝင်၍ တည်ရကား ဘဝင်စိတ်မှ အသီးအခြား စိတ်တပါး မဟုတ်ပြီဖြစ်၍ ထိုပဋိသန္ဓေစိတ်, စုတိစိတ်တို့ကို မကြဉ်လေသည် ဟူလေ။

၁၄-ခုသော စိတ်တို့သည် ရုပ်ကို ဖြစ်စေတတ်သော စိတ် ၇၅-ခုတို့၌ အကျုံးမဝင်သောကြောင့် ထိုစိတ် ၇၅-ခုတို့မှ သီးခြားတပါး ဖြစ်ရကား၊ ထိုစိတ် ၁၄-ခုတို့ကို ကြဉ်သကဲ့သို့ ဤပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ဘဝင်စိတ် ၁၉-ခု တို့၌သာလျှင် အကျုံးဝင်သောကြောင့် ထိုဘဝင်စိတ်မှ သီးခြားတပါး မဟုတ်ရကား ထိုပဋိသန္ဓေစိတ်, စုတိစိတ်တို့ကို ရုပ်ကို ဖြစ်စေသော စိတ်ကို ပြဆိုသော အရာ၌ မကြဉ်အပ်၊ အကယ်၍ စိတ် ၁၄-ခုတို့ကို ကြဉ်သကဲ့သို့၊ ဤပဋိသန္ဓေ, စုတိစိတ်တို့ကိုလည်း ကြဉ်သည်ဖြစ်အံ့၊ အရူပဝိပါက် ၄-ခု၊ ဒွေပဉ္စဝိညာဏ် ၁၀-အားဖြင့် စိတ် ၁၄-ခုတို့သည် စိတ် ၇၅-ခုမှ သီးခြားတပါး ဖြစ်ကုန်သကဲ့သို့၊ ထိုပဋိသန္ဓေစိတ်, စုတိစိတ်တို့သည် ၁၉-ခုသော ဘဝင်စိတ်မှ သီးခြားစိတ်တပါးပင် ဖြစ်ကုန်၏ ဟူ၍ တစုံတယောက်သောသူသည် မှတ်ထင်ရာသောကြောင့် အသီးမကြဉ်သည် ဟူလို။

ပဋိသန္ဓေစိတ် စုတိစိတ်ကို အကယ်၍ မကြဉ်ခဲ့အံ့၊ ဤသို့ မကြဉ်သည် ရှိသော် ဘဝင်စိတ် ၁၉-ခုတို့တွင် အရူပဘဝင် ၄-ခုကို ထား၍ ကြွင်းသော ကာမ, ရူပ, ဘဝင် ၁၅-ခုသည် ရုပ်ကို ဖြစ်စေသကဲ့သို့၊ ထိုအရူပ ပဋိသန္ဓေ, စုတိမှတပါးသော ကာမ, ရူပ, ပဋိသန္ဓေ, စုတိ စိတ်တို့သည် ပဋိသန္ဓေကိစ္စ, စုတိကိစ္စ တပ်သော်လည်း ထိုကာမ,ရူပ,ဘဝင်တို့၌ အကျုံးဝင်သောကြောင့် ထိုကာမရူပဘဝင်မှ သီးခြား စိတ်တပါး မဟုတ်ရကား၊ ကာမဘုံ, ရူပဘုံ တို့၏သည်း ရုပ်ဖြစ်ရာ ဘုံဖြစ်သောကြောင့် ရုပ်ကို ဖြစ်စေကုန်ခဲ့ရာ၏တကား၊

ဖြစ်စေကုန်၏ ဟူ၍ပင် မှတ်ရအံ့လော ဟူမူ၊ ထိုပဋိသန္ဓေ, စုတိစိတ်တို့သည် ရုပ်ကို မဖြစ်စေကုန်သည်သာ ဟူလေ။

### ပဋိသန္ဓေစိတ် ရုပ်မဖြစ်စေနိုင်ပုံ

ထိုပဋိသန္ဓေ, စုတိနှစ်ပါးတို့တွင် ပဋိသန္ဓေစိတ်သည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်းဟူမူ....ထိုပဋိသန္ဓေ စိတ်သည် မိမိနှင့် အတူဥပါဒ်သော, အားနည်းသော, ဟဒယဝတ္ထုရုပ်ကို မှီ၍ဖြစ်သောကြောင့် ရုပ်ကို မဖြစ်စေနိုင်သည် ဟူလေ။ အဘယ်ကြောင့်ကား ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ ဖြစ်သော, ယင်း၏မှီရာဖြစ်သော, ဟဒယဝတ္ထုရုပ်သည် အားနည်းရလေသနည်း ဟူမူ....ဥပါဒ်ဆဲဖြစ်သော မိမိဟူသော, ပုရေဇာတကာယဖြစ်သော, ဟဒယဝတ္ထုအား ကူညီထောက်ပံ့တတ်သည်ဖြစ်၍ ဖြစ်သော ပစ္ဆာဇာတ ပစ္စည်းမှ ကင်းသောကြောင့် အားနည်းသည် ဟူလေ။ အဘယ်ကြောင့်ကား ထိုဟဒယဝတ္ထုသည် မိမိအား ထောက်ပံ့မည့် ပစ္ဆာဇာတ ပစ္စည်းမှ ကင်းလေသနည်း ဟူမူ....မိမိဖြစ်ဆဲခဏ၌ မိမိနောက်ဝယ် ဖြစ်သော စိတ်စေတသိက်တို့ မရှိသောကြောင့် ပစ္ဆာဇာတ ပစ္စည်းမှ ကင်းသည် ဟူလေ။

ပဋိသန္ဓေစိတ်၏မှီရာ ဟဒယဝတ္ထုသည် ပစ္ဆာဇာတပစ္စည်းမှ ကင်းသောကြောင့် အားနည်းသည် ဟူ၏၊ ထိုဝတ္ထုသည် ပစ္ဆာဇာတပစ္စည်းမှ ကင်းသောကြောင့် သာလျှင် ဒုဗ္ဗလဖြစ်လေသလော ဟူမူ....ယင်းမှ ကင်းသောကြောင့်သာ ဒုဗ္ဗလဖြစ်သည် မဟုတ်၊ ကဗဠီကာရာဟာရဟူသော ဗာဟိရာဟာရ၏ အစွမ်းဖြင့် အာဟာရပစ္စည်း, အာဟာရတ္ထိပစ္စည်း, အာဟာရာဝိဂတ ပစ္စည်းတို့သည် မထောက်ပံ့အပ်သည်၏ အဖြစ်ကြောင့်လည်း ဒုဗ္ဗလဖြစ်သည် ဟူလေ။ အဘယ်ကြောင့် ကဗဠီကာရာဟာရသည် ထိုဟဒယဝတ္ထုအား မထောက်ပံ့အပ်လေသနည်း ဟူမူ....ထိုပဋိသန္ဓေ၏မှီရာ ဟဒယဝတ္ထုဖြစ်ဆဲအခါ မျိုအပ်သော ဗာဟိရာဟာရ၏ မရှိခြင်းကြောင့် မထောက်ပံ့အပ်သည် ဟူလေ။

ထိုဟဒယဝတ္ထု ဖြစ်ဆဲအခါ မျိုအပ်သော အာဟာရ၏ မရှိခြင်းကြောင့် ထိုဗာဟိရာဟာရသည် မထောက်ပံ့အပ်သည်ဖြစ်စေ၊ ယင်းသို့ပင် ဗာဟိရာဟာရ မထောက်ပံ့သော်လည်း၊ ထိုပဋိသန္ဓေ၏မှီရာ ဟဒယဝတ္ထုဖြစ်ဆဲအခါ အဇ္ဈတ္တာ

ဟာရသည် ဖြစ်သည်ရှိသည်သာ ဖြစ်ရကား၊ ထိုအဇ္ဈတ္တာဟာရသည် ထောက်ပံ့အပ်ရာပါသည် မဟုတ်လော ဟူမူ....မထောက်ပံ့အပ် ဟူလေ။ အဘယ်ကြောင့် မထောက်ပံ့လေသနည်း ဟူမူ.... အဇ္ဈတ္တာဟာရသည် ဗာဟိရာဟာရမှ အထောက်အပံ့ အကြောင်းကို ရသော်သာ ရုပ်ကို ဖြစ်စေခြင်းငှါ စွမ်းနိုင်ရကား၊ ထိုအခါ ဗာဟိရာဟာရမှ အထောက်အပံ့ အကြောင်းကို မရသောကြောင့် မထောက်ပံ့အပ် မထောက်ပံ့နိုင်သည် ဟူလေ။

ဗာဟိရာဟာရမှ အကြောင်းကို မရသော အဇ္ဈတ္တာဟာရသာ ရုပ်ကို မဖြစ်စေနိုင်သည် မဟုတ်သေး၊ စင်စစ်သော်ကား အဇ္ဈတ္တာဟာရမှ အကြောင်းကို မရသော ဗာဟိရာဟာရသည်လည်း ရုပ်ကို မဖြစ်စေနိုင်၊ အဇ္ဈတ္တာဟာရ ဗာဟိရာဟာရ အားဖြင့် နှစ်ပါး အပြားရှိသော အာဟာရသည် အကြင်အတိုင်းအားဖြင့် ရုပ်ကို ဖြစ်စေ၏၊ ထိုအတိုင်းအားဖြင့် သာလျှင် အာဟာရပစ္စည်း တပ်သည်လည်းဖြစ်၏။ အကြင်အတိုင်းအားဖြင့် အာဟာရပစ္စည်းတပ်၏၊ ထိုအတိုင်းအားဖြင့် သာလျှင် ထို ၂-ပါးသော အာဟာရသည် ရုပကာယကို ထောက်ပံ့တတ်သည်လည်း ဖြစ်၏။ ဤပဋိသန္ဓေ အခါ၌ကား အာဟာရသည် ရုပ်ကို မဖြစ်စေနိုင်၊ ထိုသို့ မဖြစ်စေနိုင်သောကြောင့် အာဟာရပစ္စည်းမတပ်၊ ထိုသို့ မတပ်သောကြောင့် ဟဒယဝတ္ထုဟူသော ရုပကာယကို မထောက်ပံ့နိုင်၊ ထိုသို့ မထောက်ပံ့နိုင်ရကား ထိုပဋိသန္ဓေစိတ်နှင့် အတူ ဥပါဒ်သော ယင်းစိတ်၏ မှီရာ ဟဒယဝတ္ထုရုပ်သည် ဗာဟိရာဟာရ၏ အစွမ်းဖြင့် အာဟာရပစ္စည်း စသည်တို့သည် မထောက်ပံ့အပ်သည်၏ အဖြစ်ကြောင့် အားနည်းသည် ဟူလို။

အဘယ်အခါ၌ အာဟာရသည် ရုပ်ကိုဖြစ်စေသနည်း ဟူမူ....ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါမှစ၍ တသတ္တာဟ နှစ်သတ္တာဟကို လွန်သောအခါ၌ ဖြစ်စေသည်ဟူလေ။ တသတ္တာဟ နှစ်သတ္တာဟကို လွန်သောအခါမှ အာဟာရသည် ရုပ်ကို ဖြစ်စေသော် ပဉ္စမဘဝင်အစရှိသော ထိုသတ္တာဟအတွင်း ဖြစ်သမျှစိတ်တို့သည် ဗာဟိရာဟာရ၏ အစွမ်းဖြင့်အာဟာရပစ္စည်း စသည်တို့သည် မထောက်ပံ့အပ်သည်ဖြစ်၍ အားနည်းသော ဟဒယဝတ္ထုကို မှီ၍ဖြစ်ကုန်ရကား၊ ထိုပဉ္စမဘဝင်စသော စိတ်တို့သည်လည်း ရုပ်ကိုမဖြစ်စေနိုင် ကုန်ခဲ့ရာတကား ဟူငြားအံ့၊ ထိုပဉ္စမဘဝင်စသော စိတ်တို့သည် ရုပ်ကို မဖြစ်စေနိုင်သည်မဟုတ်၊ ဖြစ်စေနိုင်သည်သာ ဟူလေ။

အဘယ်ကြောင့် ထိုပဥ္စမဘဝင်စသော စိတ်တို့သည် ရုပ်ကို ဖြစ်စေနိုင်လေသနည်းဟူမူ....အာဟာရပစ္စည်းတို့သည် မထောက်ပံ့အပ်သော်လည်း ပစ္ဆာဇာတပစ္စည်းကို ရသဖြင့်လည်း ပဥ္စမဘဝင်စိတ် စသည်တို့၏ မှီရာဝတ္ထုသည် အားရှိသောကြောင့် ထိုစိတ်တို့သည် ရုပ်ကို ဖြစ်စေနိုင်လေသည်ဟူလေ။ ဝတ္ထုရုပ် ဒုဗ္ဗလဖြစ်သော ဟူသည်လည်း ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲဝတ္ထုရုပ်သာမဟုတ်၊ ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲဝတ္ထုရုပ်ဟူသမျှပင် ဒုဗ္ဗလဖြစ်၏။ ဝတ္ထုရုပ်သာမဟုတ်သေး၊ ခပ်သိမ်းသော ရုပ်ဟူသမျှတို့ပင် မိမိတို့ ဥပါဒ်ခဏ၌ ဒုဗ္ဗလဖြစ်သည်ချည်းသာ၊ ထိုကြောင့် ပဝတ္တိအခါ၌ စိတ်တို့၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲ ဝတ္ထုတို့သည်လည်း မိမိနှင့် ဥပါဒ်ပြိုင်သော စိတ်၏ မှီရာမဖြစ် ဟုမှတ်။

ဤပဋိသန္ဓေစိတ်သည် ဒုဗ္ဗလဖြစ်သော ဝတ္ထုကိုမှီ၍ ဖြစ်သောကြောင့်သာ ရုပ်ကို မဖြစ်စေနိုင်သည်မဟုတ်၊ မရောက်ဘူးသေးသော အရပ်သို့ သွားရောက်စသာဖြစ်သော ဧည့်သည်ယောကျ်ားသည် သူတပါးတို့အား လာလှည့် ထမင်း, အဖျော်, နံ့သာ, ပန်း စသည်ကို ပေးမည်ဟု ဆိုခြင်းငှါ မစွမ်းနိုင်သကဲ့သို့၊ ဘဝသစ်၌ ဖြစ်စသာဖြစ်၍ အာဂန္တု ဧည့်သည်နှင့်တူသော ကြောင့်ရင်း, ကမ်းပါးပြတ်၌ ကျသော သူသည် မိမိပင် ထောက်ရာ တည်ရာကို မရသောကြောင့် သူတပါးတို့၏ မှီခိုရာ မဖြစ်သကဲ့သို့၊ ကံ၏အဟုန်သည် ဘဝသစ်၌ ပစ်ချအပ်သည်ဖြစ်၍ မိမိပင် ထောက်ရာ တည်ရာကို မရသေးသောကြောင့်ရင်း, ပဋိသန္ဓေစိတ်၏ မှီရာ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်တည်းဖြစ်၍ ပဋိသန္ဓေ စိတ်အား ဝတ္ထုပုရေဇာတပစ္စည်းဖြင့် ကျေးဇူးမပြုနိုင်ရကား ဝတ္ထုပုရေဇာတပစ္စည်းကို မရ၊၊ ဝတ္ထုပုရေဇာတပစ္စည်းမှ ချို့သောကြောင့်ရင်း, ပဋိသန္ဓေဥပါဒ်ခဏ၌ ဖြစ်ကုန်သော အမျှ ၃၀-သော ကမ္မဇရုပ်တို့သည် စိတ္တသမုဋ္ဌာန်ဖြစ်သော စိတ္တဇရုပ်တို့၏ အရာကိုယူ၍ တည်သောကြောင့်ရင်း ရုပ်ကို မဖြစ်စေနိုင်သည်။

စိတ်စေတသိက် တို့သည် အာဟာရပစ္စည်း ဣန္ဒြိယပစ္စည်း စသည်တို့၏ အစွမ်းဖြင့် အကြင်အခြင်းအရာ အကြောင်းတို့ဖြင့် စိတ္တသမုဋ္ဌာန် ရုပ်တို့အား ကျေးဇူးပြုကုန်၏၊ ထိုအခြင်းအရာ အကြောင်းတို့ဖြင့် ပဋိသန္ဓေအခါ စိတ်စေတသိက်တို့သည် ထို ၃၀-သော ကမ္မဇရုပ်တို့အား ထိုက်သည်အားလျော်စွာ

ကျေးဇူးပြုကုန်ရကား၊ ဤ၌ အမျှ ၃၀-သော ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်အရာကို ယူ၍ တည်ကုန်သည် ဟူရလေသည်။

## စုတိစိတ် ရုပ်မဖြစ်စေနိုင်ပုံ

စုတိစိတ်မှာ ရဟန္တာဘို့၏ သန္တာန်၌ ဖြစ်သော ပဥ္စဝေါကာရစုတိဟိတ်စုတိ ၉-ခုသာ ရုပ်ကို မဖြစ်စေနိုင်သည်၊ထိုရဟန္တာဘို့၏ စုတိစိတ်သည် အဘယ်ကြောင့် ရုပ်ကို မဖြစ်စေနိုင်သနည်းဟူမူ....ရဟန္တာတို့အား ခပ်သိမ်းသော ဘုံဘဝ၌ အဝိဇ္ဇာ တဏှာ ဟူသော ဝဋ်ရှိခြေ ဝဋ်မြစ် ပြတ်ကင်း ချုပ်ငြိမ်းပြီး ဖြစ်ရကား ထိုရဟန္တာဘို့၏ စုတိစိတ်သည် အလွန် သိမ်မွေ့ ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် ရုပ်ကို မဖြစ်စေနိုင်သည် ဟူလေ။ ဤကား (**အဋ္ဌသာလိနီ အဋ္ဌကထာ ၄၆၂၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ ၂၂**) အဋ္ဌကထာ ဆရာတို့အလို။

မူလဋီကာဆရာကား....တခုသောဘဝမှ ရုပ်သည် တခုသောဘဝသို့ ကူးပြောင်း၍ မဖြစ်ကောင်းရကား ဝဋ်မြစ် ချုပ်ငြိမ်းပြီး ဖြစ်သောကြောင့် ရဟန္တာဘို့၏ စုတိစိတ်သာ ရုပ်ကို မဖြစ်စေ ဟူသော အဋ္ဌကထာဆရာ၏ စကားကို စိစစ် ဆင်ခြင်ရမည်ဟု ဆို၏။ **မူလဋီကာ (ပဋ္ဌမတွဲ ၁၅၁-၂)**

မိမိအလိုသော်....ရဟန္တာတို့၏ စုတိစိတ်သာမဟုတ်၊ ခပ်သိမ်းသော ပုဂ္ဂိုလ်ဘို့၏ စုတိစိတ်သည်ပင် ရုပ်ကို မဖြစ်စေနိုင်၊ စုတိစိတ်သာမဟုတ်၊ စုတိစိတ်မှပြန်၍ ရေသော် ၁၇-ချက်မြောက်သော စိတ်ကစ၍ပင် မရဏာသန္နအခါဖြစ်သမျှ အခိုက်သော စိတ်သည်လည်း ရုပ်ကို မဖြစ်စေနိုင် ဟူလို၏။ ထိုကို ရုပ်တို့၏ ဖြစ်စဉ်ချုပ်စဉ်ကို ပြသောအရာသို့ ရောက်မှ အကျယ်ဆိုအံ့။

## ဣရိယာပုထ်ခိုင်ခံ့သော ဇော

ထိုရုပ်ကို ဖြစ်စေတတ်သော စိတ် ၇၅-ခုတို့တွင် ရူပဇော ၁၀, အရူပဇော ရှစ်ခု, လောကုတ္တရာဇောရှစ်ခု အားဖြင့် ၂၆-ခုသော အပ္ပနာဇောသည် ရုပ်ကိုသာ ဖြစ်စေသည် မဟုတ်၊ သွားခြင်း ရပ်ခြင်း စသော ဣရိယာပုထ်ကိုလည်း ကောင်းစွာ ဆောင်တတ်၏၊ ဣရိယာပုထ်ကို ကောင်းစွာ

ဆောင်သော ခိုင်စေသောဟူသည် အကြားအကြား၌ ဖြစ်သော ဝီထိစိတ်တို့နှင့် ပြွမ်းထွေး ရောရှက်မရှိ သက်သက် ဘဝင်စိတ် ဖြစ်သောအခါ လက်ခြေစသော ကိုယ်အင်္ဂါသည် ဖြစ်သည်အတိုင်း မြဲမြဲခိုင်ခံ့စွာ မတည် ဆုတ်နစ်ယွမ်းပျက်သကဲ့သို့၊ ဤစိတ်တို့ ဖြစ်သောအခါ မဆုတ်နစ် မယွင်းပျက်ကုန်၊ ထိအခါ ကိုယ်အင်္ဂါတို့ ခိုင်မာကုန်သည်။ ဖြစ်မြဲတိုင်းသော ဣရိယာပုထ်အဖြစ်ဖြင့် ဖြစ်ကုန်သည် ဟူလေ။

## ဝိညတ်ဖြစ်စေတတ်သော စိတ်

မနောဒွါရာဝဇ္ဇန်း, ကာမဇော ၂၉-ခု, အဘိညာဏ်စိတ် ၂-ခုအားဖြင့် ၃၂-ပါးသော စိတ်တို့သည် ရုပ်ကိုဖြစ်စေ ဣရိယာပုထ်ကို ခိုင်စေရုံသာမဟုတ်၊ ကာယဝိညတ် ဝစီဝိညတ်တို့ကိုလည်း ဖြစ်စေကုန်၏။ ပဉ္စဒွါရ၌ ဖြစ်သော ပဉ္စဒွါရိကဇောသည် ဝိညတ်ကို ဖြစ်စေနိုင်သော စွမ်းအားသတ္တိ မရှိသောကြောင့် ဤ၌ ကာမဇောဟု သာမည ဆိုသော်လည်း ဝိညတ်ကို ဖြစ်စေတတ်သော ဇောအရကို မနောဒွါရိက ဇောကိုသာယူ။ သွားခြင်းစသော ဣရိယာပုထ် ဟူသည် မုချ ပရမတ္ထသရုပ်အားဖြင့် ထိုသွားခြင်း စသော အခိုက်အတန့်ရှိသော ရုပ်တို့၏ ဖြစ်ခြင်းဟူသော စတုသန္တတိရုပ်အစဉ်ပင် ဖြစ်ရကား၊ ဤရုပ်ဣရိယာပုထ် ဝိညတ်တို့တွင် ရုပ်မှ လွတ်သော ဣရိယာပုထ်, ဝိညတ်မည်သည် မရှိသော်လည်း ရုပ်ကို ဖြစ်စေတတ်သော စိတ်ဟူသမျှ အလုံးစုံသည် ဣရိယာပုထ်ကို မခိုင်စေနိုင် ဝိညတ်ကိုလည်း မဖြစ်စေနိုင်။ အကြင်စိတ်သည် ဝိညတ်ကို ဖြစ်စေ၏၊ ထိုဝိညတ်ကို ဖြစ်စေတတ်သော စိတ်သည် ဣရိယာပုထ်ဟူက ဝိညတ်နှင့် မကွေမကွာ အတူတကွသာ ဖြစ်သောကြောင့် စင်စစ် မုချ ဧကန္တအားဖြင့် ဣရိယာပုထ်ကိုလည်း ခိုင်စေ၏၊ ဣရိယာပုထ်ကို ခိုင်စေသော စိတ်သည်လည်း ရုပ်ကို ဖြစ်စေ၏။ ဤသို့သော အထူးကို ပြခြင်း အကျိုးငှါ သင်္ဂြိုဟ်ကျမ်းဝယ် ဣရိယာပုထ်, ဝိညတ်တို့ကို ရုပ်မှ အသီး ဆိုတော်မူသည်ဟု မှတ်လေ။ **ဋီကာကျော် ( ၂၀၉ )**

**အဋ္ဌသာလိနီ** (၃၆၁)၌ စိတ်တို့ကို ၃၂-ပါး တရပ်, ၂၆-ပါး တရပ်, ၁၉-ပါးတရပ်, ၁၆-ပါး တရပ် ၄-စု ပြု၍ မနောဒွါရာဝဇ္ဇန်း, ကာမဇော, အဘိညာဏ် ၂-ခုအားဖြင့် ဤစိတ် ၃၂-ခုတို့သည် ရုပ်ကို ဖြစ်စေကုန်၏၊ ဣရိယာပုထ်ကိုလည်း ခိုင်စေကုန်၏၊ ဝိညတ် ၂-ခုကိုလည်း ဖြစ်စေကုန်၏။

ရူပဇော ၁၀, အရူပဇောရှစ်, လောကုတ္တရာစိတ် ရှစ်အားဖြင့် ဤစိတ် ၂၆-ခုတို့သည် ရုပ်ကိုဖြစ်စေ, ဣရိယာပုထ်ကိုလည်းခိုင်စေကုန်၏၊ ဝိညတ်ကိုကား မဖြစ်စေနိုင်ကုန်။ ပဉ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုင်း ၂, သန္တီရဏ ၃, မဟာဝိပါက် ရှစ်ခု, ရူပဝိပါက် ၅-ခုအားဖြင့် ဤစိတ် ၁၈-ခုသည် ရုပ်ကိုသာ ဖြစ်စေနိုင်ကုန်သည်၊ ဣရိယာပုထ်ကို မခိုင်စေနိုင်, ဝိညတ်ကိုလည်း မဖြစ်စေနိုင်ကုန်။ ဒွေးပဉ္စဝိညာဏ် ၁၀, အရူပဝိပါက် ၄-ခု, ခပ်သိမ်းသော သတ္တဝါတို့၏ ပဋိသန္ဓေစိတ်,ရဟန္တာတို့၏ စုတိစိတ် အားဖြင့် ဤစိတ် ၁၆-ခုတို့သည် ရုပ်, ဣရိယာပုထ်, ဝိညတ်တွတိုင် တပါးကိုမျှ မပြုနိုင်ကုန် ဟူ၏။ ဋီကာကျော်နှင့် ဆိုပုံသာ ထူးသည်၊ သဘောအတူပင်။

## ပြုံးရယ်ခြင်းဖြစ်စေတတ်သော ဇော

လောဘမူ သောမနဿ သဟဂုတ်စိတ် ၄-ခု,မဟာကုသိုလ် သောမနဿ သဟဂုတ်စိတ် ၄-ခု, မဟာကြိယာ သောမနဿ သဟဂုတ်စိတ် ၄-ခု, ဟသိတုပ္ပါဒ်စိတ် တခုအားဖြင့် ဤစိတ် ၁၃-ခုတို့သည် ပြုံးရယ်ခြင်းကို ဖြစ်စေတတ်ကုန်၏။ ထိုတွင် ပုထုဇ္ဇန်တို့သည် လောဘမူစိတ် ၄-ခု, မဟာကုသိုလ်စိတ် ၄-ခု ဟူသော ဤစိတ် ရှစ်ခုတို့နှင့် ပြုံးရယ်ကုန်၏။အောက်ဖလဋ္ဌာန် ၃-ယောက်တို့မှာ လောဘမူ ဒိဋ္ဌိဂတဝိပ္ပယုတ် ၂-ခု မဟာကုသိုလ် ၄-ခုအားဖြင့် ၆-ပါးသော စိတ်နှင့် ပြုံးရယ်ကုန်၏။ ရဟန္တာတို့မှာ ဟသိတုပ္ပါဒ်စိတ် တခု, မဟာကြိယာ ၄-ခု အားဖြင့် ၅-ခုသော စိတ်တို့ဖြင့် ပြုံးရယ်ကုန်၏။ ရဟန္တာတို့သည် ၅-ခုသော ကြိယာစိတ်တို့ဖြင့် ပြုံးရယ်ကုန်သည် ဟု ဆို၏၊ ခပ်သိမ်းသော ဆရာတို့သည် ဤကဲ့သို့ချည်း အညီအညွတ် ဆိုကြပါကုန်၏လော ဟူမူ....တပါးသော ဆရာတို့မူကား ကြိယာစိတ် ၅-ပါးဖြင့် ရဟန္တာတို့ ပြုံးရယ်ကုန်သည် ဟူသော်လည်း ဘုရားမှ တပါးသော ရဟန္တာတို့မှာ ၅-ပါးလုံးဖြင့်ပင် ပြုံးရယ်ကုန်၏။ မြတ်စွာဘုရားတို့သော်ကား ထို ၅-ပါးတွင် မဟာကြိယာစိတ် ၄-ခုတို့ဖြင့်သာ ပြုံးရယ်ကုန်သည်၊ ဟသိတုပ္ပါဒ်စိတ်ဖြင့် မပြုံးရယ်ကုန်ဟု ဆိုကုန်၏။

မြတ်စွာဘုရားတို့သည် မဟာကြိယာ ၄-ခုဖြင့်သာ ပြုံးရယ်၍ ဟသိတုပ္ပါဒ်ဖြင့် မပြုံးရယ်သည်ကို အဘယ်ကြောင့် သိပါသနည်းဟူမူ....အတိတ်ပစ္စုပ္ပန် အနာဂတ်ဖြစ်သော တရားအစုဌ် ပိတ်ပင် ဆီးတားမရှိ ထိုးထွင်း၍ သိသော ဉာဏ်သို့ရောက်သောကြောင့် အတီတံသ အပ္ပဋိဟတဉာဏ်,ပစ္စုပ္ပန္နံသ-

အပ္ပဋိဃတညာဏ်, အနာဂတံသအပ္ပဋိဃတညာဏ် ဟူသော ဤညာဏ် ၃ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ အလုံးစုံ ကိုယ်ဖြင့်ပြုအပ်သောအမှု, နှုတ်ဖြင့် ပြုအပ်သောအမှု, မနောဒွါရဖြင့် ပြုအပ်သော အမှုဟူသမျှသည် ညာဏ်လျှင် ရှေ့သွားရှိကြောင်း, ညာဏ်သို့သာ အစဉ်လိုက်ကြောင်းကို ဟော တော်မူသောကြောင့်ရှင်း စုံစမ်းဆင်ခြင် မြော်မြင် ကြံသိတတ်သော ပညာမှ ကင်းသော ဟသိတုပ္ပါဒ်စိတ်၏ မြတ်စွာဘုရားတို့အား ဖြစ်ခြင်းသည် မသင့် မလျော်သော ကြောင့်ရှင်း မြတ်စွာဘုရားတို့သည် မဟာကြိယာ စိတ်ဖြင့်သာ ပြုံးရယ်၍ ဟသိတုပ္ပါဒ်စိတ်ဖြင့် မပြုံးရယ်သည်ကို သိသည် ဟူကုန်၏။

အာဂုံ ယုတ္တိ အကြောင်းနှစ်ပါးဖြင့် မြတ်စွာဘုရားအား ဟသိတုပ္ပါဒ် ဖြစ်ကြောင်းကိုပယ်ဖျက် တားမြစ်ပြဆိုသောကြောင့် ပြဆိုသည့်အတိုင်းပင် မြတ်စွာဘုရားတို့အား ထိုဟသိတုပ္ပါဒ်စိတ်၏ ဖြစ်သင့်ခြင်းကို ထိုအာပရေဆရာ တို့ တားမြစ်နိုင်ရာသလော ဟူမူ....တားမြစ်ခြင်းငှါ မစွမ်းနိုင်ဟူလေ။ အဘယ်ကြောင့် မြတ်စွာဘုရားတို့အား ဟသိတုပ္ပါဒ်၏ ဖြစ်ခြင်းကို တား မြစ်ခြင်းငှါ မစွမ်းနိုင်လေသနည်းဟူမူ....မြတ်စွာဘုရားတို့၏ ပြုံးခြင်းကို ပြု တော်မူခြင်းသည် ညာဏ်သို့ အစဉ်လိုက်သည်သာ ဖြစ်သောကြောင့် တား မြစ်ခြင်းငှါ မစွမ်းနိုင်သည် ဟူလေ။ မြတ်စွာဘုရား၏ ပြုံးခြင်းသည် ညာဏ်သို့ အစဉ်လိုက်သည်သာ ဟူ၏၊ ထိုပြုံးခြင်းသည် ဟသိတုပ္ပါဒ်သည် ဖြစ်စေအပ် သော ပြုံးခြင်းမဟုတ်၊ မဟာကြိယာသည် ဖြစ်စေအပ်သော ပြုံးခြင်းဖြစ်၍ ညာဏ်သို့ အစဉ်လိုက်လေသလော ဟူမူ....ထိုမြတ်စွာဘုရားတို့၏ ပြုံးခြင်းသည် ဟသိတုပ္ပါဒ်သည် ဖြစ်စေအပ်သော ပြုံးခြင်းပင် ဖြစ်သော်လည်း ညာဏ်သို့ အစဉ်လိုက်သည်သာ ဟူလေ။

ဟသိတုပ္ပါဒ်သည် ဖြစ်စေအပ်သော ပြုံးခြင်းပင် ဖြစ်သော်လည်း ညာဏ် သို့ အစဉ်လိုက်သည် ဟူ၏၊ ထိုပြုံးခြင်းကို ဖြစ်စေတတ်သော ဟသိတုပ္ပါဒ် သည် ဝိစာရဏပညာနှင့် အလွန်ဝေးကွာ တခါတရံမျှ ညာဏ်နှင့်မယှဉ်သော အဟိတ်စိတ် ဖြစ်ပါသည် မဟုတ်လော၊ ထိုသို့လျက် အဘယ်ကြောင့် ထို ဟသိတုပ္ပါဒ်သည် ဖြစ်စေအပ်သော ပြုံးခြင်းသည် ညာဏ်သို့ အစဉ်လိုက်လေ သနည်း ဟူမူ....ဟသိတုပ္ပါဒ်သည် ပုဗ္ဗေနိဝါသညာဏ်, အနာဂတံသညာဏ်, သဗ္ဗညုတညာဏ်တို့သို့ အစဉ်လိုက်၍ ဖြစ်တတ်, ထိုညာဏ်တို့၏နောက်၌ဖြစ်

တတ်သောကြောင့် ထိုဟသိတုပ္ပါဒ်သည် ဖြစ်စေအပ်သော ပြုံးခြင်းသည် ဉာဏ်သို့ အစဉ်လိုက်သည် ဟူလေ။

ဟသိတုပ္ပါဒ်စိတ်၏ ထိုဉာဏ်တို့သို့ အစဉ်လိုက်၍ ဖြစ်သည်၏အဖြစ်, ယင်းတို့၏ နောက်၌ ဖြစ်သည်၏အဖြစ်ကို အဘယ်ကြောင့် သိသနည်းဟူမူ.... မြတ်စွာဘုရားသည် ဇောတိပါလလုလင် ဖြစ်သောအခါ, မဃဒေဝမင်း ဖြစ်သော ဘဝကာလ, ကဏှရသေ့ ဖြစ်သော ကာလစသည်၌ ကိုယ်တော် ပြုဘူးသော အကြောင်းကို အောက်မေ့ဆင်ခြင်၍ ပြုံးခြင်းကို ပြုတော်မူသည်။ ထိုရှေး၌ ပြုဘူးသောအကြောင်းကို ဆင်ခြင်ခြင်းသည် ကား ပုဗ္ဗေနိဝါသဉာဏ်, သဗ္ဗညုတဉာဏ်၏ ကိစ္စတည်း။ ထိုဉာဏ်နှစ်ပါးတို့၏ လေ့လာသည်၏ အဆုံး၌ ဤဟသိတုပ္ပါဒ်စိတ်သည် ပြုံးရွှင်စေလျက် ဖြစ်၏၊ ဤသူသည် နောင်သောအခါ တန္တိဿရ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့၊ ဤသူသည် မုဒိင်္ဂဿရ မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့၊ ဤသို့ ဆင်ခြင်၍ ပြုံးခြင်းကို ပြုတော်မူ၏။ ဤသို့ ရှေ့ဖြစ်လတ္တံ့ကို မြော်ခေါ်အောက်မေ့ဆင်ခြင်သည်ကား အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်တော်တို့၏ ကိစ္စသာတည်း။ ထိုဉာဏ်နှစ်ပါးတို့ကို လေ့လာသည်၏ အဆုံး၌ ဤဟသိတုပ္ပါဒ်စိတ်သည် ပြုံးရွှင်စေလျက် ဖြစ်သည်ဟူ၍ **အဋ္ဌသာလိနီ အဋ္ဌကထာ (၃၃၃)** ၌ ထိုပုဗ္ဗေနိဝါသဉာဏ်, အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်တို့၏ လေ့လာသည်၏ အဆုံး၌ ဤဟသိတုပ္ပါဒ် စိတ်ဖြစ်ကြောင်းကို ဆိုတော်မူသောကြောင့် သိပါသည်ဟူလေ။ ဤပြုံးရယ်ခြင်းကို ဖြစ်စေတတ်သော စိတ် ၁၃-ခု အရကိုလည်း ပြဆိုခဲ့သည့်အတိုင်း မနောဒွါရိကစိတ်ကိုသာ ယူ။

## ဥတုနှင့် အာဟာရသမုဋ္ဌာန်

**ဥတု** ဟူသည် သဝိညာဏက, အဝိညာဏက သန္တာန်၌ ဖြစ်သော ရုပ်ကလာပ်တို့၌ ပါသော တေဇောဓာတ်တည်း။

**အာဟာရ** ဟူသည် မျိုအပ်, သုံးဆောင်အပ်သောထမင်းစသော ဝတ္ထု၌ ပါသော အဆီအစေး သတ္တိ ဟူသော ဗဟိဒ္ဓ ဩဇာ၊ ထိုဩဇာလျှင် အထောက်အပံ့ အကြောင်းရှိသော အဇ္ဈတ္တဩဇာတည်း။

ပေါင်း ရုပ်ကိုဖြစ်စေတတ်သော တရား ၄-ပါး၊ ထို့ကြောင့် **သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၂၄)** ၌—

ဒွေဝ ရူပါနိ ရူပံ သမုဋ္ဌာပေတိ တေဇောဓာတု စ ကဗဠိင်္ကာရာ-
ဟာရော စ။ အရူပေပိ ဒွေယေဝ ဓမ္မာ ရူပံ သမုဋ္ဌာပေန္တိ စိတ္တဉ္စေဝ
ကမ္မဉ္စေတနာ စ——

ဟု မိန့်ဆိုလေသည်။ ဤအဋ္ဌကထာ၌ စိတ္တဉ္စေဝ-ဟူသော စကားကို ပဓာန-
ပုဗ္ဗင်္ဂမ အားဖြင့်သာ ဆိုလေသည်။

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ
ဟေတုပစ္စယေန ပစ္စယော——

စသည်ဖြင့် (ပဋ္ဌာနပါဠိတော် ပဌမတွဲ-၁) ၌ ဟောတော်မူသောကြောင့် စိတ်
သာ ရုပ်ဘို့ကို ဖြစ်စေသည်မဟုတ်၊ ထိုစိတ်နှင့် သမ္ပယုတ် ဖြစ်သော
စေတသိက်တို့လည်း ရုပ်ကို ဖြစ်စေကုန်သည်သာဟု မူလဋီကာ ဒုတိယတွဲ (၂၀)၌
ဆို၏။

## အကြောင်းလေးပါးကြောင့် ရုပ်တို့ဖြစ်ပုံ

ဤအကြောင်း ၄-ပါးတို့ကြောင့် ဖြစ်သော ရုပ်တို့၏ သရုပ်အပြားကို
ပြအံ့....ရုပ် ၂၈-ခုတို့တွင် ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် တခု
ဟူသော ဣန္ဒြိယရုပ် ရှစ်ခု, ဟဒယရုပ် အားဖြင့် ဤ ၉-ပါးသော ရုပ်သည်
အကြောင်း ၄-ပါးတွင် ကံကြောင့်သာ ဖြစ်၏။

ဝိညတ်ရုပ် ၂-ခုသည် စိတ်ကြောင့်သာ ဖြစ်၏၊ စိတ္တဇဝါယောဓာတ်,
ပထဝီဓာတ်တို့သာ စိတ်ကြောင့်ဖြစ်သော်လည်း ကာယဝိညတ် ဟူသည်
စိတ္တဇဝါယောဓာတ်၏ အခြင်းအရာအထူး, ဝစီဝိညတ် ဟူသည်လည်း စိတ္တဇ
ပထဝီဓာတ်၏ အခြင်းအရာအထူးပင် ဖြစ်ရကား စိတ္တဇဝါယောဓာတ်,စိတ္တဇ
ပထဝီဓာတ်လျှင် မှီရာရှိသောကြောင့် ဝိညတ်ရုပ် ၂-ပါးကိုလည်း စိတ်ကြောင့်
ဖြစ်၏ဟု ဆိုရလေသည်။

အဝိညာဏကသဒ္ဒသည် ဥတုကြောင့် ဖြစ်ကြောင်း, သဝိညာဏကသဒ္ဒ
သည် စိတ်ကြောင့် ဖြစ်ကြောင်းကို "အဝိညာဏကသဒ္ဒေါ ဥတုတော
သမုဋ္ဌာတိ။ သဝိညာဏကသဒ္ဒေါ စိတ္တတော" ဟု အဋ္ဌသာလိနီ (၃၇၆)၌ ဆိုရ
ကား သဒ္ဒသည် စိတ်, ဥတု ၂-ပါးကြောင့် ဖြစ်၏။

ရူပဿ လဟုတာ, ရူပဿ မုဒုတာ, ရူပဿ ကမ္မညတာ ဟူသော ဝိကာ
ရရုပ် ၃-ခုသည် လျော်ကပ်သော ဥတုဘောဇဉ် စသည်ကို ရခြင်း

ဟူသော ပစ္စုပ္ပန်အကြောင်းကိုသာ ငဲ့သော်ကြောင့် စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း ၃-ပါးဟူ၍ကြောင့်သာ ဖြစ်သည်၊ ကံဟူသော အတိတ်အကြောင်းကြောင့် မဖြစ်၊ အကယ်၍ ကံကြောင့် ဖြစ်ငြား၊ ထိုရုပ်၃-ပါးသည် စက္ခု, သောတ စသည်ကဲ့သို့ အခါခပ်သိမ်း အစဉ်မပြတ် ဖြစ်ခဲ့ရာသည်၊ ထိုသို့လည်း မဖြစ်ရကား ကံကြောင့် မဖြစ်ဟု မှတ်အပ်၏။

မဟာဘုတ် ၄-ခု, ဝဏ္ဏ, ဂန္ဓ, ရသ, အာဟာရ, ပရိစ္ဆေဒ၊ ဤရုပ် ၉-ခု တို့သည် ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတရား ၄-ပါးလုံး ကြောင့် ဖြစ်ကုန်၏။

ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဟူသော လက္ခဏာရုပ် ၄-ခု တိသည် ကံ စသော အကြောင်း ၄-ပါးတွင် တစုံတခုသော အကြောင်း ကြောင့်မျှ မဖြစ်ကုန်။

## ရုပ်ကောန်-အနေကန်

ထိုရုပ်တို့ကို သဘောတူ ပေါင်း၍ ရေတွက်သော် **ကမ္မဇရုပ်**သည် ပသာဒရုပ် ၅-ခု, ဘာဝရုပ် ၂-ခု, ဇီဝိတရုပ် တခု, ဟဒယရုပ် တခု ဟူ၍ ကမ္မဇကောန် ၉-ခု၊ မဟာဘုတ် ၄-ခု, ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ်, ပရိစ္ဆေဒရုပ် ဟူ၍ အနေကန် ၉-ခုအားဖြင့် ပေါင်း ၁၈-ခုတည်း။

**စိတ္တဇရုပ်**ကား ကာယဝိညတ် ဝစီဝိညတ် ဟူသော ဝိညတ်ရုပ် ၂-ခု, ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ ဟူသော ဝိကာရရုပ် ၃-ခု၊ သဒ္ဒါရုံတခု ယခင် အနေကန် ၉-ခုအားဖြင့် ၁၅-ခုတည်း။

**ဥတုဇရုပ်**ကား သဒ္ဒရုပ် တခု, ဝိကာရရုပ် ၃-ခု, ယခင် အနေကန် ၉-ခု အားဖြင့် ၁၃-ခုတည်း။

**အာဟာရဇရုပ်**ကား ဝိကာရရုပ် ၃-ခု, ယခင်အနေကန် ၉-ခုအားဖြင့် ၁၂-ခုဘည်း။

## လက္ခဏာရုပ်တို့၌ သမုဋ္ဌာန် မရှိပုံ

ဥပါဒ်, ဌီ, ဘင် ဟူသော ခဏ ၃-ပါးနှင့် ယှဉ်သော စက္ခု သောတ စသည်တို့အား ဇာတိ, ဇရတာ, အနိစ္စတာ ဟူသော လက္ခဏာတို့ ရှိကုန်သကဲ့

သို့ ဇာတိ, ဇရတာ, အနိစ္စတာ ရုပ်တို့အား ယင်းသို့၏ ဥပါဒ်, ဌီ, ဘင် ဟူသော ခဏ ၃-ပါးနှင့် ယှဉ်သည်၏ အဖြစ်မရှိသောကြောင့် တပါးသော ဇာတိ, ဇရတာ, အနိစ္စတာတို့ မရှိကုန်။ ဖြစ်ဆဲ, ရင့်ဆဲ, ပျက်ဆဲ ဖြစ်သော စက္ခု သောတ စသည်တို့၏ ဖြစ်ခြင်း ရင့်ခြင်း ပျက်ခြင်း ဟူသော သဘော မျှသာ ဖြစ်သောကြောင့် ထိုဖြစ်ခြင်း, ရင့်ခြင်း, ပျက်ခြင်း သဘောမျှကို ကြည့်ထား၍ မိမိဟူသော ဇာတိ, ဇရတာ, အနိစ္စတာ ရုပ်အား ဇာတိ, ဇရတာ, အနိစ္စတာ ဟူသော လက္ခဏာ၏ မရှိခြင်းကြောင့်, ထို ဥပစယ, သန္တတိ ဟူသော ဇာတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ် ဟူသော လက္ခဏရုပ် တို့သည် ကံစသော အကြောင်းတို့တွင် တစုံတခုသော အကြောင်းတို့ကြောင့် မဖြစ်ကုန်ဟု **သဖြိုဟ်ကျမ်း (၄၂)** ၌ ပြဆိုတော်မူအပ်၏။

## ဝိဘာဝနီ ဋီကာနည်း

ဇာတိရုပ်အား ဇာတိ, ဇရတာ, အနိစ္စတာတို့သည် ဖြစ်ကုန်အံ့၊ ဇရတာ ရုပ်အားလည်း ဇာတိစသည်တို့ ဖြစ်ကုန်ခဲ့အံ့၊ အနိစ္စတာ ရုပ်အားလည်း ဇာတိ စသည်တို့ ဖြစ်ကုန်ခဲ့အံ့၊ အဘယ်သို့သော အပြစ် ဖြစ်သနည်း၊ အပြစ် မရှိသော် ဇာတိရုပ်, ဇရတာရုပ်, အနိစ္စတာရုပ်တို့အားလည်း ဇာတိ စသည် တို့သည် ဖြစ်ပါစေကုန်တော့လော ဟူမူ....အကယ်၍ ထိုဇာတိရုပ်, ဇရတာရုပ်, အနိစ္စတာ ရုပ်တို့အားလည်း အသီးသီး ဇာတိ,ဇရတာ,အနိစ္စတာတို့သည် ဖြစ် ကုန်ခဲ့အံ့၊ ဤသို့ ဖြစ်ကုန်သည်ရှိသော် ပဌမဇာတိအား တပါးသော ဒုတိယဇာတိ ဖြစ်၏။ ဒုတိယဇာတိအားလည်း အခြားတပါးသော တတိယ ဇာတိ ဖြစ်၏။ တတိယဇာတိအားလည်း အခြား တပါးသော စတုတ္ထ ဇာတိဖြစ်၏။ ဤသို့ စသည် ဇာတိအဆက်ဆက် အားဖြင့် တစုံတခုသော အခိုက်အတန့်၌ မဘည်မရပ်သည်သာ ဖြစ်သော အပြစ်ဖြစ်ခဲ့ ရာသည်၊ ထိုကြောင့် ထိုဇာတိရုပ် စသည်တို့အား ဇာတိစသည်တို့ မဖြစ်ကုန် ဟူလေ။

လက္ခဏရုပ်တို့သည် ကံ စသည်တွင် တစုံတခုကြောင့်မျှ မဖြစ်ဟူ၏၊ "ရူပါယတနံ။ပ။ ကဗဠီကာရော အာဟာရော ဣမေ ဓမ္မာ စိတ္တသမုဋ္ဌာနာ" အစရှိသော **အဘိဓမ္မာ ဓမ္မသင်္ဂဏီပါဠိတော် (၁၇၂)** ၌ ဇာတိရုပ်၏ ကံ စသော အကြောင်းတခုခုကြောင့် ဖြစ်ခြင်းကို မြတ်စွာဘုရား ဟောကြား ခွင့်ပြု တော်မူအပ်ပါသည် မဟုတ်လော၊ ထိုသို့ခွင့်ပြုလျက် အဘယ်ကြောင့် လက္ခဏ

ရုပ်သည် တစ်ခုတည်းသော အကြောင်းကြောင့်မျှ မဖြစ် ဟူလေသနည်းဟူမူ.... အဘိဓမ္မာ ပါဠိတော်၌ ဇာတိ၏ ကံစသော အကြောင်းကြောင့် ဖြစ်သည်၏ အဖြစ်ကို မြတ်စွာဘုရား ဟောကြား ဝန်ခံလေသည်ကား ရုပ်ကို ဖြစ်စေခြင်း၌ မကင်း မငြိမ်းသေးသော, အားထုတ်ကြောင့်ကြခြင်း ဗျာပါရရှိကုန်သော, ရုပ်ကို ဖြစ်စေတတ်သော ကံစသော အကြောင်းတရားတို့၏ ဇာတိ၏ အကြောင်း အဖြစ်သို့ ရောက်ဆဲ ဖြစ်သော, စက္ခုစသော တရားတို့ ဖြစ်ခြင်း ဟူသော အခြင်းအရာအထူး၏ အဖြစ်ဖြင့် ရအပ်သည်၏ အဖြစ်ကို ရည်၍ သာ ခွင့်ပြုတော်မူသည်။ ဇာတိ၏ စင်စစ် မုချ ကေဝလအားဖြင့် ကံစသော အကြောင်းကြောင့် ဖြစ်သည်၏ အဖြစ်ကို ရည်၍ ဟောကြား ဝန်ခံတော်မူ သည်မဟုတ်။ ထို့ကြောင့် လက္ခဏာရုပ်တို့သည် တစ်ခုတည်းသော အကြောင်း ကြောင့်မျှ မဖြစ်ဟု ပြဆိုတော်မူသည်။ ဤသို့ သန္နိဋ္ဌာန်ကျ မုချမှတ်အပ် သည် ဟူလေ။

ဇာတိ, ဇရာ, မရဏတို့၏ ကံစသော အကြောင်းတရားတို့သည် ပြုပြင် စီရင်အပ်သည်၏ အဖြစ်ကြောင့် သင်္ခတမည်ကြောင်း, အကြောင်းကို အစွဲ အမှီပြု၍ ဖြစ်သည်၏ အဖြစ်ကြောင့် ပဋိစ္စသမုပ္ပန္န မည်ကြောင်းကို **သဂါထာ-ဝဂ္ဂ သံယုတ်ပါဠိတော် ပဌမတွဲ (၂၆၄)** ၌ "ဇာတိ ဘိက္ခဝေ အနိစ္စာ သင်္ခတာ ပဋိစ္စ-သမုပ္ပန္နာ။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ" ဟု ဟော တော်မူသောကြောင့် ထိုဇာတိ,ဇရတာ, အနိစ္စတာတို့သည် ကံစသော တစ် တခုသော အကြောင်းကြောင့် ဖြစ်ပါသည်ပင် မဟုတ်လော၊ ထိုသို့လျက် လက္ခဏာရုပ်တို့သည် တစ်ခုတည်းသော အကြောင်းကြောင့်မျှ မဖြစ်ဟု အဘယ် ကြောင့် ဆိုလေသနည်း ဟူပြန်မူ....ဇာတိ, ဇရာ, မရဏတို့၏ သင်္ခတမည် ကြောင်း, ပဋိစ္စသမုပ္ပန္န မည်ကြောင်းကို ဟောတော်မူသော "ဇာတိ ဘိက္ခဝေ အနိစ္စာ သင်္ခတာ" အစရှိသော သုတ္တန် ပါဠိတော်၌လည်း ထိုဇာတိ, ဇရာ, မရဏတို့၏ ကံစသော အကြောင်းတို့သည် ပြုပြင်စီရင်အပ်သော သင်္ခတတရား, တစ်ခုတည်းသော အကြောင်းကို အစွဲအမှီပြု၍ဖြစ်သော ပဋိစ္စ-သမုပ္ပန္န တရားတို့၏ လက္ခဏာ၏ အဖြစ်ကြောင့် ဟောတော်မူသည်၊ ထို ဇာတိစသည်တို့၏ စင်စစ်မုချ ကေဝလအားဖြင့် ကံစသော အကြောင်း ကြောင့်ဖြစ်၍ ဟောတော်မူသည်မဟုတ်၊ ထို့ကြောင့် လက္ခဏာရုပ်တို့၏ တစ် တခုသော အကြောင်းကြောင့်မျှ မဖြစ်ကြောင်းကို ဆိုလေသည် ဟူလေ။
**ဋီကာကျော်နည်း (၂၁၀-၂၁၁)**

## အဋ္ဌသာလိနီအဋ္ဌကထာနည်း

ဇရတာ, အနိစ္စတာ ဟူသော ရုပ် ၂-ခုတို့သည် ကံစသော အကြောင်းတို့တွင် တစုံတခုသော အကြောင်းကြောင့်မျှ မဖြစ်ကုန်၊ အဘယ်ကြောင့် မဖြစ်ကုန်သနည်း ဟူမူ....ထိုဇရတာ,အနိစ္စတာတို့သည် ဖြစ်ပြီးသော တရားတို့၏ ရင့်ခြင်း,ပျက်ခြင်း ဖြစ်သောကြောင့် မဖြစ်တတ်ကုန်ရကား တစုံတခုသော အကြောင်းကြောင့် မဖြစ်ကုန်သည် ဟူလေ။ ဇရတာဟူသည် ဖြစ်ပြီးသော ရုပ်တို့၏ ရင့်ရော်,အိုမင်းခြင်း, အနိစ္စတာဟူသည် ဖြစ်ပြီးသော တရားတို့၏ ပျက်ခြင်းဟု ဆို၏၊ ထိုဖြစ်ပြီးသော ရုပ်တို့အား ရင့်ရော်အိုမင်းခြင်း, ပျက်ခြင်းမရှိခဲ့သော် ဇရတာ, အနိစ္စတာတို့သည် ဖြစ်ပြီးသော စက္ခုစသော ရုပ်တရားတို့၏ ရင့်ခြင်း, ပျက်ခြင်းသာ ဖြစ်သောကြောင့် မဖြစ်တတ်ဟု မဆိုသင့်ရာပါ ဟူငြားအံ့၊ ဖြစ်သော ရုပ်နာမ်တရားသည် မကုန်မပျက်သော မည်သည်မထင်၊ စင်စစ်ကုန် ပျက်သည်သာ၊ အကြင်မျှလောက် မကုန်မပျက်၊ ထိုမျှလောက် ထိုတရား၏ ရင့်ခြင်းဖြစ်၏၊ ဤသို့ဖြစ်သော ရုပ်နာမ်တရား၏ ရင့်ခြင်း ပျက်ခြင်းသည် သိသာထင်ရှားသည်သာ ဖြစ်ရကား ဖြစ်သော စက္ခုစသော တရားတို့၏ ရင့်ရော်အိုမင်းခြင်း, ကုန်ပျက်ခြင်းကို မချွတ်လျှင် ဝန်ခံအပ်, ဝန်ခံထိုက်သောကြောင့် ဇရတာ ဟူသည် ဖြစ်ပြီးသော စက္ခုစသည်၏ ရင့်ရော်အိုမင်းခြင်း, အနိစ္စတာဟူသည် ထိုစက္ခုစသည်၏ ကုန်ပျက်ခြင်း ဖြစ်ရကား ဇရတာ, အနိစ္စတာတို့သည် မဖြစ်တတ်ဟု ဆိုသင့်ပါ၏ ဟူလေ။

ဇရတာ, အနိစ္စတာတို့သည် ဖြစ်ကုန်သော် အဘယ်သို့သော အပြစ်ဖြစ်သနည်း၊ အပြစ်မရှိသော် ယင်းတို့လည်း ဖြစ်ပါစေတော့လော ဟူမူ.... အကယ်၍ စက္ခုစသည်တို့ ဖြစ်ကုန်သကဲ့သို့ ထိုဇရတာ,အနိစ္စတာတို့ ဖြစ်ကုန်ခဲ့အံ့၊ ထိုဇရတာ၏လည်း ရင့်ခြင်း, အနိစ္စတာ၏လည်း ပျက်ခြင်း ဖြစ်ခဲ့ရာသည်၊ ဤသို့သော အပြစ် ဖြစ်၏။ ဇရတာ,အနိစ္စတာတို့ ဖြစ်ကုန်ခဲ့သော် ယင်းတို့၏ ရင့်ခြင်း,ပျက်ခြင်း ဖြစ်ခဲ့ရာသည် ဟူ၏၊ ဖြစ်ရာသည်အတိုင်း ဖြစ်ပါစေတော့လော ဟူမူ....ရင့်သောရုပ်၏ တဖန် ရင့်ခြင်း,ပျက်သော ရုပ်၏လည်း တဖန်ပျက်ခြင်း မဖြစ်ဟူလေ။ ထိုသို့ ရင့်သောရုပ် မရင့်, ပျက်သော ရုပ် မပျက်သောကြောင့် ထိုဇရတာ, အနိစ္စတာ နှစ်ပါးသည် မဖြစ်သည်သာ ဟူလေ။

ဇရတာ, အနိစ္စတာသည် တစုံတခုသော အကြောင်းကြောင့် မဖြစ်ဟူရာ၌ တစုံဘယောက်သောသူ၏ စိစစ်စောဒနာခြင်းသည် ဖြစ်ရာ၏၊ အဘယ်သို့ ဖြစ်ရာသနည်း ဟူမူ၊ အဘိဓမ္မာ ဓမ္မသင်္ဂဏီ ပါဠိတော် (၁၉၇) ၌ "ကမ္မဿ ကတတ္တာ" စသည်တို့ကို အကျယ်ဝေဘန်ရာ နိဒ္ဒေသတို့၌ "ရူပဿ ဥပစယော, ရူပဿ သန္တတိ" ဟူသော စကားဖြင့် ဇာတိသည် ဖြစ်၏ဟူ၍ ဝန်ခံအပ်သကဲ့သို့ ဤအတူ ဇရတာဟူသော ရင့်ခြင်းသည် ရင့်ပါစေတော့ လော, အနိစ္စတာဟူသော ပျက်ခြင်းသည်လည်း ပျက်ပါစေတော့လော၊ ဤသို့ စိစစ် စောဒနာခြင်းသည် ဖြစ်ရာသည်။ ဤသို့ စောဒနာခဲ့သော် အဘယ်သို့ ဖြေကြားရအံ့နည်း ဟူမူ....ထိုနိဒ္ဒေသပါဠိတော်၌ "ရူပဿ ဥပစယော, ရူပဿ သန္တတိ" ဟူသော စကားဖြင့် ဇာတိသည် ဖြစ်၏ဟု ဝန်ခံအပ်သည် မဟုတ်၊ စင်စစ်သော်ကား အကြင်စက္ခု အစရှိသော ရုပ်တို့သည် ကံစသော အကြောင်းတို့ကြောင့် ဖြစ်ကုန်၏၊ ထိုကံစသော အကြောင်းတို့ကြောင့် ဖြစ်သော စက္ခုစသော ရုပ်တို့၏ ဖြစ်ခြင်း ဖြစ်သောကြောင့် ဇာတိ၏ ထိုကံစသော အကြောင်းရှိသည်၏ အဖြစ်ဟူသော ကမ္မဇစသော အမည်ကိုသာ ခွင့်ပြုတော်မူအပ်သည်၊ ဖြစ်ဆဲသော စက္ခုစသော ရုပ်တို့၏ ဖြစ်ခြင်းမျှသည်သာ ဇာတိမည်ရကား ပရမတ္ထအားဖြင့်ကား ဇာတိသည် မဖြစ်၊ ဤသို့ ဖြေကြားအပ်သည် ဟူလေ။

ဇာတိသည် ဖြစ်၏၊ ဇာတိသည် ကမ္မဇစသော ဝေါဟာရကို ရ၏ ဟူရာ၌ အကြင် ကမ္မဇစသော ရုပ်တို့၏ ဖြစ်ခြင်းသည် ဇာတိမည်၏၊ ထိုဇာတိသည် ထိုကမ္မဇစသော ရုပ်တို့၏ အကြောင်းလျှင် အကြောင်းရှိသည်၏ အဖြစ်တည်းဟူသော ကမ္မဇစသော ဝေါဟာရ ဖြစ်ခြင်း အဘိနိဗ္ဗတ္တိဟူသော ဝေါဟာရကို ရသကဲ့သို့ ရင့်ခြင်းဟူသော ဇရတာ, ပျက်ခြင်းဟူသော အနိစ္စတာတို့သည်လည်း အကြင်ကမ္မဇရုပ် စသည်တို့၏ ရင့်ခြင်းသည် ဇရတာ, ပျက်ခြင်းသည် အနိစ္စတာမည်၏။ ထိုကမ္မဇစသော ရုပ်တို့၏ အကြောင်းလျှင် အကြောင်းရှိသည်၏ အဖြစ်ဟူသော ကမ္မဇစသော ဝေါဟာရကိုရင်း, ဖြစ်ခြင်းဟူသော အဘိနိဗ္ဗတ္တိ ဝေါဟာရကိုရင်း ရပါစေကုန်တော့လော၊ ဤဇရတာ, အနိစ္စတာ နှစ်ပါးတို့၏လည်း ကမ္မဇဝေါဟာရ, အဘိနိဗ္ဗတ္တိဝေါဟာရကို ရသည်ရှိသော် ဤဇရတာ, အနိစ္စတာနှစ်ပါးသည်လည်း ကံစသော အကြောင်းကြောင့် ဖြစ်သည်သာ ဟူ၍ ဆိုအပ်ဆိုရ

သည် ဖြစ်ပါလတ္တံ့ ဖြစ်ပါလိမ့်မည်ဟူ၍ စိစစ်စောဒနာခြင်းအံ့၊ ကမ္မဇရုပ်စသည်တို့၏ ရင့်ခြင်း ဌီဟူသော ဇရတာ, ပျက်ခြင်း ဘင်ဟူသော အနိစ္စတာတို့သည် ထိုကမ္မဇစသော အမည်ဝေါဟာရကို မရကုန်၊ အဘယ်ကြောင့် ထိုဝေါဟာရကို မရကုန်သနည်း ဟူမူ....ကံစသော ဇနကအကြောင်းတို့၏ ရုပ်ကို ဖြစ်စေနိုင်သော အစွမ်းသတ္တိ အာနုဘော်ရှိသောခဏ၌ မိမိဟူသော ဇရတာ, အနိစ္စတာတို့၏ မရှိခြင်းကြောင့် ထိုကမ္မဇစသော ဝေါဟာရကို မရကုန်သည် ဟူလေ။

ဇနကအကြောင်းတို့၏ အာနုဘော်ရှိသောခဏ၌ ဇရတာ, အနိစ္စတာတို့ မရှိဟူ၏၊ ကံစသော ဇနက အကြောင်းတို့၏ ရုပ်ကို ဖြစ်စေနိုင်ခြင်း အစွမ်းသတ္တိ အာနုဘော်သည် ထိုကံစသော အကြောင်းသည် ဖြစ်စေအပ်သော ရုပ်၏ ဌီခဏ, ဘင်ခဏတို့၌လည်း ရှိသည်သာ ဖြစ်ခဲ့သော် ကံစသော အကြောင်းတို့၏ ရုပ်ကို ဖြစ်စေခြင်း အာနုဘော်ရှိသော ခဏ၌ ဇရတာ, အနိစ္စတာတို့လည်း ရှိသည် ဖြစ်ကုန်ရာ၏။ ထိုသို့လျက် အဘယ်ကြောင့် ထိုအာနုဘော် ရှိသောခဏ၌ ဇရတာ, အနိစ္စတာတို့ မရှိဟူလေသနည်း ဟူမူ ...ကံစသော ဇနက အကြောင်းတို့၏ ရုပ်ကို ဖြစ်စေနိုင်သော အစွမ်းသတ္တိ အာနုဘော်သည် မိမိတို့သည် ဖြစ်စေအပ်သော ကမ္မဇရုပ်စသည်၏ ဥပါဒ်ခဏ၌သာ ထင်ရှားရှိသည်၊ ထို ဥပါဒ်ခဏမှ အထက် ဖြစ်သော ဌီခဏ, ဘင်ခဏ ကာလ၌ မရှိ၊ ထိုကြောင့် ဇနက အကြောင်းကံစသည်၏ အာနုဘော် ရှိသောခဏ၌ ဇရတာ, အနိစ္စတာတို့ မရှိဟူလေသည် ဟူလေ။

အဘိဓမ္မာ၌ ရူပဿ ဥပစယော, ရူပဿ သန္တတိ ဟူသော စကားဖြင့် ဇာတိသည် ဖြစ်၏ဟု ဟောတော်မူအပ်သကဲ့သို့ ရူပဿ ဇရတာ, ရူပဿ အနိစ္စတာ ဟူသောစကားဖြင့် ဇရတာ, အနိစ္စတာသည် ဖြစ်၏ ဟူ၍လည်း ဟောတော်မူအပ်ပါသည်သာ မဟုတ်လော ဟူမူ....ဇာတိကိုသာ ဖြစ်၏ဟု ဟောအပ်သည်၊ ဤ ဇရတာ, အနိစ္စတာကို ဖြစ်၏ဟု မဟောအပ်သည်သာ ဟူလေ။ အဘယ်ကြောင့် ဇာတိရုပ်ကိုသာ ဖြစ်၏ဟု ဟောအပ်၍ ဇရတာရုပ်, အနိစ္စတာရုပ် နှစ်ပါးကို ဖြစ်၏ဟု မဟောအပ် မဟောထိုက်လေသနည်း ဟူမူ....၊ ကံစသော အကြောင်းတို့သည် ဖြစ်စေအပ်သော ကမ္မဇစသော တရားတို့၏ ခဏ၌ ထင်ရှားသော ဇာတိသည် ကမ္မဇ စသော

ဝေါဟာရ,အဘိနိဗ္ဗတ္တိ ဟူသော ဝေါဟာရကို ရခြင်းကြောင့် ဇာတိကို ဖြစ်၏ ဟု ဟောအပ်သည်။ ဇရတာ, အနိစ္စတာကို ဖြစ်၏-ဟု မဟောအပ်သည် ဟူလေ။

အဘယ်ကြောင့်ကား ဇာတိရုပ်သာ ကမ္မဇ စသော ဝေါဟာရကိုရင်း, ဖြစ်၏ ဟူသော အဘိနိဗ္ဗတ္တိ ဝေါဟာရကိုရင်း ရ၍ ဇရတာ, အနိစ္စတာရုပ် ၂-ပါးသည် ထိုကမ္မဇ စသော ဝေါဟာရ, အဘိနိဗ္ဗတ္တိ ဝေါဟာရကို မရလေ သနည်း ဟူမူ....ကံစသော ဇနက အကြောင်းတို့၏ အာနုဘော်သည် ကမ္မဇရုပ် စသည်တို့၏ ဥပါဒ်ခဏ၌သာ ထင်ရှားရှိသည်ဖြစ်၍ ထိုအာနုဘော် ရှိသော ခဏ၌သာလျှင် ဇာတိ၏ ထင်ရှားရှိခြင်းကြောင့် ဇာတိသည် ကမ္မဇ စသော ဝေါဟာရ, အဘိနိဗ္ဗတ္တိဝေါဟာရကို ရသည်၊ ဇရတာ, အနိစ္စတာ နှစ်ပါးသည် ထိုအာနုဘော်ရှိသော ခဏ၌ မိမိတို့ ထင်ရှားမရှိ သောကြောင့် ကမ္မဇ စသော ဝေါဟာရ, အဘိနိဗ္ဗတ္တိဝေါဟာရကို မရ လေသည် ဟူလေ။ သဂါထာဝဂ္ဂသံယုတ်ပါဠိတော်(၂၆၄)၌ ...“ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ”ဟု လာသောကြောင့် ဤဇရတာ, အနိစ္စတာ နှစ်ပါးသည်လည်း ဖြစ်ပါသည်သာ မဟုတ်လော ဟူငြားအံ့၊ မဖြစ်သည်သာ ဟူလေ။ သုတ္တန်၌ လာပါလျက် အဘယ်ကြောင့် မဖြစ်ဆိုရလေသနည်း ဟူမူ....အကြောင်းကို အစွဲအမှီပြု၍ ဖြစ်သောတရားတို့၏ ဇရာ, မရဏ ဖြစ်သောကြောင့် ပရိယာယ်အားဖြင့် ဇရတာ, အနိစ္စတာကို ပဋိစ္စသမုပ္ပန္န ဟူ၍ ဆိုအပ်ရကား၊ ထို ဇရာမရဏံ ဘိက္ခဝေ—စသောစကားကို ပရိယာယ် အားဖြင့်သာ ဟောတော်မူသောကြောင့် ဇရတာ, အနိစ္စတာ နှစ်ပါးသည် မဖြစ်သည်သာ ဟူလေ။

“ဇာတိ ဘိက္ခဝေ သင်္ခတာ ပဋိစ္စသမုပ္ပန္နာ။ ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ”ဟူသော ဒေသနာတော်ကို မုချအားဖြင့် ဟောတော် မူသည် မဟုတ်၊ ပရိယာယ်အားဖြင့်သာ ဟောတော်မူသောကြောင့် ဇာတိ, ဇရတာ, အနိစ္စတာ ၃-ပါးသည် မဖြစ်ဟူခဲ့သော် ထိုတရား ၃-ပါးသည် မဖြစ်သောကြောင့် ယုန်၏ ဦးချိုသည် မရှိသကဲ့သို့ မရှိသည်သော်လည်း ဖြစ်ရာ၏၊ နိဗ္ဗာန်သည် မြဲသကဲ့သို့ မြဲသည်သော်လည်း ဖြစ်ရာ၏တကား ဟူငြားအံ့၊ မရှိသည်လည်း မဟုတ်၊ မြဲသည်လည်း မဟုတ် ဟူလေ။ အဘယ်ကြောင့်ကား ထိုရုပ် ၃-ပါးသည် မရှိသည် မဟုတ်ရသနည်း၊ အဘယ်

ကြောင့်ကား မြဲသည်လည်း မဟုတ်ရသနည်း ဟူမူ....ထိုရုပ် ၃-ပါးသည် ပထဝီဓာတ် စသောမှီရာ နိဿယရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိရကား ထိုပထဝီစသော မှီရာရုပ်တို့ ဖြစ်သည်ရှိသော် ထင်ရှားသောကြောင့် မရှိသည်လည်း မဟုတ်၊ ထိုမှီရာရုပ်တို့ မဖြစ်သည်ရှိသော် မထင်သောကြောင့် မြဲသည်လည်း မဟုတ် ဟူလေ။

“ဇရာမရဏံ ဘိက္ခဝေ အနိစ္စံ သင်္ခတံ ပဋိစ္စသမုပ္ပန္နံ”ဟူသော ဤဒေသနာတော်ကို ဟောတော်မူလေသည်လည်း တပါးအကျိုးငှာ မဟုတ်၊ ဤဇာတိ, ဇရတာ, အနိစ္စတာ ရုပ် ၃-ပါးသည် မဖြစ်သောကြောင့် ယုန်၏ ဦးချိုသည် ထင်ရှား မရှိသကဲ့သို့ ထင်ရှား မရှိဟူ၍ရှင်း, နိဗ္ဗာန်သည် မြဲသကဲ့သို့ မြဲ၏ ဟူ၍ရှင်း, ဖောက်ပြန်မှားယွင်း၍ နှလုံးသွင်းခြင်း ဟူသော မိစ္ဆာအယူကို ပယ်ဖျက် တားမြစ်ခြင်း အကျိုးငှါပင် ဟောတော်မူသည်။ ဤသို့ စသော နည်းတို့ဖြင့် ဇရတာ, အနိစ္စတာ နှစ်ပါးတို့သည် ကံစသော အကြောင်းတို့တွင် တစုံတခုသော အကြောင်းကြောင့်မျှ မဖြစ်ကုန်ဟူ၍ မှတ်ယူအပ်သည်။ အဋ္ဌသာလိနီ (၃၇၆-၇)

အကျဉ်း အဓိပ္ပါယ်အချုပ်မှာ....လက္ခဏာရုပ် ၄-ခုတို့တွင် ဥပစယ, သန္တတိ ဟူသော ဇာတိရုပ် ၂-ခုသည် ကံစသော အကြောင်းကြောင့်ဖြစ်သော စတုဇရုပ်တို့၏ ဖြစ်ဆဲဥပါဒ်ပင် ဖြစ်သောကြောင့်ရှင်း, ထိုကံစသော တရားတို့၏ ရုပ်ကိုဖြစ်စေနိုင်သော အစွမ်းသတ္တိ အာနုဘော်သည် မိမိတို့သည် ဖြစ်စေအပ်သောရုပ်တို့၏ ဥပါဒ်ခဏ၌သာ ထင်ရှားရှိသည်၊ ဌီခဏ,ဘင်ခဏ၌ ထင်ရှား မရှိဖြစ်၍ ထိုကံစသော အကြောင်းတို့၏ ဇနကသတ္တိရှိစဉ် ဇနကသတ္တိနှင့် ပြည့်စုံစဉ် မိမိတို့ ထင်ရှားရှိသောကြောင့်ရှင်း, ကမ္မဇ စသော ဝေါဟာရကို ရကုန်သည်၊ ထို့ကြောင့် ၎င်းရုပ် နှစ်ခုတို့ကို ကမ္မဇရုပ် စသည်သို့ ထည့်သွင်း၍ ကမ္မဇရုပ်ဝီသ, စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသ-ဟူ၍လည်း တနည်း ရေတွက်လေ။

ဇရတာ, အနိစ္စတာတို့မှာ ကံစသော အကြောင်းကြောင့် ဖြစ်သော တရားတို့၏ ရင့်ခြင်းဟူသော ဌီခဏ ပျက်ခြင်းဟူသော ဘင်ခဏပင် ဖြစ်သော်လည်း ထိုကံစသော အကြောင်းတရားတို့၏ ဇနကသတ္တိနှင့် ပြည့်စုံစဉ် မိမိတို့ ထင်ရှားမရှိ၊ ဇနကသတ္တိ မရှိကင်းကုန်မှ မိမိတို့ ထင်ရှားရှိသောကြောင့် ကမ္မဇစသော ဝေါဟာရကို မရကုန်၊ ထို့ကြောင့် ကမ္မဇရုပ်

စသည်ကို ရေတွက်ရာ၌ ၎င်းနှစ်ပါးကို မထည့်မသွင်းဘဲ ရေတွက်သည်၊ ဇရတာ, အနိစ္စတာ ဟူသည် စတုဇရုပ်တို့၏ ဌီခဏ, ဘင်ခဏမှ အသီး အခြား တပါးမရှိ၊ ထိုစတုဇရုပ်တို့၏ ဌီခဏ, ဘင်ခဏပင် ဖြစ်ရကား ထို ဇရတာ, အနိစ္စတာတို့ကိုလည်း စတုဇရုပ်သို့ ထည့်သွင်း၍ ကမ္မဇရုပ် ဗာဝီသ, စိတ္တဇရုပ် ဧကူနဝီသ, ဥတုဇရုပ်သတ္တရသ, အာဟာရဇရုပ် သောဠသ-ဟူ၍ လည်း ဆရာတို့ တနည်း ကောက်ယူကုန်၏။

---

## ရုပ်ကလာပ်

### လက္ခဏာ ၃-ပါး

ထိုရုပ်တို့သည် ကံစသော အကြောင်းကြောင့် ဖြစ်ကုန်သော်လည်း တပါးချင်း တခြားစီ အသီးသီး ဖြစ်ကုန်သည် မဟုတ်၊ ယုတ်စွအဆုံး ရှစ်ပါးစု, ကိုးပါးစု စသည်ဖြင့် ပေါင်းစု၍သာ အတူတကွ ဖြစ်ကုန်သည်၊ ထို အတူတကွ ပေါင်းစု၍ဖြစ်သော ရုပ်အပေါင်းကိုပင် မိမိ၏အတွင်း၌ ပါဝင်သော ရုပ်အစိတ်ကို စောင့်ရှောက်တတ်သောကြောင့် ရုပ်ကလာပ်ဟူ၍ ခေါ်သည်၊ ထိုရုပ်ကလာပ်တို့၏ သဟဝုတ္တိ လက္ခဏာကို ဧကုပ္ပါဒ, ဧကနိရောဓ, ဧကနိဿယဟူ၍ ၃-ပါး ပြဆိုသည်၊ ထိုတွင် ဧကုပ္ပါဒ တပါးတည်း မျှကိုသာ ဆိုသည်ရှိသော် ကမ္မဇရုပ်, စိတ္တဇရုပ်တို့နှင့် အတူတကွ ဖြစ်ကုန်သော နာမ်တရားတို့၏လည်း သဟဝုတ္တိအဖြစ်သည် ဖြစ်ရာသောကြောင့် ထိုနာမ်တရားတို့၏ သဟဝုတ္တိအဖြစ်ကို နစ်စေခြင်းအကျိုးငှါ ဧကနိရောဓ ကို ဆိုပြန်ရသည်၊ တူသော ဖြစ်ခြင်းဟူသော ဧကုပ္ပါဒလည်း ဖြစ်ပါမှ တူသော ချုပ်ခြင်းဟူသော ဧကနိရောဓလည်းဖြစ်ပါမှ သဟဝုတ္တိ မည်သည်၊ ထိုနာမ်တရားတို့မူကား တူသော ဖြစ်ခြင်းသာရှိ၍ တူသော ချုပ်ခြင်း မရှိ သောကြောင့် သဟဝုတ္တိ မမည်။

ဧကုပ္ပါဒ, ဧကနိရောဓ လက္ခဏာ နှစ်ပါးမျှဖြင့် သဟဝုတ္တိ ဖြစ်၏ ဟု ယူခဲ့ပြန်ကလည်း တူသောဖြစ်ခြင်း တူသောချုပ်ခြင်း ရှိကုန်သော များစွာ သော ကလာပ်တို့၏လည်း သဟဝုတ္တိ အဖြစ်သည် ဖြစ်ရာသောကြောင့် ထိုများစွာသော ကလာပ်ပြားရုပ်တို့ကို နစ်စေခြင်း အကျိုးငှါ ဧကနိဿယ ကို ဆိုပြန်ရသည်၊ တူသောဖြစ်ခြင်းလည်း ရှိပါမှ, တူသောချုပ်ခြင်းလည်း

ရှိပါမှ, ကလာပ်တူ မဟာဘုတ် ဟူသော တူသောမှီရာလည်း ရှိပါမှ သဟဝုတ္တိမည်သည်၊ ထိုကလာပ်ပြားဖြစ်သော ရုပ်တို့သည် ကေပ္ပဒါ, ကေ-နိရောဓသောဖြစ်၍ ကလာပ်တူ မဟာဘုတ်ဟူသော တူသောမှီရာ မရှိသော ကြောင့် သဟဝုတ္တိ မမည်။

**တနည်းလည်း**....''ကေပ္ပဒါ, ကေနိရောဓာ, ကေနိဿယာ, သဟဝုတ္တိ-နော''ဟူသော အဋ္ဌကထာ၌ သဟဝုတ္တိနော-မျှကိုသာ ဆိုသည်ရှိသော် တူသောဖြစ်ခြင်း ရှိသည်ကိုသာ သဟဝုတ္တိ-ဟု ယူရာသောကြောင့် တူသော ဖြစ်ခြင်း ရှိသောတရားသာ သဟဝုတ္တိ မည်သည် မဟုတ်၊ စင်စစ်သော်ကား တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသော မှီရာရှိသော တရားတို့သည် သဟဝုတ္တိမည်ကုန်၏ဟု ပြတော်မူလိုသောကြောင့် ''ကေပ္ပဒါ, ကေနိရော-ဓာ, ကေနိဿယာ''တို့ကိုလည်း ဆိုတော်မူသည်။ ကေပ္ပဒါ, ကေနိရောဓာ, ကေနိဿယာ,သဟဝုတ္တိနော-ဟူသော စကားတို့ဖြင့် ပဉ္စဝဂ္ဂိယာ,ဆဗ္ဗဂ္ဂိယာ, သတ္တရသဝဂ္ဂိယာ-စသည်ဟူရာတို့၌ ၅-ယောက်,၆-ယောက်,၁၇-ယောက်တို့၌ အတွင်းဝင်သောကြောင့် ထို ၅-ယောက်, ၆-ယောက် ၁၇-ယောက်တို့တွင် တယောက်ယောက်ကိုပင် ပဉ္စဝဂ္ဂိယ, ဆဗ္ဗဂ္ဂိယ, သတ္တရသဝဂ္ဂိယ-ဟု ခေါ် ဝေါ်ခြင်း ဝေါဟာရဖြင့် ခေါ်ဝေါ်သကဲ့သို့ရင်း တိစီဝရေန ဝိပ္ပဝသေယျ-ဟူရာ၌ ၃-ထည်သော သင်္ကန်းတို့၌ အတွင်း ဝင်သောကြောင့် ထို ၃-ထည် တို့တွင် တထည်ထည်သော သင်္ကန်းကိုပင် တိစီဝရိက်ဟု ခေါ်ဆိုအပ်သကဲ့ သို့ရင်း ဤရုပ်ကလာပ်ဟူရာဝယ် အပေါင်းရုပ်၌ အတွင်းဝင်သောကြောင့် ထိုရုပ်ကလာပ်အပေါင်းတွင် တပါးတပါးဖြစ်သော အစိတ်ရုပ်ကို ရုပ်ကလာပ် ဟု မခေါ်မဆိုအပ်၊ စင်စစ်သော်ကား တူသောဖြစ်ခြင်း, တူသောချုပ်ခြင်း, တူသောမှီရာ ရှိသည်၏ အဖြစ်ဖြင့် တကွဖြစ်သော ရုပ်အပေါင်းကိုသာ ရုပ်ကလာပ်ဟု ခေါ်ဆိုအပ်၏ဟု **အဋ္ဌကထာဆရာ ပြတော်မူသည်**။ ဋီကာကျော် (၄၃)

### ကလာပ်အပြား

ထိုရုပ်ကလာပ်သည် ရှစ်ခုသော ရုပ်လျှင် အရေအတွက် အတိုင်းအရှည် ရှိသော အဋ္ဌကလာပ်, ရုပ် ၉-ခုလျှင် အရေအတွက် အတိုင်းအရှည်ရှိသော နဝကကလာပ်, ရုပ်ဆယ်ခုလျှင် အရေအတွက် အတိုင်းအရှည်ရှိသော ဒသက ကလာပ်, ရုပ် ၁၁-ခု, ရုပ် ၁၂-ခု, ရုပ် ၁၃-ခုလျှင် အရေအတွက် အတိုင်း

အရှည်ရှိသော ဘောဒသက ကလာပ်, ဒွါဒသကက ကလာပ်, ဝေရသက-ကလာပ် ဟူ၍ ၆-ပါးပြား၏။

**တနည်း**...ကံကြောင့်ဖြစ်သော ကမ္မဇကလာပ် ၉-စည်း၊ စိတ်ကြောင့်ဖြစ်သော စိတ္တဇကလာပ် ၆-စည်း၊ ဥတုကြောင့်ဖြစ်သော ဥတုဇကလာပ် ၄-စည်း၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇကလာပ် ၂-စည်းအားဖြင့် ပေါင်း ၂၁-စည်းရှိ၏။

## ကမ္မဇကလာပ် ၉-စည်း

ထိုတွင် ကမ္မဇကလာပ် ၉-စည်းဟူသည်... စက္ခုဒသက ကလာပ်, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဣတ္ထိဘာဝ-ဒသက, ပုမ္ဘာဝဒသက, ဝတ္ထုဒသက ကလာပ်, ဇီဝိတနဝက ကလာပ်၊ ဤ ၉-စည်းတည်း။

## ကလာပ် ဖွဲ့စည်းပုံ

ထိုတွင် သက်သက်သော ကံကြောင့်ဖြစ်သော မဟာဘုတ် ၄-ခု, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ ဟူသော အဝိနိဗ္ဘောဂရုပ် ရှစ်ခု, ဇီဝိတရုပ်တခုအားဖြင့် ဤရုပ် ၉-ခု၌ စက္ခုကိုထည့်၍ ရုပ်ဆယ်ခုအပေါင်းသည် စက္ခုဖြင့် မှတ်အပ်သော ဒသက ကလာပ်ဖြစ်၍၊ ဝါ-စက္ခုလျှင် ပြဋ္ဌာန်းခြင်းရှိသော ကလာပ်ဖြစ်၍၊ ဝါ-စက္ခုလျှင် ဆယ်ခုမြောက်ရှိသော ကလာပ်ဖြစ်၍ **စက္ခုဒသက** ကလာပ်မည်၏။ ယခင်ရုပ် ၉-ခု၌ သောတကို ထည့်၍ ရုပ်ဆယ်ခုအပေါင်းသည် သောတဖြင့် မှတ်အပ်သော၊ ဝါ၊ သောတလျှင် ပြဋ္ဌာန်းခြင်း ရှိသော ဒသက ကလာပ်ဖြစ်၍၊ ဝါ၊ သောတလျှင် ၁၀-ခုမြောက်ရှိသော ရုပ်ကလာပ်ဖြစ်၍ **သောတဒသက** ကလာပ်မည်၏။ ဤအတူ ၎င်း ၉-ခု၌ ဃာနကို ထည့်၍ **ဃာနဒသက** ကလာပ်, ဇိဝှါကို ထည့်၍ **ဇိဝှါဒသက** ကလာပ်, ကာယကို ထည့်၍ **ကာယဒသက** ကလာပ်, ဣတ္ထိန္ဒြေကို ထည့်၍ **ဣတ္ထိဘာဝ-ဒသက** ကလာပ်, ပုရိသိန္ဒြေကို ထည့်၍ **ပုမ္ဘာဝဒသက** ကလာပ်, ဟဒယဝတ္ထုကို ထည့်၍ **ဝတ္ထုဒသက** ကလာပ် မည်သည်ကိုလည်း သိလေ။ အဝိ-နိဗ္ဘောဂရုပ်ရှစ်ခု၌ ဇီဝိတိန္ဒြေကို ထည့်၍ ၉-ခုသော ရုပ်အပေါင်းသည် ဇီဝိတဖြင့် မှတ်အပ်သော၊ ဝါ၊ ဇီဝိတလျှင် ပြဋ္ဌာန်းခြင်းရှိသော နဝက ကလာပ်ဖြစ်၍၊ ဝါ၊ ဇီဝိတလျှင် ၉-ခုမြောက်ရှိသော ကလာပ်ဖြစ်၍ **ဇီဝိတ-နဝက** ကလာပ်မည်၏။

## စိတ္တဇကလာပ် ၆-စည်း

စိတ္တဇကလာပ် ၆-စည်း ဟူသည်ကား.... သုဒ္ဓဋ္ဌက ကလာပ်, ကာယဝိညတ္တိနဝက ကလာပ်, ဝစီဝိညတ္တိဒသက ကလာပ်, လဟုတာဒေကာဒသက ကလာပ်, ကာယဝိညတ္တိ လဟုတာဒိ ဒွါဒသက ကလာပ်, ဝစီဝိညတ္တိ လဟုတာဒိတေရသက ကလာပ်၊ ဤ ၆-စည်းတည်း။

### ကလာပ်ဖွဲ့စည်းပုံ

ထိုတွင် အဝိနိဗ္ဘောဂရုပ် ရှစ်ခုအပေါင်းသည် တပါးရုပ်မဖက် သက်သက်သော ရုပ်ရှစ်ခုအပေါင်းဖြစ်၍ **သုဒ္ဓဋ္ဌက** ကလာပ် မည်၏။ အဝိနိဗ္ဘောဂရုပ် ရှစ်ခု၌ ကာယဝိညတ်ကို ထည့်၍ ရုပ် ၉-ခုအပေါင်းသည် ကာယဝိညတ်ဖြင့် မှတ်အပ်သော၊ ဝါ၊ ကာယဝိညတ်လျှင် ပြဋ္ဌာန်းခြင်းရှိသော နဝက ကလာပ် ဖြစ်၍၊ ဝါ၊ ကာယဝိညတ်လျှင် ၉-ခုမြောက်ရှိသော ရုပ်အပေါင်းဖြစ်၍ **ကာယဝိညတ္တိနဝက** ကလာပ်မည်၏။ ထိုအတူ ၎င်းရုပ်ရှစ်ခု၌ ဝစီဝိညတ်နှင့် သဒ္ဒကို ထည့်၍ **ဝစီဝိညတ္တိဒသက** ကလာပ်, ရူပဿလဟုတာ စသော ဝိကာရရုပ် ၃ ခုကိုထည့်၍ **လဟုတာဒေကာဒသက** ကလာပ်, ကာယဝိညတ်နှင့် ဝိကာရရုပ် ၃-ခုကိုထည့်၍ **ကာယဝိညတ္တိလဟုတာဒိ ဒွါဒသက** ကလာပ်, ဝစီဝိညတ် သဒ္ဒတို့နှင့် ဝိကာရရုပ် ၃-ခုကိုထည့်၍ **ဝစီဝိညတ္တိလဟုတာဒိ-တေရသက** ကလာပ် မည်သည်ကိုလည်း သိလေ။

ဝစီဝိညတ်သည် တရံတဆစ်မျှ သဒ္ဒနှင့်ကင်း၍ မဖြစ်ကောင်းရကား အဝိနာဘာဝ နည်းအားဖြင့် ဝစီဝိညတ်ကို ယူသဖြင့် သဒ္ဒကိုလည်း ယူအပ်သောကြောင့်၊ ဝါ၊ ဝစီဝိညတ္တိ သဒ္ဒါဖြင့် သဒ္ဒကိုလည်း သင်္ဂြိုဟ်အပ်သောကြောင့် အဝိနိဗ္ဘောဂရုပ် ရှစ်ခုဝယ် ဝစီဝိညတ်နှင့် သဒ္ဒကိုထည့်ရာ ဝစီဝိညတ် သဒ္ဒတို့နှင့် ဝိကာရရုပ် ၃-ခုကိုထည့်ရာ ကလာပ်တို့၌ ဝစီဝိညတ္တိ သဒ္ဒဒသက ကလာပ်, ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ် ဟု မဆိုမူ၍ ဝစီဝိညတ္တိဒသက ကလာပ်, ဝစီဝိညတ္တိလဟုတာဒိတေရသက ကလာပ်ဟု ဆိုအပ်လေသည်ဟု မှတ်လေ။

### ဥတုဇကလာပ် ၄-စည်း

ဥတုဇကလာပ် ၄-စည်းဟူသည်ကား....ဥတုကြောင့်ဖြစ်သော တပါးရုပ်မဖက် သက်သက်သော အဝိနိဗ္ဘောဂရုပ် ရှစ်ခုအပေါင်း ဟူသော **သုဒ္ဓဋ္ဌက**

ကလာပ်, အဝိနိဗ္ဘောဂရုပ် ရှစ်ခု၌ သဒ္ဒကိုထည့်၍ **သဒ္ဒနဝက** ကလာပ်, ၎င်းရှစ်ခု၌ ဝိကာရရုပ် ၃-ခုကိုထည့်၍ **လဟုတာဒေကာဒသက** ကလာပ်, သဒ္ဒနှင့် ဝိကာရရုပ် ၃-ကိုထည့်၍ **သဒ္ဒလဟုတာဒိဒွါဒသက** ကလာပ်၊ ဤ ၄-စည်းတည်း။

## အာဟာရဇကလာပ် ၂-စည်း

အာဟာရဇကလာပ် နှစ်စည်းဟူသည်ကား.... အာဟာရကြောင့် ဖြစ်သော တပါးရုပ်မဖက် သက်သက်သော အဝိနိဗ္ဘောဂရုပ် ရှစ်ခု အပေါင်းဟူသော **သုဒ္ဓဋ္ဌက** ကလာပ်, ၎င်းရုပ်ရှစ်ခု၌ ဝိကာရရုပ် ၃-ခုကိုထည့်၍ ရုပ် ၁၁-ခု အပေါင်း ဟူသော **လဟုတာဒေကာဒသက** ကလာပ်၊ ဤ နှစ်စည်းတည်း။

**အာကာသဓာတ်**သည် ရုပ်ကလာပ်တို့ကို ရောရှက်ခြင်း မရှိစေရအောင် ပိုင်းခြားခြင်းမျှသာ ဖြစ်သည်၊ ရုပ်ကလာပ်တို့၏ အစိတ်မဖြစ်။ **လက္ခဏရုပ်** ၄-ခုတို့သည်လည်း ရုပ်တို့၏ မှတ်ကြောင်း လက္ခဏာမျှသာ ဖြစ်သည်၊ ရုပ်ကလာပ်တို့၏ အစိတ်မဖြစ်။ ထိုကြောင့် ဤရုပ် ၅-ခုတို့သည် ကလာပ်ဖွဲ့စည်းရာ မပါလေသည်။ ထို ၂၁-စည်းတို့တွင် ဥတုဇဖြစ်သော သုဒ္ဓဋ္ဌက ကလာပ်, သဒ္ဒနဝက ကလာပ်၊ ဤနှစ်စည်းတို့ကိုသာ တော, တောင်, ရေ, မြေ အစရှိသော ဗဟိဒ္ဓသန္တာန်၌ ရကောင်းသည်၊ သဝိညာဏက အဇ္ဈတ္တသန္တာန်၌ကား မရကောင်းသော ကလာပ်မည်သည် မရှိ၊ အလုံးစုံပင် ရကောင်း၏။

---

## ရူပပဝတ္တိက္ကမ

### ယောနိလေးပါး

ထိုကလာပ်တို့သည် ယောနိ၏ အစွမ်းဖြင့် ထိုက်သည် အားလျော်စွာ ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဖြစ်ကုန်၏။ ယောနိဟူသည် သတ္တဝါတို့၏ အသီး အသီး ဒြပ်အားဖြင့် အခြားစီဖြစ်၍ စင်စစ်ပင် မရောနှောသော်လည်း တူသော ဇာတ်အားဖြင့် ရောနှောသကဲ့သို့ ဖြစ်ကြောင်း ဖြစ်သော ခန္ဓာအစုပင်တည်း။

ထိုယောနိသည် အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ်အားဖြင့် ၄-ပါး ပြား၏။ ထိုတွင် ဥခွံတွင်း၌ ပဋိသန္ဓေ စွဲနေသောအားဖြင့် ဖြစ်သော ဥမှ ပေါက်ဖွားသောအားဖြင့်ဖြစ်သော သတ္တဝါသည် **အဏ္ဍဇ**၊ သားအိမ်တွင်း၌ ပဋိသန္ဓေ စွဲနေသော သတ္တဝါအပေါင်းသည် **ဇလာဗုဇ** မည်၏။ ထိုအဏ္ဍဇ, ဇလာဗုဇ နှစ်ပါးသည် အမိဝမ်းတိုက်၌ ဖြစ်သောကြောင့် **ဂဗ္ဘသေယျက** မည်၏။

အမိဝမ်းတိုက်သည် အဘယ်ကြောင့် ဂဗ္ဘမည်သနည်း ဟူမူ....အမိဝမ်း တိုက်၌ ပဋိသန္ဓေနေသော သတ္တဝါတို့၏ မဖွားမီအတွင်း ကာလပတ်လုံး အမြဲတစေ နေရာဖြစ်၍ လူတို့၏နေရာ တိုက်ခန်းနှင့်တူသောကြောင့် ဂဗ္ဘ မည်သည် ဟူလေ။

**တနည်းလည်း**....အတ္တဘော၏ အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် မုချ အားဖြင့် ကလလရေကြည် အစရှိသော အခိုက်အတန့်ဖြင့် ခန္ဓာ ငါးပါး တရားအစဉ်ဟူသော ဓမ္မပဗန္ဓသည် ဂဗ္ဘ မည်၏။ မဉ္စာ ဥက္ကုဋ္ဌိ ကရောန္တိ ဟူရာ၌ ညောင်စောင်း၏ ကြွေးကြော်ခြင်း မဖြစ်သောကြောင့် မှီနေရာ ညောင်စောင်း၏ မဉ္စဟူသော အမည်ကို ထိုညောင်စောင်း၌ တည်နေသော လူ၌ တင်စား၍ လူကို မဉ္စဟုဆိုအပ်သကဲ့သို့၊ ထိုခန္ဓာပဉ္စက ဟူသော ဓမ္မ- ပဗန္ဓကို စွဲမှီ၍ သတ္တဝါဟု သမုတ်အပ်ရကား မှီရာဓမ္မပဗန္ဓ၏ ဂဗ္ဘဟူသော အမည်ကို ထိုဓမ္မပဗန္ဓ၌မှီသော သတ္တဝါသန္တာန်၌ တင်စား၍ သတ္တဝါ သန္တာန်ကိုလည်း ဂဗ္ဘ ဟူ၍ပင် ဆိုအပ်၏၊ ထိုဂဗ္ဘမည်သော သတ္တဝါ သန္တာန်၏ မှီရာဖြစ်၍ အမိဝမ်းတိုက်သည်လည်း ဂဗ္ဘမည်သည် ဟူလေ။

ညှီနံသော ရနံ့ရှိသော ပဒုမာကြာတိုက်, ကိုယ်ဝန်အညစ်အကြေး, ပုပ် ညှီသော ရနံ့ရှိသော ငါးပုပ်, အမဲပုပ် အစရှိသော အရပ်သည် သံသေဒဇ မည်၏၊ ထိုအရပ်၌ဖြစ်သော သတ္တဝါအပေါင်းသည်လည်း **သံသေဒဇ** မည် ၏။ ထိုတွင် ပေါက္ခရသာတိပုဏ္ဏား, ပဒုမဝတီမိဖုရား စသည်တို့သည် ကြာတိုက်၌ ဖြစ်ကုန်၏။ ပဒုမဝတီမိဖုရား၏ ငါးရာသော သားတို့တွင် အကြီးဆုံးဖြစ်သော ဝမ်းတိုက်၌ ပဋိသန္ဓေနေသော မဟာပဒုမ ပစ္စေက- ဗုဒ္ဓါမှတပါး ၄၉၉-ယောက်ကုန်သော ပစ္စေကဗုဒ္ဓါတို့သည် ကိုယ်ဝန်အညစ်

အကြေး၌ ဖြစ်ကုန်၏။ ပိုး, လောက်, ယင်စသော သတ္တဝါတို့သည် ငါးပုပ်, အမဲပုပ် အစရှိသည်တို့၌ ဖြစ်ကုန်၏။

ကြီးရင့်ခြင်းသို့ ရောက်သော လူတို့ကဲ့သို့ ဖြစ်ကုန်သော သတ္တဝါတို့၏ ပဋိသန္ဓေအစကာလ၌ပင် ၁၆-နှစ်ရွယ်, ၂၀-ရွယ် အစရှိသော အဖြစ်ဖြင့် ကြီးစွာဖြစ်၍ ထင်ရှားဖြစ်ခြင်းသည် အနီးသို့ကပ်၍ ကျလာဘိသကဲ့သို့ ဖြစ်သောကြောင့် **ဥပပါတ်** မည်၏။

သံသေဒဇ, ဥပပါတ်နှစ်ပါးတို့၏ အထူးကား....သံသေဒဇမှာ ငယ်သော ကိုယ်ရှိသည်ဖြစ်၍ ကြာတိုက်စသည်၌ မိလျက် အစဉ်အတိုင်း ကြီးပွါးရသည်၊ ဥပပါတ်မူကား ဖြစ်ရာအရပ်ဒေသ၌ သတ္တဝါတို့၏ အပိုင်းအခြား ပမာဏရှိသော ကိုယ်ရှိသည်ဖြစ်၍ ၁၆-နှစ်ရွယ်, ၂၀-ရွယ်ကဲ့သို့ ပြည့်စုံသော အင်္ဂါကြီးငယ် ရှိကုန်သည်ဖြစ်၍ ထင်ရှားဖြစ်သည်။ ဤသို့ထူး၏။

### ယောနိနှင့် ပုဂ္ဂိုလ်တို့ကို တွဲစပ်ခြင်း

ဤယောနိ ၄-ပါးတွင် ဘုမ္မဇိုဝ်းမှတပါး နတ်ပြဟ္မာတို့၌၎င်း, နိရ္ဗာမတဏှိက ပြိတ္တာတို့၌၎င်း, အလုံးစုံသော ငရဲသူသတ္တဝါတို့၌၎င်း ဥပပါတ် တပါးတည်းကိုသာ ရသည်၊ နိဇ္ဈာမတဏှိကမှ တပါးသော ပြိတ္တာ, တိရစ္ဆာန်, လူ, ဘုမ္မဇိုဝ်းတို့၌ကား ၄-ပါးလုံးကိုပင် ရ၏။ လူတို့၌ ကမ္ဘာဦးသူတို့သည် ၎င်း, အမ္ဗပါလီစသော အချို့သော သူတို့သည်၎င်း, ဥပပါတ်ဖြစ်ကုန်၏။ အမ္ဗပါလီ၏ သရက်ခက်တို့၏ အကြား၌ ဥပပါတ်ဖြစ်ကြောင်းကို—

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဟောသိံ ဩပပါတိကာ။
အမ္ဗသာခန္တရေ ဇာတာ၊ အမ္ဗပါလီတိ တေနဟံ—

ဟူ၍ အရဟတ္တဖိုလ်သို့ ရောက်သောကာလ **ၛင်းထေရီမပင်** ဟောပြတော်မူသည်-ထေရာပဒါန် ပါဠိတော် (၂၉၆)

ပစ္ဆိမေ ဘဝသမ္ပတ္တေ၊ အဆုံးစွန်သောဘဝသို့ ရောက်သောအခါ၌။ အဟံ၊ ငါသည်။ ဩပပါတိကာ၊ ဥပပါတ် ပဋိသန္ဓေနေရသည်။ အဟောသိံ၊ ဖြစ်ပြီ။ အမ္ဗသာခန္တရေ၊ သရက်ခက်တို့၏ အကြား၌။ ဇာတာ၊ ဖြစ်သည်။

အမှို၊ ဖြစ်၏။ တေန၊ ထို **သရက်ခက်တို့၏** အကြား၌ ဥပပါတ်အားဖြင့် ဖြစ်ခြင်းကြောင့်။ အဟံ၊ သည်။ အမ္ဗပါလီတိ အမ္ဗပါလီ နာမ၊ အမ္ဗပါလီ မည်သည်။ အဟောသိံ၊ ပြီ။

ကုဋ္ဌိမည်သော ကိန္နရီမ၏ သားဖြစ်ကုန်သော တိဿမထေရ်, သုမိတ္တ မထေရ် ညီနောင်နှစ်ပါးတို့ကဲ့သို့ အချို့သောလူတို့သည် အဏ္ဍဇဥခွံတွင်း၌ ပဋိသန္ဓေနေကုန်၏။ ၎င်းမထေရ်နှစ်ပါး၏ ဥခွံတွင်း၌ ပဋိသန္ဓေနေကြောင်းကို **မဏိသာရမဉ္ဇူ၌**.... "အဏ္ဍဇာပိ ကောဋ္ဌိပုတ္တဒွေဘာတိကထေရာ ဝိယ" ဟူ၍၎င်း **သာရတ္ထသင်္ဂဟ၌လည်း**.... "သာ တေန သံဝါသမန္ဝာယ ဒွေ အဏ္ဍာနိ ဝိဇာယိ" ဟူ၍၎င်း ထို ကုဋ္ဌိမည်သော ကိန္နရီမသည် ထို မုဆိုးနှင့် ပေါင်းဖော်ခြင်းကိုစွဲ၍ ဥနှစ်လုံးတို့ကို ဘွားကြောင်းကို ဆိုသည်။

အဏ္ဍဇာပိ၊ ဥခွံတွင်း၌ဖြစ်ကုန်သော လူတို့သည်လည်း။ ဟောန္တိ၊ ရှိသည် ဖြစ်ကုန်၏။ ကေ ဝိယ၊ အဘယ်သူတို့ကဲ့သို့နည်း ဟူမူကား။ ကောဋ္ဌိပုတ္တ-ဒွေဘာတိကထေရာ ဝိယ၊ ကုဋ္ဌိကိန္နရီမ၏ သားဖြစ်ကုန်သော တိဿမထေရ်, သုမိတ္တမထေရ် ဟူကုန်သော ညီနောင်မထေရ် နှစ်ပါးတို့ကဲ့သို့တည်း။

သာ၊ ထို ကုဋ္ဌိကိန္နရီမသည်။ တေန၊ ထို မုဆိုးနှင့်။ သံဝါသံ၊ ပေါင်းဖော်ခြင်းကို။ အန္ဝာယ၊ စွဲ၍။ ဒွေ အဏ္ဍာနိ၊ နှစ်လုံးသော ဥတို့ကို။ ဝိဇာယိ၊ ဘွား၏။

**မဟာဝင်ကျမ်း ( အပိုင်း-၅၊ ဂါထာနံပါတ်-၂၁၄ ) ၌ကား**...."သာ ပုတ္တေ ဇနယိ ဒုဝေ" ဟူ၍ သားနှစ်ယောက်တို့ကို ဘွားကြောင်း သာမည အားဖြင့်သာ ဆို၏။ သာ၊ ထိုကုဋ္ဌိကိန္နရီမသည်။ ဒုဝေ၊ **နှစ်ယောက်ကုန်သော**။ ပုတ္တေ၊ သားတို့ကို။ ဇနယိ၊ ဖြစ်စေ၏။ ဘွား၏။

## ပုဂ္ဂိုလ်နှင့် ရသင့်သောကလာပ်

ဤရုပ်ကလာပ်တို့တွင် ဥခွံတွင်း၌ ပဋိသန္ဓေနေသော အဏ္ဍဇ,သားအိမ်တွင်း၌ ပဋိသန္ဓေနေသော ဇလာဗုဇဟူသော ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ယောကျ်ားဖြစ်အံ့၊ ကာယဒသက, ဝတ္ထုဒသက, ပုမ္ဘာဝဒသကဟူသော ကမ္မဇကလာပ် ၃-စည်း၊ မိန်းမဖြစ်အံ့၊ ကာယဒသက, ဝတ္ထုဒသက, ဣတ္ထိ-ဘာဝဒသကဟူသော ကမ္မဇကလာပ် ၃-စည်း၊ နပုံးပဏ္ဍုက်ဖြစ်အံ့၊ ကာယ-ဒသက, ဝတ္ထုဒသကဟူသော ကမ္မဇကလာပ် နှစ်စည်း၊ ဥပပါတ်တို့အား

အသညသတ်ဖြစ်အံ့၊ ဇီဝိတနဝကကလာပ် တစည်း၊ အသညသတ်မှ တပါး ရူပါဝစရ ဗြဟ္မာဖြစ်အံ့၊ စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတ- နဝကဟူသော ကမ္မဇကလာပ် လေးစည်း၊ ပြည့်စုံသော စက္ခုစသော ဣန္ဒြေ ရှိသော ကာမဥပပါတ်, သံသေဒဇဖြစ်အံ့၊ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသက ဟူကုန်သော ကမ္မဇကလာပ် ၇-စည်းတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ ကစ၍ စုတိစိတ်မှ ပြန်၍ရေသော် ၁၇-ချက် မြောက်သောစိတ်၏ ဥပါဒ် ခဏတိုင်အောင် ခဏတိုင်း ခဏတိုင်း ဆီမီးလျှံ မြစ်ရေအယဉ်ကဲ့သို့ အစဉ် မပြတ်ဖြစ်ကုန်၏။

## ဣန္ဒကဘိလူးအား ပြေကြားပုံ

အဏ္ဍဇ, ဇလာဗုဇ, သံသေဒဇ, ဥပပါတ်ဟူသော ယောနိဘေဒအားဖြင့် လေးပါးပြားသော ပုဂ္ဂိုလ်တို့၌ ထိုက်သည်အားလျော်စွာ အာယတနတို့၏ ဖြစ်ရာကာလကို ထိုဖြစ်ရာပုဂ္ဂိုလ်တို့ဖြင့် မှတ်၍ပြအံ့....

ထိုပုဂ္ဂိုလ်တို့တွင် ဘုမ္မဇိုဝ်းမှတပါးသော အလုံးစုံသော နတ်, ဗြဟ္မာ, ငရဲသူသတ္တဝါ, နိဇ္ဈာမတဏှိက ပြိတ္တာတို့၌ ဥပပါတ် တပါးသာ ရကောင်း ၍ နိဇ္ဈာမတဏှိကပြိတ္တာမှ တပါးသော ပြိတ္တာ, တိရစ္ဆာန်, အသုရကာယ်, လူ, ဘုမ္မဇိုဝ်းနတ်တို့၌သာ ယောနိလေးပါးလုံးကို ရကောင်းရကား ထိုလေးပါးလုံးကို ရကောင်းသော ပုဂ္ဂိုလ်တို့တွင် လူဖြင့် မှတ်၍ ပြအံ့။ ယောနိလေးပါးဘွင်လည်း ဥခွံတွင်း၌ဖြစ်သော အဏ္ဍဇ, သားအိမ်တွင်း၌ အဘ၏သုက် အမိ၏သွေးဟူသော သုက်သွေးကို စွဲ၍ဖြစ်သော ဇလာဗုဇ နှစ်ပါးသည် အမိ၏ ဝမ်းတိုက်၌ဖြစ်၍ ဂဗ္ဘသေယျကမည်ရကား ဇလာဗုဇ ဖြစ်သော ဂဗ္ဘသေယျကဖြင့် ရှေးဦးစွာ ပြအံ့။

မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဣန္ဒကဘီလူးသည် သိမ်းဆည်း စောင့်ရှောက်အပ်သော တောင်ထွဋ်ရှိ၍ ဣန္ဒကူဋမည်သော တောင်ဝယ် ဣန္ဒကဘီလူး၏ ဗိမာန်၌ သီတင်းသုံးနေတော်မူသောအခါ ရုပ်သည်ပင် ပုဂ္ဂိုလ်, သတ္တဝါတည်းဟု အယူရှိသော ထို ဣန္ဒကဘီလူးသည် စက္ခု စသော ဣန္ဒြေ အင်္ဂါကြီးငယ်တို့နှင့် အပြည့်အစုံ တပြိုင်နက်တည်းပင် သတ္တဝါသည် အမိဝမ်း၌ဖြစ်၏ဟု မှတ်ယူ၍ အကယ်၍ ရုပ်သည် ပုဂ္ဂိုလ်

သတ္တဝါမဟုတ်ခဲ့အံ့၊ ဂဗ္ဘသေယျက၏ အမိသည် စားသုံးအပ်သော ငါးအမဲ စသော ဝတ္ထုသည် ဝမ်းတွင်း၌ တည့်တည်နေသဖြင့် ကျက်နပ်၍ အမြုပ်ကဲ့သို့ ကြေပျက်သကဲ့သို့ ထိုရုပ်သည် ကြေပျက်ရာ၏ ဟူသော အယူဖြင့်—

ရူပံ န ဇီဝန္တိ ဝဒန္တိ ဗုဒ္ဓါ၊ ကထံန္ဝယံ ဝိန္ဒတိမံ သရီရံ။
ကုတဿ အဋ္ဌိယကပိဏ္ဍမေတိ၊ ကထံန္ဝယံ သဇ္ဇတိ ဂဗ္ဘရသ္မိံ—

ဟူသော သံယုတ်ပါဠိတော် (ပဠမတွဲ-၂၀၈)။ ရှင်တော်ဘုရား....မြတ်စွာဘုရားတို့သည် ရုပ်ကို သတ္တဝါပုဂ္ဂိုလ်မဟုတ်ဟု ဟောတော်မူကုန်၏။ ထိုသို့ ဟောတော်မူတိုင်း အကယ်၍ ရုပ်သည် သတ္တဝါပုဂ္ဂိုလ်မဟုတ်ဘဲ ရုပ်တခြား ပုဂ္ဂိုလ်လည်းတခြား ကွဲပြားခဲ့အံ့၊ ဤသတ္တဝါသည် ရုပ်ဖြစ်သော ဤကိုယ်ကို အဘယ်မှ ရပါသနည်း၊ ထိုသတ္တဝါအား သုံးရာသော အရိုး, ကိုးရာသော အသားဆိုင်သည် အဘယ်မှ လာပါသနည်း၊ သတ္တဝါမဟုတ်သော ဤရုပ်သည် အမိဝမ်းတိုက်ဝယ် အဘယ်သို့သောအကြောင်းဖြင့် ကပ်ရပ်တည်နေနိုင်သနည်းဟူ၍ မြတ်စွာဘုရားအား လျှောက်ထား၏။

ဘန္တေ၊ ရှေ့ဘုန်းတော်အရှင် သခင်ဘုရား။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ ရူပံ၊ ရုပ်ကို။ န ဇီဝန္တိ၊ သတ္တဝါပုဂ္ဂိုလ်မဟုတ်ဟူ၍။ ဝဒန္တိ၊ ဟောတော်မူကုန်၏။ အထ၊ ထိုသို့ဟောတော်မူသည့်အတိုင်း ရုပ်သည် သတ္တဝါပုဂ္ဂိုလ် မဟုတ်ခဲ့သော်။ အယံ သတ္တော၊ ဤသတ္တဝါသည်။ ဣမံသရီရံ၊ ရုပ်ဖြစ်သော ဤကိုယ်ကို။ ကထံ၊ အဘယ်သို့သော အကြောင်းဖြင့်။ ဝိန္ဒတိနု၊ ရပါသနည်း။ အဿ၊ ထိုသတ္တဝါ၏။ ဝါ၊ အား။ အဋ္ဌိယကပိဏ္ဍံ၊ သုံးရာသော အရိုး, ကိုးရာသော အသားဆိုင်သည်။ ကုတော၊ အဘယ်မှ။ ဧတိ၊ လာပါသနည်း။ အယံ သတ္တော၊ သည်။ ကထံ၊ ဖြင့်။ ဂဗ္ဘရသ္မိံ၊ အမိဝမ်းတိုက်၌။ သဇ္ဇတိနု၊ ပြည့်စုံငြိကပ် တည်နေနိုင်သနည်း။

ထိုသို့ မေးလျှောက်သောအခါ မြတ်စွာဘုရားသည် ထိုဣန္ဒကဘီလူးအား သင်မှတ်ထင်သည့်အတိုင်း ရုပ်သည် သတ္တဝါမဟုတ်၊ သတ္တဝါသည် အရိုး, အသားစသည်နှင့် အပြည့်အစုံ တပြိုင်နက်တည်းသာလျှင် အမိဝမ်းတိုက်၌ ဖြစ်သည်မဟုတ်၊ တဖြေးဖြေးအစဉ်အားဖြင့် ကြီးပွါးရသည်ဟု ပြတော်မူလိုသောကြောင့် **သံယုတ်ပါဠိတော် (ပဠမတွဲ-၂၀၈)** ၌—

ပဌမံ ကလလံ ဟောတိ၊ ကလလာ ဟောတိ အဗ္ဗုဒံ။

အဗ္ဗုဒါ ဇာယတေ ပေသိ၊ ပေသိ နိဗ္ဗတ္တတေ ဃနော[၁]။

ဃနာ ပသာခါ ဇာယန္တိ၊ ကေသာ လောမာ နခါပိစ—

အစရှိသော ဂါထာတို့ကို ဟောတော်မူသည်။

ပဌမံ၊ ရှေးဦးအစ ပဋိသန္ဓေ ခဏကာလ၌။ ကလလံ၊ ကလလ ရေကြည်သည်။ ဟောတိ၊ ဖြစ်၏။ ကလလာ၊ ကလလရေကြည်ဖြစ်ရာ ပဌမသတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော ဒုတိယသတ္တာဟ၌။ အဗ္ဗုဒံ၊ သားဆေးရေအဆင်းရှိသော အမြှုပ်သည်။ ဟောတိ၊ ၏။ အဗ္ဗုဒါ၊ အမြှုပ်ဖြစ်ရာ သတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော တတိယသတ္တာဟ၌။ ပေသိ၊ သွေးသစ်သော ပုလဲနှစ်အဆင်းရှိသော သားတစ်သည်။ ဇာယတေ၊ ဖြစ်၏။ ပေသိ၊ သားတစ်ဖြစ်သည်မှ။ ဝါ၊ ဖြစ်ရာသတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော စတုတ္ထသတ္တာဟ၌။ ဃနော၊ ကြက်ဥသဏ္ဌာန်ပမာ ညီညွတ်ဝန်းသော အခဲသည်။ နိဗ္ဗတ္တတေ၊ ဖြစ်၏။ ဃနာ၊ ဃနဖြစ်သည်မှ။ ဝါ၊ ဖြစ်ရာသတ္တာဟမှ။ ပရံ၊ နောက်ဖြစ်သော ပဥ္စမသတ္တာဟ၌။ ပသာခါ၊ ခြေနှစ်ဖက်၊ လက်နှစ်ဖက်၊ ဦးခေါင်းအားဖြင့် ငါးဖြာသော ခက်မတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုခက်မငါးဖြာ ဖြစ်ပြီးသည်မှ။ ပရံ၊ နောက်ဖြစ်သော မိမိတို့ဖြစ်သင့်ရာ ကာလ၌။ ကေသာ စ၊ ဆံပင်တို့သည်၎င်း။ လောမာ စ၊ အမွေးတို့သည်၎င်း။ နခါပိစ၊ လက်သည်း၊ ခြေသည်းတို့သည်၎င်း။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ဟောတော်မူသည် အားလျော်စွာ လူဖြစ်သော **ဂဗ္ဘသေယျကပုဂ္ဂိုလ်အား** ပဋိသန္ဓေ ဥပါဒ်ခဏ ကာလ၌ မိန်းမ၊ ယောကျ်ားတို့ဝယ် ထိုက်သည်အားလျော်စွာ ကာယဒသက၊ ဘာဝဒသက၊ ဝတ္ထုဒသက ဟူသော ကလာပ် သုံးစည်း ရုပ်သုံးဆယ် ဟူသော ကလလ ရေကြည်သည် ပဋိသန္ဓေ စိတ်နှင့်ပြိုင်၍ ကံဟူသော အကြောင်းကြောင့် ဖြစ်၏။ ထို **ကမ္မဇရုပ်**သည် ဖြစ်သမျှသောစိတ်၏ ဥပါဒ်၊ ဌီ၊ ဘင် ခဏတိုင်းဖြစ်၍ ထို

---

၁။ သဒ္ဒေါပဝတ္တနာဋီကာ၌ ဃန်-ဟု ရှိ၏။

ကမ္မဇကလာပ်တို့၌ ပါသော တေဇောဓာတ်ဟူသော ဥတုသည် မိမိနှင့် ဥပါဒ်ပြိုင်၍ဖြစ်သော စိတ်၏ ဌီခဏ၌ ဥတုဇကလာပ်ကို ဖြစ်စေရကား ထို အသီးအသီးသော ဥတုသည် ဖြစ်စေအပ်သော **ဥတုဇရုပ်**သည်လည်း စိတ်၏ ဥပါဒ်, ဌီ, ဘင် ခဏဘိုင်း၌ပင် ဖြစ်၏၊ **စိတ္တဇရုပ်**မှာ ပဋိသန္ဓေနောင် ပဌမ ဘင်မှစ၍ စိတ်ဥပါဒ်ခဏတိုင်း ဖြစ်၏၊ ဤသို့ ရုပ်အဆင့်ဆင့် တိုးတက် ဖြစ်ပွါး၍ ခုနစ်ရက်ပတ်လုံး ကလလအဖြစ်ဖြင့် တည်၏၊ ထိုနောင် ဒုတိယ သတ္တာဟ၏ အစရက်၌ သားဆေးရေ အဆင်းရှိသော အမြှုပ်ဟူသော အဗ္ဗုဒဖြစ်၍ ဒုတိယသတ္တာဟ ပတ်လုံးတည်၏၊ ထိုနောင် တတိယ သတ္တာဟ ၏ အစရက်၌ သွေးသစ်စသော ပုလဲနှစ် အဆင်းရှိသော နူးသော သားတစ် ဟူသော ပေသိ ဖြစ်၍ တတိယ သတ္တာဟပတ်လုံးတည်၏။ ထိုနောင် စတုတ္ထ- သတ္တာဟ၏ အစရက်၌ ကြက်ဥ သဏ္ဌာန်ပမာ ညီစွာဝန်းသော အခဲ ဟူသော ဃနဖြစ်၍ စတုတ္ထသတ္တာဟ ပတ်လုံးတည်၏။ ထိုဃနဖြစ်ရာ စတုတ္ထသတ္တာဟ ၏ အခြားမဲ့ဖြစ်သော ပဉ္စမသတ္တာဟ၌ လက်နှစ်ဖက်, ခြေနှစ်ဖက်, ဦးခေါင်း ဟူသော ခက်မငါးဖြာ အလို့ငှါ ငါးခုသော အဖုတို့သည် ဖြစ်ကုန်၏။

## ကလလ-စသည်တို့၏ သတ္တာဟအစဉ်

ကလလစသော ငါးပါး၏ သတ္တာဟတခုစီ အစဉ်အားဖြင့် ဖြစ်ကြောင်း ကို ဆို၏၊ ထိုတွင် အစဉ်အတိုင်းဖြစ်ကြောင်းကို ဆိုသောစကားသည် ပဌမံ ကလလံ ဟောတိ အစရှိသော ပါဠိတော်လာသည်အတိုင်း ပြဆိုသောကြောင့် သင့်လှပေပြီ၊ ယင်းတို့၏ ပဌမသတ္တာဟမှစ၍ ပဉ္စမသတ္တာဟတိုင် သတ္တာဟ တခုစီ စဉ်၍ဖြစ်ကြောင်းကို အဘယ်ကြောင့် သိပါသနည်းဟူမူ....ပသာခ ဖြစ်ရာကာလမှ အခြားမဲ့ဖြစ်သော ခြောက်ခုမြောက်သော သတ္တာဟမှစ၍ လေးဆဲ့တခုမြောက်သော သတ္တာဟတိုင် ခက်မငါးဖြာဖြစ်ရာ သတ္တာဟ လေးဆဲ့နှစ်ကြိမ်မြောက် သတ္တာဟတို့၏ အတွင်း အကြားဖြစ်သော သုံးဆဲ့ ခြောက် သတ္တာဟတို့ကို ဟောတော်မမူဘဲ ဒေသနာတော်ကိုချုံး၍ လေးဆဲ့ နှစ်ကြိမ်မြောက်ဖြစ်သော သတ္တာဟ၌ ကိုယ်ဝန်ဟူသော သူငယ် ရင့်သော ကာလကိုယူ၍ ဆံ,အမွေး,လက်သည်း,ခြေသည်းတို့ ဖြစ်ကြောင်းကို ပြတော် မူလိုသော မြတ်စွာဘုရားသည် "ဃနာ ပသာခါ ဇာယန္တိ"-ဟူ၍ ခက်မ ငါးဖြာတို့ ဖြစ်ရာကို ဟောတော်မူပြီး၍ "ကေသာ လောမာ နခါပိစ"ဟူ၍ ဟောတော်မူကြောင်းကို ပြဆိုသော—

ကလလံ ပဌမံ ဆဌသတ္တမာဒီနိ သတ္တာဟာနိ အတိက္ကမ္မ ဒေသနံ သံခိပိတွာ ဒွါစတ္တာလီသေ သတ္တာဟေ ပရိဏတကာလံ ဂဟေတွာ ဒဿေန္တော ကေသာတိ အာဒိမာဟ—

ဟူသော သံယုတ်အဋ္ဌကထာ (ပဌမတွဲ-၂၇၅) ဝယ် ကလလံ ပဌမံ-၌ ကလလ သဒ္ဒါ၏ အစွဲအရဖြစ်သော ခက်မ ငါးဖြာတို့၏ဖြစ်ရာ သတ္တာဟသည် ဆဋ္ဌသတ္တမာ-ဒီနိ သတ္တာဟာနိ အတိက္ကမ္မ-စသော နောက်စကားကို ထောက်၍ ဆဋ္ဌ-သတ္တာဟမှ ရှေ့ဖြစ်ခဲ့သော် ပဉ္စမသတ္တာဟသာ ဖြစ်ရကား ကလလ, အဗ္ဗုဒ, ပေသိ, ဃန, ပဉ္စပသာခတို့သည် ပဌမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမ, သတ္တာဟတို့၌ အစဉ်အတိုင်း သတ္တာဟတခုစီ စဉ်၍ဖြစ်သည်ကို သိပါသည်၊ ဃနဖြစ်ပြီးနောက် ခက်မငါးဖြာတို့ ဖြစ်ကုန်သည် ဟူသော်လည်း ခြေချောင်း, လက်ချောင်း, မျက်စိ, နား, နှာခေါင်း စသည်တို့နှင့်တကွ အပြည့်အစုံ ဖြစ်ကုန်သည် မဟုတ်သေး၊ ခြေနှစ်ဖက်, လက်နှစ်ဖက်, ဦးခေါင်း ဟူသော ခက်မငါးဖြာ ဖြစ်ရန်အကျိုးငှါ ငါးခုသော အဖုတို့သာ ဖြစ်ကုန်သေးသည်။ ထိုအဖု ငါးခုဟူသော ခက်မငါးဖြာ၏ ဖြစ်ရာကာလလည်း ပဉ္စမသတ္တာဟဖြစ်၍ ပဉ္စမသတ္တာဟ၌ ယင်းတို့ဖြစ်ကြောင်းကို ပြဆိုသော—

ဃနာ ပသာခါ ဇာယန္တီတိ ပဉ္စမေ သတ္တာဟေ ဒွိန္နံ ဟတ္ထပါဒါနံ သီသဿ စတ္ထာယ ပဉ္စပိဠကာ ဇာယန္တိ—

ဟူသော ရင်းအဋ္ဌကထာ (ပဌမတွဲ-၂၇၅) ဝယ် ငါးခုမြောက်သော သတ္တာဟ၌ ခက်မငါးဖြာ အကျိုးငှါ ငါးခုသောအဖုတို့ ဖြစ်ကုန်၏ ဟူသည်ကို ထောက်သဖြင့်လည်း ကလလ, အဗ္ဗုဒ, ပေသိ, ဃနလေးပါးတို့ ပဌမ, ဒုတိယ, တတိယ, စတုတ္ထသတ္တာဟတို့၌ အစဉ်အတိုင်း ဖြစ်ကုန်၏ဟု သိပါသည် ဟူလေ။

ကလလ၊ ဤခက်မငါးဖြာတို့ဖြစ်ရာ ပဉ္စမသတ္တာဟမှ။ ပရံ၊ နောက်၌။ ဆဋ္ဌသတ္တမာဒီနိ၊ ခြောက်ခုမြောက်သော သတ္တာဟ, ခုနစ်ခုမြောက်သော သတ္တာဟ အစရှိကုန်သော။ သတ္တာဟာနိ၊ သုံးဆဲ့တခုမြောက်သော သတ္တာဟ တိုင်အောင်သော သုံးဆဲ့ခြောက် သတ္တာဟ တို့ကို။ အတိက္ကမ္မ၊ လွန်၍။ ဒေသနံ၊ ဒေသနာတော်ကို။ သံခိပိတွာ၊ ချုံး၍။ ဒွါစတ္တာလီသေ သတ္တာ-ဟေ၊ လေးဆဲ့နှစ်သတ္တာဟ ကာလ၌။ ပရိဏတကာလံ၊ သူငယ်တည်းဟူသော ဝတ္ထု၏ရင့်သော ကာလကို။ ဂဟေတွာ၊ ယူ၍။ ဒဿေန္တော၊ ပြတော်

မူလိုသော မြတ်စွာဘုရားသည်။ ကေသာတိအာဒိံ၊ ကေသာ ဤသို့ အစရှိသော စကားကို။ အာဟ၊ ဟောတော်မူ၏။

ဃနာ ပသာခါ ဇာယန္တီတိ၊ ဃနာ ပသာခါ ဇာယန္တိ-ဟူသည်ကား။ ပဌမေ၊ ကလလသတ္တာဟမှ ငါးခုမြောက်ဖြစ်သော။ သတ္တာဟေ၊ ပဉ္စမ-သတ္တာဟ၌။ ဒွိန္နံဟတ္ထပါဒါနဥ္စ၊ လက်နှစ်ဖက်, ခြေနှစ်ဖက်တို့၏ရင်း။ သီသဿစ၊ ဦးခေါင်း၏ရင်း။ အတ္ထာယ၊ အကျိုးငှါ။ ပဉ္စပိဠကာ၊ ငါးခုသော အဖုတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

**သခေ်ပဝဏ္ဏနာဋီကာဝယ်**...မူလဋီကာဆရာ၏ အလိုကိုပြရာ၌ ရှေးဦးစွာ ကလလဖြစ်ပြီးနောက် နှစ်သတ္တာဟပတ်လုံးတည်၍ တတိယသတ္တာဟ၌ အဗ္ဗုဒ, ပဥ္စမသတ္တာဟ၌ ပေသိ, သတ္တမသတ္တာဟ၌ ဃန, နဝမ သတ္တာဟ၌ ခက်မငါးဖြာတို့ဖြစ်၍ နှစ်သတ္တာဟစီ တည်ကြောင်းကို ပြဆိုသော—

> အဘိဓမ္မဋီကာကာရမတေန ပန ကလလံ ဒွေသတ္တာဟံ၊ အဗ္ဗုဒံ ဒွေသတ္တာဟံ၊ ပေသိ ဒွေသတ္တာဟံ၊ ဃနံ ဒွေသတ္တာဟံ၊ ပဉ္စပသာခါ ဒွေသတ္တာဟံ ဟောန္တိ—

ဟူသော စကားသည် အလျှင်းပင် မူလဋီကာဆရာ၏ အလိုတော် မကျ။ **မူလဋီကာဆရာကား, သံယုတ်အဋ္ဌကထာဆရာနှင့်** ဝါဒကွဲပြားမရှိ အတူတူပင် ယူတော်မူသည်။

ပန၊ အယူထူးကို ပြဦးအံ့။ အဘိဓမ္မဋီကာကာရမတေန၊ အဘိဓမ္မာဋီကာကို စီရင်ရေးပြုတော်မူသော အရှင်အာနန္ဒာဆရာ၏ အလိုအားဖြင့်။ ကလလံ၊ ကလလရေကြည်သည်။ ဒွေသတ္တာဟံ၊ ပဌမ, ဒုတိယ, နှစ်သတ္တာဟပတ်လုံး။ ဟောတိ၊ ၏။ အဗ္ဗုဒံ၊ သည်။ ဒွေသတ္တာဟံ၊ တတိယ, စတုတ္ထ, နှစ်သတ္တာဟပတ်လုံး။ ဟောတိ၊ ၏။ ပေသိ၊ သည်။ ဒွေသတ္တာဟံ၊ ပဉ္စမ, ဆဋ္ဌ, နှစ်သတ္တာဟပတ်လုံး။ ဟောတိ၊ ၏။ ဃနံ၊ သည်။ ဒွေသတ္တာဟံ၊ သတ္တမ,အဋ္ဌမ, နှစ်သတ္တာဟပတ်လုံး။ ဟောတိ၊ ၏။ ပဉ္စပသာခါ၊ ခက်မငါးဖြာတို့သည်။ ဒွေသတ္တာဟံ၊ နဝမ, ဒသမ, နှစ်သတ္တာဟပတ်လုံး။ ဟောန္တိ၊ ကုန်၏။

ဆံ, အမွေး, ခြေသည်း, လက်သည်းတို့သည် ကလလ သတ္တာဟမှ လေးဆဲ့နှစ်ကြိမ်မြောက်ဖြစ်သော ဒွါစတ္တာလီသမ သတ္တာဟသို့ ရောက်မှ

ဖြစ်ကုန်သည်ဟူ၍ ကေသာစသည်တို့၏ ဖြစ်ရာကာလကို **သံယုတ်အဋ္ဌကထာ,** (**ပဠပတွဲ-၂၇၅**) **မဟာနိဒ္ဒေသ အဋ္ဌကထာ** (**၂၁၅**) **တို့၌**— "တတ္ထ ကေသာ လောမာ နခါပိ စာတိ ဒွါစတ္တာလီသေ သတ္တာဟေ တောနိ ဇာယန္တိ"-ဟူ၍— **သစ္စေပဝတ္တနာဋ္ဌကထာ၌လည်း**— "ကေသာဒယော ပန ဒွါစတ္တာလီသမေ သတ္တာဟေ ဟောန္တိ"-ဟူ၍ ပြဆိုတော်မူကြလေသည်ကား လေးဆဲ့ နှစ်သတ္တာဟသော် ရက်ပေါင်း နှစ်ရာ့ကိုးဆဲ့ လေးရက်ဖြစ်၍ ကိုးလနှင့်, နှစ်ဆဲ့လေးရက် ရသည်ဖြစ်၍ ဆယ်လစေ့ရောက်အလွန် မွေးဘွားချိန် နီးလှပြီ ဖြစ်ရကား အလွန်အားဖြင့် အလုံးစုံ ပြည့်စုံသည်ကို ရည်၍သာ ပြဆိုတော် မူကြကုန်သည်။

တတ္ထ၊ ထိုဂါထာ၌။ ကေသာလောမာနခါပိ စာတိ၊ ကေသာ။ပ။ စ-ဟူသည်ကား။ ဒွါစတ္တာလီသေ သတ္တာဟေ၊ လေးဆဲ့နှစ်သတ္တာဟ၌။ တောနိ၊ ထိုဆံ,အမွေး,လက်သည်း,ခြေသည်းတို့သည်။ ဇာယန္တိ၊ ဖြစ်ကုန်၏။

ကေသာဒယောပန၊ ဆံပင်စသည်တို့မူကား။ ဒွါစတ္တာလီသမေ၊ ကလလ သတ္တာဟမှ လေးဆဲ့နှစ်ကြိမ်မြောက်ဖြစ်သော။ သတ္တာဟေ၊ ၌။ ဟောန္တိ၊ ကုန်၏။

## သားဘွားပုံ လ-အပိုင်းအခြား

ပစ္ဆိမ ဘဝိက ဖြစ်သော ဘုရားလောင်း၏ မယ်တော်မှ တပါးကုန်သော မိန်းမတို့သည် ကိုးလပတ်လုံးသော်၎င်း, ဆယ်လပတ်လုံးသော်၎င်း, ကိုယ်ဝန် သူငယ်ကို ဝမ်းဖြင့် ဆောင်လွယ်၍ ဘွားရကြောင်းကို ဟောတော်မူသော—

> အညာ ဣတ္ထိယော နဝ ဝါ ဒသ ဝါ မာသေ ဂဗ္ဘံ ကုစ္ဆိနာ
> ပရိဟရိတွာ ဝိဇာယန္တိ—

ဟူသော **မဟာပဒါနသုတ် ပါဠိတော်** (၁၃)ကို ထောက်သဖြင့် ဆယ်လစေ့ရောက် မှသာ ဘွားသည်မဟုတ်၊ ကိုးလနှင့်ပင် ဘွားကြောင်းကို သိသာသည်။

အညာ၊ ပစ္ဆိမဘဝိကဘုရားလောင်း၏ မယ်တော်မှ တပါးကုန်သော။ ဣတ္ထိယော၊ မိန်းမတို့သည်။ နဝ ဝါ မာသေ၊ ကိုးလတို့ပတ်လုံးသော်၎င်း။ ဒသ ဝါ မာသေ၊ ဆယ်လတို့ပတ်လုံးသော်၎င်း။ ဂဗ္ဘံ၊ သူငယ်တည်းဟူသော ကိုယ်ဝန်ကို။ ကုစ္ဆိနာ၊ ဝမ်းဖြင့်။ ပရိဟရိတွာ၊ လွယ်ဆောင်၍။ ဝိဇာယန္တိ၊ ဘွားကုန်၏။

ဤ ပါဠိတော်ဝယ် နဝ ဝါ, ဒသ ဝါ မာသေ-၌ ဝါသဒ္ဒါ၏ အစွမ်းဖြင့် သတ္တ ဝါ မာသေ, အဋ္ဌ ဝါ မာသေ, ဧကာဒသ ဝါ မာသေ, ဒွါဒသ ဝါ မာသေ အစရှိသော အနက်တို့ကို ပေါင်းယူကြောင်းကို ၎င်းသုတ်၏ အဖွင့်ဖြစ်သော သုတ်မဟာဝါအဋ္ဌကထာ (၂၉)၌—

> နဝ ဝါ ဒသ ဝါတိ ဧတ္ထ ဝါသဒ္ဒေန ဝိကပ္ပနဝသေန သတ္တ ဝါ အဋ္ဌ ဝါ ဧကာဒသ ဝါ ဒွါဒသ ဝါတိ ဧဝမာဒီနံ သင်္ဂဟော ဝေဒိတဗ္ဗော—

ဟု ပြဆိုတော်မူသောကြောင့် ကိုးလ, ဆယ်လတို့ဖြင့်သာ ဘွားသည်မဟုတ်။ ခုနစ်လဖြင့်လည်း ဘွား၏။ ရှစ်လဖြင့်လည်း ဘွား၏။

နဝ ဝါ ဒသ ဝါတိ ဧတ္ထ၊ နဝ ဝါ ဒသ ဝါ-ဟူသော ဤပုဒ်၌။ ဝါသဒ္ဒေန၊ ဝါသဒ္ဒါ၏။ ဝိကပ္ပနဝသေန၊ အထူးကြံစည် ပေါင်းယူခြင်း၏ အစွမ်းဖြင့်။ သတ္တ ဝါ မာသေ၊ ခုနစ်လတို့ ပတ်လုံးသော်၎င်း။ အဋ္ဌ ဝါ မာသေ၊ ရှစ်လတို့ ပတ်လုံးသော်၎င်း။ ဧကာဒသ ဝါ မာသေ၊ တဆဲ့တလတို့ ပတ်လုံးသော်၎င်း။ ဒွါဒသ ဝါ မာသေ၊ တဆဲ့နှစ်လတို့ ပတ်လုံးသော်၎င်း။ ဂဗ္ဘံ၊ ကို။ ကုစ္ဆိနာ၊ ဖြင့်။ ပရိဟရိတွာ၊ ၍။ ဝိဇာယန္တိ၊ ကုန်၏။ ဧဝမာဒီနံ၊ ဤသို့ အစရှိသော အနက်တို့ကို။ သင်္ဂဟော၊ ပေါင်းယူခြင်းကို။ ဝေဒိတဗ္ဗော၊ ၏။

## ခုနစ်လ-ရှစ်လဘွား

ထိုတွင် ခုနစ်လနှင့် မွေးဘွားသော သူငယ်သည် အသက်ရှင်ကြောင်း အချမ်းအပူတို့ကား သည်းမခံနိုင်ကြောင်း၊ ရှစ်လနှင့် မွေးဘွားသော သူငယ်သည် အသက်မရှင်ကြောင်း၊ ကိုးလ စသည်တို့ဖြင့် မွေးဘွားသော သူငယ်တို့ အသက်ရှင်ကြောင်းကို ၎င်းအဋ္ဌကထာ (၂၉)၌—

> တတ္ထ သတ္တမာသဇာတော ဇီဝတိ။ သီတုဏှက္ခမော ပန နဟောတိ။ အဋ္ဌမာသဇာတော နဇီဝတိ။ အဝသေသာ ဇီဝန္တိ—

ဟူ၍ ပြဆိုတော်မူ၏။

တတ္ထ၊ ထိုခုနစ်လနှင့် မွေးဘွားသော သူငယ်စသည်တို့တွင်။ သတ္တမာသဇာတော၊ ခုနစ်လနှင့် မွေးဘွားသောသူငယ်သည်။ ဇီဝတိ၊ အသက်ရှင်၏။ ပန၊ ထိုသို့ပင် အသက်ရှင်သော်သည်း။ သီတုဏှက္ခမော၊ အချမ်းအပူကို ခံနိုင်သည်။ န ဟောတိ၊ မဖြစ်။ အဋ္ဌမာသဇာတော၊ ရှစ်လနှင့် မွေးဘွား

သော သူငယ်သည်။ န ဇီဝတိ၊ အသက်မရှင်။ အဝသေသာ၊ ထိုမှ ကြွင်းကုန်သော ကိုးလနှင့် ဘွားသော သူငယ်စသည်တို့သည်။ ဇီဝန္တိ၊ အသက်ရှင်ကုန်၏။

ထို ကိုးလနှင့် ဘွားသော သူငယ် စသည်တို့သည် အချမ်းအပူကိုလည်း ခံနိုင်ကုန်၏။ ခုနစ်လနှင့် မွေးဘွားသော သူငယ်သည်ပင် အသက်ရှင်ပါလျက် ရှစ်လနှင့် မွေးဘွားသော သူငယ်သည် အဘယ်ကြောင့် အသက်မရှင်သနည်း ဟူခဲ့မူ၊ ရှစ်လနှင့် မွေးဘွားသော သူငယ်သည် ခုနစ်လနှင့် မွေးဘွားသော သူငယ်ထက် အရွယ်အားဖြင့် ကြီးသော်လည်း ထိုသူအား အချို့ကုန်သော အရေအရပ်တို့ ကြီးပွါးခြင်းသို့ ရောက်ကုန်ရကား ယောနိဝနှင့် ထိခိုက်ခြင်းကို သည်းမခံနိုင်ကြောင်း, ခုနစ်လနှင့် ဘွားသော သူငယ်အားကား ထို အရေအရပ်တို့ ကြီးပွါးခြင်းသို့ မရောက်သေးသည် ဖြစ်၍ ယောနိဝနှင့် ထိခိုက်ခြင်းကို သည်းခံနိုင်ရကား ခုနစ်လနှင့် မွေးဘွားသော သူငယ်မူ အသက်ရှင်ကြောင်း ထို သုတ်မဟာဝဂ္ဂဋ္ဌကထာ (၂၃)၌—

> အဋ္ဌမာသဇာတော ကာမံ သတ္တမာသဇာတတော ဝုဒ္ဓိဝယော။
> ကေစ္စေ ပန စမ္မပဒေသာ ဝုဍ္ဎိံ ပါပုဏန္တာ ဃဋ္ဋနံ န သဟန္တိ။
> တေန သော န ဇီဝတိ။ သတ္တမာသဇာတဿ ပန န တာဝ တေ ဇာတာတိ ဝဒန္တိ—

ဟု ပြဆိုတော်မူ၏။

အဋ္ဌမာသဇာတော၊ ရှစ်လနှင့်မွေးဘွားသော သူငယ်သည်။ သတ္တမာသဇာတတော၊ ခုနစ်လနှင့် မွေးဘွားသောသူငယ်ထက်။ ကာမံ ဝုဒ္ဓိဝယော၊ အကယ်၍ကား ကြီးရင့်သော အရွယ်ရှိ၏ ရှင့်။ ပန၊ ထိုသို့ပင် ခုနစ်လနှင့် မွေးဘွားသောသူငယ်ထက် အရွယ်ကြီးသော်လည်း။ ကေစ္စေ၊ အချို့ကုန်သော။ စမ္မပဒေသာ၊ အရေအရပ်တို့သည်။ ဝုဍ္ဎိံ၊ ကြီးပွါးခြင်းသို့။ ပါပုဏန္တာ၊ ရောက်ကုန်သည်ဖြစ်၍။ ဃဋ္ဋနံ၊ မွေးဘွားစဉ်ကာလ အမိ၏ ယောနိဝနှင့် ထိခိုက်ခြင်းကို။ န သဟန္တိ၊ သည်းမခံနိုင်ကုန်။ တေန၊ ထိုသို့ ထိခိုက်ခြင်းကို သည်းမခံနိုင်သောကြောင့်။ သော၊ ထိုရှစ်လနှင့် မွေးဘွားသော သူငယ်သည်။ န ဇီဝတိ၊ အသက်မရှင်နိုင်။ သတ္တမာသဇာတဿ ပန၊ ခုနစ်လနှင့် မွေးဘွားသော သူငယ်အားကား။ တေ၊ ထိုအရေအရပ်တို့သည်။ နတာဝဇာတာ၊ မဖြစ်ကုန်သေးသည်ဖြစ်၍။ ဃဋ္ဋနံ၊ ကို။ သဟန္တိ၊ သည်းခံ

နိုင်ကုန်၏။ တေန၊ ထိုသို့ သည်းခံနိုင်သောကြောင့်။ သော ထိုခုနစ်လနှင့် မွေးဘွားသော သူငယ်သည်။ ဇီဝတိ၊ အသက်ရှင်၏။ ဣတိ၊ ဤသို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။ ဤသို့ ပြည့်စုံအောင် သမွန်။

ဆံ, အမွေး-စသည်တို့ ဖြစ်ပြီးဖြစ်သောကြောင့် ပဋိသန္ဓေနေ၍ ကိုးလ ရှိသော သူငယ်သည်ပင် အလုံးစုံပြည့်စုံသည် မည်ကြောင်းကို **သံယုတ်ဋီကာ** (ပ၅မတွဲ-၃၀၇) ၌—

နဝမာသိကော ဟိ ဂဗ္ဘော ပရိပုဏ္ဏော နာမ ဟောတိ။
ကေသာ လောမာဒိနိဗ္ဗတ္တိတော——

ဟု ပြဆိုတော်မူသောကြောင့်ရင်း ယခင် ပြဆိုခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ တို့၌ ခုနစ်လနှင့်မွေးဘွား၍ အသက်ရှင်သော သူငယ်အား ဆံ, အမွေး စသည်တို့ မွေးဘွားစဉ်အခါ ပါရှိရာသောကြောင့်ရင်း ဆယ်လစေ့ရောက် မွေးဘွားစ သူငယ်တို့၌ ဆံပင်တို့သည် လက်တသစ်ခွဲ, နှစ်သစ်ရှည်လျက် ပါရှိသည်ကို ပစ္စက္ခ မြင်သောကြောင့်ရင်း ပဋိသန္ဓေ နေသည်မှ ခြောက်လ ကျော် ခုနစ်လ ရက်ပေါင်း နှစ်ရာကျော်စ ကာလကစ၍ပင် ဆံ, အမွေး စသည်တို့သည် လူဂဗ္ဘသေယျကတို့အား စ၍ ဖြစ်ကုန်ဟု မှတ်ယူသင့်၏။

ဟိ သစ္စံ၊ မှန်၏။ နဝမာသိကော၊ ပဋိသန္ဓေနေ၍ ကိုးလရှိပြီးသော။ ဂဗ္ဘော၊ ကိုယ်ဝန်ဟူသော သူငယ်သည်။ ကေသာလောမာဒိနိဗ္ဗတ္တိတော၊ ဆံအမွေး စသည်တို့ဖြစ်ပြီး ဖြစ်သောကြောင့်။ ပရိပုဏ္ဏောနာမ၊ ပြည့်စုံသည် မည်သည်။ ဟောတိ၊ ၏။

## ပသာဒရုပ်တို့ဖြစ်ရာ သတ္တာဟ အဆုံးအဖြတ်

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကလလ, အဗ္ဗုဒ, ပေသိ, ဃန, ပဉ္စ ပသာခ တို့၏ အစဉ်အားဖြင့်ဖြစ်ခြင်း ဖြစ်ရာကာလတို့ကို ဆရာပြဆို၍ သိရပေပြီ၊

ထိုပုဂ္ဂိုလ်တို့အား စက္ခု, သောတ, ဃာန, ဇိဝှါတို့၏ ဖြစ်စဉ်ဖြစ်ရာကာလ တို့ကို အဘယ်သို့ သိအပ်သနည်း ဟူမူ၊ ကလလဟူသည် ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသက ကလာပ်ရုပ်ပင်ဖြစ်၍ ထိုကလလ ရုပ်သည်လည်း ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ပင်ဖြစ်ရကား အဇ္ဈတ္တိကာယတန ခြောက်ပါးတွင် ကာယဒသက ကလာပ်၌ပါသော ကာယပသာဒသည် ကာယာယတန ပဋိ-

သန္ဓေစိတ်သည် မနာယတနဖြစ်သောကြောင့် မနာယတန, ကာယာယတန နှစ်ပါးတို့သည် ပဌမသတ္တာဟ ပဋိသန္ဓေ ခဏကာလ၌ပင် ဖြစ်ကုန်၏။ စက္ခာယတန အစရှိသော အာယတန လေးပါးတို့မူကား ခက်မငါးဖြာတို့ ဖြစ်ရာ ပဉ္စမသတ္တာဟမှနောက် ဆဋ္ဌသတ္တာဟမှစ၍ ဒသမသတ္တာဟတိုင် အောင် ငါးသတ္တာဟအတွင်း သူငယ်ဟူသော၀တ္ထု ရင့်ခြင်းသို့ရောက်သဖြင့် ပသာဒဖြစ်သော စက္ခု, သောတ, ဃာန, ဇိဝှါတို့၏ဖြစ်ရာ သသမ္ဘာရ စက္ခု, သောတ,ဃာန, ဇိဝှါဟူသော မျက်စိ, နား, နှာခေါင်း, လျှာတို့ ပသာဒတည် လောက် ဖြစ်လောက်အောင် ပြည့်စုံစွာ ဖြစ်ကုန်ပြီး၍ ဧကာဒသမသတ္တာဟ ၌ ဖြစ်ကုန်၏ဟု သိအပ်သည် ဟူလေ။

အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် မနာယတန, ကာယာယတန နှစ်ပါးတို့သည် ပဌမသတ္တာဟ ပဋိသန္ဓေခဏ၌ စက္ခာယတန, သောတာ ယတန,ဃာနာယတန, ဇိဝှါယတန လေးပါးတို့သည် ဧကာဒသမသတ္တာဟ၌ ဖြစ်ကုန်သည်ကို အဘယ်ကြောင့် သိသနည်းဟူမူ....ဂဗ္ဘသေယျက ပုဂ္ဂိုလ် တို့အား မနာယတန, ကာယာယတန နှစ်ပါးတို့သာ ပဋိသန္ဓေခဏ၌ ဖြစ် ကြောင်း စက္ခာယတနစသော ကြွင်းလေးပါးတို့သည် ထိုဘ၀ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့်သော်၎င်း ယင်းမှတပါး ပ၀တ္တိအကျိုးမျှကို ဖြစ်စေတတ်သော ကံကြောင့်၎င်း ခုနစ်ဆဲ့ ခုနစ်ည၌ဟူသော သတ္တာဟ ပေါင်း တဆဲ့တခုတို့တွင် ကလလသတ္တာဟမှနောက် တဆဲ့တခုမြောက်သော ဧကာဒသမသတ္တာဟ၌ ဖြစ်ကြောင်းကို ပြဆိုသော—

> ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတနကာ-
> ယာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ။ သေသာနိ စတ္တာရိ
> သတ္တသတ္တတိ ရတ္တိမှိ။ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ
> ဂဟိတာ။ တသော ဝ အညဿ ဝါ ကတတ္တာတိ—

ဟူသော ကထာဝတ္ထု အဋ္ဌကထာ(၃)ကို ထောက်၍ သိသည် ဟူလေ။

အဇ္ဈတ္တိကာယတန ခြောက်ပါးတို့သည် **သံသေဒဇ, ဥပပါတ်** ပုဂ္ဂိုလ် တို့အား ပဋိသန္ဓေခဏ၌ အတူတကွ တပြိုင်တည်း ဖြစ်ကုန်သကဲ့သို့ **ဂဗ္ဘ-သေယျက**တို့အား မဖြစ်ကုန်ဘဲ အစဉ်အားဖြင့် ပဋိသန္ဓေခဏ၌ မနာယတန, ကာယာယတန နှစ်ပါး, ဧကာဒသမသတ္တာဟ၌ စက္ခုစသော အာယတန လေးပါးတို့ ဖြစ်ကုန်သည်ကား အကြောင်း၊ ထိုသို့ ဖြစ်သောကြောင့် ဂဗ္ဘ-

သေယျကာနံ အဇ္ဈတ္တိကာယတနေသု-စသော စကားကို အဋ္ဌကထာဆရာ ဆိုသည်ကား အကျိုး၊ အကျိုးဖြစ်သော ထိုစကားကို တွေ့မြင်ထောက်ဆ၍ ဖလာနုမာနနည်းအားဖြင့် ဂဗ္ဘသေယျကတို့အား အစဉ်အားဖြင့် ပဋိသန္ဓေ ခဏ၌ မနာယတန, ကာယာယတန နှစ်ပါး ကောဒသမသတ္တာဟ၌ စက္ခာယတန စသော လေးပါးတို့ ဖြစ်ခြင်းဟူသော အကြောင်းကို သိသည် ဟူလို။

ဂဗ္ဘသေယျကာနံ-စသောစကားကို အဋ္ဌကထာဆရာ ဆိုသောအခါ၌ အဇ္ဈတ္တိကာယတနတို့၏ ထိုပုဂ္ဂိုလ်တို့အား အစဉ်အားဖြင့် ပဌမသတ္တာဟ၌ နှစ်ပါး, ကောဒသမသတ္တာဟ၌ လေးပါးဖြစ်သည်ကား အကြောင်း၊ ထို စကားသည် အကျိုး၊ ထိုစကားကို မြင်ကြားထောက်ဆ၍ ဂဗ္ဘသေယျက တို့အား အစဉ်အားဖြင့် ပဌမသတ္တာဟကာလ၌ မနာယတန, ကာယာ-ယတန နှစ်ပါး, ကောဒသမသတ္တာဟကာလ၌ စက္ခာယတန စသော အာယတနလေးပါးတို့ ဖြစ်သည်ကို သောတုဇန, သုဏန္တတို့ သိသောအခါ ထိုစကားသည် အကြောင်း၊ ထိုအာယတနတို့၏ ထိုသို့ဖြစ်ခြင်းကို သိသည် ကား အကျိုး၊ ဤသို့ အရာအားလျော်စွာ အကြောင်း, အကျိုးဖြစ်သည်၊ အရာခပ်သိမ်း ဤနည်းချည်း မှတ်။

ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျက ပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်တို့အား။ အဇ္ဈတ္တိကာယတနေသု၊ အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင်။မနာယတန-ကာယာယတနာနေဝ၊မနာယတန ကာယာယတန နှစ်ပါးတို့သည်သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေ ခဏကာလ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သေသာနိ၊ မနာယတန ကာယာယတနတို့မှ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန် သော စက္ခာယတန,သောတာယတန, ဃာနာယတန, ဇိဝှါယတန တို့သည်။ သတ္တသတ္တတိ ရတ္တိမှိ၊ ခုနစ်ဆဲ့ခုနစ်ညဉ့်အရေအတွက်ရှိသော တဆဲ့တခုသော သတ္တာဟတို့တွင် ကလလသတ္တာဟမှ တဆဲ့တခုမြောက်ဖြစ်သော ကောဒသမ သတ္တာဟ၌။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တာနိ စ ခေါ၊ ထို ကောဒသမ သတ္တာဟ၌ ဖြစ်ကုန်သော စက္ခာယတန အစရှိသော လေးပါးသော အာယတနတို့ သည်လည်း။ ယေန ကမ္မုနာ၊ အကြင်ကံဖြင့်။ပဋိသန္ဓိံ၊ ဤဘဝပဋိသန္ဓေကို။ ဂဟိတာ၊ယူအပ်၏။ တသောဝ ကမ္မုဿ၊ ဤဘဝပဋိသန္ဓေကို ပေးတတ်သော

ကံ၏သာလျှင်။ ဝါ၊ သည်သာလျှင်။ ကတတ္တာ ဝါ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်ရင်း။ အညသ၊ ဤဘဝပဋိသန္ဓေကို ပေးတတ်သောကံမှ တပါးသော ပဝတ္တိအကျိုးမျှကို ပေးတတ်သောကံ၏။ ဝါ၊ သည်။ကတတ္တာ ဝါ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်ရင်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ **အဋ္ဌကထာအနက်။**

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား စက္ခုအစရှိကုန်သော အာယတန လေးပါးတို့၏ ကောဒသမသတ္တာဟ၌ ဖြစ်သည်ကို ဤ **ကထာဝတ္ထု အဋ္ဌကထာကို** ထောက်၍သာ သိအပ်သည် မဟုတ်သေး၊ ကောဒသမသတ္တာဟမှ ရှေ့ဟူသော အတွင်းဖြစ်သော ဆယ်ခုမြောက်သော သတ္တာဟတိုင် ရက်ပေါင်း ခုနစ်ဆယ်ကာလ၌ တည်သော ပစ္ဆိမဘဝိက ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်အား ကလလ ဟူသော ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသက ကလာပ်တို့၌ အကျုံးဝင်သော ရူပါရုံသည်ပင် ရူပါယတနဖြစ်၍ ထို ရူပါယတနသည် ပဋိသန္ဓေ ခဏကပင် ဖြစ်ပြီးဖြစ်ရကား ရူပါယတနသည် မဖြစ်လတ္တံ့။ စက္ခာယတနမူကား မိမိဖြစ်သင့်ရာကာလသို့ မရောက်သေးသောကြောင့် မဖြစ်သေး၊ ဖြစ်လတ္တံ့သာ ဖြစ်ကြောင်းကို ပြဆိုသော—

> အထ ကဿ ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။ အာမန္တာတိ ပဋိညာတာ။ နနု စ ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမ-သတ္တာဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ၊ တသ္မိံ ဘဝေ ဘဝိဿန္တဿ ဥပ္ပါဒဿ အနာဂတဘာဝေန အဝစနတော—

ဟူသော **ယမိုက်မူလဋီကာ**(၁၃၀)၌ ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ-ဟူသော စကားကို ထောက်၍ရင်း—

> ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။ ကာမာဝစရာ စဝန္တာနံ အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ ရူပါဝစရာနံ တေသံ တတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတိ—

ဟူသော ယမိုက်ပါဠိတော် (၁၀၅) ၌ "အဃာနကာနံ ကာမာဝစရံ ဥပ- ပဇ္ဇန္တာနံ" ဟူသော စကားကို ဃာနာယတနဖြစ်ရာ ကာလသို့ မရောက်နိုင်၊ ဃာနာယတန မဖြစ်မီ ချုပ်, ပျက်, စုတေရလတ္တံ့သော ဝိပါက်နာမက္ခန္ဓာ ကဋတ္တာရုပ် အစဉ်ဟူသော အကျိုးမျှကိုသာ ဖြစ်စေ၍ ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့်ယူအပ်သော ပဋိသန္ဓေ ရှိကုန်သော ကောဒသမ သတ္တာဟမှ ရှေ့အတွင်းဖြစ်သော ပဋိသန္ဓေ စွဲနေသောနေ့မှ ခုနစ်ဆဲ့တရက် သို့ မရောက်မီကာလ၌ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ဟောတော်မူကြောင်းကို ပြဆိုသော—

ယံ ပန ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ ကာမာဝစရာ စဝန္တာနံ အဃာန- ကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ ရူပါဝစရာနံ၊ တေသံ တတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ။ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇ- တီတိ ဧတ္ထ အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနန္တိ ဝုတ္တံ၊ တံ- ယေဝ ကောဒသမသတ္တာဟာ ဩရတော ကာလံ ကရိဿန္တိ၊ တေသံ ဃာနာယတနာ နိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ—

ဟူသော ရင်းဋီကာ (၁၃၁) ကို ထောက်၍ရင်း သိအပ်၏။

ပဋိသန္ဓေ နေသည့်နောက် ကောဒသမသတ္တာဟမှ ရှေ့အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလ၌ တည်သော ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သော ဘဝရှိသော ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်အား စက္ခာ- ယတနသည် ဖြစ်ဆဲမဟုတ်၊ မဖြစ်သေး ဖြစ်လတ္တံ့သာဟု ပြဆိုတော်မူသော ကြောင့် စက္ခာယတနသည် ကောဒသမ သတ္တာဟ၌ ဖြစ်၏ ဟူ၍ရင်း —

ပဋိသန္ဓေ နာမက္ခန္ဓာ ကမ္မဇရုပ်ဟူသော ကံသည် ဖြစ်စေအပ်သော အကျိုးသည် ဃာနဖြစ်ရာကာလတိုင်ရောက်အောင် မတည်နိုင်၊ ဃာနာ ယတန မဖြစ်မီ ချုပ်ပျက်လတ္တံ့ဖြစ်၍ ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့် ယူအပ်သော ပဋိသန္ဓေရှိကုန်သော ကောဒသမသတ္တာဟမှ ရှေ့

အတွင်း ကာလ၌ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် "အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ" ဟူသော စကားကို ဟောတော်မူကြောင်းကို ပြသဖြင့် ပဋိသန္ဓေ ကာလမှ စ၍ ဆယ်သတ္တာဟ ရက်ပေါင်း ခုနစ်ဆယ် ရသည်တိုင်အောင် ဃာနာယတန မဖြစ်သေး၊ ဖြစ်ဆဲမဟုတ်ကြောင်းကို ပြသောကြောင့် ဃာနာယတနသည်လည်း ကောဒသမသတ္တာဟ၌ ဖြစ်၏ ဟူ၍ရင်း မူလဋီကာဆရာ အယူရှိသည်၏ အဖြစ်ကို သိသာသည်။

(စကားတိုက်ဆိုက် အလျဉ်းသင့်ရာ စက္ခာယတန, ဃာနာယတနတို့ကို ပြသဖြင့် စကားမတိုက်ဆိုက် အလျဉ်းမသင့်၍သာ သောတာယတန, ဇိဝှါယတနတို့ကို မပြမဆိုသော်လည်း စက္ခာယတန, ဃာနာယတနတို့ကဲ့သို့ ဤသောတာယတန, ဇိဝှါယတန တို့သည်လည်း ကောဒသမသတ္တာဟ၌ ဖြစ်ကုန်၏ ဟူ၍ပင် အယူတော်ရှိသည်ဟု မှတ်အပ်၏။)

အထ၊ ထိုသို့ ကောဒသမသတ္တာဟ၌ ဖြစ်လတ္တံ့သော စက္ခာယတန၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော်မူပါလျက် "ယဿ ဝါ ပန ရူပါ-ယတနံ နုပ္ပဇ္ဇိဿတိ။ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။ ယဿ ဝါ ပန ။ပ။ နုပ္ပဇ္ဇိဿတိ" ဟူသော ပုစ္ဆာကို။ အာမန္တာတိ၊ အာမန္တာ-ဟူ၍။ ကသ္မာ၊ အဘယ်ကြောင့်။ ပဋိညာတာ၊ ဝန်ခံအပ်သနည်း။ တနည်း၊ ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ ရူပါယတနံ၊ ရူပါယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ တဿ၊ ထိုရူပါယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား။ စက္ခာ-ယတနံ၊ စက္ခာယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သော။ ဣတိပုစ္ဆာ၊ ဤသို့သော အမေးကို။ အာမန္တာတိ၊ ရူပါယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်လတ္တံ့ပင် ဟုတ်၏ဟူ၍။ ကသ္မာ၊ ကြောင့်။ပဋိညာ-တာ၊နည်း။ ကောဒသမသတ္တာဟာ၊ရှေးဦးစွာသော ကလလသတ္တာဟမှ စ၍ ရေသော် တဆဲ့တခုမြောက်ဖြစ်သော သတ္တာဟမှ။ ဩရတော၊ ရှေ၌။ ဝါ၊ အတွင်း၌။ ဝါ၊ အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလ၌။ ဌိတဿ၊ တည်သော။ ပစ္ဆိမဘဝိကဿ၊ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်သဖြင့် အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ နောက်ဆုံး ဖြစ်သော ဘဝရှိသော။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေဆဲဖြစ်သော။ ဂဗ္ဘ-သေယျကဿ၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား။ ရူပါယတနံ၊ ရူပါယတနသည်။ နုပ္ပဇ္ဇိဿတိ၊ ပဋိသန္ဓေ ခဏ၌ပင် ဖြစ်ဆဲဖြစ်၍ မဖြစ်လတ္တံ့။ စက္ခာယတနံ၊

စက္ခာယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သည်ကား။ နော၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိ ဧဝ နနု၊ မိမိဖြစ်သင့်သောကာလ ကောဒသမသတ္တာဝါသသို့ ရောက်သောအခါ ဖြစ်လတ္တံ့သာ ဖြစ်သည် မဟုတ်ပါလော။ ဣတိ-အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ တသ္မိံ ဘဝေ၊ ခဏပစ္စုပ္ပန်, သန္တတိပစ္စုပ္ပန်, အဒ္ဓါပစ္စုပ္ပန်-ဟူသော ပစ္စုပ္ပန် သုံးပါးတွင် အဒ္ဓါပစ္စုပ္ပန် ဖြစ်သော ထိုဘဝတခုတည်း၌။ ဘဝိဿန္တဿ၊ ဖြစ်လတ္တံ့သော။ ဥပ္ပါဒဿ၊ ဥပါဒ်ကို။ အနာဂတဘာဝေန၊ အနာဂတ်၏ အဖြစ်ဖြင့်။ အဝစနတော၊ ဟောတော်မမူသောကြောင့်။ တဿ၊ ထိုကောဒသမသတ္တာဝါသမှ အတွင်း၌ တည်သော ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ ဖြစ်သော ဂဗ္ဘသေယျက ပုဂ္ဂိုလ်အား။ စက္ခာယတနံ၊ သည်။ နုပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ အာမန္တာတိ၊အာမန္တာ-ဟူ၍။ ပဋိညာတာ၊ ဝန်ခံအပ်၏။ **မူလဋီကာအနက်။**

ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ် အားကား။ ယတ္ထ၊ အကြင် မိမိဖြစ်ခိုက် သော ဘုံ၌။ ရူပါယတနံ၊ ရူပါယတနသည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ။ တဿ၊ ထို မိမိဖြစ်ခိုက်သော ဘုံ၌ ရူပါယတန ဖြစ်ဘူးသော ပုဂ္ဂိုလ်အား။ တတ္ထ၊ ထို မိမိဖြစ်ခိုက်သော ဘုံ၌။ ဃာနာယတနံ၊ ဃာနာယတနသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိ-ပုစ္ဆာယံ၊ ဤသို့သော အမေးသည်။ သတိ၊ ရှိသော်။ ကာမာဝစရာ၊ ကာမာဝစရ တဆဲ့တဘုံမှ။ စဝန္တာနံ၊စုတေဆဲ ဖြစ်ကုန်သော။ တေသံ၊ ထို ပုဂ္ဂိုလ်တို့အားရင်း။ အဃာနကာနံ၊ ဃာနမရှိကုန်သော။ ကာမာဝစရံ၊ ကာမာဝစရဘုံ၌။ ဥပပဇ္ဇန္တာနံ၊ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော။ တေသံ၊ တို့အားရင်း။ ရူပါဝစရာနံ၊ သုဒ္ဓါဝါသမှတပါး ရူပါဝစရ ပုဂ္ဂိုလ် ဖြစ်ကုန်သော။ တေသံ၊ အားရင်း။ တတ္ထ၊ ထို မိမိတို့ ဖြစ်ခိုက်သော ဘုံ၌။ ရူပါယတနံ၊ သည်။ ဥပ္ပဇ္ဇိတ္ထ၊ ဖြစ်ဘူးပြီ။ တေသံ၊ ထိုပြဆိုခဲ့ပြီးသော ပုဂ္ဂိုလ် တို့အား။ တတ္ထ၊ ၌။ ဃာနာယတနံ၊ သည်။ နော စ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲမဟုတ်။ ဣတိ-ဧတ္ထ၊ ဤပါဠိတော်၌။ အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနန္တိ၊ အဃာန။ပ။န္တာနံ-ဟူသော။ ယံ ပန ဝစနံ၊ အကြင်စကားကို။ ဝုတ္တံ၊ ဟော တော်မူအပ်၏။ တံ ဝစနံ၊ ထိုအဃာနကာနံ-စသောစကားကို။ ယေ၊ အကြင် ဂဗ္ဘသေယျက ဥပပဇ္ဇန္တပုဂ္ဂိုလ်တို့သည်။ ကောဒသမသတ္တာဝါ၊ ကလလ သတ္တာဝါက စ၍ရေသော် တဆဲ့တကြိမ်မြောက် ဖြစ်သော ကောဒသမ သတ္တာဝါသမှ။ ဩရတော၊ အတွင်းဖြစ်သော ရှေ့ရှေ့ပေါင်း ခုနစ်ဆယ်တွင်

တနေ့နေ့ကာလ၌။ ယသ္မာ၊ အကြင်ကြောင့်။ ကာလံကရိယန္တိ၊ ပစ္စုပ္ပန် ဘဝ၏ အဆုံးကာလကို ပြုကုန်လတ္တံ့။ ဝါ၊ ကာလံ၊ သေခြင်းကို။ ကရိယန္တိ၊ ပြုကုန်လတ္တံ့။ ဝါ၊ ကာလံကရိယန္တိ၊ သေကုန်လတ္တံ့။

(ပဋ္ဌမ၌ ကာလသဒ္ဒါ အဓိပ္ပါယ်သာမည်ကို ဟောသော်လည်း ပကရဏအားဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံးကာလကိုယူ။ ဒုတိယ၌ ကာလသဒ္ဒါ မစ္စုပရိယာယ်။ တတိယကား သေခြင်းကိုပြုသော ဟူသည် သေခြင်းကြိယာ အခြား, ပြုခြင်းကြိယာ အခြား မဟုတ်ပြီ။ "ကာလံကရိယတိတိ မရိယတိ"ဟူသည်နှင့်အညီ သေသည်ကိုပင် ယူဟု ပြသည်။)

တသ္မာ၊ ထိုသို့ဃာနာယတန ဖြစ်ရမည်ကာလ ကောဒသမသတ္တာဟသို့ မရောက်မီ အတွင်းအကြား ကာလ၌ပင် သေကုန်လတ္တံ့ ဖြစ်သောကြောင့်။ ဃာနာယတနာနိဗ္ဗတ္တကကမ္မေန၊ ဃာနာယတနကို မဖြစ်စေနိုင်သောကံဖြင့်။ ဂဟိတပဋိသန္ဓိကာနံ၊ ယူအပ်သော ပဋိသန္ဓေ ရှိကုန်သော။ တေသံ၊ ထို ပုဂ္ဂိုလ်တို့၏။ ဝသေန၊ အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ **မူလဋီကာအနက်။**

ယဿ ဝိပါကော ဃာနာယတနုပ္ပတ္တိတော ပုရေတရမေဝ နိရုဇ္ဈိဿတိ၊ တံ ဃာနာယတနာနိဗ္ဗတ္တကကမ္မန္တိ ဝုတ္တံ—

ဟူသော **အနုဋီကာ** (တတိယတွဲ-၁၈၂) နှင့်အညီ သိသာအောင် ယသ္မာ,တသ္မာ-ထည့်၍ပေး။

ယဿ၊ အကြင် ပဋိသန္ဓေကို ဖြစ်စေသောကံ၏။ ဝိပါကော၊ အကျိုးဖြစ်သော ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်သည်။ ဃာနာယတနုပ္ပတ္တိတော၊ ဃာနာယတနဖြစ်ရာ ကောဒသမသတ္တာဟမှ။ ပုရေတရမေဝ၊ ရက်ပေါင်းခုနစ်ဆယ် ကာလ ရှေးဦးစွာကပင်လျှင်။ နိရုဇ္ဈိဿတိ၊ စုတေသောအားဖြင့် ပျက်ချုပ်လတ္တံ့။ တံ ကမ္မံ၊ ထိုကံကို။ ဃာနာယတနာနိဗ္ဗတ္တကကမ္မန္တိ၊ ဃာနာယတနကို မဖြစ်စေနိုင်သော ကံဟူ၍။ ဝုတ္တံ၊ မူလဋီကာဆရာ မိန့်ဆိုတော်မူအပ်၏။ **အနုဋီကာအနက်။**

## မူလဋီကာဆရာ၏ အလို

"အထ ကသ္မာ ယဿ ဝါ ပန"—အစရှိသည်ဖြင့် ယခင်ပြဆိုခဲ့သော မူလဋီကာ၌ ကျမ်းဆရာ၏အလို အာဘောဂကို သောတုဇနတို့ နေရာကျ သိမှတ်လွယ်အောင် မကျဉ်းမကျယ် အဓိပ္ပါယ်ကို ပြဆိုလိုက်ဦးအံ့။

"ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿ-တိ" ဟူ၍ ရူပါယတန ဖြစ်လတ္တံ့ ပုဂ္ဂိုလ်အား စက္ခာယတန ဖြစ်ပါလတ္တံ့လော ဟု မေးသော ပုစ္ဆာကို "အာမန္တာ"ဟူ၍ ရူပါယတန ဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတန ဖြစ်လတ္တံ့ပင် ဟုတ်ကြောင်းကို အဘယ်ကြောင့် ဝန်ခံအပ်သနည်း၊ ဤဖြစ်ဆဲဘဝမှ နောက်အနန္တရဘဝ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေ၍ ထိုဒုတိယ ဘဝ၌ပင် ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပုဂ္ဂိုလ်အား ထိုဘဝပဋိသန္ဓေအခါ၌ ရူပါယတန ဖြစ်လတ္တံ့၊ စက္ခာယတနမူကား ဂဗ္ဘသေယျက ပဋိသန္ဓေဖြစ်၍ ထိုပဋိသန္ဓေနှင့် အတူတကွ မဖြစ်ကောင်းသောကြောင့် မဖြစ်လတ္တံ့သည်သာ မဟုတ်ပါလော၊ ယင်းသို့ပစ္စက္ခဘဝမှနောက် အနန္တရဘဝ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေ၍ ထိုဘဝ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်အား ရူပါယတနသာ ဖြစ်လတ္တံ့ဖြစ်၍ စက္ခာယတန ဖြစ်လတ္တံ့ မဟုတ်သောကြောင့် "ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ။ တဿ စက္ခာ-ယတနံ ဥပ္ပဇ္ဇိဿတိ" ဟူသော ပုစ္ဆာကို——

"ယေ ဂဗ္ဘသေယျကာ ဟုတွာ ပရိနိဗ္ဗာယိဿန္တိ။ တေသံ ရူပါယတနံ ဥပ္ပဇ္ဇိဿတိ။ နော စ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ ရူပါ-ယတနဉ္စ ဥပ္ပဇ္ဇိဿတိ။ စက္ခာယတနဉ္စ ဥပ္ပဇ္ဇိဿတိ" ဟူသော တဘက်ရ နှစ်ဘက်ရ ဝိဘင်းဖြင့် အနန္တရဘဝ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ရူပါယတနသာ ဖြစ်လတ္တံ့၊ စက္ခာ-ယတနကား မဖြစ်လတ္တံ့ဟူ၍သာ ဖြေဆိုသင့်ပါသည် မဟုတ်လော ဟူမူ.... ဤသို့ မဖြေမဆိုသင့် ဟူလေ။

အဘယ်ကြောင့် ဤသို့ မဖြေမဆိုသင့်သနည်း ဟူမူ....အနန္တရဘဝ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေ၍ ထိုဘဝပရိနိဗ္ဗာန် ပြုလတ္တံ့သော, ထိုပဋိသန္ဓေ မနေမီ ရူပါယတနဖြစ်လတ္တံ့ အနာဂတ် အခိုက်အတန့်ရသော, ဤပစ္စက္ခဘဝ၌ တည်နေစဉ်ဖြစ်သော ပုဂ္ဂိုလ်အား ထိုဒုတိယဘဝ ပဋိသန္ဓေနေသော အခါ ပဋိသန္ဓေစိတ်နှင့် အတူတကွ ရူပါယတနဖြစ်လတ္တံ့။ ထိုရူပါယတန ဖြစ်ပြီးနောက် ပဝတ္တိအခါ ကောဒသမ သတ္တာဟ၏ အစနေ့ဖြစ်သော ခုနစ်ဆဲ့ဘရက်မြောက်သောနေ့၌ စက္ခာယတနလည်း ဖြစ်လတ္တံ့ဖြစ်၍ ထို စက္ခာယတန သန္တာန်၏ အစဖြစ်သော ဥပါဒ်ကို ဖြစ်လတ္တံ့ဟူသော အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်သောကြောင့် မဖြေသင့်သည် ဟူလေ။

ယင်းသို့ ကောဒသမသတ္တာဟ၌ ဖြစ်လတ္တံ့ဖြစ်သော စက္ခာယတန၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်သည်ရှိသော် ထိုသို့ အနာဂတ်အဖြစ် ဝန်ခံအပ်ပါလျက် "ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ တဿ စက္ခာ-ယတနံ နုပ္ပဇ္ဇိဿတိ" ဟူ၍ ရူပါယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်လတ္တံ့လော ဟု မေးသောပုစ္ဆာကို "အာမန္တာ" ဟူ၍ ရူပါယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတနလည်း မဖြစ်လတ္တံ့သည်ပင် ဟုတ်၏ဟု အဘယ်ကြောင့် ဝန်ခံဖြေဆိုတော်မူအပ်လေသနည်း၊ ပဋိသန္ဓေနေသည့်နောက် ကောဒသမသတ္တာဟမှ ရှေးအတွင်းဖြစ်သော ရက်ပေါင်းခုနစ်ဆယ်ကာလ၌ တည်သော ထိုဘဝ၌ပင် အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သော ဘဝရှိသော, ဂဗ္ဘသေယျက ပဋိသန္ဓေနေသော, ပစ္ဆိမ ဘဝိက ဂဗ္ဘသေယျက ဥပပဇ္ဇန္တ ပုဂ္ဂိုလ်အား ကလလရုပ် ဟူသော ဝတ္ထု, ကာယ, ဘာဝဒသက ကလာပ်၌ အကျုံးဝင်သော ဝဏ္ဏဟူသော ရူပါရုံသည်ပင် ရူပါယတနဖြစ်၍ ထိုရူပါယတနသည် ပဋိသန္ဓေ ခဏ၌ပင် ဖြစ်ရကား ရူပါ-ယတနသည် မဖြစ်လတ္တံ့၊ စက္ခာယတနမူကား မိမိဖြစ်သင့်ရာ ကောဒသမ သတ္တာဟသို့ မရောက်သေးသောကြောင့် မဖြစ်သေးသော်လည်း ကော-ဒသမသတ္တာဟသို့ ရောက်သောအခါ ဖြစ်လတ္တံ့သည်သာ မဟုတ်ပါလော၊ ယင်းသို့ ထိုပုဂ္ဂိုလ်အား စက္ခာယတန ဖြစ်လတ္တံ့ ဖြစ်ကလည်း "ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ" ဟူသော ပုစ္ဆာကို "ဂဗ္ဘသေယျကာနံ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ တေသံ ရူပါ-ယတနံ နုပ္ပဇ္ဇိဿတိ။ နောစ တေသံ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ" စသည်ဖြင့်သာ ဖြေဆိုသင့်ပါသည် မဟုတ်လော ဟူမူ၊ သင်စောဒက ကြံသည့်အတိုင်း ဤသို့ မဖြေဆိုသင့်၊ ပါဠိတော် လာသည့်အတိုင်း "အာမန္တာ" ဟူ၍သာ ဖြေဆိုသင့်သည် ဟူလေ။

အဘယ်ကြောင့် ဤသို့ မဖြေဆိုသင့်ဘဲ "အာမန္တာ"ဟူ၍ ဖြေဆိုသင့်လေသနည်းဟူမူ.... ဘဝခြား၍ ဖြစ်လတ္တံ့သော တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသောကြောင့် ဤသို့ မဖြေဆိုသင့်ဘဲ "အာမန္တာ"ဟူ၍သာ ဖြေဆိုသင့်သည် ဟူလေ။ အဘယ်ကြောင့်ကား ဘဝခြား၍ ဖြစ်လတ္တံ့သော တရား၏ ဥပါဒ်ကိုသာ အနာဂတ် အဖြစ်ဖြင့်

ဟောတော်မူ၍ ထိုပစ္စက္ခဘဝတွင်ရှေ့ ဖြစ်လတ္တံ့ တရား၏ဥပါဒ်ကို အနာဂတ် အဖြစ်ဖြင့် ဟောတော်မမူလေသနည်း ဟူပြန်မူ....ဘဝခြား၍ ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကိုသာ အဒ္ဓါပစ္စုပ္ပန်၌ အကျုံးမဝင်သောကြောင့် အနာဂတ် အဖြစ်ဖြင့် ဟောတော်မူ၍ ပစ္စက္ခ ဤဘဝတွင်ရှေ့ ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကို အဒ္ဓါပစ္စုပ္ပန်၌ အကျုံးဝင်သောကြောင့် အနာဂတ်အဖြစ်ဖြင့် မဟောလေသည် ဟူလေ။

ပြဆိုအပ်ပြီးသော အကြောင်းကြောင့် ဘဝခြား၍ ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကိုသာ အနာဂတ် အဖြစ်ဖြင့် ဟောတော်မူသည်၏ အဖြစ် ထိုပစ္စက္ခ ဘဝ၌ပင် ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော် မမူအပ်သည်၏အဖြစ်ကို အဘယ်ကြောင့် သိသနည်း၊ အဘယ်ကို ထောက်၍ သိပါသနည်း ဟူမူ—

> ယဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ။ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ ဃာနီနံ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တီနံ။ ယာစ ဃာနိယော ဧတေနေဝ ဘာဝေန ကတိစိဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ။ ယာစ ရူပါ-ဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ။ တာသံ ဥပပဇ္ဇန္တီနံ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နောစ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ—

ဟူသော ဣန္ဒြိယယမိုက်ပါဠိတော် (၂၄၄)ကို မြင်သောကြောင့် ထိုပါဠိတော်ကို ထောက်၍ သိပါသည် ဟူလေ။

အဘယ်သို့ ဤ ဣန္ဒြိယယမိုက် ပါဠိတော်ကိုထောက်၍ ပစ္စက္ခဘဝ၌ ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် မဟောသည်၏ အဖြစ်, လာလတ္တံ့ အခြားဘဝ၌ ဖြစ်လတ္တံ့ တရား၏ ဥပါဒ်ကိုသာ အနာဂတ် အဖြစ်ဖြင့် ဟောတော်မူသည်၏ အဖြစ်ကို သိပါသနည်း ဟူမူ....ဤ ပါဠိ တော်ဝယ် ဤဘဝ၌ပင် အရဟတ္တမဂ်ကို ရ၍ အနုပါဒိသေသပရိနိဗ္ဗာန ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဋိသန္ဓေနေဆဲဖြစ်သော ပစ္ဆိမဘဝိက မိန်းမ, တစုံတခုသော ဘဝ၌မျှ ယောကျ်ား၏ အဖြစ်ဖြင့် ပုရိသိန္ဒြေနှင့် တကွ မဖြစ်မူ၍ ဣတ္ထိန္ဒြေဟူသော ဣတ္ထိဘာဝဖြင့်သာလျှင် ကာမဘုံ၌သာ မိန်းမအဖြစ်ဖြင့် နှစ်ဘဝ, သုံးဘဝ စသည်ဖြစ်ပြီး၍ အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဋိသန္ဓေနေဆဲဖြစ်သော မိန်းမ,အနန္တရ

ဘဝဝယ် ရူပဘုံ, အရူပဘုံ၌ ဖြစ်၍ ကာမဘုံသို့ ပဋိသန္ဓေ၏ အစွမ်းဖြင့် တဖန်မလာဘဲ ထိုရူပ, အရူပဘုံ၌သာ ထိုက်သည်အားလျော်စွာ ဖြစ်သဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ကာမဘုံ၌ ပဋိသန္ဓေ နေဆဲဖြစ်သော မိန်းမတို့ကို ပုရိသိန္ဒြေမဖြစ်လတ္တံ့ ဟူ၍ ဟောတော်မူသည်။

ထိုမိန်းမတို့တွင် ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပစ္ဆိမဘဝိက ဥပပဇ္ဇန္တ မိန်းမတို့မှာ ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ နောင်ဖြစ်ရန် အခြားဘဝ မရှိပြီဖြစ်သောကြောင့် ပုရိသိန္ဒြေမဖြစ်လတ္တံ့၊ ဈာနဘောဖြင့် သာလျှင် ကာမဘုံ၌ပင်လျှင် နှစ်ဘဝ, သုံးဘဝ စသည်ဖြစ်ပြီး၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ဥပပဇ္ဇန္တမိန်းမတို့အား ကာမဘုံ၌ ဘဝအများပင် ဖြစ် သေးသော်လည်း ဣတ္ထိဘာဝနှင့်သာ အမြဲယှဉ်၍ မိန်းမသာ ဖြစ်လတ္တံ့ ဖြစ်သောကြောင့် ပုရိသိန္ဒြေမဖြစ်လတ္တံ့၊ အနန္တရဘဝ၌ပင် ရူပဘုံ, အရူပ ဘုံဝယ်ဖြစ်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ကာမဥပပဇ္ဇန္တ မိန်းမတို့မှာလည်း ထိုရူပ, အရူပဘုံသည် ဘာဝရုပ် နှစ်ပါးလုံး၏ပင် ဖြစ်ရာမဟုတ်သောကြောင့် ပုရိသိန္ဒြေမဖြစ်လတ္တံ့။ ဤသို့ ထိုမိန်းမတို့အား အခြားသောဘဝ၌ ပုရိ-သိန္ဒြေ မဖြစ်လတ္တံ့သည်ကို ရည်၍သာ---

"ပစ္ဆိမဘဝိကာနံ ဣတ္ထီနံ ဥပပဇ္ဇန္တီနံ။ပ။ ပုရိသိန္ဒြိယံ နုပ္ပဇ္ဇိဿတိ" ဟူ သောစကားကို ဟောတော်မူသည်။ အကယ်၍ ဖြစ်ဆဲ ပစ္စက္ခဘဝ၌ပင် ပုရိသိန္ဒြေ မဖြစ်လတ္တံ့သည်ကို ရည်၍ ဟောတော်မူသည် ဖြစ်အံ့၊ ယောကျ်ား၏အဖြစ်နှင့် သားနှစ်ယောက်ရပြီးမှ ကစ္စည်းမထေရ်ကို စိတ်ဖြင့် မကောင်းကြံစည် ပြစ်မှားမိသော **သောရေယျ** သူဌေးသားအား ထိုပြစ် မှားသော **ဗလဝ** အကုသိုလ်ကံကြောင့် ပဋိသန္ဓေနေစဉ်က ပါသော ပုရိ-သိန္ဒြေ ကွယ်ချုပ်၍ **ဒုဗ္ဗလ** ကုသိုလ်ကံဟောင်းကြောင့် ဣတ္ထိန္ဒြေကိုရသဖြင့် မိန်းမဖြစ်ပြီးနောက် မိန်းမအဖြစ်နှင့် သားနှစ်ယောက်ရပြီးမှ တဖန် မထေရ် ကို ကန်တော့သောအခါ **ဒုဗ္ဗလ** အကုသိုလ်ကံကြောင့် ပဝတ္တိကာလ၌ ဖြစ်ပေါ်လာသော ဣတ္ထိန္ဒြေကွယ်ချုပ်၍ ထိုကန်တော့သော **ဗလဝ** ကုသိုလ် ကံကြောင့် တဖန်ပုရိသိန္ဒြေ အသစ်ဖြစ်လာပြန်၍ နောက်၌ ရဟန်းပြုသဖြင့် ဝိပဿနာကို အားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သည်ဖြစ်၏။ ပစ္ဆိမ ဘဝိကဖြစ်သော ယောကျ်ားတို့အား မဂ်ဖိုလ်ကို မရမီ ပုထုဇဉ်အဖြစ်၌

တည်စဉ်အခါ လိင်ပြန်ထိုက်သော အကြောင်းရှိသော် လိင်ပြန်ခြင်း ဖြစ်သကဲ့သို့ ထိုပစ္ဆိမဘဝိက အစရှိကုန်သော မိန်းမတို့အားလည်း မဂ်ဖိုလ်ကို မရမီ ပုထုဇဉ်အဖြစ်၌ တည်စဉ် ထိုဘဝ၌ပင် တစုံတခုသော အကြောင်းကြောင့် လိင်ပြန်သော် ပြန်ထိုက်သော သဘောရှိရကား ထိုလိင်ပြန်သော မိန်းမတို့အား ဣတ္ထိလိင် ကွယ်ချုပ်ခဲ့က ထိုဘဝပဝတ္တိကာလ၌ ပုရိသိန္ဒြေ ဖြစ်လတ္တံ့ပင် ဖြစ်သောကြောင့် ထိုစကားကို ဟောတော်မမူရာ၊ ဟောကား ဟောတော်မူသည်သာ ဖြစ်ရကား ဤပါဠိတော်ကိုထောက်၍ ပစ္ဆိမဘဝ၌ ဖြစ်လတ္တံ့၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော်မမူသည်၏ အဖြစ်, အခြားဘဝ၌ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသည်၏ အဖြစ်ကို သိပါသည် ဟူလေ။

"ကတိစိ ဘဝေ ဒဿေတွာ"ဟူ၍ ဘဝသဒ္ဒါဖြင့် ဟောတော်မူသည်ကို ထောက်သဖြင့်လည်း တခြားဘဝ၌ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကိုသာ အနာဂတ် အဖြစ်ဖြင့် ဟောတော်မူသည်၏ အဖြစ်ကို စင်စစ် သိအပ်၏။ ဤ၌ "ကတိစိ ဘဝေ"ဟူရာဝယ် ကတိစိ ဟူသည် အမြဲသင်္ချာမဟုတ်၊ နှစ်ဆယ်, သုံးဆယ် စသည်မှ ထောက်၍ နှစ်ခု, သုံးခု စသည်သည် ကတိစိ၊ နှစ်ရာ, သုံးရာ စသည်မှ ထောက်၍ နှစ်ဆယ်, သုံးဆယ် စသည်သည် ကတိစိ၊ နှစ်ထောင်, သုံးထောင် စသည်မှ ထောက်၍ နှစ်ရာ, သုံးရာ စသည်သည် ကတိစိ-မည်၏ စသည် မှတ်လေ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုဣတ္ထိန္ဒြေ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့လော။ ဣတိ၊ ဤသို့မေးအပ်၏။ ဝါ၊ ဤသို့မေးသည် ရှိသော်။ ပစ္ဆိမဘဝိကာနံ၊ ဤဘဝ၌ပင် အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သော ဘဝရှိကုန်သော။ ဥပပဇ္ဇန္တီနံ၊ ကာမသုဂတိ ခုနစ်ဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော။ ဣတ္ထီနဉ္စ၊ တိဟိတ်ပုထုဇဉ်, အောက်ဖလဋ္ဌာန် နှစ်ယောက် ဖြစ်ကုန်သော မိန်းမတို့အားငင်း။ ယာဣတ္ထိယော၊ ပုထုဇဉ်လေးယောက်, အောက်ဖလဋ္ဌာန် နှစ်ယောက် ဟူကုန်သော အကြင် မိန်းမတို့သည်။ ဧတေနေဝ ဘာဝေန၊ ထိုဣတ္ထိန္ဒြေ ဟူသော ဣတ္ထိဘာဝဖြင့်သာလျှင်။ ကတိစိဘဝေ၊ ကာမဘုံ၌ ပင်လျှင် နှစ်ဘဝ, သုံးဘဝ စသည်ဘို့ကို။ ဒဿေတွာ၊ ပဋိသန္ဓေနေသည်၏

အစွမ်းဖြင့်ပြ၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ဥပပဇ္ဇန္တိနံ၊ ကာမတဆဲ့တဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော။ တာသံ ဣတ္ထီနဥ္စ၊ ထိုမိန်းမတို့အားရင်း။ ယာ ဣတ္ထိယော၊ တိဟိတ်ပုထုဇဉ်, အောက်ဖလဋ္ဌာန် နှစ်ယောက် ဟူကုန်သော အကြင် မိန်းမတို့သည်။ ရူပါဝစရံ၊ ရူပါဝစရဘုံ၌သော်ရင်း။အရူပါဝစရံ၊အရူပါဝစရဘုံ၌သော်ရင်း။ဥပပဇ္ဇိတ္ဝာ၊ အခြားမဲ့ဘဝ၌ ပဋိသန္ဓေ၏ အစွမ်းဖြင့် ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ လတ္တံ့။ ဥပပဇ္ဇန္တီနံ၊ ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော။ တာသံ ဣတ္ထီနဥ္စ၊ အားရင်း။ ဣတ္ထိန္ဒြိယံ၊သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တာသံ၊ ထိုဆိုအပ်ခဲ့ပြီးသော သဘောရှိသော မိန်းမတို့အား။ ပုရိသိန္ဒြိယံ၊ သည်။ နော စ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့ မဟုတ်။

အချို့ဆရာတို့၏ အမှား

ဤအရာ၌ **အချို့သောဆရာတို့သည်**....“တာသံ လိင်္ဂပရိဝတ္တနသဘာဝါ” ဟူသော မူလဋီကာပါဌ် (မူလဋီ-တတိယတွဲ-၁၃၁) ကို ဆောင်ပြ၍ ရဟန္တာ ဖြစ်သော မိန်းမတို့အား ပရိနိဗ္ဗာန် ပြုခါနီးကာလ အမြဲပင် လိင်ပြန်ထိုက်သော သဘောရှိသောကြောင့် ထိုအခါ မူလပဋိသန္ဓေ ကာလက ပါရင်း အကြောင်းဖြစ်သော ဣတ္ထိန္ဒြေ ကွယ်ချုပ် အသစ်မဖြစ်ဘဲ ပုရိသိန္ဒြေ ဖြစ်သဖြင့် အကျိုး ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင်ဖြင့်သာ ပရိနိဗ္ဗာန် ပြုကြမြဲ ဖြစ်သည်ဟု ဆုံးဖြတ်ရေးသား ပြောဆိုကုန်၏။ ထို တာသံ-အစ ရှိသောစကားကို ပြဆိုသော မူလဋီကာဆရာ၏ အလိုအာဘော်ကို ဟုတ်မှန်စွာမသိ၍ ဆုံးဖြတ်ပြောဆိုမိသော စကားသာ ဖြစ်သည်၊ ကျမ်းဆရာ၏ အလိုတော် မကျသောကြောင့်ရင်း, ပါဠိ အဋ္ဌကထာ စသည်တို့နှင့် မညီ မလျော် စင်စစ်ကေန် မဟုတ်မမှန်သောကြောင့်ရင်း ထိုစကားကို မမှတ်အပ်။

**မူလဋီကာဆရာကား**....ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ မချတ် ရောက်၍ အနုပါဒိသေသ ပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုလတ္တံ့သော သောရေယျ သူဌေးသားအား ကစ္စည်းမထေရ်ကို ပြစ်မှားသော အကုသိုလ်ကံကြောင့် မဂ်ဖိုလ်သို့မရောက်မီ ပုထုဇဉ်အဖြစ်၌ တည်စဉ် လိင်ပြန်ခြင်း ဖြစ်သကဲ့သို့ ပစ္ဆိမဘဝိကဖြစ်သော မိန်းမတို့အားလည်း လိင်ပြန်ထိုက်သော အကြောင်း

ရှိခဲ့သော် ပုထုဇဉ်အဖြစ်၌တည်စဉ် လိင်ပြန်ခြင်းသဘော ရှိကြောင်းကိုသာ ပြဆိုတော်မူသည်။ အမြဲ နိယာမအားဖြင့် လိင်ပြန်ရသည်ဟု ပြဆိုတော်မူသည် မဟုတ်။

## ဩရ-နှင့် ပိဋ္ဌ-သဒ္ဒါတို့၏ အနက်

ယခင် ဋီကာ နှစ်ရပ်၌ "ဩရတော ဌိတဿ။ ဩရတော ကာလံ ကရိဿန္တိ"တို့၌ ဩရသဒ္ဒါသည် ဥရ-သဒ္ဒါမှ ဖြစ်သည်။ ဥရ သဒ္ဒါ မူကား.... "ဥ-ဒုက္ခလာဘေ သတိ ရန္တိ ပဟရန္တိ မနုဿာ ဧတ္ထာတိ ဥရော" ဟူသော **ကောက္ခရကောသဋီကာ**နှင့် အညီ လူတို့သည် သား, သမီး, ဆွေမျိုး စသော ချစ်ကျွမ်း ဝင်သော သူတို့ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် သောက, ဒေါမနဿဖြင့် စိတ်မသာရှင် အလွန်ပင်ပန်းခြင်း စေတသိက ဒုက္ခကို ရသည်ရှိသော် လက်ဆုပ်, လက်သီး, လက်ဝါးပြက်တို့ဖြင့် ထုနှက် တီးခတ်ရာဖြစ်၍ ရင်ဘတ်ကို ဟောသည်။ ထိုဥရသဒ္ဒါနောင် သကတ္ထ၌ ဏပစ္စည်း သက်၍ "ဥရမေဝ ဩရံ"ဟု ပြု။ "ပိသန္တိ ဟိံသန္တိ ပစ္စတ္ထိကာ ဧတ္ထာတိ ပိဋ္ဌ" ဟူသည်နှင့်အညီ မိမိ၏ ဆန့်ကျင်ဘက်ကို အလိုရှိကုန်သော ရန်သူ အစရှိသော သူတို့သည် တတောင်, လက်ဆုပ်, ကြိမ်, တုတ်-အစရှိသည်ဖြင့် ထောင်းထု ရိုက်နှက် နှိပ်စက် ညှဉ်းဆဲရာ ဖြစ်၍ ကျောက်ကုန်း ကျောသည် ပိဋ္ဌ မည်၏။

ဧတ္ထ၊ ဤအရပ်၌။ မနုဿာ၊ လူတို့သည်။ ဥ-ဒုက္ခလာဘေ၊ သား, သမီး, စသည်တို့ ပျက်စီးခြင်း စသော အကြောင်းကြောင့် စိတ်ပင်ပန်းခြင်း စေတသိကဒုက္ခကို ရသည်။ သတိ၊ ရှိသော်။ ရန္တိ ပဟရန္တိ၊ လက်ဆုပ်,လက်ဝါး ပြက်ဖြင့် တီးနှက်,ပုတ်ခတ် ကုန်၏။ ဣတိ-တသ္မာ၊ ထိုသို့ တီးခတ်ရာဖြစ်သည် အဖြစ်ကြောင့်။ သော၊ ထိုရင်သည်။ ဥရော၊ ဥရမည်၏။ ဥရမေဝ၊ ရင်သည် ပင်လျှင်။ ဩရံ၊ ဩရမည်၏။

ဧတ္ထ၊ ဤကျော ကျောက်ကုန်း၌။ ပစ္စတ္ထိကာ၊ ဆန့်ကျင်ဘက်ကို အလို ရှိကုန်သော သူတို့သည်။ ပိသန္တိ ဟိံသန္တိ၊ တတောင်,လက်ဆုပ်,ကြိမ်,တုတ် စသည်ဖြင့် ညှဉ်းဆဲတတ်ကုန်၏။ ဣတိ၊ ဤသို့ ညှဉ်းဆဲရာ၏ အဖြစ်ကြောင့်။ သာ၊ ထိုကျော ကျောက်ကုန်းသည်။ ပိဋ္ဌိ၊ ပိဋ္ဌိမည်၏။

ဤသို့ ပိဋ္ဌိသဒ္ဒါ "ပိဋ္ဌိ မေ အာဂိလာယတိ။ မေ၊ ငါ၏။ ပိဋ္ဌိ၊ ကျောက်ကုန်းသည်၊ 'ကျောသည်။ အာဂိလာယတိ၊ ကျင်နာ၏။ ပိဋ္ဌိရောဂေါ၊ ကျောက်ကုန်းနာ စသည်" ဟူရာတို့၌ ကျော ကျောက်ကုန်းကို ဟောရင်း။ ဥရ-သဒ္ဒါလည်း "ဥရသိ လောမေ။ ဥရသိ၊ ရင်၌။ လောမေ၊ အမွေး။ ဩရသပုတ္တော၊ ရင်၌ဖြစ်သောသား"စသည် ဟူရာတို့၌ ရင်ကိုဟောရင်းဖြစ်သော်လည်း လူ, နတ်စသည်တို့၏ ကျောက်ကုန်း ကျောသည် နောက်၌, ရင်သည် ရှေ့၌ တည်သည်ဖြစ်၍ "ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဗန္ဓာ ဟောန္တိ။ ဘဂဝန္တံ၊ မြတ်စွာဘုရား၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်တော်က နောက်တော်က။ အနုဗန္ဓာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ပိဋ္ဌိဒုကံ၊ နောက်ဖြစ်သော ဒုက်" စသည် ဟူရာ၌ ပိဋ္ဌိသဒ္ဒါ နောက် ဟူသော အနက်ကိုလည်း ဟောသည်။ ဩရ-သဒ္ဒါသည်လည်း ဤ၌ ရှေ့ ဟူသော အနက်ကို ဟောသည်၊ "ကောဒသမသတ္တာဟာ၊ တဆဲ့တခုမြောက်သော သတ္တာဟမှ။ ဩရတော၊ ရှေ့၌"ဟု ပေး။

**တနည်းလည်း**....ကျောက်ကုန်း ကျောသည် ပြင်အပ၌ ရင်သည် အတွင်း၌ တည်သည်ကို စွဲ၍ သက်န်းကာလဖြစ်သော စီဝရကာရသမယမှ ပြင်ပကာလကို ပိဋ္ဌိသမယ-ဟူရာ "ပိဋ္ဌိဝတ္တကာနိ၊ ပြင်ပဖြစ်ကုန်၏" စသည် ဟူရာတို့၌ ပိဋ္ဌိ-သဒ္ဒါ ပြင်ပဟူသော အနက်ကို ဟောသည်။

ရူပရာဂ, အရူပရာဂ, မာန, ဥဒ္ဓစ္စ, အဝိဇ္ဇာ-ဟူသော သံယောဇဉ် ငါးပါးကို ဗဟိဒ္ဓ သံယောဇဉ်ဟု ဆိုသည်ကြောင့်ရင်း, ကာမရာဂ, ပဋိဃ, သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတပရာမာသ-ဟူသော ဩရမ္ဘာဂိယ သံယောဇဉ်ကို—

> သဗျာနကော အဇ္ဈတ္တသံယောဇနသမုဒ္ဒေဒေ အကတောပိ အနာဂါမိသဘာဝေါ—

ဟူ၍ ပုဂ္ဂလပညတ်မူလဋီကာ (၇၇) ၌ အဇ္ဈတ္တသဒ္ဒါဖြင့် ဆိုသောကြောင့်ရင်း, ဩရမ္ဘာဂိယသံယောဇန်-၌ ဩရသဒ္ဒါ၊ မဇ္ဈိမဒေသ နိမိတ်ငါးရပ်ကို မှတ်ရာဝယ် "တသ ဩရတော မဇ္ဈေ"၌ ဩရ-သဒ္ဒါသည် အတွင်းဟူသော အနက်ကို ဟောသကဲ့သို့ ဤ၌ဩရသဒ္ဒါသည် အတွင်းဟူသော အနက်ကို ဟောသည်။ ဤအလိုသော် "ကောဒသမသတ္တာဟာ၊ မှ။ ဩရတော၊

အတွင်း၌”ဟုပေး။ ရူပရာဂ, အရူပရာဂ-စသည် ငါးပါးကို ထိုထိုပါဠိ, အဋ္ဌကထာ စသည်တို့၌ ဥဒ္ဓမ္ဘာဂိယသံယောဇနံ-ဟု ဆိုသောကြောင့်ရင်း—

ဥပရိဋ္ဌိမာနံ သံယောဇနာနံ ပဟာနာယ—

ဟူ၍ ပုဂ္ဂလပညတ်ပါဠိတော်( ၁၂၀ ) ၌ ဥပရိဋ္ဌိမ-သဒ္ဒါဖြင့် ဟောတော်မူသောကြောင့်ရင်း—

ဩရမ္ဘာဂိယာနန္တိ ဟေဋ္ဌာဘာဂိယာနံ။ ကာမဘဝေယေဝ ပဋိသန္ဓိဂါဟာပကာနန္တိ အတ္ထော—

ဟူ၍ **သုတ်မဟာဝါအဋ္ဌကထာ ( ၁၃၃ ) သံယုတ်အဋ္ဌကထာ ( ၁၇၅-၃၁၁ )** တို့၌ ဩရ သဒ္ဒါကို ဟေဋ္ဌာ-ဟု ဖွင့်ပြတော်မူသောကြောင့်ရင်း ဩရမ္ဘာဂိယ သံယောဇန၌ ဩရ သဒ္ဒါသည်ပင် အောက်-ဟူသော အနက်ကိုလည်း ဟောသေး၏၊ ဤအနက်ကို ဤအရာ၌ မလို။

ပရမတ္ထဝိနိစ္ဆယ အဋ္ဌကထာ( ၇၁ )၌ ...ပဋိသန္ဓေစိတ်နှင့် အတူတကွ ထိုက်သည်အားလျော်စွာ ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသက-ဟူသော ကမ္မဇကလာပ် သုံးစည်းတို့ ဖြစ်ပြီးသည့်နောက် ထိုပဋိသန္ဓေစိတ်၏ ဋ္ဌီခဏမှစ၍ ဖြစ်ထိုက်သမျှသော စိတ်တို့၏ ဥပါဒ် ဋ္ဌီ ဘင် ခဏတိုင်း ကမ္မဇရုပ်တို့ ဖြစ်ကုန်သည်ဖြစ်၍ရင်း, တေဇောဓာတ်ဟူသော ဥတုသည် ပဋိသန္ဓေစိတ်၏ ဋ္ဌီခဏမှစ၍ ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ်, ဋ္ဌီ,ဘင်ခဏတိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေသည်ဖြစ်၍ရင်း, ပဌမဘဝင်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ဥပါဒ်ခဏတိုင်း စိတ္တဇရုပ်တို့ ဖြစ်ကုန်သည် ဖြစ်၍ရင်း, ဒုတိယ သတ္တာဟမှစ၍ ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ်, ဋ္ဌီ, ဘင် ခဏတိုင်း အာဟာရဇရုပ်တို့ ဖြစ်ကုန်သည် ဖြစ်၍ရင်း, များစွာသော စတုဇရုပ်တို့ အဆင့်ဆင့် ဖြစ်ကုန်၍ အဗ္ဗုဒ, ပေသိ, ဃန-အစရှိသော အစဉ်အားဖြင့် ကြီးပွါးသော ဂဗ္ဘသေယျက သတ္တဝါအား ပဝတ္တိကာလဝယ် စက္ခုဒသက အစရှိကုန်သော လေးပါးကုန်သော ဒသကကလာပ် ရုပ်တို့သည် မိမိတို့ ဖြစ်ထိုက်သော ကံအားလျော်စွာ ဖြစ်ကြကြောင်းကို—

တတော ပရံ ပဝတ္တိမှိ၊ ဝဍ္ဎမာနဿ ဇန္တုနော။
စက္ခုဒသကာဒယော စ၊ စတ္တာရော ဟောန္တိ သမ္ဘဝါ—

ဟု ပြတော်မူ၏။

တတော၊ ထိုပဋိသန္ဓေခဏကာလမှ။ ပရံ၊ နောက်၌။ ဝဍ္ဎမာနဿ၊ အစဉ်အားဖြင့် ကြီးပွါးသော။ ဇန္တုနော၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား။ ပဝတ္တိမှိ၊ ပဝတ္တိကာလ၌။ စတ္တာရော၊ လေးပါးကုန်သော။ စက္ခုဒသကာဒယော စ၊ စက္ခုဒသက အစရှိကုန်သော ကလာပ်ရုပ်တို့သည်လည်း။ သမ္ဘဝါ၊ မိမိတို့ ဖြစ်ထိုက်သော ကံအားလျော်စွာ။ ဟောန္တိ၊ ဖြစ်ကုန်၏။

နာမရူပပရိစ္ဆေဒ အဋ္ဌကထာ(၅၂)၌လည်း.... ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ရှေးဦးအစ ပဋိသန္ဓေခဏ၌ နပုံးပဏ္ဍုက်ဖြစ်အံ့ ဝတ္ထုဒသက, ကာယဒသက ကလာပ်နှစ်စည်း၊ မိန်းမဖြစ်အံ့ ဝတ္ထုဒသက, ကာယဒသက, ဣတ္ထိဘာဝဒသက၊ ယောကျ်ားဖြစ်အံ့ ဝတ္ထုဒသက, ကာယဒသက, ပုမ္ဘာဝဒသက ကလာပ်သုံးစည်းတို့ ဖြစ်ကြောင်း၊ ထိုနောင် ပဝတ္တိကာလ၌ စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက ကလာပ် လေးစည်းတို့ မိမိတို့ဖြစ်ထိုက်သော ကံအားလျော်စွာ ဖြစ်ကြကြောင်းကို—

ဝတ္ထုကာယဒသကာနိ၊ သဘာဝဒသကာနိ ဝါ။
ဂဗ္ဘသေယျကသတ္တာနံ၊ တတော သေသာနိ သမ္ဘဝါ—

ဟု ပြဆိုတော်မူ၏။

ဂဗ္ဘသေယျကသတ္တာနံ၊ ဂဗ္ဘသေယျက ဖြစ်ကုန်သော သတ္တဝါတို့အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေ ခဏကာလ၌။ ဝတ္ထု ကာယဒသကာနိ ဝါ၊ ပဏ္ဍုက် ဖြစ်၍ ဝတ္ထုဒသက, ကာယဒက ကလာပ် နှစ်စည်းတို့သည်၎င်း။ သဘာဝ-ဒသကာနိ၊ မိန်းမ,ယောကျ်ားဖြစ်၍ ဘာဝဒသက ကလာပ်နှင့်တကွ ဖြစ်ကုန်သော။ ဝတ္ထု ကာယဒသကာနိ ဝါ၊ ဝတ္ထုဒသက, ကာယဒသက ကလာပ် နှစ်စည်းတို့သည်၎င်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုပဋိသန္ဓေကာလမှ။ ပရံ၊ နောက်ဖြစ်သော ပဝတ္တိကာလ၌။ တတော၊ ထို ဝတ္ထု, ကာယ, ဘာဝ ဒသက ကလာပ်တို့မှ။ သေသာနိ၊ ကြွင်းကုန်သော စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက ကလာပ်တို့သည်။ သမ္ဘဝါ၊ မိမိတို့ ဖြစ်ထိုက်သော ကံအားလျော်စွာ။ ဟောန္တိ၊ ကုန်၏။

ဤ အဋ္ဌကထာတို့၌ သမ္ဘဝါ-ဟူသော ပုဒ်ဖြင့် ဂဗ္ဘသေယျကတို့အား ပဝတ္တိကာလ၌ စက္ခု, သောတ, ဃာန, ဇိဝှါဒသက ကလာပ်တို့ ဖြစ်ကုန်၏ ဟူသော်လည်း အမြဲနိယာမ ကေန္တအားဖြင့် လေးစည်းလုံး ဖြစ်ကုန်သည်

မဟုတ်၊ ထို ဘဝပဋ္ဌိသန္ဓေကို ပေးတတ်သော ကံသည် စက္ခုကို ဖြစ်စေနိုင်သောကံ ဖြစ်ပါမှ စက္ခုဒသက ဖြစ်သည်၊ သောတကို ဖြစ်စေနိုင်သောကံ ဖြစ်ပါမှ သောတဒသက ဖြစ်သည်ဟူသော အနက်သဘောကို ပြတော်မူသည်။ ဤ လက်သန်း အဋ္ဌကထာတို့၌ စက္ခုစသော ကလာပ် လေးစည်းတို့သည် ဂဗ္ဘသေယျကတို့အား ပဝတ္တိကာလ၌ ဖြစ်ကြောင်းကို သာမည အားဖြင့် ဆိုသော်လည်း ပဝတ္တိကာလအရကို "ကောဒသမ သတ္တာဟ"ကို ပင် ရည်၍ ဆိုသည် မှတ်အပ်၏။

### သတ္တသတ္တတိ ရတ္တိမ္ဗိ-ပုဒ် စိစစ်ချက်

**ဋီကာကျော်ဆရာကား (၂၁၄)**...."တတော ပရံ ပဝတ္တိကာလေ"ဟူသော အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ ပဝတ္တိကာလအရကို အဋ္ဌကထာ ဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟ, မူလဋီကာဆရာ၏ အလိုအားဖြင့် ကော-ဒသမသတ္တာဟဟူ၍ အဋ္ဌကထာနှင့်, ဋီကာကို ဝါဒကွဲပြား အခြားစီယူ၍—

> ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ။ ဋီကာကာရမတေန ကောဒသမေ သတ္တာဟေ ဝါ—

ဟု ဖွင့်ပြတော်မူ၏။

ပဝတ္တိကာလေတိ၊ ပဝတ္တိကာလေ-ဟူသည်ကား။ သတ္တမေ သတ္တာဟေ၊ အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ကလလသတ္တာဟမှ ခုနစ်ခုမြောက် ဖြစ်သော သတ္တာဟ၌။ ဝါ၊ တနည်းကား။ ဋီကာကာရမတေန၊ အဘိဓမ္မာဋီကာကို ရေးပြုစီရင်တော်မူသော အရှင်အာနန္ဒာဆရာ၏ အလိုအားဖြင့်။ ကောဒသမေ သတ္တာဟေ၊ ကလလသတ္တာဟမှ တဆဲ့တခုမြောက် ဖြစ်သော သတ္တာဟ၌။

အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ပဌမသတ္တာဟမှစ၍ ပဉ္စမသတ္တာဟတိုင် အစဉ်အတိုင်း ကလလ, အဗ္ဗုဒ, ပေသိ, ဃန, ပဉ္စပသာခတို့၏ ဖြစ်ရာ ငါးသတ္တာဟတို့ကိုရင်း, ထိုရူပကာယဝတ္ထု၏ ရင့်သော အခိုက်အတန့်ဟူသော ဆဋ္ဌသတ္တာဟကိုရင်းလွန်၍ သတ္တမသတ္တာဟ၌ စက္ခုပသာဒ ဖြစ်သည် ဟူလို၏။ **သံခေပဝဏ္ဏနာဋီကာ, မဏိမဉ္ဇူသာ**-အစရှိသော နောက်ကာလ ရေးပြုစီရင်ကြသော သံဝဏ္ဏနာဝိနိစ္ဆယ ကျမ်းတို့၌လည်း ဤဋီကာကျော်ကို အမှီပြု၍ ဤနည်းတူပင် ဆိုကြကုန်၏။

အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ အစရှိသော အဋ္ဌကထာကြီးတို့၌ ၎င်း, သစ္စသံခေပ, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ, အဘိဓမ္မာဝတာရ- အစရှိသော လက်သန်းအဋ္ဌကထာတို့၌၎င်း, သတ္တမသတ္တာဟ၌ စက္ခု ဖြစ် သည်ဟု ဆိုသော စကားမရှိ မလာချေ၊ ဋီကာကျော်ဆရာသည် ယခင် ပြဆိုခဲ့သော "သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ"ဟူသော ကထာ ဝတ္ထုအဋ္ဌကထာ၌ တိ-အက္ခရာ မပါမရှိသော "သတ္တသ ္တရတ္တိမှိ"-ဟူသော ပါဠ်ကိုမှီ၍ ယင်းကိုလည်း ဂုဏိတသင်္ချာကြံ၍ နောက်သတ္တကိုတည်၊ ရှေ့ သတ္တနှင့်မြှောက်သော် သတ္တသတ္တာ နဝါစာလီသ-ခုနစ်ရက် ခုနစ်လီသော် လေးဆဲ့ကိုးရက်ဟူသော သတ္တာဟ ခုနစ်ခုကိုရသောကြောင့် ဤကထာဝတ္ထု အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟ၏ အစရက်ဖြစ်သော ပဋိသန္ဓေ စွဲနေသောနေ့မှ လေးဆဲ့သုံးရက်မြောက်သောနေ့၌ စက္ခုဖြစ်သည် ဟု မှတ်ယူ၍ ပဝတ္တိကာလအရကို အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမ သတ္တာဟဟု ယူတော်မူသည် ဖြစ်ရာသည်။

"ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာ- ဟာ သြရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ။ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ"—အစရှိသည်ဖြင့် ဂဗ္ဘသေယျကအား ကောဒသမ သတ္တာဟမှ အတွင်း၌ စက္ခာယတန မဖြစ်သေးကြောင်းကို ပြဆိုသဖြင့် ကောဒသမ သတ္တာဟသို့ရောက်မှ ဖြစ်သည်ဟု အယူတော်ရှိသော **မူလဋီကာ** ဆရာသည် လည်း တိ-အက္ခရာပါရှိသော "သေသာနိ စတ္တာရိ သတ္တသတ္တတိ ရတ္တိမှိ" ဟူသော ဤကထာဝတ္ထု အဋ္ဌကထာကို အမှီပြု၍ပင် ယူတော်မူသည်။ တိ- အက္ခရာနှင့်တကွ "သတ္တသတ္တတိ ရတ္တိမှိ" ဟု ရှိမှသာလျှင် အဋ္ဌကထာဆရာ၏ အလိုတော်အတိုင်း ဟုတ်မှန်သည်၊ ယခုကာလ ပေတို့၌လည်း "သတ္တသတ္တတိ ရတ္တိမှိ" ဟု တိ-အက္ခရာနှင့်တကွသာ ရှိသည်။

အကယ်၍ တိ-အက္ခရာမပါသော ပါဠ် ဟုတ်မှန်ခဲ့အံ့၊ **ဋီကာကျော်**ဆရာ ပြဆိုသည့်အတိုင်း အဋ္ဌကထာဆရာ, မူလဋီကာဆရာတို့၏ အယူသည် မတူ ထူးခြား ကွဲပြားရာ၏၊ ယင်းသို့ကွဲပြားကလည်း အဋ္ဌကထာ, ဋီကာဆရာ နှစ်ပါးတို့ အယူဝါဒ ကွဲပြားကြသော ထိုထိုအရာ ဟူသမျှ၌ ယုတ္တိအာဂမ အကြောင်းတို့ဖြင့် စိစစ်နှိုင်းညှိ၍ မူလဋီကာဆရာ၏ အယူစကားကို ပယ်သင့် လျှင် ပယ်၍ ကူညီအားပေးသင့်လျှင် ကူညီအားပေး၍ **အနုဋီကာ**ဆရာ

ပြဆိုမြဲ ဖြစ်သည်။ ဤအရာ၌ကား တစုံတခုသော စကားကိုမျှ ပြဆိုတော်မမူ။ ထို့ကြောင့် "သတ္တသတ္တတိ ရတ္တိမှိ" ဟူ၍ တိ-အက္ခရာနှင့် တကွဖြစ်သော ပါဠ်သာ မှန်သည်ဟူ၍ရင်း, **အဋ္ဌကထာဆရာ မူလဋီကာဆရာ**တို့၏ ဝါဒသည် ထူးခြားကွဲပြား မရှိ၊ ကောဒသမသတ္တာဟ၌ ဖြစ်သည်ဟု အတူတူသာ ယူတော်မူသည် ဟူ၍ရင်း မှချဆတ်ဆတ် မှတ်ယူအပ်၏။

(ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ဇီဝိတနဝကကလာပ်၏ ဖြစ်ရာအရပ်, ၎င်းကလာပ်စ၍ဖြစ်ရာ ကာလကို ပြရာစကားရပ်, ကမ္မသမုဋ္ဌာနရုပ် ကမ္မပစ္စယရုပ် စသော ၁၂-မျိုးတို့ကို ပြဆိုရာ စကားရပ်, အဘယ်သည် အာဟာရမည်သနည်း-စသည်ဖြင့် ပုစ္ဆာရှစ်ပါးတို့ဖြင့်မေး၍ အစဉ်အတိုင်း ဖြေဆိုရာစကားရပ်,ရုပ်တို့၏ ချုပ်စဉ်ကို ပြဆိုရာ စကားရပ်, ရုပ်တို့၏ အသက်ခဏ ကာလ ကို စိတ္တက္ခဏဖြင့် မှတ်၍ ပိုင်းခြားရာ၌ ရှေး **အဘိဓမ္မာ အဋ္ဌကထာဝါဒ, သမ္မောဟဝိနောဒနီ အဋ္ဌကထာဝါဒ, မူလဋီကာဝါဒ**တို့ကို ပြဆိုရာ စကားရပ်, စိတ်မှာ ဌီမရှိဟု ယူသောဝါဒ၊ **စိတ်၏ဘင်ခဏ၌** ရုပ်မဖြစ်ဟု ယူသောဝါဒတို့ကိုပြ၍ ၎င်းတို့ကို ပယ်ဖျက်သည်ကို ပြရာစကားရပ်, ရူပဘုံ၌ဖြစ်သော ကလာပ်ရုပ်တို့ကို ရေတွက်ရာ၌ ဒသကနဝကယူပုံ, သတ္တကဆက္ကယူပုံတို့ကို ပြဆိုရာ စကားရပ်များကို အထက်ပုံရိုက်ပြီး မြို့ပြင်ကြီး ၅-စောင်တွဲ **ရူပဝီထိပကာသနီ**၌ ပြဆိုပြီးဖြစ်၍ ဤ၌ အလွန်များပြားအံ့စိုးသောကြောင့် မပြမဆိုလိုက်သည်၊ အလိုရှိလျှင် ထို ၅-စောင်တွဲမှာ ကြည့်ပါလေ။)

ဤတွင်ရွေကား အဘိဓမ္မတ္ထသရူပဒီပကကျမ်း၌

၃-ခုမြောက်ဖြစ်သော ရူပသရူပဒီပကကဏ္ဍ ပြီးပြီ။

# ရူပဝိထိပကာသနီကျမ်း

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ၁-ပဏာမနှင့် ပဋိညာဉ်

ဝိဘဇ္ဇဝါဒိံ သမ္ဗုဒ္ဓံ၊ ဓမ္မံ မောဟဝိဓံသကံ။
နတွာဟံ အနဃံ သံဃံ၊ ဝရံ ဂါရဝဘာဇနံ။
တယော စ မာတုလေ ထေရေ၊ ထိရသီလေ မိဘာကရေ။
သာသနေ ရဝိသသိဝ၊ ယေသံ တေစေရပုင်္ဂဝေ။
ဂတော နိဿာယ ကောသလ္လံ၊ ယတောနေကေဟိနပ္ပကံ။
နာမရူပေသု နာမာနံ၊ ဝီထိဘေဒပကာသကံ။
ကာရိတံ န တု ရူပါနံ၊ တတော တေသံ ဝီထိက္ကမံ။
ပကာသိဿံ သမာသေန၊ နာနာနယံ သမာနိယ။

### ဗုဒ္ဓပဏာမ

အဟံ၊ သည်။ ဝိဘဇ္ဇဝါဒိံ၊ ခပ်သိမ်းဉဿုံ ကုန်အောင်စုံသော တရားကို ပိုင်းခြားသိသာအောင် ဝေဖြာခွဲစိတ်၍ ဟောတော်မူလေ့ရှိတော်မူထသော။ ဝရံ၊ တောင့်တအပ် မြတ်စွာထသော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပူဇော်အပ် ပူဇော်ထိုက်သည်၏ အဖြစ်တည်းဟူသော အရဟံ-စသော ဂုဏ်တော်အပေါင်း တို့၏ တည်ရာဖြစ်တော်မူထသော။ သမ္ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍——

### ဓမ္မပဏာမ

မောဟဝိဓံသကံ၊ မောဟကို အထူးသဖြင့် ဖျက်ဆီးတတ်ထသော။ ဝရံ၊ သော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပူဇော်အပ်ပူဇော်ထိုက်သည်၏ အဖြစ်တည်း ဟူသော သွာက္ခာတတာ-စသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်တော် မူထသော။ ဓမ္မဉ္စ၊ ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍——

**သံဃပဏာမ**

အနင်္ဂဏံ၊ ရာဂစသော ကိလေသာညစ်ကျု မကောင်းမှု မရှိထသော။ ဝရံ၊ သော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ် ပြုအပ်ပြုထိုက်သည်၏ အဖြစ်တည်း ဟူသော သုပ္ပဋိပန္နတာ-စသော ဂုဏ်တော်အပေါင်းတို့၏ တည်ရာဖြစ်တော် မူထသော။ သံဃဥ္စ၊ သံဃာတော်ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍——

**အာစရိယပဏာမ**

မာတုလေ၊ မိခင်မောင်ကြီး ဦးရိုးနှင်နှင်ဖြစ်ကုန်သော။ ထိရသီလေ၊ မြဲမြံခိုင်ခံ့ တည်တံ့သော သီလရှိကုန်သော။ အာကာသေ၊ ကောင်းကင်၌။ ရဝိသသီ၊ နေ-လသည်။ ဘာကရောဠ၀၊ အရောင်အလင်းကို ပြုသကဲ့သို့။ သာသနေ၊ မြတ်စွာဘုရားသာသနာတော်၌။ ဓိဘာကရေ၊ ပညာတည်းဟူ သော အရောင်အလင်းကို ပြုကုန်သော။ တယော ထေရေ စ၊ တုတ်လှမ်း စေတီတော်အနီး ကျောင်းတိုက်ကြီး၌ သီတင်းသုံးနေတော်မူသည်ဖြစ်၍ တုတ်လှမ်းဆရာတော်ဟု ကျော်စောထင်ရှားသော **အရှင်စန္ဒမာလာ** မည် သော နောင်တော်မထေရ်, တုင္ဒဝတီမြစ်ကမ်းယံဝယ် ဓမ္မာသောကမင်း၏ ကောင်းမှုဟု သမုတ်အပ်သော မုဋ္ဌောစေတီတော်၏အနီး ကျောင်းတိုက် ကြီး၌ သီတင်းသုံးနေတော်မူသော **အရှင်သုတဓရ** မည်သော ညီတော် မထေရ်, မင်းတဲအရပ်ဝယ် ရတနာမဥ္ဇူစေတီတော်၏အနီး ကျောင်းတိုက် ကြီး၌ သီတင်းသုံးနေတော်မူသည်ဖြစ်၍ မင်းတဲဆရာတော်ဟူ၍ငင်း ရတနာ မဥ္ဇူဆရာတော်ဟူ၍ငင်း ကျော်စောထင်ရှားသော **အရှင်အရိယဝံသ** မည် သော ညီတော်အငယ် မထေရ်ဟူကုန်သော တမိဝမ်းပျော် ထေရ်ကျော် သုံးပါးတို့ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍။ ယေသံ အာစရိယ-ပုင်္ဂဝါနံ၊ အကြင်ဆရာမြတ်တို့ကို။ နိဿာယ၊ မှီ၍။ အဟံ၊ သည်။ သာသနေ၊ ၌။ ကောသလ္လံ၊ သိကြားလိမ္မာသည်၏ အဖြစ်သို့။ ဂတော၊ ရောက်၏။ ထိရသီလေ၊ ကုန်သော။ အာကာသေ၊ ၌။ ရဝိသသီ၊ သည်။ ဘာကရော ဠ၀၊ သို့။ သာသနေ၊ ၌။ ဓိဘာကရေ၊ ကုန်သော။ တေ အာစေရပုင်္ဂဝေ စ၊ ထို ဆရာမြတ်တို့ကိုလည်း။ နတွာ-နမာမိ၊ ၏။ နတွာ၊ ၍——

**ပဋိညာဉ်**

နာမရူပေသု၊ နာမ်ရုပ်တို့တွင်။ နာမာနံ၊ နာမ်ဖြစ်သော စိတ်တို့၏။ အနပ္ပကံ၊ များစွာသော အနပ္ပကမ်းသော။ ဝိထိဘေဒပကာသကံ၊ ဝိထိ

အပြားကို ပြဆိုရာကျမ်းဂန်စာစောင်ကို။ အနေကေဟိ၊ များစွာသော ဆရာတို့သည်။ ယတော၊ အကြင်ကြောင့်။ ကာရိတံ၊ စီရင်ပြကြား ရေးသားပြုစုအပ်၏။ ရူပါနံ တု၊ ရုပ်တို့၏ကား။ ဝိထိဘေဒပကာသကံ၊ ဝိထိအပြားကို ပြဆိုရာ စာစောင်ကို။ န ကာရိတံ၊ မရေးမပြုအပ်လေ။ တတော၊ ထိုသို့စိတ်တို့၏ ဝိထိအပြားကို ပြဆိုရာစာစောင်ကိုသာ များစွာရေးပြု၍ ရုပ်တို့၏ ဝိထိအပြားကို ပြဆိုရာစာစောင်ကို မရေးမပြုလေသောကြောင့်။ တေသံ ရူပါနံ၊ ထိုရုပ်တို့၏။ ဝိထိက္ကမံ၊ ဖြစ်ပုံဖြစ်ဟန် ဝိထိအစဉ်ကို။ နာနာနယံ၊ ထိုထို ပါဠိ, အဋ္ဌကထာ, ဋီကာစသော ကျမ်းဂန်တို့၌ လာသော အထူးထူးသောနည်းကို။ သမာနိယ၊ ကောင်းစွာဆောင်ယူ၍။ သမာသေန၊ အကျဉ်းအားဖြင့်။ ပကာသိဿံ၊ ရေးသားပြဆိုပေအံ့။

ကျေးဇူးသခင် ဆရာအရှင်မြတ်တို့နှင့် တကွ ရတနာသုံးပါးတို့အား ညွတ်တွားရိုကျိုး ရှိခိုးပြီး၍ "တေသံ ဝိထိက္ကမံ ပကာသိဿံ" ဟု ဝန်ခံသည့်အားလျော်စွာ ပဋိညာနုရူပ စုတိအဆုံးရှိသော တခုသော ဘဝဖြင့် ပိုင်းခြားအပ်သော ရုပ်တို့၏ ဖြစ်ပုံဖြစ်ဟန် ဝိထိအစဉ်ကို ထိုရုပ်တို့၏ ဖြစ်ကြောင်း ကံစသည်, ထိုကံစသည်ကြောင့် ဖြစ်သောရုပ်တို့၏ သရုပ်သဘော, ထိုရုပ်တို့၏ ဖြစ်စဉ်ချုပ်စဉ်နှင့်တကွ ပြပေအံ့။

## ၂-ရူပသမုဋ္ဌာန်လေးပါး

ရုပ်တို့၏ ဖြစ်ကြောင်းသည် ကံ, စိတ်, ဥတု, အာဟာရ-ဟု လေးပါးရှိသည်တွင်—

**ကံဟူသည်**....အကုသိုလ်စိတ် တဆဲ့နှစ်ခု၊ မဟာကုသိုလ်စိတ် ရှစ်ခု၊ ရူပကုသိုလ်စိတ် ငါးခုအားဖြင့် စိတ်နှစ်ဆဲ့ငါးခုတို့နှင့် ယှဉ်သော စေတနာစေတသိက်တည်း။

**စိတ်ဟူသည်ကား**....ဒွေပဉ္စဝိညာဉ် တဆယ်၊ အရူပ ဝိပါက် လေးခုအားဖြင့် တဆဲ့လေးခုသောစိတ်မှ တပါးသော စိတ်ခုနစ်ဆဲ့ငါးခုတို့တည်း။ ထိုခုနစ်ဆဲ့ငါးခုတို့တွင် ဒေါသမူစိတ်နှစ်ခု၊ မနောဓာတ် သုံးခု။ သုခသန္တီရဏာတခု၊ ဟသိတုပ္ပါဒ်စိတ်တခု၊ ရူပဇောတဆယ်၊ သောတာပတ္တိမဂ်စိတ် တခု

အားဖြင့် ဤစိတ်တဆဲ့ရှစ်ခုတို့သည် အမြဲရုပ်ကို ဖြစ်စေတတ်ကုန်၏။ လောဘမူစိတ် ရှစ်ခု၊ မောဟမူစိတ်နှစ်ခု၊ မနောဒွါရာဝဇ္ဇန်းတခု၊ မဟာကုသိုလ်စိတ်ရှစ်ခု၊ မဟာကြိယာစိတ်ရှစ်ခု၊ အရူပဇောရှစ်ခု၊ အထက်မဂ်စိတ်သုံးခု၊ ဖိုလ်စိတ်လေးခုအားဖြင့် ဤစိတ်လေးဆဲ့နှစ်ခုတို့သည် ပဉ္စဝေါကာရဘုံ၌ ဖြစ်ခိုက်သာ ရုပ်ကိုဖြစ်စေကုန်သည်၊ စတုဝေါကာရဘုံ၌ ဖြစ်ခိုက်သော်ကား ရုပ်ကို မဖြစ်စေနိုင်ကုန်။

ဥပေက္ခာသန္တီရဏစိတ် နှစ်ခု၊ မဟာဝိပါက်ဉာဏဝိပ္ပယုတ်စိတ် လေးခု၊ ဤစိတ်ခြောက်ခုတို့သည် ပဋိသန္ဓေကိစ္စတပ်ခိုက် ရုပ်ကို မဖြစ်စေနိုင်၊ တဒါရုံကိစ္စ ဘဝင်ကိစ္စ စုတိကိစ္စ တပ်ခိုက်သာရုပ်ကို ဖြစ်စေနိုင်ကုန်သည်။ ထိုစိတ်ခြောက်ခုတွင် သန္တီရဏနှစ်ခုမှာ သန္တီရဏကိစ္စတပ်ခိုက်လည်း ရုပ်ကို ဖြစ်စေ၏။ မဟာဝိပါက် ဉာဏသမ္ပယုတ်လေးခု၊ ရူပဝိပါက်ငါးခု၊ ဤပဉ္စဝေါကာရတိဟိတ်ဝိပါက် ကိုးခုတို့သည် ပဋိသန္ဓေကိစ္စ ရဟန္တာတို့ စုတိကိစ္စတပ်ခိုက် ရုပ်ကို မဖြစ်စေနိုင်။ ဘဝင်ကိစ္စ ပုထုဇဉ်သေက္ခတို့၏ စုတိကိစ္စတပ်ခိုက် ရုပ်ကို ဖြစ်စေကုန်၏။ ထိုစိတ်ကိုးခုတွင် တိဟိတ်ကာမဝိပါက် လေးခုသည် တဒါရုံကိစ္စတပ်ခိုက်လည်း ရုပ်ကို ဖြစ်စေ၏။

## စုတိစိတ်ကြောင့် ရုပ်ဖြစ်-မဖြစ်

ရဟန္တာတို့ စုတိကိစ္စတပ်ခိုက်သော ပဉ္စဝေါကာရတိဟိတ်ဝိပါက်ကိုးခုတို့သည် အဘယ့်ကြောင့် ရုပ်ကို မဖြစ်စေနိုင်လေသနည်းဟူမူ....ရဟန္တာတို့အား ခပ်သိမ်းသော ဘုံဘဝတို့၌ အဝိဇ္ဇာ တဏှာဟူသော ဝဋ်ခြေဝဋ်မြစ်ပြတ်ကင်းချုပ်ငြိမ်းပြီးဖြစ်ရကား ထိုရဟန္တာတို့၏စုတိစိတ်သည် သိမ်မွေ့ငြိမ်သက်သော ဖြစ်ခြင်းရှိသောကြောင့် ရုပ်ကို မဖြစ်စေနိုင်သည် ဟူလေ။ ဤကား အဋ္ဌသာလိနီအဋ္ဌကထာ(၃၆၂) သမ္မောဟဝိနောဒနီအဋ္ဌကထာ (၂၂) အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ အဘိဓမ္မတ္ထဝိဘာဝနီဋီကာ (၂၀၀) စသော ခပ်သိမ်းသော ဆရာတို့အလို။

**မူလဋီကာ** ဆရာကား (မူလဋီကာ ပဌမတွဲ-၁၅၁) တခုသောဘဝမှ ရုပ်သည် တခုသောဘဝသို့ ပြောင်း၍ မဖြစ်ကောင်းရကား ဝဋ်မြစ် ချုပ်ငြိမ်းပြီး ဖြစ်သောကြောင့် ရဟန္တာတို့၏ စုတိစိတ်သာ ရုပ်ကို မဖြစ်စေဟူသော အဋ္ဌကထာဆရာ၏ စကားကို စိစစ် ဆင်ခြင်ရမည်ဟု ဆို၏။ မိမိအလိုသော်

ရဟန္တာတို့၏စုတိစိတ်သာ မဟုတ်၊ ခပ်သိမ်းသောပုဂ္ဂိုလ်တို့၏ စုတိစိတ်သည်ပင် ရုပ်ကို မဖြစ်စေနိုင်ဟူလို၏။ ထိုကို ရုပ်တို့၏ ဖြစ်စဉ် ချုပ်စဉ်ကိုပြသောအရာသို့ရောက်မှ အကျယ်ဆိုအံ့။

အရူပဘုံ၌ ဖြစ်ခိုက်သော စိတ်လေးဆဲ့နှစ်ခုတို့နှင့် အရူပဘုံ၌သာဖြစ်သော အရူပဝိပါက်စိတ် လေးခုတို့သည် ထိုအရူပဘုံသည် ရုပ်၏ ဖြစ်ရာမဟုတ်၍ ဖြစ်စေရန် ရုပ်မရှိသောကြောင့် ရုပ်ကို မဖြစ်စေနိုင်လေသည်။

## ပဋိသန္ဓေစိတ်ကြောင့် ရုပ်မဖြစ်ခြင်း

ပဋိသန္ဓေကိစ္စတပ်ခိုက်သောစိတ်သည် အဘယ့်ကြောင့် ရုပ်ကိုမဖြစ်စေနိုင်လေသနည်းဟူမူ...ရုပ်တို့၏ သဘောသည် ဌီခဏသို့ရောက်မှသာ အားရှိသည်၊ ဥပါဒ်ခဏ၌ အားမရှိ။ ဤပဋိသန္ဓေစိတ်သည်ကား မိမိနှင့်အတူဥပါဒ်သော· ဟဒယဝတ္ထုရုပ်ကိုသာ မှီ၍ ဖြစ်ရချေရကား မှီရာဝတ္ထုရုပ်အားနည်းသောကြောင့်ရင်း, ကမ်းပါးပြတ်၌ ကျသောသူသည် မိမိပင်ထောက်ရာ တည်ရာကို မရသောကြောင့် သူတပါးတို့၏ မှီခိုရာမဖြစ်သကဲ့သို့ ကံ၏အဟုန်သည် ဘဝသစ်၌ ပစ်ချအပ်သည်ဖြစ်၍ မိမိပင် ထောက်ရာတည်ရာကို မရသေးသောကြောင့်ရင်း, ပဋိသန္ဓေစိတ်၏ မှီရာ ဟဒယဝတ္ထုရုပ်သည် ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်တည်းဖြစ်၍ ပဋိသန္ဓေစိတ်အား ဝတ္ထုပုရေဇာတဖြင့် ကျေးဇူးမပြုနိုင်ရကား ဝတ္ထုပုရေဇာတပစ္စည်းကိုမရ၊ ဝတ္ထုပုရေဇာတပစ္စည်းမှ ချို့သောကြောင့်ရင်း, မရောက်ဘူးသော အရပ်သို့သွားရောက်စသာဖြစ်သော ဧည့်သည်ယောကျ်ားသည် သူတပါးတို့အားလာလှည့် ထမင်းစသည်ကို ပေးမည်ဟု ဆိုခြင်းငှါ မစွမ်းနိုင်သကဲ့သို့ ဘဝသစ်၌ ဖြစ်စသာဖြစ်၍ အာဂန္တုဧည့်သည်နှင့် တူသောကြောင့်ရင်း ရုပ်ကို မဖြစ်စေနိုင်သည် ဟူလေ။

ထိုရုပ်တို့ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သော စိတ်တို့တွင် ပဋိသန္ဓေကိစ္စတပ်ခိုက်သောစိတ်၏ ရုပ်ကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်ရာ၌ ပြဆိုအပ်သော အကြောင်းကို—

> တတ္ထ ပဋိသန္ဓိစိတ္တံ တာဝ ဝတ္ထုနော ဒုဗ္ဗလတာယ အပ္ပတိဋ္ဌိတ-
> တာယ ပစ္စယဝေကလ္လတာယ အာဂန္တုကတာယ စ ရူပံ န သမုဋ္ဌာ-

> ပေတိ။ တတ္ထ ဟိ သဟဇာတံ ဝတ္ထုံ ဥပ္ပါဒက္ခဏေ ဒုဗ္ဗလံ ဟောတီတိ ဝတ္ထုနော ဒုဗ္ဗလတာယ န သမုဋ္ဌာပေတိ—

ဟူသော **သမ္မောဟဝိနောဒနီ အဋ္ဌကထာ(၂၂)** နှင့် အညီ ဆိုလိုက်သည်။

တတ္ထ၊ ထိုရုပ်ကိုဖြစ်စေခြင်းငှါ မစွမ်းနိုင်သောစိတ်တို့တွင်။ တာဝ၊ စွာ။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဝတ္ထုနော၊ မှီရာဟဒယဝတ္ထုရုပ်၏။ ဒုဗ္ဗလတာယ စ၊ အားနည်းသည်၏ အဖြစ်ကြောင့်၎င်း။ အပ္ပတိဋ္ဌိတတာယ စ၊ ထောက်ရာ တည်ရာကို မရသေးသည်၏ အဖြစ်ကြောင့်၎င်း။ ပစ္စယဝေကလ္လတာယ စ၊ ဝတ္ထုပုရေဇာတပစ္စည်းမှ ချို့သောကြောင့်၎င်း။ အာဂန္တုကတာယ စ၊ ဘဝ သစ်၌ ဖြစ်စသာဖြစ်၍ ဧည့်သည်အာဂန္တုနှင့် အလားတူသောကြောင့်၎င်း။ ရူပံ၊ ကို။ န သမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။ ဟိ၊ အထူးကို ဆိုဦးအံ့။ တတ္ထ၊ ထို အကြောင်းတို့တွင်။ သဟဇာတံ၊ ပဋိသန္ဓေစိတ်နှင့် တကွနက် တပြိုင်တည်း ဖြစ်သော။ ဝတ္ထုံ၊ ဟဒယဝတ္ထုသည်။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ဆဲခဏ၌။ ဒုဗ္ဗလံ၊ အားနည်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝတ္ထုနော၊ ၏။ ဒုဗ္ဗလတာယ၊ ကြောင့်။ ရူပံ၊ ကို။ န သမုဋ္ဌာပေတိ၊ စေနိုင်။

တနည်းလည်း....ပဋိသန္ဓေစိတ်နှင့် တပြိုင်တည်းဖြစ်သော သုံးဆယ်သော ကမ္မဇရုပ်တို့သည် စိတ္တဇရုပ်အရာကို ယူ၍ စိတ္တဇရုပ်အစားဖြစ်ကုန် တည်ကုန် ရကား ပဋိသန္ဓေစိတ်သည် ကမ္မဇရုပ်မှတပါး အသီးအခြားသော ရုပ်ကို မဖြစ်စေလေသည်။ ဤလည်း——

> အပိ စ သမတိံသကမ္မဇရူပါနိ စိတ္တသမုဋ္ဌာနရူပါနံ ဌာနံ ဂဟေတွာ ဌိတာနီတိပိ ပဋိသန္ဓိစိတ္တံ ရူပံ န သမုဋ္ဌာပေတိ——

ဟူသော **ရင်းအဋ္ဌကထာ(၂၂)**နှင့် အညီပင်တည်း။

အပိစ အပရော၊ နည်းတပါးကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ သမ- တိံသကမ္မဇရူပါနိ၊ အမျှသုံးဆယ်သော ကမ္မဇရုပ်တို့သည်။ စိတ္တသမုဋ္ဌာန- ရူပါနံ၊ စိတ္တဇရုပ်တို့၏။ ဌာနံ၊ အရာအစားကို။ ဂဟေတွာ၊ ယူ၍။ ဌိတာနိ၊ တည်ကုန်၏။ ဣတိပိ၊ ဤသို့သော အကြောင်းကြောင့်လည်း။ ပဋိသန္ဓိ- စိတ္တံ၊ သည်။ ရူပံ၊ ကို။ န သမုဋ္ဌာပေတိ၊ မဖြစ်စေ။

ဤအဋ္ဌကထာဝယ် "ဝတ္ထု ဥပ္ပါဒက္ခဏေ ဒုဗ္ဗလံ ဟောတိ" ဟူသော စကားကို ရုပ်ဟူသမျှတို့၏ပင် ဥပါဒ်ဆဲခဏ၌ ဒုဗ္ဗလ ဖြစ်သည်၏ အဖြစ်ကို ယူ၍ ဆိုတော်မူကြောင်းကို မူလဋီကာ (ဒုတိယတွဲ-၁၈) ၌—

ဝတ္ထု ဥပ္ပါဒက္ခဏေ ဒုဗ္ဗလံ ဟောတီတိ သဗ္ဗရူပါနံ ဥပ္ပါဒက္ခဏေ ဒုဗ္ဗလတံ သန္ဓာယ ဝုတ္တံ—

ဟု ပြဆိုတော်မူ၏။

ဝတ္ထု ဥပ္ပါဒက္ခဏေ ဒုဗ္ဗလံ ဟောတီတိ ဣဒံ၊ ဝတ္ထု။ပ။ ဟောတိ-ဟူသော ဤစကားကို။ သဗ္ဗရူပါနံ၊ ဟဒယဝတ္ထုတွင်မျှမက အလုံးစုံ ရုပ်ဟူသမျှတို့၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ဆဲခဏ၌။ ဒုဗ္ဗလတံ၊ အားနည်းသည်အဖြစ်ကို။ သန္ဓာယ၊ ၍။ သင်္ဂဟကာရေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ၏။

ထို ပဋိသန္ဓေစိတ်နှင့် တပြိုင်နက်ဖြစ်သော ဟဒယဝတ္ထုကို ဥပါဒ်ဆဲ ခဏဝယ် ဒုဗ္ဗလဖြစ်သည်ဟု အဘယ်ကြောင့် ဆိုရလေသနည်း ဟူခဲ့မူ....ထိုဟဒယ ဝတ္ထုသည် ဥပါဒ်ဆဲခဏကာလ၌ ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုသော တရားမှ ကင်းသောကြောင့်ရင်း အာဟာရစသော အထောက်အပံ့မှ ကင်း သောကြောင့်ရင်း ဒုဗ္ဗလဖြစ်သည်ဟု ပြဆိုသင့်ကြောင်းကို ရင်းမူလဋီကာ (တတိယတွဲ-၃၈) ၌ပင်—

တဒါ ဟိ တံ ပစ္ဆာဇာတပစ္စယရဟိတံ အာဟာရာဒီဟိ စ အနုပတ္ထဒ္ဓန္တိ ဒုဗ္ဗလန္တိ ဝုတ္တံ—

ဟု ပြဆိုတော်မူသည်။

ဟိသစ္စံ၊ ၏။ တံ၊ ထိုပဋိသန္ဓေခဏ၌ဖြစ်သော ဟဒယဝတ္ထုသည်။ တဒါ၊ ထိုမိမိ ဥပါဒ်ဆဲခဏကာလ၌။ ပစ္ဆာဇာတပစ္စယရဟိတံ၊ ပစ္ဆာဇာတပစ္စည်းမှ ကင်းသည်။ ဟောတိ၊ ၏။ အာဟာရာဒီဟိ စ၊ အာဟာရစသော အကြောင်း တို့သည်လည်း။ အနုပတ္ထဒ္ဓံ၊ မထောက်ပံ့အပ်သေးသည်။ ဟောတိ၊ ၏။ ဣတိ တသ္မာ၊ ထို့ကြောင့် မိမိ ဥပါဒ်ဆဲခဏကာလဝယ် ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုသောတရားမှ ကင်းသည်၏အဖြစ်,အာဟာရစသော အကြောင်း

တို့သည်လည်း မထောက်ပံ့အပ်သေးသည်၏ အဖြစ်ကြောင့်။ ဒုဗ္ဗလံ၊ သည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ဝုတ္တံ၊၏။

ဋီကာကျော် (၂၀၈)၌လည်း ပဋိသန္ဓေ စိတ်၏ ရုပ်ကို မဖြစ်စေရာ၌ အကြောင်းကို ဤအဋ္ဌကထာ ဋီကာတို့၌ ပြဆိုခဲ့သည့် အတိုင်းသော အကြောင်းတို့ကို ပေါင်းယူ၍ပင်—

> ပဏ္ဍာဇာတပစ္စယရဟိတံ ပန အာဟာရာဒီဟိ စ အနုပတ္ထဒ္ဓံ ဒုဗ္ဗလဝတ္ထုံ နိဿာယ ပဝတ္တတ္တာ အတ္တနော စ အာဂန္တုကတာယ ကမ္မဇရူပေဟိ စိတ္တသမုဋ္ဌာနရူပါနံ ဌာနံ ဂဟေတွာ ဌိတတ္တာ စ ပဋိသန္ဓိစိတ္တံ ရူပသမုဋ္ဌာပကံ န ဟောတိ—

ဟူ၍ ပြဆိုတော်မူ၏။

ပန၊ ရုပ်ကိုဖြစ်စေရာ၌ ပဋိသန္ဓေကိစ္စ တပ်ခိုက်သောစိတ်ကို အသီးအခြား မကြဉ်ထားအပ်သော်လည်း။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေတပ်ခိုက်သော စိတ်သည်။ ပဏ္ဍာဇာတပစ္စယရဟိတံ၊ ပဏ္ဍာဇာတပစ္စည်းဖြင့် ကျေးဇူးပြုခြင်းမှ ကင်းသော။ ဝါ၊ ကင်းသည်ဖြစ်၍။ အာဟာရာဒီဟိ စ၊ အာဟာရစသော အကြောင်းတို့သည်လည်း။ အနုပတ္ထဒ္ဓံ၊မထောက်ပံ့အပ်သော။ ဝါ၊မထောက်ပံ့အပ်သေးသည်ဖြစ်၍။ဒုဗ္ဗလဝတ္ထုံ၊အားနည်းသော သဟဇာတဟဒယဝတ္ထု ကို။ နိဿာယ၊ မှီ၍။ ပဝတ္တတ္တာ စ၊ ဖြစ်သည်၏ အဖြစ်ကြောင့်ရင်း။ အတ္တနော၊ မိမိဟူသော ပဋိသန္ဓေစိတ်၏။ အာဂန္တုကတာယ စ၊ ဧည့်သည် အာဂန္တုနှင့်အလားတူသည်၏အဖြစ်ကြောင့်ရင်း။ ကမ္မဇရူပေဟိ၊ ပဋိသန္ဓေ ခဏ၌ ဖြစ်သော သုံးဆယ်သော ကမ္မဇရုပ်တို့သည်။ စိတ္တသမုဋ္ဌာနရူပါနံ၊ တို့၏။ ဌာနံ၊ အရာအစားကို။ ဂဟေတွာ၊ ၍။ ဌိတတ္တာ စ၊ ကြောင့်ရင်း။ ရူပသမုဋ္ဌာပကံ၊ ရုပ်ကိုဖြစ်စေသည်။ န ဟောတိ၊ မဖြစ်။

ဒွေပဉ္စဝိညာဉ်တဆယ်တို့သည် ဟိတ်, ဈာနင်, မဂ္ဂင်တို့နှင့် မယှဉ်သည် ဖြစ်၍ အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်လေသည်။

## ဥတုနှင့် အာဟာရတရားကိုယ်

ဥတုဟူသည်ကား....သဝိညာဏက, အဝိညာဏက ဝတ္ထုတို့၌ ဖြစ်သော ရုပ်ကလာပ်တို့၌ပါသော တေဇောဓာတ်တည်း။

**အာဟာရ** ဟူသည်ကား....မျိုအပ် သုံးဆောင်အပ်သော ထမင်းစသော ဝတ္ထု၌ ပါသော အဆီအစေးသတ္တိဟူသော ဗဟိဒ္ဓဩဇာ၊ ထိုဩဇာလျှင် အထောက်အပံ့ အကြောင်းရှိသော အဇ္ဈတ္တဩဇာတည်း။

**ပေါင်းရုပ်ကို ဖြစ်စေတတ်သော အကြောင်းလေးပါး။** ။ထို့ကြောင့် သမ္မောဟဝိနောဒနီ အဋ္ဌကထာ (၂၄)၌—

ဒွေဝ ရူပါနိ ရူပံ သမုဋ္ဌာပေန္တိ၊ တေဇောဓာတု စ ကဗဠီကာ-ရာဟာရော စ။ အရူပေပိ ဒွေယေဝ ဓမ္မာ ရူပံ သမုဋ္ဌာပေန္တိ၊ စိတ္တ-ဉ္စေဝ ကမ္မစေတနာ စ—

ဟု မိန့်အပ်လေပြီ။

တေဇောဓာတု စ၊ တေဇောဓာတ်ဂုင်း။ ကဗဠီကာရာဟာရော စ၊ ကဗဠီကာရာဟာရဂုင်း။ ဣတိ၊ သို့။ ဒွေယေဝ ရူပါနိ၊ နှစ်ပါးသော ရုပ်တို့ သည်သာလျှင်။ ရူပံ၊ ကို။ သမုဋ္ဌာပေန္တိ၊ ဖြစ်စေကုန်၏။ အရူပေပိ၊ နာမ်၌ လည်း။ စိတ္တဉ္စေဝ၊ စိတ်ဂုင်း။ ကမ္မစေတနာ စ၊ ဂုင်း။ ဣတိ၊ သို့။ ဒွေယေဝ ဓမ္မာ၊ နှစ်ပါးသောတရားတို့သည်သာလျှင်။ ရူပံ၊ ကို။ သမုဋ္ဌာပေန္တိ၊ ကုန်၏။

**စေတသိက်၏ ရုပ်ဖြစ်စေပုံ**

ဤအဋ္ဌကထာ၌ စိတ္တဉ္စေဝ-ဟူသောစကားကို ပဋ္ဌာနပုဗ္ဗဂ်မအားဖြင့်သာ ဆိုလေသည်။

ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတု-ပစ္စယေန ပစ္စယော—

စသည်ဖြင့် **ပဋ္ဌာန်း** ပါဠိတော် (ပဌမတွဲ-၁) ၌ ဟောတော်မူသောကြောင့် စိတ်သာ ရုပ်ကို ဖြစ်စေသည်မဟုတ်။ ထိုစိတ်နှင့် သမ္ပယုတ်ဖြစ်သော စေတသိက်တို့လည်း ရုပ်ကိုဖြစ်စေကုန်သည်သာ ဖြစ်ကြောင်းကို—

စိတ္တဉ္စေဝါတိ စိတ္တဿ ပုဗ္ဗဂ်မတာယ ဝုတ္တံ။ တံသမ္ပယုတ္တကာပိ ပန ရူပ-သမုဋ္ဌာပကာ ဟောန္တိတိ။ ယထာဟ၊ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိအာဒိ —

ဟူ၍ **မူလဋီကာ** (ဒုတိယတွဲ-၂၀) ၌ ပြဆိုတော်မူသည်။

တနည်းလည်း....“ကုသလာ ဓမ္မာ၊ အကုသလာ ဓမ္မာ” အစရှိသော **ဓမ္မ-သင်္ဂဏီမာတိကာပါဠိတော် (၁)** “ကတမေ ဓမ္မာ ကုသလာ” အစရှိသော

ပုစ္ဆာဝါရ ပါဠိတော် (ဓမ္မသင်္ဂဏီပါဠိတော်-၁၇) အစရှိသည်တို့၌ ကုသလသဒ္ဒါ အကုသလသဒ္ဒါတို့ဖြင့် ကုသိုလ်စိတ် စသည်မျှကိုသာ မယူမူ၍ သမ္ပယုတ် စေတသိက်နှင့် တကွသော ကုသိုလ်စိတ်စိတ္တုပ္ပါဒ်စသည်ကို ယူရသကဲ့သို့ရင်း "ကာမာဝစရ ကုသလတော အဋ္ဌ၊ အကုသလတော ဒွါဒသ" အစရှိသော **အဋ္ဌသာလိနီ** (၃၆၁) ၌ ကာမာဝစရကုသလ သဒ္ဒါစသည်ဖြင့် ကုသိုတ်စိတ် စသည်မျှကို မယူမူ၍ သမ္ပယုတ် စေတသိက်နှင့်တကွသော ကုသိုလ်စိတ္တုပ္ပါဒ် စသည်ကို ယူရသကဲ့သို့ရင်း ဤ "စိတ္တဋ္ဌေဝ" ၌ စိတ္တသဒ္ဒါဖြင့်လည်း သက် သက်စိတ်မျှကိုသာ မယူမူ၍ သမ္ပယုတ်စေတသိက်နှင့် တကွသော စိတ္တုပ္ပါဒ် ကိုယူ။ "ကမ္မစေတနာ စ" ၌ ကမ္မသဒ္ဒါဖြင့် ကုသိုလ် အကုသိုလ် စိတ္တုပ္ပါဒ်ကို မယူမူ၍ စေတနာတပါးတည်းကိုသာ ယူရသကဲ့သို့။ စိတ္တဋ္ဌေဝ-၌ စိတ္တသဒ္ဒါ ဖြင့် စိတ်မျှကိုသာ မယူရမည့် အကြောင်းကို **ရင်းဋီကာ** (မူလဋီကာ ဒုတိယတွဲ-၂၀) ၌ပင်—

စိတ္တန္တိ ဝါ စိတ္တုပ္ပါဒံ ဂဏှာတိ။ န ကမ္မစေတနာ ဝိယ ဧက-ဓမ္မမေဝ ဂဟဏံ—

ဟူ၍ ပြဆိုတော်မူ၏။

စိတ္တဋ္ဌေဝါတိဣဒံ၊ စိတ္တဋ္ဌေဝ-ဟူသော ဤစကားကို။ စိတ္တဿ၊ ၏။ ပုဗ္ဗင်္ဂမတာယ၊ ပုဗ္ဗင်္ဂမပဋ္ဌာနဖြစ်သည်၏အဖြစ်ကြောင့်။ ဝုတ္တံ၊ အဋ္ဌကထာ ဆရာဆိုအပ်၏။ ပန၊ ထိုသို့စိတ်မျှကိုသာ ဆိုအပ်သော်လည်း။ တံသမ္ပယုတ္တ-ကာပိ၊ ထိုစိတ်နှင့် သမ္ပယုတ်ဖြစ်သော စေတသိက်တို့သည်လည်း။ ရူပ-သမုဋ္ဌာပကာ၊ ရုပ်ကိုဖြစ်စေတတ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊သို့။ ဝေဒိတဗ္ဗော၊ ၏။ ယထာဟ၊ အဘယ်သို့ ဟောတော်မူသနည်း ဟူမူကား။ ဟေတူ ဟေတုသမ္ပယုတ္တကာနံ ဓမ္မာနံ တံသမုဋ္ဌာနာနဉ္စ ရူပါနံ ဟေတုပစ္စယေန ပစ္စယောတိအာဒိ၊ ဟေတူ။ပ။ ပစ္စယော-ဤသို့အစရှိသည် ဟူ၍။ အာဟ၊ ၏။

ဝါ၊ တနည်းကား။ စိတ္တန္တိ ဣမိနာ၊ စိတ္တဋ္ဌေဝ-၌ စိတ္တဟူသော ဤသဒ္ဒါ ဖြင့်။ စိတ္တုပ္ပါဒံ၊ သမ္ပယုတ်စေတသိက်နှင့် တကွသော စိတ္တုပ္ပါဒ်ကို။ ဂဏှာတိ၊ အဋ္ဌကထာဆရာ ယူတော်မူ၏။ ကမ္မစေတနာ၊ ကမ္မစေတနာ စ-ဝယ် ကမ္မ-

စေတနာအရကို။ ကေမမ္မမေ၀၊ စေတနာဓမ္မ တခုတည်းကိုသာလျှင်။ ဂဟိတာ ဝိယ၊ ယူအပ်သကဲ့သို့။ ကေမမ္မမေ၀၊ စိတ္တုပ္ပါဒ-ဝယ် စိတ္တသဒ္ဒါဖြင့် စိတ်ဟူသော တရားတပါးတည်းကိုသာလျှင်။ ဂဟဏံ၊ ယူခြင်းသည်။ န ဟောတိ၊ မဖြစ်။

## ၃-စတုဇရုပ် လေးမျိုး

ဤ အကြောင်းလေးပါးတို့ကြောင့် ဖြစ်သောရုပ်တို့ကို သရုပ် အရေ အတွက်နှင့် ပြဦးအံ့—

ကံကြောင့်ဖြစ်သော **ကမ္မဇ**ရုပ်ကား....ပသာဒရုပ် ငါးခု, ဘာဝရုပ် နှစ်ခု, ဟဒယရုပ်တခု, ဇီဝိတရုပ်တခု ဟူ၍ ကမ္မဇကေန် ကိုးခု, မဟာဘုတ် လေးခု, ရူပါရုံ, ဂန္ဓာရုံ, ရသာရုံ, အာဟာရရုပ်, ပရိစ္ဆေဒရုပ် ဟူ၍ အနေကန် ကိုးခု အားဖြင့် ပေါင်း တဆဲ့ရှစ်ခုတည်း။ ထိုတဆဲ့ရှစ်ခု၌ ဥပစယရုပ်, သန္တတိရုပ် နှစ်ခုကို ထည့်၍ ကမ္မဇရုပ် နှစ်ဆယ် ဟူ၍လည်း တနည်း ရေတွက်လေ။

**စိတ္တဇ**ရုပ်ကား....ကာယဝိညတ် ဝစီဝိညတ်ရုပ် နှစ်ခု, ရူပဿလဟုတာ ရူပဿမုဒုတာ ရူပဿကမ္မညတာ ဟူသော ဝိကာရရုပ် သုံးခု, သဒ္ဒါပုံတခု, ယခင် အနေကန် ကိုးခုအားဖြင့် ပေါင်း တဆဲ့ငါးခုတည်း။ ဤရုပ် တဆဲ့ ငါးခု၌ ဥပစယ, သန္တတိ နှစ်ခုကိုထည့်၍ စိတ္တဇရုပ် တဆဲ့ခုနစ်ခုဟူ၍လည်း တနည်း ရေတွက်လေ။

**ဥတုဇ**ရုပ်ကား....သဒ္ဒရုပ်တခု, ဝိကာရရုပ် သုံးခု, ယခင်အနေကန် ကိုးခု အားဖြင့် တဆဲ့သုံးခုတည်း။ ဤ၌ ဥပစယ သန္တတိ နှစ်ခုကိုထည့်၍ ဥတုဇ ရုပ် တဆဲ့ငါးခုဟူ၍လည်း တနည်း ရေတွက်လေ။

**အာဟာရဇ**ရုပ်ကား....ဝိကာရရုပ်သုံးခု, ယခင် အနေကန် ကိုးခုအားဖြင့် တဆဲ့ နှစ်ခုတည်း။ ဤတဆဲ့နှစ်ခု၌ ဥပစယ သန္တတိ နှစ်ခုကို ထည့်၍ အာဟာ-ရဇရုပ် တဆဲ့လေးခုဟူ၍လည်း တနည်း ရေတွက်လေ။

ဤ ရုပ်အပေါင်းတို့တွင် ပသာဒရုပ် ငါးခု, ဘာဝရုပ် နှစ်ခု, ဟဒယရုပ် ဇီဝိတရုပ် ဤရုပ်ကိုးခုသည် ကံဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်၏။ ဝိညတ်ရုပ် နှစ်ခုမှာ စိတ်ဟူသော အကြောင်းတပါးတည်းကြောင့် သာ ဖြစ်၏။ သဒ္ဒရုပ်မှာ စိတ်, ဥတု ဟူသော အကြောင်းနှစ်ပါးတို့ကြောင့် ဖြစ်၏။ ဝိကာရရုပ် သုံးခုမှာ စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း

သုံးပါးတို့ကြောင့် ဖြစ်၏။ မဟာဘုတ် လေးခု, ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ပရိစ္ဆေဒ၊ ဤရုပ် ကိုးခုမှာ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း လေးပါးလုံးကြောင့် ဖြစ်၏။

## လက္ခဏရုပ်နှင့် သမုဋ္ဌာန်

ဥပစယ, သန္တတိ, ဇရတာ, အနိစ္စတာ ဤရုပ် လေးခုတို့သည် တစုံတခု သော အကြောင်းကြောင့်မျှ မဖြစ်ကုန်။

ထိုလက္ခဏရုပ် လေးခုတို့တွင် ဥပစယ, သန္တတိ-ဟူသော ဇာတိရုပ် နှစ်ခုသည် ကံစသော အကြောင်းကြောင့်ဖြစ်သော စတုဇရုပ်တို့၏ ဖြစ်ဆဲ ဥပါဒ်ပင် ဖြစ်သောကြောင့်၎င်း ထိုကံစသော တရားတို့၏ ရုပ်ကိုဖြစ်စေ နိုင်သော အစွမ်းသတ္တိအာနုဘော်သည် မိမိတို့သည် ဖြစ်စေအပ်သော ရုပ် တို့၏ ဥပါဒ်ခဏ၌သာ ထင်ရှားရှိသည်၊ ဌီခဏ ဘင်ခဏ၌ ထင်ရှားမရှိသည် ဖြစ်၍ ထိုကံစသော အကြောင်းတို့၏ ဇနကသတ္တိရှိစဉ် ဇနကသတ္တိနှင့် ပြည့်စုံစဉ် မိမိတို့ ထင်ရှားရှိသောကြောင့်၎င်း ကမ္မဇစသော ဝေါဟာရကို ရသည်။ ထို့ကြောင့် ၎င်းရုပ် နှစ်ခုတို့ကို ကမ္မဇရုပ် စသည်သို့ ထည့်သွင်း၍ ကမ္မဇရုပ် ဝီသ, စိတ္တဇရုပ် သတ္တရသ, ဥတုဇရုပ် ပန္နရသ, အာဟာရဇရုပ် စုဒ္ဒသဟူ၍လည်း တနည်း ရေတွက်ကောက်ယူ၍ ပြလိုက်သည်။

ဇရတာ အနိစ္စတာ တို့မှာ ကံစသော အကြောင်းကြောင့် ဖြစ်သော တရားတို့၏ ရင့်ခြင်းဟူသော ဌီခဏ, ပျက်ခြင်းဟူသော ဘင်ခဏ ဖြစ်သော် လည်း ထိုကံစသော အကြောင်းတရားတို့၏ ဇနကသတ္တိတို့နှင့် ပြည့်စုံစဉ် မိမိတို့ ထင်ရှားမရှိ၊ ဇနကသတ္တိမရှိ ကင်းကုန်မှ မိမိတို့ ထင်ရှားရှိသော ကြောင့် ကမ္မဇစသော ဝေါဟာရကို မရကုန်။ ထို့ကြောင့် ကမ္မဇစသည်ကို ရေတွက်ရာ၌ ၎င်းနှစ်ပါးကို မထည့်မသွင်းဘဲ ရေတွက်သည်။ ဇရတာ အနိစ္စတာ ဟူသည် စတုဇရုပ်တို့၏ ဌီခဏ, ဘင်ခဏမှ အသီးအခြား တပါး မရှိ၊ ထိုစတုဇရုပ်တို့၏ ဌီခဏ, ဘင်ခဏ ဖြစ်ရကား ထိုဇရတာ အနိစ္စတာ တို့ကိုလည်း စတုဇရုပ်သို့ ထည့်သွင်း၍ ကမ္မဇရုပ် ဗာဝီသ, စိတ္တဇရုပ် ဧကူန ဝီသ, ဥတုဇရုပ် သတ္တရသ, အာဟာရဇရုပ် သောဠသ ဟူ၍လည်း ဆရာတို့ တနည်း ရေတွက်ကုန်၏။

## ၄-ရုပဝီထိနှင့် ရုပ်ကလာပ်များ

ဤ ရုပ်အပေါင်းတို့တွင် အာကာသဓာတ် လက္ခဏာရုပ်မှ တပါးသော ရုပ်တို့သည် တပါးတည်း နှစ်ပါးတည်း စသည်ဖြင့် အသီးအသီး အစိတ်အစိတ် မဖြစ်နိုင်ကုန်၊ အနည်းဆုံး ရှစ်ပါးစု, ကိုးပါးစု စသည်ဖြင့် ပေါင်းစု၍သာ ဖြစ်နိုင်ကုန်သည်။ ထိုသို့ပေါင်းစု၍ဖြစ်သော ရုပ်အစုအပေါင်းကိုပင် ရုပ်ကလာပ်ဟု ခေါ်ဝေါ်သည်။ ထိုရုပ်ကလာပ်တို့၏ အပြားကို အဘိဓမ္မတ္ထသရူပဒီပကကျမ်းဝယ် ရူပသရူပဘေဒအရာ၌ ပြဆိုခဲ့ပြီးဖြစ်၍ ဤ၌ မပြပြီ။ ဤ ရုပ်ကလာပ်တို့တွင် သဒ္ဒရုပ်, ဝစီဝိညတ်ရုပ်တို့သည် ခေါ်ထူး မေးကြား စကားပြောသောအခါ စသည်၌သာ ဖြစ်ကုန်သည်။ ကာယဝိညတ်သည်လည်း လက်ယပ်ခြင်း, ခေါင်းညိတ်ခြင်း စသော အခါ၌သာ ဖြစ်သည်။ ဝိကာရရုပ် သုံးခုသည်လည်း လျှောက်ပတ်သော ဥတု ဘောဇဉ်ကို ရသောအခါ စသည်၌သာ ဖြစ်သည်။ အခါခပ်သိမ်း အစဉ်မပြတ် ဖြစ်သည်မဟုတ်၊ ထို့ကြောင့် ကလာပ်နှစ်ဆဲ့တစည်းတို့တွင် ထိုက်သည်အားလျော်စွာ သဒ္ဒ ဝိညတ် ဝိကာရရုပ်တို့နှင့် တကွဖြစ်သော စိတ္တဇကလာပ် ငါးစည်း, ဥတုဇကလာပ် သုံးစည်း, အာဟာရဇကလာပ် တစည်း အားဖြင့် ကလာပ်ကိုးစည်းတို့ကို မယူဘဲ ဤယခုပြဆိုလတ္တံ့သော ရုပ်ဝီထိအရာ၌ အစဉ်မပြတ် အခါခပ်သိမ်းဖြစ်သော ကမ္မဇကလာပ်ကိုးစည်း, စိတ္တဇသုဒ္ဓဋ္ဌကကလာပ်တစည်း, ဥတုဇသုဒ္ဓဋ္ဌကကလာပ် တစည်း, အာဟာရဇသုဒ္ဓဋ္ဌကကလာပ် တစည်း အားဖြင့် ကလာပ်တဆဲ့နှစ်စည်းတို့ကိုသာယူ၍ ပြအံ့သည်။ ထို့ကြောင့် ဆိုလတ္တံ့၌ စိတ္တဇ ဥတုဇ အာဟာရဇကလာပ် သာမန်ဆိုသော်လည်း သုဒ္ဓဋ္ဌကကလာပ်ကိုသာ ယူလေ။ ထိုကလာပ်တို့တွင် စက္ခုဒသကစသော တမျိုးတမျိုးသော ကမ္မဇကလာပ်သည်ပင် တယောက်တယောက်သော ပုဂ္ဂိုလ်သန္တာန်၌ တချိန်တည်း အများဥပါဒ် ပြိုင်၍ ဖြစ်ကောင်းသော်လည်း ဖြစ်သမျှကို အကုန်မယူဘဲ တမျိုးလျှင် တစည်းစီသာ ယူ၍ပြအံ့။

## ၅-စတုဇရုပ်ကလာပ်များ ဖြစ်ပုံ

တမျိုးတမျိုးသော ကမ္မဇကလာပ်သည်ပင် တယောက်တယောက်သော ပုဂ္ဂိုလ်သန္တာန်ဝယ် တပြိုင်တည်း အများဥပါဒ်ပြိုင်၍ ဖြစ်ကောင်းကြောင်းကိုလည်း ကာယပသာဒရုပ် ဘာဝရုပ်တို့သည် တကိုယ်လုံးနှံ့၍ တည်

ကြောင်းကိုဆိုသော အဋ္ဌကထာတို့ကို ထောက်၍၎င်း, ပဋိသန္ဓေခဏ၌ပင် ကိုယ်ထင်ရှား ကြီးမားစွာဖြစ်သော ဥပပါတ်ပုဂ္ဂိုလ်တို့အား များစွာသော စက္ခုဒသက များစွာသော သောတဒသက-စသော ကလာပ်အများ တပြိုင်တည်းဖြစ်ကြောင်းကိုဆိုသော မူလဋီကာကိုထောက်၍၎င်း, သတ္တဝါသဏ္ဌာန် အကြီးအငယ်သို့ လိုက်၍ စက္ခုဒသကစသည်တို့၏ ဖြစ်ရာ ဒိဋ္ဌမဏ္ဍလစသည် အကျယ်အကျဉ်း အကြီးအငယ်ဖြစ်သည်ကိုထောက်၍၎င်း သိလေ။ အကယ်၍ အဋ္ဌကထာ၌ လာသည့်အတိုင်း တမျိုးလျှင် တစည်းစီသာဖြစ်သည်ဟူအံ့....ခပ်သိမ်းသောသတ္တဝါတို့၌ပင် မချုပ်မီ ပြိုင်မိကောင်းသော ကမ္မဇ-ကလာပ်သည် တမျိုးလျှင် ငါးဆဲ့တစည်းစီ အညီအမျှ အတူတူသာ ရှိရာ ဖြစ်ရာသောကြောင့် သတ္တဝါသဏ္ဌာန် ကြီးငယ်မရှိ ညီမျှသည်သာ ဖြစ်ရာခဲ့သည်။ ဤသို့လည်း မဖြစ်။ ထိုကြောင့်ပြဆိုခဲ့ပြီးသည့်အတိုင်းသာ မှတ်လေ။ ဤကလာပ်တဆဲ့နှစ်စည်းတို့တွင် ဥဒ္ဒံတွင်း၌ ပဋိသန္ဓေနေသော အဏ္ဍဇ, သားအိမ်တွင်း၌ ပဋိသန္ဓေနေသော ဇလာဗုဇဟူသော ဂဗ္ဘသေ-ယျကပုဂ္ဂိုလ်တို့အား ယောကျ်ားဖြစ်အံ့....ကာယဒသက,ဝတ္ထုဒသက,ပုမ္ဘာဝဒသကဟူသော ကမ္မဇကလာပ်သုံးစည်း၊ မိန်းမဖြစ်အံ့....ကာယဒသက, ဝတ္ထုဒသက, ဣတ္ထိဘာဝဒသကဟူသော ကမ္မဇကလာပ်သုံးစည်း၊ နပုံးပဏ္ဍုက်ဖြစ်အံ့....ကာယဒသက, ဝတ္ထုဒသကဟူသော ကမ္မဇကလာပ်နှစ်စည်း၊ ဥပပါတ်တို့အား အသညသတ်ဖြစ်အံ့....ဇီဝိတနဝကဟူသော ကမ္မဇကလာပ်တစည်း၊အသညသတ်မှတပါး ရူပါဝစရဗြဟ္မာဖြစ်အံ့....စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကဟူသော ကမ္မဇကလာပ်လေးစည်း၊ ပြည့်စုံသော စက္ခုစသော ဣန္ဒြေရှိသော ကာမဥပပါတ်သံသေဒဇဖြစ်အံ့....စက္ခုဒသက, သောတဒသက, ဃာနဒသက, ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသက, ဘာဝဒသကဟူသော ကမ္မဇကလာပ်ခုနစ်စည်းတို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏကစ၍ စုတိစိတ်မှပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ခဏတိုင်း ခဏတိုင်း မြစ်ရေအယဉ်ကဲ့သို့ အစဉ်မပြတ် ဖြစ်ကုန်၏။

(အသညသတ်မှာ စိတ်မရှိသောကြောင့် စိတ္တက္ခဏ အခန့်အမှန်း ကာလဖြင့် ယူလေ)။

ထိုခဏတိုင်း ခဏတိုင်း ဖြစ်သော ကမ္မဇကလာပ်၌ ပါသော တေဇောဓာတ်ဟူသော ဥတုသည် ဌီသို့ရောက်သည့်အခါ အသီးအသီး **ဥတုဇသုဒ္ဓဋ္ဌက**

ကလာပ်ကို ဖြစ်စေသောကြောင့် ထိုဥတုဇသုဒ္ဓဋ္ဌကကလာပ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏကိုအစပြု၍ ခဏတိုင်း ခဏတိုင်း ဖြစ်၏။

**စိတ္တဇသုဒ္ဓဋ္ဌက**ကလာပ်သည် ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်ကို အစပြု၍ ရူပကာယအားလုံး စုတိစိတ်နှင့် ပြိုင်၍ချုပ်ခြင်းရှိသော ဥပပါတ်ပုဂ္ဂိုလ်ဟူသမျှတို့အား စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် စုတိစိတ်ချုပ်ပြီးသည့်နောက် ရူပကာယ အကြွင်းရှိကောင်းသော သံသေဒဇဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ဘုရား ပစ္စေကဗုဒ္ဓါ ရဟန္တာဖြစ်အံ့....စုတိစိတ်၏ ရှေ့အနန္တရစိတ်၏ ဥပါဒ်တိုင်အောင် ပုထုဇဉ်သေက္ခဖြစ်အံ့....စုတိစိတ်၏ ဥပါဒ်တိုင်အောင် ဒွေပဉ္စဝိညာဉ်မှတပါး ဖြစ်ထိုက်သမျှသော စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်၏။ ဤကား အဋ္ဌကထာဆရာတို့အလို။

တနည်း....မည်သည့်ယောနိ မည်သည့်ပုဂ္ဂိုလ်မဆို ပဉ္စဝေါကာရပုဂ္ဂိုလ်ဟူသမျှတို့အား စိတ္တဇရုပ်သည် ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏကို အစပြု၍ စုတိစိတ်မှ ပြန်၍ရေသော် ဆရာတို့၏ အလိုအားဖြင့် သုံးဆဲ့သုံးချက်မြောက်သောစိတ်၏ ဥပါဒ်တိုင်အောင်၊ ကေဆရာတို့၏ အလိုအားဖြင့် တဆဲ့ကိုးချက်မြောက်သောစိတ်၏ ဥပါဒ်ခဏတိုင်အောင် အပရေဆရာတို့၏ အလိုအားဖြင့် တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဒွေပဉ္စဝိညာဉ်မှတပါး ဖြစ်ထိုက်သမျှသော စိတ်တို့၏ ဥပါဒ်တိုင်းဥပါဒ်တိုင်း ဖြစ်၏။ ဤ စိတ္တဇကလာပ်၌ပါသော ဥတုသည်လည်း ဌီသို့ ရောက်သည့်အခါ **ဥတုဇသုဒ္ဓဋ္ဌက**ကလာပ်ကို ဖြစ်စေ၏။

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား အမိမျိုအပ်သော ထမင်းစသည်၌ပါသော ဩဇာသည် သူငယ့်ကိုယ်၌ တည်သောအခါ၊ သံသေဒဇ ဥပပါတ်တို့အား ထမင်းစသည်ကို မျိုသောအခါ၊ ထမင်းစသည် မရှိသောအရပ်၌ ဖြစ်၍ ဆာလောင်မွတ်သိပ်သောကြောင့် မိမိ၏ တံတွေးသလိပ်ကိုပင် မျိုသောအခါ ထို ထမင်းတံတွေး စသည်၌ ပါသောဩဇာသည် ဌီသို့ ရောက်သည့်အခါ **အာဟာရဇသုဒ္ဓဋ္ဌက** ကလာပ်ကို ဖြစ်စေ၏။ ထို အာဟာရဇကလာပ်သည် ကာမပုဂ္ဂိုလ်တို့အား ဖြစ်သင့်သောကာလကို အစပြု၍ ဥပပါတ်ဖြစ်အံ့....စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင်၊ သံသေဒဇ ဂဗ္ဘသေယျကပုဂ္ဂိုလ် ဖြစ်အံ့....စုတိစိတ်၏

ဘင်္ဂုဒ္ဓဏတိုင်အောင် မျိုတိုင်းမျိုတိုင်း သုံးဆောင်တိုင်းသုံးဆောင်တိုင်း သော ဝတ္ထု၌ ပါသောဩဇာကြောင့် ဖြစ်၏။ ထို အာဟာရဇ ကလာပ်၌ ပါသော ဥတုသည်လည်း ဌီသို့ ရောက်သည့်အခါ **ဥတုဇသုဒ္ဓဋ္ဌက** ကလာပ်ကို ဖြစ်စေ၏။

## ၆-ရုပ်တဆဲ့နှစ်မျိုး

ဤအရာဝယ် ဝိသုဒ္ဓိမဂ် အဋ္ဌကထာ ( **အဋ္ဌသာလိနီ အဋ္ဌကထာ ၃၇၇-၈** ) တို့၌ ဝေဘန်ပြဆိုအပ်သော ကမ္မသမုဋ္ဌာနရုပ်, ကမ္မပစ္စယရုပ်, ကမ္မပစ္စယ ဥတုသမုဋ္ဌာနရုပ်, စိတ္တသမုဋ္ဌာနရုပ်, စိတ္တပစ္စယရုပ်, စိတ္တပစ္စယ ဥတုသမုဋ္ဌာနရုပ်, အာဟာရသမုဋ္ဌာနရုပ်, အာဟာရပစ္စယရုပ်, အာဟာရပစ္စယဥတုသမုဋ္ဌာန ရုပ်, ဥတုသမုဋ္ဌာနရုပ်, ဥတုပစ္စယရုပ်, ဥတုပစ္စယဥတုသမုဋ္ဌာနရုပ် အားဖြင့် တဆဲ့နှစ်ပါးသော ရုပ်တို့ကို ပြလိုက်ဦးအံ့....။

ထို တဆဲ့နှစ်ပါးတို့တွင် ပသာဒ, ဘာဝ, ဇီဝိတ, ဟဒယရုပ်, ကမ္မဇကလာပ် ရုပ်တို့သည် **ကမ္မသမုဋ္ဌာန**ရုပ် မည်ကုန်၏။

ကံလျှင် အကြောင်းရင်းရှိကုန်သော ဆံ, မုတ်ဆိတ်, ကြင်စွယ်, ပါးမြိုင်း, မွေးညှင်း၊ ဆင်, ဝက်-စသည်တို့၏ အစွယ်၊ နွား, ကျွဲ စသည်တို့၏ ဦးချို၊ မြင်း, ခြသေ့ စသည်တို့၏ မြီးဆံ, မှင်ဆံ, လည်ဆံ, အမွေး၊ ငှက်တို့၏ အမွေး အတောင် စသည်သည် ကံလျှင် အကြောင်း ရှိသောကြောင့် **ကမ္မပစ္စယ**ရုပ် မည်၏။

စကြာမင်း၏ စက်ရတနာ, မဟာသုဒဿနမင်း, မဟာပနာဒမင်း, ဇောတိကသူဌေး စသည်တို့၏ ဘုံနန်းပြာသာဒ်, နန္ဒမင်း၏ ပုဆိုးပဒေသာ, ဇဋိလသူဌေး၏ ရွှေတောင်, မေဏ္ဍကသူဌေး၏ ရွှေဆိတ်ရုပ်, နတ်ပြဟ္မာတို့၏ ဥယျာဉ် ရေကန် ဗိမာန် ပဒေသာ စသည်သည် **ကမ္မပစ္စယဥတုသမုဋ္ဌာန**ရုပ် မည်၏။

စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်သည် **စိတ္တသမုဋ္ဌာန**ရုပ် မည်၏။

နောက်နောက်ဖြစ်သော စိတ်, စေတသိက်သည် ရှေးရှေးဖြစ်သော မချုပ်သေးသော ရူပကာယအား ပစ္ဆာဇာတသတ္တိဖြင့် ကျေးဇူးပြုသောကြောင့် ထိုစိတ်သည် ပစ္ဆာဇာတပစ္စည်းဖြင့် ကျေးဇူးပြုအပ်သော အကျိုးပစ္စယုပ္ပန်ဖြစ်သော ရှေးရှေးသောရုပ်သည် **စိတ္တပစ္စယ**ရုပ် မည်၏။

တန်ခိုးအဘိညာဉ်နှင့် ပြည့်စုံသောပုဂ္ဂိုလ်တို့သည် ဖန်ဆင်းအပ်သော ဆင်, မြင်း, ရထား စသည်တို့၌ တည်သော စိတ်လျှင် အကြောင်းရှိသော ဥတုကြောင့်ဖြစ်သော ရုပ်သည် **စိတ္တပစ္စယဥတုသမုဋ္ဌာန**ရုပ် မည်၏။

အာဟာရကြောင့်ဖြစ်သော အဋ္ဌကလာပ်ရုပ်သည် **အာဟာရသမုဋ္ဌာန** ရုပ် မည်၏။

အာဟာရသည် အာဟာရဇရုပ်အား ဖြစ်စေခြင်းဇနကအားဖြင့်, ကမ္မဇ ရုပ်အား စောင့်ရှောက်ခြင်း အနုပါလနအားဖြင့် ကျေးဇူးပြုသောကြောင့် အာဟာရသည် စောင့်ရှောက်အပ်သော ကမ္မဇရုပ်သည် အာဟာရလျှင် အကြောင်းရှိသောကြောင့် **အာဟာရပစ္စယ**ရုပ် မည်၏။

> ကဗဠီကာရော အာဟာရော ဒွိန္နမ္ပိ ရူပသန္တတီနံ ပစ္စယော ဟောတိ အာဟာရသမုဋ္ဌာနဿ စ ဥပါဒိန္နဿ စ။ အာဟာရ-သမုဋ္ဌာနဿ ဇနကော ဟုတွာ ပစ္စယော ဟောတိ။ ကမ္မဇဿ အနုပါလကော။ ဣဒံ အာဟာရာနုပါလိတံ ကမ္မဇရူပံ အာဟာရ-ပစ္စယံ နာမ။ ( အဋ္ဌသာလိနီ-၃၇၇ )

ကဗဠီကာရော အာဟာရော၊ ကဗဠီကာရအာဟာရသည်။ အာဟာရ-သမုဋ္ဌာနဿ စ၊ အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်အားငှင်း။ ဥပါဒိန္နဿ စ၊ ဥပါဒိန္နဖြစ်သော ကမ္မဇရုပ်အားငှင်း။ ဣတိ၊ သို့။ ဒွိန္နမ္ပိ၊ နှစ်ပါးလည်း ဖြစ်ကုန်သော။ ရူပသန္တတီနံ၊ ရုပ်အစဉ်တို့အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အာဟာရသမုဋ္ဌာနဿ၊ အား။ ဇနကော ဟုတွာ၊ ဖြစ်စေတတ်သော ဇနကအကြောင်းဖြစ်၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ ကမ္မဇဿ၊ အား။ အနုပါလကော၊ စောင့်ရှောက်သည်။ ဟုတွာ၊ ၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အာဟာရာနုပါလိတံ၊ အာဟာရသည် စောင့်ရှောက်အပ်သော။ ဣဒံ ကမ္မဇရူပံ၊ သည်။ အာဟာရပစ္စယံနာမ၊ အာဟာရပစ္စယရုပ် မည်၏။

တနည်းလည်း....အာဟာရသည် မိမိသည်ဖြစ်စေအပ်သော အာဟာရဇ ရုပ်အား ဇနကအားဖြင့် တပါးသော အာဟာရသည် ဖြစ်စေအပ်သော အာဟာရဇရုပ်အားငှင်း တိသန္တတိရုပ်အားငှင်း စောင့်ရှောက်ထောက်ပံ့ ခြင်း ဥပတ္ထမ္ဘကအားဖြင့် ကျေးဇူးပြုသောကြောင့် အာဟာရသည် စောင့်

ရှောက်ထောက်ပံ့အပ်သော တပါးသော အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ် ကမ္မဇ စိတ္တဇ ဥတုဇဟူသော တိသန္တတိရုပ်သည် **ကမ္မပစ္စယရုပ်** မည်၏။

ကဗဠီကာရာဟာရော ဟိ အညာဟာရသမုဋ္ဌိတဿ တိသန္တတိ-
ရူပါနဉ္စ ဥပတ္ထမ္ဘကဝသေန။ အတ္တနာ ဥပ္ပါဒိတဿ ဇနကော ဟုတွာ
**ပစ္စယော ဟောတိ။** ။**ဝိသုဒ္ဓိမဂ်မဟာဋီကာ** (ဒုတိယတွဲ-၄၀၃)

ဟိ-သစ္စံ၊ ၏။ ကဗဠီကာရော အာဟာရော၊ သည်။ အညာဟာရသမုဋ္ဌိ-တဿ စ၊ မိမိမှတပါးသောအာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်အားရင်း။ တိသန္တတိရူပါနဉ္စ၊ ကံ စိတ် ဥတုတို့ကြောင့် အသီးအသီးဖြစ်သော သုံးပါးသော ရုပ်အစဉ်တို့အားရင်း။ ဥပတ္ထမ္ဘကဝသေန၊ ထောက်ပံ့သည်၏ အစွမ်းဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အတ္တနာ၊ မိမိသည်။ ဥပ္ပါဒိ-တဿ၊ ဖြစ်စေအပ်သောအာဟာရဇရုပ်အား။ ဇနကော၊ သည်။ ဟုတွာ၊ ၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

မလျောက်ပတ်သော ဝိသဘာဂအာဟာရကို သုံးဆောင်၍ နေပူ၌နေသောသူအား မွဲမည်း-နူနာစသည် ဖြစ်ကုန်ရကား ထိုမွဲမည်း-နူနာစသော ရုပ်သည် အာဟာရလျှင် အကြောင်းရင်းရှိသော ဥတုကြောင့် ဖြစ်သောကြောင့် **အာဟာရပစ္စယဥတုသမုဋ္ဌာန** ရုပ်မည်၏။

ဥတုသည် ဖြစ်စေအပ်သော အဋ္ဌကလာပ်ရုပ်သည် **ဥတုသမုဋ္ဌာန** ရုပ်မည်၏။

ထိုဥတုဇအဋ္ဌကလာပ်ရုပ်၌ ပါသောဥတုသည် ဆင့်၍ဖြစ်စေအပ်သော အဋ္ဌကလာပ်ရုပ်သည် **ဥတုပစ္စယ** ရုပ်မည်၏။

ထိုဥတုပစ္စယအဋ္ဌကလာပ်၌ပါသောဥတုသည် တဘန်ဆင့်၍ ဖြစ်စေအပ်သော အဋ္ဌကလာပ်ရုပ်သည် **ဥတုပစ္စယဥတုသမုဋ္ဌာန** ရုပ်မည်၏။

## ၆-ဥတုဇကလာပ် အဆက်ဆက် ဖြစ်ပုံ

ကမ္မဇစသော စတုဇကလာပ်တို့၌ ပါသော တေဇောဓာတ်ဟူသော ဥတုသည် ဥတုဇအဋ္ဌကလာပ်ကို ဖြစ်စေသည်ဟူရာ၌ အဘယ်မျှ ဆက်၍ဖြစ်စေသနည်းဟူမူ —

ကမ္မဇတေဇောဓာတု ဌာနပ္ပတ္တာ ဥတုသမုဋ္ဌာနံ ဩဇဋ္ဌမကံ သမုဋ္ဌာပေတိ။ တတြာပိ ဥတု အညံ ဩဇဋ္ဌမကန္တိ ဧဝံ စတသော ဝါ ပဉ္စ ဝါ ပဝတ္တိယော ဃဋ္ဋေတိ—

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့် အညီ ကမ္မဇကလာပ်တို့၌ ပါသော ဥတုသည် မိမိဋီသို့ရောက်သောအခါ ဥတုဇသုဒ္ဓဋ္ဌကကလာပ်ကို ဖြစ်စေ၏၊ ထိုပဌမဥတုဇကလာပ်၌ပါသော ဥတုဇအဋ္ဌကလာပ်ရုပ်ကို ဆင့်၍ဖြစ်စေ၏၊ ထိုဒုတိယဥတုဇကလာပ်၌ပါသော ဥတုသည်လည်း တဘန် ဥတုဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏၊ ထိုတတိယ ဥတုဇကလာပ်ရုပ်၌ပါသော ဥတုသည်လည်း တဘန်ပင် ဥတုဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏၊ ဤသို့ကမ္မဇကလာပ်၌ပါသောဥတုသည် လေးဆက်သော်ငြားငါးဆက်သော်ငြား ဥတုဇ အဋ္ဌကလာပ်ရုပ်ကို ဆင့်၍ ဖြစ်စေ၏။

ကမ္မဇတေဇောဓာတု၊ သည်။ ဌာနပ္ပတ္တာ၊ ဋ္ဌီသို့ရောက်သည်ဖြစ်၍။ ဝါ၊ ရောက်သောအခါ။ ဩဇဋ္ဌမကံ၊ ဩဇာလျှင်ရှစ်ခုမြောက်ရှိသော။ ဥတုသမုဋ္ဌာနံ၊ ဥတုဇဖြစ်သော အဝိနိဗ္ဘောဂသုဒ္ဓဋ္ဌကကလာပ်ရုပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ တတြ၊ ထိုဥတုဇပဌမ အဋ္ဌကလာပ်ရုပ်၌။ ဥတုပိ၊ ပါသော အကျုံးဝင်သော ဥတုသည်လည်း။ အညံ၊ ပဌမဥတုဇကလာပ်မှတပါးသော။ ဩဇဋ္ဌမကံ၊ ဩဇာလျှင် ရှစ်ခုမြောက်ရှိသော ဒုတိယဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ ဣတိဧဝံ၊ သို့။ စတသော ဝါ၊ လေးဆက်လည်း ဖြစ်ကုန်သော။ ပဉ္စ ဝါ၊ ငါးဆက်လည်းဖြစ်ကုန်သော။ ပဝတ္တိယော၊ ဥတုဇ ဩဇဋ္ဌမကကလာပ်ရုပ်တို့၏ဖြစ်ခြင်းတို့ကို။ ဃဋ္ဋေတိ၊ ဆက်စပ်၏။

စိတ္တသမုဋ္ဌာနေ ဥတု ဌာနပ္ပတ္တော အညံ ဩဇဋ္ဌမကံ သမုဋ္ဌာပေတိ၊ တတြာပိ ဥတု အညန္တိ ဧဝံ ဒွေ တိဿော ပဝတ္တိယော ဃဋ္ဋေတိ။

ဟူ၍ ၎င်း အဋ္ဌကထာမိန့်ရကား စိတ္တဇကလာပ်၌ပါသော ဥတုသည် ဋ္ဌီသို့ ရောက်သည့်အခါ ဥတုဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထိုပဌမဥတုဇ အဋ္ဌကလာပ်၌ပါသော ဥတုသည်လည်း ဋ္ဌီသို့ရောက်သည့်အခါ တဘန် ဥတုဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤသို့ စိတ္တဇကလာပ်၌ပါသော ဥတုသည် နှစ်ဆင့်သော်ငြား, သုံးဆင့်သော်ငြား ဥတုဇအဋ္ဌကလာပ်ရုပ်ကို ဆက်၍ ဖြစ်စေ၏။

စိတ္တသမုဋ္ဌာနေ၁၊ စိတ်ကြောင့်ဖြစ်သော။ ဌာနပ္ပတ္တော၊ ငြီသို့ရောက်သော။ ဥတု၊ သည်။ အညံ၊သော။ ဩဇဋ္ဌမကံ၊ ဩဇာလျှင် ရှစ်ခုမြောက်ရှိသော သုဒ္ဓဋ္ဌကကလာပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ တတြ၊ ထိုပဌမဥတုဇကလာပ်၌။ ဥတုပိ၊ ဥတုသည်လည်း။ အညံ၊ တပါးသော ဒုတိယဥတုဇအဋ္ဌကကလာပ်ရုပ်ကို။သမုဋ္ဌာပေတိ၊ ၏။ဣတိ-ဧဝံ၊ သို့။ ဒွေ တိဿော ပဝတ္တိယော၊ နှစ်ဆက်သုံးဆက်ကုန်သော ဥတုဇကလာပ်၏ ဖြစ်ခြင်းတို့ကို။ဃဋ္ဋေတိ၊ ၏။

> အာဟာရသမုဋ္ဌာနာ တေဇောဓာတု ဌာနပ္ပတ္တာ အညံ ဩဇဋ္ဌ-
> မကံ သမုဋ္ဌာပေတိ—

ဟူသော **ၚင်းအဋ္ဌကထာ။**

> အာဟာရပစ္စယဥတုနောပိ ဥတုပစ္စယာဟာရဿ ဝိယ ဒသ-
> ဒွါဒသဝါရေ ပဝတ္တိဃဋ္ဋနာ ဝေဒိတဗ္ဗာ။ ဝုတ္တနယတ္တာ န ဥဒ္ဓတန္တိ
> ဝဒန္တိ—

ဟူသော **ၚင်းမဟာဋီကာ** (ဒုတိယတွဲ-၄၀၃) တို့နှင့် အညီ အာဟာရဇကလာပ်၌ ပါသောဥတုသည် ငြီသို့ ရောက်သည့်အခါ ဥတုဇ အဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ထို ပဌမဥတုဇကလာပ်၌ ပါသောဥတုသည်လည်း ငြီသို့ရောက်သည့်အခါ တဘန် ဥတုဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေ၏။ ဤသို့စသည်ဖြင့် အာဟာရဇကလာပ်၌ ပါသောဥတုသည် ဆယ်ဆက် တဆဲ့နှစ်ဆက်တိုင် ဥတုဇကလာပ်ရုပ်ကို ဖြစ်စေ၏။

အာဟာရသမုဋ္ဌာနာ၊ အာဟာရကြောင့်ဖြစ်သော။ ဌာနပ္ပတ္တာ၊ သော။ တေဇောဓာတု၊ သည်။ အညံ၊ သော။ ဩဇဋ္ဌမကံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။

အာဟာရပစ္စယဥတုနောပိ၊ အာဟာရလျှင် အကြောင်းရှိသော ဥတု၏လည်း။ ဥတုပစ္စယာဟာရဿ၊ ဥတုလျှင် အကြောင်းရှိသော အာဟာရ၏။ ဒသဒွါဒသဝါရေ၊ ဆယ်ကြိမ် တဆဲ့နှစ်ကြိမ်တို့ တိုင်အောင်။ ပဝတ္တိဃဋ္ဋနာ၊ ဖြစ်ခြင်း၏ စပ်ခြင်းကို။ ဝေဒိတဗ္ဗာ ဝိယ၊သိအပ်သကဲ့သို့။ ဒသဒွါဒသဝါရေ၊ အောင်။ ပဝတ္တိဃဋ္ဋနာ၊ ကို။ ဝေဒိတဗ္ဗာ၊ ၏။ ဝုတ္တနယတ္တာ၊ ဆိုအပ်ပြီးသော နည်းရှိသည်၏ အဖြစ်ကြောင့်။ န ဥဒ္ဓတံ၊ ထုတ်တော်မမူအပ်။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆရာတို့ ဆိုကုန်၏။

ဤ ယခု ပြဆိုလတ္တံ့သော ရုပ်ဝီထိအရာ၌ကား ထို ဆက်ကာဆက်ကာ ဖြစ်စေအပ်သော နောက်ဆင့်ဖြစ်သော ဥတုဇကလာပ်တို့ကို မပြမယူမူ၍ အသီးအသီး ကမ္မဇကလာပ်၌ ပါသောဥတု, စိတ္တဇကလာပ်၌ ပါသောဥတု, အာဟာရဇကလာပ်၌ ပါသောဥတုတို့သည် ဖြစ်စေအပ်သော မူလရင်းအစ ပဌမ ဥတုဇကလာပ် တစည်းစီကိုသာယူ၍ ရေတွက်ပြဆိုပေအံ့....

ချမ်းခြေင်းဟူသော သီတဥတု, အပူအနွေးဟူသော ဥဏှဥတုအားဖြင့် နှစ်ပါးသော ဗဟိဒ္ဓဥတု တခုခုသည် ကမ္မဇဥတု, စိတ္တဇဥတုစသည်တွင် အမှတ်မထင် တပါးပါးသော အဇ္ဈတ္တဥတုနှင့် ပေါင်းယှဉ်တွေ့စပ် ထိပါး လတ်သည်ရှိသော် ထို ဗဟိဒ္ဓဥတုနှင့် တွေ့ထိပေါင်းဆုံမိသော အဇ္ဈတ္တဥတု ကြောင့် တခုတခုသော ဥတုဇသုဒ္ဓဋ္ဌကကလာပ်ရုပ်သည် ဖြစ်၏။ ထို ပဌမ ဥတုဇကလာပ်၌ ပါသောဥတုသည်လည်း တခုသော ဥတုဇအဋ္ဌကလာပ် ရုပ်ကို ဖြစ်စေ၏။ ထို ဒုတိယ ဥတုဇအဋ္ဌကလာပ်၌ ပါသောဥတုသည်လည်း တဘန် ဥတုဇအဋ္ဌကလာပ်ရုပ်ကို ဖြစ်စေပြန်၏။ ဤသို့ ရှေးဦး ဥတုသည် သုံးခုသော ရုပ်ကလာပ်အစဉ်တို့ကိုသာ ဆက်စပ်၍ ဖြစ်စေနိုင်သည်။ ထို့ ထက်လွန်၍ မဖြစ်စေနိုင်။ ဤကား —

> ဥတုတော သမုဋ္ဌိတံ သုဒ္ဓဋ္ဌကံ ဥတုသမုဋ္ဌာနံ နာမ။ တသ္မိံ ဥတု အညံ အဋ္ဌကံ သမုဋ္ဌာပေတိ၊ ဣဒံ ဥတုပစ္စယံ နာမ။ တသ္မိံ ပိ ဥတု အညံ အဋ္ဌကံ သမုဋ္ဌာပေတိ၊ ဣဒံ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ။ ဧဝံ တိဿောယေဝ သန္တတိယော ဃဋ္ဋေတုံ သက္ကောတိ၊ န တတော ပရံ—

ဟူသော **အဋ္ဌသာလိနီ** (၃၇၇)

> သီတေ ဝါ ဥဏှေ ဝါ ကိသ္မိဉ္စိ ဥတုမှိ သမာဂတေ တတော သုဒ္ဓဋ္ဌကံ ဥပ္ပဇ္ဇတိ။ တဿ သော ဥတုသမုဋ္ဌာနံ နာမ။ ဒုတိယဿ သုဒ္ဓဋ္ဌကဿ ဥတုသမုဋ္ဌာနိကပဋိဗန္ဓကဿ သော ဧဝ ပုရိမော ဥတု ပစ္စယော။ တတိယံ ပန သုဒ္ဓဋ္ဌကံ ပုရိမဥတုသဟာယေန ဥတုနာ နိဗ္ဗတ္တတ္တာ ပုဗ္ဗေ ဝုတ္တနယေနေဝ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ။ ဧဝမယံ ပုရိမော ဥတု တိဿော သန္တတိယော ဃဋ္ဋေတိ။

ဟူသော **ရင်းမူလဋီကာ** (ပဌမကွဲ-၁၅၇) တို့နှင့် အညီတည်း။

ဥတုတော၊ ကြောင့်။ သမုဋ္ဌိတံ၊ သော။ သုဒ္ဓဋ္ဌကံ၊ သည်။ ဥတုသမုဋ္ဌာနံ နာမ၊ မည်၏။ တသ္မိံ၊ ထို ဥတုသမုဋ္ဌာနကလာပ်၌။ ဥတု၊ ဥတုသည်။ အညံ အဋ္ဌကံ၊ တပါးသော သုဒ္ဓဋ္ဌကကလာပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ ဣဒံ၊ ဤဥတုသမုဋ္ဌာနကလာပ်၌ ပါသောဥတုသည် ဖြစ်စေအပ်သော သုဒ္ဓဋ္ဌကကလာပ်ရုပ်သည်။ ဥတုပစ္စယံ နာမ၊ မည်၏။ တသ္မိံ၊ ထို ဥတုပစ္စယကလာပ်၌။ ဥတုပိ၊ သည်လည်း။ အညံ အဋ္ဌကံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။ ဣဒံ၊ ဤဥတုပစ္စယကလာပ်၌ ပါသောဥတုသည်ဖြစ်စေအပ်သော သုဒ္ဓဋ္ဌကကလာပ်သည်။ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ၊ မည်၏။ ဧဝံ၊ သို့။ တိဿောယေဝ သန္တတိယော၊ သုံးပါးသော ရုပ်ကလာပ် အစဉ်တို့ကိုသာလျှင်။ ဃဋ္ဋေတုံ၊ ဆက်စပ်ခြင်းငှါ။ သက္ကောတိ၊ ၏။ တတော၊ ထက်။ ပရံ၊ အလွန်။ ဃဋ္ဋေတုံ၊ ငှါ။ န သက္ကောတိ၊ နိုင်။

သီတေ ဝါ၊ သီတမှုလည်း ဖြစ်သော။ ဥဏှေ ဝါ၊ ဥဏှမှုလည်း ဖြစ်သော။ ကိသ္မိဉ္စိ ဥတုမှိ၊ ဗဟိဒ္ဓဥတု တခုခုသည်။ သမာဂတေ၊ အဇ္ဈတ္တဥတုနှင့် ပေါင်းယှဉ်မိသည်ရှိသော်။ တတော၊ ထိုသို့ ပေါင်းဆုံမိခြင်းကြောင့်။ သုဒ္ဓဋ္ဌကံ၊ ဥတုဇသုဒ္ဓဋ္ဌကကလာပ်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ သော၊ ထို ဥတုကြောင့်ဖြစ်သော ကလာပ်သည်။ ဥတုသမုဋ္ဌာနံ နာမ၊ မည်၏။ ဒုတိယဿ၊ သော။ ဥတုသမုဋ္ဌာနိကပဋိဗန္ဓကဿ၊ ဥတုသမုဋ္ဌာနိက ရုပ်ကလာပ်နှင့်စပ်သော။ သုဒ္ဓဋ္ဌကဿ၊ သုဒ္ဓဋ္ဌကကလာပ် ရုပ်အား။ ပုရိမော၊ သော။ သောဝေ ဥတု၊ ဥတုသမုဋ္ဌာနကလာပ်၌ ပါသော ထို ဥတုသည်သာလျှင်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တတိယံ၊ သော။ သုဒ္ဓဋ္ဌကံ၊ သည်။ ပုရိမ ဥတုသဟာယေန၊ ရှေးဖြစ်သော ဥတုသမုဋ္ဌာန ကလာပ်၌ ပါသော ဥတုလျှင် အဘော်သဟဲရှိသော။ ဥတုနာ၊ ဥတုပစ္စယကလာပ်၌ ပါသော ဥတုကြောင့်။ နိဗ္ဗတ္တတ္တာ၊ ကြောင့်။ ပုဗ္ဗေ၊ ၌။ ဝုတ္တနယေနေဝ၊ သာလျှင်။ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ၊ မည်၏။ ဧဝံ၊ သို့။ ပုရိမော၊ သော။ အယံ ဥတု၊ သည်။ တိဿော သန္တတိယော၊ တို့ကို။ ဃဋ္ဋေတိ၊ ၏။

ဥတုသမုဋ္ဌာနာ တေဇောဓာတု ဌာနပ္ပတ္တာ အညံ သြဇဋ္ဌမကံ
သမုဋ္ဌာပေတိ။ တတြာပိ ဥတု အညန္တိ ဧဝံ ဒီဃမ္ပိ အဒ္ဓါနံ
ဥပါဒိန္နကပက္ခေ ဌတွာပိ ဥတုသမုဋ္ဌာနံ ပဝတ္တတိ ယေဝ—

ဟူသော ဝိသုဒ္ဓိမဂ် အဋ္ဌကထာ။

> ဒီဃမ္ပိ အဒ္ဓါနန္တိ ဒသဒွါဒသဝါရေတိ အညဿ ဝုတ္တပရိစ္ဆေဒ-
> တော ဒီဃမ္ပိ ကာလံ—

ဟူသော **မဟာဋီကာ** (ဒုတိယတွဲ-၄၀၄)

ဥတုသမုဋ္ဌာနာ၊ သော။ ဌာနပ္ပတ္တာ၊ သော။ တေဇောဓာတု၊ သည်။ အညံ၊ သော။ ဩဇဋ္ဌမကံ၊ ဩဇဋ္ဌမကအဋ္ဌကလာပ်ရုပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ တတြ၊ ထိုဒုတိယဥတုဇကလာပ်၌။ ဥတုပိ၊ သည်လည်း၊ အညံ၊ တပါးသော အဋ္ဌကလာပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ ဣတိဝေ၊ သို့။ ဒီဃမ္ပိ အဒ္ဓါနံ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ ဥပါဒိန္နကပဗ္ဗေ၊ ဥပါဒိန္နက ဖြစ်သော သဝိညာဏကအဘို့၌။ ဌတွာပိ၊ တည်၍လည်း။ ဥတုသမုဋ္ဌာနံ၊ ဥတုသမုဋ္ဌာနကလာပ်ရုပ်သည်။ ပဝတ္တတိယေဝ၊ ဖြစ်သည်သာတည်း။

ဒီဃမ္ပိ အဒ္ဓါနန္တိ၊ ကား။ ဒသဒွါဒသဝါရေတိ၊ ဝါရေ-ဟူ၍။ အညဿ၊ တပါးသောရုပ်ကလာပ်၏။ ဝုတ္တပရိစ္ဆေဒတော၊ ဆိုအပ်ပြီးသော အပိုင်း အခြားထက်။ ဒီဃမ္ပိ ကာလံ၊ ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။

ဤကျမ်းတို့အလိုသော် သုံးဆက်ကို မဆိုထားဘိ၊ ဆယ်ဆက်တဆဲ့နှစ် ဆက်မက ကာလရှည်ကြာ များစွာသော ဥတုဇအဋ္ဌကလာပ်တို့ကို ဖြစ်စေ နိုင်သည်ဟုလို၏။ ဤလည်း အဇ္ဈတ္တဥတုကိုရည်၍သာ၊ ဗဟိဒ္ဓဥတုသော် ကား ဆရာလေးပါးတို့ အလိုအားဖြင့်ပင် ကာလရှည်ကြာ များစွာသော ဥတုဇရုပ်ကလာပ် အဆက်ဆက်ကို ဖြစ်စေ၏။ ထို့ကြောင့် **အဋ္ဌသာလိနီ** (၃၇၇) ၌—

> ဣမမတ္ထံ အနုပါဒိန္နကေနာပိ ဒီပေတုံ ဝဋ္ဋတိ။ ဥတုသမုဋ္ဌာ-
> နော နာမ ဝလာဟကော။ ဥတုပစ္စယာ နာမ ဝုဋ္ဌိဓာရာ။ ဒေဝေ
> ပန ဝုဋ္ဌေ ဗီဇာနိ ဝိရုဟန္တိ။ ပထဝီဂန္ဓံ မုဉ္စန္တိ။ ပဗ္ဗတာ နီလာ
> ဓါယန္တိ။ သမုဒ္ဒေါ ဝဍ္ဎတိ။ တေ ဥတုပစ္စယဥတုသမုဋ္ဌာနံ နာမ-

ဟူ၍ရှင်း—

**မူလဋီကာ** (ပဌမတွဲ-၁၅၈) ၌လည်း—

> အနုပါဒိန္နကေန ဒီပနာ န သန္တတိတ္တယဝသေန။ အထခေါ
> မေဃဝုဋ္ဌာပကမူလဥတုဝသေန ပကာရန္တရေန ဒဋ္ဌဗ္ဗောကိ ဒဿေတုံ
> ဥတုသမုဋ္ဌာနော နာမ ဝလာဟကောတိအာဒိမာဟ။

ဟူ၍ရှင်း—

**ဝိသုဒ္ဓိမဂ်မဟာဋီကာ (ဒုတိယတွဲ-၄၀၄) ၌လည်း —**

ဥတု ဟိ သဘာဂသန္တတိဝသေန လဒ္ဓပစ္စယံ စိရတရမ္ပိ ကာလံ
သဒိသာကာရံ ရူပပ္ပဝတ္တိံ သန္တာနေတိ ဥပါဒိဏ္ဏကသန္နိဿယေနပိ။
ပဂေဝ ဤတရထာ။ တေနာဟ ဥပါဒိဏ္ဏကပဗန္ဓေ ဌတ္တာပိတိ—

ဟူ၍ရှင်း မိန့်အပ်လေကုန်ပြီ။

ဣမမတ္ထံ၊ ဤသို့သော အနက်သဘောကို။ အနုပါဒိဏ္ဏကေနာပိ၊ အနု-ပါဒိဏ္ဏက အဝိညာဏကသန္တာန်ဖြင့်လည်း။ ဒီပေတုံ၊ ငှါ။ ဝတ္တတိ၊ သင့်၏။ ဥတုသမုဋ္ဌာနေဝ နာမ၊ ဥတုသမုဋ္ဌာန်မည်သည်။ ဝလာဟကော၊ မိုဃ်းတိမ်တည်း။ ဥတုပစ္စယာနာမ၊ မည်ကုန်သည်။ ဝုဋ္ဌိဓာရာ၊ မိုဃ်းရေအယဉ်တို့တည်း။ ပန၊ ဥတုပစ္စယရုပ်မှတပါး ဥတုပစ္စယ ဥတုသမုဋ္ဌာနရုပ်ကို ပြဦးအံ့။ ဒေဝေါ၊ သည်။ ဝုဋ္ဌော၊ သော်။ ဗီဇာနိ၊ တို့သည်။ ဝိရုဟန္တိ၊ အညွန့်အညှောက်ပေါက်ရောက်ကုန်၏။ ပထဝီ၊ သည်။ ဂန္ဓံ၊ အခိုးအနံ့ကို။ မုဉ္စတိ၊ လွှတ်၏။ ပဗ္ဗတာ၊ ကျောက်တောင်တို့သည်။ နီလာ၊ စိမ်းစိမ်းညို့ညို့။ ခါယန္တိ၊ ထင်ကုန်၏။ သမုဒ္ဒေါ၊ သည်။ ဝဍ္ဎတိ၊ တိုး၏။ တေ၊ ဤအလုံးစုံသည်။ ဥတုပစ္စယ-ဥတုသမုဋ္ဌာန်နာမ၊ မည်၏။

အနုပါဒိဏ္ဏကေန၊ အနုပါဒိဏ္ဏကအဝိညာဏကသန္တာန်ဖြင့်။ ဒီပနာ၊ သည်။ သန္တတိတ္တယဝသေန၊ သုံးပါးသောအစဉ်၏အစွမ်းဖြင့်။ န ဟောတိ၊ မဖြစ်။ အထခေါ၊ စင်စစ်သော်ကား။ မေဃဝုဋ္ဌာပကမူလဥတုဝသေန၊ မိုဃ်းကိုတက်စေရွာစေသော မိုဃ်းတိမ်ဟူသော မူလရင်းဥတု၏အစွမ်းဖြင့်။ ပကာရန္တရေန၊ တပါးသော အပြားအားဖြင့်။ ဒဋ္ဌဗ္ဗော၊ ၏။ ဣတိ၊ သို့။ ဒဿေတုံ၊ ငှါ။ ဥတုသမုဋ္ဌာနေဝနာမ ဝလာဟကောတိအာဒိံ၊ ဥတု။ပ။ ကော- ဤသို့အစရှိသော စကားကို။ အာဟ၊ ၏။

ဟိ သစ္စံ၊ ၏။ ဥတု၊ သည်။ သဘာဂသန္တတိဝသေန၊ သဘောတူဖြစ်သော ရုပ်အစဉ်၏အစွမ်းဖြင့်။ လဒ္ဓပစ္စယံ၊ ရအပ်သောအကြောင်းရှိသည်ဖြစ်၍။ စိရတရမ္ပိ ကာလံ၊ အလွန်ရှည်မြင့်စွာသော ကာလပတ်လုံးလည်း။ သဒိသာ-ကာရံ၊ တူသောအခြင်းအရာရှိသော။ ရူပပ္ပဝတ္တိံ၊ ရုပ်၏ဖြစ်ခြင်းကို။ ဥပါဒိဏ္ဏကသန္နိဿယေနပိ၊ ဥပါဒိဏ္ဏက သဝိညာဏကသန္တာန်လျှင် မှီရာရှိသော အားဖြင့်လည်း။ သန္တာနေတိ၊ ကောင်းစွာစောင့်ရှောက်၏။ ဤတ-

ရထာ၊ ဥပါဒိဏ္ဏကသဝိညာဏကသန္တာန်မှတပါး အနုပါဒိဏ္ဏက အဝိညာဏက သန္တာန်လျှင် တည်မှီရာရှိသောအားဖြင့်ကား။ ပဂေဝ၊ အဘယ်ဆိုဘွယ်ရာ ရှိအံ့နည်း။ တေန၊ ကြောင့်။ ဥပါဒိဏ္ဏကပဗ္ဗေ ဌတ္ဝာပီတိ၊ ပိ-ဟူသော စကားကို။ အာဟ၊ ၏။

## ၇-စတုဇရုပ်တို့ ဖြစ်စဉ်

ပြဆိုအပ်လတ္တံ့သော ရုပ်ဝီထိအရာ၌ကား— ဤ အလုံးစုံသော ဥတုဇ ကလာပ်တို့ကို မယူဘဲ ပြဆိုခဲ့ပြီးသည့်အတိုင်း ကမ္မဇ, စိတ္တဇ, အာဟာရဇ ကလာပ်တို့၌ ပါသောဥတုတို့သည် အသီးအသီးဖြစ်စေအပ်သော ရှေးဦး အစ တစည်းစီသော ဥတုဇကလာပ်ကိုသာယူ၍ ရေတွက်ပြဆိုအံ့။

ထို ဥတုဇရုပ်ကလာပ်တို့တွင် ကမ္မဇကလာပ်သည် ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ ဖြစ်သောကြောင့် တခုသောဘဝ၌ ကမ္မဇကလာပ် ရှေးဦးစွာ ဖြစ်၏။ ဥတုဇကလာပ်သည် ပဋိသန္ဓေစိတ်၏ ဌီခဏကစ၍ ဖြစ်သောကြောင့် ကမ္မဇ ကလာပ်၏ နောက်မှ ဖြစ်၏။ စိတ္တဇကလာပ်သည် ပဋိသန္ဓေနောင် ပဌမ ဘဝင်စိတ်၏ ဥပါဒ်ခဏကစ၍ ဖြစ်သောကြောင့် ကမ္မဇ, ဥတုဇကလာပ် နှစ်ပါးတို့၏ နောက်မှဖြစ်၏။ အာဟာရဇကလာပ်သည် ထိုကလာပ်သုံးပါး တို့၏ နောက်မှ ဖြစ်၏။ ဤသို့ ရုပ်ကလာပ်တို့၏ ဖြစ်စဉ်ကို သိလေ။

## ၈–အာဟာရအမိပ္ပါယ်အကျယ်

### အာဟာရအရကောက်

(က) ဤ အရာဝယ် အဘယ်သည် အာဟာရ မည်သနည်း၊ အဘယ့် ကြောင့် အာဟာရ မည်သနည်း၊ အဘယ့်ကြောင့်ကား အာဟာရဟူ၍သာ မဟောမူ၍ ကဗဠီကာရ အာဟာရဟူ၍ ဟောတော်မူအပ်သနည်း၊ အဇ္ဈတ္တာဟာရ, ဗဟိဒ္ဓါဟာရ နှစ်ပါးတွင် အဘယ်အာဟာရသည် ရုပ်ကို ဖြစ်စေသနည်း၊ ထို အာဟာရသည် ဖြစ်စေအပ်သော ရုပ်ကား ဇာတ်တူ အားဖြင့် ပေါင်း၍ရေသော် အဘယ်မျှ အရေအတွက် ရှိသနည်း၊ အဘယ် ရုပ်အား အဘယ်သို့သော သတ္တိဖြင့် ကျေးဇူး ပြုသနည်း၊ အဘယ်မျှ လောက်သော အာဟာရဇကလာပ်ကို ဆက်၍ ဖြစ်စေသနည်း၊ အဘယ် ပုဂ္ဂိုလ်အား အဘယ်ကာလက စ၍ ရုပ်ကို ဖြစ်စေသနည်း၊ ဤ ပုစ္ဆာ ရှစ်ပါး တို့ကို ထုတ်၍ အစဉ်အတိုင်း ဖြေကြား ပြဆိုအပ်၏။

ဤ ရှစ်ပါးတွင် အဘယ်သည် အာဟာရ မည်သနည်း ဟူသော ပဌမ ပုစ္ဆာ၌ အဖြေကား—

စတုသန္တတိသမုဋ္ဌာနေ ရူပေ ဩဇာ အာဟာရော နာမ။

ဟူသော **ပဌာန်းအဋ္ဌကထာ**(၃၇၇)—

အဇ္ဈောဟရိတဗ္ဗာဟာရသိနေဟဘူတာ ဩဇာ ဣဓ အာဟာရရူပံ နာမ—

ဟူသော **ဋီကာကျော်**(၁၉၉)တို့နှင့် အညီ ကမ္မဇ, စိတ္တဇ, ဥတုဇ, အာဟာရဇ ဟူသော စတုသမုဋ္ဌာနိက ရုပ်ကလာပ်အစဉ်၌ ပါသော အဇ္ဈတ္တ ဩဇာ သည်၎င်း, မျိုအပ် သုံးဆောင်အပ်သော ထမင်းစသော ဝတ္ထု၏ အဆီ, အစေး, သတ္တိ-ဟူသော ဗာဟိရ ဩဇာသည်၎င်း အာဟာရ မည်၏ ဟူလေ။

စတုသန္တတိသမုဋ္ဌာနေ၊ ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်း လေးပါးတို့ဖြင့် ထိုက်သည်အားလျော်စွာ ဖြစ်သော ရုပ်ကလာပ် အစဉ် ဟူသော။ ရူပေ၊ ကလာပ်ရုပ်၌။ ဩဇာ၊ အဇ္ဈတ္တဩဇာသည်။ အာဟာရော နာမ၊ မည်၏။

အဇ္ဈောဟရိတဗ္ဗာဟာရသိနေဟဘူတာ၊ မျိုအပ်, သုံးဆောင်အပ်သော ထမင်းစသော အာဟာရ၏ အဆီ,အစေး ဖြစ်၍ဖြစ်သော။ ဩဇာ၊ ဗဟိဒ္ဓ ဩဇာသည်။ ဣဓ၊ ဌ်။ အာဟာရရူပံ နာမ၊ ၏။

**အာဟာရ အမည်ရပုံ**

(ခ) အဘယ့်ကြောင့် အာဟာရ မည်သနည်း ဟူသော ဒုတိယ ပုစ္ဆာ၌ အဖြေကား—

သော ပန ရူပံ အာဟရတီတိ အာဟာရော—

ဟူသော **ဝိသုဒ္ဓိမဂ် မဟာဋီကာ** (ဒုတိယတွဲ-၁၀၄)နှင့် အညီ ဩဇာလျှင် ရှစ်ခုမြောက်ရှိသော ဩဇဋ္ဌမကရုပ်, ရူပဃကမ္မညတာလျှင် တဆဲ့တခု မြောက်ရှိသော လဟုတာဒေကာဒသကကလာပ်ရုပ်ကို ဆောင်တတ်, ဖြစ် စေတတ်သောကြောင့် အာဟာရ မည်သည် ဟူလေ။

သော ပန၊ ထို ဩဇာဟာရသည်ကား။ ရူပံ၊ ရုပ်ကို။ အာဟရတိ၊ ဆောင်တတ်, ဖြစ်စေတတ်၏။ ဣတိ၊ ကြောင့်။ အာဟာရော၊ မည်၏။

**ကဗဠီကာရာဟာရခေါ်ရပုံ**

(၈) အဘယ့်ကြောင့်ကား။ပ။ ဟောတော်မူလေသနည်း ဟူသော တတိယ ပုစ္ဆာ၌ အဖြေကား—

> သော ပန ယသ္မာ ကဗဠံ ကရိတွာ အဇ္ဈောဟရိတဗ္ဗော အာဟာရကိစ္စံ ကရောတိ။ န ဗဟိဋ္ဌိတော။ တသ္မာ အာဟာရောတိ အဝတွာ ကဗဠီကာရော အာဟာရောတိ ဝုတ္တံ—

ဟု **ပဋ္ဌာန်းအဋ္ဌကထာ**(၃၇၇)၌ မိန့်ရကား၊ ထို အာဟာရသည် အဇ္ဈတ္တ သန္တာန်နှင့် မထိမစပ်, မမျိုအပ်ဘဲ၊ ပြင်ပအလွတ်၌ တည်သည်ရှိသော် ရုပ်ကိုဆောင်ခြင်း, ဖြစ်စေခြင်း ဟူသော အာဟာရကိစ္စကို မပြုနိုင်, မပြီး စေနိုင်၊ အလုပ်အလွေးပြု၍ မျိုအပ်သော်သာ အာဟာရကိစ္စကို ပြီးစေနိုင် သောကြောင့် အာဟာရဟူ၍သာ ဟောတော်မမူဘဲ၊ကဗဠီကာရ အာဟာရ ဟူ၍ ဟောတော်မူလေသည် ဟူလေ။

သော ပန၊ ထိုအာဟာရသည်ကား။ ယသ္မာ၊ ကြောင့်။ ကဗဠံကရိတွာ၊ အလုပ်အလွေးကိုပြု၍။ အဇ္ဈောဟရိတဗ္ဗော၊ မျိုအပ် သုံးဆောင်အပ်သော် သာလျှင်။ အာဟာရကိစ္စံ၊ ရုပ်ကိုဆောင်ခြင်း, ဖြစ်စေခြင်း ဟု ဆိုအပ်သော အာဟာရကိစ္စကို။ ကရောတိ၊ ပြုတတ် ပြုနိုင်၏။ ဗဟိဋ္ဌိတော၊ အဇ္ဈတ္တ သန္တာန်နှင့် မထိမစပ် ပြင်ပအရပ်၌ တည်လျက်။ အာဟာရကိစ္စံ၊ ကို။ န ကရောတိ၊ နိုင်။ တသ္မာ၊ ကြောင့်။ အာဟာရောတိ၊ ၍။ အဝတွာ၊ ဟော တော်မမူဘဲ။ ကဗဠီကာရော အာဟာရောတိ၊ ၍။ ဝုတ္တံ၊ ၏။

ဤ အဋ္ဌကထာဝယ် "ကဗဠံ ကရိတွာ အဇ္ဈောဟရိတဗ္ဗော" ဟူရာ၌ သက်သက်သော ဩဇာအာဟာရ၏ အလုပ်အလွေးပြု၍ မျိုခြင်းမဖြစ် ကောင်းသောကြောင့် ထိုအာဟာရ၏ တည်ရာဘောဇဉ်စသော ဝတ္ထုနှင့် တကွ အလုပ်အလွေးပြု၍ မျိုအပ်သည်ကိုသာယူ။ စားအပ်ခဲအပ်သော ဘောဇဉ်ခဲဘွယ်သာ ကဗဠမည်သည် မဟုတ်၊ သောက်အပ်သော နို့ရည် စသည်, လျက်အပ်သောပျားသကာစသည်သည်လည်း သဘောအားဖြင့်

ကဗဋ္ဌမည်သည်သာ ဖြစ်ရကား၊ အလုပ်အလွေးပြု၍ မျိုအပ်သော ဝတ္ထု အရကို ဘောဇဉ်ခဲဘွယ်ကိုသာ မယူမူ၍ သောက်ဘွယ်လျက်ဘွယ်နှင့်တကွ ယူလေ။ ထို့ကြောင့် **ပဌာန်းမူလဋီကာ** (၁၉၀) ၌—

ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝါတိ အသိတပီတာဒိဝတ္ထုဟိ သဟ အဇ္ဈောဟရိတောဝါတိ ဝုတ္တံ ဟောတိ။ ပါယိတဗ္ဗသာယိတဗ္ဗာနိပိ ဟိ သဘာဝေန ကဗဋ္ဌာယေဝ ဟောန္တီတိ—

ဟူ၍ **ဂဏ်းအနုဋီကာ** (၂၅၇) ၌လည်း—

ဝေဝလာယ ဩဇာယ အဇ္ဈောဟရဏာသ အဘာဝါ အသိတပီတာဒိဝတ္ထုဟိ သဟ အဇ္ဈောဟရိတောဝါတိ ဝုတ္တံ။ ခါဒနီယဘောဇနီယပ္ပဘေဒေ အသိတေ တာဝ ကဗဋီကာရတာ ဟောတု။ ပါတဗ္ဗာဒိကေ ပန ကထန္တိ အာဟ ပါယိတဗ္ဗ။ပ။ ဟောန္တီ—

ဟု မိန့်အပ်လေပြီ။

တနည်းလည်း "ယေဘုယျဝသေန ဝါ ဧဝံ ဝုတ္တန္တိ ဝေဒိတဗ္ဗံ" ဟူ၍ **ဂဏ်းအနုဋီကာ** (၂၅၇) မိန့်ပြန်ရကား ဤ "ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝ" ဟူသော စကားကို ယေဘုယျအားဖြင့်သာ အဋ္ဌကထာဆရာ ဆိုရကား၊ အလုပ်အလွေးပြု၍ မျိုအပ်သော ဝတ္ထုကို ဘောဇဉ်ခဲဘွယ်ကို သာ မယူမူ၍ သောက်ဘွယ် လျက်ဘွယ်ကိုလည်း ယူလေ။

ကဗဠံ ကရိတွာ အဇ္ဈောဟရိတဗ္ဗဝတ္ထုကတ္တာ ဝါ ကဗဋီကာရောတိ နာမမေဝ တံ တဿ—

**ပဌာန်းအဋ္ဌကထာ** (၃၇၇) တနည်းဆိုသည့် အလိုသော် အလုပ်အလွေး ကိုပြု၍ မျိုအပ်သော ဘောဇဉ်ဝတ္ထုဟူသောဌာန၏ ကဗဋီကာရဟူသော အမည်ကို ထိုဘောဇဉ် စသည်၌တည်သော ဌာနီဖြစ်သော ဩဇာဟာရ၌ တင်၍ ဌာနူပစာရအားဖြင့် ထိုဩဇာဟာရသည်ပင် ကဗဋီကာရ မည်သည် ဟူလို၏။

ကဗဠံ ကရိတွာ အဇ္ဈောဟရိတောဝါတိ၊ ဟူသည်ကား။ အသိတပီတာဒိဝတ္ထုဟိ၊ စားသောက်အပ်သော ထမင်းဟင်းစသော ဝတ္ထုတို့နှင့်။ သဟ၊ ကွ။ အဇ္ဈောဟရိတော၊ မျိုအပ်သော်သာလျှင်။ ဣတိ၊ သို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။ ဟိသစ္စံ၊ ၏။ ပါယိတဗ္ဗသာယိတဗ္ဗာနိပိ၊ သောက်အပ်သော နွားနို့စသည် လျက်အပ်သော ပျားသကာ-စသည်တို့

သည်လည်း။ သဘာဝေန၊ သဘောအားဖြင့်။ကဗဠီကာယေဝ၊ မည်ကုန်သည် သာလျှင်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ကေဝလာယ၊ ထမင်းစသောဝတ္ထုနှင့် မရောမရှက်သက်သက်သော။ သြဇာယ၊ ၏။ ဝါ၊ ကို။ အဇ္ဈောဟရဏာယ၊ မျိုခြင်း၏။ အဘာဝါ၊ မဖြစ်သင့်သောကြောင့်။ အသိတပီတာဒိဝတ္ထုံ ဟိ သဟ အဇ္ဈောဟရိတောဝါတိ၊ ဝ-ဟူ၍။ ဝါ၊ ဝ-ဟူသောစကားကို။ ဝုတ္တံ၊ မူလဋီကာဆရာ ဆိုတော်မူအပ်၏။ ခါဒနီယဘောဇနီယပ္ပဘေဒေ၊ ခဲဘွယ်ဘောဇဉ်အပြားရှိသော။ အသိတေ၊ စားအပ်သောဝတ္ထု၌။ တာဝ၊ ရှေးဦးစွာ။ ကဗဠီကာရတာ၊ အလုပ်အလွေး ကို ပြုအပ်သည်၏အဖြစ်သည်။ ဟောတု၊ ဖြစ်စေ။ ပါတဗ္ဗာဒိကေ ပန၊ သောက်အပ်သောနို့ရည် စသည်၌ကား။ ကဗဠီကာရတာ၊ သည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်နိုင်အံ့နည်း။ ဣတိ၊ ဤသို့မေးလျှောက်ဘွယ်ရှိသည် ဖြစ်၍။ ပါယိတဗ္ဗ။ပ။ ဟောန္တီတိ၊ ဟောန္တိ-ဟူ၍။ ဝါ၊ ကို။ ဝုတ္တံ၊ ၏။ ဝါ၊ တနည်းကား။ ယေဘုယျဝသေန၊ဖြင့်။ ဧဝံ၊ သို့။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ဝါ၊ တနည်းကား။ ကဗဠံ ကရိတွာ အဇ္ဈောဟရိတဗ္ဗဝတ္ထုကတ္တာ၊ အလုပ် အလွေးပြု၍မျိုအပ်သော ထမင်းစသောဝတ္ထုလျှင် တည်ရာရှိသည်၏အဖြစ် ကြောင့်။ကဗဠီကာရောတိဧတံ နာမံ၊ ကဗဠီကာရဟူသော ဤအမည်သည်။ တဿ၊ ထိုသြဇာရုပ်၏။ နာမမေဝ၊ အမည်မျှသာတည်း။

## ရုပ်ကိုဖြစ်စေသည့် အာဟာရ

(ဃ) အဇ္ဈတ္တာဟာရ။ပ။ ရုပ်ကို ဖြစ်စေသနည်းဟူသော စတုတ္ထ၌ ပုစ္ဆာအဖြေကား —

နှစ်ပါးလုံးပင် ဖြစ်စေ၏ ဟူလေ။ ထိုသို့ဖြစ်စေရာတွင်ကား ဗဟိဒ္ဓါဟာရ သည် —

အာဟာရသမုဋ္ဌာနံနာမ ဥပါဒိန္နံ ကမ္မဇရူပံ ပစ္စယံ လဘိတွာ
တတ္ထ ပတိဋ္ဌာယ ဌာနပ္ပတ္တာယ သြဇာယ သမုဋ္ဌာပိတံ —

စသည် **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**။

ဥပါဒိန္နံ ကမ္မဇရူပံ ပစ္စယံ လဘိတွာတိ ဧတေန ဗဟိဒ္ဓါ အနု-
ပါဒိန္နကသြဇာ ရူပါဟရဏကိစ္စံ န ကရောတီတိ ဒဿေတိ။ ပစ္စယ-

လာဘော စဿ ကမ္မဇဘူတသန္တိဿယဝသေနာတိ အာဟ တတ္ထ ပတိဋ္ဌာယာတိ—

ဟူသော ဂုဏ်မဟာဋီကာ (ဒုတိယတွဲ-၄၀၃) တို့နှင့်အညီ စားအပ်ခဲအပ်သော အသိတဖြစ်သော ဘောဇဉ်ခဲဘွယ်, သောက်အပ်သော ပါတဗ္ဗဖြစ်သော နို့ရည်စသည်, လျက်အပ်သော လေဟနိယဖြစ်သော ပျားသကာစသည်တို့၌တည်သော ဗဟိဒ္ဓဩဇာသည် အဇ္ဈတ္တဩဇာနှင့် မစပ်မရှက် မမျို မသုံးဆောင်၊ ပြင်ပအလွတ်၌ တည်သည်ရှိသော် ဩဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်းဟူသော ရူပါဟရဏကိစ္စကို မပြုနိုင်။ ထိုဘောဇဉ်စသောဝတ္ထုနှင့်တကွ မျိုအပ် သုံးဆောင်အပ်သည်ဖြစ်၍ ဥပါဒိန္နကကမ္မဇရုပ်ဟူသော မှီရာအကြောင်းကို ရမှသာလျှင် ထိုကမ္မဇရုပ်၌တည်၍ ဌီသို့ ရောက်သည့်အခါ ဩဇဋ္ဌမက ရုပ်ကို ဖြစ်စေသည်။

အာဟာရသမုဋ္ဌာနံ နာမ၊ ဌာန်မည်သည်။ ဥပါဒိန္နံ၊ သော။ ကမ္မဇရူပံ၊ ဟူသော။ ပစ္စယံ၊ အကြောင်းကို။ လဘိတွာ၊ ၍။ တတ္ထ၊ ထို ကမ္မဇရုပ်၌။ ပတိဋ္ဌာယ၊ တည်၍။ ဌာနပ္ပတ္တာယ၊ ဌီသို့ ရောက်သော။ ဩဇာယ၊ ဗဟိဒ္ဓဩဇာသည်။ သမုဋ္ဌာပိတံ၊ ဖြစ်စေအပ်သော ရုပ်တည်း။

ဥပါဒိန္နံ၊ ကမ္မဇရူပံ ပစ္စယံ လဘိတွာတိ ဧတေန၊ ဖြင့်။ ဗဟိဒ္ဓါ၊ အပဖြစ်သော။ အနုပါဒိန္နကဩဇာ၊ အနိန္ဒြိယဗဒ္ဓအနုပါဒိန္နဩဇာသည်။ ရူပါ-ဟရဏကိစ္စံ၊ ရုပ်ကိုဆောင်ခြင်း, ဖြစ်စေခြင်းဟူသော ကိစ္စကို။ န ကရောတိ၊ နိုင်။ ဣတိ ဣမံ အတ္ထံ၊ ကို။ ဒဿေတိ၊ ၏။ အဿ၊ ထို ဗဟိဒ္ဓဩဇာ၏။ ပစ္စယလာဘော စ၊ အကြောင်းကို ရခြင်းသည်လည်း။ ကမ္မဇဘူတသန္တိဿယ-ဝသေန၊ ကမ္မဇဖြစ်သော ဘုတ်ကို မှီသည်၏ အစွမ်းဖြင့်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ နှလုံးပြု၍။ တတ္ထ ပတိဋ္ဌာယာတိ၊ ဟူ၍။ အာဟ၊ ၏။

ဗာဟိရော ဟိ ကဗဠီကာရော အာဟာရော တာဝ မုခေ ဌပိတမတ္တော အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ ဒန္တဝိစုဏ္ဏိတံ ပန အဇ္ဈောဟရိယမာနံ ဧကေကံ သိတ္ထံ အဋ္ဌ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ-ယေဝ—

ဟူ၍ ခံတွင်း၌ ခွံ့အပ်, ထည့်ထားအပ်ကာမျှဖြစ်သော ထမင်းလုပ်စသော ဗာဟိရက ကဗဠီကာရာဟာရသည် တခုသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ

ကြောင်း၊ သွားတို့ဖြင့် ချေ၍ မျိုအပ်သည်ရှိသော်ကား တခုတခုသော ထမင်းလုံးစသည်သည်ပင် တပါးတပါးစီသော ဩဇဋ္ဌမကရုပ်ကို ဖြစ်စေကြောင်းကို **မူလပဏ္ဏာသအဋ္ဌကထာ (ပဌမတွဲ-၂၁၃) မဏိမဉ္ဇူတို့၌** ဆို၏။

တာဝ၊ စွာ။ မုခေ၊ ၌။ ဌပိတမတ္တော၊ ထားကာမျှဖြစ်သော။ ဗာဟိရော ကဗဠီကာရော အာဟာရော၊ ထမင်းလုပ် အစရှိသော ဗာဟိရ ကဗဠီကာရ အာဟာရသည်။ အဋ္ဌရူပါနိ၊ တို့ကို။ သမုဋ္ဌာပေတိ၊ ၏။ ဒန္တဝိစုဏ္ဏိတံ၊ သွားတို့ဖြင့် ချေအပ်သည် ဖြစ်၍။ အဇ္ဈောဟရိယမာနံ၊ မျိုအပ်သော။ ဧကေကံ သိတ္ထံ၊ တခုတခုသော ထမင်းလုံးစသည်သည်။ အဋ္ဌအဋ္ဌ ရူပါနိ၊ ရှစ်ပါးရှစ်ပါးစီသော ရုပ်တို့ကို။ သမုဋ္ဌာပေတိယေဝ၊ ဖြစ်စေသည်သာတည်း။

**အမိဝမ်းတွင်း သူငယ်၏ အာဟာရဇရုပ်**

မာတရာ ပရိဘုတ္တာဟာရောပိ ဒါရကဿ သရီရံ ဖရိတွာ ရူပံ သမုဋ္ဌာပေတိ—

ဟူသော **ဝိသုဒ္ဓိမဂ် အဋ္ဌကထာ**နှင့် အညီ မိမိ စားသောက်အပ်သော ဘောဇဉ်၌ ပါသော ဩဇာသာ ရုပ်ကို ဖြစ်စေနိုင်သည် မဟုတ်သေး။ အမိသည် စားသောက် သုံးဆောင်အပ်သော ဘောဇဉ်စသည်၌ ပါသော ဩဇာသည်လည်း အမိဝမ်းတွင်း၌ တည်သောသူငယ်၏ ကိုယ်၌ ပျံ့နှံ့၍ ဌီသို့ ရောက်သည့်အခါ ထိုသူငယ်၏ သန္တာန်၌ ဩဇဋ္ဌမကရုပ်ကို ဖြစ်စေ၏။ အမိမျိုသော အာဟာရသည် သူငယ်ကိုယ်၌ နှံ့သည် ဟူရာ၌လည်း သားအိမ်ဖြင့် လွှမ်းပတ် ပိတ်ဖုံးဆီးကာလျက်ဖြစ်၍ သားအိမ်တွင်း၌ တည်သော သူငယ်၏ ကိုယ်ဝယ် ထိုအမိမျိုအပ်သော အာဟာရ၏ လိမ်းကပ်ထိစပ်သည်၏ အစွမ်းဖြင့် ကောင်းစွာယှဉ်မှီ ပျံ့နှံ့ခြင်းမဖြစ်ရာသောကြောင့် ထိုသူငယ်၏ ချက်ကြိုးသို့ အစဉ်လိုက်သဖြင့် ချက်ရင်းမှ အစဉ်လျှောက်သော အရသာကြောတို့ဖြင့် ပျံ့နှံ့သည်ဟူ၍သာ ယူသင့်ကြောင်းကို—

ဒါရကဿ သရီရံ ဖရိတွာတိ နာဘိမူလာနုဂတာဟိ ရသဟရဏီဟိ ဖရိတွာ အညထာ ဇလာဗုအန္တရိကေ ကာယေ မက္ခနဝသေန န သမ္ဘာဝိနိယောဂေါ အာဟာရဿ သမ္ဘဝတီတိ—

ဟူ၍ **ဝိသုဒ္ဓိမဂ် မဟာဋီကာ** (ဒုတိယတွဲ-၄၀၃)၌ ပြဆိုတော်မူ၏။

သရီရေ မက္ခိတာဟာရောပိ ရူပံ သမုဋ္ဌာပေတိ—

ဟု **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** မိန့်ရကား မိမိသည်ရှင်း,အမိသည်ရှင်း စားသောက်အပ်သော အာဟာရသာ ရုပ်ကို ဖြစ်စေသည် မဟုတ်၊ ကိုယ်၌ သုတ်မံလိမ်းကျံအပ်သော အာဟာရသည်လည်း ဥပါဒိဏ္ဏရုပ်ကို အမှီ အကြောင်းရသဖြင့် ဩဇဋ္ဌမကကလာပ်ရုပ်ကို ဖြစ်စေသည်သာ မှတ်လေ။

မာတရာ၊သည်။ ပရိဘုတ္တာဟာရောပိ၊ စားသောက်သုံးဆောင်အပ်သော အာဟာရသည်လည်း။ ဒါရကဿ၊ ဝမ်းတွင်း၌တည်သော သူငယ်၏။ သရီရံ၊ ကိုယ်ကို။ ဖရိတွာ၊ ၍။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။

ဒါရကဿ သရီရံ ဖရိတွာတိ၊ ကား။ နာဘိမူလာနုဂတာဟိ၊ ချက်ရင်းသို့ အစဉ် လျှောက်ကုန်သော။ ရသဟရဏီဟိ၊ အရသာကို ဆောင်တတ်သော အကြောတို့ဖြင့်။ ဖရိတွာ၊ ၍။အညထာ၊ ချက်ရင်းသို့ အစဉ်လျှောက်သော အရသာကို ဆောင်တတ်သော အကြောတို့ဖြင့် ပျံ့နှံ့သည်မှ တပါးသော သဘောကို။ ဂဟိတေ၊ သော်။ ဇလာဗုအန္တရိကော၊ သားအိမ်ဖြင့် ပိတ်ဖုံးခြားဆီးလျက် ဖြစ်သော။ ကာယော၊ သူငယ်၏ ကိုယ်၌။ အာဟာရဿ၊ ၏။ မက္ခနဝသေန၊ လိမ်းကပ်သည်၏အစွမ်းဖြင့်။ သမ္မာဝိနိယောဂေါ၊ ကောင်းစွာ စပ်ယှဉ်ခြင်းသည်။ န သမ္ဘဝတိ၊ မဖြစ်နိုင်။ ဣတိ၊ ဤသို့ မှတ်အပ်၏။

သရီရေ၊ ၌။ မက္ခိတာဟာရောပိ၊ သုတ်မံလိမ်းကျံအပ်သော အာဟာရသည်လည်း။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။

> ကမ္မဇာဟာရော ဥပါဒိဏ္ဏာဟာရော နာမ၊ သောပိ ဌာနပ္ပတ္တော ရူပံ သမုဋ္ဌာပေတိ။

ကမ္မဇာဟာရော၊ သည်။ ဥပါဒိဏ္ဏာဟာရောနာမ၊ ၏။ ဌာနပ္ပတ္တော၊ သော။ သောပိ၊ ထိုဥပါဒိဏ္ဏကမ္မဇာဟာရသည်လည်း။ ရူပံ၊ ကို။ သမုဋ္ဌာပေတိ၊ ၏။

ဤဝိသုဒ္ဓိမဂ် အဋ္ဌကထာနှင့်အညီ ပြဆိုအပ်ခဲ့ပြီးသည့်အတိုင်း ဗာဟိရာဟာရသာ ရုပ်ကို ဖြစ်စေသည် မဟုတ်၊ ကမ္မဇကလာပ်တို့၌ပါသော ဩဇာဟူသော အဇ္ဈတ္တာဟာရသည်လည်း ဌီသို့ရောက်သည့်အခါ ဩဇဋ္ဌမက

အာဟာရဇကလာပ်ရုပ်ကို ဖြစ်စေ၏၊ ထိုအဇ္ဈတ္တိကာဟာရသည် ရုပ်ကို ဖြစ်စေ၏ဟူသော်လည်း ကဗဠီကာရဖြစ်သော ဗာဟိရာဟာရမှ အထောက် အပံ့အကြောင်းကို ရမှသာ ဖြစ်စေနိုင်သည်။ ထို့ကြောင့် သံသေဒဇ ဥပပါတ် တို့အား ရှေးဦးစွာ မျိုအပ်သော ထမင်းစသော ဝတ္ထုမှုရင်း, တံထွေး သလိပ်စသည်မှုရင်း အထောက်အပံ့အကြောင်းကိုမရမီ ရှေးအဘို့၌ ထို ပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ် ထင်ရှားရှိသော အဇ္ဈတ္တိကကမ္မဇာဟာရသည် အာဟာရဇကလာပ်ကို မဖြစ်စေနိုင်။ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အားလည်း အမိမျိုအပ်သော ထမင်းစသောဝတ္ထု၌ပါသောဗာဟိရာဟာရသည် သူငယ် ကိုယ်၌မတည်မီ ရှေးအဘို့ကာလ၌ ထိုသူငယ်သန္တာန်ဝယ်ရှိသော အဇ္ဈတ္တိက ကမ္မဇာဟာရသည် ဗာဟိရာဟာရမှ အထောက်အပံ့အကြောင်းကို မရ သောကြောင့် အာဟာရဇကလာပ်ရုပ်ကို မဖြစ်စေနိုင်ဟု မှတ်အပ်၏။

## ဗြဟ္မာတို့အား အာဟာရရုပ် ရှိ-မရှိ

ဗြဟ္မာတို့အား အာဟာရကို သုံးဆောင်စားသောက်ခြင်း မရှိသဖြင့် အဇ္ဈောဟဋဗာဟိရာဟာရ၏ မရှိခြင်းကြောင့် ထိုဗြဟ္မာတို့၏ကိုယ်၌ရှိသော ဥပါဒိန္နအဇ္ဈတ္တာဟာရသည် ဗာဟိရာဟာရမှ အထောက်အပံ့ကို မရရကား ရုပ်ကိုမဖြစ်စေနိုင်။ ထိုသို့မဖြစ်စေနိုင်သောကြောင့် ဗြဟ္မာတို့အား အာဟာ ရဇကလာပ်တို့ကို မရလေသည်ဟု ပြဆိုသော—

> အာဟာရဇကလာပါနိ စ န လဗ္ဘန္တိ၊ အဇ္ဈောဟဋာဟာရာ- ဘာဝေန သရီရဂတဿာပိ အာဟာရဿ ရူပသမုဋ္ဌာပနာ- ဘာဝတော—

ဟူသော **ဋီကာကျော်** (၂၁၅) ဗြဟ္မာတို့အား စားသောက်အပ်သော ဗာဟိ- ရာဟာရ မရှိခြင်းကြောင့် ထိုဗြဟ္မာတို့၏ သန္တာန်၌ ရှိသောဥပါဒိန္နအဇ္ဈတ္တိ ကာဟာရသည် ထိုဗာဟိရာဟာရမှ အထောက်အပံ့အကြောင်းကို မရသည် ဖြစ်၍ ဩဇဋ္ဌမကရုပ်ကို ဆောင်ခြင်း ဖြစ်စေခြင်းဟူသော အာဟာရကိစ္စကို မပြုတတ်သောကြောင့်သာလျှင် "တယော အာဟာရာ"ဟူ၍ ဟောတော် မူသည်။ ထိုဗြဟ္မာတို့အား အချင်းခပ်သိမ်း အာဟာရရုပ်ကို မရကောင်း သောကြောင့် ဟောသည် မဟုတ် ဟု ပြဆိုသော—

အဘိ-သင္ဂဟ ၂၁၅—ပ-မ-ဗ-သ-စ

တယော အာဟာရာတိ စ အဇ္ဈောဟရိတဗ္ဗသ္မာ အာဟာရသ္မာ
အဘာဝေန ဩဇဋ္ဌမကရူပသမုဋ္ဌာပနသင်္ခါတဿ အာဟာရကိစ္စဿ
အကရဏတော၊ န သဗ္ဗေန သဗ္ဗံ ဂန္ဓရသာနံ ဩဇာယ စ
အဘာဝတော—

ဟူသော ပဋိစ္စသမုပ္ပါဒ ဝိဘင်း အနုဋီကာကို ထောက်သဖြင့်လည်း အဇ္ဈတ္တိ-ကာဟာရ၏ ဗာဟိရာဟာရမှ အထောက်အပံ့အကြောင်းကိုရမှသာ ဩဇဋ္ဌ-မကအာဟာရဇကလာပ်ရုပ်ကို ဖြစ်စေနိုင်သည်၏အဖြစ်၊ အထောက်အပံ့ အကြောင်းကို မရသည်ရှိသော် မဖြစ်စေနိုင်သည်၏ အဖြစ်ကို စင်စစ် သိအပ်၏။

သရီရဂတဿာပိ၊ ကိုယ်၌တည်သော်လည်း။ ဝါ၊ တည်သည်လည်းဖြစ် သော။ အာဟာရဿ၊ ကမ္မဇာဟာရ၏။ အဇ္ဈောဟဋာဟာရာဘာဝေန၊ မျိုအပ် သုံးဆောင်အပ်သော ဗာဟိရာဟာရ၏ ဖြဟ္မာတို့အား မရှိသော အားဖြင့်။ ဝါ၊ ကြောင့်။ ရူပသမုဋ္ဌာပနာဘာဝတော၊ ရုပ်ကိုဖြစ်စေခြင်း ၏ မရှိခြင်းကြောင့်။ အာဟာရဇကလာပါနိ စ၊ တို့ကိုလည်း။ န လဗ္ဘန္တိ၊ ဖြဟ္မာတို့အား မရအပ်ကုန်။

တယော အာဟာရာတိ စ၊ တယော အာဟာရာ-ဟူသော စကားကို လည်း။ အဇ္ဈောဟရိတဗ္ဗသ္မာ၊ မျိုအပ်သုံးဆောင်အပ်သော။ အာဟာရသ္မာ၊ ဗာဟိရာဟာရ၏။ အဘာဝေန၊ ကြောင့်။ ဩဇဋ္ဌမကရူပသမုဋ္ဌာပနသင်္ခါ-တဿ၊ ဩဇာလျှင် ရှစ်ခုမြောက်ရှိသောရုပ်ကို ဖြစ်စေခြင်းဟုဆိုအပ်သော။ ကိစ္စဿ၊ ကိစ္စကို။ အကရဏတော၊ မပြုနိုင်ခြင်းကြောင့်။ ဝုတ္တံ၊ ၏။ သဗ္ဗေန သဗ္ဗံ၊ အချင်းခပ်သိမ်း။ ဂန္ဓရသာနဉ္စ၊ တို့၏ရင်း။ ဩဇာယ စ၊ ၏ရင်း။ အဘာဝတော၊ ကြောင့်။ န ဝုတ္တံ၊ ဆိုတော်မူအပ်သည် မဟုတ်။

## အာဟာရဇရုပ်အပေါင်း

(င) ထိုအာဟာရကြောင့်။ပ။ ဟူသော ပဋ္ဌမပုစ္ဆာ၌ အဖြေကား—

အာဟာရသမုဋ္ဌာနံ နာမ ဥပါဒိန္နံ ကမ္မဇရူပံ ပစ္စယံ လဘိတွာ
တတ္ထ ပတိဋ္ဌာယ ဌာနပ္ပတ္တာယ ဩဇာယ သမုဋ္ဌာပိတံ ဩဇဋ္ဌမကံ

> အာကာသဓာတု လဟုတာ မုဒုတာ ကမ္မညတာ ဥပစယော သန္တ-
> တီတိ စဘုဒ္ဒသ—

ဟူသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**နှင့်အညီ မဟာဘုတ်လေး၊ ဝဏ္ဏ ဂန္ဓ ရသ ဩဇာ အာကာသဓာတ် ဝိကာရရုပ်သုံးခု ဥပစယ သန္တတိအားဖြင့် တဆဲ့လေးပါး အပြားရှိ၏ ဟူလေ။

အာဟာရသမုဋ္ဌာနံ နာမ၊ မည်သည်။ ဥပါဒိန္နံ၊ သော။ ကမ္မဇရူပံ၊ ကို။ ပစ္စယံ၊ ကို။ လဘိတွာ၊ ၍။ တတ္ထ၊ ၌။ ပတိဋ္ဌာယ၊ ၍။ ဌာနပ္ပတ္တာယ၊သော။ ဩဇာယ၊ သည်။ သမုဋ္ဌာပိတံ၊ သော။ ဩဇဋ္ဌမကံ၊ ဩဇဋ္ဌမက ကလာပ်ရုပ်ဒင်း။ အာကာသဓာတု၊ ဒင်း။ လဟုတာ၊ ဒင်း။ မုဒုတာ၊ ဒင်း။ ကမ္မညတာ၊ ဒင်း။ ဥပစယော၊ ဒင်း။ သန္တတိ၊ ဒင်း။ ဣတိ၊ သို့။ စတုဒ္ဒသ၊ တို့တည်း။

## ရုပ်ကို အာဟာရကျေးဇူးပြုပုံ

(စ) အဘယ်ရုပ်အား။လ။ ဟူသော ဆဋ္ဌ ပုစ္ဆာ၌ အဖြေကား—

> တတြာယံ အာဟာရော အာဟာရသမုဋ္ဌာနဿ ဇနကော ဟုတွာ ပစ္စယော ဟောတိ။ သေသာနံ နိဿယာဟာရ အတ္ထိ အဝိဂတဝသေန—

ဟူသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**နှင့်အညီ အာဟာရသည် အာဟာရဇရုပ်အား ဖြစ်စေခြင်း ဇနကသတ္တိဖြင့် ကမ္မဇ, စိတ္တဇ, ဥတုဇ-ဟူသော တိသန္တတိရုပ်အား နိဿယ, အာဟာရ, အတ္ထိ, အဝိဂတတို့ဖြင့် ကျေးဇူးပြုသည်။ ဤ၌ အာဟာရ၏ တိသန္တတိရုပ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည် ပဋ္ဌာန်းနည်း၌ မရှိ။ အာဟာရဟူသော အကြောင်းကြောင့် ဖြစ်သော ရုပ်တို့သည် အာဟာရလျှင် မှီရာရှိသည်မည်ကုန်ရကား သုတ္တန်နည်းအားဖြင့်သာ နိဿယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို အဋ္ဌကထာဆရာ ဆိုလေသည် ဟူ၍ ဒင်း**မဟာဋီကာ**(ဒုတိယတွဲ-၄၀၃-၄)၌—

> နိဿယဘာဝေါ ပန ပဋ္ဌာနနယေ နတ္ထိ။ အာဟာရပစ္စယာ ပဝတ္တမာနာနိ ရူပါနိ အာဟာရနိဿယာနိ နာမ ဟောန္တီတိ သုတ္တန္တ-
> နယေန ဝုတ္တောတိ ဒဋ္ဌဗ္ဗော—

ဟု ပြဆိုတော်မူ၏။

ကဗဠီကာရာဟာရေ ဟိ အညာဟာရသမုဋ္ဌိတဿ တိသန္တတိ-
ရူပါနဥ္စ ဥပတ္ထမ္ဘကဝသေန။ အတ္တနာ ဥပ္ပါဒိတဿ ဇနကော
ဟုတ္ဝာ ပစ္စယော ဟောတိ—

ဟူသော **ဝိသုဒ္ဓိမဂ်မဟာဋီကာ** (ဒုတိယတွဲ-၄၀၃) အလိုသော် အာဟာရသည်
မိမိသည် ဖြစ်စေအပ်သော အာဟာရဇရုပ်အား ဖြစ်စေသောအားဖြင့်
တပါးသော အာဟာရကြောင့်ဖြစ်သော အာဟာရဇရုပ်အားရင်း ကမ္မဇ,
စိတ္တဇ, ဥတုဇရုပ်တို့အားရင်း စောင့်ရှောက် ထောက်ပံ့သောအားဖြင့်
ကျေးဇူးပြုသည် ဟူလို၏။

**အဋ္ဌသာလိနီ အဋ္ဌကထာ** (၃၇၇) ၌ကား ကဗဠီကာရာဟာရသည် အာ-
ဟာရဇရုပ်အား ဖြစ်စေသောအားဖြင့် ကမ္မဇရုပ်အား စောင့်ရှောက်သော
အားဖြင့် ကျေးဇူးပြုကြောင်းကို—

ကဗဠီကာရော အာဟာရော ဒ္ဝိန္နမ္ပိ ရူပသန္တတီနံ ပစ္စယော
ဟောတိ အာဟာရသမုဋ္ဌာနဿ စ ဥပါဒိဏ္ဏဿ စ အာဟာရ-
သမုဋ္ဌာနဿ ဇနကော ဟုတ္ဝာ ပစ္စယော ဟောတိ။ ကမ္မဇဿ
အနုပါလကော။

ဟု မိန့်ဆိုတော်မူ၏။

**ပဋ္ဌာန်းအဋ္ဌကထာ** (၃၇၈) ၌ကား အာဟာရသည် အာဟာရဇကလာပ်
ရုပ်အား ဖြစ်စေသည်ဖြစ်၍ရင်း, စောင့်ရှောက်သည်ဖြစ်၍ရင်း အာဟာရ
သတ္တိဖြင့် ကျေးဇူးပြုကြောင်း၊ ကမ္မဇာဟာရသည် ထို ကမ္မဇကလာပ် ရုပ်
အား ဥတုဇာဟာရသည် ဥတုဇကလာပ်ရုပ်အား စောင့်ရှောက်သည်ဖြစ်၍
အာဟာရသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို—

စတုသမုဋ္ဌာနော ကဗဠီကာရော အာဟာရော ကိဥ္စာပိ ဣမဿ
ကာယဿာတိ အဝိသေသတော ဝုတ္တော။ ဝိသေသတော ပနာယ-
မေတ္ထ အာဟာရသမုဋ္ဌာနရူပဿ ဇနကော စေဝ အနုပါလကော
စ ဟုတ္ဝာ အာဟာရပစ္စယေန ပစ္စယော ဟောတိ။ သေသ-
တိသန္တတိသမုဋ္ဌာနဿ အနုပါလကော ဟုတ္ဝာ အာဟာရပစ္စယေန
ပစ္စယော—

ဟု ဆိုတော်မူ၏။ ဤ ပဋ္ဌာန်းအဋ္ဌကထာ၌ အဇ္ဈတ္တာဟာရကို ဆိုသည်။ အထက်၌ ပြဆိုခဲ့သော ဝိသုဒ္ဓိမဂ်အဋ္ဌကထာ ဋီကာ အဋ္ဌသာလိနီ တို့၌ ကား ဗာဟိရာဟာရကို ဆိုသည်။ ဤသို့ အထူးကို သိလေ။

"သေသတိသန္တတိသမုဋ္ဌာနဿ အနုပါလကော ဟုတွာ" ဟူသော **ပဋ္ဌာန်းအဋ္ဌကထာ(၃၇၈)**၌ စိတ္တသမုဋ္ဌာန်ဖြစ်သော စိတ္တဇာဟာရ, နောစိတ္တသမုဋ္ဌာန်ဖြစ်သော ကမ္မဇာဟာရ စသည်၏ စိတ္တဇကလာပ်ရုပ်အား အာဟာရပစ္စည်း တပ်သည်၏အဖြစ်ကို စိစစ်ဆင်ခြင်၍ ယူအပ်၏။ အဘယ့်ကြောင့်နည်း ဟူမူ....အကယ်၍ ထိုအာဟာရသည် စိတ္တဇရုပ်အား အာဟာရပစ္စည်း တပ်သည် ဖြစ်အံ့—

"စိတ္တသမုဋ္ဌာနော ကဗဠီကာရော အာဟာရော စိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရပစ္စယေန ပစ္စယော" စသည်ကို ဟောတော်မူရာခဲ့သည်၊ ဟောကား ဟောတော်မမူ။ ထို့ကြောင့် စိစစ်ဆင်ခြင်၍ယူ ဟု စိစစ် သင့်ကြောင်းကို **ပဋ္ဌာန်းမူလဋီကာ(၁၉၀)**၌—

> သေသတိသန္တတိသမုဋ္ဌာနဿ အနုပါလကော ဟုတွာတိ ဧတ္ထ စိတ္တသမုဋ္ဌာနဿ အာဟာရပစ္စယဘာဝေါ ဝိစာရေတွာ ဂဟေတဗ္ဗော။ န ဟိ စိတ္တသမုဋ္ဌာနော ကဗဠီကာရော အာဟာရော နောစိတ္တသမုဋ္ဌာနော တဒုဘယဥ္စ စိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရပစ္စယော ဝုတ္တော—

ဟူ၍ ဋီကာ**အနုဋီကာ(၂၅၇)**၌လည်း—

> စိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရပစ္စယဘာဝေါ ကဗဠီကာရာဟာရဿ ဝိစာရေတွာ ဂဟေတဗ္ဗော။ ကသ္မာ တိစေ။ တတ္ထ ကာရဏမာဟ န ဟီတိအာဒိနာ။ သတိ ဟိ ပစ္စယဘာဝေ စိတ္တသမုဋ္ဌာနော ကဗဠီကာရော အာဟာရော စိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရပစ္စယေန ပစ္စယောတိအာဒိ ဝတ္တဗ္ဗံ သိယာ။ န ပန ဝုတ္တံ—

ဟူ၍ မိန့်ဆိုကြကုန်၏။

တတြ၊ ထိုကျေးဇူးပြုရာ၌။ အယံအာဟာရော၊ ဤ အာဟာရသည်။ အာဟာရသမုဋ္ဌာနဿ၊ အာဟာရလျှင် ဖြစ်ကြောင်းရှိသော အာဟာရဇ ကလာပ်ရုပ်အား။ ဇနကော၊ ဖြစ်စေသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ သေသာနံ၊ အာဟာရဇကလာပ်မှ ကြွင်းကုန်သော ကမ္မဇ စိတ္တဇ ဥတုဇဖြစ်ကုန်သော တိသန္တတိ ကလာပ်ရုပ်တို့အား။ နိဿယာဟာရ အတ္ထိအဝိဂတဝသေန၊ နိဿယသတ္တိ အာဟာရသတ္တိ အတ္ထိသတ္တိ အဝိဂတသတ္တိတို့၏ အစွမ်းဖြင့်။ ပစ္စယော၊ ကျေးဇူးပြုသည်။ ဟောတိ၊ ၏။ နိဿယဘာဝေါ ပန၊ အာဟာရ၏ တိသန္တတိရုပ်အား နိဿယသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည်။ ပဋ္ဌာနနယေ၊ ပဋ္ဌာန်းနည်း၌။ နတ္ထိ၊ မရှိ။ အာဟာရပစ္စယာ၊ အာဟာရဟူသော အကြောင်းကြောင့်။ ပဝတ္တမာနာနိ၊ ဖြစ်ကုန်သော။ ရူပါနိ၊ ရုပ်တို့သည်။ အာဟာရနိဿယာနိ နာမ၊ အာဟာရလျှင် မှီရာရှိသည်မည်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ ဣတိ၊ သို့။ သုတ္တန္တနယေန၊ သုတ္တန်နည်းအားဖြင့်။ ဝုတ္တော၊ ၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗော၊ ၏။

ဟိ၊ အထူးကို ဆိုဦးအံ့။ ကဗဠီကာရာဟာရော။ ကဗဠီကာရ အာဟာရသည်။ အညာဟာရသမုဋ္ဌိတဿ စ၊ မိမိမှတပါးသော အာဟာရသည် ဖြစ်စေအပ်သော အာဟာရဇကလာပ်ရုပ်အားရင်း။ တိသန္တတိရူပါနဉ္စ၊ ကမ္မဇ စိတ္တဇ ဥတုဇဖြစ်သော တိသန္တတိကလာပ်ရုပ်တို့အားရင်း။ ဥပတ္ထမ္ဘက-ဝသေန၊ ထောက်ပံ့သည်၏အစွမ်းဖြင့်။ အနုပါလကော၊ အစဉ်စောင့်ရှောက်သည်။ ဟုတွာ၊ ၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ အတ္တနာ၊ အာဟာရဟု ဆိုအပ်သော မိမိသည်။ ဥပ္ပါဒိတဿ၊ ဖြစ်စေအပ်သော အာဟာရဇ ကလာပ်ရုပ်အား။ ဇနကော၊ ဖြစ်စေသည်။ ဟုတွာ၊ ၍။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

ကဗဠီကာရော အာဟာရော၊ ကဗဠီကာရာဟာရသည်။ အာဟာရ-သမုဋ္ဌာနဿ စ၊ အာဟာရကြောင့်ဖြစ်သော ရုပ်ကလာပ်အားရင်း။ ဥပါဒိန္နဿ စ၊ အားရင်း။ ဣတိ၊ သို့။ ဒွိန္နမ္ပိ၊ နှစ်ပါးလည်းဖြစ်ကုန်သော။ ရူပသန္တတီနံ၊ ရုပ်ကလာပ်အစဉ်တို့အား။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။ တတ္ထ၊ ထိုနှစ်ပါးသောရုပ်ကလာပ်အစဉ်တို့တွင်။ အာဟာရသမုဋ္ဌာနဿ၊ အာဟာရဇကလာပ်ရုပ်အား။ ဇနကော၊ သည်။ ဟုတွာ၊ ၍။ ပစ္စယော၊

သည်။ ဟောတိ၊ ဖြစ်၏။ ကမ္မဇဿ၊ ကမ္မဇကလာပ်ရုပ်အား။ အနုပါလ-
ကော၊ ထောက်ပံ့သည်၏အစွမ်းအားဖြင့် စောင့်ရှောက်သည်။ ဟုတွာ၊ ၍။
ပစ္စယော၊ သည်။ ဟောတိ၊ ၏။

စတုသမုဋ္ဌာနော၊ ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းလေး
ပါးတို့ကြောင့်ဖြစ်သော။ ကဗဠီကာရော အာဟာရော၊ ကဗဠီကာရာဟာရ
သည်။ ဣမဿ ကာယဿ၊ ဤဥပါဒိန္နရုပကာယအား။ ပစ္စယော၊ သည်။
ဟောတိ၊ ၏။ ကထံ၊ သို့။ အဝိသေသတော၊ သာမညအားဖြင့်။ ကိဥ္စာပိ
ဝုတ္တော၊ အကယ်၍ကား ဟောတော်မူအပ်၏။ ပန၊ ထိုသို့သာမညအားဖြင့်
ဟောတော်မူအပ်သော်လည်း။ ဝိသေသတော၊ အထူးအားဖြင့်။ အယံ
အာဟာရော၊ ဤအာဟာရသည်။ ဧတ္ထ၊ ဤကလာပ်ရုပ်တို့တွင်။ အာဟာရ-
သမုဋ္ဌာနရူပဿ၊ အာဟာရဇရုပ်ကလာပ်အား။ ဇနကော စေဝ၊ ဖြစ်စေ
သည်၎င်း။ အနုပါလကော စ၊ အစဉ်စောင့်ရှောက်သည်၎င်း။ ဟုတွာ၊ ၍။
အာဟာရပစ္စယေန၊ အာဟာရပစ္စယသတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊
၏။ သေသတိသန္တတိ သမုဋ္ဌာနဿ၊ ကြွင်းသောကမ္မဇ စိတ္တဇ ဥတုဇဟူသော
တိသန္တတိ သမုဋ္ဌာနရုပ်ကလာပ်အား။ အနုပါလကောဝ၊ အစဉ်စောင့်
ရှောက်သည်သာလျှင်။ ဟုတွာ၊ ၍။ အာဟာရပစ္စယေန၊ အာဟာရပစ္စယ
သတ္တိဖြင့်။ ပစ္စယော၊ သည်။ ဟောတိ၊ ၏။

သေသတိသန္တတိသမုဋ္ဌာနဿ အနုပါလကောဝ ဟုတွာတိ ဧတ္ထ၊
သေသ။ပ။ ဟုတွာ-ဟူသော ဤအဋ္ဌကထာ၌။ စိတ္တသမုဋ္ဌာနဿ၊ စိတ္တ
သမုဋ္ဌာန်ဖြစ်သော စိတ္တဇရုပ်အား။ အာဟာရပစ္စယဘာဝေါ၊ စိတ္တဇာဟာရ-
၏ အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်ကို။ (တနည်း) စိတ္တ
သမုဋ္ဌာနဿ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော စိတ္တဇာဟာရ၏။ အာဟာရ-
ပစ္စယဘာဝေါ၊ စိတ္တဇရုပ်အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၏
အဖြစ်ကို။ ဝိစာရေတဗ္ဗော၊ သင့်မသင့်ကိုချင့်ထောက်စုံးစမ်း စိစစ်ဆင်ခြင်၍။
ဂဟေတဗ္ဗော၊ ယူအပ်၏။ ဟိ ယသ္မာ၊ ကြောင့်။ စိတ္တသမုဋ္ဌာနော ကဗဠီ-
ကာရော အာဟာရော စ၊ စိတ္တသမုဋ္ဌာန်ဖြစ်သော ကဗဠီကာရာဟာရကို
၎င်း။ နောစိတ္တသမုဋ္ဌာနော စ၊ စိတ္တသမုဋ္ဌာန်မဟုတ်သော ကမ္မစိတ္တဥတု
သမုဋ္ဌာန်ဖြစ်သော တိဇအာဟာရကို၎င်း။ တဒုဘယဉ္စ၊ ထိုစိတ္တသမုဋ္ဌာန်
နောစိတ္တသမုဋ္ဌာန်ဖြစ်သော နှစ်ပါးသော အာဟာရကို၎င်း။ စိတ္တသမုဋ္ဌာ-

နသ ကာယဿ၊ စိတ္တသမုဋ္ဌာနကာယဟု ဆိုအပ်သော စိတ္တဇကလာပ်ရုပ်အား။ အာဟာရပစ္စယော၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုခြင်းကို။ န ဝုတ္တော၊ ပဋ္ဌာန်းပါဠိတော်ဝယ် မြတ်စွာဘုရား ဟောကြားတော်မမူအပ်။ တသ္မာ၊ ထိုသို့ဟောတော်မမူအပ်သည်၏ အဖြစ်ကြောင့်။ ဝိစာရေတဗ္ဗာ၊ ၍။ ဂဝေသတဗ္ဗော၊ ၏။

ကဗဠီကာရာဟာရဿ၊ ကဗဠီကာရာဟာရ၏။ စိတ္တသမုဋ္ဌာနဿ၊ စိတ္တသမုဋ္ဌာန်ဖြစ်သော။ ကာယဿ၊ ရူပကာယဟုဆိုအပ်သော စိတ္တဇကလာပ်ရုပ်အား။ အာဟာရပစ္စယဘာဝေါ၊ အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်ကို။ ဝိစာရေတဗ္ဗာ၊ ၍။ ဂဝေသတဗ္ဗော၊ ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ ဝိစာရေတဗ္ဗာ၊ ၍။ ဂဝေသတဗ္ဗော၊ အပ်သနည်း။ ဣတိ စေ၊ ဤသို့ အကယ်၍ စောဒကတို့ မေးမြန်းခဲ့ရာသောကြောင့်။ တတ္ထ၊ ထို စိစစ်ဆင်ခြင်၍ ယူအပ်ယူသင့်ရာ၌။ ကာရဏံ၊ အကြောင်းကို။ န ဟိ-ဣတိအာဒိနာ၊ န ဟိ-အစရှိသော စကားဖြင့်။ အာဟ၊ ပြဆိုတော်မူ၏။ ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ယသ္မာ၊ ကြောင့်။ ပစ္စယဘာဝေါ၊ ကဗဠီကာရ အာဟာရ၏ စိတ္တဇကလာပ်ရုပ်အား အာဟာရသတ္တိဖြင့် ကျေးဇူးပြုသည်၏ အဖြစ်သည်။ သတိ၊ ရှိခဲ့သော်။ စိတ္တသမုဋ္ဌာနေ ကဗဠီကာရော စိတ္တသမုဋ္ဌာနဿ ကာယဿ အာဟာရ-ပစ္စယေန ပစ္စယောတိအာဒိ၊ စိတ္တသမုဋ္ဌာနေ။ပ။ ပစ္စယော အစရှိသော စကားကို။ ဝတ္တဗ္ဗံ၊ ဟောတော်မူအပ်သည်။ သိယာ၊ ဖြစ်ရာ၏။ န ပန ဝုတ္တံ၊ ဟောကား ဟောတော်မမူအပ်ပါခဲ့။ တသ္မာ၊ ထိုသို့ ဟောတော်မူ အပ်လျက် ဟောတော်မမူအပ်သည်၏ အဖြစ်ကြောင့်။ ဝိစာရေတဗ္ဗာ၊ ၍။ ဂဝေသတဗ္ဗော၊ ၏။ အစဉ်အတိုင်း သာဓကပါဠ်တို့၏ အနက်။

### အာဟာရဇကလာပ် အဆက်ဆက်

(ဆ) အဘယ်မျှလောက်သော အာဟာရဇကလာပ်ကို ဆက်၍ဖြစ်စေသနည်း ဟူသော သတ္တမပုစ္ဆာ၌ အဖြေကား—

အဇ္ဈတ္တာဟာရ, ဗဟိဒ္ဓါဟာရ နှစ်ပါးတွင် အဇ္ဈတ္တာဟာရသည်—

ကမ္မဇာဟာရော ဥပါဒိဏ္ဏာဟာရော နာမ။ သောပိ ဌာနပ္ပတ္တော ရူပံ သမုဋ္ဌာပေတိ။ တတြာပိ သြဇာ အညံ သမုဋ္ဌာပေတီတိ ဧဝံ စတဿော ဝါ ပဉ္စ ဝါ ပဝတ္တိယော ဃဋ္ဋေတိ—

ဟူသော **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**နှင့် အညီ ကမ္မဇကလာပ်၌ ပါသော ဩဇာ ဟူသော အဇ္ဈတ္တာဟာရသည် ဗာဟိရာဟာရမှ အထောက်အပံ့ကို ရသဖြင့် ဌီသို့ ရောက်သည့်အခါ တခုသော အာဟာရဇကလာပ်ကို ဖြစ်စေ၏။ ထို ပဌမ အာဟာရဇကလာပ်၌ ပါသော အာဟာရသည်လည်း တခုသော အာဟာရဇကလာပ်ကို ဖြစ်စေပြန်၏။ ထို ဒုတိယ အာဟာရဇကလာပ်၌ ပါသော အာဟာရသည်လည်း တဘန် တခုသော အာဟာရဇကလာပ်ကို ဖြစ်စေပြန်၏။ ဤသို့ စသည်ဖြင့် လေးဆက်သော်ငင်း, ငါးဆက်သော်ငင်း အာဟာရဇကလာပ်ကို ဆင့်၍ ဖြစ်စေ၏။

> အာဟာရသမုဋ္ဌာနရူပေသု ဌာနပ္ပတ္တာ ဩဇာ အညံ ဩဇဋ္ဌမကံ သမုဋ္ဌာပေတိ။ တတြာပိ ဩဇာ အညန္တိ ဧဝံ ဒသ ဒ္ွါဒသဝါရေ ပဝတ္တိံ ဃဋ္ဋေတိ—

ဟူသော **ရှင်းအဋ္ဌကထာ**နှင့် အညီ စားသောက် သုံးဆောင်အပ်သော ဗဟိဒ္ဓါဟာရသည် အဇ္ဈတ္တာဟာရ ဟူသော အမှီအကြောင်းကို ရသဖြင့် ဌီသို့ ရောက်သည့်အခါ တခုသော အာဟာရဇကလာပ်ကို ဖြစ်စေ၏။ ထို ပဌမ အာဟာရဇကလာပ်၌ ပါသော အာဟာရသည်လည်း တခုသော အာဟာရဇကလာပ်ကို ဖြစ်စေပြန်၏။ ထို ဒုတိယ အာဟာရဇကလာပ်၌ အာဟာရသည်လည်း တဘန် တခုသော အာဟာရဇကလာပ်ကို ဖြစ်စေပြန်၏။ ဤသို့ စသည်ဖြင့် ဆယ်ဆက်, တဆဲ့နှစ်ဆက်သော အာဟာရဇကလာပ်ကို ဆင့်၍ ဖြစ်စေ၏။ ဆယ်ဆက် တဆဲ့နှစ်ဆက်သာ မကသေး၊ တနေ့ စားသောက် သုံးဆောင်အပ်သော အာဟာရသည် ခုနစ်ရက်တိုင် အောင်ပင် ထောက်ပံ့ကြောင်း တကြိမ် သုံးဆောင်အပ်သော နတ်တို့၏ ဩဇာသည် တလ နှစ်လတိုင်အောင်ပင် ထောက်ပံ့နိုင်ကြောင်းကို **ရှင်းအဋ္ဌကထာ**၌—

> ကေဒိဝသံ ပရိဘုတ္တာဟာရော သတ္တာဟမ္ပိ ဥပတ္ထမ္ဘေတိ။ ဒိဗ္ဗာ ပန ဩဇာ ဧကမာသမ္ပိ ဒွိမာသမ္ပိ—

ဟု ပြဆိုတော်မူ၏။

ကမ္မဇာဟာရော၊ကံကြောင့်ဖြစ်သော ကမ္မဇကလာပ်၌ပါသော အဇ္ဈတ္တာ-ဟာရသည်။ ဥပါဒိန္နာဟာရော နာမ၊ ဥပါဒိန္နအာဟာရမည်၏။ သောပိ၊

ထို ဥပါဒိန္နာအာဟာရသည်လည်း။ ဌာနပ္ပတ္တော၊ ဌီသို့ရောက်သည်ရှိသော်။ ဝါ၊ ဌီသို့ရောက်သော။ သောပိ၊ သည်လည်း။ ရူပံ၊ အာဟာရဇသုဒ္ဓဋ္ဌက ကလာပ်ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တတြ၊ ထို ပဌမ အာဟာရဇ သုဒ္ဓဋ္ဌကကလာပ်၌။ ဌိတာပိ၊ အကျုံးဝင်သော ဩဇာသည်လည်း။ အညံ၊ တပါးသော အာဟာရဇသုဒ္ဓဋ္ဌကကလာပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ ဧတ္ထတိ ဝေ၊ သို့။ စတသော ဝါ ပဝတ္တိယော၊ လေးဆက်သော အာဟာရဇရုပ် ကလာပ်၏ ဖြစ်ခြင်းတို့ကိုရင်း။ ပဥ္စ ဝါ ပဝတ္တိယော၊ ငါးကိုရင်း။ ဃဋ္ဋေတိ၊ ဆက်စပ်၏။

အာဟာရသမုဋ္ဌာနရူပေသု၊အာဟာရလျှင်ဖြစ်ကြောင်းရှိသော ကလာပ် ရုပ်တို့၌။ ဌာနပ္ပတ္တာ၊ ဌီသို့ရောက်သော။ ဩဇာ၊ ဩဇာသည်။ အညံ၊ မိမိ နှင့် သဟဇာတဖြစ်သော ကလာပ်မှ တပါးသော ဩဇဋ္ဌမကံ၊ ဩဇာလျှင် ရှစ်ခုမြောက်ရှိသော အာဟာရသုဒ္ဓဋ္ဌကကလာပ်ကို။ သမုဋ္ဌာပေတိ၊ ၏။ တတြ၊ ထို ပဌမသုဒ္ဓဋ္ဌက အာဟာရဇကလာပ်၌။ ဌိတာပိ၊ အကျုံးဝင်သော ဩဇာသည်လည်း။ အညံ၊ တပါးသော ဒုတိယသုဒ္ဓဋ္ဌကကလာပ်ကို။ သမုဋ္ဌာ- ပေတိ၊ ၏။ ဣတိ ဝေ ဣမိနာ နယေန၊ ဤသို့သော နည်းဖြင့်။ ဒသဒွါဒသ- ဝါရေ၊ ဆယ်ကြိမ်, တဆဲ့နှစ်ကြိမ်တို့ပတ်လုံး။ ပဝတ္တိံ၊ အာဟာရဇကလာပ် ရုပ်တို့၏ ဖြစ်ခြင်းကို။ ဃဋ္ဋေတိ၊ ၏။

ကေဒိဝသံ၊ တနေ့။ ပရိဘုတ္တာဟာရော၊ စားသုံးအပ်သော အာဟာရ သည်။ သတ္တာဟမ္ပိ၊ ခုနစ်ရက်ပတ်လုံးလည်း။ ဥပတ္ထမ္ဘေတိ၊ ရူပကာယကို ထောက်ပံ့၏။ ဒိဗ္ဗာ၊ နတ်၌ဖြစ်သော။ ဩဇာ ပန၊ ဩဇာမူကား။ ကေ- မာသမ္ပိ၊ တလလုံးရင်း။ ဒွိမာသမ္ပိ၊ နှစ်လလုံးရင်း။ ဥပတ္ထမ္ဘေတိ၊ ၏။ အစဉ်အတိုင်း သာဓကပါဠိတို့၏အနက်။

## အာဟာရဇရုပ် စဖြစ်ပုံ

(၈) အဘယ်ပုဂ္ဂိုလ်အား အဘယ်ကာလက စ၍ ရုပ်ကိုဖြစ်စေသနည်း ဟူသော အဋ္ဌမပုစ္ဆာ၌ အဖြေကား—

ဩဇာဖရဏမုပါဒါယာတိ ဂဗ္ဘသေယျကသ မာတု အဇ္ဈော- ဟဋ္ဌာဟာရတော သံသေဒဇောပပါတိကာနဥ္စ မုခဂတသေမှာ-

ဒိတော ဩဇာယ ရသဟရဏီအနုသာရေန သရီရေ ဖရဏကာလ-
တော ပဌာယ—
ဟူသော ဋီကာကျော် (၂၁၄)

ယဥ္စာ ဘုဥ္စတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရောတိ—
ဝစနတော ကော ဝါ ဒွေ ဝါ သတ္တာဟေ အတိက္ကမ္မ မာတရာ
ဘုတ္တံ ကုစ္ဆိဂတဿ သရီရေ အဇ္ဈောတ္ထရန္တမိဝ အာဟာရကိစ္စံ ကရောတိ—
ဟူသော မဏိမဉ္ဇူတို့နှင့်အညီ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ
နေသည်မှ တသတ္တာဟ နှစ်သတ္တာဟတို့ကိုလွန်သဖြင့် အမိမျိုအပ်သော
အာဟာရသည် သားအိမ်တွင်း၌ တည်သောသူငယ်၏ ချက်ကြိုးချက်ရင်းမှ
ဝင်သဖြင့် အရသာကို ဆောင်တတ်သော အကြောတို့ကို အစဉ်လျှောက်၍
သူငယ်ကိုယ်၌ ပျံ့နှံ့သောအခါကစ၍ အာဟာရဇရုပ်ကို ဖြစ်စေသည်။
သံသေဒဇ ဉပပါတ်ပုဂ္ဂိုလ်တို့အား ထမင်းစသည်နှင့် ပြည့်စုံသောအရပ်၌
ဖြစ်၍ ထိုထမင်းစသည်ကို ရှေးဦးစွာမျိုသောအခါ, ထမင်းစသည်မရှိသော
အရပ်ဖြစ်၍ ဆာလောင်မွတ်သိပ်သောကြောင့် မိမိတံတွေးသလိပ်ကိုပင်
မျိုသောအခါ ထမင်း တံတွေး စသည်၌ပါသော ဩဇာသည် အရသာကို
ဆောင်တတ်သော အရသာကြောတို့မှ အစဉ်လျှောက်သဖြင့် ပျံ့နှံ့သော
ကာလကို အစပြု၍ အာဟာရဇကလာပ်ရုပ်ကို ဖြစ်စေသည် ဟူလေ။

ဩဇာဖရဏမုပါဒါယာတိ၊ ယ-ဟူသည်ကား။ ဂဗ္ဘသေယျကဿ၊ အမိ
ဝမ်း၌ ကိန်းဆဲဖြစ်သော ပုဂ္ဂိုလ်အား။ မာတုအဇ္ဈောဟဋာဟာရတော၊
အမိသည်မျိုအပ်သော ထမင်းစသော ဝတ္ထုအာဟာရမှ။ ဩဇာယ၊ ဩဇာ
၏။ ရသဟရဏီအနုသာရေန၊ အရသာကိုဆောင်တတ်သော အကြောတို့ကို
အစဉ်လျှောက်သဖြင့်။ သံသေဒဇောပပါတိကာနဉ္စ၊ သံသေဒဇဉပပါတ်
ပုဂ္ဂိုလ်တို့အားလည်း။ မုခဂတသေမှာဒိတော၊ ခံတွင်း၌တည်သော သလိပ်
စသည်မှ။ ဩဇာယ၊ ၏။ ရသဟရဏီအနုသာရေန၊ ဖြင့်။ သရီရေ၊ ကိုယ်၌။
ဖရဏကာလတော၊ ပျံ့နှံ့သောကာလမှ။ ပဌာယ၊ စ၍။

ယဥ္စာ ဘုဥ္စတိ မာတာ၊ အန္နံ ပါနဉ္စ ဘောဇနံ။
တေန သော တတ္ထ ယာပေတိ၊ မာတုကုစ္ဆိဂတော နရောတိ—
ဝစနတော၊ ယဥ္စာ။ပ။ နရော-ဟုဟောတော်မူသောကြောင့်။ ကော

ဝါ သတ္တာဟံ၊ ပဋိသန္ဓေစွဲနေသည်နောက် တခုသော သတ္တာဟကိုဒင်း။ ဒွေ ဝါ သတ္တာဟေ၊ နှစ်ခုသော သတ္တာဟတို့ကိုဒင်း။ အတိက္ကမ္မ၊ လွန်၍။ မာတရာ၊ အမိသည်။ ဘုတ္တံ၊ စားသုံးအပ်သော ကဗဠီကာရာဟာရသည်။ ကုစ္ဆိဂတဿ၊ ဝမ်းတွင်း၌တည်သော သူငယ်၏။ သရီရေ၊ ၌။ အဇ္ဈောနမိဝ၊ နယ်ဆီကဲ့သို့။ အာဟာရကိစ္စံ၊ အာဟာရကိစ္စကို။ ကရောတိ၊ ပြု၏။

အဿ၊ ထိုသူငယ်၏။ မာတာ၊ သည်။ ယံ အန္နဥ္စ၊ အကြင်ထမင်းကိုဒင်း။ ယံ ပါနဥ္စ၊ အကြင်အဖျော်ကိုဒင်း။ ယံ ဘောဇနဥ္စ၊ အကြင်ဘောဇဉ်ကိုဒင်း။ ဘုဥ္ဇတိ၊ စားသုံး၏။ တေန၊ ထိုအမိသည် စားသုံးအပ်သော ထမင်းအဖျော် ဘောဇဉ်ဖြင့်။ မာတုကုစ္ဆိဂတော၊ အမိဝမ်း၌တည်သော။ သော နရော၊ ထို သူငယ်သတ္တဝါသည်။ တတ္ထ၊ ထိုအမိဝမ်းတိုက်၌။ ယာပေတိ၊ မိမိကိုယ်ကို မျှတစေ၏။

## ၉-စတုဇရုပ်တို့၏ ချုပ်စဉ်

ရူပကာယအကုန် စုတိစိတ်နှင့် ပြိုင်၍ချုပ်ခြင်းရှိသော ဥပပါတ်ပုဂ္ဂိုလ် ဟူသမျှတို့မှာ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်သော စိတ်၏ ဌီခဏကစ၍ စတုဇရုပ်အားလုံးပင် အသစ်မဖြစ်ပြီ။ ၎င်းတဆဲ့ခုနစ်ချက် မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော နောက်ဆုံးဖြစ်သော စတုဇ ကလာပ်ရုပ်သည် စုတိစိတ်နှင့် ပြိုင်၍ ချုပ်၏။

စုတိစိတ် ချုပ်သည်နောက် ရူပကာယ အကြွင်းရှိကောင်းသော သံသေ- ဒဇ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ကမ္မဇကလာပ်မှာ ဆိုခဲ့ပြီးသည့်အတိုင်း စုတိစိတ်နှင့် ပြိုင်၍ပင် ချုပ်၏။ စိတ္တဇကလာပ်သည် ထိုသံသေဒဇ ဂဗ္ဘ သေယျကပုဂ္ဂိုလ်တို့အား ရဟန္တာဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် စုတိ၏ ရှေ့အနန္တရစိတ်၏ ဥပါဒ်ခဏ၌ဖြစ် သော ပစ္ဆိမစိတ္တဇရုပ်သည် စုတိစိတ်ချုပ်သည်နောက် စိတ္တက္ခဏတဆဲ့လေး ချက်နှင့် ခဏငယ်နှစ်ချက်ခန့်ကာလတည်၍ချုပ်၏။ ဤလည်း ထိုစိတ္တဇ ရုပ်၏ ချုပ်ဆဲဘင်္ဂက္ခဏကိုလွှတ်၍ ယူသောကြောင့်သာ၊ ဘင်္ဂက္ခဏပါယူ၍ ဆိုသော်ကား ၎င်း ပစ္ဆိမ စိတ္တဇရုပ်သည် စုတိစိတ် ချုပ်သည်မှနောက် စိတ္တက္ခဏ တဆဲ့ငါးချက်ခန့်ကာလ၌ ချုပ်၏ဟူ၍ဆို၊ နောက်ကိုလည်း ဤနည်း မှတ်လေ။

ပုထုဇဉ်သေက္ခဖြစ်အံ့၊ ထိုပုဂ္ဂိုလ်တို့၏ စုတိစိတ်သည် ရုပ်ကိုဖြစ်စေသည် သာဖြစ်သောကြောင့် စုတိစိတ်၏ ဉပါဒ်ခဏ၌ ဖြစ်သော ပစ္ဆိမ စိတ္တဇရုပ်သည် စုတိစိတ် ချုပ်သည်နောက် စိတ္တက္ခဏတဆဲ့ငါးချက်နှင့် ခဏငယ်နှစ်ချက်ခန့်ကာလ တည်၍ ချုပ်၏။ တနည်း....စုတိစိတ် ချုပ်သည်နောက် စိတ္တက္ခဏ တဆဲ့ခြောက်ချက်ခန့်ကာလ၌ ချုပ်၏။ စုတိစိတ်၏ ရှေ့အနန္တရစိတ်၏ ဉပါဒ်ခဏ၌ ဖြစ်သော စိတ္တဇရုပ်မှာ ဧဟန္တာတို့၏ ပစ္ဆိမစိတ္တဇရုပ်နှင့်တူ၏။ ခပ်သိမ်းသော သံသေဒဇ ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စုတိစိတ်မှ ရှေ့ သုံးချက်မြောက်သော စိတ်၏ ဉပါဒ်ခဏ၌ဖြစ်သော စိတ္တဇရုပ်သည် စုတိစိတ် ချုပ်သည့်နောက် စိတ္တက္ခဏ တဆဲ့သုံးချက်နှင့် ခဏငယ် နှစ်ချက်ခန့်ကာလ တည်၍ ချုပ်၏။ တနည်း စိတ္တက္ခဏတဆဲ့လေးချက်ခန့်ကာလ၌ ချုပ်၏၊ ဤနည်းကို မှီသဖြင့် စုတိစိတ်မှ ပြန်၍ရေသော် လေးချက်မြောက်စိတ်ကစ၍ တဆဲ့ခြောက်ချက်မြောက်သော စိတ်တိုင်အောင်သော စိတ်တို့၏ ဉပါဒ်ခဏ၌ဖြစ်သော စိတ္တဇရုပ်တို့၏ စုတိစိတ် ချုပ်သည့်နောက် အသီးသီး တည်၍ ချုပ်ရာကာလကို သိလေ။ ဤကား အဋ္ဌသာလိနီ သမ္မောဟဝိနောဒနီ အဋ္ဌကထာဆရာတို့ အလို။ **ဋီကာကျော်**(၂၁၅)၌လည်း စိတ္တဇရုပ်, အာဟာရဇရုပ်တို့သည် ကမ္မဇရုပ်ချုပ်ပြီးသည်နောက် အနည်းငယ်ကာလမျှ တည်၍ ချုပ်ကြောင်းကို—

> ယထာ နိဗ္ဗတ္တံ စိတ္တဇမာဟာရဇဥ္စ တတော ပရံ ကိဉ္စိကာလံ ပဝတ္တိတွာ နိရုဇ္ဈတိ—

ဟူ၍ ဤ ဋီကာကျော်၌ "ကိဉ္စိကာလံ"အရကိုလည်း **မဏိမဉ္ဇူ**၌—

> စိတ္တဇရူပပဝတ္တိကာလဝသေန ခဏဒွယကာလခဏဒွယာဓိက-ကေစိတ္တက္ခဏကာလ။ပ။ ခဏဒွယာဓိကပန္နရသ စိတ္တက္ခဏကာ-လော ကောစိ ကာလောတိ ဝေဒိတဗ္ဗော—

ဟု ပြဆိုတော်မူ၏။

ယထာနိဗ္ဗတ္တံ၊ အကြင်အကြင် မိမိတို့ အကြောင်းအားလျော်စွာ ဖြစ်သော။ စိတ္တဇဉ္စ၊ စိတ္တဇရုပ်သည်၎င်း။ အာဟာရဇဉ္စ၊ အာဟာရဇရုပ်သည်၎င်း။ တတော၊ ထို စုတိစိတ် ကမ္မဇရုပ်တို့ ချုပ်ပြီးသည်မှ။ ပရံ၊ နောက်၌။ ကိဉ္စိကာလံ၊ အနည်းငယ်ကာလမျှ။ ပဝတ္တိတွာ၊ တည်၍။ နိရုဇ္ဈတိ၊ ချုပ်၏။

စိတ္တဇရူပပ္ပဝတ္တိကာလဝသေန၊ စုတိ ကမ္မဇရုပ်တို့ ချုပ်သည့်နောက် စိတ္တဇ ရုပ် မချုပ်မီ တည်သောကာလ၏ အစွမ်းဖြင့်။ ခဏဒ္ဒယကာလခဏဒ္ဒယာဓိက ကေစိတ္တက္ခဏကာလ။ပ။ ခဏဒ္ဒယာဓိကပန္နရသစိတ္တက္ခဏကာလေ၊ ခဏ ငယ်နှစ်ချက်ခန့်ကာလ ခဏငယ်နှစ်ချက်အလွန်ရှိသော တခုသော စိတ္တက္ခဏ ကာလ။ပ။ ခဏငယ် နှစ်ချက်အလွန်ရှိသော စိတ္တက္ခဏ တဆဲ့ငါးချက်ခန့် ကာလကို။ ကောစိ ကာလောတိ၊ အနည်းငယ်သောကာလဟူ၍။ ဝေဒိ-တဗ္ဗော၊ ၏။

ချုပ်ဆဲ ဘင်္ဂက္ခဏကို လွှတ်၍ ဤသို့ ဆိုလေသည်။ ဘင်္ဂက္ခဏပါ ယူ၍ ဆိုသော်ကား စိတ္တဇရုပ်သည် စုတိ ကမ္မဇရုပ်တို့ ချုပ်ပြီးနောက် စိတ္တက္ခဏ တချက်ခန့်ကာလ နှစ်ချက်ခန့်။ပ။ တဆဲ့ခြောက်ချက်ခန့်ကာလ တည်သေး ၏ ဟု ဆို။

## စုတိစိတ်ကြောင့် ရုပ်ဖြစ်မဖြစ်

**မူလဋီကာ, ဝိသုဒ္ဓိမဂ်, မဟာဋီကာ**ဆရာတို့ကား....“ယဿ ဝါ ပန ဝစီ-သင်္ခါရော နိရုဇ္ဈိဿတိ၊ တဿ ကာယသင်္ခါရော နိရုဇ္ဈိဿတီတိ” ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို “ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ ယဿ စိတ္တဿ အနန္တရာ ကာမာဝစရာနံ ပစ္ဆိမစိတ္တံ ဥပ္ပဇ္ဇိဿတိ၊ ရူပါဝစရေ အရူပါ-ဝစရေ ပစ္ဆိမဘဝိကာနံ၊ ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာ-ယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ ဝစီသင်္ခါရော နိရုဇ္ဈိဿတိ။ နော စ တေသံ ကာယသင်္ခါရော နိရုဇ္ဈိဿတိ” ဟု **သင်္ခါရယမိုက်(၂၈-၉)**၌ ဟော တော်မူသောကြောင့် ရဟန္တာတို့၏ စုတိစိတ်သာ ရုပ်ကို မဖြစ်စေသည် မဟုတ်၊ ပုထုဇဉ်သေက္ခတို့၏ စုတိစိတ်သည်လည်း ရုပ်ကို မဖြစ်စေတတ် ဟု သိသာသည်ဟု ဆိုတော်မူကုန်၏။

ဤ သင်္ခါရယမိုက် ပါဠိတော်ဖြင့် ပစ္ဆိမစိတ်၏ ဥပ္ပါဒက္ခဏ သမင်္ဂီ ဖြစ်သော ကာမပုဂ္ဂိုလ် စသည်၌ အဿာသပဿာသစိတ္တဇ ဝါယောဓာတ် ဟူသော ကာယသင်္ခါရ မချုပ်လတ္တံ့သည်ကိုသာ ဟောတော်မူသည်၊ စိတ္တဇ ရုပ် သာမည မချုပ်လတ္တံ့ဟု မဟောပါ၊ အမိဝမ်း၌ ကိန်းသောပုဂ္ဂိုလ်, စတုတ္ထဈာန်ဝင်စားသောပုဂ္ဂိုလ် စသည်တို့အားလည်း အဿာသပဿာသမှ ကင်းလျက်ပင် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေသည်သာဖြစ်၍ ပစ္ဆိမစိတ္တ ဥပ္ပါဒက္ခဏသမင်္ဂီဖြစ်သော ကာမပုဂ္ဂိုလ်

စသည်တို့အား ကာယသခါရ မချုပ်လတ္တံ့ပင် ဖြစ်သော်လည်း စိတ္တဇရုပ် ချုပ်လတ္တံ့သာ ဖြစ်ရာသေးသောကြောင့် ဤပါဠိတော်ဖြင့် ပုထုဇဉ်သေက္ခ တို့၏လည်း စုတိစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်သည်၏ အဖြစ်ကို သိအပ်၏ ဟူခြင်းသည် မသင့်ရာသည်သာတကား ဟူမူ....အမိဝမ်း၌ ကိန်းသောသူ စသည်တို့အား အဿာသပဿာသဟူသော ကာယသခါရ ကင်းလျက် မဖြစ်ဘဲလျက် ထိုပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သောစိတ်သည် စိတ္တဇရုပ်ကို ဖြစ်စေသည်အမှန်ပင်၊ ထိုအမိဝမ်း၌ကိန်းခြင်း စတုတ္ထဈာန်ကို ဝင်စားခြင်း စသော အဿာသပဿာသဝါယောဓာတ်ဟူသော ကာယသခါရဖြစ်ခြင်း ကို နှောင့်ရှက်တားမြစ်တတ်သော အကြောင်းမရှိဘဲလျက် ရုပ်ကိုဖြစ်စေ တတ်သောစိတ်၏ အဿာသပဿာသဟူသော ကာယသခါရကို မဖြစ်စေ ခြင်းမည်သည် မရှိ၊ ဖြစ်စေမြဲသာဖြစ်သည်။ စုတေပြီးသည်မှ နောက်၌ လည်း စိတ္တဇရုပ်၏ဖြစ်ခြင်း တည်ခြင်းမည်သည် မသင့်ရာ။ စုတိစိတ်သည် ရုပ်ကိုဖြစ်စေ၏ဟု ဟောပြသော ပါဠိလည်း ပိဋကတ်သုံးပုံတွင် အလျှင်းပင် မရှိဖြစ်သောကြောင့် ၎င်းသခါရယမိုက်ပါဠိတော်ဖြင့် ပုထုဇဉ်သေက္ခတို့၏ လည်း စုတိစိတ်၏ ရုပ်ကိုမဖြစ်စေနိုင်သည်၏အဖြစ်ကို သိအပ်၏ဟူခြင်းသည် သင့်ပါ၏ ဟူလေ။ ဤကား—

> ကာမာဝစရာနံ ပဉ္စမစိတ္တဿ ဥပ္ပါဒက္ခဏေ။ပ။ နော စ တေသံ ကာယသခါရော နိရုဇ္ဈိဿတီတိ ဝစနတော အညေသမ္ပိ စုတိစိတ္တံ ရူပံ န သမုဋ္ဌာပေတီတိ ဝိညာယတိ။ န ဟိ ရူပ-သမုဋ္ဌာပကဿ ဂဗ္ဘဂမနာဒိဝိနိဗန္ဓာဘာဝေ ကာယသခါရာ-သမုဋ္ဌာပနံ အတ္ထိ။ န စ ယုတ္တံ စုတော စ စိတ္တသမုဋ္ဌာနဿ ပဝတ္တတီတိ။ နာပိ စုတိစိတ္တံ ရူပံ သမုဋ္ဌာပေတီတိ ပါဠိ အတ္ထိ—

ဟုပြဆိုသော **မူလဋီကာ ဝိသုဒ္ဓိမဂ်မဟာဋီကာ** ဆရာတို့၏ အလို။

ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ ဝစီသခါရော၊ ဝိတက် ဝိစာရ ဟူသော ဝစီသခါရသည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ တဿ၊ ထိုဝစီသခါရ ချုပ်လတ္တံ့ပုဂ္ဂိုလ်အား။ ကာယသခါရော၊ အဿာသပဿာသဖြစ်သော ဝါယောဓာတ်ဟူသော ကာယသခါရသည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့လော။ ဣတိ၊ ဤသို့မေးခဲ့သော်။ ကာမာဝစရာနံ၊ ကာမာဝစရဘုံသား ခီဏာသဝ ပုဂ္ဂိုလ်တို့အား။ ပဉ္စမစိတ္တဿ၊ အနုမတဂ္ဂသံသရာကာလပတ်လုံးဖြစ်သမျှ

သော စိတ်တို့တွင် အဆုံးစွန်ဖြစ်သော စုတိစိတ်၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ် ခဏ၌။ ဌိတာနံ၊ တည်ဆဲဖြစ်ကုန်သော။ တေသံ ထိုပုဂ္ဂိုလ်တို့အားရင်း။ ယဿ စိတ္တဿ၊ အကြင်စိတ်၏။ အနန္တရာ၊ အခြားမဲ့၌။ ကာမာဝစရာနံ၊ တို့အား။ ပစ္ဆိမစိတ္တံ၊ သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့။ တဿ စိတ္တဿ၊ ထိုပစ္ဆိမစိတ်အား အနန္တရာဒိ ပစ္စည်းတပ်၍ ဖြစ်သောစိတ်၏။ ဝါ၊ မိမိ၏ အခြားမဲ့ဝယ် ပစ္ဆိမစိတ်ဖြစ်ရလတ္တံ့သောစိတ်၏။ ဥပ္ပါဒက္ခဏေ၊ ၌။ဌိတာနံ၊ ကုန်သော။ တေသံ၊ ထိုပုဂ္ဂိုလ်တို့အားရင်း။ ရူပါဝစရေ၊ အသညသတ်မှ တပါးသော ရူပတဆဲ့ငါးဘုံ၌ရင်း။ အရူပါဝစရေ၊ အရူပလေးဘုံ၌ရင်း။ ဌိတာနံ၊ ကုန်သော။ ပစ္ဆိမဘဝိကာနံ၊ ပစ္ဆိမဘဝိကဖြစ်ကုန်သော။ တေသံ၊ တို့အားရင်း။ ယေ၊ အကြင်ကာမသုဂတိဘုံသားပုဂ္ဂိုလ်တို့သည်။ ရူပါဝစရံ၊ အသညသတ်မှတပါး ရူပါဝစရဘုံ၌သော်ရင်း။ အရူပါဝစရံ၊ အရူပါဝစရ ဘုံ၌သော်ရင်း။ ဥပပဇ္ဇိတွာ၊ ပဋိသန္ဓေအားဖြင့်ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ စဝန္တာနံ၊ ကာမသုဂတိဘုံမှ စုတေဆဲဖြစ်ကုန်သော။ တေသံ၊ တို့အားရင်း။ တေသံ၊ ထိုပြဆိုအပ်ပြီးသော ပုဂ္ဂိုလ်တို့အား။ ဝစီသင်္ခါရော၊ သည်။ နိရုဇ္ဈိဿတိ၊ လတ္တံ့။ တေသံ၊ တို့အား။ ကာယသင်္ခါရော စ၊ ကာယသင်္ခါရမူကား။ နော နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့မဟုတ်။ ပါဠိတော်အနက်။

ကာမာဝစရာနံ ပစ္ဆိမစိတ္တဿ ဥပ္ပါဒက္ခဏေ။ပ။ နော စ တေသံ ကာယ-သင်္ခါရော နိရုဇ္ဈိဿဘီတိ၊ နိရုဇ္ဈိဿတိ-ဟူ၍။ ဝစနတော၊ **သင်္ခါရယမိုက်ဝယ်** ဟောတော်မူခြင်းကြောင့်။ အညေသမ္ပိ၊ ခီဏာသဝ ပုဂ္ဂိုလ်မှတပါးသော ပုဂ္ဂိုလ်ဟူသမျှတို့၏လည်း။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ဝါ-အညေသံ၊ တို့၏။ စုတိစိတ္တမ္ပိ၊ သည်လည်း။ ရူပံ၊ ရုပ်ကို။ န သမုဋ္ဌာပေတိ၊ မဖြစ်စေနိုင်။ ဣတိ၊ သို့။ ဝိညာယတိ၊ သိအပ်၏။ ဟိ သစ္စံ၊ ၏။ ဝါ၊ ဟိယသ္မာ၊ ကြောင့်။ ရူပ-သမုဋ္ဌာပကဿ၊ ရုပ်ကိုဖြစ်စေတတ်သော စိတ်၏။ ဂဗ္ဘဂမနာဒိဝိနိဗန္ဓာ-ဘာဝေ၊ အမိဝမ်း၌ ကိန်းဆဲဖြစ်ခြင်း စတုတ္ထစျာန်ကို ဝင်စားခြင်း အစ ရှိသော အဿာသပဿာသ၏ ဖြစ်ခြင်းကို နှောင့်ရှက်တားမြစ်တတ်သော အကြောင်း မရှိခဲ့သော်။ ဝါ၊ မရှိဘဲလျက်။ ကာယသင်္ခါရာသမုဋ္ဌာပနံ၊ အဿာသပဿာသဟူသော ကာယသင်္ခါရကို မဖြစ်စေသော မည်သည်။ န စ အတ္ထိ၊ ရှိလည်းမရှိခဲ့။ စုတော စ၊ စုတေပြီးသည်လည်း။ ဟောတိ၊ ၏။ အဿ၊ ထိုစုတေပြီးသောပုဂ္ဂိုလ်အား။ စိတ္တသမုဋ္ဌာနဥ္စ၊ စိတ္တဇရုပ်သည်

လည်း။ ပဝတ္တတိ၊ ဖြစ်သေး တည်သေး၏။ ဣတိ ဣဒံ၊ ဤစုတေ့ပြီးပုဂ္ဂိုလ်အား အလောင်း၌ စိတ္တဇရုပ်၏ဖြစ်ခြင်း တည်ခြင်းသည်။ န စ ယုတ္တံ၊ သင့်လည်း မသင့်ခဲ့။ စုတိစိတ္တံ၊ စုတိစိတ်သည်။ ရူပံ၊ ရုပ်ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ ဣတိ ပါဠိ၊ ဤသို့ဟောတော်မူအပ်သော ပါဠိသည်။ နာပိ အတ္ထိ၊ ပိဋကတ်သုံးပုံတွင် တစုံတရာ၌မျှ အလျှင်းပင် ရှိလည်း မရှိခဲ့။ တသ္မာ၊ ထိုသို့ရုပ်ကို ဖြစ်စေတတ်သော စိတ်၏ကာယသခ်ါရ၏ ဖြစ်ခြင်းကို နှောင့်ရှက် ပိတ်ပင်တားမြစ်တတ်သော ဂဗ္ဘဂမန အစရှိသော အကြောင်းမရှိဘဲလျက် ကာယသခ်ါရကို မဖြစ်စေသော မည်သည် မရှိသည်၏ အဖြစ်, စိတ္တဇရုပ်၏ သေပြီးသော အလောင်းကောင်ဝယ် တည်ရှိခြင်း၏ မသင့်သည်၏ အဖြစ်, စုတိစိတ်သည် ရုပ်ကိုဖြစ်စေ၏ဟု ဟောတော်မူသော ပါဠိ၏ ပိဋကတ်သုံးဖြာတွင် တစုံတရာ၌မျှ မရှိသည်၏ အဖြစ်ကြောင့်။ ဝိညာယတိ၊ ခီဏာသဝမှ တပါးသော ပုဂ္ဂိုလ်တို့၏ စုတိစိတ်သည်လည်း ရုပ်ကို မဖြစ်စေနိုင် ဟု သိအပ်၏။

ဤအလိုသော် စုတိစိတ်သည် ရုပ်ကို ဖြစ်စေမည်ကို မဆိုထားဘိ၊ စုတိစိတ်ဖြစ်သောအခါ စိတ္တဇရုပ်ပင် မရှိပြီ၊ ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား စုတိစိတ်နှင့် ပြိုင်၍ချုပ်သော ကမ္မဇရုပ် မချုပ်မီကပင် စိတ္တဇရုပ် ချုပ်နှင့်လေပြီ ဟူလို၏။ အဘယ်အခါကစ၍ စိတ္တဇရုပ် မဖြစ်သနည်း....ပစ္ဆိမစိတ္တဇရုပ်သည် အဘယ်အခါ၌ ချုပ်သနည်း ဟူမူ....စုတိစိတ်မှ ပြန်၍ရေသော် သုံးဆဲ့နှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏကစ၍ စိတ္တဇဝါယောဓာတ်ဖြစ်သော အဿာသပဿာသ-ဟူသော ကာယသခ်ါရသည် အသစ်မဖြစ်၊ ထို ဥပ္ပါ-ဒက္ခဏကစ၍ စိတ္တဇရုပ် ဟူသမျှပင် အသစ်မဖြစ်ပြီ၊ စုတိစိတ်မှ ပြန်၍ရေသော် သုံးဆဲ့သုံးချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ပစ္ဆိမစိတ္တဇရုပ်သည် စိတ္တက္ခဏာ တဆဲ့ခုနစ်ချက် အသက်ရှိသည်ဖြစ်၍ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဘင်္ဂက္ခဏာ၌ ချုပ်၏ ဟူလေ။ ဤကား—

ကုတော ပန ပဋ္ဌာယ စိတ္တဇရူပံ နုပ္ပဇ္ဇတီတိ။ ယတော ပဋ္ဌာယ ကာယသခ်ါရော နုပ္ပဇ္ဇတိ။ ကဒါ စ ကာယသခ်ါရော နုပ္ပဇ္ဇတီတိ။ စုတိတော ပုဗ္ဗေ ဒွတ္တိံသမစိတ္တက္ခဏတော ပဋ္ဌာယ နုပ္ပဇ္ဇတိ။

> တေတ္တိံသမစိတ္တက္ခဏေ ဟိ ဥပ္ပန္နံ စိတ္တဇရူပံ သောဠသမတော
> ပုရေတရမေဝ နိရုဇ္ဈတီတိ ဝဒန္တိ—

ဟူသော **မဏိမဉ္ဇူ**နှင့် အညီတည်း။

စုတိတော ဒုတိယစိတ္တေနာပိ သဟ နိရုဇ္ဈတီတိ အပရေ—
**ဟု မဏိမဉ္ဇူ**၌ ဆိုအပ်သော အပရေဆရာတို့ အလိုသော် စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏကစ၍ စိတ္တဇရုပ် အသစ်မဖြစ်ပြီ၊ တဆဲ့ရှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ပစ္ဆိမစိတ္တဇရုပ်သည် စုတိစိတ်၏ ရှေ့အနန္တရစိတ်နှင့် ပြိုင်၍ချုပ်၏ ဟူလေ။

> ဟေဋ္ဌိမကောဋိယာ စုတိတော တတိယစိတ္တေနေဝ သဟ
> နိရုဇ္ဈတိ၊ ဒုတိယံ န ပါပုဏာတီတိ ကေ—

ဟု ၎င်း၌ ဆိုသောကြောင့် ကေဆရာတို့ အလိုသော် စုတိစိတ်မှ ပြန်၍ ရေသော် တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏကစ၍ စိတ္တဇရုပ် အသစ်မဖြစ်ပြီ၊ တဆဲ့ကိုးချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော ပစ္ဆိမစိတ္တဇရုပ်သည် စုတိစိတ်မှ ရှေ့သုံးချက်မြောက်သော စိတ်နှင့် ပြိုင်၍ ချုပ်၏ ဟူလေ။

ကုတော ပန၊ အဘယ်အခါမှကား။ ပဋ္ဌာယ၊ စ၍။ စိတ္တဇရူပံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်သနည်း။ ဣတိ၊ ဤသို့ မေးမူ။ ယတော၊ အကြင်အခါမှ။ ပဋ္ဌာယ၊ စ၍။ ကာယသင်္ခါရော၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ တတော၊ ထို ထွက်သက်ဝင်သက် ဟူသော ကာယသင်္ခါရ မဖြစ်သောကာလမှ။ ပဋ္ဌာယ၊ ၍။ စိတ္တဇရူပံ၊ သည်။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဣတိ၊ ဤသို့ဖြေ။ ကဒါ စ၊ အဘယ် အခါ၌ကား။ ကာယသင်္ခါရော၊ သည်။ နုပ္ပဇ္ဇတိ၊ နည်း။ ဣတိ၊ ဤသို့ မေးပြန်မူ။ စုတိတော၊ စုတိစိတ်မှ။ မဋ္ဌာယ၊ ၍။ ပဋိလောမတော၊ ပဋိလုံ အားဖြင့်။ ပုဗ္ဗေ၊ ရှေး၌။ ဒုတ္တိံသမစိတ္တက္ခဏတော၊ သုံးဆဲ့နှစ်ချက် မြောက်သောစိတ်၏ ဥပ္ပါဒက္ခဏမှ။ ပဋ္ဌာယ၊ ၍။ နုပ္ပဇ္ဇတိ၊ မဖြစ်။ ဟိ သစ္စံ၊ ၏။ တေတ္တိံသမစိတ္တက္ခဏေ၊ ပဋိလောမအားဖြင့် စုတိစိတ်မှ ရှေ့ သုံးဆဲ့သုံး ချက်မြောက်သော စိတ်၏ ဥပ္ပါဒက္ခဏ၌။ ဥပ္ပန္နံ၊ ဖြစ်သော။ စိတ္တဇရူပံ၊ သည်။ သောဠသမတော၊ စုတိစိတ်မှ ရှေ့တဆဲ့ခြောက်ချက်မြောက်သော

စိတ်၏ ဥပ္ပါဒက္ခဏမှ။ ပုရေတရမေဝ၊ ရှေးမဆွ အနန္တရဖြစ်သော သတ္တ-ရသမစိတ်၏ ဘင်္ဂက္ခဏကာလ၌ပင်လျှင်။ နိရုဇ္ဈတိ၊ ၏။ ဣတိ၊ သို့။ အာစရိယာ၊ ဆရာတို့သည်။ ဝဒန္တိ၊ မိန့်ဆိုကုန်၏။

စုတိတော၊ စုတိစိတ်မှ။ ဒုတိယစိတ္တေနာပိ၊ နှစ်ခုမြောက်သော စိတ်နှင့်လည်း။ သဟ၊ တကွ။ နိရုဇ္ဈတိ၊ ပြိုင်၍ချုပ်၏။ ဣတိ၊ သို့။ အပရေ၊ တပါးသော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။

ယေဟဒ္ဓိမ ကောဒ္ဓိယာ၊နောက်အကျုံးဖြစ်သောအပိုင်းအခြားအားဖြင့်။ စုတိတော၊ စုတိစိတ်မှ။ တတိယစိတ္တေနေဝ၊ ရှေ့သုံးခုမြောက်ဖြစ်သော စိတ်နှင့်သာလျှင်။ သဟ၊ တကွ။ နိရုဇ္ဈတိ၊ ၏။ ဒုတိယံ၊ စုတိစိတ်မှ ရှေ့နှစ်ချက်မြောက်ဖြစ်သော စိတ်တိုင်အောင်။ န ပါပုဏာတိ၊မရောက်နိုင်။ ဣတိ၊ သို့။ ကေ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။

အာဟာရဇရုပ်မူကား ခပ်သိမ်းသော ကာမပုဂ္ဂိုလ်တို့အား စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဠီခဏ၌ ဖြစ်သော အာဟာရဇရုပ်သည် စုတိစိတ် ကမ္မဇရုပ်တို့ ချုပ်သည့်နောက် ခဏငယ် တချက်ခန့်ကာလ၌ ချုပ်၏။ ၎င်းစိတ်၏ ဘင်္ဂက္ခဏ၌ဖြစ်သော ရုပ်သည် စုတိကမ္မဇရုပ် ချုပ်သည့်နောက် ခဏငယ် နှစ်ချက်ခန့်ကာလ၌ ချုပ်၏။ စုတိစိတ်မှ ရှေ့တဆဲ့ခြောက်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ရုပ်သည် စုတိနောင် စိတ္တက္ခဏတချက်ခန့်ကာလ၌ ချုပ်၏။ ထိုစိတ်၏ဠီခဏ၌ ဖြစ်သောရုပ်သည် စုတိနောင် ခဏငယ်တချက်ခန့်အလွန်ရှိသော စိတ္တက္ခဏ တချက်ခန့်ကာလ၌ ချုပ်၏။ ဤသို့စသည်ဖြင့်ယူ၍ စုတိစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်သော အာဟာရဇရုပ်သည် စုတိနောင် စိတ္တက္ခဏ တဆဲ့ခြောက်ချက်ခန့် ကာလ၌ချုပ်၏။ စုတိစိတ်၏ ဠီခဏ၌ဖြစ်သောရုပ်သည် စုတိနောင် ခဏငယ် တချက်ခန့်အလွန်ရှိသော စိတ္တက္ခဏတဆဲ့ခြောက်ချက်ခန့်ကာလ၌ ချုပ်၏။ စုတိစိတ်၏ ဘင်ခဏ၌ဖြစ်သော အာဟာရဇရုပ်သည် စုတိကမ္မဇရုပ်ချုပ်သည့် နောက် ခဏငယ်နှစ်ချက်ခန့်အလွန်ရှိသော စိတ္တက္ခဏ တဆဲ့ခြောက်ချက်ခန့် ကာလ၌ချုပ်၏။ ဥတုဇကလာပ်ရုပ်မူကား အသားအရိုးစသည် မကုန်သမျှ ကာလပတ်လုံး ဖြစ်သေး၏။ ဤသို့ရုပ်တို့၏ချုပ်စဉ်ကို သိလေ။

## ၁၀-ရုပ်တရားတို့ အသက်စိစစ်ချက်

စိတ်သည် ဌီခဏ ဘင်ခဏဌ်အားမရှိ၊ ဥပါဒ်ခဏဌ်သာ အားရှိသော ကြောင့် ဥပါဒ်ခဏဌ်သာ ရုပ်ကိုဖြစ်စေနိုင်သည်၊ ရုပ်မူကား ဥပါဒ်ခဏ ဘင်ခဏဌ်အားမရှိ၊ ဌီခဏဌ်သာ အားရှိသည်ဖြစ်၍ ဥတုအာဟာရတို့သည် ဌီခဏသို့ရောက်မှ ရုပ်ကိုဖြစ်စေနိုင်ကုန်သည်။ စိတ်၏ ဥပါဒ် ဌီ ဘင်ခဏ သုံးပါးသည် ကာလညီမျှ၏။ ရုပ်၏ ဥပါဒ်ခဏ ဘင်ခဏသည် စိတ်၏ ခဏ ငယ်နှင့် ကာလတူ၏။ ရုပ်၏ဌီခဏမူကား ကာလကြာ၏၊ စိတ္တက္ခဏ တဆဲ့ ခြောက်ချက်နှင့် ခဏငယ်တချက်ခန့်ကာလရှိ၏။ ထို့ကြောင့် ပဋိသန္ဓေစိတ်၏ ဥပါဒ် ခဏဌ်ဖြစ်သောရုပ်သည် စိတ္တက္ခဏ တဆဲ့ခုနစ်ချက်, ခဏငယ်ငါးဆဲ့ တချက် အသက်ကာလရှိသည်ဖြစ်၍ ပဋိသန္ဓေစိတ်မှစ၍ရေသော် တဆဲ့ ခုနစ်ချက်မြောက်သောစိတ်၏ ဘင်ခဏဌ် ချုပ်၏။ ပဋိသန္ဓေစိတ်၏ ဌီခဏဌ် ဖြစ်သောရုပ်သည် တဆဲ့ရှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏဌ် ချုပ်၏။ ပဋိသန္ဓေစိတ်၏ ဘင်ခဏဌ်ဖြစ်သောရုပ်သည် တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဌီခဏဌ်ချုပ်၏။ ဤသို့ပြဆိုလတ္တံ့သော ရုပ်တို့၏ အသက်ကာလ ချုပ်ရာခဏကို သိလေ။

ဤရုပ်ကလာပ်တို့၏ စိတ္တက္ခဏ တဆဲ့ခုနစ်ချက်, ခဏငယ်ငါးဆဲ့တချက် အသက်ကာလ ရှိကြောင်းကို **သမ္မောဟဝိနောဒနီအဋ္ဌကထာ**စသည်နှင့်အညီ ဆိုသည်။ ရှေး**အဘိဓမ္မာအဋ္ဌကထာ** (**သမ္မောဟဝိနောဒနီ-၂၅**) ၌ကား—

> ပဌမံ ဟိ ပဋိသန္ဓိစိတ္တံ၊ ဒုတိယံ ဘဝင်္ဂံ ။ပ။ သောဠသမံ ဘဝင်္ဂံ ။ တေသု ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန တယော တယော ခဏာ။ တတ္ထ ဧကေကဿ စိတ္တဿ တီသု တီသု ခဏေသု သမတိံသ သမတိံသ ကမ္မဇရူပါနိ ဥပ္ပဇ္ဇန္တိ။ တေသု ပဋိသန္ဓိစိတ္တဿ ဥပ္ပါဒက္ခဏေ သမုဋ္ဌိတံ သမတိံသကမ္မဇရူပံ သတ္တရသမဿ ဘဝင်္ဂ- စိတ္တဿ ဥပ္ပါဒက္ခဏေယေဝ နိရုဇ္ဈတိ၊ ဌိတိက္ခဏေ သမုဋ္ဌိတံ ဌိတိက္ခ- ဏေယေဝ၊ ဘင်္ဂက္ခဏေ သမုဋ္ဌိတံ ဘင်္ဂက္ခဏေယေဝ နိရုဇ္ဈတိ။ ဧဝံ ဒုတိယံ ဘဝင်္ဂစိတ္တံ အာဒိံ ကတွာ အတ္တနော အတ္တနော သတ္တရ- သမေန စိတ္တေန သဒ္ဓိံ ယောဇေတွာ နယော နေတဗ္ဗော—

ဟု ဆိုသောကြောင့် ထိုရှေးအဋ္ဌကထာအလိုသော် ကမ္မဇရုပ်တို့သည် စိတ္တက္ခဏ တဆဲ့ခြောက်ချက်နှင့် ခဏငယ်တချက်အားဖြင့် ခဏငယ်လေးဆဲ့

ကိုးချက်အသက်ကာလရှိသည်ဟု ယူလို၏။ ထိုရှေးအဋ္ဌကထာစကားသည်—

ယဿ ကာယသင်္ခါရော နိရုဇ္ဈတိ၊ တဿ စိတ္တသင်္ခါရော နိရုဇ္ဈတီတိ။ အာမန္တာ——

ဟူသော **သင်္ခါရယမိုက်ပါဠိတော်** (ဒုတိယတွဲ-၂၆) နှင့် ဆန့်ကျင်ရကား မသင့်ဟု **သမ္မောဟဝိနောဒနီအဋ္ဌကထာ** (၂၆) ၌ ပယ်၏။ အဘယ်သို့ဆန့်ကျင်သနည်းဟူမူ....ကာယသင်္ခါရဟူသည် အဿာသပဿာသ ဟူသော စိတ္တဇဝါယောဓာတ်တည်း၊ စိတ္တဇရုပ်တို့၏ သဘောသည်လည်း စိတ်၏ ဌီခဏ ဘင်ခဏ၌ဖြစ်သော မည်သည် မရှိ၊ စိတ်၏ဥပါဒ်ခဏ၌သာဖြစ်သည်၊ တစုံတခုသောစိတ်၏ ဥပါဒ်ခဏ ဌီခဏ၌ ချုပ်သောမည်သည်မရှိ၊ မိမိနှင့် အတူဖြစ်သော စိတ်မှသည် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့်ပြိုင်၍ ချုပ်မြဲသာ ဖြစ်သည်၊ဤသို့စိတ်နှင့် ပြိုင်၍သာဖြစ်ခြင်း ပြိုင်၍သာချုပ်ခြင်းသည် စိတ္တဇရုပ်တို့၏ ဓမ္မတာသာ ဖြစ်သည်၊ ဤသို့အမြဲအားဖြင့် စိတ်နှင့် ပြိုင်၍သာ ချုပ်သောကြောင့် ကာယသင်္ခါရချုပ်ဆဲပုဂ္ဂိုလ်အား စိတ္တသင်္ခါရ ချုပ်ဆဲဖြစ်မည်လောဟု မေးတော်မူသော မြတ်စွာဘုရားသည် အာမန္တာ-ဟု ဖြေတော်မူလေသည်။

ဤပါဠိတော် စိတ္တဇရုပ်၏ စိတ်နှင့်ပြိုင်၍ ချုပ်ကြောင်းကို ဟောတော်မူသည်၊ ရှေးအဋ္ဌကထာ၌ကား ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ဖြစ်သော ကမ္မဇရုပ်၏ ၎င်းစိတ်မှ တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ချုပ်ကြောင်းကို ဆိုတော်မူလေသည်၊ ဤသို့ဆန့်ကျင်သည်ဟူလို။ အဋ္ဌကထာ၌ ကမ္မဇရုပ်ကိုဆိုသည်၊ ပါဠိတော်၌ကား စိတ္တဇရုပ်ကိုဟောသည်၊ ဤသို့ ရုပ်ချင်းမတူ အခြားစီဖြစ်ရကား ရှေးအဋ္ဌကထာစကားသည် ပါဠိတော်နှင့် မဆန့်ကျင်ရာ ဟူပြန်အံ့။ စိတ္တဇရုပ်တို့၏ အသက်ခဏကာလသည် ကမ္မဇရုပ်တို့၏ အသက်ခဏကာလနှင့် မထူးရာ၊ အတူတူသာ ဖြစ်၍ ဆန့်ကျင်သည်သာ ဟူလေ။

ဟိ သစ္စံ မှန်၏။ ပဌမံ၊ ရှေးဦးစွာ။ ပဋိသန္ဓိစိတ္တံ၊ ပဋိသန္ဓေစိတ်သည်။ ဟောတိ၊ ၏။ ဒုတိယံ၊နှစ်ကြိမ်မြောက်။ ဘဝင်္ဂံ၊ဘဝင်စိတ်သည်။ ဟောတိ၊ ၏။ပ။ သောဠသမံ၊ တဆဲ့ခြောက်ကြိမ်မြောက်။ ဘဝင်္ဂံ၊သည်။ ဟောတိ၊ ၏။ တေသု၊ ထိုစိတ် တဆဲ့ခြောက်ခုတို့၌။ ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန၊ ဥပါဒ် ဌီ ဘင်၏ အစွမ်းဖြင့်။ တယော တယော ခဏာ၊ သုံးပါးသုံးပါးသော ခဏ

တို့သည်။ ဟောန္တိ၊ ကုန်၏။ တတ္ထ၊ ထို တဆဲ့ခြောက်ပါးသော စိတ်တို့တွင်။ ဧကေကဿ စိတ္တဿ၊ တခုတခုသော စိတ်၏။ တီသု တီသု ခဏေသု၊ သုံးပါး သုံးပါးသော ခဏတို့၌။ သမတိံသ သမတိံသ ကမ္မဇရူပါနိ၊ အမျှသုံးဆယ် အမျှသုံးဆယ်သော ကမ္မဇရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တေသု၊ ထို တဆဲ့ခြောက်ပါးသော စိတ်တို့တွင်။ ပဋိသန္ဓိစိတ္တဿ၊ ပဋိသန္ဓေစိတ်၏။ ဥပ္ပါဒက္ခဏေ၊ ဥပါဒ်ခဏ၌။ သမုဋ္ဌိတံ၊ ဖြစ်သော။ သမတိံသကမ္မဇရူပံ၊ အမျှသုံးဆယ်သော ကမ္မဇရုပ်သည်။ သတ္တရသမဿ၊ တဆဲ့ခုနစ်ကြိမ်မြောက် ဖြစ်သော။ ဘဝင်စိတ္တဿ၊ ၏။ ဥပ္ပါဒက္ခဏေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ နိရုဇ္ဈတိ၊ ချုပ်၏။ ဌိတိက္ခဏေ၊ ၌။ သမုဋ္ဌိတံ၊ သော။ သမတိံသကမ္မဇရူပံ၊ သည်။ ဌိတိက္ခဏေယေဝ၊ ၌သာလျှင်။ နိရုဇ္ဈတိ၊ ၏။ ဘင်္ဂက္ခဏေ၊ ၌။ သမုဋ္ဌိတံ၊သော။ သမတိံသကမ္မဇရူပံ၊သည်။ ဘင်္ဂက္ခဏေယေဝ၊၌သာလျှင်။ နိရုဇ္ဈတိ၊ ၏။ ဝေါ၊ ဤသို့။ ဒုတိယံ၊ နှစ်ကြိမ်မြောက် ဖြစ်သော။ ဘဝင်စိတ္တံ၊ ကို။ အာဒိံကတွာ၊ အစပြု၍။ အတ္တနော အတ္တနော၊ မိမိ မိမိ၏။ သတ္တရသမေန၊ တဆဲ့ခုနစ်ကြိမ်မြောက်သော စိတ်နှင့်။ ယောဇေတွာ၊ ယှဉ်၍။ နယော၊ နည်းကို။ နေတဗ္ဗော၊ ဆောင်အပ်၏။

ရုပ်၏ စိတ္တက္ခဏ တဆဲ့ခုနစ်ချက် အသက်ရှိသည်ကို ဆိုသော ခန္ဓဝိဘင်း အဋ္ဌကထာ, စိတ္တက္ခဏ တဆဲ့ခြောက်ချက်နှင့် ခဏငယ်တချက် အသက် ကာလရှိသည်ကိုဆိုသော ရှေးအဘိဓမ္မာ အဋ္ဌကထာ စကားနှစ်ရပ်လုံးပင်—

> အပရဿ မရဏာသမယေ ဝုတ္တပ္ပကာရကမ္မဝသေန နရကာဒီသု အဂ္ဂိဇာလဝဏ္ဏာဒိကံ ဒုဂ္ဂတိနိမိတ္တံ မနောဒ္ဝါရေ အာပါတမာဂစ္ဆတိ၊ တဿ ဒ္ဝိက္ခတ္တုံ ဘဝင်ေ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ တံ အာရမ္မဏံ အာရဗ္ဘ ဧကံ အာဝဇ္ဇနံ, မရဏဿ အာသန္နဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ, ဒွေ တဒါရမ္မဏာနီတိ တီဏိ ဝီထိစိတ္တာနိ ဥပ္ပဇ္ဇန္တိ၊ တတော ဘဝင်္ဂဝိသယံ အာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ၊ တ္တော- ဝတာ ဧကာဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ။အထ အဝသေသ- ပဉ္စစိတ္တက္ခဏာယုကေ တသ္မိံယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ။
>
> အပရဿ မရဏာသမယေ ပဉ္စန္နံ ဒ္ဝါရာနံ အညတရသ္မိံ ဒ္ဝါရေ ရာဂါဒိဟေတုဘူတံ ဟီနာရမ္မဏံ အာပါတံ အာဂစ္ဆတိ၊ တဿ

ယထာက္ကမေန ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ မရဏာသန္နဘာဝေန
မန္ဒီဘူတဝေဂတ္တာ ပဋ္ဌ ဇဝနာနိ ဒွေ့ တဒါရမ္မဏာနိ စ ဥပ္ပဇ္ဇန္တိ၊
တတော ဘဝင်္ဂဝိသယမာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ၊ တွော-
ဝတာ ဒွေ ဘဝင်္ဂါနိ အာဝဇ္ဇနံ ဒဿနံ သမ္ပဋိစ္ဆနံ သန္တီရဏံ
ဝေါဋ္ဌဗ္ဗနံ ပဋ္ဌ ဇဝနာနိ ဒွေ တဒါရမ္မဏာနိ ဧကံ စုတိစိတ္တန္တိ ပဋ္ဌဒသ
စိတ္တက္ခဏာ အတီတာ ဟောန္တိ။ အထ အဝသေသကေစိတ္တက္ခဏာ-
ယုကေ တသ္မိံယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ—

ဟူသော **ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ(၂၄)**နှင့် ဆန့်ကျင်ကြောင်းကို—

ယာ ပန ဧတေဟိ ရူပဿ သတ္တရသစိတ္တက္ခဏာယုကတာ
ဝုတ္တာ၊ ယာ စ အဋ္ဌကထာယ တတိယဘာဝါမိကသောဠသစိတ္တက္ခ-
ဏာယုကတာ၊ သာ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂအဋ္ဌကထာယ အတီတာ-
ရမ္မဏာယ စုတိယာ အနန္တရာ ပစ္စုပ္ပန္နာရမ္မဏံ ပဋိသန္ဓိံ ဒဿေတုံ။
တွောဝတာ ကောဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ၊ တထာ
ပဋ္ဌဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ။ အထာဝသေသပဋ္ဌစိတ္တက္ခ-
ဏာယုကေ ဧကစိတ္တက္ခဏာယုကေ တသ္မိံယေဝါရမ္မဏေ ပဋိသန္ဓိ-
စိတ္တံ ဥပ္ပဇ္ဇတီတိ ဒဿိတေန သောဠသစိတ္တက္ခဏာယုကဘာဝေန
ဝိရုဇ္ဈတိ—

စသည်ဖြင့် **ခန္ဓဝိဘင်းမူလဋီကာ(၂၂)**၌ ပြဆို၏။ ပဋိစ္စသမုပ္ပါဒဝိဘင်း
အဋ္ဌကထာကို နိတတ္ထ ယူသည်၊ ရုပ်သည် ဌီသို့ရောက်မှသာ မဟုတ်၊ ဥပါဒ်
ခဏဉ်ပင် ဘဝင်လှုပ်ခြင်း၏ အကြောင်းဖြစ်၏၊ ဥပါဒ်ခဏဉ်ပင် ဒွါရ၌
ထင်ခြင်းသို့ ရောက်၏ဟု ယူသည်။

အပရဿ၊ တပါးသောပုဂ္ဂိုလ်အား။ မရဏသမယေ၊ သေခါနီးကာလ၌။
ဝုတ္တပ္ပကာရကမ္မဝသေန၊ ပြဆိုအပ်ပြီးသော အပြားရှိသော အကုသိုလ် ကံ၏
အစွမ်းဖြင့်။ နရကာဒီသု၊ ငရဲအစရှိသည်တို့၌။ အဂ္ဂိဇာလဝဏ္ဏာဒိကံ၊ ငရဲ
မီးတောက် ငရဲမီးလျှံ စသည်တို့၏ အဆင်းဖြစ်သော။ ဒုဂ္ဂတိနိမိတ္တံ၊
မကောင်းသော ဂတိနိမိတ် တည်းဟူသော အာရုံသည်။ မနောဒွါရေ၊ ၌။
အာပါတံ၊ ရှေးရှုကျခြင်း, ထင်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တဿ၊
ထို နိရယဂတိနိမိတ် ထင်သောပုဂ္ဂိုလ်အား။ ဒွိက္ခတ္တုံ၊ နှစ်ကြိမ်။ ဘဝင်္ဂေ၊

ဘဝင်သည်။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ နိရုဒ္ဓေ၊ ချုပ်ပြီးသည်ရှိသော်။ တံ အာရမ္မဏံ၊ ထိုဂတိနိမိတ်အာရုံကို။ အာရဗ္ဘ၊ အာရုံပြု၍။ ဧကံ၊ တပါးသော တကြိမ်သော။ အာဝဇ္ဇနံ၊ မနောဒွါရာဝဇ္ဇန်းရှင်း။ မရဏာသန္နဝီထိ၊ သေခြင်း၏။ အာသန္နဘာဝေန၊ နီးသည်၏ အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ နုံ့သည်ဖြစ်၍ ဖြစ်သော အဟုန်ရှိသည်၏ အဖြစ်ကြောင့်။ ပဉ္စ ဇဝနာနိ၊ ငါးကြိမ်သော ဇောတို့ရှင်း။ ဒွေ တဒါရမ္မဏာနိ၊ နှစ်ကြိမ်သော တဒါရုံတို့ရှင်း။ ဣတိ၊ သို့။ တီဏိ ဝီထိစိတ္တာနိ၊ သုံးမျိုးသော ဝီထိစိတ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထို ဝီထိစိတ်တို့ ဖြစ်ပြီးသည်မှ။ ပရံ၊ နောက်၌။ ဘဝင်္ဂဝိသယံ၊ ဤဘဝ ဘဝင်၏အာရုံဖြစ်သော ကံ ကမ္မနိမိတ် ဂတိနိမိတ်တို့တွင် တပါးပါး သော အာရုံကို။ အာရမ္မဏံ ကတွာ၊ အာရုံပြု၍။ ဧကံ၊ တကြိမ်။ စုတိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊၏။ တွော့ဝတာ၊ ဤမျှတည်းဖြင့်။ ဧကောဒသ စိတ္တက္ခဏာ၊ တဆဲ့တချက်သော စိတ္တက္ခဏတို့သည်။ အတီတာ၊ လွန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ထို့နောင်မှ။ အဝသေသပဉ္စစိတ္တက္ခဏာယုကေ၊ စိတ္တက္ခဏ ငါးချက် အသက်ကြွင်းကာလရှိသော။ တသ္မိံ ယေဝ အာရမ္မဏေ၊ ထို ဂတိ-နိမိတ်အာရုံ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

အပရဿ၊အား။ မရဏာသန္နမယော၊၌။ ပဉ္စန္နံ ဒွါရာနံ၊စက္ခုဒွါရ အစရှိသော ငါးပါးသော ဒွါရတို့တွင်။ အညတရသ္မိံ ဒွါရေ၊ တပါးပါးသော ဒွါရ၌။ ရာဂါဒိဟေတုဘူတံ၊ ရာဂစသည်တို့၏ အကြောင်းဖြစ်၍ဖြစ်သော။ ဟီနာ-ရမ္မဏံ၊ယုတ်ညံ့သောအာရုံသည်။ အာပါတံ၊ ရှေးရှုကျခြင်း ရှေးရှုတော်ခြင်း ရှေးရှုထင်ခြင်းသို့။ အာဂစ္ဆတိ၊ ၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ယထာက္ကမေန၊ အကြင်အကြင် မိမိတို့ဖြစ်ထိုက်သော အစဉ်အားဖြင့်။ ဥပ္ပန္နဝေါဋ္ဌဗ္ဗနာ-ဝသာနေ၊ ဖြစ်သော ဝုဋ္ဌော၏အဆုံး၌။ မရဏဿ၊ ၏။ အာသန္နဘာဝေန၊ အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ ကြောင့်။ ပဉ္စ ဇဝနာနိ စ၊ တို့သည်ရှင်း။ ဒွေ တဒါရမ္မဏာနိ စ၊ တို့သည်ရှင်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တတော၊ထို ဒုတိယ-တဒါရုံစိတ် ချုပ်သည်မှ။ ပရံ၊ ၌။ ဘဝင်္ဂဝိသယံ၊ ကို။ အာရမ္မဏံ ကတွာ၊ ၍။ ဧကံ၊ တကြိမ်။ စုတိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တွော့ဝတာ၊ ဖြင့်။ ဒွေ ဘဝင်္ဂါနိ၊ တို့ရှင်း။ အာဝဇ္ဇနံ၊ ပဉ္စဒွါရာဝဇ္ဇန်းရှင်း။ ဒဿနံ၊စက္ခုဝိညာဉ် ရှင်း။ သမ္ပဋိစ္ဆနံ၊ ရှင်း။ သန္တီရဏံ၊ ရှင်း။ ဝေါဋ္ဌဗ္ဗနံ၊ရှင်း။ ပဉ္စ ဇဝနာနိ၊ ရှင်း။ ဒွေ တဒါရမ္မဏာနိ၊ ရှင်း။ ဧကံ စုတိစိတ္တံ၊ ရှင်း။ ဣတိ၊သို့။ ပဉ္စဒသ

စိတ္တက္ခဏာ၊ တဆဲ့ငါးချက်သော စိတ္တက္ခဏတို့သည်။ အတိတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ထိုတဆဲ့ငါးချက်သောစိတ္တက္ခဏကို လွန်ပြီးသည်မှ နောက်၌။ အဝသေသကေစိတ္တက္ခဏာယုကေ၊ ကြွင်းသောစိတ္တက္ခဏ တချက် အသက်ရှိသော။ တသ္မိံယေဝ အာရမ္မဏေ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အဋ္ဌကထာအနက်။

ဧတေဟိ ဝစနေဟိ၊ တို့ဖြင့်။ ရူပဿ၊ ၏။ ယာ သတ္တရသစိတ္တက္ခဏာယုကတာ၊ အကြင်စိတ္တက္ခဏ တဆဲ့ခုနစ်ချက် အသက်ရှိသည်၏ အဖြစ်ကို။ ဝုတ္တာ၊ ခန္ဓဝိဘင်းအဋ္ဌကထာ၌ ဆိုအပ်၏။ အဋ္ဌကထာယ၊ ရှေးအဘိဓမ္မာ အဋ္ဌကထာ၌။ ယာ စ တတိယဘာဂါဓိကသောဠသစိတ္တက္ခဏာယုကတာ၊ အကြင်တခုသောစိတ္တက္ခဏ၏ သုံးဘို့တဘို့ဖြစ်သော ခဏငယ်တချက် အလွန် ရှိသော စိတ္တက္ခဏ တဆဲ့ခြောက်ချက် အသက်ရှိသည်၏ အဖြစ်ကိုလည်း။ ဝုတ္တာ၏။ သာ၊ထိုရုပ်၏ စိတ္တက္ခဏ တဆဲ့ခုနစ်ချက် အသက်ရှိသည်၏အဖြစ်, ခဏငယ်တချက်အလွန်ရှိသော စိတ္တက္ခဏတဆဲ့ခြောက်ချက် အသက်ရှိသည် ၏ အဖြစ်သည်။ ပဋိစ္စသမုပ္ပါဒဝိဘင်္ဂအဋ္ဌကထာယ၊ ၌။ အတီတာရမ္မဏာယ၊ အတိတ်တရားလျှင် အာရုံရှိသော။ စုတိယာ၊စုတိ၏။ အနန္တရာ၊ အခြားမဲ့၌။ ပစ္စုပ္ပန္နာရမ္မဏံ၊ ပစ္စုပ္ပန်တရားလျှင် အာရုံရှိသော။ ပဋိသန္ဓိံ ၊ ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ တ္တောဝတာ၊ ဘဝင်နှစ်ကြိမ် မနောဒွါရာဝဇ္ဇန်း ဇော ငါးကြိမ် တဒါရုံနှစ်ကြိမ် ဟူသော ဤမျှတည်းဖြင့်။ ကောဒသ စိတ္တက္ခဏာ၊ တို့သည်။ အတီတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ထိုသို့ စိတ္တက္ခဏ တဆဲ့တချက်လွန်ပြီးသည်မှ နောက်၌။ ပဉ္စစိတ္တက္ခဏာယုကေ၊ သော။ တသ္မိံ ယေဝါရမ္မဏေ၊ ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ (တထာ သဒ္ဒါ အနုကစုန၊ ယင်းဖြင့် အဋ္ဌကထာကိုင်၏။) တထာ တ္တောဝတာ၊ ဘဝင်-စလန ဘဝင်္ဂုပစ္ဆေဒ ပဉ္စဒွါရာဝဇ္ဇန်း စက္ခုဝိညာဉ် သမ္ပဋိစ္ဆိုင်း သန္တီရဏ ဝုဋ္ဌော ဇောငါးကြိမ် တဒါရုံနှစ်ကြိမ်ဟူသော ဤမျှတည်းသောစိတ်အစဉ် ဖြင့်။ ဝါ၊ ဟူသော ဤမျှ အတိုင်းအရှည်ရှိသော စိတ်အစဉ်ဖြင့်။ ပဉ္စဒသ စိတ္တက္ခဏာ၊ တို့သည်။ အတီတာ၊ ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ထိုသို့ စိတ္တက္ခဏတဆဲ့ငါးချက် လွန်ပြီးသည်မှ နောက်၌။ ကေစိတ္တက္ခဏာ-ယုကေ၊ သော။ တသ္မိံယေဝါရမ္မဏေ၊ ၌သာလျှင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ၊ သို့။ ဒဿိတေန၊ ပြအပ်သော။ သောဠသစိတ္တက္ခဏာ-

ယုကဘာဝေန၊ ရုပ်၏ စိတ္တက္ခဏတဆဲ့ခြောက်ချက် အသက်ရှိသည်၏ အဖြစ်နှင့်။ ဝိရုဇ္ဈတိ၊ ဆန့်ကျင်၏။

ဤ **မူလဋီကာ**ကဲ့သို့ ယူသည်ကို ဋီကာကျော်၌ ကေစိ ဟူ၏။ ပဋိစ္စ-သမုပ္ပါဒဝိဘင်း အဋ္ဌကထာ၌ စိတ်ဖြစ်ခြင်းအား ကျေးဇူးပြုတတ်သည်၏ အဖြစ်အားလျော်သော ခဏ၏အစွမ်းဖြင့် စိတ္တက္ခဏ တချက်လွန်သော အာရုံကိုရည်၍ ဆိုရကား....ခန္ဓဝိဘင်းနှင့် အတူပင်ဖြစ်၍ မဆန့်ကျင် ဟု မှတ်လေ။ ပစ္စုပ္ပန်ဖြစ်သော ရုပ်သည် နည်းစွအဆုံး စိတ္တက္ခဏ တချက်ခန့် ကာလကို လွန်မှသာ ထင်ခြင်းသို့ ရောက်နိုင်သည်။

> ယတ္ထ ပန သောဠသစိတ္တက္ခဏာနေဝ ပညာယန္တိ၊ တတ္ထ စိတ္တပ္ပဝတ္တိယာ ပစ္စယဘာဝယောဂျက္ခဏဝသေန နယော နီတော။ ဟေဋ္ဌိမကောဋိယာ ဟိ ဧကစိတ္တက္ခဏမ္ပိ အတိက္ကန္တသောဝ ရူပဿ အာပါတဂမနသာမတ္ထိယန္တိ။ **ဋီကာကျော်** (၂၄၀)

ယတ္ထ၊ အကြင်အရာ၌။ သောဠသစိတ္တက္ခဏာနေဝ၊ တဆဲ့ခြောက်ချက်သော စိတ္တက္ခဏတို့သည်သာလျှင်။ ပညာယန္တိ၊ ထင်ကုန်၏။ တတ္ထ၊ ထိုစိတ္တက္ခဏ တဆဲ့ခြောက်ချက်တို့သာ ထင်သောအရာ၌။ စိတ္တပ္ပဝတ္တိယာ၊ စိတ်ဖြစ်ခြင်းအား။ ပစ္စယဘာဝယောဂျက္ခဏဝသေန၊ ကျေးဇူးပြုသည်၏ အဖြစ်ငှါ လျော်သော ခဏ၏ အစွမ်းဖြင့်။ နယော၊ နည်းကို။ နီတော၊ ဆောင်အပ်၏။ ဟိ သစ္စံ၊ မှန်၏။ ဟေဋ္ဌိမကောဋိယာ၊ အောက်အကျဆုံး အနည်းဆုံးဖြစ်သော အစွန်း အပိုင်းအခြားအားဖြင့်။ ဧကစိတ္တက္ခဏမ္ပိ၊ တခုသော စိတ္တက္ခဏကာလကိုလည်း။ အတိက္ကန္တသောဝ၊ လွန်သည်သာလျှင် ဖြစ်သော။ ရူပဿ၊ ရုပ်၏။ အာပါတဂမနသာမတ္ထိယံ၊ ဒွါရ၌ ရှေးရှုကျခြင်း ထင်ခြင်းငှါ စွမ်းနိုင်သည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

မရဏာသန္နပဉ္စဒွါရဝီထိ၏ အာရုံဖြစ်သော ပဉ္စာရုံသည် စုတိစိတ် ချုပ်သည့်နောက် စိတ္တက္ခဏ တချက်ခန့် အသက်ကြွင်းရှိကြောင်း, ပဋိသန္ဓေစိတ်သည် ထိုပစ္စုပ္ပန် ပဉ္စာရုံကို အာရုံပြုကြောင်းကို ဆိုသော ယခင် ပဋိစ္စသမုပ္ပါဒ ဝိဘင်းအဋ္ဌကထာကို ထောက်၍ ပဉ္စဝိညာဉ်သည် မန္ဒာယုက အမန္ဒာယုက မဇ္ဈိမာယုကဖြစ်သော ပသာဒသုံးမျိုးတွင် မိမိတို့၏ အာရုံ

ဖြစ်သော ပဋ္ဌာရုံနှင့် အဖြစ်အချုပ် ကာလပြိုင်၍ အသက်ကာလတူမျှသော မဇ္ဈိမာယုကဖြစ်သော ပသာဒကိုသာ မှီ၏ဟူသော လက္ခဏာသည် ပကတိကာလ ပဝတ္တိကာလအခါ၌သာ မြဲသည်၊ မရဏာသန္နအခါ၌ကား ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဌီခဏကစ၍ အသစ်မဖြစ်၊ ၎င်းစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ပစ္ဆိမကမ္မဇရုပ်သည် စုတိစိတ်နှင့် ပြိုင်၍သာ ချုပ်မြဲဖြစ်သောကြောင့် ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ချုပ်သော ၎င်းပဋ္ဌာရုံ မဖြစ်မီဖြစ်၍ ပဋ္ဌာရုံမချုပ်မီချုပ်သော မန္ဒာယုကဖြစ်သော ပသာဒကိုလည်း မှီရကား ၎င်းလက္ခဏာ မမြဲ။ ထို့ကြောင့် ပဥ္စဝိညာဉ်သည် မဇ္ဈိမာယုကဖြစ်သော ပသာဒကိုမှီ၏ဟူသော လက္ခဏာကို ယေဘုယျသာဟု မှတ်လေ။

## ၁၁-စိတ်၏ဌီ ရှိမရှိနှင့် ဘင်္ဂက္ခဏာ ရုပ်ဖြစ်မဖြစ်

စိတ်၏ ဌီခဏ၌ ရုပ်ဖြစ်၏ဟူသော စကား၌ ရုပ်ဖြစ်မည်ကို မဆိုထားဘိ၊ စိတ်မှာ ဌီရှိမရှိကိုပင် စိစစ်ပါလေဦးဟု—

> ယော စေတ္ထ စိတ္တဿ ဌိတိက္ခဏော ဝုတ္တော၊ သော စ အတ္ထိ နတ္ထီတိ ဝိစာရေတဗ္ဗော။ စိတ္တယမကေ ဟိ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနန္တိ ဧတ္တကမေဝ ဝုတ္တံ၊ န ဝုတ္တံ ဌိတက္ခဏေ ဘင်္ဂက္ခဏေ စာတိ—

စသည်ဖြင့် စိတ္တယမိုက်ပါဠိကို များစွာဆောင်ယူ၍ **မူလဋီကာ** (ဒုတိယတွဲ-၂၂)၌ စိစစ်၏။ အကယ်၍ စိတ်မှာ ဌီရှိသည် ဖြစ်အံ့ "ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ" ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ၌ "ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနံ"ဟု ဌီခဏဘင်ခဏနှစ်ပါးကို ဟောတော်မူရာခဲ့သည်၊ယင်းသို့ကား မဟောပါ။ "ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနံ"ဟု ဘင်ခဏ တခုတည်းကိုသာ ဟောတော်မူခဲ့သည်။ ထို့ကြောင့် စိတ်မှာ ဌီမရှိဟု ယူတော်မူသည်။

> တိဏ္ဏမ္ပိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ ဝယော ပညာယတိ ဌိတဿ အညထတ္တံ ပညာယတိ—

ဟူသော **အင်္ဂုတ္တိုရ်** ပါဠိတော် (ပဌမတွဲ-၁၅၀) ၌လည်း တခုတည်းသော တရား၌ တပါးသော အခြင်းအရာအားဖြင့်ဖြစ်ခြင်း မရှိရသောကြောင့် ခဏဌီကို ဟောသည် မဟုတ်၊ "ဉာယတိ" ဟူ၍သာ မဟောဘဲ ဓာတွတ္ထဗာဓကဖြစ်သော ပ-ဟူသော ဥပသာရနှင့် "ပညာယတိ"ဟု ဟောရကား တပါးသော အခြင်းအရာအားဖြင့် ဖြစ်ခြင်းထင်ရှားသော သန္တတိပဗန္ဓ ဖြစ်သော ဌီကိုသာ ဟောတော်မူသည်။ တနည်းလည်း—ဥပါဒ်ခဏ ဘင်ခဏနှစ်ပါးနှင့် ပြည့်စုံသော ထင်ရှားသောတရားကိုပင် ဌီဟုဟောတော်မူသည်၊ဥပါဒ်ခဏ ဘင်ခဏမှ အသီးအခြားဌီခဏဟူ၍မရှိဟုယူတော်မူသည်။

ဧတ္ထ၊ ဤ တေသု ဧကေကဿ စိတ္တဿ ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန တယော တယော ခဏာ-ဟူသော အဋ္ဌကထာ၌။ ယော ဌိတိက္ခဏော၊ အကြင်စိတ်၏ ဌီခဏကို။ ဝုတ္တော၊ မိန့်ဆိုအပ်၏။ သော စ ဌိတိက္ခဏော၊ ကိုလည်း။ အတ္ထိ၊ အဋ္ဌကထာဆရာဆိုတိုင်း ရှိပါလေ၏လော။ နတ္ထိ၊ မရှိလေသလော။ ဣတိ၊ သို့။ ဝိစာရေတဗ္ဗော၊ စိစစ်ဆင်ခြင်အပ်၏။ ဟိ၊ စိစစ်ရမည်ဟူသော စကားမှန်၏။ စိတ္တယမကေ၊ စိတ္တယမိုက်ကျမ်း၌။ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ။ ဘင်္ဂက္ခဏေ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနန္တိ၊ ဥပ္ပန္နံ။ပ။ မာနံ-ဟူ၍။ ဧတ္တကမေဝ၊ စိတ်၏ ဥပါဒ်ဘင် ဟူသော ဤမျှတည်းကိုသာလျှင်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စာတိ၊ ဌိတိက္ခဏေ ဘင်္ဂက္ခဏေ စ-ဟူ၍။ န ဝုတ္တံ၊ ဌီခဏကို ဟောတော်မမူအပ်။

စိတ်၏ ဘင်ခဏ၌ ရုပ်ဖြစ်၏ ဟူသော စကား၌လည်း ဖြစ်မဖြစ်ကို စိစစ်သင့်၏ ဟု—

> ယော စေတ္ထ စိတ္တနိရောဓက္ခဏေ ရူပုပ္ပါဒေါ ဝုတ္တော၊ သော
> စ ဝိစာရေတဗ္ဗော။ ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ
> ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ။ နော—

ဟူသော **သစ္စယမိုက်ပါဠိတော်**ကို ဆောင်၍ စိစစ်၏။ အကယ်၍ စိတ်၏ ဘင်ခဏ၌ ရုပ်ဖြစ်အံ့၊ ခပ်သိမ်းသောရုပ်သည် ဒုက္ခသစ္စာချည်း ဖြစ်၍ သမုဒယသစ္စာ ချုပ်ဆဲခဏ၌ ရုပ်ဖြစ်ဆဲသာ ဖြစ်ခဲ့သော်...."ယဿ ဝါ ပန သမုဒယသစ္စံ နိရုဇ္ဈတိ၊ တဿ ဒုက္ခသစ္စံ ဥပ္ပဇ္ဇတီတိ" ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို အာမန္တာ-ဟု ဟောတော်မူရာခဲ့သည်၊ ယင်းသို့ကား မဟောမူ၍

"နော"ဟု ဟောတော်မူသောကြောင့် စိတ်၏ ဘင်ခဏ၌ ရုပ်မဖြစ်ကောင်းဟု ယူတော်မူသည်။ ... .

တ္ထေ၊ ဤ တတ္ထ ဧကေကဿ စိတ္တဿ တီသု တီသု ခဏေသု သမတိံသ သမတိံသ ကမ္မဇရူပါနိ ဥပ္ပဇ္ဇန္တိ-ဟူသော စကား၌။ စိတ္တနိရောဓက္ခဏေ၊ စိတ်၏ချုပ်ဆဲ ဘင်ခဏ၌။ ယော ရူပုပ္ပါဒေါ၊ အကြင်ရုပ်၏ ဖြစ်ခြင်းကို။ ဝုတ္တော၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ သော စ၊ ထိုစိတ်၏ ဘင်ခဏ၌ ရုပ်ဖြစ်ခြင်းကိုလည်း။ ဝိစာရေတဗ္ဗော၊ စိစစ်ဆင်ခြင်အပ်၏။

ဤ မူလဋီကာကဲ့သို့ စိတ်မှာ ဌီမရှိဟူ၍ရင်း, စိတ်၏ ဘင်ခဏ၌ ရုပ်မဖြစ်ဟူ၍ရင်း ယူသောဝါဒ၏ ကေစိဝါဒဖြစ်ကြောင်းကို ထိုဆရာတို့၏ အာဘော်နှလုံးသွင်းကို ထင်လင်းစွာ ပြ၍——

ဥပ္ပန္နမုပ္ပဇ္ဇမာနန္တိ၊ ဝိဘင်္ဂေ ဝေမာဒိနံ။
ဘင်္ဂက္ခဏသ္မိံ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနကံ။
ဥပ္ပဇ္ဇမာနမုပ္ပါဒေ၊ န ဥပ္ပန္နန္တိအာဒိနာ။
ဘင်္ဂုပ္ပါဒါဝ အက္ခာတာ၊ န စိတ္တဿ ဌိတိက္ခဏော။
ဥပ္ပါဒေါ စ ဝယော စေဝ၊ အညထတ္တံ ဌိတဿ စ။
ပညာယတီတိ ဝုတ္တတ္တာ၊ ဌိတိ အတ္ထီတိ စေ မတံ။
အညထတ္တဿ ဧကသ္မိံ၊ ဓမ္မေ အနုပလဒ္ဓိတော။
ပညာဏဝစနော စေဝ၊ ပဗန္ဓဋ္ဌိတိ တတ္ထပိ။
ဝုတ္တာ တသ္မာ န စိတ္တဿ၊ ဌိတိ ဒိဿတိ ပါဠိယံ။
အဘိဓမ္မေ အဘာဝေါပိ၊ နိသေဓောယေဝ သဗ္ဗထာ။
ယဒါ သမုဒယော ယဿ၊ နိရုဇ္ဈတိ တဒါဿ ကိံ။
ဒုက္ခမုပ္ပဇ္ဇတိစ္စေတ္ထ၊ ပဥှေ နောတိ နိသေဓတော။
ရူပုပ္ပါဒေါ န ဘင်္ဂသ္မိံ၊ တသ္မာ သဗ္ဗေပိ ပစ္စယာ။
ဥပ္ပါဒေယေဝ စိတ္တဿ၊ ရူပဟေတူတိ ကေနစိ——

ဟု **ဋီကာကျော်( ၂၀၇-၈ )**၌ သင်္ဂဟဂါထာဖြင့် ပြဆို၏။

ထို ကေစိဝါဒ၏ မသင့်ကြောင်းကိုလည်း ထိုဆရာတို့ဆောင်သော ပါဠိတော်တို့၏ ဟုတ်မှန်သောအနက်ကို အကြောင်းယုတ္တိနှင့်တကွပြ၍——

ဝုစ္စတေ တတ္ထ ဧကသ္မိံ၊ ဓမ္မေယေဝ ယထာ မတာ။
ဥပ္ပါဒါဝတ္ထတော ဘိန္နာ၊ ဘင်္ဂါဝတ္ထာ တထေဝ တု။

ဘင်္ဂဿာဘိမုခါဝတ္တာ၊ ဇူလိုတဗ္ဗာ အယံ ဌိတိ။
နယဒဿနတော သော၊ ဝိဘင်္ဂေ န တု ဒေသိတာ။
လက္ခဏံ သခ်တဿော၀၊ ဝတ္တုမုပ္ပါဒအာဒိနံ။
ဒေသိတတ္တာ န တတ္ထာပိ၊ ပဗန္ဓဿ ဌိတိရိတာ။
ဥပသဂ္ဂဿ ဓာတူန-မတ္ထေယေ၀ ပဝတ္တိတော။
ပညာယတီတိ စေတဿ၊ အတ္ထော ဝိညာယတေ ဇူတိ။
ဘင်္ဂေ ရူပဿ နုပ္ပါဒေါ၊ စိတ္တဇာနံ ဝသေန ဝါ။
အာရုပ္ပံ ဝါပိ သန္ဓာယ၊ ဘာသိတော ယမကဿ ဟိ။
သဘာဝေါယံ ယထာလာဘ-ယောဇနာတိ တတော န ဟိ။
န စိတ္တဋ္ဌိတိ ဘင်္ဂေ စ၊ န ရူပဿ အသမ္ဘဝေါ—

ဟု သင်္ဂဟဂါထာဖြင့်ပင် ဖြေဆိုတော်မူ၏။

ဥပ္ပန္နမုပ္ပဇ္ဇမာနန္တိ ဧဝမာဒီနံ၊ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနန္တိ-ဤသို့ အစရှိသော စိတ္တယမိုက် ပုစ္ဆာဝါရပါဠိတော်တို့ကို။ ဝိဘင်္ဂေ၊ ဝေဖန်ဖြေဆိုရာ ဝိသဇ္ဇနာဝါရ၌။ ဘင်္ဂက္ခဏသ္မိံ ဥပ္ပန္နံ နော စ ဥပ္ပဇ္ဇမာနကံ၊ ဥပ္ပဇ္ဇမာနမုပ္ပါဒေ န ဥပ္ပန္နန္တိအာဒိနာ၊ ဘင်္ဂက္ခဏေ ဥပ္ပန္နံ နော စ ဥပ္ပဇ္ဇမာနကံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပဇ္ဇမာနံ နော စ ဥပ္ပန္နံ-ဤသို့ အစရှိသည်ဖြင့်။ (တနည်း) ဘင်္ဂက္ခဏသ္မိံ၊ စိတ်၏ ဘင်ခဏ၌။ ဥပ္ပန္နံ၊ ခဏတ္တယသို့ ရောက်ဆဲ။ ဝါ၊ ခဏတ္တယအထက်၌ ဖြစ်ဆဲ။ နော စ ဥပ္ပဇ္ဇမာနကံ၊ ဥပါဒ်အားဖြင့် ဖြစ်ဆဲမဟုတ်။ ဥပ္ပါဒေ၊ ဥပါဒ်ခဏ၌။ ဥပ္ပဇ္ဇမာနံ၊ ဥပါဒ်အားဖြင့် ဖြစ်ဆဲ။ န ဥပ္ပန္နံ၊ ဥပါဒ်မှစ၍ ဘင်တိုင်အောင်သော ခဏတ္တယအထက်၌ ဖြစ်ဆဲမဟုတ်။ ဇူတိအာဒိနာ၊ ဤသို့အစရှိသည်ဖြင့်။ စိတ္တဿ၊ စိတ်၏။ ဘင်္ဂုပ္ပါဒါ၀၊ ဘင်ခဏ ဥပါဒ်ခဏ တို့ကိုသာလျှင်။ အက္ခာတာ၊ ဟောတော်မူအပ်ကုန်၏။ ဌိတိက္ခဏော၊ ဌီခဏကို။ န အက္ခာတော၊ အပ်။

ဥပ္ပါဒတော ယာဝ ဘင်္ဂါ ဥဒ္ဓံ ပန္နာ ဂတာ ပဝတ္တာတိ ဥပ္ပန္နာ—

ဟူသော ဥပ္ပန္န တိက်ဘွင့် အဋ္ဌသာလိနီကိုမှီ၍ ပေးသည်။ အကယ်၍ စိတ်မှာ ဌီရှိအံ့၊ "ဘင်္ဂက္ခဏေ ဌိတိက္ခဏေ စ ဥပ္ပန္နံ၊ နော စ ဥပ္ပဇ္ဇမာနကံ"ဟူ၍ ဌီ ဘင် နှစ်ပါးကို ဟောရာခဲ့သည်။ ဟောကား ဟောတော်မမူသောကြောင့် စိတ်မှာ ဌီမရှိဟု ကေနစိဆရာ ယူသည် ဟူလို။

ဥပ္ပါဒေါ စ၊ ဖြစ်ခြင်းဥပါဒ်သည်ရှင်း။ ဝယော စေဝ၊ ပျက်ခြင်း ဘင်သည်ရှင်း။ ဌိတဿ၊ ဌီ၏။ အညထတ္တဥ္စ၊ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်၍ဖြစ်သည်၏ အဖြစ်သည်ရှင်း။ ပညာယတိ၊ ထင်ရှား၏။ ဣတိ၊ သို့။ ဝုတ္တတ္တာ၊ တိကအင်္ဂုတ္တိုရ်ဝယ် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဌိတိ၊ ဌီသည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ သို့။ စေ မတံ၊ အကယ်၍ ဆိုအပ်ငြား အံ့။ ကေသိ့ ဓမ္မေ၊ တခုတည်းသောတရား၌။ အညထတ္တဿ၊ တပါးသော အခြင်းအရာအားဖြင့် ဖောက်ပြန်၍ ဖြစ်သည်၏အဖြစ်ကို။ အနုပလဒ္ဓိတော စ၊ မရအပ် မရရာသောကြောင့်ရှင်း။ ပညာဏဝစနတော စေဝ၊ သိအပ်၏ ဟူသောအနက်ကို ဟောပြတတ်သော "ဉာယတိ"ဟူသော ကြိယာသာ ဟောတော်မမူဘဲ ထင်၏ ဟူသောအနက်ကို ဟောပြတတ်သော ဓာတွတ္ထ ဗာဓက "ပ"ဟူသော ဥပသာရနှင့်တကွ "ပညာယတိ"ဟူသော ကြိယာဖြင့် ဟောတော်မူသောကြောင့်ရှင်း။ တတ္ထာပိ၊ ထိုဌိတဿ အညထတ္တံ ပညာ-ယတိ-ဟူသော အင်္ဂုတ္တိုရ်ပါဠိတော်၌လည်း။ ပဗန္ဓဌိတိ၊ ပဗန္ဓ ဌီကိုသာလျှင်။ ဝုတ္တာ၊၏။ ခဏဌိတိ၊ ခဏဌီကို။ န ဝုတ္တာ၊ အပ်။ တသ္မာ၊ ထိုသို့ စိတ္တယမိုက် ပါဠိတော်ဝယ် ဘင်္ဂက္ခဏေ-စသည်၌ စိတ်၏ ဘင်ခဏကိုသာ ဟော၍ ဌီခဏကို ဟောတော်မမူသည်၏အဖြစ်, "ဌိတဿ အညထတ္တံ ပညာယတိ" ဟူ၍ အင်္ဂုတ္တိုရ်ဝယ် ပဗန္ဓဌီကိုသာ ဟောတော်မူ၍ ခဏဌီကို ဟောတော် မမူသည်၏ အဖြစ်ကြောင့်။ စိတ္တဿ၊ စိတ်၏။ ဌိတိ၊ ဌီသည်။ ပါဠိယံ၊ ပါဠိ တော်၌။ န ဒိဿတိ၊ ဟောတော်မူသော အရာမထင်။ အဘိဓမ္မေ၊အဘိဓမ္မာ ပိဋကတ်၌။ သဗ္ဗထာ၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်။ အဘာဝေါပိ၊ စိတ်မှာ ဌီရှိ၏ဟု ဟောတော်မူသောစကား မရှိခြင်းသည်လည်း။ နိသေဓော-ယေဝ၊ စိတ်မှာ ဌီရှိသည်၏အဖြစ်ကို တားမြစ်သည် မည်သည်သာတည်း။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ယဒါ၊ အကြင်အခါ၌။ သမုဒယော၊ သမု-ဒယသစ္စာသည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တဿ၊ ထိုသမုဒယသစ္စာ ချုပ်ဆဲသော ပုဂ္ဂိုလ်အား။ တဒါ၊ ထိုသမုဒယသစ္စာချုပ်ဆဲခဏ၌။ ဒုက္ခံ၊ ဒုက္ခသစ္စာသည်။ ဥပ္ပဇ္ဇတိ ကိံ၊ ဖြစ်ဆဲလော။ ဣတိ ပဉှေ၊ ဤသို့မေးရာ၌။ နောတိ၊သမုဒယ သစ္စာ ချုပ်ဆဲပုဂ္ဂိုလ်အား ဒုက္ခသစ္စာ ဖြစ်ဆဲမဟုတ် ဟူ၍။ နိသေဓတော၊ သမုဒယသစ္စာ ချုပ်ဆဲပုဂ္ဂိုလ်အား ဒုက္ခသစ္စာ ဖြစ်ဆဲ၏အဖြစ်ကို တားမြစ် တော်မူသောကြောင့်။ ဘင်္ဂသ္မိံ၊စိတ်၏ဘင်ခဏ၌။ ရူပုပ္ပါဒေါ၊ ရုပ်၏ဖြစ်ခြင်း

သည်။ န ဟောတိ၊ မဖြစ်။ တသ္မာ၊ ထိုသို့ စိတ်၏ ဘင်ခဏ၌ ရုပ်မဖြစ်သောကြောင့်။ သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ပစ္စယာ၊ ရုပ်ကိုဖြစ်စေတတ်ကုန်သော ကံ, စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းတို့သည်။ စိတ္တဿ၊ စိတ်၏။ ဥပ္ပါဒေယေဝ၊ ဥပါဒ်ခဏ၌သာလျှင်။ ရူပဟေတု၊ ရုပ်ဖြစ်ခြင်း၏ အကြောင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ သို့။ ကေနစိ၊ အချို့သော ဆရာတို့သည်။ ဝဒန္တိ၊ ကုန်၏။ (စိတ်သည် ဌီခဏ ဘင်ခဏကာလ၌ ရုပ်ကို မဖြစ်စေနိုင်၊ ဥပါဒ်ခဏ၌သာလျှင် ရုပ်ကို ဖြစ်စေနိုင်သည်၊ စိတ်သာမဟုတ်သေး၊ ကံ, ဥတု, အာဟာရတို့သည်လည်း စိတ်ကဲ့သို့ပင် စိတ်၏ ဌီခဏဘင်ခဏကာလ၌ ရုပ်ကို မဖြစ်စေနိုင်ကုန်၊ စိတ်၏ ဥပါဒ်ခဏကာလ၌သာလျှင် ရုပ်ကို ဖြစ်စေကုန်သည် ဟူလို၏။)

တတ္ထ၊ ထိုစိတ္တယမိုက်ဝယ် ဌီခဏကို မဟောရာအစရှိသည်တို့၌။ ကာရဏံ၊ အကြောင်းကို။ မယာ၊သည်။ ဝုစ္စတေ၊ ဆိုဦးအံ့။ ကေသိဉ္စိ ဓမ္မေယေဝ၊ တခုတည်းသော တရား၌သာလျှင်။ ဥပ္ပါဒါဝတ္ထတော၊ ဥပါဒ်အခိုက်အတံ့မှ။ ဘိန္နာ၊ ပြားသော။ ဘင်္ဂါဝတ္ထာ၊ ဘင်အခိုက်အတံ့ကို။ ဣစ္ဆိတဗ္ဗာ ယထာ၊ အလိုရှိအပ်သကဲ့သို့။ တထေဝ၊ ထိုအတူသာလျှင်။ ဘင်္ဂဿ၊ ဘင်သို့။ အဘိမုခါဝတ္ထာ၊ ရှေးရှုတည်သော အခိုက်အတံ့ကို။ ဣစ္ဆိတဗ္ဗာ၊ လိုအပ်၏။ အယံ၊ ဤသို့ ဘင်သို့ ရှေးရှုတည်သော အခိုက်အတံ့သည်။ ဌိတိ၊ ဌီမည်၏။ နယဒဿနတော၊ နည်းကိုပြသောအားဖြင့်။ သော၊ဤဘင်သို့ ရှေးရှုတည်သော အခိုက်အတံ့ဟူသော ဌီကို။ ဝိဘင်္ဂေ၊ ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ-ဟူသော ပုစ္ဆာကို ဝေဖန်ဖြေဆိုရာ ဝိသဇ္ဇနာဝါရ၌။ န တု ဒေသိတာ၊ ဟောတော်မမူအပ်။ သင်္ခတဿေဝ၊ စတုဘူမကသင်္ခတတရား၏သာလျှင်။ လက္ခဏံ၊ လက္ခဏာကို။ ဝတ္တုံ၊ ဟောခြင်းငှါ။ ဥပ္ပါဒါဒီနံ၊ ဥပ္ပါဒေါ ပညာယတိ-အစရှိသော စကားတို့ကို။ ဒေသိတတ္တာ၊ ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ တတ္ထာပိ၊ ထို—

> "တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ။ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဌိတဿ အညထတ္တံ ပညာယတီတိ"—

ဟူသော တိကအင်္ဂုတ္တိုရ် ပါဠိတော်၌လည်း။ ပဗန္ဓဿ၊ ပဗန္ဓပညတ်၏။ ဌိတိ၊ ဌီကို။ ဤရိတာ၊ ဟောတော်မူအပ်သည်။ န၊ မဟုတ်။ ဥပသဂ္ဂဿ၊ ပညာ

ယတိ-ဝယ် "ပ" ဟူသော ဥပသာရ၏။ ဓာတုနှံ၊ ဓာတ်တို့၏။ အတ္တေယေဝ၊ ယေဘုယျအားဖြင့် ပကတိအနက်၌သာလျှင်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ ပညာယဘိတိ စေတသာ စ၊ "ပညာယတိ" ဟူသော ဤပုဒ်၏လည်း။ ဝိညာ-ယတေ ဣတိ အတ္ထော၊ ဝိညာယတေ-ဟူသောအနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။

ဘင်္ဂေ၊ စိတ်၏ဘင်ခဏ၌။ ရူပဿ၊ ရုပ်၏။ နုပ္ပါဒေါ၊ မဖြစ်ခြင်းကို။ စိတ္တဇာနံ၊ စိတ္တဇရုပ်တို့၏။ ဝသေန ဝါ၊ အစွမ်းအားဖြင့်သော်လည်း။ ဘာသိတော၊ ဟောတော်မူအပ်၏။ အာရုပ္ပံ ဝါပိ၊ အရူပဘုံ၌ဖြစ်ခိုက်သော စိတ်ကိုသော်လည်း။ သန္ဓာယ၊ ရည်၍။ ဘာသိတော၊ ၏။ ဟိ သစ္စံ၊ ၏။ အယံ ယထာလာဘယောဇနာ၊ ရသင့်သည်အားလျော်စွာ ဤသို့ ယှဉ်ရခြင်းသည်။ ယမကဿ၊ ယမိုက်၏။ သဘာဝေါ၊ သဘောပင်တည်း။

---

## ၁၂-ရူပဘုံ၌ ဂန္ဓ ရသ ဃြာဏ ရှိ-မရှိ

### အဋ္ဌကထာမူရင်းစကား

တိံသ နဝ စေဝ ရူပီသု၊ သတ္တတိ ဥက္ကံသတော ဝ ရူပါနိ။
သံသေဒဇုပပါတယောနီသု၊ အထ ဝါ အဝကံသတော တိံသ။

ရူပီပြဟ္မေသု တာဝ ဩပပါတိကယောနိကေသု စက္ခုသောတ-ဝတ္ထုဒသကာနံ ဇီဝိတနဝကဿ စာတိ စတုန္နံ ကလာပါနံ ဝသေန တိံသ စ နဝ စ ပဋိသန္ဓိဝိညာဏေန သဟ ရူပါနိ ဥပ္ပဇ္ဇန္တိ၊ ရူပီ-ပြဟ္မေ ပန ဌပေတွာ အညေသု သံသေဒဇဩပပါတိကေသု ဥက္ကံသတော စက္ခုသောတဃာနဇိဝှါကာယဘာဝဝတ္ထုဒသကာနံ ဝသေန သတ္တတိ၊ တာနိ စ နိစ္စံ ဒေဝေသု။ တတ္ထ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ စတဿော စာပိ ဓာတုယော စက္ခုပသာဒေါ ဇီဝိတိန္ဒြိယန္တိ အယံ ဒသရူပပရိမာဏော ရူပပုဉ္ဇော စက္ခုဒသကော နာမ။ ဧဝံ သေသာ ဝေဒိတဗ္ဗာ။ အဝကံသတော ပန ဇစ္စန္ဓဗဓိရ-အဃာနကနပုံသကဿ ဇိဝှါကာယဝတ္ထုဒသကာနံ ဝသေန တိံသ ရူပါနိ ဥပ္ပဇ္ဇန္တိ—

ရူပဘုံ၌ ဖြစ်ခိုက်သောကလာပ်ရုပ်တို့ကို ရေတွက်ပြဆိုရာ စက္ခုဒသက စသည်ဖြင့် ရေတွက်သင့်မည်, စက္ခုသတ္တကစသည်ဖြင့် ရေတွက်သင့်မည်, ဇီဝိတနဝက ဟု ရေတွက်သင့်မည်, ဇီဝိတဆက္ကဟုရေတွက်သင့်မည်-အစရှိသည်ဖြင့် မူလဋီကာ အနုဋီကာတို့၌ စိစစ်ပြဆိုခြင်းသည် ဤအဋ္ဌကထာ၌ ပါရှိသောစကားကို အမှီပြု၍ ဖြစ်သည်ဟု သိစေလို ပြလိုသောကြောင့် ဤအဋ္ဌကထာပါဌ်ကို ဤအရာ၌ ပြဆိုလိုက်သည်။

ရူပီသု၊ အသညသတ်မှ တပါးသောရူပပြဟ္မာတို့၌။ တိံသ စ ရူပါနိ၊ စက္ခု သောတ ဝတ္ထုဒသကကလာပ်၏ အစွမ်းအားဖြင့် သုံးဆယ်သောရုပ်တို့သည်ရင်း။ နဝ စ၊ ဇီဝိတနဝကကလာပ်၏ အစွမ်းအားဖြင့် ကိုးပါးသောရုပ်တို့သည်ရင်း။ ဥပ္ပဇ္ဇန္တိ၊ ပဋိသန္ဓေခဏ၌ဖြစ်ကုန်၏။ သံသေဒဇုပပါ-တယောနိသု၊ သံသေဒဇယောနိ ဥပပါတ်ယောနိရှိကုန်သော ကာမပုဂ္ဂိုလ်တို့၌။ ဥက္ကံသတော၀၊ အလွန်အားဖြင့်သာလျှင်။ သတ္တတိ ရူပါနိ၊ ခုနစ်ဆယ်သောရုပ်တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ပဋိသန္ဓေခဏ၌ပင် ဖြစ်ကုန်၏။ အထဝါ၊ တနည်းကား။ သံသေဒဇောပပါတယောနိသု၊ တို့၌။ အဝကံသတော၊ အယုတ်အားဖြင့်။ တိံသ ရူပါနိ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။

တာဝ၊ ရှေးဦးစွာ။ ဝါ၊ အစဉ်အတိုင်း။ ဝိတ္ထာရော၊တိံသနဝစေ။ပ။ အဝကံသတော တိံသ-ဟူသော သင်္ခေပအားဖြင့် ပြထားခဲ့သော စကား၏ အကျယ်ကို။ မယာ၊ သည်။ ဝုစ္စတေ၊ အံ့။ ဩပပါတိကယောနိကေသု၊ ဥပပါတ်ပဋိသန္ဓေနေခြင်းရှိကုန်သော။ ရူပီပြဟ္မေသု၊ တို့၌။ စက္ခုသောတ-ဝတ္ထုဒသကာနံ၊ စက္ခုဒသက သောတဒသက ဝတ္ထုဒသကကလာပ်တို့၏ ရင်း။ ဇီဝိတနဝကဿ စ၊ ဇီဝိတနဝကကလာပ်၏ရင်း။ ဣတိ၊ သို့။ စတုန္နံ၊ ကလာပါနံ၊ လေးစည်းသောကလာပ်တို့၏။ ဝသေန၊ ဖြင့်။ တိံသ စ ရူပါနိ၊ တို့သည်ရင်း။ နဝ စ ရူပါနိ၊ တို့သည်ရင်း။ ပဋိသန္ဓိဝိညာဏေန၊ ပဋိသန္ဓေစိတ်နှင့်။ သဟ၊ တကွ။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ ပန၊ ရူပဥပပါတ်တို့၌ဖြစ်သော ကလာပ်ရုပ်မှတပါး ကာမသံသေဒဇ ဥပပါတ်တို့၌ ဖြစ်သော ကလာပ်ရုပ်တို့ကိုပြဦးအံ့။ဝါ၊တိံသ နဝစေဝ ရူပီသု-ဟူသော သင်္ခေပ၏ ဝိတ္ထာရမှတပါး သတ္တတိ ဥက္ကံသတော၀-အစရှိသော သင်္ခေပ၏ ဝိတ္ထာရကို ပြဆိုဦးအံ့။ ရူပီ-ပြဟ္မေ၊ ရူပါဝစရပြဟ္မာတို့ကို။ ဌပေတွာ၊ ချန်လှပ်လွှတ်ထား၍။ အညေသု၊

တပါးကုန်သော။ သံသေဒဇသြပပါတိကေသု၊ သံသေဒဇပုဂ္ဂိုလ်ကာမဥပပါတ်ပုဂ္ဂိုလ်တို့၌။ ဥက္ကံသတော၊ အလွန်ဆုံးအများဆုံးအားဖြင့်။ စက္ခုသောတ ဃာနဇိဝှါကာယ ဘာဝဝတ္ထုဒသကာနံ၊ စက္ခုဒသက။ပ။ ဝတ္ထုဒသက ကလာပ်တို့၏။ ဝသေန၊ ဖြင့်။ သတ္တတိ ရူပါနိ၊ တို့သည်။ ပဋိသန္ဓိဝိညာဏေန၊ နှင့်။ သဟ၊ တကွ။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တာနိ စ၊ ထိုကလာပ်ခုနစ်စည်း ရုပ်ခုနစ်ဆယ်တို့သည်လည်း။ ဒေဝေသု၊ ကာမဥပပါတ်နတ်တို့၌။ နိစ္စံ၊ အမြဲ။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တတ္ထ၊ ထိုစက္ခုဒသကအစရှိသော ကလာပ်ခုနစ်စည်းတို့တွင်။ ဝဏ္ဏော၊ ရူပါရုံ။ ဂန္ဓော၊ ဂန္ဓာရုံ။ ရသော၊ ရသာရုံ။ သြဇာ၊ အာဟာရရုပ်ဟူသော သြဇာ။ စတဿော စာပိ၊ လေးပါးလည်း ဖြစ်ကုန်သော။ ဓာတုယော၊ ပထဝီ တေဇော အာပေါ ဝါယော-ဟူသော ဓာတ်တို့။ စက္ခုပသာဒေါ၊ စက္ခုပသာဒ။ ဇီဝိတိန္ဒြိယံ၊ ရုပ်ဇီဝိတိန္ဒြေ။ ဣတိ၊ သို့ရေတွက်ခဲ့သည့်အတိုင်း။ ဒသရူပပရိမာဏော၊ ရုပ်ဆယ်ခုအတိုင်းအရှည်ရှိသော။ အယံ ရူပပုဉ္ဇော၊ ဤရုပ်အစုအပေါင်းသည်။ စက္ခုဒသကော နာမ၊ မည်၏။ ဧဝံ၊ ဤစက္ခုဒသကအတူ။ သေသာ၊ ကြွင်းသော သောတဒသက။ပ။ ဝတ္ထုဒသကတို့ကို။ ဝေဒိတဗ္ဗာ၊ ကုန်၏။ ပန၊ အထဝါ အဝကံသတော တိံသ-ဟူသော သင်္ခေပ၏ဝိတ္ထာရကို ပြဆိုဦးအံ့။ အဝကံသတော၊ အယုတ်ဆုံး အနည်းဆုံးအားဖြင့်။ ဇစ္စန္ဓဗဓိရအဃာနကနပုံသကဿ၊ ပဋိသန္ဓေအားဖြင့် မျက်စိလည်းကန်း နားလည်းပင်း ဃာနလည်းကင်းသော နပုန်းပဏ္ဍုက်ပုဂ္ဂိုလ်အား။ ဇိဝှါကာယဝတ္ထုဒသကာနံ၊ ဇိဝှါဒသက, ကာယဒသက, ဝတ္ထုဒသကတို့၏။ ဝသေန၊ ဖြင့်။ တိံသ ရူပါနိ၊ တို့သည်။ ဥပ္ပဇ္ဇန္တိ၊ ပဋိသန္ဓေစိတ်နှင့်တကွ ဖြစ်ကုန်၏။

## မူလဋီကာ ပယ်ပစ်ပုံ

ဤ ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာကိုမှီ၍ ရူပပုဂ္ဂိုလ်တို့အားဖြစ်သော ကလာပ်ရုပ်တို့ကို စက္ခုဒသက အစရှိသည်ဖြင့် အောက်၌ ရေတွက်ပြဆိုခဲ့သည်။ မူလဋီကာဆရာကား ရူပဘုံ၌ ဂန္ဓ, ရသ, သြဇာတို့ မရှိခြင်းကြောင့် ၎င်းရုပ်သုံးခုကို နုတ်၍ စက္ခုဒသကကလာပ်, သောတဒသကကလာပ်, ဝတ္ထုဒသကကလာပ်, ဇီဝိတဆက္ကကလာပ်ဟု ရေတွက်လို၏။ ဋီကာဆရာ၏ အလိုကို ပြဆိုလိုက်ဦးအံ့.... **အဋ္ဌကထာ (၁၅၃)** ၌ ရူပဘုံဝယ် စက္ခုဒသက, သောတဒသက, ဝတ္ထုဒသက, ဇီဝိတနဝကကလာပ်ရုပ်တို့ဖြစ်ကြောင်းကို—

ရူပိပြဟေမွသု တာ၀ ဩပပါတိကယောနိကေသု စက္ခုသောတ-
ဝတ္ထုဒ္ဒသကာနံ ဇီဝိတနဝကဿ စာတိ စတုန္နံ ကလာပါနံ ဝသေန
တိံသ စ နဝ စ ပဋိသန္ဓိဝိညာဏေန သဟ ရူပါနိ ဉပ္ပဇ္ဇန္တိ——
ဟူ၍ ပြဆိုတော်မူ၏။

**ဓမ္မဟဒယဝိဘင်းပါဠိတော်(၇၃၇)၌** မူကား——

ရူပဓာတုယာ ဉပပတ္တိက္ခဏေ ဌပေတွာ အသညသတ္တာနံ ဒေဝါနံ ပဉ္စာ-
ယတနာနိ ပဉ္စ ဓာတုယော ပါတုဘဝန္တိ——

ဟူ၍ ရူပပဋိသန္ဓေခဏ၌ စက္ခာယတန,သောတာယတန, ရူပါယတန, မနာ-
ယတန, ဓမ္မာယတနအားဖြင့် အာယတန ငါးပါး၊ စက္ခုဓာတ်, သောတ
ဓာတ်, ရူပဓာတ်, မနောဝိညာဏဓာတ်, ဓမ္မဓာတ်အားဖြင့် ငါးပါးတို့သာ
ထင်ရှားဖြစ်ကြောင်း, "ရူပဓာတုယာ ဆ အာယတနာနိ နဝ ဓာတုယော
ပါတုဘဝန္တိ"ဟူ၍ ရူပဘုံ၌ ရသင့်သမျှ အာယတနဓာတ်တို့ကို အကြွင်းမဲ့
ယူသောအားဖြင့် ယခင်ငါးပါးနှင့် သဒ္ဒါယတန-ဟူသော အာယတန
ခြောက်ပါး, စက္ခုဓာတ် သောတဓာတ် ရူပဓာတ် သဒ္ဒဓာတ် စက္ခုဝိညာဏ
ဓာတ် သောတဝိညာဏဓာတ် မနောဓာတ် မနောဝိညာဏဓာတ် ဓမ္မဓာတ်
ဟူသော ဓာတ်ကိုးပါးတို့သာ ထင်ရှားဖြစ်ကြောင်းကို ဟောတော်မူ၍
ဂန္ဓာယတန ရသာယတနတို့ကို ဟောတော်မမူပါခဲ့၊ ဓမ္မဟဒယဝိဘင်း၌
မဟောရုံမျှသာ မဟုတ်သေး၊ **ကထာဝတ္ထုပါဠိတော်(၂၇၈)၌**လည်း——

> အတ္ထိ တတ္ထ ဃာနာယတနန္တိ၊ အာမန္တာ။ အတ္ထိ တတ္ထ ဂန္ဓာ-
> ယတနန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေ။
>
> အတ္ထိ တတ္ထ ဇိဝှါယတနန္တိ၊ အာမန္တာ။ အတ္ထိ တတ္ထ ရသာ-
> ယတနန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေ——

စသည်ဖြင့် ဂန္ဓာယတန ရသာယတနတို့၏ ရူပဘုံ၌ ရှိသည်၏အဖြစ်ကို
တိုက်ရိုက်ပင် ပယ်မြစ်တော်မူပြန်ခဲ့——

တွေ့ထိခြင်းငှါ တတ်ကောင်းသည်၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗ
သဘောမှ ကင်းလွတ်သော ပထဝီ တေဇော ဝါယော သဘောသီးခြား
တပါးရှိသကဲ့သို့ ဂန္ဓသဘော ရသသဘောမှကင်းသော ဂန္ဓ ရသသဘော၏

မရှိခြင်းကြောင့် အာယတနဖြစ်သော ဂန္ဓ ရသတို့ကိုသာ ဓမ္မဟဒယဝိဘင်း၌ မဟောသည်၊ အာယတနဖြစ်သော ဂန္ဓ ရသတို့ကိုသာ ကထာဝတ္ထု၌ ပယ်မြစ်သည်၊ ဖောဋ္ဌဗ္ဗာယတနသဘောမှကင်းသော ပထဝီ တေဇော ဝါယောတို့ ရူပဘုံ၌ရှိသကဲ့သို့ ဂန္ဓာယတန ရသာယတနသဘောမှ ကင်းသော ဂန္ဓ ရသတို့ကား ရူပဘုံ၌ ရှိ၏ ဖြစ်၏ ဟူ၍လည်း ဆိုခြင်းငှါ မတတ်ကောင်းခဲ့—

ရူပဘုံ၌ရှိသော ဂန္ဓ ရသတို့ကို ဃာနသမ္ဖဿ ဇိဝှါသမ္ဖဿတို့၏ အကြောင်း မဖြစ်သောကြောင့်သာ ဂန္ဓာယတန ရသာယတနဟူ၍ မဟောလေသည်၊ မရှိသောကြောင့် မဟောသည်မဟုတ် ဆိုရမည်လည်း ဃာန-သမ္ဖဿ ဇိဝှါသမ္ဖဿတို့၏ အကြောင်းမဟုတ်သောကြောင့် ထို ဗြဟ္မာ့ဘုံ၌ ရှိသော ဂန္ဓ ရသတို့ကို အာယတနဟူ၍ မဟောသည်ဟုဆိုသော် ဆိုတန်ရာသေး၏၊ ဓာတုသဒ္ဒါမူကား နိဿတ္တနိဇ္ဇီဝအနက်ကိုသာ ဟောသောကြောင့် ထိုရူပဘုံ၌ရှိသော ဂန္ဓ ရသတို့ကို ဂန္ဓဓာတု ရသဓာတုဟူ၍ မဟောရာ၌ မည်သည့်အကြောင်းကြောင့် မဟောသည်ဟု ပြဆိုရန် အကြောင်းမရှိ။ သဘာဝဓာရဏစသော လက္ခဏာမှတပါး အသီးအခြားသော ဂန္ဓ ရသ၏ မရှိခြင်းကြောင့် ထိုရူပဘုံ၌ ဖြစ်သောဂန္ဓ ရသတို့၏ ဓမ္မအဖြစ်ကို စင်စစ် အလိုရှိအပ်ခဲ့—

ဓမ္မဖြစ်ကလည်း **အာယတနယမိုက်ပါဠိတော်**(၇၉)၌ "ဓမ္မော အာယ-တနန္တိ၊ အာမန္တာ"ဟူ၍ ဓမ္မတို့၏ ဧကန်စင်စစ် အာယတနမည်သည်၏ အဖြစ်ကို ဟောတော်မူသောကြောင့် ဂန္ဓာယတနအဖြစ် ရသာယတန အဖြစ်ပင် မရှိသော်လည်း မည်သည့်အာယတန မည်သည်ဟု ထိုဂန္ဓ ရသတို့၏ အာယတနအဖြစ်ကို ဆိုအပ်ရာ၏။ ဖောဋ္ဌဗ္ဗအဖြစ်မှတပါး အသီးအခြားသော ပထဝီဓာတ် စသည်တို့၏ အဖြစ်ရှိသကဲ့သို့ ဂန္ဓ ရသအဖြစ်မှ တပါး တစုံတခုသော ထိုဂန္ဓ ရသတို့၏ အာယတန သဘောရှိသည်ဖြစ်အံ့.... တဆဲ့နှစ်ပါးသော အာယတနမှတပါး အခြားအာယတနမရှိပြီဖြစ်၍ ထိုဂန္ဓ ရသတို့ကို အာယတနတဆဲ့နှစ်ပါးတွင် ဓမ္မာယတန၌သာ သင်္ဂြိုဟ်ရေတွက်အပ်ရာ၏။ ထိုဂန္ဓ ရသတို့၏ ဂန္ဓ ရသအဖြစ်သည်ရှင်း, အာယတနအဖြစ်သည်ရှင်း ရှိပြန်ခဲ့ကလည်း ဂန္ဓလည်းဖြစ် အာယတနလည်းဖြစ်သောကြောင့် ဂန္ဓာယတနမည်၏၊ ရသလည်းဖြစ် အာယတနလည်းဖြစ်သောကြောင့် ရသာယတနမည်၏ဟူသော အနက်သာ ရောက်ပြန်ခဲ့ရကား ထိုဂန္ဓ ရသ

တို့၏ ဂန္ဓာယတနမည်သည်၏အဖြစ် ရသာယတနမည်သည်၏အဖြစ်ကို တားမြစ်ခြင်းငှါ မတတ်နိုင်ရာ။ ; ထို့ကြောင့် ဓမ္မဟဒယဝိဘင်းပါဠိတော် ကထာဝတ္ထုပါဠိတော်တို့နှင့် မဆန့်ကျင်ရအောင် ရူပဘုံ၌ဖြစ်သော ကလာပ်ရုပ်တို့ကို ရေတွက်အပ်၏။ စက္ခုသတ္တက သောတသတ္တက ဝတ္ထုသတ္တက ဇီဝိတဆက္က ဟု ရေတွက်မှသာလည်း ၎င်းပါဠိတော်တို့နှင့် မဆန့်ကျင်ရာသည်၊ အဋ္ဌကထာလာသည့်အတိုင်း စက္ခုဒသက သောတဒသက ဝတ္ထုဒသက ဇီဝိတနဝကဟု ရေတွက်သော် ဆန့်ကျင်ချိမ့်မည် ဟူလို၏။

အဋ္ဌကထာယံ ပန တတ္ထပိ စက္ခုသောတဝတ္ထုဒသကာနံ ဇီဝိတနဝကဿ စ ဥပ္ပတ္တိ ဝုတ္တာ။ ပါဠိယံ ပန ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဌပေတွာ အသညသတ္တာနံ ဒေဝါနံ ပဉ္စာယတနာနိ ပဉ္စ ဓာတုယော ပါတုဘဝန္တီတိ ဝုတ္တံ။ တထာ ရူပဓာတုယာ ဆ အာယတနာနိ နဝ ဓာတုယောတိ သဗ္ဗသင်္ဂဟကဝသေန တတ္ထ ဝိဇ္ဇမာနာယတနဓာတုယော ဒဿေတုံ ဝုတ္တံ။ ကထာဝတ္ထုမှိ စ ဃာနာယတနာဒီနံ ဝိယ ဂန္ဓာယတနာဒီနဉ္စ တတ္ထ ဘာဝေါ ပဋိက္ခိတ္တော အတ္ထိ တတ္ထ ဃာနာယတနန္တိ၊ အာမန္တာ။ အတ္ထိ တတ္ထ ဂန္ဓာယတနန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေတိအာဒိနာ၊ န စ အဖောဋ္ဌဗ္ဗာယတနာနံ ပထဝီဓာတုအာဒီနံ ဝိယ အဂန္ဓရသာယတနာနံ တတ္ထ ဘာဝေါ သက္ကာ ဝတ္တုံ ဖုသိတုံ သက္ကုဏေယျတာဝိနိမုတ္တဿ ပထဝီအာဒိသဘာဝဿ ဝိယ ဂန္ဓရသသဘာဝဝိနိမုတ္တဿ ဂန္ဓရသသဘာဝဿ အဘာဝါ။

ယဒိ စ ဃာနသမ္ဘဿာဒီနံ ကာရဏဘာဝေါ နတ္ထီတိ အာယတနာနီတိ န ဝုစ္စေယျုံ၊ ဓာတုသဒ္ဒေါ ပန နိဿတ္တနိဇ္ဇီဝဝါစကောတိ ဂန္ဓဓာတုရသဓာတူတိ အဝစနေ နတ္ထိ ကာရဏံ။ ဓမ္မဘာဝေါ စ တေသံ ကေနစ္စိ ဣစ္ဆိတဗ္ဗော သဘာဝဓာရဏာဒိလက္ခဏတော အညဿ အဘာဝါ၊ ဓမ္မာနဉ္စ အာယတနဘာဝေါ ကေနစ်ကော ယမကေ ဝုတ္တော “ဓမ္မော အာယတနန္တိ၊ အာမန္တာ”တိ၊ တသ္မာ တေသံ ဂန္ဓရသာယတနဘာဝါဘာဝေပိ ကောစိ အာယတနသဘာဝေါ ဝတ္တဗ္ဗော။ ယဒိ စ ဖောဋ္ဌဗ္ဗဘာဝတော အညော ပထဝီအာဒိဘာဝေါ ဝိယ ဂန္ဓရသဘာဝတော

တေသံ ကောစိ သဘာဝေါ သိယာ၊ တေသံ ဓမ္မာယတနေ သင်္ဂဟော။ ဂန္ဓရသဘာဝေ ပန အာယတနဘာဝေ စ သတိ ဂန္ဓော စ သော အာယတနဉ္စ ဂန္ဓာယတနံ။ ရသော စ သော အာယတနဉ္စ ရသာယတနန္တိ ဣဒမာပန္နမေဝါတိ။ ဂန္ဓရသာယတနဘာဝေါ န စ သက္ကာ နိဝါရေတုံ။ တသ္မာ ယထာပါဠိယာ အဝိရောဓော ဟောတိ၊ တထာ ရူပဂဏနာ ကာတဗ္ဗာ။ ဧဝံ ဟိ ဓမ္မတာန-ဝိလောမိတာ ဟောတီတိ။

ပဋ္ဌိစ္စသမုပ္ပါဒဝိဘင်းမူလဋီကာ (၁၀၈-၉)

အဋ္ဌကထာယံ ပန၊ အဋ္ဌကထာ၌ကား။ တတ္ထပိ၊ ထိုရူပဘုံ၌လည်း။ စက္ခုသောတဝတ္ထုဒသကာနဉ္စ၊ စက္ခုဒသက သောတဒသက ဝတ္ထုဒသက ကလာပ်တို့၏၎င်း။ ဇီဝိတနဝကဿ စ၊ ဇီဝိတနဝကကလာပ်၏၎င်း။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဝုတ္တာ၊ မိန့်ဆိုတော်မူအပ်၏။ ပါဠိယံ ပန၊ ဓမ္မဟဒယ ဝိဘင်း ပါဠိတော်၌မူကား။ ရူပဓာတုယာ ဥပပတ္တိက္ခဏေ ဌပေတွာ အသည-သတ္တာနံ ဒေဝါနံ ပဉ္စာယတနာနိ ပဉ္စ ဓာတုယော ပါတုဘဝန္တီတိ၊ ရူပ။ပ။ ဘဝန္တိ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တထာ၊ ထို့အတူ။ ရူပဓာတုယာ ဆ အာယတနာနိ နဝ ဓာတုယောတိ၊ နဝ ဓာတုယော-ဟူ၍။ သဗ္ဗသင်္ဂဟ-ကဝသေန၊ ပဋ္ဌိသန္ဓေ ပဝတ္တိကာလ ရသမျှ အလုံးစုံသော အာယတန ဓာတ်တို့ကို အကြွင်းမဲ့ သိမ်းယူသည်၏ အစွမ်းဖြင့်။ တတ္ထ၊ ထိုရူပဘုံ၌။ ဝိဇ္ဇမာနာယတနဓာတုယော၊ ထင်ရှားရှိသော အာယတနဓာတ်တို့ကို။ ဒဿေတုံ၊ ပြခြင်းငှါ။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ကထာဝတ္ထုမှိ စ၊ ကထာ-ဝတ္ထုပါဠိတော်၌လည်း။ အတ္ထိ တတ္ထ ဃာနာယတနန္တိ၊ အာမန္တာ။ အတ္ထိ တတ္ထ ဂန္ဓာယတနန္တိ၊ န ဟေဝံ ဝတ္တဗ္ဗေတိအာဒိနာ၊ အတ္ထိ။ပ။ ဝတ္တဗ္ဗေ-ဤသို့အစရှိသည်ဖြင့်။ ဃာနာယတနာဒီနံ၊ ဃာနာယတနစသည်တို့၏။ တတ္ထ၊ ထိုရူပဘုံ၌။ ဘာဝေါ၊ ဖြစ်ခြင်းရှိခြင်းကို။ ပဋိက္ခိတ္တော ဝိယ၊ ပယ်မြစ်တော်မူအပ်သကဲ့သို့။ ဂန္ဓာယတနာဒီနဉ္စ၊ ဂန္ဓာယတနစသည်တို့၏လည်း။ တတ္ထ၊ ထိုရူပဘုံ၌။ ဘာဝေါ၊ ကို။ ပဋိက္ခိတ္တော၊ အပ်၏။ ဖုသိတုံ သက္ကု-ဏေယျတာဝိနိမုတ္တဿ၊ တွေ့ထိခြင်းငှါ တတ်ကောင်းသည်၏ အဖြစ်မှ လွတ်သော။ ပထဝီအာဒိသဘာဝဿ၊ ပထဝီဓာတ်အစရှိသော သဘော၏။ ဘာဝေါ၊ ရှိခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်၏ သို့။ ဂန္ဓရသသဘာဝဝိနိ-

မုတ္တာသ၊ ဂန္ဓသဘော ရသသဘောမှ လွတ်သော။ ဂန္ဓရသသဘာဝသ၊ ဂန္ဓရသသဘော၏။ အဘာဝ၊ မရှိခြင်းကြောင့်။ အဖောဋ္ဌဗ္ဗာယတနာနံ၊ ဖောဋ္ဌဗ္ဗာယတန မဟုတ်ကုန်သော။ ပထဝီဓာတုအာဒီနံ၊ ပထဝီဓာတ်အစရှိသည်တို့၏။ တတ္ထ၊ ထိုရူပဘုံ၌။ ဘာဝေါ၊ ဖြစ်ခြင်းရှိခြင်းကို။ ဝတ္တုံ၊ ငှါ။ သက္ကာ ဝိယ၊ တတ်ကောင်းသကဲ့သို့။ အဂန္ဓရသာယတနာနံ၊ ဂန္ဓာယတန ရသာယတန မဟုတ်ကုန်သော။ ဂန္ဓရသာနံ၊ ဂန္ဓရသတို့၏။ တတ္ထ၊ ၌။ ဘာဝေါ၊ ကို။ ဝတ္တုံ၊ ငှါ။ န စ သက္ကာ၊ တတ်လည်း မတတ်ကောင်းရာခဲ့။

ဃာနသမ္ဖဿာဒီနံ၊ ဃာနသမ္ဖဿ စသည်တို့၏။ ကာရဏဘာဝေါ၊ အကြောင်း၏ အဖြစ်သည်။ နေသံ၊ ထိုဂန္ဓအစရှိသည်တို့အား။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထိုသို့ ဂန္ဓအစရှိသည်တို့အား ဃာနသမ္ဖဿ အစရှိသည်တို့၏ အကြောင်း၏အဖြစ် မရှိခြင်းကြောင့်။ အာယတနာနီတိ၊ အာယတနတို့ဟူ၍။ ယဒိ စ န ဝုစ္စေယျုံ၊ အကယ်၍ ဟောတော်မမူအပ်ကုန်စေကာမူ။ ဓာတုသဒ္ဒေါ ပန၊ ဓာတုသဒ္ဒါသည်ကား။ နိဿတ္တနိဇ္ဇီဝဝါစကော၊ နိဿတ္တ နိဇ္ဇီဝအနက်ကို ဟောသည်၏အဖြစ်ကြောင့်။ ဂန္ဓဓာတုရသဓာတူတိ၊ ဂန္ဓ-ဓာတုရသဓာတုဟူ၍။ အဝစနေ၊ ဟောတော်မမူရာ၌။ ကာရဏံ၊ အကြောင်းသည်။ နတ္ထိ၊ မရှိ။ သဘာဝဓာရဏာဒိလက္ခဏတော၊ သဘာဝဓာရဏ အစရှိသော လက္ခဏာမှ။ အညသ၊ တပါးသော လက္ခဏာ၏။ တေသံ၊ ထိုဂန္ဓအစရှိသည်တို့အား။ အဘာဝ၊ မရှိခြင်းကြောင့်။ တေသံ၊ ထိုဂန္ဓအစရှိသည်တို့၏။ ဓမ္မဘာဝေါ၊ ဓမ္မ၏အဖြစ်ကို။ ကေနစ္စေန၊ စင်စစ်အားဖြင့်။ ဣစ္ဆိ-တဗ္ဗော၊ လိုအပ်၏။ ဓမ္မာနဉ္စ၊ ဓမ္မတို့၏လည်း။ ကေန္တိကော၊ ကေန်စင်စစ် အမှန်ဖြစ်သော။ အာယတနဘာဝေါ၊ အာယတနအဖြစ်ကို။ ဓမ္မော အာယ-တနန္တိ အာမန္တာတိ၊ အာမန္တာ-ဟူ၍။ ယမကေ၊ အာယတနယမိုက်၌။ ဝုတ္တော၊ ၏။ တသ္မာ၊ ထိုသို့ ဓမ္မတို့၏ အာယတနအဖြစ်ကို ကေန်စင်စစ် အလိုရှိအပ်သည်၏ အဖြစ်ကြောင့်။ တေသံ၊ ထို ဂန္ဓရသတို့၏။ ဂန္ဓရသာ-ယတနဘာဝါဘာဝေပိ၊ ဂန္ဓာယတနအဖြစ် ရသာယတနအဖြစ် မရှိသော်လည်း။ ကောစိ၊ တစုံတခုသော။ အာယတနဘာဝေါ၊ အာယတနအဖြစ်ကို။ ဝတ္တဗ္ဗော၊ ဟောအပ်ဟောသင့်၏။ ဖောဋ္ဌဗ္ဗဘာဝတော၊ ဖောဋ္ဌဗ္ဗသဘောမှ။ အညော၊ တပါးသော။ ပထဝီအာဒိဘာဝေါ၊ ပထဝီအစရှိသော အဖြစ်သည်။ အတ္ထိ ဝိယ၊ ရှိသကဲ့သို့။ ဂန္ဓရသသဘာဝတော၊ ဂန္ဓရသသဘောမှ။

အညော၊ တပါးသော။ ကောစိ၊ တစုံတခုသော။ တေသံ၊ ထိုဂန္ဓရသတို့၏။ သဘာဝေါ၊ သဘောသည်။ ယဒိ စ သိယာ၊ အကယ်၍ကား ရှိသည်ဖြစ်ငြား အံ့။ ဧဝံ သတိ၊ သော်။ တေသံ၊ ထိုဂန္ဓရသတို့ကို။ ဓမ္မာယတနေ၊ ဓမ္မာယတန၌။ သင်္ဂဟော၊ ရေတွက်ခြင်းကို။ ကာတဗ္ဗော၊ ပြုအပ်၏။ ဂန္ဓရသဘာဝေ စ၊ ဂန္ဓရသအဖြစ်သည်ရင်း။ အာယတနဘာဝေ စ၊ အာယတနအဖြစ်သည်ရင်း။ သတိ ပန၊ ရှိသော်ကား။ ဂန္ဓော စ၊ ဂန္ဓလည်း ဟုတ်တည်း။ သော၊ ထိုဂန္ဓဟူသည်။ အာယတနဉ္စ၊ အာယတနလည်း ဟုတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဂန္ဓာယတနံ၊ မည်၏။ ရသော စ၊ ရသလည်း ဟုတ်တည်း။ သော၊ ထိုရသဟူသည်။ အာယတနဉ္စ၊ အာယတနလည်း ဟုတ်တည်း။ ဣတိ တသ္မာ၊ ကြောင့်။ ရသာယတနံ၊ မည်၏။ ဣတိ ဣဒံ အတ္တဇာတံ၊ ဤသို့ သော အနက်သဘောသည်။ ဥပပန္နမေဝ၊ ဖြစ်သည်သာတည်း။ ဝါ၊ ရောက် သည်သာတည်း။ ဣတိ တသ္မာ၊ ကြောင့်။ ဂန္ဓရသာယတနဘာဝေါ၊ ဂန္ဓာ-ယတနအဖြစ် ရသာယတနအဖြစ်ကို။ ဝါ၊ သည်။ နိဝါရေတုံ၊ တားမြစ် ခြင်းငှါ။ န စ သက္ကာ၊ တတ်လည်း မတတ်ကောင်းရာခဲ့။ တသ္မာ၊ ထိုသို့ ဂန္ဓာယတနအဖြစ် ရသာယတနအဖြစ်ကို တားမြစ်ခြင်းငှါ မတတ်ကောင်း ရာသောကြောင့်။ ယထာ၊ အကြင်သို့သော အခြင်းအရာအားဖြင့်။ ဂဏ္ဌိယ-မာနေ၊ ရူပဘုံ၌ဖြစ်သော ကလာပ်ရုပ်တို့ကို ရေတွက်အပ်သည် ရှိသော်။ ပါဠိယာ၊ ပါဠိတော်နှင့်။ အဝိရောဓော၊ မဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ ထိုသို့သောအခြင်းအရာအားဖြင့်။ ရူပဂဏနာ၊ ရူပဘုံ၌ ကလာပ်ရုပ် တို့ကို ရေတွက်ခြင်းကို။ ကာတဗ္ဗာ၊ ၏။ ဧဝံ ဟိ-ဧဝံ ဝေ၊ ဤသို့ စက္ခုသတ္တက သောတသတ္တက ဝတ္ထုသတ္တက ဇီဝိတဆက္က-ဟု ရေတွက်သော်သာ။ ဓမ္မတာ-နဝိလောမိတာ၊ သဘောအားဖြင့် မဆန့်ကျင်ခြင်းသည်။ ဟောတိ၊ ၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

**အနုဋီကာ ချေပချက်**

**အနုဋီကာဆရာကား**....စက္ခု သောတ ဝတ္ထုဒသက ဇီဝိတနဝက-ဟု အဋ္ဌ-ကထာဆရာ ရေတွက်ခြင်းသည် ပါဠိတော်နှင့် မဆန့်ကျင်၊ သင့်လျော်သည် သာ **ဟု** ဆိုတော်မူ၏။ ဆိုဟန်ကို ပြဦးအံ့....

ရူပပုဂ္ဂိုလ်တို့အား ဃာနာယတန ဇိဝှါယတန၏ မရှိခြင်းကြောင့် ထို ပုဂ္ဂိုလ်တို့အားရှိသော ဂန္ဓ ရသတို့သည် အာယတနကိစ္စကို မပြုနိုင်ကုန်

သောကြောင့် ထိုဂန္ဓ ရသတို့ကို မယူမသုံးသပ်ဘဲ "ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ဆ အာယတနာနိ ပါတုဘဝန္တိ" ဟူ၍ ဓမ္မဟဒယဝိဘင်း၌ ဟောတော်မူသည်။ အလုပ်အလွေးပြု၍ မျိုအပ် သုံးဆောင်အပ်သော အာဟာရ၏ ပြဟ္မာတို့အား မရှိခြင်းကြောင့် ရူပပုဂ္ဂိုလ်တို့၌ရှိသော အဇ္ဈတ္တ ဩဇာသည် ဩဇဋ္ဌမကရုပ်ကို ဖြစ်စေခြင်းဟူသောအာဟာရကိစ္စကို မပြုနိုင်သောကြောင့် ထိုဩဇာကိုမယူဘဲ ဖဿာဟာရ မနောသဉ္စေတနာဟာရ ဝိညာဏာဟာရတို့ကိုသာ ယူ၍ "တယော အာဟာရာ" ဟူ၍ ဟောတော်မူသည်။

ထိုဂန္ဓ ရသ ဩဇာတို့သည် ရူပပုဂ္ဂိုလ်တို့အား အချင်းခပ်သိမ်း အလျှင်းပင် မရှိသောကြောင့် မဟုတ်၊ ဝိသယီဖြစ်သော ကာယပသာဒမရှိသော ရူပဘုံ၌ ဝိသယဖြစ်သော ပထဝီစသည်၏ အာယတနအဖြစ်သည် မုချအားဖြင့် မရှိသောကြောင့် ပြဟ္မာ့ဘုံ၌ ဝိသယီဖြစ်သော ကာယပသာဒမရှိခြင်းကြောင့် ဝိသယဖြစ်သော ပထဝီ တေဇော ဝါယောတို့ကို ဖောဋ္ဌဗ္ဗာယတနအဖြစ်ဖြင့် မဟောသကဲ့သို့ ဝိသယီဖြစ်သော ဃာနပသာဒ ဇိဝှါပသာဒတို့၏ မရှိခြင်းကြောင့် ဝိသယဖြစ်သော ဂန္ဓ ရသတို့ကို ဂန္ဓာယတန ရသာယတနအဖြစ်ဖြင့် မဟောလေသည်။ ရူပါရုံမူကား ဝိသယီဖြစ်သော စက္ခုပသာဒ၏ ပြဟ္မာ့ဘုံ၌ ရှိခြင်းကြောင့် မုချအားဖြင့် အာယတန အဖြစ်ရှိရကား ဝိသယဖြစ်သော ထိုရူပါရုံကို အာယတနအဖြစ်ဖြင့် ဟောတော်မူလေသည်။

ဝိသယဖြစ်သော အာရုံ၏ အာယတနမည်သည်၏ အဖြစ်သည် ဝိသယီဖြစ်သော ပသာဒ၏ ထင်ရှားရှိခြင်းလျှင် အကြောင်းရှိခဲ့သော် အသညသတ်ပုဂ္ဂိုလ်တို့အား စက္ခာယတနဟူသော ဝိသယီမရှိ၊ ထိုသို့မရှိသဖြင့်လည်း ထိုပုဂ္ဂိုလ်တို့၏ ရူပါယတနသည် တပါးသော တရားတို့၏ ဝိသယမဖြစ်ရကား "အသညသတ္တာနံ ဒေဝါနံ ဒွါယတနာနိ ပါတုဘဝန္တိ" ဟု အဘယ့်ကြောင့် ဟောလေသနည်း၊ ထိုဒွါယတနာနိ-ဟူသောစကားသည် ပဉ္စာယတနာနိ-ဟူသော အထက်စကားနှင့် ရှေ့နောက်မညီ ဆန့်ကျင်ရာ၏ ဟူငြားအံ့....နည်းပြခြင်းငှါ ဟောတော်မူရကား မဆန့်ကျင်ဟူလေ။

အဘယ်သို့ ပြတော်မူသနည်း ဟူမူ....မိမိတို့အား ထိုက်သည့်အားလျော်စွာ ဣန္ဒြေကျက်စားရာ အဖြစ်ဖြင့် ငှဲခြင်းကြောင့် အကြင်တရားတို့အား အာယတနအဖြစ်သည် မုချအားဖြင့် ရှိ၏၊ ထိုမုချအာယတနအဖြစ်ရှိသော

တရားတို့ကို ပြအပ်ရာဝယ် ရူပဘုံ၌ သညီပုဂ္ဂိုလ်တို့အား မုချအားဖြင့် အာယတနအဖြစ်မရှိသောကြောင့် ထိုဂန္ဓ ရသတို့ကို အသီးအသီး အာယ-တနအဖြစ်ဖြင့် မဟောဘဲ ထိုဂန္ဓ ရသတို့၏ ဓမ္မသဘောကို မလွန်ခြင်းကြောင့်၎င်း, မနောဝိညာဉ်၏ အာရုံ၏အဖြစ်သို့ ရောက်သောကြောင့်၎င်း, ထိုဂန္ဓ ရသတို့ကို ဓမ္မာယတနသို့သွင်း၍ "ပဉ္စာယတနာနိ ပါတုဘဝန္တိ"ဟု ဟောတော်မူသည်။

အလုံးစုံဓမ္မချည်းဖြစ်လျက် စက္ခုသောတ-စသည်ကို စက္ခာယတန သောတာယတနစသည်ဖြင့် ဝိသေသအမည်ကို ပြုသကဲ့သို့မဟုတ်၊ ကြွင်းသော တရားတို့ကို ဓမ္မာယတနဟု သာမညအားဖြင့် အမည်ကိုပြုလေသည်လည်း ဤကဲ့သို့သော တရားတို့ကို ထည့်သွင်းရခြင်း အကျိုးငှါပင် ဖြစ်သည်။

ဤသို့သော အဓိပ္ပါယ်အလို့ငှာတော်အားဖြင့် ရူပဘုံ၌သညီပုဂ္ဂိုလ်တို့အား ဂန္ဓာယတန ရသာယတနတို့ကို ဟောတော်မမူ၊ ထိုသို့သော အလိုအားဖြင့် အသညီပုဂ္ဂိုလ်တို့၏ ရူပါယတနကိုလည်း အသီးမဟောဘဲ ဓမ္မာယတနသို့ သွင်း၍ "အသညသတ္တာနံ ဒေဝါနံ ဧကံ အာယတနံ ပါတုဘဝတိ"ဟူ၍ လည်း ဟောသင့်ဟောကောင်း၏။ အသညီပုဂ္ဂိုလ်တို့၏ရူပါရုံသည် မိမိ၏ ဝိသယအစွမ်းဖြစ်သော စက္ခုပသာဒသည် အသညီပုဂ္ဂိုလ်တို့၌မရှိသော်လည်း ထို ရူပါရုံအား ဝဏ္ဏာယတနသဘောကို လွန်ခြင်းမရှိသည်သာဖြစ်၍ ရူပါယတန ဟူ၍သာ ဆိုသင့်၏။ ဤသို့သော အလိုအားဖြင့် အသညီပုဂ္ဂိုလ်တို့၏ ရူပါ-ယတနကို ဓမ္မာယတနသို့ မထည့်သွင်းဘဲ အသီးအသီးယူ၍ "အသည-သတ္တာနံ ဒေဝါနံ ဒွါယတနာနိ ပါတုဘဝန္တိ"ဟု ဟောတော်မူ၏။

ထိုသို့သောအလိုအားဖြင့် ရူပဘုံ၌ သညီပုဂ္ဂိုလ်တို့၏ ဂန္ဓရသတို့ကိုလည်း မိမိတို့၏ ဝိသယအစွမ်းဖြစ်သော ဃာန ဇိဝှါတို့သည် ၎င်းပုဂ္ဂိုလ်တို့၌မရှိသော်လည်း ထိုဂန္ဓ ရသတို့အား ဂန္ဓာယတနသဘော ရသာယတနသဘောကို မလွန်သည်သာဖြစ်၍ ထိုသညီပုဂ္ဂိုလ်တို့၏ ဂန္ဓ ရသတို့ကိုလည်း ဓမ္မာယတနသို့ မထည့်သွင်းဘဲ အသီးယူသင့်ယူကောင်း၏။ ဤသို့သောနည်းကို ပြသည်။ ဤသို့သောနည်းကို ပြတော်မူသဖြင့်လည်း ဂန္ဓ ရသ ဖောဋ္ဌဗ္ဗဟူသော အာယတနသုံးပါးတို့ကို ဟောတော်မူရင်း အာယတနတို့နှင့်ပေါင်း၍ ရူပ ဘုံ၌ သညီပုဂ္ဂိုလ်တို့အား ရှစ်ပါးသော အာယတန, အသညီပုဂ္ဂိုလ်တို့အား

ငါးပါးသော အာယတနတို့သည် ဖြစ်ကုန်၏ဟူသော အနက်သဘောကို ပြတော်မူသည်။

ထိုရူပဘုံ၌ သညီပုဂ္ဂိုလ်တို့အား အာယတနရှစ်ပါး အသညီပုဂ္ဂိုလ်တို့အား အာယတနငါးပါးဖြစ်သည်ဟူသော အနက်သဘောကို စင်စစ်ကေန် ဝန်ခံမှတ်ယူသင့်၏။ အဘယ့်ကြောင့်နည်းဟူမူ....အကယ်၍ ဤသို့မယူဘဲ ပြောင်းလွဲ ပယ်နုတ်လျှော့ယုတ်၍ ယူခဲ့သော် ဘုတ်တို့၏ ထိပါးခြင်းကို ကင်း၍ အသံဖြစ်ခြင်းမရှိရကား ရူပဘုံ၌ ပထဝီဓာတ်စသည်တို့၏ တွေ့ထိခြင်းငှါ မတတ်ကောင်းသည်၏ အဖြစ်ကြောင့် ဝစီဃောသ-ဟူသော စကားသံပင် မရှိရာသောကြောင့်၎င်း, ဖောဋ္ဌဗ္ဗသဘောရှိသော ပထဝီဓာတ် စသည်တို့၏ တစုံတခုသောဘုံ တစုံတယောက်သော ပုဂ္ဂိုလ်စသည်၌ တွေ့ထိခြင်းသဘောမရှိသည်၏အဖြစ်ကို သိခြင်းငှါ မတတ်ကောင်းသောကြောင့် ၎င်း, ဖောဋ္ဌဗ္ဗာယတန-ဟူသော ဘုတ်သုံးပါးမရှိခဲ့သော် ရူပဘုံ၌ ရူပါ-ယတန စသည်တို့ ဖြစ်သင့်ခြင်းပင် မရှိရာပြီဖြစ်သောကြောင့်၎င်း စင်စစ် ဝန်ခံသင့်၏ ဟူလေ။

ရူပဘုံ၌ဖြစ်သော ပထဝီ တေဇော ဝါယော-တို့၏ တွေ့ထိခြင်းငှါ တတ်ကောင်းသည်၏အဖြစ် ရှိငြားသော်လည်း ထိုရူပဘုံ၌ ကာယိန္ဒြေ၏ မရှိခြင်းကြောင့်သာ ထိုပထဝီစသည်တို့၏ ဖောဋ္ဌဗ္ဗအဖြစ်ကို မဟောလေသည်။ "အသညသတ္တာနံ အနိဒဿနသပ္ပဋိဃံ ဧကံ မဟာဘူတံ ပဋိစ္စ ဒွေ မဟာဘူတာ" စသည်ဖြင့် ဟောတော်မူအပ်သော ပဋ္ဌာန်းပါဠိတော်၌ ပဋိဃ-ဟူသည် ပထဝီ တေဇော ဝါယော ဘုတ်သုံးပါးဟူသော ဖောဋ္ဌဗ္ဗ၏ ကာယပသာဒကိုထိခိုက်၍ ထိုကာယပသာဒ၏ မှီရာဘုတ်ကို ထိခိုက်ခြင်းကို အကြောင်းပြုသဖြင့် ရှေးရှုတော်ခြင်းဟူသော အဘိမုခဘာဝပင် ဖြစ်သည်။ ထို အဘိမုခဘာဝသည်လည်း ထိခိုက်ခြင်းမရှိသောကြောင့် တွေ့ထိခြင်းငှါ မတတ်ကောင်းသော သဘောရှိသော ဘုတ်တို့အား မရှိ၊ တွေ့ထိခြင်းငှါ တတ်ကောင်းသော ဘုတ်အားသာ ရှိသောကြောင့် ရူပဘုံ၌ ရှိသောဘုတ် တို့အား တွေ့ထိခြင်းငှါ တတ်ကောင်းသော သဘောရှိသည်သာ-ဟု မှတ်ယူ သင့်သည်၊ သို့ယူမှသာလျှင်လည်း ရူပဘုံ၌ ဘုတ်တို့ကို သပ္ပဋိဃ-ဟု ဟော တော်မူခြင်းသည် ပြည့်စုံမည် ဟူလို။

အသညသတ်ပုဂ္ဂိုလ်တို့အား ဃာနပသာဒ ဇိဝှါပသာဒ ကာယပသာဒ၏ မရှိခြင်းကြောင့် ထိုပုဂ္ဂိုလ်တို့၏ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် ပရိယာယ် အားဖြင့်သာ အာယတနမည်သကဲ့သို့ ရူပါရုံသည်လည်း ထိုပုဂ္ဂိုလ်တို့အား စက္ခုပသာဒ၏ မရှိခြင်းကြောင့် ပရိယာယ်အားဖြင့်သာ အာယတန မည် သည်။ ဤသို့ ပရိယာယ်အားဖြင့်သာ အာယတန မည်ကြချင်း တူပါလျက် အဘယ့်ကြောင့် ဂန္ဓာယတနစသည် သုံးပါးတို့ပါ အကုန်ယူ၍ "အသည- သတ္တာနံ ဒေဝါနံ ပဉ္စာယတနာနိ"ဟု ဟောတော်မမူဘဲ ရူပါယတန တပါး တည်းကိုသာယူ၍ "ဒွါယတနာနိ"ဟု ဟောတော်မူလေသနည်း၊ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် ထိုအသညသတ်ဘုံ၌ မရှိသောကြောင့်ရှင်း, ရှိသော်လည်း ထို ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့အား အာယတနသဘော မရှိသောကြောင့်ရှင်း, "ပဉ္စာယတနာနိ"ဟု မဟောလေသလော ဟူငြားအံ့....

အသညသတ်ပုဂ္ဂိုလ်တို့၏ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့ကို တပါးသော ပုဂ္ဂိုလ် တို့၏ ပသာဒ၏ ဝိသယအဖြစ်သို့ မရောက်သောကြောင့်သာ မဟောလေ သည်၊ ၎င်းပုဂ္ဂိုလ်တို့အား မရှိသောကြောင့် မဟုတ်၊ အာယတန မထိုက် သောကြောင့်လည်း မဟုတ်။ ရူပါယတနကိုမူကား အသညသတ်နှင့် တပြင် တည်း တည်သော ဝေဟပ္ဖိုလ်ပုဂ္ဂိုလ် အထက်ဖြစ်သော သုဒ္ဓါဝါသပုဂ္ဂိုလ် တို့၏ စက္ခုပသာဒ၏ ဝိသယအဖြစ်သို့ ရောက်သောကြောင့် ဟောတော်မူ လေသည် ဟူလေ။ ကထာဝတ္ထု၌လည်း မုချအားဖြင့် ဂန္ဓာယတန စသည်၏ ရှိသည်၏ အဖြစ်ကို ဝန်ခံသည်ကို ရည်၍သာ "န ဟေဝံ ဝတ္တဗ္ဗေ"ဟု ပယ်မြစ်တော်မူသည်၊ ပရိယာယ်အားဖြင့် ဂန္ဓာယတန စသည်တို့ ရှိသည်၏ အဖြစ်ကိုရည်၍ ပယ်မြစ်သည် မဟုတ်။

ပြဆိုခဲ့ပြီးသော ဓမ္မဟဒယဝိဘင်းပါဠိတော် ကထာဝတ္ထုပါဠိတော်သည် ဗြဟ္မာ့ဘုံ၌ ဂန္ဓာယတနစသည်တို့၏ မရှိသည်၏အဖြစ်ကို ဟောသောပါဠိ ပင် မဟုတ်သော်လည်း ထို ဗြဟ္မာ့ဘုံ၌ ဂန္ဓာယတနစသည်တို့၏ ရှိသည်၏ အဖြစ်ကို ပြတတ်သော ပါဠိတော်လည်း မရှိသည်သာဖြစ်၍ ဗြဟ္မာတို့၌ ဂန္ဓာယတန စသည်ရှိ၏ဟု ယူခြင်းသည် မသင့်ရာသည်သာ မဟုတ်လော ဟူငြားအံ့....ထို ဗြဟ္မာတို့၌ ဂန္ဓာယတန စသည်တို့၏ ရှိသည်၏ အဖြစ်ကို ဟောသောပါဠိတော် ထင်ရှားမရှိမလာသော်လည်း အဋ္ဌကထာတို့၌ ထုတ် ဆောင် ပြဆိုတော်မူအပ်သောကြောင့် အကြင်အဋ္ဌကထာ စကားသည်

ပါဠိတော်နှင့် မဆန့်ကျင်၊ ထို အဋ္ဌကထာစကားသည် ကဲ့ရဲ့ပြစ်တင်ခြင်းငှါ အခွင့်မမြင်။ စင်စစ် ချီးမွမ်းထိုက်သော ဆရာအဆက်ဆက်အားဖြင့် ယခု ထက်တိုင် လာသည်၏ အဖြစ်ကြောင့် ပါဠိတော်ကဲ့သို့ အလေးဂရု ပမာဏ ပြုလောက်သော စကားပင်ဖြစ်ရကား ယူသင့်သည်သာ ဟူလေ။

စက္ခုအစရှိသော အာယတနတို့၏ရင်း, ထိုစက္ခုစသည်လျှင် မှီရာရှိကုန် သော စက္ခုဝိညာဉ်စသည်တို့၏ရင်း သတ္တမှ ဆိတ်သည်၏အဖြစ်ကို ပြခြင်း ငှါ ဓာတုဒေသနာကို ဟောတော်မူအပ်သည်ဖြစ်၍ အာယတနအဖြစ်ဖြင့် ဟောတော်မူအပ်သော တရားတို့၏သာလျှင်လည်း ဓာတ်အဖြစ်ကို ပြရ ကား ရူပဘုံ၌ရှိသော ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့၏ အာယတနအဖြစ်ကို မဟော ခြင်းသာ သင့်သည်မဟုတ်၊ ထိုဂန္ဓစသည်တို့၏ ဓာတ်အဖြစ်ကို မဟောခြင်း သည်လည်း သင့်သည်သာလျှင် ဖြစ်၏။ ထို့ကြောင့် ရူပဘုံ၌ဖြစ်သော ကလာပ်ရုပ်ကို စက္ခုဒသက စသည်ဖြင့် အဋ္ဌကထာ၌ ရေတွက်ခြင်းသည် ပါဠိတော်၌ မဆန့်ကျင်၊ ညီလျော်လျောက်ပတ် သင့်မြတ်သည်သာ ဟူလို။

တ္တေ စ ရူပါဝစရသတ္တာနံ ဃာနဇိဝှါယတနာဘာဝတော ဝိဇ္ဇမာနာပိ ဂန္ဓရသာ အာယတနကိစ္စံ န ကရောန္တီတိ တေ အနာမသိတ္ဘာ ပါဠိယံ "ပဉ္စာယတနာနိ ပါတုဘဝန္တိ၊ ဆ အာယတ- နာနီ"တိအာဒိ ဝုတ္တံ။ တယော အာဟာရာတိ စ အဇ္ဈောဟရိတဗ္ဗဿ အာဟာရဿ အဘာဝေန သြဇဋ္ဌမကရူပသမုဋ္ဌာပနသင်္ခါတဿ အာဟာရကိစ္စဿ အကရဏတော၊ န သဗ္ဗေန သဗ္ဗံ ဂန္ဓရသာနံ သြဇာယ စ အဘာဝတော။ ဤတိ ဝိသယိနော ကိစ္စဿ အဘာဝေန ဝိသယော ကိစ္စဝါ စ ဓမ္မော န ဝုတ္တော။ ယသ္မိံ ဟိ ဘဝေ ဝိသယီ နတ္ထိ၊ တသ္မိံ တံဟေတုကော နိပ္ပရိယာယေန ဝိသယဿ အာယတနဘာဝေါ နတ္ထီတိ ဝိဇ္ဇမာနဿာပိ အဝစနံ။ ယထာ ရူပဘဝေ ပထဝီတေဇောဝါယောဓာတူနံ ဖောဋ္ဌဗ္ဗာယတန- ဘာဝေန။ ယဿ ပန ယတ္ထ ဝစနံ တဿ တတ္ထ ဝိသယီသဗ္ဘာဝ- ဟေတုကော နိပ္ပရိယာယေန အာယတနဘာဝေါ ဝုတ္တော ဒိဋ္ဌော။ ယထာ တတ္ထေဝ ရူပါယတနဿ။ ယဒိ ဝိသယီသဗ္ဘာဝဟေတုကော ဝိသယဿ နိပ္ပရိယာယေန အာယတနဘာဝေါ၊ ကထမသည- သတ္တာနံ ဒေဝါနံ ဒွါယတနာနိ ပါတုဘဝန္တီတိ။ အသညသတ္တာနံ

သတော၊ အယုတ်အနည်းဖြစ်သော အဘို့အားဖြင့်။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။
ဒဿေတုံ၊ ငှါ။ ဩပပါတိကယောနိယာ၊ ဖြင့်။ ဣတရံ၊ ဩပပါတိကယောနိမှ
တပါးသော သံသေဒဇယောနိကို။ အသင်္ဂဟေတွာ၊ မသင်္ဂြိုဟ် မပေါင်းယူ
မူ၍။ သံသေဒဇူပပါတယောနိသူတိ၊ ယောနိသု-ဟူ၍။ ဝုတ္တံ၊ ဆိုတော်မူ
အပ်၏။ ဣတိ၊ သို့။ ဧကေ၊ တို့သည်။ ဝဒန္တိ၊ ဆိုတော်မူကြကုန်၏။ ဤသို့
မြန်မာပြန်။

**အဘိဓမ္မတ္ထဝိကာသနီ**မည်သော အဘိဓမ္မာဝတာရဋီကာသစ် (**ဒုတိယတွဲ-
၁၈၁**)၌လည်း "သတ္တတိ ဥက္ကံသတောဝ ရူပါနိ"အစရှိသော သမ္မောဟဝိနော-
ဒနီ အဋ္ဌကထာ၌ "တိံသ ရူပါနိ" ဟူသော စကားကို ပဋိသန္ဓေအားဖြင့်
စက္ခု သောတ ဃာန ဘာဝလေးပါးလုံးချို့သော ပဏ္ဍုက်ဖြစ်သော သံသေ-
ဒဇ၏ အစွမ်းဖြင့်သာလျှင် အဋ္ဌကထာဆရာဆိုတော်မူ၍ ဥပပါတ်၏ အစွမ်း
အားဖြင့် ဆိုတော်မမူသောကြောင့်ရင်း "ကာမဓာတုယာ ဥပပတ္တိက္ခဏေ
ကဿစိ ဧကာဒသာယတနာနိ ပါတုဘဝန္တိ"အစရှိသော **ဓမ္မဟဒယဝိဘင်း
ပါဠိတော်**၌လည်း ပဋိသန္ဓိက္ခဏေ-ဟူ၍ သာမညအားဖြင့်သာ ဟောတော်
မမူဘဲ "ဥပပတ္တိက္ခဏေ"ဟူ၍ ဟောတော်မူသောကြောင့် ဥပပါတ်၏သာ
အစွမ်းဖြင့် ဟောတော်မူသည်ဟု သိအပ်သောကြောင့်ရင်း, ယမိုက် အဋ္ဌ-
ကထာ၌လည်း ဥပပါတ်ပုဂ္ဂိုလ်တို့၌သာ ဃာနချို့သော အဃာနကပုဂ္ဂိုလ်
မည်သည် မရှိကောင်းကြောင်းကို "ကာမဓာတုယံ အဃာနကော ဩပ-
ပါတိကော နာမ နတ္ထိ။ ယဒိ ဘဝေယျ၊ ကဿစိ အဋ္ဌာယတနာနီတိ
ဝဒေယျ"ဟု ပြဆိုတော်မူ၍ သံသေဒဇပုဂ္ဂိုလ်တို့၌ အဃာနကမရှိကောင်း

ဟူ၍ ပြဆိုတော်မမူသောကြောင့်ရင်း ဓမ္မဟဒယဝိဘင်း ပါဠိတော်ဝယ် "ကဿစိ ဧကာဒသာယတနာနိ" အစရှိသည်တို့၏ နိဒ္ဒေသ၌ သံသေဒဇကို မယူဘဲ ဥပပါတ်ကိုသာယူ၍ "ဩပပါတိကာနံ ပေတာနံ"ဟု ဟောတော်မူခြင်းကိုလည်း အဋ္ဌကထာဝယ်"သံသေဒဇယောနိကာပိ ပရိပုဏ္ဏာယတနာ-ပရိပုဏ္ဏာယတနဘာဝေန ဩပပါတိကသင်္ဂဟံ ကတွာ ဝုတ္တာတိ" အစရှိသည်ဖြင့် ဆိုတော်မူလတ္တံ့သည်ကို ထောက်၍ ပြည့်စုံသော အာယတနရှိသော သံသေဒဇတို့ကိုသာ ဥပပါတ်တို့၌ သင်္ဂြိုဟ်သည်၏အစွမ်းဖြင့် ဟောတော်မူအပ်သည်ဟူ၍ သိသာသည်။ ဤသို့ပြည့်စုံသော အာယတနရှိသော သံသေဒဇတို့ကိုသာ ဥပပါတ်၌ သင်္ဂြိုဟ်၍ ဟောတော်မူသောကြောင့်ရင်း "သတ္တတိ ဥက္ကံသတော ဝ ရူပါနိ" အစရှိသော အဋ္ဌကထာစကားသည် ပါဠိတော်နှင့် တစုံတရာဆန့်ကျင်ခြင်းမရှိ နှီးနှောညီညွတ်သည်သာဖြစ်သည်ဟု ဇောတိပါလမထေရ် အစရှိသော မထေရ်တို့ဆိုကြကြောင်းကို—

ဇောတိပါလတ္ထေရာဒယော ပန "သံသေဒဇယောဝ ဇစ္စန္ဓဗဓိရ-အဃာနကနပုံသကဿ 'ဇိဝှါကာယဝတ္ထုဒသကာနံ ဝသေန တိံသ ရူပါနိ ဥပ္ပဇ္ဇန္တိ'တိ ဝုတ္တံ၊ န ဩပပါတိကဿ။ ဓမ္မဟဒယဝိဘင်္ဂပါဠိ-ယဉ္စ 'ဥပပတ္တိက္ခဏေ'တိ ဝုတ္တတ္တာ ဩပပါတိကဿေဝ ဝသေန နယော နီတော။ ယမကဋ္ဌကထာယဉ္စ ဝုတ္တံ 'ကာမဓာတုယံ အဃာ-နကော ဩပပါတိကော နာမ နတ္ထိ။ပ။ ဘဝန္တီတိ ဝဒေယျာ'တိ။ ယမ္ပိ ဓမ္မဟဒယဝိဘင်္ဂေ 'ကာမဓာတုယံ ဥပပတ္တိက္ခဏေ ကဿစိ ဧကာဒသာယတနာနိ ပါတုဘဝန္တီ'တိ အာဒိနံ နိဒ္ဒေသေ 'ဩပပါတိ-ကာနံ ပေတာန'န္တိအာဒိနာ ဩပပါတိကဂ္ဂဟဏမေဝ ကတံ၊ န ပန သံသေဒဇဂ္ဂဟဏံ။ တံ ပရိပုဏ္ဏာယတနာနံယေဝ သံသေဒဇာနံ ဩပပါတိကေသု သင်္ဂဟဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ တထာ ဟိ ဝုတ္တံ အဋ္ဌကထာယံ 'သံသေဒဇယောနိကာပိ ပရိပုဏ္ဏာယတနာ-ပရိပုဏ္ဏာယတနဘာဝေန ဩပပါတိကသင်္ဂဟံ ကတွာ ဝုတ္တာ'တိ။ ပဋ္ဌာနာယ ဝါ ယောနိယာ သဗ္ဗံ ပရိပုဏ္ဏာယတနယောနိံ သင်္ဂ-ဟေတွာ ဒဿေတုံ 'ဩပပါတိကာန'န္တိ ဝုတ္တန္တိ စ တသ္မာ န ကောစိ ပါဠိဝိရောဓော"တိ ဝဒန္တိ—

ဟူ၍ပြဆိုတော်မူသည်။

ဇောတိပါလတ္ထေရာဒယော ပန၊ ဇောတိပါလမထေရ် အစရှိသည်တို့ သည်ကား။ ဇစ္စန္ဓဗဓိရအဃာနကနပုံသကာ၊ ပဋိသန္ဓေအားဖြင့် မျက်စိ လည်းကန်း နားလည်းပင်း ဃာနလည်းကင်း နပုန်းပဏ္ဍုက်လည်းဖြစ်သော။ သံသေဒဇာဿ၀၊ ၏သာလျှင်။ ၀သေန၊ ဖြင့်။ ဇိဝှါကာယဝတ္ထုဒသကာနံ ၀သေန တိံသ ရူပါနိ ဥပ္ပဇ္ဇန္တီတိ၊ ဇိဝှါ။ပ။ ဥပ္ပဇ္ဇန္တိဟူသောစကားကို။ ဝုတ္တံ၊ အဋ္ဌကထာဆရာဆိုအပ်၏။ ဩပပါတိကဿ၊ ၏။ ၀သေန၊ ဖြင့်။ န ဝုတ္တံ၊ အပ်။ ဓမ္မဟဒယဝိဘင်္ဂပါဠိယဉ္စ၊ ၌လည်း။ ဥပပတ္တိက္ခဏေတိ၊ ဟူ၍။ ဝုတ္တတ္တာ၊ ဥပပတ္တိသဒ္ဒါဖြင့် ဟောတော်မူအပ်သည်၏ အဖြစ်ကြောင့်။ ဩပ-ပါတိကဿေ၀၊ ၏သာလျှင်။ ၀သေန၊ ဖြင့်။ နယော၊ နည်းကို။ နီတော၊ ဆောင်တော်မူအပ်၏။ ယမကဋ္ဌကထာယဉ္စ၊ ၌လည်း။ ကာမဓာတုယံ အဃာနကော ဩပပါတိကော နာမ နတ္ထိ။ ယဒိ ဘဝေယျ၊ ကဿစိ အဋ္ဌာ-ယတနာနိ ဘဝန္တီတိ ဝဒေယျာတိ၊ ကာမ။ပ။ ဝဒေယျ ဟူ၍။ ဝုတ္တံ၊ ၏။ ဓမ္မဟဒယဝိဘင်္ဂေ၊ ၌။ ကာမဓာတုယံ ဥပပတ္တိက္ခဏေ ကဿစိ ကောဒသာ-ယတနာနိ ပါတုဘဝန္တီတိအာဒီနံ၊ ကာမ။ပ။ ပါတုဘဝန္တိ အစရှိသော ဥဒ္ဒေသပါဠိတော်တို့၏။ နိဒ္ဒေသေ၊ နိဒ္ဒေသဖြစ်သော ပါဠိတော်၌။ ဩပ-ပါတိကာနံ ပေတာနန္တိအာဒိနာ၊ အစရှိသည်ဖြင့်။ ဩပပါတိကဂ္ဂဟဏမေ၀၊ ဥပပါတ်ကိုယူခြင်းကိုသာလျှင်။ ယံ ကတံ၊ အကြင်ပြုတော်မူအပ်၏။ သံသေ-ဒဇဂ္ဂဟဏံ၊ သံသေဒဇကိုယူခြင်းကို။ န ပန ကတံ၊ ပြုတော်မမူအပ်။ တံ၊ ထိုသံသေဒဇကိုမယူဘဲ ဥပပါတ်ကိုယူခြင်းကိုသာပြုတော်မူခြင်းသည်။ ပရိ-ပုဏ္ဏာယတနာနံယေ၀၊ ပြည့်စုံသော အာယတနရှိသည်သာလျှင် ဖြစ်ကုန် သော။ သံသေဒဇာနံ၊ တို့ကို။ ဩပပါတိကေသု၊ တို့၌။ သင်္ဂဟဏဝသေန၊ ပေါင်းယူသည်၏အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။ တထာ ဟိ တတော ဧ၀၊ ကြောင့်သာလျှင်။ အဋ္ဌကထာယံ၊ ၌။ သံသေဒဇ-ယောနိကာပိ ပရိပုဏ္ဏာယတနာပရိပုဏ္ဏာယတနဘာဝေန ဩပပါတိက-သင်္ဂဟံ ကတွာ ဝုတ္တာတိ၊ သံသေဒဇ။ပ။ ဝုတ္တာဟူ၍။ ဝုတ္တံ၊ ၏။ ဝါ၊ ကား။ ပဋ္ဌာနာယ၊ ပြဋ္ဌာန်းသော။ ယောနိယာ၊ ဩပပါတိကယောနိဖြင့်။ သဗ္ဗံ၊ သော။ ပရိပုဏ္ဏာယတနယောနိံ၊ ကို။ သင်္ဂဟေတွာ၊ ၍။ ဒဿေတုံ၊ ငှါ။ ဩပပါတိကာနန္တိ၊ ဟူ၍။ ဝုတ္တံ၊ ၏။ ဣတိ တသ္မာ စ၊ ထို့ကြောင့်လည်း။ ကောစိ၊ တစုံတခုသော။ ပါဠိဝိရောဓော၊ ပါဠိတော်နှင့်ဆန့်ကျင်ခြင်းသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။ ဤသို့မြွန်မာပြန်။

ပြဆိုခဲ့ပြီးသော **ထေရဝါဒ အာစရိယဝါဒ**တို့၌ မသင့်သော အချက်တို့ကို ပြဆိုလိုက်ဦးအံ့....

အဘိဓမ္မတ္ထဝိကာသနီဋီကာ၀ယ် ဇောတိပါလထေရစသည်တို့၏ ဝါဒကို ပြရာ၌ ထိုမထေရ်တို့သည် ပဋ္ဌာန်းပါဠိတော်ဝယ် သဟဇာတပစ္စည်း၏ ပစ္စယုဒ္ဒေသ၌——

ဩက္ကန္တိက္ခဏေ နာမရူပံ အညမညံ သဟဇာတပစ္စယေန ပစ္စယော——

ဟူ၍ ဩက္ကန္တိသဒ္ဒါဖြင့် ဟောတော်မူသကဲ့သို့ရင်း အာဟာရပစ္စည်း၏ **ပဥ္စာဝါရပါဠိတော်၌**—ပဋိသန္ဓိက္ခဏေ ဝိပါကာဗျာကတာ အာဟာရာ သမ္ပယုတ္တကာနံ ခန္ဓာနံ ကဋတ္တာ စ ရူပါနံ အာဟာရပစ္စယေန ပစ္စယော—— ဟူ၍ ပဋိသန္ဓိသဒ္ဒါဖြင့် ဟောတော်မူသကဲ့သို့ရင်း ယောနိလေးပါးလုံးနှင့် ဆက်ဆံသော ဩက္ကန္တိသဒ္ဒါ, ပဋိသန္ဓိသဒ္ဒါတို့ဖြင့် မဟောမူ၍ "ကာမဓာတုယံ ဥပပတ္တိက္ခဏေ" အစရှိသည်ဖြင့် ဟောတော်မူသောကြောင့် ဥပပါတ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့်သာ နည်းပြတော်မူသည်ဟူ၍ ဆိုသောစကားသည် ထို ဩက္ကန္တိက္ခဏေ-ဟူသော အာဓာရကို "ကဿစိ သတ္တာယတနာနိ ပါတုဘဝန္တိ" တိုင်အောင်သော ဝါကျငါးခုလုံး၌ ပါသော "ပါတုဘဝန္တိ" ဟူသော ကြိယာပုဒ်ငါးခုလုံး၌ အသီးအသီး စပ်ယှဉ်၍ ယူသင့်သောကြောင့် မသင့်ရာ။

ထို **ဇောတိပါလထေရဝါဒ** စသည်ကို ပြရာ၌ရင်း, အနုဋီကာ၌လာသော ကေဆရာတို့ဝါဒကို ပြရာ၌ရင်း, ဓမ္မဟဒယဝိဘင်းပါဠိတော် နိဒ္ဒေသဝါရ၌ "ဩပပါတိကာနံ ပေတာနံ၊ ဩပပါတိကာနံ တိရစ္ဆာနဂတာနံ" အစရှိသည်ဖြင့် ဥပပါတ်ကိုသာ ယူ၍ သံသေဒဇကို မယူခြင်းကို ပရိပုဏ္ဏာယတန ဖြစ်သော သံသေဒဇတို့ကိုသာ ဥပပါတ်၌ ပေါင်းသွင်းသည်၏ အစွမ်းဖြင့် ဟောတော်မူကြောင်းကို "တံ ပရိပုဏ္ဏာယတနာနံယေဝ သံသေဒဇာနံ ဩပပါတိကေသု သင်္ဂဟဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ" ဟု ပြဆို၍ မိမိတို့ ပြဆိုသည့်အတိုင်း ပရိပုဏ္ဏာယတနဖြစ်သော သံသေဒဇတို့ကိုသာ ဥပပါတ်၌ သွင်းယူအပ်သည်၏ အဖြစ် မြဲမြံခိုင်ခံ့စိမ့်သောငှါ သာဓကပါဌ်ကို ဆောင်ပြလို၍ "တထာ ဟိ ဝက္ခတိ သံသေဒဇယောနိကာပိ ပရိပုဏ္ဏာယတနာ ပရိပုဏ္ဏာ-

ယတနဘာဝေန ဩပပါတိကသင်္ဂဟံ ကတ္ဒာ ဝုတ္တာတိ”ဟု မူလဋီကာပါဌ်ကို ကောဆရာတို့ ဆောင်ပြကုန်၏။

**ဇောတိပါလတ္ထေရ**-စသည်တို့၏ ဝါဒကို ပြရာ၌ကား....“တထာ ဟိ ဝုတ္တံ အဋ္ဌကထာယံ သံသေဒဇယောနိကာပိ”အစရှိသည်ဖြင့် ထိုသာဓကစကား၏ လာရာကျမ်းအရကို အဋ္ဌကထာကို ယူ၍ ပြဆိုကုန်၏။ ထိုဝါဒတို့၌ ပရိပုဏ္ဏာ-ယတနဖြစ်သော သံသေဒဇတို့ကိုသာ “ဩပပါတိကာနံ ပေတာနံ” အစရှိသည်ဖြင့် ဓမ္မဟဒယဝိဘင်းနိဒ္ဒေသဝါရ၌ လာသော ဥပပါတ်၌ သွင်းယူသင့်သည်ဟု ပြဆိုခြင်း, ထိုသို့ သွင်းယူသင့်သည်၏ အဖြစ်ကို မြဲစိမ့်သောငှါ “သံသေဒဇယောနိကာပိ ပရိပုဏ္ဏာယတနာပရိပုဏ္ဏာယတနဘာဝေန” အစရှိသည်ဖြင့် မူလဋီကာပါဌ်ကို သာဓက ပြုလုပ် ဆောင်ပြခြင်းများသည် မသင့်သည်ချည်းသာ။

> နာနာက္ခဏိကာ ကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော။ နာနာက္ခဏိကာ အကုသလာ စေတနာ ဝိပါကာနံ ခန္ဓာနံ ကဋတ္တာနဉ္စ ရူပါနံ ကမ္မပစ္စယေန ပစ္စယော—

ဟူ၍ **ပဋ္ဌာန်းကျမ်း**၌ နာနာက္ခဏိကကုသိုလ် အကုသိုလ်ဟူသော စေတနာကံသည် ဝိပါက်နာမက္ခန္ဓာ ကမ္မဇရုပ်တို့အား ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုကြောင်းကို ဟောတော်မူသည်ဖြစ်၍ နာနာက္ခဏိကကုသိုလ် အကုသိုလ် စေတနာကံသည် ကမ္မပစ္စယသတ္တိဖြင့် ကျေးဇူးပြုအပ် ဖြစ်စေအပ်သော အကျိုးပစ္စယုပ္ပန် တရားအရကို ဝိပါက်ဆတ္တိံသ, ထိုနှင့် ယှဉ်ခိုက်သော စေတသိက် အဋ္ဌတိံသ-ဟူသော ဝိပါက်နာမက္ခန္ဓာလေးပါး, ပသာဒရုပ်ငါးခု ဘာဝရုပ်နှစ်ခု ဟဒယရုပ် ဇီဝိတရုပ်အားဖြင့် ကမ္မဇကေန်ကိုးခု မဟာဘုတ် လေးပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ ပရိစ္ဆေဒရုပ်အားဖြင့် ကမ္မဇအနေကန်ကိုးခု ဟူသော ကဋတ္တာရုပ်တို့ကိုသာ ကောက်ယူရသည်။

ယင်းတို့ကိုသာ ကောက်ယူရသဖြင့် အကုသိုလ်စိတ်ဒွါဒသ ယင်းနှင့် ယှဉ်ခိုက်သော စေတသိက် သတ္တဝီသ-ဟူသော အကုသိုလ်နာမက္ခန္ဓာ လေးပါး.... ကုသိုလ်စိတ် ဧကဝီသ ယင်းနှင့်ယှဉ်ခိုက် စေတသိက် အဋ္ဌတိံသ-ဟူသော

ကုသိုလ် နာမက္ခန္ဓာ လေးပါး... ကြိယာစိတ် ဝီသ ယင်းနှင့်ယှဉ်နိုက် စေတသိက် ပဥ္စတိံသ-ဟူသော ကြိယာနာမက္ခန္ဓာ လေးပါးတို့ကိုရင်း—

ရုပ် အဌဝီသတို့တွင် "ဝိညတ္တိဒွယံ စိတ္တဇမေဝ"ဟူ၍ ဝိညတ်ဒွေး၏ စိတ်ကြောင့်သာ ဖြစ်ကြောင်း...."သဒ္ဒေါ စိတ္တောတုဇော" ဟူ၍ သဒ္ဒရုပ်၏ စိတ်ဥတုတို့ကြောင့်သာ ဖြစ်ကြောင်း...."လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ"ဟူ၍ ရူပဿလဟုတာ စသော ဝိကာရရုပ်သုံးခု၏ စိတ်ဥတု အာဟာရတို့ကြောင့်သာ ဖြစ်ကြောင်း...."လက္ခဏရူပါနိ န ကုတောစိဇာယန္တိ"ဟူ၍ လက္ခဏရုပ်လေးခုတို့၏ ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးတွင် တစုံဘခုသော အကြောင်းကြောင့်မျှ မဖြစ်ကြောင်းတို့ကို **သင်္ဂြိုဟ်ကျမ်း** (၄၂) ၌ ပြဆိုအပ်သည်နှင့်အညီ သဒ္ဒရုပ် ဝိကာရရုပ်ငါးခု လက္ခဏရုပ် လေးခုအားဖြင့် ဤရုပ် တဆယ်တို့ကိုရင်း—

"အဝိနိဗ္ဘောဂရူပါနိ စေဝ အာကာသဓာတု စ စတူဟိ သမ္ဘူတာနိ" ဟူ၍ အဝိနိဗ္ဘောဂရုပ်ရှစ်ခု ပရိစ္ဆေဒရုပ်တခုအားဖြင့် ကိုးခုသော ရုပ်တို့၏ အကြောင်း လေးပါးလုံးကြောင့်ပင် ဖြစ်ကြောင်းကို ၎င်းကျမ်း၌ ပြဆိုအပ်သောကြောင့် စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ခိုက်သော ၎င်းရုပ်ကိုးခုတို့ကိုရင်း ဤနာနာက္ခဏိကကမ္မပစ္စည်း၏ ပစ္စယုပ္ပန် တရားအရ၌မပါဝင် မကောက်ယူသင့်ဟု သိသာသည်။

**ဓမ္မဟဒယဝိဘင်းပါဠိတော်ဝယ်** "ကာမဓာတုယံ ပဋိသန္ဓိက္ခဏေ ကဿစိ ဧကာဒသာယတနာနိ ပါတုဘဝန္တိ" စသည် ဟူ၍ ကာမဘုံဝယ် ပဋိသန္ဓေခဏ၌ အချို့ပုဂ္ဂိုလ်အား အာယတနတဆဲ့တပါး စသည်ဖြစ်ကြောင်းကို ဟောတော်မူရာ၌လည်း ကာမဘုံ၌သာ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ခိုက်သော တရားအရသည် ယခင်ဝိပါက်ဆတ္တိံသ ယင်းနှင့်ယှဉ်သော စေတသိက် ဟူသော ဝိပါက်နာမက္ခန္ဓာလေးပါးတွင် ရူပဘုံ အရူပဘုံ၌သာ ထိုဘုံသို့ မရောက်မီ ရှေးအနန္တရဘဝ၌ ဖြစ်သော နာနာက္ခဏိက ကုသိုလ်စေတနာကံသည် ထိုက်သည့်အားလျော်စွာ အသီးအသီးဖြစ်စေအပ်သော ရူပဝိပါက် အရူပဝိပါက်နာမက္ခန္ဓာတို့မှရင်း,....ကာမဘုံ၌ ပင်သော်လည်း ပဝတ္တိကာလ၌သာ ဒဿန သဝန ဃာယန သာယန ဖုသန သမ္ပဋိစ္ဆန သန္တီရဏ ဇဝန ကိစ္စအားဖြင့်သာ ထိုက်သည့်အားလျော်စွာ ဖြစ်ကုန်သော ဒွေပဉ္စဝိညာဉ်

တဆယ် သမ္ပဋိစ္ဆိုင်းဒွေး သုခသန္တီရဏ ဖိုလ်စိတ်လေးခုတို့မှငင်း,....သန္တီရဏ တဒါရမ္မဏ ဘဝင် စုတိကိစ္စတပ်၍ ဖြစ်ခိုက်သော ဥပေက္ခာသန္တီရဏနှစ်ခု တဒါရမ္မဏ ဘဝင် စုတိကိစ္စတပ်၍ ဖြစ်ခိုက်သော မဟာဝိပါက်ရှစ်ခုတို့မှ ငင်း,....တပါးသော ကာမဘုံ၌သာ ပဋိသန္ဓေကိစ္စတပ်၍ ဖြစ်ခိုက်သော ဥပေက္ခာသန္တီရဏနှစ်ခု မဟာဝိပါက်ရှစ်ခု ယင်းတို့နှင့်ယှဉ်သော စေတသိက် တေတ္တိံသ ဝိပါက် နာမက္ခန္ဓာ ပဋိသန္ဓေကမ္မဇရုပ်သာ ဖြစ်ရကား ထိုတွင် ပသာဒရုပ်ငါးခု ဝဏ္ဏ ဂန္ဓ ရသ ဖောဋ္ဌဗ္ဗတို့သည် အစဉ်အတိုင်း စက္ခာယတန သောတ ဃာန ဇိဝှါ ကာယ ရူပ ဂန္ဓ ရသာယတန ဖောဋ္ဌဗ္ဗာယတန, သန္တီ-ရဏ မဟာဝိပါက်စိတ်တဆယ်သည် မနာယတန, ယင်းတို့နှင့် ယှဉ်သော စေတသိက် တေတ္တိံသသည်ငင်း ကမ္မဇဖြစ်သော အာပေါ လက္ခဏ္ဍွေ ပုရိ-သိန္ဒြေ ဇီဝိတရုပ် ဟဒယရုပ် အာဟာရရုပ် ပရိစ္ဆေဒရုပ်ဟူသော ရုပ်ခုနစ်ခု တို့သည်ငင်း ဓမ္မာယတနဖြစ်၍ အာယတနတဆဲ့တပါး အရကို သိလေ။

ပဋိသန္ဓေခဏ၌ပင် အာယတနတဆဲ့တပါး ဆယ်ပါး ကိုးပါးဖြစ်သည် ဟူကလည်း ထိုအာယတနတို့၏ ဖြစ်ရာပုဂ္ဂိုလ်သည် သံသေဒဇ ဥပပါတ်တို့သာ ဖြစ်ရကား "ကဿစိ နဝ" တိုင်အောင်သော ရှေ့ဝါကျလေးခု၌ "ကဿစိ" အရသည် သံသေဒဇ ဥပပါတ်သာဖြစ်၍ ထိုပုဂ္ဂိုလ်တို့အား သဒ္ဒါ-ယတနတပါးသာ ပဝတ္တိကာလ၌ဖြစ်သည်၊ ကြွင်းအာယတနတဆဲ့တပါးတို့မှာ ပဋိသန္ဓေကာလ၌ပင် ဖြစ်ကုန်၏ဟု သိသာထင်ရှားသည်။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အားကား—

> ဂဗ္ဘသေယျကဿ စက္ခုသောတဃာနဇိဝှါသဒ္ဒါယတနဝဇ္ဇိတာနိ သတ္တာယတနာနိ ဝုတ္တာနိ—

ဟူ၍ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား ပဋိသန္ဓေခဏ၌ စက္ခာယတန သောတ ဃာန ဇိဝှါ သဒ္ဒါယတနသည် ကြဉ်အပ်သော အာယတနခုနစ်ပါးတို့ဖြစ် ကြောင်းကို **ဋီကာကျော်** (၂၁၇) ၌ ပြဆိုသည်။ **အဘိဓမ္မတ္ထဝိကာသနီဋီကာ** (၁၈၀) ၌သည်း—

> သတ္တာယတနာနီတိ ဂဗ္ဘသေယျကဿ ရူပဂန္ဓရသကာယ-ဖောဋ္ဌဗ္ဗမနဓမ္မာယတနဝသေန ဝုတ္တံ—

ဟူ၍ "ကာမဓာတုယံ ဥပပတ္တိက္ခဏေ ကဿစိ သတ္တာယတနာနိ ပါတုဘဝန္တိ" ဟူသော **ဓမ္မဟဒယဝိဘင်းပါဠိတော်**ဝယ် "ကဿစိ သတ္တာယတနာနိ" ကို ဂဗ္ဘ-သေယျကတို့အား ပဋိသန္ဓေခဏ၌ ဖြစ်သော ရူပါယတန ဂန္ဓ ရသဖောဋ္ဌဗ္ဗ ကာယ မန ဓမ္မာယတန၏ အစွမ်းအားဖြင့် ဟောတော်မူကြောင်းကို ပြဆို သည်ဖြစ်၍ အဏ္ဍဇ ဇလာဗုဇ ဟူသော ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခု သောတ ဃာန ဇိဝှါ သဒ္ဒါယတနဟူသော အာယတနငါးပါးတို့သည် ပဝတ္တိ ကာလ၌သာ ဖြစ်ကုန်၏ဟု သိသာထင်ရှားသည်။

ဂဗ္ဘသေယျကဿ၊ အား။ စက္ခု သောတ ဃာန ဇိဝှါ သဒ္ဒါယတန-ဝဇ္ဇိတာနိ၊ စက္ခာယတန။ပ။ သဒ္ဒါယတနသည် ကြဉ်အပ်ကုန်သော။ သတ္တာ-ယတနာနိ၊ ပဋိသန္ဓေခဏ၌ အာယတနခုနစ်ပါးတို့ကို။ ဝုတ္တာနိ၊ ကုန်၏။

သတ္တာယတနာနီတိ၊ နိဟူသောစကားကို။ ဂဗ္ဘသေယျကဿ၊ အား။ ရူပဂန္ဓရသကာယဖောဋ္ဌဗ္ဗမနဓမ္မာယတနဝသေန၊ ပဋိသန္ဓေခဏ၌ဖြစ်သော ရူပါယတန။ပ။ ဓမ္မာယတနတို့၏အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။

## ၁၄-စက္ခာယတနစသည် ဖြစ်ပေါ်ပုံ

ဂဗ္ဘသေယျကတို့အား ပဝတ္တိကာလ၌သာ ဖြစ်ကောင်းသော အာယတန ငါးပါးတို့တွင် စက္ခု သောတ ဃာန ဇိဝှါဟူသော အာယတနလေးပါးတို့ သည် ပဋိသန္ဓေစွဲနေသည့်နောက် အဘယ်မျှလောက်သော ကာလသို့ရောက် မှ စ၍ ဖြစ်ကုန်သနည်း၊ ဖြစ်သောအခါ၌လည်း ထိုအာယတနလေးပါးတို့ သည် အစဉ်အားဖြင့် ဖြစ်ကုန်သလော၊ တပြိုင်တခါတည်းပင် ဖြစ်ကုန် သလောဟူမူ။ ဂဗ္ဘသေယျကတို့သည် ကလလ အဗ္ဗုဒ ပေသိ ဃန ပဉ္စပသာခအစဉ်အားဖြင့် ဖြစ်ကုန်သည်ဖြစ်၍ ထိုတွင် ကလလ-ဟူသည် ကာယဒသက ဝတ္ထုဒသက ဘာဝဒသက ကလလရုပ်ပင် ဖြစ်၍ ထို ကလလရုပ်သည်လည်း ပဋိသန္ဓေစိတ်နှင့် ပြိုင်၍ပင် ဖြစ်ရကား အဇ္ဈတ္တိ-ကာယတန ခြောက်ပါးတွင် ကာယဒသကကလာပ်၌ ပါသော ကာယ-ပသာဒသည် ကာယာယတန, ပဋိသန္ဓေစိတ်သည် မနာယတန ဖြစ်သော ကြောင့် ဂဗ္ဘသေယျကအား မနာယတန ကာယာယတန နှစ်ပါးတို့သည် ပဌမသတ္တာဟ ပဋိသန္ဓေခဏကာလ၌ပင် ဖြစ်ကြောင်း၊ စက္ခု သောတ ဃာန ဇိဝှါတို့မူကား ခက်မငါးဖြာတို့ဖြစ်ရာ ပဉ္စမသတ္တာဟမှနောက် ဆဋ္ဌ

သတ္တာဟမှစ၍ ဒသမ သတ္တာဟတိုင်အောင် ငါးသတ္တာဟအတွင်း သူငယ် ဟူသော ဝတ္ထုရင့်ခြင်းသို့ရောက်သဖြင့် ပသာဒဖြစ်သော စက္ခု သောတ ဃာန ဇိဝှါတို့၏ အဖြစ်သမ္ဘာရ စက္ခု သောတ ဃာန ဇိဝှါ-ဟူသော မျက်စိ နား နှာခေါင်း လျှာတို့ ပသာဒ တည်လောက်အောင် ပြည့်စုံစွာ ဖြစ်ကုန် ရင့်ကုန်ပြီးဖြစ်၍ ရုပ်ကိုဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးတွင် ထိုဘဝပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကြောင့် သော်၎င်း, ယင်းမှတပါး ပဝတ္တိအကျိုးမျှကို ဖြစ်စေတတ်သော ကံကြောင့် သော်၎င်း, ခုနစ်ဆဲ့ခုနစ်ညဥ့်ဟူသော သတ္တာဟ ပေါင်း တဆဲ့တခုတို့တွင် ကလလသတ္တာဟမှ စ၍ရေသော် တဆဲ့တခုမြောက်သော ဧကာဒသမ-သတ္တာဟ၌ ဖြစ်ကြောင်းကို—

ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတနကာယာ-ယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တ-သတ္တတိရတ္တိမှိ။ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တဿေဝ အညဿ ဝါ ကတတ္တာ—

ဟူ၍ **ကထာဝတ္ထုအဋ္ဌကထာ** (၂၄၀) ၌ ပြဆိုအပ်သည်ဖြစ်၍ ဂဗ္ဘသေယျက တို့အား စက္ခု အစရှိသော အာယတန-လေးပါးတို့သည် ကလလသတ္တာဟမှ စ၍ရေသော် ခုနစ်ဆဲ့ခုနစ်ညဥ့် အရေအတွက်ရှိသော သတ္တာဟ တဆဲ့တခု တို့တွင် ဧကာဒသမသတ္တာဟ၏ အစရက်ဖြစ်သော ခုနစ်ဆဲ့တရက်မြောက်၌ ပြဆိုအပ်ပြီးသော ကံကြောင့်သာ မရှေးမနှောင်း တပြိုင်တခါတည်း ဖြစ် ကုန်သည်၊ စက္ခု သောတ စသော အစဉ်အားဖြင့် မဖြစ်ကုန် ဟူလေ။

ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျကပဋိသန္ဓေနေကုန်သော ပုဂ္ဂိုလ်တို့အား။ အဇ္ဈတ္တိကာယတနေသု၊ အဇ္ဈတ္တိကာယတနခြောက်ပါးတို့တွင်။ မနာယတန-ကာယာယတနာနေဝ၊ တို့သည်သာလျှင်။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏ ကာလ၌။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ သေသာနိ၊ မနာယတန ကာယာယတန တို့မှ ကြွင်းကုန်သော။ စတ္တာရိ၊ လေးပါးကုန်သော စက္ခု သောတ ဃာန ဇိဝှါယတနတို့သည်။ သတ္တသတ္တတိရတ္တိမှိ၊ ခုနစ်ဆဲ့ခုနစ်ညဥ့် အရေအတွက် ရှိသော တဆဲ့တခုသော သတ္တာဟတို့တွင် ကလလသတ္တာဟမှ တဆဲ့တခု မြောက်ဖြစ်သော ဧကာဒသမသတ္တာဟ-၏ အစရက်ဖြစ်သော ခုနစ်ဆဲ့ တရက်မြောက်နေ့၌။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ တာနိ စ ခေါ၊ ထို ဧကာဒသမ

သတ္တာဟ၌ ဖြစ်ကုန်သော စက္ခာယတန အစရှိသော လေးပါးသော အာယ-တနတို့သည်လည်း။ ယေန ကမ္မုနာ၊ အကြင်ကံဖြင့်။ ပဋိသန္ဓိ၊ ဤဘဝပဋိသန္ဓေကို။ ဂဟိတာ၊ ယူအပ်၏။ တဿေဝ ကမ္မဿ၊ ဤဘဝပဋိသန္ဓေကို ပေးတတ်သော ထိုကံ၏သာလျှင်။ ဝါ၊ ကံသည်သာလျှင်။ ကတတ္တာ ဝါ၊ ပြုအပ်သည်၏ အဖြစ်ကြောင့်ရင်း။ အညဿ၊ ဤဘဝပဋိသန္ဓေကို ပေးတတ်သောကံမှ တပါးသော ပဝတ္တိအကျိုးမျှကို ပေးတတ်သောကံ၏။ ဝါ၊ ကံသည်။ ကတတ္တာ ဝါ၊ ကြောင့်ရင်း။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။

အသီးအသီးသော အဘိဓမ္မာလက်သန်း အဋ္ဌကထာတို့ကို စီရင်ရေးပြုတော်မူကုန်သော အရှင်အနုရုဒ္ဓါဆရာ အစရှိကုန်သော ဆရာမြတ်တို့သည် ဓမ္မသင်္ဂဏီ အစရှိကုန်သော အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်တို့နှင့် တကွ အဋ္ဌသာလိနီ သမ္မောဟဝိနောဒနီ ပဉ္စပကြိုဏ်း အဘိဓမ္မာ အဋ္ဌကထာကြီးတို့ကို အမှီပြု၍ ရေးပြုစီရင်တော်မူကြကုန်သည်ချည်း ဖြစ်သောကြောင့် ယခင် ပြဆိုခဲ့သော "ဂဗ္ဘသေယျကသတ္တာနံ ဆသု အဇ္ဈတ္တိကာယတနေသု မနာယတနကာယာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှို။ တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိ-တာ၊ တဿေဝ အညဿ ဝါ ကတတ္တာ" ဟူသော **ကထာဝတ္ထုအဋ္ဌကထာ** စကားရပ်တွင် "သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှို"ဟူသော စကားကို မှီ၍—

တတော ပရံ ပဝတ္တိကာလေ—

ဟူသော စကားကို၊ "တာနိ စ ခေါ ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ" အစရှိသည်ကိုမှီ၍—

"ကမ္မေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ—

ဟူသောစကားကို **အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ**(၄၄)ဝယ် ပြဆိုတော်မူသောကြောင့် ဤသင်္ဂြိုဟ်ဆရာ၏ အလိုအားဖြင့်လည်း ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေခဏ၌ မနာယတန ကာယာယတန နှစ်ပါး၊ ကလလသတ္တာဟမှစ၍ ရေသော် တဆဲ့တခုမြောက်သော ဃနေဒသမသတ္တာဟ၏ အစရက်ဖြစ်သော ခုနစ်ဆဲ့တရက်မြောက်ကာလ၌ ရုပ်ကိုဖြစ်စေတတ်သော အကြောင်းလေးပါးတွင် ကံဟူသော အကြောင်းကြောင့် စက္ခု အစရှိသော

အာယတန လေးပါးတို့သည် မရှေးမနှောင်း တပြိုင်တည်းဖြစ်ကုန်၏ဟူ၍ ကထာဝတ္ထုအဋ္ဌကထာ ဆရာကဲ့သို့ပင် အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာဆရာ ပြဆိုတော်မူလိုသည်။

တတော၊ ထိုဂဗ္ဘသေယျကတို့အား တခုသော ဘဝဝယ် ရှေးဦးအစစွာ ဖြစ်သော ဝတ္ထု ကာယ ဘာဝဒသကသုံးပါးတို့၏ဖြစ်ရာ ပဋိသန္ဓေကာလမှ။ ပရံ၊ နောက်၌။ ဝါ၊ နောက်ဖြစ်သော။ ပဝတ္တိကာလေ၊ ကောဒသမသတ္တာဟ ၏ အစရက်ဖြစ်သော ပဝတ္တိကာလ၌။ ကမ္မေန၊ ထိုဘဝပဋိသန္ဓေကို ဖြစ်စေ တတ်သောကံ, ပဝတ္တိအကျိုးမျှကို ဖြစ်စေတတ်သော ကံတို့တွင် ထိုက်သည် အားလျော်စွာ တပါးပါးသောကံဖြင့်။ စက္ခုဒသကာဒီနိ စ၊ စက္ခုဒသက အစရှိကုန်သော လေးပါးသော ဒသကကလာပ်ရုပ်တို့သည်လည်း။ ပါတု ဘဝန္တိ၊ ဖြစ်ကုန်၏။

"ယဒါ ဟဝေ ပါတုဘဝန္တိ ဓမ္မာ"ဟူသော ဂါထာ၌ ဓမ္မအရကို ဗောဓိ-ပက္ခိယတရားကို ကောက်ခိုက် ပါတုဘဝန္တိ၌ကဲ့သို့ ပါတုသဒ္ဒါအနက် အသီး မရှိ။

**ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ** (၇၁) ၌လည်း ပဋိသန္ဓေစိတ်နှင့် အတူတကွ ထိုက်သည်အားလျော်စွာ ကာယ ဝတ္ထု ဘာဝဒသကဟူသော ကမ္မဇ ကလာပ်သုံးစည်းတို့ဖြစ်ပြီးသည့်နောက် ထိုပဋိသန္ဓေစိတ်၏ ဌီခဏမှစ၍ ဖြစ်ထိုက်သမျှသော စိတ်တို့၏ ဥပါဒ် ဌီ ဘင်ခဏတိုင်း ကမ္မဇရုပ်တို့ဖြစ် ကုန်သည်ဖြစ်၍ရင်း, ထိုကမ္မဇကလာပ်တို့၌ ပါသော တေဇောဓာတ်ဟူသော ဥတုသည် မိမိဌီခဏကစ၍ ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ် ဌီ ဘင်ခဏတိုင်း ဥတုဇရုပ်တို့ကို ဖြစ်စေသည်ဖြစ်၍ရင်း, ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏမှစ၍ စိတ်တို့၏ ဥပါဒ်ခဏတိုင်း စိတ္တဇရုပ်တို့ဖြစ်ကုန်သည်ဖြစ်၍ရင်း, ဒုတိယ သတ္တာဟမှစ၍ ခပ်သိမ်းသော စိတ်တို့၏ ဥပါဒ် ဌီ ဘင်ခဏတိုင်း အာဟာ-ရဇရုပ်တို့ ဖြစ်ကုန်သည်ဖြစ်၍ရင်း, များစွာသော စတုဇရုပ်တို့ အဆင့်ဆင့် ဖြစ်ကုန်၍ အဗ္ဗုဒ ပေသိ ဃနအစရှိသော အစဉ်အားဖြင့် ကြီးပွါးသော ဂဗ္ဘသေယျကသတ္တဝါအား ပဝတ္တိကာလဝယ် စက္ခုဒသကအစရှိကုန်သော လေးပါးကုန်သော ဒသကကလာပ်ရုပ်တို့သည် မိမိတို့ဖြစ်ထိုက်သော ကံအား လျော်စွာ ဖြစ်ကြကြောင်းကို—

တတော ပရံ ပဝတ္တိမှိ၊ ဝစုမာနသ ဇန္တုနော။
စက္ခုဒသကာဒယော စ၊ စတ္တာရော ဟောန္တိ သမ္ဘဝါ——

ဟု ပြတော်မူ၏။

တတော၊ ထိုပဋိသန္ဓေခဏကာလမှ။ ပရံ၊ နောက်၌။ ဝစုမာနဿ၊ အစဉ်အားဖြင့် ကြီးပွါးသော။ ဇန္တုနော၊ ဂဗ္ဘသေယျက ပုဂ္ဂိုလ်အား။ ပဝတ္တိမှိ၊ ပဝတ္တိကာလ ကောဒသမသတ္တာဟ၌။ စတ္တာရော၊ လေးပါးကုန်သော။ စက္ခုဒသကာဒယော စ၊ စက္ခုဒသကအစရှိကုန်သော ကလာပ်ရုပ်တို့သည်လည်း။ သမ္ဘဝါ၊ မိမိတို့ဖြစ်ထိုက်သော ကံအားလျော်စွာ။ ဟောန္တိ၊ ဖြစ်ကုန်၏။

**နာမရူပပရိစ္ဆေဒအဋ္ဌကထာ** (၅၂) ၌လည်း ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ရှေးဦးအစ ပဋိသန္ဓေခဏ၌ နပုန်းပဏ္ဍုက်ဖြစ်အံ့, ဝတ္ထုဒသက ကာယဒသက ကလာပ်နှစ်စည်း၊ မိန်းမဖြစ်အံ့, ဝတ္ထုဒသက ကာယဒသက ဣတ္ထိဘာဝဒသက၊ ယောကျ်ားဖြစ်အံ့, ဝတ္ထုဒသက ကာယဒသက ပုမ္ဘာဝဒသက ကလာပ်သုံးစည်းတို့ဖြစ်ကြောင်း၊ ထိုနောင် ပဝတ္တိကာလ၌ စက္ခု သောတ ဃာန ဇိဝှါဒသကကလာပ်လေးစည်းတို့ မိမိတို့ဖြစ်ထိုက်သော ကံအားလျော်စွာ ဖြစ်ကြကြောင်းကို—

ဝတ္ထုကာယဒသကာနိ၊ သဘာဝဒသကာနိ ဝါ။
ဂဗ္ဘသေယျကသတ္တာနံ၊ တတော သေသာနိ သမ္ဘဝါ—

ဟု ပြဆိုတော်မူ၏။ ဂဗ္ဘသေယျကသတ္တာနံ၊ ဂဗ္ဘသေယျကဖြစ်ကုန်သော သတ္တဝါတို့အား။ ပဋိသန္ဓိက္ခဏေ၊ ပဋိသန္ဓေခဏကာလ၌။ ဝတ္ထုကာယဒသကာနိ ဝါ၊ ပဏ္ဍုက်ဖြစ်၍ ဝတ္ထုဒသက ကာယဒသကကလာပ် နှစ်စည်းတို့သည်ငှင်း။ သဘာဝဒသကာနိ၊ မိန်းမယောကျ်ားဖြစ်၍ ဘာဝဒသကနှင့်တကွ ဖြစ်ကုန်သော။ ဝတ္ထုကာယဒသကာနိ ဝါ၊ တို့သည်ငှင်း။ ဟောန္တိ၊ ကုန်၏။ တတော၊ ထိုပဋိသန္ဓေကာလမှ။ ပရံ၊ နောက်ဖြစ်သောပဝတ္တိကာလ ကောဒသမသတ္တာဟ၌။ ဝါ၊ တတော၊ ထိုဝတ္ထုကာယဘာဝဒသကကလာပ်တို့မှ။ သေသာနိ၊ ကြွင်းကုန်သော စက္ခု သောတ ဃာန ဇိဝှါဒသက ကလာပ်တို့သည်။ သမ္ဘဝါ၊မိမိတို့ဖြစ်ထိုက်သော ကံအားလျော်စွာ။ဟောန္တိ၊ ကုန်၏။

ဤအဋ္ဌကထာတို့၌ "သမ္ဘဝါ" ဟူသောပုဒ်ဖြင့် ဂဗ္ဘသေယျကတို့အား ပဝတ္တိကာလ၌ စက္ခု သောတ ဃာန ဇီဝှါဒသကကလာပ်တို့ဖြစ်ကုန်၏ ဟူသော်လည်း အမြဲနိယာမကေနွ္တအားဖြင့် လေးစည်းလုံးဖြစ်ကုန်သည် မဟုတ်၊ ထိုဘဝပဋိသန္ဓေကို ပေးတတ်သော ကံသည် စက္ခုကို ဖြစ်စေနိုင်သော ကံဖြစ်ပါမှ စက္ခုဒသကဖြစ်သည်၊ သောတကိုဖြစ်စေနိုင်သောကံဖြစ်ပါမှ သောတဒသကဖြစ်သည်ဟူသော အနက်သဘောကို ပြတော်မူသည်။

တနည်း "ကမ္မေန" ဟူသောစကား "သမ္ဘဝါ" ဟူသော စကားတို့ကို "ယေန ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တဿေဝ အညဿ ဝါ ကတတ္တာ" ဟူသော ကထာဝတ္ထုအဋ္ဌကထာကို မှီ၍ဆိုကြရကား ထို စက္ခု စသော အာယတနလေးပါး စက္ခုဒသကစသော ကလာပ်လေးစည်းတို့သည် ကောဒသမသတ္တာဟ၌ ဖြစ်သောအခါ၌ ဤ ဘဝပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ, ပဝတ္တိအကျိုးမျှကို ဖြစ်စေတတ်သောကံတို့တွင် ထိုက်သည့်အားလျော်စွာ တပါးပါးကြောင့် ဖြစ်သည်ဟု ပြတော်မူကြသည်။ ဤလက်သန်း အဋ္ဌကထာ သုံးကျမ်းတို့၌ "ပဝတ္တိကာလေ, ပဝတ္တိမှိ, တတော"ဟူသော အနုမေယျဝိသယ အပါဒါန်၏ စပ်ရာ "ပရံ"ဟူသော အာဓာရအရကို "သတ္တသတ္တတိရတ္တိမှိ" အရဟုဆိုသော ကထာဝတ္ထုအဋ္ဌကထာ ကောဒသမသတ္တာဟ-ကိုပင် ရည်၍ဆိုသည်ဟု မှတ်အပ်၏။

ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား စက္ခုစသော အာယတနလေးပါး စက္ခုဒသကစသော ကလာပ်လေးစည်းတို့၏ ကောဒသမသတ္တာဟ-၌ ကံကြောင့်ဖြစ်သည်ကို ဤ အဋ္ဌကထာ လေးကျမ်းတို့ကိုသာ ထောက်၍သိအပ်သည် မဟုတ်သေး၊ ကောဒသမသတ္တာဟ-မှ ရှေး-ဘူသော အတွင်းဖြစ်သော ဆယ်ခုမြောက်သော သတ္တာဟ-တိုင် ရက်ပေါင်း ခုနစ်ဆယ်ကာလ၌ တည်သော ပစ္ဆိမဘဝိကဂဗ္ဘသေယျက ဥပပဇ္ဇန္တပုဂ္ဂိုလ်အား ကလလ-ဟူသော ကာယဒသက ဝတ္ထုဒသက ဘာဝဒသကကလာပ်တို့၌ အကျုံးဝင်သော ရူပါရုံသည်ပင် ရူပါယတနဖြစ်၍ ထိုရူပါယတနသည် ပဋိသန္ဓေခဏကာလပင် ဖြစ်ပြီးဖြစ်ရကား ရူပါယတနသည် မဖြစ်လတ္တံ့၊ စက္ခာယတနမူကား မိမိဖြစ်သင့်ရာကာလသို့ မရောက်သေးသောကြောင့် မဖြစ်သေး၊ ဖြစ်လတ္တံ့သာ ဖြစ်ကြောင်းကို ပြဆိုသော—

အထ ကဿ ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။ အာမန္တာတိ ပဋိညာတာ။ နနု စ ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာ-ဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။ တသ္မိံ ဘဝေ ဘဝိဿန္တဿ ဥပ္ပါဒဿ အနာဂတဘာဝေန အဝစနတော—

ဟူသော **ယမိုက်မူလဋီကာ**(၁၃၀)၌ "ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ"ဟူသော စကားကို ထောက်၍ရင်း—

ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။ ကာမာဝစရာ စဝန္တာနံ, အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ, ရူပါဝစရာနံ တေသံ တတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတိ—

ဟူသော ပါဠိတော်(ယမက ပဌမတွဲ-၁၀၅)၌ "အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ"ဟူသောစကားကို ဃာနာယတနဖြစ်ရာကာလသို့ မရောက်နိုင်၊ ဃာနာယတနမဖြစ်မီ ချုပ်ပျက်စုတေရလတ္တံ့သော ဝိပါက်နာမက္ခန္ဓာ-ကဋတ္တာရုပ်အစဉ်ဟူသော အကျိုးမျှကိုသာ ဖြစ်စေ၍ ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့်ယူအပ်သော ပဋိသန္ဓေရှိကုန်သော ကောဒသမ သတ္တာဟမှ ရှေ့အတွင်းဖြစ်သော ပဋိသန္ဓေစွဲနေသောနေ့မှ ခုနစ်ဆဲ့တရက်သို့ မရောက်မီကာလ၌ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ဒေသနာတော်မူကြောင်းကို ပြဆိုသော—

ယံ ပန "ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။ ကာမာဝစရာ စဝန္တာနံ, အဃာန-ကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ, ရူပါဝစရာနံ တေသံ တတ္ထ ရူပါ-ယတနံ ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီ"တိ ဧတ္ထ "အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာန"န္တိ ဝုတ္တံ၊ တံ ယေ ကောဒသမသတ္တာဟာ ဩရတော ကာလံ ကရိဿန္တိ၊ တေသံ

ဃာနာယတနာနိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ—

ဟူသော ရင်းဋီကာ (မူလဋီကာ တတိယတွဲ-၁၃၁)ကို ထောက်၍ရင်း သိအပ်၏။

ပဋိသန္ဓေနေသည့်နောက် ကောဒသမသတ္တာဟမှ ရှေ့အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလ၌ တည်သော ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သော ဘဝရှိသော ဂဗ္ဘသေယျကဥပပတ္တိ ပုဂ္ဂိုလ်အား စက္ခာယတနသည် ဖြစ်ပြီးဖြစ်ဆဲမဟုတ်၊ မဖြစ်သေး ဖြစ်လတ္တံ့သာဟု ပြဆိုတော်မူသောကြောင့် စက္ခာယတနသည် ကောဒသမသတ္တာဟ၌ ဖြစ်၏ဟူ၍ရင်း, ပဋိ-သန္ဓေနာမက္ခန္ဓာ ကမ္မဇရုပ်ဟူသောကံသည် ဖြစ်စေအပ်သော အကျိုးသည် ဃာနာယတနဖြစ်ရာ ကာလတိုင်ရောက်အောင် မတည်နိုင်၊ ဃာနာယတန မဖြစ်မီ ချုပ်ပျက်လတ္တံ့ဖြစ်၍ ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့် ယူအပ်သော ပဋိသန္ဓေရှိကုန်သော ကောဒသမသတ္တာဟမှ ရှေ့အတွင်း ကာလ၌ စုတေလတ္တံ့သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် "အဃာနကာနံ ကာမာ-ဝစရံ ဥပပဇ္ဇန္တာနံ"ဟူသော စကားကို ဟောတော်မူကြောင်းကို ပြသဖြင့် ပဋိသန္ဓေကာလမှ စ၍ ဆယ်သတ္တာဟ ရက်ပေါင်းခုနစ်ဆယ် ရသည့်တိုင်အောင် ဃာနာယတန မဖြစ်သေး၊ဖြစ်ဆဲမဟုတ်ကြောင်းကိုပြသောကြောင့် ဃာနာယတနသည်လည်း ကောဒသမသတ္တာဟ၌ ဖြစ်၏ဟူ၍ရင်း မူလ-ဋီကာဆရာ အယူရှိသည်၏ အဖြစ်ကို သိသာသည်။

စကားတိုက်ဆိုက် အလျဉ်းသင့်ရာ စက္ခာယတန ဃာနာယတနတို့ကို ပြသဖြင့် စကားမတိုက်ဆိုက် အလျဉ်းမသင့်၍ သောတာယတန ဇိဝှါယတန တို့ကိုမပြမဆိုသော်လည်း စက္ခာယတန ဃာနာယတနတို့ကဲ့သို့ ဤသောတာ-ယတန ဇိဝှါယတနတို့သည်လည်း ကောဒသမသတ္တာဟ၌ ဖြစ်ကုန်၏ဟူ၍ပင် အယူတော်ရှိသည်ဟု မှတ်အပ်၏။

အထ၊ထိုသို့ ကောဒသမ သတ္တာဟ၌ ဖြစ်လတ္တံ့စက္ခာယတန၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့်ယူသင့်ပါလျက်။ ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ၊ ယဿ ဝါ ပန။ပ။ နုပ္ပဇ္ဇိဿတိ ဟူသော ပုစ္ဆာကို။ အာမန္တာတိ၊ အာမန္တာဟူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ပဋိ-

ညာတာ၊ ဝန်ခံအပ်သနည်း။ (တနည်း။) ယဿ ဝါ ပန၊ အကြင်ပုဂ္ဂိုလ်အားကား။ ရူပါယတနံ၊ ရူပါယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ တဿ၊ ထိုရူပါယတနမဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား။ စက္ခာယတနံ၊ စက္ခာယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့လော။ ဣတိ ပုစ္ဆာ၊ ဤသို့သော အမေးကို။ အာမန္တာတိ၊ ရူပါယတနမဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်လတ္တံ့ဟူ၍။ ကသ္မာ၊ အဘယ့်ကြောင့်။ ပဋိညာတာ၊ ဝန်ခံအပ်သနည်း။ ကောဒသမသတ္တာဟာ၊ ရှေးဦးစွာသော ကလလသတ္တာဟမှ စ၍ရေသော် တဆဲ့တခုမြောက်ဖြစ်သော သတ္တာဟမှ။ ဩရတော၊ ရှေး၌။ ဝါ၊ အတွင်း၌။ ဝါအတွင်းဖြစ်သော ရက်ပေါင်းခုနစ်ဆယ်ကာလ၌။ ဌိတဿ၊ တည်သော။ ပစ္ဆိမဘဝိကဿ၊ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်သဖြင့် အနုပါဒိသေသ နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ နောက်ဆုံးဖြစ်သော ဘဝရှိသော။ ဥပပဇ္ဇန္တဿ၊ ပဋိသန္ဓေနေဆဲဖြစ်သော။ ဂဗ္ဘသေယျကဿ၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်အား။ ရူပါယတနံ၊ ရူပါယတနသည်။ နုပ္ပဇ္ဇိဿတိ၊ ပဋိသန္ဓေခဏ၌ပင် ဖြစ်ဆဲဖြစ်၍ မဖြစ်လတ္တံ့။ စက္ခာယတနံ၊ စက္ခာယတနသည်။ နုပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သည်ကား။ နော၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိ ဧဝ နနု၊ မိမိဖြစ်သင့်သောကာလ ကောဒသမသတ္တာဟသို့ ရောက်သော အခါ ဖြစ်လတ္တံ့သာဖြစ်သည် မဟုတ်ပါလော။ ဣတိ အယံ၊ ဤသည်ကား။ စောဒနာ၊ စောဒနာခြင်းတည်း။ တသ္မိံ ဘဝေ၊ ခဏပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ဟူသော ပစ္စုပ္ပန်သုံးပါးတွင် အဒ္ဓါပစ္စုပ္ပန်ဖြစ်သော ထိုဘဝတခုတည်း၌။ ဘဝိဿန္တဿ၊ ဖြစ်လတ္တံ့သော။ ဥပ္ပါဒဿ၊ ဥပါဒ်ကို။ အနာဂတဘာဝေန၊ အနာဂတ်အဖြစ်ဖြင့်။ အဝစနတော၊ ဟောတော်မမူသောကြောင့်။ တဿ၊ ထိုကောဒသမသတ္တာဟအတွင်း၌ တည်သော ပစ္ဆိမဘဝိက ဥပပဇ္ဇန္တဖြစ်သော ဂဗ္ဘသေယျကပုဂ္ဂိုလ်အား။ စက္ခာယတနံ၊ သည်။ နုပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ အာမန္တာတိ၊ အာမန္တာဟူ၍။ ပဋိညာတာ၊ ဝန်ခံအပ်၏။

"ယံ ပန ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ" အစရှိသော မူလဋီကာပါဌ်, "ယဿ ဝိပါကော" အစရှိသော **အနုဋီကာပါဌ်**တို့ကို သံသေဒဇ ဥပပါတ်တို့အား ဃာနမချိုကောင်းကြောင်းကို ပြဆိုသောအရာဝယ် မြန်မာ ပြန်ဆိုခဲ့ပြီ။ "အထ ကသ္မာ ယဿ ဝါ ပန" အစရှိသည်ဖြင့် ယခင်ပြဆို

ခဲ့သော မူလဋီကာ၌ ကျမ်းဆရာ၏အလို အာဘောဂကို သောတုဇနတို့ နေရာကျသိမှတ်လွယ်အောင် မကျဉ်းမကျယ် အဓိပ္ပါယ်ကိုပြဆိုလိုက်ဦးအံ့....

"ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ" ဟူ၍ ရူပါယတနဖြစ်လတ္တံ့ပုဂ္ဂိုလ်အား စက္ခာယတနဖြစ်လတ္တံ့လောဟု မေးသော ပုစ္ဆာကို "အာမန္တာ" ဟူ၍ ရူပါယတနဖြစ်လတ္တံ့ပုဂ္ဂိုလ်အား စက္ခာယတနဖြစ်လတ္တံ့ပင် ဟုတ်ကြောင်းကို အဘယ့်ကြောင့် ဝန်ခံအပ်သနည်း၊ ဤဖြစ်ဆဲဘဝမှ နောက်အနန္တရဘဝ၌ ဂဗ္ဘသေယျကပဋိသန္ဓေနေ၍ ထိုဒုတိယဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့ပုဂ္ဂိုလ်အား ထိုဘဝပဋိသန္ဓေအခါ၌ ရူပါယတန ဖြစ်လတ္တံ့၊ စက္ခာယတနမူကား ဂဗ္ဘသေယျကပဋိသန္ဓေဖြစ်၍ ထိုပဋိသန္ဓေနှင့် အတူတကွ မဖြစ်ကောင်းသောကြောင့် မဖြစ်လတ္တံ့သည်သာမဟုတ်ပါလော။ ယင်းသို့ ပစ္စက္ခဘဝမှ နောက်အနန္တရဘဝ၌ ဂဗ္ဘသေယျကပဋိသန္ဓေနေ၍ ထိုဘဝ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်အား ရူပါယတနသာ ဖြစ်လတ္တံ့ဖြစ်၍ စက္ခာယတန ဖြစ်လတ္တံ့မဟုတ်သောကြောင့် "ယဿ ဝါ ပန ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ ဥပ္ပဇ္ဇိဿတီတိ" ဟူသော ပုစ္ဆာကို "ယေ ဂဗ္ဘသေယျကာ ဟုတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ ရူပါယတနံ ဥပ္ပဇ္ဇိဿတိ၊ နော စ တေသံ စက္ခာယတနံ ဥပ္ပဇ္ဇိဿတိ။ ဣတရေသံ ရူပါယတနဉ္စ ဥပ္ပဇ္ဇိဿတိ စက္ခာယတနဉ္စ ဥပ္ပဇ္ဇိဿတိ" ဟူသော တဘက်ရ နှစ်ဘက်ရဝိဘင်းဖြင့် အနန္တရဘဝ၌ ဂဗ္ဘသေယျက ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပုဂ္ဂိုလ်တို့အား ရူပါယတနသာ ဖြစ်လတ္တံ့၊ စက္ခာယတနကား မဖြစ်လတ္တံ့ ဟူ၍သာ ဖြေဆိုသင့်ပါသည် မဟုတ်လောဟူမူ၊ ဤသို့ မဖြေဆိုသင့် ဟူလေ။

အဘယ့်ကြောင့် ဤသို့ မဖြေဆိုသင့်သနည်းဟူမူ၊ အနန္တရဘဝ၌ ဂဗ္ဘသေယျကပဋိသန္ဓေနေ၍ ထိုဘဝ ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ ရူပါယတန ဖြစ်လတ္တံ့၊ အနာဂတ် အခိုက်အတန့်ရသော ဤပစ္စက္ခဘဝ၌ တည်နေစဉ် ဖြစ်သော ပုဂ္ဂိုလ်အား ထိုဒုတိယဘဝ ပဋိသန္ဓေနေသောအခါ ပဋိသန္ဓေစိတ်နှင့် အတူတကွ ရူပါယတန ဖြစ်လတ္တံ့၊ ထို ရူပါယတန ဖြစ်ပြီးနောက် ပဝတ္တိအခါ ကောဒသမသတ္တာဟ၏ အစနေ့ဖြစ်သော ခုနစ်ဆဲ့တရက်မြောက်သောနေ့၌ စက္ခာယတနလည်း ဖြစ်လတ္တံ့ဖြစ်၍ ထိုစက္ခာယတန

သန္တာန်၏အစစ္စာဖြစ်သောဥပါဒ်ကို ဖြစ်လတ္တံ့ဟူသော အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်သောကြောင့် မဖြေသင့်ဟူလေ။

ယင်းသို့ ကောဒသမသတ္တာဟဉ် ဖြစ်လတ္တံ့ဖြစ်သော စက္ခာယတန၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်သည်ရှိသော် ထိုသို့ အနာဂတ်အဖြစ်ဖြင့် ဝန်ခံအပ်ပါလျက် ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ ဟူ၍ ရူပါယတနဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတန မဖြစ်လတ္တံ့လော-ဟု မေးသောပုစ္ဆာကို "အာမန္တာ" ဟူ၍ ရူပါယတန မဖြစ်လတ္တံ့သော ပုဂ္ဂိုလ်အား စက္ခာယတနလည်း မဖြစ်လတ္တံ့သည်ပင် ဟုတ်၏-ဟု အဘယ့်ကြောင့် ဝန်ခံ ဖြေဆိုတော်မူအပ်လေသနည်း၊ ပဋိသန္ဓေနေသည့်နောက် ကောဒသမသတ္တာဟ-မှ ရှေ့အဘို့အတွင်းဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်ကာလဉ် တည်သော ထိုဘဝဉ်ပင် အရဟတ္တဖိုလ်သို့ ရောက်၍ အနုပါဒိသေသပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သော ဘဝရှိသော ဂဗ္ဘသေယျကပဋိသန္ဓေနေသော ပစ္ဆိမဘဝိကဂဗ္ဘ-သေယျကဥပပဇ္ဇန္တပုဂ္ဂိုလ်အား ကလလရုပ်-ဟူသော ဝတ္ထု ကာယ ဘာဝ-ဒသကကလာပ်ဉ် အကျုံးဝင်သော ဝဏ္ဏ-ဟူသော ရူပါရုံသည်ပင် ရူပါယတန ဖြစ်၍ ထိုရူပါယတနသည် ပဋိသန္ဓေခဏဉ်ပင် ဖြစ်ရကား ရူပါယတနသည် မဖြစ်လတ္တံ့၊ စက္ခာယတနမူကား မိမိဖြစ်သင့်ရာ ကောဒသမသတ္တာဟသို့ မရောက်သေးသောကြောင့် မဖြစ်သေးသော်လည်း ကောဒသမသတ္တာဟသို့ ရောက်သောအခါ ဖြစ်လတ္တံ့သည်သာ မဟုတ်ပါလော၊ ယင်းသို့ ထိုပုဂ္ဂိုလ်အား စက္ခာယတန ဖြစ်လတ္တံ့ ဖြစ်ကလည်း "ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ"ဟူသော ပုစ္ဆာကို "ဂဗ္ဘသေ-ယျကာနံ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ တေသံ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ တေသံ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ"စသည်ဖြင့်သာ ဖြေဆိုသင့်ပါသည် မဟုတ်လောဟူမူ။

သင်စောဒကကြံသည့်အတိုင်း ဤသို့ မဖြေဆိုသင့်၊ ပါဠိတော်လာသည့်အတိုင်း "အာမန္တာ"ဟူ၍သာ ဖြေဆိုသင့်သည် ဟူလေ။ အဘယ့်ကြောင့် ဤသို့ မဖြေဆိုသင့်ဘဲ "အာမန္တာ"ဟူ၍ ဖြေဆိုသင့်လေသနည်း ဟူမူ၊ ဘဝခြား၍ ဖြစ်လတ္တံ့သော တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့်

ဟောတော်မူသောကြောင့် ဤသို့ မဖြေဆိုသင့်ဘဲ အာမန္တာဟူ၍သာ ဖြေဆို သင့်သည် ဟူလေ။

## အနာဂတ်ကာလ အဆုံးအဖြတ်

အဘယ့်ကြောင့်ကား ဘဝခြား၍ ဖြစ်လတ္တံ့သော တရား၏ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့်ဟောတော်မူ၍ ထိုပစ္စက္ခဘဝတွင်ရှေ့ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော်မမူလေသနည်း ဟူပြန်မူ။ ဘဝ ခြား၍ ဖြစ်လတ္တံ့ တရား၏ဥပါဒ်ကိုသာ အဒ္ဓါပစ္စုပ္ပန်၌ အကျုံးမဝင်သော ကြောင့် အနာဂတ်အဖြစ်ဖြင့် ဟော၍ ပစ္စက္ခ ဤဘဝတွင်ရှေ့ ဖြစ်လတ္တံ့ တရား၏ဥပါဒ်ကို အဒ္ဓါပစ္စုပ္ပန်၌ အကျုံးဝင်သောကြောင့် အနာဂတ် အဖြစ်ဖြင့် မဟောသည် ဟူလေ။

ပြဆိုအပ်ပြီးသော အကြောင်းကြောင့် ဘဝခြား၍ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသည်၏ အဖြစ်၊ ထိုပစ္စက္ခ ဘဝ၌ပင် ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော်မမူ အပ်သည်၏ အဖြစ်ကို အဘယ့်ကြောင့် သိသနည်း၊ အဘယ်ကို ထောက်၍ သိပါသနည်း ဟူမူ—

> ယဿ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတီတိ။
> ဃာနိန္ဒြိယံ ပစ္ဆိမဘဝိကာနံ ဥပပဇ္ဇန္တာနံ, ယာ စ ဃာနိန္ဒြိယော ဓေတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ, ယာ စ ရူပါ- ဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ ဥပပဇ္ဇန္တာနံ ဃာနိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇိဿတိ—.

ဟူသော **ဃာနိန္ဒြိယယမိုက်ပါဠိတော် (၁၇၅)** ကို မြင်သောကြောင့် သိပါသည်၊ ထိုပါဠိတော်ကို ထောက်၍ သိပါသည် ဟူလေ။

အဘယ်သို့ ဃာနိန္ဒြိယယမိုက် ပါဠိတော်ကို ထောက်၍ ဤပစ္စက္ခဘဝ၌ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် မဟောသည်၏ အဖြစ်၊ လာလတ္တံ့အခြားဘဝ၌ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ် ဖြင့် ဟောတော်မူသည်၏အဖြစ်ကို သိပါသနည်းဟူမူ။ ဤပါဠိတော်ဝယ် ဤဘဝ၌ပင် အရဟတ္တဖိုလ်ကိုရ၍ အနုပါဒိသေသပရိနိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပဋိသန္ဓေနေဆဲဖြစ်သော ပစ္ဆိမဘဝိကမိန်းမ တစ်ု

တခုသောဘဝ၌မျှ ယောကျ်ား၏အဖြစ်ဖြင့် ပုရိသိန္ဒြေနှင့် တကွ မဖြစ်မူ၍ ဣတ္ထိန္ဒြေဟူသော ဣတ္ထိဘာဝဖြင့်သာလျှင် ကာမဘုံ၌သာ မိန်းမအဖြစ်ဖြင့် နှစ်ဘဝ သုံးဘဝစသည်ဖြစ်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ပဋိသန္ဓေနေဆဲဖြစ်သော မိန်းမ, အနန္တရဘဝဝယ်ရူပဘုံ အရူပဘုံ၌ ဖြစ်၍ ကာမဘုံသို့ ပဋိသန္ဓေ၏ အစွမ်းအားဖြင့် တဘန်မလာဘဲ ထိုရူပဘုံ အရူပဘုံ၌သာ ထိုက်သည်အားလျော်စွာ ဖြစ်သဖြင့် အရဟတ္တ ဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမဘုံ၌ ပဋိသန္ဓေနေဆဲဖြစ် သော မိန်းမတို့ကို ပုရိသိန္ဒြေမဖြစ်လတ္တံ့ဟူ၍ ဟောတော်မူသည်။

ထိုမိန်းမတို့တွင် ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ပစ္ဆိမဘဝိက ဥပပဇ္ဇန္တိ မိန်းမတို့မှာ ဤဘဝ၌ပင် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ နောင်ဖြစ်ရန် အခြားဘဝ မရှိပြီဖြစ်သောကြောင့် ပုရိသိန္ဒြေမဖြစ်လတ္တံ့၊ ဣတ္ထိဘောဖြင့် သာလျှင် ကာမဘုံ၌ပင်လျှင် နှစ်ဘဝ သုံးဘဝစသည်ဖြစ်ပြီး၍ ပရိနိဗ္ဗာန် ပြုလတ္တံ့သော ဥပပဇ္ဇန္တိ မိန်းမတို့အား ကာမဘုံ၌ ဘဝအများပင် ဖြစ်သေး သော်လည်း ဣတ္ထိဘာဝနှင့်သာ အမြဲယှဉ်၍ မိန်းမသာ ဖြစ်လတ္တံ့ဖြစ်သော ကြောင့် ပုရိသိန္ဒြေမဖြစ်လတ္တံ့၊ အနန္တရဘဝ၌ပင် ရူပဘုံ အရူပဘုံဝယ် ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမဥပပဇ္ဇန္တိ မိန်းမတို့မှာလည်း ထိုရူပဘုံ အရူပဘုံသည် ဘာဝရုပ်နှစ်ပါးလုံး၏ပင် ဖြစ်ရာမဟုတ်သောကြောင့် ပုရိ- သိန္ဒြေမဖြစ်လတ္တံ့။ ဤသို့ထိုမိန်းမတို့အား အခြားသောဘဝ၌ ပုရိသိန္ဒြေ မဖြစ်လတ္တံ့သည်ကိုရည်၍သာ "ပစ္ဆိမဘဝိကာနံ ဣတ္ထီနံ ဥပပဇ္ဇန္တီနံ။ပ။ ပုရိသိန္ဒြိယံ နုပ္ပဇ္ဇိဿတိ"ယူသော စကားကို ဟောတော်မူသည်။

အကယ်၍ ဖြစ်ဆဲပစ္စက္ခဘဝ၌ပင် ပုရိသိန္ဒြေ မဖြစ်လတ္တံ့သည်ကိုရည်၍ ဟောတော်မူသည်ဖြစ်အံ့၊ ယောကျ်ား၏ အဖြစ်ဖြင့် သားနှစ်ယောက်ရပြီးမှ **ကစ္စည်းမထေရ်**ကို စိတ်ဖြင့် မကောင်းကြံစည်ပြစ်မှားမိသော **သောရေယျ သူဌေးသား**အား ထိုပြစ်မှားသော ဗလဝ အကုသိုလ်ကံကြောင့် ပဋိသန္ဓေ နေစဉ်က ပါသော ပုရိသိန္ဒြေကွယ်ချုပ်၍ ဒုဗ္ဗလကုသိုလ်ကံဟောင်းကြောင့် ဣတ္ထိန္ဒြေကိုရသဖြင့် မိန်းမဖြစ်ပြီးနောက် မိန်းမအဖြစ်ဖြင့် သားနှစ်ယောက် ရပြီးမှတဘန် မထေရ်ကို ကန်တော့သောအခါ ဒုဗ္ဗလအကုသိုလ်ကံကြောင့် ပဝတ္တိကာလ၌ ဖြစ်ပေါ်လာသော ဣတ္ထိန္ဒြေကွယ်ချုပ်၍ ထိုကန်တော့သော

ဗလဝကုသိုလ်ကံကြောင့် တဘန် ပုရိသိန္ဒြေအသစ်ဖြစ်လာပြန်၍ နောက်၌ ရဟန်းပြုသဖြင့် ဝိပဿနာကိုအားထုတ်၍ အရဟတ္တဖိုလ်သို့ ရောက်သည် ဖြစ်၍ ပစ္ဆိမဘဝိကဖြစ်သော ယောကျ်ားတို့အား မဂ်ဖိုလ်ကို မရမီ ပုထုဇဉ် အဖြစ်၌ တည်စဉ်အခါ လိင်ပြန်ထိုက်သော အကြောင်းရှိခဲ့သော် လိင်ပြန် ခြင်းဖြစ်သကဲ့သို့ ထိုပစ္ဆိမဘဝိက အစရှိကုန်သော မိန်းမတို့အားလည်း မဂ်ဖိုလ်ကို မရမီ ပုထုဇဉ်အဖြစ်၌ တည်စဉ် ထိုဘဝ၌ပင် တစုံတခုသော အကြောင်းကြောင့် လိင်ပြန်သော် ပြန်ထိုက်သောသဘော ရှိရကား ထိုလိင် ပြန်သော မိန်းမတို့အား ဣတ္ထိလိင်ကွယ်ချုပ်ခဲ့က ထိုဘဝပဝတ္တိကာလ၌ ပုရိသိန္ဒြေဖြစ်လတ္တံ့ပင်ဖြစ်သောကြောင့် ထိုစကားကို ဟောတော်မမူရာ၊ ဟောကား ဟောတော်မူသည်သာ ဖြစ်ရကား ဤပါဠိတော်ကိုထောက်၍ ပစ္စက္ခဘဝ၌ ဖြစ်လတ္တံ့တရား၏ဥပါဒ်ကို အနာဂတ်အဖြစ်ဖြင့် ဟောတော် မမူသည်၏အဖြစ်, အခြားဘဝ၌ ဖြစ်လတ္တံ့တရား၏ဥပါဒ်ကိုသာ အနာဂတ် အဖြစ်ဖြင့် ဟောတော်မူသည်၏အဖြစ်ကို သိပါသည်ဟူလေ။

"ကတိစိ ဘဝေ ဒဿေတွာ" ဟူ၍ ဘဝသဒ္ဒါဖြင့် ဟောတော်မူသည်ကို ထောက်သဖြင့်လည်း အခြားဘဝ၌ ဖြစ်လတ္တံ့တရား၏ ဥပါဒ်ကိုသာ အနာဂတ်အဖြစ်ဖြင့် ဟောတော်မူသည်၏အဖြစ်ကို စင်စစ်သိအပ်၏။ ဤ၌ "ကတိစိ ဘဝေ" ဟူရာဝယ် "ကတိစိ"ဟူသည် အမြဲသချောမဟုတ်၊ နှစ်ဆယ် သုံးဆယ်စသည်မှ ထောက်၍ နှစ်ခု သုံးခုစသည်သည် ကတိစိ၊ နှစ်ရာ သုံးရာစသည်မှ ထောက်၍ နှစ်ဆယ် သုံးဆယ်စသည်သည် ကတိစိ၊ နှစ်ထောင် သုံးထောင်စသည်မှ ထောက်၍ နှစ်ရာ သုံးရာစသည်သည် ကတိစိ စသည်မည်၏ဟုမှတ်လေ။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုဣတ္ထိန္ဒြေဖြစ်ဆဲသောပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေ သည်။ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့လော။ ဣတိ၊ ဤသို့မေးအပ်၏။ ဝါ၊ ဤသို့ မေးသည်ရှိသော်။ ပစ္ဆိမဘဝိကာနံ၊ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက် သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့ဖြစ်၍ အဆုံးစွန်သောဘဝရှိကုန်သော။ ဥပပဇ္ဇန္တီ- နံ၊ ကာမသုဂတိ ခုနစ်ဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်ကုန်သော။ ဣတ္ထီနဉ္စ၊ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန် နှစ်ယောက်ဖြစ်ကုန်သော မိန်းမ

တို့အားရင်း။ ယာ ရူပတ္ထိယော၊ ပုထုဇ္ဇဥ်လေးယောက် အောက်ဖလဋ္ဌာန် နှစ်ယောက်ဟူကုန်သော အကြင်မိန်းမတို့သည်။ ဝေတနေဝ ဘာဝေန၊ ထို ရူပတ္ထိန္ဒြေဟူသော ရူပတ္ထိဘောဖြင့်သာလျှင်။ကတိစိ ဘဝေ၊ကာမဘုံ၌ပင်လျှင် နှစ်ဘဝ သုံးဘဝ စသည်တို့ကို။ ဒဿေတွာ၊ ပဋိသန္ဓေနေသည်၏ အစွမ်း အားဖြင့်ပြ၍။ ပရိနိဗ္ဗာယိဿန္တိ၊ ပရိနိဗ္ဗာန်ပြုကုန်လတ္တံ့။ ဥပပဇ္ဇန္တိနံ၊ ကာမ တဆဲ့တဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်ကုန်သော။ တာသံ ရူတ္ထိနန္ဒ၊ ထိုမိန်းမတို့အားရင်း။ ယာ ရူတ္ထိယော၊ တိဟိတ်ပုထုဇဥ် အောက် ဖလဋ္ဌာန် နှစ်ယောက်ဟူကုန်သော အကြင်မိန်းမတို့သည်။ ရူပါဝစရံ၊ ရူပါ-ဝစရဘုံ၌သော်ရင်း။ အရူပါဝစရံ၊ အရူပါဝစရဘုံ၌သော်ရင်း။ ဥပပဇ္ဇိတွာ၊ အခြားမဲ့ဘဝ၌ ပဋိသန္ဓေ၏ အစွမ်းဖြင့်ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ကုန်လတ္တံ့။ ဥပပဇ္ဇန္တိနံ၊ ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်ကုန် သော။ တာသံ ရူတ္ထိနန္ဒ၊ တို့အားရင်း။ ရူတ္ထိန္ဒြိယံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တာသံ၊ ထိုဆိုအပ်ပြီးသော သဘောရှိသော မိန်းမတို့အား။ ပုရိ-သိန္ဒြိယံ၊ သည်။ နော စ ဥပ္ပဇ္ဇိဿတိ၊ ဖြစ်လတ္တံ့ မဟုတ်။

## သြရသဒ္ဒါ စိစစ်ချက်

ယခင် ဋီကာစကားနှစ်ရပ်၌ "သြရတော ဋ္ဌိတဿ၊ သြရတော ကာလံ ကရိဿန္တိ"တို့၌ သြရသဒ္ဒါသည် ဥရသဒ္ဒါမှ ဖြစ်သည်။ ဥရသဒ္ဒါသည်ကား "ဥ ဒုက္ခလာဘေ သတိ ရန္တိ ပဟရန္တိ ဧတ္ထာတိ ဥရော" ဟူသော **ကေက္ခရ-ကောသဋီကာ**နှင့် အညီ လူတို့သည် သားသမီး ဆွေမျိုး စသော ချစ်ကျွမ်း ဝင်သောသူတို့ ပျက်စီးခြင်း အစရှိသော အကြောင်းကြောင့် သောက-ဒေါမနဿဖြင့် စိတ်မသာရှင် အလွန်ပင်ပန်းခြင်း စေတသိကဒုက္ခကို ရသည် ရှိသော် လက်ဆုပ် လက်သီး လက်ဝါးပြက်တို့ဖြင့် ထုနှက်တီးခတ်ရာဖြစ်၍ ရင်ဘတ်ကို ဟောသည်။ ထို ဥရသဒ္ဒါနောင် သကတ္တဌ် ဏ-ပစ္စည်းသက်၍ "ဥရမေဝ သြရံ"ဟု ပြု။

"ပိသန္တိ ဟိံသန္တိ ပစ္စတ္ထိကာ ဧတ္ထာတိ ပိဋ္ဌိ" ဟူသည်နှင့် အညီ မိမိ၏ ဆန့်ကျင်ဘက်ကို အလိုရှိကုန်သော ရန်သူအစရှိသော သူတို့သည် တတောင် လက်ဆုပ် ကြိမ်တုတ်အစရှိသည်ဖြင့် ထောင်းထုရိုက်နှက် နှိပ်စက်ညှဥ်းဆဲရာ ဖြစ်၍ ကျောက်ကုန်း ကျောသည် ပိဋ္ဌိ-မည်၏။

တွေ့၊ ဤရင်၌။ မနုဿာ၊ လူတို့သည်။ ဥဒုက္ခလာဘော၊ သားသမီး စသည်တို့ ပျက်စီးခြင်း စသောအကြောင်းကြောင့် စိတ်ပင်ပန်းခြင်း စေတသိကဒုက္ခကို ရသည်။ သတိ၊ ရှိသော်။ ရန္တိ ပဟရန္တိ၊ လက်ဆုပ်လက်ဝါးပြက်ဖြင့် တီးနှက် ပုတ်ခတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့တီးခတ်ရာ ဖြစ်သည်၏ အဖြစ်တည်း ဟူသော ဗျုပ္ပတ္တိနိမိတ်ကြောင့်။ သော၊ ထိုရင်သည်။ ဥရော၊ ဥရ-မည်၏။ ဥရမေဝ၊ ရင်သည်ပင်လျှင်။ ဩရံ၊ ဩရ-မည်၏။ တွေ့၊ ဤကျောက်ကုန်း ၌။ ပစ္စတ္ထိကာ၊ ဆန့်ကျင်ဘက်ကို အလိုရှိကုန်သော သူတို့သည်။ ပိသန္တိ ဟိံသန္တိ၊ တတောင်လက်ဆုပ် ကြိမ်တုတ်စသည်ဖြင့် ညှဉ်းဆဲတတ်ကုန်၏။ ဣတိ တသ္မာ၊ ထိုသို့ ညှဉ်းဆဲရာ၏ အဖြစ်ကြောင့်။ သာ၊ ထိုကျော ကျောက် ကုန်းသည်။ ပိဋ္ဌိ၊ ပိဋ္ဌိ-မည်၏။

ဤသို့ ပိဋ္ဌိသဒ္ဒါ "ပိဋ္ဌိ မေ အာဂိလာယတိ"။ မေ၊ ငါ၏။ ပိဋ္ဌိ၊ ကျောက်ကုန်းသည်၊ ကျောသည်။ အာဂိလာယတိ၊ ကျင်နာ၏။ "ပိဋ္ဌိ- ရောဂေါ" ကျောက်ကုန်းနာ စသည်-ဟူရာတို့၌ ကျော ကျောက်ကုန်းကို ဟောရင်း။ ဥရသဒ္ဒါလည်း "ဥရသိ လောမော"။ ဥရသိ၊ ရင်၌။ လောမော၊ အမွေး။ "ဩရသပုတ္တော" ရင်၌ဖြစ်သောသား စသည်ဟူရာတို့၌ ရင်ကို ဟောရင်း ဖြစ်သော်လည်း လူနတ်စသည်တို့၏ ကျောက်ကုန်းကျောသည် နောက်၌, ရင်သည် ရှေ့၌တည်သည်ဖြစ်၍ "ဘဂဝန္တံ ပိဋ္ဌိတော ပိဋ္ဌိတော အနုဂန္တာ ဟောန္တိ"။ ဘဂဝန္တံ၊ မြတ်စွာဘုရား၏။ ပိဋ္ဌိတော ပိဋ္ဌိတော၊ နောက်တော်က နောက်တော်က။ အနုဂန္တာ၊ အစဉ်လိုက်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ "ပိဋ္ဌိဒုက်" နောက်ဖြစ်သောဒုက် စသည်-ဟူရာ၌ ပိဋ္ဌိသဒ္ဒါ နောက်-ဟူသော အနက်လည်း ဟောသည်။ ဩရသဒ္ဒါသည်လည်း ဤ၌ ရှေ့-ဟူသော အနက်ကိုဟောသည်ဖြစ်၍ "ကောဒသမသတ္တာဟာ၊ တဆဲ့တခု မြောက်သော သတ္တာဟမှ။ ဩရတော ရှေ့-၌"ဟု ပေး။

ကျောက်ကုန်း ကျောသည် ပြင်အပ၌,ရင်သည် အတွင်း၌တည်သည်ကို စွဲ၍ သက်န်းကာလဖြစ်သော စီဝရကာလသမယမှ ပြင်ပကာလကို ပိဋ္ဌိ- သမယ-ဟူရာ "ပိဋ္ဌိဝဋ္ဋကာနိ" ပြင်ပ ဖြစ်ကုန်၏ စသည်ဟူရာတို့၌ ပိဋ္ဌိသဒ္ဒါ ပြင်ပ-ဟူသော အနက်ကို ဟောသည်၊ ရူပရာဂ အရူပရာဂ မာန ဥဒ္ဓစ္စ အဝိဇ္ဇာ-ဟူသော သံယောဇဉ်ငါးပါးကို ဗဟိဒ္ဓသံယောဇဉ်ဟု ဆိုသော

ကြောင့်ရှင်း, ကာမရာဂ ပဋိဃ သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာ သီလဗ္ဗတပရာမာသ ဟူသော ဩရမ္ဘာဂိယသံယောဇဉ်ကို—

သဗ္ဗာနကော အဇ္ဈတ္တသံယောဇနသမုစ္ဆေဒေ အကတေပိ အနာဂါမိသဘာဂေါ—

ဟူ၍ **ပုဂ္ဂလပညတ် မူလဋီကာ** ( ၃၇ ) ၌ အဇ္ဈတ္တသဒ္ဒါဖြင့် ဆိုသောကြောင့်ရှင်း, ဩရမ္ဘာဂိယသံယောဇဉ်၌ ဩရ သဒ္ဒါ, မဇ္ဈိမဒေသနိမိတ်ငါးရပ်ကို မှတ်ရာဝယ် "တဿ ဩရတော မဇ္ဈေ"၌ ဩရသဒ္ဒါသည် အတွင်းဟူသောအနက်ကို ဟောသကဲ့သို့ ဤ၌ ဩရသဒ္ဒါသည် အတွင်းဟူသော အနက်ကိုဟောသည်။ ဤအလိုသော် "ကောဒသမသတ္တာဟာ၊ မှ။ ဩရတော၊ အတွင်း၌" ဟု ပေး။

မြင်းနွားအစရှိသော သတ္တဝါတို့၏ ရင်သည် အောက်၌, ကျောက်ကုန်း သည်အထက်၌ တည်သည်ကိုအစွဲပြု၍—

တသ္မိံ ပန ကာလေ ဗာရာဏသိဝါသီ ဧကော စ သေဋ္ဌိ နဒီတီရေ စတ္တာလီသကောဋိဓနံ နိဒဟိတွာဝ မရန္တော ဓနတဏှာယ ဓနပိဋ္ဌေ သပ္ပေါ ဟုတွာ နိဗ္ဗတ္တိ—

ဟူသော **ကေနိပါတ်ဇာတ် အဋ္ဌကထာ** (၃၄၂) ၌ ပိဋ္ဌိသဒ္ဒါအထက်ကိုလည်း ဟောသည်။

ဓနပိဋ္ဌေ၊ ဥစ္စာ၏အထက်၌-ဟုပေး။ ။ရူပရာဂ အရူပရာဂစသည် ငါးပါးကို ထိုထိုပါဠိ အဋ္ဌကထာစသည်တို့၌ ဥဒ္ဓမ္ဘာဂိယသံယောဇနံဟု ဆိုသောကြောင့်ရှင်း—

ဥပရိဋ္ဌိမာနံ သံယောဇနာနံ ပဟာနာယ—

ဟူ၍ **ပုဂ္ဂလပညတ်ပါဠိတော်** (၁၂၀) ၌ ဥပရိဋ္ဌိမသဒ္ဒါနှင့် ဟောတော်မူသော ကြောင့်ရှင်း—

"ဩရမ္ဘာဂိယာနန္တိ ဟေဋ္ဌာဘာဂိယာနံ၊ ကာမဘဝေယေဝ ပဋိသန္ဓိဂါဟာပကာနန္တိ အတ္ထော"—

ဟူ၍ **သုတ်မဟာဝါအဋ္ဌကထာ** (၁၃၃) **သံယုတ်အဋ္ဌကထာ** (၁၇၅-၃၅၁) တို့၌ ဩရသဒ္ဒါကို ဟေဋ္ဌာဟု ဘွင့်ပြတော်မူသောကြောင့်ရှင်း ဤဩရမ္ဘာဂိယ

သံယောဇနံ၌ ဩရသဒ္ဒါသည်ပင် အောက်ဟူသော အနက်ကိုလည်း ဟော သေး၏။ ဤအနက်ကို ဤအရာ၌မလို။ ဤသို့ဩရသဒ္ဒါ ပိဋ္ဌိသဒ္ဒါတို့၏ ဗျုပ္ပတ္တိနိမိတ်အားလျော်စွာ ရအပ်သော အနက်မှတပါး စကားကျရောက် သော အတ္ထာပန္န အားဖြင့် ထိုထိုအနက်ကို ဟောသည်၏ အဖြစ်ကို သိ အပ်၏။

သူမိုက်သည် "ဒွေ အနတ္တေ လာတိ ဂဏှာတီတိ ဗာလော" ဟူသည်နှင့် အညီ ဤပစ္စုပ္ပန်ဘဝ၌ဖြစ်သော အကျိုးမဲ့, လာလတ္တံ့တမလွန်လောက၌ ဖြစ်သော အကျိုးမဲ့ဟူသော နှစ်ပါးသောအကျိုးမဲ့၊ မိမိ၏ အကျိုးမဲ့, သူတပါးတို့၏ အကျိုးမဲ့ဟူသော နှစ်ပါးသော အကျိုးမဲ့တို့ကို ယူတတ်သည် ၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်—

အသေဝနာ စ ဗာလာနံ။
ဗာလောပိ မညတိ ဗာလျံ၊ ပဏ္ဍိတောဝါပိ တေန သော။

ဗာလော စ ပဏ္ဍိတမာနီ၊ သ ဝေ ဗာလောတိ ဝုစ္စတိ—

ဟူသည်နှင့်အညီ ဗာလမည်၏။

ဗာလောပိ၊ သူမိုက်သည်လျက်လည်း။ ဗာလျံ၊ မိမိ၏မိုက်သည်၏အဖြစ် ကို။ မညတိ၊ ငါမိုက်ချေသည်ဟု မိမိ၏မိုက်သည်၏အဖြစ်ကို အောက်မေ့ မှတ်ထင် သိမြင်၏။ တေန၊ ထိုသို့မိမိမိုက်သည်၏အဖြစ်ကို ငါမိုက်ချေသည် ဟု သိမြင်ခြင်းကြောင့်။ သော၊ ထိုသူသည်။ ပဏ္ဍိတောဝါပိ၊ ပညာရှိဖြစ် သည် မည်သည်သော်လည်း။ ဟောတိ၊ ဖြစ်သေး၏။ ယော ဇနော၊ အကြင် သူသည်။ ဗာလော စ၊ မိုက်သည်ဖြစ်လျက်သာလျှင်။ ပဏ္ဍိတမာနီ၊ ငါပညာရှိ ဟု အောက်မေ့မှတ်ထင်ခြင်းရှိသည်။ ဟောတိ၊ ၏။ သ သော ဇနော၊ ထိုသူ ကို။ ဝေ၊ စင်စစ်။ ဗာလောတိ၊ သူမိုက်ဟူ၍။ ဝုစ္စတိ၊ ၏။

သူငယ်သည် သူမိုက်နှင့် မိုက်သည်၏အဖြစ်ဖြင့် တစိတ်အားဖြင့် တူသော ကြောင့် "ဗာလံ မုဏ္ဍာယတိ"။ ဗာလံ၊ သူငယ်ကို။ မုဏ္ဍာယတိ၊ ဦးပြည်း သည်ကိုပြု၏။ ဗာလကော၊ သူငယ်။ ဤသို့အစရှိသည်၌ ဗာလမည်၏။

"ပါတောဒယံ ဗာလဒိဝါကရံဝ" အစရှိသည်၌ တက်ထွန်းပေါ်သစ် စသော နေသည် သူငယ်နှင့် အသက်ကာလ နုနယ်ကြချင်း တူသည်ကိုစွဲ၍ ဗာလမည်၏။ ဤသို့ ဗာလသဒ္ဒါသည် ဗျုပ္ပတ္တိနိမိတ်အား လျော်စွာ ရအပ်

သော အနက်မှ တပါးအနက်တို့ကို အတ္ထာပန္နစကားကျအားဖြင့် ဟောသည်၏ အဖြစ်ကို သိလေ။

## ရဟန္တာမိန်းမ ပရိနိဗ္ဗာန်ပြုသောအခါ လိင်ပြန်,မပြန်

ပဋိသန္ဓေဥပါဒ်ခဏမှ ထောက်၍ တခုတည်းသော ဘဝဝယ် ပဝတ္တိကာလ၌ ဖြစ်လတ္တံ့သော တရား၏ ဥပါဒ်ကို ခဏပစ္စုပ္ပန် သန္တတိပစ္စုပ္ပန် အဒ္ဓါပစ္စုပ္ပန်ဟူသော ပစ္စုပ္ပန်သုံးပါးတွင် အဒ္ဓါပစ္စုပ္ပန်၌ အကျုံးဝင်သောကြောင့် အနာဂတ်ဟု ယူရသည်၏အဖြစ်ကို ခိုင်ခံ့မြဲမြံ ဟုတ်မှန်သည့်အတိုင်း သိစေခြင်းငှါ ဥပမာ သာဓက ဉာပကအကြောင်းပြုလုပ်၍ **မူလဋီကာ**ဝယ် ထုတ်ဆောင်ပြဆိုအပ်သော ဣန္ဒြိယယမိုက်စကားအရာ၌ လာသော "န ဟိ တာသံ သဗ္ဗာသံ တသ္မိံ ဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂပရိဝတ္တနသဗ္ဘာဝါ"ဟူသော မူလဋီကာ အာယတနယမိုက် အဖွင့်(၁၃၁) စကားကို ထောက်မှီ ကိုးကားရည်ပြု၍ ခိဏာသဝ မိန်းမဟူသမျှတို့အား ဣတ္ထိလိင်၏ လွန်စွာယုတ်ညံ့သည်၏အဖြစ်ကြောင့် ယင်းသည့် ဣတ္ထိလိင်ဖြင့် စုတိပရိနိဗ္ဗာန်ပြုခြင်းမည်သည် မဖြစ်ကောင်း၊ မြတ်သော ပုရိသလိင်ဖြင့်သာ ပရိနိဗ္ဗာန်ပြုမြဲ ဓမ္မတာဖြစ်သောကြောင့် ရဟန္တာမိန်းမ ဟူသမျှတို့အား စုတိပရိနိဗ္ဗာန်ပြုခါနီး မရဏာသန္နကာလဝယ် ပဋိသန္ဓေအခါက ပါရင်းဖြစ်သော ဣတ္ထိန္ဒြေအသစ်မဖြစ်၊ ကွယ်ချုပ်ခြင်းကြောင့် အကျိုးဣတ္ထိလိင် ဘောက်ပြန်ပျောက်ကင်းသဖြင့် အဆုံးစွန်ဣတ္ထိလိင် ကွယ်ချုပ်သည်၏ အခြားမဲ့ကာလဝယ် ဝိသဘာဂဖြစ်သော ပုရိသိန္ဒြေဖြစ်ပေါ်၍ ယင်းသည့်ဣန္ဒြေ၏ အကျိုးဖြစ်သော ပုရိသလိင် ထင်ရှားဖြစ်ပေါ်သဖြင့် ထိုခိဏာသဝ မိန်းမတို့အား ပရိနိဗ္ဗာန်ပြုခါနီးကာလဝယ် ဓမ္မတာနိယာမ သဘောအားဖြင့် အမြဲပင် လိင်ပြန်ရကုန်သည် ဟူသောသဘောကို ဤ"န ဟိ တာသံ" စသော စကားဖြင့် မူလဋီကာဆရာ ပြတော်မူသည်ဟု အချို့သောဆရာတို့ ပြောဆိုဆုံးဖြတ်ကြကုန်၏။

ထိုဆရာတို့၏ စကားသည် အကယ်၍ ထိုဆရာတို့ ပြောဆိုဆုံးဖြတ်သည့်အတိုင်း ရဟန္တာဖြစ်သော မိန်းမတို့အား ပရိနိဗ္ဗာန်ပြုခါနီးကာလဝယ် အမြဲပင် လိင်ပြန်ထိုက်သော သဘောရှိသည်ဖြစ်ခဲ့အံ့၊ ဤ "န ဟိ တာသံ" အစရှိသောစကား၌ "တာသံ သဗ္ဗာသံ" ဟူသော သဗ္ဗနာမ်ပုဒ်ဖြင့် "ဣတ္ထီနံ ပစ္ဆိမဘဝိကာနံ"အစရှိသော ပဌမဝါကျဖြင့် ဟောပြတော်မူအပ်သော ဤ

ဘဝင်ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမသုဂတိ ခုနစ်ဘုံတို့တွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ပစ္ဆိမဘဝိကဥပပဇ္ဇန္တိ-ဖြစ်သော မိန်းမ, "ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ"အစရှိသော ဒုတိယဝါကျဖြင့် ဟောပြတော်မူအပ်သော မိန်းမ၏ အဖြစ်ဖြင့်သာ နှစ်ဘဝ သုံးဘဝစသည် ဖြစ်ပြီးမှ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမတဆဲ့တဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲ ဖြစ်သော ဥပပဇ္ဇန္တိမိန်းမ, "ယာ စ ဣတ္ထိယော ရူပါဝစရံ ဥပပဇ္ဇိတွာ ပရိ-နိဗ္ဗာယိဿန္တိ" အစရှိသော တတိယဝါကျဖြင့် ဟောပြတော်မူအပ်သော ကာမဘုံမှ စုတေ့သည်၏ အခြားမဲ့ဝယ် ဗြဟ္မာ့ဘုံ၌ ဖြစ်၍ ကာမဘုံသို့ ပဋိ-သန္ဓေအားဖြင့် တဘန်မလာဘဲ ဗြဟ္မာ့ဘုံ၌သာ ထိုက်သည့်အားလျော်စွာ ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမသုဂတိ ခုနစ်ဘုံဝယ် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ဥပပဇ္ဇန္တိမိန်းမအားဖြင့် ဥပပဇ္ဇန္တိ မိန်းမသုံးမျိုးလုံးကို မူလဋီကာဆရာ ညွှန်ပြသောကြောင့် ရဟန္တာ မိန်းမတို့သာ ပရိနိဗ္ဗာန်ပြုခါနီးကာလ ဓမ္မတာနိယာမအားဖြင့် လိင်ပြန်မြဲ ဖြစ်သည်မဟုတ်၊ ထိုရဟန္တာ မိန်းမတို့အား လိင်ပြန်မြဲဖြစ်သကဲ့သို့ မိန်းမ၏ အဖြစ်ဖြင့်သာ နှစ်ဘဝ သုံးဘဝ စသည်ဖြစ်ပြီးမှ အရဟတ္တဖိုလ်သို့ ရောက် လတ္တံ့သောမိန်းမ, ကာမဘုံမှ စုတေ့သည်၏ အခြားမဲ့ဝယ် ပဋိသန္ဓေအားဖြင့် ဗြဟ္မာ့ဘုံ၌ဖြစ်၍ အရဟတ္တဖိုလ်သို့ ရောက်သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမတို့အားလည်း ကာမဘုံမှ စုတေ့ခါနီးကာလဝယ် ဓမ္မတာနိယာမ အားဖြင့် လိင်ပြန်ခြင်း ဖြစ်ကုန်၏ဟု ပြဆိုရာရောက်သောကြောင့်၎င်း ဤ "န ဟိ တာသံ"အစရှိသော စကားကို ဆိုတော်မူသော မူလဋီကာဆရာ၏ အလိုအာဘော် မကျသောကြောင့်၎င်း ဣန္ဒြိယယမိုက် ပါဠိတော်နှင့် ဆန့်ကျင်သောကြောင့်၎င်း ထိုကေစိဆရာတို့ ပြဆိုဆုံးဖြတ်သောစကားကို မသင့်မမှန်သော စကားဟူ၍သာ မှတ်ယူရမည်။

## သောရေယျနှင့် သုမနဒေဝီသာဓက

အဘယ့်ကြောင့် ထိုကေစိဆရာတို့၏ စကားသည် မူလဋီကာဆရာ၏ အလိုတော် မကျသနည်း ဟူမူ။ မူလဋီကာဆရာသည် ဤ "န ဟိ တာသံ" စသောစကားဖြင့် ရဟန္တာမိန်းမတို့အား ပရိနိဗ္ဗာန်ပြုခါနီးကာလဝယ် မချွတ်ကေန် လိင်ပြန်ပြီးမှ စုတိပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုကြောင်းကို ပြဆို

တော် မမူလို၊ ယောကျ်ား၏ အဖြစ်ဖြင့် သားနှစ်ယောက်ရပြီးမှ **ကစ္စည်းမထေရ်**ကို စိတ်ဖြင့် မကောင်းကြံစည် ပြစ်မှားမိသော အဘ္ဗျာမနေဘကံကြောင့် မိန်းမဖြစ်သဖြင့် တဘန် သားနှစ်ယောက်ရပြီးနောက် ကစ္စည်းမထေရ်ကို တောင်းပန်ကန်တော့သော ဗလဝကုသိုလ်ကံကြောင့် တဘန် ယောကျ်ားဖြစ်ပြန်သဖြင့် ထိတ်လန့်ခြင်း သံဝေဂကိုရ၍ ရဟန်းပြုလုပ် ဝိပဿနာကို အားထုတ်ခြင်းကြောင့် ထိုဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်၍ အကြောင်းကိလေသဝဋ် ကမ္မဝဋ် ပြတ်သဖြင့် စုတိဘင်္ဂက္ခဏ၏ အခြားမဲ့ ဝယ် အကျိုးဝိပါက် နာမက္ခန္ဓာ ကဋတ္တာရုပ်-ဟူသော ခန္ဓာငါးပါးတို့ ပဋိသန္ဓေကိစ္စအားဖြင့် တဘန် အသစ်မဖြစ်နိုင်သောအားဖြင့် မဖြစ်ခြင်း ဟူသော ဝိပါကဝဋ်ပြတ်ကင်း အနုပါဒိသေသ ခန္ဓပရိနိဗ္ဗာန်ပြုခြင်းဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော **သောရေယျ** သူဌေးသားအား ပဝတ္တိကာလဝယ် အရိယမဂ်သို့ မရောက်မီ လိင်ပြန်ခြင်း ဖြစ်သကဲ့သို့ ဤ ဖြစ်ဆဲဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော **ကာမသုဂတိ** ခုနစ်ဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ကာမာဝစရဥပပဇ္ဇန္တိ မိန်းမ—

ဝက်မအဖြစ်မှ စုတေသည်၏ အခြားမဲ့ဘဝဝယ် **သုဝဏ္ဏဘူမိ အရပ်**၌ မင်းသမီးအဖြစ် တကြိမ်, ထိုမင်းသမီးဘဝမှ စုတေသည်၏ အခြားမဲ့ဘဝဝယ် **ဝနဝါသီအရပ်**၌ သတို့သမီးအဖြစ် တကြိမ်, ထိုအဖြစ်မှ စုတေသည်၏ အခြားမဲ့ ဘဝဝယ် **သုပ္ပါဒကသင်္ဘောဆိပ်ရွာ**၌ မြင်းကုန်သည် သမီးအဖြစ် တကြိမ်, ထိုအဖြစ်မှ စုတေသည်၏ အခြားမဲ့ ဘဝဝယ် **ကာဝိရသင်္ဘောဆိပ်**၌ ကာဝိရ သင်္ဘောသူကြီးကတော်အဖြစ် တကြိမ်, ထိုမှ စုတေသည်၏ အခြားမဲ့ ဘဝ ဝယ် **သီဟိုဠ်ကျွန်းအနုရာဓပြည်**၌ မင်းသမီးတကြိမ်ဖြစ်၍ ထိုမင်းသမီးအဖြစ်မှ စုတေသည်၏အခြားမဲ့ဘဝဝယ် သီဟိုဠ်ကျွန်း၌ပင် **ဒုဋ္ဌဂါမဏိမင်းကြီး**လက်ထက် **ပေါက္ခန္တရွာ**ကြီးဝယ် သူဌေးသမီး**သုမနာဒေဝီ**အမည်ရှိသော သတို့သမီးဖြစ်၍ **ဒုဋ္ဌဂါမဏိမင်းကြီး**၏ စစ်သူကြီးဖြစ်သော **လကုဏ္ဍကအတိမ္ဗရ**အမည်ရှိသော အမတ်ကြီးအိမ်၌ စစ်သူကြီးကတော်အဖြစ်သို့ ရောက်၏။

ထိုအခါ **ကောဋပဗ္ဗတ**မည်သော ကျောင်းကြီး၌ သီတင်းသုံးနေတော်မူသော **အရှင်အနုရုဒ္ဓါ**မည်သော ရဟန္တာမထေရ်မြတ်သည် **မဟာပုဏ္ဏရွာ** အတွင်း အိမ်စဉ်အတိုင်း ဆွမ်းရပ်ခံစဉ် ထို လကုဏ္ဍကအတိမ္ဗရစစ်သူကြီး၏ အိမ်တံခါးအနီးသို့ရောက်၍ ဆွမ်းရပ်ခံတော်မူသောအခါ ထိုစစ်သူကြီး

ကတော်ကို မြင်သဖြင့် အဘော်ရဟန်းတို့အား "အရှင်တို့ မြတ်စွာဘုရား လက်ထက်တော်က ဝက်မငယ်သည် ယခုအခါ လကုဏ္ဍကအတိမ္ဗရစစ်သူကြီး ၏ မယားဖြစ်လာ၏၊ အံ့ဘွယ်ရှိစွတကား"ဟု ပြောကြား၏။

စစ်သူကြီးကတော်ဖြစ်သော သုမနာသည် ထိုမထေရ်၏ စကားကို ကြားသောခဏ၌ပင် ဘဝဟောင်းကို ဆင်ခြင်၍ **ဇာတိဿရဉာဏ်**ကို ရသဖြင့် ထိုဘဝကို မြင်သည်နှင့် ကြီးစွာသော ထိတ်လန့်ခြင်း သံဝေဂကို ရသောကြောင့် စစ်သူကြီးအား အခွင့်ပန်၍ **ပဥ္စဗလက**မည်သော ထေရီမ ထံရဟန်းပြု၍ **တိဿမဟာဝိဟာရကျောင်းတိုက်**ဝယ် မဟာသတိပဋ္ဌာနသုတ် ဒေသနာကိုကြားနာရ၍ ရှေးဦးစွာ သောတာပတ္တိမဂ်ကို ရပြီးနောက် **ကလ္လကမဟာဝိဟာ**ရကျောင်းကြီး၌ **အာသီဝိသူပမသုတ်**ကို ကြားနာရသော အခါ အရဟတ္တဖိုလ်သို့ရောက်သဖြင့် ပရိနိဗ္ဗာန်စံတော်မူသော, ငါတို့မြတ်စွာ ဘုရားလက်ထက်တော်ဝယ် ထိုဝက်မငယ် စသည်တို့ကဲ့သို့ ဤဖြစ်ဆဲဘဝမှ စုတေသည်နောက် မိန်းမ၏အဖြစ်ဖြင့်သာ ဘဝနှစ်ကြိမ် သုံးကြိမ် နှစ်ဆယ် သုံးဆယ်စသည်ဖြစ်ပြီးမှ အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမတဆဲ့တဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ဥပပဇ္ဇန္တိမိန်းမ—

ဖြစ်ဆဲဘဝမှ စုတေသည်၏ အခြားမဲ့ဝယ် ဗြဟ္မာ့ဘုံ၌ဖြစ်၍ အရဟတ္တ ဖိုလ်သို့ ရောက်သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမသုဂတိခုနစ်ဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ဥပပဇ္ဇန္တိမိန်းမအားဖြင့် သုံးမျိုးသော ဥပပဇ္ဇန္တိမိန်းမတို့အား ဤဖြစ်ဆဲဘဝ၌ပင် ပဝတ္တိကာလဝယ် လိင်ပြန်ထိုက် သော အကြောင်းကံရှိခဲ့သော် လိင်ပြန်ခြင်းဖြစ်ရာသော သဘောရှိသည်၏ အဖြစ်ကိုသာ ပြတော်မူသောကြောင့် ရဟန္တာမိန်းမတို့အား ပရိနိဗ္ဗာန် ပြုခါနီးကာလဝယ် ဓမ္မတာသဘောအားဖြင့် မချွတ်လိင်ပြန်မြဲဖြစ်သည်ဟု ဆိုသော ကေစိဆရာတို့၏ စကားသည် မူလဋီကာဆရာ၏ အလိုအာဘော် မကျသည် ဟူလေ။

အဘယ့်ကြောင့်ကား ထိုကေစိဆရာတို့၏ စကားသည် ဣန္ဒြိယယမိုက် ပါဠိတော်နှင့် ဆန့်ကျင်သည်ဟု ဆိုရလေသနည်းဟူမူ။ **ဣန္ဒြိယယမိုက်ပါဠိ တော်**ဝယ် နိဂုဗ္ဗေဝါရ၌—

ယဿ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ တဿ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတီတိ။

ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ, ယာ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ

ပရိနိဗ္ဗာယိဿန္တိ, ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ စဝန္တီနံ တာသံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတိ——

ဟူ၍ ကာမသုဂတိခုနစ်ဘုံတွင် တဘုံဘုံ၌ စုတိပရိနိဗ္ဗာန်ပြုဆဲဖြစ်သော ကာမာဝစရစဝန္တခီဏာသဝမိန်းမ, ကာမတဆဲ့တဘုံတွင် တဘုံဘုံမှ စုတေ့၍ ကာမဘုံ၌ပင် မိန်းမအဖြစ်ဖြင့်သာ နှစ်ဘဝ သုံးဘဝစသည် ဖြစ်ပြီး၍ အရဟတ္တဖိုလ်သို့ရောက်သဖြင့် ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမဘုံမှ စုတေ့ဆဲ ဖြစ်သောမိန်းမ, ကာမသုဂတိခုနစ်ဘုံတွင် တဘုံဘုံမှ စုတေ့၍ အခြားမဲ့ ဘဝဝယ် ဗြဟ္မာ့ဘုံ၌ ဖြစ်သဖြင့် ပဋိသန္ဓေအားဖြင့် ကာမဘုံသို့ တဘန် မလာဘဲ ဗြဟ္မာ့ဘုံ၌သာ ဘဝနည်းများ ထိုက်သည်အားလျော်စွာဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမဘုံမှ စုတေ့ဆဲဖြစ်သော မိန်းမအားဖြင့် သုံးမျိုးသော မိန်းမတို့အား စုတိစိတ်နှင့်ပြိုင်၍ ဣတ္ထိန္ဒြေ ချုပ်ကြောင်းကို ဟောတော်မူသည်။

အကယ်၍ ကေစိဆရာတို့ ပြဆိုဆုံးဖြတ်သည့်အတိုင်း ခီဏာသဝမိန်းမ တို့အား ဓမ္မဘာသဘောအားဖြင့် အမြဲပင်လိင်ပြန်၍ ပုရိသလိင်ဖြင့်သာ စုတိပရိနိဗ္ဗာန်ပြုသည် မှန်ခဲ့အံ့၊ စုတိပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုဆဲဖြစ်သော ရဟန္တာမိန်းမတို့အား ဣတ္ထိန္ဒြေချုပ်ဆဲမဖြစ်ရာ၊ ပုရိသိန္ဒြေချုပ်ဆဲသာ ဖြစ်ရာ သည်။ ပုရိသိန္ဒြေသာ ချုပ်ဆဲဖြစ်ကလည်း ထိုစုတိပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန် ပြုဆဲဖြစ်သော ရဟန္တာမိန်းမတို့အား စုတိစိတ်နှင့် ပြိုင်၍ ဣတ္ထိန္ဒြေချုပ် ကြောင်းကို "ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ တာသံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတိ"ဟူ၍ ဟောပြတော်မမူတန်ရာ။ ဟောကား ဟောတော်မူသည်သာ ဖြစ်သောကြောင့် ထိုကေစိဆရာတို့၏ စကားသည် ဣန္ဒြိယယမိုက် ဣတ္ထိန္ဒြိယမူ ပုရိသိန္ဒြိယမူလီ ပစ္စုပ္ပန္နာနာဂတနိရောဓဝါရ ပါဠိတော်နှင့်လည်း ဆန့်ကျင်သည်ဟူ၍ ဆိုရလေသည် ဟူလေ။

ဟိ သစ္စံ၊ မှန်၏။ သဗ္ဗာသမ္ပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ တာသံ၊ ထိုဖြစ်ဆဲ ပစ္စက္ခ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့ သော ကာမသုဂတိခုနစ်ဘုံတွင် တဘုံဘုံ၌ ပဋိသန္ဓေနေဆဲဖြစ်သော ပစ္ဆိမ-ဘဝိကဥပပဇ္ဇန္တီမိန်းမ, ဖြစ်ဆဲဘဝမှ စုတေ့သည့်နောက် အရဟတ္တဖိုလ်သို့ မရောက်မီ နှစ်ဘဝ သုံးဘဝစသည် ဘဝအများပင် ဖြစ်ကောင်းသေးသော်

လည်း ဂုတ္တိဘောဖြင့်သာ ဖြစ်သဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမတဘဲ့တဘိုတွင် တဘိုဘို၌ ပဋိသန္ဓေနေဆဲဖြစ်သော ဥပပဇ္ဇန္တိမိန်းမ, ဖြစ်ဆဲဘဝမှ စုတေ့သည်၏ အခြားမဲ့ဝယ် ပြဟ္မာ့ဘို၌ဖြစ်၍ ပဋိသန္ဓေအားဖြင့် ကာမဘိုသို့တဘန် မလာဘဲ ပြဟ္မာ့ဘို၌သာ ထိုက်သည်အားလျော်စွာ ဖြစ်သဖြင့် အရဟတ္တဖိုလ်သို့ရောက်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော ကာမသုဂတိခုနစ်ဘိုတွင် တဘိုဘို၌ပင် ပဋိသန္ဓေနေဆဲဖြစ်သော ဥပပဇ္ဇန္တိမိန်းမ-ဟူကုန်သော သုံးမျိုးသောမိန်းမတို့အား။ တသ္မိံ ဘဝေ၊ ထိုဖြစ်ဆဲဘဝ၌။ ပဝတ္တေ၊ ပဝတ္တိကာလ၌။ လိင်္ဂပရိဝတ္တနသဗ္ဘာဝါ၊ လိင်ပြန်ခြင်းကို ဖြစ်စေတတ်သောအကြောင်း မကောင်းမှုကံ ရှိခဲ့သော် လိင်ပြန်ခြင်း ဖြစ်သင့်သောကြောင့်။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ န ဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့သည်ကား။ န၊ မဟုတ်။ ဥပ္ပဇ္ဇိဿတိ ဧဝ၊ ဖြစ်လတ္တံ့သည်သာတည်း။

ဤအဓိပ္ပါယ်ကို နျာသ ကျမ်း၏ အဘွင့်ဖြစ်သော နိရုတ္တိမဉ္ဇူသာဋီကာ၌လည်း ပြဆို၏။ ဆိုဟန်ကို ပြလိုက်ဦးအံ့—

"န ဟိ တာသံ သဗ္ဗာသံ တသ္မိံ ဘဝေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂပရိဝတ္တနသဗ္ဘာဝါ"တိ အာယတနယမကေ ဋီကာပါဌံ ဒိသွာ ပစ္ဆိမဘဝိကာ ခိဏာသဝါ ပရိနိဗ္ဗာနမဇ္ဈေ ဌိတကာလေ အတ္တနော လိင်္ဂဿ ဟီနတာယ တေန ပရိနိဗ္ဗာတုံ အသက္ကုဏေယျဘာဝတော တံ ပရိဝတ္တေတွာ ပုရိသလိင်္ဂေနေဝ ပရိနိဗ္ဗာယန္တိ ပုရိသလိင်္ဂဿေဝ ဥတ္တမဘာဝတော။ ဓမ္မတာ ဟေသာတိ ကေစိ ဝဒန္တိ။

တမေဝ ဋီကာပါဌံ ဒိသွာ ယထာဝုတ္တာ ပစ္ဆိမဘဝိကာ ဥပါသိကာ တေန အတ္တနော ဣတ္ထိလိင်္ဂေနေဝ ပရိနိဗ္ဗာယန္တိ၊ န ပုရိသလိင်္ဂေန။ ဓမ္မတာ ဟေသာ။ အထ ကသ္မာ ဋီကာကာရေန "န ဟိ တာသံ သဗ္ဗာသံ တသ္မိံ ဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂပရိဝတ္တနသဗ္ဘာဝါ"တိ ဣဒံ ဝုတ္တန္တိ စေ။ တန္န။ န ဟိ ပစ္ဆိမဘဝိကာနံ ဣတ္ထီနံ ပရိနိဗ္ဗာနကာလေ ပုရိသလိင်္ဂေန ပရိနိဗ္ဗာနဘာဝံ သန္ဓာယ ဋီကာကာရေန ဣဒံ ဝုတ္တံ။ တေဘူမကဝဋ္ဋေ ပရိယာပန္နဿ ပန အပရာပရိယဝေဒနီယကမ္မဝိနိမုတ္တဿ ကဿစိ သတ္တဿ အဘာဝါ အတီတေ ကတေန ပရဒါရိကာဒိကမ္မေန လဒ္ဓေါကာသေ

သတိယေဝ တာသံ ပစ္ဆိမဘဝိကာနံ တဿိံ ဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇေယျ လိင်္ဂပရိဝတ္တနဿ အနတိဝတ္တနတော၊ တာဒိသေ ကမ္မေ အသတိ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇေယျာတိ ဣမမတ္ထံ သန္ဓာယေဝ "န ဟိ တာသံ သဗ္ဗာသံ" တျာဒိကံ ဋီကာကာရေန ဝုတ္တန္တိ အပရေ။

ဣဒမေဝ နော ခမတိ။ ယဒိ ဟိ ပစ္ဆိမဘဝိကာ သဗ္ဗာ ဣတ္ထိယော ပရိနိဗ္ဗာနကာလေ ပုရိသလိင်္ဂေနေဝ ဓမ္မတာဝသေန ပရိနိဗ္ဗာယေယျုံ၊ ဧဝံ သန္တေသု န ပစ္ဆိမဘဝိကာနမေဝ ဓမ္မတာဝသေန တဿိံ ဘဝေ ပုရိသလိင်္ဂံ ဥပ္ပဇ္ဇေယျ။ အထ ခေါ ဧတေနေဝ ဣတ္ထိဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယမာနာနဉ္စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယမာနာနဉ္စ ဣမသ္မိံ ဘဝေ ဓမ္မတာဝသေန ပုရိသလိင်္ဂံ ဥပ္ပဇ္ဇေယျ။ န ဟိ တာသံ သဗ္ဗာသန္တိ ဧတ္ထ တာသံ သဗ္ဗာသန္တိ ဣမိနာ ပစ္ဆိမဘဝိကာဒီနံ တိဿန္နံ ဣတ္ထီနံ ပရာမသိတဗ္ဗတ္တာ။ တသ္မာ ပစ္ဆိမဘဝိကာ ဣတ္ထိယော ဧတေနေဝ ဣတ္ထိဘာဝေန ပရိနိဗ္ဗာယန္တီတိ ဒဋ္ဌဗ္ဗံ။

ဧဝဉ္စ ကတွာ ဣန္ဒြိယယမကေ နိရောဓဝါရေ ယဿ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ တဿ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတီတိ။ ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ, ယာ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ, ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိစိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ၊ တာသံ စဝန္တီနံ တာသံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတိ။ ဣတရာသံ ဣတ္ထီနံ စဝန္တီနံ တာသံ ဣတ္ထိန္ဒြိယဉ္စ နိရုဇ္ဈတိ ပုရိသိန္ဒြိယဉ္စ နိရုဇ္ဈိဿတီတိ ဝုတ္တန္တိ— နိရုတ္တိမဉ္ဇူသာဋီကာ။

ကေစိ၊ အချို့ကုန်သောဆရာတို့သည်။ ယမကေ၊ ယမိုက်ကျမ်း၏ အရာ၌။ ဝါ၊ ယမိုက်အဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာ၌။ ဝုတ္တံ၊ ဆိုအပ်သော။ န ဟိ တာသံ သဗ္ဗာသံ တဿိံ ဘဝေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂပရိဝတ္တနသဗ္ဘာဝါတိ၊ န ဟိ။ပ။ သဗ္ဘာဝါ ဟူသော။ ဋီကာပါဌံ၊ ဋီကာပါဌ်ကို။ ဒိသွာ၊ မြင်ကုန်၍။ ပစ္ဆိမဘဝိကာ၊ ပစ္ဆိမဘဝိကဖြစ်ကုန်သော။

ခိဏာသဝ၊ ကုန်ပြီးသော အာသဝေါရှိကုန်သော။ ပရိနိဋ္ဌိတကတကိစ္စာ၊ ပြီး ဆုံးခြင်းသို့ ရောက်သော ပြုအပ်ပြီးသော မဂ်ကိစ္စရှိကုန်သော။ ဉပါသိကာ၊ ဒါယိကာမိန်းမတို့သည်။ မဟာပရိနိဗ္ဗာနပုရံ၊ နိဗ္ဗာန်ပြည်ကြီးသို့မြတ်သော နိဗ္ဗာန်ပြည်သို့။ ပဝိသိဿာမာတိ၊ ယခုအခါ ငါတို့ ဝင်ကုန်တော့အံ့ဟူ၍။ ပရိနိဗ္ဗာနမဥ္စေ၊ ပရိနိဗ္ဗာန်ပြုရာညောင်စောင်း၌။ ဋ္ဌိတကာလေ၊ တည်သော ကာလ၌။ အတ္တနော၊ မိမိ၏။ လိင်္ဂဿ၊ ပဥ္စသန္ဓေစွဲနေစဉ်အခါက ပါရင်း ဖြစ်သော ဣတ္ထိလိင်၏။ ဟီနတာယ၊ ယုတ်သည်၏အဖြစ်ကြောင့်။ တေန၊ ထိုဣတ္ထိလိင်ဖြင့်။ ပရိနိဗ္ဗာတုံ၊ ပရိနိဗ္ဗာန်ပြုခြင်းငှါ။ အသဏ္ဍုဏေယျဘာဝ-တော၊ မစွမ်းနိုင် မပြုနိုင်သည်၏အဖြစ်ကြောင့်။ တံ၊ ထိုဣတ္ထိလိင်သည်။ ပရိဝတ္တေတွာ၊ ပြန်၍။ ပုရိသလိင်္ဂဿေဝ၊ ပုရိသလိင်၏သာလျှင်။ ဉတ္တမ-ဘာဝတော၊ မြတ်သည်၏အဖြစ်ကြောင့်။ ပုရိသလိင်္ဂေနေဝ၊ ဖြင့်သာလျှင်။ ပရိနိဗ္ဗာယန္တိ၊ ကုန်၏။ ဟိ သစ္စံ၊ ခိဏာသဝမိန်းမတို့သည် ပုရိသလိင်ဖြင့် သာ ပရိနိဗ္ဗာန်ပြုကုန်၏ဟု ငါဆိုသော စကားမှန်၏။ သော၊ ဤသို့ ခီဏာ သဝမိန်းမတို့၏ ပရိနိဗ္ဗာန်ပြုခါနီးအခါလိင်ပြန်၍ ပုရိသလိင်ဖြင့်သာ ပရိ နိဗ္ဗာန်ပြုခြင်းသည်။ ဓမ္မတာ၊ ဓမ္မတာသဘောပင်တည်း။ ဣတိ၊ သို့။ ဝဒန္တိ၊ ကုန်၏။

(ဤဋီကာဝယ် ပရိနိဋ္ဌိတကတကိစ္စာ ဉပါသိကာ၌ ဉပါသိကာဟု ဆိုခြင်းသည် ဉပါသိကသဒ္ဒါ လူဝတ်ဖြင့်တည်သော မိန်းမကိုသာ ဟောသည်ဖြစ်၍ ခီဏာသဝဖြစ်သောဘိက္ခုနီ သာမဏေရီတို့ကျန်လွတ်ရာ ခဲ့ရကား အဗျာပိတဒေါသမကင်းရာသောကြောင့် ဤသို့မဆိုဘဲ ပရိ-နိဋ္ဌိတကတကိစ္စာ ဣတ္ထိယော ဟူ၍သာ ဆိုသင့်သည်၊ ဆိုလတ္တံ့ ပဋ္ဌမ-ဘဝိကာဉပါသိကာ၌လည်း ဤနည်းပင်မှတ်)။

အပရေ၊တပါးကုန်သော ဆရာတို့သည်။ တမေဝ ဋီကာပါဌံ၊ထိုန ဟိ။ပ။ သဗ္ဗာဝါဟူသော မူလဋီကာပါဌ်ကိုပင်လျှင်။ ဒိသွာ၊မြင်ကုန်၍။ယထာဝုတ္တာ၊ ပြဆိုအပ်ပြီးသော အပြားရှိကုန်သော။ ပဋ္ဌမဘဝိကာ၊ အဆုံးစွန်သော ဘဝကိုဆောင်ကုန်သော။ ဉပါသိကာ၊ တို့သည်။ အတ္တနော၊ မိမိ၏။ ဝါ၊ တို့၏။ တေန ဣတ္ထိလိင်္ဂေနေဝ၊ ပဋိသန္ဓေအခါကပါရင်းဖြစ်သော ထိုဣတ္ထိ လိင်ဖြင့်ပင်လျှင်။ ပရိနိဗ္ဗာယန္တိ၊ ကုန်၏။ ပုရိသလိင်္ဂေန၊ ဖြင့်။ န ပရိနိဗ္ဗာ-ယန္တိ၊ ကုန်။ ဟိ သစ္စံ၊ ခိဏာသဝမိန်းမတို့သည် ဣတ္ထိလိင်ဖြင့်သာ ပရိနိဗ္ဗာန်

ပြုကုန်၏ဟု ငါဆိုသောစကား မှန်၏။ သော၊ ဤခီဏာသဝမိန်းမတို့၏ ဇွတ္တိလိင်ဖြင့်သာ ပရိနိဗ္ဗာန်ပြုခြင်းသည်။ ဓမ္မတာ၊ တည်း။ အထ၊ ထိုသို့ ခီဏာသဝမိန်းမတို့၏ ဣတ္ထိလိင်ဖြင့်သာ ပရိနိဗ္ဗာန်ပြုခြင်းသည် ဓမ္မတာ သဘောဖြစ်ခဲ့သော်။ ကသ္မာ၊ ကြောင့်။ ဋီကာကာရေန၊ သည်။ န ဟိ တာသံ သဗ္ဗာသံ တသ္မိံ ဘဝေ ပဝတ္တေ ပုရိသိန္ဒြိယံ န ဥပ္ပဇ္ဇိဿတိ လိင်္ဂ-ပရိဝတ္တနသဗ္ဘာဝါတိ ဣဒံဝစ နံ၊ န ဟိ။ပ။ သဗ္ဘာဝါ ဟူသော ဤစကားကို။ ဝုတ္တံ၊ ဆိုတော်မူအပ်လေသနည်း။ ဣတိ၊ ဤသို့။ ကောစိ၊ တစုံတယောက် သော ပုဂ္ဂိုလ်သည်။ စေ ဝဒေယျ၊ အကယ်၍ဆိုငြားအံ့။ တံ ဝစနံ၊ ထို စကားကို။ န၊ မဆိုသင့်။ ဟိ သစ္စံ၊ ၏။ ဝါ၊ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ပစ္ဆိမဘဝိကာနံ၊ ကုန်သော။ ဣတ္ထီနံ၊ တို့အား။ ပရိနိဗ္ဗာနကာလေ၊ ၌။ ပုရိသလိင်္ဂေန၊ ဖြင့်။ ပရိနိဗ္ဗာနဘာဝံ၊ ပရိနိဗ္ဗာန် ပြုသည်၏အဖြစ်ကို။ သန္ဓာယ၊ ၍။ ဋီကာကာရေန၊ သည်။ ဣဒံ ဝစနံ၊ ဤ န ဟိ။ပ။ သဗ္ဘာဝါ ဟူသော စကားကို။ န ဝုတ္တံ၊ ဆိုတော်မူအပ်သည်မဟုတ်။ ပန၊ စင်စစ် သော်ကား။ တေဘူမကဝဋ္ဋေ၊ တေဘူမကဝဋ်၌။ ပရိယာပန္နဿ၊ အကျုံး ဝင်သော။ အပရာပရိယဝေဒနီယကမ္မဝိနိမုတ္တဿ၊ အပရာပရိယကံမှ ကင်း လွတ်သော။ ကဿစိ သတ္တဿ၊ တစုံတယောက်သော သတ္တဝါ၏။ အဘာဝါ၊ မရှိခြင်းကြောင့်။ အတီတေ၊ ၌။ ကတေန၊ သော။ ပရဒါရိကာဒိကမ္မေန၊ သူတပါးတို့၏ မယားကို ပြစ်မှားလွန်ကျူးခြင်းကြောင့်ဖြစ်သော ပရဒါရိက အစရှိသော ကံသည်။ လဒ္ဓေါကာသေန၊ လိင်ပြန်ခြင်းဟူသော မကောင်း ကျိုးကို ပေးခြင်းငှါရအပ်သော အခွင့်ရှိသည်။ သတိယေဝ၊ ရှိသော်သာ လျှင်။ ပစ္ဆိမဘဝိကာနံ၊ ကုန်သော။ တာသံ၊ ထိုမိန်းမတို့၏။ လိင်္ဂပရိ-ဝတ္တနဿ၊ လိင်ပြန်ခြင်းသဘောကို။ အနတိဝတ္တနတော၊ အရိယမဂ်သို့ မရောက်မီ မလွန်နိုင်သေးသောကြောင့်။ ပစ္ဆိမဘဝိကာနံ၊ ကုန်သော။ တာသံ၊ တို့အား။ တသ္မိံ ဘဝေ၊ ထိုပစ္ဆိမဘဝ၌။ ပဝတ္တေ၊ ပဝတ္တိကာလ၌။ ပုရိသိန္ဒြိယံ၊ သည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ တာဒိသေ၊ ထိုသို့သဘောရှိသော။ ကမ္မေ၊ ပရဒါရိကစသော ကံသည်။ အသတိ၊ မရှိသော်။ ပုရိသိန္ဒြိယံ၊ သည်။ န ဥပ္ပဇ္ဇေယျ၊ ရာ။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သောအနက်သဘောကို။ သန္ဓာ-ယေဝ၊ သာလျှင်။ န ဟိ တာသံ သဗ္ဗာသံတျာဒိကံ၊ န ဟိ တာသံ သဗ္ဗာ-သံ အစရှိသောစကားကို။ ဋီကာကာရေန၊ သည်။ ဝုတ္တံ၊ ၏။ တသ္မာ ကြောင့်။ တံ ဝစနံ၊ ကို။ န၊ မဆိုသင့်။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကုန်၏။

(အတီတေ ကတေန ပရဒါရိကာဒိကမ္မေန အစရှိသောစကား၌ ပရဒါရိကစသော အကုသိုလ်ကံသည် လိင်ပြန်ခြင်းဟူသော မကောင်းကျိုးကို ဖြစ်စေခြင်းငှါ ရအပ်သော အခွင့်ရှိသော်သာ ထိုပစ္ဆိမဘဝိက မိန်းမတို့အား ပဝတ္တိကာလ၀ယ် အရိယမဂ်သို့မရောက်မီ လိင်ပြန်ခြင်းဖြစ်သင့်သည်၊ ဤသို့ လိင်ပြန်ခြင်းဖြစ်မှသာလည်း ပုရိသိန္ဒြေဖြစ်ရသည်။ လိင်ပြန်ခြင်းကို ဖြစ်စေနိုင်သော သဘောရှိသော အကုသိုလ်ကံမရှိခဲ့သော် ထိုမိန်းမတို့အား လိင်ပြန်ခြင်းမဖြစ်ရာ၊ ယင်းသို့လိင်ပြန်ခြင်းမဖြစ်ကလည်း ပုရိသိန္ဒြေ မဖြစ်ရာဟူသော အဓိပ္ပါယ်ကိုသိလေ)။

ဣဒံ ဝစနံ၊ ဤ အပရေဆရာဘို့၏ အယူစကားကို။ နေဝ၊ ငါဘို့သည်။ ခမတိ၊ နှစ်သက်အပ်၏။ ဟိ ဝိတ္ထာရေမိ၊ အံ့။ ပစ္ဆိမဘဝိကာ၊ ကုန်သော။ သဗ္ဗာ၊ ကုန်သော။ ဣတ္ထိယော၊ တို့သည်။ ပရိနိဗ္ဗာနကာလေ၊ ၌။ ပုရိသလိင်္ဂနေဝ၊ ဖြင့်သာလျှင်။ ဓမ္မတာဝသေန၊ ဓမ္မတာသဘော၏ အစွမ်းဖြင့်။ ယဒိ ပရိနိဗ္ဗာယေယျုံ၊ အကယ်၍ ပရိနိဗ္ဗာန် ပြုကုန်ခဲ့အံ့။ ဧဝံ သန္တေသု၊ ဤသို့ ပစ္ဆိမဘဝိက မိန်းမဟူသမျှတို့သည် ပုရိသလိင်ဖြင့်သာ ပရိနိဗ္ဗာန်ပြုမြဲဖြစ်ကုန်ခဲ့သော်။ ပစ္ဆိမဘဝိကာနမေဝ၊ တို့အားသာလျှင်။ ဓမ္မတာဝသေန၊ ဖြင့်။ တသ္မိံ ဘဝေ၊ ၌။ ပုရိသလိင်္ဂံ၊ သည်။ န ဥပ္ပဇ္ဇေယျ၊ ဖြစ်သည်မဟုတ်ရာ။ အထ ခေါ၊ စင်စစ်သော်ကား။ ဧတေနေဝ ဣတ္ထိဘာဝေန၊ ထိုဣတ္ထိဘောဖြင့်သာလျှင်။ ကတိစိ ဘဝေ၊ နှစ်ဘဝ သုံးဘဝစသည်တို့ကို။ ဒဿေတွာ၊ ပဋိသန္ဓေနေသည်၏ အစွမ်းဖြင့်ပြ၍။ ပရိနိဗ္ဗာယမာနာနဉ္စ၊ ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမတို့အားရင်း။ ရူပါဝစရံ၊ ရူပါဝစရဘုံ၌ရင်း။ အရူပါဝစရံ၊ အရူပါဝစရဘုံ၌ရင်း။ ဥပပဇ္ဇိတွာ၊ ကာမဘုံမှ စုတေသည်၏ အခြားမဲ့ဘဝ၀ယ် ပဋိသန္ဓေအားဖြင့်ဖြစ်၍။ ပရိနိဗ္ဗာယမာနာနဉ္စ၊ တို့အားရင်း။ ဣမသ္မိံ ဘဝေ၊ ၌။ ဓမ္မတာဝသေန၊ ဖြင့်။ ပုရိသလိင်္ဂံ၊ သည်။ ဥပ္ပဇ္ဇေယျ၊ ဖြစ်ရာ၏။ ကသ္မာ၊ အဘယ့်ကြောင့်နည်း ဟူမူကား။ န ဟိ တာသံ သဗ္ဗာသန္တိ ဧတ္ထ၊ န ဟိ တာသံ သဗ္ဗာသံ-အစရှိသော ဤမူလဋီကာပါဠ်၌။ တာသံ သဗ္ဗာသန္တိ ဣမိနာ၊ တာသံ သဗ္ဗာသံ-ဟူသော ဤသဒ္ဒါဖြင့်။ ပစ္ဆိမဘဝိကာဒီနံ၊ ပစ္ဆိမဘဝိကအစရှိကုန်သော။ ဝါ၊ ဤဘဝ၌ပင် အရဟတ္တဖိုလ်သို့ ရောက်လတ္တံ့သော မိန်းမ, ဤဣတ္ထိဘောဖြင့်ပင်လျှင် နှစ်ဘဝ သုံးဘဝ စသည် ဖြစ်ပြီးမှ ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမ, ကာမဘုံမှ စုတေသည်၏ အခြားမဲ့ဝယ် ရူပ အရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမဟူကုန်သော။ တိဿန္နံ

ဣတ္ထိနံ၊ သုံးယောက်သော မိန်းမတို့ကို။ ပရာမသိတဗ္ဗတ္တာ၊ သုံးသပ်အပ်သည်၏ အဖြစ်ကြောင့်တည်း။ တသ္မာ၊ ထိုသို့ ပစ္ဆိမဘဝိကမိန်းမတို့အား ပရိနိဗ္ဗာန်ပြုသော်အခါ ပုရိသိန္ဒြေ ဖြစ်မြဲဖြစ်က ဣတ္ထိဘောဖြင့် နှစ်ဘဝ သုံးဘဝ စသည် ပဋိသန္ဓေနေ၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမ, ကာမဘုံမှ စုံတေ့သည်၏အခြားမဲ့ဘဝဝယ်ရူပအရူပဘုံ၌ဖြစ်၍ ပရိနိဗ္ဗာန်ပြုလတ္တံ့သော မိန်းမတို့အားလည်း ကာမဘုံဝယ် ပဝတ္တိကာလ၌ ပုရိသိန္ဒြေ ဖြစ်ရာသောကြောင့်။ ပစ္ဆိမဘဝိကာ၊ ကုန်သော။ ဣတ္ထိယော၊ တို့သည်။ ဧတေနေဝ ဣတ္ထိဘာဝေန၊ ပဋိသန္ဓေအခါက ပါရင်းဖြစ်သော ဤဣတ္ထိဘောဖြင့်ပင်လျှင်။ ပရိနိဗ္ဗာယန္တိ၊ ကုန်၏။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗံ၊ မချွတ်ဆတ်ဆတ် ကေန္တ မှတ်အပ်၏။

ဧဝဥ္စ ကတွာ၊ ဤသို့ ပစ္ဆိမဘဝိကမိန်းမတို့၏ ဣတ္ထိဘောဖြင့်သာ ပရိနိဗ္ဗာန်ပြုမြဲဖြစ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ ဣန္ဒြိယယမကေ၊ ဣန္ဒြိယယမိုက်ပါဠိတော်၌။ နိရောဓဝါရေ၊ နိရောဓဝါရ၌။ ယဿ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ တဿ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတီတိ။ ဣတ္ထီနံ ပရိနိဗ္ဗာယန္တီနံ, ယာ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ ယာ စ ဣတ္ထိယော ဧတေနေဝ ဘာဝေန ကတိပိ ဘဝေ ဒဿေတွာ ပရိနိဗ္ဗာယိဿန္တိ။ တာသံ စဝန္တီနံ တာသံ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ၊ နော စ တာသံ ပုရိသိန္ဒြိယံ နိရုဇ္ဈိဿတိ။ ဣတရာသံ ဣတ္ထီနံ စဝန္တီနံ တာသံ ဣတ္ထိန္ဒြိယဉ္စ နိရုဇ္ဈတိ ပုရိသိန္ဒြိယဉ္စ နိရုဇ္ဈိဿတီတိ၊ ယဿ ဣတ္ထိန္ဒြိယံ နိရုဇ္ဈတိ။ပ။ ပုရိသိန္ဒြိယဉ္စ နိရုဇ္ဈိဿတိ-ဟူ၍။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ယဿ၊ အကြင်သူအား။ ဣတ္ထိန္ဒြိယံ၊ သည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တဿ အား။ ပုရိသိန္ဒြိယံ၊ သည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့လော။ ဣတိ ပုစ္ဆာယံ၊ သည်။ သတိ၊ သော်။ ပရိနိဗ္ဗာယန္တီနံ၊ ကာမဘုံဝယ် စုတိပရိနိဗ္ဗာန်ဖြင့် ပရိနိဗ္ဗာန်ပြုဆဲ ဖြစ်ကုန်သော။ ဣတ္ထီနဥ္စ၊ ခီဏာသဝဖြစ်သော မိန်းမတို့အား ၎င်း။ ယာ ဣတ္ထိယော၊ တို့သည်။ ရူပါဝစရံ၊ ၌၎င်း။ အရူပါဝစရံ၊ ၌၎င်း။ ဥပပဇ္ဇိတွာ၊ အနန္တရဘဝဝယ် ပဋိသန္ဓေအားဖြင့် ဖြစ်၍။ ပရိနိဗ္ဗာယိဿန္တိ၊ ကုန်လတ္တံ့။ စဝန္တီနံ၊ ကာမဘုံမှ စုတေ့ဆဲဖြစ်ကုန်သော။ တာသံ ဣတ္ထီနဥ္စ၊ တိဟိတ်ပုထုဇဉ် အောက်ဖလဋ္ဌာန်သုံးယောက်ဟူသော ထိုမိန်းမတို့အား ၎င်း။ ယာ ဣတ္ထိယော၊ တို့သည်။ ဧတေနေဝ ဘာဝေန၊ ထိုဣတ္ထိဘောဖြင့်

သာလျှင်။ ကတိစိ ဘဝေ၊ တို့ကို။ ဒဿေတွာ၊ ၍။ ပရိနိဗ္ဗာယိဿန္တိ၊ ကုန်လတ္တံ့။ စဝန္တီနံ၊ကုန်သော။ တာသံ ဣတ္ထီနဉ္စ၊ ပုထုဇဉ်လေးယောက် အောက်ဖလဋ္ဌာန်နှစ်ယောက် ဟူကုန်သော မိန်းမတို့အားရင်း။ တာသံ၊ ထိုပြဆိုပြီးသော မိန်းမတို့အားရင်း။ ဣတ္ထိန္ဒြိယံ၊ သည်။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ တာသံ၊ တို့အား။ ပုရိသိန္ဒြိယံ၊ သည်။ နော စ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့ မဟုတ်။ ဣတရာသံ၊ ပြဆိုခဲ့ပြီးသော မိန်းမသုံးမျိုးမှ တပါးကုန်သော။ စဝန္တီနံ၊ ကာမဘုံမှ စုတေ့ဆဲဖြစ်ကုန်သော။ ဣတ္ထီနံ၊ တို့အား။ ဣတ္ထိန္ဒြိယဉ္စ၊ သည်လည်း။ နိရုဇ္ဈတိ၊ ချုပ်ဆဲ။ ပုရိသိန္ဒြိယဉ္စ၊ သည်လည်း။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ ဣတိ ဝိသဇ္ဇနာ၊ သည်။ ဟောတိ၊ ၏။

အောက်၌ပြဆိုခဲ့ပြီးသည်ကို ထောက်သဖြင့် ဤဋီကာဝယ် အဓိပ္ပါယ်ကို အကျယ်အားဖြင့် သိနိုင်လောက်ပြီ။

### သတ္တမသတ္တာဟနှင့် ဧကာဒသမသတ္တာဟဆုံးဖြတ်ချက်

ဤသို့ ကထာဝတ္ထုအဋ္ဌကထာ, အဘိဓမ္မတ္ထသင်္ဂဟ, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒအဋ္ဌကထာ, အာယတနယမိုက်အဖွင့် မူလဋီကာ, ၎င်းအနု-ဋီကာတို့၌ **အဋ္ဌကထာဋီကာ**ဆရာတို့သည် ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ကလလသတ္တာဟမှစ၍ ရေသော် တဆဲ့တခုမြောက်ဖြစ်သော ဧကာဒသမ သတ္တာဟ၌သာ စက္ခု သောတ ဃာန ဇိဝှါ အာယတနလေးပါးတို့ ကံဟူသော အကြောင်းကြောင့် မရှေးမနှောင်း တပြိုင်တည်းဖြစ်ကြောင်းကို တညီတညွတ်တည်း ပြဆိုတော်မူကြကုန်သည်။

**ဋီကာကျော်**ဆရာကား .. **တတော ပရံ ပဝတ္တိကာလေ** ဟူသော အဘိ-ဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ၌ "ပဝတ္တိကာလ" အရကို အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟ, မူလဋီကာဆရာ၏အလိုအားဖြင့် ဧကာဒသမ သတ္တာဟဟူ၍ အဋ္ဌကထာနှင့် ဋီကာကို ဝါဒကွဲပြားအခြားစီဟူယူ၍ —

> ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ၊ ဋီကာကာရမတေန
> ဧကာဒသမေ သတ္တာဟေ ဝါ—

ဟု (၂၁၄) ၌ ဖွင့်ပြတော်မူ၏။

ပဝတ္တိကာလေတိ၊ လေဟူသည်ကား။ သတ္တမေ သတ္တာဟေ၊ အဋ္ဌကထာ ဆရာ၏အလိုအားဖြင့် ကလလသတ္တာဟမှ ခုနစ်ခုမြောက်ဖြစ်**သော သတ္တာ-**

ဟဉ်။ ဝါ၊ တနည်းကား။ ဋီကာကာရမတေန၊ အဘိဓမ္မာဋီကာကို ရေးပြု စီရင်တော်မူသော **အရှင်အာနန္ဒာ**ဆရာ၏ အလိုအားဖြင့်။ ကောဒသမေ သတ္တာဟေ၊ ကလလသတ္တာဟမှ တဆဲ့တခုမြောက်ဖြစ်သော သတ္တာဟ၌။

အဋ္ဌကထာဆရာ၏ အလိုအားဖြင့် ပဌမသတ္တာဟမှစ၍ ပဉ္စမသတ္တာဟ တိုင် အစဉ်အတိုင်း ကလလ အဗ္ဗုဒ ပေသိ ဃန ပဉ္စပသာခတို့၏ဖြစ်ရာ ငါးသတ္တာဟတို့ကိုရင်း, ထို့ူပကာယဝတ္ထု၏ ရင့်သောအခိုက်အတံ့ဟူသော ဆဋ္ဌသတ္တာဟကိုရင်း လွန်၍ သတ္တမသတ္တာဟ၌ စက္ခုပသာဒဖြစ်သည် ဟူလို၏။

**သင်္ခေပဝဏ္ဏနာဋီကာ, မဏိသာရမဉ္ဇူသာ** အစရှိသော နောက်ကာလ ရေးပြုစီရင်ကြသော သံဝဏ္ဏနာဝိနိစ္ဆယကျမ်းတို့၌လည်း ဤဋီကာကျော်ကို အမှီပြု၍ ဤနည်းတူပင် ဆိုကြကုန်၏။ ။**အဋ္ဌသာလိနီ, သမ္မောဟဝိနောဒနီ**အစရှိသော အဋ္ဌကထာကြီးတို့၌ရင်း **သစ္စသံခိပ်, ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ, အဘိဓမ္မာဝတာရ** အစရှိသော လက်သန်းအဋ္ဌကထာတို့၌ရင်း သတ္တမသတ္တာဟ၌ စက္ခုဖြစ်သည်ဟု ဆိုသောစကား မရှိမလာချေ။

ဋီကာကျော်ဆရာသည် ယခင်ပြဆိုခဲ့သော "သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ" ဟူသော ကထာဝတ္ထုအဋ္ဌကထာ၌ **တိအက္ခရာ** မပါမရှိသော "သတ္တသတ္တရတ္တိမှိ" ဟူသော ပါဌ်ကိုမှီ၍ ယင်းကိုလည်း ဂုဏိတသင်္ချာကြံ၍ နောက်သတ္တကိုတည် ရှေ့သတ္တနှင့် မြှောက်သော် သတ္တသတ္တာ နဝစာသီသ ခုနစ်ရက်ခုနစ်လီသော် လေးဆဲ့ကိုးရက်ဟူသော သတ္တာဟ ခုနစ်ခုကို ရသောကြောင့် ဤကထာဝတ္ထုအဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟ၏ အစရက်ဖြစ်သော ပဋိသန္ဓေစွဲနေသောနေ့မှ လေးဆဲ့သုံးရက်မြောက်သောနေ့၌ စက္ခုဖြစ်သည်ဟု မှတ်ယူ၍ ပဝတ္တိကာလအရကို အဋ္ဌကထာဆရာ၏ အလိုအားဖြင့် သတ္တမသတ္တာဟဟု ယူတော်မူသည် ဖြစ်ရာသည်။

> ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ကောဒသမသတ္တာဟာ ဩရတော ဠိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ——

အစရှိသည်ဖြင့် ဂဗ္ဘသေယျကအား ကောဒသမသတ္တာဟမှ အတွင်း၌ စက္ခာယတနမဖြစ်သေးကြောင်းကို ပြဆိုသဖြင့် ကောဒသမသတ္တာဟသို့

ရောက်မှ ဖြစ်သည်ဟု အယူတော်ရှိသော မူလဋီကာဆရာသည်လည်း **တိ-**
**အက္ခရာ**ပါရှိသော "သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမ္ဟိ" ဟူသော ဤ
ကထာဝတ္ထုအဋ္ဌကထာကို အမှီပြု၍ပင် ယူတော်မူသည်။

**တိ**အက္ခရာနှင့် တကွ "သတ္တသတ္တတိရတ္တိမ္ဟိ"ဟု ရှိမှသာလည်း အဋ္ဌကထာ
ဆရာ၏ အလိုတော်အတိုင်း ဟုတ်မှန်သည်၊ ယခုကာလပေတို့၌လည်း
"သတ္တသတ္တတိရတ္တိမ္ဟိ" ဟု **တိ**အက္ခရာနှင့် တကွသာ ရှိသည်။ အကယ်၍ **တိ-**
**အက္ခရာ**မပါသော ပါဠ်ဟုတ်မှန်ခဲ့အံ့၊ ဋီကာကျော်ဆရာ ပြဆိုသည့်အတိုင်း
အဋ္ဌကထာဆရာ မူလဋီကာဆရာတို့၏ အယူသည် မတူထူးခြားကွဲပြားရာ၏၊
ယင်းသို့ကွဲပြားကလည်း အဋ္ဌကထာ ဋီကာဆရာနှစ်ပါးတို့ အယူဝါဒကွဲပြား
ကြသော ထိုထိုအရာဟူသမျှတို့၌ ယုတ္တိအာဂမ အကြောင်းတို့ဖြင့် စီစစ်
နှိုင်းညှိ၍ မူလဋီကာဆရာ၏ စကားကို ပယ်သင့်လျှင်ပယ်၍ ကူညီအားပေး
သင့်လျှင် ကူညီအားပေး၍ အနုဋီကာဆရာပြဆိုမြဲဖြစ်သည်၊ ဤအရာ၌ကား
တစုံတခုသော စကားကိုမျှ ပြဆိုတော်မမူ။ ထို့ကြောင့် "သတ္တသတ္တတိ-
ရတ္တိမ္ဟိ" ဟူ၍ **တိ**အက္ခရာနှင့် တကွ ရှိသောပါဠ်သာ မှန်သည်ဟူ၍ရင်း အဋ္ဌ-
ကထာဆရာ မူလဋီကာဆရာတို့၏ အယူဝါဒသည် အထူးအခြားအကွဲအပြား
မရှိ၊ ကောဒသမသတ္တာဟ၌ ဖြစ်သည်ဟု အတူတူသာ ယူတော်မူကြသည်
ဖြစ်၍ရင်း မှုချဆတ်ဆတ် မှတ်ယူအပ်၏။

**စက္ခုစသည်တို့ အစဉ်အတိုင်း ဖြစ်,မဖြစ် ချုပ်,မချုပ်**

**ကမ္မေနနှင့် ကမေန ဆုံးဖြတ်ချက်**

**အရှင်အနုရုဒ္ဓါဆရာသည် —**

သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမ္ဟိ၊ တာနိ စ ခေါ ယေန
ကမ္မုနာ ပဋိသန္ဓိ ဂဟိတာ၊ တဿေဝ အညဿ ဝါ ကတတ္တာ—

ဟူသော **ကထာဝတ္ထုအဋ္ဌကထာ** ( ၂၄၀ )ကို အမှီပြု၍ "တတော ပရံ ပဝတ္တိ-
ကာလေ ကမ္မေန စက္ခုဒသကာဒီနိ စ ပါတုဘဝန္တိ" ဟူသော စကားကို
**သင်္ဂြိုဟ်ကျမ်း** ( ၄၄ ) ၌ ဆိုတော်မူသောကြောင့်—

ကမ္မေန ကိတ္တိံ လဘတိ ပသံသံ၊ ကမ္မေန ဇာနိဥ္စ ဝဓဥ္စ ဗန္ဓံ။
တံ ကမ္မနာနာကရဏံ ဝိဒိတွာ၊ ကသ္မာ ဝဒေ နတ္ထိ ကမ္မန္တိ
လောကေ—

ဟူသော ပါဠိတော်မှာကဲ့သို့ "ကမ္မေန"ဟု မဒ္ဒေဘော်နှင့် ရှိလိုလျက် **မ-**
အက္ခရာတလုံး ကျပျက်၍ "ဥပ္ပတ္တိက္ကမေန၊ ဒေသနက္ကမေန၊ ပဟာနက္က-
မေန" အစရှိသည်၌ ကဲ့သို့ "ကမေန"ဟု ရှိသောပါဌ်ကို အမှန်မှတ်ယူ၍
**ဋီကာကျော်**ဆရာသည် —

ကမေနာတိ စက္ခုဒသကပါတုဘာဝတော သတ္တာဟာတိက္ကမေန သော-
တဒသကံ။ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ၊ တတော သတ္တာ-
ဟာတိက္ကမေန ဇိဝှါဒသကန္တိ ဧဝံ အနုက္កမေန —ဟူ၍

**သင်္ခေပဝဏ္ဏနာဋီကာ**ဆရာသည်လည်း —

ကမေနာတိ သတ္တာဟာတိက္ကန္တကမေန။ စက္ခုဒသကံ ဟိ
သတ္တမသတ္တာဟေ ပါတုဘဝတိ၊ တတော သတ္တာဟာတိက္ကမေန
သောတဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ၊
တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသကန္တိ အနုက္ကမေန—

ဟူ၍ စက္ခု, သောတ, ဃာန, ဇိဝှါဒသက ကလာပ်တို့၏ အစဉ်အတိုင်း
သတ္တာဟတခုစီ စဉ်၍ဖြစ်ကြောင်းကို ပြဆိုတော်မူကြ၏။ အနက်လွယ်ပြီ။

တတ္ထ ပဋိသန္ဓိတော ပဉ္စာယ ယာဝ စက္ခာဒိဒသကာနံ ဥပ္ပတ္တိ၊
ဧတ္ထန္တရေ ရူပုပ္ပါဒေါ ဥပစယော နာမ—

ဟူသော ဋီကာကျော် (၂၀၂)၏ အဘွင့်ဖြစ်သော **မဏိသာရမဉ္ဇူသာ**၌
လည်း—

ပဋိသန္ဓိတော ပဉ္စာယာတိ ပဋိသန္ဓိဥပ္ပါဒက္ခဏံ အာဒိံ ကတွာ။
ယာဝါတိ ယတ္တကေ သတ္တမသတ္တာဟအဋ္ဌမသတ္တာဟနဝမသတ္တာဟ-
တဒနန္တရစတုသဋ္ဌိမာဟာသံ ါတေ ကာလေတိ အတ္ထော အဋ္ဌ-
ကထာနယေန၊ ဋီကာနယေန ပန ယာဝါတိ ယတ္တကေ ဧကာ-
ဒသမသတ္တာဟ ဒွါဒသမသတ္တာဟ တေရသမသတ္တာဟ တဒနန္တရဒွါ-
နဝုတိမာဟာသံ ါတေ ကာလေတိ အတ္ထော။ စက္ခာဒိဒသကာနန္တိ
စက္ခုဒသကာဒီနံ စတုန္နံ ဒသကာနံ။ ဧတ္ထန္တရေတိ ဧတသ္မိံ ပဋိသန္ဓိ-
ဥပ္ပါဒက္ခဏံ အာဒိံ ကတွာ ဂဏိယမာနေ စတုသဋ္ဌိအဟာသံ ါတေ
ဒွါနဝုတိအဟာသံ ါတေ ဝါ ကာလေ—

ဟူ၍ အဋ္ဌကထာနည်းအားဖြင့် သတ္တမသတ္တာဟ၌ စက္ခုဒသက, အဋ္ဌမ-
သတ္တာဟ၌ သောတဒသက, နဝမသတ္တာဟ၌ ဃာနဒသက, ဒသမသတ္တာ-

ဟ၌ ဇဝိုဒသက, ဋိကာနည်းအားဖြင့် ကောဒသမသတ္တာဟ၌ စက္ခုဒသက, ဒွိဒသမသတ္တာဟ၌ သောတဒသက, တေရသမသတ္တာဟ၌ ဃာနဒသက, စုဒ္ဒသမသတ္တာဟ၌ ဇဝိုဒသကကလာပ်တို့ အစဉ်အတိုင်း သတ္တာဟတခုစီ စဉ်၍ဖြစ်ကြောင်းကို ပြဆိုတော်မူ၏။ သတ္တမသတ္တာဟကို ယူ၍မသင့်ကြောင်း, အဋ္ဌကထာဆရာ, မူလဋီကာဆရာတို့ အယူဝါဒ အကွဲအပြားမရှိ၊ ကောဒသမသတ္တာဟကိုသာ ယူတော်မူကြကြောင်းကို အောက်ကပြဆိုခဲ့ပြီ။

ပဋိသန္ဓိတော ပဋ္ဌာယာတိ၊ ဟူသည်ကား။ ပဋိသန္ဓိဥပ္ပါဒက္ခဏ၊ ပဋိသန္ဓေ၏ ဥပါဒ်ခဏကို။ အာဒိံကတွာ၊ အစပြု၍။ ယာဝါတိ၊ ယာဝဟူသည်ကား။ အဋ္ဌကထာနယေန၊ အဋ္ဌကထာနည်းအားဖြင့်။ သတ္တမသတ္တာဟ-အဋ္ဌမသတ္တာဟနဝမသတ္တာဟတဒနန္တရစတုသဋ္ဌိမာဟသခါတေ၊စက္ခု၏ ဖြစ်ရာ သတ္တမသတ္တာဟ, သောတ၏ဖြစ်ရာ အဋ္ဌမသတ္တာဟ, ဃာန၏ဖြစ်ရာ နဝမသတ္တာဟ, ထိုနဝမသတ္တာဟ၏ အခြားမဲ့ဖြစ်သော ဇိဝှါ၏ဖြစ်ရာ ဒသမ သတ္တာဟ၏ အစရက်ဖြစ်သော ခြောက်ဆဲ့လေးရက်မြောက်သော နေ့-ဟု ဆိုအပ်သော။ ယတ္ထကေ ကာလေ၊ အကြင်မျှလောက်သော ကာလ၌။ ဣတိ အတ္ထော၊ ဤသို့သော အနက်ကို။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ဋီကာ-နယေန ပန၊ မူလဋီကာနည်းအားဖြင့်ကား။ ယာဝါတိ၊ ကား။ ကောဒသမ-သတ္တာဟ ဒွိဒသမသတ္တာဟ တေရသမသတ္တာဟ တဒနန္တရ ဒွိနဝုတိမာဟ-သခါတေ၊ စက္ခု၏ဖြစ်ရာ ကောဒသမသတ္တာဟ, သောတ၏ဖြစ်ရာ ဒွိဒသမ-သတ္တာဟ, ဃာန၏ဖြစ်ရာ တေရသမသတ္တာဟ, ထိုဃာန၏ဖြစ်ရာ တဆဲ့သုံးခု မြောက်သော သတ္တာဟ၏ အခြားမဲ့ဖြစ်သော ဇိဝှါ၏ဖြစ်ရာ တဆဲ့လေးခု မြောက်သော သတ္တာဟ၏ အစရက်ဖြစ်သော ကိုးဆဲ့နှစ်ရက်မြောက်သော နေ့-ဟု ဆိုအပ်သော။ ယတ္ထကေ ကာလေ၌။ ဣတိ အတ္ထော၊ ကို။ ဝေဒိ-တဗ္ဗော၊ ၏။ စက္ခာဒိဒသကာနန္တိ၊ ကား။ စက္ခုဒသကာဒီနံ၊ စက္ခုဒသက ကလာပ် အစရှိကုန်သော။ စတုန္နံ၊ လေးပါးကုန်သော။ ဒသကာနံ၊ ဒသက ကလာပ်တို့၏။ ဝတ္တန္တရေတိ၊ ဝတ္တန္တရေ-ဟူသည်ကား။ ပဋိသန္ဓိဥပ္ပါဒက္ခဏ၊ ပဋိသန္ဓေ၏ ဥပ္ပါဒက္ခဏကို။ အာဒိံကတွာ၊ အစပြု၍။ ဂဏိယမာနေ၊ ရေတွက်အပ်သည်ရှိသော်။ စတုသဋ္ဌိအဟသခါတေ၊ အဋ္ဌကထာနည်းအားဖြင့် ခြောက်ဆဲ့လေးရက်ဟု ဆိုအပ်သော။ ဝါ၊ တနည်းကား။ ဒွိနဝုတိအဟ-သခါတေ၊ မူလဋီကာနည်းအားဖြင့် ကိုးဆဲ့နှစ်ရက်ဟုဆိုအပ်သော။ တေသို့

ကာလေ၊ ထိုကာလ၌။ ရူပုပ္ပါဒေ၊ ရုပ်တို့၏ဥပါဒ်သည်။ ဥပစယော၊ ဥပစယ မည်၏။ ။(ဋီကာမှာလှမ်း၍စပ်)။

## ဋီကာကျော်ဝါဒစိစစ်ချက်

"အဋ္ဌကထာယမ္ပိ ဟိ အယမတ္ထော ဒဿိတောယေဝ" ဟူသော စကားကို ပြဆိုသော **ဋီကာကျော်**ဆရာ၏ အလိုအာဘော်ကို ပြဦးအံ့....

အရှင်ဋီကာဆရာ၊ စက္ခု သောတ ဃာန ဇိဝှါဒသကကလာပ်လေးပါးတို့၏ လေးခုသော သတ္တာဟ၌ အစဉ်အတိုင်းဖြစ်ခြင်းဟူသော အနက်သဘောကို ပြတော်မူ၏၊ ဤအနက်သဘောကို ဤ**အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**၌သာ ဆရာသာပြဆို၍ အဋ္ဌကထာ၌ အဋ္ဌကထာဆရာ မပြမဆိုခဲ့သော် ဆရာ့စကားကို ငါတို့မယုံကြည်နိုင်ပါ ဟူဘွယ်ရှိ၍ မိမိစကားကို အဋ္ဌကထာဖြင့် ခိုင်ခံ့မြဲမြံစေလိုသောကြောင့် "အဋ္ဌကထာယမ္ပိ ဟိ" အစရှိသော စကားကို ဋီကာကျော်ဆရာ ဆိုပြန်ရသည်။ စက္ခုဒသကအစရှိသော ကလာပ်လေးစည်းတို့၏ အစဉ်အားဖြင့် သတ္တာဟတခုစီဖြစ်ခြင်းဟူသော ဤအနက်သဘောကို ဤဋီကာ၌သာ ငါသာ ပြဆိုသည်မဟုတ်၊ အဋ္ဌကထာ၌လည်း အဋ္ဌကထာဆရာလည်း ပြဆိုပါ၏၊ ထို့ကြောင့် ငါပြဆိုအပ်သော ဤအနက်သဘောကို ယုံကြည်အပ်ပါ၏ ဟူလေ။

အယမတ္ထော၊ စက္ခုဒသကဖြစ်ပြီးနောက် ခုနစ်ရက်လွန်သဖြင့် သောတဒသက၊ ထို့နောင် ခုနစ်ရက်လွန်သဖြင့် ဃာနဒသက၊ ထို့နောင် ခုနစ်ရက်လွန်သဖြင့် ဇိဝှါဒသကအစဉ်အတိုင်းဖြစ်၏ဟု ငါပြဆိုအပ်သော ဤအနက်သဘောကို။ အဋ္ဌကထာယမ္ပိ၊ အဋ္ဌကထာ၌လည်း။ အဋ္ဌကထာစရိယေနာပိ၊ အဋ္ဌကထာဆရာသည်လည်း။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ဒဿိတောယေဝ၊ ပြတော်မူအပ်သည်သာလျှင်။ ဟောတိ၊ ၏။ တသ္မာ၊ ထို့ကြောင့်။ အယမတ္ထော၊ ကို။ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။

ဤအရာ၌ ဋီကာကျော်ဆရာသည် "အဋ္ဌကထာယမ္ပိ ဟိ အယမတ္ထော ဒဿိတောယေဝ" ဟု သာမညအားဖြင့်သာ ဆိုတော်မူသည်။

> တထာ စ ဝုတ္တံ ယမကအဋ္ဌကထာယံ "အဃာနကော ဩပပါတိကော နဋ္ဌိ။ ယဒိ ဘဝေယျ၊ 'အဋ္ဌာယတနာနီ'တိ ဝဒေယျာ"တိ —

စသည်မှာကဲ့သို့ မည်သည့်အဋ္ဌကထာ၌ ပြဆိုသည်ဟု ဝိသေသအားဖြင့် ဆိုတော်မမူ၊ ယင်း၏အဘွင့်ဖြစ်သော မဏိသာရမဉ္ဇူသာ၌လည်း—

နှ မယာယေဝ ဣဓေဝ အယမတ္ထော ဒဿိတော၊ အထ ခေါ အဋ္ဌကထာစရိယေနာပိ အဋ္ဌကထာယမ္ပိ ဟိ ယသ္မာ ဒဿိတောဝ၊ တသ္မာ အယမတ္ထော ပစ္စေတဗ္ဗောတိ ယောဇနာ—

ဟူ၍ အဋ္ဌကထာအရကို သာမညအားဖြင့်ပင် ပြဆိုတော်မူသည်၊ မည်သည့် အဋ္ဌကထာဟု နေရာကျပြဆိုတော်မမူ။

မယာယေဝ၊ ငါဋီကာဆရာသည်သာလျှင်။ ဣဓေဝ၊ ဤအဘိဓမ္မတ္ထ-ဝိဘာဝနီဋီကာ၌သာလျှင်။ အယမတ္ထော၊ ဤစက္ခုဒသက အစရှိသော ကလာပ်လေးစည်းတို့ သတ္တာဟတခုစီ အစဉ်အားဖြင့် ဖြစ်၏ဟူသော အနက်သဘောကို။ ဒဿိတော၊ ပြအပ်သည်။ နှ၊ မဟုတ်။ အထ ခေါ၊ စင်စစ်သော်ကား။ အဋ္ဌကထာစရိယေနာပိ၊ အဋ္ဌကထာဆရာသည်လည်း။ အဋ္ဌကထာယမ္ပိ၊ အဋ္ဌကထာ၌လည်း။ အယမတ္ထော၊ ကို။ ဒဿိတောဝ၊ ပြဆိုတော်မူအပ်သည်သာလျှင်။ ဟိ ယသ္မာ၊ ကြောင့်။ ဟောတိ၊ ၏။ တသ္မာ၊ ကြောင့်။ အယမတ္ထော၊ ကို။ ပစ္စေတဗ္ဗော၊ ယုံကြည်အပ်၏။ ဣတိ အယံ၊ ဤသည်ကား။ ယောဇနာ၊ ယောဇနာခြင်းတည်း။

လက်သန်းအဋ္ဌကထာတို့နှင့် တကွ သုတ္တန် အဘိဓမ္မာ အဋ္ဌကထာကြီး တို့၌ စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသကကလာပ်လေး စည်း, စက္ခာယတနအစရှိသော အာယတနလေးပါး စက္ခုဓာတ်စသည် စက္ခုန္ဒြေစသည် စက္ခုပသာဒစသည်လေးပါးတို့၏ ဂဗ္ဘသေယျကပုဂ္ဂိုလ် တို့အား အစဉ်အားဖြင့် သတ္တာဟတခုစီ စဉ်၍ ဖြစ်ကြောင်းကို နီတတ္ထ တိုက်ရိုက်ပြဆိုသော စကားသည် အလျှင်းပင်မရှိမလာ၊ ထိုသို့မလာသော ကြောင့်ပင် ဋီကာကျော်ဆရာလည်း တိုက်ရိုက်လာရှိသော အဋ္ဌကထာ စကားကို မပြမဆိုနိုင်သည်ဖြစ်၍ တစုံတခုသော အဋ္ဌကထာစကားကို အမှီ ပြု၍ ထိုစကားဖြင့် စက္ခာယတနစသော လေးပါးတို့၏ အစဉ်အားဖြင့် ဖြစ်ကြောင်းကို အဋ္ဌကထာဆရာ ပြသည်ဖြစ်ရာ၏ဟု အနုမာနအားဖြင့်သာ ဆ၍ ယူရချေရကား "အယမတ္ထော ဒဿိတောဝ" ဟု သာမညအားဖြင့် သာ ဆိုတော်မူသည်။

ဋီကာကျော်ဆရာသည်—

အတီတဘဝသ္မိံ ဟိ သရသေန ဥပက္ကမေန ဝါ သမာသန္နမရ-
ဏဿ အသယှာနံ သဗ္ဗင်္ဂပစ္စင်္ဂသန္ဓိဗန္ဓနစ္ဆေဒကာနံ မရဏန္တိက-
ဝေဒနာပတ္တာနံ သန္နိပါတံ အသဟန္တဿ အာတပေ ပက္ခိတ္တဟရိတ-
တာလပဏ္ဏမိဝ ကမေန ဥပသုဿမာနေ သရီရေ နိရုဒ္ဓေသု စက္ခာ-
ဒီသု ဣန္ဒြိယေသု ဟဒယဝတ္ထုမတ္တေ ပတိဋ္ဌိတေသု ကာယိန္ဒြိယ-
မနိန္ဒြိယဇီဝိတိန္ဒြိယေသု တင်္ခဏဝသေသဟဒယဝတ္ထုသန္နိဿိတံ
ဝိညာဏံ ဂရုကမာသေဝိတာသန္နပုဗ္ဗကတာနံ အညတရံ လဒ္ဓါ-
ဝသေသပစ္စယံ သင်္ခါရသင်္ခါတံ ကမ္မံ တဒုပဋ္ဌာပိတံ ဝါ ကမ္မနိမိတ္တ-
ဂတိနိမိတ္တသင်္ခါတံ ဝိသယမာရဗ္ဘ ပဝတ္တတိ—

ဟူသော **သမ္မောဟဝိနောဒနီ** ပဋိစ္စသမုပ္ပါဒ်ဝိဘင်းအဋ္ဌကထာ( ၁၅၄ ),**ဝိသုဒ္ဓိ-
မဂ်အဋ္ဌကထာ**တို့၌ "နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု"ဟူသော စကားကို
ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ စက္ခာယတန အစရှိသော
အာယတနလေးပါးတို့ အစဉ်အတိုင်းဖြစ်ကုန်သကဲ့သို့ စုတိအခါ၌လည်း
သေခါနီးကာလ မသေခင်ကပင် ၎င်းအာယတနတို့ အစဉ်အတိုင်း ချုပ်
ပျက်နှင့် ကုန်၏ ဟူသော အလိုတော်ဖြင့် အဋ္ဌကထာဆရာ ဆိုတော်မူ
သည်ဟု အယူရှိသောကြောင့် ဤအဋ္ဌကထာတို့ကို အမှီပြု၍ရင်း—

ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနုပုဗ္ဗပဝတ္တိဒီပနတော၊
ဩပပါတိကဝသေန ပစ္ဆိမံ သဟပ္ပဝတ္တိဒီပနတော—

ဟူသော ၎င်းအဋ္ဌကထာ (၁၈၁) တို့၌ ဂဗ္ဘသေယျကတို့အား စက္ခု,သောတ,
ဃာန,ဇိဝှါ လေးပါးတို့ အစဉ်အတိုင်း ဖြစ်ကုန်ရကား "အဝိဇ္ဇာပစ္စယာ
သင်္ခါရာ။ပ။ ဖဿပစ္စယာ ဝေဒနာ"ဟူသော ဤပဋိစ္စသမုပ္ပါဒ် ပုရိမဘာဝ
စက်၌လည်း အာယတနတို့၏ အစဉ်အတိုင်း ဖြစ်ခြင်းကို ပြတော်မူသော
ကြောင့် ပဋိစ္စသမုပ္ပါဒ်ပုရိမဘဝစက်ကို ဂဗ္ဘသေယျက၏ အစွမ်းဖြင့် ဟော
တော်မူ၏ဟူသော အလိုတော်ဖြင့် "ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနု-
ပုဗ္ဗပဝတ္တိဒီပနတော"ကို အဋ္ဌကထာဆရာ ဆိုတော်မူသည်ဟု အယူရှိသော
ကြောင့် ဤအဋ္ဌကထာကို အမှီပြု၍ရင်း "စက္ခုဒသကပါတုဘာဝတော
သတ္တာဟာတိက္ကမေန သောတဒသကံ၊ တတော သတ္တာဟာတိက္ကမေန

ဃာနဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဇီဝှါဒသကံ”ဟူသော စကား ကိုဋီကာကျော်ဆရာ ဆိုတော်မူသည် ဖြစ်ရာ၏။

ဂဗ္ဘသေယျကတို့အား စက္ခု,သောတ,ဃာန,ဇိဝှါ-ဟူသော အာယတန လေးပါးတို့သည် စုတေခါနီး၌ အစဉ်အတိုင်း ချုပ်ပျက်ကုန်၏၊ ပဋိသန္ဓေ အခါ အစဉ်အတိုင်း ဖြစ်ကုန်၏ဟူသော အနက်သဘောကို “နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု”ဟူသော စကား “ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနုပုဗ္ဗပဝတ္တိဒီပနတော” ဟူသော စကားတို့ဖြင့် အဋ္ဌကထာဆရာပြတော် မူ၏ဟု အယူရှိသောကြောင့် ဤစကားနှစ်ရပ်ကို အမှီပြု၍ “အဋ္ဌကထာ- ယမ္ပိ ဟိ အယမတ္ထော ဒဿိတောယေဝ”ဟူသော စကားကို ဆိုတော်မူသည် ဖြစ်ရာ၏။

ဟိ သစ္စံ၊ မှန်၏။ အတီတဘဝသ္မိံ၊ လွန်ခဲ့ပြီးသော အနန္တရဘဝ၌။ သရသေန ဝါ၊ မိမိသဘောအားဖြင့်သော်၎င်း။ ဥပက္ကမေန ဝါ၊ တစုံတခု သောအားထုတ်ခြင်းပယောဂဖြင့်သော်၎င်း။ သမာသန္နမရဏာဿ၊ အလွန် နီးသော သေခြင်းရှိသော၊ သေလုခါနီးလှသော။ အသယှာနံ၊ သည်းမခံနိုင် ကုန်သော။ သဗ္ဗင်္ဂပစ္စင်္ဂသန္ဓိဗန္ဓနစ္ဆေဒကာနံ၊ အလုံးစုံသော လက်ခြေစသော အင်္ဂါကြီးငယ်တို့၏ အဆွဲအစပ်ကို ဖြတ်တတ်ကုန်သော။ မရဏန္တိကဝေဒနာ- ပတ္တာနံ၊ သေရခြင်းလျှင် အဆုံးရှိသည်တိုင်အောင်သော ဒုက္ခဝေဒနာသို့ ရောက်စေနိုင်ကုန်သော သေ့,လေအစရှိသော ရောဂါတို့၏။ သန္နိပါတံ၊ စုဝေးကျရောက်ခြင်းကို၊ သန္နိပါတ်ကို။ အသယှန္တဿ၊ သည်းမခံနိုင်သော ပုဂ္ဂိုလ်အား။ အာတပေ၊ ပြင်းစွာပူသော နေပူ၌။ ပက္ခိတ္တဟရိတတာလ- ပဏ္ဏံ၊ ပစ်ချအပ်သော စိမ်းစိုသော ထမ်းရွက်သည်။ ကမေန၊ အစဉ်အတိုင်း တရွေ့ရွေ့။ ဥပသုဿတိ ဣဝ၊ ခြောက်သွေ့သကဲ့သို့။ ကမေန၊ အစဉ်သဖြင့်။ သရီရေ၊ ကိုယ်သည်။ ဥပသုဿမာနေ၊ အသွေးအသားကုန်ခန်း၍ အရိုး အရေမျှ ကြွင်းသဖြင့် ပိန်ချုံးခြောက်သွေ့သည်ရှိသော်။ စက္ခာဒီသု၊ စက္ခု အစရှိကုန်သော။ ဣန္ဒြိယေသု၊ ဣန္ဒြေတို့သည်။ နိရုဒ္ဓေသု၊ ချုပ်ကုန်သည် ရှိသော်။ ဟဒယဝတ္ထုမတ္တေ စ၊ ဟဒယဝတ္ထုမျှသည်၎င်း။ ကာယိန္ဒြိယ- မနိန္ဒြိယဇီဝိတိန္ဒြိယေသု စ၊ ကာယိန္ဒြေ မနိန္ဒြေ ဇီဝိတိန္ဒြေတို့သည်၎င်း။ ပတိဋ္ဌိတေသု၊ တည်ကုန်သည်ရှိသော်။ တခ်ဏာဝသေသဟဒယဝတ္ထုသန္နိဿိ- တံ၊ ထိုစုတိစိတ်၏ ခဏဟူသော စိတ္တက္ခဏတချက် ခဏငယ်သုံးချက်ခန့်

အသက်ကြွင်းရှိသော စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်နှင့် အတူဥပါဒ်သော ဟဒယဝတ္ထုကိုမှီသော။ ဝါ၊ ဝတ္ထုလျှင်မှီရာရှိသော။ ဝိညာဏံ၊ပစ္စုပ္ပန်ဘဝ၏ အဆုံးစိတ်ဟူသော စုတိဝိညာဉ်သည်။ ဂရုကမာသေဝိတာသန္နပုဗ္ဗကတာနံ၊ အတီတာနန္တရဘဝ၌တည်ခိုက် ထိုဘဝပစ္စုပ္ပန်ဖြစ်ခိုက် ပြုအပ်သောဂရုကံ အာစိဏ္ဏကံ အာသန္နကံ အတီတာနန္တရဘဝမှ ရှေးဖြစ်သောဘဝတို့၌ ပြုအပ်သော ကဋတ္တာကံတို့တွင်။ အညတရံ၊ တပါးပါးသော။ လဒ္ဓါဝသေသပစ္စယံ၊ ရအပ်သော ကြွင်းသောအကြောင်းရှိသော။ သင်္ခါရသင်္ခါတံ၊ ပဋိစ္စသမုပ္ပါဒ်ဒေသနာ၌ သင်္ခါရ-ဟု ဟောတော်မူအပ်သော။ ကမ္မံ၊ ဤဘဝပဋိသန္ဓေ၏ အကြောင်းဖြစ်သော ကံ-ဟူသော။ ဝိသယံ ဝါ၊ အာရုံကိုသော်ငင်း။ တဒုပဋ္ဌာပိတံ၊ ထိုကံသည်ထင်စေအပ်သော။ ကမ္မနိမိတ္တဂတိနိမိတ္တသင်္ခါတံ၊ ကမ္မနိမိတ်, ဂတိနိမိတ်ဟု ဆိုအပ်သော။ ဝိသယံ ဝါ၊ တပါးပါးသော အာရုံကိုသော်ငင်း။ အာရဗ္ဘ၊ အာရုံပြု၍။ ပဝတ္တတိ၊ ဖြစ်၏။

ဝါ၊ တနည်းကား။ အနုပုဗ္ဗပဝတ္တိဒီပနတော၊ အဇ္ဈတ္တိကာယတနရုပ်ငါးပါးတို့တွင် ဝိညာဏပစ္စယာ နာမရူပံဖြင့် ကာယာယတနဖြစ်ခြင်း, နာမရူပပစ္စယာ သဠာယတနံဖြင့် စက္ခု သောတ ဃာန ဇိဝှါဟူသော အာယတနလေးပါးဖြစ်ခြင်းဟူသော ရုပ်အဇ္ဈတ္တိကာယတနတို့၏ အစဉ်အတိုင်းဖြစ်ခြင်းကိုပြသောကြောင့်။ ပုရိမံ၊ ရှေးဖြစ်သော အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ ဖဿပစ္စယာ ဝေဒနာဟူသော ဘဝစက်ကို။ ဂဗ္ဘသေယျကဝသေန၊ ဂဗ္ဘသေယျကပုဂ္ဂိုလ်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ပစ္ဆိမံ၊ နောက်ဖြစ်သော တဏှာပစ္စယာ ဥပါဒါနံ အစရှိသော ဘဝစက်ကို။ သဟုပ္ပတ္တိဒီပနတော၊ ဘဝပစ္စယာ ဇာတိဖြင့် အဇ္ဈတ္တိကာယတနရုပ်ငါးပါးတို့၏ အတူတကွဖြစ်ခြင်းကို ပြတော်မူသောကြောင့်။ သြပပါတိကဝသေန၊ ဥပပါတ်ပုဂ္ဂိုလ်၏ အစွမ်းဖြင့်။ ဝုတ္တံ၊ ၏။

**ကံလေးပါးမှတ်ဖွယ်**

အကျိုးပေးသော အစဉ်အားဖြင့် ကံတို့ကိုပြရာ—

ဂရုကမာသန္နမာစိဏ္ဏကဋတ္တာကမ္မဉ္စေတိ ပါကဒါနပရိယာယေန—

ဟု **အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ** (၃၃)၌ အာသန္နကံမရှိမှ အာစိဏ္ဏကံ အကျိုးပေးကြောင်းကို ပြဆိုတော်မူသည်။ "ဂရုကမာသေဝိတာသန္နပုဗ္ဗ-

ကတာနံ အညတရံ” ဟု ဆိုတော်မူသော ဤ**သမ္မောဟဝိနောဒနီအဋ္ဌကထာ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** ဆရာတို့အလိုအားဖြင့်သော် အာစိဏ္ဏကံဟူသော အာသေဝိတကံမရှိမှ အာသန္နကံအကျိုးပေးသည်ဟူလို၏။ “ကဋတ္တာကံ”ကို ဤ၌ “ပုဗ္ဗကတကံ”ဟု ဆိုသည်ကိုထောက်၍ ဂရုကစသော ရှေးကံသုံးပါးတို့ကား ပစ္စုပ္ပန်ဘဝ၌ ပြုအပ်သောကံ, ကဋတ္တာကံကား အတိတ်ဘဝတို့၌ ပြုအပ်သောကံဟု သိအပ်၏။ “သင်္ခါရသင်္ခါတံ ကမ္မံ” ၌ **သင်္ခါရသင်္ခါတံဖြင့်** ကံအရကို ဘဝပစ္စယာ ဇာတိ၌ အနာဂတ်အကျိုးဖြစ်သော ဇာတိ၏ အကြောင်းဖြစ်သော ဘဝဟု ခေါ်ဝေါ်ဟောကြားအပ်သော ကံကိုနှစ်စေ၍ သင်္ခါရပစ္စယာ ဝိညာဏံ၌ ပစ္စုပ္ပန်အကျိုးဖြစ်သော ဝိညာဉ်၏ အကြောင်းဖြစ်သော သင်္ခါရဟု ဟောတော်မူအပ်သော ကံကိုယူဟု ပြတော်မူသည်။

အဋ္ဌကထာဆရာ၏အလိုဟု မှတ်ယူ၍ ဋီကာကျော်ဆရာ ပြဆိုအပ်သော ဂဗ္ဘသေယျကတို့အား စက္ခုဒသကအစရှိသော ကလာပ်လေးစည်းတို့ အစဉ်အတိုင်းဖြစ်ခြင်းသဘောသည် “နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု”ဟူသော စကား, “ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနုပုဗ္ဗပဝတ္တိဒီပနတော”ဟူသော စကားကို ဆိုတော်မူသော အဋ္ဌကထာဆရာ၏ အလိုတော်မဟုတ်ရကား ဤအဋ္ဌကထာကို မှီသော်လည်း မှီရာမရောက်ချေ။

ဂဗ္ဘသေယျကတို့အား စက္ခုဒသကအစရှိသော ကလာပ်လေးစည်းတို့ အစဉ်အတိုင်းဖြစ်ကုန်၏ဟု ဋီကာကျော်ဆရာပြဆိုသော သဘောသည် အဋ္ဌကထာဆရာ၏ အလိုတော်မဟုတ်ဟုဆို၏။ မှီရာစကားနှစ်ရပ်တွင် ရှေ့စကား၌ “နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု” ဟူသော စကားကို ဆိုသော အဋ္ဌကထာဆရာ၏ အလိုတော်ကို **ဝိသုဒ္ဓိမဂ်မဟာဋီကာ**၌ ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေအခါ အာယတနတို့၏ အစဉ်အတိုင်းဖြစ်ခြင်းဖြစ်သကဲ့သို့ စုတေခါနီးကာလ၌လည်း ယင်းတို့အစဉ်အားဖြင့် ချုပ်သည်ကိုရည်၍ “နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု” ဟူသောစကားကို အဋ္ဌကထာဆရာ မိန့်ဆိုကြောင်းကို—

> နိရုဒ္ဓေသု စက္ခာဒီသူတိ ဣဒံ ဂဗ္ဘသေယျကာနံ အာယတနာနံ အနုပုဗ္ဗပဝတ္တိ ဝိယ နိရောဓောပိ အနုပုဗ္ဗတော ဟောတီတိ အဓိပ္ပါ-
> ယေန ဝုတ္တံ—

ဟုပြဆိုတော်မူသောကြောင့်ရင်း, **ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်၌**လည်း စက္ခု သောတ ဃာန ဇိဝှါဟူကုန်သော အာယတနတို့သည် စုတိစိတ်နှင့်သာလျှင် တကွ ပြိုင်၍ချုပ်ကုန်၏ဟူ၍ အာယတနယမိုက်၌ ဟောတော်မူသောကြောင့် "နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု" ဟူသောစကားသည် ဥပပါတ် သံသေဒဇ ဂဗ္ဘသေယျကသုံးပါးလုံးနှင့် ဆက်ဆံသောမှတ်ကြောင်းစကားမဟုတ်၊ ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေအခါ အာယတနတို့ အစဉ်အတိုင်းဖြစ်ကုန်သကဲ့သို့ စုတေခါနီးကာလ၌လည်း စုတိမကျမီ ရှေ့အဘို့ကပင် အစဉ်အတိုင်း ချုပ်ပျက်နိုင်သည်။ ယမိုက်ပါဠိတော်၌ စုတိစိတ်နှင့်ပြိုင်၍ ယင်းတို့ချုပ်ကြောင်းကို ဟောတော်မူလေသည်ကား ဥပပါတ်တို့၏ စုတိကိုသာရည်၍ ဟောတော်မူသည်ဟု မှတ်ရမည့်အကြောင်းကို—

နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသူတိ ဣဒံ န သဗ္ဗတ္ထလက္ခဏံ။ ယမကပါဠိယံ ဟိ စက္ခာဒယော စုတိစိတ္တေနေဝ သဟ နိရုဇ္ဈန္တီတိ ဝုတ္တံ။ တေံ ပန ယေသံ ဂဗ္ဘသေယျကာနံ အနုပုဗ္ဗေန အာယတနာနိ ဥပ္ပဇ္ဇန္တိ၊ စုတိကာလေပိ တေသံ အနုပုဗ္ဗေန ပဟာနံ ဟောတီတိ သန္ဓာယာစရိယေန ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ယမကေ ပန ဩပပါတိကာနံ စုတိံ သန္ဓာယ ဝုတ္တံ—

ဟူ၍ ပြဆိုတော်မူသောကြောင့်ရင်း ဋီကာကျော်ဆရာ ပြဆိုတော်မူသည့်အတိုင်း စက္ခုဒသကစသောလေးပါးတို့ ဂဗ္ဘသေယျကတို့အား အစဉ်အတိုင်း ဖြစ်ခြင်းသဘောသည် အဋ္ဌကထာဆရာ၏အလိုတော် ဟုတ်မှန်ပေသည်ပင် မဟုတ်ပါလော ဟူမူ အဋ္ဌကထာဆရာ၏ အလိုတော် မဟုတ်သည်သာ ဟူလေ။

အဘယ့်ကြောင့် အလိုတော်မဟုတ်သနည်းဟူမူ **ဝိသုဒ္ဓိမဂ်မဟာဋီကာ** ဆရာ **ဝိသုဒ္ဓိမဂ်ဂဏ္ဌိ**ဆရာတို့လည်း ဂဗ္ဘသေယျကတို့အား စက္ခာယတနစသည်လေးပါးတို့ အစဉ်အတိုင်း ဖြစ်ခြင်းသဘောကို အဋ္ဌကထာဆရာ၏ အလိုတော်ဟု ပြဆိုသည်မဟုတ်၊ ဥပပါတ်သံသေဒဇတို့မှာ ပဋိသန္ဓေခဏ၌ အဇ္ဈတ္တိကာယတန-ခြောက်ပါးလုံး တပြိုင်တည်း ဖြစ်သကဲ့သို့ ဂဗ္ဘသေယျကတို့အား တပြိုင်တည်း ဖြစ်သည်မဟုတ်။ ထိုခြောက်ပါးတို့တွင် ကလလကာလပဋိသန္ဓေခဏ၌ မနာယတန, ကာယာယတနနှစ်ပါးတို့ ဖြစ်ကုန်၏၊ စက္ခု, သောတ, ဃာန, ဇိဝှါ-ဟူသော အာယတနလေးပါးတို့မူ ကောဒသမ

သတ္တာဟဲ၌ ဖြစ်ကုန်၏။ ဤသို့ အာယတနတို့ အစဉ်အားဖြင့် ဖြစ်၏ဟူသော အလိုကိုသာ အဋ္ဌကထာဆရာ၏ အလိုဟု ပြတော်မူကြသောကြောင့် စက္ခု စသော လေးပါးသောအာယတနတို့ အစဉ်အတိုင်း ဖြစ်၏ဟူသော အလိုကို အဋ္ဌကထာဆရာ၏ အလိုမဟုတ်ဟူပါသည် ဟူလေ။

ဂဗ္ဘသေယျကာနံ၊ တို့အား။ အာယတနာနံ၊ အဇ္ဈတ္တိကာယတနတို့၏။ အနုပုဗ္ဗပဝတ္တိ၊ ကလလကာလပဋိသန္ဓေခဏ၌ မနာယတန ကာယာယတန နှစ်ပါးတို့ ဖြစ်ခြင်း, ကောဒသမသတ္တာဟ၌ စက္ခု သောတ ဃာန ဇိဝှါ ဟူသော အာယတနလေးပါးတို့ ဖြစ်ခြင်းတို့ဖြင့် အာယတနတို့၏ အစဉ်အားဖြင့်ဖြစ်ခြင်းသည်။ ဟောတိ ဝိယ၊ဖြစ်သကဲ့သို့။ နိရောဓေပိ၊ ချုပ်ခြင်းသည်လည်း။ အနုပုဗ္ဗတော၊ မစုတေ့မီ စုတိကာလအနီး၌ စက္ခု သောတ ဃာန ဇိဝှါတို့ ချုပ်နှင့်ခြင်း, စုတိ၏ ဘင်ခဏ၌ မနာယတန ကာယာယတနနှစ်ပါး၏ ချုပ်ခြင်းဟူသော အစဉ်အားဖြင့်။ ဟောတိ၊ ၏။ ဣတိ ဣမိနာ အဓိပ္ပါယေန၊ ဤသို့သော အလိုတော်ဖြင့်။ သင်္ဂဟကာရေန၊ အဋ္ဌကထာဆရာသည်။ နိရုဒ္ဓေသု စက္ခာဒီသူတိ ဣဒံ၊ ဟူသောစကားကို။ ဝုတ္တံ၊ ဆိုတော်မူအပ်၏။ ဤသို့ မြန်မာပြန်။

ဋီကာကျော်ဆရာ, ဓောဒကဆရာတို့၏ အလိုသော်—"ဂဗ္ဘသေယျကာနံ၊ တို့အား။ အာယတနာနံ၊ စက္ခု သောတ ဃာန ဇိဝှါ-ဟူသော အာယတနတို့၏။ အနုပုဗ္ဗပဝတ္တိ၊ သတ္တမသတ္တာဟ အဋ္ဌမ နဝမ ဒသမ သတ္တာဟတို့၌ အစဉ်အားဖြင့် ဖြစ်ခြင်းသည်။ ဟောတိ ဝိယ၊ သို့။ နိရောဓေပိ၊ စက္ခာယတန-စသော လေးပါးတို့၏ စုတေ့ခါနီးကာလ၌ ချုပ်ခြင်းသည်လည်း။ အနုပုဗ္ဗတော၊ ရှေးဦးစွာ စက္ခုချုပ်ခြင်း, ထို့နောက် သောတ, ထို့နောက် ဃာန, ထို့နောက် ဇိဝှါချုပ်ခြင်းဟူသော အစဉ်အားဖြင့်" ဤသို့ စသည်ပေးလို၏။ ဂဏ္ဌိပါဌ်ကိုလည်း—

နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသူတိ ဣဒံ၊ ဟူသော ဤစကားသည်။ သဗ္ဗတ္ထ၊ ဥပပါတ် သံသေဒဇ ဂဗ္ဘသေယျက အလုံးစုံ၌။ လက္ခဏံ၊ ဆက်ဆံသော မှတ်ကြောင်းစကားသည်။ န၊ မဟုတ်။ ဟိ ယသ္မာ၊ အကြင်ကြောင့်။ ယမကပါဠိယာ၊ အာယတနယမိုက်ပါဠိတော်၌။ စက္ခာဒယော၊ စက္ခု အစ ရှိကုန်သော ရုပ်အဇ္ဈတ္တိကာယတန ငါးပါးတို့သည်။ စုတိစိတ္တေနေဝ၊ စုတိ စိတ်ဟူသော မနာယတနနှင့်သာလျှင်။ သဟ၊ တကွ။ တပြိုင်နက်တည်း။

နိရုဇ္ဈန္တိ၊ ချုပ်ကုန်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့်။ သဗ္ဗတ္ထ၊ ၌။ လက္ခဏံ၊ သည်။ န၊ မဟုတ်။ တေ ပန၊ ဤနိရုဒ္ဓေသု စသော စကားကိုကား။ ဂဗ္ဘသေယျကာနံ၊ ဂဗ္ဘသေယျကဖြစ်ကုန်သော။ ယေသံ ပုဂ္ဂလာနံ၊ တို့အား။ အာယတနာနိ၊ အဇ္ဈတ္တိကာယတနတို့သည်။ အနုပုဗ္ဗေန၊ ပဋိသန္ဓေခဏ၌ မနာယတန ကာယာယတန, ဧကာဒသမသတ္တာဟ၌ စက္ခု သောတ ဃာန ဇိဝှါ-ဟူသော အစဉ်အားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ စုတိကာလေပိ၊ စုတေ့သောကာလ၌လည်း။ တေသံ၊ ထိုအဇ္ဈတ္တိကာယတနတို့ကို။ အနုပုဗ္ဗေန၊ မစုတေ့မီ စုတေ့နီးကာလ၌ စက္ခု သောတ ဃာန ဇိဝှါလေးပါး, စုတိကာလ၌ မနာယာတန ကာယာယတန နှစ်ပါးတို့ ချုပ်ပျက်သော အစဉ်အားဖြင့်။ ပဟာနံ၊ ပယ်စွန့်ရခြင်းသည်။ ဟောတိ၊ ၏။ ဣတိ ဣမံ အတ္ထံ၊ ဤသို့သော အနက်ကို။ သန္ဓာယ၊ ရည်၍။ အာစရိယေန၊ အဋ္ဌကထာဆရာသည်။ ဝုတ္တံ၊ ၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ယမကေ ပန၊ ယမိုက်ကျမ်း၌ကား။ ဩပပါတိကာနံ၊ ဥပပါတ်တို့၏။ စုတိံ၊ စုတိကို။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ စုတိစိတ်နှင့်သာလျှင် တကွ ပြိုင်လျက် ချုပ်ကြောင်းကို ဟောတော်မူအပ်၏။ ဤသို့ မြန်မာပြန်။

ဤ၌လည်း ဋီကာကျော်ဆရာ, စောဒကဆရာတို့၏ အလိုအားဖြင့်—"ဂဗ္ဘသေယျကာနံ၊ ကုန်သော။ ယေသံ ပုဂ္ဂလာနံ၊ တို့အား။ အာယတနာနိ၊ စက္ခာယတန- အစရှိကုန်သော အာယတနလေးပါးတို့သည်။ အနုပုဗ္ဗေန၊ သတ္တ,အဋ္ဌမ,နဝမ, ဒသမသတ္တာဟ အစဉ်အားဖြင့်။ ဥပ္ပဇ္ဇန္တိ၊ ကုန်၏။ စုတိ-ကာလေပိ၊ ၌လည်း။ တေသံ၊ ထိုစက္ခာယတန-အစရှိကုန်သော အာယတန လေးပါးတို့ကို" စသည်ဖြင့် ဤသို့ မြန်မာပြန်လို၏။

"နိရုဒ္ဓေသု စက္ခာဒီသု"အစရှိသော စကားကိုဆိုသော အဋ္ဌကထာဆရာ၏ အလိုတော်အားဖြင့် ဂဗ္ဘသေယျကတို့အား နိယမအားဖြင့် ပဋိသန္ဓေအခါ၌ အဇ္ဈတ္တိကာယတနခြောက်ပါးတွင် ရှေးဦးစွာ ကာယာယတန မနာ-ယတနနှစ်ပါးတို့, ထို့နောင် ဧကာဒသမသတ္တာဟ၌ စက္ခာယတနအစရှိကုန်သော အာယတနလေးပါးတို့ဖြစ်သောအားဖြင့် အစဉ်အားဖြင့် အာယတနတို့ဖြစ်ကုန်သကဲ့သို့ စုတိကာလ၌လည်း အမြဲနိယမအားဖြင့် စုတိကျသည်မှ ရှေ့ အနီးကာလ၌ စက္ခု သောတ ဃာန ဇိဝှါဟူသော အာယတနလေးပါး, စုတိနှင့်ပြိုင်၍ စုတေ့ဆဲအခါ၌ ကာယာယတန မနာယတနနှစ်ပါးတို့

ချုပ်ပျက်သောအားဖြင့် အစဉ်အားဖြင့် အာယတန ချုပ်ပျက်ကြောင်းကို ပြဆိုသော **ဝိသုဒ္ဓိမဂ်မဟာဋီကာ**ဆရာ **ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်**ဆရာတို့၏ စကား သည် အဋ္ဌကထာဆရာ၏ အလိုတော်ကျမည်မထင်။

အဋ္ဌကထာဆရာမူကား ဂဗ္ဘသေယျကဟူသမျှ၏ စုတိဖြစ်ဟန် အခြင်း အရာကို ပြသည်မဟုတ်၊ အလုံးစုံသော လက်ခြေစသော အင်္ဂါကြီးငယ် တို့၏ အဘွဲ့အစပ်ကို ဖြတ်ကုန်သော သေဆုံးရသည်တိုင်အောင် လွန်စွာ ပင်ပန်းသော ဒုက္ခဝေဒနာသို့ ရောက်စေကုန်သော သည်းမခံနိုင်အောင် လွန်စွာနှိပ်စက်တတ်သော သေွးလေအစရှိသော ရောဂါတို့၏ ပေါင်းဆုံကျ ရောက် နှိပ်စက်ခြင်းကို သည်းမခံနိုင်သော သေလုသော သေခါနီးလှသော တရွေ့တရွေ့ အသွေးအသားကုန်ခန်း အရိုးအရေမျှကြွင်းသဖြင့် ပိန်ချုံး ခြောက်သွေ့သော ကိုယ်ရှိသောပုဂ္ဂိုလ်ကို ပြတော်မူသောကြောင့် စုတိ မကျမီကာလကပင် ပြဆိုအပ်ပြီးသော ရောဂါနှိပ်စက်ဘိစီးအားကြီးရာ မျက်စိကို နှိပ်စက်ဘိစီးအားကြီးလျှင် စက္ခုပျက်နှင့်သည်၊ နားကို နှိပ်စက် အားကြီးလျှင် သောတ, နှာခေါင်းကို နှိပ်စက်အားကြီးလျှင် ဃာန, လျှာကို နှိပ်စက်အားကြီးလျှင် ဇိဝှါပျက်နှင့်သည်။ ၎င်းလေးပါးတွင် အချို့ပုဂ္ဂိုလ် အား အမှတ်မဲ့တပါးပါး, အချို့ပုဂ္ဂိုလ်အားနှစ်ပါး, အချို့ပုဂ္ဂိုလ်အားသုံးပါး, အချို့ပုဂ္ဂိုလ်အား လေးပါးလုံးပင် ပျက်နှင့်၏။ အချို့ပုဂ္ဂိုလ်အား လေးပါး လုံးပင် ကာယာယတနကဲ့သို့ စုတိစိတ်နှင့်ပြိုင်၍ ချုပ်ပျက်၏ဟူ၍သာ ပြဆို တော်မူလိုသည်။ ၎င်းလေးပါးလုံး စုတိမကျမီကပင် အမြဲနိယမအားဖြင့် ပျက်နှင့်ရသည်ဟူ၍၎င်း စက္ခုသောတစသည်အစဉ်အားဖြင့် ပျက်ချုပ်သည် ဟူ၍၎င်း ဆိုတော်မမူဟူ၍သာ ထင်ပေသည်။

**အဘိဓမ္မာဂဏ္ဌိပုဒ်**ဆရာသည်လည်း ထိုဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ ဝိသုဒ္ဓိ- မဂ် ဂဏ္ဌိပုဒ်ဆရာတို့၏စကားကို အဋ္ဌကထာဆရာ၏ အလိုတော်နှင့် ညီမည် မထင်၍ မနှစ်သက်သောကြောင့်ပင်လျှင်——

နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသူတိ ဣဒံ န သဗ္ဗတ္ထ လက္ခဏံ။ ယမကပါဠိယာ ဟိ စက္ခာဒယော စုတိစိတ္တေနေဝ သဟ နိရုဇ္ဈန္တီတိ ဝုတ္တံ။ တေဥ္စ ယေသံ ဂဗ္ဘသေယျကာနံ အနုပုဗ္ဗေန အာယတနာနိ ဥပ္ပဇ္ဇန္တိ၊ စုတိကာလေပိ တေသံ အနုပုဗ္ဗေန ပဟာနံ ဟောတီတိ

သန္ဓာယာစရိယေန ဝုတ္တန္တိ ဝဒန္တိ, ယမကေ ပန ဩပပါတိကာနံ-
စုတိ သန္ဓာယ ဝုတ္တန္တိ—

ဟူ၍ ဝဒန္တိဟူသော ကြိယာဖြင့် ထိုကြိယာ၏ကံကို ထိုဆရာတို့၏ စကားကို ယူ၍ ပြဆိုတော်မူသည်။

နိရုဒ္ဓေသု။ပ။ သန္ဓာယာစရိယေန ဝုတ္တန္တိ စ၊ နိရုဒ္ဓေသု။ပ။ သန္ဓာယာ-စရိယေန ဝုတ္တံ ဟူ၍ငင်း။ ယမကေ ပန။ပ။ ဝုတ္တန္တိ စ၊ ယမကေ ပန။ပ။ ဝုတ္တံ ဟူ၍ငင်း။ အာစရိယာ၊ တို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏ ဟူပေး။ ·

ဤ၌ **ဝဒန္တိ**ဟူသောကြိယာ၏ ကတ္တားဖြစ်သော **အာစရိယာ**အရကို ဝိသုဒ္ဓိမဂ်မဟာဋီကာဆရာ ဝိသုဒ္ဓိမဂ်ဂဏ္ဌိပုဒ်ဆရာတို့ကိုပင်ယူလေ။ တနည်း လည်း....ယခင် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ သမ္မောဟဝိနောဒနီအဋ္ဌကထာတို့၌ "နိရုဒ္ဓေသု စက္ခာဒီသု ဣန္ဒြိယေသု" ဟူသော စကားကို စက္ခုစသော ဣန္ဒြေ လေးပါးတို့၏ စုတေခါနီးကာလ စုတိမကျမီရှေးမဆွက တင်ကူး၍ ချုပ်နှင့် ရသည်ဟုပြလို၍ ဆိုတော်မူသည်မဟုတ်၊ အစဉ်အတိုင်း အသွားအသွေး စသည် ကုန်ခန်းပိန်ချုံး၍ အရိုးအရေမျှ ကြွင်းကျန်အောင် အလွန်နှိပ်စက် ဘိစီးအားကြီးစွာလှသော ရောဂါဖြင့် သေဆုံးရသော ပုဂ္ဂိုလ်တို့အား စုတိ စိတ်မချုပ်မီ ရှေးမဆွကာလကပင် ထိုစက္ခုစသော ဣန္ဒြေလေးပါးတို့ ချုပ်ပျက်သည်ထင်ရလောက်အောင် အတိဒုဗ္ဗလ ဖြစ်သည်ကိုသာ ရည်၍ ဆိုတော်မူကြောင်းကို **သမ္မောဟဝိနောဒနီ** ပဋိစ္စသမုပ္ပါဒဝိဘင်းအဘွင့် **မူလ-ဋီကာ** (၁၁၀) ၌—

နိရုဒ္ဓေသု စက္ခာဒီသူတိ အတိမန္ဒဘာဝူပဂမနံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။ ပဥ္စဒွါရိကဝိညာဏာနန္တရမ္ပိ ဟိ ပုဗ္ဗေ စုတိ ဒဿိတာ။ ယမကေ စ "ယဿ စက္ခာယတနံ နိရုဇ္ဈတိ၊တဿ မနာယတနံ နိရုဇ္ဈတီတိ။ အာမန္တာ။ ယဿ ဝါ ပန မနာယတနံ နိရုဇ္ဈတိ၊ တဿ စက္ခာယတနံ နိရုဇ္ဈတီတိ။ အစက္ခုကာနံ စဝန္တာနံ တေသံ မနာယတနံ နိရုဇ္ဈတိ၊ နော စ တေသံ စက္ခာယတနံ နိရုဇ္ဈတိ။ သစက္ခုကာနံ စဝန္တာနံ တေသံ မနာယတနဉ္စ နိရုဇ္ဈတိ စက္ခာ-ယတနဉ္စ နိရုဇ္ဈတီ"တိအာဒိနာ စက္ခာယတနာဒီနံ စုတိစိတ္တေန သဟ နိရောဓော ဝုတ္တောတိ —

ဟူ၍ ပြတော်မူသည်။

**ဝိသုဒ္ဓိမဂ်မဟာဋီကာ** (ဒုတိယတွဲ-၃၁၁) ၌လည်း ဤမူလဋီကာကဲ့သို့ပင် ပြဆိုတော်မူ၏။

နိရုဒ္ဓေသု စက္ခာဒီသူတိ ဣဒံ၊ နိရုဒ္ဓေသု စက္ခာဒီသု-ဟူသော ဤစကားကို။ အတိမန္ဒဘာဝူပဂမနံ၊ စက္ခုစသော ဣန္ဒြေလေးပါးတို့၏ စုတိမကျမီ ရှေးမဆွကာလကပင် ပျက်ချုပ်နှင့်ပြီဟု မှတ်ထင်ရလောက်အောင် အလွန် နုံ့သည် အားနည်းသည်၏ အဖြစ်သို့ ရောက်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ဟိ သစ္စံ၊ ၏။ ပုဗ္ဗေ၊ ရှေး၌။ ဝါ၊ ရှေးဖြစ်သော "အပရဿ။ပ။ အဋ္ဌာဝသေသ-စေတိတ္တက္ခဏာယုကေ တသ္မိံ ယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ" ဟူ သော စကား၌။ ပဉ္စဒွါရိကဝိညာဏာနန္တရမ္ပိ၊ စက္ခုစသော ငါးပါးသော ဒွါရ၌ဖြစ်သော ဒုတိယတဒါရုံစိတ်၏ အခြားမဲ့၌လည်း။ စုတိ၊ စုတေ့ခြင်း ကို။ ဝါ၊ စုတိစိတ်ဖြစ်ခြင်းကို။ ယသ္မာ၊ အကြင်ကြောင့်။ ဒဿိတာ၊ အဋ္ဌကထာဆရာ ပြတော်မူအပ်ပြီ။ စ၊ ဆက်၍ဆိုလိုက်ဦးအံ့။ ယမကေ၊ အာယတနယမိုက်ကျမ်း၌။ ယဿ စက္ခာယတနံ နိရုဇ္ဈတိ။ပ။ မနာယတနဉ္စ နိရုဇ္ဈတိဘိအာဒိနာ၊ ယဿ။ပ။ နိရုဇ္ဈတိ-ဤသို့ အစရှိသည်ဖြင့်။ စက္ခာ-ယတနာဒီနံ၊ စက္ခာယတန-စသည်တို့၏။ ဝါ၊ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတနတို့၏။ စုတိစိတ္တေန၊ စုတိစိတ်နှင့်။ သဟ၊ တကွ။ နိရောဓော၊ ပြိုင်၍ ချုပ်ခြင်းကို။ ယသ္မာ၊ ကြောင့်။ ဝုတ္တော၊ ဟောတော်မူ အပ်၏။ ဣတိ တသ္မာ၊ ထိုသို့ ပဉ္စဒွါရိကဝိထိ၌ အကျုံးဝင်သော ဒုတိယ တဒါရုံနောင် စုတိစိတ်ဖြစ်ခြင်းကို အဋ္ဌကထာဆရာသည်ပင် ရှေး၌ ပြဆိုပြီး ဖြစ်သည်၏ အဖြစ်, အာယတနယမိုက် ပါဠိတော်ဝယ် နိရောဓဝါရစက္ခာ-ယတနမူ မနာယတနမူလီ,သောတာယတနမူ မနာယတနမူလီ အစရှိသည်၌ ပဋိလောမပုစ္ဆာ၏ ဝိသဇ္ဇနာ၌ သစက္ခုကာနံ စဝန္တာနံ တေသံ စက္ခာယတ-နဉ္စ နိရုဇ္ဈတိ မနာယတနဉ္စ နိရုဇ္ဈတိ အစရှိသည်ဖြင့် စက္ခု-စသော အာယ-တနလေးပါးတို့၏ မနာယတနနှင့် ပြိုင်၍ချုပ်ခြင်းကို ဟောတော်မူသည်၏ အဖြစ်ကြောင့်။ အတိမန္ဒဘာဝူပဂမနံယေဝ၊ ကိုသာလျှင်။ သန္ဓာယ၊ ၍။ ဝုတ္တံ၊ ၏။ ကေနွတ္ထိနိရုဒ္ဓံ၊ စင်စစ်ချုပ်ခြင်းကို။ သန္ဓာယ၊ ၍။ န ဝုတ္တံ၊ ဆိုတော် မမူအပ်။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ ၏။

ဤဋီကာ၌ "နိရုဒ္ဓေသု စက္ခာဒီသူတိ အတိမန္ဒဘာဝူပဂမနံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ"သာ ပဌာန၊ ဤ "စက္ခာဒီသု နိရုဒ္ဓေသု"ဟူသော စကားကို

စက္ခုစသော ဣန္ဒြေငါးပါးတို့၏ သေခါနီးကာလ မသေမီရှေးမဆွကပင် အလွန်နုံ့နှေးအားနည်းသည်၏အဖြစ်သို့ ရောက်သည်ကို ရည်၍သာ အဋ္ဌကထာဆရာ ဆိုတော်မူသည်။ ယင်းတို့၏ တကယ်အဟုတ် ချုပ်သည်၏ အဖြစ်ကိုရည်၍ ဆိုတော်မမူဟု သိအပ်သည်ဟူလို။

ထိုကို အဘယ်ကြောင့် သိပါသနည်း ဟူဘွယ်ရှိ၍ "ပဉ္စဒွါရိကဝိညာဏာနန္တရမ္ပိ ဟိ ပုဗ္ဗေ စုတိ ဒဿိတာ"ကို ဆိုပြန်ရသည်။ ပဉ္စဒွါရိကဝီထိ၌ အကျုံးဝင်သော ဒုတိယတဒါရုံ၏ အခြားမဲ့၌ပင် စုတိစိတ်ဖြစ်ကြောင်းကို—

> အပရဿ မရဏသမယေ ပဉ္စန္နံ ဒွါရာနံ အညတရသ္မိံ ဒွါရေ ရာဂါဒိဟေတုဘူတံ ဟီနာရမ္မဏံ အာပါတမာဂစ္ဆတိ၊ တဿ ယထာက္ကမေန ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ မရဏဿ အာသန္နဘာဝေန မန္ဒီဘူတဝေဂတ္တာ ပဉ္စ ဇဝနာနိ ဒွေ တဒါရမ္မဏာနိ စ ဥပ္ပဇ္ဇန္တိ၊ တတော ဘဝင်္ဂဝိသယမာရမ္မဏံ ကတွာ ဧကံ စုတိစိတ္တံ။ တ္တောာဝတာ ဒွေ ဘဝင်္ဂါနိ အာဝဇ္ဇနံ ဒဿနံ သမ္ပဋိစ္ဆနံ သန္တီရဏံ ဝေါဋ္ဌဗ္ဗနံ ပဉ္စ ဇဝနာနိ ဒွေ တဒါရမ္မဏာနိ ဧကံ စုတိစိတ္တန္တိ ပဉ္စဒသ စိတ္တက္ခဏာ အတီတာ ဟောန္တိ။ အထ အဝသေသကေစိတ္တက္ခဏာယုကေ တသ္မိံယေဝ အာရမ္မဏေ ပဋိသန္ဓိစိတ္တံ ဥပ္ပဇ္ဇတိ—

ဟူ၍ အောက်ဝယ် ဤ ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ (၁၅၀) ၌ပင် အဋ္ဌကထာဆရာသည်ပင် ပြဆိုပြီးဖြစ်သောကြောင့် သိပါသည် ဟူလို။

အပရဿ၊ တပါးသောပုဂ္ဂိုလ်အား။ မရဏသမယေ၊ သေခါနီးကာလ၌။ ပဉ္စန္နံ ဒွါရာနံ၊စက္ခုဒွါရစသော ငါးပါးသောဒွါရတို့တွင်။အညတရသ္မိံ ဒွါရေ၊ အမှတ်မဲ့ တပါးပါးသော ဒွါရ၌။ ရာဂါဒိဟေတုဘူတံ၊ ရာဂစသည်တို့၏ အကြောင်းဖြစ်၍ဖြစ်သော။ ဟီနာရမ္မဏံ၊ ယုတ်သောအာရုံသည်။ အာပါတံ၊ ရှေးရှုကျခြင်း, ရှေးရှုတော်ခြင်းသို့။ အာဂစ္ဆတိ၊ ရောက်၏။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ယထာက္ကမေန၊ ပဉ္စဒွါရာဝဇ္ဇန်းစသော အစဉ်အားဖြင့်။ ဥပ္ပန္နဝေါဋ္ဌဗ္ဗနာဝသာနေ၊ ဖြစ်သော ဝုဋ္ဌော၏ အဆုံး၌။ မရဏဿ၊ သေခြင်း၏။ အာသန္နဘာဝေန၊ နီးသည်၏ အဖြစ်ဖြင့်။ မန္ဒီဘူတဝေဂတ္တာ၊ နုံ့သည်ဖြစ်၍ဖြစ်သော အဟုန်ရှိသည်၏ အဖြစ်ကြောင့်။ ပဉ္စ ဇဝနာနိ စ၊ ငါးကြိမ်သော ဇောတို့သည်၎င်း။ ဒွေ တဒါရမ္မဏာနိ စ၊ နှစ်ကြိမ်သော တဒါရုံတို့

သည်ရင်း။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ တတော၊ ထိုဝီထိစိတ်တို့ဖြစ်ပြီးသည်မှ။ ပရံ၊ နောက်၌။ ဘဝင်္ဂဝိသယံ၊ ဘဝင်၏အာရုံကို။ အာရမ္မဏံကတွာ၊ အာရုံပြု၍။ ကော၊ တကြိမ်၊ စုတိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ တ္တောဝတာ၊ ဤမျှသောစိတ်အစဉ်ဖြင့်။ ဒွေ ဘဝင်္ဂါနိ၊ ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ-ဟူသော ဘဝင်နှစ်ကြိမ်တို့ရင်း။ အာဝဇ္ဇနံ၊ ပဉ္စဒွါရာဝဇ္ဇန်းရင်း။ ဒဿနံ၊ စက္ခုဝိညာဉ်ရင်း။ သမ္ပဋိစ္ဆနံ၊ ရင်း။ သန္တီရဏံ၊ ရင်း။ ဝေါဋ္ဌဗ္ဗနံ၊ ရင်း။ ပဉ္စဇဝနာနိ၊ ငါးကြိမ်သောဇောတို့ရင်း။ ဒွေ တဒါရမ္မဏာနိ၊ နှစ်ကြိမ်သော တဒါရုံတို့ရင်း။ ကော စုတိစိတ္တံ၊ စုတိစိတ်တခုရင်း။ ဣတိ၊ သို့။ ပန္နရသ စိတ္တက္ခဏာ၊ တဆဲ့ငါးချက်သော စိတ္တက္ခဏတို့သည်။ အတီတာ၊ လွန်ကုန်သည်။ ဟောန္တိ၊ ကုန်၏။ အထ၊ ထိုသို့စိတ္တက္ခဏတဆဲ့ငါးချက်လွန်ပြီးသည်မှနောက်၌။ အဝသေသကေစိတ္တက္ခဏာယုကော၊ စိတ္တက္ခဏတချက် အသက်ကြွင်းရှိသော။ တသ္မိံယေဝ အာရမ္မဏေ၊ ထိုအာရုံ၌ပင်လျှင်။ ပဋိသန္ဓိစိတ္တံ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။

စုတိ၏ရှေ့အခြားမဲ့ကာလ မရဏာသန္နဝီထိ၌ အကျုံးဝင်သော ပဉ္စဝိညာဉ်၏မှီရာ ထိုဝီထိစိတ်တို့၏ဖြစ်ကြောင်း ဒွါရဟုဆိုအပ်သော ပသာဒသည် ဘဝင်္ဂစလနမှ ရှေ့စိတ္တက္ခဏ သုံးချက်လွန်နှင့် ဥပါဒ်ပြိုင်သော ပသာဒဖြစ်မူ ဒုတိယတဒါရုံနှင့်, စိတ္တက္ခဏ နှစ်ချက်လွန်ခြင်းရှိသော ပသာဒဖြစ်မူ စုတိစိတ်နှင့်ပြိုင်၍ချုပ်ရကား ဤ "နိရုဒ္ဓေသု စက္ခာဒီသု" ဟူသောစကားကို စုတိမကျမီ ရှေးမဆွကာလကပင် စက္ခု သောတ ဃာန ဇိဝှါဟူသော ဣန္ဒြေလေးပါး တကယ်အဟုတ် ချုပ်နှင့်သည်ကိုရည်၍ ဆိုသည်ဟု ယူခဲ့သော် အဋ္ဌကထာဆရာ၏ စကားသည်ပင် ရှေ့နောက်မညီ အချင်းချင်းဆန့်ကျင်ရာသောကြောင့် စက္ခုစသော ဣန္ဒြေလေးပါးတို့ ချုပ်ပြီဟူ၍ပင် ထင်ရလောက်အောင် အလွန်နုံ့သည်၏အဖြစ်သို့ ရောက်သည်ကို ရည်၍သာ ဆိုတော်မူသည်ဟု သိသာသည်ဟူလို။

ဤ "နိရုဒ္ဓေသု စက္ခာဒီသု" စသောစကားကို စက္ခုဣန္ဒြေစသည်တို့၏ အလွန်နုံ့သည်၏အဖြစ်သို့ ရောက်သည်ကို ရည်၍သာ ဆိုသည်၏အဖြစ်ကို "အပရဿ မရဏာသမယေ" စသည်ဖြင့် ရှေးပြဆိုပြီးစကားကို ထောက်၍သာ သိအပ်သလောဟူဘွယ်ရှိ၍ "ယမကေ စ။ ပ။ နိရောဓော ဝုတ္တောတိ" ကို ပြဆိုပြန်ရသည်။ "စက္ခာယတနာဒီနံ စုတိစိတ္တေန သဟ နိရောဓော

ဝုတ္တောတိ” သာ ပဋ္ဌာန။ ယမိုက်ကျမ်း၌ စက္ခာယတနစသည်တို့၏ စုတိစိတ်နှင့် ပြိုင်၍ချုပ်ကြောင်းကို အဘယ်သို့သောနည်းဖြင့် ဟောအပ်ပါသနည်းဟူဘွယ်ရှိ၍ “ယဿ စက္ခာယတနံ နိရုဇ္ဈတိ။ ပ။ မနာယတနဥ္စ နိရုဇ္ဈိဿတီတိအာဒိနာ”ကို ဆိုပြန်ရသည်။

**အာယတနယမိုက်ကျမ်း**(၁၇၂) ဝယ် စက္ခာယတနမူ မနာယတနမူလီ နိရောဓဝါရ ပဋိလောမပုစ္ဆာ၏ နှစ်ဘက်ရ ဝိသဇ္ဇနာ၌—

> သစက္ခုကာနံ စဝန္တာနံ တေသံ စက္ခာယတနဉ္စ နိရုဇ္ဈတိ မနာယတနဉ္စ နိရုဇ္ဈတိ—

ဟူ၍၊ ထိုအတူ သောတာယတနမူ ဃာနာယတနမူ ဇိဝှါယတနမူ မနာယတနမူလီတို့၌—

> သသောတကာနံ စဝန္တာနံ တေသံ သောတာယတနဉ္စ နိရုဇ္ဈတိ မနာယတနဉ္စ နိရုဇ္ဈတိ။
>
> သဃာနကာနံ စဝန္တာနံ တေသံ ဃာနာယတနဉ္စ နိရုဇ္ဈတိ မနာယတနဉ္စ နိရုဇ္ဈတိ။
>
> သဇိဝှကာနံ စဝန္တာနံ တေသံ ဇိဝှါယတနဉ္စ နိရုဇ္ဈတိ မနာယတနဉ္စ နိရုဇ္ဈတိ—

ဟူ၍ စက္ခုစသော အာယတနလေးပါးတို့၏ စုတိစိတ်ဟူသော မနာယတနနှင့်ပြိုင်၍ချုပ်ကြောင်းကို ဟောတော်မူသောကြောင့်လည်း ထို“နိရုဒ္ဓေသု စက္ခာဒီသု”စသော စကားကို စက္ခုစသော ဣန္ဒြေလေးပါးတို့၏ စုတိမကျမီ အလွန်နီးသည်၏အဖြစ်သို့ ရောက်သည်ကို ရည်၍သာ ဆိုတော်မူသည်ဟု သိအပ်သည် ဟူလို။ ။**အာယတနယမိုက်ကျမ်း**၌ စက္ခာယတနစသော အာယတနလေးပါးတို့၏ မနာယတနဟူသော စုတိစိတ်နှင့် ပြိုင်၍ချုပ်ကြောင်းကို ဟောတော်မူသောကြောင့် ဤ“နိရုဒ္ဓေသု စက္ခာဒီသု”စသော စကားကို စက္ခုစသော ဣန္ဒြေလေးပါးတို့၏ စုတိမကျမီ ရှေးမဆွကာလကပင် တကယ်အဟုတ် ကေန် ချုပ်နှင့်သည်ကိုရည်၍ ဆိုသည်ဟု ယူခဲ့သော် အဋ္ဌကထာဆရာ၏စကားသည် ၎င်းယမိုက်ပါဠိတော်နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်ရာခဲ့သည်ဖြစ်၍ အလွန်နီးသည်၏အဖြစ်သို့ ရောက်သည်ကိုရည်၍သာ ဆိုတော်မူသည်၏အဖြစ်ကို စင်စစ် သိအပ်၏။

သစက္ခုကာနံ စဝန္တာနံ တေသံ စက္ခုဓာတု စ နိရုဇ္ဈတိ မနောဝိညာဏဓာတု စ နိရုဇ္ဈတိ။ သသောတကာနံ စဝန္တာနံ တေသံ သောတဓာတု စ နိရုဇ္ဈတိ မနောဝိညာဏဓာတု စ နိရုဇ္ဈတိ—

အစရှိသော **ဓာတုယမိုက်ပါဠိတော်** (၂၀၄)

သစက္ခုကာနံ စဝန္တာနံ တေသံ စက္ခုန္ဒြိယဉ္စ နိရုဇ္ဈတိ မနိန္ဒြိယဉ္စ နိရုဇ္ဈတိ။ ။သသောတကာနံ စဝန္တာနံ တေသံ သောတိန္ဒြိယဉ္စ နိရုဇ္ဈတိ မနိန္ဒြိယဉ္စ နိရုဇ္ဈတိ—

အစရှိသော ဣန္ဒြိယယမိုက်ပါဠိတော်တို့ကို ထောက်သဖြင့်လည်း ဤ "စက္ခာဒီသု ဣန္ဒြိယေသု" စသော စကားကို စက္ခုစသော ဣန္ဒြေလေးပါးတို့၏ ပြင်းပြစွာ ရောဂါစွဲရောက် အစဉ်အတိုင်း အသွေးအသားခန်းခြောက် အရိုးအရေမျှကြွင်းသော သေခါနီးလူသော ပုဂ္ဂိုလ်အား မသေမီ ရှေးမဆွ ကာလကပင် စက္ခုစသော ဣန္ဒြေတို့၏ အလွန်နုံ့သည် အားနည်းသည်၏ အဖြစ်သို့ ရောက်သည်ကို ရည်၍သာ ဆိုတော်မူသည်။တကယ်အဟုတ်အမှန် ကေန် ချုပ်ပျက်နိုင်သည်ကို ရည်၍ ဆိုတော်မမူဟူ၍သာ ကေန်မုချ သိအပ်၏။

ဤသို့ စက္ခုဒသက သောတဒသက အစရှိသော ကလာပ်လေးစည်း၏ အစဉ်အားဖြင့် ဖြစ်ခြင်းသဘောသည် "နိရုဒ္ဓေသု စက္ခာဒီသု" စသော စကားကို ဆိုတော်မူသော အဋ္ဌကထာဆရာ၏ အလိုတော်မဟုတ်သော ကြောင့် "စက္ခုဒသကပါတုဘာဝတော သတ္တာဟာတိက္ကမေန သောတဒသကံ"စသော စကားကို ထို"နိရုဒ္ဓေသု စက္ခာဒီသု"စသော စကားကို အမှီပြု၍ ဆိုခဲ့လျှင် ထိုဋီကာကျော်ဆရာ၏ စကားသည် မသင့်ရာ ဟူလို။

"နိရုဒ္ဓေသု စက္ခာဒီသု"အစရှိသော စကားကို အမှီပြု၍ဆိုခဲ့သော် ထို နိရုဒ္ဓေသု အစရှိသောစကားကို ဆိုတော်မူသော အဋ္ဌကထာဆရာ၏ အလိုတော်နှင့် မညီသောကြောင့် ယင်းကိုမှီ၍ မဆိုသင့်သော် ရှိတန်စေ၊ "ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနုပုဗ္ဗပဝတ္တိဒီပနတော"ဟူသော အဋ္ဌကထာကို အမှီပြု၍ ဆိုသော်သင့်ရာပါသေးသည် မဟုတ်လော ဟူပြန်မူ၊ "ဂဗ္ဘသေယျကဝသေန ဝါ" အစရှိသော စကားကို ဆိုတော်မူသော အဋ္ဌကထာဆရာ၏ အလိုအားဖြင့်လည်း ဂဗ္ဘသေယျကတို့အား စက္ခု, သောတ, ဃာန, ဇိဝှါ-

ဒသကကလာပ်လေးစည်းတို့ အစဉ်အားဖြင့် ဖြစ်ကုန်သည်ဟု ဆိုတော်မမူလို၊ ဥပပါတ် သံသေဒဇတို့အား ပဋိသန္ဓေဥပါဒ်ခဏ၌ပင် အဇ္ဈတ္တိကာယတနခြောက်ပါးတို့ တချိန်တခါတည်း ဖြစ်ကုန်သကဲ့သို့ ဂဗ္ဘသေယျကတို့အား တချိန်တခါတည်း ဖြစ်သည်မဟုတ်ကုန်။

> ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတနကာယာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ၊ သေသာနိ စတ္တာရိ သတ္တသတ္တတိရတ္တိမှိ—

ဟူသော **ကထာဝတ္ထု အဋ္ဌကထာ(၂၄၀)**နှင့် အညီ ဂဗ္ဘသေယျကတို့အား အဇ္ဈတ္တိကာယတန ခြောက်ပါးတွင် ပဋိသန္ဓေဥပါဒ်ခဏ၌ မနာယတန ကာယာယတနနှစ်ပါး, ခုနစ်ဆဲ့ခုနစ်ညဉ့် အရေအတွက်ရှိသော သတ္တာဟတဆဲ့ဘခုတွင် ကောဒသမသတ္တာဟ၏ အစရက်ဖြစ်သော ပဋိသန္ဓေ စွဲနေသောနေ့မှ ခုနစ်ဆဲ့တရက်မြောက်သောနေ့၌ စက္ခာယတန သောတာယတန ဃာနာယတန ဇိဝှါယတန-လေးပါးတို့ ဖြစ်ကုန်မူကား၊ ထို ဂဗ္ဘသေယျကတို့အား ကလလကာလ ပဋိသန္ဓေခဏ၌ မနာယတန, ကာယာယတန နှစ်ပါး, ကောဒသမသတ္တာဟ၏ အစနေ့ကာလ၌ စက္ခု သောတ ဃာန ဇိဝှါ အာယတနလေးပါးတို့ ဖြစ်သဖြင့် အဇ္ဈတ္တိကာယတနတို့ အစဉ်အားဖြင့် ဖြစ်ကုန်သကဲ့သို့ ဤပဋိစ္စသမုပ္ပါဒ် ပုရိမဘာဝစက်၌လည်း "ဝိညာဏပစ္စယာ နာမရူပံ"၌ ရူပအရသည် ကလလရုပ်ဖြစ်၍ ဝတ္ထု ကာယ ဘာဝဒသက ကလာပ်သုံးစည်းသာ ဖြစ်ရကား ယင်း၌ အဇ္ဈတ္တိကာယတန ခြောက်ပါးတွင် ကာယဒသကကလာပ်၌ အကျုံးဝင်သော ကာယပသာဒ-ဟူသော ကာယာယတနသာပါ၍ စက္ခာယတန အစရှိသော အာယတနလေးပါးတို့ မပါရကား ပြည့်စုံသော အာယတနမရှိသော ကလလရုပ်ကိုသာ ဟောတော်မူ၍ နောက်မှ "နာမရူပပစ္စယာ သဠာယတနံ"ဖြင့် သဠာယတနဖြစ်ခြင်းကို ဟောတော်မူသည်ဖြစ်၍ အဇ္ဈတ္တိကာယတနတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြသောကြောင့် ဤပုရိမဘာဝစက်ကို ဂဗ္ဘသေယျက၏အစွမ်းဖြင့် ဟောတော်မူသည်ဟု ဆိုသဖြင့် ဂဗ္ဘသေယျကတို့အား မနာယတန ကာယာယတန နှစ်ပါးတို့ ဖြစ်ရာကာလ အခြားတပါး, စက္ခု သော ဃာန ဇိဝှါ အာယတန လေးပါးတို့ ဖြစ်ရာကာလ အခြားတပါးအားဖြင့် အဇ္ဈတ္တိကာယတနတို့ နှစ်ခါ,နှစ်ဌာန ကာလနှစ်ပါး အစဉ်အားဖြင့် ဖြစ်သည်ဟူ၍သာ ဆိုတော်

မူလိုသည်။ ထို့ကြောင့် "ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ"အစရှိသောစကား ကို အမှီပြု၍ ဆိုခဲ့ကလည်း ထို "စက္ခုဒသကပါတုဘာဝတော သတ္တာဟာ- တိက္ကမေန သောတဒသကံ" အစရှိသောစကားကို မဆိုသင့်သည်သာ ဟူ လေ။

"ဂဗ္ဘသေယျကဝသေန ဝါ ပုရိမံ အနုပုဗ္ဗပဝတ္တိဒီပနတော" ဟူ၍ "အဝိဇ္ဇာပစ္စယာ သင်္ခါရာ။ပ။ ဖဿပစ္စယာ ဝေဒနာ"ဟူသော ဤပုရိမဘာဝ စက်ဖြင့် အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြသည်ဟု သာမညအားဖြင့်သာ အဋ္ဌကထာဆရာ ဆိုပါလျက် ဓမ္မသာမည၏ အစဉ်အားဖြင့် ဖြစ်ခြင်းကို ဝါ၊ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာတို့၏ အစဉ်အားဖြင့် ဖြစ် ခြင်းကို ပြသည်ဟု မဆိုမူ၍ အာယတနတို့၏အစဉ်အားဖြင့် ဖြစ်ကြောင်း ကို ပြဆိုသည်ဟု ဆို၏၊ ထိုသို့ ဆိုရမည်အဖြစ်ကို အဘယ့်ကြောင့် သိပါ သနည်း ဟူမူ ပဋိစ္စသမုပ္ပါဒ်အင်္ဂါ တဆဲ့နှစ်ပါးတွင် "ဝိညာဏပစ္စယာ နာမ- ရူပံ"ဟူသော စတုတ္ထအင်္ဂါ၌ အဇ္ဈတ္တိကာယတန ခြောက်ပါးလုံး မပြည့်စုံ သေးသော အာယတနရှိသော ကလလရုပ်ကို ဟောတော်မူပြီး၍ ထိုမှ နောက်၌ "နာမရူပပစ္စယာ သဠာယတနံ"ဟူသော ပဉ္စမအင်္ဂါဖြင့် သဠာ- ယတန၏ ဖြစ်ခြင်းကို ဟောတော်မူအပ်သည်ဟု နှလုံးသွင်း၍ "အနုပုဗ္ဗ- ပဝတ္တိဒီပနတော"ကို "ဘဝပစ္စယာ ဇာတိ"ဟူသော ကောဒသမအင်္ဂါ၌ အာယတနတို့၏ အစဉ်အားဖြင့်ဖြစ်ခြင်းကို ဟောတော်မမူဟု နှလုံးပိုက်၍ "သဟုပ္ပတ္တိဒီပနတော"ကို အဋ္ဌကထာဆရာ ဆိုတော်မူကြောင်းကို—

> ဝိညာဏပစ္စယာ နာမရူပန္တိ ဧတ္ထ အပရိပုဏ္ဏာယတနံ ကလလ- ရူပံ ဝတွာ တတော ဥဒ္ဓံ နာမရူပပစ္စယာ သဠာယတနန္တိ သဠာ- ယတနပဝတ္တိ ဝုတ္တာတိ အာဟ"အနုပုဗ္ဗပဝတ္တိဒီပနတော"တိ။ ဘဝ- ပစ္စယာ ဇာတိတိ ဧတ္ထ အာယတနာနံ ကမေန ဥပ္ပတ္တိ န ဝုတ္တာတိ အာဟ "သဟုပ္ပတ္တိဒီပနတော"တိ—

ဟု ပြဆိုတော်မူသော **မူလဋီကာ** (ဒုတိယတွဲ-၁၂၆) ကို ထောက်၍ရှင်း—

ပဋိစ္စသမုပ္ပါဒ်ဝိဘင်းပါဠိတော်၌ ဟောတော်မူအပ်သော သုတ္တန္တဘာဇနီ နည်း အဘိဓမ္မဘာဇနီနည်းနှစ်ပါးတို့တွင် တခုတည်းသော စိတ္တက္ခဏ ရှိသောအားဖြင့် ဝေဘန်ဟောကြားတော်မူအပ်သော အဘိဓမ္မဘာဇနီ

နည်း၌ အဝိဇ္ဇာဒိမူလကနယ သင်္ခါရာဒိမူလကနယ။ပ။ ဥပါဒါနာဒိမူလက-နယအားဖြင့် ကိုးပါးသော နယတို့တွင် တပါးတပါး၌ ပစ္စယစတုက္က, ဟေတု-စတုက္က, သမ္ပယုတ္တစတုက္က, အညမညစတုက္ကဟု လေးပါးစီပြား၍ စတုက္က ပေါင်း သုံးဆဲ့ခြောက်ပါးတို့တွင် တပါးတပါး၌ ဝါရလေးပါးစီဖြစ်၍ ဝါရ ပေါင်း တရာ့လေးဆဲ့လေးပါးတွင် ရှေးဦးစွာသော အဝိဇ္ဇာဒိမူလကနယ ပစ္စယစတုက္ကဝယ် ပဋိစ္စသမုပ္ပါဒ် အင်္ဂါတဆဲ့နှစ်ပါးတွင် ပဉ္စမအင်္ဂါအရာ၌ "နာမရူပပစ္စယာ သဠာယတနံ" ဟု အဇ္ဈတ္တိကာယတနခြောက်ပါးလုံးကို အပြည့်အစုံဟောတော်မမူဘဲ ခြောက်ခုမြောက်သော မနာယတနတပါး တည်းကိုသာယူ၍ "နာမရူပပစ္စယာ ဆဋ္ဌာယတနံ" ဟု ဟောတော်မူအပ် သည်ဖြစ်၍ အာယတနခြောက်ပါးလုံးမပြည့်စုံ၊ တချို့တစိတ်မျှသာရှိသော ပဉ္စမအင်္ဂါတပါးနှင့် ယှဉ်သော တဆဲ့နှစ်ပါးသော အင်္ဂါရှိသော တတိယ ဝါရကို ယောနိလေးပါးတွင် အဏ္ဍဇ ဇလာဗုဇဟူသော ရှေ့ယောနိနှစ်ပါး ကို ရည်၍ ဟောတော်မူသည်။ တဆဲ့နှစ်ပါးလုံးပြည့်စုံသော အင်္ဂါရှိသော စတုတ္ထဝါရကို ဥပပါတ် သံသေဒဇဟူသော နောက်ယောနိနှစ်ပါးကိုရည်၍ ဟောတော်မူသည်ဟု အကြောင်းနှင့်တကွ ပြဆိုတော်မူအပ်သော—

> တတိယော ပုရိမယောနိဒွယံ သန္ဓာယ ဝုတ္တော။ ပုရိမာသု ဟိ ဒွိသု ယောနိသု သော သမ္ဘဝတိ တတ္ထ သဒါ သဠာယတနဿ အသမ္ဘဝတော။ စတုတ္ထော ပစ္ဆိမယောနိဒွယံ သန္ဓာယ ဝုတ္တော။ ပစ္ဆိမာသု ဟိ သော ဒွိသု ယောနိသု သမ္ဘဝတိ တတ္ထ သဒါ သဠာယတနဿ သမ္ဘဝတော—

ဟူသော **သမ္မောဟဝိနောဒနီအဋ္ဌကထာ** ၁၉၄) ဝယ် ရှေ့ယောနိနှစ်ပါးတို့၌ စက္ခာယတနအစရှိသည်တို့ကို အပြည့်အစုံဖြစ်စေခြင်းငှါ စွမ်းနိုင်သော ကံဖြင့် ပဋိသန္ဓေစွဲနေ၍ ပြည့်စုံသော အာယတနရှိသော ဂဗ္ဘသေယျကတို့ အား မိမိတို့ ဖြစ်သင့်သောကာလ ဧကာဒသမသတ္တာဟသို့ ရောက်သော အခါ သဠာယတနတို့အပြည့်အစုံဖြစ်လတ္တံ့ဖြစ်သော်လည်း ကလလ အဗ္ဗုဒ သတ္တာဟအစရှိသော ဒသမသတ္တာဟတိုင်အောင်သော ကာလ၌ စက္ခု သောတ ဃာန ဇိဝှါတို့မဖြစ်သေးသောကြောင့် **"သဒါ အသမ္ဘဝတော"** ကို နောက်ယောနိနှစ်ပါးတို့၌ကား စက္ခာယတနအစရှိသည်ကို ပြည့်စုံစွာ ဖြစ်စေနိုင်သောကံဖြင့် ပဋိသန္ဓေစွဲနေသော ဥပပါတ် သံသေဒဇတို့အား

ဂဗ္ဘသေယျကဘို့မှာကဲ့သို့ အစဉ်အားဖြင့် ဖြစ်ရတော့သည်မဟုတ်၊ ပဋိသန္ဓေ ဥပါဒ်ခဏကာလကပင် သဠာယတနတို့ အပြည့်အစုံဖြစ်သောကြောင့် **"သဒါ သမ္ဘဝတော"** ကို အဋ္ဌကထာဆရာ ဆိုတော်မူသည်ဟု ပြဆိုအပ်သော—

> ပုရိမယောနိဒ္ဒယေ သမ္ဘဝန္တမ္ပိ ကေသဋ္ဌိ သဠာယတနံ ကလလာဒိကာလေ န သမ္ဘဝါတိ "သဒါ အသမ္ဘဝတော"တိ အာဟ။ ပစ္ဆိမယောနိဒ္ဒယေ ပန ယေသံ သမ္ဘဝတိ၊ တေသံ သဒါ သမ္ဘဝါတိ—

ဟူသော **မူလဋီကာ** (ဒုတိယတွဲ ၁၃၅)၌ **ကေသဋ္ဌိဖြင့်** အဇ္ဈတ္တိကာယတန ခြောက်ပါးလုံးဖြစ်မည့် ပရိပုဏ္ဏာယတနဂဗ္ဘသေယျကကိုယူ။ "ပစ္ဆိမယောနိဒ္ဒယေ ပန။ပ။ သမ္ဘဝတိ"ဟူသော စကားကို ဂဗ္ဘသေယျကတို့အား ပဋိသန္ဓေခဏ၌ မနာယတန ကာယာယတနနှစ်ပါး, ကောဒသမသတ္တာဟ၌ စက္ခု သောတ ဃာန ဇိဝှါဖြစ်သဖြင့် အာယတနအစဉ်အားဖြင့် ဖြစ်သကဲ့သို့ စက္ခုစသည်ကို ပြည့်စုံစွာ ဖြစ်စေနိုင်သောကံဖြင့် ပဋိသန္ဓေနေသော ဥပပါတ်သံသေဒဇတို့အား ပဋိသန္ဓေဥပါဒ်ခဏ၌ပင် သဠာယတနတို့တပြိုင်တည်း ဖြစ်သောကြောင့် အစဉ်အားဖြင့် အာယတနတို့ဖြစ်ခြင်းမရှိဟု နှလုံးပြု၍ မူလဋီကာဆရာဆိုကြောင်းကိုပြသော—

> ကေသဋ္ဌိတိ ပရိပုဏ္ဏာယတနာနံ ဂဗ္ဘသေယျကာနံ။ ပစ္ဆိမဒ္ဒယေ ပန ယေသံ သမ္ဘဝတိ၊ တေသံ သဒါ သမ္ဘဝါတိ ဣဒံ ဂဗ္ဘသေယျကာနံ ဝိယ ဣတရယောနိကာနံ ကမေန အာယတနုပ္ပတ္တိ နတ္ထီတိ ကတွာ ဝုတ္တံ။ တထာ စာဟ အဋ္ဌကထာယံ "သဟုပ္ပတ္တိဒီပနတော"တိ—

ဟူသော **အနုဋီကာ** (ဒုတိယတွဲ-၁၄၄) ကို ထောက်၍ရင်း အာယတနတို့ အစဉ်အားဖြင့် ဖြစ်ကြောင်းကို သိပါသည်ဟူလေ။

ဝိညာဏပစ္စယာ နာမရူပန္တိ ဧတ္ထ၊ ဝိညာဏပစ္စယာ နာမရူပံ ဟူသော ဤပုဒ်၌။ အပရိပုဏ္ဏာယတနံ၊ ပသာဒါယတနငါးပါးတွင် ကာယာယတန တပါးတည်းမျှသာပါရှိ၍ မပြည့်စုံသော အာယတနရှိသော။ ကလလရူပံ၊ ကာယ ဝတ္ထု ဘာဝဒသကကလာပ်သုံးစည်းဟူသော ကလလရုပ်ကို။ ဝတွာ၊ ဟောတော်မူပြီး၍။ တတော၊ ထိုဝိညာဏပစ္စယာ နာမရူပံဖြင့်

အပရိပုဏ္ဏာယတနကလလရုပ်ကို ဟောတော်မူပြီးသည်မှ။ ဥဒ္ဓံ၊ အထက်ဖြစ်သော နောက်ကာလ၌။ နာမရူပပစ္စယာ သဠာယတနန္တိ ဣမိနာ၊ နာမရူပပစ္စယာ သဠာယတနံ-ဟူသော ဤပုဒ်ဖြင့်။ သဠာယတနပဝတ္တိံ၊ သဠာယတန၏ ဖြစ်ခြင်းကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ အနုပုဗ္ဗပဝတ္တိဒီပနတောတိ ဝစနံ၊ အနုပုဗ္ဗပဝတ္တိဒီပနတော-ဟူသော စကားကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ဘဝပစ္စယာ ဇာတီတိ ဧတ္ထ၊ ဘဝပစ္စယာ ဇာတိ-ဟူသော ဤပုဒ်၌။ အာယတနာဝနံ၊ တို့၏။ ကမေန၊ ပုရိမဘဝစက်မှာကဲ့သို့ အစဉ်အားဖြင့်။ ပဝတ္တိံ၊ ဖြစ်ခြင်းကို။ န ဝုတ္တာ၊ ဟောတော်မမူအပ်။ ဣတိ၊ ဤသို့ နှလုံးပိုက်၍။ သဟုပ္ပတ္တိဒီပနတောတိ ဝစနံ၊ ကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။

တတိယော၊ ပဋိစ္စသမုပ္ပါဒ်အင်္ဂါတဆဲ့နှစ်ပါးတွင် ပဥ္စမအင်္ဂါ၌ အဇ္ဈတ္တိကာယတနခြောက်ပါးလုံးကိုယူ၍ "နာမရူပပစ္စယာ သဠာယတနံ" ဟု ဟောတော်မမူဘဲ ထိုခြောက်ပါးတွင် ခြောက်ခုမြောက်ဖြစ်သော မနာယတန တပါးတည်းကိုသာ ယူ၍ "နာမရူပပစ္စယာ ဆဋ္ဌာယတနံ" ဟူ၍ ဟောတော်မူအပ်သောတတိယဝါရ-ကို။ ပုရိမယောနိဒွယံ၊ အဏ္ဍဇ ဇလာဗုဇ-ဟူသော ရှေ့-ယောနိနှစ်ပါးကို။ သန္ဓာယ၊ ရည်၍။ ဝုတ္တော၊ ဟောတော်မူအပ်၏။ ဟိ သစ္စံ၊ ရှေ့-ယောနိနှစ်ပါးကို ရည်၍ တတိယဝါရကို ဟောတော်မူအပ်သည်ဟု ငါဆိုသောစကား မှန်၏။ သော၊ ထိုတတိယဝါရ-ဖြစ်သော ပဋိစ္စသမုပ္ပါဒ်သည်။ ပုရိမာသု၊ ရှေးဖြစ်ကုန်သော။ ဒွီသု ယောနီသု၊ အဏ္ဍဇ ဇလာဗုဇ-ဟူသော ယောနိနှစ်ပါးတို့၌။ သမ္ဘဝတိ၊ ဖြစ်၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သော၊ ထို တတိယဝါရ ပဋိစ္စသမုပ္ပါဒ်သည်။ သမ္ဘဝတိ၊ ရှေ့-ယောနိနှစ်ပါးတို့၌ ဖြစ်သနည်း။ တတ္ထ၊ ထို ရှေ့-ယောနိနှစ်ပါး၌။ သဠာယတနဿ၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၏။ သဒါ အသမ္ဘဝတော၊ ကောဒသမ သတ္တာဟ-မှ ရှေ့အတွင်း ရက်ပေါင်း ခုနစ်ဆယ်ကာလ၌ တည်စဉ် စက္ခု သောတ ဃာန ဇိဝှါတို့မဖြစ်သေး၍ အခါခပ်သိမ်း ပြည့်စုံစွာ မဖြစ်သောကြောင့်။ သော၊ ထို တတိယဝါရသည်။ သမ္ဘဝတိ၊ ရှေ့ယောနိနှစ်ပါးတို့၌ ဖြစ်၏။ စတုတ္ထော၊ အင်္ဂါတဆဲ့နှစ်ပါးလုံး အပြည့်အစုံ ဟောတော်မူအပ်သော စတုတ္ထဝါရကို။ ပစ္ဆိမယောနိဒွယံ၊ နောက်ဖြစ်သော သံသေဒဇ ဥပပါတ် ယောနိနှစ်ပါးကို။ သန္ဓာယ၊ ၍။ ဝုတ္တော၊ ၏။

ဟိ သစ္စံ၊ မှန်၏။ သော၊ ထို စတုတ္ထဝါရပဋိစ္စသမုပ္ပါဒ်သည်။ ပစ္ဆိမာသု၊ နောက်ဖြစ်ကုန်သော။ ဒွီသု ယောနီသု၊ သံသေဒဇ ဥပပါတ်ယောနိနှစ်ပါး တို့၌။ သမ္ဘဝတိ၊ ၏။ (တနည်း)။ သော၊ ထိုစတုတ္ထဝါရသည်။ ပစ္ဆိမာသု၊ ကုန်သော။ ဒွီသု ယောနီသု၊ တို့၌။ ယသ္မာ၊ အကြင်ကြောင့်။ သမ္ဘဝတိ၊ ၏။ တသ္မာ၊ ထိုသို့ စတုတ္ထဝါရ၏ နောက်-ယောနိနှစ်ပါးတို့၌ ဖြစ်သော ကြောင့်။ တံ ဝစနံ၊ နောက်ဖြစ်သော ရှေ့-ယောနိနှစ်ပါးကိုရည်၍ စတုတ္ထ ဝါရကို ဟောတော်မူ၏ဟု ငါဆိုသော ထိုစကားသည်။ ဟိ သစ္စံ၊ ဟုတ်မှန် ၏။ ကသ္မာ၊ အဘယ့်ကြောင့်။ သော၊ ထို စတုတ္ထဝါရသည်။ ပစ္ဆိမာသု၊ ကုန်သော။ ဒွီသု ယောနီသု၊ တို့၌။ သမ္ဘဝတိ၊ ဖြစ်သနည်း။ တတ္ထ၊ ထို နောက်ဖြစ်သော ယောနိနှစ်ပါး၌။ သဠာယတနဿ၊ အဇ္ဈတ္တိကာယတန ခြောက်ပါး၏။ သဒါ သမ္ဘဝတော၊ ပဋိသန္ဓေခဏ၌ပင် အကုန်ဖြစ်သဖြင့် အခါခပ်သိမ်း အပြည့်အစုံဖြစ်သောကြောင့်။ သော၊ သည်။ ပစ္ဆိမာသု၊ ကုန်သော။ ဒွီသု ယောနီသု၊ တို့၌။ သမ္ဘဝတိ၊ ၏။ (တနည်း)။ ကသ္မာ၊ အဘယ့်ကြောင့် စတုတ္ထဝါရသည် နောက်ယောနိနှစ်ပါးတို့၌ ဖြစ်သနည်း ဟူမူကား။ တတ္ထ၊ ၌။ သဠာယတနဿ၊ ၏။ သဒါ သမ္ဘဝတော၊ သော ကြောင့်တည်း။ (တနည်း)။ ဟိ သစ္စံ၊ ၏။ တတ္ထ၊ ၌။ သဠာယတနဿ၊ ၏။ သဒါ သမ္ဘဝတော၊ သောကြောင့်။ သော၊ သည်။ ပစ္ဆိမာသု၊ ကုန် သော။ ဒွီသု ယောနီသု၊ တို့၌။ သမ္ဘဝတိ၊၏။ ။(အရာခပ်သိမ်း ဤနည်း ချည်း ကြိုက်ရာပေးလေ)။

ပုရိမယောနိဒွယေ၊ အဏ္ဍဇ ဇလာဗုဇ-ဟူသော ရှေ့-ယောနိ နှစ်ပါး၌။ သဠာယတနံ၊ အဇ္ဈတ္တိကာယတန ခြောက်ပါးသည်။ ကေသဉ္စိ၊ အချို့ကုန် သော ပြည့်စုံသော အာယတနရှိသော ဂဗ္ဘသေယျကတို့အား။ သမ္ဘဝန္တမ္ပိ၊ မိမိတို့ဖြစ်ထိုက်ရာ ကောဒသမသတ္တာဟသို့ ရောက်သောအခါ ပြည့်စုံစွာ ဖြစ်သင့်သော်လည်း။ ကလလာဒိကာလေ၊ ကောဒသမသတ္တာဟမှ အတွင်း ပဋိသန္ဓေနေသောနေ့မှစ၍ ရက်ပေါင်းခုနစ်ဆယ်တိုင်အောင်သော ကလလ အဗ္ဗုဒ-အစရှိသော ကာလ၌။ န သမ္ဘဝတိ၊ ပြည့်စုံစွာမဖြစ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သဒါ အသမ္ဘဝတောတိ ဝစနံ၊ သဒါ အသမ္ဘဝတော-ဟူသော စကားကို။ အာဟ၊ အဋ္ဌကထာဆရာ ဆိုတော်မူ၏။ ပစ္ဆိမယောနိဒွယေ ပန၊ နောက်ဖြစ်သော ယောနိနှစ်ပါး၌ကား။ ယေသံ၊ အကြင် အာယတန

တို့ကို ပြည့်စုံစွာ ဖြစ်စေနိုင်သောကံဖြင့် ပဋိသန္ဓေနေသော သံသေဒဇ ဥပပါတ်တို့အား။ သဠာယတနံ၊ သည်။ သမ္ဘဝတိ၊ ၏။ တေသံ၊ ထိုအဇ္ဈတ္တိကာယတနတို့ ပြည့်စုံစွာဖြစ်သော သံသေဒဇ ဥပပါတ်တို့အား။ သဒါ၊ ပဋိသန္ဓေခဏကပင် သဠာယတန အကုန်ဖြစ်သဖြင့် အခါခပ်သိမ်း။ သမ္ဘဝတိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သဒါ သမ္ဘဝတောတိ၊ တောဟူသော စကားကို။ အာဟ၊ ၏။

ကေသဉ္စိတိ၊ ကေသဉ္စိဟူသည်ကား။ ပရိပုဏ္ဏာယတနာနံ၊ အာယတနတို့ကို ပြည့်စုံစွာ ဖြစ်စေနိုင်သောကံဖြင့် ပဋိသန္ဓေနေသောကြောင့် ဧကောဒသမသတ္တာဟသို့ ရောက်သောအခါ မချတ်ဖြစ်လတ္တံ့ဖြစ်၍ ပြည့်စုံသော အာယတနရှိကုန်သော။ ဂဗ္ဘသေယျကာနံ၊ တို့အား။ ကမေန၊ ကလလ ကာလ ပဋိသန္ဓေခဏ၌ မနာယတန ကာယာယတနနှစ်ပါး, ဧကာဒသမ သတ္တာဟ၌ စက္ခု သောတ ဃာန ဇိဝှါအာယတန လေးပါးတို့ဖြစ်ခြင်း အစဉ်အားဖြင့်။ အာယတနုပ္ပတ္တိ၊ အာယတနတို့၏ဖြစ်ခြင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ ဣတရယောနိကာနံ၊ အဏ္ဍဇ ဇလာဗုဇဟူသော ရှေ့ယောနိနှစ်ပါးမှ တပါးသော သံသေဒဇ ဥပပါတ်ယောနိရှိကုန်သော ပုဂ္ဂိုလ်တို့အား။ ကမေန၊ အစဉ်အားဖြင့်။ အာယတနုပ္ပတ္တိ။ အာယတနတို့၏ ဖြစ်ရခြင်းသည်။ နတ္ထိ၊ မရှိ။ ဣတိ ကတွာ၊ ဤသို့ နှလုံးသွင်း၍။ ဝုတ္တံ၊ မူလဋီကာဆရာဆိုတော်မူအပ်၏။ အဋ္ဌကထာယံ၊ သမ္မောဟဝိနောဒနီအဋ္ဌကထာ၌။ ယသ္မာ၊ အကြင်ကြောင့်။ သဟုပ္ပတ္တိဒီပနတောတိ၊ တောဟူသော စကားကို။ အာဟ၊ အရှင်ဗုဒ္ဓဃောသဆရာ ဆိုတော်မူ၏။ တသ္မာ၊ ထိုကြောင့်။ တထာ တံ ဝစနံ၊ ရှေ့ယောနိနှစ်ပါးမှ တပါးသော နောက်ယောနိရှိကုန်သော သံသေဒဇ ဥပပါတ်တို့အား ဂဗ္ဘသေယျကတို့မှာကဲ့သို့ အာယတနတို့ အစဉ်အားဖြင့် ဖြစ်ရခြင်းမရှိဟု နှလုံးပြု၍ ပစ္ဆိမယောနိဒွယေ ပန အစရှိသော စကားကို မူလဋီကာဆရာဆို၏ဟု ငါပြသော ထို စကားသည်။ စ သစ္စံ၊ ဟုတ်မှန်၏။ (တနည်း)။ တထာ စ တတော ဧဝ၊ ထိုသို့သံသေဒဇ ဥပပါတ်တို့အား အာယတနတို့ အစဉ်အားဖြင့် ဖြစ်ရခြင်း မရှိသောကြောင့်သာလျှင်။ သဟုပ္ပတ္တိဒီပနတောတိ၊ တောဟူသောစကား ကို။ အာဟ၊ ဆိုတော်မူ၏။ ဤသို့ အစဉ်အတိုင်း သာဓကပါဠ်တို့ကို မြန်မာပြန်။

ဤ၌လည်း သာဓကပါဌ်တို့တွင် "ဂဗ္ဘသေယျကာနံ ဝိယ ဇလတရယောနိကာနံ ကမေန အာယတနုပ္ပတ္တိ နတ္ထိ" ဟူသော အနုဋီကာ ပါဌ်ကို ဂဗ္ဘသေယျကာနံ၊ တို့အား။ အာယတနုပ္ပတ္တိ၊ စက္ခု သောတ ဃာန ဇိဝှါဟူသော အာယတနလေးပါးတို့၏ ဖြစ်ခြင်းသည်။ ကမေန၊ သတ္တာဟ တခုစီသော အစဉ်အားဖြင့်။ ဟောတိ ဝိယ၊ ကဲ့သို့-စသည်ဖြင့် **ဋီကာကျော်**ဆရာ ပေးလို၏။ "ဂဗ္ဘသေယျကာနံ အဇ္ဈတ္တိကာယတနေသု မနာယတန ကာယာ-တနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ သေသာနိ စတ္တာရိ သတ္တသတ္တတိ-ရတ္တိမှိ" ဟူသော **ကထာဝတ္ထုအဋ္ဌကထာ** (၂၄၀) နှင့် အညီ ယခင်ပြဆိုခဲ့သည် အတိုင်းသာမှတ်။

> အနုပုဗ္ဗပဝတ္တိဒီပနတောတိ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပန္တိအာဒိနာ ဓမ္မာနံ အနုပုဗ္ဗတော ပဝတ္တိယာ ဒီပနတော—

ဟူ၍၎င်း—

> သဟုပ္ပတ္တိဒီပနတောတိ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတီတိ ဝါ ဥပပတ္တိခန္ဓာနံ ကေဇ္ဈံ ဥပ္ပတ္တိယာ ဒီပနတော—

ဟူ၍၎င်း ပြဆိုတော်မူသော **ဝိသုဒ္ဓိမဂ်မဟာဋီကာ**ဆရာ (ဒုတိယတွဲ-၃၃၇) ၏ အလိုသော် ဂဗ္ဘသေယျကတို့အား ကလလ အဗ္ဗုဒ ပေသိ ဃနအစရှိသော အစဉ်အားဖြင့် ဥပပတ္တိခန္ဓာတို့တိုးပွါး၍ ဖြစ်ကုန်ရကား ဂဗ္ဘသေယျကတို့အား ကလလ အဗ္ဗုဒအစရှိသော အစဉ်အားဖြင့် ဖြစ်သကဲ့သို့ ပဋိစ္စသမုပ္ပါဒ်ပုရိမဘာဝစက်၌ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာအစဉ်အားဖြင့် ဥပပတ္တိခန္ဓာတို့ဖြစ်ခြင်းကို ပြသောကြောင့် ဤပုရိမဘာဝစက်ကို ဂဗ္ဘသေယျ-က၏ အစွမ်းဖြင့် ဟောတော်မူသည်၊ ဥပပါတ် သံသေဒဇတို့အား အဇ္ဈတ္တိ-ကာယတနခြောက်ပါးလုံး ပဋိသန္ဓေခဏ၌ပင် တပြိုင်တည်းဖြစ်သော ကြောင့် ဥပပါတ် သံသေဒဇတို့အား အစဉ်အတိုင်း ကြီးပွါးရခြင်းမရှိ၊ တကြိမ်တခါတည်း ပြည့်စုံစွာဖြစ်သကဲ့သို့ ပစ္ဆိမဘာဝစက်၌ ဥပါဒါနပစ္စယာ ဘဝေါဟူ၍ ကမ္မဘဝ ဥပပတ္တိဘဝနှစ်ပါးတို့ တပေါင်းတည်းဖြစ်ခြင်းကို။ ဝါ၊ ဘဝပစ္စယာ ဇာတိဟူ၍ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ ဟူသော ဥပပတ္တိခန္ဓာတို့ တပေါင်းတည်းဖြစ်ခြင်းကို ပြတော်မူသောကြောင့်

ပစ္ဆိမဘဝစက်ကို ဥပပါတ်၏ အစွမ်းဖြင့် ဟောတော်မူသည်ဟု ဆိုရမည်ကဲ့သို့ ရှိ၏။ သို့သော်လည်း ဤရွေ့မျှကိုသာ မဆိုဘဲ—

> ဝိညာဏပစ္စယာ နာမရူပန္တိ ဟိ ဧတ္ထ အပရိပုဏ္ဏာယတနံ ကလလရူပံ ဝတွာ တတော ဥဒ္ဓံ နာမရူပပစ္စယာ သဠာယတနန္တိ သဠာယတနပဝတ္တိ ဝုတ္တာ—

ဟူ၍ငင်း—

> န ဟိ ဧတ္ထ ပဌမေ ဝိယ ဘဝစက္ကေ အာယတနာနံ ကာမေန ဥပ္ပတ္တိ ဝုတ္တာ—

ဟူ၍ငင်း မိန့်ဆိုပြန်သောကြောင့် ငင်းမဟာဋီကာဆရာလည်း မူလဋီကာ ဆရာ အနုဋီကာဆရာတို့ကဲ့သို့ အာယတနအစဉ်အားဖြင့် ဖြစ်ခြင်းကို ပြသည် ဟူ၍ပင် ယူတော်မူသည်ဟု သိအပ်၏။

အနုပုဗ္ဗပဝတ္တိဒီပနတောတိ၊တော-ဟူသည်ကား။ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပန္တိအာဒိနာ၊ သင်္ခါရ။ပ။ နာမရူပံ ဤသို့ အစရှိ သည်ဖြင့်။ ဓမ္မာနံ၊ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ တရား တို့၏။ အနုပုဗ္ဗတော၊ အစဉ်အားဖြင့်။ ပဝတ္တိယာ၊ ဖြစ်ခြင်းကို။ ဒီပနတော၊ ပြတော်မူသောကြောင့်။ ဟိ သစ္စံ၊ ဓမ္မတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းကို ပြတော်မူ၏ ဟူသောစကား မှန်၏။ ဝိညာဏပစ္စယာ နာမရူပန္တိ ဧတ္ထ၊ ဝိညာဏပစ္စယာ နာမရူပံ-ဟူသော ဤပုဒ်၌။ အပရိပုဏ္ဏာယတနံ၊ စက္ခာ-ယတန-စသည် မပါ ကာယာယတနမျှသာရှိ၍ မပြည့်စုံသေးသော အာယ-တနရှိသော။ ကလလရူပံ၊ ကာယ ဘာဝ ဝတ္ထု ဒသကကလာပ် သုံးစည်း ဟူသော ကလလရုပ်ကို။ ဝတွာ၊ ဟောတော်မူပြီး၍။ တတော၊ ထို အပရိ-ပုဏ္ဏာယတနဖြစ်သော ကလလရုပ်ကို ဟောတော်မူပြီးသည်မှ။ ဥဒ္ဓံ၊ အထက် ဖြစ်သော နောက်ကာလ၌။ နာမရူပပစ္စယာ သဠာယတနန္တိ ဧတ္ထ၊ ၌။ ဝါ၊ နာမရူပပစ္စယာ သဠာယတနန္တိ ဣမိနာ၊ဟူသော ဤပုဒ်ဖြင့်။ သဠာယတန-ပဝတ္တိ၊ သဠာယတန၏ ဖြစ်ခြင်းကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

သဟုပ္ပတ္တိဒီပနတောတိ၊ တော-ဟူသည်ကား။ ဥပါဒါနပစ္စယာ ဘဝေါ-တိ၊ ဘဝေါ-ဟူ၍။ ဘဝါနံ၊ ကမ္မဘဝ ဥပပတ္တိဘဝတို့၏။ ကေဠုံ၊ တကြိမ် တခါတည်း တပေါင်းတည်း။ ဥပ္ပတ္တိယာ၊ ဖြစ်ခြင်းကို။ ဝါ၊ တနည်းကား။

ဘဝပစ္စယာ ဇာယတိ၊ ဇာတိ-ဟူ၍။ ဥပပတ္တိခန္ဓာနံ၊ ဝိညာဉ် နာမ်ရုပ် သဠာယတန ဖဿ ဝေဒနာ-ဟူသော ဥပပတ္တိခန္ဓာတို့၏။ ဇေဗ္ဗိ၊ တပေါင်းတည်း။ ဥပ္ပတ္တိယာ၊ ကို။ ဒီပနတော၊ ကြောင့်။ ဟိ သစ္စံ၊ ၏။ ပဌမေ ဘဝစက္ကေ၊ ပဌမဘဝစက်၌။ အာယတနာနံ၊ တို့၏။ ကမေန၊ ကာယာယတန-မျှသာ ပါ၍ အပရိပုဏ္ဏာယတနဖြစ်သော ကလလရုပ်ဖြစ်ခြင်း, ယင်းနောင် သဠာယတနဖြစ်ခြင်းဟူသော အစဉ်အားဖြင့်။ ဥပ္ပတ္တိ၊ ဖြစ်ခြင်းကို။ ဝုတ္တာ ဝိယ၊ ဟောတော်မူအပ်သကဲ့သို့။ ဧတ္ထ၊ ဤ ပစ္ဆိမဘဝစက်၌။ အာယတနာနံ၊ တို့၏။ ကမေန၊ ရှေ့-နောက် အစဉ်အားဖြင့်။ ဥပ္ပတ္တိ၊ ကို။ န ဝုတ္တာ၊အပ်။

## ၁၅-ဇီဝိတနဝကကလာပ်၏ တည်ရာနှင့်အပြား

### ဓာတ်အစု လေးဆဲ့နှစ်ပါး

ဇီဝိတနဝကကလာပ်သည် ကာမပုဂ္ဂိုလ်တို့သန္တာန်ဝယ် အဘယ် အရပ်၌ ဖြစ်သနည်း....ထို ဇီဝိတနဝကကလာပ်သည် အဘယ်မျှ အပြားရှိသနည်း ဟူမူ....

ဤအရာဝယ် **သစ္စသံခိပ်အဋ္ဌကထာ**၌ ပထဝီ အာပေါ တေဇော ဝါယော ဟူသော ဓာတ်အပြားအားဖြင့် ပထဝီအဓိကဖြစ်သော ကောဋ္ဌာသ နှစ်ဆယ်, အာပေါအဓိကဖြစ်သော ကောဋ္ဌာသ တဆဲ့နှစ်, တေဇောအဓိက ဖြစ်သော ကောဋ္ဌာသ လေးပါး, ဝါယောအဓိကဖြစ်သော ကောဋ္ဌာသ ခြောက်ပါးလျှင် တည်မှီရာရှိသည်ကိုပြု၍ ကာမဘုံဝယ် ပြည့်စုံသော ဣန္ဒြေ ရှိသော မိန်းမယောကျ်ားတို့၏ သန္တာန်ဝယ် ထိုက်သည့်အားလျော်စွာ ဒသကကလာပ် ငါးဆဲ့သုံးစည်း နဝကကလာပ် တဆဲ့တစည်း အဋ္ဌကကလာပ် တရာ့ကိုးစည်းအားဖြင့် နိပ္ဖန္နရုပ် တထောင့်ငါးရာတခုတို့ ဖြစ်ကြောင်းကို ပြဆိုသောစကားကို ရှေးဦးစွာပြသော်သာ ထို ဇီဝိတနဝက ကလာပ်၏ ဖြစ်ရာအရပ်, ယင်း၏ အပြားတို့ကို ထင်ရှား သိသာရာသည် ဖြစ်၍ သစ္စသံခိပ်အဋ္ဌကထာ၌ ပြဆိုလာရှိသောစကားကို ပြလိုက်ဦးအံ့....

ကေသာဒိမတ္ထလုင်္ဂန္တာ၊ ပထဝံသာဓိ ဝီသတိ။
ပိတ္တာဒိမုတ္တကန္တာ တော၊ ဇလံသာ ဒွါဒသီရိတာ။

ယေန သန္တပ္ပနံ ယေန၊ ဇီရဏံ ဒဟနံ တထာ။
ယေနာသိတာဒိပါကောတိ၊ စတုရံသာနုလာဓိကာ။
ဥဒ္ဓံဓောဂမကုစ္ဆိဋ္ဌာ၊ ကောဋ္ဌာသယာင်္ဂသာရိ စ။
အဿာသောတိ စ ဝိညေယျာ၊ ဆဋ္ဌံသာ ဝါယုနိဿိတာ။
ပုဗ္ဗမုတ္တကရီသဋ္ဌု-ဒရိယံ စတုရောတုဇာ။
ကမ္မပါစဂ္ဂိ စိတ္တမှာ-ဿာသောတိ ဆပိ ကေဇာ။
သေဒသိင်္ဃာဏိကာဿု စ၊ ခေဠော စိတ္တောတုသမ္ဘဝါ။
ဒ္ဝိဇာ ဒ္ဝတ္တိံသ ကောဋ္ဌာသာ၊ သေသာ ဝေ စတုဗ္ဘဝါ။
ကေဇေသွာဒိစတူသု၊ ဥတုဇာ စတုရဋ္ဌကာ။
ဇီဝိတနဝကော ပါစေ-ဿာသေ စိတ္တဘဝဋ္ဌကော။
ဒ္ဝိဇေသု မနုတေဇေဟိ၊ ဒ္ဝေ ဒ္ဝေ ဟောန္တိ ပနဋ္ဌကာ။
သေသတေဇနိလံသေသု၊ ဧကေကမှိ တယော တယော။
အဋ္ဌကောဇမနုဂ္ဂိဟိ၊ ဟောန္တိ အဋ္ဌသု ကမ္မတော။
အဋ္ဌာယုနဝကော ဝေ၊ ဣမေ အဋ္ဌ စတုဗ္ဘဝါ။
စတုဝီသေသု သေသေသု၊ စတုဇေသွဋ္ဌကာ တယော။
ဧကေကမှိ စ ဝိညေယျာ၊ ပိဏ္ဍစိတ္တနုလန္တဇာ။
ကမ္မဇာ ကာယဘာဝဂ္ဂါ၊ ဒသကာပိ သိယုံ တဟိံ။
စတုဝီသေသု အံသေသု၊ ဧကေကမှိ ဒုဝေ ဒုဝေ။
ပဉ္စာပိ စက္ခုသောတာဒိ၊ ပဒေသဒသကာ ပုန။
နဝကာ သဒ္ဒသင်္ခါတာ၊ ဒ္ဝေတိ စေဝံ ကလာပတော။
တေပညာသ ဒသေကဋ္ဌ၊ နဝုတ္တရသတာနိ စ။
ဒသကာ နဝကာ စေဝ၊ အဋ္ဌကာ စ သိယုံ ကမာ။
သေကပဉ္စသတံ ကာယေ၊ သဟဿန္တံ ပဝတ္တတိ။
ပရိပုဏ္ဏိန္ဒြိယေ ရူပံ၊ နိပ္ဖန္နံ ဓာတုဘေဒတော။

**သစ္စသံခိပ်အဋ္ဌကထာ(၅၅)**

ကေသာဒိမတ္ထလုင်္ဂန္တာ၊ ကေသ-အစ မတ္ထလုင်္ဂ-အဆုံးရှိသော။ ဝီသတိ၊ နှစ်ဆယ်သော ကောဋ္ဌာသကို။ ပထဝံသာဓိ၊ ပထဝီဓာတ် အစိတ်လျှင် လွန်ကဲခြင်းရှိသော ကောဋ္ဌာသဟူ၍။ ဤရိတာ၊ ဆိုအပ်၏။ ပိတ္တာဒိမုတ္တ-ကန္တာ၊ ပိတ္တ-အစ မုတ္တ-အဆုံးရှိကုန်သော။ ဒွါဒသ၊ တဆဲ့နှစ်ပါးကုန်သော။

တေ ကောဋ္ဌာသာ၊ ထိုကောဋ္ဌာသတို့ကို။ ဇလံသာ၊ အာပေါဓာတ်အစိတ် လျှင် လွန်ကဲခြင်းရှိသော ကောဋ္ဌာသတို့ဟူ၍။ ဤရိတာ၊ ကုန်၏။

ယေန တေဇေန၊ အကြင်တေဇောဖြင့်။ သန္တပ္ပနံ၊ တရက်ခြာဖျားခြင်း အစရှိသည်ဖြင့် ကိုယ်ငွေ့ခြောင်းခြောင်းထအောင် ပူခြင်းသည်။ ဟောတိ၊ ၏။ ယေန တေဇေန၊ ဖြင့်။ ဇီရဏံ၊ အရေတွန့်ခြင်း ဆံဖြူခြင်း အားလျော့ ပါး ကုန်ခန်းခြင်း အစရှိသည်ဖြင့် ရူပကာယ၏ရင့်ရော်အိုမင်း ဆွေးမြည့် ခြင်းသည်။ ဟောတိ၊ ၏။ ယေန တေဇေန၊ ဖြင့်။ ဒဟနံ၊ ပူလှချေ၏ ပူလှ ချေ၏ဟု ငိုကြွေးမြည်တမ်းလျက် အကြိမ်များစွာ စစ်ပြီးသော ထောပတ်ဆီ စန္ဒကူးနီဖြင့် သုတ်လိမ်းခြင်း ယပ်လေခပ်ခြင်းအစရှိသည်ကို တောင့်တရ အောင် ရူပကာယ၏ပြင်းစွာ ပူလောင်ခြင်းသည်။ ဟောတိ၊ ၏။ တထာ၊ ထိုမှတပါး။ ယေန စ တေဇေန၊ ဖြင့်လည်း။ အသိတာဒိပါကော၊ စားအပ် သော ထမင်းစသည် သောက်အပ်သောအဖျော်နို့ရည်စသည် ခဲအပ်သော မုန့်ခဲဘွယ်စသည် လျက်အပ်သော သရက်မှည့်ပျားတင်လဲစသည်ကို ကြေ ကျက်စေတတ်သည်။ ဟောတိ၊ ၏။ တေန တေဇေန၊ ထိုတေဇောဖြင့်။ အနုလာဓိကာ၊ တေဇောဓာတ်လွန်ကဲခြင်းရှိကုန်သော။ ဒ္ဓံသာ ကောဋ္ဌာ- သာ၊ ရုပ်အစုတို့ကို။ စတုရော၊ လေးပါးတို့ဟူ၍။ ဝိညေယျာ၊ သိအပ် ကုန်၏။

(ဤသို့ "ယေန စာတိ ယေန တေဇောဓာတုဂတေန ကုပ္ပိတေန အယံ ကာယော သန္တပ္ပတိ၊ ဧကာဟိကဇရာဒိဘာဝေန ဥသုမဇာတော ဟောတိ။ ယေန စ ဇီရတီတိ ယေန အယံ ကာယော ဇီရတိ၊ ဣန္ဒြိယ- ဝေကလ္လတံ ဗလပရိက္ခယံ ဝလိပလိတာဒိဘာဝဉ္စ ပါပုဏာတိ။ ယေန စ ပရိဍယှတီတိ ယေန ကုပ္ပိတေန အယံ ကာယော ဍယှတိ၊ သော စ ပုဂ္ဂလော "ဍယှာမိ ဍယှာမိ"တိ ကန္ဒန္တော သတဓောတသပ္ပိဂေါသီတ- စန္ဒနာဒိလေပဉ္စေဝ တာလဝဏ္ဍဝါတဉ္စ ပစ္စာသီသတိ။ ယေန စ အသိတ- ပီတခါယိတသာယိတံ သမ္မာပရိပါကံ ဂစ္ဆတီတိ ယေန တံ အသိတံ ဝါ ဩဒနာဒိ ပီတံ ဝါ ပါနကာဒိ ခါယိတံ ဝါ ပိဋ္ဌခဇ္ဇကာဒိ သာယိတံ ဝါ အမ္ဗပက္ကမဓုဖာဏိတာဒိ သမ္မာပရိပါကံ ဂစ္ဆတိ"ဟူသော **ဝိသုဒ္ဓိမဂ်**(ပဌမတွဲ ၃၄၅) **သမ္မောဟဝိနောဒနီ အဋ္ဌကထာ** (၆၅-၆) တို့နှင့်အညီ သိသာ အောင်ပေး။

ယေန စာတိ၊ ယေန စ ဟူသည်ကား။ ကုပ္ပိတေန၊ ပျက်သော။ ယေန တေဇောဓာတုဂတေန၊ အကြင်တေဇောဓာတ်ဖြင့်။ ဝါ၊ တေဇောဓာတ်၌

ဖြစ်သော ဥဏှတ္တသဘောဖြင့်။ အယံ ကာယော၊ ဤရူပကာယသည်။ သန္တပ္ပတိ၊ ပူ၏။ ကောဟိကဇရာဒိဘာဝေန၊ တရက်ခြာဖျားခြင်း အစရှိသည်ဖြင့်။ ဥသုမဇာတော၊ ဖြစ်သော ကိုယ်ငွေ့ရှိသည်။ ဝါ၊ ခြောင်းခြောင်းထသော ကိုယ်ငွေ့ရှိသည်။ ဟောတိ၊ ၏။ ယေန စ ဇီရတီတိ၊ တိဟူသည်ကား။ ယေန တေဇောဓာတုဂတေန၊ ဖြင့်။ အယံ ကာယော၊ သည်။ ဇီရတိ၊ ရင့်ရော်အိုမင်း ဆွေးမြည့်ခြင်းသို့ ရောက်၏။ ဣန္ဒြိယဝေကလ္လတဥ္စ၊ စက္ခုစသော ဣန္ဒြေချို့သည်၏ အဖြစ်သို့ငှင်း။ ဗလ-ပရိက္ခယဥ္စ၊ ခွန်အားလျော့ပါးကုန်ခန်းခြင်းသို့ငှင်း။ ဝလိပလိတာဒိ-ဘာဝဉ္စ၊ အရေတွန့်ခြင်း ဆံဖြူခြင်းအစရှိသည်၏ အဖြစ်သို့ငှင်း။ ပါပု-ဏာတိ၊ ရောက်၏။ ယေန စ ပရိဍယှတီတိ၊ တိဟူသည်ကား။ ကုပ္ပိတေန၊ ပျက်သော။ ယေန တေဇောဓာတုဂတေန၊ ဖြင့်။ အယံ ကာယော၊ သည်။ ဍယှတိ၊ ပြင်းစွာပူ၏။ သော စ ပုဂ္ဂလော၊ ထိုတေဇောဓာတ် ပျက်သော ပုဂ္ဂိုလ်သည်လည်း။ ဍယှာမိ ဍယှာမီတိ၊ ပူလှချေ၏ ပူလှချေ ၏ဟု။ ကန္ဒန္တော၊ ငိုကြွေးမြည်တမ်းလျက်။ သတဓောတသပ္ပိဂေါသီတ-စန္ဒနာဒိလေပဥ္စ၊ အကြိမ်များစွာစစ်ပြီးသော ထောပတ်ဆီ စန္ဒကူးနီ စသည်ဖြင့် သုတ်လိမ်းခြင်းကိုငှင်း။ တာလဝဏ္ဍဝါတဥ္စ၊ ယပ်လေခပ်ခြင်း ကိုငှင်း။ ပစ္စာသီသတိ၊ လွန်စွာ တောင့်တ၏၊ အဘန်တလဲလဲ တောင့်တ ၏။ ယေန စ အသိတပီတခါယိတသာယိတံ သမ္မာပရိပါကံ ဂစ္ဆတီတိ၊ တိဟူသည်ကား။ ယေန တေဇောဓာတုဂတေန၊ ဖြင့်။ ဩဒနာဒိ၊ ထမင်းအစရှိသော။ တံ အသိတံ ဝါ၊ ထိုစားဘွယ်သည်ငှင်း။ ပါနကာဒိ၊ အဖျော်နိုရည် အစရှိသော။ တံ ပီတံ ဝါ၊ ထိုသောက်ဘွယ်သည်ငှင်း။ ပိဋ္ဌခဇ္ဇကာဒိ၊ မုန့်ခဲဘွယ်အစရှိသော။ တံ ခါယိတံ ဝါ၊ ထိုခဲဘွယ်သည် ငှင်း။ အမ္ဗပက္ကမဓုဖာဏိတာဒိ၊ သရက်မှည့်ပျားတင်လဲအစရှိသော။ တံ သာယိတံ ဝါ၊ ထိုလျက်ဘွယ်သည်ငှင်း။ သမ္မာပရိပါကံ၊ ကောင်းစွာ နူးနပ်ကြေကျက်ခြင်းသို့။ ဂစ္ဆတိ၊ ရောက်၏။ ။ငှင်းအဋ္ဌကထာ ပါဠိ တို့၏အနက်)။

ဥဒ္ဓံဓောဂမကုစ္ဆိဋ္ဌာ စ၊ လေတက်ဆန်ကြို့ခြင်း သမ်းဟဲခြင်းစသည်ကို ဖြစ်စေတတ်သော အထက်သို့ဆန်တက်သောလေ, ကျင်ကြီးကျင်ငယ် အစ ရှိသည်ကို ထုတ်တတ်သော အောက်သို့ စုန်သက်သောလေ, ဝမ်းတွင်းဝယ် အူ၏အပ၌ တည်သောလေတို့ငှင်း။ ကောဋ္ဌာသယာ စ၊ အူတွင်း၌

တည်သောလေရှင်း။ အင်္ဂသာရိ စ၊ လက်ခြေကွေးခြင်းဆန့်ခြင်းစသည်ကို ဖြစ်စေတတ်သော အကြောတည်းဟူသော ကွန်ရက်ဖြင့် အင်္ဂါကြီးငယ်သို့ အစဉ်လျှောက်သောလေရှင်း။ အဿာသော စ၊ ထွက်သက်ဝင်သက်လေ ရှင်း။ ဣတိ ဣမေ ဆ အံသာ၊ ဤခြောက်ပါးသော ကောဋ္ဌာသတို့ကို။ ဝါယုနိဿိတာ၊ ဝါယောဓာတ်ကို မှီသော ကောဋ္ဌာသတို့ဟူ၍။ ဝိညေယျာ၊ ကုန်၏။

("ဥဒ္ဓင်္ဂမာ ဝါတာတိ ဥဂ္ဂါရဟိက္ကာရာဒိပဝတ္တကာ ဥဒ္ဓံ အာရောဟဏဝါတာ။ အဓောဂမာ ဝါတာတိ ဥစ္စာရပဿာဝါဒိနီဟရဏကာ အဓော ဩရောဟဏဝါတာ။ ကုစ္ဆိသယာ ဝါတာတိ အန္တာနံ ဗဟိဝါတာ။ ကောဋ္ဌာသယာ ဝါတာတိ အန္တာနံ အန္တောဝါတာ။ အင်္ဂမင်္ဂါနုသာရိနော ဝါတာတိ ဓမနိဇာလာနုသာရေန သကလသရီရေ အင်္ဂမင်္ဂါနိ အနုသဋာ သမိဉ္ဇနပသာရဏာဒိနိဗ္ဗတ္တကာ ဝါတာ။ အဿာသောတိ အန္တောပဝိသနနာသိကဝါတော။ ပဿာသောတိ ဗဟိနိက္ခမနနာသိကဝါတော" ဟူသော **ဝိသုဒ္ဓိမဂ် ပဌမတွဲ (၃၄၅) သမ္မောဟဝိနောဒနီ အဋ္ဌကထာ(၆၆-၇)**တို့နှင့် အညီ သိသာအောင် ပေး။

ဥဒ္ဓင်္ဂမာ ဝါတာတိ၊ တာ-ဟူသည်ကား။ ဥဂ္ဂါရဟိက္ကာရာဒိပဝတ္တကာ၊ လေချိုဆန်တက်ခြင်း ဟိမ်-ဟူသော အသံကိုပြု၍ သမ်းဟဲခြင်း စသည်ကို ဖြစ်စေတတ်သော။ ဥဒ္ဓံ အာရောဟဏဝါတာ၊ အထက်သို့ ဆန်တက်သော လေတည်း။ အဓောဂမာ ဝါတာတိ၊ ကား။ ဥစ္စာရပဿာဝါဒိနီဟရဏကာ၊ ကျင်ကြီးကျင်ငယ်စသည်ကို တွန်းထုတ်တတ်သော။ အဓော ဩရောဟဏဝါတာ၊ အောက်သို့ လျှောဆင်းသော လေတည်း။ ကုစ္ဆိသယာ ဝါတာတိ၊ ကား။ အန္တာနံ၊ အူတို့၏။ ဗဟိဝါတာ၊ အပဖြစ်သော ဝမ်းတွင်း၌တည်သော လေတည်း။ ကောဋ္ဌာသယာ ဝါတာတိ၊ ကား။ အန္တာနံ၊ တို့၏။ အန္တောဝါတာ၊ အတွင်း၌တည်သော လေတည်း။ အင်္ဂမင်္ဂါနုသာရိနော ဝါတာတိ၊ ကား။ ဓမနိဇာလာနုသာရေန၊ အကြောတည်းဟူသော ကွန်ရက်သို့ အစဉ်လျှောက်သဖြင့်။ သကလသရီရေ၊ ကိုယ်အားလုံး၌။ အင်္ဂမင်္ဂါနိ၊ အင်္ဂါကြီးငယ်တို့သို့။ အနုသဋာ၊ အစဉ်လျှောက်သော။ သမိဉ္ဇနပသာရဏာဒိနိဗ္ဗတ္တကာ၊ လက်ခြေ စသည်ကို ကွေးခြင်း ဆန့်ခြင်းကို ဖြစ်စေတတ်သော။ ဝါတာ၊ လေတည်း။ အဿာသောတိ၊ ကား။ အန္တောပဝိသနနာသိကဝါတော၊ အတွင်းသို့ဝင်သော နှာခေါင်း လေတည်း။ ပဿာသောတိ၊ ကား။ ဗဟိနိက္ခမနနာသိကဝါ-

တော၊ အပသို့ထွက်သော နှာခေါင်းလေတည်း။ ဤသို့ ရင်းအဋ္ဌကထာ ပါဠ်တို့ကို မြန်မာပြန်။)

ပုဗ္ဗမုတ္တကရီသဥ္စ၊ ပြည် ကျင်ငယ် ကျင်ကြီးရင်း။ ဥဒရိယံ၊ အစာသစ်ရင်း။ ဣတိ၊ သို့။ စတုရောတုဇာ စ၊ လေးပါးသော ဥတုဇကောဋ္ဌာသတို့ရင်း။ ကမ္မပါစဂ္ဂိ၊ ကံကြောင့်သာဖြစ်သော ပါစကတေဇောရင်း။ စိတ္တမှာ၊ စိတ်ကြောင့်။ ပဝတ္တော၊ ဖြစ်သော။ အဿာသော စ၊ ထွက်သက်ဝင်သက်လေရင်း။ ဣတိ၊ သို့။ ဆပိ၊ ခြောက်ပါးလည်း ဖြစ်ကုန်သော။ ဣမေ ကောဋ္ဌာသာ၊ တို့ကို။ ကေဇာ၊ ထိုက်သည်အားလျော်စွာ တခုတည်းသော အကြောင်းကြောင့်သာ ဖြစ်ကုန်၏ ဟူ၍။ ဝိညေယျာ၊ ကုန်၏။

သေဒသိင်္ဃာဏိကာဿု စ၊ ချွေး နှပ် မျက်ရည်သည်ရင်း။ ခေဠော စ၊ တံတွေးသည်ရင်း။ စိတ္တောတုသမုဗ္ဘဝါ၊ စိတ်ဥတု-ဟူသော အကြောင်းနှစ်ပါးတို့ကြောင့် ဖြစ်ကုန်၍။ ဒွိဇာ၊ ဒွိဇကောဋ္ဌာသ မည်ကုန်၏။ သေသာ၊ ကေဇခြောက်ပါး ဒွိဇလေးပါးမှ ကြွင်းကုန်သော။ ဒွတ္တိံသ ကောဋ္ဌာသာ ဝေ၊ သုံးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့ကိုသာလျှင်။ စတုဗ္ဘဝါ၊ ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးကြောင့် ဖြစ်ကုန်၏ ဟူ၍။ ဝိညေ-ယျာ၊ ကုန်၏။

(ဤ အဋ္ဌကထာဝယ် ဂါထာဗန္ဓအရာအားလျော်စွာ ဆန္ဒာနုရက္ခဏ ဝါစာသိလိဋ္ဌအကျိုးငှါ အစဉ်ထား၍ ဆိုသည်။ ဝိသုဒ္ဓိမဂ် (၃၆၂)၌ ကား....တေသု ဥဒရိယံ ကရီသံ ပုဗ္ဗော မုတ္တန္တိ ဣမေ စတ္တာရော ကော-ဋ္ဌာသာ ဥတုသမုဋ္ဌာနာဝ။ အဿု သေဒေါ ခေဠော သိင်္ဃာဏိကာတိ ဣမေ စတ္တာရော ဥတုစိတ္တသမုဋ္ဌာနာ။ အသိတာဒိ ပရိပါစကော တေဇော ကမ္မသမုဋ္ဌာနောဝ။ အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ။ အဝသေသာ သဗ္ဗေပိ စတုသမုဋ္ဌာနာတိ၊ ဟု အစဉ်ထား၍ ပါဠိတော်လာတိုင်း ဆိုသည်။)

ကေဇေသု၊ ကေဇကောဋ္ဌာသတို့တွင်။ အာဒိစတူသု၊ အစဖြစ်သော ကောဋ္ဌာသလေးခုတို့၌။ ဥတုဇာ၊ ဥတုကြောင့်ဖြစ်ကုန်သော။ စတုရဋ္ဌကာ၊ လေးပါးသော အဋ္ဌကကလာပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ပါစေ၊ ပါစက တေဇော၌။ ဇီဝိတနဝကော၊ ဇီဝိတနဝကကလာပ် တစည်းတည်းသည်။ ဟောတိ၊ ၏။ အဿာသေ၊ အဿာသပဿာသလေ၌။ စိတ္တဘဝေါ၊ စိတ်ကြောင့်ဖြစ်သော။ အဋ္ဌကော၊ အဋ္ဌကကလာပ်သည်။ ဟောတိ၊ ၏။

ဒွိဇောသု၊ ဒွိဇဖြစ်ကုန်သော သေဒ-အစရှိသော ကောဋ္ဌာသလေးပါးတို့၌။ မနတေဇောဟိ၊ စိတ်တေဇောတို့ကြောင့်။ ပဝတ္တာ၊ အသီးအသီးဖြစ်ကုန်သော။ ဒွေ ဒွေ အဋ္ဌကာ၊ နှစ်ပါးနှစ်ပါးစီသော အဋ္ဌကကလာပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ သေသတေဇနိလံသေသု၊ ပါစကမှ ကြွင်းသော တေဇောကောဋ္ဌာသသုံးပါး အဿာသပဿာသမှ ကြွင်းသော ဝါယောကောဋ္ဌာသငါးပါးတို့တွင်။ ဧကေကမ္ဘိ၊ တပါးတပါး၌။ ဩဇမနဂ္ဂိဟိ၊ အာဟာရ စိတ် ဥတုတို့ကြောင့်။ ပဝတ္တာ၊ ဖြစ်ကုန်သော။ တယော တယော အဋ္ဌကာ၊ သုံးပါးသုံးပါးစီသော အဋ္ဌကလာပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ အဋ္ဌသု၊ ရှစ်ပါးကုန်သော။ သေသတေဇနိလံသေသု၊ တို့၌။ ကမ္မတော၊ ကြောင့်။ ပဝတ္တော၊ သော။ အဋ္ဌာယုနဝကော ဝေ၊ ရှစ်ပါးသော ဇီဝိတနဝကကလာပ်သည်သာလျှင်။ ဟောတိ၊ ၏။ ဣမေ အဋ္ဌ၊ ဤရှစ်ပါးကုန်သော တေဇော ဝါယောတို့သည်။ စတုဇ္ဇဝါ၊ အကြောင်းလေးပါးလုံးကြောင့် ဖြစ်ကုန်သည်။ ဟောန္တိ၊ ကုန်၏။

စတုဇောသု၊ စတုဇဖြစ်ကုန်သော။ သေသေသု၊ ကြွင်းကုန်သော။ စတုဝီသေသု၊ ကေသာစသော နှစ်ဆဲ့လေးပါးကုန်သော ကောဋ္ဌာသတို့တွင်။ ဧကေကမ္ဘိ၊ ၌။ စိတ္တနလန္နဇာ၊ စိတ် ဥတု အာဟာရကြောင့် ဖြစ်ကုန်သော။ ပိဏ္ဍာ၊ ကလာပ်တို့ကို။ တယော တယော အဋ္ဌကာ၊ သုံးပါးသုံးပါးစီသော အဋ္ဌကလာပ်တို့ဟူ၍။ ဝိညေယျာ၊ ကုန်၏။

စတုဝီသေသု အံသေသုနှစ်ဆဲ့လေးပါးသော ကောဋ္ဌာသတို့တွင်။ဧကေကမ္ဘိ၊ သော။ တဟိံ၊ ထိုကေသာအစရှိသော ကောဋ္ဌာသ၌။ ကမ္မဇာ၊ ကံကြောင့်ဖြစ်ကုန်သော။ ကာယဘာဝဝတ္ထု၊ ကာယဘာဝမည်ကုန်သော။ ဒွေ ဒွေ၊ နှစ်ပါးနှစ်ပါးကုန်သော။ ဒသကာ၊ ဒသကကလာပ်တို့သည်။ သိယုံ၊ ကုန်၏။ ပုန၊ တဖန်။ ပဉ္စ၊ ငါးပါးကုန်သော။ စက္ခုသောတာဒိ၊ စက္ခုသောတအစရှိကုန်သော။ ဝါ၊ စက္ခု သောတ ဃာန ဇိဝှါ ဟဒယဟု ဆိုအပ်ကုန်သော။ ပဒေသဒသကာပိ၊ ပဒေသဒသကကလာပ်တို့သည်ရင်း။ သဒ္ဒသခ်ိတာ၊ စိတ္တဇသဒ္ဒ ဥတုဇသဒ္ဒဟု ဆိုအပ်ကုန်သော။ ဒွေ၊ ကုန်သော။ နဝကာ စ၊ နဝကတို့သည်ရင်း။ သိယုံ၊ ကုန်၏။ ဣတိ ဧဝံ ဝုတ္တနယေန၊ ဤဆိုအပ်ပြီးသောနည်းဖြင့်။ ပရိပုဏ္ဏိန္ဒြိယေ၊ ပြည့်စုံသော စက္ခုစသော

ဍ္ဎန္ဒြေရှိသော။ ကာယေ၊ လူဖြစ်သော ယောကျ်ားမိန်းမတို့ကိုယ်၌၊ ကလာ-ပတော၊ ကလာပ်အရေအတွက်အားဖြင့်။ ကမာ၊ အစဉ်အတိုင်း။ တေ-ပညာသ၊ ငါးဆဲ့သုံးစည်းကုန်သော။ ဒသကာ စ၊ ဒသကကလာပ်တို့သည်ရင်း။ ကေံ ကေနှ၊ တစည်းဖြင့်။ အဓိကာ၊ လွန်ကုန်သော။ ဒသ၊ ဆယ်စည်းကုန်သော။ နဝကာ စ၊ နဝကကလာပ်တို့သည်ရင်း။ နဝုတ္တရ-သတာနိ၊ ကိုးစည်းဖြင့်လွန်ကုန်သော တရာကုန်သော။ အဋ္ဌကာ စ၊ အဋ္ဌက-ကလာပ်တို့သည်ရင်း။ သိယုံ၊ ကုန်၏။ ဓာတုဘေဒတော၊ ပထဝီ အာပေါ တေဇော ဝါယော ဓာတ်အပြားအားဖြင့်။ ပရိပုဏ္ဏိန္ဒြိယေ၊ သော။ ကာယေ၊ ၌။ နိပ္ဖန္နံ၊ နိပ္ဖန္နဖြစ်သော။ တံ ရူပံ၊ ထိုဒသကကလာပ်ငါးဆဲ့သုံးစည်း နဝက-ကလာပ်တဆဲ့တစည်း အဋ္ဌကကလာပ် တရာ့ကိုးစည်းတို့၌ အကျုံးဝင်သော ရုပ်သည်။ ကေပဥ္စသတံ၊ ငါးရာတခုနှင့်တကွသော။ သဟဿံ၊ တထောင်သည်။ ပဝတ္တတိ၊ ဖြစ်၏။

ဤတွင် **ပရိပုဏ္ဏိန္ဒြိယေ ကာယေ**ဟူသော ပုဒ်တို့ဖြင့် အဝိညာဏက သန္တာန်၌ ဖြစ်ခိုက်သော ဥတုဇကလာပ်နှစ်စည်းတို့ကိုရင်း, ဇစ္စန္ဓ ဇာတိဗဓိရ အဃာနက နပုန်းပဏ္ဍုက်တို့သန္တာန်၌ ဖြစ်ခိုက်သော ကလာပ်ရုပ်တို့ကိုရင်း နှစ်စေ၍ မိန်းမယောကျ်ားတွင် တပါးပါးသောလူ၏ ကိုယ်သန္တာန်၌ ဖြစ်ခိုက်သော ကလာပ်ရုပ်ကိုသာယူဟု ပြသည်။

**ကာယေ**ဟု သာမန်ဆိုသော်လည်း မဟာဘုတ်လေးပါးတို့ အပြားအားဖြင့် ပထဝီအဓိကကောဋ္ဌာသ နှစ်ဆယ်, အာပေါအဓိကကောဋ္ဌာသ တဆဲ့နှစ်ပါး, တေဇောအဓိကကောဋ္ဌာသလေးပါး, ဝါယောအဓိကကောဋ္ဌာသ ခြောက်ပါးဟူသော ကောဋ္ဌာသလေးဆဲနှစ်ပါးတို့ဖြင့် မှတ်သားပိုင်းခြား၍ ကလာပ်ရုပ်တို့ကို ပြဆိုသောအရာဖြစ်ရကား ကေသ လောမ နခ ဒန္တ အဋ္ဌိ အဋ္ဌိမိဉ္ဇ ဥဒရိယ ကရီသ သေမှ မုတ္တအစရှိသော ကောဋ္ဌာသလေးဆဲ့နှစ်ပါး လုံးနှင့် ပြည့်စုံသော ကာယကိုသာ ယူသင့်သောကြောင့် လူတို့၏ ကာယကို သာယူ။

လေးဆဲ့နှစ်ပါးသောကောဋ္ဌာသတို့တွင်....

အတ္ထိ ဣမသ္မိံ ကာယေ ကေသာ လောမာ နခါ ဒန္တာ တစော
မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ

> ပပ္ဖါသံ အန္တံ အန္တဂုဏံ ဥဒရိယံ . ကရီသံ မတ္ထလုင်္ဂံ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ သေဒေါ မေဒေါ အဿု ဝသာ ခေဠော သိင်္ဃာဏိကာ လသိကာ မုတ္တန္တိ—

ဟူ၍ **မဟာသတိပဋ္ဌာနသုတ်** (ဒီ ၂-၂၃၃-၄) ၌ ဟောတော်မူအပ်သော ကောဋ္ဌာသသုံးဆဲ့နှစ်ပါးအနက် အစဉ်အတိုင်း ကေသကစ၍ မတ္ထလုင်္ဂ်အဆုံးရှိသော နှစ်ဆယ်သည် ပထဝီအဓိကကောဋ္ဌာသ မည်၏။ ပိတ္တကစ၍ မုတ္တတိုင်အောင်သော ကောဋ္ဌာသတဆဲ့နှစ်ပါးသည် အာပေါအဓိကကောဋ္ဌာသ မည်၏။ သန္တပ္ပန ဇီရဏ ဒဟန ပါစနတေဇောလေးပါးသည် တေဇော-အဓိကကောဋ္ဌာသ မည်၏။ ဥဒ္ဓင်္ဂမ အဓောဂမ ကုစ္ဆိဋ္ဌ ကောဋ္ဌာသယ အင်္ဂမင်္ဂါနုသာရီ အဿာသပဿာသဟူသော ဝါယော ခြောက်ပါးသည် ဝါယောအဓိကကောဋ္ဌာသ မည်၏။

### ခေတ်(၄၂)ပါးနှင့် သမုဋ္ဌာန်(၄)ပါး

ထိုလေးဆဲ့နှစ်ပါးတွင် ပုဗ္ဗ မုတ္တ ဥဒရိယ ကရီသလေးပါးသည် ရုပ်ကို ဖြစ်စေတတ်သော ကံ စိတ် ဥတု အာဟာရဟူသော အကြောင်းလေးပါးတွင် ဥတုဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်၏၊ ပါစကတေဇောသည် ကံ-ဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်၏၊ အဿာသပဿာသ-ဟူသော ဝါယောသည် စိတ်ဟူသော အကြောင်းတပါးတည်းကြောင့်သာ ဖြစ်၏။ ဤသို့ **ကေဇကောဋ္ဌာသ** ခြောက်ပါးရှိသည်။ သေဒ သိင်္ဃာဏိက အဿု ခေဠ ဤလေးပါးသည် စိတ်ဥတုဟူသော အကြောင်းနှစ်ပါးတို့ကြောင့်သာ ဖြစ်ရကား **ဒွိဇကာယ** မည်၏။ ကြွင်းသော ပထဝီကောဋ္ဌာသ တဆဲ့ရှစ်ပါး အာပေါကောဋ္ဌာသ ခြောက်ပါး တေဇောကောဋ္ဌာသသုံးပါး ဝါယောကောဋ္ဌာသငါးပါးအားဖြင့် သုံးဆဲ့နှစ်ပါးသောကောဋ္ဌာသသည် ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးလုံးကြောင့် ဖြစ်၍ **စတုဇကောဋ္ဌာသ** မည်၏။

### ရူပကာယ၌ ကလာပ်အပြား

ထို လေးဆဲ့နှစ်ပါးသော ကောဋ္ဌာသတို့၌ အကြောင်းအားလျော်စွာ အသီးအသီးဖြစ်သော ကလာပ်ရုပ်တို့ကို ရေတွက်သော် ဥတုကြောင့်သာ ဖြစ်သော ပုဗ္ဗ မုတ္တ ကရီသ ဥဒရိယ-ဟူသော ကေဇကောဋ္ဌာသလေးပါးတွင်

တပါးတပါး၌ မဟာဘုတ်လေးပါး ဝဏ္ဏ ဂန္ဓ ရသ ဩဇာ-ဟူသော အဝိနိဗ္ဘောဂရုပ် ရှစ်ခုတို့သာ ဖြစ်ကောင်းရကား သုဒ္ဓဋ္ဌကကလာပ် တစည်းစီသာ ဖြစ်ကောင်း၍ အဋ္ဌကကလာပ် လေးစည်းဖြစ်သည်၊ ထိုအတူ စိတ်ကြောင့်သာဖြစ်၍ ကေဇဖြစ်သော အဿာသပဿာသကောဋ္ဌာသ၌ အဋ္ဌကကလာပ် တစည်းသာ ဖြစ်သည်။

စိတ်ဥတု နှစ်ပါးကြောင့်ဖြစ်သော သေဒ အဿု သိင်္ဃာဏိက ခေဠ-ဟူသော ဒွိဇကောဋ္ဌာသလေးပါး၌ စိတ်ကြောင့်ဖြစ်ခိုက် လေးစည်း ဥတုကြောင့်ဖြစ်ခိုက် လေးစည်းအားဖြင့် အဋ္ဌကကလာပ် ရှစ်စည်းဖြစ်သည်။

ပါစကတေဇောမှတပါး တေဇောသုံးပါး အဿာသပဿာသမှတပါး ဝါယောငါးပါးအားဖြင့် ရှစ်ပါးသောကောဋ္ဌာသတို့၌ ယင်းတို့၏အကြောင်း လေးပါးလုံးကြောင့် ဖြစ်ကောင်းရကား စိတ်ကြောင့်ဖြစ်ခိုက် ရှစ်စည်း ဥတုကြောင့်ဖြစ်ခိုက် ရှစ်စည်း အာဟာရကြောင့်ဖြစ်ခိုက် ရှစ်စည်းအားဖြင့် အဋ္ဌကကလာပ် နှစ်ဆဲ့လေးစည်းဖြစ်သည်။ ကြွင်းသော ကေသ-စသော ပထဝီကောဋ္ဌာသ တဆဲ့ရှစ်ပါး ပိတ္တ-စသော အာပေါကောဋ္ဌာသ ခြောက်ပါးအားဖြင့် ကောဋ္ဌာသ နှစ်ဆဲ့လေးပါးတို့၌လည်း ယင်းတို့၏ အကြောင်း လေးပါးလုံးကြောင့်ပင် ဖြစ်ကောင်းရကား စိတ်ကြောင့်ဖြစ်ခိုက် နှစ်ဆဲ့လေးစည်း ဥတုကြောင့်ဖြစ်ခိုက် နှစ်ဆဲ့လေးစည်း အာဟာရကြောင့်ဖြစ်ခိုက် နှစ်ဆဲ့လေးစည်းအားဖြင့် အဋ္ဌကကလာပ် ခုနစ်ဆဲ့နှစ်စည်း ဖြစ်သည်ဖြစ်၍ ဆိုအပ်ပြီးသော သဘောရှိသော ကာယ၌ဖြစ်သော **အဋ္ဌကကလာပ်ပေါင်း တရာ့ကိုးစည်း** ရှိ၏။

ကံကြောင့်သာဖြစ်သော ပါစကတေဇောကောဋ္ဌာသ၌ ဇီဝိတနဝကကလာပ်တစည်း ကံကြောင့်ဖြစ်ခိုက်သော တေဇောကောဋ္ဌာသသုံးပါး အဿာသပဿာသမှတပါး ဝါယောကောဋ္ဌာသငါးပါးအားဖြင့် ကောဋ္ဌာသ ရှစ်ပါးတို့၌ တပါးလျှင် ဇီဝိတနဝကတစည်းစီဖြစ်၍ ရှစ်စည်းအားဖြင့် ဇီဝိတနဝကကိုးစည်း ဥတုဇဖြစ်သော သဒ္ဒကောဋ္ဌာသ စိတ္တဇဖြစ်သော သဒ္ဒကောဋ္ဌာသနှစ်ပါးတို့၌ တပါးလျှင် နဝကတစည်းစီဖြစ်၍ သဒ္ဒနဝက နှစ်စည်းအားဖြင့် **နဝကကလာပ်တဆဲ့တစည်း** ဖြစ်၏။

ကံကြောင့်ဖြစ်ခိုက် ကောဋ္ဌာသအစရှိသော နှစ်ဆဲ့လေးပါးတို့၌ တပါးလျှင် ကာယဒသကတစည်း ဘာဝဒသကတစည်းစီဖြစ်၍ ကာယဒသက

နှစ်ဆဲ့လေးစည်း ဘာဝဒသက နှစ်ဆဲ့လေးစည်း စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ဝတ္ထုဒသက-ဟူ၍ ပဒေသဒသကငါးစည်းအားဖြင့် **ဒသကကလာပ် ငါးဆဲ့သုံးစည်း** ဖြစ်၏။ ဤသို့ ပြဆိုပြီးခဲ့သော သဘောရှိသော ရူပကာယသန္တာန်၌ ကလာပ်ပေါင်း ကရာ့ခုနစ်ဆဲ့သုံးစည်း ရှိ၏။

## ပြည့်စုံသော ရူပကာယ၌ ရုပ်အပြား

ထိုတွင် အဋ္ဌကတရာ့ကိုးစည်း၌ တစည်းလျှင် ရှစ်ခုစီဖြစ်၍ ရုပ် ရှစ်ရာ့ခုနစ်ဆဲ့နှစ်, နဝကကလာပ် တဆဲ့တစည်း၌ တစည်းလျှင် ကိုးခုစီဖြစ်၍ ကိုးဆဲ့ကိုး, ဒသကငါးဆဲ့သုံးစည်း၌ တစည်းလျှင် တဆယ်စီဖြစ်၍ ငါးရာ့သုံးဆယ်အားဖြင့် ပြဆိုအပ်ပြီးသော သဘောရှိသောကာယ၌ ဖြစ်သော **ရုပ်ပေါင်း တထောင့်ငါးရာ့တခု** ရှိ၏။

ထို မိန်းမယောကျ်ားတို့သန္တာန်ဝယ် ဝိညတ်ဝိကာရတို့နှင့် စပ်သော ကလာပ်ရုပ်တို့ ဖြစ်ကောင်းသော်လည်း "ပရိပုဏ္ဏိန္ဒြိယေ ရူပံ နိပ္ဖန္နံ ဓာတု-ဘေဒတော"ဟူ၍ နိပ္ဖန္နရုပ်တို့ကိုသာ ပြဆိုသောအရာ ဖြစ်ရကား အရာအားလျော်စွာ ကာယဝိညတ္တိနဝက ဝစီဝိညတ္တိဒသက လဟုတာဒိတ္တယနှင့် စပ်သော ဧကာဒသက ဒွါဒသက တေရသကကလာပ်တို့ကို မယူမူ၍ နိပ္ဖန္နသက်သက်ဖြစ်သော ကလာပ်ရုပ်တို့ကိုသာ ရေတွက်ပြဆိုသည်။

ကောဋ္ဌာသလေးဆဲ့နှစ်ပါးတွင် အကြောင်းလေးပါးအနက် ဥတုကြောင့်သာဖြစ်သော ပုဗ္ဗ မုတ္တ ကရီသ ဥဒရိယ ကောဋ္ဌာသလေးပါး, စိတ်ကြောင့်သာဖြစ်သော အဿာသပဿာသကောဋ္ဌာသ တပါးအားဖြင့် ငါးပါးသော ကောဋ္ဌာသ၌ တပါးလျှင် အဋ္ဌကတစည်း ရုပ်ရှစ်ခုစီသာဖြစ်၍ ကလာပ် ငါးစည်း ရုပ်လေးဆယ်။

ပါစကတေဇောကောဋ္ဌာသ ဥတုဇသဒ္ဒကောဋ္ဌာသ စိတ္တဇသဒ္ဒကော-ဋ္ဌာသ သုံးပါးတို့၌ တပါးလျှင် နဝကတစည်း ရုပ်ကိုးခုစီဖြစ်၍ ကလာပ်သုံးစည်း ရုပ်နှစ်ဆဲ့ခုနစ်။

သေဒ သိင်္ဃာဏိက အဿု ခေဠ ကောဋ္ဌာသလေးပါးတို့၌ တပါးလျှင် စိတ်ကြောင့်ဖြစ်ခိုက် အဋ္ဌကတစည်း ရုပ်ရှစ်ခု၊ ဥတုကြောင့်ဖြစ်ခိုက် အဋ္ဌက-ည်း ရု ပ်ရှစ်ခုအားဖြင့် ကလာပ်ရှစ်စည်း ရုပ်ခြောက်ဆဲ့လေးခု။

ပါစကမှတပါး တေဇောသုံးပါး အဿာသပဿာသမှတပါး ဝါယော ငါးပါးအားဖြင့် ကောဋ္ဌာသရှစ်ပါးတို့၌ တပါးလျှင်စိတ္တဇဖြစ်ခိုက် အဋ္ဌက တစည်း ရုပ်ရှစ်ခု၊ ဥတုဇဖြစ်ခိုက် အဋ္ဌကတစည်း ရုပ်ရှစ်ခု၊ အာဟာရဇ ဖြစ်ခိုက် အဋ္ဌကတစည်း ရုပ်ရှစ်ခု၊ ကမ္မဇဖြစ်ခိုက် နဝကတစည်း ရုပ်ကိုးခု အားဖြင့် တပါးလျှင် ကလာပ်လေးစည်း ရုပ်သုံးဆဲ့သုံးခုစီဖြစ်၍ ကလာပ် သုံးဆဲ့နှစ်စည်း ရုပ်နှစ်ရာ့ ခြောက်ဆဲ့လေးခု။

ကြွင်းသော ကေသအစရှိသော ကောဋ္ဌာသနှစ်ဆဲ့လေးပါးတို့၌ တပါး လျှင် စိတ္တဇဖြစ်ခိုက် အဋ္ဌကတစည်း ရုပ်ရှစ်ခု၊ ဥတုကြောင့်ဖြစ်ခိုက် အဋ္ဌက တစည်း ရုပ်ရှစ်ခု၊ အာဟာရဇဖြစ်ခိုက် အဋ္ဌကတစည်း ရုပ်ရှစ်ခု၊ ကမ္မဇ ဖြစ်ခိုက် ကာယဒသကတစည်း ဘာဝဒသကတစည်းဖြစ်၍ ကလာပ်နှစ်စည်း ရုပ်နှစ်ဆယ်အားဖြင့် ကလာပ်ငါးစည်း ရုပ်လေးဆဲ့လေးခုစီ ဖြစ်ရကား ကလာပ်တရာ့နှစ်ဆယ် ရုပ်တထောင့် ငါးဆဲ့ခြောက်ခု။

စက္ခုဒသက သောတဒသက ဃာနဒသက ဇိဝှါဒသက ဝတ္ထုဒသက ဟူသော ပဒေသဒသကငါးပါး၌ ကလာပ်ငါးစည်း ရုပ်ငါးဆယ်ဖြစ်၍ ပြဆို အပ်ပြီးသော သဘောရှိသော ကိုယ်သန္တာန်၌ **ကလာပ်ပေါင်း တရာ့ခုနှစ်ဆဲ့ သုံးစည်း ရုပ်ပေါင်းတထောင့်ငါးရာတခု** ဖြစ်၏။ ဤသို့လည်း တနည်း ရေတွက်လေ။

## ချို့သော ရူပကာယ၌ ရုပ်အပြား

အဋ္ဌကထာဝယ် ပရိပုဏ္ဏိန္ဒြိယ လူဖြစ်သော မိန်းမယောကျ်ားတို့ကိုယ်၌ ရှိသော နိပ္ဖန္နဖြစ်သော ကလာပ်ရုပ်တို့ကိုသာ ရေတွက်ပြဆိုသည်၊ နပုန်း-ပဏ္ဍုက်ဖြစ်ခဲ့သော် ဘာဝဒသကကလာပ်ရုပ်တို့ကို မရကောင်းသောကြောင့် ပြဆိုခဲ့ပြီးသော ကလာပ်ရုပ်တို့တွင် ကေသစသော ကောဋ္ဌာသနှစ်ဆဲ့လေး ပါးတို့၌ ဘာဝဒသကနှစ်ဆဲ့လေးစည်း ရုပ်နှစ်ရာ့လေးဆယ်တို့ကို ပယ်နုတ်၍ ထိုပဏ္ဍုက်တို့၏ ကိုယ်သန္တာန်၌ ကလာပ်ပေါင်း တရာ့လေးဆဲ့ကိုးစည်း ရုပ်ပေါင်း တထောင့်နှစ်ရာ့ခြောက်ဆဲ့တခုရှိ၏ဟု ရေတွက်လေ။

ထိုပုဂ္ဂိုလ်တို့အား စက္ခု သောတ ဃာနတို့ချို့သော် ချို့ကောင်းရကား စက္ခုချို့သော **ဇစ္စန္ဓ**သော်ရင်း, သောတချို့သော **ဇာတိဗဓိရ**သော်ရင်း,

ဃာနချိုသော **အဃာနကသော်** ဒင်းဖြစ်ခဲ့မူ၊ ချိုသော ကလာပ်တစည်း ရုပ်တဆယ်ကို ယခင်ပြဆိုခဲ့ပြီးသော ကလာပ်ရုပ်တို့မှ နုတ်၍....စက္ခု သောတသော်ဒင်း,စက္ခု ဃာနသော်ဒင်း,သောတ ဃာနသော်ဒင်း နှစ်ပါးစုံ ချိုမူ ချိုသော ကလာပ်နှစ်စည်း ရုပ်နှစ်ဆယ်ကိုနုတ်၍....စက္ခု သောတ ဃာနသုံးပါးလုံးချိုမူ ကလာပ်သုံးစည်း ရုပ်သုံးဆယ်ကိုနုတ်၍ ရေတွက်လေ။

ဤ**သစ္စသံခိပ်အဋ္ဌကထာ**ဝယ် ဇီဝိတနဝကၡ် တေဇောကောဋ္ဌာသ လေးပါး အဿာသပဿာသမှတပါး ဝါယောကောဋ္ဌာသငါးပါးအားဖြင့် ကောဋ္ဌာသကိုးပါးတို့၌ ဖြစ်ကြောင်းကို ပြဆိုသည်ကိုထောက်၍ ယခင်ပြ ထားသော ပုစ္ဆာကို ဇီဝိတနဝကကလာပ်သည် တေဇောလေးပါး ဝါယော ငါးပါးအားဖြင့် ကောဋ္ဌာသကိုးပါး၌တည်၏ဟူ၍ဒင်း, တည်ရာကောဋ္ဌာသ ကိုးပါးရှိရကား ကိုးပါးအပြားရှိ၏ဟူ၍ဒင်း ဖြေကြားအပ်၏။

## ၁၅-စိတ္တဇကလာပ် ဝါဒကွဲ စိစစ်ချက်
## ဝိတက္ကဝိပ္ဖါရသဒ္ဒရှိ,မရှိ

သုဒ္ဓဋ္ဌ ဝိညတ္တိယုတ္တာ၊ နဝကောပိ စ ဒသကော။
သုဒ္ဓသဒ္ဒေန နဝကော၊ လဟုတာဒိဒသေကကော။
ဝိညတ္တိလဟုတာဒီဟိ၊ ပုန ဒွါဒသ တေရသ။
စိတ္တဇာ ဣတိ ဝိညေယျာ၊ ကလာပါ သတ္တ ဝါ ဆ ဝါ။
(**သစ္စသံခိပ်အဋ္ဌကထာ** (၄) ဝယ် စိတ္တဇကလာပ်တို့၏ သရုပ်သချာကိုပြရာ လာသောဂါထာ)။

သုဒ္ဓဋ္ဌ သုဒ္ဓဋ္ဌကော၊ သဒ္ဒဝိညတ်စသည်မဘက် သက်သက်သော အဝိ- နိဗ္ဘောဂရုပ် ရှစ်ခုအပေါင်းဟူသော သုဒ္ဓဋ္ဌကကလာပ်ဒင်း။ ဝိညတ္တိယုတ္တာ ဝိညတ္တိယုတ္တော၊ ကာယဝိညတ်နှင့်စပ်ယှဉ်ရောရှက်သော အဝိနိဗ္ဘောဂရုပ် ရှစ်ခုအပေါင်းဟူသော။ နဝကောပိ စ၊ ကာယဝိညတ္တိနဝကဒင်း။ ဝိညတ္တိ- ယုတ္တာ ဝိညတ္တိယုတ္တော၊ ဝစီဝိညတ်သဒ္ဒတို့နှင့် စပ်ယှဉ်ရောရှက်သော ဒင်းရုပ် ရှစ်ခုအပေါင်းဟူသော။ဒသကောပိ စ၊ ဝစီဝိညတ္တိဒသကဒင်း။ သုဒ္ဓသဒ္ဒေန၊ ဝစီဝိညတ်မဘက် သက်သက်သောသဒ္ဒနှင့်။ ယုတ္တော၊ စပ်ယှဉ်ရောရှက်သော

ရုပ်ရှစ်ခုအပေါင်းဟူသော။ နဝကော၊ သဒ္ဒနဝကရင်း။ လဟုတာဒိဒသေ-ကကော။ လဟုတာအစရှိသော။ ဝါ၊ လဟုတာ မုဒုတာ ကမ္မညတာဟူသော ဝိကာရရုပ်သုံးခုတို့နှင့် စပ်ယှဉ်ရော‌ရှက်သော ရုပ်ရှစ်ခုအပေါင်းဟူသော လဟုတာဒေကာဒသကကလာပ်ရင်း။

ပုန၊ တဘန်။ ဝိညတ္တိလဟုတာဒီဟိ၊ ကာယဝိညတ် လဟုတာစသော ရုပ်သုံးခုဟူသော လေးပါးတို့နှင့်။ ယုတ္တော၊ စပ်ယှဉ်ရောရှက်သော ရုပ်ရှစ်ခု အပေါင်းဟူသော။ ဒွါဒသ၊ကာယဝိညတ္တိလဟုတာဒိဒွါဒသကကလာပ်ရင်း။ ဝိညတ္တိလဟုတာဒီဟိ၊ ဝစီဝိညတ် သဒ္ဒလဟုတာစသည်ဟူသော ရုပ်ငါးခု တို့နှင့်။ ယုတ္တော၊ သော။ တေရသ၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်ရင်း။ ဣတိ၊ ဤသို့။ စိတ္တဇာ၊ စိတ္တဇဖြစ်ကုန်သော။ ကလာပါ၊ ကလာပ်တို့ကို။ သတ္တ ဝါ၊ ခုနစ်ပါးတို့ဟူ၍ရင်း။ ဆ ဝါ၊ ခြောက်ပါးတို့ဟူ၍ ရင်း။ ဝိညေယျာ၊ သိအပ်ကုန်၏။

ဤ အဋ္ဌကထာဝယ် “သတ္တ ဝါ” ဟူသောစကားကို ဤဤ ထိုထို စကားကို ဆိုအံ့ဟု ကြံစည်သောပုဂ္ဂိုလ်အား ဝိတက်ပျံ့ခြင်းကြောင့်ဖြစ်သော **ဝိတက္ကဝိပ္ဖါရသဒ္ဒ**မည်သည် ဖြစ်၏၊ ထို ဝိတက္ကဝိပ္ဖါရသဒ္ဒကို သောတဝိညာဉ် သောတဒွါရဝိထိတို့ဖြင့် မကြားမသိအပ်၊ မနောဒွါရဝီထိဖြင့်သာ သိအပ် သည်ဟူ၍ **မဟာအဋ္ဌကထာ**ဝယ် ပြဆိုလာရှိကြောင်း—

> ယာ တာယ ဝါစာယ ဝိညတ္တိ ဝိညာပနာ ဝိညာပိတတ္တံ၊ ဣဒံ တံ ရူပံ ဝစီဝိညတ္တီတိ။ ဣဒံ ဝက္ခာမိ, ဧတံ ဝက္ခာမီတိ ဟိ ဝိတက္က-ယတော ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ ဥပ္ပဇ္ဇတိ။ အယံ န သောတ-ဝိညေယျော၊ မနောဝိညေယျောတိ မဟာအဋ္ဌကထာယံ အာ-ဂတော—

ဟူ၍ **အဋ္ဌသာလိနီအဋ္ဌကထာ**( ၁၂၈ )ဝယ် ပြဆိုအပ်သော မဟာအဋ္ဌကထာ ဝါဒကို ယူ၍ဆိုတော်မူသည်။

“ဆ ဝါ”ဟူသော စကားကိုကား—သောတဒွါရဝီထိဖြင့် မသိအပ် မသိနိုင် မကြားမသိကောင်းသော **ဝိတက္ကဝိပ္ဖါရသဒ္ဒ**မည်သည် မရှိကြောင်း နှင့် သုတ္တန်အဋ္ဌကထာ, ပဋ္ဌာန်းပါဠိတော် အစရှိသော အာဂုံသာကေတို့ဖြင့် ထုတ်ဆောင်ပြဆိုအပ်သော—

> အာဂမအဋ္ဌကထာသု ပန ဝိတက္ကဝိပ္ဖါရသဒ္ဒန္တိ ဝိတက္ကဝိပ္ဖါရ-ဝသေန ဥပ္ပန္နံ ဝိလပန္တာနံ သုတ္တပမတ္တာဒီနံ သဒ္ဒံ။ သုတွာတိ တံ သုတွာ ဝိတက္ကယတော တဿ ယော သဒ္ဒေါ ဥပ္ပန္နော၊ တဿ ဝသေန ဧဝမ္ပိ တေ မနော ဣတ္ထမ္ပိ တေ မနောတိ အာဒိဿတိတိ ဝတွာ ဝတ္ထုနိပိ ကထိတာနိ။ ပဋ္ဌာနေပိ "စိတ္တသမုဋ္ဌာနံ သဒ္ဒါ-ယတနံ သောတဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော"တိ အာဂတံ။ တသ္မာ ဝိနာ ဝိညတ္တိဃဋ္ဋနာယ ဥပ္ပဇ္ဇမာနော အသော-တဝိညေယျော ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ နတ္ထိ။ ဣဒံ ဝက္ခာမိ ဧတံ ဝက္ခာမီတိ ဥပ္ပဇ္ဇမာနံ ပန စိတ္တံ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ အဋ္ဌ ရူပါနိ သမုဋ္ဌာပေတိ။ တေသံ အဗ္ဘန္တရေ စိတ္တသမုဋ္ဌာနာ ပထဝီဓာတု ဥပါဒိဏ္ဏကံ ဃဋ္ဋယမာနာဝ ဥပ္ပဇ္ဇတိ။ တေန ဓာတု-သင်္ဃဋ္ဋနေန သဟေဝ သဒ္ဒေါ ဥပ္ပဇ္ဇတီတိ အယံ စိတ္တသမုဋ္ဌာနသဒ္ဒေါ နာမ။ အယံ န ဝိညတ္တိ။ တဿာ ပန စိတ္တသမုဋ္ဌာနာယ ပထဝီ-ဓာတုယာ ဥပါဒိဏ္ဏကဃဋ္ဋနသ္သ ပစ္စယဘူတော ဧကော အာကာရ-ဝိကာရော အတ္ထိ၊ အယံ ဝစီဝိညတ္တိ နာမ—

ဟူသော ၎င်း**အဋ္ဌသာလိနီအဋ္ဌကထာ**ဝါဒကိုယူ၍ ဆိုတော်မူသည်။

တာယ ဝါစာယ၊ ထိုစကားဖြင့်။ ယာ ဝိညတ္တိ၊ မိမိအလိုကို သူတပါး တို့အား အကြင်သိစေခြင်းသည်။ ယာ ဝိညာပနာ၊အကြင်သိစေခြင်းသည်။ ယံ ဝိညာပိတတ္တံ၊ အကြင်သိအပ်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ ဣဒံ တံ ရူပံ၊ မိမိအလိုကို သူတပါးတို့အား သိစေကြောင်းဖြစ်သော ထိုရုပ်သည်။ ဝစီဝိညတ္တိ၊ ဝစီဝိညတ်မည်၏။ ဟိ ဝိတ္ထာရေမိ၊ ချဲ့ဦးအံ့။ ဣဒံ၊ ဤ စကား ကို။ ဝက္ခာမိ၊ ဆိုအံ့။ ဧတံ၊ ထိုစကားကို။ ဝက္ခာမိ၊ အံ့။ ဣတိ၊ သို့။ ဝိတက္ကယတော၊ ကြံသောပုဂ္ဂိုလ်အား။ ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ၊ ဝိတက် ပျံ့ခြင်းကြောင့်ဖြစ်သော အသံမည်သည်။ ဥပ္ပဇ္ဇတိ၊ ၏။ အယံ သဒ္ဒေါ၊ ဤ ဝိတက္ကဝိပ္ဖါရသဒ္ဒကို။ န သောတဝိညေယျော၊ သောတဝိညာဉ်ဖြင့် မသိ အပ်။ မနောဝိညေယျော၊ မနောဝိညာဉ်ဖြင့်သာ သိအပ်၏။ ဣတိ အယံ ဝါဒေါ၊ ဤသို့သော အယူဝါဒသည်။ မဟာအဋ္ဌကထာယံ၊ ၌။ အာဂတော၊ လာ၏။ ပန၊ ထိုသို့ပင် လာသော်လည်း။ အာဂမအဋ္ဌကထာသု၊ သုတ္တန်

အဋ္ဌကထာတို့၌။ ဝိတက္ကဝိပ္ဖါရသဒ္ဒန္တိ၊ ဟူသည်ကား။ ဝိတက္ကဝိပ္ဖါရဝသေန၊ ဝိတက်ပျံ့သည်၏ အစွမ်းဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝိလပန္တာနံ၊ ယောင်ယမ်း မြည်တမ်းကုန်သော။ သုတ္တပမတ္တာဒီနံ၊ အိပ်ပျော်သောသူ, မေ့လျော့သော သူအစရှိသည်တို့၏။ သဒ္ဒံ၊ အသံကို။ သုတွာတိ၊ သုတွာ-ဟူသည်ကား။ တံ၊ ထိုဝိတက္ကဝိပ္ဖါရသဒ္ဒကို။ သုတွာ၊ ကြား၍။ ဝါ၊ ကြောင့်။ ဝိတက္ကယ- တော၊ ကြံသော။ တဿ၊ထိုပုဂ္ဂိုလ်အား။ ယော သဒ္ဒေါ၊ အကြင်သဒ္ဒသည်။ ဥပ္ပန္နော၊ ၏။ တဿ သဒ္ဒဿ၊ ၏။ ဝသေန၊ ဖြင့်။ ဝေမ္ပိ၊ ဤသို့လည်း။ တေ၊ သင်၏။ မနော၊ စိတ်သည်။ ဝါ၊ စိတ်အကြံသည်။ ဥပ္ပန္နော၊ ၏။ ဣတ္ထမ္ပိ၊ ဤသို့လည်း။ တေ၊ ၏။ မနော၊ သည်။ ဥပ္ပန္နော၊ ၏။ ဣတိ၊ သို့။ အာဒိဿတိ၊ မြည်တမ်းယောင်ယမ်းသော ပုဂ္ဂိုလ်၏စိတ်အကြံကို ဘော်ပြ ညွှန်ကြားနိုင်၏။ ဣတိ၊ သို့။ ဝတွာ၊ ဆို၍။ ဝုတ္တာနုံပိ၊ ဝုတ္တုတို့ကိုလည်း။ ကထိတာနိ၊ ဆိုအပ်ကုန်၏။ ပဋ္ဌာနေပိ၊ ပဋ္ဌာန်းပါဠိတော်၌လည်း။ "စိတ္တ- သမုဋ္ဌာနံ သဒ္ဒါယတနံ သောတဝိညာဏဿ အာရမ္မဏပစ္စယေန ပစ္စယော"တိ၊ "စိတ္တ။ပ။ ပစ္စယော"ဟူ၍။ အာဂတံ၊ စိတ္တဇသဒ္ဒ၏ သောတဝိညာဉ်အား အာရမ္မဏပစ္စယသတ္တိဖြင့် ကျေးဇူးပြုသည်၏အဖြစ်သည် လာ၏။ တသ္မာ၊ ထိုသို့ ဝိတက္ကဝိပ္ဖါရ စိတ္တဇသဒ္ဒ၏ သောတဝိညာဉ်အား အာရမ္မဏပစ္စည်း တပ်သည်၏အဖြစ်သည် သုတ္တန်အဋ္ဌကထာ,ပဋ္ဌာန်းပါဠိတော်တို့၌ လာသည် ၏အဖြစ်ကြောင့်။ ဝိညတ္တိဃဋ္ဋနာယ၊ ဝိညတ်၏အစွမ်းဖြင့် ဘုတ်တို့၏ ထိပါးခြင်းကို။ ဝိနာ၊ ကင်း၍။ ဥပ္ပဇ္ဇမာနော၊ သော။ အသောတဝိညေ- ယျော၊ သောတဝိညာဉ်ဖြင့် မသိအပ်ကောင်းသော။ ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ၊ မည်သည်။ နတ္ထိ၊ မရှိ။ ပန၊ ထိုစကားကိုထင်ရှားပြဦးအံ့။ ဣဒံ၊ ကို။ ဝက္ခာမိ၊ အံ့။ တေ၊ ကို။ ဝက္ခာမိ၊ အံ့။ ဣတိ၊ သို့။ ဥပ္ပဇ္ဇမာနံ၊ သော။ စိတ္တံ၊ သည်။ ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု ဝဏ္ဏော ဂန္ဓော ရသော ဩဇာတိ၊ ပထဝီဓာတ်။ပ။ ဩဇရုပ်ဟူကုန်သော။ အဋ္ဌ ရူပါနိ၊ ရှစ်ပါးသောရုပ်တို့ကို။ သမုဋ္ဌာပေတိ၊ ဖြစ်စေ၏။ တေသံ၊ ထို စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ်ရှစ်ခုတို့၏။ အဗ္ဘန္တရေ၊ အတွင်း၌။ စိတ္တသမုဋ္ဌာနာ၊ စိတ်ကြောင့်ဖြစ်သော။ ဝါ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော။ ပထဝီဓာတု၊ သည်။ ဥပါဒိန္နကကံ၊ ဥပါဒိန္နကမ္မဇဖြစ်သော။ ဝါ၊ လည်ချောင်း အာစောက်စသည်၌ရှိသော ပထဝီဓာတ်ကို။ ဃဋ္ဋယမာနာဝ၊ ထိခိုက်၍သာ လျှင်။ ဥပ္ပဇ္ဇတိ၊ ၏။ တေန ဓာတုသံဃဋ္ဋနေန၊ ထိုစိတ္တဇပထဝီ၏ အက္ခရာ

ဖြစ်ရာ၌ဥ၁န ကဏ္ဍတာလုစသည်၌ရှိသော ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်းနှင့်။ သဟော၀၊ တပြိုင်နက်သာလျှင်။ သဒ္ဒေါ၊ သည်။ ဥပ္ပဇ္ဇတိ၊ ၏။ ဣတိ အယံ သဒ္ဒေါ၊ သည်။ စိတ္တသမုဋ္ဌာနသဒ္ဒေါ နာမ၊ စိတ်လျှင်ဖြစ်ကြောင်းရှိသော သဒ္ဒမည်၏။ အယံ သဒ္ဒေါ၊ သည်။ န ဝိညတ္တိ၊ ဝိညတ်မဟုတ်။ စိတ္တသမုဋ္ဌာနာယ၊ သော။ တဿာ ပထဝီဓာတုယာ၊ ၏။ ဥပါဒိဏ္ဏကဃဋ္ဋနသ၊ ကဏ္ဍတာလုစသည်၌ရှိသော ဥပါဒိဏ္ဏက ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်ခြင်း၏။ ပစ္စယဘူတော၊ အကြောင်းဖြစ်၍ဖြစ်သော။ ကောဝ၊ တခုသော။ အာကာရဝိကာရော၊ အခြင်းအရာအထူးသည်။ အတ္ထိ၊ ၏။ အယံ အာကာရဝိကာရော၊ သည်။ ဝစီဝိညတ္တိ နာမ၊ မည်၏။

စိတ္တဇကလာပ်တို့၏ သရုပ်သချြာကိုပြရာ "သတ္တ ဝါ ဆ ဝါ"ဟူ၍ဆိုခြင်း၌ အကြောင်းကို စောဒနာသောဓနောနှင့် တကွဆိုသော **သစ္စသင်္ခေပဋီကာသစ်**၌ ဆိုဟန်ကို ပြလိုက်ဦးအံ့။

> ကလာပါ သတ္တ ဝါ ဆ ဝါတိ ဧတ္ထ ဝါသဒ္ဒေါ အနိယမတ္ထော။ ယသ္မာ စ အနိယမတ္ထော၊ တသ္မာ စိတ္တဇာ ကလာပါ သတ္တ ဝါ ဆ ဝါ ဝိညေယျာတိ ဝုတ္တံ ဟောတိ။ ကသ္မာ ပနိမ အနိယမနံ ကတံ၊ နနု စ အညတ္ထ ဧကံသေန ဆ ဧဝ စိတ္တဇကလာပါ ဝုတ္တာ။ ယထာဟ "ဣတ္ထံ စိတ္တသမုဋ္ဌာနာ ဆ ကလာပါတိ ကထိတာ"တိ၊ တထာပိ ယသ္မာ မဟာအဋ္ဌကထာဓိပ္ပါယေန အဝိညတ္တိကော ဝိတက္ကဝိပ္ဖါရ-စိတ္တသမုဋ္ဌာနသဒ္ဒေါ ဂဟိတော၊ တသ္မာ သတ္တ ဝါ။ ယသ္မာ စ ပန သင်္ဂဟကာရေဟိ သဒ္ဒေါ စ ဟောတိ န သောတဝိညေယျောတိ ဝိရုဒ္ဓမေတန္တိ မညမာနေဟိ မဟာအဋ္ဌကထာဝါဒေါ ပဋိက္ခိတ္တော။ ဘဂဝတာပိ စ "ယာ တာယ ဝါစာယ ဝိညတ္တိ"တိ စ သာ သဒ္ဒဝါစာ သဝိညတ္တိကာဝ ဝုတ္တာ၊ တသ္မာ ဆ ဝါ ဝိညေယျာတိ အဓိပ္ပါယော။ ဣစ္စေဝံ စိတ္တဇာ သဒ္ဒနဝကဿ ဂဟဏေန သတ္တ ဝါ၊ အဂ္ဂဟဏေန ဆ ဝါတိ ဒဋ္ဌဗ္ဗံ။ ။**သစ္စသင်္ခေပဋီကာသစ်**။

ကလာပါ သတ္တ ဝါ ဆ ဝါတိ ဧတ္ထ၊ ကလာပါ သတ္တ ဝါ ဆ ဝါ ဟူသော ဤပါဌ်၌။ သမာသိနိဝိဋ္ဌော၊ သော။ ဝါသဒ္ဒေါ၊ သည်။ အနိယမတ္ထော၊ အနိယမအနက်ရှိ၏။ ယသ္မာ စ၊ အကြင်ကြောင့်ကား။ ဝါသဒ္ဒေါ၊ သည်။ အနိယမတ္ထော၊ ၏။ တသ္မာ၊ ထိုသို့ ဤပါဌ်၌ ဝါ-သဒ္ဒါ၏ အနိယမ

အနက်ရှိသည်၏ အဖြစ်ကြောင့်။ စိတ္တဇာ၊ ကုန်သော။ ကလာပါ၊ တို့ကို။ သတ္တ ဝါ၊ ခုနစ်ပါးတို့ဟူ၍သော်ငြင်း။ ဆ ဝါ၊ ခြောက်ပါးတို့ဟူ၍သော်ငြင်း။ ဝိညေယျာ၊ ကုန်၏။ဣတိ၊ သို့။ဝုတ္တံ၊ အဋ္ဌကထာဆရာ ဆိုလိုသည်။ ဟောတိ၊ ၏။ ပန၊ စောဒနာဘွယ်ရှိသည်ကို ပြ၍ ဖြေကြားဦးအံ့။ ကသ္မာ၊ ကြောင့်။ ဣဓ၊ ဤစိတ္တဇကလာပ်၏ သရုပ်သင်္ချာကိုပြရာ၌။ အနိယမနံ၊ စိတ္တဇကလာပ်၏ အရေအတွက်မမြဲခြင်းကို။ ကတံ၊ ပြုအပ်သနည်း။ အညတ္ထ၊ တပါးသောကျမ်း၌။ ကေသေန၊ တခုတည်းသောအဘို့အားဖြင့်။ စိတ္တဇကလာပါ၊ တို့ကို။ ဆ ဧဝ၊ ခြောက်စည်းတို့ဟူ၍သာလျှင်။ ဝုတ္တာ နနု၊ ဆိုအပ်ပါကုန်သည် မဟုတ်တုံလော။ ယထာဟ၊ စိတ္တဇကလာပ်တို့၏ ခြောက်စည်းသာရှိသည်၏ အဖြစ်ကို ကျမ်းတပါးဝယ် အဘယ်သို့ ဆိုအပ်သနည်းဟူမူကား။ “ဣတ္ထံ စိတ္တသမုဋ္ဌာနာ ဆ ကလာပါတိ ကထိတာ”တိ၊“ဣတ္ထံ။ပ။ကထိတာ”-ဟူ၍။ ဝုတ္တာ၊ ကုန်၏။

တနည်း....ယထာ ယေန ကာရဏေန၊ အကြင်သို့သော အကြောင်းကြောင့်။ စိတ္တဇကလာပါ၊ တို့သည်။ ကေသေန၊ ဖြင့်။ ဆ ဧဝ၊ ခြောက်စည်းတို့သာလျှင်။ ဟောန္တိ၊ ကုန်၏။ တထာ တေန ကာရဏေန၊ ထိုသို့ စိတ္တဇကလာပ်၏ စင်စစ် ခြောက်စည်းသာဖြစ်သည်၏ အဖြစ်တည်းဟူသော အကြောင်းကြောင့်။ “ဣတ္ထံ စိတ္တသမုဋ္ဌာနာ ဆ ကလာပါတိ ကထိတာ”တိ၊ ဟူ၍။ အညတ္ထ၊သစ္စသံခိပ်မှတပါးသော အဋ္ဌကထာ၌။ အာဟ၊ ၏။ အထ။ ထိုသို့ ကျမ်းတပါးဝယ် ကေန္တအားဖြင့် စိတ္တဇကလာပ်၏ ခြောက်စည်းသာရှိသည်၏အဖြစ်ကို ဣတ္ထံ စိတ္တသမုဋ္ဌာနာအစရှိသည်ဖြင့် ပြဆိုပါလျက်။ ကသ္မာ၊ ကြောင့်။ အနိယမနံ၊ သတ္တ ဝါ ဆ ဝါ-ဟူသော စကားဖြင့် စိတ္တဇကလာပ်၏ အရေအတွက်အားဖြင့် မမြဲသည်၏အဖြစ်ကို။ ကတံ၊ သစ္စသံခိပ်ဆရာ ပြုအပ်သနည်း။ ဣတိ၊ ဤသို့ စောဒနာဘွယ်ရှိ၍။ အညတ္ထ၊ ကျမ်းတပါး၌။ “ဣတ္ထံ။ပ။ ကထိတာ”တိ၊ ၍။ ကေသေန၊ ဖြင့်။ စိတ္တဇကလာပါ၊ တို့ကို။ ဆ ဧဝ၊ တို့ဟူ၍သာလျှင်။ ကိဥ္စာပိ ဝုတ္တာ၊ အကယ်၍ကား ဆိုအပ်ပါပေကုန်၏။ တထာပိ၊ ထိုသို့ပင် စိတ္တဇကလာပ်၏ ခြောက်စည်းသာ ရှိသည်၏ အဖြစ်ကို ကျမ်းတပါးဝယ် ဆိုအပ်သော်လည်း။ ယသ္မာ၊ ကြောင့်။ မဟာ-အဋ္ဌကထာဓိပ္ပါယေန၊ မဟာအဋ္ဌကထာ၌လာသော အလိုအားဖြင့်။ အ-ဝိညတ္တိကော၊ ဝစီဝိညတ်မှ ကင်းသော။ ဝိတက္ကဝိပ္ဖါရစိတ္တသမုဋ္ဌာနသဒ္ဒေါ၊

ဝိတက်ပံ့ပိုးသည်၏ အစွမ်းဖြင့် စိတ်လျှင်ဖြစ်ကြောင်းရှိသော သဒ္ဒကို။ ဂဟိ- တော၊ မဟာအဋ္ဌကထာဆရာတို့ ယူအပ်၏။ တသ္မာ၊ ထိုသို့ အဝိညတ္တိက- စိတ္တဇသဒ္ဒကို မဟာအဋ္ဌကထာ၌ ယူအပ်သည်၏ အဖြစ်ကြောင့်။ စိတ္တဇ- ကလာပါ၊ တို့ကို။ သတ္တ ဝါ၊ ခုနစ်ပါးတို့ဟူ၍သော်လည်း။ ဝိညေယျာ၊ ကုန်၏။ ပန၊ သတ္တ ဝါ-ဟူသောစကားကို ဆိုခြင်း၏ အကြောင်းမှတပါး ဆ ဝါ-ဟူသောစကားကို ဆိုခြင်း၏အကြောင်းကို ပြဦးအံ့။ ယသ္မာ စ၊ အကြင်ကြောင့်ကား။ သဒ္ဒေါ စ၊ သည်လည်း။ ဟောတိ၊ ၏။ န သောတ- ဝိညေယျော စ၊ သောတဝိညာဉ်ဖြင့် မကြားသိအပ်သည်လည်း။ ဟောတိ၊ ၏။ ဣတိ တော၊ ဤမဟာအဋ္ဌကထာ၌လာသော ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ၌ သဒ္ဒေါ-ဟူသောပုဒ်, န သောတဝိညေယျော-ဟူသော ပုဒ်အားဖြင့် နှစ်ပါး သော ပုဒ်သည်။ ဝိရုဒ္ဓံ၊ အချင်းချင်း ဆန့်ကျင်၏။ ဣတိ၊ သို့။ မညမာနေဟိ၊ အောက်မေ့ မှတ်ထင်ကုန်သော။ သင်္ဂဟကာရေဟိ၊ အရှင်မဟာဗုဒ္ဓဃောသ အစရှိသော အဋ္ဌကထာဆရာတို့သည်။ မဟာအဋ္ဌကထာဝါဒေါ၊ ကို။ ပဋိက္ခိ- တ္တော၊ ပယ်အပ်၏။

သဒ္ဒေါ စ အသောတဝိညေယျော စာတိ ဝိရုဒ္ဓမေတန္တိ ပန ပဋိက္ခေ- ပေါ ဝေဒိတဗ္ဗော-ဟူသော မူလဋီကာ (ပဌမတွဲ-၇၆)။ ။ဝေဠု သတိ ကသ္မာ ပဋိက္ခေပေါ ကတောတိ သဒ္ဒေါ စာတိ အာဒိမာဟ။ သောတ- ဝိညေယျဘာဝံ သပ္ပတိ ဂစ္ဆတီတိ သဒ္ဒေါတိ ဣမိနာ ဝစနတ္ထေန ပဒဒ္ဓယံ အညမညဝိရုဒ္ဓံ – ဟူသော မဓုတို့နှင့်အညီ မြန်မာပြန်။

သပ္ပတိ သောတဝိညာဏာရမ္မဏဘာဝံ ဂစ္ဆတီတိ သဒ္ဒေါ-ဟူသည် နှင့်အညီ၊ သဝိညာဏက အဝိညာဏက သန္တာန်၌ဖြစ်သော အသံဟူသမျှ သည် သောတဝိညာဉ်၏ အာရုံအဖြစ်သို့ ရောက်တတ်သောကြောင့် သဒ္ဒ မည်သည်ဖြစ်၍ ဝိတက္ကဝိပ္ဖါရသဒ္ဒ၏ သောတဝိညေယျ မဖြစ်ကြောင်းကို ဣဒံ ဝက္ခာမိ, တေံ ဝက္ခာမီတိ ဟိ ဝိတက္ကယတော ဝိတက္ကဝိပ္ဖါရသဒ္ဒေါ နာမ ဥပ္ပဇ္ဇတိ။ အယံ န သောတဝိညေယျော၊ မနောဝိညေယျော၊ ဟူ၍ မဟာအဋ္ဌကထာ၌ ပြဆိုသောစကားဝယ် သဒ္ဒေါ-ဟူသော ရှေ့ပုဒ်၊ န သောတဝိညေယျော-ဟူသော နောက်ပုဒ် နှစ်ခုတို့သည် အချင်းချင်း ဆန့်ကျင်ရာခဲ့သည်ဟု အောက်မေ့မှတ်ထင်၍ မဟာအဋ္ဌကထာဝါဒကို အဋ္ဌကထာသစ်ကိုစီရင်သော အရှင်ဗုဒ္ဓဃောသ ပယ်တော်မူသည် ဟူလို။

**စ၊ အဋ္ဌကထာဆရာတို့သာ ပယ်အပ်သည် မဟုတ်သေး။ ဘဂဝတာပိ၊ သည်လည်း။ "ယာ တာယ ဝါစာယ။ပ။ဝစီဝိညတ္တိ"တိ။ "ယာ။ပ။ဝိညတ္တိ"-**

ဟူ၍။ သာ သဒ္ဒဝါစာ၊ ထိုသဒ္ဒဝါစာကို။ သဝိညတ္တိကာဝ၊ ဝိညတ်နှင့်တကွ သာလျှင်။ ဝုတ္တာ၊ ဟောတော်မူအပ်၏။ တသ္မာ၊ ထို့ကြောင့် မဟာအဋ္ဌကထာ ဝါဒကို အဋ္ဌကထာတို့ဝယ် မြစ်ပယ်အပ်သည်၏အဖြစ်, သဒ္ဒဝါစာ ဟူသမျှကို သဝိညတ္တိကဟူ၍သာ မြတ်စွာဘုရား ဟောကြားတော်မူအပ်သည်၏ အဖြစ် ကြောင့်။ စိတ္တဇကလာပါ၊ တို့ကို။ ဆ ဝါ၊ ခြောက်ပါးတို့ ဟူ၍သော်လည်း။ ဝိညေယျာ၊ ကုန်၏။ ဣတိ အယံ အဓိပ္ပါယော၊ ဤ ပြဆိုအပ်သော အလို သည်။ အာစရိယဿ၊ သစ္စသံခိပ် အဋ္ဌကထာဆရာ၏။ အဓိပ္ပါယော၊ အလို တော်တည်း။ ဣစ္စေဝံ ဣတိ ဧဝံ၊ ဤသို့လျှင်။ စိတ္တဇဿ၊ သော။ သဒ္ဒနဝ-ကဿ၊ကို။ ဂဟဏေန၊မဟာအဋ္ဌကထာ ဆိုသည့်အတိုင်း ယူသောအားဖြင့်။ သတ္တ ဝါ၊ ခုနစ်စည်းတို့ဟူ၍သော်ရင်း။ အဂ္ဂဟဏေန၊ ထိုဝါဒအတိုင်း မယူ သောအားဖြင့်။ ဆ ဝါ၊ခြောက်ပါးတို့ဟူ၍ရင်း။ ဝိညေယျာ၊ကုန်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ ၏။

ဤသို့ သိသာထင်ရှားအောင် သေသနှင့် တကွ အပြည့်အစုံ သမ္ဗန်။ ဤဋီကာဝယ် ဋီကာဆရာ၏အာဘော် အလိုတော်ကျ အဓိပ္ပါယ်ကို ပြလိုက် အံ့....

အရှင်ဋီကာဆရာ အဋ္ဌကထာဆရာသည် စိတ္တဇကလာပ်၏ သရုပ် အရေ အတွက်ကိုပြရာ ခုနစ်စည်းတို့သာဟူ၍ရင်း, ခြောက်စည်းတို့သာဟူ၍ရင်း ဧကန္တနိယမအားဖြင့် မပြမဆိုဘဲ အနိယမတ္ထ ဝါသဒ္ဒါနှင့် တကွ "သတ္တ ဝါ ဆ ဝါ"ဟူ၍ အဘယ့်ကြောင့် အနေကန္တအနိယမအားဖြင့် ပြဆိုတော်မူလေ သနည်း၊ တပါးသော အဋ္ဌကထာတို့ဝယ် "ဣတ္ထံ စိတ္တသမုဋ္ဌာနာ ဆ ကလာ-ပါတိ ကထိတာ" ဟူ၍ရင်း, "ဣတိ စိတ္တသမုဋ္ဌာနာ ကလာပါ ဆ ပကာ-သိတာ"ဟူ၍ရင်း, "ဆ စိတ္တသမုဋ္ဌာနကလာပါ"ဟူ၍ရင်း, စိတ္တဇကလာပ် တို့၏ ဧကန္တနိယာမအားဖြင့် ခြောက်စည်းရှိသည်၏အဖြစ်ကိုသာ အသီး အသီး ပြဆိုတော်မူကြပါကုန်သည် မဟုတ်လော၊ ထိုသို့ပါလျက် အဘယ့် ကြောင့် သစ္စသခေ်ပအဋ္ဌကထာဆရာသည် တပါးသော အဋ္ဌကထာဆရာ တို့နှင့် ပြဆိုပုံမတူ အယူကွဲပြားထူးခြား၍ "သတ္တ ဝါ ဆ ဝါ"ဟု အနေကန္တ အနိယမအားဖြင့် ပြဆိုတော်မူအပ်လေသနည်း ဟူခဲ့မူ....

**သင်ပြဆိုသည့်အတိုင်း စိတ္တဇကလာပ်၏ ခြောက်စည်းသာ ရှိသည်၏ အဖြစ်ကို အသီးအသီး ပြဆိုတော်မူကြသည်ပင်ဖြစ်သော်လည်း မဟာအဋ္ဌ-**

ကထာဝယ် ဝစီဝိညတ်နှင့် မရှက်မနှော သက်သက်သော အဝိညတ္တိကစိတ္တ-သမုဋ္ဌာနသဒ္ဒကို ယူတော်မူအပ်သောကြောင့် ထိုမဟာအဋ္ဌကထာ အလိုတော်အတိုင်း သုဒ္ဓသဒ္ဒနဝကကလာပ်ကို သီးခြားတပါးယူ၍ စိတ္တဇကလာပ်တို့ကို ခုနစ်စည်းတို့ ဟူ၍သော်လည်း သိအပ်ကုန်သည်။

သဒ္ဒါရုံဟူက သောတဒွါရဝီထိဖြင့် မကြားမသိကောင်းသောမည်သည် မရှိ၊ သောတဒွါရိကစိတ်တို့၏ အာရုံဖြစ်သည်ချည်းသာဟု မှတ်ထင်အောက်မေ့ကုန်သည်ဖြစ်၍ ထိုမဟာအဋ္ဌကထာဝါဒကို အဋ္ဌကထာဆရာတို့ ပယ်ဖျက်တော်မူကြသောကြောင့်ရင်း,မြတ်စွာဘုရားသည်လည်း "ယာ တာယ ဝါစာ-ယ။ပ။ ဝိညတ္တိ" ဟူ၍ ဝစီဃောသသဒ္ဒဟူသမျှ၏ သဝိညတ္တိကအဖြစ်ကိုသာ ဟောတော်မူသောကြောင့်ရင်း, ထိုပါဠိအဋ္ဌကထာ လာသည့်အတိုင်းယူ၍ စိတ္တဇကလာပ်တို့ကို ခြောက်စည်းတို့သာဟူ၍သော်လည်း သိအပ်ကုန်သည်၊ ဤသို့ သစ္စသင်္ခေပအဋ္ဌကထာဆရာ ဆိုတော်မူလိုသည်။ ဤသို့ပြဆိုခဲ့ပြီးသည့်အတိုင်း မဟာအဋ္ဌကထာအလိုတော်အားဖြင့် စိတ္တဇသဒ္ဒနဝကကလာပ်ကို သီးခြား တပါးယူသော် စိတ္တဇကလာပ်ကို ခုနစ်စည်းဟု မှတ်အပ်သည်၊

အဋ္ဌသာလိနီ အစရှိသော အဋ္ဌကထာဆရာတို့ အလိုအားဖြင့် ဝစီဝိညတ္တိသဒ္ဒဒသကကလာပ်မှတပါး သုဒ္ဓသဒ္ဒနဝကကလာပ်ဟူ၍ သီးခြားတပါး မယူသော် ခြောက်စည်းသာဟူ၍မှတ်အပ်သည်ဟူလို။ ဤဋီကာဝယ် **ကသ္မာ ပနိဓ အနိယမနံ ကတံ** ဖြင့် "သတ္တ ဝါ ဆ ဝါ"ဟု အနိယမအားဖြင့်ဆိုရာ၌ စောဒကတို့ စောဒနာရန်ရှိသည်ကိုပြသည်။ နနု **အညတ္ထ။ပ။ ကထိတာတိ** တို့ဖြင့် စောဒကတို့ထောက်မှီရန် သာဓကနှင့်တကွ စောဒကတို့၏ အာဘော်ကို ပြသည်။ **တထာပိ။ပ။ တသ္မာ** တို့ဖြင့် စိတ္တဇကလာပ်ကို ခုနစ်စည်းဟု ရေတွက်ရာ၌ အကြောင်းကို ပြသည်။

ဤဝါကျ၌ တထာသဒ္ဒါ ဂရဟတ္ထ၊ "ပန တထာ၊နောက်မှာတထွေ၊ သစေယဒိ၊ ဟူ၍ရှိ၊ ကိဉ္စာပိ ထုတ်လေ" ဟူသော နိယံနှင့်အညီ နောက်ဝါကျဝယ် ဂရဟတ္ထဖြစ်သော ပနသဒ္ဒါ တထာပိသဒ္ဒါစသည်ပါရှိက ရှေ၌အနုဂ္ဂဟတ္ထဖြစ်သော ကိဉ္စာပိနှင့် တကွသော ဝါကျကိုထုတ်ဆိုမြဲဖြစ်၍ ယခင်အာဘော်ပြ နနု **အညတ္ထ** အစရှိသော ရှေ့ဝါကျဝယ် နနုကို နုတ်ထားပြီးလျှင် ကိဉ္စာပိ-သဒ္ဒါကို ထည့်သွင်း၍ "ကိဉ္စာပိ အညတ္ထ။ပ။ ကထိတာ"ဟု ဝါကျတခုပြုလုပ်လေ။ "ကိဉ္စာပိဒုံ၊ ပတ်တိုင်ရုံကား၊ တင်တုံအပြစ်၊ စိစစ်စောဒက၊ ဆရာ

ပြသည့် အာဘော်တည်း”၊ကိစ္စာပိကား၊ အသိဝ္ဝံမထင်၊ တခြမ်း သူ့မှာဝင်” ဟူသည်တို့နှင့်အညီ ဤကိစ္စာပိနှင့်တကွ တည်သောဝါကျဖြင့် စောဒက ဆရာ၏ အာဘော်ကိုပြ၍ ထိုဆရာတို့၏ အာဘော်နှလုံးသွင်း၍ ရဲရဲတင်း တင်း ပယ်ဖျက်ခြင်းငှါမဝံ့၊ တချို့တဝက်တစိတ် အဘို့အားဖြင့် ထိုစောဒကတို့ အယူစကားကို ပရိဟာရဆရာတို့ ဝန်ခံရသည်၏အဖြစ်ကိုပြသည်။ **ယသ္မာ** စ အစရှိသော နောက်စကားဖြင့် စိတ္တဇကလာပ်ကို ခြောက်စည်းဟုဆိုရာ၌ ဆိုရခြင်း၏အကြောင်းကို ပြသည်။

ဤသစ္စသင်္ခေပအဋ္ဌကထာဆရာသည် စိတ္တဇကလာပ်၏ အရေအတွက် သင်္ချာကို ထိုထိုအဋ္ဌကထာတို့ အလိုအားလျော်စွာ “သတ္တ ဝါ ဆ ဝါ” ဟု အနိယမအားဖြင့် ဆိုသော်လည်း ကိုယ်တော်၏အလိုအားဖြင့်သော် မဟာ-အဋ္ဌကထာဝါဒအတိုင်း ခုနစ်စည်းဟူ၍သာ ရေတွက်လိုသည်၊ ထို့ကြောင့် ကမ္မဇ စိတ္တဇ ဥတုဇ အာဟာရဇကလာပ်တို့ကို အစဉ်အတိုင်းပြ၍ အလုံးစုံ ကို ပေါင်းစုရေတွက်ရာ၌—

> အနန္တဇာ ဒွေတိမေ နဝ။ သတ္တ စတ္တာရိ ဒွေ စေတိ၊ ကလာပါ ဝီသတိ ဒွိဘိ—

ဟူ၍ စိတ္တဇကလာပ်ကို ခုနစ်စည်းယူ၍ ကလာပ်တို့ကို ဆဲ့နှစ်စည်းဟု ရေတွက် တော်မူလေသည်။

သဒ္ဒနဝကကလာပ်ကို ပြဆိုရာ၌လည်း ဥတုဇသဒ္ဒနဝကကလာပ်တစည်း မျှကိုမယူဘဲ စိတ္တဇသဒ္ဒနဝက ဥတုဇသဒ္ဒနဝကဟုယူ၍ သဒ္ဒနဝကကလာပ် ကို “နဝကာ သဒ္ဒသင်္ခါတာ ဒွေ”ဟု ရေတွက်ပြဆိုတော်မူသည်။ ပရိပုဏ္ဏိန္ဒြိယ-ဖြစ်သော ကာမပုဂ္ဂိုလ်ဘို့၌ ရကောင်းသမျှ ကလာပ်, ရကောင်းသမျှရုပ်ကို ရေတွက်ပြဆိုရာ၌လည်း—

> တေပညာသ ဒသေကစ္စ၊ နဝုတ္တရသတာနိ စ။
> ဒသကာ နဝကာ စေဝ၊ အဋ္ဌကာ စ သိယုံ ကမာ—

ဟူ၍ ကမ္မဇဇီဝိတနဝကကလာပ် ကိုးစည်း, စိတ္တဇသဒ္ဒနဝက ဥတုဇသဒ္ဒ-နဝက-ဟူသော သဒ္ဒနဝကကလာပ် နှစ်စည်းအားဖြင့် နဝကကလာပ်တို့ တဆဲ့တစည်း ဖြစ်ကြောင်း—

သောကပဥ္စသတံ ကာယေ၊ သဟာဿံ တံ ပဝတ္တတိ—

အစရှိသည်ဖြင့် ရုပ်ပေါင်း တထောင့်ငါးရာတခု ဖြစ်ကြောင်းတို့ကို ပြဆိုတော်မူလေသည်။

**သခေ်ပဝဏ္ဏနာဋီကာ**ကို ရေးပြုစီရင်တော်မူသော အရှင် **သဒ္ဓမ္မဇောတိပါလ** ဆရာသည်လည်း စိတ္တဇကလာပ်ကို ခုနစ်စည်းဟူ၍ ယူတော်မူလိုသည်။ ထို့ကြောင့် ထိုဆရာသည်ပင် ရေးပြုစီရင်အပ်သော **နာမာစာရဒီပက** အမည်ရှိသော လက်သန်းအဋ္ဌကထာ၌ "စိတ္တဇာ သတ္တ ကလာပါ" ဟူ၍ စိတ္တဇကလာပ်ကိုရေတွက်ရာ ခုနစ်စည်းဟူ၍ ရေတွက်ပြဆိုတော်မူသည်။

## ကာမဘုံ၌ ဇီဝိတနဝကကလာပ် ရ,မရ

ပရမတ္ထဝိနိစ္ဆယ, နာမရူပပရိစ္ဆေဒ, အဘိဓမ္မတ္ထသင်္ဂဟ-ဟူသော အဘိဓမ္မာလက်သန်း အဋ္ဌကထာတို့ကို ရေးပြုစီရင်သော အရှင်အနုရုဒ္ဓါဆရာသည် ကလာပ်နှစ်ဆဲ့တစည်းတို့တွင် ကာမဘုံဝယ် ဇီဝိတနဝကကလာပ်ကို မရကောင်းဟု ယူတော်မူသည်။ ထို့ကြောင့် ထိုဆရာသည် ရေးပြုစီရင်အပ်သော **ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ** (၃၃) ၌ ကာမဘုံဝယ် ဇီဝိတနဝကကို ချန်ထား၍ ကြွင်းကလာပ်နှစ်ဆယ်ကိုသာ ရကြောင်း၊ စက္ခုဒသက သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကကလာပ်တို့၌ ပါရှိသည်ကိုသာ ယင်းတို့မှ ထုတ်ယူရကြောင်း၊ ရူပါဝစရပြဟ္မာ့ဘုံ၌သာ ထိုဇီဝိတနဝကကလာပ်ကို ဒသကကလာပ်တို့မှ သီးခြားရကြောင်းကို—

> သန္တိ သဗ္ဗာနိ ရူပါနိ၊ ကာမေသု စတုသမ္ဘဝါ။
> ဇီဝိတနဝကံ ဟိတွာ၊ ကလာပါ ဟောန္တိ ဝီသတိ။
> ဒသကေသွေဝ ဂဟိတံ၊ ဝိသုံ ကာမေ န လဗ္ဘတိ။
> ဇီဝိတနဝကံ နာမ၊ ရူပလောကေ ဝိသုံ သိယာ—

ဟူ၍ ပြဆိုတော်မူသည်။

ကာမေသု၊ ကာမဘုံတို့၌။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ရူပါနိ၊ နှစ်ဆဲ့ရှစ်ပါးသော ရုပ်တို့သည်။ သန္တိ၊ ရှိကုန်၏။ ကာမေသု၊ တို့၌။ ဇီဝိတနဝကံ၊ ကို။ ဟိတွာ၊ ပယ်လွှတ်ချန်ထား၍။ စတုသမ္ဘဝါ၊ ကံ စိတ် ဥတု အာဟာရ

ဟူသော အကြောင်းလေးပါးတို့ကြောင့် အသီးအသီးဖြစ်ကုန်သော။ ဝိသတိ ကလာပါ၊ နှစ်ဆယ်သော ကလာပ်တို့သည်။ ဟောန္တိ၊ ကုန်၏။ ဒသကေ- သွေဝ၊ ဒသကကလာပ် ခုနစ်စည်းတို့၌သာလျှင်။ ဂဟိတံ၊ ဇီဝိတနဝကကို ယူအပ်၏။ ကာမေ၊ ကာမဘုံ၌။ ဇီဝိတနဝကံ နာမ၊ ဇီဝိတနဝကကလာပ် မည်သည်ကို။ ဝိသုံ၊ ဒသကကလာပ်တို့မှ သီးခြားတပါး။ န လဗ္ဘတိ၊ မရ အပ်။ ရူပလောကေ၊ ရူပတဆဲ့ခြောက်ဘုံ၌သာ။ ဇီဝိတနဝကံ နာမ၊ ဇီဝိတ နဝကမည်သော ကလာပ်သည်။ ဝိသုံ၊ ဒသကကလာပ်တို့မှ သီးခြားတပါး။ သိယာ အတ္ထိ၊ ရှိ၏။

ဤအဋ္ဌကထာစကားအရာဝယ် ၎င်းဋီကာဟောင်း၌ တစုံတခုကိုမျှ မပြ မဆို၊ ဋီကာသစ်၌လည်း "ဇီဝိတနဝကံ ဟိတွာ"ဟူသော ရှေ့ဝါကျမှ ဇီဝိတ- နဝကကို လိုက်စေ၍ "ဒသကေသု ဂဟိတံ ဇီဝိတနဝကံ ဝိသုံ ကာမေ န လဗ္ဘတီတိ သမ္ဗန္ဓော"ဟူ၍ န လဗ္ဘတိ-၌ စပ်ရမည်ကိုသာ ပြသည်။ တစုံတရာ မျှ အဓိပ္ပါယ်အထူးကို မဆို။ ဤ အဋ္ဌကထာဆရာသည် **သမ္မောဟဝိနော- ဒနီ** ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ (၁၅၃)ဝယ် ကာမဥပပါတ် သံသေ- ဒဇတို့အား ပဋိသန္ဓေခဏ၌ ဖြစ်ကောင်းသော ကလာပ်ရုပ်တို့ကို ပြရာ—

သတ္တတိ ဥက္ကံသတောဝ ရူပါနိ သံသေဒဇောပပါတိကေသု—

ဟူ၍၎င်း—

ရူပီဗြဟ္မေ ပန ဌပေတွာ အသညေသု သံသေဒဇောပပါတိကေသု ဥက္ကံသဝသေန စက္ခုသောတဃာနဇိဝှါကာယဘာဝဝတ္ထုဒသကာနံ ဝသေန သတ္တတိ—

ဟူ၍၎င်း အလွန်အားဖြင့် စက္ခုဒသက။ပ။ ဝတ္ထုဒသကတို့၏ အစွမ်းဖြင့် ကလာပ်ခုနစ်စည်း ရုပ်ခုနစ်ဆယ်တို့ ဖြစ်ကြောင်းကိုသာ ပြဆိုတော်မူသည်၊ ဇီဝိတနဝကနှင့်တကွ ကလာပ်ရှစ်စည်း ရုပ်ခုနစ်ဆဲ့ကိုးခုတို့ ဖြစ်ကြောင်းကို ပြဆိုတော်မမူ။ ဂဗ္ဘသေယျက ပုဂ္ဂိုလ်တို့အား ကလလကာလ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ဖြစ်သော ကလာပ်ရုပ်တို့ကိုပြရာ အဋ္ဌကထာကြီးတို့၌လည်း ဝတ္ထု ကာယ ဘာဝဒသကကလာပ်သုံးစည်း ရုပ်သုံးဆယ်တို့ ဖြစ်ကြောင်းကိုသာ ပြဆိုတော်မူကြကုန်သည်၊ ဇီဝိတနဝကနှင့် တကွ ကလာပ်လေးစည်း ရုပ် သုံးဆဲ့ကိုးခုတို့ ဖြစ်ကြောင်းကို ပြဆိုတော်မမူကုန်။

**ဝိသုဒ္ဓိမဂ်အဋ္ဌကထာ**(၃၆၀-၁)ဝယ် ယောနိလေးပါးတို့ဖြင့် ထိုက်သည့်အား လျော်စွာ ပဋိသန္ဓေစွဲယူကုန်သော လူမိန်းမယောကျ်ားတို့အား ပဝတ္တိအခါ ဖြစ်ကုန်သော ကေသ လောမ-အစရှိသော ပထဝီကောဋ္ဌာသ နှစ်ဆယ် ပိတ္တ သေမှအစရှိသော အာပေါကောဋ္ဌာသတဆဲ့နှစ်ဟူသော ကောဋ္ဌာသ သုံးဆဲ့ နှစ်ပါးတို့၌ ထိုက်သည့်အားလျော်စွာ ရအပ်သော ကလာပ်ရုပ်တို့ကို ပြဆို ရာ—

ကလာပတောတိ ယာ အယံ ကေသာလောမာတိအာဒိနာ နယေန ဝီသတိယာ အာကာရေဟိ ပထဝီဓာတု, ပိတ္တံ သေမှန္တိ စ အာဒိနာ နယေန ဒွါဒသဟာကာရေဟိ အာပေါဓာတု နိဒ္ဒိဋ္ဌာ၊တတ္တ ယသ္မာ—

ဝဏ္ဏော ဂန္ဓော ရသော ဩဇာ၊ စတဿော စာပိ ဓာတုယော။
အဋ္ဌဓမ္မသမောဓာနာ၊ ဟောတိ ကေသာတိ သမ္မုတိ။
တေသံယေဝ ဝိနိဗ္ဘောဂါ၊ နတ္ထိ ကေသာတိ သမ္မုတိ။

တသ္မာ ကေသာပိ အဋ္ဌဓမ္မကလာပမတ္တမေဝ။ တထာ လောမာဒယောတိ။ ယော ပနေတ္ထ ကမ္မသမုဋ္ဌာနော ကောဋ္ဌာ- သော၊ သော ဇီဝိတိန္ဒြိယေန စ ဘာဝေန စ သဒ္ဓိံ ဒသဓမ္မကလာ- ပေါပိ ဟောတိ—

ဟူ၍ ကေသလောမ အစရှိသော တပါးတပါး၌ ဥတု စိတ် အာဟာရတို့ ကြောင့် ဖြစ်ခိုက် အဝိနိဗ္ဘောဂရုပ်ရှစ်ခုအပေါင်းဟုဆိုအပ်သော သုဒ္ဓဋ္ဌက ကလာပ်၊ ကံကြောင့်ဖြစ်ခိုက် ထိုအဝိနိဗ္ဘောဂရုပ်ရှစ်ခု၌ ဇီဝိတ ဘာဝနှစ်ပါး ကို ထည့်၍ ရုပ်ဆယ်ခုအပေါင်း၊ ဇီဝိတကာယကိုထည့်၍ ရုပ်ဆယ်ခုအပေါင်း ဟူသော ဒသကကလာပ်အားဖြင့် အဋ္ဌကကလာပ် ဒသကကလာပ်တို့ ဖြစ် ကြောင်းကိုသာ ပြဆိုတော်မူသည်။ ဇီဝိတနဝကနှင့်တကွ အဋ္ဌကကလာပ် နဝကကလာပ် ဒသကကလာပ်တို့ဖြစ်ကြောင်းကို ပြဆိုတော်မမူ။

### ခန္ဓာကိုယ်ကို သုံးပိုင်းခွဲ၍ ပြခြင်း

**အဋ္ဌသာလိနီအဋ္ဌကထာ** (၃၅၃) ဝယ် လူတို့၏ ကိုယ်ကို ဟေဋ္ဌိမကာယ မဇ္ဈိမကာယ ဥပရိမကာယအားဖြင့် သုံးဘို့သုံးပုံထား၍ ချက်မှအောက်အဘို့

သည် **ဟေဋ္ဌိမကာယ၊** ချက်မှလည်မျိုတိုင်အောင်သောအရပ်သည် **မဇ္ဈိမ-ကာယ၊** လည်မျိုမှအထက်အဘို့သည် **ဥပရိမကာယ၊** ထိုတွင် ဟေဋ္ဌိမကာယ၌ စိတ္တဇအဋ္ဌက ဥတုဇအဋ္ဌက အာဟာရဇအဋ္ဌက ကာယဒသက ဘာဝ-ဒသကတို့၏အစွမ်းဖြင့် ရုပ်လေးဆဲ့လေးခု၊ မဇ္ဈိမကာယ၌ ယခင်လေးဆဲ့လေးခုဝယ် ဝတ္ထုဒသကကိုထည့်၍ ရုပ်ငါးဆဲ့လေးခု၊ ဥပရိမကာယ၌ ယခင်လေးဆဲ့လေးခုဝယ် စက္ခုဒသက သောတ ဃာန ဇိဝှါဒသကတို့ကိုထည့်၍ ရုပ်ရှစ်ဆဲ့လေးခုတို့ ဖြစ်ကြောင်းကိုသာ—

> ဣမသ္မိံ ဟိ သရီရေ ဟေဋ္ဌိမကာယော မဇ္ဈိမကာယော ဥပရိမ-ကာယောတိ တယော ကောဋ္ဌာသာ။ တတ္ထ နာဘိတော ပဋ္ဌာယ ဟေဋ္ဌာ ဟေဋ္ဌိမကာယော နာမ၊ တသ္မိံ ကာယဒသကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာနာနိ အဋ္ဌ ဥတုသမုဋ္ဌာနာနိ အဋ္ဌ စိတ္တသမုဋ္ဌာနာနိ အဋ္ဌာတိ စတုစတ္တာလီသရူပါနိ။ နာဘိတော ဥဒ္ဓံ ယာဝ ဂလဝါဋ္ဋ-ကာ မဇ္ဈိမကာယော နာမ၊ တတ္ထ စ ကာယဒသကံ ဘာဝဒသကံ ဝတ္ထုဒသကံ အာဟာရသမုဋ္ဌာနာဒီနိ တီဏိ အဋ္ဌကာနီတိ စတု-ပညာသရူပါနိ။ ဂလဝါဋ္ဋကတော ဥဒ္ဓံ ဥပရိမကာယော နာမ၊ တတ္ထ စက္ခုဒသကံ သောတဒသကံ ဃာနဒသကံ ဇိဝှါဒသကံ ကာယဒသ-ကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာနာဒီနိ တီဏိ အဋ္ဌကာနီတိ စတု-ရာသီတိရူပါနိ—

ဟူ၍ ပြဆိုတော်မူသည်၊ ဇီဝိတနဝကနှင့်တကွ ရုပ်ငါးဆဲ့သုံးခု ခြောက်ဆဲ့သုံးခု ကိုးဆဲ့သုံးခုတို့ ဖြစ်ကုန်သည်ဟု ပြဆိုတော်မမူ။ ထို့ကြောင့် ကာမဘုံဝယ် ဇီဝိတနဝကကလာပ်ကို မရကောင်းဟု ပြဆိုတော်မူသည်။

ဤပြဆိုခဲ့ပြီးသော အဋ္ဌကထာတို့ကို ထောက်မှီ၍ ကာမဘုံဝယ် ပဋိသန္ဓေ ပဝတ္တိကာလနှစ်ပါးလုံး၌ပင် ဇီဝိတနဝကကလာပ်ကို မရကောင်းဟူ၍ အချို့သောဆရာတို့ ဆိုကုန်ယူကုန်သည်။

## ခေတ်(၄၇)ပါး အကျယ်ပြဆိုခြင်း

အချို့ဆရာတို့ကား.... **ဓာတုဝိဘင်းပါဠိတော်** (၈၄-၆) ဝယ် ဓာတုအရသရုပ်ကို—

ဆ ဓာတုယော ပထဝီဓာတု အာပေါဓာတု တေဇောဓာတု ဝါယောဓာတု အာကာသဓာတု ဝိညာဏဓာတု—

ဟု မာတိကာ ဥဒ္ဒေသထား၍ အစဉ်အတိုင်း ပထဝီဓာတ်ကို အဇ္ဈတ္တိကပထဝီ, ဗာဟိရပထဝီအားဖြင့် နှစ်ပါးဝေဘန်၍ အဇ္ဈတ္တိကပထဝီအရကို—

သေယျထိဒံ ကေသာ လောမာ နခါ ဒန္တာ တစော မံသံ နှာရု အဋ္ဌိ အဋ္ဌိမိဉ္ဇံ ဝက္ကံ ဟဒယံ ယကနံ ကိလောမကံ ပိဟကံ—

အစရှိသည်တို့ဖြင့် ကေသာ လောမာ စသည်ကိုယူ၍ ဟောပြတော်မူသည်။

အာပေါဓာတ်ကိုလည်း အဇ္ဈတ္တိကအာပေါ, ဗာဟိရအာပေါဟု နှစ်ပါး ဝေဘန်၍ အဇ္ဈတ္တိကအာပေါအရကို—

သေယျထိဒံ၊ ပိတ္တံ သေမှံ ပုဗ္ဗော လောဟိတံ—

အစရှိသည်ဖြင့် ပိတ္တသေမှ အစရှိသည်ကိုယူ၍ ဟောပြတော်မူသည်။

တေဇောဓာတ်ကိုလည်း အဇ္ဈတ္တိကတေဇော, ဗာဟိရတေဇောဟု နှစ်ပါးဝေဘန်၍ အဇ္ဈတ္တိကတေဇောအရကို—

သေယျထိဒံ၊ ယေန စ သန္တပ္ပတိ၊ ယေန စ ဇီရတိ၊ ယေန စ ပရိဍယှတိ၊ ယေန စ အသိတံ ပီတံ ခါယိတံ သာယိတံ သမ္မာပရိဏာမံ ဂစ္ဆတိ—

ဟု သန္တပ္ပနတေဇော စသည်ကိုယူ၍ ဟောပြတော်မူသည်။

ဝါယောဓာတ်ကိုလည်း အဇ္ဈတ္တိကဝါယော, ဗာဟိရဝါယောဟု နှစ်ပါး ဝေဘန်၍ အဇ္ဈတ္တိကဝါယောအရကို—

သေယျထိဒံ၊ ဥဒ္ဓင်္ဂမာ ဝါတာ အဓောဂမာ ဝါတာ ကုစ္ဆိသယာ ဝါတာ ကောဋ္ဌာသယာ ဝါတာ အင်္ဂမင်္ဂါနုသာရိနော ဝါတာ သတ္ထကဝါတာ ခုရကဝါတာ ဥပ္ပလကဝါတာ အဿာသော ပဿာသော—

ဟု ဥဒ္ဓင်္ဂမဝါတ စသည်ကိုယူ၍ ဟောပြတော်မူသည်။

ဤသို့ ကေသလောမအစရှိသော ပထဝီကောဋ္ဌာသနှစ်ဆယ် ပိတ္တသေမှ အစရှိသော အာပေါကောဋ္ဌာသ တဆဲ့နှစ်ပါးတို့မှ အသီးအခြား သန္တပ္ပနတေဇော ဇီရဏတေဇော ဒါဟတေဇော ပါစကတေဇော-ဟူသော တေ-

ဇောကောဋ္ဌာသ လေးပါးတို့ကိုရင်း, ဥဒ္ဓင်္ဂမဝါတ အဓောဂမ ကုစ္ဆိသယ ကောဋ္ဌာသယ အင်္ဂမင်္ဂါနုသာရီ သတ္တက ခုရက ဥပ္ပလက အဿာသပဿာ-သဝါတ ကိုးပါးတို့ကိုရင်း ဟောတော်မူသည်။

တရက်ခြာ ဖျားခြင်းအစရှိသည်ဖြင့် ရူပကာယ၏ ပူလောင်ကြောင်း တေဇောသည် **သန္တပ္ပန**၊ မျက်စိသီခြင်း နားထိုင်းခြင်း အစရှိသည်ဖြင့် စက္ခု သောတ-စသော ဣန္ဒြေတို့၏ ချို့တဲ့ခြင်း အားခွန်၏ ယုတ်လျော့ ကုန်ခန်း ခြင်း အရေတွန့်လိပ်ခြင်း ဆံဖြူခြင်းစသည်သို့ ရောက်ကြောင်းဖြစ်သော တေဇောသည် **ဇီရဏ**၊ "ပူလှ၏ ပူလှ၏"ဟု ငိုကြွေးမြည်တမ်း၍ ကြိမ်ဘန် များစွာ စစ်ပြီးသော ဆီထောပတ် ဂေါသီတစန္ဒကူးစသည်ဖြင့် သုတ်လိမ်း ခြင်း ယပ်လေခပ်ခြင်းစသည်ကို တောင့်တရလောက်အောင် ရူပကာယ၏ ပြင်းစွာ ပူလောင်ကြောင်းဖြစ်သော တေဇောသည် **ဒါဟ**၊ စားအပ်သော ထမင်းစသည် သောက်အပ်သော အဖျော်စသည် ခဲအပ်သော မုန့်ခဲဘွယ် စသည် လျက်အပ်သော သရက်မှည့် ပျားသကာစသည်ကို ကောင်းစွာ ကြေကျက်စေတတ်သော တေဇောသည် **ပရိပါကတေဇော** မည်၏ဟု တေဇောလေးပါးတို့ အထူးကိုပြ၍ ထိုတွင် ပရိပါကတေဇောသည် ကံ ကြောင့်ဖြစ်ကြောင်း, သန္တပ္ပန ဇီရဏ ဒါဟ တေဇောသုံးပါးသည် ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကြောင်းကို **သမ္မောဟဝိနောဒနီ ဓာတုဝိဘင်းအဋ္ဌကထာ** (၆၅·၆) ၌——

ယေန စာတိ ယေန တေဇောဓာတုဂတေန ကုပ္ပိတေန အယံ ကာယော သန္တပ္ပတိ၊ ဧကာဟိကဇရာဒိဘာဝေန ဥသုမဇာတော ဟောတိ။ ယေန စ ဇီရတီတိ ယေန အယံ ကာယော ဇီရတိ၊ ဣန္ဒြိယဝေကလ္လတံ ဗလပရိက္ခယံ ဝလိပလိတာဒိဘာဝဉ္စ ပါပုဏာတိ။ ယေန စ ပရိဍယှတီတိ ယေန ကုပ္ပိတေန အယံ ကာယော ဍယှတိ၊ သော စ ပုဂ္ဂလော ဍယှာမိ ဍယှာမီတိ ကန္ဒန္တော သတဓောတ-သပ္ပိဂေါသီတစန္ဒနာဒိလေပဉ္စေဝ တာလဝဏ္ဋဝါတဉ္စ ပစ္စာသီသတိ။ ယေန စ အသိတပီတခါယိတသာယိတံ သမ္မာပရိဏာမံ ဂစ္ဆတီတိ ယေန တံ အသိတံ ဝါ ဩဒနာဒိ, ပီတံ ဝါ ပါနကာဒိ, ခါယိတံ ဝါ ပိဋ္ဌခဇ္ဇကာဒိ, သာယိတံ ဝါ အမ္ဗပက္ကမဓုဖာဏိတာဒိ သမ္မာပရိ-

ပါကံ ဂစ္ဆတိ၊ ရသာဒိဘာဝေန ဝိဝေကံ ဂစ္ဆတီတိ အတ္ထော။ ဇတ္တ
စ ပုရိမာ တယော တေဇောဓာတု စတုသမုဋ္ဌာနာ၊ ပစ္ဆိမော ကမ္မ-
သမုဋ္ဌာနေဝ—

ဟူ၍ ပြဆိုတော်မူသည်။

ကြို့ထိုးခြင်း သမ်းခြင်းစသည်ကို ဖြစ်စေတတ်သော အထက်သို့ ဆန်တက်သော ဝါယောသည် **ဥဒ္ဓင်္ဂမ**၊ ကျင်ကြီးကျင်ငယ်စသည်ကို ထုတ်တတ်သော ဝါယောသည် **အဓောဂမ**၊ အူတို့၏အပဝယ် ဝမ်းတွင်း၌တည်သော ဝါယောသည် **ကုစ္ဆိသယ**၊ အူတွင်း၌တည်သော ဝါယောသည် **ကောဋ္ဌာသယ**၊ အကြောတည်းဟူသော ကွန်ရက်သို့ အစဉ်လျှောက်သဖြင့် ကိုယ်အားလုံးဝယ် အင်္ဂါကြီးငယ်တို့သို့ အစဉ်လျှောက်သော ကွေးခြင်းဆန့်ခြင်းစသည်ကို ဖြစ်စေတတ်သော ဝါယောသည် **အင်္ဂမင်္ဂါနုသာရီ**၊ ကိုယ်အင်္ဂါအဘွဲ့အစပ်ကို ကတ်ကျေးဖြင့် ကိုက်ဖြတ်ဘိသကဲ့သို့ ဖြတ်တတ်သော ဝါယောသည် **သတ္ထက**၊ သင်တုန်းထားဖြင့် ခွဲဘိသကဲ့သို့ နှလုံးသားကို ခွဲတတ်သော ဝါယောသည် **ခုရက**၊ နှလုံးသားကို ထွေးအန် ထုတ်ပစ်တတ်သော ဝါယောသည် **ဥပ္ပလက**၊ ဝင်သက်ထွက်သက် ဝါယောဟူသော **အဿာသပဿာသ**-ဟု ဝါယောကိုးပါး အထူးကိုပြ၍၊ ထိုတွင် အဿာသပဿာသ ဝါယောသည် စိတ်ကြောင့်သာ ဖြစ်ကြောင်း, ကြွင်းဝါယောရှစ်ပါးသည် အကြောင်း လေးပါးလုံးကြောင့် ဖြစ်ကြောင်းကို ဇင်းအဋ္ဌကထာ (၆၆-၇) ၌ပင်—

ဥဒ္ဓင်္ဂမာ ဝါတာတိ ဥဂ္ဂါရဟိက္ကာရာဒိပဝတ္တကာ ဥဒ္ဓံ အာရောဟဏဝါတာ။ အဓောဂမာ ဝါတာတိ ဥစ္စာရပဿာဝါဒိနီဟရဏာအဓောဩရောဟဏဝါတာ။ ကုစ္ဆိသယာ ဝါတာတိ အန္တာနံ ဗဟိဝါတာ။ ကောဋ္ဌာသယာ ဝါတာတိ အန္တာနံ အန္တောဝါတာ။ အင်္ဂမင်္ဂါနုသာရိနော ဝါတာတိ ဓမနိဇာလာနုသာရေန သကလသရီရေ အင်္ဂမင်္ဂါနိ အနုသဋာ သမိဉ္ဇနပသာရဏာဒိနိဗ္ဗတ္တကဝါတာ။ သတ္ထကဝါတာတိ သန္ဓိဗန္ဓနာနိ ကတ္တရိယာ **ဆိန္ဒန္တာ** ဝိယ ပဝတ္တဝါတာ။ ခုရကဝါတာတိ ခုရေန ဖာလကာ ဝိယ ဟဒယံ ဖာလနဝါတာ။ ဥပ္ပလကဝါတာတိ ဟဒယမံသမေဝ ဥပ္ပါဋနကဝါတာ။ အဿာသောတိ အန္တောပဝိသနနာသိကဝါတော။ ပဿာသောတိ

> ဗဟိနိက္ခမနနာသိကဝါတော။ ဓတ္တံ စ ပုရိမာ သဗ္ဗေ စတုသမုဋ္ဌာ-
> နာ၊ အဿာသပဿာသာ စိတ္တသမုဋ္ဌာနာဝ—

ဟူ၍ ပြဆိုတော်မူသည်။ **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (၃၄၅) ၌လည်း တေဇော ဝါယောတို့၏ အရကို ဤအဋ္ဌကထာနှင့်အတူပင် ပြဆိုတော်မူသည်။ အထူးမှာ သတ္တကဝါတ ခုရကဝါတ ဥပ္ပလကဝါတဟူသည် ကုစ္ဆိသယဝါတ အထူးပင်ဖြစ်၍ ၎င်းသုံးပါးကို ကုစ္ဆိသယဝါတ၌ ထည့်သွင်း၍ ဝါယောဓာတ်ကို ခြောက်ပါးအပြားအားဖြင့်သာ ပြဆိုတော်မူသည်။

ထိုတေဇောလေးပါး ဝါယောခြောက်ပါးအားဖြင့် ဆယ်ပါးသော ကောဋ္ဌာသတို့တွင် အဿာသပဿာသ၌ စိတ်ကြောင့်ဖြစ်သော အဝိနိဗ္ဘောဂ ရုပ်ရှစ်ခုဟူသော သုဒ္ဓဋ္ဌကကလာပ်တစည်း ရုပ်ရှစ်ခုကိုသာ ရ၏။ ပါစက တေဇော ကောဋ္ဌာသ၌ ကံကြောင့်ဖြစ်သော အဝိနိဗ္ဘောဂရုပ်ရှစ်ခု ရုပ်ဇီဝိတိန္ဒြေဟူသော ဇီဝိတနဝကတစည်း ရုပ်ကိုးခုတို့သာ ရ၏။ ပါစကမှကြွင်းသော တေဇောသုံးခု အဿာသပဿာသမှကြွင်းသော ဝါယောငါးခုအားဖြင့် ရှစ်ပါးသော ကောဋ္ဌာသတို့ဝယ် စိတ် ဥတု အာဟာရတို့ကြောင့် ဖြစ်ခိုက် တပါးတပါး၌ပင် အဋ္ဌကကလာပ်သုံးစည်း ရုပ်နှစ်ဆဲ့လေးခု၊ ကံကြောင့်ဖြစ်ခိုက် အဝိနိဗ္ဘောဂရုပ်ရှစ်ခု ဇီဝိတရုပ်ဟူသော နဝကကလာပ်တစည်း ရုပ်ကိုးခုအားဖြင့် ကလာပ်လေးစည်း ရုပ်သုံးဆဲ့သုံးခု ရ၏ဟူ၍ ထိုကောဋ္ဌာသရှစ်ပါးတို့၌ ရအပ်သော ကလာပ်ရုပ် အရေအတွက်ကို——

> အသိတာဒိပရိပါစကော တေဇော ကမ္မသမုဋ္ဌာနောဝ။ အဿာ-
> သပဿာသာ စိတ္တသမုဋ္ဌာနာဝ။ အဝသေသာ သဗ္ဗေပိ စတုသမု-
> ဋ္ဌာနာ။ ။သေသေသု စတုသမုဋ္ဌာနေသု အဋ္ဌသု ဇီဝိတနဝကဉ္စေဝ
> တီဏိ စ သုဒ္ဓဋ္ဌကာဒီနိ တေတ္တိံသ တေတ္တိံသရူပါနိ ပါကဋ္ဌာနိ
> ဟောန္တိ——

ဟူ၍ ရူပဝိဘာဂမည်သော **အဘိဓမ္မာလက်သန်းအဋ္ဌကထာ**၌ ပြဆိုတော်မူသည်။

ဤအရာဝယ် သာဓကပြုလုပ် ထုတ်ဆောင်ပြဆိုအပ်သော အဋ္ဌကထာပါဠိတို့ကို အချို့မှာ အောက်ဝယ် မြန်မာပြန်ဆိုပြီးဖြစ်၍ရင်း၊ အချို့မှာ သုဝိညေယျ ပါကဋ္ဌဖြစ်၍ရင်း၊ မြန်မာ မပြန်မဆိုသည်။

## ရူပဗြဟ္မာတို့ တေဇောဓာတ် (၄)ပါး မရကြောင်း

ဤသို့ ဓာတုဝိဘင်းပါဠိတော်ဝယ် တေဇောလေးပါး ဝါယောကိုးပါးတို့ကို ကေသ လောမအစရှိသော ပထဝီကောဋ္ဌာသ ပိတ္တ သေမှအစရှိသော အာပေါကောဋ္ဌာသတို့မှ အသီးအခြားဟောတော်မူသည်၊ တေဇောလေးပါးအနက် ပါစကတေဇောဟူသည် အသိတ ပီတ ခါယိတ သာယိတဖြစ်သော ကဗဠီကာရအာဟာရကို ချေချက်တတ်သော ကမ္မဇတေဇောသာဖြစ်၍ ဗြဟ္မာတို့အားလည်း ချေချက်ရန် ထို အသိတပီတအစရှိသော ကဗဠီကာရ အာဟာရ၏ မရှိခြင်းကြောင့် ပါစကတေဇောနှင့်တကွဖြစ်သော ဇီဝိတ နဝကကလာပ်ကို ဗြဟ္မာတို့၌မရကောင်း။ ကံကြောင့်ဖြစ်ခိုက်သော တရက်ခြာဖျားခြင်းစသည်ကို ဖြစ်စေတတ်သော သန္တပ္ပနတေဇော ရူပကာယ၏ ပြင်းစွာပူပန်ခြင်းကို ဖြစ်စေတတ်သော ဒါဟတေဇောသာဖြစ်၍ ဗြဟ္မာတို့အားလည်း ရုပ္ပန၏ ဝိရောဓိအကြောင်းဖြစ်သော တရက်ခြာဖျားခြင်းအစရှိသော အနာရောဂါ၏မရှိခြင်းကြောင့် ထိုသန္တပ္ပနတေဇော ဒါဟတေဇောတို့နှင့် တကွဖြစ်သော ဇီဝိတနဝကကလာပ်ကိုလည်း ဗြဟ္မာတို့၌ မရကောင်း။

ဇီရဏတေဇောဟူသည် စက္ခုစသော ဣန္ဒြေတို့၏ ဘောက်ပြန်ခြင်း အရေတွန့်ခြင်း ဆံဖြူခြင်းအစရှိသည်ဖြင့် ရူပကာယ၏ ဘောက်ပြန်ခြင်းကိုပြုတတ်သော တေဇောသာဖြစ်၍ ဗြဟ္မာတို့အားလည်း ဥပပါတ်အားဖြင့် ပဋိသန္ဓေနေသည့်မှစ၍ စုတေသည်တိုင်အောင်သော ကာလပတ်လုံး စက္ခုစသော ဣန္ဒြေတို့၏ ဘောက်ပြန်ချို့တဲ့ခြင်း အရေတွန့်ခြင်း ဆံဖြူခြင်းအစရှိသည်ဖြင့် ရူပကာယ၏ ဘောက်ပြန်ခြင်းမရှိကောင်းရကား၊ ထိုဇီရဏတေဇောနှင့် တကွဖြစ်သော ဇီဝိတနဝကကလာပ်ကိုလည်း ဗြဟ္မာတို့၌မရကောင်း။

ကာမဘုံသား သတ္တဝါတို့အားသာ အသိတစသော အာဟာရကိုစားသုံးခြင်း တရက်ခြာဖျားခြင်း ပြင်းစွာပူပန်ခြင်းအစရှိသည်ဖြင့် ရူပကာယ၏ ပူပန်ခြင်း မျက်စိမှုန်ခြင်း မျက်စိသီခြင်းအစသည်ဖြင့် ဣန္ဒြေတို့၏ ဘောက်ပြန်ချို့တဲ့ခြင်း ကာယဗလ၏ လျော့ယုတ်ကုန်ခန်းခြင်း အရေတွန့်လိပ်ခြင်း ဆံဖြူခြင်းစသည် ဖြစ်ကောင်းရကား၊ ထိုတေဇောလေးပါးတို့နှင့်တကွဖြစ်သော ဇီဝိတနဝကကလာပ်ကို ကာမဘုံ၌သာ ရကောင်းရာသည်ဖြစ်၍ **ဇီဝိတနဝကကလာပ်နှင့်တကွ ကလာပ်နှစ်ဆဲ့တစည်းလုံးပင် ကာမဘုံဝယ် ဖြစ်ကောင်းရကောင်း၏ဟု ဆိုကုန်ယူကုန်၏။**

**ဇီဝိတနဝကကလာပ် စဖြစ်ရာ ကာလ**

ဇီဝိတနဝကကလာပ်သည် ပဋိသန္ဓေ ပဝတ္တိအခါနှစ်ပါးတွင် အဘယ်အခါကစ၍ ဖြစ်သနည်းဟူမူ....ဗြဟ္မာတို့အား စက္ခု သောတ ဝတ္ထုဒသက ကလာပ် ဇီဝိတနဝကကလာပ်အားဖြင့် ကလာပ်လေးစည်း ရုပ်သုံးဆဲ့ကိုးခု တို့သည် ပဋိသန္ဓေစိတ်နှင့်တကွ တပြိုင်နက်တည်းဖြစ်ကြောင်းကို **သမ္မောဟ·ဝိနောဒနီ ပဋိစ္စသမုပ္ပါဒဝိဘင်းအဋ္ဌကထာ** (၁၅၃) ၌—

> ရူပီဗြဟ္မေသု တာဝ စက္ခုသောတဝတ္ထုဒသကာနံ, ဇီဝိတနဝကဿ စာတိ စတုန္နံ ဒသကာနံ ဝသေန တိံသ စ နဝ စ ရူပါနိ ပဋိသန္ဓိဝိညာဏေန သဟ ဥပ္ပဇ္ဇန္တိ —

ဟူ၍ ပြဆိုတော်မူသောကြောင့်ရင်း, ဗြဟ္မာတို့အား ကာယပသာဒ၏ မရှိခြင်းကြောင့် ကာယဒသကကလာပ်မရှိရကား ကာယဒသကကလာပ်ပြုရမည့်အရာဌာနမျိုး၌ ကာယဒသက၏အစား ဇီဝိတနဝကကလာပ်ဖြစ်ရကြောင်းကို—

> ဇီဝိတနဝကန္တိ ဗြဟ္မာနံ ကာယာဘာဝတော ကာယဒသကဋ္ဌာနိယံ ဇီဝိတနဝကံ—

ဟူ၍ **ဋီကာကျော်** (၂၁၅)၌ ပြဆိုသောကြောင့်ရင်း ရူပါဝစရဗြဟ္မာတို့အား ဇီဝိတနဝကကလာပ်သည် ပဋိသန္ဓေအခါက စ၍ပင် ဖြစ်သည်ဟူလေ။

ကာယပသာဒသည် ကိုယ်အားလုံးနှံ့၍ဖြစ်သော သဗ္ဗဗျာပီရုပ်ဖြစ်၍ ကာယဒသကသည်လည်း ကိုယ်အားလုံးကိုနှံ့၍ဖြစ်သော ကလာပ်ပင် ဖြစ်သည်ဖြစ်၍ သတ္တဝါတို့၏ ကိုယ်ထည်ဒြပ်ကို ကာယဒသကကလာပ်သာ ပြုသည်။ ဗြဟ္မာတို့အားသော် ကာယပသာဒရုပ် မဖြစ်ကောင်းသောကြောင့် ကာယဒသကကလာပ် မရှိ၊ စိတ္တဇ ဥတုဇကလာပ်ဟူကလည်း ပဝတ္တိကာလ၌သာ ဖြစ်ကောင်းသည်ဖြစ်၍ ထိုစိတ္တဇဥတုဇကလာပ်တို့မဖြစ်မီ သုံးဂါဝုတ်ပမာဏရှိသော ဗြဟ္မာတို့၏ ကိုယ်ထည်ဒြပ်ကို ကာယဒသက၏အစား ဇီဝိတ·နဝကကလာပ်သာ ပြုရသည်ဟူလို။

> **တံ ပနေတံ ကာယိန္ဒြိယံ ဝိယ သကလသရီရံ ဗျာပေတွာ ပဝတ္တတိ—**

ဟူ၍ ဘာဝရုပ်သည်လည်း ကာယပသာဒကဲ့သို့ ကိုယ်အားလုံးကို နှံ့၍ ဖြစ်ကြောင်းကို **ဋီကာကျော်** (၁၉၇)၌ပင် ပြဆိုသော်လည်း ဘာဝရုပ် ဘာဝဒသကကလာပ်မှကင်းသော နပုန်းပဏ္ဍုက်တို့အားလည်း ကိုယ်ထည် ဒြပ် ထင်ရှားရှိသည်သာ ဖြစ်သောကြောင့် ကာယဒသကကလာပ်သာ ကာမ ပုဂ္ဂိုလ်တို့၏ ကိုယ်ထည်ဒြပ်ကို ပြုတတ်သည်၏အဖြစ်ကို သိလေ။

ဇီဝိတနဝကန္တိ၊ ကံဟူသည်ကား။ ပြဟ္မာနံ၊ တို့အား။ ကာယာဘာဝ-တော၊ ကာယပသာဒ၏ မရှိခြင်းကြောင့်။ ကာယဒသကဋ္ဌာနိယံ၊ ကာယ-ဒသကကလာပ်ပြုရမည့် အရာဌာနဖြစ်သော ကိုယ်ထည်ဒြပ်ကို ပြုတတ် သော။ ဇီဝိတနဝကံ၊ သည်။

တံ ပနေတံ ဘာဝရူပံ၊ ထိုဘာဝရုပ်သည်။ ကာယိန္ဒြိယံ ဝိယ၊ ကဲ့သို့။ သကလသရီရံ၊ ကို။ ဗျာပေတွာ၊ ပျံ့နှံ့၍။ ပဝတ္တတိ၊ ၏။

ကာမပုဂ္ဂိုလ်တို့အားသော် ကလာပ်နှစ်ဆဲ့တစည်းတွင် ဇီဝိတနဝက ကလာပ်မှတပါး ကလာပ်နှစ်ဆယ်တို့ကိုသာ ကာမဘုံ၌ ရကောင်းကြောင်း ကို **ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ** (၇၃)၌—

သန္တိ သဗ္ဗာနိ ရူပါနိ၊ ကာမေသု စတုသမ္ဘဝါ။
ဇီဝိတနဝကံ ဟိတွာ၊ ကလာပါ ဟောန္တိ ဝီသတိ—

ဟူ၍ ပြဆိုတော်မူသောကြောင့် ဇီဝိတနဝကကလာပ်ပင် မဖြစ်ကောင်း ရကား၊ ထိုဇီဝိတနဝကကလာပ်ကို မည်သည့်အခါကစ၍ ဖြစ်သည်ဟု ဖြေ ကြားပြဆိုရန် မရှိ။

တနည်းလည်း....ကာမဘုံမယ် ဇီဝိတနဝကကလာပ်ကို သီးခြားမရအပ်။ စက္ခုဒသက သောတ ဃာန ဇိဝှါ ကာယ ဘာဝ ဝတ္ထုဒသကကလာပ်တို့၌ ပါရှိအကျုံးဝင်သော အဝိနိဗ္ဗောဂရုပ် ရှစ်ခု၊ ဇီဝိတရုပ်ဟူသော ရုပ်ကိုးခု ကိုသာ ဇီဝိတနဝက-ဟူ၍ ယူအပ်ကြောင်းကို—

ဒသကေသွေဝ ဂဟိတံ၊ ဝိသုံ ကာမေ န လဗ္ဘတိ—

ဟူ၍ **ပရမတ္ထဝိနိစ္ဆယအဋ္ဌကထာ** (၇၃)၌ပင် ပြဆိုတော်မူသောကြောင့် ဤအလိုအားဖြင့်သော် ကာမဘုံဝယ် ဥပပါတ်သံသေဒဇတို့အား ပဋိသန္ဓေ ခဏ၌ပင် ကမ္မဇကလာပ်ခုနစ်စည်း၊ ဂဗ္ဘသေယျကတို့အား ကာယ ဘာဝ ဝတ္ထုဒသကကလာပ် သုံးစည်းတို့ ဖြစ်ကုန်ရကား၊ ထိုဒသကကလာပ်တို့၌

ပါရှိသော ဇီဝိတနဝကကိုယူမူ ကာမပုဂ္ဂိုလ်တို့အားလည်း ဇီဝိတနဝက ကလာပ်သည် ပဋိသန္ဓေအခါကာလကစ၍ပင် ဖြစ်သည်ဟူလေ။

**ဓာတုဝိဘင်းပါဠိတော်**ဝယ် ကေသ လောမ အစရှိသော ပထဝီကောဋ္ဌာသ, ပိတ္တ သေမှအစရှိသော အာပေါကောဋ္ဌာသ-ဟူသော ဒွတ္တိံသာကာရမှ တေဇောကောဋ္ဌာသ ဝါယောကောဋ္ဌာသတို့ကို အသီးအခြား—

ယေန စ သန္တပ္ပတိ၊ ယေန စ ဇီရယတိ၊ ယေန စ ပရိဍယှတိ၊ ယေန စ အသိတပီတခါယိတသာယိတံ သမ္မာ ပရိဏာမံ ဂစ္ဆတိ။ ဥဒ္ဓင်္ဂမာ ဝါတာ၊ အဓောဂမာ ဝါတာ၊ ကုစ္ဆိသယာ ဝါတာ၊ ကောဋ္ဌာသယာ ဝါတာ၊ အင်္ဂမင်္ဂါနုသာရိနော ဝါတာ၊ သတ္ထကာ ဝါတာ၊ ခုရကာ ဝါတာ၊ ဥပ္ပလကာ ဝါတာ၊ အဿာသပဿာသာ ဝါတာ—

ဟူ၍ ဝေဘန်ဟောကြားတော်မူသည်။ တေဇောလေးပါးတွင် ပရိပါစကတေဇော၏ ကံကြောင့်သာဖြစ်ကြောင်း၊ ကြွင်းတေဇောသုံးပါး၏ ကံ စိတ် ဥတု အာဟာရ-ဟူသော အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကြောင်း၊ ဝါယောကောဋ္ဌာသတို့တွင်လည်း အဿာသပဿာသဝါယော၏ စိတ်ကြောင့်သာဖြစ်ကြောင်း၊ ကြွင်းဝါယောတို့၏ အကြောင်းလေးပါးတို့ကြောင့် ဖြစ်ကြောင်းကို **ဓာတုဝိဘင်းအဋ္ဌကထာ** (၆၆-၇) **ဝိသုဒ္ဓိမဂ်အဋ္ဌကထာ** (၃၄၅)တို့၌—

ပစ္ဆိမော ကမ္မသမုဋ္ဌာနော။ ပုရိမာ တယော စတုသမုဋ္ဌာနာ။ အဿာသပဿာသာ စိတ္တသမုဋ္ဌာနာ။ အဝသေသာ သဗ္ဗေပိ စတုသမုဋ္ဌာနာ—

ဟူ၍ ပြဆိုတော်မူကြကုန်သည်။ အောက်၌ ပြဆိုခဲ့သည့်အတိုင်း ထိုတေဇောကောဋ္ဌာသ ဝါယောကောဋ္ဌာသတို့သည်လည်း ဗြဟ္မာတို့အား မဖြစ်ကောင်း၊ ကာမပုဂ္ဂိုလ်တို့အားသာ ဖြစ်ကောင်းသည်။

ကာယပသာဒ၏ ကမ္မဇတေဇောဓာတ်၏ တည်ရာကလာပ်ကိုရင်း ဆံဖျား အမွေးဖျား ခြေသည်း လက်သည်းဖျား အရေခြောက်တို့ကိုရင်း ချန်လှပ်လွှတ်ထား၍ ကာမပုဂ္ဂိုလ်တို့၏ ကိုယ်အားလုံး၌ နှံ့၍ဖြစ်ကြောင်း ကို—

> ဣတရံ ပန ဌပေတွာ ကမ္မဇတေဇဿ ပတိဋ္ဌာနဋ္ဌာနံ ကေသဂ္ဂ-
> လောမဂ္ဂနခဂ္ဂသုက္ခစမ္မာနိ စ အဝသေသံ သကလသရီရံ ဗျာပေ-
> တွာ ပဝတ္တတိ——

ဟူ၍ **ဋီကာကျော်** (၁၉၆) ၌ မိန့်ဆိုအပ်သည်နှင့်အညီ၊ ကံကြောင့်ဖြစ်ခိုက်သော ထိုတေဇောကောဋ္ဌာသတို့၌ ကာယပသာဒမဖြစ်ကောင်း။ ထိုကောဋ္ဌာသတို့သည် ကာယပသာဒ၏ ဖြစ်ရာမဟုတ်ကောင်းသည်သာဖြစ်၍ ထိုကမ္မဇတေဇောလေးပါးသည် ကာယဒသကကလာပ်၌ ပါဝင်သော တေဇောမဟုတ်။ ဘာဝရုပ်သည် ကာယိန္ဒြေကဲ့သို့ ကမ္မဇတေဇောစသည်ကို လွှတ်၍ ကိုယ်အားလုံးကို နှံ့၍ဖြစ်သော ရုပ်သာဖြစ်ရကား၊ ဘာဝဒသကကလာပ်၌ အကျုံးဝင်သော တေဇောလည်းမဟုတ်။ ကမ္မဇကလာပ်၌ သုဒ္ဓဋ္ဌကကလာပ်ဟူ၍လည်း မရှိကောင်းသည်သာဖြစ်၍ ထိုကမ္မဇတေဇော၏ တည်မှီရာကလာပ်ဟူသည် ဇီဝိတနှင့်တကွဖြစ်သော ဇီဝိတနဝကကလာပ်သာဖြစ်သည်ဟူ၍ သိသာထင်ရှားသည်။

ကမ္မဇတေဇော၏ တည်မှီရာ ကလာပ်၌ ကာယဘာဝတို့ မတည်ကြောင်းကို ပြဆိုသဖြင့် ကံကြောင့်ဖြစ်ခိုက်သော ဝါယောဓာတ်၏ တည်မှီရာကလာပ်၌လည်း ကာယဘာဝတို့ မဖြစ်နိုင်သည်သာဖြစ်၍ ထိုကံကြောင့်ဖြစ်ခိုက်သော ဝါယောဓာတ်ဟူသည်လည်း ကာယဒသက ဘာဝဒသကကလာပ်တို့၌ အကျုံးဝင်သော ဝါယောမဟုတ်ဟု သိသာသည်။ ကိုယ်အားလုံးကိုနှံ့၍ တည်သော သကလဗျာပီရုပ်ဖြစ်သော ကာယဘာဝ၏ တည်မှီရာမဟုတ်သောကြောင့် အသီးအသီး မိမိတို့ ဖြစ်ကောင်းသော အရပ်တစိတ်၌သာ ဖြစ်ကောင်း၍ ပဒေသဋ္ဌာနိယဖြစ်သော စက္ခု သောတ ဃာန ဇိဝှါ ဟဒယဝတ္ထုတို့၏တည်မှီရာကလာပ် ဖြစ်လေသလောဟူ၍သော်ကား သံသယ ပသင်္ဂပင် ဖြစ်ဘွယ်မရှိ။

တချက်ခြာဖျားခြင်း ရူပကာယ၏ပြင်းစွာပူပန်ခြင်း စက္ခုအစရှိသော ဣန္ဒြေတို့၏မျက်စိသီခြင်း မွဲခြင်း နားလေးခြင်း ထိုင်းခြင်း အစရှိသည်ဖြင့် ချို့တဲ့ဘောက်ပြန်ခြင်း ခွန်အားဗလ၏ လျော့ယုတ်ကုန်ခန်းခြင်း အရေတွန့်ခြင်း ဆံဖြူခြင်း စားသုံးအပ်သော ဘောဇဉ်ခဲဘွယ်စသည်၏ ကြေကျက်ခြင်းတို့ကို ဖြစ်စေတတ်သော ကမ္မဇတေဇော, ကွေ့ထိုးခြင်း သမ်းခြင်းကို ဖြစ်စေတတ်သော ဥဒ္ဒင်္ဂမဝါတအစရှိသော ကမ္မဇဝါယောတို့၏ တည်မှီရာ

ဇီဝိတနဝကကလာပ်သည် ထိုတရက်ခြာဖျားခြင်းစသည်, ကြွံ့ထိုးခြင်းစသည်၏ ယောနိလေးပါးတို့ဖြင့် ထိုက်သည်အားလျော်စွာ ပဋိသန္ဓေစွဲနေကုန်သော ကာမပုဂ္ဂိုလ်တို့အား ပဋိသန္ဓေ အခါကာလဝယ် မရှိကောင်း မဖြစ်ကောင်း၊ ပဝတ္တိကာလ၌သာ ဖြစ်ကောင်း ရှိကောင်းသည်ဖြစ်၍ ထိုဇီဝိတ-နဝကကလာပ်သည် ကာမပုဂ္ဂိုလ်တို့အား ပဝတ္တိအခါ၌သာ ဖြစ်သည်ဟူလေ။

## ၁၇-ဂဗ္ဘသေယျကလူပုဂ္ဂိုလ်၏ ရူပဝီထိ

### ကမ္မဇကလာပ်ဖြစ်စဉ်

ယောနိလေးပါးတွင် ဇလာဗုဇဖြစ်သော ဂဗ္ဘသေယျက၏ အစွမ်းဖြင့် သတ္တဝါပုဂ္ဂိုလ်အများတွင် လူပုဂ္ဂိုလ်၏အစွမ်းဖြင့် ရုပ်ဝီထိအစဉ်ဖြစ်ပုံကို ပြအံ့....

ထိုပုဂ္ဂိုလ်တို့၏ ပဋိသန္ဓေစိတ်စသော ခပ်သိမ်းသော စိတ်တို့၏ဥပါဒ်ခဏ ဌီခဏ ဘင်ခဏဟူသော ကာလသုံးပါးဝယ် ထင်ရှားရှိသော ဖြစ်ဆဲကလာပ် ဌီသို့ရောက်ဆဲကလာပ် ချုပ်ဆဲကလာပ်တို့ကို ပေါင်းစုရေတွက်၍ပြပေအံ့။ ကလာပ်၌ပါသော ရုပ်တို့ကိုကား သချာဂဏန်း များပြားထွေးရှက်ရာသော ကြောင့်၎င်း, ကလာပ်သချာကိုမြင်သဖြင့် ပြဆိုခဲ့သည့် ဒသက နဝက အဋ္ဌက ရုပ်အရေအတွက်ကို သိနိုင်ရာသောကြောင့်၎င်း ရေတွက်၍ မပြမဆိုပြီ။

ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကမ္မဇကလာပ်သုံးစည်းသာ ရှိ၏၊ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲကမ္မဇကလာပ်သုံးစည်း ဌီသို့ရောက်ဆဲ ကမ္မဇကလာပ်သုံးစည်းအားဖြင့် နှစ်စု ကလာပ်ခြောက်စည်းရှိ၏၊ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကမ္မဇကလာပ်သုံးစည်း ဌီသို့ရောက်ဆဲ ခြောက်စည်းအားဖြင့် နှစ်စု ကလာပ်ကိုးစည်းရှိ၏။ ဤသို့ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း သုံးစည်းစီ တိုးပွါးရေတွက်သော် ပဋိသန္ဓေစိတ်မှစ၍ တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကမ္မဇကလာပ်သုံးစည်း ဌီသို့ရောက်ဆဲ ကလာပ်တရာ့လေးဆဲ့လေးစည်းအားဖြင့် နှစ်စု ကမ္မဇကလာပ်တရာ့လေးဆဲ့ခုနစ်စည်းရှိ၏၊ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ဌီသို့ရောက်ဆဲ ကလာပ် တရာ့လေးဆဲ့ခုနစ်စည်းအားဖြင့် နှစ်စု ကမ္မဇကလာပ်စည်း တရာ့ငါးဆယ်ရှိ၏၊ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ဌီသို့ရောက်ဆဲ

ကလာပ် တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲကလာပ်သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့သုံးစည်းရှိ၏။

ဤအတူ ပဋိသန္ဓေမှသည် တဆဲ့ရှစ်ချက်မြောက်သော စိတ်ကစ၍ စက္ခု သောတ ဃာန ဇီဝှါဒသကကလာပ်လေးစည်းတို့ မဖြစ်မီအတွင်း ဖြစ်သမျှ သော စိတ်တို့၏ ဥပါဒ် ဌီဘင် ခဏတိုင်း၌ပင် ဖြစ်ဆဲသုံးစည်း၊ ဌီသို့ရောက် ဆဲ တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့သုံးစည်းစီသာ အယုတ်အလွန်မရှိ ဖြစ်၏။

စက္ခု သောတ ဃာန ဇီဝှါဒသကကလာပ် လေးစည်းတို့သည် ကလလ- သတ္တာဟမှစ၍ ရေသော် ခုနစ်ဆဲ့ခုနစ်ညဥ့် အရေအတွက်ရှိသော သတ္တာဟ- တဆဲ့တခုတို့တွင် ဧကာဒသမသတ္တာဟ၏ အစရက်ဖြစ်သော ခုနစ်ဆဲ့တရက် မြောက်သောနေ့၌ အမှတ်မဲ့သောစိတ်၏ ဥပါဒ်ဌီဘင် ခဏသုံးပါးတွင် တပါး ပါးနှင့် ပြိုင်၍ပင် ဖြစ်ကောင်းကုန်၏။

ဤ၌ကား ဥပါဒ်နှင့်ပြိုင်၍ ရှေးဦးဖြစ်ပုံကို ပြအံ့။ အကြင်စိတ်၏ ဥပါဒ် ခဏ၌ ရှေးဦးစွာသော စက္ခု သောတ ဃာန ဇီဝှါဒသက ကလာပ်တို့သည် ဖြစ်ကုန်၏။ ထိုစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကမ္မဇကလာပ် ခုနစ်စည်း၊ ဌီသို့ ရောက်ဆဲကလာပ် တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့ခုနစ်စည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ ကလာပ် ခုနစ်စည်း၊ ဌီသို့ရောက်ဆဲ တရာ့ငါးဆဲ့တစည်း၊ ချုပ်ဆဲ သုံးစည်း အားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ခြောက်ဆဲ့တစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲခုနစ်စည်း၊ ဌီသို့ရောက်ဆဲ တရာ့ငါးဆဲ့ရှစ်စည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ခြောက်ဆဲ့ရှစ်စည်း ရှိ၏။

ဤနည်းတူ လေးစည်းစီ တိုး၍ရေတွက်သော် ရှေးဦးစွာ စက္ခု သောတ ဃာန ဇီဝှါဒသကတို့နှင့် ဥပါဒ်ပြိုင်၍ဖြစ်သောစိတ်မှ တဆဲ့ခုနစ်ချက်မြောက် သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲခုနစ်စည်း၊ ဌီသို့ရောက်ဆဲ သုံးရာ့သုံးဆဲ့ ခြောက်စည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် သုံးရာ့ လေးဆဲ့ခြောက်စည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ ခုနစ်စည်း၊ ဌီသို့ ရောက်ဆဲ သုံးရာ့လေးဆဲ့သုံးစည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇ ကလာပ် သုံးရာ့ငါးဆဲ့သုံးစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ်

ခုနစ်စည်း၊ ဌီသို့ရောက်ဆဲ ကလာပ် သုံးရာ့ငါးဆယ်၊ ချုပ်ဆဲ ခုနစ်စည်း အားဖြင့် သုံးစု ကမ္မဇကလာပ် သုံးရာ့ခြောက်ဆဲ့လေးစည်း ရှိ၏။ ဤနည်း ကလာပ်လေးပါးတို့နှင့် ဥပါဒ်ပြိုင်၍ဖြစ်သော စိတ်မှ တဆဲ့ရှစ်ချက်မြောက် သော စိတ်၏ ဥပါဒ်ခဏမှစ၍ ပါစကတေဇော အဓိကဖြစ်သော ရှေးဦးစွာ သော ဇီဝိတနဝကကလာပ် မဖြစ်မီအတွင်း ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဖြစ်ဆဲကလာပ် ခုနစ်စည်း၊ ဌီသို့ရောက်ဆဲကလာပ် သုံးရာ့ငါးဆယ်၊ ချုပ်ဆဲကလာပ် ခုနစ်စည်းအားဖြင့် သုံးစု ကမ္မဇကလာပ် သုံးရာ့ခြောက်ဆဲ့လေးစည်းစီ အညီအမျှသာ ရှိ၏။

ဤသို့ ကမ္မဇကလာပ်တို့ကို ရေတွက်ပြဆိုခဲ့သည်ကား....ဂဗ္ဘသေယျက တို့အား အဇ္ဈတ္တိကာယတန ခြောက်ပါးတို့တွင် ကာယာယတန မနာယတန နှစ်ပါးတို့သာ ပဋိသန္ဓေခဏ၌ ဖြစ်ကြောင်း၊ စက္ခု သောတ ဃာန ဇိဝှါ- ဟူသော ကြွင်းအာယတနလေးပါးတို့သည် ကလလသတ္တာဟမှ စ၍ရေသော် ခုနစ်ဆဲ့ခုနစ်ညဉ့် အရေအတွက်ရှိသော ဧကာဒသမသတ္တာဟ၏ အစရက် ဖြစ်သော ခုနစ်ဆဲ့တရက်မြောက်၌ ဖြစ်ကြောင်းကို—

ဂဗ္ဘသေယျကာနံ ဆသု အဇ္ဈတ္တိကာယတနေသု ကာယာယ- တနမနာယတနာနေဝ ပဋိသန္ဓိက္ခဏေ ဥပ္ပဇ္ဇန္တိ။ သေသာနိ စတ္တာ- ရိ သတ္တသတ္တတိရတ္တိမှိ—

ဟု ပြဆိုသော **ကထာဝတ္ထုအဋ္ဌကထာ**။ ဂဗ္ဘသေယျကတို့အား ဧကာဒသမ- သတ္တာဟမှ ရှေ့အဘို့ဖြစ်သော ရက်ပေါင်း ခုနစ်ဆယ်အတွင်း၌တည်းစဉ် စက္ခာယတန မဖြစ်သေး၊ ဖြစ်လတ္တံ့သာဖြစ်ကြောင်းကို ပြသော—

အထ ကဿ ယဿ ဝါ ပန ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ တဿ စက္ခာယတနံ နုပ္ပဇ္ဇိဿတီတိ။ အာမန္တာတိ ပဋိညာတာ။ နနု စ ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ဥပပဇ္ဇန္တဿ ဧကာဒသမသတ္တာ- ဟာ ဩရတော ဌိတဿ ရူပါယတနံ နုပ္ပဇ္ဇိဿတိ၊ နော စ စက္ခာ- ယတနံ နုပ္ပဇ္ဇိဿတီတိ တဿ ဘဝေ ဘဝိဿန္တဿ ဥပ္ပါဒဿ အနာ- ဂတဘာဝေန အဝစနတော—

ဟူသော **ယမိုက်မူလဋီကာ**(၁၃၀)၌ " ဂဗ္ဘသေယျကဿ ပစ္ဆိမဘဝိကဿ ။ပ။နော စ စက္ခာယတနံ နုပ္ပဇ္ဇိဿတိ"ဟူသောစကားကို ထောက်၍ရင်း....

> ယဿ ဝါ ပန ယတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ တဿ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတီတိ။ ကာမာဝစရာ စဝန္တာနံ အဃာနကာနံ ကာမာဝစရံ ဥပပဇ္ဇန္တာနံ ၊ ယေ စ ရူပါဝစရံ အရူပါဝစရံ ဥပပဇ္ဇိတွာ ပရိနိဗ္ဗာယိဿန္တိ၊ တေသံ စဝန္တာနံ တေသံ တတ္ထ ရူပါယတနံ ဥပ္ပဇ္ဇိတ္ထ၊ နော စ တေသံ တတ္ထ ဃာနာယတနံ ဥပ္ပဇ္ဇတိ—

ဟူသော အာယတနယမိုက် ပုဂ္ဂလောကာသ ပစ္စုပ္ပန္နာတီတဝါရ ဃာနာယတနမူ ရူပါယတနမူလီ ပဋိလောမဝိသဇ္ဇနာပါဠိတော် (၁၀၅)ဝယ်။ "ကောဒသမသတ္တာဟာ သြရတော ကာလံ ကရိဿန္တိ။ တေသံ ဃာနာယတနာနိဗ္ဗတ္တကကမ္မေန ဂဟိတပဋိသန္ဓိကာနံ ဝသေန ဝုတ္တံ"ဟူ၍ အဃာနကကာမာဝစရစဝန္တအရကို ကောဒသမသတ္တာဟမှ ရှေ့အတွင်းဖြစ်သော ကာလ၌ စုတေ့လတ္တံ့သော ဃာနာယတနကို မဖြစ်စေနိုင်သော ကံဖြင့် ယူအပ်သော ပဋိသန္ဓေရှိသော ဂဗ္ဘသေယျကပုဂ္ဂိုလ်ကို ကောက်ယူသင့်ကြောင်းတို့ကို ပြဆိုသည်ကို ထောက်၍ရှင်း....

ဂဗ္ဘသေယျကတို့အား ကောဒသမသတ္တာဟ၏ အစရက်ဖြစ်သော ပဋိသန္ဓေစွဲနေသည်မှ နောက် ခုနစ်ဆဲ့တရက်မြောက် ဖြစ်သောနေ့၌ စက္ခာယတန ဃာနာယတနတို့ ဖြစ်ကြောင်း။ ထို့အတူ သောတာယတန ဇိဝှါယတနနှစ်ပါးတို့လည်း ခုနစ်ဆဲ့တရက်မြောက်သော နေ့၌ဖြစ်ကြောင်းကို ပြဆိုသော မူလဋီကာ။ ဤဋီကာဝယ် ဃာနာယတနကို မဖြစ်စေနိုင်သော ကံအရကို—

> ယဿ ဝိပါကော ဃာနာယတနုပ္ပတ္တိတော ပုရေတရမေဝ နိရုဇ္ဈိဿတိ၊ တံ ဃာနာယတနာနိဗ္ဗတ္တကကမ္မန္တိ ဝုတ္တံ—

ဟူ၍ ဃာနယတနမဖြစ်မီ ချုပ်ပျက်စုတေ့ရလတ္တံ့သော အလွန်နည်းလှတိုလှသော အကျိုးမျှကို ဖြစ်စေနိုင်သော ကံကို ကောက်ယူရမည်ဟု ပြဆိုသော အနုဋီကာ(၁၀၂)တို့ အလို။

## ၁၈-တနည်း ဂဗ္ဘသေယျကလူပုဂ္ဂိုလ်၏ ရူပဝီထိ ကမ္မဇကလာပ်ဖြစ်စဉ်

"တတော ပရံ ပဝတ္တိကာလေ ကမ္မေန စက္ခုဒသကာဒီနိ ပါတုဘဝန္တိ" ဟူ၍ **ဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ**(၄၄)ဝယ် "ကမ္မေန ကိတ္တိံ လဘတိ ပသံသံ၊

ကမ္မေန ဇာနိဠ ဝဓူဋ ဗန္ဓိ” **အစရှိသည်မှာကဲ့သို့ ကမ္မေနဟူ၍** ဒွေဘော်နှင့် ရှိရမည်ကို မ-အက္ခရာတလုံး ကျပျက်၍ “ဥပ္ပတ္တိက္ကမေန ဒေသနာက္ကမေန ပဟာနက္ကမေန” အစရှိသည်မှာကဲ့သို့ **ကမေန**-ဟု ရှိသည်ကို အမှန်မှတ်ယူ၍ ကမသဒ္ဒါကိုလည်း အစဉ်ဟောကြံ၍ စက္ခု သောတ ဃာန ဇိဝှါအာယ-တနလေးပါးတို့သည် သတ္တာဟတခုစီ အစဉ်အားဖြင့် ဖြစ်ကြောင်းကို—

ကမေနာတိ စက္ခုဒသကပါတုဘာဝတော သတ္တာဟာတိက္ကမေန သောတဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဃာနဒသကံ၊ တတော သတ္တာဟာတိက္ကမေန ဇိဝှါဒသကန္တိ ဧဝံ အနုက္ကမေန။ အဋ္ဌကထာယမ္ပိ ဟိ အယမတ္ထော ဒဿိတောယေဝ—

ဟူ၍ ထိုအာယတနလေးပါးတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းသဘောကို အဋ္ဌကထာ၌ပင် ပြလေသည်ဟူ၍ရင်း။ အဋ္ဌကထာဝယ် **ပဝတ္တိကာလေ** ၌ ပဝတ္တိကာလအရကို အဋ္ဌကထာအလိုအားဖြင့် သတ္တမသတ္တာဟကို၊ မူလ ဋီကာအလိုအားဖြင့် ဧကာဒသမသတ္တာဟကို ယူရမည်အကြောင်းကို—

ပဝတ္တိကာလေတိ သတ္တမေ သတ္တာဟေ, ဋီကာကာရမတေန ဧကာဒသမေ သတ္တာဟေ ဝါ—

ဟူ၍ရင်း ပြဆိုသော **ဋီကာကျော်**(၂၁၄) ဤဋီကာကျော်နှင့် သဘော တူ အသီးအသီး ပြဆိုကြသော သခေ်ပဝဏ္ဏနာဋီကာ မဏိသာရမဉ္ဇူသာ-ဋီကာ-အစရှိသော ဂဏ္ဌိ ဝိနိစ္ဆယ အာယတနယမိုက်အရကောက် ဆရာတို့ အလိုအားဖြင့် စက္ခုစသော အာယတန လေးပါး၊ ဒသကကလာပ် လေး စည်းတို့ သတ္တမသတ္တာဟကစ၍ ဖြစ်ပုံဖြစ်ဟန်ကို ပြဆိုလိုက်ဦးအံ့....

လူဂဗ္ဘသေယျကတို့၏ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲ ကမ္မဇ ကလာပ် သုံးစည်းသာ ရှိ၏၊ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ ကမ္မဇကလာပ် သုံးစည်း၊ ဌီသို့ ရောက်ဆဲ ကမ္မဇကလာပ် သုံးစည်းအားဖြင့် နှစ်စု ကမ္မဇ ကလာပ် ခြောက်စည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ် သုံး စည်း၊ ဌီသို့ ရောက်ဆဲ ခြောက်စည်းအားဖြင့် နှစ်စု ကမ္မဇကလာပ် ကိုးစည်း ရှိ၏။

ဤသို့ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း သုံးစည်းစီ တိုးပွါးရေတွက် သော် ပဋိသန္ဓေစိတ်မှစ၍ တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌

ဖြစ်ဆဲ ကမ္မဇကလာပ် သုံးစည်း၊ ဌီသို့ ရောက်ဆဲကလာပ် တရာ့လေးဆဲ့လေးစည်းအားဖြင့် နှစ်စု ကမ္မဇကလာပ် တရာ့လေးဆဲ့ခုနစ်စည်း ရှိ၏။ ၎င်းစိတ်၏ဌီခဏ၌ ဖြစ်ဆဲကလာပ် သုံးစည်း၊ ဌီသို့ရောက်ဆဲကလာပ် တရာ့လေးဆဲ့ခုနစ်စည်းအားဖြင့် နှစ်စု ကမ္မဇကလာပ် တရာ့ငါးဆယ် ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ် သုံးစည်း၊ ဌီသို့ရောက်ဆဲ ကလာပ် တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲကလာပ် သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့သုံးစည်း ရှိ၏။

ဤအတူ ပဋိသန္ဓေမှသည် တဆဲ့ရှစ်ချက်မြောက်သော စိတ်ကစ၍ စက္ခုဒသကကလာပ်မဖြစ်မီအတွင်း ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်းပင် ဖြစ်ဆဲသုံးစည်း၊ ဌီသို့ရောက်ဆဲ တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့သုံးစည်းစီသာ အယုတ်အလွန်မရှိ ဖြစ်၏။

စက္ခု သောတ ဃာန ဇိဝှါဒသကတို့သည် မိမိတို့ ဖြစ်သင့်သောအခါ အမှတ်မဲ့သော စိတ်၏ ဥပါဒ် ဌီ ဘင် ခဏသုံးပါးတွင် တပါးပါးနှင့်ပြိုင်၍ပင် ဖြစ်ကောင်း၏။ ဤ၌ကား ဥပါဒ်နှင့်ပြိုင်၍ ရှေးဦးဖြစ်ပုံကို ပြအံ့။ အကြင်စိတ်၏ ဥပါဒ်ခဏ၌ အစစ္စာသော စက္ခုဒသကကလာပ် ဖြစ်၏။ ထိုစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲသော ကလာပ်လေးစည်း၊ ဌီသို့ရောက်ဆဲကလာပ် တရာ့လေးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့လေးစည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲကလာပ်လေးစည်း၊ ဌီသို့ရောက်ဆဲ တရာ့လေးဆဲ့ရှစ်စည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့ငါးစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲ လေးစည်း၊ ဌီသို့ရောက်ဆဲ တရာ့လေးဆဲ့ကိုးစည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် တရာ့ငါးဆဲ့ခြောက်စည်း ရှိ၏။

ဤနည်းတူ တစည်းစီတိုး၍ ရေတွက်သော် ရှေးဦးစွာ စက္ခုဒသကနှင့် ဥပါဒ်ပြိုင်သော စိတ်မှ တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲလေးစည်း၊ ဌီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ငါးစည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် နှစ်ရာ့နှစ်စည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ လေးစည်း၊ဌီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ခြောက်စည်း၊ ချုပ်ဆဲ သုံးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် နှစ်ရာ့သုံးစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌

ဖြစ်ဆဲလေးစည်း၊ ဋီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ခြောက်စည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် ကမ္မဇကလာပ် နှစ်ရာ့လေးစည်း ရှိ၏။

ဤနည်း နောက်ကို သောတဒသကမဖြစ်မီအတွင်း ဖြစ်သမျှသောစိတ်၏ ဥပါဒ် ဋီ ဘင် ခဏတိုင်း၌ ဖြစ်ဆဲလေးစည်း၊ ဋီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ခြောက်စည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် နှစ်ရာ့လေးစည်းစီသာ ရှိ၏။

အကြင်စိတ်၏ ဥပါဒ်ခဏ၌ အစစွာသော သောတဒသက ဖြစ်၏။ ထိုစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ်ငါးစည်း၊ ဋီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ခြောက်စည်း၊ ချုပ်ဆဲလေးစည်းအားဖြင့် သုံးစု ကလာပ် နှစ်ရာ့ငါးစည်း၊ ၎င်းစိတ်၏ ဋီခဏ၌ဖြစ်ဆဲ ငါးစည်း၊ ဋီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် သုံးစု ကလာပ် နှစ်ရာ့ခြောက်စည်း။၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲ ငါးစည်း၊ ဋီသို့ရောက်ဆဲ တရာ့ကိုးဆဲ့ရှစ်စည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် သုံးစု ကလာပ် နှစ်ရာ့ခုနစ်စည်း ရှိ၏။

ဤနည်း ခဏတိုင်း တစည်းစီတိုး၍ ရေတွက်သော် သောတဒသကနှင့် ဥပါဒ်ပြိုင်သော စိတ်မှ တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ် ငါးစည်း၊ ဋီသို့ရောက်ဆဲ ကလာပ် နှစ်ရာ့လေးဆဲ့လေးစည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် သုံးစု ကလာပ် နှစ်ရာ့ငါးဆဲ့သုံးစည်း ရှိ၏။ ၎င်းစိတ်၏ ဋီခဏ၌ ဖြစ်ဆဲငါးစည်း၊ ဋီသို့ရောက်ဆဲ နှစ်ရာ့လေးဆဲ့ငါးစည်း၊ ချုပ်ဆဲ လေးစည်အားဖြင့် သုံးစု ကလာပ် နှစ်ရာ့ငါးဆဲ့လေးစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲငါးစည်း၊ ဋီသို့ရောက်ဆဲ နှစ်ရာ့လေးဆဲ့ ငါးစည်း၊ ချုပ်ဆဲ ငါးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် နှစ်ရာ့ငါးဆဲ့ ငါးစည်း ရှိ၏။

ဤနည်း နောက်ကို ဃာနမဖြစ်မီအတွင်း ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် ဋီ ဘင် ခဏတိုင်း၌ ဖြစ်ဆဲငါးစည်း၊ ဋီသို့ရောက်ဆဲ နှစ်ရာ့လေးဆဲ့ ငါးစည်း၊ ချုပ်ဆဲ ငါးစည်းအားဖြင့် သုံးစု ကမ္မဇကလာပ် နှစ်ရာ့ငါးဆဲ့ငါးစည်းစီသာ ရှိ၏။ ဤနည်းကို အစဉ်မှီးသဖြင့် ဃာနဒသက ဖြစ်သည့်အခါ တစည်းကကို ငါးဆဲ့တစည်းတိုင် တိုးပွါးရေတွက်သော် ဇိဝှါမဖြစ်မီအတွင်း ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် ဋီ ဘင် ခဏတိုင်း၌ ဖြစ်ဆဲ ခြောက်စည်း၊ ဋီသို့ရောက်ဆဲ နှစ်ရာ့ကိုးဆဲ့လေးစည်း၊ ချုပ်ဆဲခြောက်စည်းအားဖြင့် သုံးစု ကမ္မဇကလာပ်

သုံးရာ့ခြောက်စည်းစီ ရှိ၏။ ဇိဝှါဒသက ဖြစ်သည်အခါ၌လည်း တစည်းက စ၍ ငါးဆဲ့တစည်းတိုင် ခဏတိုင်း တိုးပွါးရေတွက်သော် ဇီဝိတနဝက ကလာပ် မဖြစ်မီအတွင်း ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း ၌ပင် ဖြစ်ဆဲကလာပ် ခုနစ်စည်း၊ ဌီသို့ရောက်ဆဲ သုံးရာ့လေးဆဲ့ သုံးစည်း၊ ချုပ်ဆဲ ခုနစ်စည်းအားဖြင့် ကမ္မဇကလာပ် သုံးရာ့ခြောက်ဆဲ့လေးစည်းစီ ရှိ၏။

ဇီဝိတနဝကကလာပ် ဖြစ်သည့်အခါ၌လည်း ခဏတိုင်း ကလာပ်တစည်း ကစ၍ ငါးဆဲ့တစည်းတိုင် တိုးပွါးရေတွက်သော် စုတိစိတ်မှ ရှေ့ တဆဲ့ခုနစ် ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဖြစ်ဆဲကလာပ် ရှစ်စည်း၊ ဌီသို့ရောက်ဆဲ ကလာပ် သုံးရာ့ကိုးဆဲ့နှစ်စည်း၊ ချုပ်ဆဲကလာပ် ရှစ်စည်းအားဖြင့် သုံးစု ကမ္မဇကလာပ် လေးရာ့ရှစ်စည်းစီ ရှိ၏။

### သေခါနီး၌ ကမ္မဇကလာပ် ဖြစ်စဉ်

စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခုနစ်ချက်မြောက် စိတ်၏ ဌီခဏကစ၍ ကမ္မဇကလာပ် အသစ်မဖြစ်ပြီ၊ ၎င်းစိတ်၏ ဌီခဏ၌ ဌီသို့ရောက်ဆဲ ကလာပ် သုံးရာ့ကိုးဆဲ့နှစ်စည်း၊ ချုပ်ဆဲ ရှစ်စည်းအားဖြင့် နှစ်စု ကမ္မဇကလာပ်စည်း လေးရာရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဌီသို့ရောက်ဆဲ သုံးရာ့ရှစ်ဆဲ့လေးစည်း၊ ချုပ်ဆဲ ရှစ်စည်းအားဖြင့် နှစ်စု ကလာပ် သုံးရာ့ကိုးဆဲ့နှစ်စည်းသာ ရှိ၏။

ဤနည်း နောက်ကို ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း ရှစ်စည်းစီ လျော့နုတ်၍ ရေသော် စုတိစိတ်၏ ဥပါဒ်ခဏ၌ ဌီသို့ရောက်ဆဲ ကလာပ် တဆဲ့ခြောက်စည်း။ ချုပ်ဆဲ ရှစ်စည်းအားဖြင့် နှစ်စု ကမ္မဇကလာပ် နှစ်ဆဲ့ လေးစည်းသာ ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဌီသို့ရောက်ပြီးကလာပ် ရှစ်စည်း၊ ချုပ်ဆဲ ရှစ်စည်း နှစ်စု ကမ္မဇကလာပ် တဆဲ့ခြောက်စည်းသာ ရှိ၏။ ၎င်း စိတ်၏ ဘင်ခဏ၌ ချုပ်ဆဲ ကမ္မဇကလာပ် ရှစ်စည်းသာ ရှိ၏။

ဤယခု ရေတွက်ပြဆိုခဲ့သည်ကား....ပြည့်စုံသော ဣန္ဒြေရှိသော ပုဂ္ဂိုလ် ကို ရည်၍သာ၊ ၎င်းဂဗ္ဘသေယျကတို့အား စက္ခု သောတ ဃာန ဘာဝတို့ ချို့ကောင်းသောကြောင့် ၎င်းလေးပါးတွင် တပါးပါးသော်၎င်း၊ နှစ်ပါး နှစ်ပါးသော်၎င်း၊ သုံးပါးသုံးပါးသော်၎င်း၊ လေးပါးလုံးသော်၎င်း ချို့လျှင်

ချိုသော ရုပ်အားလျော်စွာ ဒသကကလာပ်တို့ကို ယုတ်လျော့၍ ရေတွက်လေ။

## စိတ္တဇကလာပ် ဖြစ်စဉ်

စိတ္တဇကလာပ်သည် ပဋိသန္ဓေစိတ်နောင် ပဌမဘဝင်စိတ်ကစ၍ **အဋ္ဌကထာ** အလိုအားဖြင့် ရဟန္တာဖြစ်အံ့ စုတိစိတ်၏ အနန္တရစိတ်တိုင်အောင်၊ ပုထုဇဉ်သေက္ခဖြစ်အံ့ စုတိစိတ်တိုင်အောင်၊ **ရှေးဆရာတို့အလိုအားဖြင့်** ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အား စုတိစိတ်မှပြန်၍ရေသော် သုံးဆဲ့သုံးချက်မြောက်သောစိတ်တိုင်အောင်၊ **အပရေဆရာတို့အလိုအားဖြင့်** စုတိစိတ်မှပြန်၍ရေသော် တဆဲ့ရှစ်ချက်မြောက်သော စိတ်တိုင်အောင်၊ **ကေဆရာတို့အလို**အားဖြင့် စုတိစိတ်မှပြန်၍ရေသော် တဆဲ့ကိုးချက်မြောက်သော စိတ်တိုင်အောင်၊ ဒွေးပဉ္စဝိညာဉ်မှတပါး ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ဖြစ်ရကား၊ ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲ စိတ္တဇကလာပ်တစည်းသာရှိ၏။ ၎င်းစိတ်၏ ဌီခဏ ဘင်ခဏတို့၌ ဖြစ်ဆဲကလာပ်မရှိ၊ ယခင်ဖြစ်ပြီး ဌီသို့ရောက်သောကလာပ်သာရှိ၍ သချၤာမတိုးပြီ။

ဒုတိယဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲစိတ္တဇကလာပ်တစည်း၊ ဌီသို့ရောက်ပြီးကလာပ်တစည်းအားဖြင့် နှစ်စည်းရှိ၏။ ၎င်းစိတ်၏ ဌီခဏဘင်ခဏတို့၌လည်း ဌီသို့ရောက်ဆဲ နှစ်စည်းသာရှိ၏။ ဤသို့ နောက်ကိုစိတ်၏ဥပါဒ်တိုင်း ဥပါဒ်တိုင်း တစည်းစီတိုးပွါးရေတွက်သော် ပဌမဘဝင်ကစ၍ ရေတွက်လျှင် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ဖြစ်ဆဲ စိတ္တဇကလာပ်တစည်း၊ ဌီသို့ရောက်ဆဲ တဆဲ့ခြောက်စည်းအားဖြင့် နှစ်စုတဆဲ့ခုနစ်စည်းရှိ၏။ ၎င်းစိတ်၏ဌီခဏ၌ ဌီသို့ရောက်ဆဲ စိတ္တဇကလာပ်တဆဲ့ခုနစ်စည်းသာရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဌီသို့ရောက်ဆဲ တဆဲ့ခြောက်စည်း၊ ချုပ်ဆဲတစည်းအားဖြင့် နှစ်စု တဆဲ့ခုနစ်စည်းရှိ၏။ ဤနည်း နောက်နောက်စိတ်တို့၌လည်း ဥပါဒ် ဌီ ဘင် ခဏတိုင်းခဏတိုင်း၌ပင် တဆဲ့ခုနစ်စည်းစီသာ ရှိသည်။ ဥပါဒ်ဆဲ ဌီသို့ရောက်ဆဲ ချုပ်ဆဲကလာပ်ကိုသာ ထိုက်သည့်အားလျော်စွာ ခွဲ၍ယူ။

ပဉ္စဝိညာဉ်ဖြစ်သောအခါ၌ကား ၎င်းစိတ်၏ ဥပါဒ်ခဏကစ၍ ၎င်းစိတ်မှ ရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဘင်ခဏတိုင်အောင်သော ခဏတို့၌ တဆဲ့ခြောက်စည်းစီသာယူလေ။

## နိရောဓသမာပတ်နှင့် စိတ္တဇကလာပ်များ

နိရောဓသမာပတ္တိအခါ စိတ်စေတသိက်တို့မဖြစ်၊ စိတ္တဇရုပ်လည်းအသစ်မဖြစ်၊ နိရောဓရှေ့ အနန္တရဖြစ်သော စတုတ္ထာရုပ္ပဒုတိယဇောဓ၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇရုပ်သည် နိရောဓသမာပတ္တိအတွင်း စိတ္တက္ခဏတဆဲ့ခြောက်ချက်ခန့်ကာလ၌ ချုပ်၏။ ၎င်းဒုတိယဇောရှေ့ အနန္တရဖြစ်သော ပဌမဇော၏ ဥပါဒ်ခဏ၌ဖြစ်သော စိတ္တဇရုပ်သည် ၎င်းအတွင်းစိတ္တက္ခဏ တဆဲ့ငါးချက်ခန့်ကာလ၌ ချုပ်၏။ ဤသို့စသည် ပဋိလောမအားဖြင့် အနန္တရရှေးရှေးသော စိတ်တို့၏ ဥပါဒ်ခဏတို့၌ဖြစ်သော စိတ္တဇရုပ်တို့၏ စိတ္တက္ခဏတဆဲ့လေးချက်ခန့်ကာလ တဆဲ့သုံးချက်ခန့်ကာလ တဆဲ့နှစ်ချက်ခန့်ကာလ စသည်တို့၌ အစဉ်အတိုင်း ချုပ်ဟန်ကို သိလေ။

နိရောဓဝုဋ္ဌာနအခါတို့၌ နိရောဓာနန္တရဖြစ်သော အနာဂါမိဖိုလ်စိတ် အရဟတ္တဖိုလ်စိတ်၏ ဥပါဒ်ခဏကစ၍ စိတ္တဇရုပ်ဖြစ်ပုံ ကလာပ်သချာ အရေအတွက်မှာ ပဋိသန္ဓေနောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏကစ၍ ရေတွက်သည်နှင့်တူ၏။

## သေခါနီး၌ စိတ္တဇကလာပ်ဖြစ်စဉ်

မရဏာသန္နအခါ၌ **အဋ္ဌကထာအလိုအားဖြင့်** ပုထုဇဉ်သေက္ခတို့၏ စုတိစိတ်သည် ရှေးရှေးသောစိတ်တို့မှ မထူးပြီ။ ခဏသုံးပါးလုံး၌ပင် တဆဲ့ခုနစ်စည်းရှိ၏။ ရဟန္တာတို့၏ စုတိစိတ်၌ကား ၎င်းစိတ်၏ ဥပါဒ်ခဏ ဌီခဏတို့၌ ဌီသို့ရောက်ဆဲ ကလာပ်တဆဲ့ခြောက်စည်းသာရှိ၏။ ဘင်ခဏ၌လည်း ဌီသို့ရောက်ဆဲတဆဲ့ငါးစည်း၊ ချုပ်ဆဲတစည်းအားဖြင့် တဆဲ့ခြောက်စည်းသာရှိသည်။ **ရှေးဆရာတို့အလို**အားဖြင့် ခပ်သိမ်းသော ပုဂ္ဂိုလ်တို့အားပင် စုတိမှပြန်၍ရေသော် သုံးဆဲ့နှစ်ချက်မြောက်သော စိတ်ကစ၍ စုတိစိတ်မှရေသော် တဆဲ့ခုနစ်ချက်မြောက်သော စိတ်တိုင်အောင်သော စိတ်တို့၌ အစဉ်အတိုင်း တဆဲ့ခြောက်စည်း တဆဲ့ငါးစည်း တဆဲ့လေးစည်းစသည်ဖြင့် တစည်းစီလျှော့နုတ်၍ ၎င်းတဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ ခဏသုံးပါးတို့၌ စိတ္တဇကလာပ်တစည်းသာရှိ၏ဟု ရေတွက်လေ။ စုတိစိတ်မှရေသော် တဆဲ့ခြောက်ချက်မြောက်သော စိတ်ကစ၍ စုတိတိုင်အောင်သော စိတ်တို့၏

ခဏတို့၌ စိတ္တဇကလာပ်မရှိပြီ။ ဤနည်းတို့ကိုမှီးသဖြင့် **အပရေဝါဒ၊ ကေ-ဝါဒ**တို့၌လည်း စိတ္တဇကလာပ်တို့၏အသစ်မဖြစ်ပုံ သန့်ျာလျှော့ပုံကို သိလေ။

## အာဟာရဇကလာပ် ဖြစ်စဉ်

အာဟာရဇကလာပ်သည် အမိမျိုအပ်သော အစာ၌ပါသော ဩဇာသည် သူငယ်ကိုယ်၌တည်သောအခါ အမှတ်မဲ့သော စိတ်၏ ဥပါဒ် ဌီ ဘင် ခဏသုံးပါးတွင် တပါးပါးကစ၍ ဖြစ်ကောင်း၏။ ဤ၌ကား ဥပါဒ်ကစ၍ ဖြစ်သည်ကိုဆိုအံ့။

အာဟာရဇကလာပ်သည် အကြင်စိတ်၏ ဥပါဒ်ခဏ၌ အစစွာဖြစ်၏။ ထိုစိတ်၏ ဥပါဒ်ခဏကစ၍ ဥပါဒ် ဌီ ဘင် ခဏတိုင်း ခဏတိုင်း တစည်းစီ ဖြစ်ရကား အစစွာသော အာဟာရဇကလာပ်နှင့် ဥပါဒ်ပြိုင်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲအာဟာရဇကလာပ်တစည်းသာ ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲတစည်း၊ ဌီသို့ရောက်ဆဲ တစည်းအားဖြင့် နှစ်စည်းရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ဖြစ်ဆဲတစည်း ဌီသို့ရောက်ဆဲ နှစ်စည်းအားဖြင့် သုံးစည်းရှိ၏။ ဤသို့စသည်ဖြင့် ခဏတိုင်း ခဏတိုင်း တစည်းစီတိုးပွါးရေတွက်သော် အစစွာသော အာဟာရဇကလာပ်နှင့် ဥပါဒ်ပြိုင်သော စိတ်မှ တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲတစည်း၊ ဌီသို့ရောက်ဆဲ လေးဆဲ့ရှစ်စည်းအားဖြင့် လေးဆဲ့ကိုးစည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲတစည်း၊ ဌီသို့ရောက်ဆဲ လေးဆဲ့ကိုးစည်းအားဖြင့် ငါးဆယ်ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲတစည်း၊ ဌီသို့ရောက်ဆဲ လေးဆဲ့ကိုးစည်း၊ ချုပ်ဆဲတစည်းအားဖြင့် အာဟာရဇကလာပ် ငါးဆဲ့တစည်း ရှိ၏။ ဤနည်း နောက်နောက်သော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ငါးဆဲ့တစည်းစီသာ ရှိ၏။

## ဥတုဇကလာပ် ဖြစ်စဉ်

ကမ္မဇ စိတ္တဇ အာဟာရဇ ကလာပ်တို့၌ပါသော တေဇောဓာတ်ဟူသော ဥတုသည် အသီးအသီးဖြစ်စေအပ်သော ဥတုဇကလာပ်တို့သည် စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏသုံးပါးတွင် ထိုက်သည့်အားလျော်စွာ အကြင်ခဏ၌ မိမိဟူသော ဥတုဖြစ်၏။ ထိုမိမိဖြစ်သော ခဏ၏ အခြားမဲ့ဖြစ်သော ခဏ၌ ဥတုဇကလာပ်ကိုဖြစ်စေရကား၊ ပဋိသန္ဓေစိတ်၏ ဌီခဏ၌ ဖြစ်ဆဲကလာပ် သုံးစည်းသာ ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ် သုံးစည်း၊ ဌီသို့

ရောက်ဆဲသုံးစည်းအားဖြင့် ခြောက်စည်းရှိ၏။ ပဋိသန္ဓေ နောင် ပဌမဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲခြောက်စည်းအားဖြင့် ကိုးစည်းရှိ၏။ ၎င်းစိတ်၏ ဋီခဏ၌ ဖြစ်ဆဲကလာပ်လေးစည်း၊ ၎င်းသို့ရောက်ဆဲကိုးစည်းအားဖြင့် တဆဲ့သုံးစည် ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲတဆဲ့သုံးစည်းအားဖြင့် တဆဲ့ခြောက်စည်းရှိ၏။ ဒုတိယဘဝင်စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲ တဆဲ့ခြောက်စည်းအားဖြင့် တဆဲ့ကိုးစည်းရှိ၏။ ၎င်းစိတ်၏ ဋီ-ခဏ၌ ဖြစ်ဆဲကလာပ်လေးစည်း၊ ၎င်းသို့ရောက်ဆဲ တဆဲ့ကိုးစည်းအားဖြင့် နှစ်ဆဲ့သုံးစည်း ရှိ၏။ ဤနည်း တိုးပွါးရေတွက်သော် ပဋိသန္ဓေစိတ်မှစ၍ ရေလျှင် တဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲကလာပ် တရာ့ခြောက်ဆဲ့သုံးစည်းအားဖြင့် တရာ့ခြောက်ဆဲ့ခြောက်စည်း ရှိ၏။ တဆဲ့ရှစ်ချက်မြောက်သောစိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့သုံးစည်း၊ချုပ်ဆဲသုံးစည်းအားဖြင့် တရာ့ခြောက်ဆဲ့ကိုးစည်း ရှိ၏။ ၎င်းစိတ်၏ ဋီခဏ၌ ဖြစ်ဆဲကလာပ်လေးစည်း၊ ၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့သုံးစည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် တရာ့ခုနစ်ဆယ်ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌လည်း ဖြစ်ဆဲဥတုဇကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့လေးစည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် ဥတုဇကလာပ် တရာ့ခုနစ်ဆယ်သာ ရှိ၏၊ တဆဲ့ကိုးခုမြောက်သောစိတ်၏ ဥပါဒ်ခဏ၌လည်း ဖြစ်ဆဲကလာပ်သုံးစည်း၊ ၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့သုံးစည်း၊ ချုပ်ဆဲလေးစည်းအားဖြင့် ဥတုဇကလာပ် တရာ့ခုနစ်ဆယ်သာ ရှိ၏။

ဤနည်းနောက်ကို ရှေးဦးအစစ္စာဖြစ်သော အာဟာရဇကလာပ်နှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်သမျှသော စိတ်၏ ဥပါဒ် ဋီ ဘင် ခဏတိုင်း ခဏတိုင်း၌ပင် ဥတုဇကလာပ် တရာ့ခုနစ်ဆယ်စီသာ ရှိ၏၊ ၎င်းစိတ်၏ ဋီခဏ၌ကား ဖြစ်ဆဲဥတုဇကလာပ်ငါးစည်း၊၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့သုံးစည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် တရာ့ခုနစ်ဆဲ့တစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲလေးစည်း၊ ၎င်းသို့ရောက်ဆဲ တရာ့ခြောက်ဆဲ့ငါးစည်း၊ ချုပ်ဆဲသုံးစည်းအားဖြင့် တရာ့ခုနစ်ဆဲ့နှစ်စည်းရှိ၏။ ဤနည်း တိုးပွါးရေတွက်သော်၎င်း အစစ္စာသော အာဟာရဇကလာပ်နှင့် ဥပါဒ်

ပြိုင်သော စိတ်မှသည် တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်တိုင်အောင် သော ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် တစည်းစီတိုးရကား၊ ၎င်းအာဟာရဇ ကလာပ်နှင့် ဥပါဒ်ပြိုင်သောစိတ်မှ တဆဲ့ရှစ်ချက်မြောက်သောစိတ်၏ ဥပါဒ် ခဏ၌ဖြစ်ဆဲ ဥတုဇကလာပ်လေးစည်း၊ ဌီသို့ရောက်ဆဲ နှစ်ရာ့တဆဲ့နှစ်စည်း၊ ချုပ်ဆဲငါးစည်းအားဖြင့် နှစ်ရာ့နှစ်ဆဲ့တစည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲငါးစည်း၊ ဌီသို့ရောက်ဆဲ နှစ်ရာ့တဆဲ့နှစ်စည်း၊ ချုပ်ဆဲလေးစည်း အားဖြင့် နှစ်ရာ့တဆဲ့တစည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲလေး စည်း၊ ဌီသို့ရောက်ဆဲ နှစ်ရာ့တဆဲ့သုံးစည်း၊ ချုပ်ဆဲလေးစည်းအားဖြင့် နှစ်ရာ့နှစ်ဆဲ့တစည်းပင် ရှိ၏။

ဤနည်း နောက်ကို အစစ္စာသော စက္ခုဒသကနှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဥတုဇကလာပ် နှစ်ရာ့နှစ်ဆဲ့တစည်းစီ ရှိ၏။ အကြင်စိတ်၏ ဥပါဒ်ခဏ၌ စက္ခုဒသကကလာပ် စ၍ ဖြစ်၏။ ထိုစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ ဥတုဇကလာပ် ခြောက်စည်း၊ ဌီသို့ရောက်ဆဲ နှစ်ရာ့တဆဲ့နှစ်စည်း၊ ချုပ်ဆဲ လေးစည်းအားဖြင့် နှစ်ရာ့နှစ်ဆဲ့နှစ်စည်း ရှိ၏။ ၎င်းစိတ်၏ ဘင်ခဏ၌ ဖြစ်ဆဲ ငါးစည်း၊ ဌီသို့ရောက်ဆဲ နှစ်ရာ့တဆဲ့လေးစည်း၊ ချုပ်ဆဲ လေးစည်း အားဖြင့် နှစ်ရာ့နှစ်ဆဲ့သုံးစည်း ရှိ၏။ ဤသို့ နောက်ကို အစစ္စာသော စက္ခုဒသကကလာပ်နှင့် ဥပါဒ်ပြိုင်သော စိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်တိုင်အောင် တစည်းစီတိုး၍ ရေတွက်သော် ၎င်းတဆဲ့ရှစ်ချက် မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲ ဥတုဇကလာပ် ငါးစည်း၊ ဌီသို့ ရောက်ဆဲ နှစ်ရာ့ခြောက်ဆဲ့တစည်း၊ ချုပ်ဆဲ ခြောက်စည်းအားဖြင့် နှစ်ရာ့ ခုနစ်ဆဲ့နှစ်စည်း ရှိ၏။ ၎င်းစိတ်၏ ဌီခဏ၌ ဖြစ်ဆဲ ခြောက်စည်း၊ ဌီသို့ ရောက်ဆဲ နှစ်ရာ့ခြောက်ဆဲ့တစည်း၊ ချုပ်ဆဲ ငါးစည်းအားဖြင့် နှစ်ရာ့ ခုနစ်ဆဲ့နှစ်စည်းပင် ရှိ၏။ ဤနည်း နောက်ကို အစစ္စာသော သောတဒသက နှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဥတုဇကလာပ် နှစ်ရာ့ခုနစ်ဆဲ့နှစ်စည်းစီသာ ရှိ၏။

အကြင်စိတ်၏ ဥပါဒ်ခဏကစ၍ သောတဒသကကလာပ် ဖြစ်၏။ ထို စိတ်၏ ဌီခဏကစ၍ ၎င်းစိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်

ခဏတိုင်အောင် ဖြစ်သမျှသော စိတ်၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ အစဉ် အတိုင်း တစည်းစီပိုး၍ရေတွက်သော် ထို တဆဲ့ရှစ်ခုမြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲ ဥတုဇကလာပ် ခြောက်စည်း၊ ဌီသို့ရောက်ဆဲ သုံးရာ့ တဆယ်၊ ချုပ်ဆဲ ခုနစ်စည်းအားဖြင့် သုံးရာ့နှစ်ဆဲ့သုံးစည်း ရှိ၏။ ဤနည်း နောက်ကို အစစ္စာသော ဃာနဒသကကလာပ်နှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဖြစ်သမျှသောစိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဥတုဇကလာပ် သုံးရာ့နှစ်ဆဲ့သုံးစည်းစီသာ ရှိ၏။

အကြင်စိတ်၏ ဥပါဒ်ခဏကစ၍ ဃာနဒသကကလာပ် ဖြစ်၏။ ထို စိတ်၏ ဌီခဏကစ၍ ၎င်းစိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ် တိုင်အောင် ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ ရှိရင်းကလာပ် သုံးရာ့နှစ်ဆဲ့သုံးစည်း ၌ တစည်းစီ တိုးပွါး၍ရေတွက်သော် ထိုတဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ် ခုနစ်စည်း၊ ဌီသို့ရောက်ဆဲ သုံးရာ့ငါးဆဲ့ကိုး စည်း၊ ချုပ်ဆဲ ရှစ်စည်းအားဖြင့် ဥတုဇကလာပ် သုံးရာ့ခုနစ်ဆဲ့လေးစည်း ရှိ၏။ ဤနည်း နောက်ကို အစစ္စာသော ဇိဝှါဒသကနှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဖြစ်သမျှသော စိတ်၏ ဥပါဒ် ဌီ ဘင် ခဏ တိုင်း၌ပင် ဥတုဇကလာပ် သုံးရာ့ခုနစ်ဆဲ့လေးစည်းစီ ရှိ၏။

အကြင်စိတ်၏ ဥပါဒ်ခဏကစ၍ ဇိဝှါဒသက ဖြစ်၏။ ထိုစိတ်၏ ဌီ ခဏ ကစ၍ ၎င်းစိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင် ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ ရှိရင်းကလာပ် သုံးရာ့ခုနစ်ဆဲ့လေးစည်းစီ တိုး ပွါး၍ရေတွက်သော် ၎င်းတဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ဆဲကလာပ် ရှစ်စည်း၊ ဌီသို့ရောက်ဆဲ လေးရာ့ရှစ်စည်း၊ ချုပ်ဆဲ ကိုးစည်း အားဖြင့် လေးရာ့နှစ်ဆဲ့ငါးစည်း ရှိ၏။ ဤနည်း နောက်ကို အစစ္စာသော ဇိဝိတနဝကကလာပ်နှင့် ဥပါဒ်ပြိုင်သော စိတ်၏ ဥပါဒ်ခဏတိုင်အောင်သော စိတ်တို့၏ ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ပင် ဥတုဇကလာပ် လေးရာ့နှစ်ဆဲ့ ငါးစည်းစီ ရှိ၏။

အကြင်စိတ်၏ ဥပါဒ်ခဏ၌ အစစ္စာသော ဇိဝိတနဝကကလာပ် ဖြစ်၏။ ထိုစိတ်၏ ဌီခဏကစ၍ ၎င်းစိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဥပါဒ် ခဏတိုင်အောင် ဥပါဒ် ဌီ ဘင် ခဏတိုင်း၌ ရှိရင်းဥတုဇကလာပ် လေးရာ့ နှစ်ဆဲ့ငါးစည်း၌ တစည်းစီ တိုးပွါးရေတွက်သော် ၎င်းတဆဲ့ရှစ်ချက်မြောက်

သော စိတ်၏ ဉပါဒ်ခဏ၌ ဖြစ်ဆဲကလာပ်ကိုးစည်း၊ ဠီသို့ရောက်ဆဲ လေးရာ့ငါးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲကလာပ် ဆယ်စည်းအားဖြင့် လေးရာ့ခုနစ်ဆဲ့ခြောက်စည်း ရှိ၏။ ၎င်းစိတ်၏ ဠီခဏ၌ ဖြစ်ဆဲကလာပ် ဆယ်စည်း၊ ဠီသို့ရောက်ဆဲ လေးရာ့ငါးဆဲ့ခုနစ်စည်း၊ ချုပ်ဆဲ ကိုးစည်းအားဖြင့် ဉတုဇကလာပ် လေးရာ့ခုနစ်ဆဲ့ခြောက်စည်းပင် ရှိကြ၏။

ဤနည်း နောက်ကို စုတိစိတ်မှပြန်၍ရေသော် **အဋ္ဌကထာအလို**အားဖြင့် တဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဠီခဏတိုင်အောင် **ရှေးဆရာတို့ အလို**အားဖြင့် သုံးဆဲ့သုံးချက်မြောက်သောစိတ်၏ ဉပါဒ်ခဏတိုင်အောင်၊ **အပရေဝါဒ**အားဖြင့် တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဉပါဒ်ခဏတိုင်အောင်၊ **ကေစိဝါဒ**အားဖြင့် တဆဲ့ကိုးချက်မြောက်သောစိတ်၏ ဉပါဒ်တိုင်အောင်၊ ပဝတ္တိအခါ၌ ပဥ္စဝိညာဉ်စိတ်ဖြစ်သောအခါ နိရောဓသမာပတ္တိသမာပဇ္ဇနအခါ နိရောဓဝုဋ္ဌာနအခါမှတပါး ဖြစ်သမျှသောစိတ်တို့၏ ဉပါဒ် ဠီ ဘင်ခဏတိုင်း၌ပင် ဉတုဇကလာပ် လေးရာ့ခုနစ်ဆဲ့ခြောက်စည်းစီ ရှိ၏။

ပဥ္စဝိညာဉ်စိတ်ဖြစ်သောအခါ၌ကား ထိုပဥ္စဝိညာဉ် စိတ်၏ ဠီခဏက စ၍ ၎င်းစိတ်မှ တဆဲ့ရှစ်ချက်မြောက်သော စိတ်၏ ဉပါဒ်ခဏတိုင်အောင် သော ဉပါဒ်ဠီဘင်ခဏငယ် ငါးဆဲ့တချက်တို့၌ ၎င်းပဥ္စဝိညာဉ်စိတ်၏ ဉပါဒ်ခဏဝယ် ရှိရင်းဉတုဇကလာပ် လေးရာ့ခုနစ်ဆဲ့ခြောက်စည်းက တစည်းလျော့၍ လေးရာ့ခုနစ်ဆဲ့ငါးစည်းဟု ရေတွက်လေ။

## နိရောဓသမာပတ်အခါ ဉတုဇကလာပ် ဖြစ်စဉ်

နိရောဓသမာပတ္တိသမာပဇ္ဇနအခါ၌ စတုတ္ထာရူပ္ပဒုတိယဇောနောင် ခဏငယ် တချက်ခန့်ကာလ လွန်သည်ကစ၍ စိတ္တက္ခဏတဆဲ့ခုနစ်ချက်ခန့်ကာလတိုင်အောင် စိတ္တက္ခဏတချက်ခန့်ကာလတိုင် အတက်ရှိရင်းကလာပ် လေးရာ့ခုနစ်ဆဲ့ခြောက်စည်းက အစဉ်အတိုင်း တစည်း နှစ်စည်းစသည် တဆဲ့ခုနစ်စည်းတိုင်အောင် လျော့နုတ်၍ စတုတ္ထာရူပ္ပဒုတိယဇောနောင် ခဏငယ် ငါးဆဲ့သုံးချက်ခန့်ကာလက စ၍ နိရောဓာနန္တရဖိုလ်စိတ်၏ ဉပါဒ်-ခဏတိုင်အောင်သော ကာလ၌ ဉတုဇကလာပ် လေးရာ့ငါးဆဲ့ကိုးစည်းစီသာ ရှိသည်။

နိရောဓဝုဋ္ဌာနအခါ၌ ၎င်းနိရောဓာနန္တရဖိုလ်စိတ်၏ ဌီခဏကစ၍ ၎င်း စိတ်မှတဆဲ့ခုနစ်ချက်မြောက်သောစိတ်၏ ဌီခဏတိုင်အောင်သော ဌီခဏ တဆဲ့ခုနစ်ချက်တို့၌ တစည်း နှစ်စည်းကစ၍ တဆဲ့ခုနစ်စည်းတိုင် အစဉ်အ တိုင်း တိုးပွါးရေတွက်၍ တဆဲ့ရှစ်ချက်မြောက်သောစိတ်၏ ဌီခဏကစ၍ နောက်ကို ဥပါဒ် ဌီ ဘင်ခဏတိုင်း လေးရာ့ခုနစ်ဆဲ့ခြောက်စည်းစီ ရှိ၏ဟု ယူလေ။

## သေခါနီး၌ ဥတုဇကလာပ် ဖြစ်စဉ်

ဤပြဆိုခဲ့ပြီးသော ဥတုဇကလာပ်အပေါင်းတွင် ကမ္မဇတေဇောကြောင့် ဖြစ်သော ဥတုဇကလာပ်သည် စုတိစိတ်မှပြန်၍ ရေသည်ရှိသော် တဆဲ့ခုနစ် ချက်မြောက်သောစိတ်၏ ဘင်ခဏကစ၍ အသစ်မဖြစ်ပြီ။ ထို့ကြောင့် ၎င်းဘင်ခဏကစ၍ စုတိစိတ်၏ ဘင်ခဏတိုင်း ဥပါဒ် ဌီ ဘင်ခဏတိုင်း ၎င်းတဆဲ့ခုနစ်ချက်မြောက်သော စိတ်၏ ဌီခဏ၌ရှိသည့် ဥတုဇကလာပ် သင်္ချာဝယ် ရှစ်ခု ရှစ်ခုစီ အစဉ်အတိုင်း နုတ်လေ။ အာဟာရဇတေဇော ကြောင့်ဖြစ်သော ဥတုဇကလာပ်ကိုမူကား စုတိစိတ်၏ ဘင်ခဏတိုင်အောင် ပင် ဖြစ်သေးသောကြောင့် အသီးမနုတ်ရပြီ။ စိတ္တဇတေဇောကြောင့်ဖြစ် သော ဥတုဇကလာပ်ကိုကား **အဋ္ဌကထာအလို**အားဖြင့် ပုထုဇဉ်သေက္ခဖြစ်မူ စုတိစိတ်၏ ဘင်ခဏတိုင်အောင် တဆဲ့ခုနစ်စည်းမလျော့။ ရဟန္တာဖြစ်အံ့ ထိုရဟန္တာတို့၏ စုတိစိတ်သည် ရုပ်ကိုမဖြစ်စေသောကြောင့် ၎င်းစုတိစိတ်၏ ဌီခဏ၌တစည်း, ဘင်ခဏ၌ တစည်းစီနုတ်၍ ရေတွက်လေ။

**ရှေးဆရာတို့အလို**အားဖြင့် ပုဂ္ဂိုလ်ခပ်သိမ်း၌ပင် စုတိစိတ်မှပြန်၍ရေ သော် သုံးဆဲ့နှစ်ချက်မြောက်သော စိတ်ကစ၍ပင် စိတ္တဇရုပ်မဖြစ်သော ကြောင့် ၎င်းသုံးဆဲ့နှစ်ချက်မြောက်သော စိတ်၏ ဌီခဏကစ၍ စုတိစိတ်မှ ပြန်၍ရေသော် တဆဲ့ခြောက်ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏတိုင် ဖြစ်သမျှသော စိတ်တို့၏ ဌီခဏတိုင်း တစည်းစီနုတ်၍ ရေတွက်လေ။

ဤတွင်၍ကား ပြလတ္တံ့သော ရုပ်ဝီထိတို့ကို မှတ်ယူနိုင်းညှိ သိနိုင်စေရန် ဆုံးဖြတ်အပ်သော ဝိနိစ္ဆယ ပြီး၏။

ဤအခြေပါဒ ဝိနိစ္ဆယအရပ်ရပ်ကို စေ့ငုသေချာစွာ ကြည့်ရှုမှတ်သား ၍ ယခုပြဆိုလတ္တံ့သော ရုပ်ဝီထိတို့၌ ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍

မိမိတို့ဖြစ်သင့်ဖြစ်ထိုက်သော ခဏကာလ၌ အစဉ်အတိုင်းဖြစ်ကုန်သော ကမ္မဇ စိတ္တဇ အာဟာရဇ ဥတုဇကလာပ်တို့၏ အရေအတွက်သချ်ာ အပေါင်းကလာပ်သချ်ာ ဂဏန်းတို့ကို ပိုမိုယုတ်လျော့ မရှိစေရ၊ အထက်၌ ပြဆိုခဲ့သည်အတိုင်း အင်းစောက်အင်းလျားဖြင့် ပေါင်းစုရေးသား ပြထားအပ်သည်ဖြစ်၍ ၎င်းကလာပ်သချ်ာများကို အထက်ပြဆိုခဲ့သော စကားနှင့် တိုက်ဆိုင်နှိုင်းညှိ အထူးသတိထား၍ မှတ်သားရေတွက်ကြပါလေ၊ နှုတ်လက်မလျင် အပြစ်တင် မလွယ်ကြစေလင့်။

ယခုအခါ၌ ပဋိသန္ဓေအခါကစ၍ ရုပ်တို့၏ ဖြစ်ပုံဖြစ်ဟန် ဝိထိအစဉ်ကို ပြတော့အံ့။

### ၁၉-ပဋိသန္ဓေအခါ ရုပ်ဝိထိဖြစ်ပုံ

| စိတ် | ခဏ | ကမ္မဇ ကလာပ် | စိတ္တဇ ကလာပ် | ဥတုဇ ကလာပ် | ၃-စုကလာပ် |
|---|---|---|---|---|---|
| ပဋိသန္ဓေစိတ် | ဥပါဒ် | ၃ | မ | မ | ၃ |
| | ဌီ | ၆ | မ | ၃ | ၉ |
| | ဘင် | ၉ | မ | ၆ | ၁၅ |
| ပဌမဘဝင် | ဥပါဒ် | ၁၂ | ၁ | ၉ | ၂၂ |
| | ဌီ | ၁၅ | ၁ | ၁၃ | ၂၉ |
| | ဘင် | ၁၈ | ၁ | ၁၆ | ၃၅ |
| ဒုတိယ | ဥပါဒ် | ၂၁ | ၂ | ၁၉ | ၄၂ |
| | ဌီ | ၂၄ | ၂ | ၂၃ | ၄၉ |
| | ဘင် | ၂၇ | ၂ | ၂၆ | ၅၅ |
| တတိယ | ဥပါဒ် | ၃၀ | ၃ | ၂၉ | ၆၂ |
| | ဌီ | ၃၃ | ၃ | ၃၃ | ၆၉ |
| | ဘင် | ၃၆ | ၃ | ၃၆ | ၇၅ |
| စတုတ္ထ | ဥပါဒ် | ၃၉ | ၄ | ၃၉ | ၈၂ |
| | ဌီ | ၄၂ | ၄ | ၄၃ | ၈၉ |
| | ဘင် | ၄၅ | ၄ | ၄၆ | ၉၅ |
| ပဉ္စမ | ဥပါဒ် | ၄၈ | ၅ | ၄၉ | ၁၀၂ |
| | ဌီ | ၅၁ | ၅ | ၅၃ | ၁၀၉ |
| | ဘင် | ၅၄ | ၅ | ၅၆ | ၁၁၅ |
| ဆဋ္ဌ | ဥပါဒ် | ၅၇ | ၆ | ၅၉ | ၁၂၂ |
| | ဌီ | ၆၀ | ၆ | ၆၃ | ၁၂၉ |
| | ဘင် | ၆၃ | ၆ | ၆၆ | ၁၃၅ |
| သတ္တမ | ဥပါဒ် | ၆၆ | ၇ | ၆၉ | ၁၄၂ |
| | ဌီ | ၆၉ | ၇ | ၇၃ | ၁၄၉ |
| | ဘင် | ၇၂ | ၇ | ၇၆ | ၁၅၅ |

| စိတ် | ခဏ | ကမ္မဇ ကလာပ် | စိတ္တဇ ကလာပ် | ဥတုဇ ကလာပ် | ၃-စုကလာပ် |
|---|---|---|---|---|---|
| အဋ္ဌမဘဝင် | ဥပါဒ် | ၇၅ | ၈ | ၇၉ | ၁၆၂ |
| | ဋ္ဌီ | ၇၈ | ၈ | ၈၃ | ၁၆၉ |
| | ဘင် | ၈၁ | ၈ | ၈၆ | ၁၇၅ |
| နဝမ | ဥပါဒ် | ၈၄ | ၉ | ၈၉ | ၁၈၂ |
| | ဋ္ဌီ | ၈၇ | ၉ | ၉၃ | ၁၈၉ |
| | ဘင် | ၉၀ | ၉ | ၉၆ | ၁၉၅ |
| ဒသမ | ဥပါဒ် | ၉၃ | ၁၀ | ၉၉ | ၂၀၂ |
| | ဋ္ဌီ | ၉၆ | ၁၀ | ၁၀၃ | ၂၀၉ |
| | ဘင် | ၉၉ | ၁၀ | ၁၀၆ | ၂၁၅ |
| ဧကာဒသမ | ဥပါဒ် | ၁၀၂ | ၁၁ | ၁၀၉ | ၂၂၂ |
| | ဋ္ဌီ | ၁၀၅ | ၁၁ | ၁၁၃ | ၂၂၉ |
| | ဘင် | ၁၀၈ | ၁၁ | ၁၁၆ | ၂၃၅ |
| ဒွါဒသမ | ဥပါဒ် | ၁၁၁ | ၁၂ | ၁၁၉ | ၂၄၂ |
| | ဋ္ဌီ | ၁၁၄ | ၁၂ | ၁၂၃ | ၂၄၉ |
| | ဘင် | ၁၁၇ | ၁၂ | ၁၂၆ | ၂၅၅ |
| တေရသမ | ဥပါဒ် | ၁၂၀ | ၁၃ | ၁၂၉ | ၂၆၂ |
| | ဋ္ဌီ | ၁၂၃ | ၁၃ | ၁၃၃ | ၂၆၉ |
| | ဘင် | ၁၂၆ | ၁၃ | ၁၃၆ | ၂၇၅ |
| စုဒ္ဒသမ | ဥပါဒ် | ၁၂၉ | ၁၄ | ၁၃၉ | ၂၈၂ |
| | ဋ္ဌီ | ၁၃၂ | ၁၄ | ၁၄၃ | ၂၈၉ |
| | ဘင် | ၁၃၅ | ၁၄ | ၁၄၆ | ၂၉၅ |
| ပန္နရသမ | ဥပါဒ် | ၁၃၈ | ၁၅ | ၁၄၉ | ၃၀၂ |
| | ဋ္ဌီ | ၁၄၁ | ၁၅ | ၁၅၃ | ၃၀၉ |
| | ဘင် | ၁၄၄ | ၁၅ | ၁၅၆ | ၃၁၅ |
| သောဠသမ | ဥပါဒ် | ၁၄၇ | ၁၆ | ၁၅၉ | ၃၂၂ |
| ဘဝင် | ဋ္ဌီ | ၁၅၀ | ၁၆ | ၁၆၃ | ၃၂၉ |
| | ဘင် | ၁၅၃ | ၁၆ | ၁၆၆ | ၃၃၅ |

| စိတ် | ခဏ | ကမ္မဇ ကလာပ် | စိတ္တဇ ကလာပ် | ဥတုဇ ကလာပ် | ၃-စုကလာပ် |
|---|---|---|---|---|---|
| မနောဒွါရာဝဇ္ဇန်း | ဥပါဒ် | ၁၅၃ | ၁၇ | ၁၆၉ | ၃၃၉ |
| | ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| ပဌမဇော | ဥပါဒ် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| ဒုတိယဇော | ဥပါဒ် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဌီ | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |
| | ဘင် | ၁၅၃ | ၁၇ | ၁၇၀ | ၃၄၀ |

## ၂၀-အာဟာရဇကလာပ်စ၍ ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၁ | ၁၇၀ | ၃၄၁ |
| | ဌီ | ၁၅၃ | ၁၇ | ၂ | ၁၇၁ | ၃၄၃ |
| | ဘင် | ၁၅၃ | ၁၇ | ၃ | ၁၇၂ | ၃၄၅ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၄ | ၁၇၃ | ၃၄၇ |
| | ဌီ | ၁၅၃ | ၁၇ | ၅ | ၁၇၄ | ၃၄၉ |
| | ဘင် | ၁၅၃ | ၁၇ | ၆ | ၁၇၅ | ၃၅၁ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၇ | ၁၇၆ | ၃၅၃ |
| | ဌီ | ၁၅၃ | ၁၇ | ၈ | ၁၇၇ | ၃၅၅ |
| | ဘင် | ၁၅၃ | ၁၇ | ၉ | ၁၇၈ | ၃၅၇ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၁၀ | ၁၇၉ | ၃၅၉ |
| | ဌီ | ၁၅၃ | ၁၇ | ၁၁ | ၁၈၀ | ၃၆၁ |
| | ဘင် | ၁၅၃ | ၁၇ | ၁၂ | ၁၈၁ | ၃၆၃ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၁၃ | ၁၈၂ | ၃၆၅ |
| | ဌီ | ၁၅၃ | ၁၇ | ၁၄ | ၁၈၃ | ၃၆၇ |
| | ဘင် | ၁၅၃ | ၁၇ | ၁၅ | ၁၈၄ | ၃၆၉ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၁၆ | ၁၈၅ | ၃၇၁ |
| | ဌီ | ၁၅၃ | ၁၇ | ၁၇ | ၁၈၆ | ၃၇၃ |
| | ဘင် | ၁၅၃ | ၁၇ | ၁၈ | ၁၈၇ | ၃၇၅ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၁၉ | ၁၈၈ | ၃၇၇ |
| | ဌီ | ၁၅၃ | ၁၇ | ၂၀ | ၁၈၉ | ၃၇၉ |
| | ဘင် | ၁၅၃ | ၁၇ | ၂၁ | ၁၉၀ | ၃၈၁ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၂၂ | ၁၉၁ | ၃၈၃ |
| | ဌီ | ၁၅၃ | ၁၇ | ၂၃ | ၁၉၂ | ၃၈၅ |
| | ဘင် | ၁၅၃ | ၁၇ | ၂၄ | ၁၉၃ | ၃၈၇ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၂၅ | ၁၉၄ | ၃၈၉ |
| | ဌီ | ၁၅၃ | ၁၇ | ၂၆ | ၁၉၅ | ၃၉၁ |
| | ဘင် | ၁၅၃ | ၁၇ | ၂၇ | ၁၉၆ | ၃၉၃ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၂၈ | ၁၉၇ | ၃၉၅ |
| | ဌီ | ၁၅၃ | ၁၇ | ၂၉ | ၁၉၈ | ၃၉၇ |
| | ဘင် | ၁၅၃ | ၁၇ | ၃၀ | ၁၉၉ | ၃၉၉ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၃၁ | ၂၀၀ | ၄၀၁ |
| | ဌီ | ၁၅၃ | ၁၇ | ၃၂ | ၂၀၁ | ၄၀၃ |
| | ဘင် | ၁၅၃ | ၁၇ | ၃၃ | ၂၀၂ | ၄၀၅ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၃၄ | ၂၀၃ | ၄၀၇ |
| | ဌီ | ၁၅၃ | ၁၇ | ၃၅ | ၂၀၄ | ၄၀၉ |
| | ဘင် | ၁၅၃ | ၁၇ | ၃၆ | ၂၀၅ | ၄၁၁ |
| စိတ် | ဥပါဒ် | ၁၅၃ | ၀၇ | ၃၇ | ၂၀၆ | ၄၁၃ |
| | ဌီ | ၁၅၃ | ၁၇ | ၃၈ | ၂၀၇ | ၄၁၅ |
| | ဘင် | ၁၅၃ | ၁၇ | ၃၉ | ၂၀၈ | ၄၁၇ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၄၀ | ၂၀၉ | ၄၁၉ |
| | ဌီ | ၁၅၃ | ၁၇ | ၄၁ | ၂၁၀ | ၄၂၁ |
| | ဘင် | ၁၅၃ | ၁၇ | ၄၂ | ၂၁၁ | ၄၂၃ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၄၃ | ၂၁၂ | ၄၂၅ |
| | ဌီ | ၁၅၃ | ၁၇ | ၄၄ | ၂၁၃ | ၄၂၇ |
| | ဘင် | ၁၅၃ | ၁၇ | ၄၅ | ၂၁၄ | ၄၂၉ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၄၆ | ၂၁၅ | ၄၃၁ |
| | ဌီ | ၁၅၃ | ၁၇ | ၄၇ | ၂၁၆ | ၄၃၃ |
| | ဘင် | ၁၅၃ | ၁၇ | ၄၈ | ၂၁၇ | ၄၃၅ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၄၉ | ၂၁၈ | ၄၃၇ |
| | ဌီ | ၁၅၃ | ၁၇ | ၅၀ | ၂၁၉ | ၄၃၉ |
| | ဘင် | ၁၅၃ | ၁၇ | ၅၁ | ၂၂၀ | ၄၄၁ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဌီ | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဘင် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဌီ | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဘင် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| စိတ် | ဥပါဒ် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဌီ | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |
| | ဘင် | ၁၅၃ | ၁၇ | ၅၁ | ၂၂၁ | ၄၄၂ |

ဂဗ္ဘသေယျကပုဂ္ဂိုလ်တို့အား စက္ခုစသော အာယတနလေးပါးတို့သည် သတ္တမ သတ္တာဟကစ၍ အစဉ်အတိုင်း ဖြစ်၏ဟု အယူရှိသော ဋီကာကျော် စသောဆရာတို့၏ ဝါဒအားလျော်စွာ ကမ္မဇရုပ်တို့ဖြစ်ပုံကို ပြအံ့။

## ၂၁-စက္ခုဒသကစ၍ ဖြစ်သည့်အခါ ရုပ်ဝီထိဖြစ်ပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၁၅၄ | ၁၇ | ၅၁ | ၂၂၁ | ၄၄၃ |
| | ဌီ | ၁၅၅ | ၁၇ | ၅၁ | ၂၂၂ | ၄၄၅ |
| | ဘင် | ၁၅၆ | ၁၇ | ၅၁ | ၂၂၃ | ၄၄၇ |
| စိတ် | ဥပါဒ် | ၁၅၇ | ၁၇ | ၅၁ | ၂၂၄ | ၄၄၉ |
| | ဌီ | ၁၅၈ | ၁၇ | ၅၁ | ၂၂၅ | ၄၅၁ |
| | ဘင် | ၁၅၉ | ၁၇ | ၅၁ | ၂၂၆ | ၄၅၃ |
| စိတ် | ဥပါဒ် | ၁၆၀ | ၁၇ | ၅၁ | ၂၂၇ | ၄၅၅ |
| | ဌီ | ၁၆၁ | ၁၇ | ၅၁ | ၂၂၈ | ၄၅၇ |
| | ဘင် | ၁၆၂ | ၁၇ | ၅၁ | ၂၂၉ | ၄၅၉ |
| စိတ် | ဥပါဒ် | ၁၆၃ | ၁၇ | ၅၁ | ၂၃၀ | ၄၆၁ |
| | ဌီ | ၁၆၄ | ၁၇ | ၅၁ | ၂၃၁ | ၄၆၃ |
| | ဘင် | ၁၆၅ | ၁၇ | ၅၁ | ၂၃၂ | ၄၆၅ |
| စိတ် | ဥပါဒ် | ၁၆၆ | ၁၇ | ၅၁ | ၂၃၃ | ၄၆၇ |
| | ဌီ | ၁၆၇ | ၁၇ | ၅၁ | ၂၃၄ | ၄၆၉ |
| | ဘင် | ၁၆၈ | ၁၇ | ၅၁ | ၂၃၅ | ၄၇၁ |
| စိတ် | ဥပါဒ် | ၁၆၉ | ၁၇ | ၅၁ | ၂၃၆ | ၄၇၃ |
| | ဌီ | ၁၇၀ | ၁၇ | ၅၁ | ၂၃၇ | ၄၇၅ |
| | ဘင် | ၁၇၁ | ၁၇ | ၅၁ | ၂၃၈ | ၄၇၇ |
| စိတ် | ဥပါဒ် | ၁၇၂ | ၁၇ | ၅၁ | ၂၃၉ | ၄၇၉ |
| | ဌီ | ၁၇၃ | ၁၇ | ၅၁ | ၂၄၀ | ၄၈၁ |
| | ဘင် | ၁၇၄ | ၁၇ | ၅၁ | ၂၄၁ | ၄၈၃ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၁၇၅ | ၁၇ | ၅၁ | ၂၄၂ | ၄၈၅ |
| | ဌီ | ၁၇၆ | ၁၇ | ၅၁ | ၂၄၃ | ၄၈၇ |
| | ဘင် | ၁၇၇ | ၁၇ | ၅၁ | ၂၄၄ | ၄၈၉ |
| စိတ် | ဥပါဒ် | ၁၇၈ | ၁၇ | ၅၁ | ၂၄၅ | ၄၉၁ |
| | ဌီ | ၁၇၉ | ၁၇ | ၅၁ | ၂၄၆ | ၄၉၃ |
| | ဘင် | ၁၈၀ | ၁၇ | ၅၁ | ၂၄၇ | ၄၉၅ |
| စိတ် | ဥပါဒ် | ၁၈၁ | ၁၇ | ၅၁ | ၂၄၈ | ၄၉၇ |
| | ဌီ | ၁၈၂ | ၁၇ | ၅၁ | ၂၄၉ | ၄၉၉ |
| | ဘင် | ၁၈၃ | ၁၇ | ၅၁ | ၂၅၀ | ၅၀၁ |
| စိတ် | ဥပါဒ် | ၁၈၄ | ၁၇ | ၅၁ | ၂၅၁ | ၅၀၃ |
| | ဌီ | ၁၈၅ | ၁၇ | ၅၁ | ၂၅၂ | ၅၀၅ |
| | ဘင် | ၁၈၆ | ၁၇ | ၅၁ | ၂၅၃ | ၅၀၇ |
| စိတ် | ဥပါဒ် | ၁၈၇ | ၁၇ | ၅၁ | ၂၅၄ | ၅၀၉ |
| | ဌီ | ၁၈၈ | ၁၇ | ၅၁ | ၂၅၅ | ၅၁၁ |
| | ဘင် | ၁၈၉ | ၁၇ | ၅၁ | ၂၅၆ | ၅၁၃ |
| စိတ် | ဥပါဒ် | ၁၉၀ | ၁၇ | ၅၁ | ၂၅၇ | ၅၁၅ |
| | ဌီ | ၁၉၁ | ၁၇ | ၅၁ | ၂၅၈ | ၅၁၇ |
| | ဘင် | ၁၉၂ | ၁၇ | ၅၁ | ၂၅၉ | ၅၁၉ |
| စိတ် | ဥပါဒ် | ၁၉၃ | ၁၇ | ၅၁ | ၂၆၀ | ၅၂၁ |
| | ဌီ | ၁၉၄ | ၁၇ | ၅၁ | ၂၆၁ | ၅၂၃ |
| | ဘင် | ၁၉၅ | ၁၇ | ၅၁ | ၂၆၂ | ၅၂၅ |
| စိတ် | ဥပါဒ် | ၁၉၆ | ၁၇ | ၅၁ | ၂၆၃ | ၅၂၇ |
| | ဌီ | ၁၉၇ | ၁၇ | ၅၁ | ၂၆၄ | ၅၂၉ |
| | ဘင် | ၁၉၈ | ၁၇ | ၅၁ | ၂၆၅ | ၅၃၁ |
| စိတ် | ဥပါဒ် | ၁၉၉ | ၁၇ | ၅၁ | ၂၆၆ | ၅၃၃ |
| | ဌီ | ၂၀၀ | ၁၇ | ၅၁ | ၂၆၇ | ၅၃၅ |
| | ဘင် | ၂၀၁ | ၁၇ | ၅၁ | ၂၆၈ | ၅၃၇ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၂၀၂ | ၁၇ | ၅၁ | ၂၆၉ | ၅၃၉ |
| | ဌီ | ၂၀၃ | ၁၇ | ၅၁ | ၂၇၀ | ၅၄၁ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၁ | ၅၄၃ |
| စိတ် | ဥပါဒ် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဌီ | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| စိတ် | ဥပါဒ် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဌီ | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| စိတ် | ဥပါဒ် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဌီ | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |
| | ဘင် | ၂၀၄ | ၁၇ | ၅၁ | ၂၇၂ | ၅၄၄ |

## ၂၂·သောတဒ္ဒသကစ၍ ဖြစ်သည့်အခါ ရုပ်ဝိထိဖြစ်ပုံ

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၂၀၅ | ၁၇ | ၅၁ | ၂၇၂ | ၅၄၅ |
| | ဌီ | ၂၀၆ | ၁၇ | ၅၁ | ၂၇၃ | ၅၄၇ |
| | ဘင် | ၂၀၇ | ၁၇ | ၅၁ | ၂၇၄ | ၅၄၉ |
| စိတ် | ဥပါဒ် | ၂၀၈ | ၁၇ | ၅၁ | ၂၇၅ | ၅၅၁ |
| | ဌီ | ၂၀၉ | ၁၇ | ၅၁ | ၂၇၆ | ၅၅၃ |
| | ဘင် | ၂၁၀ | ၁၇ | ၅၁ | ၂၇၇ | ၅၅၅ |
| စိတ် | ဥပါဒ် | ၂၁၁ | ၁၇ | ၅၁ | ၂၇၈ | ၅၅၇ |
| | ဌီ | ၂၁၂ | ၁၇ | ၅၁ | ၂၇၉ | ၅၅၉ |
| | ဘင် | ၂၁၃ | ၁၇ | ၅၁ | ၂၈၀ | ၅၆၁ |

| စိတ် | ခဏ | ကမ္မဇ | စိတ္တဇ | အာဟာရဇ | ဥတုဇ | ၄-စုကလာပ် |
|---|---|---|---|---|---|---|
| စိတ် | ဥပါဒ် | ၂၁၄ | ၁၇ | ၅၁ | ၂၈၁ | ၅၆၃ |
| | ဌီ | ၂၁၅ | ၁၇ | ၅၁ | ၂၈၂ | ၅၆၅ |
| | ဘင် | ၂၁၆ | ၁၇ | ၅၁ | ၂၈၃ | ၅၆၇ |
| စိတ် | ဥပါဒ် | ၂၁၇ | ၁၇ | ၅၁ | ၂၈၄ | ၅၆၉ |
| | ဌီ | ၂၁၈ | ၁၇ | ၅၁ | ၂၈၅ | ၅၇၁ |
| | ဘင် | ၂၁၉ | ၁၇ | ၅၁ | ၂၈၆ | ၅၇၃ |
| စိတ် | ဥပါဒ် | ၂၂၀ | ၁၇ | ၅၁ | ၂၈၇ | ၅၇၅ |
| | ဌီ | ၂၂၁ | ၁၇ | ၅၁ | ၂၈၈ | ၅၇၇ |
| | ဘင် | ၂၂၂ | ၁၇ | ၅၁ | ၂၈၉ | ၅၇၉ |
| စိတ် | ဥပါဒ် | ၂၂၃ | ၁၇ | ၅၁ | ၂၉၀ | ၅၈၁ |
| | ဌီ | ၂၂၄ | ၁၇ | ၅၁ | ၂၉၁ | ၅၈၃ |
| | ဘင် | ၂၂၅ | ၁၇ | ၅၁ | ၂၉၂ | ၅၈၅ |
| စိတ် | ဥပါဒ် | ၂၂၆ | ၁၇ | ၅၁ | ၂၉၃ | ၅၈၇ |
| | ဌီ | ၂၂၇ | ၁၇ | ၅၁ | ၂၉၄ | ၅၈၉ |
| | ဘင် | ၂၂၈ | ၁၇ | ၅၁ | ၂၉၅ | ၅၉၁ |
| စိတ် | ဥပါဒ် | ၂၂၉ | ၁၇ | ၅၁ | ၂၉၆ | ၅၉၃ |
